http://www.dhammadownload.com

ရန်ကုန်မြို့အာရုံပိုင်း

ဘုရားမြို့ကျောင်းတိုက်

အဝဓမဟာပဿိတ

ဆရာတော်အရှင်ဂုဏိန္ဒမဟာထေရ်

ရေးသားပြုစုတော်မူသော

သာသနမဟုသုတပဟကာသနီ

စတုတ္ထအကြိမ်



ဘုရားမြို့ကျောင်းတိုက် ဆရာတော် အရှင်နရိန္ဒာဘိဝံသ
သာသနဓဇ သိရီပဝရ မဟာစရိယ ဝိနယပါရဂူ (ပါဠိဝုဏ်ထူး) တည်းဖြတ်ပြင်ဆင်သည်။

သာသနာတော်နှစ် - ၂၅၅၃ ကောဇာသက္ကရာဇ် - ၁၃၇၁ ခရစ်နှစ် - ၂၀၀၉

ဂုဏိန္ဒမဟာထေရ်ဘုရားကြီးကျောင်းတိုက်ကြီး

http://www.dhammadownload.com

သာသနာ့ လက်ဆင့်ကမ်းကြပါစို့

ဤ သာသနဗဟုသုတပွဲကာသနီ ကျမ်းကြီးမှာ ၁၉၉၃-ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေပြီးနောက် ကာလရှည်ကြာ ငုပ်လျှိုးပျောက်ကွယ်နေရာမှ သာသနိကပညာရှင်၊ သမိုင်းပညာရှင်၊ စာပေပညာရှင်၊ သုသေသီများနှင့် သာသနာ့အရေး စိတ်ဝင်စားကြသော စာချ၊ စာသင်၊ ရဟန်း၊ ရှင်၊ လူ တို့၏ တောင်းဆိုမှုကြောင့် ယခုအခါ စတုတ္ထအကြိမ်အဖြစ် ပြန်လည် ပုံနှိပ်ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဤ ကျမ်းကြီးတွင် မဇ္ဈိမဒေသ သာသနာဝင်၊ သီဟိုဠ်(သီရိလင်္ကာ) သာသနာဝင်နှင့် ရာဇဝင်အဆက်ဆက် မြန်မာ့သာသနာဝင် ဖြစ်ရပ်များကို အခန်းကြီးပေါင်း(၂၁)ခန်းဖွင့်လျက်အခန်းကြီးတိုင်းတွင်အခန်းငယ်များဖွဲ့ကာ စုံလင်စွာရေးဖွဲ့ထားသည်။ ရှေထောင့်ပေါင်းစုံမှ ရေးဖွဲ့တင်ပြထား၍ ကြည်လင်ပြတ်သားသော အတွေးအမြင်များကိုလည်း ကြည့်မြင်ရမည်။

သာသနာရေးရာ၊ ဓမ္မရေးရာ၊လောကရေးရာ ရှုပ်ထွေး အားနည်းလာသောအခါများတွင် သာသနာတော် အသက်ဆက်ရှင်သန်နိုင်ရေးအတွက် ရဟန်းများဘက်က ဆောင်ရွက်ဖွယ်၊ လူဒါယကာများဘက်မှ ဆောင်ရွက်ဖွယ် တို့ကိုလည်း မီးမောင်းထိုးပြထားသဖြင့် ယနေ့ခေတ် အချိန်အခါနှင့် ဆီလျော်ကိုက်ညီနေပေသည်။

သာသနာ့သမိုင်းတွင် ဤမျှအဖိုးတန်လှသော ကျမ်းကောင်းတစ်ဆူကို မိခင်ဇရာဝတီ စာအုပ်တိုက်က စာဖတ်သူလက်ဝယ်အရောက် ဘာသာ-လူမှု စိတ်ခါတ်ဖြင့် အရောက်ပို့လိုက်ပါပြီ။ နှလုံးသားဝယ် သာသနာတည်၍ မျိုးရိုးစဉ်ဆက် သာသနာလက်ဆင့်ကမ်းကြပါစို့။

တစ်ပြည်လုံးဖြန့်ချိရေး မိခင်ဇရာဝတီစာအုပ်တိုက်

တိုက်(၄)၊ အခန်း(၄၀၂)၊ ကျီတော်အိမ်ရာ၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ကမ္ဘောဇောထ်အနီး၊ ရန်ကုန်မြို့။

http://www.dhammadownload.com



မိခင်သည်လောကကို သိမြင်စေသည်

သမ္မဒါန် ဓမ္မဒါန် ဇီနာတိ

အလှူတကာ့ အလှူတို့တွင်

ဓမ္မအလှူအမြတ်ဆုံး

ဓမ္မဒါနလက်ဆောင်မှန်

http://www.dhammadownload.com

သစ္စာ မေတ္တာ

ပုံနှိပ်မှတ်တမ်း

ရန်ကုန်ပြို့၊ကမ္ဘာအေး၊သာသနာရေးဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာန
ညွှန်ကြားရေးမှူးဦးဝင်းနိုင် (မှတ်ပုံတင်အမှတ် -၀၃၈၄၃/ ဝ၂၄၀၅) ၏ခွင့်ပြုချက်ဖြင့်
ဆရာတော် ဓမ္မဒိန်ဘုရိန္ဒမဟာဆေရီ ရေးသားပြုစုတော်မူသော
သာသနာ့ ဗဟုသုတ ပဋိဘာဏနိက္ခေပ စာအုပ်ကို
(စာအမှတ်-၁၉၉/ ၀၁/ (ပုံနှိပ်) သသန-၀၉) အရထုတ်ဝေသည်။

စီစဉ်သူ	ဒေါ်ရွှေဝါစိုး
ထုတ်ဝေသူ	ဒေါ်ချယ်ရီသိန်း(မြ - ၀၃၉၈၁)
ဖြန့်ချိသူ	ဒေါ်မိုးမြင့်စိုး
ပုံနှိပ်သူ	ရွှေခြေသေ့ ပုံနှိပ်တိုက် (မြ - ၀၅၄၁၇)
ထုတ်ဝေသည့်အကြိမ်	စတုတ္ထအကြိမ်
ထုတ်ဝေသည့်ရက်စွဲ	၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ	၁၀၀၀
တန်ဘိုး	၅၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း	ကိုအောင်ကိုမင်း (ပုံရိပ်သစ်)
အတွင်းဒီဇိုင်း	ကိုအောင်ကိုမင်း (ပုံရိပ်သစ်)
အတွင်းဖလင်	ကိုဦး
စာအုပ်ချုပ်	ကိုမောင်မောင်အုန်းနှင့်အဖွဲ့
မူပိုင်ရှင်	ဒေါ်ခင်ခင်ဦး(ဒီးဒုတ်သတင်းစာတိုက်)

မိခင်ရောဝတီစာအုပ်တိုက်
တိုက်(၄)၊ အခန်း(၄၀၂)၊ ကျိုက်တော်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်ပြို့နယ်
ပဒုန်တောင်စာတိုက်နှင့် ကမ္ဘောဇေတဝန်အနီး၊ ရန်ကုန်ပြို့
ဖုန်း - ၀၁-၎၀၁၄၃၁၊
၀၉-၅၀-၁၅၆၁၃

http://www.dhammadownload.com

ဗုဒ္ဓဘာသာရဟန်းရှင်လူတို့၏ အကျိုးငှါ

ပါဠိတော် ။ အဋ္ဌကထာ။ ဋီကာ။ ဂန္ထာန္တရ။
သာသနာဆက်ကိုပြဆိုအံ့
ကျောက်စာသမိုင်း - ရာဇဝင် - ဓူဠဝင် - ဒီပဝင်
သာသနာဝံသ - သာသနလင်္ကာရစသည်တို့နှင့်
တိုက်ဆိုင်တည်းဖြင့်၍
ရန်ကုန်မြို့အရှေ့ဝိုင်း

ဘုရားမြတ်ဆရာတော်ကြီး
ရေးသားတော်မူအပ်သော

သာသနဖဟုသုတပဋ္ဌာသနီ

မိခင်စာအုပ်အမှတ် (၁၀၆)

မိခင်ရောဝတီ

2(A)

http://www.dhammadownload.com

"အမတံ ဒေဝါစ သောဟာတိ၊
ယောဒေမွာအနုသာသတိ။
တရေးအလွှုပေးလွှုသူသည် အပြိုက်နိဗ္ဗာန်ကိုပေးလွှုသည်မည်၏"

မြတ်ဗုဒ္ဓ၏ မိန့်ကြားချက်နှင့်အညီ ဤစာအုပ်ကိုဝယ်ယူသည်ဟု သဘောမထားပဲ မြတ်ဗုဒ္ဓသာသနာတော်အတွက် မိမိတို့ တစ်နိုင်တစ်ပိုင် ထောက်ပံ့လှူဒါန်းစောင့်ရှောက်ကြသည်ဟု ယောနိသောမနသိကာရ ထားသင့်တင့်စွာ နှလုံးသွင်းကြရန်တိုက်တွန်းပါ၏။

စေတနာ အာသိသ

မိမိတို့သည် ဘာသာ၊ သာသနာပြုစာပေများကို

* တိမ်းပါးမှားယွင်းခြင်းမရှိစေရန် တတ်အားသမျှ စီစစ်တည်းဖြတ်သန့်စင်၍ ထုတ်ဝေမည်။
* ဗုဒ္ဓဘာသာဝင်တို့အတွက် အကျိုးများမည်ဟု ယုံကြည်ထိုက်သော တိမ်မြုပ်ပျောက်ကွယ်နေသည့် ရှားပါးဘာသာပြုစာပေများကို ဖော်ထုတ်၍ ထုတ်ဝေဖြန့်ချိပေးမည်။
* ငွေရလမ်း၊ စီးပွားလမ်း သက်သက် အကျိုးများမည့် စာအုပ်များကိုသာ ရွေးချယ်ထုတ်ဝေမည်မဟုတ်ပဲ လောကသားတို့အတွက် လောကီ, လောကုတ်အကျိုးဖွံ့ဖြိုးစေမည့် စာကောင်းပေမွန်ဟူသမျှ ရွေးချယ်ထုတ် ဝေမည်။
* မိမိတို့ထုတ်ဝေခြင်းမှ ရရှိသည့် အကျိုးအမြတ်များကို ဘာသာပြုစာပေများ အရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးနှင့် ပရိယတ်, ပဋိပတ်အားထုတ်ကျင့်ကြံနေသော သံဃာတော်အရှင်မြတ်များအတွက် အသုံးပြုလှူဒါန်းမည်။
* ဗုဒ္ဓမြတ်စွာ သာသနာတော် အရှည်တည်တံ့ပြန့်ပွားသန့်ရှင်းနိုင်စေရန် မိမိတို့က သစ္စာ+မေတ္တာ+သဒ္ဓါစွမ်းအားတို့ဖြင့် တစ်နိုင်တစ်ပိုင်ထမ်းရွက် ကုသိုလ်ယူကြမည်။ သာသနာတော်ကို မိမိစွမ်းနိုင်သမျှ အင်အားဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြမည်။

ဤသည့်မွန်မြတ်သော သမ္မာဆန္ဒအဦးအစထား၍ ဘာသာ၊ သာသနာပြုစာပေများကို စီစဉ်ထုတ်ဝေ ဖြန့်ချိလက်ကမ်းရခြင်းဖြစ်ပေသတည်း။

မိခင်ရောဝတီ

http://www.dhammadownload.com

ပုဗ္ဗစေတနာ
ကုသိုလ်တစ်ခုဖြည့်စွက်ခြင်း

မြန်မာနိုင်ငံတွင်ပေါ် ပေါက်ခဲ့သော သာသနာဝင်ကျမ်းပြုဆရာတော်ကြီးများထဲ၌ ရန်ကုန်မြို့၊ အရှေ့ပိုင်း၊ ဘုရားဖြူကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်သည် အထူးထင်ရှားတော်မူသည်။ ဘုရားဖြူဆရာတော်ကြီးများမှာ ကျမ်းတတ်အကျော် ပုဂ္ဂိုလ်မော်ကြီးများဖြစ်လေရာ ဆရာတော်ကြီးများစဉ်ဆက် ရေးသားထားခဲ့သော စာပေများကို ယခုတိုင် ဘုရားဖြူ စာပေထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းလျက် စောင့်ရှောက်ထိန်းသိမ်းထားလေသည်။

ဘုရားဖြူကျောင်းတိုက်၊ စတုတ္ထမြောက်ဆရာတော် အရှင်ရာဇိန္ဒမဟာထေရ် ရေးသားတော်မူခဲ့သည့် ကျမ်းများအနက် "သာသနဗဟုဿုတပပ္ပကာသနီ" မည်သော ဤကျမ်းစာသည် အကောင်းဆုံးလက်ရာဟုပင် ဆိုနိုင်သည်။ အဘယ့်ကြောင့်နည်း။ ရှင်းပါမည်။ ဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်၏ သမိုင်းကို ပြုစုရာ၌ အိန္ဒိယ မဇ္ဈိမဒေသ သာသနာဝင်၊ သီရိလင်္ကာသာသနာဝင်၊ ရာဇဝင်ခေတ် အဆက်ဆက် မြန်မာ့သာသနာဝင်စသဖြင့် အပိုင်းကြီးများခွဲလျက် တင်ပြထားသည်။ တင်ပြရာ၌လည်း သာသနာရေးရှုထောင့်၊ ရာဇဝင်ရှုထောင့်၊ သမိုင်းရှုထောင့်၊ စာပေရှုထောင့်၊ သုတေသနရှုထောင့်၊ ဝေဖန်ရေးရှုထောင့် စသည်ဖြင့် ရှုထောင့်ပေါင်းစုံမှ မီးမောင်းထိုးပြထားသည်။ ထို့ပြင် ဘာသာရေးကျမ်းစာဟု ဆိုသော်လည်း ဤကျမ်းစာအုပ်တွင် စာဆို၏ကြည်လင်ပြတ်သားသော အတွေးအမြင်နှင့် ဆုံးဖြတ်ချက်ချရဲသော ဉာဏ်စွမ်းသတ္တိကိုလည်း ထင်ရှားတွေ့ရသဖြင့် ဂန္ထဝင်မြောက်ကျမ်းစာဟုပင်ဆိုသင့်သည်။

စာအုပ်၏ခေါင်းစဉ်မှာ "သာသနဗဟုဿုတပပ္ပကာသနီ" ဆိုသည့်အတိုင်း

- သာသနာဆိုတာဘာလဲ ?
- သံဂါယနာခြောက်တန်လော၊ ခုနစ်တန်လော ?
- ရာဇဝင်ခေတ်အဆက်ဆက်မြန်မာ့သာသနာမည်သို့ရှိခဲ့သနည်း။
- အဋ္ဌကထာကို ရှင်မဟာဗုဒ္ဓဃောသ ပင်ကိုယ်ရေးဟု စွပ်စွဲသင့်ပါသလား။
- 'သာသနာကုန်ပြီ' ဟူသောစကားမည်သည့်ခေတ်က ပေါ်ခဲ့သနည်း။
- သိကြားသာသနာဆိုတာ တကယ်ရှိသလား။
- သိကြားသေပြီဆို၍ခတ်သော စည်သံကိုရောကြားဖူးသလား။

မိခင်ရောဝတီ

http://www.dhammadownload.com

- မနုဿီဟရုပ်ကို သထုံပြည်သူတို့က မည်သို့ယုံကြည်ကြသနည်း။
- မနုဟာမင်း၏ အာခံတွင်းမှ အာစက်ရောင်အဘယ့်ကြောင့်ကွယ်ရသနည်း
- ဒွတ္တပေါင်မင်းကြီး၏ စည်တော်ကြီး အဘယ့်ကြောင့် မမြည်ခဲ့သနည်း။
- ပြဿဒါးရက်ကိုမှ ကြိုက်သူတွေ့ဖူးသလား။
- လူဒါယကာများကို ရဟန်းတော်များက တုတ်ကိုင်ပြီး အကာအကွယ် ပေးသင့်ပါသလား။
- ယခုသောကာလ သားသမီးများက မိဘများဆိုဆုံးမမှုနောက်သို့ အဘယ်ကြောင့် မလိုက်ကြတော့သနည်း။

စသည့်ရာဇကြောင်း, ဓမ္မကြောင်း, လောကကြောင်းဆိုင်ရာပြဿနာအရပ်ရပ်ကို ဗဟုသုတဟင်းလေးအိုးကြီးသဖွယ် ပြည့်စုံစွာဖော်ပြထားပြီး ပြေလည်အောင် ဖြေရှင်းထားသောကြောင့် ဖြစ်လေသည်။

သို့ရာတွင် ဆရာတော်ကြီး၏ ကျမ်းစာတွင် နှောင်းခေတ်သာသနာတော်နှင့် စပ်လျဉ်း၍ လွတ်လပ်ရေးရပြီးခေတ်သာသနာ၊ ဆဋ္ဌသံဂါယနာတင်ခြင်း၊ ဖဆပလ အစိုးရခေတ်သာသနာ၊ တော်လှန်ရေးကောင်စီခေတ်သာသနာ၊ မဆလအစိုးရခေတ် သာသနာနှင့် လက်ရှိနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် သာသနာစသည့် အပိုင်းကဏ္ဍများမှာမူ ကျန်ရှိနေသေးကြောင်းတွေ့ရသည်။ ယင်းသို့ ဖြစ်ရသည်မှာလည်း ဆရာတော်ကြီး ဤကျမ်းပြုစုသည့်ခေတ်မှာ လွတ်လပ်ရေးရယူရန် ကြိုးပမ်းနေရဆဲအချိန်၊ ကိုလိုနီခေတ်အခါဖြစ်သောကြောင့်ပင်။ တက်လူသုတေသီ များက ထိုသာသနာတော်ခေတ်များနှင့်ဆိုင်ရာ ဤကွက်လပ်ကို ဆက်လက်ဖြည့်စွက် ကြပါမူ သာသနာတော်အတွက်အကျိုးများလှသည်သာ။

ဤတန်ဖိုးကြီးမားလှသော သာသနာဗဟုသုတပတ္ထာသနီကျမ်းကြီးမှာ ဒုတိယကမ္ဘာစစ်မဖြစ်မီက တစ်ကြိမ်သာ ရိုက်နှိပ်ပြီးနောက် ထပ်မံရိုက်နှိပ်ခြင်း မပြုနိုင်ပဲ နှစ်ပေါင်း (၆၀)ကျော်ခန့်မျှ ငုပ်လျှိုးကွယ်ပျောက်နေခဲ့သည်။ ထိုကွက်လပ်ကို ဖြည့်သည့်အနေနှင့် သာသနာရေးရာ ဗဟုသုတများ ရေတတ်သလို ငတ်မွတ်နေကြ သူများအတွက် လက်ရှိဘုရားဖြူဆရာတော်ကြီး အရှင်နရိန္ဒာဘိဝံသ ဓမ္မာစရိယ ဝိနယပါရဂူ (ပါဠိဂုဏ်ထူး) အရှင်မြတ်၏ ဦးဆောင်စီစဉ်မှုဖြင့် မြန်မာပြည် စာအုပ်တိုက်မှ ၁၉၉၃- ခုနှစ်တွင် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည်။

သို့သော် ထိုကဲ့သို့ ပုံနှိပ်ထုတ်ဝေခဲ့ခြင်းမှာလည်း လုံလောက်သည်ဟု မဆိုသာ။ ဤကျမ်းစာများမှာ လိုအပ်သူပညာရှင်, သုတေသီများအတွက် ရှားပါးပြတ်လပ်လျက်

http://www.dhammadownload.com

သာရှိပေသည်။ အဘယ့်ကြောင့်ဟူမူ - ဤကျမ်းစာသည် နိုင်ငံတော် ပရိယတ္တိသာသနာတက္ကသိုလ် (ရန်ကုန် + မန္တလေး) နှင့် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း (တိုင်းနှင့်ပြည်နယ်) ၏ ပြဋ္ဌာန်းကျမ်းစာဖြစ်လျက်ရှိသည့်အပြင် သာသနာရေးရာ စိတ်ဝင်စားကြသော ရဟန်းရှင်လူများအတွက်မျိုးရိုးစဉ်ဆက်မပျက် ဖတ်မှတ်လေ့လာသင့်သော - ဗုဒ္ဓဘာသာဝင်တို့၏ အိမ်တိုင်း၌ ရှိသင့်သော စာအုပ်ကောင်း တစ်ဆူဖြစ်ခြင်းကြောင့်ပင်။

သို့ဖြစ်၍ သာသနာတော်၏ခေတ်နှင့်အညီလိုအပ်ချက် ကွက်လပ်ကို ဖြည့်စွက်သည့်အနေဖြင့် ဘာသာလူမှုအထောက်အကူပြုလုပ်ငန်းများကို တစ်နိုင်ဆောင်ရွက်လျက်ရှိသော မိမိတို့ " မိခင်ရောဝတီတိုက် " ကလည်း သာသနာပြုစိတ်ဓာတ်ဖြင့် ၁၆ - နှစ်တာကြာသောကာလ၌ ယခုစတုတ္ထ အကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။

ဓမ္မမြတ်နိုးသူ ဘာသာသွေးရဲရင့်သူအပေါင်းတို့အတွက် ကျမ်းကောင်းတစ်ဆူ ဖြည့်စွက်လက်ဆင့်ကမ်းနိုင်ပြီဟု ဝမ်းမြောက်ရွှင်လန်း ပီတိလွှမ်းလျက် . .

ဒေါ်ရွှေဝါစိုးနှင့် စီစဉ်သူများ
(မိခင်ရောဝတီစာအုပ်တိုက်)




http://www.dhammadownload.com

အဂ္ဂမဟာပဏ္ဍိတ
စတုတ္ထ ဘုရားဖြူဆရာတော်
ဘဒ္ဒန္တရာဇိန္ဒာဘိဝံသအတ္ထုပ္ပတ္တိ

= = = =

http://www.dhammadownload.com



ဓမ္မစေတီဆရာတော်ကြီး

ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ မဟာထေရ်

http://www.dhammadownload.com

http://www.dhammadownload.com

စ၍ အခြေခံစာပေများသင်ယူခဲ့ရာ အသက် ၁၈-နှစ်အထိဖြစ်သည်။

မန္တလေး နေပြည်တော် "နာဂိန္ဒာဘိ ကဝိဇေ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ၊ မဟာဝေယ်ဘုံကျော် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ သာမဏေထပ်မံ ပြုလုပ်ခဲ့သည်။

ဥပသမ္ပဒါစရိယ၊ ။ ငယ်ဆရာဖြစ်သော ဆရာတော်ဦးစန္ဒိမာသည် ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသ၏ ဥပသမ္ပဒါစရိယပင်ဖြစ်သည်။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် သက္ကရာဇ် ၁၂၆၅ ခုနှစ်၊ တန်ခူးလဆန်း ၇-ရက်၊ အင်္ဂါနေ့တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပညာသင်ဆရာတော်များ

ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသမဟာထေရ်၏ ပညာသင်ဆရာများကား

- မိုးကောင်းဆရာတော်အရှင်နာဂိန္ဒမဟာထေရ်
- ဟင်္သာတမြို့၊ မြစ်ကွေ့တိုက်၊ ဆရာတော်အရှင်ပညာရံသီမဟာထေရ်
- ရေစကြိုဆရာတော်အရှင်ဂန္ဓသာရမဟာထေရ်
- ဒုတိယဘုရားဖြူဆရာတော်အရှင် နန္ဒိယမဟာထေရ်
- ပခုက္ကူမြို့၊ မဟာဝိဇယာရာမတိုက်သစ်၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဇဝန မဟာထေရ် တို့ဖြစ်ကြသည်။

ယင်းဆရာတော်ကြီးများအနက် အရှင်ပညာရံသီထေရ်သည် မူလက မန္တလေးမြင်းဝန်တိုက်တွင် သီတင်းသုံး စာချလျက်ရှိသည်။ မင်းတုန်းမင်းလက်ထက်တွင် ဥဘတောဝိဘင်းကို ပြန်ဆိုနိုင်၍ " ဥဘတောဝိဘင်းဆောင်ပုဂ္ဂိုလ်" ဟုကျော်ကြားခဲ့သည်။ မိုးကောင်းဆရာတော်အရှင်နာဂိန္ဒိမဟာထေရ်နှင့်လည်း ဘွားညီအမတော်စပ်သည်။

ဆရာတော်အရှင်ပညာရံသီသည် ဟင်္သာတမြို့၊ ဒါယကာ၊ ဒါယိကာမများ၏ ပင့်ဆောင်မှုဖြင့် သက္ကရာဇ် ၁၂၆၇ ခုနှစ်တွင် ဟင်္သာတမြို့၊ မြစ်ကွေ့တိုက်သို့၊ ပြောင်းရွှေ့သီတင်းသုံး စာချခဲ့သည်။ ဆရာတော်အရှင်ရာဇိန္ဒမူ မိုးကောင်းဆရာတော်ကြီး၏ အမိန့်ဖြင့် ဟင်္သာတမြို့သို့ လိုက်၍ ပညာသင်ကြားခဲ့ရသည်။

မစိုးရိမ်ဘို့က်တွင်စာချ၊ ။ ဆရာတော်အရှင်ရာဇိန္ဒ ရဟန်း ၈-ဝါအရ - သက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် မန္တလေးမြို့ ။ မစိုးရိမ်ကျောင်းတိုက်၊ ပရိယတ္တိ နယူပဒေသ ကျောင်းတွင် ကျောင်းထိုင် "သက္ကသီဟမူလစာချ"အဖြစ် တာဝန်ယူစာချခဲ့သည်။ မန္တလေးမြို့၊ သက္ကသီဟသာသနာပြုအသင်းကြီးမှလည်း "သက္ကသီဟ သီးခြားစာချ"

http://www.dhammadownload.com

အဖြစ်နှင့် လစဉ်ဆွမ်းဆန်တော်များ ထောက်ပံ့လှူဒါန်းခဲ့သည်။ ဆရာတော် အရှင်ရာဇိန္ဒာဘိဝံသထေရ်သည် ဓမ္မာစရိယနှင့် သက္ကသိဟဓမ္မာစရိယတပည့်ပေါင်း များစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

အရှင်ရာဇိန္ဒာဘိဝံသ၏ ပထမကျမ်းစာ

။ ။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် မန္တလေး မဝိုးရိမ်ကျောင်းတိုက်တွင် စာပေများပို့ချနေစဉ် မျက်မှောက်ခေတ် တိပိဋကပါဠိအဘိဓာန်ကျမ်း၏ ရှေ့ပြေးမီးရှူးတန်ဆောင်ဖြစ်သော " သဒ္ဒတ္ထရတနာဝလိခေါ် မဟာပါဠိအဘိဓာန်ကျမ်း "ကြီး (စတုတ္ထတွဲ) ကို ပြုစုတော်မူခဲ့သည်။

သဒ္ဒတ္ထရတနာဝလိ မဟာပါဠိအဘိဓာန်ကျမ်း ပထမ၊ ဒုတိယ၊ တတိယတွဲများကို လယ်တီဆရာတော်ဦးဆောင်၍ ပြုစုတော်မူပြီးဖြစ်သည်။

ယင်းသဒ္ဒတ္ထရတနာဝလိ မဟာပါဠိအဘိဓာန် စတုတ္ထတွဲသည် ဆရာတော် အရှင်ရာဇိန္ဒာဘိဝံသ၏ ပထမဆုံးကျမ်းစာနှင့် ပထမဆုံး လက်ရာဖြစ်သည်ဟု ဆိုနိုင်သည်။

ယင်းမဟာပါဠိအဘိဓာန်ကျမ်းကြီးများသည် မျက်မှောက်ခေတ် တိပိဋက ပါဠိအဘိဓာန်ကျမ်းကြီးများ၏ ရှေ့ပြေးဖြစ်၍ ပါဠိအဘိဓာန်ကျမ်းပြုအဖွဲ့ အသီးသီးက မိုးငြမ်းပြု ကိုးကားရသော မဟာပါဠိအဘိဓာန်ကျမ်းကြီးများလည်း ဖြစ်လျက်ရှိသည်။

ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်သို့

။ ။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် သက္ကရာဇ် ၁၂၈၅ ခုနှစ်၊ နယုန်လတွင် ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးတော်မူ၍ စာပေများပို့ချတော်မူသည်။ ပွဲစားကြီးဆာဘိုးသာနှင့် ပွဲကတော်ကြီး ဒေါ်ရီတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက်ကို အလှူခံကာ တပည့်တပန်း ရဟန်းသာမဏေများအား စာပေများ ပို့ချတော်မူခဲ့သည်။

ပွဲစားကြီး ဆာဘိုးသာနှင့် ပွဲကတော် ဒေါ်ရီတို့အပြင် ဆရာတော် အရှင်ရာဇိန္ဒာဘိဝံသအား ကိုးကွယ်ကြသူများတွင် ဒီးဒုတ်ဦးဘချိုနှင့်ဇနီး ဒေါ်လှမေတို့ မိသားစုလည်း အပါအဝင်ဖြစ်သည်။

ဒုတိယကျမ်းစာ သာသနဗဟုသုတပပ္ပကာသနီ

။ ။ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသ ရန်ကုန်မြို့ ရောက်၍ သုံးနှစ်အကြာ သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် " သာသနဗဟုသုတပပ္ပကာသနီ" အမည်ရှိ ထူးကဲလေးနက်သော ကျမ်းစာကြီးတစ်စောင်ကို ဖန်တီးဖော်ဆောင်

http://www.dhammadownload.com

နိုင်ခဲ့သည်။ စာမျက်နှာ (၃၀၀) ကျော်မျှရှိသည်။ ယင်းကျမ်းစာကြီးကို သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ ကျမ်းစာပြီး၍ နှစ်နှစ်မြောက်တွင် ရန်ကုန်မြို့ ဒီးဒုတ်ဂျာနယ် တိုက်ပိုင်ရှင် ဒီးဒုတ်ဦးဘချို့နှင့်ဇနီး၊ ဒေါ်လှမေတို့က မူပိုင်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ကျမ်းစာအုပ်၏ ရှေ့မျက်နှာဖုံးတွင် "ဒီးဒုတ်ဦးဘချို၊ ဒေါ်လှမေ မိသားစုကောင်းမှု" ဟူ၍လည်း စာတန်းရိုက်နှိပ်ထားသည်။

ကျမ်းစာရေးသားရခြင်းအကြောင်း ။ ။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသက ဤမည်သော သာသနဇဟုဿုတပကာသနီကျမ်းကြီးကို ရေးသားရာတွင် အကြောင်း ၂-ချက် ပြဆိုထားသည်။

ပထမအချက်မှာ

"ယခုအခါ ထင်ရှားရှိကြကုန်သော ရဟန်းရှင်လူ ပုဒ္ဓဘာသာဝင်သူတော်စင်များဖြစ်ကြကုန်သောသူတို့၏ သန္တာန်၌ စွဲကပ်တည်ရှိသော သာသနာတော်သည် ဘယ်ကဆင်းသက် ဆက်နွယ်လာသော သာသနာတော်နည်း' ဟူသော မေးခွန်းကို ဖြေကြားသည့်အနေဖြင့် ဤမည်သော သာသနဇဟုဿုတပကာသနီကျမ်းကြီးကို ရေးသားရသည်ဟူသော အချက်ဖြစ်သည်။

ဒုတိယအချက်ကား

" ရှေးရှေးရေးသားအပ်ပြီးသော သာသနာစဉ်ဆက်ကို ပြဆိုရာ သာသနာလက်ာရကျမ်း၊ ဝံသာဒိပနီကျမ်း၊ ဝံသမာလာကျမ်း၊ အစရှိသော ကျမ်းများလည်း ရှိပြီးဖြစ်လင့်ကစား ထိုကျမ်းသည် အင်းဝ၊ အမရပူရမင်းများတိုင် အောင်သာ မင်းဆက်နှင့်တကွ သာသနာဆက်ကို ပူးတွဲ၍ ပြဆိုနိုင်ကြသည်။ ရတနာပုရမန္တလေး ရွှေမြို့တော်ကြီးတိုင်အောင် မပြဆိုနိုင်ကြလေ" ဟူသောအချက်ဖြစ်သည်။

ဒုတိယအကြောင်းပြချက်တွင် ပါဝင်သော သာသနာလက်ာရကျမ်း၊ ဝံသဒီပနီကျမ်း၊ ဝံသမာလာကျမ်းအစရှိသော ကျမ်းများသည် ယင်းတို့၏ ခေတ်နှင့် လျော်ညီစွာ အင်းဝမင်းနှင့် ရတနာပူရမင်းများ လက်ထက် သာသနာဆက်ကိုသာ ပြဆိုနိုင်ခဲ့ကြသည်။ ယင်းတို့၏ မျက်ကွယ်ခေတ်တွင် ကျရောက်လျက်ရှိသော ရတနာပုံခေတ် မင်းတုန်းမင်း၊ သီပေါမင်းနှင့် ကိုလိုနီ အင်္ဂလိပ်မင်းများ လက်ထက် ဖြစ်ပေါ်တိုးတက်၊ ဆုတ်ယုတ်ခဲ့သော သာသနာဆက်ကို မပြဆိုနိုင်ခဲ့ကြပေ။

ယင်းအချက်ကပင် ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် "အုတ်၊ ကျစ်၊ ကျော်၊ အေး ၊ မန္တလေး" မှသည် မိမိ၏မျက်မှောက်ခေတ် သက္ကရာဇ် ၁၂၈၀ခုနှစ်၊

http://www.dhammadownload.com

ကိုလိုနီခေတ်တိုင်အောင် နှစ်ပေါင်း ၆၇ နှစ်အတွင်းဖြစ်ပေါ်တိုးတက်ဆုတ်ယုတ်ခဲ့သော သာသနာတော်များကို ဤမည်သော သာသနာဗဟုသုတပွကာသနီကျမ်းကြီးတွင် ရေးခြယ်ခဲ့ခြင်းဖြစ်လေသည်။

တိုက်ပွဲဝင်ကျမ်းစာများ ။ ။ သာသနဗဟုသုတပွကာသနီကျမ်းစာ ရိုက်နှိပ်ပြီးစီးသော သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်မှာပင် "ဘာသန္တရတိုက်ပွဲ" တစ်ခုပေါ်ပေါက်လာသည်။ ဘာသန္တရတိုက်ပွဲ ပေါ်ပေါက်လာရခြင်း အကြောင်းရင်းကား အရှင်အာဒိစ္စဝံသပြုစုသော "ဘာသန္တရ လမ်းညွှန်ကျမ်း" ကြောင့် ပေါ်ပေါက်ရခြင်းဖြစ်သည်။ အရှင်အာဒိစ္စဝံသ၏ ဘာသန္တရ လမ်းညွှန်တွင် တင်ပြဆွေးနွေးထားသော အချက်ကား "အင်္ဂလိပ်စာသင် ကြားရေး" ဖြစ်သည်။

အရှင်အာဒိစ္စဝံသက ရဟန်းတော်များ အင်္ဂလိပ်စာသင်ကြားရေးကို ဘာသန္တရလမ်းညွှန်ကျမ်းဖြင့် အဆိုပြုလာသောအခါ ဆရာတော် အရှင်ရာဇိန္ဒာဘိဝံသက " လောကယတာဒိ - ဝိနိစ္ဆကျမ်း' ဖြင့် ရဟန်းတော်များ အင်္ဂလိပ်စာ မသင်ကြားသင့်ကြောင်း ပြန်လည်ချေပခဲ့သည်။

သက္ကရာဇ် ၁၂၉၇ ခုနှစ်တွင် ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် ဆရာတော်အရှင်အာဒိစ္စဝံသနှင့် စိတ်မကျေပွဲ ဒုတိယမြောက် တိုက်ပွဲတစ်ခု ဆင်နွှဲဖြစ်ပြန်သည်။ တိုက်ပွဲဖြစ်ပွားရခြင်း အကြောင်းရင်းကား အရှင်အာဒိစ္စဝံသပြုစုရေးသားသော " ဘိက္ခုနိသာသနောပဒေသကျမ်း' ကြောင့်ဖြစ်သည်။ ယင်းကျမ်းတွင် အရှင်အာဒိစ္စဝံသက "ဘိက္ခုနိသာသနာ" နှင့်ပတ်သက်၍ ဆွေးနွေးထားသည်။

ယင်းတိုက်ပွဲတွင် ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသက 'ဘိက္ခုနိအဆုံးအဖြတ်ကျမ်း' ဖြင့် ဆရာတော်အရှင်အာဒိစ္စဝံသ၏ ဘိက္ခုနိသာသနောပဒေသကျမ်းကို ချေပခဲ့သည်။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသ၏ လောကယတာဒိဝိနိစ္ဆယကျမ်းနှင့် ဘိက္ခုနိအဆုံး အဖြတ်ကျမ်းသည် ဤသို့လျှင် တိုက်ပွဲဝင်ကျမ်းစာများ ဖြစ်ခဲ့သည်။

အင်္ဂဓမဟာပဋ္ဌာနတွဲတော်ဆိပ်တော်အလှူခံရရှိခြင်း ။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် ဘုရားဖြူကျောင်းတိုက်ကြီး၏ စတုတ္ထမြောက် ဘုရားဖြူဆရာတော်ဖြစ်လာပြီး နောက် ဆရာတော်အရှင်ပဏ္ဍိဝထေရ် အစပျိုးခဲ့သော 'ဝိနယာနုဂ္ဂဟစာမေးပွဲကို ဆက်လက်ရှင်သန်အောင် အားထုတ်တော်မူခဲ့သည်။ စာသင်သားရဟန်းသာမဏေများအား စာပေပို့ချရင်းဖြင့် စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။

http://www.dhammadownload.com

သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ ' အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ပြုစုခဲ့သောကျမ်းစာများ ။ ။ တပည့်တပန်းရဟန်းသာမဏေများအား

စာပေများ ပို့ချရင်း လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးအတွက် ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် စာပေကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့သည်

ယင်းတို့ကား

- သဒ္ဒတ္ထရတနာဝလိမဟာပါဠိအဘိဓာန်
- သာသနဗဟုသုတပွကာသနီကျမ်း
- လောကယတာဒီဝိနိစ္ဆယကျမ်း
- ဘိက္ခုနီအဆုံးအဖြတ်ကျမ်း
- ဝိနည်းကွန်ချာကျမ်း
- မဟာမင်္ဂလဒီပနီ
- ဝိဝဋ္ဋနယဒီပနီ
- ဗြဟ္မဝိဟာရဒီပနီ
- နဝင်္ဂ ပေါသထဒီပနီ
- ကိုယ်ရေးတရားကျင့်စဉ်
- မာတာပိတု ဂုဏ်ဒီပနီ
- အာစရိယ ဂုဏ်ဒီပနီ
- သာသန ဂုဏ်ဒီပနီ
- ကဝိပီယ ဒီပနီနိဿျ
- ကျောက်စာပါဠိနိဿျ
- နိဗ္ဗာနတ္ထပကာသနီ
- ဝိနယဓရ အတ္ထုပ္ပတ္တိ
- အာပတ္တာဓိကရဏ အနုယုဉ္စနာဒိ ဝိနိစ္ဆယ
- ကာဠာမသုတ်နိဿျ
- စေတိယပဋိသင်္ခါရဏပွဒီပိကာစာတမ်း
- ကလျာဏိကျောက်စာပါဠိနိဿျ
- ဝိနည်းမူနှင့် စပ်လျဉ်းသော ဝိနိစ္ဆယစာတမ်းများ

စသည့်တို့ဖြစ်ကြသည်။

http://www.dhammadownload.com

ယင်းကျမ်းစာများအနက် မာတာပိတု ဂုဏဒီပနီကျမ်းသည်လည်း တက္ကသိုလ်ကျောင်းသုံး ကျမ်းစာအဖြစ် ပြဋ္ဌာန်းခဲ့ဘူးကြောင်း လေ့လာသိရှိရသည်။

ပြန်လွန်တော်မူခြင်း ။ ။ ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် ဗုဒ္ဓမြတ်စွာ သာသနာအကျိုးနှင့် လောကအကျိုးများကို မဆုတ်မနှစ် အားသစ်ကြိုးစားတော်မူရင်း သဗ္ဗညုတဉာဏ ပိုင်ရှင် ဘုရားသခင်သော်မှ မရှောင်လွှဲနိုင်သည့် အနိစ္စသဘောသို့ သက္ကရာဇ် ၁၃၀၂ ခုနှစ်၊ နတ်တော်လဆုတ် ၁၀-ရက်နေ့တွင် လိုက်ပါတော်မူခဲ့သည်။

ဆရာတော်အရှင်ရာဇိန္ဒာဘိဝံသသည် သက်တော် ၅၆-နှစ်၊ ပြန်လွန်တော်မူသည့် ကာလအတွင်း ကျမ်းဂန်ပေါင်း ၂၃-ကျမ်းပြုစုတော်မူခဲ့သည်။

- ရာဇိန္ဒော သာသနဗဟု
  သုတပ္ပကာသနျာဒယော
  တေဝိသ ဂန္ထေ ရစတိ
  သုတေသိနံ ဟိတာယ စ ။ ။
- ရာဇိန္ဒော သာသနတ္ထာယ
  လောကတ္ထာယ စ အာဝဟံ
  သုဂတိဂမနံ ကမ္မံ
  ပုညေန တိဒိဝံ ဂတော ။ ။

ရာဇိန္ဒော၊ စတုတ္ထဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒာဘိဝံသမထေရ်သည်။ သာသနဗဟုသုတပ္ပကာသနျာဒယော၊ သာသနဗဟုသုတပ္ပကာသနီကျမ်းအစရှိကုန်သော။ တေဝိသဂန္ထေ၊ ၂၃-ကျမ်းကုန်သော ကျမ်းတို့ကို။ သုတေသိနံ၊ ဗဟုသုတကို ရှာမှီးကြကုန်သော သုတေသိတို့၏။ ဟိတာယစ = ဟိတာယဝေ၊ အကျိုးစီးပွား အလို့ငှါသာလျှင်။ ရစတိ ၊ မုချမသွေရေးသား တော်မူခဲ့ပါပေသတည်း။

ရာဇာန္ဒော၊ စတုတ္ထဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒာ ဘိဝံသထေရ်သည်။ သာသနတ္ထာယစ၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်မြတ်ကြီး၏ အကျိုးငှါလည်းကောင်း။ လောကတ္ထာယစ၊ လူများအပေါင်း၏ အကျိုးငှါလည်းကောင်း၊ သုဂတိဂမနံ၊ သုဂတိဘုံသို့သွားကြောင်းဖြစ်သော ကမ္မံ၊ ကောင်းလှသည့်ကုသိုလ်ကံကြီးကို။ အာဝဟံ=အာဝဟန္တော၊ မဆုတ်မနစ်အားသစ်ကြိုးစားတော်မူလျက်။ ပုညေန၊ ကုသိုလ်ကောင်းမှုနှင့်တကွ။ တိဒိဝံ၊ နတ်ပြည်သို့။ ဂတော၊ မုချမသွေ ကြွသွားတော်မူပါပေသတည်း။

ဝိုင်၊ အမ်၊ ဘီ၊ အေ၊ အရှင်ဝိသုတာဘိဝံသ (ဘုန်းမြိုင်ပခုက္ကူ)

မိခင်ဧရာဝတီ

http://www.dhammadownload.com



အရှင်နရိန္ဒာဘိဝံသ

သာသနဓဇ သီရိပဝရမဟာစရိယ ဝိနယပါရဂူ (ပါဠိဂုဏ်ထူး)

http://www.dhammadownload.com

http://www.dhammadownload.com

ကျမ်းဦးမှတ်ဖွယ်

နမော ဝိဘဒ္ဒ ဝါဒိနော

ဗဟုသုတ

ဗဟုသုတ မေ တောသန္တိ ဗဟုဿုတာ[၁]

လောကကြီးတွင် လူသားများ၊ နတ်ဒေဝတာများ၊ သမဏများ၊ ဗြာဟ္မဏများသည် မိမိတို့ဝန်းကျင်ရှိ အရာဝတ္ထု အားလုံး၏ အကြောင်းခြင်းရာများကို ကြားထား၏၊ မြင်ထား၏၊ လေ့လာမှတ်သားထား၏။ ယင်း ကြားမြင်မှတ်သား လေ့လာ ထားသည်များကို ဝါစုဂ္ဂတ နှုတ်တက်ရအောင် ဆောင်ထားခြင်း, ပေ, ပုရပိုက်, ကျောက်သားများပေါ်တွင် ရေးမှတ်ထားခြင်းများဖြင့် သိမှီး သိမ်းဆည်းထား၏။ စုဆောင်းသိုဝှက် ထား၏။

မိမိဝန်းကျင်ရှိ အရာဝတ္ထုအားလုံး၏ ယင်း အကြောင်းခြင်းရာ၊ အကြားအမြင်၊ အလေ့အလာ၊ အမှတ်အသား၊ ပေ၊ ပုရပိုက် ကျောက်စာများသည် တစ်ခေတ်၊ တစ်နေ့၊ တစ်ချိန်တွင် မည်သို့မျှ တန်ဖိုးဖြတ်မရသော ဗဟုဿုတများ မလွဲမသွေဖြစ်လာကြသည်။

မိမိဝန်းကျင်ရှိ အရာဝတ္ထုအားလုံး၏ အကြောင်း ခြင်းရာ၊ အကြား အမြင်၊ အလေ့အလာ၊ အမှတ်အသားများများရှိသူ ဒေဝ၊ မနုဿ၊ သမဏ၊ ဗြာဟ္မဏ အားလုံးအား လောကရှိ ဒေဝ၊ မနုဿ၊ သမဏ၊ ဗြာဟ္မဏ အားလုံးက "ဗဟုဿုတ ရှိသူ"ဟု အသိအမှတ်ပြုလာကြသည်။ "ပညာရှိသူ"ဟု ရိုသေလေးစားလာကြသည်။

ဤမည်သော ဗဟုဿုတသည်-

- လောကကြောင်းဆိုင်ရာ ဗဟုဿုတ
- ဓမ္မကြောင်းဆိုင်ရာ ဗဟုဿုတ
- ရာဇကြောင်း ဆိုင်ရာ ဗဟုဿုတ

ဟူ၍ သုံးမျိုးသုံးစား ခွဲခြားနိုင်သည်။

ယင်းသုံးမျိုးတွင် မည်သည့် အကြောင်းခြင်းရာနှင့်ပင်ဖြစ်စေ အကြား အမြင်၊ အလေ့အလာ၊ အမှတ်အသားများများရှိသူသည် ဗဟုဿုတရှိသူ၊ ပညာရှိသူပင် ဖြစ်တော့၏။

၁။ မူလပဏ္ဏာသ ပါဠိ၊ ၅၁။ ၌၊ ပ၊ ၁၉၃။

http://www.dhammadownload.com

ဓမ္မက္ကြောင်း ဗဟုသုတ

ရှေးရာဇဝင်၊ ဗေဒင်နိပါတ်
ဝတ္ထုစာတန်ခွင့်၊ ပုဒ်ပါဠိပိုင်းခြား
စကားဟောင်းက၊ ပေါရာဏနှင့်
ကာလလည်းမီ၊ ချချီ တိုရှည်
မျက်ခြည် မျက်ရိပ်၊ မျက်အိပ် မျက်ပစ်
အဆစ် အပိုင်း၊ ချင့်နှိုင်း ယူဆ
တင့်အပ်လှ၏။[1]

မုံရွေး ဆရာတော်၏ အဆိုအမိန့် ဖြစ်၏။

မုံရွေး ဆရာတော်၏ အဆိုအမိန့်ကို ဖွင့်ဖော်ရအံ့ထင်သည်။ မုံရွေး ဆရာတော်၏ အဆိုအမိန့်တွင်–

- ရှေးစကား၊ ပုံပြင်၊ ဒဏ္ဍာရီ
- ပေါရာဏ စကားဟောင်း
- ခေတ်မီသော ရေးဖွဲ့မှု
- မျက်ခြည်ပြဆက်သွယ်မှု
- မျက်ရိပ်ပြ ဆက်သွယ်မှု
- မျက်အိပ်(မျက်စိမှိတ်)ပြ ဆက်သွယ်မှု
- မျက်စပစ်ပြ ဆက်သွယ်မှု

စသည်များ၌ ကျွမ်းကျင်ပိုင်နိုင်မှု ရှိခြင်းများသည် လောကကြောင်းဆိုင်ရာ ဗဟုသုတ ရှိသည်ဟု ဆိုသင့်၏။

ရှေးဟောင်းရာဇဝင် စသည်များ၌ ကျွမ်းကျင်ပိုင်နိုင်မှု ရှိခြင်းများသည် ရာဇကြောင်း ဆိုင်ရာ ဗဟုသုတရှိသည်ဟု ဆိုသင့်၏။

- ဝေဒခေါ် ဗေဒင်ကျမ်း
- နိပါတခေါ် နိပါတ်ကျမ်း (ဇာတနိပါတ်၊ ဗုဒ္ဓနိပါတ်၊ သုတ္တနိပါတ် စသည်)
- ဇာတကခေါ် ဇာတ်ဝတ္ထုကျမ်း

စသည်များ၌ ကျွမ်းကျင် လိမ္မာခြင်းသည် ဓမ္မက္ကောင်း ဆိုင်ရာ ဗဟုသုတ ရှိသည်ဟု ဆိုသင့်၏။

၁။ ကုသပျို့၊ ပိုဒ်ရေ ၂၀။

http://www.dhammadownload.com

ဘုရားမြတ်စွာ၏ ဓမ္မကြောင်းဆိုင်ရာ ဗဟုသုတ စာပေများသည်-

- သုတ္တ
- ဂေယျ
- ဝေယျာကရဏ
- ဂါထာ
- ဥဒါန
- ဣတိဝုတ္တက
- ဇာတက
- အဗ္ဘုတဓမ္မ
- ဝေဒလ္လ

ဟူသော စာပေများဖြစ်ကြောင်း ပြဆိုထားသည်။[၁]

ယင်း ဓမ္မကြောင်း ဆိုင်ရာ ဗဟုသုတစာပေများသည်သာ ဂန္ထဝင်မြောက် ဗဟုသုတ စာပေဖြစ်သည်။ ယင်း ဂန္ထဝင်မြောက် ဗဟုသုတ စာပေများ၌ ကျွမ်းကျင်လိမ္မာခြင်းသည်သာ စင်စစ် ဗဟုသုတရှိသူဖြစ်သည်။

ဗဟုသုတ ရှိဖွယ်

လောကကြီးတွင် လူသားတိုင်း ဗဟုသုတရှိလိုကြ၏။ နတ်ဒေဝတာတိုင်း ဗဟုသုတဖြစ်လိုကြ၏။ သမဏတိုင်း ဗဟုသုတပွားလိုကြ၏။ ဗြဟ္မဏတိုင်း ဗဟုသုတ များလိုကြ၏။ သို့ရာတွင် ဗဟုသုတရှိလို၊ ဖြစ်လို၊ ပွားများလိုသူ ဒေဝ၊ မနုဿ၊ သမဏ၊ ဗြဟ္မဏတိုင်း ဗဟုသုတရှိရန်၊ ဖြစ်ရန်၊ ပွားများနိုင်ရန်ကား မလွယ်ကူပါချေ။

ဗဟုသုတရှိလို၊ ဖြစ်လို၊ ပွားများလိုသူတိုင်းသည် ဗဟုသုတ ရှိခွင့်၊ ဖြစ်ခွင့်၊ ပွားများနိုင်ခွင့်များနှင့် ကြုံဆုံမှုရှိလို၊ ဖြစ်လို၊ ပွားများလိုသော ဗဟုသုတများ၊ ရှိခွင့်ဖြစ်ခွင့်၊ ပွားများနိုင်ခွင့် ရရှိကြသည်။ ဗဟုသုတရှိခွင့် ဖြစ်ခွင့်၊ ပွားများနိုင်ခွင့်များနှင့် လွဲပါမူကား မိမိရှိလို၊ ဖြစ်လို၊ ပွားများလိုသော ဗဟုသုတများနှင့် ကမ္ဘာခြားသည့်နှယ် ကွာဝေးနေဦးမည်သာ ဖြစ်သည်။

အဘယ့်ကြောင့်နည်း။

ဗဟုသုတရှိနိုင်၊ ဖြစ်နိုင်၊ ပွားများနိုင်ခွင့်ကို လေ့လာရာတွင်-

- သပ္ပုရိသ သံသေဝ
- သဒ္ဓမ္မသဝန

၁။ အင်္ဂုတ္တရစတုက္ကနိပါတပါဠိ၊ ၃၁၃။

http://www.dhammadownload.com

– ယောနိသောမနသိကာရ

– ဓမ္မာနုဓမ္မ ပဋိပတ္တိ

ဟူ၍ လေးမျိုးရှိကြောင်းတွေ့ရှိရသည်။[၁]

ဗဟုသုတ ရှိလို၊ ဖြစ်လို၊ ပွားများလိုသူတိုင်းသည်–

– ဗဟုသုတရှိသော ပုဂ္ဂိုလ်များနှင့် ဆက်ဆံပေါင်းသင်းတတ်ရန်၊

– ယင်းပုဂ္ဂိုလ်ပြောဟော ပို့ချချက်ကို ကြားနာ မှတ်သားထားတတ်ရန်၊

– ကြားနာမှတ်သားထားချက်များအပေါ် အသင့်အားဖြင့် တွေးခေါ်တတ်ရန်၊

– ဆရာနည်းကျကျကျင့်ကြံတတ်ရန်၊

ဟူသော နည်းလမ်းလေးသွယ်ကို လိုက်နာနိုင်မှသာ မိမိရှိလို ဖြစ်လို ပွားများလိုသော ဗဟုသုတများ ရှိနိုင် ဖြစ်နိုင်ပွားများနိုင်မည် ဖြစ်သည်။

ယင်း နည်းလမ်းလေးသွယ်နှင့် ဝေးသော်ကား "အမြင်နီးလျက် ခရီးဝေးတာက တောင်" ဟူဘိသကဲ့သို့ ဗဟုသုတဖြစ်ဖွယ် ပညာရှိ သူတော်ကောင်းနှင့် နီးကပ်သော ငြားလည်း ရှိခွင့် ဖြစ်ခွင့် ပွားများနိုင်ခွင့် ရှိသော ဗဟုသုတများနှင့်ကား ဝေးမြဲ ဝေးနေဦးမည်သာ ဖြစ်၏။

ဤနေရာတွင် **မာန်လည်ဆရာတော်၏** အဆိုအမိန့်ကို လက်ခံသင့်၏။

အယူသမ္မာ၊ တော်ဖြောင့်စွာလျှင်
ပညာရှိပေါင်း၊ သူတော်ကောင်းတို့
လမ်းကြောင်း ကျင့်နည်း၊ နိဿရည်းကို
ဆည်းဆည်း ပူးပူး၊ ဘုရားဖူးသို့
ကြားဖူးနားဝ၊ သုတလောက်ငံ
စုံပြည့်လျှံအောင်၊ နာခံမှတ်သား
သင်ကြားကြေမေး၊ ဆွေးနွေးဆောင်ပြု
ရတိုင်းစုလေ့။[၂]

နေ့ချင်းညချင်း ဗဟုသုတရှိသူ ဖြစ်နိုင်ရေးတွင် မာန်လည်ဆရာတော်၏ အဆိုအမိန့်သည် လုံလောက်၏။ နေ့ချင်းညချင်း ဗဟုသုတရှိသူ ဖြစ်လိုလျှင် မာန်လည်ဆရာတော်၏ အဆိုအမိန့်အတိုင်း လိုက်နာကျင့်သုံးသင့်သည်။ မာန်လည် ဆရာတော်၏ ဗဟုသုတရှိသူ ဖြစ်နိုင်ရေး နည်းပေးလမ်းညွှန်ချက်ကား ရှင်းသည်။

၁။ အင်္ဂုတ္တရစတုဇ္ဈာနိပါတပါဠိ၊ ၄၉၇။

၂။ မဃဒေဝလင်္ကာ၊ ပိဝ်ရေ ၂၄၂။

http://www.dhammadownload.com

ပညာရှိပေါင်း၊ သူတော်ကောင်းတို့
လမ်းကြောင်း ကျင့်နည်း၊ နိဿရဏ်းကို
ဆည်းဆည်း ပူးပူး၊ ဘုရားဖူးသို့

ဟူသော ဥပမာအလင်္ကာ စာပိုဒ်ပါ လမ်းညွှန်မှုဖြစ်သည်။

ယင်းစာပိုဒ်က သူတော်ကောင်းအား ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ အလေးအမြတ်ထား ချဉ်းကပ်သင့်ကြောင်း လမ်းညွှန်ထားသည် ။ ယင်းသို့ချဉ်းကပ်ပြီးက မိမိရည်မှန်းရင်း ရှိလိုဖြစ်လို မွားများလိုသော ဗဟုသုတများ ပြည့်စုံကုံလုံသည် အထိ-

- သင်ယူခြင်း
- ကြားနာခြင်း
- မှတ်သားခြင်း
- ကြံဆတွေးတောခြင်း
- မေးမြန်းခြင်း
- ဆွေးနွေးခြင်း

ဟူသော နည်းစနစ်များဖြင့် အရ စုဆောင်းသင့်ကြောင်း လမ်းညွှန်ထားသည်။

ပညာရှိသူတော်ကောင်းအား အလေးအမြတ်ထား ချဉ်းကပ်မှုမျိုး မရှိ၊ မာန်ရေးထည်၍ ဟန်ရေးကြွယ်နေသူတွင် ဗဟုသုတ မရှိ၊ ဝမ်းတွင်းဟာလာ အူမျှသာ ရှိကြောင်းကိုလည်း မာန်လည်ဆရာတော်က ဤသို့လျှင် ကျောချမ်းအောင် ပြောစွမ်းနိုင်ခဲ့သေးသည်။

လောက ဓမ္မတာ၊ ဤလူ့ရွာ၌
လိမ္မာမြင်ရှိ၊ အသိပညာ
ဟူသည်မှာကား
ဆရာတို့ထံ၊ နည်းခံတိုးဝင်
မသင်မမေး၊ အရေးမထား
မတတ်ငြားမူ
ငယ်ကကား မာန်၊ ကြီးသော်ဟန်နှင့်
သိဉာဏ်ဝမ်းတွင်း၊ မရှိကင်းလျက်
ဟင်းလင်းဟာလာ၊ အူမျှသာတည်း။[၁]

၁။ မဃဒေဝလင်္ကာ၊ ပိုဒ်ရေ ၂၃၆။

http://www.dhammadownload.com

ဗဟုဿုတရှိသူ ရွေးချယ်ပွဲကြီးများ

ဗုဒ္ဓသာသနာဝင်တွင် ဗဟုဿုတရှိသူ ရွေးချယ်ပွဲကြီးများ အစဉ်မပြတ် ပေါ်ထွန်းမြဲ ဖြစ်၏။ ဗုဒ္ဓ သာသနာတွင် သင်္ဃာတင်ပွဲကြီးများသည် မည်သို့မျှ ငြင်းမရသော ဗဟုဿုတရှိသူ ရွေးချယ်ပွဲကြီးပင် ဖြစ်သည်။ မည်သည့်အကြောင်းကြောင့် သင်္ဃာတင်ရသည် ဖြစ်စေ၊ ယင်းတင်ရသော သင်္ဃာနာ ပွဲကြီးများသည် စင်စစ် ဗဟုဿုတရှိသူ ရွေးချယ်ပွဲကြီးများပင် ဖြစ်တော့၏။

မူလ ပဘဝ ပထမ သင်္ဃာနာတင်ပွဲကြီးတွင် သောတာပန် သေကွမျှသာ ဖြစ်သေးသော အရှင်အာနန္ဒာအား ဗဟုသုတရှိသူအဖြစ် အကြိတ်အနယ် ရွေးချယ်ခဲ့ရ၏။ ပထမသင်္ဃာနာနှင့် အရှင်အာနန္ဒာ၊ အရှင်အာနန္ဒာနှင့် ပထမသင်္ဃာနာ ဟူသော ဗဟုဿုတရှိသူ ရွေးချယ်ပွဲကြီးတွင် အရှင်အာနန္ဒာအား အဘယ့်ကြောင့် ဤမျှ ဗဟုဿုတရှိသူအဖြစ် လိုအပ်နေရသနည်း။

ပထမသင်္ဃာနာနှင့် အရှင်အာနန္ဒာ၊ အရှင်အာနန္ဒာနှင့် ပထမ သင်္ဃာနာတို့ မည်သို့မျှကင်း၍ မဖြစ်နိုင်သော ခိုင်လုံသည့် အကြောင်းပြချက်တစ်ခုကို ဤသို့ တွေ့ရှိရ၏။

> ယသ္မာ ပနဿ ကိဋ္ဌိ ဒသဗလ ဒေသိတံ သုတ္တ ဝေယျာဒိကံ ဘဝတော အသမ္မုခါ ပဋိဂ္ဂဟိတံ နာမ နတ္ထိ။[၁]

ဤအကြောင်းပြချက်ကို ခွဲခြမ်းစိတ်ဖြာရန်လို၏။ အရှင်အာနန္ဒာသည် ဘုရားရှင်ဟောကြားသည့် သုတ္တ၊ ဂေယျ စသော ဗဟုသုတဖြစ်ဖွယ် စာပေများအား မျက်ကွယ်၌ သင်ယူဖူးခြင်းမရှိ ဟူသော အချက်ကို တွေ့ရှိရ၏။ ယင်းအချက်သည် အရှင် အာနန္ဒာနှင့် ပထမသင်္ဃာနာ မကင်းနိုင်ရေးတွင် ပဓာနကျသော အချက် ဖြစ်၏။

ထို့ထက် ပဓာနကျသော အချက်ကား "ဘုရား မျက်ကွယ်၌ သင်ယူဖူးခြင်းမရှိ" ဟူသောအချက်ပင်ဖြစ်သည်။ အရှင်အာနန္ဒာ ပထမ သင်္ဃာနာတင်ပွဲ ပါဝင်နိုင်ရေးတွင် ယင်းအချက်သည်သာ ပဓာနကျလျက် ရှိသည်ကို တွေ့ရှိရ၏။

ဤနေရာတွင် ပထမ သင်္ဃာနာ ဝန်ဆောင်အရှင်မဟာကဿပမထေရ်မြတ်ကြီး၏ အသိအမှတ်ပြုထိုက်သူအားသာ အသိအမှတ်ပြုလိုသော အစွမ်းထက်မြက်မှုကိုလည်း ချီးကျူးအံ့သြ ဖွင့်ဖော်ရမည်ဖြစ်၏။ အရှင်အာနန္ဒာ ရဟန္တာ အဆင့်အတန်းမရှိမှန်း အရှင်မဟာကဿပ မထေရ်မြတ်ကြီးသိသော်လည်း အရှင် အာနန္ဒာ၏ ဗဟုဿုတဖြစ်ဖွယ်

၁။ ပါရာဇိက အဋ္ဌကထာ၊ ပ၊ ၆။

http://www.dhammadownload.com

စာပေများကို ဘုရားရှင်မျက်မှောက်တော်မှာ သင်ယူခြင်းဟူသော အရည်အချင်းများက အရှင်မဟာကဿပ မထေရ်မြတ်ကြီးက အရှင်အာနန္ဒာအား အသိအမှတ် ပြုခဲ့ရခြင်းပင် ဖြစ်သည်။

ဘုရားရှင် မျက်ကွယ်၌ သင်ယူခြင်းသည် ချွတ်ချော် တိမ်းယိမ်းနိုင်၏။ ပုဒ် ပါဠိ အက္ခရာ မှားယွင်းနိုင်၏။ အရှင် အာနန္ဒာသည် သေက္ခလည်းဖြစ်၊ သင်ယူခြင်းသည် ဘုရားရှင်မျက်ကွယ်လည်းဖြစ်မူကား အရှင်မဟာ ကဿပမထေရ်မြတ်ကြီး၏ အစွမ်းအစ သည်လည်း ဤမျှထက်မြက် နိုင်ခဲ့မည်မဟုတ်ချေ။ အရှင် မဟာကဿပ မထေရ် မြတ်ကြီး၏ အစွမ်းထက်မြတ်မှုသည်လည်း ဤမျှ လေးနက်ခဲ့မည် မဟုတ်ချေ။

အရှင် အာနန္ဒာ၏ သေက္ခဖြစ်လင့်ကစား သင်ယူခြင်းက ဘုရားမျက်မှောက်တော်တွင် သာ သင်ယူခြင်းဖြစ်၍ အရှင်အာနန္ဒာနှင့် ပထမသင်္ဂါယနာတို့ကား နေနှင့်လ ရွှေနှင့်မြပမာ ဖြစ်ကာ ပထမသင်္ဂါယနာပွဲကြီးက အရှင်အာနန္ဒာအား "ဗဟုဿုတ ရှိသူ"အဖြစ် တညီတညွတ်တည်း ရွေးချယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း အရှင်အာနန္ဒာသည် ဘုရားရှင်၏ သာဝကအများတွင် ဗဟုဿုတရှိသူအရာ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးခြင်း ခံတော်မူရသည်။[၁]

ဗဟုဿုတရှိသူကို တောင့်တ လောကရှိ ကြောင်းကျိုးသိမြင် ပညာရှင်တိုင်းသည် ဗဟုဿုတ ရှိသူကို မြတ်နိုးတတ်ကြ၏။ ဗဟုဿုတရှိသူကို တောင့်တတတ် ကြ၏။ မိမိသိလို မြင်လိုကြားလို မှတ်သားလိုသော ကြောင်းကျိုး တရား ဟူသမျှကို ဗဟုဿုတရှိသူကသာ လမ်းညွှန်ပေးနိုင်စွမ်း ရှိ၏ဟု ယုံကြည်၏။

ထို့ကြောင့် လောကရှိ ကြောင်းကျိုးသိမြင် ပညာရှင်တိုင်းက ဗဟုဿုတ ရှိသူကို တောင့်တကြခြင်းဖြစ်သည်။ ဗဟုဿုတရှိသူကို တောင့်တကြသည့် လူအပေါင်းတွင် မဟာကပ္ပိနမင်းကြီးလည်း လက်ဦးမှု ရယူတတ်သော မင်းတစ်ပါးဖြစ်သည်ကို တွေ့ရှိရသည်။

ယတ္ထ ဗဟုဿုတော ပဿထ၊
တတော နိဝတ္တိထွာ အာရောစေထ။[၂]

၁။ အင်္ဂုတ္တရအဋ္ဌကထာ၊ ပ၊ ၂၂၃။

၂။ ထေရဂါထာ အဋ္ဌကထာ၊ ၃၊ ၁၇၉။

http://www.dhammadownload.com

ဗဟုသုတရှိသူကို မြတ်နိုးလှသော ရာဇကြီဟ်ပြည်ရှင် ဘုရင်မဟာကပ္ပိနမင်းကြီးသည် မြို့တော် တံခါးလေးပေါက်မှ မင်းလုလင်လေးယောက်အား ဗဟုသုတရှိသူကို ရှာပုံတော်ဖွင့်စေခဲ့သည်။ စိတ်လက်မချနိုင်စွာဖြင့် "ဗဟုသုတရှိသူတွေ့လျှင် တွေ့သည်နေရာမှပြန်ပြော" ဟူ၍လည်း နှုတ်တော်ထည့်လိုက်သေးသည်။ မဟာကပ္ပိနမင်းကြီးသည် ဤမျှ ဗဟုသုတရှိသူကိုမြတ်နိုး၏။

ထို့ပြင် သူစန္ဒကမြို့သား မင်းသား သန္ဓနှင့် ပုရောဟိတ် အမတ်ကြီးသား ဥပသန္ဓ တို့လည်း ဗဟုသုတရှိသူကို တောင့်တရာတွင် လက်မနှေးသူများအဖြစ် တွေ့ရှိရသည်။

> ယံ ပန တုမှေ ပဏ္ဍိတံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပဿထ၊
> သုဏာထ ဝါ တံ အမှာကံ အာဂန္တ္ဝာ အာရောစေထ။[၁]

မင်းသား သန္ဓနှင့် ပုရောဟိတ်သား ဥပသန္ဓတို့သည် မင်းလုလင်များအား ဗဟုသုတရှိသူ သမဏဗြာဟ္မဏများကို စုံစမ်းစေခဲ့သည်။ ဗဟုသုတရှိသူကို မြင်မြင်ကြားကြား လာရောက်ပြောပါဟူ၍လည်း အမှာစကားပါးလိုက်ကြသေး၏။

ကြောင်းကျိုးသိမြင် ပညာရှင်တိုင်းသည် ဤသို့လျှင် ဗဟုသုတရှိသူကို မျှော်လင့်တတ်ကြသည်။ တောင့်တတတ်ကြသည်။ ဗဟုသုတမြတ်နိုးသူတိုင်း ဗဟုသုတရှိသူများထံမှထက်မြက်သော နည်းနာများရရှိ၍ လောကီ လောကုတ္တရာ စီးပွားဥစ္စာများ ရရှိကာ ဤလောက ဆုံးကမ်းအထိ ကျွတ်တမ်းဝင် သွားကြသည်သာ ဖြစ်သည်။

ဗဟုသုတရှိသူသည် သုတဗုဒ္ဓ

ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ဗဟုသုတရှိသူအဖြစ် ကြွေးကြော်နိုင်ရေးတွင် မည်သည့်ပုဂ္ဂိုလ်မျိုးကို မှီဝဲဆည်းကပ်သင့်ကြောင်း၊ မည်သို့ချဉ်းကပ်သင့်ကြောင်းနှင့် ဗဟုသုတ ရှိသူများက စစ်မှန်သော ကြောင်းကျိုးများ လမ်းညွှန်တတ်ကြောင်းများကို ရှေ့အခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်၏။

ဤအခန်းကား၊ ဗဟုသုတရှိသူများ၏ အထွက်အထိပ် နေရာတော်ကို ဖော်ပြရန် ဖြစ်သည်။

> ဧသော ဟိ ဘိက္ခု န တုမှာကံ သာဝကော နာမ၊
> ဗုဒ္ဓေါ နာမ ဧသ ဗုန္ဓာတိ၊ ဣတိ ဘဂဝါ ဗဟုသုတံ ဘိက္ခုံ အတ္တနော ဌာနေ ဌပေသိ။[၂]

၁။ ဗုဒ္ဓဝံသ အဋ္ဌကထာ၊ ၂၅၅။
၂။ ပါထိကဝဂ္ဂပါဠိ၊ ၁၀၇၊ ၆၊ ၉၆။

http://www.dhammadownload.com

ဗဟုသုတရှိသူကို လူသာမန်များသာမက ဘုရားရှင်ကိုယ်တော်တိုင်ကပါ ကိုယ်တော်မြတ်နှင့် ထပ်တူပြု ချီးကျူးတော်မူသည်။ ဘုရားရှင်သည် စုန္ဒအား ဗဟုသုတရှိသူသည် ဘုရားဖြစ်ကြောင်း အတိအလင်း မြွက်ဟ ချီးကျူးတော်မူခဲ့၏။ ဗဟုသုတရှိသူသည် "ဗုဒ္ဓ"ဟူရာ၌ ဗုဒ္ဓလေးမျိုးတို့တွင် သုတဗုဒ္ဓ အမျိုးအစား ဖြစ်ကြောင်းကိုလည်း အရှင် မဟာဗုဒ္ဓဃောသက ဤသို့ ဖွင့်ဟော်ပြ၏။

> စတ္တာရော ဟိ ဗုဒ္ဓါ သုတဗုဒ္ဓေါ၊ စတုသစ္စဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓေါ၊ သဗ္ဗညု ဗုဒ္ဓေါတိ၊ တတ္ထ ဗဟုသုတော ဘိက္ခု သုတဗုဒ္ဓေါ နာမ။[၁]

ဗဟုသုတ ရှိသူများသည် ဤသို့လျှင် အဆင့်အတန်း မြင့်မားတတ်ကြသည်။

ဘာသာလောကတွင်-

အဦးဆုံး သာသန ဗဟုသုတစာပေများ

သုတ္တ၊	---- ခ
ဂေယျ၊	---- ။
ဝေယျာကရဏ၊	---- ။
ဂါထာ၊	---- ။
ဥဒါန၊	---- ။
ဣတိဝုတ္တက၊	---- ။
ဇာတက၊	---- ။
အဗ္ဘုတမ္မေ၊	---- ။
ဝေဒလ္လ	---- ။

ဟူသောစာပေများသည် စင်စစ် သာသနာဗဟုသုတစာပေများ ဖြစ်ကြသည်။ ဘုရားရှင်သည် ယင်း စာပေများကို သာသနဗဟုသုတစာပေအဖြစ် ဟောကြားတော်မူခဲ့သည်။[၂]

ယင်းတို့တွင်-

- ဗုဒ္ဓဝံသ
- ဓမ္မပဒ
- ထေရဂါထာ
- ထေရီဂါထာ

၁။ အင်္ဂုတ္တရအဋ္ဌကထာ၊ ပ၊ ၈၉။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ၊ ပ၊ ၂၄။
၂။ အင်္ဂုတ္တရစတုက္ကနိပါတပါဠိ၊ ၃၁၃။

http://www.dhammadownload.com

ဟူသော စာပေများသည် သက်သက်သော သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များ၏ မှတ်ဖွယ်မှတ်ရာ ဗဟုသုတအဖြာဖြာကို ပေးစွမ်းနိုင်သည်။ ထို့ကြောင့် ယင်းစာပေများအား အဦးဆုံး သာသနာပြုဗဟုသုတစာပေများဟု ဆိုသင့်၏။

သရေခေတ္တရာခေတ် သာသနာဗဟုသုတစာပေ

သရေခေတ္တရာခေတ်သည် ဒွတ္တပေါင်မင်းကြီးလက်ထက်တွင် သုဝဏ္ဏဘူမိတိုင်း၊ ရှင်ဂဝံပတိမထေရ်နှင့်သာသနာရေး ဆက်သွယ်မှု ရှိခဲ့၏။ ရှင်ဂဝံပတိ မထေရ်တပည့် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများသည် သရေခေတ္တရာတွင် သီတင်း သုံးတော်မူခဲ့ကြသည်။

ယင်းခေတ်၊ ယင်းအချိန်အခါက သရေခေတ္တရာတွင် သာသနာဗဟုသုတ စာပေများ ထွန်းကားရန် မဆိုထား၀ဘိ သာသနာဆင်းသက်ရင်း သုဝဏ္ဏဘူမိတိုင်းမှာပင် သာသနာဗဟုသုတ စာပေများထွန်းကားရန် ဝေးလံနေသေးသည်။ သို့ရာတွင် ခင်ဘကုန်းနှင့် မောင်ကန်အရပ်မှ ရရှိထားသော "ယေဓမ္မာဟေတုပ္ပဘဝါ"အစချီ ရွှေပြားစာပေ၊ ငွေပြားစာပေစသည်များသည် သရေခေတ္တရာခေတ်၏ ရှားပါးလှသော သာသနာဗဟုသုတ စာပေများဟု ဆိုနိုင်သည်သာ ဖြစ်သည်။

ပုဂံခေတ် သာသနာဗဟုသုတစာပေ

ပုဂံခေတ်တွင် အနော်ရထာမင်းစောနှင့်ရှင်အရဟံ၏ စွမ်းဆောင်နိုင်မှုများကြောင့် တစ်မုဟုတ်ချင်းသာသနာထွန်းကားနိုင်ခဲ့သည်။ စည်ပင်နိုင်ခဲ့သည်။

ပုဂံခေတ်တွင် သာသနာ တစ်ရှိန်ထိုးတိုးတက်ဖွံ့ဖြိုးလာခဲ့သည်နှင့် အမျှ လူရော ရှင်ပါ သာသနာဗဟုသုတ စာပေများ တတ်ကျွမ်းခဲ့ကြသည်။ လူရောရှင်ပါ သာသနာဗဟုသုတစာပေ တတ်ကျွမ်းခဲ့ကြသည်နှင့် အမျှ သာသန ဗဟုသုတစာပေ အများအပြား ပေါ်ထွန်းခဲ့ကြသည်။

ပုဂံခေတ်ရေး သဒ္ဒနီတိကျမ်းနှင့် သံပျင်ဋ္ဌီကာကျမ်းကဲ့သို့သော သာသနဗဟုသုတ စာပေများသည် မြန်မာ့သာသနာကသာ မက ကမ္ဘာ့သာသနာကပါ အလေးပြုအပ်သော သာသန ဗဟုသုတစာပေများ ဖြစ်သည်ကို ယနေ့တိုင် တွေ့မြင်နေရဆဲ ဖြစ်သည်။

ပုဂံခေတ်ရေး သာသန ဗဟုသုတ စာပေများသည် ပေရွက်တွင်သာ မက ပုဂံ၏ မျက်နှာစာတိုင်းရှိ ကျောက်ချပ် ကျောက်သားများပေါ်တွင်လည်း ယနေ့တိုင် တွေ့မြင်ရလျက်ရှိသည်။ ယင်းတို့ကား ရာဇကုမာရ ကျောက်စာကဲ့သို့သော ပါဠိဘာသာရေး ကျောက်စာများပင် ဖြစ်တော့သည်။

ယင်းစာပေအားလုံးသည် ပုဂံခေတ်၏ သာသနဗဟုသုတစာပေများပင် မည်သင့်လေသည်။

http://www.dhammadownload.com

ပင်းယခေတ်သာသနာ ဗဟုသုတ စာပေ

ရှမ်းညီနောင် သုံးဦးသည် ပုဂံ ကျော်စွာမင်းကို နန်းက ချလိုက်ကြ၏။ အကြီး ရာဇသင်္ကြံက မြင်းစိုင်းမြို့တွင် နန်းစိုက်စိုးစံ၏။ အလယ် အသခ်ယာက မက္ခရာမြို့တွင် နန်းစိုက်စိုးစံ၏။ အငယ်ဆုံး သီဟသူရမူကား ပင်လယ်မြို့တွင် နန်းစိုက်စိုးစံသည်။ နောင်တော် ရာဇသင်္ကြံနှင့်အသခ်ယာတို့ ကွယ်လွန်သောအခါ သီဟသူရသည် နောင်တော်များ၏ အလုံးအရင်းကို ရယူကာ မြင်းစိုင်းမြို့တွင် ရွှေ့ပြောင်း နန်းစိုက်ခဲ့ပြန်သည်။

သီဟသူရသည် အင်းဝကို အကြိမ်ကြိမ် တည်ထောင်သော်လည်း အောင်မြင်မှု မရရှိသောကြောင့် သင်္ကရာဇ် ၆၇၄ ခုနှစ်တွင် ဝိဇယပူရ မည်သောပင်းယမြို့ကို တည်ထောင် နန်းစိုက်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့၍ ပင်းယမြို့တွင် နန်းစံခဲ့၏။ ယင်း သီဟသူရခေတ်ကို "ပင်းယခေတ်"ဟု ခေါ်ဆိုရ၏။

သီဟသူရလက်ထက် ပင်းယမြို့တွင် ပုဂံမှ အနော်ရထာမင်းစော၏ သာသနာသန့်ရှင်းရေးကြောင့် ထွက်ပြေးလာကြသော အရည်းကြီး အဆက်အနွယ်ရဟန်းတရဟန်းယောင်များနှင့် ပြည့်နှက်လျက်ရှိရာ လဒ္ဓိပေသလ၊ သိင်္ဂှာ ကာမ၊ သိလဝန္တ ရဟန်းတော်များ အလွန် နည်းပါးလျက်ရှိ၏။ အလဒ္ဓိဒုဿီလ ရဟန်းများသာ ပေါများခဲ့သည်။ ထို့ကြောင့် ပင်းယခေတ်ဦး အစပိုင်းတွင် သာသနာဗဟုသုတ စာပေများ အထနေးလျက်ရှိ၏။

နောက်ပိုင်း ကာလတွင်ကား ပင်းယခေတ်သည် သာသနာရောင် ထွန်းပြောင်ခဲ့သည်သာ ဖြစ်သည်။ ပင်းယသို့ စူဠ အရဟံ မထေရ်၊ ဒီဗ္ဗစက္ခု မထေရ်တို့ ကြွရောက်တော်မူလာကြသဖြင့် ပင်းယတွင် သာသနာရောင် ထွန်းပြောင်ခဲ့ခြင်းနှင့်အတူ ပင်းယခေတ်တွင် သာသန ဗဟုသုတစာပေများလည်း ပေါထွန်းလာတော့၏။

ယင်းတို့ကား-

- ဆူးတွင်းပစ် ဆရာတော်
  အရှင်နာဂိတမထေရ်၏ သဒ္ဒသာရတ္ထဇာလိနီ။
- စတုရင်္ဂဗလအမတ်ကြီး၏ - အဘိဓာန်ဋီကာ။
- အရှင်သမန္တ ဂုဏသာဂရထေရ်၏ - မူလသိင်္ဂှာဋီကာသစ်။
- အရှင်သီရိမင်္ဂလမထေရ်၏ ပါရာဇိက အဋ္ဌကထာ ယောဇနာ။
  အဋ္ဌသာလိနီအဋ္ဌကထာ ယောဇနာ။
  သခ်္ခပကာသကဋီကာ

စသည်တို့ ဖြစ်သည်။

http://www.dhammadownload.com

ခေတ်သက်အားဖြင့် ပုဂံခေတ်လောက် မရှည်လျားခဲ့သော ပင်းယခေတ်တွင် သာသနာ့ ဗဟုသုတ စာပေများ အရှိန်ရလျက် ရှိသေးသည်ကို လေ့လာ တွေ့ရှိရ၏။

အင်းဝခေတ် သာသနာ့ ဗဟုသုတစာပေ

သက္ကရာဇ် ၇၂၆ ခုနှစ်တွင် ပင်းယနှင့်စစ်ကိုင်း ပျက်စီးခဲ့၏။ သတိုးမင်းဖျားသည် ယင်းခုနှစ်တွင်ပင် အင်းဝကို တည်ထောင်စိုးစံခဲ့သည်။ သတိုးမင်းဖျား သည် နန်းစည်းစိမ် သုံးနှစ်သာရှိခဲ့၍ သာသနာရောင် ထွန်းပြောင်အောင် ရွက်ဆောင်နိုင်ခဲ့ခြင်း မရှိချေ။

သို့ရာတွင် သတိုးမင်းဖျားလက်ထက် ပထူးကြီး သဃ်ရာဇာသည် ဩကာသဒီပနီကျမ်းနှင့် လောကဒီပနီကျမ်းများကို ပြုစုနိုင်ခဲ့သည်။

အင်းဝခေတ်သည် နောက်နောက်မင်းများ လက်ထက်တွင် သာသနာရောင် ထွန်းပြောင်စေနိုင်ခဲ့သည်သာ ဖြစ်သည်။ သာသနာရောင် ထွန်းပြောင်စေနိုင်ခဲ့သည့်နှင့်အမျှ သာသနာ့ ဗဟုသုတစာပေများလည်း ဆက်လက်ပေါ်ထွန်းလျက် ရှိသည်ကို တွေ့ရှိရသည်။

အင်းဝခေတ်၏ ထူးခြားသောအချက်မှာ သာသနာ့ ဗဟုသုတ စာပေများ ပါဠိဘာသာဖြင့်သာမက နိဿယပြန် ပါဠိ မြန်မာအဖြစ်ဖြင့် လည်းကောင်း၊ မြန်မာစကားပြေသက်သက်ဖြင့် လည်းကောင်း ပေါ်ထွန်းခဲ့သောအချက်ဖြစ်သည်။

ပါဠိဘာသာတွင်

- ရှင်မဟာသီလဝံသမထေရ်၏ — မဟာရဟန်တိ(ပါဠို) ကဝိဂန္ထ ပါသဏ္ဍကျမ်း၊
- ရှင်မဟာအရိယဝံသမထေရ်၏ — မဏိသာရမဉ္ဇူသာဋီကာ၊
- စဉ့်ကူးမင်းဆရာ၏ — ဝိနယသင်္ဂဟငယ်အဋ္ဌကထာ၊
- ရှင်ဝရသမ္ဘောဓိ မထေရ်၏ — ဓမ္မပဒ ဋီကာ၊
- ရှင်သီရိရတနာပညာမထေရ်၏ — ဝဇိရ သာရတ္ထသင်္ဂဟစာကိုယ်၊ ဝဇိရသာရတ္ထသင်္ဂဟ စာကိုယ် ဋီကာ

စသည်တို့ဖြစ်သည်။

ပါဠိမြန်မာ နိဿယပြန်တွင်-

- ရှင်မဟာ သီလဝံသ၏ — နေတ္တိပါဠိတော်နိဿယဟောင်း၊ မဟာရဟ နိတိပါဠိနိဿယ

စသည်ဖြစ်သည်။

http://www.dhammadownload.com

မြန်မာစကားပြေ သက်သက်တွင်-

- ရှင်မဟာသီလဝံသမထေရ်၏ ပါရာယနဝတ္ထု၊
ဗောဓိဝင်ဝတ္ထု၊
ဗုဒ္ဓဝင်ဝတ္ထု၊
အနာဂတဝင်ဝတ္ထု၊
ရာဇဝင်ကျော်၊
နေတ္တိအရကောက်

စသည်တို့ဖြစ်သည်။ အင်းဝခေတ်ကို အလင်္ကာစာပေခေတ်ဟု ဆိုသော်ရကောင်းအံ့ထင်၏။

အင်းဝခေတ်တွင် ပေလေးပင်ရှင်လေးပါး သိုက်ဝင် ရှင်မဟာသီလဝံသမထေရ်၊ ရှင်ဥတ္တမကျော်မထေရ်။ ရှင်အုန်းညို၊ ရှင်ခေမာမထေရ်တို့ ပေါ်ထွန်းခဲ့ရာ သာသနဗဟုသုတ ပါဠိစာပေများ သာသနဗဟုသုတ မြန်မာအလင်္ကာစာပေအဖြစ် ပေါ်ထွန်းလာခဲ့၏။

"သီလဝံသဓေ မဟာမွေ ရာဇဂုရု" တံဆိပ်တော်ရ ရှင်မဟာသီလဝံသသည် ဗုဒ္ဓမြတ်စွာ၏ အကြောင်းခြင်းရာများကို သာသနဗဟုသုတ မြန်မာအလင်္ကာ စာပေအဖြစ် ဆန်းသစ် ပြုစုခဲ့၏။

ယင်းတို့ကား-

- ပါရမီတော်ခန်းပျို့၊
- ဆုတောင်းခန်းပျို့၊
- ဗုဒ္ဓပွတ္တိပျို့

စသော သာသနဗဟုသုတ မြန်မာ အလင်္ကာ စာပေများဖြစ်သည်။

ရှင်ဥတ္တမကျော်သည် နာမည်ကျော် တောလား ၉ ပိုဒ်ကိုလည်းကောင်း၊ ရှင်အုန်းညို သည် ကပိလဝတ်ပြည်တော်ပြန် ဂါထာခြောက်ဆယ် ပျို့ကိုလည်းကောင်း ရေးသားဖွဲ့ဆိုခဲ့၏။ ရှင်ခေမာ၏ စာပေများ မတွေ့ရှိရချေ။

ရှင်မဟာသီလဝံသနှင့် ခေတ်ပြိုင် မဟာသံဃရာဇာဘွဲ့ခံ ရှင်မဟာရဋ္ဌသာရသည်လည်း သာသန ဗဟုသုတ ပါဠိစာပေများကို သာသနဗဟုသုတ မြန်မာအလင်္ကာ စာပေများအဖြစ် ရေးသားပြုစုနိုင်ခဲ့လေသည်။ ရှင်မဟာရဋ္ဌသာရသည်ဇာတက သာသန ဗဟုသုတ ပါဠိစာပေမှ ဘူရိဒတ်ဇာတ်တော်ကို ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ် ဇာတ်ပေါင်းပျို့အဖြစ် အသက်သွင်းနိုင်ခဲ့သည်။ ရှင်မဟာရဋ္ဌသာရ ရေးသားပြုစုသော အခြား သာသနဗဟုသုတ မြန်မာ အလင်္ကာစာပေများလည်း မြောက်မြားစွာပင် ရှိသည်။ ဤနေရာတွင် များအံ့ထင်၍ ဖော်ပြနိုင်ခြင်း မရှိတော့ချေ။

http://www.dhammadownload.com

အင်းဝခေတ်တွင် သာသနဗဟုသုတ မြန်မာ အလင်္ကာ စာပေများသည် သာသနဗဟုသုတ ပါဠိစာပေများကိုပင် လွှမ်းခြုံနိုင်ခဲ့သည်ဟုဆိုက လွန်အံ့မထင်ချေ။

မည်သို့ဆိုစေ၊ ယင်းစာပေ အားလုံးသည် အင်းဝခေတ် သာသန ဗဟုသုတ စာပေများပင် မည်သင့်လေသည်။

ညောင်ရမ်းခေတ် သာသန ဗဟုသုတစာပေ

သက္ကရာဇ် ၉၆၁ ခုနှစ်တွင် သီဟသူရဓမ္မရာဇာ တံဆိပ်နာမံရှိသော ညောင်ရမ်းမင်းသည် အင်းဝကို ဒုတိယအကြိမ် တည်ထောင်စံမြှန်းခဲ့သည်။ ညောင်ရမ်း သီဟသူရဓမ္မရာဇာမှ တည်ထွန်းခဲ့သော ခေတ်ကို ညောင်ရမ်းခေတ်ဟု ခေါ်ဆိုရ၏။

ညောင်ရမ်းခေတ်တွင် ထိတ်ထိတ်ကြဲ သာသနိကပညာရှင်များ ပေါ်ထွန်းခဲ့ရာ သာသနဗဟုသုတ စာပေများလည်း အမြောက်အမြားပင် ပေါ်ထွန်းခဲ့၏။ ညောင်ရမ်းခေတ်တွင်လည်း သာသန ဗဟုသုတ စာပေများ ပါဠိရေး၊ ပါဠိ မြန်မာရေး၊ မြန်မာစကားပြေ ရေးနည်းများဖြင့် ပေါ်ထွက်ခဲ့ရာ မြို့ငြိမ်ဆိုင်လှသည်။

သက္ကရာဇ် ၉၆၇ ခုနှစ် ပုဗ္ဗာရုံဆရာတော် အရှင်သာရဒဿီ၏ ဓာတုကထာယောဇနာ

။ ။ ရှင်တိလောကဂုရုမထေရ်၏ ယမက ဝဏ္ဏနာဋီကာ

။ ၉၉၁ခုနှစ်၊ ရှင်တေဇောဒီပ၏ ပရိတ်ကြိုးဋီကာ

။ ။ ရှင်ဒါဌာနာဂ ရာဇဂုရု၏ နိရုတ္တိသာရမဉ္ဇူသာဋီကာ

။ ။ ပထမကျော်အောင်စံထားဆရာတော်၏ ပါတိမောက္ခ လေခနကျမ်း

။ တောင်ဖီလာဆရာတော်၏ ဝိနယာလင်္ကာရဋီကာ

စသည်တို့ဖြစ်သည်။

ညောင်ရမ်းခေတ်၏ ပင်ယ၊ အင်းဝခေတ်များထက် ထူးခြားသော အချက်မှာ ပါဠိ မြန်မာ နိဿယရေးဖြစ်သည်။ ညောင်ရမ်းခေတ်ကို နိဿယခေတ်ဟု ဆိုသော် သင့်နိုးအံ့ထင်သည်။

ညောင်ရမ်းခေတ် နိဿယများမှာ –

သက္ကရာဇ် ၉၉၁ခုနှစ် ရွှေဥမင်ဆရာတော်၏ ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာ နိဿယ။

သက္ကရာဇ် ၁၀၇၆ ခုနှစ် ရှင်အရိယာလင်္ကာရ၏ ဒီဃနိကာယ် ပါဠိ အဋ္ဌကထာ နိဿယ။

http://www.dhammadownload.com

သက္ကရာဇ် ၁၀၇၆ ခုနှစ် ပုဗ္ဗာရုံဆရာတော် အရှင်သာရဒဿီမထေရ်၏ သုတ္တနိပါတ်ပါဠိနိဿယ၊ နေတ္တိပါဠိနိဿယ

စသည်တို့ ဖြစ်သည်။

အင်းဝခေတ်ကပင် တက်ရန်အချက်ပြလျက် ရှိခဲ့သော သာသနဗဟုသုတ မြန်မာစကားပြေ စာပေများသည် ညောင်ရမ်းခေတ်တွင် အောင်မြင်စွာ နေရာ ယူလာနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

ယင်းတို့ကား-

- ရှင်ဝရာဘိသံဃနာထမထေရ်၏ မဏိကုဏ္ဍလဝတ္ထု၊
- ရှင်မဟာရတနာကရမထေရ်၏ ရတနာကရဝတ္ထု (ဓမ္မပဒဝတ္ထုလည်းဟူ)
- တောင်ဖီလာဆရာတော်၏ ယသဝမုနဝတ္ထု

စသည်တို့ ဖြစ်သည်။

ညောင်ရမ်းခေတ်တွင် အခြား သာသနဗဟုသုတ မြန်မာလက်စာပေများလည်း ရှိခဲ့ရာ ယင်းစာပေများသည်လည်း သာသနဗဟုသုတ ပါဠိစာပေ၊ သာသနဗဟုသုတ ပါဠိ မြန်မာ နိဿယစာပေများနှင့် ပခုံးချင်းယှဉ်လျက် ပေါ်ထွန်းခဲ့လေသည်။ ဤနေရာတွင် များအံ့ထင်၍ ဖော်ပြနိုင်စွမ်း မရှိတော့ချေ။

ယင်းစာပေအားလုံးသည် ညောင်ရမ်းခေတ် သာသနဗဟုသုတစာပေများ မည်သင့်လေသည်။

ကုန်းဘောင်ခေတ် သာသနဗဟုသုတစာပေ

"ဥ၊ ဩ၊ အော်၊ မြည် ကုန်းဘောင်တည်" ဟူသော ရာဇဝင်လက်စာအရ သက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ရတနာသိမ်မည်သော ကုန်းဘောင်ပြည်ကြီးကို တည်ထောင် ဖန်ဆင်းခဲ့၏။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထွန်းစေခဲ့သော ကုန်းဘောင်ပြည်ကို "ကုန်းဘောင်ခေတ်"ဟု ခေါ်ဆိုရ၏။

ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ နိုင်ငံရေး ဦးဆောင်မှု မှန်ကန်သော်လည်း မင်းဆရာလည်းဖြစ်၊ အတင်အဓမ္မဝါဒီလည်း ဖြစ်သူ သာသနာပိုင်ရှင်အတုလယသမထေရ်၏ သာသနာရေးမမှန်မကန် ဘက်လိုက်ဆောင်ရွက်မှုကြောင့် သာသနာရေးတွင် မပီမပြင်ဖြစ်ခဲ့ရသည်။

http://www.dhammadownload.com

ကုန်းဘောင်ခေတ်ရဟန်းတော်များသည် အတင်အဓမ္မဝါဒ သာသနာပိုင် အရှင်အတုလယသ ညွှန်ကြားချက်အတိုင်း ဒုကုဋ်တင်၊ ဦးထုပ်ဆောင်းကြရသည်။ ဒုကုဋ်နှင့် ဦးထုပ်မဆောင်းလိုကြသော လဇီပေသလ၊ သီကွာကာမ၊ သီလဝန္တ ရဟန်းတော်များ ပုန်းအောင်းနေကြရသည်။ မလိုက်နာလျှင် သာသနာပိုင် ရှင်အတုလယသက ဒဏ်ပေးသော ဟူ၏။

ဒဏ်ကို ကြောက်တော်မူကြသော အချို့ဆရာတော်ကြီးများသည်ပင် ဒုကုဋ်တင်၊ ဦးထုပ်ဆောင်းခဲ့ရကြောင်း အရှင်ဝိနန္ဒာသဘာကသီလဝိသောဓနိတွင် ဤသို့ ဖော်ပြထား သည်။

ကြက်သွန်ခင်းဆရာတော်လည်း ကုလားဦးထုပ်ကဲ့သို့သော ဦးထုပ်ကို ခေါင်းမှာ စွပ်၍ အပေါ်၌ ဒုကုဋ်တင်၍ သွားသည်ကို မြင်လိုက်ရဖူးသည်ဟု မင်းကွန်း စံနန်းတော်မှာ သူငါ သဲယာမျက်မှောက် ဘဝရှင်မင်းတရားကြီး မိန့်သည်။[1] ဟူ၍ဖြစ်၏။

ကုန်းဘောင်ခေတ်တွင် အတင်ဂိုဏ်းခေါ် တုံဂိုဏ်း အဓမ္မဝါဒနှင့် အာရုံဂိုဏ်းခေါ် ရုံဂိုဏ်း ဓမ္မဝါဒဟူသော မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံရင်း ပေါ်ထွန်းလာသော သာသန ဗဟုသုတစာပေများကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရ၏။

အလောင်းမင်းတရားကြီး ကုန်းဘောင်ပြည်ကြီး တည်ထွန်းစေခဲ့သော သက္ကရာဇ် ၁၁၁၅ ခုနှစ်မှာပင် ပထမကျော် ရှင်ဉာဏဝရမထေရ်က အဘိဓမ္မာဝတာရ အဋ္ဌကထာ နိဿယဟောင်းကို ပြုစုတော်မူခဲ့သည်။

သက္ကရာဇ် ၁၁၂၂ ခုနှစ် ရှင်သဒ္ဓမ္မဇောတ၏ ဗုဒ္ဓဝံသ ပါဠို နိဿယဟောင်း

။ ။ ၁၁၂၅ ခုနှစ် ရှင်ဂုဏာအလင်္ကာရ၏

သုတ္တန်ပါတအဋ္ဌကထာနိဿယ
ခုဒ္ဒကပါဌပါဠိနိဿယဟောင်း
၄င်း အဋ္ဌကထာနိဿယ
မိလိန္ဒပဉှာ ပါဠိနိဿယ
စရိယာ ပိဋက ပါဠိနိဿယ

။ ။ ၁၁၃၈ ခုနှစ် ထန်းတပင်ဆရာတော်၏

မာတိကာအကောက်

စသည်တို့ဖြစ်သည်။

၁။ သီလဝိသောဓနီ ၉၉။

http://www.dhammadownload.com

ကုန်းဘောင်ခေတ်တွင် သာသနဗဟုသုတစာပေများအပြင် အခြားသော သာသနဗဟုသုတမြန်မာ အလင်္ကာ စာပေများလည်း ပေါ်ထွန်းခဲ့သေး၏။

ယင်းစာပေအားလုံးသည် ကုန်းဘောင်ခေတ် သာသနဗဟုသုတစာပေများပင် မည်သင့်လေသည်။

အမရပူရခေတ် သာသနဗဟုသုတစာပေ

"အင်း၊ အိုင်၊ ဝိုက်၊ လည်၊ မြို့ကြီးတည်၊ မြို့မည်အမရ" ဟူသော ရာဇဝင်လင်္ကာအရ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် ဘိုးတော်မင်းတရားသည် အမရပူရ မြို့ကြီးကို တည်ထွန်းစေခဲ့၏။ ယင်းသို့ ဘိုးတော်မင်းတရား တည်ထွန်းစေခဲ့သော အမရပူရကို "အမရပူရခေတ်" ဟု ခေါ်ဆိုရ၏။

အမရပူရခေတ်တွင် ဘိုးတော်မင်းတရား၏ အောင်ပွဲကား တုံ/ရုံ ပြဿနာကို အပြီးတိုင် ရှင်းပစ်လိုက်နိုင်ခြင်းပင် ဖြစ်သည်။ ညောင်ရမ်းခေတ် သက္ကရာဇ်၁၀၆၀မှ တုံရွာ ရှင်ဂုဏာဘိ လင်္ကာရ အစပျိုးခဲ့သော အတင်ပြဿနာသည် ဘိုးတော်လက်ထက် သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင်မှ လက်စပြတ်နိုင်ခဲ့တော့၏။ နှစ်ပေါင်း ၈၀ကျော်မျှ သက်ဇိုးရှည်ခဲ့သည်။

ရဟန်းသာမဏေများ ရွာဝင်ရွာထွက် ဒုကုဋ်တင်၊ ကုလားဦးထုပ်ကဲ့သို့သော ဦးထုပ်ဆောင်းသင့်၏ ဟူသော ဂိုဏ်းကို အတင်ဂိုဏ်း၊ တုံဂိုဏ်း၊ စူဠဂဏ္ဌိဂိုဏ်းဟု ခေါ်၏။

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်လာတိုင်း ကျင့်သင့်၏ဟု ယူဆသော ဂိုဏ်းကို အရုံဂိုဏ်း ဟုခေါ်သည်။ အရုံဂိုဏ်းကား ဘုရားဟောအတိုင်း ကျင့်သောဂိုဏ်းပင် ဖြစ်သည်။

ဤတွင် အမရပူရခေတ် ဘိုးတော်မင်းတရား၏ သာသနာသန့်ရှင်းရေးကို ထည့်သွင်းဖော်ပြမှ ပြည့်စုံအံ့ထင်၏။ အမရပူရခေတ် သာသနာသန့်ရှင်းရေးကား တုံ/ရုံ ပြဿနာကို စိစစ်ခြင်း ဖြစ်သည်။ တုံ/ရုံပြဿနာကို သုဓမ္မာသဘင်တို့တွင် ဤသို့ စိစစ်ခဲ့သည်။

အရုံဘက်ဆရာတော်များတွင်-

- မင်းအိုဆရာတော် ရှင်ဂုဏာဘိအနန္တ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
- ဆုံတားဆရာတော် ရှင်နရိန္ဒသီရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
- မင်းရွာဆရာတော် ရှင်ဉာဏဓမ္မဒီပအနန္တ ဓဇမဟာဓမ္မ XXXဂုရု
- မင်း ဘူးဆရာတော် ရှင်ကလျာဏလောကစိန္တာဘိဓဇမဟာ XXXဂုရု
- မောင်းထောင်ဆရာတော် ရှင်ဉာဏာဘိဝံသ မဟာဓမ္မ XXXဂုရု

http://www.dhammadownload.com

ဟူသော ဆရာတော်ကြီးများကို အကြီးအမှူးပြု၍ ညောင်ကန်ဆရာတော် ခင်ကြီးပြောင်ကို ဓမ္မသေနာပတိ ခန့်ထား ဆိုင်ပြိုင် ပြောဆိုခဲ့သည်။

အတင်ဘက် ဆရာတော်များတွင်-

- ချောင်းကောက်ဆရာတော် ရှင်သာရဓဇ
- ဓမာဝတီဆရာတော် ရှင်စန္ဒသာရဓဇ မဟာ XXX ဂုရု။
- ကလေးဆရာတော် ရှင်အာသဘဓဇမဟာ XXX ဂုရု။
- မိုးနဲ့ဆရာတော် ရှင်အဂ္ဂသီရိဓဇမဟာ XXX ဂုရု။
- အတုလဆရာတော်

ဟူသော ဆရာတော်ကြီးများကို အကြီးအမှူး ဦးစီးခေါင်းဆောင်ပြု၍ ရွှေတောင် ဆရာတော်ကို ဓမ္မသေနာပတိခန့်ကာ ဆိုင်ပြိုင်ပြောဆိုစေခဲ့သည်။

အင်းဝခေတ် မင်းခေါင်ကြီးလက်ထက် မိမိဂုဏ်ကို ချီးကျူး၍ ပလ္လင်ပေါ် တက်ကြရသော ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့ကဲ့သို့ ဓမ္မသေနာပတိ ဆရာတော်ကြီးနှစ်ပါး မိမိဂုဏ်ကို ချီးကျူး၍ ပလ္လင်ပေါ်တက်ကြရသည်။

ပထမနေ့ပလ္လင်တက်-

ရွှေတောင်ဆရာတော် "ကြမ်းတမ်းမောက်မို၊ ညောင်ငုတ်တိုသည်။ ပင်ကိုခက်လက်၊ ပျက်ကြောင်းတည်း။"

ခင်ကြီးပြောင် "ရွှေတောင်ထိပ်တက်၊ ညောင်မြစ်ယှက်၊ ကိုင်းခက် လွှမ်းအုပ်တော့မည်တည်း။"

ပထမနေ့ပလ္လင်ဆင်း-

ရွှေတောင်ဆရာတော် "ရတနာရွှေတောင်၊ ထွန်းလင်းပြောင်သည်၊ ရောင်ဝါ ဘယ်ကြောင့် ညှိုးအံ့နည်း။"

ခင်ကြီးပြောင် "ညောင်ဗုဒ္ဓဟေ၊ ပွင့်ဖြိုးဝေသော်၊ ထိုရွှေမြေ၌ မြုပ်သတည်း။"

ဒုတိယနေ့-

ရွှေတောင်ဆရာတော် "ရွှေတောင်ခေါ်လစ်၊ ဓမ္မုရစ်သည်၊ နှံနစ်ရောင်ဝါ မည်ဦးတည်း။"

ခင်ကြီးပြောင် "ညောင်ကန်ဟုခေါ်၊ ဥဏ်ခေါင်ဖော်သည်၊ ရွှေလှော် ပြာချတော့မည်တည်း"

http://www.dhammadownload.com

ဟူသော သံပဟုံးစုံး ဖက်မဲ့ ကြုံးဝါးသံများကို တွေ့ရှိရသည်။[၁]

ဤပွဲတွင် အတင်ဂိဏ်းသားများ ရုံးနိမ့်၍ ဘိုးတော်မင်းတရားကြီးက ဤသို့ အမိန့်ချမှတ်ခဲ့သည်။

အတင်ဆရာ ဟူသမျှကို အကုန် လူဝတ်လဲစေ၊ ဝန်ထောက် ရွှေတောင်က လဲရန် ပုဆိုးပေးစေ။[၂]

ဟူ၍ဖြစ်သည်။

ဝန်ထောက်များကအမိန့်အတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ အတင်ဂိဏ်းသားများအား ကိုးကွယ်ကြသော မှူးကြီး မတ်ကြီး ဝန်ကြီးများ၏ မကျေမချမ်း လျှောက်ထားသံများကိုလည်း ဤသို့တွေ့ရှိရ၏။

အတင် ဆရာတော်များ တကာ ဝန်ရှင်တော်မင်းကြီးတို့က ကိုယ်တော်အရှင်များကို ကျမ်းတတ်ပုဂ္ဂိုလ်ဟု တကာတော်တို့ အထူးသဖြင့် ချီးမြှင့်ကိုးကွယ်ပါသည်။ သည် သင်္ကန်းရုံဆရာတော်များနှင့် တိုက်ဆိုင်ဆိုမှ ကျမ်းမတတ်သည်ကို သိရသည်။[၃]

ဟူ၍ ဖြစ်သည်။

ဒကာတော် ဝန်ရှင်တော်မင်းကြီးများ၏ လျှောက်ထားချက်ကို အတင်ဂိဏ်းသားတောင်ဘီလူးဆရာတော် အရှင်ပညာက ဤသို့ ဝန်ခံဖြေကြားတော် မူခဲ့သည်။

မဟုတ်ဘဲနှင့် အဟုတ်ပြုလုပ် ဆိုရသည်ကို မနိုင်ချိမ့်လော။[၄]

ဟူ၍ဖြစ်သည်။

ဤပွဲအပြီးတွင် သာသနာပိုင်ဟောင်း အတုလယသကို မောင်းကျော်၍ သရက်အာလဲကျွန်းသို့ လူဝတ်ဖြင့် ပို့လိုက်၏။ အခြားအတင်ဂိဏ်းသားများကိုလည်း လူဝတ်လဲစေသည်။ သို့ရာတွင် အချို့သော အတင်ဂိဏ်းသားများ အမိန့်မှလွတ်ငြိမ်း ချမ်းသာခွင့် ရရှိသွားကြသည်ကိုလည်း ဤသို့ တွေ့ရှိရ၏။

တောင်ဘီလူးပုဂ္ဂိုလ်၊ ငါးရွာပုဂ္ဂိုလ်တို့သည် အတင်ဖြစ်သော်လည်း ပုဂ္ဂိုလ်ထူးဖြစ်ပါသည်။ မဆင်းရဲပါစေနှင့်။[၅]

၁။ ကဝိသာရမဉ္ဇူသာကျမ်း၊ ၅၆၊ ၇၊ ၈။
၂။ သီလဝိသောဓနီ၊ ၁၀၉၊ ၉။
၃။ သီလဝိသောဓနီ၊ ၉၀။
၄။ သီလဝိသောဓနီ၊ ၉၀။
၅။ သီလဝိသောဓနီ၊ ၁၀၀၊ ၉။

http://www.dhammadownload.com

ဟူ၍ဖြစ်သည်။

ယင်းခြင်းချက်အရ တောင်ဘီလူးဆရာတော်၊ ငါးရွာဆရာတော်၊ ချောင်းကောက်ဆရာတော်များ အမိန့်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိတော်မူကြသည်။ ယင်းသို့ အမိန့်မှ လွတ်ငြိမ်းချမ်းသာခွင့် ရရှိသဖြင့်လည်း ချောင်းကောက်ဆရာတော် ရှင်သာရဒဿီ (သာရဓဇ) အနေဖြင့် သက္ကရာဇ် ၁၁၅၃ ခုနှစ်၊ ပြာသိုလတွင် ဘိုးတော်မင်းတရားကြီး၏ ဇေတဝန်ကျောင်းတော်ကြီးကို အလှူခံတော်မူနိုင်ခြင်း ဖြစ်ပေတော့သည်။

ချောင်းကောက်ဆရာတော်သည် ဘိုးတော်မင်းတရား အမရပူရနန်းစံမြန်းတော်မူသည့် သက္ကရာဇ် ၁၁၅၅ ခုနှစ် မှာပင် ဓမ္မပဒ အဋ္ဌကထာ နိဿယ၊ ဗုဒ္ဓဝံသ ပါဠိတော် နိဿယသစ်များကို ပြုစုရေးသားတော်မူခဲ့သည်။

အမရပူရခေတ်တွင် အခြားဆရာတော်များလည်း သာသနာ့ဗဟုသုတ စာပေများ ရေးသား ပြုစုတော်မူခဲ့သည်။

သက္ကရာဇ် ၁၁၄၄ ခု၊ တောင်တွင်းဆရာတော်၏
ကေနိပါတ်ဇာတ်အဋ္ဌကထာ
နိဿယ။

သက္ကရာဇ် ၁၁၃၈ ခု၊ ထန်းတစ်ပင်ဆရာတော်၏
မာတိကာအကောက်
ဘိက္ခု ဘိက္ခုနီ ပါတိမောက်
နိဿယ။

သက္ကရာဇ် ၁၁၉၉ ခု၊ သလုံးဆရာတော်၏
မူလ ပဏ္ဏာသ အဋ္ဌကထာ
နိဿယ။

သက္ကရာဇ် ၁၁၉၉ ခု၊ ခင်မကန်ဆရာတော်၏
သဂါထာဝဂ္ဂသံယုတ္တ
အဋ္ဌကထာ နိဿယ

စသည်တို့ဖြစ်သည်။

အမရပူရခေတ်၏ ထူးခြားသော အချက်မှာ သာသနာအဆက်ကို ပြဆိုရာ သာသနာ့ဗဟုသုတ မြန်မာစကားပြေ စာပေများပေါ်ထွန်းလာခြင်းပင် ဖြစ်သည်။

ယင်းတို့ကား-

- ဆုံထားဆရာတော်၏ အာစရိယဝံသ (ပါဠို)
- မဲထီးဆရာတော်၏ ဝံသဒီပနီကျမ်း

http://www.dhammadownload.com

- ညောင်ကန်ဆရာတော်၏ ဝံသမာလာကျမ်း
- မုံရွေးဆရာတော်၏ သာသနာဝံသဒီပနီကျမ်း
- ရှင်ဝိနန္ဒာသဘာ၏ သီလဝိသောဓနီကျမ်း
- မောင်းထောင်ဆရာတော်၏ သာသနာဝံသပ္ပဒီပိကာ (ပါဠို)
- ရမ္မသီရိကျော်ထင်၏ သာသနဝံသကျမ်း
- မဟာဓမ္မသင်္ကြိ၏ သာသနာလင်္ကာရစာတမ်း

စသည်တို့ဖြစ်သည်။

ယင်း စာပေအားလုံးသည် အမရပူရခေတ်၏ သာသနဗဟုသုတ စာပေများပင် မည်သင့်လေသည်။

ရတနာပုံ မန္တလေးခေတ် သာသနဗဟုသုတစာပေ

ရတနာပုံ မန္တလေးခေတ်ကား အခြားသော ခေတ်များနှင့်မတူ၊ တစ်မူဆန်းသစ်လာခဲ့သည်။ သရေခေတ္တရာ ခေတ်များဆီမှ ရိုးရိုးစီးဆင်းလာခဲ့သော သာသနဗဟုသုတ စာပေသည် ရတနာပုံ မန္တလေးခေတ်တွင် လေပွေထသည့်နှယ် တစ်မုဟုတ်ချင်း တိုးတက်သွားခဲ့သည်။ ယင်းကား ပဉ္စမသင်္ဂါယနာ တင်ပွဲကြိုးပင် ဖြစ်တော့၏။

ရတနာပုံမန္တလေးခေတ်သည် စင်စစ် သင်္ဂါယနာခေတ် ဖြစ်သည်။ သထုံ၊အင်းဝ၊ ကုန်းဘောင်ခေတ်များဆီမှ တရွေ့ရွေ့ စီးဆင်းလာခဲ့သော သာသနဗဟုသုတ စာပေများကို ပဉ္စမသင်္ဂါယနာဟူသော သီဂီရွေခွက်ဖြင့် ခံ၍ဆေးကြော သုတ်သင်ကြသည်။

ဆေးကြောသုတ်သင်ပြီး၍ သန့်ရှင်းစင်ကြယ်ပြီးသော သာသနဗဟုသုတ စာပေများကို သီးသန့်နေရာတော် သတ်မှတ်ကာ ကျောက်ချပ် ကျောက်သား များပေါ်တွင် ရေးတင်စေခဲ့သည်။ ကျောက်ချပ်ပေါင်း ၇၂၉ချပ် ဖြစ်၏။ ကုသိုလ်တော် ဘုရားဝင်းအတွင်းတွင် ယင်း ကျောက်စာတော်များအား ယနေ့တိုင် ဖူးတွေ့နိုင်လျက်ရှိသည်။

ရတနာပုံ မန္တလေးခေတ်တွင် ပဉ္စမ သင်္ဂါယနာ ဝန်ဆောင်ဆရာတော် အရှင် ဓာဂရာဘိဝံသ စသော ပုဂ္ဂိုလ်များပေါ်ထွက်ခဲ့သည်။ ဆရာတော် အရှင် ဓာဂရာဘိဝံသ မထေရ်သည် နိဿယကျမ်းများစွာနှင့် သံဝေဂဝတ္ထု ဒီပနီ စသော ကျမ်းစာများ အားသစ် ပြုစုတော်မူခဲ့သည်။

မိုးထိဆရာတော်သည်လည်း မိုးထိမူ နိဿယကျမ်းများစွာကို ရေးသား ပြုစုတော်မူခဲ့သည်။

ယင်းစာပေအားလုံးသည် ရတနာပုံ မန္တလေးခေတ် သာသနဗဟုသုတ စာပေများပင် မည်သင့်လေသည်။

http://www.dhammadownload.com

ကိုလိုနီခေတ် သာသနာ ဗဟုသုတစာပေ ကိုလိုနီခေတ်သည် ပေ၊ ပုရပိုက်ခေတ် မဟုတ်တော့သည့် နည်းတူ စာအုပ်စာတမ်းများအဖြစ်ဖြင့် သာသနဗဟုသုတ စာပေများ အရှိန်မပျက် ဆက်လက် ပေါ်ထွက်ခဲ့သည်။

ကိုလိုနီခေတ်တွင် မြန်မာစကားပြေဖြင့် သာသနဗဟုသုတ စာပေများ ပေါ်ထွက်သကဲ့သို့ ပါဠိဘာသာဖြင့်လည်း သာသနဗဟုသုတစာပေများ ပေါ်ထွက်ခဲ့သည်။

ယင်းတို့ကား-

- ဒုတိယ ဘုရားဖြူဆရာတော်ရေး ဝါစ္စဝါစက ဋီကာသစ်၊ ယင်း နိဿယ၊
- လယ်တီဆရာတော်ရေး ပရမတ္ထ ဒီပနီဋီကာ

စသည်တို့ဖြစ်သည်။

မြန်မာစကားပြေဖြင့် ပေါ်ထွက်ခဲ့သော စာပေများကား-

- ဒုတိယဘုရားဖြူဆရာတော်ရေး ဝံသမေဒပကာသနီ
- လယ်တီဆရာတော်ရေး ဒီပနီကျမ်းစာများ
- စတုတ္ထဘုရားဖြူဆရာတော်ရေး သာသနဗဟုသုတပကာသနီကျမ်း

စသော စာပေများပင်ဖြစ်သည်။

ယင်းစာပေအားလုံးသည် ကိုလိုနီခေတ် သာသနဗဟုသုတစာပေများ မည်သင့်လေသည်။

သာသနဗဟုသုတပကာသနီ ယခုအခါ ဤမည်သော သာသန ဗဟုသုတပကာသနီ ကျမ်းစာကြီး၏ ဂုဏ်ရည်ကို ပြသရန် အခါအခွင့်သင့် လျက်ရှိပေပြီ။

ဤမည်သော သာသနဗဟုသုတပကာသနီကျမ်းကြီးသည်ကား စတုတ္ထဘုရားဖြူ ဆရာတော် အရှင်ရာဇိန္ဒ ပြုစုတော်မူခဲ့သော ကျမ်းစာများအနက် အထင်ရှားဆုံးနှင့် အကျော်ကြားဆုံးသော ကျမ်းစာတစ်ဆူဖြစ်၏။

ပြုစုတော်မူသောကျမ်းစာများအနက် ဤကျမ်းစာကိုမှ အဘယ့်ကြောင့် "သာသန ဗဟုသုတပကာသနီကျမ်း" ဟု ကမ္ဘည်းစာတမ်းတင်ရသနည်း။

သာသန ဗဟုသုတပကာသနီကျမ်းကြီးတွင်-

- ပရိယတ္တိ သာသနာနှင့် သက်ဆိုင်သော
- ပဋိပတ္တိ သာသနာနှင့် သက်ဆိုင်သော
- ပဋိဝေဓ သာသနာနှင့် သက်ဆိုင်သော

http://www.dhammadownload.com

ဗဟုသုတများ ပေါ်လွင်ထင်ရှားအောင် ပြဆိုထားခြင်းကြောင့် ဤကျမ်းစာကိုမှ "သာသနဗဟုဿုတပပ္ပကာသနီကျမ်း" ဟု ကမ္ဘည်းစာတမ်း တင်ရကြောင်းကို ကျမ်းစာ၏ နိဂုံးတွင် ဤသို့ မြွက်ဟထား၏။

ဝါစေတွာ ဝသမာနေန၊
သာသနဿ ဗဟုဿုတံ။
ပကာသတျတ္ထေဒံ၊
ဘိယာစိတေန သခ်ံတံ။[၁]

ဟူ၍ဖြစ်၏။

ဤကျမ်းစာ ရေးသားရခြင်းအကြောင်း ဆရာတော်အရှင်ရာဇိန္ဒက ဤကျမ်းစာကြီး ရေးသားပြုစုရေးသားပြုစုရာတွင်အကြောင်း နှစ်ချက်ပြဆိုထား၏။

ပထမအချက်မှာ-

> ယခုအခါ ထင်ရှားရှိကြကုန်သော ရဟန်း ရှင်လူဗုဒ္ဓဘာသာဝင် ဖြစ်ကြကုန်သောသူတို့၏ သန္တာန်၌ စွဲကပ် တည်ရှိသော သာသနာတော်သည် ဘယ်က ဆင်းသက် ဆက်နွယ်လာသော သာသနာတော်နည်း။[၂]

ဟူသော မေးခွန်းအား ဖြေကြားနိုင်ရန် ဤမည်သော သာသနဗဟုဿုတပပ္ပကာသနီကျမ်းကြီးကို ရေးသားပြုစုရသည် ဟူသောအချက်ဖြစ်သည်။

ဒုတိယအချက်မှာ-

> ရှေးဦးရေးသားအပ်ပြီးသော သာသနာ စဉ်ဆက်ကို ပြဆိုရာ သာသနာလင်္ကာရစာတမ်း၊ ဝံသဒီပနီကျမ်း၊ ဝံသမာလာကျမ်း အစရှိသော ကျမ်းများလည်း ရှိပြီးဖြစ်လင့်ကစား ထိုကျမ်းစာများသည် အင်းဝ၊ အမရပူရတိုင်အောင်သာ မင်းဆက်နှင့်တကွ သာသနာဆက်ကို ပူးတွဲ၍ ပြဆိုနိုင်ကြသည်။ ရတနာပုဏ္ဏမန္တ လေးရွေမြို့တော်ကြီးတိုင်အောင် မပြဆိုနိုင်ကြလေ။[၃]

ဟူသော အချက်ဖြစ်သည်။

ဒုတိယ အကြောင်းပြချက်တွင် သာသနာလင်္ကာရ စာတမ်း၊ ဝံသဒီပနီကျမ်း၊ ဝံသမာလာကျမ်းများသည် ယင်းတို့၏ မျက်မှောက်ခေတ် အဝမင်းနှင့် အမရပူရ

၁။ သာသနဗဟုဿုတပပ္ပကာသနီ နိဂုံး။

၂၊ ၃။ သာသနဗဟုဿုတပပ္ပကာသနီ နိဒါန်း။

http://www.dhammadownload.com

မင်းများလက်ထက် သာသနာဆက်ကိုသာ သဘာဝအားဖြင့် ပြဆိုနိုင်ခဲ့ကြ၏။

ယင်းတို့၏ မျက်ကွယ်ဖြစ်သော ရတနာပုဋ္ဌ မန္တလေး မင်းတုန်းမင်း၊ သီပေါမင်းနှင့် ကိုလိုနီခေတ် အင်္ဂလိပ်မင်းများလက်ထက် တိုးတက်ခဲ့ ဆုတ်ယုတ်ခဲ့သော သာသနာဆက်ကို သဘာဝအားဖြင့် မပြဆိုနိုင်ခဲ့ကြချေ။

ယင်းအချက်ကပင် ဆရာတော် အရှင်ရာဇိန္ဒအား မန္တလေးရတနာပုံခေတ်နှင့် ကိုလိုနီခေတ် သာသနာဆက်များပါဝင်သော သာသနဗဟုသုတပွကာသနီ သည်တင့်ဆန်း ဤသည့်ကျမ်းကြီး ရေးသားပြုစုတင်ဆက်ရန် တိုက်တွန်းသကဲ့သို့ ဖြစ်ကြောင်း ထင်ရှားသည်။ ယင်း အကြောင်းများကြောင့်ပင် သာသနဗဟုသုတပွကာသနီကျမ်းကြီး တစ်စောင် စာပေဇာတ်စင်တွင် မီးရှူးတန်ဆောင်ပမာ ထွန်းပြောင်ခဲ့ခြင်း ဖြစ်တော့သည်။

ကျမ်းစာပေါ်ထွန်းရာခေတ်

သာသနဗဟုသုတပွကာသနီ ကျမ်းစာပေါ်ထွန်းရာခေတ်ကို လေ့လာလျှင် ကိုလိုနီခေတ်ကို တွေ့ရမည် ဖြစ်၏။ ဤကျမ်းစာကြီးပေါ်ထွန်းချိန်တွင် ရဟန်း၊ ရှင်၊ လူ၊ မြန်မာပြည်သူများ အရှိန်အဟုန်ဖြင့် လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲနေချိန်ဖြစ်သည်။

၁၉၂၀ ပြည့်နှစ်ကပင် "ရေဝတာဘိ ကဝိဓေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ရ ဆရာတော်ကြီး ဦးဆောင်သော မြန်မာပြည်လုံးဆိုင်ရာ သံဃသာမဂ္ဂီ အဖွဲ့ကြီး ပေါ်ပေါက်နေပြီးဖြစ်သည်။ ယင်းအဖွဲ့ကြီးကပင် မြန်မာနိုင်ငံအတွင်း ကျေးလက်မြို့ပြပါမကျန် သာသနာ ကြီးပွား(သာသနာ)ရေးနှင့် လောကကြီးပွား (နိုင်ငံ)ရေးများကို လှည့်လည် ဟောပြောစည်းရုံးနေဆဲ ဖြစ်၏။

ဤကျမ်းစာကြီးရေးသားနေစဉ်မှာပင် နိုင်ငံရေးခေါင်းဆောင် ဆရာတော် ဦးဥတ္တမ အနေဖြင့် နှစ်ကြိမ်တိုင်တိုင် ထောင်ကျနေပြီး ဖြစ်သည်။[၁]

အင်္ဂလိပ်အစိုးရက ဖိနှိပ်ချုပ်ချယ်လွန်း၍ ရဟန်းရှင်လူ မြန်မာပြည်သူများ သက်စွန့်ဆဲဖျား လှုပ်ရှားနေရသော နိုင်ငံတာဝန်၊ သာသနာ့တာဝန် နှစ်ရပ်ကို အမြဲမပြတ် သတိချပ်နေရသော ယင်းသို့သော အချိန်မျိုးတွင် ဤသာသနဗဟုသုတပွကာသနီကျမ်းစာကြီး ထီးထီးမားမား အောင်အောင်မြင်မြင် ပေါ်ထွန်းလာခြင်း ဖြစ်ရကား ဤကျမ်းစာကြီးကို မီးပုံကြီးထဲမှ ပွင့်ပေါ်လာသော ပွင့်ချပ်တစ်ရာ ကြာပဒုမ္မာဟု တင်စားရသော် လွန်အံ့မထင်ချေ။

၁။ သာသနာဗဟုသုတပွကာသနီ၊ ၂၁၀။

http://www.dhammadownload.com

ကျမ်းစာအစီအစဉ် ပထမအကြိမ်ရိုက်နှိပ်ထုတ်ဝေသော သာသနဗဟုသုတပွကာသနီ ကျမ်းစာ အစီအစဉ်သည် ရှေးခေတ်ဖြစ်သည်နှင့်အညီ ရှုပ်သည်။ ပေါ်ထွန်းရာခေတ်များ ငုပ်ကွယ်နေသည်။ စာပေပညာရှင်၊ သမိုင်းပညာရှင်၊ သုတေသနပညာရှင်နှင့် စာသင်သားများ ကြည့်ရှုမှတ်သားရန် ခက်ခဲသည်။

ယခု ဒုတိယ အကြိမ်တွင်မူကား သာသနဗဟုသုတပွကာသနီ ကျမ်းစာကြီး၏ အစီအစဉ်ကို ဆန်းသစ်ထားသည်။ ကျမ်းပြုအရှင် ကိုးကားမှီငြမ်းပြုထားရာ ကျမ်းစာများကိုလည်း လက်လှမ်းမီသမျှရှာဖွေ ညွှန်ပြထားသည်။ ဖြစ်သင့်သော အကြောင်းအရာများကို ဖြစ်သင့်သောခေတ်နှင့် ဖြစ်သင့်သောစာခေါင်းများ ထုတ်၍ စီစဉ်ပြဆိုထားရာ စာပေပညာရှင်၊ သမိုင်းပညာရှင်၊ သုတေသနပညာရှင်နှင့် စာသင်သားများ သန့်ရှင်းလွယ်ကူစွာ ကြည့်ရှုလေ့လာ မှတ်သားနိုင်ကြမည်ဟု ယုံကြည်သည်။

သာသနဗဟုသုတပွကာသနီ ကျမ်းစာကြီးကို ဤသို့ စီစဉ်ထားသည်။

(၁) နိဒါနခန်း
(၂) ဗုဒ္ဓပဏာမာဒီခန်း
(၃) မဇ္ဈိမဒေသ သာသနာ
(၄) သီဟိုဠ်သာသနာ
(၅) မရမ္မရဋ္ဌသာသနာ
(၆) သရေခေတ္တရာ သာသနာ
(၇) ပုဂံခေတ်သာသနာ
(၈) ပင်းယခေတ် သာသနာ
(၉) အင်းဝခေတ် သာသနာ
(၁၀) ညောင်ရမ်းခေတ် သာသနာ
(၁၁) ကုန်းဘောင်ခေတ် သာသနာ
(၁၂) အမရပူရခေတ် သာသနာ
(၁၃) ရတနာပုံ မန္တလေးခေတ် သာသနာ
(၁၄) ရာမညတိုင်း သာသနာ
(၁၅) ယောနကတိုင်း သာသနာ
(၁၆) အမိန့်ပြန်တမ်းများ
(၁၇) ကိုလိုနီခေတ် သာသနာ

http://www.dhammadownload.com

(၁၈) ပကိဏ္ဏကခန်း

(၁၉) နိဂမနခန်း

ဟူ၍ အခန်းကြီး ၁၉ ခန်း ဖွဲ့စည်း စီစဉ်ထားသည်။

ယင်းတို့တွင် နိဒါနခန်းကို ဤကျမ်းပြုအရှင်၏ မူရင်း နိဒါန်းအတိုင်း ဖော်ပြထားသည်။ ဗုဒ္ဓပဏာမာဒီခန်းအား ပဏာမကိုပြခြင်းမှစကာ ပဋိညာဉ်ကိုပြခြင်းတွင် အဆုံးသတ်သည်။ အခန်းငယ် ၃ ခန်းဖြင့် စီစဉ်ပြဆိုထားခြင်း ဖြစ်၏။

မဇ္ဈိမဒေသ သာသနာအား "သာသနာသုံးပါးကိုပြခြင်း" မှစကာ "တတိယ သာသနာနုဂ္ဂဟာမင်း"တွင် အဆုံးသတ်ထားသည်။ အခန်းငယ် ၁၆-ခန်းဖြင့် စီစဉ် ပြဆိုထားခြင်း ဖြစ်၏။

သီဟိုဠ်သာသနာအား "အရှင်မဟိန္ဒမထေရ်"မှစကာ "မင်းကို အမှီရမှ သာသနာ ကြီးပွားနိုင်ကြောင်း"တွင် အဆုံးသတ်ထားသည်။ အခန်းငယ် ၁၃-ခန်းစီစဉ် ပြဆိုထားခြင်း ဖြစ်၏။

မရမ္မရဋ္ဌ သာသနာအား "မြန်မာနိုင်ငံ သာသနာရောက်ပုံ"မှစကာ "မနုသီဟ ရုပ်"တွင် အဆုံးသတ် ပြဆိုထားသည်။ အခန်းငယ် ၇-ခန်းဖြင့် ဖွဲ့စည်း စီစဉ်ထားခြင်း ဖြစ်၏။

သရေခေတ္တရာ သာသနာအား "သရေခေတ္တရာသို့ ပထမ သာသနာရောက်ပုံ"မှ စကာ "သရေခေတ္တရာသည် ဝနဝါသီတိုင်း"တွင် အဆုံးသတ်ထားသည်။ အခန်း ၃-ခန်းဖြင့် ဖွဲ့စည်း ပြဆိုထားခြင်းဖြစ်၏။

ပုဂံခေတ်သာသနာအား "သာသနာပြု ရှင်အရဟံအကြောင်း" မှစကာ "ပုဂံ နောက်ဆုံးမင်းအကြောင်း"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၁၂-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ပင်းယခေတ် သာသနာအား "ရှမ်းညီနောင်သုံးဦး" မှစကာ "ဆူးတွင်းပစ် ဆရာတော်အကြောင်း"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၄-ခန်းဖြင့် ဖွဲ့စည်း ပြဆိုထားခြင်းဖြစ်၏။

အင်းဝခေတ် သာသနာအား "ပင်းယပျက်၊ စစ်ကိုင်းပျက်၍ အဝတည်ခြင်း"မှ စကာ "ရှင်တိသာသနဓဇမထေရ် တပည့်များ"တွင် အဆုံးသတ်ထားသည်။ အခန်းငယ် ၁၆-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်းဖြစ်၏။

ညောင်ရမ်းခေတ် သာသနာအား "အင်းဝ ဒုတိယ တည်ထောင် ဖန်ဆင်းခြင်း"မှ စကာ "စုဥဂဏ္ဌိကျမ်း"တွင် အဆုံးသတ် ပြဆိုထားသည်။ အခန်းငယ် ၁၉-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

http://www.dhammadownload.com

ကုန်းဘောင်ခေတ် သာသနာအား "ရတနာသိခ်ရွှေဘိုသာသနာ"မှ စကာ "မောင်းထောင်ဆရာတော်အကြောင်း"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၁၁-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်သည်။

အမရပူရခေတ် သာသနာအား "အမရပူရတောင်မြို့သာသနာ" မှစကာ "ပုဂံမင်းလက်ထက်သာသနာ"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၁၈-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ရတနာပုံ မန္တလေးခေတ် သာသနာအား "မင်းတုန်းမင်းကြီးအကြောင်း"မှစကာ "သာသနာဆက်ပြည်ထောင်များ"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၂၆-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ရာမညတိုင်း သာသနာအား "ဟံသာဝတီသာသနာ" မှစကာ "ရာမညတိုင်းဖြစ် ကျမ်းများ"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၁၅-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ယောနကတိုင်း သာသနာအား" ဇင်းမယ်သာသနာ"မှစကာ "ယောနကတိုင်း သာဂလပြည် တည်ရာဌာန"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ်-၇ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

အမိန့်ပြန်တမ်းများအခန်းအား "မြန်မာမင်းများလက်ထက် မဟာဒါန်ဝန် လိုက်နာရန်အမိန့်တော်"မှစကာ "ကျမ်းတတ်ပုဂ္ဂိုလ်ကျော်(၄)ဦး"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၂၀-ဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ကိုလိုနီခေတ် သာသနာအား "သာသနာပြုတောင်တော် ဆရာတော်"မှစကာ "အမြို့မြို့အရွာရွာကသာသနာချီးမြှောက်ပုံ"တွင် အဆုံးသတ် ပြဆိုထားသည်။ အခန်းငယ် ၂၇-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ပကိဏ္ဏကခန်းအား "ယပ်လွဲပေါ်လာခြင်း"မှစကာ "ဓိနာလင်္ကာရ ဋီကာနည်း အဋ္ဌကွာ"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၉၀-ဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

နိဂမန ခန်းအား "နိဂုံး ဂါထာ ပါဠိအနက်"မှစကာ "သာသနဗဟုသုတ ပွကာသနီကောက်နုတ်ချက်"တွင် အဆုံးသတ်ပြဆိုထားသည်။ အခန်းငယ် ၄-ခန်းဖြင့် ဖွဲ့စည်းပြဆိုထားခြင်း ဖြစ်၏။

ယင်းသို့စီစဉ်ပြဆို ထားသဖြင့် သာသနဗဟုသုတပွကာသနီကျမ်းကြီးအား လေ့လာကြည့်ရှုမှတ်သားကြရာတွင် လွယ်ကူသန့်ရှင်းစွာ လေ့လာကြည့်ရှု မှတ်သားနိုင်ကြလိမ့်မည်ဟု ဦးလည်မသုန်ယုံကြည်မိ၏။

မိခင်ဇရာဝတီ

http://www.dhammadownload.com

ကျမ်းစာ အနှစ်သာရ ဤအခန်းတွင် ဤကျမ်းစာကြီးမှ ဆူရာ ဆူရာ ရွေးကောက်ထုတ်နုတ်၍ ဤကျမ်းစာ၏ အနှစ်သာရအဖြစ် ရေးသားဖော်ကျူးသွားရန်ဖြစ်၏။

အလံအာဝုသော မာ သောစိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ သုမုတ္တာ မယံ တေန မဟာသမဏေန။

အာဝုသော၊ ဝိကြွေးကြသော ငါ့ရှင်တို့။ အလံ၊ ဝိကြွေးခြင်းငှာ မသင့်။ မာ သောစိတ္ထ၊ မစိုးရိမ်ကြကုန်လင့်။ မာ ပရိဒေဝိတ္ထ၊ မငိုကြွေးကြကုန်လင့်။ မယံ၊ ငါတို့သည်။ တေန မဟာ သမဏေန၊ ထိုရဟန်းကြီး ဂေါတမမှ၊ သုမုတ္တာ၊ ကောင်းစွာ လွတ်ကုန်သည်။ အမှ၊ ဖြစ်ကုန်ပြီ။

သုဘဒ္ဒပြောစကားကြောင့် စိတ်များ လှုပ်ရှားကာ ကျမ်းပြု အရှင်က ဤသို့ရေးခြယ်ခဲ့၏။

ဤသို့ဘုရားပရိနိဗ္ဗာန်စံတော်မူ၍ ခုနစ်ရက်သာ ရှိပါသေးလျက် သုဘဒ္ဒမည်သော အာတုမ ပြည်သား တောထွက်ရဟန်းကြီးသည် ဘုရားမျက်နှာတော်ကို မထောက်၊ မကြောက်မရွံ့၊ ရက်ရက်စက်စက် မဲ့မညှာပြောဆိုခြင်းသည် ပရိယတ္တိသာသနာတော်တည်းဟူသော ဘုရားစကားတော် ပျောက်ကွယ် ဆုတ်ယုတ်ခြင်း၏ အကြောင်းနိမိတ် အရိပ်အယောင် ပေါ်ထွက်လာခြင်း ပင်တည်း[၁] ဟူ၍အချက်ပြလိုက်၏။

သုဘဒ္ဒ တောထွက်ရဟန်းကြီးမှ ပစ္စည်းဆက်၍ မိမိဝန်းကျင်ကိုလည်း ဤသို့လျှင်လက်တို့ပြလိုက်သည်။

ယခုအခါ သာသနာတော်တွင်းမှာလည်း ထို သုဘဒ္ဒ တောထွက်ရဟန်းကြီး၏ အဆက်အနွယ်ဟု ဆိုလောက်သော အချို့သော တော ထွက်ရဟန်းကြီးတွေသည် သိက္ခာပုဒ်ကို ရိုသေခြင်းတည်းဟူသော ပဋိပတ္တိနှင့်လည်း မယှဉ် ပရိယတ္တိကိုလည်းမသင်ယူ၊ အဆုံးအမကိုလည်း မခံယူလို၊ ဆုံးမမည့်သူများလည်းမရှိ၊ ဆွမ်းခံလှည့်၍သာ စားသောက်နေသော တောထွက် ရဟန်းကြီးတွေ အများအပြားရှိလေသည်။[၂] ဟူ၍ဖြစ်၏။

၁။ သာသနဗဟုသုတပွကာသနီ၊ ၁၂။

၂။ သာသနဗဟုသုတပွကာသနီ၊ ၁၃။

http://www.dhammadownload.com

သီဟိုဠ်ကျွန်း ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးနှင့် တွေ့စဉ် သီဟိုဠ်ကျွန်းရဟန်းတော်များ၏ ပရိယတ္တိစွမ်းဆောင်တော်မူပုံကိုလည်း မျက်မှောက်ခေတ် ရဟန်းရှင်လူများအား ဤသို့လျှင် အာရုံယူစေ၏။

သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော အရှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ဒက္ခိဏာမလယဇနပုဒ်သို့သွား၍ သစ်သီး သစ်ဥ သစ်ရွက်တို့ဖြင့် ဇီဝိတိန္ဒြေကို မှုတစေ၍ တစ်ဆယ့်နှစ်နှစ်တို့ ပတ်လုံး ဘုရားစကားတော် တည်းဟူသော ပိဋကတ်သုံးပုံကို အာဂုံ နှုတ်တက် မပျောက် မပျက် အက္ခရာမယိုမယွင်းကြရအောင် ဆောင်ရွက်စောင့်ရှောက် ထိန်းသိမ်း၍ နေတော်မူကြကုန်သတည်း။[၁]

ဟူ၍ဖြစ်သည်။

ဤ သာသနဗဟုသုတပွကာသနီကျမ်းကြီးသည် စာပေပညာရှင်နှင့် သမိုင်းပညာရှင်များအားလည်း အရင်း အမြစ်ကျသော စာပေဗဟုသုတ၊ သမိုင်းဗဟုသုတများကိုလည်း အစဉ်ဖြန့်ဖြူးပေးမည့် ကျမ်းကောင်း တစ်ဆူဖြစ်သည်ကို တွေ့ရှိရသည်။

ဧကအင်္ဂုတ္တိရ်၊ ဇာတဒ္ဂဝဏ်အဖွင့် အဋ္ဌကထာမှာ "အသိတဉ္ဆနမြို့" ဟု ဆိုသည်။

ထေရာ အဋ္ဌကထာမှာ "ပေါက္ခရဝတီမြို့"ဟု ဆိုသည်။

ဝိနည်းမဟာဝါ ပါဠိတော်မှာ "ဥက္ကလာ"ဟု လာရှိသည်။

မြို့တစ်မြို့တည်းပင် အမည်သုံးမျိုးရ၍ ဆိုဟန်လက္ခဏာ ရှိသည်။

အသိတဉ္ဆနမြို့၊ ပေါက္ခရဝတီမြို့၊ ဥက္ကလာမြို့ အမည် သုံးပါးရသော မြို့သည်ပင် နောက်ကာလ "ဒဂုံမြို့"ဟူ၍လည်းကောင်း၊ "တိဂုံမြို့"ဟူ၍လည်းကောင်း အမည်တွင်ပြန်သည်ဟု သမိုင်းရာဇဝင် စသည်တို့၌ အဆိုရှိပြန်၏။

အလောင်းမင်းတရားကြီးသည် မွန်သုံးရပ်ကိုအောင်မြင်၍ ထိုအလောင်းမင်းတရားကြီးလက်ထက်၌ "ဒဂုံမြို့၊ တိဂုံမြို့"ကိုပင် ရန်ကုန်ရာဖြစ်သောကြောင့် "ရန်ကုန်မြို့"ဟု အမည်ပြောင်းလဲထားသည်။[၂]

၁။ သာသနဗဟုသုတပွကာသနီ၊ ၄၆။

၂။ သာသနဗဟုသုတပွကာသနီ၊ ၄၆။

http://www.dhammadownload.com

သာသနာပြုရာ ကိုးတိုင်း ကိုးဌာနနှင့် ပတ်သက်၍ မောင်းထောင်ဆရာတော်၏ အယူအဆကိုလည်း ဤကျမ်းပြု အရှင်က စာဖတ်ပရိသတ်အား အကဲဖြတ်စေခဲ့သည်ကိုလည်း ဤသို့တွေ့ရှိရ၏။

ဝနဝါသီတိုင်း ဟူသည် သရေခေတ္တရာပြည်ကို ဆိုလိုကြောင်း ၊ သရေခေတ္တရာပြည်ကို ယူလိုကြောင်းသိအပ်၏။

ကိုးတိုင်း ကိုးဌာန သာသနာပြုလွတ်ရာတွင်လည်း ငါတို့ မြန်မာတိုင်းထဲက သုဝဏ္ဏဘူမိ၊ အပရန္တ၊ ယောနကရဋ္ဌ ဟူ၍ သုံးဌာနပါရှိလေသည်။ ဝနဝါသီကို ထည့်၍ လေးဌာနတည်း။[၁]

ဟူ၍ဖြစ်၏။

ရှေးခေတ်က ပုဂံသူပုဂံသားများ ပါဠိတတ်ကျွမ်းခဲ့ပုံကိုလည်း မျက်မှောက်ခေတ် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်အဖြစ် ဤကျမ်းစာကြီးတွင် ဤသို့ တွေ့ရှိရသည်။

တစ်ဆယ့်နှစ်နှစ် အရွယ်ရှိသော သတို့သမီးတစ်ယောက်သည်လည်း ဆွမ်းခံလာသောရဟန်းတစ်ပါးကို မေးလျှောက်သည်မှာ-

"အရှင်ဘုရား၏ အမည်ဘွဲ့တော်ကား ဘယ်လိုခေါ်ပါသနည်း" ဟု မေးလျှောက်သောအခါ ဆွမ်းခံလာသော ရဟန်းက ပြောသည်မှာ-

"အရှင်ခေမာလို့ ခေါ်သည်"

ဟုပြောကြားရာတွင် သတို့သမီးကလေးကပြန်၍ လျှောက်ထားသည်မှာ-

"အရှင်ဘုရားသည် ယောကျ်ားဖြစ်၍ ပုလွိင်ဖြစ်ပါလျက် ခေမာဟု ဣတ္ထိလိင်နှင့် အဘယ်ကြောင့် အမည် မှည့်ရပါသနည်း"

ဟုလျှောက်ကြားလေသော် အိမ်တွင်း၌ရှိသော သတို့သမီး၏ အမေဖြစ်သူက လှမ်း၍ ပြောကြားသည်မှာ -

"ချစ်သမီးသည် ရာဇဒိဂိဏ်း မသိသလော"

ဟု ပြောသောအခါ သမီးက ပြန်ပြောသည်မှာ -

"ခေမာသည် ရာဇာဒိဂိဏ်း၌မဝင်၊ ရာဇာဒိဂိဏ်းမဟုတ်"

ဟုပြောလေသည်။[၂]

ဟူ၍ဖြစ်၏။

၁။ သာသနဇဟုသုတပွကာသနီ၊ ၅၄။

၂။ သာသနဇဟုသုတပွကာသနီ၊ ၆၅၊ ၆၆။

http://www.dhammadownload.com

ငယ်စဉ်က အရွဲ့တိုက်တတ်သူသည် ကြီးတော့လည်း အရွဲ့တိုက်တတ်စမြဲ ဖြစ်၏။ ဝါသနာဟုပင်ဆိုရအံ့လော၊ ဆူးတွင်းပစ်ဆရာတော် ငယ်စဉ်က ကျောင်းနေ ပျင်းလှ၏။ ကျောင်းနေပျင်းမှုဖြင့် မိဘကို အရွဲ့တိုက်ခြင်းကြောင့် နောက်ဆုံးတွင် ဆူးချုံထဲ ရောက်ခဲ့ရတော့၏။

ဤမျှ ရက်စက်သောမိဘကိုစိတ်နာ၏။ ဆူးချုံမှ ထွက်ကာ မိဘအိမ်မပြန်ဘဲ ပုဂံသို့လာခဲ့သည်။ ပုဂံတွင် ကျောင်းနေ၏။ မိဘကိုစိတ်နာကြည်းစွာဖြင့် စာသင်ခဲ့ရာ စာပေ တတ်မြောက်၏။ အသက်ဧ့ဝမြောက်၍ ရဟန်းဘဝရောက်သောအခါ ငယ်စဉ်က ဆူးတွင် အပစ်ခံရသောကြောင့် "ဆူးတွင်ပစ်ဆရာတော်"ဟု ကျော်ကြားလာ၏။

ထိုအချိန်တွင် ပင်းယလေးစီးရှင်သည် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ် လိုက်၏။ "ကျမ်းဂန်တတ်၍ တက်နေဝံ့သောပုဂ္ဂိုလ်ကို လှူမည်"ဟူ၍လည်း သတင်းလွှင့်လိုက်သည်။ ယင်းသတင်းသည် ဧရာဝတီ စုန်ရေနှင့်အတူ မျောပါလာ၍ ဆူးတွင်းပစ် ဆရာတော် ကြားရရာ ပုဂံမှ ကြွ၍ ထိုကျောင်းပေါ်သို့ တက်နေလိုက်သည်။ ပင်းယ လေးစီးရှင် ကျောင်းလှူလိုက်ရတော့၏။ ယင်းဆရာတော်သည် "သဒ္ဒ သာရတ္ထ ဇာလိနီ"မည်သော သဒ္ဒါငယ်ကျမ်းကို ပြုစုတော်မူသည်။[၁]

ဤရေးသားဖော်ကျူးချက်ဖြင့် ရွှတ်ရဲ၊ အရွဲ့တိုက်ရဲသူတိုင်း မိမိကိုယ်ကို ယုံကြည်မှု အပြည့်အဝရှိရန် လိုအပ်ကြောင်း သင်ခန်းစာပေးထား၏။

"ခေမာစာရမည်သော ကျမ်းဂန်တတ် မထေရ်တစ်ပါးသည် ညဉ့်အချိန် အခါမဲ့ ဘုရားရှေ့တွင်ဆွဲထားသော စည်ကြီးကို အချက်ပေါင်းများစွာ တီးခတ်၏။ ထိုအခါ နန်းတော်ကကြား၍ "ဘုန်းကြီး ပျံလွန်သလော"ဟု မေးလေရာ ဘုန်းကြီးပျံလွန်၍ မဟုတ်၊ တာဝတိံသာက သိကြားသေ၍ စည်ခတ်ကြောင်း" ပြောလေသည်။

"အဘယ့်ကြောင့် တာဝတိံသာ နတ်ပြည်က သိကြားသေလွန်ကြောင်း သိရ သနည်း"

ဟု မေးလာပြန်ရာ-

> ထိုသိကြားမင်းသည် ဘုရား ပရိနိဗ္ဗာန်စံခါနီး၌ ဘုရားရှင်ထံမှာ ဝန်ခံကတိ ထားလိုက်သည်ကား သာသနာတော်ကို စောင့်ရောက်ပါမည်ဟု ဝန်ခံကတိ ထားလိုက်လေသည်။

၁။ သာသနဗဟုသုတပွကာသနီ၊ ၇၁။

http://www.dhammadownload.com

ယခု သာသနာတော်ကို စောင့်ရှောက်သော ငါတို့အား ဘာတစ်ခုမျှ မစောင့်ရှောက်သဖြင့် ထာဝတီသာ သိကြားသေကြောင်း သိရလေသည်။[၁] ဟုပြောကြားလိုက်၏။

ဤရာဇဝင် ဗဟုသုတဖြင့်လည်း ရဲရင့်သူတိုင်းသည် မိမိကိုယ်တိုင်က ပင်ကိုဉာဏ် ထက်မြက်မှု အပြည့်အဝရှိရန် လိုအပ်ကြောင်း လမ်းခင်းပေး ထားခြင်း ဖြစ်၏။

ဘုရားရှင် သာသနာတော်သည် သိက္ခာသာသနာဖြစ်၏။ သိက္ခာသာသနာတွင် ငယ်သူက ကြီးသူကို အစဉ်အမြဲရိုသေရ၏။ ကိုင်းရှိုင်းရ၏။ ဤကား နိယာမ သဘာဝ ဖြစ်၏။

သို့ရာတွင် သိက္ခာငယ်သူက ဂုဏ်အားဖြင့် သို့မဟုတ် အဆင့်အတန်း အားဖြင့် မြင့်မားနေပြန်မူ သိက္ခာငယ်သူက ပြဋ္ဌာန်းနေတတ်သေး၏။ ဤကား အနိယာမသဘာဝ ဖြစ်သည်။

ယင်းသဘာဝကို ဤကျမ်းပြု အရှင်က တောင်ဖီလာဆရာတော်နှင့် ရွှေဥမင် ဆရာတော်များ၏ သဘာဝဖြင့် သာဓကပြုထားသည်။

တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်အား ဤသို့ ပြောဆို၏။

"အရှင်ဘုရား တပည့်တော်မှာ မင်းကျွမ်းဝင်၍ ရာဇဂုရု ဖြစ်ပါသည်။ အရှင်ဘုရားက ရှေ့ကကြွတော်မူပါ"

ဟု ပြောဆို၏။ ထိုအခါ "ဇမ္ဗုဇဂ" ရွှေဥမင်ဆရာတော်က ပြန်၍ ပြောသည်မှာ-

"လောကဋ္ဌ ရာဇဂုရု ရဟန်းမည်သည် ပြဋ္ဌာန်းသော အရာဋ္ဌ တည်၏။ အရှင်ဘုရားကသာလျှင် ရှေ့ကကြွတော်မူပါ"

ဟု ပြန်ပြောသဖြင့် တောင်ဖီလာဆရာတော်က ရှေ့ကကြွရလေသည်။

ဤသာဓကကို ဤကျမ်းပြုအရှင်က ဤသို့ ကောက်ချက်ဆွဲပြထားသည်။

ဤနေရာ၌ မထေရ်ကြီးနှစ်ပါးသည် အချင်းချင်း ရိုသေခြင်းကို ဖြစ်စေ၍ လောကဝတ်ကိုငဲ့၍ မိန့်ဆိုတော်မူကြသည်ဟု မှတ်ယူရာ၏။[၂]

သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်မှ စခဲ့သော "အဓမ္မဝါဒ" အတင်ဂိုဏ်းသည် "အများညီ၍ ဤကိုကျွဲဖတ်"ဟူသကဲ့သို့ အများကညီခဲ့၍ သက်ဆိုးရှည်ခဲ့သည်မှာ ကုန်းဘောင်ခေတ်တိုင်ဖြစ်၏။ ယင်း အတင် အရံဝါဒတွင် သားကောင်ဖြစ်ခဲ့ရသည်ကား

၁။ သာသနဗဟုသုတပွကာသနီ၊ ၇၃။

၂။ သာသနဗဟုသုတပွကာသနီ၊ ၉၁။

http://www.dhammadownload.com

"ရှင်မုနိန္ဒယောသမထေရ်" ဖြစ်သည်။ ရှင်မုနိန္ဒယောသအား ဆင့်ဆို စစ်ဆေးခဲ့ကြသည်။

ငါ့ရှင် တစ်ပါးတည်းသာလျှင် အရုံသင့်သောဘက်က ရှိတော့သည်။ အဘယ့်ကြောင့် သင်သည် မာနခက်ထန်၍ "အရုံသင့်၏" ဟူသော ဝါဒကို မစွန့်ဘိသနည်း။

အရှင်ဘုရားသည် တပည့်တော်ကို ကိုးကွယ်ရာမဲ့ အနာထပုဂ္ဂိုလ် မှတ်ထင်၍ မရှိသေသဖြင့် ဤစကားမျိုးကို ပြောဆိုဟန် လက္ခဏာ ရှိ၏။ တပည့်တော်ကို ပြောဆိုလိုငြားလည်း တပည့်တော်၏ ဆရာမျက်နှာ၊ ဆရာဂုဏ်ကို ငဲ့ညှာ ထောက်ထားစရာ ကောင်းသေး၏။

ဟုပြန်ပြောလေသည်။ ထိုအခါ–

"သင်၏ ဆရာကား မည်သူနည်း"

ဟု ပြောသောအခါ သုဓမ္မာ ဇရပ်တွင်ရှိသော ရုပ်ဆင်းတုတော်မြတ်ကို ရှိခိုး၍–

"ဤသည်ပင်လျှင် ငါ၏ဆရာတည်း"

ဟုပြောဆိုပြီးလျှင် သံဃာ့အလယ်၌ထ၍ လက်ကန်တော့ကိုင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင်–

" အဟံ ဘန္တေ ယာဝဇီဝံတာ ပရိယောသာနာ မမ ဇီဝိတံ ယေဝ ပရိစ္စဇိဿာမိ၊ ဘဂဝတော ပန လောကဂ္ဂဿ သိက္ခာပဒံ နာ ဝိဇဟိဿာမိတိ အာရောစေတိ"

ဟု လျှောက်ထားလေသည်။[၁]

လောကကြီးတွင် သူက မှားသည်၊ ငါကမှန်သည်ဟု ဝါဒစစ်ပွဲ ဆင်နွှဲကြသော် အမှန်တရားဘက်မှ ရပ်တည်တတ်ရန်ကို ဤကျမ်းပြုအရှင်က ရှင်မုနိန္ဒ သာဓကဖြင့် လမ်းခင်းပေးထားသည်။

ဆရာတော် ဦးဗုဒ္ဓသည် နိကာယ်ငါးဦး ပင်လယ်ကူး ဖြစ်တော်မူ၍ နိုင်ငံမဆုံ ပျံ့.နှံ့.ကျော်ကြားခြင်း ဂုဏ်သတင်းနှင့် ပြည့်စုံလေသည်။ စာပေ ချပို့.ကြည့်ရှုခြင်း ပရိယတ္တိကိစ္စ၌ အလွန် မွေ့.လျော် ပျော်ပိုက်တော်မူလှသဖြင့် ပရိယတ္တိ ကိစ္စနှင့်သာအချိန် ကုန်လွန်စေသည်ဟူ၏။

၁။ သာသနဗဟုသုတပွကာသနီ၊ ၁၀၂။

http://www.dhammadownload.com

စာကြည့်ရှုခြင်း ပျက်ကွက်မည်စိုးသဖြင့် မင်း မှူးမတ် စသော လူပရိသတ် အာဂန္တုရဟန်း ပရိသတ်တို့အား လက်ခံစကားပြောဟောခြင်းကိုလည်း မပြုဟူ၏။[၁]

ဤ ကျမ်းပြုအရှင်သည် ဤပြကွက်ဖြင့် ပရိယတ္တိ သာသနာ့ဝန်ထမ်းရဟန်း သာမဏေများအား ပရိယတ္တိလုပ်ငန်း ကြိုးပမ်း အားသစ်တော်မူရန် တိုက်တွန်း နှိုးဆွထားသည်။

မင်းတုန်းမင်းတရားကြီးသည် သာသနာတော်ထမ်း ရဟန်းသံဃာတော်တို့အား လေးပါးသော ပစ္စည်းတို့ဖြင့် မပင်မပန်းရအောင် လစဉ်နှစ်စဉ် ချီးမြှောက်တော် မူလေသည်။

မန္တ လေးရွှေမြို့တော် လေးပြင် လေးရပ်နှင့်တကွ အမရပူရ တောင်မြို့ပါ ကျောင်းတိုက်ပေါင်း ၂၁၇ တိုက် ရှိသည်။ ကျောင်းပေါင်း ၁၄၄၂ ရှိသည်။ ထိုကျောင်းတို့၌ သီတင်းသုံးတော်မူကြသော တံဆိပ်တော်ရဆရာတော်ကြီးများနှင့်တကွ ရဟန်း သာမဏေပေါင်း ၁၅၃၀၆ ရှိလေသည်။ ထိုသံဃာတော်တို့အား တစ်လလျှင် ဆန်တင်းပေါင်း ၂၀၄၉၂ တင်းကျလစဉ် လှူဒါန်းထောက်ပံ့ ချီးမြှောက်တော် မူလေသည်။[၂]

ဤကျမ်းပြုအရှင်သည် မင်းတုန်းမင်းတရားကြီး၏ သဒ္ဓါ ထက်မြက်မှုကိုလည်း စာဖတ်ပရိသတ်အား အားကျစေခဲ့သည်။

အရှင်ဘုရားတို့၊ ယနေ့မှစ၍ ရှင်သာမဏေ ပြုလိုပါသည်ဟု အရှင်ဘုရားတို့ထံ လျှောက်လာလျှင် သံပူအပ်သသူ၊ ခိုးမှုပြုသသူ၊ နှောင်အိမ် ဖောက်သသူ၊ မင်းအား ပြစ်မှားသသူ၊ အိုမင်းမစွမ်းရှိသသူ၊ ပြင်းစွာ အနာနှိပ်စက်သသူ၊ လက်ပြတ် ခြေပြတ်ခြင်းစသော အင်္ဂါချို့သူ၊ ကုန်းသောသူ၊ ခွင်သောသူ၊ ကောက်သောသူ၊ ထိုမှတစ်ပါးလည်း ပရိသတ်ကို ဖျက်ဆီးတတ်သသူ၊ အမြင်မကောင်းကြည်ညိုဖွယ်မရှိသသူ ဤသို့သော သဘောရှိသော သူများကို လက်ခံ၍ရှင်သာမဏေမပြုပါကုန်လင့်။[၃]

ဤ ကျမ်းပြုအရှင်သည် စေတီယမင်းကြီး၏ သာသနာပြုပုံဖြင့် ဗုဒ္ဓဘာသာသူတော်စင် အပေါင်းအား ကြည်ညိုသဒ္ဓါပွားစေနိုင်ခဲ့သည်။

၁။ သာသနဇဟုသုတပွကာသနီ၊ ၁၁၈။
၂။ သာသနဇဟုသုတပွကာသနီ၊ ၁၃၂။
၃။ သာသနဇဟုသုတပွကာသနီ၊ ၁၅၉။

http://www.dhammadownload.com

– မဟာဒါန်ဝန်နှင့် မြို့ဝန်များ ဖက်စပ် ဆောင်ရွက်ပုံအမိန့်တော်၊
– မဟာဒါန် တိုင်တန်းချက်အရ ရဟန်း သံဃာတော်များအား သတိပေး ဆုံးမစာတမ်း၊
– မဟာဒါန်ဝန်ပြန်တမ်း၊
– ရဟန်းသံဃာတော်များနှင့် မြန်မာမင်းများဆက်ဆံပုံ အတိုချုပ်

စသောအမိန့်ပြန်တမ်းများ ပါဝင်နေသဖြင့်လည်း ဤကျမ်းစာကြီးသည် သမိုင်းမျက်နှာစာတိုင်းတွင် အရေးပါနေပေဦးမည်။

ကိုးတိုင်း ကိုးဌာန သာသနာပြု စေလွတ်ရာတွင် ပါဝင်သော ယောနကတိုင်းဆိုသည်မှာ အဋ္ဌကထာ၌ "မဟာရက္ခိတထ္ထေရ်ယောနကလောက်"ဟူသော ဩကာသ ဝါစက လောကသဒ္ဒါဖြင့် ဆိုသည်။ အဋ္ဌကထာ ဆရာအလိုဖြင့် ယောနက မည်သော အရပ်ဒေသစုကို ယူသင့်သည်၊ ယောနကတိုင်းတွင် ယူရမည် မဟုတ်ဟု ဆိုလိုသည်။

သက္ကရာဇ် ၉၉၁ ခုနှစ်တွင် ရတနာပူရ အဝနေပြည်တော်၌ နန်းတက်သော သာလွန်မင်းလက်ထက် ဧမ္မဒီပဓဇ တံဆိပ်တော်ရ ပုခန်းကြီးမြို့ ရွှေဥမင်ဆရာတော်သည် "ယောနက လောက်၊ ပန်းသေးပြည် သို့"ဟု ပါရာဇိက အဋ္ဌကထာ နိဿယ၌ အနက် မြန်မာပြန်ဆိုသည်။

သက္ကရာဇ် ၁၁၉၁ ခုနှစ်တွင် ဒီပဲရင်းနယ်၊ မုံတိုင်ပင်ဆရာတော် စီရင်သော သုံးပုံ အိတ်ထောင့်ကျမ်း၌ "ယောနက လောက၊ နာမ ပြန့်မွေး၊ ခေါ်ဝေါ်ရေး၊ ပန်းသေးပြည်၌သာ"ဟု ဆိုသည်။[၁]

စသော ယောနကတိုင်းဆိုင်ရာ စိစစ်ချက်များကလည်း သမိုင်း ကွက်လပ်များ အတွက် အားတက်ဖွယ်ပင် ဖြစ်ပေတော့သည်။

သာသနာပြု သာသနာပိုင် ဆရာတော် ဦးဥယျ ပျံလွန်တော်မူသည့်နောက် တိုက်တော်ခေါ် သာသနာပိုင်တိုက်ကို ပရက္ကမ ဆရာတော်အား အပ်နှင်းရာ သုဓမ္မာက ခေါ်သည်ကို မလိုက်သည့်ပြင် ကေသရာဇာ ခြင်္သေ့မင်းနေရာမှာ သိင်္ဂါလ ဝင်၍နေဘိသကဲ့သို့ စသည့်ဆိုမှုများနှင့် ဦဂန္ဆ စသော စာချုပ်ဂျိုလ် အချို့တို့ကို ရွှေမြို့တော်မှ နှင်ထုတ်၍ ဦးဂန္ဆ ရေစကြိုသို့ ကြွရသည်။

ၜင်း ၁၂၃၉ ခုနှစ်တွင် ရွှေကျင်ဆရာတော်သည် သုဓမ္မာကို မလေးမခန့်ပြု၍ အောက်နိုင်ငံသို့ ကြွရသည်။

၁၊ သာသနဗဟုသုတပွကာသနီ၊ ၁၆၆၊ ၁၇၉။

http://www.dhammadownload.com

သီပေါဘုရင်မင်းမြတ်လက်ထက် မိုးကောင်းဆရာတော် ဦးဂန္ဓမာသည် သုဓမ္မာကို မထီလေးစားပြု၍ အောက်နိုင်ငံ ဟင်္သာတသို့ ကြွရသည်။[၁]

ရေစကြို ဆရာတော် အရှင် ဂန္ဓသာရစသော ပုဂ္ဂိုလ်ကျော်များ နေပြည်တော်မှ ထွက်ခွာရသော သမိုင်းနောက်ခံဖြစ်၏။ သမိုင်းဟူသည် စုန်ရေဖြစ်သည် ဟူသောအချက်ကို ဤကျမ်းပြုအရှင်က ပြက်ပြက်ထင်ထင် သိမြင်စေခဲ့သည်။

မန္တလေးမြို့ မြို့သူမြို့သား မှူးကြီးမတ်ရာ သေနာပတိတို့နှင့် တကွ လူကြီးလူကောင်း၊ ဒါယကာ ဒါယိကာမ အပေါင်းတို့ သိရှိကြ၍ မဟာဇေရာဇ်မင်းမြတ်တို့၏ ကိုယ်စား သာသနာတော်ကို အားပေးချီးမြှောက်၍ ကြီးပွားစေမည်ဟု မနသီကာရ ရွှေ့ဝယ်ချ၍ သာသနာသက္ကရာဇ် ၂၄၄၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ်ကစ၍ မန္တလေးမြို့၌ ပရိယတ္တိ သာသနဟိတအသင်းကြီး တည်ထောင်၍ သာသနာတော်ကို အားပေးချီးမြှောက်ကြသည်။

ဟူသော သမိုင်းမှတ်တမ်းသည်လည်း သမိုင်းဝါသနာရှင် စာပေဝါသနာ ရှင်များ အတွက်အားတက်စေသည်သာ ဖြစ်သည်။

ဤကျမ်းစာကြီးတွင်-

- မန္တလေးမြို့၊ မစိုးရိမ်ကျောင်း ဒါယကာက သာသနာ ချီးမြှောက်ပုံ၊
- ရန်ကုန်မြို့၊ စေတီယဂိုဏ် ဝတ်အသင်းက သာသနာ ချီးမြှောက်ပုံ၊
- ရန်ကုန်မြို့၊ အရှေ့ပိုင်းက သာသနာချီးမြှောက်ပုံ၊
- ပွဲစားကြီး ကျောင်းဒါယကာ ဦးဖိုးသာက သာသနာ ချီးမြှောက်ပုံ၊
- သထုံမြို့က သာသနာ ချီးမြှောက်ပုံ၊
- စစ်တွေမြို့က သာသနာ ချီးမြှောက်ပုံ၊
- အမြို့မြို့အရွာရွာက သာသနာ ချီးမြှောက်ပုံ၊

ဟူသော မှတ်တမ်းမှတ်ရာများသည်လည်း နောင်လာ နောက်သား ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် ကြည်ညိုသဒ္ဓါ ပွားနိုင်ကြမည်သာဖြစ်သည်။

ကောဇာသက္ကရာဇ် ၁၂၆၀ ပြည့်လောက်ကစ၍ သံတိုသံရှည်၊ သံမြှောဆွဲငင်ကာဖြင့် ဖွဲ့နွဲ့သီကုံး၊ ဟောထုံးမဟုတ်၊ ကိုယ်နှုတ်မူရာ၊ အဖြာဖြာဖြင့်၊ ဝါစာသိလိဋ္ဌ၊ ကိလိသ်ညစ်ညူး၊ ရာဂမြူးအောင်၊ အထူးထူး အထွေထွေ၊ စကားလုံးပွေပွေနှင့်၊ ဌာန်နေကရိဏ်း၊ အာလှိုင်း ပယတန၊ မကျနဘဲ-

---

၁။ သာသနဗဟုသုတပွကာသနီ၊ ၁၉၉၊ ၂၀၉။

၂။ ″ ၊ ၁၆၄၊ ၁၇၉။

http://www.dhammadownload.com

နဘိက္ခဝေ အာယတကေန ဂီတသရေန ဓမ္မော ဂါယိတဗ္ဗော ယော ဂါယေျယျ၊ အာပတ္တိ ဒုက္ကဋဿ၊

ဟူသော သိက္ခာပုဒ်နှင့် ဆန့်ကျင်စွာ ဟောပြောသော ယပ်လှဲခေါ်သော တရား ဟောနည်း ပေါ်လာသတည်း။[၁]

ဟူသော ယပ်လှဲတရားမှတ်သားချက်သည် သာမန်ကြည့်က အပေါ်စား ဗဟုသုတ ဖြစ်၏။ သူငါကစ လမ်းလျှောက်ရင်း၊ စကားဝိုင်းထိုင်ရင်း စပ်မိစပ်ရာ၊ ရောက်တတ် ရာရာ ပြောကြဆိုကြရာမှ ကြားသိလာရသော ဗဟုသုတမျိုးသာဖြစ်ရာ အသေးအဖွဲ ကလေးမျှသာဖြစ်၏။ အသေးအဖွဲဟုဆိုလည်းဆိုစရာဖြစ်၏။

သို့ဖြစ်လင့်ကစား ဗဟုသုတသည် ဗဟုသုတသာဖြစ်သည်။ စုနိုင်၊ မှတ်သားနိုင် မှ ရစကောင်းသောအရာမျိုးဖြစ်သည်။ ယင်းသဘာဝကို ဤကျမ်းပြုအရှင်က ထင်ထင် ရှားရှားလှစ်ဟခဲ့သဖြင့် မျက်မှောက်ခေတ် ဗဟုသုတလိုလားသူများ မည်သည့်အချိန်က ယပ်လှဲပေါ်သည်ဟူသော ဗဟုသုတရရှိသွားကြပြီဖြစ်သည်။ ယခုကဲ့သို့သော အချိန်မျိုးတွင် ယပ်လှဲဟူသော တစ်ဆိတ်ကလေးသည် တစ်အိတ်ကြီးဖြစ်လျက် ရှိပေပြီ။

ဤမှတ်သားချက်ဖြင့် ဤကျမ်းပြုအရှင်က ဟိုဟိုသည်သည် သတိမထား၊ အမှတ်အသားမရှိ၊ ရောက်တတ်ရာရာ သွားလာတတ်သူများအား သတိပေးသကဲ့သို့ ရှိ၏။

နောက် အမှတ်အသားတစ်ခုတွင် ကျမ်းပြုအရှင်ကိုယ်တိုင် ဇာတ်ဆောင် အဖြစ် ပါဝင်၏။

> ကန်စွယ်ဂိဏ်းဝင် အရှင်စန္ဒိမ အမည်ရှိသော မထေရ်ကြီး၏ တပည့် ဖြစ်ကြသော ဝိသုဒ္ဓမည်သော ရဟန်းနှင့် ရာဇိန္ဒမည်သော ရဟန်း (ဤကျမ်းပြု အရှင်)၂-ပါးတို့အား ရေစက်သွန်းချ၍ လှူဒါန်းမည်ပြုရာ ရေစက်ချပွဲ သဲဟာတော်ကြီးများ ရှေ့မှောက် လူပရိသတ်အစုံ ရောက်သောအခါမှ ဦးရွှေပေါ၏ ဇနီးဖြစ်သူ ကျောင်းအမ ဒေါ်ဖရုံသည် လှူဒါန်းခြင်းကို သဘောမတူပါ၊ ယခု စာပေ တန်ဖိုး တစ်ဝက် သူ သက်ဆိုင်ပါသေးသည်။ ဤရဟန်း ၂-ပါး ကိုလည်း မလှူဒါန်းနိုင်ပါ။[၂]

ဤအဖြစ်အပျက်ကား ပိဋကတ်သုံးပုံ နိကာယ်စုံ ရေစက်ချပွဲကြီးတွင် ဖြစ်၏။ ဤဇာတ်လမ်းတွင် ဤကျမ်းပြုအရှင်သည် ဇာတ်ဆောင်ဖြစ်ခဲ့ရ၏။ ဤအဖြစ်အပျက်သည်

၁။ သာသနဗဟုသုတပွကာသနီ၊ ၁၉၉၊ ၂၀၉။

၂။ သာသနဗဟုသုတပွကာသနီ၊ ၂၁၂။

http://www.dhammadownload.com

သာမန်မျှပင်ဖြစ်သည်။ ရှေ့တွင်ဖြစ် ရှေ့တွင်ပျက်၍ မဆန်းဟု ဆိုသော်လည်း ဆိုနိုင်၏။

သို့ရာတွင် ယခုအချိန်မှာမူကား ယင်းအဖြစ်အပျက်ကလေးသည် ယင်းဒေသတွင် ဧရာမပုံပြင်ကြီး ဖြစ်လျက်ရှိပေပြီ။ ကျမ်းပြုအရှင်၏ ဗဟုသုတစုဆောင်းနည်းကား အားကျ အတုယူသင့်၏။

ဉာဏ်ပညာထက်သော ရဟန်းသည် ရဟန်းအဖြစ်သို့ ရောက်သည်မှစ၍ ငါးဝါရသည့်တိုင်အောင် ပါဠိအာဂုံ နှုတ်ငုံရအောင် အားထုတ်သင်ကြားရသည်။ ဉာဏ်နုံ့နေးသော ရဟန်းသည် ဆယ်ဝါရသည့်တိုင်အောင် ပါဠိအာဂုံ နှုတ်ငုံရသင့်သော ကျမ်းဂန်များကို နှုတ်ငုံရအောင် အားထုတ်ရသည်။[၁]

စသည်ဖြင့် မည်သည့်အချိန်တွင် မည်သည့်အလုပ်ကို လုပ်ရမည်ဟု သိမှကာလညူဖြစ်ကြောင်း၊ ဓမ္မကြောင်းများဖြင့် ပြဆိုထားသည်မှာလည်း မှတ်သားသင့်လှ၏။

ဆရာတော်ကြီးသည် ကျောင်းမီးလောင်ရာဝယ် ကျောင်းပေါ်ရှိ ဆင်းတုတော်များနှင့် စာကျမ်းများကို သိမ်းဆည်းယူဆောင်တော်မူဘဲ ကိုရင်ကလေးကိုသာ ယူဆောင်၍ ကြွသွားတော်မူသည်ဟု လျှောက်ထားကြသည်။

ထိုအခါ ဆရာတော်ကြီးက မိန့်ကြားတော်မူသည်မှာ– ငါ့ရှင်တို့၊ ဆင်းတုတော်များ၊ စာကျမ်းများ မီးလောင်သွားငြား သော်လည်း အစားရဖို့ရန် မခဲယဉ်းလှပေ။ ဤကိုရင်ကလေးရှိက အစားရနိုင်၏။ ဤကိုရင်ကလေးသည် ငါမရှိသည့်နောက် ငါ၏ အဆက်အနွယ်မပြတ် အနာဂတ်သာသနာတော်ကြီးကို စောင့်ရှောက်လတ္တံ့။ သာသနာကို ဆောင်ရွက်နိုင်မည့် သာမဏေကလေးဖြစ်၍ သာသနာပြု သာမဏေလေးကိုသာ စောင့်ရှောက်သောအားဖြင့် ဆောင်ယူခဲ့ကြောင်း မိန့်ကြားတော်မူသည်။[၂]

အနာဂတ်သာသနာတော်ကြီးအတွက် သာသနာ့ရဲညွှန့် သာမဏေကလေးများအား မည်သို့မည်ပုံ စောင့်ရှောက်သင့်ပုံကို ဤကျမ်းပြုအရှင်က မီးမောင်း ထိုးပြထားသည်။

ရှေးအခါက သင်္ကန်းဌ သံသယကုက္ကုစ္စ မဖြစ်ကြစေရန် သင်္ကန်းလျာ သင်္ကန်းစကိုရလာလျှင် ကိုယ်တိုင်ပင် ပဉ္စဓာ၊ သတ္တဓာ၊ စသည်တို့ဖြင့် စီရင်၍ ဓားဖြင့်ဖြတ်ခြင်း ကိုယ်တိုင်ချုပ်ခြင်း၊ ကိုယ်တိုင်ဆိုးခြင်း အမှုတို့ကို ပြုလုပ်၍ ဝတ်ရုံ သုံးဆောင်တော်မူကြသည်။

၁။ သာသနဗဟုသုတပွကာသနီ၊ ၂၃၄။

၂။ သာသနဗဟုသုတပွကာသနီ၊ ၂၆၄။

http://www.dhammadownload.com

ယခုအခါမှာကား သင်္ကန်းဆုတ်တတ် ချုပ်တတ် ဆေးဆိုးတတ်သော ရဟန်းသာမဏေဟူ၍ပင် နည်းပါးလာလေပြီ။ သင်္ကန်းချုပ်လုပ်၍ ရောင်းစား အသက်မွေးသော ကုန်သည်တို့ ချုပ်လုပ် ဆိုးပေးသမျှနှင့်ပင် တင်းတိမ် ရောင့်ရဲ၍ အပ်မအပ်ကို မစိစစ်ဘဲ ဝတ်ရုံသူ ပေါများ၏။[၁]

စသည်ဖြင့်လည်း သင်္ကန်းရောင် ဆုတ်ယုတ်နေပုံကို ဝေဖန်သုံးသပ်ထားသည်။

ယခုအခါ အချို့သောသူများသည် ဘုရားသာသနာ မရှိဘူးသိကြား သာသနာသာရှိတော့သည်ဟု ပြောဆိုလေ့ရှိကြ၏။ ထိုစကားသည် မှတ်သား ထိုက်သောစကားမဟုတ်။ အရိပ်အမြွက်မျှပင် ပါဠိတော် အဋ္ဌကထာတို့၌ အဟောမရှိ၊ အဆိုမရှိ။ သိကြားသည် သောတပန် ဘုရားတပည့်သာဝကဖြစ်၍ သာသနာတော်ကို စောင့်ရှောက်ကြည့်ရှုရုံသာ ကြည့်ရှုနိုင်ရာ၏။

ဘုရားရှင်ထားတော်မူခဲ့သောသာသနာခေတ် ကွယ်ပျောက် ကုန်ဆုံးပြီးမှ ဆက်လက်၍ သိကြားက သာသနာထားသေးသည် ဆိုသောစကားသည်



အဆင့်ယုတ်မရှိ ။ သိကြားမှာ သာသနာခေတ်ထားနိုင်သော အစွမ်းသတ္တိ မရှိ။ ဘုရားရှင် သာသနာဖြစ်၍ ဘုရားရှင်သာလျှင် သာသနာခေတ်ကို ထားတော်မူနိုင်ရာ၏။ တစ်ပါးသောသာဓကတို့ မထားနိုင်ရာ။[၂]

သိကြားသာသနာရှိသည်ဟူသော ရွှေပေလွှာ ငွေပေလွှာဆရာများ၏ အယူအဆကိုလည်း အာဂမယုတ္တိ သဘာဝယုတ္တိများဖြင့် အပြတ်အသတ် ရှင်းပစ်ထားသည်မှာလည်း မှတ်သားစရာ ကောင်းလှ၏။

ဤမျှဖြင့် ကျမ်းစာ အနှစ်သာရ အပြီးသတ်လိုက်၏။

ကျမ်းစာတည်ဖြစ်ပုံ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထဋ္ဌ ရ၊ ကျောက်စာ၊ သံပိုင်း၊ သမိုင်း၊ ရာဇဝင်၊ မဟာဝင်၊ ဒီပဝင်၊ ပျို့ ကဗျာလင်္ကာ၊ ရတုတို့မှ ဆုရာဆုရာ ရွေး၍ အပတ်တကုတ် ကြိုးပမ်း အားထုတ်ထားသော ဤသည့်သာသနဗဟုသုတပမာကာသနီ ကျမ်းစာမျိုးကိုတည်းဖြတ်ရသည် ဆိုခြင်းကား ကောက်ရိုးပုံထဲ အပ်ချရာရသည့်နယ် ခဲယဉ်းလှ၏။

၁။ သာသနဗဟုသုတပမာကာသနီ၊ ၂၈၄။

၂။ သာသနဗဟုသုတပမာကာသနီ၊ ၂၉၀။

http://www.dhammadownload.com

ကျမ်းစာတည်းဖြတ်ခြင်း ပထမလုပ်ငန်းသည် ဤကျမ်းပြုအရှင် မှိငြမ်းကိုးကားသော ဂန္ထန္တရ ကျမ်းစာများကို ပထမဦးစွာ သိရှိရန်လို၏။ ပြီးနောက်ရှာဖွေစုဆောင်းရန်လို၏။ ရှာဖွေစုဆောင်းပြီးနောက် ညှိနှိုင်းတိုက်ဆိုင်ရန်လိုသည်။ ယင်းသို့ ရှာဖွေ စုဆောင်းရာတွင် အချို့သော ကျမ်းစာများ စုဆောင်း၍ မရနိုင်ဘဲ ရှိခဲ့သည်။ ရရှိသည့်အချိန်ပိုင်းတွင် ရရှိသည့် ဂန္ထန္တရ ကျမ်းစာများဖြင့်သာ ညှိနှိုင်းတိုက်ဆိုင်တည်းဖြတ်ရ၏။

ထို့အပြင် ဤသာသနဗဟုသုတပပ္ပကာသနီ ရေးသားပြုစုပြီးသောနှစ်သည် သက္ကရာဇ် ၁၂၈၈ ခုနှစ်ဖြစ်၏။ စက်တင်ပုံနှိပ်ပြီးသောနှစ်သည် သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်ဖြစ်သည်။ကျမ်းစာပြုစုပြီး တစ်နှစ်လုံးလုံး တည်းဖြတ်ပြီး၍ နောက်နှစ်ဖြစ်သည့် ၁၂၉၀ပြည့်နှစ် မှ ဤကျမ်းစာကြီး ရိုက်နှိပ်ခြင်းဖြစ်ရာ ကျမ်းစာတည်းဖြတ်ချိန်ရသည်ဟု ဆိုနိုင်သည်။

သို့ရာတွင် ဤကျမ်းပြု အရှင် မှိငြမ်းကိုးကားရသော ကျမ်းစာများက ပဋ္ဌမသင်္ဂါယနာ ခေတ်နှောင်းပေစာ ကျောက်စာဘဝမှ စက္ကူပေါ်တွင် တစ်ဖြစ်လဲခဲ့ရသော ပါဠိ အဋ္ဌကထာ ဋီကာကျမ်းစာများသာဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာခေတ်နှင့် နှိုင်းစာသုံးသပ်ပါက အလွန့်အလွန်နောက်ကျကျန်ရစ်ခဲ့သည်ကို မသိချင်မခြင်ချင်၍ပင် မဖြစ်ချေ။

သို့ဖြစ်သည် အားလျော်စွာ ပါဠိဆိုင်ရာ အချို့အချို့သော မှိငြမ်းကိုးကားချက်များတွင် စာပိုများတွေ့လာရ၏။ ယင်းသို့သောနေရာမျိုးတွင် ဆဋ္ဌမူရှိပါဠိကို အတည်ပြုတည်းဖြတ်လိုက်သည်။

ဥပမာ–

သာသနဗဟုသုတပပ္ပကာသနီ ၁၆၅ တွင်

မဟာရက္ခိတထွေရ် ယောနကလောက် ပေသေသိအား ဆဋ္ဌမူ ပါရာဇိက အဋ္ဌကထာ ပ၊ ၄၈ အတိုင်း

မဟာရက္ခိတထွေရ် ယောနကလောက် ဟူ၍လည်းကောင်း

သာသနဗဟုသုတပပ္ပကာသနီ ၂၈၃ တွင် –

အနုဇာနာမိ ဘိက္ခဝေ ဆ ရဇနာနိ၊ မူလ ရဇနံ ခန္ဓရဇနံ၊ ပတ္တရဇနံ၊ ပုဗ္ဗရဇနံ၊ ဖလရဇနန္တိ။

အား ဆဋ္ဌမူ ဝိနယမဟာဝဂ္ဂပါဠိ ၃၉၉ အတိုင်း

အနုဇာနာမိ ဘိက္ခဝေ ဆ ရဇနာနိ၊ မူလ ရဇနံ ရဇနံ၊ တစခန္ဓရဇနံ၊ပတ္တရဇနံ၊ ပုဗ္ဗရဇနံ၊ ဖလရဇနန္တိ

ဟူ၍လည်းကောင်း၊

http://www.dhammadownload.com

သာသနဗဟုသုတပွကာသနီ ၃၀၈ တွင်
ဥဏှိသံ စတုရောဒါဠာ-အား
ဆဋ္ဌမူ ဗုဒ္ဓဝံသ ပါဠိ ၃၈၃ အတိုင်း -

ဥဏှိသံ စထသောဒါဠာ ဟူ၍လည်းကောင်း
သာသနဗဟုသုတပွကာသနီ ၃၁၄ တွင်
ကာသာဝံ ဗြဟ္မလောကေစ၊
ဝေဠနံ တိဒသာ ပုရေ။
နိသီဒနံ အဝန္တိသု၊
ဒေဝ ရဇ္ဇေ အတ္ထရဏ်-အား
ဆဋ္ဌမူ ဗုဒ္ဓဝံသ ပါဠိ ၃၈၄ အတိုင်း -
ကာသာဝံ ဗြဟ္မလောကေ စ၊
ဝေဠနံ တိဒသေ ပုရေ။
နိသီဒနံ အဝန္တိသု
ရဇ္ဇေ အတ္ထရဏံ တဒါ
ဟူ၍လည်းကောင်း
သာသနဗဟုသုတပွကာသနီ ၃၁၅ တွင်
ဓာတု ဝိတ္ထာရိတံ အသိ-အား
ဆဋ္ဌမူ ဗုဒ္ဓဝံသ ပါဠိ ၃၈၄ အတိုင်း
ဓာတု ဝိတ္ထာရိတံ အာသိ-
ဟူ၍လည်းကောင်း တည်းဖြတ်ထားသည်။

ဤကျမ်းပြုအရှင် ကိုးကားရာ ကျမ်းစာများကို လည်းကောင်း၊ ဤကျမ်းပြုအရှင်၏ အချို့အချို့သော မှတ်ချက်များကိုလည်းကောင်း စာမျက်နှာအောက်ခြေတွင် လိုင်းသား၍ လိုင်းအောက်တွင် ကိုးကားရာ ကျမ်းစာ၊ ယင်းကျမ်းစာ၏ စာမျက်နှာအမှတ်နှင့်တကွ တည်းဖြတ်ထားရာ စာပေပညာရှင်များအနေဖြင့် ယုံကြည်စိတ်ချစွာ ကြည့်၍ ရှုမှတ်သားနိုင်ကြလိမ့်မည်ဟု ယုံကြည်မိ၏။

ဤ သာသနဗဟုသုတပွကာသနီကျမ်းကြီးသည် သာသနာအနှယ်အဆက်ကို ပြဆိုရာ ဝံသဒီပနီ၊ သာသနာလင်္ကာရ၊ ဝံသမာလာ စသောကျမ်းများနောက် အကောင်းဆုံးသော ကျမ်းကြီးတစ်စောင် ဖြစ်သည်နှင့်အညီ ခေတ်မီသော ကျမ်းကြီး

http://www.dhammadownload.com

တစ်ဆောင် ဖြစ်ရေး ရှေးရှု၍ ကျမ်းစာရှိ မှတ်ဖွယ် မှတ်ရာ များကိုလည်း အကွရာစဉ် အညွှန်များနှင့်အတူပူးတွဲဖော်ပြထားရာ စာပေပညာရှင်များ နှစ်ခြိုက်ကြလိမ့်မည်ဟု ယုံကြည်မိ၏။

ထို့ပြင် အထူးဖော်ပြလိုသည်ကား သာသနဗဟုသုတပွကာသနီကျမ်းစာကြီး၏ အခန်းကဏ္ဍများဖြစ်၏။

သာသနဗဟုသုတပွကာသနီကျမ်းတွင် မူလကအခန်းကဏ္ဍကြီးများမပါ။ မူလက ပဏာမမှ နိဂုံးအထိ ဆက်တိုက်စီစဉ်ကာ အခန်းပေါင်း ၁၇၇ ခန်းဖြင့် ပြဆိုထားသည်။ ယခုအစီအစဉ်တွင် မူလအစီအစဉ်များ မပျက်စေမူ၍ အခန်းကြီးများကို အောက်ပါအတိုင်း စီစဉ်ထားသည်။

(၁) နိဒါနခန်း
(၂) ဗုဒ္ဓပဏာမာဒိခန်း
(၃) မဇ္ဈိမဒေသ သာသနာ
(၄) သီဟိုဠ်သာသနာ
(၅) မရမ္မရဋ္ဌသာသနာ
(၆) သရေခေတ္တရာ သာသနာ
(၇) ပုဂံခေတ်သာသနာ
(၈) ပင်းယခေတ် သာသနာ
(၉) အင်းဝခေတ် သာသနာ
(၁၀) ညောင်ရမ်းခေတ် သာသနာ
(၁၁) ကုန်းဘောင်ခေတ် သာသနာ
(၁၂) အမရပူရခေတ် သာသနာ
(၁၃) ရတနာပုံ မန္တလေးခေတ် သာသနာ
(၁၄) ရာမညတိုင်း သာသနာ
(၁၅) ယောနကတိုင်း ဇင်းမယ် သာသနာ
(၁၆) အမိန့်ပြန်တမ်းများ
(၁၇) ကိုလိုနီခေတ် သာသနာ
(၁၈) ပကိဏ္ဏကခန်း
(၁၉) အနုသာသနီအခန်း
(၂၀) နိဂမနခန်း

များပင်ဖြစ်သည်။

http://www.dhammadownload.com

ယင်းသို့အခန်းဖွဲ့တည်းဖြတ်လိုက်ခြင်းဖြင့် ဗဟုသုတလေ့လာလိုက်စားသော စာပေပညာရှင်များ၊ သမိုင်းပညာရှင်များ၊ သာသနိကပညာရှင်များအတွက် ခေတ်အတွင်း ဖြစ်ပေါ်တိုးတက်ခဲ့သော သမိုင်း ဖြစ်စဉ်များကို ခေတ်နှင့်တကွ လေ့လာမှတ်သားမိမည်ဟု ယုံကြည်မိ၏။

ဥပမာ-

> ဆူးတွင်းပစ်ဆရာတော်အကြောင်း လေ့လာသည်ဟု ဆိုကြပါစို့ ။ ယင်းဆူးတွင်းပစ်ဆရာတော် မည်သည့်ခေတ်တွင် ပေါ်ထွန်းခဲ့သည်ကို လေ့လာလိုလျှင် စာခေါင်း ဝဲယာ စာမျက်နှာများ၏ အလယ်ကိုလေ့လာပါက ပင်းယခေတ်ကို တွေ့မြင်ရမည်ဖြစ်၏။ ထို့ကြောင့် ဆူးတွင်းပစ်ဆရာတော်သည် ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သော ဆရာတော် ဖြစ်ကြောင်းကို အလွယ်တကူလေ့လာမှတ်သား အသိပွားနိုင်မည်ဖြစ်ကြောင်း ရေးသားရပေ၏။

ဤကျမ်းစာထုတ်ဝေရခြင်းအကြောင်း

ဤကျမ်းစာကြီးသည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများတွင် တက္ကသိုလ်ပညာ ဘာသာရပ်နှင့် ကျောင်းထိုင်ဘုန်းကြီးပညာ ဘာသာရပ်အဖြစ် ပြဋ္ဌာန်းထားသောကျမ်းစာကြီးဖြစ်သည်။

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်က ပုဂ္ဂိုလ်များနှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ကျောင်းသားများက ဤကျမ်းစာကြီး ရိုက်နှိပ်ဖြန့်ဖြူးပါရန် အကြံပေးလာကြ၏။ ဤနည်းအတူစာပေပညာရှင်၊ သမိုင်း ပညာရှင်နှင့် သုတေသနပညာရှင်များကလည်း ကာလအတန်ကြာအောင် တိုက်တွန်း တောင်းပန်ထားခဲ့ကြဖူးပြီး ဖြစ်၏။

အားလုံးကဆက်၍ ဆိုကြသည်။

ဤကျမ်းစာကြီးမှာ ဘယ်မှာမှ ရှာဖွေ၍မရတော့ကြောင်း၊ ရှာဖွေ၍ ရပြန်ပါကလည်း ရုပ်ဆင်းသွင်ပြင် ကြည်လင်လှပ ပီပီသသ ရရှိရန် ခဲယဉ်းလှကြောင်းစကား ဆိုလာကြသည်။

ဤကျမ်းစာကြီး ရိုက်နှိပ်ဖြန့်ဝေခဲ့သည့်နှစ်မှာ သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်ဖြစ်သည်။ ယနေ့ခေတ်နှင့်ဆိုသော် ဤကျမ်းစာကြီးသည် လူ့သက်တမ်း တစ်ခုစာမျှလောက် ဖြတ်သန်းလာခဲ့ရရာ သွားကျိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းလှပြီဖြစ်၍

http://www.dhammadownload.com

ပညာရှင်များ စက္ခားဆိုထားသကဲ့သို့ အမှန်ပင် ရုပ်ဆင်းသွင်ပြင် ကြည်လင်လှပ ပီပီသသ ရရှိရန် ခဲယဉ်းလှသည်ဆိုခြင်းကိုကား ဝန်ခံရမည်ဖြစ်၏။

ယင်းအခြေအနေများကြောင့် သာသနဗဟုသုတပွကာသနီကျမ်းကြီး ရိုက်နှိပ်ရန် စိုင်းပြင်းရတော့သည်။

ဤသည့်နောက်တွင် ကျမ်းစာတည်းဖြတ်ပုံ၌ ဖော်ပြပြီး ဖြစ်သကဲ့သို့ စိုင်းပြင်းရတော့၏။ သာသနဗဟုသုတပွကာသနီကျမ်းကြီး တာထွက်ရန် မည်မျှ စိုင်းပြင်းခဲ့ရသည်ဆိုခြင်းကိုမူ ဤအခန်းတွင် အထူးဖော်ပြနေရန်ပင် မလိုဟု ထင်မြင်မိ၏။

ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော သာသနဗဟုသုတပွကာသနီ ရွှေသတိုး၏ ဝေဖြိုးလှသော ရုပ်ဆင်းသွင်ပြင်ကို ငေးမောကြည့်ရှုရုံမျှဖြင့် သာသနဗဟုသုတပွကာသနီ ရွှေလဝင်း အဘယ်မျှ စိုင်းပြင်းခဲ့ရကြောင်းကို သိနိုင် စကောင်းလောက်ပေပြီ။

ထို့ကြောင့် သာသနဗဟုသုတပွကာသနီကျမ်းကြီး၏ အပြင်အဆင် အမွမ်းအမံများ ရှုစားလိုက်ရသည်နှင့် တစ်ပြိုင်နက် သာသနဗဟုသုတပွကာသနီ ရွှေသတိုး လာနိုး လာနိုးဖြင့်မျော်ကိုး စောင့်စားနေရသူများ မျော်ကိုးစောင့်စားရကျိုးနပ်လိမ့်မည်ဟု ယုံကြည်မိပါသတည်း။

ကျေးဇူးလွှာ

ဤကျမ်းစာကြီးရိုက်နှိပ်ရန် ဂန္ထန္တရကျမ်းစာများ ဘာသန္တရကျမ်းစာများ ရှာဖွေစုဆောင်းခြင်း၊ ကျမ်းစာတိုက်ဆိုင်တည်းဖြတ်ခြင်း စသော လုပ်ငန်းအဝဝကို ကာယ ဉာဏ အားနှစ်ဖြာဖြင့် အဘက်ဘက်မှ ကူညီပံ့ပိုးသော–

- စာရေးဆရာ ဝိုင်၊ အမ်၊ ဘီ၊ အေ အရှင်ဝိသုတာဘိဝံသ၊ ဂဏဝါစက ကျမ်းစာ အထွေထွေစာတည်း ဖုန်းမြိုင်(ပခုက္ကူ) အား လည်းကောင်း၊
- ဘာသန္တရကျမ်းစာများ ကူညီသည့်အပြင် ဤကျမ်းစာရိုက်နှိပ်ရာ၌ အထားအသို အဖြတ်အတောက်မှစ၍ ကျနမှန်ကန်အောင် ပုံနှိပ်ဘက်ဆိုင်ရာ ကိစ္စအဝဝကို ကြီးကြပ်ရိုက်နှိပ်ပေးသော မင်္ဂလာပုံနှိပ်တိုက်နှင့် မြန်မာပြည်စာအုပ်တိုက်ရှင် စာရေးဆရာ ဦးမြင့်ဆွေအား လည်းကောင်း၊
- ကျမ်းစာကြီးရိုက်နှိပ်ရန် ဝတ္ထုငွေ ၁၀၀၀(တစ်ထောင်)လှူဒါန်းသော အရှင်စန္ဒိမာ(ပခုက္ကူ)အား လည်းကောင်း၊
- ဤကျမ်းစာကြီးရိုက်နှိပ်ရန် အခါအားလျော်စွာ အားပေးကြသော စာပေ ပညာရှင်များအား လည်းကောင်း၊

http://www.dhammadownload.com

– အနီးကပ် အကြဲပေးလာသော နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် အချိန်ပိုင်းကထိက တစ်ဦးအားလည်းကောင်း၊

လှိုက်လဲစွာ အထူး ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသတည်း။

အရှင်နရိန္ဒာဘိဝံသ
သာသနဓဇ သီရိပဝရ ဓမ္မာစရိယ
(ဝိနယပါရဂူ)
ဘုရားဖြူကျောင်းတိုက်
အရှေ့ပိုင်း–ရန်ကုန်မြို့
(၁၂–၅–၉၁)

မိခင်ဧရာဝတီ


http://www.dhammadownload.com

မိခင်ဓရာဝတီစာအုပ်တိုက်မှ ၂၀၀၅-ခုနှစ်အတွင်း ဆက်လက်ထွက်ရှိလာမည့် သာသနာ့ပြု စာပေကောင်းများ

၁။ ကမ္ဘာကျော် လယ်တီဆရာတော်ကြီး	ဓမ္မဒီပနီ
၂။ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး	ဇောရွှင် (၅) ပါးတရားမြိတ်ရတနာ
၃။ ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီး	နိဒ္ဒာန်ချမ်းသာတရားတော်
၄။ နဝမမြောက်လယ်တီဆရာတော်ကြီး အရှင်ကေလာသ	သင်္ဂြိဟ်မဟာဋီကာသစ် (ပထမ + ဒုတိယ + တတိယ)
၅။ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ	လယ်တီဝိပဿနာအမှတ် (၄)
၆။ သံဖြူဇရုပ်မြို့၊ သုခကာရီရိပ်သာဆရာတော် ဘဒ္ဒန္တဝဏ္ဏိတ	ကျင့်သုံးဖွယ်ရာဆုံးမစာများ(၂)
၇။ မဝိမလ	ပခုက္ကူဆရာတော်ကြီးဟောကြားတော်မူသည့် သတ္တဝါအမြင်ပျောက်တရားတော်
၈။ မင်းစောမဂီဉာဏ်	အပါယ်တံခါးပိတ်ခြင်းအကြောင်းရင်း

မိခင်ဓရာဝတီ

http://www.dhammadownload.com



သစ္စာ မေတ္တာ


ဓမ္မနိဒါနသုတ်

အမှန်တရားသည်ပဲ အခြေခံအား

သမုတိသစ္စာ ပရမတ္ထသစ္စာ အရိယာသစ္စာ

ရှောင်သိလ ကျင့်သိလ မြဲသိလ





http://www.dhammadownload.com



http://www.dhammadownload.com

မာတိကာ

၁။ နိဒါန်း ၁

၂။ ပဏာမနှင့် ပဋိညာဉ် ၄

၁။ နမောတဿ ပဏာမ အကြောင်း ၄

၂။ နမောတဿ အတ္ထုပ္ပတ္တိကိုပြခြင်း ၅

၃။ ပဋိညာဉ် ၈

၃။ မဇ္ဈိမဒေသ သာသနာ ၉

၁။ သာသနာ သုံးပါးကိုပြဆိုခြင်း ၉

၂။ ပရိယတ္တိဟူသော ဘုရားစကားတော်ကို ခွဲဝေ၍ပြခြင်း ၁၀

၃။ ဘုရားရှင် ထင်ရှား ရှိတော်မူစဉ် ပရိယတ်ကိုဆောင်ပုံ ၁၁

၄။ သာသနာတော် ကွယ်ပျောက်ခြင်း၏အကြောင်းဖြစ်သော တောထွက်ရဟန်းကြီး သုဘဒ္ဒ၏စကား ၁၁

၅။ ပထမသင်္ဂါယနာ တင်ခြင်းငှာ အားထုတ်ခြင်း ၁၃

၆။ ပထမ သင်္ဂါယနာ တင်ခန်း ၁၄

၇။ ပထမ သင်္ဂါယနာ ဒါယကာ ၁၆

၈။ မထေရ်အဆက်ဆက်တို့ ပရိယတ္တိကိုဆောင်ခဲ့ပုံ ၁၇

၉။ ဝိနည်း ပိဋကတ် ပါဠို ပမာဏကား ၁၉

၁၀။ ဒုတိယ သင်္ဂါယနာ တင်ခန်း ၂၁

၁၁။ ဆယ်ပါးသော အဝိနယ ဝတ္ထုကား ၂၁

၁၂။ ဒုတိယသင်္ဂါယနာ ဒါယကာ ၂၂

၁၃။ တတိယ သင်္ဂါယနာ တင်ခန်း ၂၄

၁၄။ ကထာ ဝတ္ထုကျမ်း ၂၅

၁၅။ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း ၂၇

၁၆။ တတိယ သင်္ဂါယနာ ဒါယကာ ၂၈

၄။ သီဟိုဠ် (ယခု သီရိလင်္ကာ) သာသနာ ၂၉

၁။ ရှင်မဟိန္ဒမထေရ် ၂၉

http://www.dhammadownload.com

၂။ ဒေဝါနံ ပိယတိဿ မင်းကြီး ၃၀
၃။ အရိဋ္ဌ မထေရ်၏ဝိနည်း စာချုပ် ၃၃
၄။ အရှင် မဟာမဟိန္ဒ ပရိနိဗ္ဗာန် စံတော်မူခြင်း ၃၄
၅။ ဒုဋ္ဌဂါမဏိမင်းကြီး သာသနာကိုပြုစုခြင်း ၃၅
၆။ ပရိယတ္တိကို ဆင်းရဲငြိုငြင်စွာဆောင်ခဲ့ရပုံ ၃၆
၇။ ပေထက် အက္ခရာတင်ပုံ ၃၈
၈။ ရှင်ဗုဒ္ဓဃောသ ကျမ်းပြုကြောင်း ၃၉
၉။ ရှေးအဋ္ဌကထာကြီးများ ၄၀
၁၀။ ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ ၄၁
၁၁။ သီဟိုဠ်ကျွန်းဌ် သာသနာသုံးပါး စည်ကားပုံ ၄၃
၁၂။ သီဟိုဠ်ကျွန်းဌ် သာသနာ ဆုတ်ယုတ်ပုံ ၄၄
၁၃။ သာသနာသည် မင်းကိုအမှီပြုရမှ ကြီးပွားနိုင်ကြောင်း ၄၅

၅။ မရမ္မရဋ္ဌ သာသနာ ၄၇
၁။ မြန်မာနိုင်ငံသို့ သာသနာရောက်ပုံနှင့်
ရန်ကုန်ရွှေဒဂုံစေတီတော်ကြီးအကြောင်း ၄၇
၂။ ရွှေတိဂုံစေတီတော် ၄၇
၃။ ဤအရာ၌ ရှေးရာဇဝင် နောက်ရာဇဝင် ညှိနှိုင်းချက် ၄၉
၄။ မြန်မာနိုင်ငံသို့ဒုတိယ သာသနာရောက်ခြင်း ၅၀
၅။ မြန်မာနိုင်ငံသို့ တတိယ သာသနာရောက်ပုံ ၅၀
၆။ မြန်မာနိုင်ငံသို့ စတုတ္ထ သာသနာရောက်ပုံ ၅၁
၇။ မနုသီဟရုပ် ၅၃

၆။ သရေခေတ္တရာ သာသနာ ၅၄
၁။ သရေခေတ္တရာသို့ ပထမ သာသနာရောက်ပုံ ၅၄
၂။ သရေခေတ္တရာသို့ ဒုတိယ သာသနာရောက်ခြင်း ၅၄
၃။ သရေခေတ္တရာသည် ဝနဝါသီတိုင်း ၅၅

၇။ ပုဂံခေတ် သာသနာ ၅၆
၁။ ပုဂံပြည်သို့ကြွလာသော သာသနာပြု ရှင်အရဟံအကြောင်း ၅၆

http://www.dhammadownload.com

၂။ အနော်ရထာမင်း သထုံကို သိမ်းယူခြင်း ၅၈
၃။ ပုဏ္ဏာဂါမမှ ပုဂံသို့ ၅၉
၄။ ပုဂံသာသနာရောက် သက္ကရာဇ် ရှင်းလင်းချက် ၆၂
၅။ မနုဟာမင်း အကြောင်း ၆၃
၆။ နရပတိစည်သူမင်း လက်ထက် သာသနာ ၆၃
၇။ ဆပွဒမထေရ်၏အကြောင်း ၆၄
၈။ ကျစွာမင်း လက်ထက်သာသနာ ၆၅
၉။ ကျစွာမင်းဟု ခေါ်ရခြင်းအကြောင်း ၆၅
၁၀။ ပုဂံပြည် မိန်းမများ ပရိယတ္တိ သာသနာကိုစောင့်ရှောက်ပုံ ၆၆
၁၁။ ပုဂံပြည်၌ စေတီပုထိုးပေါများ၍ လူနေအိမ်ခြေစည်ကားပုံ ၆၈
၁၂။ ပုဂံ နောက်ဆုံးမင်းအကြောင်း ၆၉

၈။ ပင်းယခေတ် သာသနာ ၇၀
၁။ ရှမ်းညီနောင် သုံးဦး ၇၀
၂။ ရဟန္တာထွေး ၇၁
၃။ လက်ဝေ့ကျော် သံဃရာဇာ ၇၂
၄။ ဆူးတွင်းပစ် ဆရာတော်အကြောင်း ၇၂
၅။ ပင်းယပျက်၊ စစ်ကိုင်းပျက်နှင့် အင်းဝတည်ခြင်းအကြောင်း ၇၃

၉။ ရတနာပူရ အင်းဝသာသနာ ၇၅
၁။ သိကြားသေ၍ စည်ခတ်ခြင်း ၇၅
၂။ မိုးညှင်းမင်းတရားကြီး သက္ကရာဇ်ဖြိုသော်လည်းမပြိုကြောင်း ၇၆
၃။ ရေငုံဆရာတော်ကြီးနှင့် ရှင်အရိယဝံသအကြောင်း ၇၇
(က) ရေငုံဆရာတော်အကြောင်း ၇၇
(ခ) ရှင်အရိယဝံသအကြောင်း ၇၇
၄။ အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းအကြောင်း ၇၈
၅။ မဏိသာရ မဋ္ဌသာဋီကာ ၇၉
၆။ ပုဂံသားနှင့် မဏိမဋ္ဌ ၈၀
၇။ လယ်တီဋီကာ ၈၁

http://www.dhammadownload.com

၈။ ဒုတိယ မင်းခေါင်လက်ထက် သာသနာနှင့်
ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့အကြောင်း ၈၂
(က) ရှင်မဟာသီလဝံသ မထေရ် ၈၂
(ခ) ရှင်မဟာရဋ္ဌသာရ မထေရ် ၈၂
(ဂ) ရှင်သဒ္ဓမ္မကိတ္တိမထေရ်နှင့်တိသာသနဓဇ မထေရ် ၈၃
၉။ ရှမ်းသိုဟန်ဘွားမင်း သာသနာတော်ကိုဖျက်ဆီးကြောင်း ၈၃
၁၀၊ သိုဟန်ဘွားရှမ်း ရဟန်းတို့ကို သတ်လိုသော် ၈၄
၁၁။ ရှင်သဒ္ဓမ္မကိတ္တိနှင့် ရှင်တိသာသနဓဇမထေရ်တို့အကြောင်း ၈၄
(က) ရှင်သဒ္ဓမ္မကိတ္တိ မထေရ် ၈၄
(ခ) ရှင်တိသာသနဓဇ မထေရ် ၈၅
၁၂။ ရှင်တိသာသနဓဇ မထေရ်၏ တပည့်များ ၈၅

၁၀။ ညောင်ရမ်းခေတ် သာသနာ ၈၇
၁။ အင်းဝ ဒုတိယ တည်ထောင်ဖန်ဆင်းခြင်း ၈၇
၂။ အနောက်ဖက်လွန် မင်းတရားကြီးလက်ထက် သာသနာ ၈၇
၃။ မဏိကုဏ္ဍလဝတ္ထုနှင့် သတ္တရာဇဓမ္မဝတ္ထုကျမ်း ၈၈
၄။ ပရိတ်ကြီးဋီကာ ၈၉
၅။ တောင်ဖီလာဆရာတော် အကြောင်း ၉၀
၆။ ယသဝ မုနဝတ္ထုနှင့် ဝိနယာလင်္ကာရ ဋီကာ ၉၀
၇။ သာလွန်မင်းတရားကြီးလက်ထက် သာသနာ ၉၁
၈။ ဝိနည်း နိဿယရေး ရွှေဥမင်ဆရာတော်အကြောင်း ၉၂
၉။ ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော် ၉၃
၁၀။ သာလွန်မင်း အရေးတော်ပုံ ၉၄
၁၁။ ငရုံ နတ်စက်ရောင် ဆရာတော် ၉၅
၁၂။ ပစ္စုပ္ပန်ဆရာနှင့် သံသရာဆရာ ၉၅
၁၃။ ကောင်းမှုတော်ကြီးခေါ် ရာဇမဏိစူဠာစေတီတော်ကြီး ၉၆
၁၄။ ဒက္ခိဏာဝန်မှူသဒ္ဒါကြီးနိဿယ၊ သင်္ဂြိဟ် နိဿယနှင့်
ဥာဿ်ကျမ်း ၉၆
၁၅။ မင်းရဲရန္တ မိတ်လက်ထက် သာသနာ ၉၇
၁၆။ နိရုတ္တိမဉ္ဇူသာ ဋီကာ ၉၇

http://www.dhammadownload.com

၁၇။ ပြည်မင်းလက်ထက် သာသနာ ၉၇
၁၈။ မြောက်နန်းကျောင်းမူ သဒ္ဒါကြီးနိသယနှင့်
အဘိဓမ္မာညဝါ အကောက်ကျမ်းများ ၉၈
၁၉။ ရာဇဝင်ချုပ် ၉၈
၂၀။ တိလောကဂုရု မထေရ်အကြောင်း ၉၈
၂၁။ ပရိတ်ကြီးဋီကာပြဿနာ ၁၀၀
၂၂။ ရမည်းသင်းမင်းကြီးလက်ထက်သာသနာ ၁၀၀
၂၃။ ရွှေရေးပိဋကတ်ပေါ်ပေါက်လာခြင်း ၁၀၁
၂၄။ အတင်ဂိုဏ်း အရံဂိုဏ်း ကွဲပြားခြင်းအစ ၁၀၁
၂၅။ စူဠဂဏ္ဌိကျမ်း ၁၀၂

၁၁။ **ကုန်းဘောင်ခေတ် သာသနာ** ၁၀၄
၁။ ရတနာသိန် ရွှေဘိုသာသနာ ၁၀၄
၂။ အတုလယသ မထေရ် ၁၀၄
၃။ ကျောင်းတော်နှင့်နန်းတော်မိုးကြိုးခခြင်း ၁၀၅
၄။ ဗဟင်းဆရာတော် ရှင်မုနိန္ဒယောသမထေရ် ၁၀၆
၅။ ရှင်မုနိန္ဒယောသ သိင်္ဂာချလူထွတ်ခြင်း ၁၀၈
၆။ ဒုတိယစစ်ကိုင်းမြို့တည် မင်းလက်ထက်
ခင်ကြီးဖျော်အကြောင်း ၁၀၈
၇။ အင်းဝ တတိယ တည်ထောင်ခြင်း ၁၀၉
၈။ စဉ့်ကူးမင်းလက်ထက် အတင်ဂိုဏ်းရဟန်းတို့ရုံး၍
အဓိကရဏ်းငြိမ်းခြင်း၊ အရှင်နန္ဒမာလာမထေရ် ၁၁၀
၉။ ငစဉ့်ကူးမင်းအိပ်မက်မြင်ခြင်း ၁၁၁
၁၀။ အတင်ဂိုဏ်းသားများရုံးခြင်း ၁၁၂
၁၁။ စစ်ကိုင်းမင်းတရားလက်ထက်သာသနာ ၁၁၃
၁၂။ မောင်းထောင်ဆရာတော် အကြောင်း ၁၁၄

၁၂။ **အမရပူရခေတ် သာသနာ** ၁၁၅
၁။ အမရပူရ တောင်မြို့ သာသနာ ၁၁၆

http://www.dhammadownload.com

၂။ ဆရာတော်များအား တဲ့ဆိပ်တော်နှင့်
ကျောင်းတော်လှူဒါန်းခြင်း ၁၁၆
၃။ မောင်းထောင် သာသနာပိုင် ၁၁၇
၄။ အတုလယသ နှင်ထုတ်ခြင်း ၁၁၈
၅။ သီဟိုဠ် အမရပူရဂိုဏ်း ၁၂၀
၆။ ဘိုးတော်ဦးဝိုင်း စိတ်ဖောက်၍ မောင်းထောင်
သာသနာပိုင်လူထွက်ရခြင်း ၁၂၁
၇။ နောင်တော်ကြီးမင်းလက်ထက် သာသနာ ၁၂၁
၈။ ဘုရားမြေ ကျောင်းမြေ ဝတ္တကမြေ၌
သာသနာပြုမင်းများ အရေးယူပုံ ၁၂၃
၉။ နောင်တော်ကြီးမင်း၏ အမိန့်တော်ပြန်တမ်း ၁၂၄
၁၀။ လယ်မြေစသည်ကျောင်းကန်ဘုရားအား လှူဒါန်းခြင်းအစ ၁၂၄
၁၁။ ညောင်ကန်ဆရာတော်ဦးဗုဒ္ဓ အကြောင်း ၁၂၅
၁၂။ ဆရာတော် ဦးဗုဒ္ဓ အတ္ထုပ္ပတ္တိ ၁၂၆
၁၃။ ပြုစုသော ကျမ်းစာများ ၁၂၈
၁၄။ ညောင်ကန်ဆရာတော် ဦးဗုဒ္ဓ၏ဆရာစဉ်ဆက် ၁၂၈
၁၅။ ရွှေဘိုမင်းလက်ထက်သာသနာ ၁၂၉
၁၆။ သဲအင်း သာသနာပိုင် ဆရာတော် ၁၂၉
၁၇။ သာသနာပိုင် ဦးဥေယျ အကြောင်း ၁၃၀
၁၈။ ပုဂံမင်း လက်ထက် သာသနာ ၁၃၁
၁၉။ သာသနာပိုင် ဆရာတော်များ ၁၃၂

၁၃။ ရတနာပုံ မန္တလေးခေတ် သာသနာ ၁၃၃
၁။ မန္တလေးသာသနာမင်းတုန်းမင်းကြီးအကြောင်း ၁၃၃
၂။ မင်းတုန်းမင်းတရားကြီး သာသနာပြုပုံ ၁၃၆
၃။ ရဟန်းတို့၏ဆွေမျိုးများအား မင်းမှူ ၁၂ ရပ်မှလွတ်စေပုံ ၁၃၇
၄။ မန္တလေး ရတနာပုံ နေပြည်တော်ကြီးကိုအစ
တည်ထောင်ဖန်ဆင်းခြင်းအကြောင်း ၁၃၈
၅။ ရှေ့ဆောင်နွားလားအဖြောင့်သွားသော် ၁၃၉

http://www.dhammadownload.com

၆။ မင်းတုန်းမင်းတရားကြီးသည် ပစ္စယာနုဂ္ဂဟဖြင့်
သာသနာတော်ကို ချီးမြှောက်ပုံ ၁၄၀
၇။ မန္တလေး မြို့ရှိကျောင်းတိုက်နှင့် သံဃာ ၁၄၁
၈။ ကုသိုလ်တော် စာရင်း အကျဉ်း ၁၄၁
၉။ မင်းတုန်းမင်းကြီး ပေထက်အက္ခရာ တင်ပုံ ၁၄၂
၁၀။ စာပေတည်းတတ် ဆုလာဘ်ရခြင်း ၁၄၃
၁၁။ ပိဋကတ်ရေးကူးခြင်း ပေထက်အက္ခရာတင်သောအခါ
အကြပ်အမဆရာတော်များ ၁၄၄
၁၂။ လူ ဥပါသကာ စာတည်းများ ၁၄၅
၁၃။ စာမူပြင်ဆင်၍သွင်းရသော ဆရာတော်များနှင့်ကျမ်းစာများ ၁၄၅
၁၄။ မင်းတုန်းမင်းကြီး ကျောက်ထက် အက္ခရာ တင်ပုံ ၁၄၇
၁၅။ ကျောက်စာတော် အရေအတွက် ၁၄၈
၁၆။ ဆီးဘန်နီဆရာတော်ဆို ကျောက်ထက်အက္ခရာတင်အန်ချင်း ၁၄၉
၁၇။ မင်းတုန်းမင်းတရားကြီး ပဋ္ဌမသင်္ဂါယနာတင်ခန်း ၁၅၀
၁၈။ မင်းတုန်းမင်းကြီး သာသနာတော်ကို သုတ်သင်ရှင်းလင်းပုံ ၁၅၁
၁၉။ တိုက်တော်ပြဿနာ
ရေစကြိုဆရာတော် ဦးဂန္ဓသာရ နယ်နှင်ခံရခြင်း ၁၅၂
၂၀။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံကြောင်း ၁၅၃
၂၁။ သီပေါဘုရင်မင်းမြတ်အကြောင်း ၁၅၄
၂၂။ သာသနာပိုင်တင်မြှောက်ခြင်း ၁၅၄
၂၃။ ပခန်း သမုတိ သာသနာပိုင် ဆရာတော် ၁၅၅
၂၄။ မုဒ္ဓါဘိသေကသဘင်ဆင်ယင်ခြင်း ၁၅၅
၂၅။ သီပေါဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး
နတ်ရွာစံခြင်းအကြောင်း ၁၅၆
၂၆။ မြန်မာနိုင်ငံထီးဆောင်းမင်းပေါင်း ၁၅၆
၂၇။ သာသနာဆက် ပြည်ထောင်များ ၁၅၇

၁၄။ ရာမညတိုင်း သာသနာ ၁၅၉
၁။ ရာမညတိုင်းဟံသာဝတီသာသနာ ၁၅၉
၂။ ဒွန်းစဏ္ဍား အလဇ္ဇီ ရဟန်းများ၏စကား ၁၅၉

http://www.dhammadownload.com

၃။ ရတနာသုံးပါးကြည်ညိုသော ၁၆နှစ်ရွယ်ရှိ
သတို့သမီးအကြောင်း ၁၆၀
၄။ ဒွန်းစက္ကား ရဟန်းများကို နှင်ထုတ်ခြင်း ၁၆၂
၅။ ဟံသာဝတီ ဓမ္မစေတီမင်းလက်ထက် နောက်သာသနာ ၁၆၂
၆။ ဓမ္မစေတီမင်း၏ သီဟိုဠ်သွား သံတမန်များ ၁၆၄
၇။ ရာမညတိုင်းသားရဟန်းများ ကလျာဏီမြစ်တွင်
ရေသိမ်ဝင်ခြင်း ၁၆၄
၈။ ဘူဝနေက ဗာဟုမင်းကဘွဲ့တံဆိပ်များဆက်ကပ်ခြင်း ၁၆၆
၉။ သီဟိုဠ်ပြန် ရာမည ရဟန်းတော်များ
ကလျာဏီ သိမ်သမုတ်ခြင်း ၁၆၈
၁၀။ စေတီယမင်းကြီး သာသနာ အညစ်အကြေး သုတ်သင်ပုံ
စေတီယမင်းကြီး၏သာသနာပြုပြန်တမ်းလျှောက်ထားချက် ၁၆၉
၁၁။ ဥစ္စာဆည်းပူးသော ရဟန်းများ လူထွက်ရခြင်း ၁၇၁
၁၂။ မင်းတရားရွှေထီးနှင့် ကုလားငစင်ကာတို့လက်ထက်
သာသနာ မစင်ကြယ်ပုံ ၁၇၂
၁၃။ ကုလားငစင်ကာ လက်ထက်ကပင် ဟံသာဝတီ
ရဟန်းများ ဦးထုပ်ဆောင်းခြင်း ၁၇၃
၁၄။ ရာမညတိုင်းစာပေအခြေအနေ ၁၇၄
၁၅။ ဂိုဏ်းခြောက်ဂိုဏ်းကွဲခြင်း ၁၇၄
၁၆။ ရာမညတိုင်းဖြစ်ကျမ်းများ ၁၇၅

၁၅။ ဧင်းမယ်သာသနာ ၁၇၆
၁။ ယောနကတိုင်း သာသနာ ၁၇၆
၂။ ယောနကတိုင်း ဒုတိယ သာသနာတည်ပုံ ၁၇၆
၃။ ယောနကတိုင်း အယူအဆ ၁၇၇
၄။ ရှေးဆရာတို့မိန့်ဆိုချက် ယောနကစိစစ်ချက် ၁၇၈
၅။ ကျောက်စာများတွင်ရေးထိုးခြင်း ၁၇၉
၆။ ယောနကတိုင်း သာသနာတည်ပုံ ၁၈၀
၇။ ယောနကတိုင်း သာဂလပြည် တည်ရာဌာန ၁၈၁

http://www.dhammadownload.com

၁၆။ အမိန့်ပြန်တမ်းများ ၁၈၂

၁။ မြန်မာမင်းများလက်ထက် မဟာဒါန်ဝန်များ လိုက်နာရန်အမိန့်တော် ၁၈၂

၂။ မဟာဒါန်ဝန်နှင့် မြို့ဝန်များ ဖက်စပ်ဆောင်ရွက်ရပုံ အမိန့်တော် ၁၈၂

၃။ မဟာဒါန်ဝန် တိုင်တန်းချက်အရ ရဟန်းတော်များအား သတိပေးဆုံးမစာတမ်း ၁၈၃

၄။ မဟာဒါန်ဝန်ပြန်တမ်း ၁၈၅

၅။ ရဟန်းသံဃာတော်တို့နှင့် မြန်မာမင်းများ ဆက်ဆံပုံ အတိုချုပ် ၁၈၆

၆။ ရဟန်းသံဃာတော်တို့နှင့်ရာဇဌာနီအရာရှိ အဝေးအရာရှိတို့ဆက်ဆံရန်ဥပဒေ ၁၈၆

၇။ ရဟန်းသံဃာတော်တို့ မြို့ရွာအုပ်ချုပ်မှုတွင်ပါဝင်လေ့ရှိပုံ ၁၈၇

၈။ သုခမ္မာဆရာတော်တို့နှင့် မြန်မာအရာရှိတို့ ဆက်ဆံရာ မဟာဒါန်ဝန် မဟာဒါန်စာရေးတို့လိုက်နာ ဆောင်ရွက်ရပုံအကြောင်း ၁၈၇

၉။ မဟာသံဃရာဇာ သာသနာပြုဆရာတော်က ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ထံပေးစာ ၁၈၈

၁၀။ သံဃာတော်များအခွင့်ရပုံ ၁၈၈

၁၁။ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်တို့မြို့ရွာ အုပ်ချုပ်ရာ ပါဝင်ခွင့်ရပုံ ၁၈၉

၁၂။ သာသနာပြုဆရာတော်များ သာသနာရေး သာသနာမှဋ္ဌ အပ်လွှဲပုံ ၁၉၀

၁၃။ မဟာဒါန်ဝန် မဟာဒါန်ဝန်စာရေးတို့က လွှတ်တော်မှာ အစီရင်ခံရာ လိုက်နာရပုံ ၁၉၀

(က) ရေစကြိုဆရာတော်ဦးဂန္ဓ

(ခ) ရွှေကျင်ဆရာတော်ဦးဇာဂရ

(ဂ) မိုးကောင်းဆရာတော်ဦးဂန္ဓမာတို့ ရွှေမြို့တော်မှထွက်ခွာကြရခြင်း

၁၄။ မြန်မာမင်းများလက်ထက်သိမ်မိန့်ပေးပုံ ၁၉၂

http://www.dhammadownload.com

၁၅။ မင်းမှတစ်ပါး အခြားသူတို့ထံမှရသော ဝိသုဂါမ
အဆုံးအဖြတ် ၁၉၂
၁၆။ ဝိသုဂါမ ပေးပိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ ၁၉၄
၁၇။ သာသနာစောင့် မထေရ်ဆက် ၁၉၅
၁၈။ တောင်ဖီလာ ဥပါလိ ၁၉၆
၁၉။ တစ်နည်း သာသနာစောင့် မထေရ်ဆက် ၁၉၈
၂၀။ ကျမ်းဂန်တတ် ပုဂ္ဂိုလ်လေးဦး အကြောင်း ၁၉၉

၁၇။ အင်္ဂလိပ်မင်းများ လက်ထက် သာသနာ ၂၀၀
၁။ သာသနာပြု ဆရာတော် အဆက်ဆက် ၂၀၀
၂။ တောင်ခွင် သာသနာပြု ဆရာတော် ၂၀၁
၃။ တစ်ကျိပ်နှစ်ပါး သာသနာပြု ဆရာတော်ကြီးများ ၂၀၂
၄။ သာသနာပြု တစ်ကျိပ်နှစ်ပါးနှင့် တောင်ခွင်ဂိုဏ်း ၂၀၃
၅။ ရွှေကျင်ဂိုဏ်း နှင့် ဒွါရဂိုဏ်း ၂၀၃
၆။ အင်္ဂလိပ်မင်းများလက်ထက် သာသနာတော်၌
ကျော်စောထင်ရှားသော မထေရ်ကြီးနှစ်ပါးအကြောင်း ၂၀၄
လယ်တီဆရာတော် ၂၀၄
၇။ ပရမတ္ထဒီပနီ သင်္ဂြိဟ်မဟာဋီကာသစ် ၂၀၄
၈။ ဋီကာစစ်ပွဲ ၂၀၅
၉။ ဝိဇ္ဇကတ္တယ ပါရဂူဘွဲ့ ၂၀၆
၁၀။ မာန်လည်ဆရာတော် အကြောင်း ၂၀၇
၁၁။ ပဋ္ဌစတ္တာလီသ ပုစ္ဆာဝိဿဇ္ဇနာနှင့်
သတပဒီကပုစ္ဆာဝိဿဇ္ဇနာ ၂၀၇
၁၂။ မာန်လည် မြို့သူမြို့သားများ ဘာသာရေး
လေးစားကြခြင်း ၂၀၈
၁၃။ မာန်လည်ဆရာတော်၏ ဆရာစဉ် ၂၀၉
၁၄။ အင်္ဂလိပ်အစိုးရက သာသနာ ချီးမြှောက်ပုံ ၂၀၉
၁၅။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ စတင်လှူဒါန်းခြင်း ၂၁၀
၁၆။ လောကဓာတ်ပညာ စာသင်ကျောင်းများ ပေါ်လာခြင်း ၂၁၀
၁၇။ မန္တလေးမြို့ ပရိယတ္တိသာသန ဟိတအသင်း ၂၁၀

http://www.dhammadownload.com

၁၈။ စာအောင်ပုဂ္ဂိုလ်များအား ဆွမ်းဆန်တော် လှူဒါန်းခြင်း ၂၁၁
၁၉။ မန္တလေးမြို့ မစိုးရိမ် ကျောင်းဒါယကာက
သာသနာ ချီးမြှောက်ပုံ ၂၁၂
၂၀။ ရန်ကုန်မြို့ စေတီယင်္ကဏ ဝတ်အသင်း ၂၁၃
၂၁။ စေတီယင်္ကဏနှင့် သက္ကဘိဝံသ ရဟန်းငယ် ၂၁၃
၂၂။ ရန်ကုန်မြို့အရှေ့ပိုင်းက သာသနာချီးမြှောက်ပုံ ၂၁၄
၂၃။ ပွဲစားကြီး ကျောင်းဒါယကာ ဦးဘိုးသာက
သာသနာတော် ချီးမြှောက်ပုံ ၂၁၅
ဘုရားဖြူ ဝိနယာရိဂ္ဂဟနှင့် ကျောင်းဒါယကာဦးဘိုးသာ ၂၁၅
၂၄။ ကြည့်မြင်တိုင် ခေါ် ကြေးမြင်တိုင် ပရိယတ္တိ
သာသနာနုဂ္ဂဟ အသင်းက သာသနာ ချီးမြှောက်ပုံ ၂၁၆
၂၅။ သထုံမြို့က သာသနာ ချီးမြှောက်ပုံ ၂၁၆
၂၆။ ညောင်တုန်းမြို့က သာသနာ ချီးမြှောက်ပုံ ၂၁၇
၂၇။ စစ်တွေမြို့က သာသနာ ချီးမြှောက်ပုံ ၂၁၇
၂၈။ ရုခိုင်ပြည်နှင့် အင်္ဂလိပ်စာ ၂၁၈
၂၉။ အမြို့မြို့အရွာရွာကလည်း သာသနာချီးမြှောက်ပုံ ၂၁၉

၁၈။ ပကိဏ္ဏကအခန်း ၂၂၀
၁။ ယပ်လှေတရားပေါ်လာခြင်း ၂၂၀
၂။ စာဟော ဆရာပေါ်လာခြင်း ၂၂၁
၃။ သံဃ သာမဂ္ဂီခေါ်သော သံဃအသင်းပေါ်လာခြင်း
အကြောင်း ၂၂၁
၄။ ငသရောက်သာသနာ ၂၂၂
၅။ ကျောင်းဒါယကာ ဦးရွှေပေါနှင့် ကျောင်းအမ
ဒေါ်ဖရုံ ပြဿနာ ၂၂၄
၆။ ငသရောက် သာသနာဆက် ၂၂၅
၇။ အရည်ဝါသီ အရှင် ဓမ္မစာရီမထေရ် ၂၂၆
၈။ အရှင်စန္ဒိမ မထေရ် ၂၂၇
၉။ ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော် အရှင်ဇဝန ၂၂၇
၁၀။ ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒမထေရ် ၂၂၈
၁၁။ တစ်နည်း ဂန္ဓကာရကပုဂ္ဂိုလ် ဆရာစဉ်ကား ၂၂၈

http://www.dhammadownload.com

၁၂။ ဘာသနာသုံးပါး ကြီးပွားဆုတ်ယုတ်ဟူသော စကားအဓိပ္ပာယ် ၂၂၉

၁၃။ ရဟန်းဖြစ်ကျိုး နပ်ကြပါစေ ၂၃၀

၁၄။ သာသနာ ဆုတ်ယုတ်မည့် အရိပ်နိမိတ် ၂၃၁

၁၅။ ငါးဌာနဒ္ဌ မရှိသေလျှင် သာသနာ ကွယ်ပျောက်ကြောင်း ၂၃၄

၁၆။ သာသနာတော်၏ ကျက်သရေဆောင်လေးဦး ၂၃၇

၁၇။ သာသနာတော် ဆုတ်ယုတ်ပုံအစဉ် ၂၃၈

၁၈။ သာသနာတော်၌ ပေါ်လာမည့် ဘေးရန် ၂၃၉

၁၉။ ရဟန်းတို့၏ ကိစ္စကိုပြဆိုချက် ၂၄၄

၂၀။ ရဟန်းတို့မှာ ဂန္ထဓုရကို အားထုတ်ရာကာလ ဝိပဿနာဓုရကို အားထုတ်ရာကာလကို ပြဆိုခြင်း ၂၄၅

၂၁။ ဂန္ထဓုရကို အားထုတ်သင်ကြားခြင်း အပြားသုံးပါး ၂၄၇

၂၂။ ပရိယတ္တိကို သင်ကြားရခြင်းအကျိုး ၂၄၉

၂၃။ ပရိယတ္တိကို သင်ကြားခြင်းမကျလျှင် ပျက်စီးတတ်ကြောင်း ၂၅၀

၂၄။ မြန်မာနိုင်ငံ၌ သာသနာ တည်ထွန်းရာ နယ်မြေပိုင်းခြားပုံ ၂၅၁

၂၅။ သာသနာတည်ရာ နယ်နိမိတ် ၂၅၁

၂၆။ သာသနာတည်ရာကို ပြဆိုချက် ၂၅၂

၂၇။ ရတနာသုံးပါးကို ရှိသေမှ သာသနာ တည်သည် ၂၅၃

၂၈။ ဆုတ်ယုတ်ခြင်း ပရိဟာနိယ ဓမ္မကို ပြဆိုချက် ၂၅၅

၂၉။ ဘုရားရတနာ၌ မရှိသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း ၂၅၅

၃၀။ တရားရတနာ၌ မရှိသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း ၂၅၆

၃၁။ သံဃာရတနာ၌ မရှိသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း ၂၅၇

၃၂။ ငွေမကုန် ကြေးမကျ ရရှိသောကုသိုလ် ၂၅၉

၃၃။ မဆုတ်ယုတ်ခြင်း အပရိဟာနိယ ဓမ္မကို ပြဆိုချက် ၂၆၀

၃၄။ ရတနာမတည်ခြင်း၏ အကြောင်း ၂၆၂

၃၅။ ဝတ္တကာလက ရွာသူကလေး ၂၆၆

၃၆။ ပရိယတ္တိကို ဆောင်ပုံ ၂၆၇

၃၇။ ချပို့ သင်ကြားခြင်း ဆုတ်ယုတ်ပုံ ၂၆၈

၃၈။ သင်ကြားခြင်းဆုတ်ယုတ်ပုံ ၂၆၉

၃၉။ ရှင်သာမဏေ သာသနာ ဆုတ်ယုတ်ပုံ ၂၇၀

http://www.dhammadownload.com

၄၀။ ရှင်သာမဏေပြုရန် ကျောင်းသားဘဝကပင်
ပစ္စဝေက္ခဏာသင်ခြင်း ၂၇၁
၄၁။ သရဏဂုံ မပီသက ရှင်သာမဏေအစစ် မဖြစ်ရောက်ခြင်း
ဧကတော သုဒ္ဓိနှင့် ဥဘတော သုဒ္ဓိ ၂၇၂
၄၂။ ရန်ကုန်မြို့ ဂျူဗလီရုံ အလှူအကြောင်း ၂၇၃
၄၃။ သာသနာ အနှစ်ဖြစ်ရန် စောင့်ရှောက်ပုံ ၂၇၄
၄၄။ ဓမ္မအမွေပေးနိုင်အောင် ကြိုးစားကြ ၂၇၇
၄၅။ သာသနာ အမြစ်အရင်း သက်ဆင်းစေပုံ ၂၇၈
၄၆။ ကျောင်းသား သူငယ်များ သင်ကြားခြင်း ဆုတ်ယုတ်ပုံ ၂၈၀
၄၇။ ယခုခေတ် ကျောင်းသားများ ဘာသာစာပေ
သင်ကြားမှု နည်းခြင်း ၂၈၂
၄၈။ ဘုရားဟော ဘာသာရင်း ကျမ်းစာများတိမ်ကောခြင်း ၂၈၃
၄၉။ ယခုကာလ မိဘတို့နောက်သို့ မလိုက်ခြင်းအကြောင်း
ကျွဲနို့နွားနို့ကိုတိုက်ကျွေးခဲ့ကြသဖြင့် ကျွဲစိတ်နွားစိတ်
ပေါက်ကြခြင်း ၂၈၄
၅၀။ သံဃာတော်များ၌ အရိုအသေ ဆုတ်ယုတ်ပုံ ၂၈၆
၅၁။ သပိတ်မှောက်ကဲ့ပြုခြင်းအကြောင်း ၂၈၇
၅၂။ သပိတ်မှောက်ကာကွယ်ရေးဥပဒေပေါ်လာခြင်း ၂၈၈
၅၃။ သာသနာတော်ထမ်းရဟန်းတော်များကို
ဥပဒေဖြင့် အုပ်စိုးရန် ကြံရွယ်ချက်ပေါ်လာခြင်း ၂၉၀
၅၄။ ဝိတိုရိယဘုရင်မကြီး၏ အမိန့်ပြန်တမ်း ၂၉၂
၅၅။ သာသနာသီသီသာသာ ဆုတ်ယုတ်ပုံ ၂၉၃
၅၆။ ရဟန်းသံဃာနှင့် စပ်လျဉ်းသော အခွင့်အရေး ၂၉၄
၅၇။ သင်္ကန်းအရောင် ဆုတ်ယုတ်ပုံ ၂၉၅
၅၈။ သင်္ကန်းရောင် ကွယ်ပျောက်သွားမည်ကို
သတိရစရာကောင်းခြင်း ၂၉၆
၅၉။ သာသနာငါးထောင်ပြဆိုချက် ၂၉၇
၆၀။ ဘုရားဟော သဘောကျ ဆင်ခြင်ခြင်း ၂၉၉
၆၁။ လယ်တီဆရာတော်၏ ရှင်းလင်းချက် ၃၀၀
၆၂။ သိကြားသာသနာဆိုသော စကားရှင်းလင်းချက် ၃၀၃

http://www.dhammadownload.com

၆၃။ ယခုအခါ သာသနာတော်၌ ဂိုဏ်းဂဏအမျိုးမျိုး ပေါ်ပေါက်နေပုံ ၃၀၈

၆၄။ ရသေ့ကြီး ဦးခန္ဓီအကြောင်း ၃၀၈

၆၅။ သာသနာငါးပါးကွယ်ခြင်း ၃၀၉

(၁) အဓိဂမသာသနာကွယ်ခြင်း ၃၀၉

(၂) ပဋိပတ္တိသာသနာကွယ်ခြင်း ၃၁၀

(၃) ပရိယတ္တိသာသနာကွယ်ခြင်း ၃၁၀

(၄) လိင်္ဂသာသနာကွယ်ခြင်း ၃၁၄

၆၆။ ဓာတုသာသနာအကြောင်း ၃၁၅

၆၇။ မဟိယင်္ဂဏကေသဓာတုစေတီ ၃၁၈

၆၈။ ဓာတ်တော်တည်ကြရှစ်ဌာန ၃၁၈

၆၉။ ဒေါနပုဏ္ဏားကြီး၏ ကုမ္ဘစေတီ ၃၂၀

၇၀။ ဓာတ်တော်နှစ်မျိုး ၃၂၁

၇၁။ သီဟိုဠ်ကျွန်း၌ နဖူးသင်းကျစ်တော် ၃၂၄

၇၂။ ဖြဟ္မပြည် လက်ဝဲ ညှပ်ရိုးတော် ၃၂၄

၇၃။ သီဟိုဠ်ကျွန်း လက်ယာ ညှပ်ရိုးတော် ၃၂၄

၇၄။ ဂန္ဓာရတိုင်းဟူသည် ၃၂၅

၇၅။ ဓာတ်တော်များ စကြဝဠာပျံ့နှံ့ ၃၂၆

၇၆။ ဓာတုသာသနာ ကွယ်ခြင်း ၃၂၈

(က) ကိလေသ ပရိနိဗ္ဗာန် ၃၂၈

(ခ) ခန္ဓပရိနိဗ္ဗာန် ၃၂၉

(ဂ) ဓာတုပရိနိဗ္ဗာန် ၃၃၀

၇၇။ ရောင်တော်ပြန်တွင် မပါဝင် ၃၃၀

၇၈။ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ကွယ်ခြင်းအကြောင်း ၃၃၂

၇၉။ သာသနာ သုံးရပ်တွင် ပရိယတ္တိသာမူလဖြစ်ခြင်း ၃၃၂

၈၀။ ပရိယတ္တိကျောက်စာတိုင် ထိုစကားထင်ရှားစေရန် ဥပမာစကား ၃၃၃

၈၁။ ရှေးဘုရားရှင်တို့၏ သာသနာနှင့် နှိုင်းယှဉ်ပြဆိုချက် ၃၃၇

၈၂။ မဂ်ဖိုလ်ရကြောင်း အားထုတ်သော ခဏသမယ ၃၃၉

၈၃။ ပုထုဇဉ်ဘဝ မသိကြခြင်း ၃၃၉

http://www.dhammadownload.com

၈၄။ သိနိုင်ကြရန် ကာလညွှန်ပြခြင်း ၃၄၀

၁၉။ **အနုသာသနီ အခန်း** ၃၄၂
၁။ အနုသာသနီ ဂါထာစု ၃၄၂
၂။ အကွဏ ကာလသာများခြင်း ၃၄၂
၃။ သောတာပတ္တိမဂ်လောက်မှရမထားလျှင် ၃၄၃
၄။ နောင်တမပြတ် ဖြစ်ရတတ်ခြင်း ၃၄၄
၅။ အဝိဇ္ဇာ ဝိဇ္ဇာ ခံစားရာ ၃၄၅
၆။ မဂ်ဖိုလ်မရထိုက်သော အခဏရှစ်ပါးကို ပြဆိုချက် ၃၄၆
၇။ အရပ်ပြစ်ဟု ခေါ်ဝေါ်ခြင်းအကြောင်း ၃၄၈
၈။ အဋ္ဌကွဏာမတူကြခြင်း ၃၄၉
၉။ ဇိနာလင်္ကာရ အဋ္ဌကွဏာ ၃၅၀

၂၀။ **နိဂမနခန်း** ၃၅၂
၁။ သာသနာဗဟုသုတပူကာသနီကျမ်း ပြီးဆုံး နိဂုံး ဂါထာ ပါဠိအနက်များ ၃၅၂
၂။ ကျမ်းပြုဆရာတော်၏ဆုတောင်း ၃၅၅
၃။ သံပိုင်းလင်္ကာ ၃၅၆

၂၁။ **သာသနာဗဟုသုတပူကာသနီကျမ်း ကောက်နုတ်ချက်** ၃၆၁
၁။ ရှင် - သျှင် (ရေးထုံး) ၃၆၁
၂။ ရွေ့ - ၍ ။ ၃၆၂
၃။ ၏ - ဧည့် ။ ၃၆၃
၄။ အဲ ၃၆၃
၅။ ရေးထုံး ၃၆၄
၆။ အဲ့ ၃၆၅
၇။ ယ,သတ်ဝိသဇ္ဇနီရေးထုံး ၃၆၆
၈။ ည,သတ်၊ ယ,သတ်တူပုံ ၃၆၆
၉။ နိဂုံး ၃၆၉
၁၀။ နိဂုံး, နိဂုံးရေးနည်း ၃၇၀
၁၁။ သာသနာပြု၊ သာသနာပိုင် ၃၇၁

ပြီးပါပြီ

http://www.dhammadownload.com

ကြီးကျဲ

ဒီဂနိကာယ ကြီးသောဆုံးမစကား ၁၂၆
ပဌမ ဗြဟ္မဇာလသုတ် ၁၃၁
ဒု ဖဿသုတ် ၁၆၆
တ သာမညဖလသုတ် ၁၇၉
စ အမ္ဗဋ္ဌသုတ် ၂၀၆
ဆ ကဿပသီဟနာဒသုတ် ၂၂၆
ဇ သုနက္ခတ္တသုတ် ၂၃၆
ဈ ပောဋ္ဌပါဒသုတ် ၂၄၆
ည သုဘသုတ် ၂၆၂
ဋ ကေဝဋ္ဋသုတ် ၂၇၆
ဌ ဇာလိယသုတ် ၂၈၆
ဍ ကုက္ကုရဝတိကသုတ် ၂၉၆
ဎ လောဟိစ္စသုတ် ၃၀၂
ဏ သဉ္စယသုတ် ၃၀၆
တ ဒဠှနေမိသုတ် ၃၁၂
ထ အသင်္ခတသုတ် ၃၁၆
ဒ မဟာသကုလုဒါယိသုတ် ၃၂၂
ဓ သမဏမုဏ္ဍိကသုတ် ၃၂၆
န စူဠသကုလုဒါယိသုတ် ၃၃၂
ပ ဝေဠုဒ္ဒါရသုတ် ၃၃၆
ဖ ဝိဘင်္ဂသုတ် ၃၄၂
ဗ ဒက္ခိဏာဝိဘင်္ဂသုတ် ၃၄၆
ဘ အနာထပိဏ္ဍိကောဝါဒသုတ် ၃၅၂
မ ဝိသာခသုတ် ၃၅၆
ယ သုညတသုတ် ၃၆၂
ရ နန္ဒကောဝါဒသုတ် ၃၆၆
လ စူဠသုညတသုတ် ၃၇၂
ဝ အစ္ဆရိယဗ္ဘုတဓမ္မသုတ် ၃၇၆
သ ဗကုလသုတ် ၃၈၂
ဟ သောဏသုတ် ၃၈၆
ဠ နိဿာရဓမ္မသုတ် ၃၉၂
အ ပိယဇာတိကသုတ် ၃၉၆

http://www.dhammadownload.com

နိဒါန်း

ဇေယျတု။ ။ငါတို့မြတ်စွာဘုရားသည် ပါရမီ သုံးဆယ်၊ စွန့်ခြင်းကြီးငါးပါး၊ စရိယ သုံးပါးတို့ကို ဖြည့်ကျင့်တော်မူ၍ ဘိုးတော် အဋ္ဌနမင်းကြီး ထားခဲ့သော မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့်နေ့ အရဏ်တက်အချိန် လောက ထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူသတည်း။

ဘုရားအဖြစ်သို့ရောက်တော်မူလျှင် ကိုယ်တော်မြတ်၌ ရရှိတော်မူပြီးသော အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူ၍ ကြောင့်ကြမဲ့ နေတော်မမူဘဲ များစွာသော မြို့ရွာ နိုဂုံး ဇနပုဒ်တို့သို့ လှည့်လည်ကြွမြန်းတော်မူပြီးလျှင် ဖြည့်ဆည်းပူးပြီးသော ပါရမီရှိ၍ မဂ်ဖိုလ် ဥပနိဿယနှင့် ပြည့်စုံကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား သစ္စာလေးဖြာ မြို့ကရသာကို ကိုယ်တော်တိုင်း တိုက်ကျေး ငဇေ သောက်စေတော်မူပြီးလျှင် ဖြည့်ဆည်းပူးပြီးသော ပါရမီမရှိသေး၊ ပါရမီမရင့်သန်သေးကုန်သော သတ္တဝါတို့အား မနုဿ သမ္မတ္တိ၊ ဒေဝသမ္မတ္တိ ဟူသော သမ္မတ္တိ နှစ်ပါးနှင့် ပြည့်စုံခြင်း၏ အကြောင်းကို ဟောပြတော်မူ၍ သူတော်ကောင်းတရား တည်းဟူသော ရောင်ခြည်ကို ထွန်းလင်း တောက်ပစေတော်မူပြီးလျှင် သက်တော်ရှစ်ဆယ်၊ ဝါတော် လေးဆယ့်ငါး ဝါစေ့၍ သက်တော်ထင်ရှားရှိစဉ် ကိုယ်တော်တိုင် ရွှက်ဆောင်ရန် ဗုဒ္ဓကိစ္စ ဗုဒ္ဓဝေနေယျ ပြီးဆုံးကုန်ခန်းသဖြင့် ပရိနိဗ္ဗာန် စံတော်မူလေသတည်း။

ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသည့်နောက်လည်း အနှစ်ငါးထောင် ကာလပတ်လုံး သူတော်ကောင်း တရားတည်းဟူသော ရောင်ခြည်ထွန်းလင်း တောက်ပ၍ ထိုအတွင်း၌ ဖြစ်ကြကုန်သော နတ် လူ ဗြဟ္မာ သတ္တဝါ တို့အားလည်း နိဗ္ဗာန သုခနှင့် သမ္မတ္တိ နှစ်ပါးကို ရကြစေခြင်းငှာ ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိဝေဓ သဒ္ဓမ္မဟူသော သာသနာ သုံးရပ်ကို ထားတော်မူခဲ့သတည်း။

ထို သာသနာသုံးရပ်သည် ဘုရားပွင့်တော်မူရာ မဇ္ဈိမ ဒေသမှစ၍ များစွာသော တိုင်း၊ နိုင်ငံ၊ မြို့၊ ရွာ၊ နိုဂုံး၊ ဇနပုဒ်၊ ပစ္စန္တရစ် အရပ်များ၌ ပျံ့နှံ့၍ တည်တော်မူ၏။

အချို့သော တိုင်း နိုင်ငံ မြို့ပြပြည်ရွာများ၌ကား ဘုရားသားတော်ဖြစ်ကုန်သော ရဟန်း သံဃာတော်တို့၏ သင်အံ ပို့ချ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ သီလ၊ သမာဓိ၊ ဝိပဿနာနှင့် ပြည့်စုံခြင်း၊ သစ္စာလေးပါးကို သိမြင်ကြခြင်းကြောင့်လည်းကောင်း၊ သာသနာတော်၌ သက်ဝင် ယုံကြည်ခြင်း ရှိကြကုန်သော မင်း မှူးမတ် စသော

http://www.dhammadownload.com

ဒါယကာ ဒါယိကာမ တို့၏ ချီးမြှင့်ထောက်ပံ့ လှူဒါန်း ရိုသေကြည်ညိုလေးစားသာသနာတော် ထွန်းလင်းတောက်ပ စည်ကားစေ၏။

အချို့သော တိုင်း နိုင်ငံ မြို့ပြ ပြည်ရွာများမှာကား သာသနာတော်ကို မသက်ဝင် မယုံကြည်။ သာသနာတော်၏ ဆန့်ကျင်ဘက် ရန်သူဖြစ်ကုန်သော ရဟန်း ပုဏ္ဏားမင်း မှူးမတ် စသော သူတို့သည် နှိပ်စက် ဖိစီး လွှမ်းမိုးခြင်း တည်းဟူသော အညစ်အကြေးများကြောင့် မထွန်းလင်း မတောက်ပဘဲ ပျောက်ပ ကွယ်သုဉ်းရလေသည်။

ဤသို့လျှင် ငါတို့မြတ်စွာဘုရား သာသနာတော်ကြီးသည် တစ်ရံတစ်ခါ ထွန်းလင်းတောက်ပ၍ တစ်ရံတစ်ခါမှာ မှေးမှိန် နေလေသည်။ လောကဌ် မင်းနှင့်တကွသော လူအပေါင်းသည် တစ်ရံတစ်ခါမှာ လောကုတ္တရာဘက်ကိုသာ အရေးစိုက်၍ လိုက်စား၏။ ထိုအခါမှာ သာသနာတော် ပွင့်လင်းစည်ကားသည်။ တစ်ရံတစ်ခါမှာ လောကီဘက်ကိုသာ အရေးစိုက်၍ လိုက်စားသူပေါများ၏။ ထိုအခါမှာ သာသနာတော် မပွင့်လင်း မှေးမှိန်နေလေသည်။

> "ဤသို့လျှင် သာသနာတော် ငါတို့ မြန်မာနိုင်ငံသို့ အစဉ်ရောက်လာသဖြင့် ယနေ့ထက်တိုင်အောင် ထွန်းလင်း တောက်ပလျက် ရှိသော သာသနာတော်သည် မည်သည့် အခါက ရောက်လာပြီးလျှင် မည်သည့်အခါမှာ ထွန်းလင်းတောက်ပ၍ မည်သည့်အခါမှာ မှေးမှိန်နေကြောင်းဖြင့်လည်းကောင်း၊ ယခုအခါ ထင်ရှားရှိကြကုန်သော ရဟန်းရှင် လူ ဗုဒ္ဓဘာသာ ဝင်သူဖြစ်ကြကုန်သော သူတို့၏ သန္တာန်၌ စွဲကပ်တည်ရှိသော သာသနာတော်သည် ဘယ်ကဆင်းသက်ဆက်နွယ်လာသော သာသနာတော်နည်းဟု အမေးရှိပါလျှင် ဖြေကြားနိုင်ရန် သာသနာတော် အစူအစဉ် ဆရာဝင် အဆက်များကို ရေးသားတော်မူပါ"

ဟုတောင်းပန် လျှောက်ထားကြသဖြင့် အာစရိယ ပရမ္မရ၊ ဆရာစဉ်ဆက် ဘုရားလက်ထက်တော်က ဆင်းသက်၍ ယခုထက်တိုင် မယိမ်းယိုင်ဘဲ လာခဲ့ကြောင်းနှင့် တကွ သာသနာတော်နှင့် စပ်လျဉ်းသော အရာ ဌာနတို့တွင် သိအပ် သိသင့် သိထိုက် သိရမည် အမှန်ဖြစ်သော "သာသနဗဟုသုတ" အချက်စုကို ဖော်ပြပါရှိ စေလျက် ပါဠိတော် အဋ္ဌကထာ ဋီကာ ယောဇနာဂဏ္ဌိ သာသနာဆက်ကို ပြဆိုရာ မဟာဝံသ၊ ဒီပဝံသ၊ သာသနာဝံသ စသော ဂန္ထန္တရတို့နှင့် ညီနှိုင်းတည်းဖြတ်၍ ရန်ကုန်မြို့ အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက် ဂန္ဓဝါစက အရှင်ရာဇိန္ဒ မထေရ်သည် ရဟန်းရှင် လူ ဗုဒ္ဓဘာသာဝင် ဖြစ်ကြကုန်သော သူတို့၏ အကျိုးငှာ ရေးသား ပြုပြင် စီရင်တော် မူအပ်သတည်း။

http://www.dhammadownload.com

အတ္ထုပ္ပတ္တိသနကိုပယ်ခြင်း

ရှေးဦးရေးသားအပ်ပြီးသော သာသနာစဉ်ဆက်ကို ပြဆိုရာ-

-သာသနာလင်္ကာရကျမ်း၊

-ဝံသဒီပနီကျမ်း

-ဝံသမာလာကျမ်း

အစရှိသောကျမ်းများလည်း ရှိပြီး ဖြစ်လင့်ကစား ထိုကျမ်းများသည် အင်းဝ အမရပူရ မင်းများ လက်ထက်မှာ ရေးသားသော ကျမ်းများသာ ဖြစ်၍ အင်းဝ အမရပူရ မင်းများတိုင်အောင်သာ မင်းဆက်နှင့်တကွ သာသနာဆက်ကို ပူးတွဲ၍ ပြဆိုနိုင်ကြလေသည်။ ရတနာပုဋ္ဌ မည်သော မန္တလေးရွှေမြို့တော်ကြီးတိုင်အောင် မပြဆိုနိုင်ကြလေ။

ထို့ကြောင့် ရတနာပုဋ္ဌ မန္တလေး ရွှေမြို့တော်ကြီး၌ စံနေသောသာသနာပြုမင်း သာသနာ့ဒါယကာမင်း ဖြစ်ကြသော ပဋ္ဌမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီးနှင့် သားတော် သီပေါမင်းတရားကြီးတို့၏ လက်ထက်၌ ကြီးပွား ထွန်းကားသော သာသနာဆက်ကိုလည်း နောက်သားနောင်လာတို့ သိရှိရန်နှင့် တကွ သာသနာ့ဒါယကာ သာသနာပြု မြန်မာမင်းတို့ အဆက် ပြတ်သွားပြီးနောက် အင်္ဂလိပ်မင်းများ လက်ထက် သာသနာ အဆက် ထိုအင်္ဂလိပ်မင်းများသည် ဗုဒ္ဓမြတ်စွာသာသနာကို မည်မျှလောက်သာ ချီးမြှောက်၍ မည်မျှလောက်သာ ကြီးပွားစေပြီးလျှင် သာသနာတော် အတိုး အဆုတ်ကို နောက်သားနောင်လာတို့ သိရှိကြရန် လိုအပ်လှသဖြင့် မန္တလေး ရွှေမြို့တော် သာသနာပြု မြန်မာမင်းနှစ်ပါးနှင့်တကွ အင်္ဂလိပ်မင်းများ လက်ထက်သာသနာသက္ကရာဇ် (၂၄၇၀) ကောဇာ သက္ကရာဇ်(၁၂၈၈)ခုနှစ် တိုင်အောင်သော သာသနာဆက်ကို ရေးသားရခြင်း ဖြစ်သတည်း။

ထိုမှတစ်ပါးလည်း ငါတို့မှိရာ သာသနာတော်ကြီးသည် ငါတို့ငယ်ရွယ်စဉ် အခါကနှင့်မတူ၊ ငါတို့လက်ထက်တွင်ပင် သိသိသာသာ ဆုတ်ယုတ်ပျက်ပြား လာပြီးလျှင် သာသနာတော်၌ သိအပ် သိသင့် သိထိုက်သော သာသနာဇဟုသုတမှလည်း ဆုတ်ယုတ်ပျက်ပြားသောအချက်စုကို ဖော်ပြ၍ ငါတို့လက်ထက်တွင် ဖြစ်ပျက်နေသော သာသနာတော် အကြောင်းကို နောက်သားနောင်လာတို့ သိစေခြင်းငှာ ရေးသားရလေသတည်း။

နိဒါန်းပြီးပြီ။

မိခင်ဧရာဝတီ

http://www.dhammadownload.com

သာသနဇဟုသုတပွင့်ကာသနီ

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့်ပဋိညာဉ်

၁။ နမောတဿ ပဏာမအကြောင်း

အရဟတော၊ အခေါင် နင်းနှိမ်နောင်ဖျင်းသိမ်၍ တစ်ကြိမ်မလှန် တစ်ဖန်အသစ်မဖြစ်စေတတ် အရဟတ္တမဂ် ဉာဏ် သန်လျက်ဖြင့် ပယ်ဖျက်သုတ်သင် နုတ်ငင်ချိုးဖြတ် သတ်တော်မူပြီးသောအကြောင်းကြောင့် တစ်ထောင့်ငါးရာ ကိလေသာမှ လွန်စွာ ဝေးတော်မူပြီးထသော။ ၀ါ-လောကသုံးဖြာ သတ္တ၀ါကို ချမ်းသာအလုံး ဆုံးရှုံး ကွယ်ပျောက် ဒုက္ခရောက်အောင် မွေနှောက် ကန့်ကွက် နှိပ်စက်မှောင့်ရောင့် ပိတ်ဆီးနှောင့်သား တစ်ထောင့်ငါးရာ ကိလေသာမှန်တွင်းပရန်ကို ပဟာန် အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက် သုတ်သင် နုတ်ငင်ချိုးဖြတ် သတ်တော် မူပြီးထသော။ ၀ါ- ဉာဏ်၏ ကြည်ရာ မဟာဗောဓိ ပင်သီရိ၀ယ် ဝိရိယ ခြေ သီလ မြေ၌ တည်နေပြီးလျက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယ ဉာဏ ပုဆိန် စွဲချိန် ကိုင်ကာ သံသရာစက် အကန့်ကွက်ကို ချိုးဖျက်တော် မူပြီးထသော။ ၀ါ-သုံးဘုံရပ်သူ နတ်လူဗြဟ္မာ သတ္တ၀ါတို့၏ သဒ္ဓါ ကြည်ဖြူ ပူဇော်သက္ကာရ ဝိသေသပစ္စည်း အနည်းနည်းလျှူရန်ကို ခံတော်မူထိုက်ထသော။ ၀ါ-မြင်၊ ကြား၊ သိသူ ဘယ်လူမနီး ပိတ်ဆီးကွယ်ကာ ဆိတ်ငြိမ်ရာ၌ ရဲခါတစ်ဆစ် အညစ်အကျူ မကောင်းမှုကို ပြုလေ့ရှိတော် မမူထသော သမ္မာ သမ္မုဒ္ဓဿ မဖောက်မပြန် ကောင်းမွန်စွာဖြင့် နည်းသင့်မရှာ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင်သာ ငါးဖြာ ဥယျ၀ မမှုလုံးစုံ တရားပုံကို အာရုံပြု.ပြု.ကြွင်းမဲ့တိတိဉာဏ်မျက်စိဖြင့် သိမြင်တော် မူပြီးထသော။ ၀ါ-မချွတ်မလွဲအမြဲဟုတ်မှန် ဧကန္တသား စင်စစ်အားဖြင့် တစ်ပါးနတ်လူ လှောက်ကူဆော်ကြိုး မနိုးစေဘဲ မနှိုးဘဲသာ ၀ါသနာသတ္တိ ကပ်ငြိရှိန်စေ် အာနုဘော်နှင့်တကွ မောဟငိုက်မိန်းစက်ကိန်းထန်ပြင်းသန်.ရှင်းကြည်ချမ်း မသမ်းမည်းအလိုလို နိုးတော် မူပြီးထသော။ ၀ါ-နေအရုဏ်သင့်ပဒုမ္ပင်သို့ အသင့်ပေါင်းရုက် အဂ္ဂမဂ်ကြောင့် နှိုင်းဖက်မရှိ အပရိမိတ ဂုဏ်အထူးကျေးဇူးများစွာ တန်းဆာဂုဏ်ရှင် သဗ္ဗညုတ ဉာဏ်တော်ရ၍ မွေးလုကြိုင်လွင့်

http://www.dhammadownload.com

ကားကားဆင့်လျက် ပွင့်ပ၊ နတ်လူဘယ်သူမဆို လိုလိုမုံရင့် ကိုးဂုဏ်တင့်၍ ပွင့်တော်မူပြီးထသော။ ၀ါ–ဘူမိရွေညာ ခေမာအောင်ခန်း လမ်းခရီးဦး ရန်ဆူးရန်ငြောင့် မနှောင့်မယှက် မခက်မထိ မငြိ မတွယ် တင့်တယ် လျောက်ပတ် ထူးမြတ်ကောင်းမွန် ရှေ့ညွှန်နတ်လူ ဘယ်သူမပြ အရိယမဂ်လမ်းဖြင့် ရွေနန်းနိဗ္ဗာန်သို့. ရွေဉာဏ်ရှေးရှု အာရုံပြုသောအားဖြင့် ကြွသွားတော်မူပြီးထသော။ တသ ဘဂဝတော၊ ထိုကျသရိယ စသည့်အပြား ဘုန်းခြောက်ပါးရှင် ဘုရားရှင်အား။ နမော၊ ကာယ ဝစီ မနောချီလျက် သုံးလီဒွါရ ပဏာမဖြင့် ကြည့်ဆွသဒ္ဓါ ရှိခိုးပါ၏။

[ဤကျမ်းဦးအစဉ် "နမော တသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓသ" ဖြင့် ပဏာမ မူ၍ ထို နမောတသ ပဏာမ၏ အနက်ကို နောက်သားနောင်လာတို့ နည်းယူမှတ်သား ကျက်အံ့ထား၍ ဇဟုသုတ များစိမ့်သောငှာ ထိုထို အဋ္ဌကထာ ဋီကာတို့၌ ဖွင့်ပြသည်နှင့်အညီ ရှေးပညာရှိတို့ အနက်သမ္မန်ကြသည့် အတိုင်း သမ္မန်သော အနက်ဖြစ်သည်။]

၂။ နမော တသ အတ္ထုပ္ပတ္တိကို ပြခြင်း

ဤ "နမော တသ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓသ"ဟူသော ကျမ်းဦး ပဏာမသည် သဂါထာ ဝဂ္ဂ သံယုတ် ပါဠိတော် ဗြာဟ္မဏသံယုတ် အရဟန္တ ဝဂ်၌ လာရှိ၏။ ၎င်း သဂါထာ ဝဂ္ဂ သံယုတ်၌ လာပုံအကြောင်း အတ္ထုပ္ပတ္တိကား– ဘုရား၊ တရား၊ သံဃာ၌ အလွန် ကြည်ညိုခြင်း ရှိသော ဓနဥာနီ အမည်ရှိသော ပုဏ္ဏေးမသည် အမြဲမပြတ် ဥဒါန်းကျူးသော အားဖြင့် လာရှိသည်။ ထို ဓနဥာနီအမည်ရှိသော ပုဏ္ဏေးမသည် သူ၏ အိမ်ရှင်ဖြစ်သော ပုဏ္ဏားကြီးက "ရှင်ဂေါတမ၏ ချီးမွမ်းစကားကို ဆိုသော ဤနမောတသ စသော ဥဒါန်းစကားကို မရွတ်မဆိုနှင့် ရွတ်ဆိုလျှင် အသက်ဆုံးရှုံးအောင် သတ်ပစ်မည်"ဟု ခြိမ်းခြောက်သော်လည်း မနေ၊ ရွတ်မြဲရွတ်သောအားဖြင့် လာရှိသည်။

မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ဗြာဟ္မဏဝဂ် ဗြဟ္မာယုသုတ်၌လည်း ဗြဟ္မာယုပုဏ္ဏားကြီး ဘုရားရှိတော်မူရာသို့ ရှေးရှု လက်အုပ်ချီ၍ ဥဒါန်းကျူးသောအားဖြင့် လာရှိသည်။

သုတ် မဟာဝါ ပါဠိတော် သက္ကပဉှသုတ်၌လည်း သိကြားမင်းသည် နှစ်သက်ရွှင်လန်းသော စိတ်ရှိသည် ဖြစ်၍ လက်ဖြင့်မြေကို သက်သေအလို့ငှာ သုံးသပ်၍ သုံးကြိမ် ဥဒါန်းကျူးသောအားဖြင့် လာရှိသည်။

ဒုက အင်္ဂုတ္တိရ် ပါဠိတော် သမ စိတ္တ ဝဂ် ၌လည်း အာရာမ ဒဏ္ဍပုဏ္ဏားကြီးသည် မဟာ ကစ္စာယန မထေရ်အား "လောကဉ် ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ စသည်မှ

http://www.dhammadownload.com

လွန်မြောက်သောသူရှိပါ၏လော"ဟု မေးလျှောက်သောအခါ "ယခုအခါ သာဝတ္ထိပြည်၌ နေတော်မူသော မြတ်စွာဘုရားသည် ရာဂ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိစသည်မှ လွန်မြောက်တော်မူ၏"ဟု မိန့်သဖြင့် အာရာမ ဒဏ္ဍ ပုဏ္ဏားကြီးသည် နေရာမှထ၍ ဘုရားရှိတော်မူရာ အရပ်သို့လက်အုပ် ညွတ်ပြီးလျှင် သုံးကြိမ် သုံးခါ သဒ္ဒါ ဆွတ်နူး ဥဒါန်းကျူးသော အားဖြင့် လာရှိသည်။

ဤကမ္ဘာမှ ပြန်၍ရောသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဖုဿ မြတ်စွာဘုရား၏ ခမည်းတော် မဟိန္ဒမင်းကြီးသည် ဖုဿမြတ်စွာဘုရားအထံသို့ သွားပြီးလျှင်-

- ငါ၏သားအကြီးကား ဘုရား၊
- သားအငယ်ကား ပထမ အဂ္ဂသာဝက၊
- ပုရောဟိတ် ပုဏ္ဏားသားကား ဒုတိယ အဂ္ဂသာဝကတည်း။

ဟု ဝမ်းမြောက်လှသဖြင့် သားတော် ဘုရားနှင့် သားတော် အဂ္ဂသာဝက တို့ကို ကြည့်ရှု၍ "နမော တဿ ဘဂဝတော် အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု၊ သုံးကြိမ်း ဥဒါန်းကျူးကြောင်းဖြင့် ခမ္မပဒ ပါဠိတော် သာရိပုတ္တမောဂ္ဂလာနတွေရဝတ္ထု "အသာရေ သာရ မတိနော"စသော နှစ်ဂါထာ အဖွင့် ခမ္မပဒ အဋ္ဌကထာ၌လည်း လာရှိ၏။

ထို့ကြောင့် ဤ "နမော တဿ" ပဏာမကို "ပေါရာဏဥဒါနပဏာမ"ဟု ဆိုသင့်လေသည်။

"ဥဒါန်း"ဆိုသော စကားသည် နှစ်သက်ခြင်း ပီတိ အဟုန်သည် ဖြစ်စေအပ်သော ဝမ်းမြောက်ဝမ်းသာ ဆိုသောစကားကို "ဥဒါန"ဟု ဆိုသည်၊ ဆီသည် ဆီအိုးပေါ်မှ ပိုလျှံမောက်မို့၍ လျှံကျဘိသကဲ့သို့ ထို့အတူ နှစ်သက်ခြင်း ပီတိအဟုန်သည် ဖြစ်စေအပ်သော စကားသည် အတွင်းနလုံးသားတွင် မရပ်မတည်နိုင်ဘဲ ဝစီဒွါရဖြင့် အပြင်ဘက်သို့ ထွက်လာသော ဝမ်းမြောက် ဝမ်းသာ ဆိုသော အသံထူးဟု မှတ်ယူရာ၏။

ထို့ကြောင့် ဤ"နမော တဿ"ဟူသော ပဏာမ စကား ပါရှိသောပါဠိတော် အဋ္ဌကထာတို့၌ ဥဒါန သဒ္ဒါနှင့်တွဲဖက်လျက် ပါရှိသောကြောင့်ထို "နမော တဿ"ဟူသော စကားကို "ဘုရားဂုဏ်တော်၌နှစ်သက်ခြင်း ပီတိအဟုန် ပြင်းထန်သော သူတို့ ရွတ်ဆိုအပ်သော ဥဒါန်းစကား"ဟု မှတ်အပ်၏။

ဤ "နမော တဿ" အကြောင်းနှင့် စပ်လျဉ်း၍ ပြဆိုအပ်သော ကျမ်းငယ် များ၌ကား -

- သာတာဂီရိနတ်သည် "နမော"ဟုဆို၍
- အသူရိန် နတ်မင်းသည် "တဿ"ဟုဆို၍

http://www.dhammadownload.com

- စတုမဟာရာဇ် နတ်မင်းသည် "ဘဂဝတော"ဟု ဆို၍
- သိကြားမင်းသည် "အရဟတော"ဟု ဆို၍
- ဗြဟ္မာမင်းသည် "သမ္မာသမ္ဗုဒ္ဓဿ"ဟု ဆို၍

အသီးအသီး တစ်ပုဒ်စီ ရှိခိုးကြသည်ဟု-

သာတာဂိရိ နမော ယက္ခော၊ တဿ စ အသူရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊ သက္ကော အရဟတော တဿ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဇေတ ပဋ္ဌ နမဿန္တိ။[၁]

စသည်ဖြင့် ဂါထာဗန္ဓ စုဏ္ဏိယဗန္ဓ လင်္ကာ ကဗျာတို့နှင့် သီကုံး စပ်ဆိုကြ သည်ကို တွေ့ရှိဖူး၏

-အရိမဒ္ဒနာမည်သော ပုဂံမြို့နေ မထေရ်တစ်ဦးစီရင်သော ကျမ်းနက် ခေါ်တွင်သော သဒ္ဒါငယ်ကျမ်း၌လည်း ဂါထာဗန္ဓနှင့်တွေ့ရှိဖူး၏။

- ဝိဇယပုရမည်သော ပင်းယမြို့၌ နေသော အမည်မသိ မထေရ်စီရင် သော ကစ္စာယနဘေဒန္ဒီကာသစ်၌လည်း "တထာဟိ သာတာ ဂိရိ ယက္ခော နမော နမောတိ ဝန္ဒနံ ကရောတိ" စသည်ဖြင့် စုဏ္ဏိယ ဗန္ဓနှင့် အဆိုရှိ၏။

-လင်္ကဝေနော်ရထာဆို ယိုးဒယားနိုင် မော်ကွန်းတွင်လည်း တစ်ပုဒ်စီ ရှိခိုးကြောင်း အဆိုရှိ၏။

ထိုကျမ်းများ၌ "ဘယ်ကာလ- ဘယ်အခါက ရှိခိုးကြောင်း၊ ဘယ်ရဟန္တာ အရှင်သူမြတ်တို့ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူသော အစီအစဉ်ဖြစ်အောင် ပေါင်းရုံး ဖွဲ့စည်း၍ထားသည်"ဟု အသေအချာအဆိုမရှိသည်လည်း တစ်ကြောင်း၊ သင်္ဂါယနာဝင်ကျမ်းဂန်များ၌ အဆို မရှိသည်လည်းတစ်ကြောင်း၊ ထို အကြောင်းများကြောင့် ဤ "နမောတဿ"ဟူသော ကျမ်းဦးပဏာမကို နတ် ငါးဦးတို့ အသီးအသီး တစ်ပုဒ်စီရွတ်ဆို ရှိခိုးကြသည်ဟူသော စကားကို အခိုင်အမာ မယူသင့်ပေ။ ပြဆိုခဲ့ပြီးသော ပါဠိတော် အဋ္ဌကထာ လာတိုင်းသာ အခိုင်အမာ ယူသင့်သည်။

ဤသည်လျှင် "နမော တဿ"
ပဏာမ စသည် စကားတစ်ရပ် အပြီးသတ် သတည်း။

၁။ သဒ္ဒါကျမ်းနက်၊ ဂါထာ ဂ။ သဒ္ဒါငယ်ဋီကာ၊ တ၊ ၁၀၄။ ကစ္စာယနဘေဒ ဋီကာသစ်၊ ၃-ပရိစ္ဆေဒ။

http://www.dhammadownload.com

၃။ ပဋိညာဉ်

သဒ္ဓမ္မံ ဇောတယိတ္ထာန၊ နိဗ္ဗုတမ္မိ သသာသနံ။
ပဋ္ဌ ဝဿ သဟဿာနိ၊ တိဋ္ဌာပေတိ မဟာမုနိ။

မဟာမုနိ –မုနိငါးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ သဒ္ဓမ္မံ သူတော်ကောင်းတရားကို၊ ဇောတယိတ္ထာန – ဒေသယိတ္ထာန ဟောပြောတော်မူပြီး၍ (တစ်နည်း) သဒ္ဓမ္မံ – သဒ္ဓမ္မရုံသိ သူတော်ကောင်းတရား တည်းဟူသော ရောင်ခြည်ကို၊ အဂ္ဂိခန္ဓံဝ မီးပုံကြီးကဲ့သို့၊ ဇောတယိတ္ထာနလေးဆယ့်ငါးဝါ ရှည်ကြာပတ်လုံး အံ့မဆုံး အောင် ညှိထွန်းတောက်ပစေတော် မူပြီး၍၊ နိဗ္ဗုတမ္မိ ခန္ဓာတော်ကမ္မဇရုပ် အကြွင်းချုပ်၍ အနုပါဒသေသနိဗ္ဗာန် ခံ စံတော်မူသွားသော်လည်း၊ သသာသနံ ကိုယ်တော်မြတ် သာသနာကို ဝါ– ကိုယ်တော်မြတ်၏ ခံတွင်းအာလုပ် ကြာကုမုဒ်မှ ထုတ်ပြဟောကြား ဆုံးမစကားကို၊ ပဋ္ဌ ဝဿ သဟဿာနိ အနှစ် ငါးထောင် ရှည်ကြာအောင်ပင်၊ တိဋ္ဌာပေတိ မဆုတ်မနစ် တည်ရစ် စေတော်မူခဲ့သေး၏။

(၁) အဂါရမုနိ
(၂) အနဂါရမုနိ
(၃) သေက္ခမုနိ
(၄) အသေက္ခမုနိ
(၅) ပစ္စေကမုနိ[၁]

ဟူသော မုနိ ငါးပါးတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် သူတော်ကောင်းတရား တည်းဟူသော ပိဋကတ်သုံးပုံကို ကိုယ်တော်တိုင် ဟောကြားတော်မူပြီး၍ ပရိနိဗ္ဗာန် စံလွန်သွားတော် မူသော်လည်း ကိုယ်တော်မြတ် ဟောကြားတော် မူအပ်သော ပိဋကတ်သုံးပုံ တည်းဟူသော နှုတ် တံဆိပ်တော် သာသနာတော်ကို မရုပ်မသိမ်းဘဲ အနှစ်ငါးထောင် ကာလပတ်လုံး တည်ရစ် စိမ့်သောငှာ ဓိဋ္ဌာန်၍ ထားတော်မူခဲ့သတည်း။

ထိုမြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော် အပြားနှင့်တကွ သာသနာတော်ပျံ့နှံ့၍ အစဉ်ရောက်ပုံ၊ သာသနာဝံသ သာသနာတော်ကို ကြည်ညိုကုန်သော မင်းတို့သည် သာသနာတော်ကို ချီးမြှောက်ပြုစုပုံ သာသနာနဂ္ဂဟ စသော အကြောင်းတို့ဖြင့် တန်ဆာဆင်အပ်သော "သာသနဗဟုသုတပွကာသနီ" မည်သော ကျမ်းကို ရေးသားအံ့သတည်း။

၁။ မုနိမုနီ ထည့်လျှင် မုနိ ၆–ပါး၊ စူဠနိပါတပါဠိ၊ ၇၃၊၇၄။

http://www.dhammadownload.com

မင်္ဂိုလ်မဇ္ဈေသာသနာ

(၁) သာသနာသုံးပါးကိုပြဆိုခြင်း

"သာသနံ နာမ ဟောတိ တိဝိဓံ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ ဝသေန"[၁] ဟူသည်နှင့် အညီ သာသနာတော်သည်-

(၁) ပရိယတ္တိသာသနာ
(၂) ပဋိပတ္တိသာသနာ
(၃) ပဋိဝေဓသာသနာ

ဟူ၍ သုံးပါးရှိ၏။

ထို သုံးပါးတို့တွင် အလုံးစုံသော ဘုရား စကားတော်သည် ပရိယတ္တိသာသနာ မည်၏။ ထို အလုံးစုံသော ဘုရားစကားတော်သည် သင်ကြားအပ်သောကြောင့် ပရိယတ္တိမည်၏။ ဆုံးမတတ်၊ ဆုံးမရာ၊ ဆုံးမကြောင်း ဖြစ်သောကြောင့် သာသနာ မည်၏။ "သင်ကြားအပ်၊ ဆုံးမတတ်၊ နှစ်ရပ်ကိုစပ်၍ ပရိယတ္တိ သာသနာ" ဟု ခေါ်ဆိုရ၏။

ပဋိပတ္တိ သာသနာ ဆိုသည်မှာ -

တစ်ဆယ့်သုံးပါးသော ဓူတင် ဝတ္တ ခန္ဓကဋ္ဌ ဟောတော်မူအပ်သော-

၁။ အာဂန္တုက ရဟန်းတို့သည် ပြုအပ်သော ဝတ်၊
၂။ အာဝါသိက ရဟန်းတို့သည် ပြုအပ်သော ဝတ်၊
၃။ ခရီးသွားသော ရဟန်းတို့သည် ပြုအပ်သော ဝတ်၊
၄။ အနုမောဒနာ ပြုရာ၌ ပြုအပ်သော ဝတ်၊
၅။ ဆွမ်းစားဇရပ်၌ ပြုအပ်သော ဝတ်၊
၆။ ဆွမ်းခံရာ၌ပြုအပ်သော ဝတ်၊
၇။ တောကျောင်းဆောက်တည်သော ရဟန်းတို့သည် ပြုအပ်သော ဝတ်၊
၈။ ကျောင်း၌ပြုအပ်သော ဝတ်၊
၉။ ဇရုံးအိမ်၌ ပြုအပ်သော ဝတ်၊

၁။ နေတ္တိအဋ္ဌကထာ - ၁၀။

http://www.dhammadownload.com

၁၀။ ဝစ္စကုဋိဌ် ပြုအပ်သော ဝတ်၊
၁၁။ ဥပဇ္ဈာယ်ဆရာဌ် ပြုအပ်သော ဝတ်၊
၁၂။ သဒ္ဒါ ဝိဟာရိက တပည်ဌ် ပြုအပ်သော ဝတ်၊
၁၃။ နိဿရည်းဆရာ ဓမ္မာစရိယ ဆရာတို့ဌ် ပြုအပ်သော ဝတ်၊
၁၄။ အန္တေဝါသိက တပည်ဌ် ပြုအပ်သော ဝတ်၊

ဤတစ်ဆယ့်လေးပါးသော ဝတ်၊

သီလ၊ သမာဓိ၊ ဝိပဿနာ၊ ဤအလုံးစုံသည် ကျင့်အပ်သောကြောင့် ပဋိပတ္တိ မည်၏။

ထို ပဋိပတ္တိအကျင့်သည်ပင်လျှင် "ဆုံးမတတ်၊ ဆုံးမရာ၊ ဆုံးမကြောင်း ဖြစ်သောကြောင့် ပဋိပတ္တိ သာသနာမည်၏"ဟု ခေါ်ဆိုရ၏။

ပဋိဝေဓသာသနာ ဆိုသည်မှာ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ သစ္စာလေးပါး၊ နိဗ္ဗာန် ဟူသော တရားစုကို ထိုးထွင်း၍ သိမြင်ခြင်းသည် ပဋိဝေဓမည်၏။ ထိုသို့ ထိုးထွင်း၍ သိမြင်ခြင်း သည်ပင်လျှင် "ဆုံးမတတ်၊ ဆုံးမရာ၊ ဆုံးမကြောင်း ဖြစ်သောကြောင့် ပဋိဝေဓ သာသနာမည်၏"ဟု ခေါ်ဆိုရ၏။

(၂) ပရိယတ္တိ ဟူသော ဘုရားစကားတော်ကို ခွဲဝေ၍ ပြခြင်း

ထိုတွင် ပရိယတ္တိ သာသနာ၏ အရ ဖြစ်သော ဘုရားစကားတော်သည် အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း ဟူသော ကိစ္စအားဖြင့် တစ်ပါးသာရှိ၏။

ဓမ္မ၊ ဝိနယ ခွဲဝေသော အားဖြင့် နှစ်ပါးရှိ၏။

သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော တည်ရာ ပိဋကတ်အားဖြင့် သုံးပါး ရှိ၏။

တစ်နည်း– ပထမစကားတော်၊ မဇ္ဈိမစကားတော်၊ ပစ္ဆိမစကားတော် ဟူသော စကားတော်အားဖြင့် သုံးပါးရှိ၏။

ဒီဃ နိကာယ်၊ မဇ္ဈိမ နိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တရ နိကာယ်၊ ခုဒ္ဒက နိကာယ်၊ ဟူသော အပေါင်း နိကာယ အားဖြင့် ငါးပါးရှိ၏။

သုတ္တ၊ ဂေယျ၊ ဝေယျာ၊ ကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဟူသော ပိုင်းခြားမှတ်သားခြင်း အင်္ဂါ အားဖြင့် ကိုးပါးရှိ၏။

တရား အစုဟူသော ဓမ္မက္ခန္ဓာ၏ အားဖြင့် ရှစ်သောင်းလေးထောင် ရှိ၏။

http://www.dhammadownload.com

(၃) ဘုရားရှင်ထင်ရှား ရှိတော်မူစဉ် ပရိယတ်ကို ဆောင်ပုံ

ထိုဘုရားစကားတော် တည်းဟူသော ပရိယတ္တိ သာသနာတော်ကို ဘုရားရှင် သက်တော် ထင်ရှားရှိတော်မူစဉ် ကပင် အချို့သော ရဟန်းတို့သည် ပရိယတ္တိ အလုံးကို ကုန်စင်အောင် နှုတ်တက် အာဂုံ မဆောင်နိုင်ကြလေ။

အချို့သော ရဟန်းတို့သည် သုတ္တန်ကိုသာ ဆောင်နိုင်ကြကုန်၏။ ကြွင်း ပရိယတ်ကို မဆောင်နိုင်ကုန်။

အချို့သော ရဟန်းတို့သည် ဝိနည်း ပရိယတ်ကိုသာ ဆောင်နိုင်ကြကုန်၏။ ကြွင်း ပရိယတ်ကို မဆောင်နိုင်ကုန်။

အချို့သော ရဟန်းတို့သည် အဘိဓမ္မာ ပရိယတ်ကိုသာ ဆောင်နိုင်ကြကုန်၏။ ကြွင်း ပရိယတ်ကို မဆောင်နိုင်ကုန်။

အချို့သော ရဟန်းတို့သည် တစ်ခုသော ပရိယတ် ပိဋကတ် အလုံးကိုမဆောင်နိုင်ကြဘဲ တစ်စိတ်တစ်ဒေသ အချို့ အဝက်ကိုသာ ဆောင်နိုင်ကြကုန်၏။

အချို့သော ရဟန်းတို့ကား သုတ္တန် ဝိနည်း အဘိဓမ္မာ ဟူသော ပရိယတ် အလုံးကို နှုတ်တက်အာဂုံ ဆောင်တော်မူနိုင်ကြကုန်၏။

ဤကား ဘုရားရှင် သက်တော် ထင်ရှား ရှိတော်မူစဉ် ပရိယတ္တိ သာသနာတော်ကို ဆောင်ခဲ့ပုံတည်း။

(၄) သာသနာတော် ကွယ်ပျောက်ခြင်း၏အကြောင်းဖြစ်သော တောထွက်ရဟန်းကြီး သုဘဒ္ဒ၏စကား

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူ၍ (၇)ခုနစ်ရက်ရှိလျှင်ပင် ဘုရားရှင်၏ စကားတော် တည်းဟူသော ပရိယတ္တိ သာသနာတော် ကွယ်ပျောက်မှေးမှိန် ဆုတ်ယုတ်ခြင်း၏ အကြောင်း နိမိတ် အရိပ် အရောင် ပေါ်လာ၏။

ပေါ်လာပုံကား– အရှင်မဟာ ကဿပ မထေရ်ကြီးနှင့် တကွ ရဟန်းငါးရာတို့သည် ပါဝါပြည်မှ ကုသိနာရုံ ပြည်သို့ ခရီးသွားကြစဉ် လမ်းခရီးအကြား၌ တစ်ယောက်သော အာဇီဝက တက္ကဒွန်း၏ အထံမှ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီ ဟူသော စကားကို ကြားသဖြင့် အချို့သော ပုထုဇန် ရဟန်းတို့သည် မိမိတို့တွင် ဆောင်ယူလျက် ပါရှိသော သပိတ် ပရိက္ခရာတို့ကို စွန့်ပစ်လျက် အထူးထူး အပြားပြား ပြောဆို ငိုကြွေးမြည်တမ်း ကြကုန်၏။ ထိုသို့ ပုထုဇန် ရဟန်းတို့ ငိုကြွေး ကြသောအခါ သုဘဒ္ဒ

http://www.dhammadownload.com

မည်သော တောထွက်ရဟန်းကြီးက ပြောဆိုသည်မှာ-

"အလံ အာဝုသော မာ သော စိတ္ထ၊ မာ ပရိဒေဝိတ္ထ၊ သုမုတ္ထာ မယံ တေန မဟာ သမဏေန ဥပဒ္ဒုတာ စ ဟောမ၊ ဣဒံ ဝေါ ကပ္ပတိ ဣဒံ ဝေါ နာ ကပ္ပတီတိ၊ ဣဒါနိ ပန မယံ ယံ ဣစ္ဆိဿာမ တံ ကရိဿာမ ယံ နာ ဣစ္ဆိဿာမ နာ တံ ကရိဿာမ"

ဟု ပြောဆို လေသည်။

အာဝုသော၊ ငိုကြွေးကြသော ငါ့ရှင်တို့။ အလံ၊ ငိုကြွေးခြင်းငှာ မသင့်။ မာ သောစိတ္ထ၊ မစိုးရိမ်ကြကုန်လင့်။ မာ ပရိဒေဝိတ္ထ၊ မငိုကြွေးကြကုန်လင့်။ မယံ၊ ငါတို့သည်။ တေန မဟာ သမဏေန၊ ထို ရဟန်းကြီးဂေါတမမှ။ သုမုတ္ထာ၊ ကောင်းစွာ လွတ်ကုန်သည်။ အမှာ၊ ဖြစ်ကုန်ပြီ။ ဣဒံ၊ ဤအမှုသည်။ ဝေါ၊ သင်တို့အား။ ကပ္ပတိ၊ အပ်၏။ ဣဒံ ဤအမှုသည်။ ဝေါ၊ သင်တို့အား။ နာ ကပ္ပတိ၊ မအပ်။ ဣဒါနိ အာဒီနာ၊ ဤသို့ စသည်ဖြင့်။ ဥပဒ္ဒု- တာစ၊ နှိပ်စက်အပ်ကုန်သည်လည်း။ ဟောမ၊ ဖြစ်ကုန်၏။ ဣဒါနိ ပန၊ ယခု ပရိနိဗ္ဗာန် စံသွားပြီး မူကား။ မယံ၊ ငါတို့သည်။ ယံ ကမ္မံ၊ အကြင် အမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ ဣစ္ဆိဿာမ၊ အလို ရှိကုန်၏။ တမ္မိ ကမ္မံ၊ ထို မပြု သင့်သော အမှုကိုလည်း။ ကရိဿာမ၊ ပြုရ ကုန်တော့အပ်။ ယံ၊ ကမ္မံ၊ အကြင် အမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ နာ ဣစ္ဆိဿာမ၊ အလို မရှိကုန်။ တမ္မိ ကမ္မံ၊ ထို ပြုသင့်သော အမှုကိုလည်း။ နာ ကရိဿာမ၊ မပြုဘဲ နေရ ကုန်တော့အံ့။

ဤသို့ ဘုရား ပရိနိဗ္ဗာန် စံတော်မူ၍ ခုနစ်ရက်သာ ရှိပါသေးလျက် သုဘဒ္ဒမည်သော အာတုမပြည်သား တောထွက် ရဟန်းကြီးသည် ဘုရားမျက်နှာတော်ကိုမထောက်၊ မကြောက် မရှက် ရက်ရက်စက်စက် မငဲ့မညှာ ပြောဆိုခြင်းသည် ပရိယတ္တိ သာသနာတော် တည်းဟူသော ဘုရားစကားတော် ပျက်ကွယ် ဆုတ်ယုတ်ခြင်း၏ အကြောင်းနိမိတ် အရိပ် အရောင် ပေါ်လာခြင်းပင်တည်း။

ယခုအခါ သာသနာတော်တွင်းမှာလည်း ထိုသုဘဒ္ဒ ရဟန်းကြီး၏ အဆက် အနွယ်ဟု ဆိုလောက်သော အချို့သော တောထွက် ရဟန်းကြီးတွေသည် သိက္ခာပုဒ်ကို ရိုသေခြင်း တည်းဟူသော ပဋိပတ္တိနှင့်လည်း မယှဉ်၊ ပရိပတ္တိကိုလည်း မသင်ယူ၊ အဆုံးမကိုလည်း မခံယူလို၊ ဆုံးမမည့်သူလည်း မရှိ၊ ဆွမ်းခံလှည့်၍သာ စားသောက်နေသော တောထွက်ရဟန်းကြီးတွေ အများအပြား ရှိလေသည်။

ထိုသုဘဒ္ဒမည်သော တောထွက် ရဟန်းကြီးပြောဆိုခြင်းသည် ဘုရားပရိနိဗ္ဗာန် စံတော်မူခါနီး ရှင်အာနန္ဒာအား ဟောကြားဆုံးမ၍ ထားတော်မူခဲ့သော ဘုရားစကားတော် ရှိသည်ကို မသိခြင်းမျှ ဖြစ်သည်။

http://www.dhammadownload.com

ဟောကြား ဆုံးမ မှာထားခဲ့ပုံကား-

- ယော ဝေါ အာနန္ဒ မဟာ ဓမ္မော စ ဝိနယော စ ဒေသိ တော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ[1] ။

ဟု- ဟောကြား ဆုံးမ မှာထားတော် မူခဲ့သော စကားတော်ရှိလေသည်။

အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်တို့.အား။ ယော ဓမ္မောစ၊ အကြင် သုတ် အဘိဓမ္မာ ကိုလည်း။ ဒေသိတော၊ ဟောတော်မူခဲ့ပြီ။ ယော ဝိနယော စ၊ အကြင် ဝိနည်းကိုလည်း။ ပညတ္တော၊ ပညတ်တော် မူခဲ့ပြီ။ သော ဓမ္မဝိနယော၊ ထိုသုတ်၊ အဘိဓမ္မာ၊ ဝိနည်းသည်။ မမစ္စယေန၊ ငါဘုရား လွန်သဖြင့်။ ဝါ- ငါဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသဖြင့် သက်တော်ထင်ရှား မရှိသည့်နောက်။ ဝေါ၊ သင်တို့.၏။ သတ္ထာ၊ ဟောပြော ဆုံးမမည့် ဆရာတည်း။ တစ်နည်း- ဝေါ၊ သင်တို့.ကို သတ္ထာ၊ ဆုံးမလိမ့်မည်။

ထိုကြောင့် ယခုအခါ ရဟန်းရှင်လူတို့.ကို ဆုံးမမည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော ဘုရား စကားတော်ကြီး ထင်ရှားရှိသဖြင့် လွန်လေပြီးသော ဘုရားရှိ၏၊ လွန်လေပြီးသော ဆရာရှိ၏ ဟု မမှတ်မထင်ရာ၊ အဆုံးအမ မခံလိုသော သူတို့.၏အပြစ်သာဟု မှတ်ထင်ရာ၏။

၅။ ပထမ သင်္ဂါယနာ တင်ခြင်းငှာ အားထုတ်ခြင်း

ထိုသုဘဒ္ဒမည်သော အာတုမ ပြည်သား တောထွက် ရဟန်းကြီး၏ စကားကို ကြားလျှင် အရှင်မဟာကဿပ မထေရ်ကြီးမှာ နှလုံးသည်းပွတ် ကျွတ်၍ ကျမတတ် ဓမ္မ သံဝေဂ အစစ်ဖြစ်ကြီး ဖြစ်ပြီးလျှင် ဦးခေါင်း ထက်၌ မိုးကြိုးစက် ကျသကဲ့သို့ မှတ်ထင်တော်မူ၍ သာသနာတော်ကြီး တဖြည်းဖြည်းဆုတ်ယုတ် ကွယ်ပျောက် သွားမည့် အရေးကို သိရှိတော်မူ၍ မဆုတ်ယုတ် မကွယ်ပျောက်မီ၊ အဓမ္မ ဝါဒီ၊ အလဇ္ဇီ၊ ပါပဘိက္ခုတို့ အားမကြီးသေးမီ ပရိယတ္တိ သာသနာဟူသော ဓမ္မ၊ ဝိနယကို သင်္ဂါယနာ တင်တော်မူခြင်းငှာ အားထုတ်တော် မူရလေသတည်း။

ထိုအခါ ကုသိနာရုံပြည် ဘုရား ပရိနိဗ္ဗာန် စံတော်မူရာ၌ စည်းဝေးရောက်လာတော် မူကြသော သံဃာတော် အရေအတွက်ကား ဤမျှ ဤရွေ.ရှိ၏ဟု ရေတွက်ခြင်းငှာ

၁။ ဒီ၊ ၂၊ ၄၅၊ ၁၂၆။

http://www.dhammadownload.com

မစွမ်းနိုင်လေ၊ ဂဏာစရိယ ဂဏပါမောက္ခ ဖြစ်၍ ထင်ရှားသော သံဃာ့ မထေရ်ကြီးပေါင်း (၇၀၀,၀၀၀)ခုနစ်သိန်း အရေအတွက် ရှိလေသည်။ ထို ခုနစ်သိန်း အရေအတွက်ရှိသော သံဃာ့မထေရ်ကြီးများတွင်လည်း အရှင်မဟာကဿပ မထေရ်ကြီးသည် အကြီးဆုံး သံဃာ့ထေရ်ကြီး ဖြစ်တော်မူ၏။

ထိုသို့ အရေအတွက် မရှိ များပြားလှစွာသော သံဃာ့ အစည်းအဝေးတွင် ပိဋကတ် သုံးပုံအလုံးစုံ ပရိယတ္တိကို ဆောင်ကုန်သော ပဋိသမ္ဘိဒါ ပတ္တ တေဝိဇ္ဇ ဖြစ်၍ များသောအားဖြင့် ဧတဒဂ် အရာရရှိကုန်သော ရှင်အာနန္ဒာပါ ရဟန္တာ ငါးရာတို့ကိုသာ သင်္ဂါယနာ တင်ခြင်းငှာ ရွေးကောက်တော်မူ၏။

အလုံးစုံအင်္ဂါကိုးပါး ရှိသော ပရိယတ္တိကို ဆောင်နိုင်ကုန်သော၊ အရာအထောင်မက များပြားစွာသော၊ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်၊ သုက္ခဝိပဿက ရဟန္တာ၊ ဤပုဂ္ဂိုလ်များကို သင်္ဂါယနာ တင်ခြင်းငှာ ရွေးကောက်တော်မမူ။

(၆) ပထမ သင်္ဂါယနာ တင်ခန်း

ဘိုးတော် အဇာနမင်းကြီး ထားတော် မူခဲ့သော မဟာ သက္ကရာဇ်(၁၄၈) တစ်ရာ့လေးဆယ့်ရှစ်ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နံနက်အချိန် ဝိသာခါ နက္ခတ်နှင့် ယှဉ်၍ သက်တော်(၈၀) ရှစ်ဆယ်၊ ဝါတော်(၄၅) လေးဆယ့်ငါးဝါ အပြည့်တွင် လောကာဓိပတိ မုနိထွတ်ခေါင် မာရ်အောင်ရတနာ မဟာဓမ္မရာဇ် မင်းဆုံးဖြစ်တော် မူသော သဗ္ဗညု ရှင်တော်ဘုရားသည် သခါရဓမ္မကို လွန်ဆန်ခြင်းငှာ မတတ်နိုင်ရကား ရတနာ မဏ္ဍိုင် ဦးခိုင်ကြင့်နှံ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူ၏။

မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သုံးလအလွန်၊ လေးလအဝင် ဝါခေါင်လပြည့်ကျော် ငါးရက်နေ့ကစ၍ မဂဓတိုင်းအဝင် အပါ ဝေဘာရ၊ ဝေပုလ္လ၊ ပဏ္ဍဝ၊ ဂျသိဂိလိ၊ ဂိဈကူဋဟု ဆိုအပ်သော ငါးလုံးတောင်ယံ ခြံသို့ရံသောကြောင့် ဂိရိဗ္ဗ မည်သော ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံ စရည်းပင် ရောက်ရာလိုဏ်၌ အဇာတသတ် သမုနတ်လျှင် စီရင်ခင်းကျင်း ဖန်ဆင်းအပ်သော ဗြဟ္မဗိမာန် နှိုင်းတန်သာယာ မင်္ဂလာမဟာ မဏ္ဍပ်ကြီး၌ မိမိသာရ မင်းကြီး၏ သားတော် အဇာတသတ်မင်းကို အမှီပြု၍ အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာ အရှင်မြတ်တို့သည်-

http://www.dhammadownload.com

"ဝိနယော နာမ သာသနဿ အာယု ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ-[၁] ဝိနည်းမည်သည် သာသနာတော်၏ အသက်မည်၏။ ဝိနည်း တည်သည် ရှိသော် သာသနာ တည်၏။

ဟု ဆုံးဖြတ်တော်မူကြပြီးလျှင် ဝိနည်း ပိဋကတ်ကိုရွေးဦးစွာ သင်္ဂါယနာ တင်ခြင်းငှာ သံဃာ့ထေရ်ကြီး ဖြစ်တော်မူသော အရှင်မဟာ ကဿပသည် ဝိနည်း အရာ၌ ဧတဒဂ် ရတော်မူသော အရှင်ဥပါလိ မထေရ်ကို တရားပလ္လင်ထက်၌ ဆင်စွယ်ဖြင့် စီအပ်သော ယပ်ကိုကိုင်၍ နေစေပြီးလျှင်-

"ပထမံအာဝုသော ဥပါလိ ပါရာဇိကံ ကတ္ထ ပညတ္တံ"[၂] စသည်ဖြင့် "ငါ့ရှင် ဥပါလိ ပထမ ပါရာဇိကကို အဘယ်ပြည် အဘယ်အရပ်၌ ဘုရား ပညတ်တော်မူသနည်း"ဟု မေးတော်မူ၏။

အရှင်ဥပါလိသည်လည်း-

"ဝေသာလိယံ ဘဂ္ဂေ" စသည်ဖြင့် "ပထမပါရာဇိကကို ဝေသာလီပြည်၌ ဘုရား ပညတ်တော်မူပါသည်"ဟု ဖြေကြားတော်မူ၏။

ဒုတိယ ပါရာဇိက၊ တတိယ ပါရာဇိက၊ စတုတ္ထ ပါရာဇိက တို့ကိုလည်း ဤသို့နှင့်နှင် မေးတော်မူ ဖြေတော်မူပြီးလျှင် ဝိနည်း ပိဋကတ် သိက္ခာပုဒ် အလုံးကိုလည်း တစ်ပုဒ်မကျန် မေ့တော်မူ ဖြေတော်မူကုန်၏။

ဤသို့ မေးတော်မူဖြေတော်မူရခြင်းသည် နောက်အခါ ပါဝဘိက္ခုတို့ အမြွက် မထောင်နိုင်စိမ့်သောငှာ မေးတော်မူဖြေတော်မူ ရလေသည်။ အဘယ်ကဲ့သို့ ပါဝဘိက္ခုတို့ အမြွက်ထောင်ရာသနည်း ဟူမူကား နောက်အခါပါဝဘိက္ခုတို့သည် သိက္ခာပုဒ်ကို ကျော်နင်းလွန်ကျူးသဖြင့် သိက္ခာပုဒ်ကိုပြု၍ ဆိုဆုံးမခဲ့သည် ရှိသော် ဤသိက္ခာပုဒ်သည် ဘုရား ပညတ်တော်မူသော သိက္ခာပုဒ်မဟုတ် စသည်ဖြင့် အမြွက်ထောင်ရာ၏။ ထိုသို့ အမြွက်မထောင်နိုင် စိမ့်သောငှာ သက်သေခံခိုင်မာလှစွာသော ငါးရာသော ရဟန္တာ အရှင်မြတ်ကြီးတို့၏ မျက်မှောက်၌ မေးမြန်း ဖြေဆိုတော်မူခြင်းကို ပြုထားသဖြင့် ဘုရား ပညတ်ချက်ရှိကြောင်း၊ ဘုရားပညတ်တော် မူသော သိက္ခာပုဒ် ဟုတ်မှန်ကြောင်း ခိုင်မာစိမ့်သောငှာ ဝတ္ထုနိဒါန်းနှင့်တကွ သေချာစွာ မေးဖြေတော်မူရလေသည်။

၁။ ပါရဇိက အဋ္ဌကထာ၊ ပ၊ ၁၁။

၂။ ပါရာဇိက အဋ္ဌကထာ၊ ၎၊ ၁၁။

http://www.dhammadownload.com

ဤသို့ မေးဖြေတော်မူပြီးလျှင် ငါးရာသော ရဟန္တာ အရှင်မြတ်တို့သည် ဝိနည်း ပိဋကတ်ကို ဘုရားပညတ်တော်မူတိုင်း ညှိနှိုင်း ပေါင်းစု၍ တစ်ပေါင်းတည်း ရွတ်သောအားဖြင့် သင်္ဂါယနာ တင်တော်မူကြကုန်၏။ သုတ္တန် ပိဋကတ်၊ အဘိဓမ္မာ ပိဋကတ် တို့ကိုလည်း အရှင်အာနန္ဒာကို မေး၍ ဖြေဆိုပြီးလျှင် ဝိနည်း ပိဋကတ် အတူသာလျှင် ပေါင်း၍ ရွတ်သောအားဖြင့် သင်္ဂါယနာ တင်ကြကုန်၏။

(၇) ပထမ သင်္ဂါယနာ ဒါယကာ

ဤသို့လျှင် အရှင်မဟာ ကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့သည် အဇာတသတ် မင်းကြီးကို အမှီပြု၍ မြတ်စွာဘုရား စကားတော်တည်း ဟူသော ပိဋကတ် သုံးပုံကို မတုန်မလှုပ် မြေဝယ် မြှုပ်ထားအပ်သော ကျောက်စာတိုင်ကြီးကဲ့သို့ သာသနာ ငါးထောင် ကာလပတ်လုံး တည်စေခြင်းငှာ တင်အပ်သော ပထမ သင်္ဂါယနာတင် ပွဲကြီးသည် (၇)ခုနစ်လရှိမှ အပြီးအဆုံးသို့ ရောက်သတည်း။

ထိုအခါ ဏဝစန္ဒကိန်း သက္ကရာဇ်ရှည် (၁၄၈) တစ်ရာ့လေးဆယ့်ရှစ်ခုကို အကုန်ချေ၍၊ သာသနာ သက္ကရာဇ် ၁-တစ်နှစ် အဝင်တွင် ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း နန်းစံ(၈)ရှစ်နှစ်၊ ငါတို့ မြန်မာတိုင်း၌ တကောင်း သင်းတွဲပြည် ဇမ္ဗူ.ဒီပ ဓဇမင်းကြီး နန်းစံ(၅)ငါးနှစ်ကျော်ရှိပြီ၊ မချီမဒေသ အဇာတသတ်မင်းနှင့် ဇမ္ဗူ.ဒီပဓဇမင်း နန်းပြိုင်သည်။

ထို ပထမသင်္ဂါယနာ တင်ပွဲကြီး၌ "အဇာတသတ်မင်းကို အမှီပြု၍" ဆိုသော စကား၌ အဘယ်ကဲ့သို့ အဇာတသတ်မင်း၏ ချီးမွှောက်ထောက်ပံ့ ကူညီခြင်းကို ရ၍ အမှီပြုရသနည်း၊ အဇာတသတ်မင်းကြီးသည်-

- ရာဇဂြိုဟ်ပြည်၌ ရှိသော တစ်ဆယ့်ရှစ်ရပ်သော ကျောင်းဟောင်းကြီးများကို သံဃာတော်များ သီတင်းသုံးရန် အသစ်တစ်ဖန် ပြုပြင်၍ ပေးခြင်း။
- ရှဖွယ်ဘနန်း အံ့မခန်းအောင် တရားသဘင် သင်္ဂါယနာတင် မဟာမဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ပေးစေခြင်း။
- "အရှင်ဘုရားတို့၏ ဓမ္မစက်လည်းဖြစ်ပါစေ၊ တပည့်တော် မင်းကြီး၏ အဏ္ဏာစက်လည်း ဖြစ်ပါစေမည်။ လွတ်လွတ်ကျွတ်ကျွတ် ရဲရဲဝံ့ဝံ့ ဆောင်ရွက်တော်မူကြပါ" ဟု လျှောက်ထားခြင်း၊

http://www.dhammadownload.com

ဤသို့လျှင် ပရိယတ္တိ သာသနာတော်ကြီး မြဲမြံ ခိုင်ခံ့အောင် ပြုလုပ်သော သာသနာရေး - သာသနာမှု သင်္ဂါယနာ တင်ပွဲကြီး၌ မင်း၏ အထံမှ အကူအညီ အထောက်အပံ့ကို ရသတည်း။

ထို အဇာတသတ် မင်းကြီးသည် ဘုရား မရှိသည်နောက် ဘုရားရှင်၏ သာသနာကို ရှေးဦးစွာ ချီးမြှောက်သော သာသနာနုဂ္ဂဟမင်းတည်း။

ဤသို့ အရှင်မဟာ ကဿပထေရ် အမှူးရှိသော ရဟန္တာ အရှင်မြတ်တို့ ပိဋကတ် သုံးပုံကို သင်္ဂါယနာ ထင်ရှခြင်းသည်လည်း အခြားအကြောင်း မဟုတ်ပေ၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဟု သာသနာ သုံးရပ် ရှိသည်တွင် ဘုရားစကားတော် တည်းဟူသော ပရိယတ္တိ သာသနာတော် သည်သာလျှင် အခြေ မူလ ဘူတ အမြစ်ဖြစ်၍ ပရိယတ္တိ သာသနာတော် တည်းဟူသော ပိဋကတ် သုံးပုံကို သာသနာ သက္ကရာဇ် အနှစ်(၅၀၀)ငါးထောင်ကာလပတ်လုံး မပျောက်မပျက် တည်စိမ့်သောငှာ စောင့်ရှောက်ဖွဲ့ချီ၍ ထားသောအားဖြင့် သင်္ဂါယနာ တင်ရခြင်းပင် ဖြစ်သည်။

ဤကား သက်တော် ထင်ရှား ဘုရားမရှိသည့်နောက်
သင်္ဂါယနာ တင်သောအားဖြင့် ရှေးဦးစွာ ပရိယတ္တိ သာသနာကို
စောင့်ရှောက်ခဲ့ပုံတည်း။
ပထမ သင်္ဂါယနာ တင်ခန်းပြီး၏။

(၈) မထေရ်အဆက်ဆက်တို့ ပရိယတ္တိကို ဆောင်ခဲ့ပုံ

ပထမ သင်္ဂါယနာ တင်ပြီးနောက် ဘုရား စကားတော် တည်းဟူသော ပရိယတ္တိ သာသနာတော်ကြီးကို မထေရ် အဆက်ဆက် - ဆရာအဆက်ဆက် တတိယ သင်္ဂါယနာ တင်သည် တိုင်အောင် မယိုမယွင်း မပျက်မကွက် ဆောင်တော်မူခဲ့ကြကုန်၏။

ဆောင်ခဲ့ပုံကား- ဥဘတော ဝိဘင်း ခန္ဓက ပရိဝါရ ဟူ၍ သတ်မှတ်ပိုင်းခြား အပ်သော ဝိနည်း ပိဋကတ်ကို အရှင်ဥပါလိမထေရ်မှ စ၍ အရှင် ဥပါလိ၏ တပည့် အဆက်ဆက် တို့သည် မပျက်မကွက် ဆက်လက်၍ ဆောင်တော် မူခဲ့ကြကုန်၏။

တတြာယံ အာစရိယ ပရမ္ပရာ-

ဥပါလိ ဒါသကော စေ ဝ၊ သောဏကော သိဂ္ဂဝေါ တထာ။ တိဿော မောဂ္ဂလိပုတ္တော စ၊ ပဋ္ဌေတေ ဝိဇိတာ ဝိနော။ ပရမ္ပရာယ ဝိနယံ၊ ဒီပေ ဇမ္ဗု သိရိဂ္ဃယေ။

http://www.dhammadownload.com

အစ္ဆိဇ္ဇမာနံ အာနေသုံ၊ တတိယော ယာဝ သင်္ကဟော[1] ။

တတြ၊ ထိုဝိနည်း ပိဋကတ်ကို ဆရာစဉ်ဆက် ဆောင်ခဲ့သည် ဆိုသော စကား၌။ အယ်၊ ဤဆိုလတ္တံ့သည်ကား။ အာစရိယ ပရမ္ပရာ၊ ဝိနည်းဆောင် ဆရာစဉ် ဆက်တည်း။ ဥပါလိစ၊ ဥပါလိမထေရ်လည်းကောင်း။ ဒါသကော စ၊ ဒါသကမထေရ်လည်းကောင်း။။ သောဏကော စ၊ သောဏကမထေရ် လည်းကောင်း။ သိဂ္ဂဝေါ စ၊ သိဂ္ဂဝမထေရ်လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး၊ တိဿော မောဂ္ဂလိ ပုတ္တော စ၊ မောဂ္ဂလိ ပုတ္တ တိဿ မထေရ်လည်းကောင်း ဝိဇိတာ ဝိနော၊ အောင်အပ်ပြီးသော စစ်မြေပြင် ရှိကုန်သော။ ဇတေ ပဗ္ဗထေရာ ထို မထေရ် ငါးဦးတို့သည်။ ပရမ္ပရာယ၊ အဆက်ဆက် အားဖြင့်။ ဇမ္ဗုသိရိဂုယေ၊ ဇမ္ဗုသိရိဟု ခေါ်ဝေါ်အပ်သော။ ဒီပေ၊ ဇမ္ဗုဒိပ်ကျွန်း၌ ဝိနယံ၊ ဝိနည်း ပိဋကတ်ကို။ တတိယော ယာဝ သင်္ကဟော၊ တတိယ သင်္ဂါယနာ တင်သည်တိုင်အောင်။ အစ္ဆိဇ္ဇမာနံ၊ မပြတ်။ အာနေသုံ၊ ဆောင်ခဲ့ကြကုန်၏။

အရှင်ဥပါလိ၊ အရှင်ဒါသက၊ အရှင်သောဏက၊ အရှင်သိဂ္ဂဝ၊ အရှင်မောဂ္ဂလိ ပုတ္တတိဿ ဤမထေရ်ငါးဦးတို့သည် ဝိနည်း ပိဋကတ် ပရိယတ်ကို ဇမ္ဗုဒိပ်ကျွန်း၌ တတိယ သင်္ဂါယနာ တိုင်အောင် မပြတ်စေဘဲ အဆက်ဆက် ဆောင်တော်မူခဲ့ကြကုန်၏။

ထိုတွင် ဥပါလိမထေရ်သည် ဝိနည်း ပိဋကတ်ကို မြတ်စွာဘုရား အထံတော်မှ သင်ယူပြီးလျှင် များစွာသော ရဟန်းတို့၏ နှလုံး၌ တည်စေ၏။ ထိုအရှင်ဥပါလိ၏ အထံ၌ ဝိနည်း ပိဋကတ်ကို သင်ယူ၍ ဝိနည်းအရာ ၌ လိမ္မာ တတ်မြောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် ပုထုဇန် သောတာပန်သကဒါဂါမ် အနာဂါမ် ဖြစ်ကြကုန်သော ပုဂ္ဂိုလ် တို့မှာ ဤမျှ ဤရွေ့ ရှိ၏ဟု ရေတွက်ခြင်းငှာ မစွမ်းနိုင်လေ၊ အလွန်များပြားလှ၏။ ကိလေသာ အာသဝေါကုန်ပြီးသော ရဟန္တာတို့ကား(၁၀၀၀)တစ်ထောင် အရေအတွက် ရှိလေသည်။

အရှင် ဥပါလိမထေရ်၏ သဒ္ဓိ ဝိဟာရိက တပည့် ဖြစ်သော အရှင် ဒါသက၏ အထံ၌ ဝိနည်း ပိဋကတ်ကို သင်ယူ၍ ဝိနည်း အရာ၌ လိမ္မာတတ်မြောက် ကုန်သော ပုဂ္ဂိုလ်တို့တွင်လည်း ပုထုဇန် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့မှာ မရေတွက် နိုင်လေ၊ ရဟန္တာပုဂ္ဂိုလ်လည်း (၁၀၀၀)တစ်ထောင်ပင် အရေအတွက် ရှိလေသည်။

၁။ ဝိ၊ ၌၊ ၁-၂-၄၊ ၄၆

http://www.dhammadownload.com

အရှင်ဒါသကမထေရ်၏ သဒ္ဓိ ဝိဟာရိက တပည့် ဖြစ်သော အရှင် သောဏက မထေရ်၏ အထံ၌ ဝိနည်း ပိဋကတ်တို့ သင်ယူ၍ ဝိနည်း အရာ၌ လိမ္မာ တတ်မြောက်ကုန်သော ပုဂ္ဂိုလ်တို့သည်လည်း ပုထုဇန် စသည်တို့မှာ မရေတွက်နိုင်ဘဲ ရဟန္တာပုဂ္ဂိုလ် (၁၀၀၀)တစ်ထောင်နှင်ဖြစ်သတည်း။

အရှင်သောဏက မထေရ်၏ သဒ္ဓိ ဝိဟာရိက တပည့်ဖြစ်သော အရှင် သိဂ္ဂဝမထေရ်၏ အထံ၌ ဝိနည်း ပိဋကတ်ကို သင်ယူ၍ ဝိနည်းအရာ၌ လိမ္မာတတ်မြောက်ကုန်သော ပုထုဇန်သောတာပန် သကဒါဂါမ် အနာဂါမ် တို့ကို မဆိုထားဘိ၊ ရဟန္တာပုဂ္ဂိုလ်ပင် ဤမျှဤမျှရွေ့ရှိ၏ဟု ရေတွက်ခြင်းငှာမစွမ်းနိုင်အောင် များပြားလေ၏။ ဤသို့လျှင် ဝိနည်း၊ ပိဋကတ် ပရိယတ်ကို မထေရ်အဆက်ဆက်၊ ဆရာအဆက်ဆက် မပျက်မကွက် ဆောင်ရွက်တော် မူခဲ့ကြကုန်၏။

(၉) ဝိနည်း ပိဋကတ် ပါဠိ ပမာဏကား

ဘာဏ ဝါရအားဖြင့် ရေတွက်သော်(၁၆၉)တစ်ရာခြောက်ဆယ့်ကိုး ဘာဏ ဝါရ အတိုင်း အရှည်ရှိ၏။

ဂါထာ ဖွဲ့၍ ရေတွက်သော်(၄၂၂၅၀)လေးသောင်း နှစ်ထောင့်နှစ်ရာငါးဆယ် ဂါထာအရေအတွက် ရှိ၏။

အက္ခရာ လုံးပေါင်း ရေတွက်သော် (၁၃၅၂၀၀၀)တစ်သန်းသုံးသိန်းငါးသောင်း နှစ်ထောင် အရေအတွက်ရှိ၏။

သီလက္ခန္ဓဝဂ်မဟာဝဂ် ပါထိယဝဂ် ဟူ၍ ဝဂ်အားဖြင့်(၃)သုံးဝဂ်၊ သုတ်အားဖြင့် (၃၄)သုံးဆယ့်လေးသုတ်၊ ဘာဏဝါရအားဖြင့် (၆၄)ခြောက်ဆယ့်လေး အရေအတွက် ရှိသော ဒီဃနိကာယ်ကို အရှင်အာနန္ဒာက စ၍ ၄င်းအရှင်အာနန္ဒာ၏ တပည့် အဆက်ဆက်တို့သည် ဆောင်တော်မူခဲ့ကြကုန်၏။

ဝဂ်အားဖြင့်(၁၅)တစ်ဆယ့်ငါးဝဂ်၊ သုတ်အားဖြင့် (၁၅၂) တစ်ရာငါးဆယ့်နှစ်သုတ်၊ ဘာဏ ဝါရအားဖြင့်(၈၀)ရှစ်ဆယ် အရေအတွက် ရှိသော မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ၊ ဟူသော မဇ္ဈိမ နိကာယ်ကို အရှင်သာရိပုတ္တရာ၏ တပည့် အဆက်ဆက်တို့သည် ဆောင်တော်မူခဲ့ကြကုန်၏။

သုတ်အားဖြင့် (၇၇၆၂)ခုနစ်ထောင့် ခုနစ်ရာခြောက်ဆယ့်နှစ်သုတ်၊ ဘာဏ ဝါရအားဖြင့် (၁၀၀)အရေအတွက် ရှိသော သဂါထာ ဝဂ္ဂသံယုတ်၊ နိဒါနဝဂ္ဂသံယုတ်၊ ခန္ဓဝဂ္ဂသံယုတ်၊ သဠာယတနဝဂ္ဂသံယုတ်၊ မဟာဝဂ္ဂသံယုတ် ဟူသော သံယုတ္တ

http://www.dhammadownload.com

နိကာယ်ကို အရှင်မဟာကဿပမထေရ်ကြီးက စ၍ ၄င်းမထေရ်ကြီး၏ တပည့် အဆက်ဆက်တို့သည် ဆောင်တော် မူခဲ့ကြကုန်၏။

သုတ်အားဖြင့် (၉၅၅၇)ကိုးထောင့်ငါးရာငါးဆယ့်ခုနစ်သုတ်၊ ဘာဏဝါရအားဖြင့် (၁၂၀)တစ်ရာနှစ်ဆယ်အရေအတွက် ရှိသော ဧကအဂုံတို့ရှိ၊ ဒုကအဂုံတို့ရှိ၊ တိကအဂုံတို့ရှိ၊ စတုက္ကအဂုံတို့ရှိ၊ ပဉ္စကအဂုံတို့ရှိ၊ ဆက္ကအဂုံတို့ရှိ၊ သတ္တ အဂုံတို့ရှိ၊ အဋ္ဌ အဂုံတို့ရှိ၊ နဝက အဂုံတို့ရှိ၊ ဒသ အဂုံတို့ရှိ၊ ဧကာဒသ အဂုံတို့ရှိ ဟူသော အဂုံတွဿရနိကာယ်ကို အရှင် အနုရုဒ္ဓါမထေရ်ကစ၍ ၄င်းမထေရ်၏ တပည့် အဆက်ဆက်တို့သည် ဆောင်တော် မူခဲ့ကြကုန်၏။

အကျယ်အားဖြင့် အဝိုင်းအခြားမရှိ၊ ချုပ်စဉ် အားဖြင့်(၁၄၃)တစ်ရာ့လေးဆယ့်သုံး ဘာဏ ဝါရရှိသော အဘိဓမ္မာအောက် ခြောက်ကျမ်းနှင့်တကွ အရေအတွက် အဝိုင်း အခြားမရှိ ကျယ်ဝန်းများပြားလှစွာသောပဋ္ဌာန်းကျမ်း ဤအဘိဓမ္မာ(၇)ခုနစ်ကျမ်း ဟူသော အဘိဓမ္မာ ပိဋကတ် ပရိယတ်ကို အရှင်သာရိပုတ္တရာမထေရ်က စ၍ ၄င်းမထေရ်၏ တပည့်အဆက်ဆက် တို့သည် တတိယ သင်္ဂါယနာ တင်သည့်တိုင်အောင် ဆောင်တော် မူခဲ့ကြကုန်၏။

ထို့ကြောင့် အဘိဓမ္မာ ပိဋကတ်ကို မထေရ်အဆက်ဆက် ဆောင်ခဲ့ပုံကို ပြရာ အဋ္ဌသာလိနီ အဋ္ဌကထာ(၃၁)၌-

> အယဉ္စိ သာရိပုတ္တတ္ထေရော ဘဒ္ဒဇိ သောဘိတော ပိယဇာလိ ပိယပါလော ပိယဒဿီ ကောသိယ ပုတ္တော သိဂ္ဂဝေါ သန္နေထော မောဂ္ဂလိ ပုတ္တော သုဒတ္တောဓမ္မိယော ဒါသကော သောဏကော ရေဝတောတိ ဧဝမာဒိဟိ ယာဝ တတိယ သင်္ဂီတိကာလာ အာဘတောဂ။ [၁]

ဟူ၍လာရှိ၏။

အနက်လွယ်၏။

ကြွင်းသော ဇာတက နိဒ္ဒေသ စသော ခုဒ္ဒက နိကာယ် အပါအဝင် ဖြစ်သော ပါဠိပရိယတ် များကိုလည်း ဆရာ အဆက်ဆက် တပည့် အဆက်ဆက် ဆောင်တော် မူခဲ့ကြကုန်၏။

ဤသို့ "ပရိယတ္တိသာသနာ"ဟူသော ပိဋကတ် အသီးသီးကို ဆောင်တော်မူခဲ့ ကုန်သော မထေရ်တို့၏ အဆက်အနွယ်ကို ထုတ်ဖော်ပြဆိုရေးသားခဲ့ခြင်းသည် ၄င်း မထေရ်တို့ကို အာရုံပြု ကြည်ညိုနိုင်ရန် မြတ်စွာဘုရားစကားတော် တည်းဟူသော

၁။ အဋ္ဌသာလိနီ အဋ္ဌကထာ၊ ၃၂။

http://www.dhammadownload.com

ပရိယတ္တိ သာသနာတော်ကြီး မယိမ်းမယိုင် မပြို မကွဲ မပျောက်မပျက် အဆက်ဆက်လာခဲ့ခြင်း တည်းဟူသော အာဂမသုဒ္ဓိရှိသဖြင့် နှစ်နှစ် သက်သက် ယုံယုံကြည်ကြည် မှီခိုအားထားအခိုင်အမာ ကိုးကား၍ သင်ကြားလေ့ကျက် ပြောဟော နိုင်ကြရန် အကြောင်း ဥပနိဿယ ဖြစ်လေသည်။

(၁၀) ဒုတိယ သင်္ဂါယနာ တင်ခန်း

ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နောက် အနှစ် (၁၀၀)တစ်ရာမြောက်၌ သာသနာတော် ယုတ်လျော့မှေးမှိန်ခြင်း၏ အကြောင်းဖြစ်သော သာသနာတော် အညစ်အကြေး ဘေးရန်ကြီး ဆယ်ပါး ဖြစ်ပေါ်လာ၏။

ဖြစ်ပေါ်လာပုံကား– ဝေသာလီပြည်၌ နေကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများသည် ဆယ်ပါး သော အဝိနယ ဝတ္ထုကို ဝိနယ ဝတ္ထု ပြုလုပ်၍ ပြောကြ၊ ဟောကြ၊ ပြကြ၊ ကုန်သတည်း။

(၁၁) ဆယ်ပါးသော အဝိနယ ဝတ္ထုကား

၁။ သိင်္ဂီလောဏကပ္ပ၊ သားချိုဖြင့် ဆားကိုထည့်၍ဆောင်ယူပြီးလျှင် ဆား မရှိသော အခါဃာဝ ကာလိကဘောဇဉ်နှင့် ရောစ်ားခြင်းသည် ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်း တစ်ပါး။ ။သန္နိဓိ ပါစိတ်အာပတ်မှ မလွတ်၍ မအပ်။

၂။ ဒွင်္ဂုလ ကပ္ပ၊ နေမွန်း တည့်၍ အရိပ် လက်နှစ်သစ် လွန်မှ ယာဝ ကာလိက ဘောဇဉ်ကိုစားခြင်းသည် ရဟန်းတို့အား အပ်သေး၏ဟု အယူရှိခြင်း တစ်ပါး။ ။ ဝိကာလ ဘောဇန ပါစိတ် အာပတ်မှ မလွတ်။

၃။ ဂါမန္တရ ကပ္ပ၊ တန်ပြိဟု မြစ်မိသော ဘောဇဉ်ကို အတိရိတ်ဝိနည်းကဲ့ကို မပြုဘဲ ရွာတစ်ပါးသို့ သွားအံ့ဟု နှလုံးပြု၍ စားခြင်းသည် အပ်၏ဟု အယူရှိခြင်းလည်း တစ်ပါး။ ။အနုတိရိတ္တ ပါစိတ် အာပတ်မှမလွတ်၍ မအပ်။

၄။ အာဝါသ ကပ္ပ၊ သိမ်တစ်ခုတည်း၌ အထူးထူးသော နေရာ၌ နေ၍ အသီးအသီး ကံဆောင်ခြင်းသည် အပ်၏ဟု အယူရှိခြင်းလည်း တစ်ပါး။ ။ ဝဂ္ဂကမ္မ ဖြစ်၍မအပ်။

၅။ အနုမတိ ကပ္ပ၊ မရောက်လာသေးသော ရဟန်းတို့၏ အလိုဆန္ဒသဘော တူချက်ကို ယူ၍ ကံဆောင်ခြင်းသည် အပ်၏ဟု အယူရှိခြင်းလည်း တစ်ပါး။ ။ ဝဂ္ဂကမ္မ ဖြစ်၍ပင်မအပ်။

http://www.dhammadownload.com

၆။ အာစိဏ္ဏ ကပ္ပ၊ ဆရာ ဥပဇ္ဈာယ် တို့၏ အယူအလေ့ ဟူသရွေ့သည် အပ်၏ ဟု အယူရှိခြင်းလည်း တစ်ပါး။ အချို့သော ဆရာ ဥပဇ္ဈာယ်တို့၏ အယူ၊ အလုပ်၊ အကျင့်သည် တရားနှင့်လျော်၏။ အချို့သောဆရာ ဥပဇ္ဈာယ်တို့၏ အယူ၊ အလုပ်၊ အကျင့်သည် တရားနှင့် မလျော်သဖြင့် ဆရာ ဥပဇ္ဈာယ်တို့၏ အယူတိုင်း၊ အလုပ်တိုင်း၊ အကျင့်တိုင်း မအပ်။

၇။ အမတိက ကပ္ပ၊ နို့ရည် အဖြစ်ကိုလည်း မစွန့်သေး၊ နို့ဝမ်းအဖြစ်သို့လည်း မရောက်သေးသော နို့ရည်ကို ပဝါရိတ်သင့်သော ရဟန်းသည် အတိရိတ် ဝိနည်းကံ မပြုဘဲ စားခြင်း သောက်ခြင်းငှာ သင့်၏ဟု အယူရှိခြင်းလည်း တစ်ပါး။ ။ အနတိရိတ္တ ပါစိတ် အာပတ်မှ မလွတ်၍ မအပ်။

၈။ ကပ္ပတိ ဧလောဂိ် ပါတုံ၊ သေနကို သောက်ခြင်းငှာ အပ်၏ဟု အယူရှိခြင်းလည်းတစ်ပါး။ ။သေန ဆိုသည်ကား သေရည်၏ အဖြစ်သို့ မရောက်သေး၊ သေ၏ အဆောက် အအုံနှင့် ရောရ၍ စိမ်ကာမျှကို ဆိုသည်၊ သုရာပါန ပါစိတ် အာပတ်မှ မလွတ်၍ မအပ်။

၉။ ကပ္ပတိ အဒသက် နိသိဒန် အဆာ မရှိသော နိသိဒိုင်(နိသိဒိုန်)သည် ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်းလည်းတစ်ပါး။ ။အဆာ မရှိသော နိသိဒိုင် မအပ်။

၁၀။ ကပ္ပတိ ဇာတ ရူပ ရဇတ် ရွှေ၊ ငွေ ကို အလှူခံခြင်းသည်ရဟန်းတို့အား အပ်၏ဟု အယူရှိခြင်းလည်း တစ်ပါး[၁]။ ။ ရွှေ၊ ငွေကို အလှူခံခြင်းငှာ မည်သည့် ပရိယာယ်နှင့်မျှ ရဟန်းတို့အား မအပ်။

ဤဆယ်ပါးသော အဝိနယ ဝတ္ထုတို့ကို ပြကြ ကုန်၏၊ ရွှေငွေကို ဒါယကာတို့၏ အထံမှ အလှူလည်း ခံကြကုန်၏။

(၁၂) ဒုတိယ သင်္ဃာဒိသေသ ဒါယကာ

ထိုအခါ သုသုနာဂ မင်းကြီး၏ သားတော်ဖြစ်သော ကာဠာသောက မင်းကြီးသည် ထို အဝိနယ ဝတ္ထုကို ပြလျက် နေကြကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အယူကို နှစ်သက်သဖြင့် ထိုရဟန်းတို့၏ အပေါင်းအဖော် အပင်း အသင်းဝင် ဖြစ်လေသည်။

၁။ စူဠဝါပါဠိ၊ ၄၉၆၊ ၌၊ ၁၃၄၊ ပါရာဇိက အဋ္ဌကထာ၊ ပ၊ ၂၆။

http://www.dhammadownload.com

တစ်နေ့သ၌ ကာဠာသောက မင်းကြီးသည် အဓမ္မ ဝါဒီရဟန်းတို့၏ စကားကို ယုံစားသဖြင့် ဓမ္မဝါဒီ ရဟန်းကောင်းတို့ကို နှိပ်နင်း တားမြစ် အံ့သောငှာ ဓမ္မဝါဒီ ရဟန်းကောင်းတို့ နေသော ကျောင်းသို့ အမတ်တို့ကို စေလွှတ်၏။ ထိုအမတ်တို့သည် နတ်တို့၏ အာနုဘော်ကြောင့် ဓမ္မဝါဒီ ရဟန်းကောင်းတို့ကို မမြင်ရလေ၊ ထိုနေ့ ညဉ့် ပင်လျှင် ကာဠာသောကမင်းကြီးမှာလည်း လောဟကုမ္ဘိ၌ ကျသော အခြင်းအရာအားဖြင့် အိပ်မက်မြင်မက်လေ၏။

ထိုကာဠာသောက မင်းကြီး၏ နှမတော် ဖြစ်သော နန္ဒာထေရီမသည်လည်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ ဓမ္မဝါဒီ ရဟန်းကောင်းတို့ကို နှိပ်၍ အဓမ္မဝါဒီ ရဟန်း တို့ကို ချီးမြှောက်ခြင်း၌ များစွာသော အပြစ်တို့ကို ပြ၍ ဆုံးမသဖြင့်လည်း ထိုကာဠာသောက မင်းကြီးသည် သံဝေဂဖြစ်ပြီးလျှင် အရှင်ယသ မထေရ်အမှူးရှိသော ဓမ္မဝတီ ရဟန်းကောင်း တို့ကို ကန်တော့၍ သည်းခံစေပြီးလျှင် အဇောတသတ်မင်းကဲ့သို့ပင် သာသနာကို ချီးမြှောက်လေ၏။

ထိုအခါ အရှင်အာနန္ဒာ၏ တပည့်ဖြစ်သော အရှင်မဟာယသမထေရ်၊ အရှင်ရေဝတမထေရ်၊ ဝါတော်(၁၂၀)တစ်ရာ့နှစ်ဆယ်ရှိသော အရှင် သဗ္ဗကာမိမထေရ် အမှူးရှိသော (၇၀၀)ခုနစ်ရာသော ရဟန္တာ အရှင်မြတ်တို့သည် ကာဠာသောက မင်းကြီးကို အမှီပြု၍ ဝေသာလီပြည် ဝါလုကာရုံ ကျောင်းတော်၌ သာသနာတော်၏ အညစ်အကြေးဖြစ်သော ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဝိနယဝတ္ထုဆယ်ပါးကို ဖျက်ဆီး ပြီးလျှင် ရှစ်လတိုင်တိုင် ဒုတိယ သင်္ဂါယနာ တင်တော်မူလေကုန်သည်၊ ထို ကာဠာသောကမင်းကြီးသည် ဒုတိယ သာသနာနုဂ္ဂဟမင်းတည်း။

[ထိုအခါ မဇ္ဈိမဒေသ ပါတလိပုတ်ပြည်၌၊ သုသုနာဂ မင်းကြီး၏ သားတော် ကာဠာသောက မင်းကြီး နန်းစံ (၁၀)ဆယ်နှစ်၊ ငါတို့ မြန်မာတိုင်း သိရီခေတ္တရာ ပြည်၌ သက္ကရာဇ် (၁၀၁)တစ်ရာ့တစ် ခုနှစ် နန်းတက်သော ဒွတ္တဗောင်မင်း ဘိသိက် မခံမီ– တစ်နှစ်။ သာသနာသက္ကရာဇ်(၁၀၀)တစ်ရာတည်း။ မဇ္ဈိမဒေသ ကာဠာသောကမင်းနှင့် ဒွတ္တဗောင်မင်း နန်းပြိုင်တည်း။]

ဤသို့ ဒုတိယ သင်္ဂါယနာ တင်ရခြင်းမှာလည်း သာသနာတော် ယုတ်လျော့မှေးမှိန် ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သော အဝိနယဝတ္ထု ဆယ်ပါးကိုပြလျက်နေကြကုန်သော ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အကြောင်းကို ကြားသိရ၍ အရှင် မဟာယသ မထေရ်ကြီးမှာ နလုံး သည်းပွတ် ကျတ်၍ ကျမတတ် ဓမ္မသံဝေဂဖြစ်ပြီးလျှင် သာသနာတော် အရှည် တည်တံ့ခြင်း၏ အကြောင်းဖြစ်သော သင်္ဂါယနာတင်ခြင်းငှာ အားထုတ်တော်မူ၍ သုတ်၊ အဘိဓမ္မာ၊ ဝိနည်း ဟူသော မြတ်စွာဘုရား၏ စကားတော်တည်း ဟူသော

http://www.dhammadownload.com

ပရိယတ္တိ သာသနာတော်ကြီးကို မယိမ်းမယိုင် ကျောက်စာတိုင် ကဲ့သို့ မြဲမြံတည်တံ့အရှည်ခန့်အောင် စောင့်ရှောက်သော အနေအားဖြင့် သာလျှင် နှစ်ကြိမ်မြောက် သင်္ဂါယနာတင်ရခြင်းပင် ဖြစ်လေသည်။ ထိုဒုတိယ သင်္ဂါယနာတင်သောအခါ၌ (၁၂၀၀၀၀) တစ်သန်းနှစ်သိန်းသော သံဃာ အစည်းအဝေးဖြစ်သတည်း။

ဒုတိယ သင်္ဂါယနာ တင်ပြီး၍ ထိုဒုတိယ သင်္ဂါယနာတင်ပွဲသဘင်၌ ပါဝင်တော်မူကြကုန်သော မထေရ်ကြီးတို့သည် သာသနာတော် ယုတ်လျော့ မှေးမှိန်ခြင်း၏ အကြောင်း ဖြစ်သော သာသနာတော်ကြီး၏ ဘေးရန်တို့ကို စိုးရိမ်ပူပန်တော် မူကြသဖြင့် အနာဂတ်သ ဉာဏ်ဖြင့် အနာဂတ်အဖို့၌ မျှော်၍ ကြည့်တော်မူကြသည်ရှိသော် ဤနှစ်မှ နောက်၌အနှစ်(၁၀၈)တစ်ရာ့ရှစ်နှစ်ရှိသော အခါ သာသနာတော်၏ အညစ်အကြေးဘေးရန် ပေါပေါက်မည်ကို မြင်တော်မူကြသဖြင့် ထိုသာသနာတော်၏ ဘေးရန်ကို နှိမ်နင်း ဖျက်ဆီးနိုင်မည်ဖြစ်သော ဗြဟ္မာပြည်ရှိ တိဿဗြဟ္မာကြီးကို ဗြဟ္မာပြည်သို့ ကြွသွားတော်မူပြီးလျှင် ထိုအခါ ပေါပေါက်လတ္တံ့သော သာသနာ့ဘေးရန်ကို နှိမ်နင်းဖျက်ဆီးခြင်းငှာတောင်းပန်တော် မူခဲ့ကြသေးသတည်း။

ဒုတိယ သင်္ဂါယနာ တင်ပြီးသည့်နောက် အနှစ်(၁၁၈)တစ်ရာ့တစ်ဆယ့်ရှစ်နှစ် တိုင်တိုင် သာသနာတော်ကြီးသည် အနာဥ်အယှက် အဖျက် အဆီး ဘေးရန် မရှိ၊ သန့်ရှင်း ကြည်လင် ကောင်းကင်ပြင်၌ ထင်ထင်ရှားရှား လနေများသို့ ထွန်းကား စည်ပင် လွန်သန့်စင်လေ၏။

(၁၃) တတိယ သင်္ဂါယနာ တင်ခန်း

ဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူပြီးနောက် သာသနာတော် သက္ကရာဇ် (၂၂၇)နှစ်ရာ့နှစ်ဆယ့်ခုနစ် ခုနှစ်သို့ ရောက်သောအခါ သိရီဓမ္မာသောကမင်းကြီးကို အမှီပြု၍ သာသနာတော်၌ များစွာသော လာဘ်သပွကာ ပေါများသည် ဖြစ်၍ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် စားရာမဲ့ သောက်ရာမဲ့ ဖြစ်ကြကုန်သည် ရှိသော် မိမိတို့ အလိုအလျောက် သင်္ကန်းကို ဝတ်ကြကုန်ပြီးလျှင် ရဟန်းကောင်းတို့နှင့် အတူတကွ ပေါင်းဖော်နေထိုင်လျက် မိမိတို့၏ မိစ္ဆာအယူကိုလည်း ဘုရား အယူဟု ပြောကြွားကြသဖြင့် များစွာ သာသနာတော်၏ ဘေးရန် ဥပဒ္ဒဝေါကြီးသည် ဖြစ်လေသတည်း။

ထို တိတ္ထိ ရဟန်းတို့နှင့် ရောနှော ရှုပ်ထွေးနေသဖြင့် ရဟန်းကောင်းတို့သည် ၄င်းတိတ္ထိရဟန်းတို့နှင့် အတူတကွ ဥပုသ် ပဝါရဏာ မပြုလိုကြသဖြင့် ခုနစ်နှစ်တိုင်တိုင်

http://www.dhammadownload.com

ဥပုသ် ပဝါရဏာ မပြုဘဲ နေတော်မူကြလေသည်။

ထိုနောက်မှ သီရိဓမ္မာ သောကမင်းကြီး သိတော်မူသဖြင့် အမတ်တို့ကို စေလွှတ်၍ ဥပုသ် ပဝါရဏာ ပြုစေရာ ဥပုသ် ပဝါရဏာမပြုဘဲ နေသောရဟန်းတို့ကို အမတ်မိုက်တို့သည် သတ်ပစ်သဖြင့် အတော်ပင် ရဟန်းကောင်းများ သေကြေပျက်စီးလေသတည်း။

ထိုနောက်မှ မောဂ္ဂလိ ပုတ္တတိဿ မထေရ်ကြီးကို ပင့်ဆောင်တော်မူပြီးလျှင် ရဟန်းကောင်း ရဟန်းဆိုး ရွေးချယ် စိစစ်စေပြီးမှ ရဟန်းတု ရဟန်းယောင် ရဟန်းဆိုးဟူသော တိတ္ထိရဟန်းတို့ကို သာသနာတော်မှ နှင်ထုတ် လူထွက်စေရလေသတည်း။

ထိုအခါမှ သာသနာတော် စင်ကြယ် သန့်ရှင်းသဖြင့် သံဃာတော်များလည်း တစ်ပေါင်းတည်း ညီညွတ်ကြ၍ ဥပုသ်ပြုတော်မူကြကုန်၏။

(၁၄) ကထာဝတ္ထုကျမ်း

အညီအညွတ် ဥပုသ်ပြုကြသော (၆၀၀၀၀၀၀)ခြောက်သန်း အရေအတွက်ရှိသော သံဃာ့အစည်းအဝေး၌ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီးသည် ထိုအခါတွင် ဖြစ်ပေါ်လျက်နေသော အယူဝါဒကို လည်းကောင်း၊ နှိမ်နင်းဖျက်ဆီးတားမြစ်ခြင်းငှာ မြတ်စွာဘုရားသည် ပေးတော်မူခဲ့သော နည်းဖြင့် ထားအပ်သော မာတိကာကို ဝေဖန်တော်မူ၍ သကဝါဒ၌ သုတ်ပေါင်း(၅၀၀)ငါးရာ၊ ပရဝါဒ၌ သုတ်ပေါင်း(၅၀၀)ငါးရာ ဟူသော သုတ်ပေါင်း တစ်ထောင်ကို ဆောင်တော်မူ၍ ထိုအခါတွင် ဖြစ်ပေါ်လျက်နေသော ပရဝါဒကိုလည်းကောင်း၊ နောက်အနာဂတ် ကာလ၌ သာသနာတော်တွင်း၌ ဖြစ်ပေါ်လတ္တံ့သော ပရဝါဒကိုလည်းကောင်း တားမြစ် ဖျက်ဆီးနှိမ်နှင်းခြင်းငှာ စွမ်းနိုင်သော ဒီဃနိကာယ် ပမာဏရှိသော ကထာဝတ္ထု ကျမ်းကို ဟောတော်မူ၏။[၁]

[အဘိဓမ္မာ ခုနစ်ကျမ်းတွင် အဝင်အပါဖြစ်သော ကထာဝတ္ထု ကျမ်းပင် ဖြစ်သည်။]

ဤသို့လျှင် ကြီးစွာသော သာသနာတော်၏ ဘေးရန်ကို ငြိမ်းစေပြီးသော် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် ဘုရားစကားတော် တည်းဟူသော ပိဋကတ် သုံးပုံကို သင်္ဂါယနာ တင်ခြင်းငှာ ဆဋ္ဌာဘိညဟု တိပိဋကဓရ ပဋိသမ္ဘိဒါ ပတ္တ ဖြစ်သော

၁။ ပါရာဇိကအဋ္ဌကထာ၊ ပ၊ ၄၆။

http://www.dhammadownload.com

ရဟန္တာတစ်ထောင် ရွေးကောက်တော် မူ၍ အရှင်မဟာကဿပ အရှင်မဟာယသ မထေရ်တို့သည် ပထမသင်္ဂါယနာ ဒုတိယသင်္ဂါယနာ တင်ကုန်ဘိသကဲ့သို့ ထိုအတူ သိရိဓမ္မာသောကမင်းကြီးကို အမှီပြု၍ ပါတလိပုတ်ပြည် အသောကာရုံကျောင်းတော်၌ တတိယ သင်္ဂါယနာ တင်တော်မူလေသည်။

ထို တတိယ သင်္ဂါယနာ တင်သည့် အရှင်မောဂ္ဂလိ ပုတ္တတိဿ မထေရ် သက်တော်(၇၂)ခုနှစ်ဆယ့်နှစ်နှစ် သာသနာ သက္ကရာဇ်(၂၃၅)နှစ်ရှာသုံးဆယ့်ငါးနှစ် အရှိတွင် ကိုးလတိုင်တိုင်တင်၍ သီတင်းကျွတ်လပြည့်နေ့တွင် အပြီးအဆုံးသို့ ရောက်လေသတည်း။

[ထိုအခါ မဇ္ဈိမဒေသ ပါတလိပုတ်ပြည် သိရိဓမ္မာ သောကမင်းကြီး နန်းစံ(၁၅)တစ်ဆယ့်ငါးနှစ် ငါတို့ မြန်မာတိုင်း သိရီ ခေတ္တရာပြည်၌ သက္ကရာဇ်(၁၉၃)တစ်ရာ့ကိုးဆယ့်သုံးခုနှစ် နန်းတက်သောရန်ပေါင်မင်းနှင့် နန်းပြိုင်တည်း။]

ထိုသို့ တတိယ သင်္ဂါယနာ တင်ရခြင်းမှာလည်း ဘုရား စကားတော် တည်းဟူသော ပိဋကတ်သုံးပုံ ပရိယတ္တိ သာသနာတော်ကြီးကို တစ်စုံတစ်ယောက်သော ရန်သူတို့သည် ဝင်ရောက် လှုပ်ချောက်ချားခြင်းငှာ မစွမ်းနိုင်အောင် တားမြစ် စောင့်ရှောက်သော အနေအားဖြင့် သင်္ဂါယနာ တင်ရခြင်းပင်ဖြစ်လေသည်။ ထိုတတိယ သင်္ဂါယနာတင် သံဃာ့အစည်းအဝေး၌ ရောက်လာသော သံဃာ အရေအတွက်ကား (၆၀၀၀၀၀၀)ခြောက်သန်း အရေအတွက်ရှိလေသည်။

ထိုအခါ ဇမ္ဗူဒိပ်ကျွန်းမှာ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင် တောက်အောင် ရဟန်း သံဃာ လွန်စွာပေါများလေသည်။ ရဟန်းတို့သည် သင်္ကန်းကိုပြင်၍ ဝတ်ရုံခြင်းကြောင့် ဖြစ်သော လေတို့သည် လာကုန်၏။

တေဝိဇ္ဇာ ဣဒ္ဓိပတ္တာ စ၊ စေတော ပရိယကောဝိဒါ။

ခီဏာသဝါ အရဟန္တော၊ ဗဟူ ဗုဒ္ဓသ သာဝကာ[1] ။

တေဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါး ရှိကုန်သော။ အရဟန္တော စ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဣဒ္ဓိပတ္တာ၊ တန်ခိုးသို့ရောက်ကုန်သော။ ဝါ–တန်ခိုးကြီးကုန်သော။ အရဟန္တော စ၊ တို့သည်လည်းကောင်း။ စေတောပရိယကောဝိဒါ၊ စေတောပရိယ အဘိညာဉ်၌ လိမ္မာကုန်သော။ အရဟန္တောစ၊ တို့သည်လည်းကောင်း။ ခီဏာသဝါ၊

၁။ ဒီပဝံသ၊ ၅၆။

http://www.dhammadownload.com

ကုန်ပြီးသော အာသဝေါရှိကုန်သော။ အရဟန္တော ၈၊ တို့.သည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သား သာဝကတို့.သည်။ ဗဟူ၊ များပြားကုန်၏။ ။ဤသို့. လာရှိလေသည်။

(၁၅) ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း

ဤသို့.လျှင် သာသနာတော်၏ ဘေးရန် ဥပဒ္ဒဝေါတို့.ကို နှိမ်နှင်း၍ အစွန့်.ရှည်စွာသော ကာလပတ်လုံး မယိမ်းမယိုင် မြဲမြံ ခိုင်ခံ့ တည်တံ့ စေခြင်းငှာ တတိယသင်္ဂါယနာ တင်ပြီးလျှင် အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည် နောင်သောအခါ သာသနာတော်၏ တည်ထွန်းရာ အရပ်ဌာနကို ကြည့်ရှုတော်မူသည်ရှိသော် ပစ္စန္တရစ် အရပ်များ၌ သာသနာတော် တည်လတ္တံ့. သည်ကို မြင်တော်မူ၍ သာသနာသက္ကရာဇ်(၂၃၅)နှစ်ရာ သုံးဆယ့်ငါးနှစ် တန်ဆောင်မုန်း လပြည့်နေ့၌ ကိုးတိုင်း ကိုးဌာနသို့. သာသနာပြု စေလွှတ်တော် မူပြီးလျှင် မိမိလည်း အသက်တော်တည်သမျှ ကာလပတ်လုံး သာသနာတော်ကို စောင့်ရှောက်ကြည့်ရှု ပြုစုတော်မူလေသည်။

သာသနာပြု စေလွှတ်သော ကိုးတိုင်း ကိုးဌာနကား

(၁) မဟာ မဟိန္ဒ မထေရ်ကို သီဟိဠ်ကျွန်း (သီရိလင်္ကာ)သို့. စေလွှတ်ခြင်း။
(၂) သောဏမထေရ်နှင့် ဥတ္တရမထေရ်ကို သုဝဏ္ဏဘူမိ သထုံသို့. စေလွှတ်ခြင်း။
(၃) မဟာရက္ခိတ မထေရ်ကို ယောနက လောက အရပ်သို့. စေလွှတ်ခြင်း။
(၄) ရက္ခိတ မထေရ်ကို ဝနဝါသီတိုင်းသို့. စေလွှတ်ခြင်း။
(၅) ယောနက ဓမ္မရက္ခိတမထေရ်ကို အပရန္တ တိုင်းသို့. စေလွှတ်ခြင်း။
(၆) မဇ္ဈန္တိက မထေရ်ကို ကသ္မီရ ဂန္ဓာရတိုင်းသို့. စေလွှတ်ခြင်း။
(၇) မဟာရေဝ မထေရ်ကို မဟိံသက အရပ်သို့. စေလွှတ်ခြင်း။
(၈) မဟာဓမ္မရက္ခိတ မထေရ်ကို မဟာရဋ္ဌ တိုင်းကြီးသို့. စေလွှတ်ခြင်း။
(၉) မဇ္ဈိမ မထေရ်ကို စိနရဋ္ဌ စိန်.တိုင်းသို့. စေလွှတ်ခြင်း။[၁]

ဤသို့.အားဖြင့် ကိုးတိုင်း ကိုးဌာနသို့. သာသနာပြု စေလွှတ်သတည်း။

၁။ ပါရာဇိက အဋ္ဌကထာ၊ ပ၊ ၄၈။

http://www.dhammadownload.com

(၁၆) တတိယ သင်္ဂါယနာ ဒါယကာ

ထို့ကြောင့် ဇမ္ဗူဒီပ်ကျွန်းမှာ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်၍ ပရိယတ္တိသာသနာ၊ ပဋိပတ္တိ သာသနာ၊ ပဋိဝေဓသာသနာ ဟူသော သာသနာ နေဝန်းကြီးသည် တပြောင်ပြောင် တဝင်းဝင်း အလွန်ပင် ထွန်းလင်း တောက်ပတော်မူလေသည်။

ဤသို့ သာသနာရောင်ကို ထက်ဝန်းကျင် ထွန်းလင်း တောက်ပစေသော တတိယ သင်္ဂါယနာတင် သာသနာပြု အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးသည် သာသနာတော် သက္ကရာဇ်(၂၄၃)နှစ်ရာ့လေးဆယ့်သုံး ခုနှစ်တွင် သက်တော်(၈၀) ရှစ်ဆယ်ရှိ၍ ပရိနိဗ္ဗာန် စံတော်မူလေသည်။

တတိယ သင်္ဂါယနာတင် သာသန ဒါယကာ မဟာကေရာဇ်မင်းမြတ် ဖြစ်သော သိရီဓမ္မာသောက မင်းကြီးသည်လည်း သာသနာတော်ကို လွန်စွာ ကြည်ညို စောင့်ရှောက်ပြုစု ထွန်းလင်း တောက်ပစေပြီးလျှင် မင်းစည်းစိမ်(၃၇)နှစ်၊ သာသနာတော် သက္ကရာဇ်(၂၅၅)နှစ်ရာငါးဆယ့်ငါးခုနှစ်တွင် ဘဝတစ်ပါးသို့ ရွှေ့လျောပြောင်းသွားလေသည်။

ဤဇမ္ဗူဒီပ်ကျွန်း၌ အဇာတသတ်မင်းမှ စ၍ သိရီဓမ္မာသောကမင်း တိုင်အောင် သာသနာပြုမင်းပေါင်း(၂၉)နှစ်ကျိပ် ကိုးယောက်ဖြစ်လေသည်။

ဤသို့လျှင် ဇမ္ဗူဒီပ်ကျွန်း၌ အရှင်မောဂ္ဂလိ ပုတ္တ တိဿ မထေရ်၏ တပည့် အဆက်ဆက် တို့သည် သာသနာတော်ကြီးကို ထိုထိုအရပ် ထက်ဝန်းကျင်၌ ပျံ့လွှင်ထွန်းကားစေကြသတည်း။

http://www.dhammadownload.com

သီဟိုဠ် (ယခု သီရိလင်္ကာ) သာသနာ

(၁) အရှင်မဟိန္ဒ မထေရ်

ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု ကြွသွားကြသော မထေရ်များတွင် သီဟိုဠ် သာသနာပြု အရှင်မဟိန္ဒ မထေရ်မှတစ်ပါး အခြားသော မထေရ်များမှာ သာသနာသက္ကရာဇ်(၂၃၅)နှစ်ရှာသုံးဆယ့်ငါးနှစ်၊ စေခိုင်းစဉ်ကပင်လျှင် မိမိတို့ သာသနာပြုရမည့် အရပ်သို့ အသီးအသီး နောက်ပါသံဃာနှင့် တကွ ကြွသွားတော်မူကြပြီးလျှင် သာသနာတော်ကို တည်စေကြကုန်၏။

သီဟိုဠ် သာသနာပြု အရှင်မဟိန္ဒ မထေရ်မှာကား နောက်ပါ သံဃာတော်များနှင့် တကွ ဇမ္ဗူဒီပ်ကျွန်း မိမိ၏မယ်တော်နေရာ ဝေဒိသကမြို့သို့ ကြွပြီးလျှင် မယ်တော် စသော ဆွေတော် မျိုးတော်တို့ကို ကြည့်ရှု၍ မယ်တော် ဆွေတော် မျိုးတော်တို့၏ ပူဇော် ကန်တော့ခြင်းကို ခံပြီးမှ ဝေဒိသက တောင်ထိပ်သို့တက်၍ ၄င်းတောင်ထိပ်က သာသနာ သက္ကရာဇ် (၂၃၆)ခုနှစ်ကျမှ ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍ သာသနာသက္ကရာဇ်(၂၃၆)ခုနှစ်၊ နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း (ယခု–သီရိလင်္ကာ)အနုရာဓမြို့တော်၏ အရှေ့ မိဿက တောင်ထိပ်သို့ ရောက်တော်မူ၏။

[ထိုမိဿက တောင်ကိုပင် "စေတီယတောင်"ဟူ၍လည်း ခေါ်ဆိုသည်၊ ယခု "မဟိန္ဒရစ်တောင်"ဟု သီဟိုဠ်မှာ ခေါ်ကြသည်။]

"ကိုးတိုင်း ကိုးဌာနသို့ သာသနာ အသီးအသီး ရောက်ကြရာတွင် သီဟိုဠ် သာသနာရောက် နှစ်အများသည် ဝေါဟာရ အားဖြင့် တစ်နှစ် နောက်ကျသည်၊ တစ်ပါးသော ရှစ်ဌာနမှာ သာသနာ (၂၃၅)ခုနှစ်ကပင် ရောက်သည်၊ သီဟိုဠ်မှာ (၂၃၆)ခုနှစ် နယုန်လပြည့်ကျမှ ရောက်သဖြင့် (၇)ခုနှစ်လ နောက်ကျသည်။]

ဖလိနာ[၁] ဇမ္ဗူဒီပါ တေ၊ ဟံသရာဇာဝ အမ္ဗရေ။
ဧဝမုပ္ပတိတာ ထေရာ၊ နိပတိံသု နဂုတ္တမေ။
ပုရတော ပုရသေဋ္ဌဿ၊ ပဗ္ဗတေ မေဃသန္နိဘေ။
ပတိံသု သိလကူဋမှိ၊ ဟံသာဝ နဂမဒ္ဓိနိ။[၂]

၁။ ပဋိနာ၊ ဂီ၊ ဌ၊ ဘ၊ ဆဋ္ဌ။
၂။ ဒီပဝံသ၊ ၃၅၊ ၃၇။

http://www.dhammadownload.com

တေ ထေရာ၊ ထိုမဟိန္ဒ အစရှိသော မထေရ်တို့သည်။ အမွေရေ၊ ကောင်းကင်၌။ ဟံသရာဇာဝ၊ ဟသ်ံ မင်းတို့.ကဲ့သို့.။ ဇမ္ဗူဒီပ၊ ဇမ္ဗူဒီပ်ကျွန်းမှ။ အမွေရဲ၊ ကောင်းကင်သို့.။ ဖလိနာ ပက္ခန္ဒိ'သု၊ ပျံသွားကြကုန်၏။ ဇဝံ၊ ဤသို့.။ ဥပ္ပတိတာ၊ ပျံသွား ကြကုန်သော။ ထေရာ၊ မဟိန္ဒ စသောမထေရ်တို့.သည်။ နဂုတ္တမေ၊ တောင်မြတ်၌။ နိပတိ'သု၊ ကျကုန်၏။ ပုရသေဋ္ဌသ၊ အနုရာပြည်မြတ်၏။ ပုရတော၊ အရှေ့ အရပ်၌။ ပတိဋ္ဌတေ။ တည်သော။ မေဃသန္ဓိဘော၊ မိုးတိမ်နီ အဆင်းရှိသော။ ပဗ္ဘတေ၊ မိဿကတောင်၌။ သိလကူဋမိ၊ ကျောက်တောင်ထွတ်၌။ ပတိ'သု၊ ကျကုန်၏။ ကိမိဝ၊ ဥပမာဆို ဘယ်လိုနည်း ဟူမူကား။ နဂမုဒ္ဓနိ၊ တောင်ထိပ်၌။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ ဟံသာဝ၊ ဟသ်ံမင်းတို့.ကဲ့သို့.။ ပတိ'သု၊ ကျနား တည်နေကုန်၏။

(ပထမ ဂါထာ အစ၌ ပလိနာ ဟူ၍လည်း ပထမက္ခရာ ပနှင့်လည်းရှိ၏။။
ပ ပုဗ္ဗော လိ ဂတိမှိ ယုပစ္စယဿ အ နော။ ပါရာဇိကဏ် ယောဇနာ။)

(၂) ဒေဝါနံ ပိယတိဿ မင်းကြီး

အရှင်မဟိန္ဒ မထေရ်တို့ သီဟိုဠ်ကျွန်းသို့ ရောက်သောအခါ၌ မုဋ္ဌသီဝ မင်းကြီး နန်းတက် စည်းစိမ်(၆၀)ခြောက်ဆယ်[၁]၊ သာသနာသက္ကရာဇ်(၂၃၅)နှစ်ရာ သုံးဆယ့်ငါးနှစ်တွင် နတ်ရွာစံ၍သားတော် ဒေဝါနံ ဒေဝါနံပိယတိဿ ပိယတိဿ မင်းသားသည် ၎င်းသာသနာ သက္ကရာဇ်(၂၃၅)နှစ်ရာသုံးဆယ့်ငါးခုနစ် နတ်တော်လဆန်း တစ်ရက်နေ့၌ သွန်းအပ်သော အဘိသိက်ကို ခံယူ၍ နန်းစံလျက်ရှိသည်။

သီဟိုဠ် သာသနာ

ထိုနောက် တစ်ဖန် ဇမ္ဗူဒီပ်ကျွန်း တစ်ကျွန်းလုံးကိုအစိုးရသော သိရီဓမ္မာသောက မင်းကပေးလိုက်သော သားမြီးယပ်၊ သင်းကျစ်၊ သန်လျက်၊ ထီးဖြူ၊ ခြေနင်း၊ ဟူသော မင်းမြှောက် တန်ဆာငါးပါးနှင့် တကွ အဘိသိက် အဆောက်အအုံနှင့် သာသနာ သက္ကရာဇ်(၂၃၅)နှစ်ရာသုံးဆယ့်ငါးခုနစ်၊ ကဆုန်လပြည့်နေ့၌တစ်ကြိမ် အဘိသိက် သွန်းလောင်း၍ မင်းမြှောက် ကြပြန်လေသည်။

(သိရီဓမ္မာသောကမင်းနှင့် ဒေဝါနံ ပိယတိဿမင်းတို့.သည် တစ်ဦးတစ်ဦး မတွေ့.ဖူး မမြင်ဖူးသော အဒိဋ္ဌ သဟာယ အဆွေခင်ပွန်း ဖြစ်ကြလေသည်။)

၁။ ပါရာဇိက၊ အဋ္ဌကထာ၊ ပ၊ ၅၂။

http://www.dhammadownload.com

ဒေဝါနံ ပိယတိဿ မင်းကြီးသည် အဘိသိက် သွန်းပြီး တစ်လမြောက် နယုန်လပြည့်နေ့၌ မိဿကတောင်သို့ တောကစား ထွက်သွားတော်မူသည် ရှိသော် အရှင်မဟိန္ဒနှင့် ၄င်းတောင်ပေါ်မှာ တွေ့ဆုံကြ၍ စကားနှီးနှောပြောဟောပြီးလျှင် "မင်းကြီး ပညာရှိကြောင်း သိတော်မူ၍ အရှင်မဟိန္ဒမထေရ်သည် "စူဠဟတ္ထိပဒောပမသုတ်" ကို ဟောတော်မူသည်ရှိသော် ဒေသနာတော်၏ အဆုံး၌ ဒေဝါနံ ပိယတိဿမင်းကြီးသည် လေးသောင်းသော နောက်ပါအခြံ အရံနှင့် တကွ သရဏဂုံ သီလ၌တည်ကြကုန်၏။[1]

ဤသည်လျှင် သီဟိုဠ်ကျွန်း၌ သာသနာတော် အစ အာဒိကမ္မိက တည်ခြင်း တည်။

ဤသို့လျှင် အရှင်မဟိန္ဒ မထေရ်သည်သီဟိုဠ်ကျွန်းသို့ရောက်၍ နှစ်ရက်မြောက် နယုန်လပြည့်ကျော် တစ်ရက်နေ့မှစ၍ အစဉ်သဖြင့် မင်းနှင့်တကွသော လူအပေါင်း တို့ကို သာသနာတော်၌ သက်ဝင်ယုံကြည်စေပြီးလျှင် ဝါဆိုလပြည့်နေ့၌ ဥပုသ်အိမ် သိမ်သမုတ်၍ အရိဋ္ဌ အမတ်စသော ငါးကျိပ် ငါးယောက်သော သူတို့ကို ထိုသိမ်၌ပင် ရဟန်းခံသဖြင့် အရှင်မဟိန္ဒ မထေရ်အမှူးရှိသော ခြောက်ကျိပ် နှစ်ပါးသော ရဟန္တာ အရှင်မြတ်တို့သည် မိဿကတောင်၌ ပထမ ဝါကပ်တော် မူကြကုန်၏။

ဤသို့လျှင် အရှင်မဟိန္ဒမထေရ်သည် များစွာသော သီဟိုဠ်ကျွန်းသူကျွန်းသား တို့ကို ရဟန်းပဋ္ဌင်း၊ ရှင်သာမဏေ၊ အဖြစ်သို့ ရောက်စေ၍ ဘုရားစကားတော် တည်းဟူသော ပိဋကတ် သုံးပုံကို သင်ကြား ပို့ချသဖြင့် များစွာသောရဟန်းတို့၏ စိတ်နှလုံး၌ မရိယတ္တိ သာသနာတော်ကြီးကို တည်စေတော်မူသတည်း။

ဒေဝါနံ ပိယတိဿ မင်းကြီးသည်လည်း သာသနာ အဆောက်အအုံ ဖြစ်သော စေတီ၊ ပုထိုး၊ ဗောဓိ၊ ကျောင်း၊ သိမ်၊ အရာမ် ဝတ္ထုများကို တည်ထား ဆောက်လုပ် လျှဒါန်းပြီးလျှင် နှစ်သက်တော်မူလှ၍ အရှင်မဟိန္ဒမထေရ်အား လျှောက်ထားသည်မှာ–

"အရှင်ဘုရား ယခုအခါ ဤသီဟိုဠ်ကျွန်း၌ သာသနာတည်ပါပြီလော" ဟု မေးလျှောက်လေ၏။

"မင်းကြီး ဘုရားရှင်သာသနာတော်ကား ဤသီဟိုဠ်ကျွန်း၌ တည်ပြီ၊ တည် သော်လည်း တည်ခါစ ရှိသေးသည်၊ ကောင်းစွာမတည်သေး၊ သာသနာတော်၏ အမြစ်အရင်း မသက်ဆင်းသေး၊ မငြိတွယ်သေး"

ဟု မိန့်တော်မူ၏။

၁။ ပါရာဇိက အဋ္ဌကထာ၊ ပ၊ ၅၈။

http://www.dhammadownload.com

"ပတိဋ္ဌိတံ နု ခေါ ဘန္တေ တမ္ဗပဏ္ဏိဒီပေ သာသနန္တိ ပတိဋ္ဌိတံ မဟာရာဇ သာသနံ မူလာနိ ပနဿန တာဝ ဩတရန္တီတိ [၁]"

ဘန္တေ၊ အရှင်ဘုရား။ တမ္ဗဏ္ဏိဒီပေ၊ သီဟိုဠ်ကျွန်း၌။ သာသနံ၊ သာသနာတော်သည်။ ပဋိဋ္ဌိတံ နုခေါ၊ တည်ပါပြီလော။ ဣတိ၊ ဤသို့၊ ပုစ္ဆိ၊ မေးလျှောက်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။သာသနံ၊ သာသနာသည်။ ပတိဋ္ဌိတံ၊ တည်ပြီ။ ပန၊ ထိုသို့ပင် တည်သော်လည်း။ အဿ သာသနဿ၊ ထိုသာသနာတော်၏။ မူလာနိ၊ အမြစ်အရင်းတို့သည်။ တာဝ၊ ထိုမျှလောက်။ နဩတရန္တိ၊ မသက်ဆင်းသေးကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

"ဘယ်သောအခါမှ သာသနာတော်၏ အမြစ်အရင်းတို့သည် သက်ဆင်းသည် မည်ပါကုန်မည်နည်း"

ဟုမေးလျှောက်ပြန်သော်-

"မင်းကြီး- အကြင်အခါတို့၌ အမိအဘတို့ကလည်း သီဟိုဠ်ကျွန်းသူ ကျွန်းသား ဖြစ်၍ သီဟိုဠ်ကျွန်း၌ မွေးဖွားသော သတို့သားသည် သီဟိုဠ်ကျွန်း၌ပင် ရှင်ရဟန်းပြု၍ သီဟိုဠ်ကျွန်း၌ပင် ဝိနည်းပိဋကတ်ကို သင်ယူပြီးလျှင် သီဟိုဠ်ကျွန်း၌ ဝိနည်းကို ပို့ချလိမ့်လတ္တံ့။ ထိုအခါ သီဟိုဠ်ကျွန်း၌ ဘုရားရှင် သာသနာတော် ကောင်းစွာတည်ပြီးလျှင် သာသနာတော်၏ အမြစ်အရင်း သက်ဆင်း ငြိတွယ်ပြီဟု မှတ်ယူလော့"

ဟူ၍ မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူသောအခါ-

"အရှင်ဘုရား- သီဟိုဠ်ကျွန်းသားဖြစ်၍ သီဟိုဠ်ကျွန်းတွင် ဝိနည်းကို သင်ယူပြီးလျှင် သီဟိုဠ်ကျွန်း၌ ဝိနည်းကိုပို့ချနိုင်အံ့သော ရဟန်းရှိပါ၏လော"

ဟုမေးလျှောက်ပြန်သော်-

"မင်းကြီး အရိုဋ္ဌ မည်သော ရဟန်းသည် စွမ်းနိုင်လတ္တံ့"

ဟုမိန့်တော်မူသဖြင့် မင်းကြီးသည် နှစ်သက်တော်မူလှ၍ မေဃဝဏ္ဏာဘာယ အမတ်ကြီး၏ ပရိဝုဏ်နေရာ၌ ပထမ သင်္ဃာနာ တင်စဉ်အခါ အဇာတသတ်မင်းကြီးသည် ဆောက်လုပ်အပ်သော မဏ္ဍပ်နှင့် တူစွာ မြတ်သော မဏ္ဍပ်ကြီးကို မင်း၏တန်ခိုးဖြင့် လျင်မြန်စွာ ပြီးစီးအောင် ဆောက်လုပ်စေ၍ ဝိနည်း စာချပ်သဘင် ဆင်ယင် ခင်းကျင်းတော်မူသတည်း။

၁။ ပါရာဇိက အဋ္ဌကထာ၊ ၁၊ ၇၅။

http://www.dhammadownload.com

ဤ ဝိနည်းစာချ ပွဲသဘင်ကိုပင် စတုတ္ထ သင်္ဂါယနာတင် ဟူ၍လည်း ဆိုကြ၏။

(၃) အရိဋ္ဌ မထေရ်၏ ဝိနည်း စာချပွဲ

အရိဋ္ဌမထေရ်သည် ဝိနည်း စာချပွဲသဘင် ဆင်ယင် ခင်းကျင်းအံ့သောငှာ၊ ဆောက်လုပ်၍ ထားအပ်သော မဟာ မင်္ဂလာမဏ္ဍပ်ကြီး၏အလယ် တင့်တယ်ဖွယ်ရာ ရတနာတို့ဖြင့် စီအပ်သော တရားဟော ပလ္လင်ဝယ် တင့်တယ်စွာ နေလျက် မဟာ မဟိန္ဒမထေရ် အမှူးရှိသော (၆၈၀၀၀) ခြောက်သောင်းရှစ်ထောင်သော သံဃာ့ အစည်းအဝေးတွင် ဒေဝါနံပိယ တိဿမင်းကြီး၏ ညီတော်ဖြစ်သော မေတ္တာဘာယ မထေရ်ကို အကြီးအမှူးပြု၍ "ဝိနည်းကို သင်ယူအံ့"ဟု ငါးရာသောရဟန်းတို့သည် တရားဟောပလ္လင်ကို ဝန်းရံလျက် နေကြကုန်၏။ ထိုအခါ အရိဋ္ဌမထေရ်သည် ဝိနည်း ပါဠိတော်ကို နိဒါန်းမှ စ၍ ရွတ်ဆိုချပို့ သင်ကြားတော်မူသဖြင့် များစွာသော အံ့ဖွယ် သရဲ ထူးကဲ လွန်မြတ်သော တန်ခိုး ပြာဋိဟာတို့သည် ထင်ရှားဖြစ်ပေါ် လာလေကုန်သတည်း[၁] ။

ဤသို့လျှင် အရိဋ္ဌမထေရ်သည် မဟာ မဟိန္ဒမထေရ် အမှူးရှိသော (၆၈) ခြောက်ကျိပ် ရှစ်ပါးသော အသီးအသီးသော ဂိဏ်းဆရာ ရဟန္တာမထေရ်ကြီးတို့ဖြင့် လည်းကောင်း၊ ထိုမှတစ်ပါးသော (၆၈၀၀၀)ခြောက်သောင်းရှစ်ထောင်သော ရဟန်းတို့ဖြင့် လည်းကောင်း ခြံရံလျက် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မြတ်စွာဘုရား၏ ကရဏာတော် တည်းဟူသော ဂုဏ်ကိုပြတတ်သော ဝိနည်း ပိဋကတ်ကို စ၍ ချပို့တော်မူပြီးလျှင် အသက်တော် တည်သမျှ ကာလပတ်လုံးလည်း များစွာသော ရဟန်းတို့အား ချပို့တော်မူ၍ များစွာသောရဟန်းတို့၏ စိတ်နှလုံး၌ တည်စေတော်မူသဖြင့် သာသနာတော်၏ အမြစ်အရင်းကို သီဟိုဠ်ကျွန်း၌ ကောင်းစွာ သက်ဆင်း တည်စေတော်မူသတည်း။

ဤသို့လျှင် သီဟိုဠ်ကျွန်း၌ မဟာ မဟိန္ဒ မထေရ်၊ မဟာ အရိဋ္ဌမထေရ် တို့မှ စ၍ ၄င်းမထေရ်တို့၏ အရာမက – အထောင် မကသော တပည့်အဆက်ဆက် တို့သည် ပရိယတ္တိ သာသနာတော်ကြီးကို ပြန့်လှိုင် စည်ကားစေတော်မူပြီးလျှင် ပေထက် အက္ခရာ တင်သည်တိုင်အောင် ဘုရားရှင်၏ နှုတ်တော်ထွက်၊ မိန့်မြွက်ချက်

၁။ ပါရာဇိက အဋ္ဌကထာ၊ ပ၊ ၇၅။ ၆။

http://www.dhammadownload.com

စကားတော် အစီအစဉ်ဟူသော ပရိယတ္တိ သာသနာတော်ကြီးကို နူတ်တက် အာဂုံဆောင်တော်မူခဲ့ကြကုန်၏။

ထိုဒေဝါနံ ပိယတိဿမင်းသည် သီဟိုဠ်ကျွန်း၌ ရှေးဦးစွာ သာသနာတော်ကို ချီးမြှောက်သော သာသနာနုဂ္ဂဟ၊ သာသနာ့ဒါယကာ သာသနာပြု မင်းကြီး ဖြစ်လေသည်။

ထိုမင်းကြီးသည် ဘုရားရှင်၏ သာသနာတော်ကို လွန်မင်းစွာ ကြည်ညိုစောင့်ရှောက် ပြုစု ချီးမြှောက်ပွင့်လင်း စေတော်မူပြီးမှ နန်းစည်းစိမ်(၄၄)လေးဆယ့်လေးနှစ်၊ သာသနာ သက္ကရာဇ်(၂၇၉) နှစ်ရာခုနှစ်ဆယ့်ကိုးခုနှစ်တွင် နတ်ရွာ စံတော်မူလေသတည်း။

(၄) အရှင် မဟာမဟိန္ဒ ပရိနိဗ္ဗာန် စံတော်မူခြင်း

သီဟိုဠ် သာသနာပြု အရှင်မဟာ မဟိန္ဒ မထေရ်သည်လည်း ဇမ္ဗူဒီပ်ကျွန်း၌ (၁၂) ဆယ့်နှစ်ဝါရပြီးမှ သီဟိုဠ်သို့ ကူးခဲ့၍ (၁၃)ဝါရရှိတော်မူသောအခါ ဝိနည်း ပိဋကတ်ကို စတုတ္ထ သင်္ဂါယနာ တင်သကဲ့သို့ မတုန်မလှုပ် မြဲမြံ ခိုင်ခံ့အောင် ဝိနည်း စာပွဲသဘင် ဆင်ယင် ခင်းကျင်းတော်မူခြင်း စသော ပရိယတ္တိ သာသနာတော်ကြီးကို လွန်မင်းစွာ စည်ကား ပြန့်လှိုင်ထွန်းလင်း တောက်ပတော်မူစေပြီးမှ သက်တော်(၈၀) ဝါတော်(၆၀)ပြည့်၍ သာသနာ သက္ကရာဇ်(၂၈၃)နှစ်ရာရှစ်ဆယ့်သုံးခုနှစ် စေတီယတောင်၌ ဝါဆိုတော်မူ၍ သီတင်းကျွတ်လဆန်း (၈) ရှစ်ရက်နေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူသည်။

ထိုအခါ ဒေဝါနံ ပိယတိဿမင်းကြီး နတ်ရွာစံ၍ ညီတော် ဥတ္တိယမင်း နန်းစံရှစ်နှစ် ရှိသောအခါဖြစ်ရကား ဥတ္တိယမင်းသည် အရှင်မဟာ မဟိန္ဒ မထေရ်၏ အလောင်းတော်ကို စေတီယတောင်မှ အနုရာဓပြို့ မဟာဝိဟာရ ကျောင်းတိုက်သို့ ပင့်ဆောင်၍ ခုနစ်ရက်ပတ်လုံး ထားတော်မူပြီးလျှင် များစွာသော ပူဇော်သက္ကာရကို ပြု၍ နံ့သာ ထင်းပုံထက်သို့ တင်ပြီးလျှင် သင်္ဂြိုဟ်တော်မူ၏။

ဥတ္တိယမင်း နန်းတက်၍ ၉-နှစ်မြောက်တွင် သဃ်မိတ္တာ ထေရီမသည်လည်း ဝါတော်(၅၉)ဝါ အရှိတွင် ပရိနိဗ္ဗာန် ဝင်တော် မူသဖြင့် ထိုသဃ်မိတ္တာ ထေရီမ၏ အလောင်းကိုလည်း ဥတ္တိယမင်းသည် မဟာမဟိန္ဒ မထေရ်၏ အလောင်းကို သင်္ဂြိုဟ်သကဲ့သို့ပင် ကောင်းမွန်စွာ ပူဇော်သက္ကာရကို ပြု၍ သင်္ဂြိုဟ်လေသည်။

ထိုမောင်တော် နမတော်ဟူသော အရှင်မဟာ မဟိန္ဒမထေရ်နှင့် သဃ်မိတ္တာထေရီမတို့သည် ဇမ္ဗူဒီပ် သီဟိုဠ်အပြင် သာသနာခွင်၌ အလွန်ပင် ထင်ရှား ကျော်ကြားသော မောင်နှင်နမတို့ ဖြစ်လေသတည်း။

http://www.dhammadownload.com

(၅) ဒုဋ္ဌဂါမဏီ မင်းကြီး သာသနာပြုစုခြင်း

သီဟိုဠ်သာသနာပြု မထေရ်ဆက် မင်းဆက် ကျယ်ဝန်း များပြားလှသဖြင့် ထင်ရှားကျော်စောသော သာသနာပြု အဆက် မင်းဆက်ကိုသာ ရေးသားပေအံ့။

ဤသို့လျှင် သီဟိုဠ်ကျွန်းဌ အဆက်ဆက်သော သာသနာပြု မင်းတို့ကို အမှီပြု၍ အဆက်ဆက်သော မထေရ်တို့သည် သာသနာတော်ကို ပြန့်လှိုင်စည်ကား စေလျက် လာခဲ့ရာတွင် သီဟိုဠ်ကျွန်းဌ အစဉ်းစွာ သာသနာပြုမင်းဖြစ်သော ဒေဝါနံ ပိယတိဿမင်းကြီး မြေးတော် ကာကဝဏ္ဏတိဿမင်းကြီး၏ သားတော် ဖြစ်သော (ဒုဋ္ဌဂါမဏီ)မင်းကြီးသည် သာသနာတော် သက္ကရာဇ်(၃၇၇) သုံးရာခုနစ်ဆယ့်ခုနစ် ခုနှစ်တွင် နန်းတက်၍ သာသနာတော်ကို ပြုစုလေသည်။ ။ဒေဝါနံ ပိယ တိဿမင်းနှင့် ဒုဋ္ဌဂါမဏိမင်း အနှစ်(၉၈) ကိုးဆယ့်ရှစ်နှစ် ကွာသည်။

သာသနာ ပြုစုပုံကား- ဒုဋ္ဌဂါမဏီ မင်းကြီးသည် ရဟန္တာအရှင်မြတ်များကို တာဝတိံသာ နတ်ပြည်သို့ ကြွ၍ ဘိရဏီ နတ်သမီး၏ ဗိမာန်ပုံစံကို ကူးယူစေပြီးလျှင် ဘိရဏီနတ်သမီး၏ ဗိမာန်နှင့်တူစွာ ဆန်းကြယ်ခမ်းနား ကြီးမားသော လောဟပါသာဒ မည်သော ပြာသာဒ် ကျောင်းတော်ကြီးကို ဆောက်လုပ်၍ လှူဒါန်းခြင်းအားဖြင့် လည်းကောင်း၊ မရိစိဝဋ္ဌ စေတီတော်ကြီးနှင့် တကွ မရိစိဝဋ္ဌ ကျောင်းတိုက်ကြီး ဆောက်လုပ် လှူဒါန်းခြင်းအားဖြင့် လည်းကောင်း၊ ငါတို့ ဂေါတမ မြတ်စွာဘုရား သာသနာတော်တွင် အတုမရှိ ကြီးမားမြင့်ကျယ်သော အသဒိသ မဟာစေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း စသောအားဖြင့်လည်းကောင်း သာသနာတော်ကို ကြည့်ရှု စောင့်ရှောက် ချီးမြှောက်တော်မူလေသည်။

မဟာစေတီတော်ကြီး အုတ်မြစ်ပန္နက်(ကန္နက်)ချသောအခါ၌ ရောက်လာတော် မူကြကုန်သော သံဃာ့အစုအဝေးကား (၉၀-၉၀၀၀၀၀၀)ကိုးဆယ့်ကိုးကုဋေ ဖြစ်လေ သည်။

ထို ကိုးဆယ့်ကိုးကုဋေသော သံဃာတို့တွင် ဇမ္ဗူဒိပ်ကျွန်းမှ ကောင်းကင်ခရီးဖြင့် ကြွလာသော သံဃာကား (၂၂၉၆၀၀၀)နှစ်သန်း နှစ်သိန်း ကိုးသောင်း ခြောက်ထောင် ဖြစ်လေသည်။

သီဟိုဠ်ကျွန်းမှ ကြွလာသော သံဃာကား (၉၀-၈၇,၇၀၄,၀၀၀) ကိုးဆယ့်ရှစ်ကုဋေ ခုနစ်သန်း ခုနစ်သိန်း လေးထောင် ဖြစ်လေသည်။

ထိုအခါ သီဟိုဠ်ကျွန်းမှ သံဃာဤမျှ ဤရွေ့ရှိ၏ဟု မရေတွက်နိုင်လေ။ ထိုသို့များပြား သာသနာစည်ကားလေသည်။ အာရုံပြု၍ သတိရကြကုန်။

http://www.dhammadownload.com

ဤသို့လျှင် ဒုဋ္ဌဂါမဏီ မင်းကြီးသည် သာသနာတော်ကို ချီးမြှောက် ပြုစုလေသည်။ ထိုဒုဋ္ဌဂါမဏီမင်းကြီးကို အမှီပြု၍ ဘုရားရှင် သာသနာတော်ကြီး အလွန်ပင် စည်ကားပွင့်လင်းသဖြင့် ယခုထက်တိုင် ဒုဋ္ဌဂါမဏီမင်းကြီး၏ ကုသိုလ်တော်ဖြစ်သော သာသနာ့ အဆောက်အအုံ သာသနာတော်၏ တံခွန် တစ်ဆူ ဖြစ်၍ သာသနာတော်ကြီး၏ ကျက်သရေဆောင် မဟာစေတီတော်ကြီး စသော အဆောက်အအုံများ ရှိသေးသဖြင့် သီဟိုဠ်ကျွန်းသို့ ကူး၍ သွားရောက် ဖူးမြော်ကြရလေသည်။

သံဃာတော် အပေါင်းသည်လည်း ဘုရားရှင်၏ သာသနာတော်ကို စောင့်ရှောက် လျက် ဆရာ အဆက်ဆက် တပည့် အဆက်ဆက် ပရိယတ်ကို သင်ကြား ပို့ချကြ ကုန်သည် ဖြစ်၍ သာသနာတော်ကြီးကို အလွန်ပင် ထွန်းကားစည်ပင် ပြန့်ပွား စေကြ ကုန်၏။

(၆) ပရိယတ္တိကို ဆင်းရဲငြိုငြင်စွာ ဆောင်ခဲ့ရပုံ

သာသနာသက္ကရာဇ်(၄၃၀)လေးရာ့သုံးဆယ့်နှစ်တွင် ဝဋ္ဌဂါမဏိမင်းကြီးနန်းတက်၍ ငါးလရှိသောအခါ ပြည်ရွာကို လုယက် ချောက်ချားစေသော ဗြာဟ္မဏတိဿ မည်သော ဒွန်းစဏ္ဍား သူပုန်ဘေးကြီးဖြစ်သောအခါ သီဟိုဠ်ကျွန်းမှာ မိုးလေဝသ ခေါင်းပါး၍ အစာအာဟာရရှားပါးခြင်း ဖြစ်လေသည်။

ထိုအခါ သီကြားမင်းသည် လူ့ပြည်တစ်ခိုသီဟိုဠ်ကျွန်းသို့ ဆင်းလာ၍ သံဃာတော်များအား လျှောက်ထားသည်မှာ–

> "အရှင်ဘုရားတို့၊ အရှင်ဘုရားတို့သည် ဤသီဟိုဠ်ကျွန်းတွင် နေ၍ ပရိယတ္တိ သာသနာ ပဋိပတ္တိ သာသနာ နှစ်ပါးကို များစွာ အားမထုတ်နိုင် လတ္တံ့။ ဇမ္ဗူဒီပ်ကျွန်းသို့ ကူး၍ အထူးသဖြင့် ပဋိယတ် ပဋိပတ် ယင်းနှစ်ရပ်ကို မပြတ် အောင် အားထုတ်တော်မူကြပါကုန်လော့၊ အကျွန်ုပ်ကဆောင်၍ ပို့ပါမည်။ အကျွန်ုပ်၏ တန်ခိုးဖြင့် တစ်စုံတစ်ခုသော ဘေးရန်ကို မဖြစ်စေရဘဲ ဇမ္ဗူဒီပ်ကျွန်းသို့ ချမ်းချမ်းသာသာ ရောက်ပါစေမည်။ ဤသီဟိုဠ်ကျွန်း၌ ဘေးငြိမ်း၍ ဝပြော သာယာသောအခါမှ ပြန်လည်၍ ကြွတော်မူခဲ့ကြပါ"

ဟုလျှောက်ထားလေ၏။

ထိုအခါ များစွာသောသံဃာတို့သည် "ဤဇမ္ဗူဒီပ်ကျွန်းသို့ကူးအံ့"ဟု သဘော်ဆိပ်သို့သက်ဆင်း ကြွရောက်တော်မူကြကုန်၏။ ထိုသံဃာတို့တွင် ခြောက်ကျိပ်သော

http://www.dhammadownload.com

သံဃာတို့သည် –

"အရှင်ဘုရားတို့သာလျှင် ဇမ္ဗူဒီပ်သို့ ကူးသွားကြကုန်လော့။ တပည့်တော်တို့မှာ ဤသီဟိုဠ်ကျွန်းမှာပင်နေ၍ စားရသမျှသော အာဟာရနှင့်ပင် မျှတ၍ ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို မပျောက်မပျက်အောင် စောင့်ရှောက်ထိန်းသိမ်း၍ နေရစ်တော့မည်"

ဟုလျှောက်ထားကြပြီးလျှင် ခြောက်ကျိပ်သော ရဟန်းတို့သည် သင်္ဘောဆိပ်မှ ပြန်နစ်၍ သီဟိုဠ်ကျွန်းမှာပင် နေရစ်ကြကုန်၏။

ကြွင်းသော သံဃာတို့သည် သီကြားပေးသော ဖောင်ဖြင့် ဇမ္ဗူဒီပ်သို့ ကူးသွားတော်မူကြကုန်၏။

သီဟိုဠ်ကျွန်းတွင်ကျန်ရစ်သော အရှင်မြတ်တို့သည် သီဟိုဠ်ကျွန်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သော ဒက္ခိဏ မလယ ဇနပဒသို့ သွား၍ သစ်သီး၊ သစ်ဥ၊ သစ်ရွက်တို့ဖြင့် ဇီဝိတိန္ဒြေကိုမျှတစေ၍ (၁၂)တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကိုအာဂုံနှုတ်တက် မပျောက်မပျက် အက္ခရာ မယိုမယွင်းကြရအောင် ဆောင်ရွက် စောင့်ရှောက် ထိန်းသိမ်း၍ နေတော်မူကြကုန်သတည်း။

ဆာလောင်ခြင်းပြင်းလှ၍ နှုတ်ဖြင့် မရွတ်ဆိုနိုင်လျှင် ဝမ်းအောက်က သဲပုံသဲထုပ် ခုခံ၍ စိတ်ဖြင့်သာ ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို ဆင်ခြင်၍ နေတော်မူကြကုန်၏။

ဤသို့နှင့်နှင့် ဆယ့်နှစ်နှစ်ပတ်လုံး အဋ္ဌကထာနှင့် တကွသော ပိဋကတ် သုံးပုံကို မပျက်မကွက် ပြည့်စုံစွာ ဆောင်ခဲ့ကြကုန်သတည်း။

ဇမ္ဗူဒီပ်သို့ကူးသော အရှင်တို့သည်လည်း ဇမ္ဗူဒီပ်ကျွန်း၌ ဆယ့်နှစ်နှစ်ပတ်လုံး ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့် တကွ အာဂုံ နှုတ်တက် ဆောင်ရွက် ထိန်းသိမ်း၍ ဘေးရန် ငြိမ်းသောအခါမှ သီဟိုဠ်ကျွန်းသို့ပြန်လည်တော်မူခဲ့ကြ၍ သီဟိုဠ်ကျွန်းတွင် ကျန်ရစ်သော အရှင်များနှင့် အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို တိုက်ဆိုင် ညှိနှိုင်းကြသည်ရှိသော် တစ်လုံးသောအက္ခရာမျှ ချို့ယွင်းသည် မည်ညွတ်သည်မရှိ ၊ အလုံးစုံ တိုက်ဆိုင် ညီညွတ်ကြလေသတည်း။ ဤသို့ ဆင်းရဲ ငြိုငြင်စွာ ဘုရားစကားတော်တည်းဟူသော ပရိယတ္တိ သာသနာတော်ကြီးကို မပျက်မကွက်အောင် ဆောင်ရွက်ထိန်းသိမ်းတော် မူခဲ့ကြကုန်သတည်း။

http://www.dhammadownload.com

(၇) ပေထက် အကွရာတင်ပုံ

သဗ္ဗညူ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်ကစ၍ ကာလရှည်စွာ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ပုထုဇဉ် ဖြစ်သော မထေရ် အဆက်ဆက်တို့သည် ပိဋကတ်သုံးပုံဟူသော ဘုရားရှင်စကားတော်ကို နှုတ်တက် အာဂုံဆောင်၍ နှုတ်တွင်သာ ထိန်းသိမ်းစောင့်ရှောက်တော်မူကြကုန်၏။ သတိ၊ သမာဓိ ကြီးရင့်ပြန့်ပြောတော်မူကြသဖြင့် (မုခပါဌ)နှုတ်မုခပါဌ်ဖြင့် နှုတ်၌ဖြစ်သော ပါဋိဖြင့်သာလျှင် ဆောင်တော်မူနိုင်ကြကုန်သည်။

ထိုသို့ပိဋကတ် သုံးပုံကို နှုတ်တွင်ထား၍ ဆောင်ရွက်ခဲ့သည်ကား ကာလအားဖြင့် (၄၉၅) လေးရာကိုးဆယ့်ငါးနှစ်တိုင်တိုင် ကြာမြင့်လေသည်။

သာသနာ သက္ကရာဇ်(၄၄၅) လေးရာလေးဆယ့်ငါးနှစ် အရှိတွင် သီဟိုဠ်မင်းဆက် (၁၈)တစ်ဆယ့်ရှစ်ဆက်မြောက် သဒ္ဓါတိဿမင်းကြီး၏ သားတော် ဝဋ္ဋဂါမဏိမင်းကြီး တစ်ဖန် နန်းစည်းစိမ်ကိုရပြန်၍ ၄င်းမင်းကြီး ဒုတိယနန်းစံ (၆)ခြောက်နှစ်မြောက် နောင်သောအခါ သတ္တဝါတို့သည် သတိ၊ ပညာ၊ သမာဓိ ယုတ်လျော့သဖြင့် ပိဋကတ် သုံးပုံဟူသော ပါဋိတော်များကို နှုတ်၌ထား၍ မဆောင်နိုင်ကြ ကုန်လတ္တံ့။

ပေတွင်ထား၍သာ ဆောင်ရွက်နိုင်ကြမည်ကို မြော်မြင် သိရှိတော် မူကြကုန်သော ရဟန္တာ အရှင်မြတ်တို့သည် ဘုရား စကားတော်တည်းဟူသော ပရိယတ္တိ သာသနာတော် ပိဋကတ်သုံးပုံကို တိမ်းပါးယွင်းယို ထိထိပါဒို ပျောက်ပျက်ခြင်းရှိမည်ကို စိုးရိမ်တော် မူကြသောကြောင့် ရဟန္တာ မထေရ်ကြီး(၅၀၀)ငါးရာတို့သည် ဝဋ္ဋဂါမဏိမင်းကြီးကို အမှီပြု၍ သီဟိုဠ်ကျွန်း အစိတ်၊ မလယ ဧနပုဒ် အာလောက မည်သော လိုဏ်၌ အဋ္ဌကထာနှင့် တကွသော ပိဋကတ် သုံးပုံကို သာသနာ သက္ကရာဇ်(၄၅၀)လေးရာငါးဆယ် အရှိတွင် ပေပေါ်၌ အကွရာ ရေးသား၍ တင်ထားတော်မူကြကုန်၏။

ပေထက်အကွရာ တင်ပြီးလျှင် အကြိမ် (၁၀၀)တစ်ရာတိုင်တိုင် တိုက်ဆိုင် သုဝ်သင်တည်းဖြတ်၍ ထားတော်မူကြကုန်၏။ ဤသို့ အစွဲပြု၍ ယခု အခါမှာလည်း ကျပေါက်ယွင်းမှားခြင်း မရှိရအောင် ပေစာရေးများကို ရေးကူးစေပြီးလျှင် စာတည်းခြင်း အလေ့အထ ပြုကြရသည်။ ဤသို့ ပေထက် အကွရာ တင်ထားသည်ကိုပင် "စတုတ္ထ သင်္ဂါယနာ"ဟု ခေါ်ဆိုကြ၏။[၁]

၁။ ဣန္ဒိယရာဇဝင် အလိုအားဖြင့် သိရှိခမျာ သောကမင်းကြီး တတိယသင်္ဂါယနာ တင်ပြီးနောက် မစ္ဆိမဒေသမှာပင် ကနစ်သျှကမင်း စတုတ္ထ သင်္ဂါယနာတင်သေးသည် ဆိုသောကြောင့် ပဥ္စမသင်္ဂါယနာတင်ဟု ခေါ်ဆိုဖွယ်ရှိ၏။

http://www.dhammadownload.com

[ထိုအခါ သီဟိုဠ်ကျွန်း ဝဋ္ဌဂါမဏိမင်းနှင့် ငါတို့ မြန်မာတိုင်း၊ သီရီ ခေတ္တရာ ရသေ့ပြည်၌ သက္ကရာဇ် (၄၃၃) လေးရာသုံးဆယ့် သုံးခုနှစ် နှန်းတက်သော သရမာ ဘုရားဒါယကာတော် ကြက်ခေါင်းစားငတစ်ပါးမင်း နန်းပြုိင်တည်း။]

ဤသို့လျှင် ပေပေါ်တွင် အက္ခရာ ရေးသားတင်ထားပြီး နောက်၌လည်း သတိပညာထက်သန်ကုန်သော အရှင်တို့သည် နှုတ်၌သာဆောင်ထားတော်မူကြကုန်၏။ သတိ ပညာနုံ့နှေးကုန်သော အရှင်တို့မှာကား ပေ၌တင်ထားသောအက္ခရာ အစဉ်ကို ကြည့်၍ ဆောင်တော်မူကြရကုန်၏။ ဤသို့နှင်နှင် ယနေ့ထက်တိုင်အောင် ပေ၌ တင်ထားသောအက္ခရာအစဉ်ကိုအားကိုးအားထားပြု၍ ကြည့်ရှုမှတ်သား ကျက်အံ့ထားပြီး လျှင် ဘုရားရှင်စကားတော်တည်းဟူသော ပရိယတ္တိသာသနာတော်ကြီးကို စောင့်ရှောက် ထိန်းသိမ်းကြရကုန်လေသည်။

ပေထက်အက္ခရာတင်တွင် သာသနာကို ချီးမြှောက်သော သာသနာပြု ဝဋ္ဌဂါမဏိ မင်းကြီးသည် ရှေးနန်းစံ (၅)လ နောက်တစ်ဖန် နန်းစံ(၁၂)နှစ်၊ နှစ်ရပ်ပေါင်း နန်းစံ (၁၂)နှစ် (၅)လသာရှိ၍ နတ်ရွာစံ၏။

(၈) ရှင်ဗုဒ္ဓဃောသ ကျမ်းပြုကြောင်း

ငါတို့မြန်မာတိုင်း၊ အရိမဒ္ဒနာ ပုဂံပြည် သေဋ္ဌလည်ကြောင်မင်းနှင့် နန်းပြုိင် သီဟိုဠ်ကျွန်း မဟာနာမမင်း လက်ထက်သာသနာ သက္ကရာဇ်(၉၃၀)ကိုးရာသုံးဆယ်တွင် ဇမ္ဗူဒီပ်ကျွန်း မဂဓတိုင်း ရာဇဂြိုဟ်ပြည် မဟာဗောဓိပင် အနောက်ဃောသရွာတွင် ဖွားရာဇာတိရှိသော ဗုဒ္ဓဃောသမထေရ်သည် ၄င်းသာသနာသက္ကရာဇ်တွင် ဆရာ ရေဝတမထေရ် တိုက်တွန်းစေခိုင်းသဖြင့် ဇမ္ဗူဒီပ်ကျွန်းမှ သီဟိုဠ်ကျွန်းသို့ ကူးသွားပြီးလျှင် မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ သံယုတ္တနိကာယ်သဂါထာဝဂ္ဂ ဒေဝတာ သံယုတ်တွင် လာရှိသော အောက်ပါဂါထာကို အဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ရှေးဦးစွာ ပြုစီရင် လေသည်။

သီလေ ပတိဋ္ဌာယ နရော၊ သပညော စိတ္တံ ပညဉ္စ ဘာဝယံ၊
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ [၁]။

ဟူသော ဂါထာကို ရှေးဦးစွာအဖွင့် သံဝဏ္ဏနာ အဋ္ဌကထာ ပြုစီရင်ပြီးလျှင်

၁။ သံ-၁၊ ၁၃-၁၆၇။

http://www.dhammadownload.com

(၁) မဟာ အဋ္ဌကထာ။ (၅) ကုရန္ဒီ အဋ္ဌကထာ။
(၂) မူလ အဋ္ဌကထာ။ (၆) အန္ဓက အဋ္ဌကထာ။
(၃) မဟာပစ္စရီ အဋ္ဌကထာ။ (၇) သခေ်ပ အဋ္ဌကထာ။
(၄) စူဠပစ္စရီ အဋ္ဌကထာ။ (၈) အရိယ အဋ္ဌကထာ[၁] ။

ဟူသော ရှေးအဋ္ဌကထာကြီး (၈)ကျမ်းတို့၌ သီဟိုဠ်ဘာသာဖြင့် ရေးသားထားသော သီဟိုဠ်အက္ခရာကို မဂဓ ဘာသာ မဂဓ အက္ခရာဖြင့် ပြန်ပြီးလျှင် ပြဆို အပ်ခဲ့ပြီးသော အဋ္ဌကထာကြီး ရှစ်ကျမ်းတို့၌ စကား အထပ်ထပ် အကျယ်ဖွင့်ပြထားသည်ကို အကျယ်မဖွင့်မပြ စကားလည်း အထပ်ထပ်မဆိုဘဲ အကျဉ်းချုံး၍ ရေးသားတော်မူလေသည်။

ရှေးအဋ္ဌကထာ ကြီးများမှာ ဖွင့်အပ်ပြီးသောပုဒ်၊ ပြဆိုအပ်ပြီးသော စကားကိုပင် ထပ်၍ ဖွင့်ခြင်း၊ ထပ်၍ ပြဆိုခြင်းကို ပြုလေသည်။ ရှင်ဗုဒ္ဓဃောသကား ရှေးဋ္ဌကထာစ်ကြိမ်ဖွင့်ခဲ့ပြီးသောပုဒ်၊ ပြဆိုအပ်ခဲ့ပြီးသောစကားရပ်များကို နောက်ထပ် တစ်ကြိမ်မဖွင့်မပြမဆိုတော့ဘဲ "ပုဗ္ဗေ ဂုတ္တ နယမေဝ= ရှေးဆိုအပ်ခဲ့ပြီးသည်နှင့် တူပြီ"ဟု ညွှန်ပြပြီးလျှင် အသစ်ဖြစ်သော ပုဒ်၊ ဝါကျစကားရပ်များကိုသာ ဖွင့်ပြလေတော့သည်။

(၉) ရှေးအဋ္ဌကထာကြီးများ

ရှေးအဋ္ဌကထာကြီးတွေ ဆိုသည်ကား မြတ်စွာဘုရားဟောတော်မူတိုင်း သိရှိပြီး ဖြစ်တော်မူကြကုန်သော အရှင်မဟာ ကဿပ အစရှိသော သင်္ဃာတင် ရဟန္တာ အရှင်မြတ်ကြီးတို့သည် ရှေးဦးစွာ ပိဋကတ် သုံးပုံပါဠိတော်ကို သင်္ဃာတင်ပြီးလျှင် ထိုပိဋကတ် သုံးပုံပါဠိ၏ အနက်အဖွင့်ဖြစ်သော စကားအစဉ် တို့ကိုလည်း သင်္ဃာတင်အပ်သေးသည်၏ အဖြစ်ကြောင့် သင်္ဃာ သုံးတန်၊ သုံးဖန်၊ သုံးထပ်တင်အပ်သော မြတ်စွာဘုရားစကားတော် ပါဠိ၏အနက် အဖွင့်ဖြစ်၍ ဖြစ်သောစကား အစီအစဉ်ကိုပင် အဋ္ဌကထာဟုဆိုသည်။

ထိုစကားကို ထင်ရှားစေဦးအံ့၊ မြတ်စွာဘုရားသည် သုတ်၊ အဘိဓမ္မာ၊ ဝိနည်းကို ဟောတော်မူရာ၌ ပါဠိချည်း သက်သက် ဟောတော်မူသော အရာမရှိ၊ အလုံးစုံသော

၁။ ပိဋကတ်သမိုင်း၊ ၂၄။

http://www.dhammadownload.com

ပါဠိ၏ အနက်ကိုလည်း ဟောတော်မူခဲ့သည်သာတည်း။ ထို့ကြောင့် မြတ်စွာဘုရား သည်သာလျှင် ပိဋကတ် သုံးပုံပါဠိ၏ အနက်အဖွင့်အစဉ်ကို ဟောတော်မူခဲ့သည်ဟု မှတ်ယူရာ၏။ ထိုသုတ် အဘိဓမ္မာဝိနည်း၌ အနက် အဖွင့် အားဖြင့် ဟောတော်မူသော ပကိဏ္ဏက ပြဿနာကိုပင်–

"အတ္ထော ကထိယတိ ဇောယာတိ အတ္ထကထာ[1] ။

ဟူသည်နှင့် အညီ "တ္ထ"ဟူသော တ ဝဓ်းပူ၊ ထဆင်ထူး နှစ်လုံးဆင့်ကို "ဋ္ဌ" ဟူသော ဋ္ဌ သံလျင်းချိပ်၊ ဋ္ဌဝဓ်းဘဲ နှစ်လုံးဆင့်ပြု၍ အဋ္ဌကထာ ဟုခေါ်ဆိုသည်။

မြတ်စွာဘုရား ကိုယ်တော်တိုင် ဖွင့်ပြ ဟောတော်မူခဲ့သော အနက်အဖွင့် ပကိဏ္ဏက ဒေသနာ အဋ္ဌကထာကိုလည်း အရှင်မဟာကဿပ အစရှိသော သင်္ဂါယနာတင် ရဟန္တာ အရှင်မြတ်ကြီးတို့သည် သင်္ဂါယနာသုံးတန် တိုင်တိုင် တင်ထားခဲ့လေသည်။

ထိုသင်္ဂါယနာ သုံးတန် တင်အပ်သော ပတ္တိဏ္ဏကဒေသနာ ဟူသော အဋ္ဌကထာကို အရှင်မဟာ မဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ ဆောင်ယူသွားသဖြင့် နောက်ကာလတွင် သီဟိုဠ်၌နေကုန်သော မထေရ်ကြီးတို့သည် အယူတစ်ပါးနှင့် မရောယှက်ရအောင် သီဟိုဠ်ဘာသာဖြင့် တင်ထားခဲ့ကြကုန်သည်။ ။ ထိုသို့ သီဟိုဠ်ဘာသာဖြင့် တင်ထားခဲ့သော အဋ္ဌကထာကိုပင် ရှေးအဋ္ဌကထာကြီးတွေ ဟု ဆိုသည်။

(၁၀) ရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာ

ထို အဋ္ဌကထာကြီးတို့၌ အကျယ်ဆိုအပ်သော စကားကို အကျဉ်းချုံးခြင်း၊ သီဟိုဠ် ဘာသာမှ ဘုရားဟောရင်း မူလ ဘာသာ ပါဠိတော် နည်းအားလျော်သော မဂဓ ဘာသာသို့ပြန်ဆိုခြင်းမျှကိုသာ ပြု၍ အရှင်ဗုဒ္ဓဃောသ စီရင်လေသည်။ အရှင်ဗုဒ္ဓဃောသ မထေရ် မိမိဉာဏ်စွမ်းဖြင့် အသစ်တစ်ဖန် ကြံစည်၍ ရေးသားအပ်သော အဋ္ဌကထာ ဟူ၍ လုံးလုံးလျားလျားမရှိလေ၊ ဘုရားဟောတော်မူတိုင်း မယုတ်မယို မပိုမလွန် သိရှိတော်မူကြကုန်သော ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ အစရှိသော ရဟန္တာအရှင်မြတ်တို့၏ အယူဝါဒ အတိုင်းသာ စုပေါင်း၍ဆိုခြင်း ရေးသားခြင်း ဖြစ်လေသည်။ ဤအကြောင်းကို ပါဠိတော် အဋ္ဌကထာ အလုံးစုံ တိုက်ဆိုင် ညှိနှိုင်း၍ ကြည့်ရှုလျှင် သိနိုင်ကြပေသည်။

၁။ ဝိဂ္ဂဟ

http://www.dhammadownload.com

အရှင်ဗုဒ္ဓဃောသ မထေရ်သည် သီဟိုဠ်ဘာသာ အဋ္ဌကထာမှ မဂဓဘာသာ ပြောင်းလဲပြီးလျှင် အကျဉ်းချုံး၍ စီရင်ထားသည်ကိုပင် အရှင်ဗုဒ္ဓဃောသ၏ အတ္ထနောမတိ ဉာဏ်စွမ်းဖြင့် အသစ်တစ်ဖန်ပြုစီရင်သည်ဟု အယူရှိကြပြီးလျှင် ယခုထင်ရှားရှိသော အဋ္ဌကထာ ပေစာ၊ ဘုတ်အုပ်စာများကို အလေးမပြုနိုင်သလိုလို ပြောကြ ရေးကြ အယူရှိကြသောသူတို့မှာ ယခုထင်ရှားရှိသော အဋ္ဌကထာများကို ပတ်ပတ် နပ်နပ် အထပ်ထပ် အဖန်ဖန် ကြေလည်အောင် မကြည့်ရှုဖူးသေးသည်ကိုသာ မိမိတို့ အပြစ်ဟု မှတ်ယူသင့်၏။

တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာ စဉ်လျက် ဝိနည်း သိက္ခာပုဒ် ပညတ်ရာ ကာလကိုမျှ သိနိုင်ရန် ခဲယဉ်းလှသဖြင့် သာဝကတို့နှင့် မရောမယှက် သက်သက် ဘုရားရှင်တို့၏ အရာသာဖြစ်သော ဝိနည်း ပိဋကတ်ကို မိမိ၏ ဉာဏ်စွမ်း သတ္တိဖြင့် အနက် အဓိပ္ပာယ်ကို ဖွင့်ဆိုအံ့ဟူသော စကား ကိုမျှလည်း ဆိုခြင်းငှာ မရဲဝံ့သည်၏ အဖြစ်ကြောင့်-

နိဿယ ပုဗ္ဗာစရိယာနုဘာဝံ[၁]

အစရှိသော ပါရာဇိကဏ် အဋ္ဌကထာ အစ ပဏာမ အဆုံး အရှင် ဗုဒ္ဓဃောသ၏ ပဋိညာဉ် စကားရပ် အားလုံးကို နှလုံးသွင်း၍ ဆရာအဆက်ဆက် သင်ကြား ပို့ချ လာသဖြင့် ယခုထင်ရှားရှိသော အဋ္ဌကထာ များ၌ မိန့်ဆိုဖွင့်ပြ ဝိနိစ္ဆယ အရပ်ရပ်ကို ယုံကြည်အားထား အလေးပြုကြရန် ကောင်းလှ၏။

ဤသို့လျှင် အရှင် ဗုဒ္ဓဃောသ မထေရ်က စ၍ အဋ္ဌကထာပြု၊ ဋီကာပြု၊ ဂဏ္ဌိပြု၊ ယောဇနပြု ဟူသော ကျမ်းပြုဆရာအပေါင်းတို့သည် သီဟိုဠ်ကျွန်းအပြင်၌ အလွန်ထင်ရှားပေါများလေ၏။ ယခုထက်တိုင် သီဟိုဠ်ကျွန်းဖြစ် ကျမ်းများကိုသာ အလေးပြု၍ သင်ကြားပို့ချကြရလေသည်။

[သာသနာတော် (၉၀၀)ပြည့်တွင် သထုံပြည်ရှင် ဘုမ္မိရာဇာမင်းသည် ဆင်ဖြူလက်ဆောင်ပေးလိုက်၍ သထုံပြည်က ရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ သာသနာတော် ၉၂၇ ခုနှစ်တွင် ကူးတော်မူ၍ မဟာနာမ မင်းအား မင်းချင်းတို့ လက်ဆောင်ကိုဆက်စေပြီးလျှင် သုံးနှစ်နေ၍ ပိဋကတ် သုံးပုံကို ရေးကူးတော် မူပြီးလျှင် ဇမ္ဗူဒီပ်ကျွန်း သထုံပြည်သို့ ဆောင်ယူလာသည်ဟု ဝံသဒီပနီမှာ ဆိုသည်။]

၁။ ၈၊ ၁၊ ၄၊ ဂဏ္ဌာရမ္ဘကထာ။

http://www.dhammadownload.com

(၁၁) သီဟိုဠ်ကျွန်းဌ် သာသနာသုံးပါး စည်ကားပုံ

သီဟိုဠ်ကျွန်းဌ် မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိ သာသနာတော်၊ ပဋိဝေဓသာသနာတော် ဟူသော သာသနာ သုံးပါးသည် အလွန်လျင် ထွန်းကားစည်ပင်လေသည်။ ကုဒ္ဒေ ကုဇာတို့ဖြင့် မရေတွက်နိုင်အောင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်တို့၏ သီတင်းသုံးရာဖြစ်၍လည်းကောင်း။

ဘုရားရှင် သက်တော် ထင်ရှားရှိတော်မူစဉ်ကပင် သုံးကြိမ်သုံးခေါက် ကြွရောက်တော်မူ၍ တတိယအကြိမ်ကြွရောက်တော်မူသောအခါ ခုနစ်ဌာနတို့ဌ် နိရောဓ သမာပတ်ကို ဝင်စားတော် မူခဲ့သည် ဖြစ်၍ လည်းကောင်း။

အဝန်း ယူဇနာ သုံးရာရှိသော သီဟိုဠ်ကျွန်းအပြင်ဌ် ရှိသော လမ်းကြီး လမ်းငယ်၊ မြို့လယ်မရွေး အိမ်ဈေး အိမ်တွင်း ရွာတွင်း ရွာပြင် ထွက်ဝင်တံခါး တောဖျား တောင်စောင်း ချောင်းမြောင်း ဂူလိုဏ် နေထိုင်စရပ် ကျောင်း ပြာသာဒ်နှင့် မလပ် တင်းကုတ် မယုတ်ဆိပ်ကမ်း စောင်းတန်းဟူသမျှဌ် မဂ်ဖိုလ်မရဖူးသော နေရာ မည်သည်မရှိဖြစ်၍ လည်းကောင်း။

ဘုရားရှင်၏ သရီရ ဓာတ်တော် မွေတော်တို့၏ များစွာ သီတင်းသုံးရာ ဖြစ်၍ လည်းကောင်း။

သီဟိုဠ်ကျွန်းသည် စေတီအိမ်နှင့်ပင် အလားတူလေသည်။

ထိုင်းသီဟိုဠ်ကျွန်းအပြင်မှာ မဂ်ဖိုလ်မှ ရဖူးသော မြေကွက်လပ်ဟူ၍ နွားကျောင်းသား တုတ်လုံကန် တစ်ထောက်စာမျှ မရှိဟု အဆိုရှိလေသည်။

မဂ်ဖိုလ်ရောက်ကြသော ပုဂ္ဂိုလ်များပြားသောကြောင့် ဤသည်ကား ပုထုဇန်ဟု လက်ညှိုးထိုး၍ ရွေးကောက်ရလေသည်။ တစ်ရံတစ်ခါ သီဟိုဠ်ကျွန်းမှာ ပုထုဇန် ရဟန်းဟူ၍ပင် မရှိလေ။ ဈာန်အဘိဉာဏ်နှင့် ပြည့်စုံကုန်သော အရှင်မြတ်တို့သည် ကောင်းကင်ဌ် လူးလားပျံခတ် မပြတ်သွားလာခြင်းကြောင့် နေ၏အရောင်ကို မရကြ၍ စပါးမသွေ့ မခြောက်သဖြင့် စပါးထောင်းသော မာတုဂါမတို့မှာ စပါး မထောင်းကြရဟူ၍လည်း အဆိုရှိ၏။ သို့ကလောက် သာသနာ သုံးပါး စည်ကား ကြီးပွားခဲ့ဖူးလေသည်။

http://www.dhammadownload.com

(၁၂) သီဟိုဠ်ကျွန်းဌ သာသနာ ဆုတ်ယုတ်ပုံ

ဤသို့လျှင် သီဟိုဠ်ကျွန်းဌ ပထမသာသနာပြု ဒေဝါနံ ပိယတိဿမင်းမှစ၍ မင်းဆက်(၆၂)ဆက် တစ်နည်း(၆၄)ဆက် ရှိရာတွင် သာသနာတော်ကို ကြည်ညို လေးမြတ် ဂရုပြုသော မင်း၏ လက်ထက်မှာ သာသနာတော်သည် အလွန်သန့်ရှင်း ကြည်လင်၍ စည်ပင် ပြန့်ပွား ထွန်းကားတောက်ပလေသည်။

သာသနာကို အလေးမပြု ဂရု မထားသော အချို့သော ပါပမင်း၏ လက်ထက်မှာ သာသနာတော်သည် မှေးမှိန် ညစ်နွမ်းလေသည်။

ဤသို့လျှင် သာသနာပြုမင်း ဆက်ခံဆက်ခံလာခဲ့ရာတွင် သာသနာတော် သက္ကရာဇ်(၂၃၄၁)ခုနှစ်တွင် ဘိသိက်ခံ၍ နန်းတက်သော သိရိဝိက္ကမ မည်သောမင်း နန်းစံ(၁၈) တစ်ဆယ့်ရှစ်နှစ် သာသနာ သက္ကရာဇ် (၂၃၅၉)နှစ်ထောင်သုံးရာ့ ငါးဆယ့်ကိုး ခုနှစ်တွင် ယခု အင်္ဂလိပ်အစိုးရ မင်းများ လက်တွင်းသို့ ပါသွားရလေသည်။

(သီဟိုဠ်မှာ သိရိဝိက္ကမ မင်းတွင် သာသနာပြုမင်းဆက်ပြတ်၏။ ငါတို့ မြန်မာနိုင်ငံတော်မှာ ဘိုးတော်မင်းတရားကြီး ဦးဝိုင်း နတ်ရွာမစံမီသုံးနှစ်ကျော် လေးနှစ်ခန့် ကောဇာ သက္ကရာဇ်(၁၁၇၇)ခုနှစ်လောက်က သီဟိုဠ်ကို အင်္ဂလိပ်မင်း ရသည်။(အင်္ဂလိပ်ကို ဣဂ်ဂရိသိ ဟု ပဇ္ဇဒေါရုဝ မည်သော မဟာဝံသကျမ်းဌ ပါဠိ စီသည်။)

သီဟိုဠ်ကျွန်းမှာ သာသနာပြု မင်းဆက်ပြတ်သွားသည်က စ၍ တဖြည်းဖြည်း တစ်စတစ်စ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ် လာရာတွင် ယခု အခါ သီဟိုဠ်ကျွန်း အပြင်မှာ သာသနာတော်နှင့် စပ်ဆိုင်ရာ စေတီ၊ ပုထိုး၊ ကျောင်းကန်စသော သာသနာ့ အဆောက်အအုံကြီးတွေ ပျက်ပြားယွင်းယို ကြည်ညိုစရာ မရှိဖြစ်လေပြီ။

ပရိယတ္တိ သာသနာတော်ကြီးကို စောင့်ရှောက် ထိန်းသိမ်းလျက်နေတော် မူကြသော ရဟန်းသံဃာတော်များသည်လည်း အလွန်နည်းပါးလျက် အဆက် မပြတ်ရုံသာ ရှိတော့သည်။ ဤကဲ့သို့ ပရိယတ္တိ အား‌ထုတ်သော သံဃာ သီဟိုဠ်မှာ နည်းပါးခြင်းမှာလည်း သာသနာပြု မင်းကင်းမဲ့သည်လည်း တစ်ကြောင်း၊ မင်းအပြင် ပစ္စည်းလေးပါးဖြင့် ချီးမြှောက်နိုင်သော ဒါယကာ ဒါယိကာမ နည်းပါးခြင်းကြောင့်လည်း တစ်ကြောင်း ဖြစ်သည်။

http://www.dhammadownload.com

(၁၃) သာသနာသည် မင်းကိုအမှီပြုရမှ ကြီးပွားနိုင်ကြောင်း

ဘုရားရှင် သာသနာတော်ကြီး အလွန် စည်ကား ထွန်းလင်းသော သီဟိုဠ်ကျွန်းထူး ကျွန်းမြတ် ကြီးခဲ့ ယခုအခါ သာသနာတော်နှင့် ဆိုင်ရာ အရပ်ရပ် အရာရာ မျိုးကချို့ယွင်းပျက်ပြား ဆုတ်ယုတ်နေခြင်းကို တွေ့မြင်သိရှိခဲ့ကြသော ဗုဒ္ဓဘာသာ ရဟန်းရှင်လူတို့မှာ ဘုရားရှင် သာသနာတော်ကြီးအတွက် များစွာဝမ်းနည်း ခဲ့ကြရမည် အမှန်ဖြစ်၏။

ထိုကြောင့် ငါတို့ ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်ကြီး ထွန်းလင်း စည်ကား ကြီးပွားခြင်းသည်ကား မင်းကိုအမှီပြု၍ ထွန်းလင်းစည်ကား ကြီးပွား ခဲ့ရကြောင်းကို ရှေးရှေးသော ကျမ်းတတ်အကျော် ဆရာတော်တို့ မိန့်ဆိုဆုံးဖြတ်ခဲ့ကြ လေသည်။

သာသနံ နာမ ရာဇာနံ၊ နိဿာယ တိဋ္ဌတေ ဣဓ။
မိစ္ဆာဒိဋ္ဌိက ရာဇာနော၊ သာသနံ ဒူသေန္တိ သတ္ထုနော။
သမ္မာဒိဋ္ဌိ စ ရာဇာနော၊ ပဂ္ဂဏှန္တေ ဝ သာသနံ။
ဧဝဉ္စ သတိ အာကာသေ၊ ဥလူရာဇာဝ ဒိဗ္ဗတိ။

ဟု မိန့်ဆိုခဲ့ကြလေသည်။

ဣဓ၊ ဤအရပ်၌။ သာသနံ၊ သာသနာသည်။ ဋ္ဌိတံ နာမ၊ တည်သည်မည်သည်ကား။ ရာဇာနံ၊ မင်းကို။ နိဿာယ၊ အမှီပြု၍။ တိဋ္ဌတေတည်၏။ မိစ္ဆာဒိဋ္ဌိက ရာဇာနော၊ မိစ္ဆာအယူရှိကြကုန်သော မင်းတို့သည်။ သတ္ထုနော၊ မြတ်စွာဘုရား၏။ သာသနံ၊ သာသနာတော်ကို။ ဒူသေန္တိ၊ ဖျက်ဆီးကြကုန်၏။

စ၊ သာသနာကို ချီးမြှောက်သောမင်းကို ဆိုဦးအံ့။ သမ္မာဒိဋ္ဌိ၊ ကောင်းသော အယူရှိကြကုန်သော။ ရာဇာနော၊ မင်းတို့သည်။ သာသနံ၊ သာသနာတော်ကို။ ပဂ္ဂဏှန္တေ ဝ၊ ချီးမြှောက်ကုန်သည် သာလျှင်တည်း။ ဧဝဉ္စသတိ၊ ဤသို့ မင်းချီးမြှောက်သည် ရှိသော်။ သာသနံ၊ သာသနာတော်သည်။ အာကာသေ၊ ကောင်းကင်၌။ ဥလူရာဇာဝ၊ လဆန်း(၁၅)ရက်နေ့၌ ကြွေ့ကြွေ့ ထွန်းတက် ထွက်လတ်သော လပြည့်ဝန်းကြီးကဲ့သို့။ ဒိဗ္ဗတိ၊ ထွန်းလင်း တောက်ပ၏။

သီဟိုဠ်မှာ သာသနာ သက္ကရာဇ်(၆၀၀)မပြည့်မီကပင် ဂိုဏ်းသီး ဂိုဏ်းခြား ကွဲပြားကြသည်ဟူ၏။

http://www.dhammadownload.com

(၁) မဟာဝိဟာရ ဝါသိဂိုဏ်း၊
(၂) ဇေတဝန ဝါသိဂိုဏ်း၊
(၃) အဘယဂိရိ ဝါသိဂိုဏ်း၊

ဟူ၍ ရှင်ဗုဒ္ဓဃောသ မထေရ် အဋ္ဌကထာ မရေးကူမီးကပင် ရှိသည်။

ယခု သီဟိုဠ်မှာရှိသည်ကား–

(၁) သျှာမဂိုဏ်း
(၂) ရာမညဂိုဏ်း၊
(၃) အမရပုရဂိုဏ်း၊

ဟူ၍ သုံးဂိုဏ်းရှိသည်။

သျှာမဂိုဏ်းဟူသည် ယိုးဒယား ဇင်းမယ်က ဆင်းသက်သောဂိုဏ်းဟူ၏။

ရာမညဂိုဏ်းဟူသည် ဤရာမညတိုင်းမှ ဆင်းသက်သောဂိုဏ်းဟူ၏။

အမရပုရဂိုဏ်းဟူသည် မန္တလေးတောင်မြို့ အမရပုရ ကောင်းစားစဉ်က အမရပုရမြို့မှ ဆင်းသက်သောဂိုဏ်းဟူ၏။

မန္တလေးမြောက်မြို့ ရတနာပုဏ္ဏ ပဏ္ဍမသံဃါယနာတင် မင်းတရားကြီးလက်ထက်မှာလည်း သီဟိုဠ်မှ ဝိနည်းနှင့်ဆိုင်ရာ အဆုံးအဖြတ်ခံရန် အဓိကရဏ်းများရောက်လာ၍ ဆုံးဖြတ်ပေးလိုက်ရသော အကြောင်းအရာများလည်း ထင်ရှားရှိသည်။

http://www.dhammadownload.com

မရမ္မရဋ္ဌသာသနာ

(၁) မြန်မာနိုင်ငံသို့ သာသနာရောက်ပုံနှင့် ရန်ကုန်ရွှေဒဂုံစေတီတော်ကြီးအကြောင်း

မြန်မာနိုင်ငံ၌ သာသနာအဆက်ကို အကျဉ်းမျှရေးသားပေအံ့။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ခုနစ်သတ္တာဟာအလွန် ရှစ်သတ္တာဟာမြောက် လင်းလွန်းပင်ရင်း၌ နေတော်မူသောအခါ ဥက္ကလာပ ဇနပုဒ်သား တဖုဿ ဘလ္လိကမည်သော ကုန်သည်ညီနောင်နှစ်ယောက်တို့သည် မြတ်စွာဘုရားအထံ၌ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ)ဟူသော ဒွေဝါစိက သရဏဂုံတည်ကြပြီးလျှင် ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်ကြရာ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူလတ်သော် ညီသောရောင်ခြည်တော်တို့ဖြင့် တောက်ပလျက် ဆံတော်မာတ်ရှစ်ဆူ လက်တော်တွင်ကပ်ငြိပါလာသဖြင့် ထိုဆံတော်မာတ်ရှစ်ဆူကို ညီနောင်နှစ်ယောက်တို့အား ပေးသနားတော်မူလိုက်သတည်း။

ထိုညီနောင်နှစ်ယောက်တို့သည် ဆံတော်မာတ်ရှစ်ဆူကို ပင့်ဆောင်၍ မိမိတို့၏မွေးဖွားရာ ဇာတိနေရင်းဖြစ်သော ဥက္ကလာပ ဇနပုဒ် အသိတဉ္ဇနမြို့သို့ ပြန်လာခဲ့ကြရာ ဘုရားဖြစ်တော်မူသောနှစ် ဝါခေါင်လဆုတ်(၅)ရက်နေ့မှ ဥက္ကလာပ ဇနပုဒ် အသိတဉ္ဇနမြို့ (ယခု ရန်ကုန်မြို့သို့) ရောက်လာကြလေသည်။

ဆံတော်မာတ်ရှစ်ဆူနှင့်တကွ တဖုဿ ဘလ္လိကညီနောင်တို့ ရောက်သည့်နေ့ကစ၍ သာသနာတော် ငါတို့မြန်မာနိုင်ငံသို့ ရောက်သည်ဟူ၍ မှတ်ယူသင့်၏။ ဘုရားဖြစ်၍ သုံးလနှင့်ငါးရက်မှာ ရောက်သည်။

(၂) ရွှေတိဂုံစေတီတော်

ထိုဆံတော်မာတ်ရှစ်ဆူကို အသိတဉ္ဇနမြို့တဝိုက် အနီး၌ စေတီတည်၍ ထိုစေတီ၌ ဌာပနာပြီးလျှင် ကိုးကွယ်ကြကုန်၏။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ထိုစေတီမှ ရောင်ခြည်တော်လွှတ်ကုန်၏ဟု အဂုံတွိုရ် အဋ္ဌကထာမှာဆိုသည်၊ မြို့အမည် အဆိုမညီကြ။

http://www.dhammadownload.com

– ဧက အဂုံတ္တိရ် ဧတဒဂ္ဂဝဂ် အဖွင့် အဋ္ဌကထာမှာ အသိတဋ္ဌနမြို့ဟုဆိုသည်။[၁]

– ထေရာ အဋ္ဌကထာမှာ ပေါက္ခရဝတီမြို့ဟု ဆိုသည်။[၂]

– ဝိနည်းမဟာဝါပါဠိတော်မှာ "တဖုဿ ဘလ္လိကာ ဒွေ ဝါဏိဇာ ဥက္ကလာ တံ ပဒေသံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ ဟောန္တိ"[၃]ဟု လာရှိသည်။

မြို့တစ်မြို့တည်းပင် အမည်သုံးမျိုးရ၍ ဆိုဟန်လက္ခဏာရှိသည်။

အသိတဋ္ဌနမြို့ ပေါက္ခရဝတီမြို့ ဥက္ကလာမြို့ အမည်သုံးပါးရသောမြို့သည်ပင် နောက်ကာလ ဒဂုံမြို့ဟူ၍လည်းကောင်း၊ တိဂုံမြို့ဟူ၍လည်းကောင်း အမည်တွင်ပြန်သည်[၄]ဟု သမိုင်းရာဇဝင် စသည်တို့၌ အဆိုရှိပြန်၏။

အလောင်းမင်းတရားကြီးသည် တလိုင်းသုံးရပ်ကိုအောင်မြင်၍ ထိုအလောင်းမင်းတရားကြီးလက်ထက်၌ ဒဂုံမြို့–တိဂုံမြို့ကိုပင် ရန်ကုန်ရာဖြစ်သောကြောင့် ရန်ကုန်မြို့ဟု အမည်ပြောင်းလွဲထားသည်ဖြစ်၍ ယခုထက်တိုင် ရန်ကုန်မြို့ဟု ခေါ်တွင်နေကြသည်ဟူ၍လည်း အဆိုရှိ၏။

ပါဠိတော် အဋ္ဌကထာမှာ တဖုဿ ဘလ္လိက ညီနောင်တို့ ဆောင်ယူလာသော ဆံတော်ဓာတ်ရှစ်ဆူကို ဌာပနာ၍ တည်ထားသော စေတီအမည် မထင်ရှားလေ။

သမိုင်းရာဇဝင်တို့မှာသာ တဖုဿ–ဘလ္လိက ညီနောင်တို့သည် ဆံတော်ဓာတ်ကို ပင့်ဆောင်လာပြီးလျှင် မိမိတို့မြို့သို့ရောက်သောကာလ သိဂုံတွ၌ရမည်သော ကုန်းထက်၌ တည်ထားကိုးကွယ်ကြသည်ဟုဆို၍ ထိုစေတီကိုလည်း ဒဂုံမှ စေတီ အမည်တွင်စေသည်ဟုဆိုသည်။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော ပါဠိတော်အဋ္ဌကထာတို့ကို ထောက်ချင့်၍လည်းကောင်း၊ သံပိုင်း–ကျောက်စာ–ရာဇဝင်–ဥဒါန်း စကားတို့ကို ထောက်ချင့်၍လည်းကောင်း၊ ယခုကာလ နေလအသွင် အလွန်ထင်ရှားသော ရာမညတိုင်း ရန်ကုန်မြို့သည်ပင် ရှေးက တဖုဿ–ဘလ္လိက–ညီနောင်တို့ နေရာမြို့ဖြစ်၍ ရွှေဒဂုံစေတီတော်မြတ်ကြီးကိုလည်း ဆံတော်ဓာတ်ရှစ်ဆူကို ဌာပနာ၍ တဖုဿ–ဘလ္လိက–ညီနောင်တို့ အစတည်သော စေတီတော်ကြီးဟူ၍ မှတ်ယူသင့်သည်။

ယခုအခါ ထိုစေတီတော်ကြီးကို ရွှေဒဂုံစေတီတော်ကြီးဟူ၍လည်းကောင်း၊ ရွှေတိဂုံစေတီတော်ကြီးဟူ၍လည်းကောင်း ခေါ်ဆိုရေးသားကြ၏။ ထိုအမည်များသည်

၁။ အံ၊ ၁၊ ၆၊ ၂၉၄၊ ၅။

၂။ ထေရဂါထာ အဋ္ဌကထာ ၁၊ ၅၉။

၃။ ဝိ၊ ၃၊ ပါ၊ ၅။

၄။ ကလျာဏီကျောက်စာ ၃၂၊ တိကမ္ဘုနဂရ။

http://www.dhammadownload.com

ပြဆိုအပ်ခဲ့ပြီးသော သမိုင်းရာဇဝင်လာ မြို့အမည်များကို အစွဲပြု၍ ဖြစ်သောအမည်များဖြစ်၍ ရုဋ္ဌိအားဖြင့် ခေါ်ဆိုရေးသားသင့်သည်သာတည်း။

နှစ်ထပ်တည်သည်ဟူ၍လည်းကောင်း၊ လူတစ်ရစ် နတ်တစ်ရစ် တည်သည်ဟူ၍လည်းကောင်း အဆိုရှိပြန်သောကြောင့် (ရွှေဒိဂုဏ်)ဟု ခေါ်ဆိုရေးသားခြင်းသည်လည်း အနွတ္တအမည်အားဖြင့် ခေါ်ဆိုရေးသားသင့်သည်သာတည်း။

ရွှေဒိဂုဏ်ဆဲတော်ရှင်ဟု ရှင်ထည့်၍ ခေါ်ဆိုရေးသားခြင်းမှာလည်း မြတ်စွာဘုရား အသက်တော်ထင်ရှားရှိစဉ်ကပင် ဇီဝမာနကဖြစ်သော အသက်ရှင်ဆဲသော ကိုယ်တော်မှ ခွဲစိတ်၍ ကိုးကွယ်ရာပေးလိုက်သဖြင့် ဆဲတော်ကိုလည်း ဇီဝမာနကဆဲတော်၊ အသက်ရှင်သောဆဲတော်ဟု ရည်ရွယ်၍ "ရွှေဒိဂုဏ်ဆဲတော်ရှင်"ဟု ရှင်-ထည့်၍ ခေါ်ဆိုရေးသားကြလေသည်။

[ရွှေဒိဂုဏ်စေတီတော်မြတ်ကြီးသည် ငါတို့မြတ်စွာဘုရား သာသနာတော်တွင် လူ့ပြည်၌ ရှေးဦးစွာသော စေတီတော်မြတ်ကြီးတည်း။ ဤကား မြန်မာနိုင်ငံ၌ ပထမ သာသနာရောက်ပုံတည်း။]

(၃) ဤအရာ၌ ရှေးရာဇဝင် နောက်ရာဇဝင် ညှိနှိုင်းချက်

နောက်ရာဇဝင်များကလည်း တဖုသ-ဘလ္လိက ညီနောင်တို့၏ ဖွားရာဇာတိ ဥက္ကလာပ ဇနပုဒ် အသိတဥ္စနမြို့ ဤအရပ်ဒေသမဟုတ်ဟူ၍လည်း အဆိုရှိပြန်၏။

တဖုသ-ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်ဓာတ်ရှစ်ဆူကို အသိတဥ္စနမြို့တံခါး၌ စေတီတည်၍ ထိုစေတီမှာ ဌာပနာပြီးလျှင် ကိုးကွယ်ကြသည်ဟု အခိုင်အမာ အဋ္ဌကထာ၌ ဆိုလျက်ရှိ၏။ ယခုထင်ရှား မျက်မြင်တွေ့ရှိရပုံမှာ သိဂုံတွဲရ ခေါ်သောကုန်းထက်မှာ ဖူးမြင်တွေ့ရှိရကြ၏။ ၎င်းကုန်းသည် တဖုသ-ဘလ္လိကတို့၏ ဖွားရာဇာတိ အသိတဥ္စနမြို့တံခါး မဖြစ်တန်ရာဟု ယူဖွယ်ရာရှိပြန်၏။

ထို့ကြောင့် နောက်ကာလ နောက်မင်းများလက်ထက်၌ အသိတဥ္စနမြို့တံခါး စေတီမှ ဆံတော်ဓာတ်ကိုပင့်ဆောင်၍ ယခုဖူးတွေ့ကြရသော သိဂုံတွဲရကုန်းထက်မှာ တည်သည်ဟု ယူဖွယ်ရာရှိ၏။ ဤသို့ယူမှ အဋ္ဌကထာအဆိုနှင့် သမိုင်းရာဇဝင် ကျောက်စာ မော်ကွန်း မှတ်တမ်း လက်ဝဲ ကဗျာ စသည်တို့နှင့် ညီညွတ်နိုးနောမိမည်၊ မဆန့်ကျင်မည်။

အဋ္ဌကထာအဆိုသည် ရှေးတည်ဦးကိုဆိုသည်၊ သမိုင်း ရာဇဝင် စသည်တို့၏ အဆိုသည် နောက်တည်သည်ကိုဆိုသည်။

http://www.dhammadownload.com

မြတ်စွာဘုရား၏ ဆံတော် ဓာတ်တော်များကို တစ်နေရာမှတစ်နေရာ၊ တစ်မြို့မှတစ်မြို့၊ တစ်ပြည်မှတစ်ပြည် တစ်တိုင်းမှတစ်တိုင်း ရွှေ့ပြောင်း၍ တည်ထားကိုးကွယ်ကြသော အရာဌာနများ၊ ပညာ များစွာရှိသည်။ နောက်ရာဇဝင်နှင့် ညီညွတ်၏။

ဆံတော်ဓာတ်မှာမူကား တဖုဿ–ဘလ္လိကညီနောင်တို့ ပင့်ယူလာသော ဆံတော်ရှင်ပင်ဖြစ်သည်။ သုဓမ္မပုရမြို့ကို ထောက်ချင့်လျှင် ဤကုန်းသည်လည်း မြို့တံခါးဖြစ်နိုင်သေး၏။

(၄) မြန်မာနိုင်ငံသို့ ဒုတိယ သာသနာရောက်ခြင်း

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ရှစ်ဝါရရှိတော်မူသော အခါ ဂဝံပတိ မထေရ်သည် လျှောက်ထားသဖြင့် ရာမညရဋ္ဌ သုဓမ္မပုရမြို့ (ယခု–သထုံသို့) နောက်ပါသံဃာများနှင့် ကြွရောက်တော်မူ၍ သီဟမင်းကြီးနှင့်တကွသော လူအပေါင်းတို့အား တရားတည်းဟူသော အမြိုက်အရသာကို သောက်စေတော်မူပြီး၍ သရဏဂုံသီလ၌ တည်စေတော်မူပြီးလျှင် ခြောက်ဆူသောဆံတော်ဓာတ်ကိုလည်း ပူဇော်စိမ့်သောငှာ ပေးတော်မူခဲ့၏။ ထို့နောက် (၃၇)သုံးဆယ့်ခုနစ်နှစ်မြောက် ပရိနိဗ္ဗာန်စံတော်မူသောအခါ၌လည်း မြတ်စွာဘုရား၏ အဓိဋ္ဌာန်တော်အားလျော်စွာ ဘုရားအလောင်းတော်ကို မိုးသဂြိုဟ်ရာဌာနမှ (၃၃)သုံးဆယ့်သုံးချောင်းသော သွားတော်တို့ကို ဂဝံပတိမထေရ်သည် သုဓမ္မပုရမြို့ သထုံသို့ပင့်ဆောင်ခဲ့၍ သီဟမင်းကြီးအား ပေးပြီးလျှင် (၃၃)ဆူသောစေတီတို့ကို တည်ထားစေ၏။

ဤသို့လျှင် ဘုရားဖြစ်တော်မူပြီးနောက် ရှစ်နှစ်မြောက်က ဂဝံပတိမထေရ်သည် မြတ်စွာဘုရားကိုပင်၍ ရာမညရဋ္ဌ သုဓမ္မပုရမြို့၌ သာသနာတော်ကို ရောက်စေတည်စေဟု သာသနာလက်ဆင့်ရကျမ်း၊ ဝံသဒီပနီကျမ်း၊ သာသနဝံသပွဒီပိကာကျမ်းစသော သမိုင်းကျောက်စာ ရာဇဝင်တို့၌ အဆိုရှိလေသည်။

ဤကား မြန်မာနိုင်ငံ၌ ဒုတိယသာသနာ ရောက်ပုံတည်း။

(၅) မြန်မာနိုင်ငံသို့ တတိယ သာသနာရောက်ပုံ

မြတ်စွာဘုရားသည် နောက်အခါ သာသနာအရှည်တည်လတ္တံ့သော အကြောင်းကို မြင်တော်မူ၍ ပထမဗောဓိအလွန် ဝါ၊ ၈တော်(၂၀)ကျော်တွင် ငါတို့မြန်မာတိုင်းနိုင်ငံဖြစ်သော သုနာပရန္တ ဝါဏိဇဂါမသို့ နောက်ပါသံဃာ တစ်ပါးယုတ် ငါးရာနှင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ကြွလာတော်မူ၍ စန္ဒကူးနဲ့သာကျောင်းတော်

http://www.dhammadownload.com

ကို အလျှုခံတော်မူခြင်း၊ သုနာပရန္တ တိုင်းသူတိုင်းသား တို့အား ကိုးကွယ်ရစ်စရာ နမဒါနဂါးနှင့် သစ္စဗန္ဓရသေ့တို့ တောင်းပန်၍ "အောက်ခြေတော်ရာ"၊ "အထက်ခြေတော်ရာ" ဟူသော ခြေတော်ရာနှစ်ဆူကို ချထားတော်မူခဲ့ခြင်း၊ မဟာပုဏ္ဏမထေရ်ကို သုနာပရန္တ တိုင်း ဝါဏိဇဂါမတွင် သာသနာတည်စေရန် ထားတော်မူခဲ့ခြင်း စသော အားဖြင့် သာသနာတော်ကို တည်စေတော်မူသည်။

ဝါဏိဇဂါမ ရွာသူရွာသား စန္ဒကူးသားဖြင့် ဆောက်လုပ်လျှုဒါန်းအပ်သော ကျောင်းတော်နေရာတွင် တည်ထားအပ်သော စေတီတော်ကြီးကား "လယ်ကိုင်းကျောင်းတော်ရာစေတီ" ဟု အမည်ထင်ရှားလျက် ယခုထက်တိုင် တည်ရှိလေသည်။

ဤကား မြန်မာနိုင်ငံသို့ တတိယသာသနာရောက်ပုံတည်း။

(၆) မြန်မာနိုင်ငံသို့ စတုတ္ထ သာသနာရောက်ပုံ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသက္ကရာဇ် (၂၃၅)နှစ်ရှိသုံးဆယ့်ငါးခုနှစ်သို့ ရောက်သောအခါ ပါတလိပုတ်ပြည် သိရီဓမ္မာသောကမင်းကြီးကို အမှီပြု၍ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ရဟန္တာအရှင်မြတ်တို့သည် တတိယသင်္ဂါယနာတင်ပြီးသောအခါ နောက်ကာလ၌ ဘုရားရှင်သာသနာတော်သည် ပစ္စန္တ ရစ်အရပ်များ၌ တည်လတ္တံ့သောအကြောင်းကို အနာဂတံသဉာဏ်တော်ဖြင့် မြော်မြင်တော်မူကြ၍ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုစေလွှတ်တော်မူကြရာတွင် သုဝဏ္ဏဘူမိ (ယခု သထုံ)မည်သော ငါတို့မြန်မာနိုင်ငံသို့ သောဏမထေရ်, ဥတ္တရမထေရ် တို့သည် အနုရဒ္ဓါမထေရ်, တိဿဂုတ္တမထေရ်, သောဏောယမထေရ်တို့နှင့် အတူတကွ သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်တွင် ကြွရောက်တော်မူကြ၍ သာသနာတော်ကို တည်စေတော်မူကြသည်။

ထိုအခါ သုဝဏ္ဏဘူမိမည်သော သထုံပြည်၌ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ် ရောက်တော်မူသော သာသနာနှင့် ပရိနိဗ္ဗာန်စံတော်မူမှ ရှင်ဂဝံပတိမထေရ် သွားတော်ဓာတ်များကို ယူဆောင်၍ စေတီတည်ထားစေသော ရှေးရောက်ဖူးသော သာသနာများသည် မှေးမှိန်တိမ်မြုပ်၍နေခိုက်တွင် သောဏမထေရ်, ဥတ္တရမထေရ်တို့ ရောက်သွားသဖြင့် သထုံပြည်သူပြည်သားတို့သည် ရဟန်းသံဃာမှန်း မသိကြလေ။

ထိုအခါ သိရိမာသောက မည်သော မင်းသည် မင်းပြုသတတ်၊ မင်းအိမ်နန်းတော်၌ ဖွားတိုင်း ဖွားတိုင်းသော သားသူငယ်တို့ကို သမုဒ္ဒရာမှတက်လာ၍ ရက္ခိုက်မ တစ်ကောင်သည် စားသတတ်။

http://www.dhammadownload.com

ထိုကြောင့် သောဏမထေရ်, ဥတ္တရမထေရ်တို့ ရောက်သွားသောအခါ ရဟန်းသံဃာမှန်းကိုမျှ မသိကြဘဲ ရက္ခိုက်မ၏ အပေါင်းအဖော်ဟု မှတ်ထင်ကြသဖြင့် ဆောက်ပုတ်၊ ရဲဒင်းလက်နက် စွဲကိုင်လျက်လာသော လူအပေါင်းတို့ကို ရဟန်းသံဃာမှန်းသိစေရန် ဟောပြောနေစဉ် မင်းအိမ်မှ ယနေ့ဖွားသော သားသူငယ်ကို စားအုံ့ဟု ရက္ခိုက်မသည် အခြံအရံနှင့်တကွ သမုဒ္ဒရာမှတက်လာသဖြင့် မထေရ်တို့သည် ထိုရက္ခိုက်မတို့ကို တန်ခိုးဖြင့် ကြောက်လန့်ပြေးသွားစေပြီးလျှင် စည်းဝေးရောက်လာသော လူအပေါင်းတို့အား ဒီဃနိကာယ် သီလက္ခန္ဓဝဂ် ဗြဟ္မဇာလသုတ်ကို ဟောကြား၍ ကြည်ညိုစေပြီးလျှင် သရဏဂုံသီလတို့၌ တည်စေကုန်၏။ ဗြဟ္မဇာလသုတ်ကို ကြားနာရပြီးသည်၏အဆုံး၌ ခြောက်သောင်းသော ပရိသတ်တို့သည် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်ကြလေသည်။ သုံးထောင့်ငါးရာသော ယောကျ်ားတို့သည် ရဟန်းပြုကြကုန်၏။ တစ်ထောင့်ငါးရာသော အမျိုးသမီးတို့သည်လည်း ရဟန်းမိန်းမ ပြုကြလေကုန်၏။

ထိုအခါကစ၍ သာသနာတည်ပြီးလျှင် ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ ပြုကြသည်ကား မရေမတွက်နိုင် များပြားလေသည်။

ဤကစ၍ ရဟန္တာမိန်းမ၊ အနာဂါမ် ရဟန်းမိန်းမ၊ သကဒါဂါမ် ရဟန်းမိန်းမ၊ သောတာပန် ရဟန်းမိန်းမ၊ ပုထုဇဉ် ရဟန်းမိန်းမတို့သည် ငါတို့မြန်မာနိုင်ငံ၌ သိရှိခေတ္တရာပြည် အရိမဒ္ဒနာမည်သော ပုဂံပြည် သမုဒ္ဒရာဇ်မင်း၊ ပြုစေထီးမင်း[၁]တို့လက်ထက်တိုင်အောင် ရဟန်းမိန်းမခေတ် (၁၀၀၀)တစ်ထောင်ဆိုသောကြောင့် ရဟန်းမိန်းမအနွယ်အဆက် ရှိသေးသည်ဟု မှတ်ယူသင့်၏။

> တစ်ထောင့်ငါးရာသော အမျိုးသမီးတို့သည်လည်း 'ရဟန်းမိန်းမ ပြုကြကုန်၏'ဟု ဆိုသည်မှာ သောတာပန်, သကဒါဂါမ်, အနာဂါမ် မိန်းမများဖြစ်ကြ၍ ဖန်ရည်စွန်းသော သစ်ခေါက်ဆိုးအဝတ်များကို ဝတ်ရုံ၍ ရဟန်းမိန်းမအသွင်ဖြင့် နေကြသည်ကို ယူရမည်။ ဤအခါမှာ ဘိက္ခုနီမများ မရောက်သေး၊ နောက် ဘိက္ခုနီမများရောက်လာမှ ဘိက္ခုနီမပြုလုပ်၍ 'ရဟန္တာထေရီမများ ဖြစ်ကြသည်'ဟု ယူရာသည်။

၁။ အချို့သော ဇရပ်ရာဇဝင်တို့၌ (ဖြူစောထီး) (ပျူစောထီး)ဟု ရေးလေ့ရှိကြသည်။ "စောင်းမဲငြူစူ၊ ကမ်းယဲပြူတို့၊ မပူမပင်၊ ရန်ရာဇာငိုးပြိုင်၊ စစ်မက်ဆိုင်က"ဟူသော ပုလိပ်စာမင်း၏ ခွဲထားအရ (ပြူစောထီး)ဟု ရေးသားသင့်သည်။

http://www.dhammadownload.com

(၇) မနုသီဟရုပ်

မထေရ်တို့သည်လည်း "ဤနေမှစ၍ ရက္ခိုက်စသော အန္တရာယ်တို့သည် မြို့တွင်းသို့ မဝင်နိုင်စေသတည်း"ဟု အဓိဋ္ဌာန်၏အစွမ်းဖြင့် မြို့၏ထက်ဝန်းကျင်မှ အစောင့်အရှောက် အရံအတား ထားတော်မူကြကုန်၏။

ထိုမထေရ်တို့ရောက်သောနေ့တွင် မင်းအိမ်၌ဖွားမြင်သော သူငယ်မှစ၍ မင်းအိမ်၌ဖွားမြင်တိုင်း ဖွားမြင်တိုင်းသော သူငယ်တို့၏အမည်ကို "သောဏုတ္တရ"ဟု အမည်မှည့်ကြကုန်၏။

ထိုမြို့တွင်ဖွားမြင်သော အခြားသူငယ်များကိုလည်း အန္တရာယ်ကင်းစိမ့်သောဇာထန်းရွက် ပေရွက် စသည်တို့၌ မထေရ်တို့ဖန်ဆင်းသော "မနုသီဟ"ရုပ်ကိုရေး၍ လည်ပင်း၌ဆွဲထားကြကုန်၏။ ၎င်းကို နောက်ကာလ "လိပ်ပချုပ်"ဟူ၍လည်း ခေါ်ဆိုကြကုန်၏။ မြို့နေသူလူအပေါင်းတို့သည်လည်း ကျောက်ဖြင့်ပြီးသော "မနုသီဟ"ရုပ်ကို ပြုလုပ်၍ မြို့၏အရှေ့မြောက်ထောင့်တွင် တည်ထားကြကုန်၏။ ၎င်းမနုသီဟရုပ်သည် ယခုထက်တိုင် ရှိသေးသည်ဟု ကြားဖူး၏။

ထို သုဓမ္မပုရ မြို့နေရာကား ကေလာသတောင်၏ အနောက်တောင်ထောင့်တောင်စွယ်သည် မြို့နေရာဖြစ်သည်၊ ၎င်းမြို့သည် တောင်ပေါ်မှာ တစ်ဝက်တစ်ပိုင်းတည်၍ တောင်ခြေမြေအပြင်မှာ တစ်ဝက်တစ်ပိုင်း စပ်လျက်တည်သည်ဟု သာသနာလင်္ကာရ သာသနဝံသပွဒီပိကာတို့မှာဆိုသည်။ သုဝဏ္ဏဘူမိဟူသောအမည်သည် တိုင်း၏အမည်၊ သုဓမ္မပုရဟူသောအမည်သည် အစိတ်ဖြစ်သော မြို့၏အမည်ဖြစ်သည်။

သုဝဏ္ဏဘူမိ ရွှေမြေရှိရာအရပ် ရှမ်း(၅၇)မြို့သည် သုဝဏ္ဏဘူမိတိုင်းဟု ဓမ္မူဒီပဥဆောင်းကျမ်းမှာ နယ်သတ်မှတ်ပိုင်းခြားလျက် အဆိုရှိသည်။

ဤသို့လျှင် သာသနာသက္ကရာဇ် (၂၃၅)နှစ်ရာသုံးဆယ့်ငါးနှစ်၊ သာသနာပြုကြွရောက်လာသော သောဏမထေရ်, ဥတ္တရမထေရ်တို့မှစ၍ သီဿနုသီဿ အဆက်ဆက် ဆရာအဆက်ဆက် ယနေ့ထက်တိုင်အောင် သာသနာတော် တည်ထွန်းလျက်ရှိလေသတည်း။

ထို သုဝဏ္ဏဘူမိတိုင်း၌ ဘုရားရှင်လက်ထက်ရောက် သာသနာ ဘုရားပရိနိဗ္ဗာန်စံတော်မူမှ ရှင်ဂဝံပတိ သွားတော်ဓာတ်များကို ယူဆောင်၍လာခြင်း စသော သမိုင်းရာဇဝင်လာ ရေးသာသနာများကား မတည်တည်အောင်ပြုသော သာသနာများမဟုတ်၊ အလိုအလျောက်ရောက်လာသော သာသနာများသာဖြစ်သည်။ ရှင်သောဏ, ရှင်ဥတ္တရ မထေရ်တို့ပြုသော သာသနာကား မတည်တည်အောင်၊ မကြည်ညိုကြည်ညိုအောင် ပြုသော သာသနာဖြစ်သည်၊ ဤသို့အထူးမှတ်။

ဤကား မြန်မာနိုင်ငံ၌ စတုတ္ထသာသနာရောက်ပုံတည်း။

http://www.dhammadownload.com

သရေခေတ္တရာ သာသနာ

(၁) သရေခေတ္တရာသို့ ပထမ သာသနာရောက်ပုံ

သာသနာသက္ကရာဇ် (၁၀၁) တစ်ရာ့တစ်ခုမြောက်၌ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ စန္ဒီနတ်၊ ပရမိသွာနတ် ဟူသော ဤ (၇)ခုနစ်ဦး သားတို့ တည်သော သရေခေတ္တရာပြည်၌ ဒွတ္တပေါင်မင်းကြီး နန်းစံလေသည်၊ ထိုမင်းကြီးလက်ထက်၌ မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်ကုန်သော ရဟန္တာအရှင်မြတ် သုံးထောင်မျှ လောက်တို့သည် သရေခေတ္တရာပြည်၌ သီတင်းသုံးတော်မူကြသဖြင့် ဒွတ္တပေါင်မင်းကြီးလည်း ထိုရဟန္တာအရှင်မြတ်တို့အား နေ့စဉ်ပင် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ လှူဒါန်းလေသည်။ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကိုလည်း ပင့်ဆောင်၍ စေတီတည်ထားလေသည်။

ထို့ကြောင့် သာသနာသက္ကရာဇ် (၂၃၅) နှစ်ရာသုံးဆယ့်ငါးခုတွင် ရှင်မောဂ္ဂလိပုတ္တတိဿမထေရ် သာသနာပြုစေလွှတ်သော ယောနက ဓမ္မရက္ခိတမထေရ် သာသနာပြုမရောက်မီ အနှစ်တစ်ရာ့သုံးဆယ်လောက်ကပင် သရေခေတ္တရာပြည်၌ သာသနာရောက်ဖူးပြီးကြောင်း သိအပ်၏။ ရောက်ဖူးသော်လည်း သာသနာအားနည်း၍ မတည်လေ။

ဤကား သရေခေတ္တရာပြည်၌ ပထမသာသနာရောက်ပုံတည်း။

(၂) သရေခေတ္တရာသို့ ဒုတိယ သာသနာရောက်ခြင်း

အရှင်မောဂ္ဂလိပုတ္တ တိဿမထေရ် သာသနာပြုစေလွှတ်သော ယောနက ဓမ္မရက္ခိတမထေရ်သည် အပရန္တ–သုနာပရန္တ နှစ်မည်ရသော ငါတို့မြန်မာတိုင်း သရေခေတ္တရာပြည်၌ ရန်ဘောင်မင်းနန်းတက်၍ (၄၃)လေးဆယ့်သုံးနှစ် သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်တွင် ကြွလာတော်မူ၍ လူတို့၏အလယ်၌ ရပ်တော်မူလျက် (အဂ္ဂိဒန္ဓုပမ) သုတ္တန် ဒေသနာတော်ဖြင့် ဝေနေယျတို့အား တရားအမြိုက် တိုက်ကျွေးတော်မူလျှင် ခုနစ်သောင်းမျှသောသူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သည်။ မင်းမျိုးမှထွက်၍ ယောကျ်ားတစ်ထောင်တို့သည်လည်းကောင်း၊ ထိုထက်အလွန် မိန်းမတို့သည်လည်းကောင်း ရှင်ရဟန်းပြုကြကုန်၏။

ဤသို့လျှင် အပရန္တ သုနာပရန္တ နှစ်မည်ရသော ငါတို့ မြန်မာတိုင်း သရေခေတ္တရာပြည်၌ ရန်ဘောင်မင်းနန်းတက်၍ (၄၃)နှစ် သာသနာသက္ကရာဇ် (၂၃၅)ခုနှစ်ကွင် ယောနက ဓမ္မရက္ခိတမထေရ် ကြွလာ၍ပြုသော သာသနာသည် ယနေ့ထက်

http://www.dhammadownload.com

တိုင်အောင် အစဉ်မပြတ် တည်ထွန်းလေသည်။

ဤကား သရေခေတ္တရာပြည်၌ ဒုတိယသာသနာရောက်ပုံတည်း။

(၃) သရေခေတ္တရာသည် ဝနဝါသီတိုင်း

သာသနာသက္ကရာဇ် (၄၃၃)ခုနှစ်တွင် နန်းတက်သော (ကြက်ခေါင်းစား ငတပါး) မင်းလက်ထက်တွင်လည်း ရဟန္တာအရှင်မြတ်ငါးရာတို့သည် သရေခေတ္တရာပြည်၌ သီတင်းသုံးနေတော်မူကြ၍ ကြက်ခေါင်းစားငတပါးမင်းသည်ပင် နေ့စဉ် လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်ထောက်ပံ့ လှူဒါန်းလေသည်။ ထိုအခါ သရေခေတ္တရာပြည်၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်သော ပုဂ္ဂိုလ်တွေ အလွန်ပေါများသည်ဟု အဆိုရှိလေသည်။

ကောဇာသက္ကရာဇ် (၁၂၂၃)ခုနှစ်တွင် "ပညာသာမိသိရိ ကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"ဟူသော မင်းလှူတံဆိပ် နာမ်တော်ရှိသော မောင်းထောင်ဆရာတော်သည် သာသနာလင်္ကာရကျမ်းကို အမှီပြု၍ ပါဠိဘာသာဖြင့်စီရင်သော "သာသနဝံသပဒီပကာမည်သောကျမ်း"၌-

ဝနဝါသီရဋ္ဌေ သိရိခေတ္တနဂရေ[၁]

စသည်ဖြင့် ပါဠိစီ၍ ဝနဝါသီတိုင်းဟူသည် သရေခေတ္တရာပြည် အဝင်အပါဟု အယူရှိတော်မူသဖြင့် သာသနာပြုစေလွှတ်ရာ ကိုးတိုင်း ကိုးဌာနတွင် တစ်ပါးအဝင်အပါဖြစ်သော ဝနဝါသီအရပ်၌ ရက္ခိတမထေရ် သာသနာပြုပုံကိုပြဆိုရာတွင် သရေခေတ္တရာကို ပြဆိုလေသည်။

ထို့ကြောင့် သာသနဝံသပဒီပကာကျမ်းကို စီရင်သော ဒုတိယမောင်းထောင်ဆရာတော်ဘုရားသည် ဝနဝါသီတိုင်းဟူသည် သရေခေတ္တရာပြည်ကို ဆိုလိုကြောင်း၊ သရေခေတ္တရာပြည်ကို ယူလိုကြောင်း သိအပ်၏။

အပရန္တ သုနာပရန္တ ဟူသည် ငါတို့မြန်မာတိုင်းကိုပင်ဆိုသည်ဟု ရှေးဆရာတော်ကြီးများ ဆုံးဖြတ်ကြသည်။ သဒ္ဒါသာကွဲသည်၊ အရပ်အတူတူဖြစ်လေသည်။ အချို့သောကျမ်း၌ အဋ္ဌကထာဆရာသည် သုနာပရန္တ သဒ္ဒါနှင့်ဆိုသည်၊ အချို့ကျမ်း၌ အပရန္တ သဒ္ဒါနှင့်ဆိုသည်ကို ထောက်၍သိအပ်၏။

ကိုးတိုင်း ကိုးဌာန သာသနာပြုလွှတ်ရာတွင်လည်း ငါတို့မြန်မာတိုင်းထဲက သုဝဏ္ဏဘူမိ, အပရန္တ, ယောနကရဋ္ဌ ဟူ၍ သုံးဌာနပါရှိလေသည်။ ဝနဝါသီကိုထည့်၍ ဂဏန်းပြာနတည်း။

၁။ သာသနဝံသပဒီပကာ။

http://www.dhammadownload.com

ပုဂံခေတ် သာသနာ

(၁) ပုဂံပြည်သို့ ကြွလာသော သာသနာပြု ရှင်အရဟံအကြောင်း

ကြောင်းဖြူမင်း၏သားတော် နော်ရထာစောသည် နောင်တော်စုကွတေးကိုစစ်အောင်၍ သာသနာသက္ကရာဇ် (၁၅၆၁) တစ်ထောင့်ငါးရာခြောက်ဆယ့်တစ်ခုနှစ်တွင် မင်းအဖြစ်သို့ရောက်လေသည်။ ၎င်းမင်း နန်းစံ ၉-နှစ်မှာ ရှင်အရဟံမထေရ် ပုဂံသို့ရောက်သည်။

သထုံပြည် ကျေးလက်တောရွာ၌ သီတင်းသုံးနေသော အရှင်သီလဗုဒ္ဓိမထေရ်ကြီးသည် သုနာပရန္တ တိုင်း၊ တမွဒီပတိုင်းဟူသော မြန်မာတိုင်းတို့၌ သာသနာတော်မြဲမြံခိုင်ခံ့စွာ မတည်သေးသည်ကို သိတော်မူ၍ တာဝတိံသာနတ်ပြည် သိကြားမင်းအထံသို့ ကြွသွားတော်မူ၍ သာသနာကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်မည်ဖြစ်သော နတ်သားတစ်ယောက်ကို ပေးပါလေ့ဟု တောင်းဆိုလေ၏။

သိကြားမင်းသည်လည်း သာသနာတော် ချီးမြှောက်နိုင်မည်ဖြစ်သော နတ်သားတစ်ယောက်ကို တောင်းပန်၍ လူ့ပြည်၌ တစ်ယောက်သောပုဏ္ဏားမ၏ဝမ်း၌ ပဋိသန္ဓေယူစေ၏။ သီလဗုဒ္ဓိမထေရ်ကြီးသည်လည်း အရှင်အရဟံအလောင်း ပဋိသန္ဓေယူသည်မှစ၍ စောင့်ရှောက်တော်မူပြီးလျှင် ဖွားမြင်ကြီးပြင်း၍ ရှင်ရဟန်းပြုချိန်ရောက်သော အခါ၌ ရှင်ရဟန်းပြု၍ ပေးတော်မူ၏။ ရှင်အရဟံသည် မကြာမြင့်မီကပင် ပိဋကတ်သုံးပုံတည်းဟူသော ဘုရားစကားတော်၌ အလွန်လိမ္မာ ပွမ်းတီးတတ်မြောက်တော်မူသော ရဟန္တာအဖြစ်သို့ ရောက်တော်မူလေ၏။ "အရဟန္တ"ဟူသော အမည်အားဖြင့်လည်း ကျော်စောထင်ရှားလေ၏။

ထိုရှင်အရဟံမထေရ်သည် မြန်မာနိုင်ငံအဝှန်း၌ မြတ်စွာဘုရားသာသနာတော်ထွန်းလင်းတောက်ပစိမ့်သောငှာ သထုံပြည်မှ အရိမဒ္ဒနာမည်သော ပုဂံသို့ကြွတော်မူ၍ မြို့နှင့်မနီးမဝေး တစ်ခုသောတော၌ သီတင်းသုံးနေတော်မူရာတွင် တောလည်မုဆိုးတစ်ယောက်နှင့် တွေ့ရှိလေ၏။

ထိုအခါ မုဆိုးသည် ဤသူကား လူမဟုတ် ဘီလူးတည်း၊ လူဖြစ်ခဲ့သော် လူရိုင်းမျိုးတည်း-

ဟု မှတ်ထင်ပြီးလျှင် မင်းအားပြုရန် မြို့သို့ခေါ်ဆောင်လေသော် ရှင်အရဟံသည်လည်း မိမိပရိက္ခရာရှစ်ပါးကို ပခုံးထက်လွယ်၍ လိုက်သွားသော်မူသဖြင့် မြို့ရောက်၍ မင်းနှင့်တွေ့သောအခါ-

http://www.dhammadownload.com

"ငါသည် လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းခယ ပူဇော်အပ်၍ ကြွင်းလပ်မရှိ အကုန်သိသော သဗ္ဗညုမြတ်စွာဘုရား၏ တပည့် သား သာဝကဖြစ်သော ရဟန်းတည်း"

ဟု မင်းအားပြောကြားလေရာ အနော်ရထာမင်းစောသည် ကြည်ညိုလှ၍-

"အရှင်ဘုရား၏ ဆရာဖြစ်တော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် ဟောတော်မူသော တရားတော်ကို အကျွန်ုပ်အား ဟောတော်မူပါဦးလော့"

ဟု လျှောက်ထားတောင်းပန်သဖြင့် ရှင်အရဟံသည် မင်းတို့အား လျော်သော "အပ္ပမာဒသုတ်"ကို ဟောတော်မူလေ၏။

ထိုအခါ မင်းကြီးသည် အပ္ပမာဒသုတ္တန် ဒေသနာတော်ကို ကြားရသဖြင့် အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်ပြီးလျှင် မေးလျှောက်ပြန်သည်မှာ-

"အရှင်ဘုရား၏ ဆရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသည် ယခုအခါ အဘယ်ပြည်မှာ သီတင်းသုံးနေထိုင်တော်မူပါသနည်း၊ သဗ္ဗညုမြတ်စွာဘုရား ဟော်တော်မူသော တရားတော်ကား ဘယ်မျှလောက် များပါသနည်း။ ထိုသဗ္ဗညုမြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်သူကား ဘယ်မျှလောက်ရှိပါသနည်း။ ဘုရားရှင်မှတစ်ပါး ရှိပါသေးသလော" စသည်ဖြင့် မေးလျှောက်လေ၏။ ထိုအခါ ရှင်အရဟံမထေရ်က မိန့်တော်မူသည်မှာ-

"မြတ်သောမင်းကြီး ငါ၏ဆရာဖြစ်သော သဗ္ဗညုမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံလွန်တော်မူပြီ၊ ထိုမြတ်စွာဘုရား၏ အသားတော်၊ အသွေးတော် စသည်တို့မှဖြစ်သော ဓာတ်တော်တို့သာ ရှိလျှင်ရှိတော့၏။ ထိုမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကား ရှစ်သောင်းလေးထောင် ပမာဏရှိ၏။ ထိုတရားတော်တို့သည်လည်း ထင်ရှားရှိသေး၏။ ငါမှတစ်ပါး ပရမတ္ထသံဃာ, သမုတိသံဃာဟူ၍ အများကြီးပင် ရှိလေသေး၏"

ဟု မိန့်တော်မူလေ၏။ ထိုအခါ မင်းကြီးသည် ရွှေကထက်ပင် တိုး၍ ကြည်ညိုလေးမြတ်ပြန်သဖြင့် လျှောက်ကြားသည်မှာ-

"အရှင်ဘုရား ယခုအခါ ဤပုဂံပြည်မှာ အရှင်ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိ၊ ယုံကြည်စရာမရှိပါ။ အရှင်ဘုရားသည် ယနေ့ကိုအစပြု၍ အကျွန်ုပ်ကို ရတနာသုံးပါးအား ဆည်းကပ်တတ်သော ဥပါသကာဟူ၍ မှတ်တော်မူပါ။ အရှင်ဘုရား၏ အဆုံးအမကို ခံယူပါအံ့"

ဟု လျှောက်ကြားပြီးလျှင် အရည္ဇကင် ရွှတင်ရလောက်သော တောအရပ်၌ ကျောင်းဆောက်၍ ကိုးကွယ်လေ၏။

http://www.dhammadownload.com

ထိုအခါ ပုဂံပြည် ရွှေမင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သော ရဟန်းတု၊ ရဟန်းယောင် (အရည်းကြီး)ခေါ်သော ရဟန်းယုတ်တို့ရှိလေသည်။ အနော်ရထာမင်းစောသည် ထိုရဟန်းတု ရဟန်းယောင် (အရည်းကြီး) ရဟန်းယုတ်တို့ကို သုတ်သင်ရှင်းလင်း လူထွက်စေ၍ သာသနာကို ကြည်ညိုကုန်သောသူတို့အား ရှင်ရဟန်းပြုစေပြီးလျှင် သာသနာတော်ကို တည်စေ၏။

[ဤ ရှင်အရဟံအကြောင်းကား ရာဇဝင်မှာလည်း လာရှိသည်။ ပရိတ္တ နိဒါန်းမှာလည်း လာရှိသည်။ သာသနာဝံသ စသည်တို့မှာလည်း လာရှိသည်။ ထိုထို လာရှိရာတွင် ရာဇဝင်၌ လာရှိသောအကြောင်းကို အစွဲပြု၍ အမြွက်မျှသာ ရေးသားလိုက်သတည်း။]

(၂) အနော်ရထာမင်း သထုံကိုသိမ်းယူခြင်း

အခါတစ်ပါး ရှင်အရဟံသည် မင်းကြီးအား မိန့်ဆိုတော်မူသည်မှာ-

"မြတ်သောမင်းကြီး ဘုရားရှင်သာသနာတော်သည် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူ၍ သုံးပါးရှိရာတွင် ပရိယတ္တိသာသနာတော်သည် အရင်းမူလဖြစ်၏။ ထိုအရင်းမူလဖြစ်သော ပရိယတ္တိသာသနာတော်တည်းဟူသော ပိဋကတ်သုံးပုံသည် ဤပုဂံပြည်မှာ မရှိချေသေး။ ဘုရားရှင် ဓာတ်တော် မွေတော်လည်း မရှိချေသေး။ ပိဋကတ်နှင့်တကွ ဓာတ်တော်မွေတော်များ တည်ရှိမှသာ ဤပြည်တွင် ဘုရားရှင်သာသနာ အရှည်တည်မည်ဖြစ်လေသည်။ ထို့ကြောင့် ပရိယတ္တိသာသနာဟူသော ပိဋကတ်သုံးပုံနှင့်တကွ ဓာတ်တော်မွေတော်များရှိသော တိုင်းပြည်သို့ လက်ဆောင်ပဏ္ဏာများနှင့်တကွ စေလွှတ်၍ ပင့်ဆောင်စေရမည်"

ဟု မိန့်တော်မူလေသည်။

ထိုအခါ အနော်ရထာမင်းစောသည်-

"ဘယ်တိုင်းပြည်၌ ပိဋကတ်နှင့်တကွ ဓာတ်တော်မွေတော်များ ရှိပါသနည်း"

ဟု မေးလျှောက်သောအခါ-

"သုဝဏ္ဏဘူမိ မည်သော သထုံပြည်၌ရှိကြောင်း"

မိန့်တော်မူသဖြင့် မင်းကြီးလည်း များစွာသော လက်ဆောင်ပဏ္ဏာတို့ကို စီရင်၍ မင်း၏သဝဏ်လွှာစာနှင့် အမတ်တစ်ယောက်ကို သထုံပြည်သို့ ပိဋကတ်သုံးပုံနှင့်တကွ ဓာတ်တော်မွေတော်များ တောင်းဆိုပင့်ယူရန် စေလွှတ်လိုက်၏။

ထိုအခါ သထုံပြည်၌ မင်းပြုသော မနောဟရီမည်သော မနုဟာမင်းသည် မကောင်းသောစိတ်နှလုံးဖြင့် မချေမငြာဆိုလိုက်၏။ ပြောဆိုပုံကား-

http://www.dhammadownload.com

"သင်တို့ကဲ့သို့သော မိစ္ဆာဒိဋ္ဌိတို့၏ တိုင်းနိုင်ငံ၌ ဘုရားရှင်၏ ပိဋကတ်သုံးပုံ ဓာတ်တော်မွေတော်များကို ပေးလိုက်ရန် မသင့်မလျော်၊ လောကသုံးပါးထက် မြတ်တော်မူသော မြတ်စွာဘုရား၏ သာသနာတော်သည် သမ္မာဒိဋ္ဌိတို့၏ တိုင်းနိုင်ငံ၌သာ တည်တော်မူ၏။ ဥပမာဆိုသော် ခြသေ့ဆီသည် ရွှေခွက်၌သာတည်၏။ မြေခွက် ကြွေခွက် တို့၌မတည်။ ထို့အတူ ခြသေ့ဆီနှင့်တူသော ဘုရားရှင်သာသနာတော်သည် မြေခွက်၊ ကြွေခွက်နှင့်တူသော မိစ္ဆာဒိဋ္ဌိတို့၏ နေရာဖြစ်သော သင်တို့ပုဂံပြည်၌ တည်မည်မဟုတ်လေ"

ဟု မချေမငံပြောဆိုလိုက်၏။

[ဤစကားကား သာသနဝံသပဒီပိကာ လာ စကားတည်း။]

ပုဂံရာဇဝင်တွင်မူကား-

"ပိဋကတ်တော် ဓာတ်တော် မွေတော်များသည် လူရိုင်းတို့နှင့်အရာလော"

ဟု ကြမ်းတမ်းသောစကားကို ဆိုလိုက်သည်ဟု လာရှိသည်။

ထိုအခါ စေလွှတ်လိုက်သောအမတ်လည်း ပြန်လာခဲ့ပြီးလျှင် "ပိဋကတ်တော်များ ဓာတ်တော်များ မရခဲ့ကြောင်း၊ မနောဟာရီမင်းက မည်သို့ မည်ပုံ ပြောဆိုလိုက်ကြောင်း"များကို အစုံအလင် အနော်ရထာမင်းအား သံတော်ဦးတင်လတ်သော် အနော်ရထာမင်းသည် ပြင်းစွာအမျက်ထွက်တော်မူသဖြင့် ရေကြောင်း၊ ကုန်းကြောင်း စစ်ချီတော်မူပြီးလျှင် သထုံ မနဟာမင်းကို အောင်တော်မူ၍ သထုံပြည် မင်းအဆက်ဆက် ရတနာဖြင့်ပြီးသောကြွတ်၌ထား၍ ကိုးကွယ်သော နန်းစဉ်ဓာတ်တော်များနှင့်တကွ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ကို မနဟာမင်း၏ ဆင်အစီးသုံးဆယ်ပေါ်တွင် တင်ဆောင်၍ ယူလာခဲ့ပြီးလျှင် သာသနာသက္ကရာဇ်(၁၆၀၁) တစ်ထောင့်ခြောက်ရာတစ်ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၁၉) လေးရာ့တစ်ဆယ့်ကိုးခုနှစ်တွင် အရိမဒ္ဒနာမည်သော ပုဂံပြည်၌ ပရိယတ္တိသာသနာကို တည်စေ၏။ [ကျောက်စာတို့၌ အဆို]

(၃) ပုဏ္ဏဂါမမှ ပုဂံသို့

သထုံပြည်က အရိယာသံဃာတော် (၁၀၀၀)တစ်ထောင်ကိုလည်း ပင့်ဆောင်၍ လာသဖြင့် ပိဋကတ်ကို သင်ကြားပို့ချတော်မူသော အရိယာသံဃာတော်တစ်ထောင် ဖြစ်လေသည်။

ထိုအခါ အရိမဒ္ဒနာမည်သော ပြည်သည် အနော်ရထာမင်း၏ အာနုဘော်ကြောင့် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာသုံးပါးဖြင့် အလွန်စည်ကားပြည့်စုံသည်၏အဖြစ်ကြောင့် "ပုဏ္ဏဂါမ"ဟူသောအမည် ဖြစ်လေသည်။

http://www.dhammadownload.com

ထိုစကားကို ထင်ရှားစေဦးအုံ။

- ပုဂံပြည်ကို အစတည်ထောင် ဖန်ဆင်းအပ်သော သမုတိရာဇ်မင်းကြီးသည် "ပေါက္ကံ"ပြည်ဟု အမည်နာမသမုတ်လေသည်။
- ထိုနောက် ပြုစောထီးမင်းလက်ထက် ငှက်ကြီး၊ ဝက်ကြီး စသော ရန်သူကို နှိမ်နင်းဖျက်ဆီးရသောကြောင့် "အရိမဒ္ဒနာပြည်"ဟု တွင်ပြန်လေသည်။
- နောက် သေဉ်လည်ကြောင်ကြီး မင်းလက်ထက်မှ နေရာလည်းပြောင်း၍ "သီရိပစ္စယ"ဟု အမည်သမုတ်ပြန်သည်။
- နောက် သာရမွန်ဖျားမင်း လက်ထက်မှာ နေရာလည်းပြောင်း၍ "တမ္ဗဝတီ"ဟု သမုတ်ပြန်သည်။
- နော်ရထာမင်းလက်ထက်၌ ရတနာသုံးပါးတို့နှင့်ပြည့်စုံသောကြောင့် "ပုဏ္ဏဂါမ"ဟု တွင်ပြန်လေသည်။
- နောက်ကာလ၌ ဏ္ဏ အက္ခရာတို့လည်း ကြ၍ မ-အက္ခရာလည်း နိဂ္ဂဟိတ် ဖြစ်၍ "ပုဂံ"ဟု ယခုထက်တိုင် တွင်လေသည်။

ဤသို့ပြင် ပုဂံဟုခေါ်ဝေါ်ရေးသားခြင်းအကြောင်း ကျောက်စာ, သမိုင်း, ရာဇဝင်, မင်းဆက်လက်ာများတွင် တွေ့ရှိရသေးသည်ကား၊ ပုဂံပြည်ကို အစတည်ထောင်ဖန်ဆင်း၍ စံနေသော သမုတိရာဇ်မင်းသည် ပြုလုမျိုးဖြစ်၍ မိမိအစတည်ထောင်သော နေရာကို ပြုလုမျိုးတို့၏ အမျိုး အရိုး တန်ခိုး ထင်ရှားစေရန် "ပြုဂါမ"ဟု အစသမုတ် အမည်ပေးသည်ဟူ၏၊ "ပြုဂါမ"မှ- "ပုဂါမ"ဖြစ်၏။ "ပုဂါမ"-မှ "ပုဂါမ"ဖြစ်၏။ ဤသို့လျှင် အဆင့်ဆင့် "ရ"ရစ်ပျောက် ဒီဃပျောက်၍ ရဿရောက်ပြီးလျှင် "ပုဂါမ" မှ "ပုဂံ"ဖြစ်ကြောင်း သိရှိ၏။ ။ ယုတ္တိတန်၏။ ။ ပြုလုမျိုး အစတည်သော ရွာ ဆိုလိုသည်။

သရေခေတ္တရာ မင်းဆက်လက်ာတွင်-

သရေခေတ္တရာ၊ ပျက်ပြီးခါလျှင်
ပုဂါရာမ၊ နဂရဝယ်
သမ္မတရာဇ်၊ ပြည်သစ်စံငြား။[၁]

ဟူ၍လည်းကောင်း၊

၁။ မင်းဆက်လက်ာ။

http://www.dhammadownload.com

ရာဇဝင်ချုပ်လင်္ကာတွင်-

ခြောက်ဆယ်သာသနာ၊ ပြည့်သောခါလျှင်
မဟာသမ္ဘဝ၊ ပြုဂါမတွင်
ခြောက်နှစ်ရှင်မှ။[၁]

ဟူ၍လည်းကောင်း အဆိုရှိ၏။ ထို့ကြောင့် "ပုဂံ"ဟူသောအမည်တွင်ခြင်းသည် လင်္ကာဦးတည်စ သမုတိရာဇ်မင်းကစ၍ ဖြစ်လာသည်ဟု မှတ်ဖွယ်ရာရှိသေး၏။

ထင်းပြင် မဏ္ဍိမဒေသမှ ဝိဇ္ဇဋ္ဌပဘေားကြောင့် ထွက်ပြေးတိမ်းရှောင်လာသော ဘိန္နကရာဇ်မင်း အစတည်သောနေရာကိုလည်း "ပုဂံ"ဟု သမုတ်သည်ဟူ၏။

မဟာသမ္ဘဝ အစတည်သောနေရာကိုလည်း "ပုဂါမ"ဟု သမုတ်သည်ဟူ၏။

ဘိန္နကရာဇ်မင်းကြီး လင်္ကာဦးတည်ထောင်သောပြည်ကို ယခုအခါ "အညာပုဂံ" ခေါ်သည်ဟု မှန်နန်းရာဇဝင်နှင့် ပလိပ်စားဧချင်းတွင်ဆို၏။ ထို့ပြင် အတွင်းဝန်မိုင်ခိုင်းမြို့စားမင်း ရေးသားသော ရာဇဝင်ချုပ်များမှာဆိုသည်။

ဤသို့လျှင် အရိမဒ္ဒနာမည်သော ပုဂံပြည်၌ အနော်ရထာမင်းသည် သာသနာကို တည်စေပြီးနောက် လေးယောက်သော စစ်သူကြီးတို့ကို သီဟိုဠ်သို့စေလွှတ်ပြန်၍ ပိဋကတ်သုံးပုံကို ယူဆောင်စေပြီးလျှင် သီဟိုဠ်ကယူဆောင်လာသော ပိဋကတ်နှင့် သထုံကယူဆောင်လာသော ပိဋကတ်ကို ရှင်အရဟံ တိုက်ဆိုင်၍ကြည့်ရှုရာ မကွဲမပြားတစ်သားတည်း တူညီလေသည်။

သထုံကယူဆောင်လာသော ပိဋကတ်လည်း ရှင်ဗုဒ္ဓဃောသမထေရ် သီဟိုဠ်မှ ယူဆောင်လာသော ပိဋကတ်ဖြစ်၍ တူညီလေသည်။

အနော်ရထာမင်းစောသည် သာသနာတော်၏ အညစ်အကြေး ဘေးရန်ဆူးငြောင့်များကို သုတ်သင်ရှင်းလင်း၍ သာသနာတော်ကို ရှင်အရဟံမထေရ်မြတ်နှင့်တကွ ကြည့်ရှုစောင့်မ၍ များစွာသော ကုသိုလ်ကောင်းမှုကိုပြုပြီးလျှင် နန်းစည်းစိမ် (၃၃) သုံးဆယ့်သုံးနှစ်တွင် နတ်ရွာစံတော်မူသည်။ ပိဋကတ်သမိုင်းတွင် စည်းစိမ် ၄၀-ဟု ဆို၏။

သာသနာသက္ကရာဇ် (၁၅၇၀) တစ်ထောင့်ငါးရာခုနှစ်ဆယ်၊ ကောဇာသက္ကရာဇ် (၃၈၈) သုံးရာရှစ်ဆယ့်ရှစ်ခုနှစ်၊ အနော်ရထာမင်း နန်းစံ(၉)ကိုးနှစ်၊ ရှင်အရဟံရောက်သည်ကစ၍ အရိမဒ္ဒနာမည်သော ပုဂံပြည်၌ သာသနာအဆက်ဆက် ပြန့်ပွားလာပြီး

၁။ ရာဇဝင်ချုပ်လင်္ကာ။

http://www.dhammadownload.com

လျှင် အရိယာပုဂ္ဂိုလ်တို့ဖြင့်လည်းကောင်း၊ ကျမ်းဂန်တတ်ပုဂ္ဂိုလ်တို့ဖြင့်လည်းကောင်း၊ စေတီ–ပုထိုး စသော သာသနာ့အဆောက်အဦးတို့ဖြင့်လည်းကောင်း ဘုရားရှင်သာသနာတော်သည် ကောင်းကင်အလယ်ချက်၌ တက်၍ ထွန်းသော လပြည့်၀န်းကြီးကဲ့သို့ ထွန်းလင်းထောက်ပ၍ ယနေ့ထက်တိုင်အောင် မြန်မာနိုင်ငံအားလုံးကို ပျံ့နှံ့၍ သာသနာတော်တည်ဆဲ ဖြစ်လေသည်။

(၄) ပုဂံ သာသနာရောက်သက္ကရာဇ် ရှင်းလင်းချက်

အနော်ရထာမင်းစောသည် သာသနာသက္ကရာဇ် (၁၅၆၁)တစ်ထောင့်ငါးရာခြောက်ဆယ့်တစ်၊ ကောဇာသက္ကရာဇ် (၃၇၉) သုံးရာခုနစ်ဆယ့်ကိုးခုနှစ်တွင် မင်းအဖြစ် သို့ရောက်သည်ဟု ဆိုပြီးနောက် ၎င်းမင်းနန်းစံ၍ (၉)ကိုးနှစ်မြောက်တွင်မှ ရှင်အရဟံ ပုဂံသို့ရောက်သည်ဟုဆိုသော စကားတစ်ရပ်၊ သက္ကရာဇ် (၄၁၉) လေးရာတစ်ဆယ့်ကိုး ခုနှစ်တွင် သထုံ မနုဟာမင်းကိုအောင်မြင်၍ ပိဋကတ်များနှင့်တကွ ဓာတ်တော် မွေတော် အရိယာသံဃာတို့ပါ ပင့်ဆောင်၍ ပုဂံသို့ရောက်သည်ဆိုသော စကားတစ်ရပ် ဤစကားရပ်များကို ၀ံသမေဒပကာသနီမှာဆိုသည်။

သာသနာသက္ကရာဇ် (၁၆၀၁) တစ်ထောင့်ခြောက်ရာတစ် ကောဇာသက္ကရာဇ် (၄၁၉) လေးရာ့တစ်ဆယ့်ကိုးခုနှစ်တွင် သထုံ မနုဟာမင်းကိုအောင်မြင်၍ ပိဋကတ် သုံးပုံနှင့်တကွ ဓာတ်တော် မွေတော် အရိယာသံဃာတော်တို့ကို ပင့်ဆောင်၍ သာသနာတည်ကြောင်းကို "သာသနဝံသပဒီပိကာ"နှင့်"စွယ်စုံကျော်ထင်"မှာ ဆိုသည်။

ထို့ကြောင့် ရှင်အရဟံ ပုဂံသို့ရောက်၍ (၃၁)နှစ်ရှိမှ သထုံမနုဟာမင်းကို အောင်မြင်၍ ပိဋကတ်တော်များနှင့်တကွ ဓာတ်တော် မွေတော် အရိယာသံဃာများ ပုဂံသို့ရောက်သည်ဟု သိရာ၏။

အနော်ရထာမင်းစော မင်းအဖြစ်သို့ရောက်၍ အနှစ်(၄၀)လေးဆယ်ရှိမှ မနုဟာမင်းကို အောင်မြင်၍ ပိဋကတ်တော်များ၊ ဓာတ်တော်များ၊ အရိယာသံဃာတော်များ ရောက်၍ ပုဂံမှာ သာသနာ အလွန်စည်းကားသည်ဟု ယူဖွယ်ရှိ၏။

၀ံသမေဒပကာသနီ၌လည်းကောင်း၊ ပုဂံရာဇ၀င်ချုပ်၌လည်းကောင်း အနော်ရထာမင်းစော နန်းစည်းစိမ် (၃၃) သုံးဆယ့်သုံးနှစ်တွင် နတ်ရွာစံကြောင်းကို ဆိုသော စကားတစ်ရပ်၊ သက္ကရာဇ်(၄၂၁)လေးရာ့နှစ်ဆယ့်တစ်ခုတွင် တည်သော ရွှေစည်းခုံ စေတီတော်သည် ပစ္စယံသုံးဆင့်မျှသာ ပြီးသည်ဖြစ်၍ အဆုံးသို့မရောက်ခင် နတ်ရွာစံသည်ဆိုသော စကားရပ်များနှင့် မညီလေ။

http://www.dhammadownload.com

ပုဂံသို့ အရှင်အရဟံရောက်ပြီး (၉)ကိုးနှစ်အရှိ သက္ကရာဇ် (၃၈၈) သုံးရာ ရှစ်ဆယ့်ရှစ်ခုနှစ်ကျမှ အနော်ရထာမင်းစော မင်းအဖြစ်သို့ရောက်သည်ယူမှ စည်းစိမ် (၃၃)သုံးဆယ့်သုံးနှစ်ဆိုသော စကားနှင့်ညီမည်။ နန်းစည်းစိမ် (၃၁)သုံးဆယ့်တစ်နှစ်မှ သထုံ မနုဟာကို အောင်မြင်သည်ဟုယူမှ ရှေးစကား နောက်စကား ညီမည်။ စည်းစိမ် ၄၂ နှစ်ဆိုမှ အရပ်ရပ်နှိုးနောမိမည်။

(၅) မနုဟာမင်းအကြောင်း

သထုံ မနုဟာမင်းကို ပိဋကတ်တော်များနှင့် အတူတကွ ပုဂံသို့ ခေါ်ယူလာပြီးလျှင် မြင်းကပါမည်သောအရပ်၌ အလုပ်အကျွေးနှင့်တကွ ထားလေ၏။ ထိုမနုဟာမင်း ပြောဆိုသောအခါ အာခံတွင်းက ဝင်းဝင်းတောက်၏။

ထိုအကြောင်းကို အနော်ရထာမင်းသိသောအခါ ရွှေစည်းခုံဘုရားမှာ ဆွမ်းတော်ကြီးတင်ပြီးမှ မုနောလင်ပန်းနှင့် ပွဲတော်တည်စေသည်။ ထိုဆွမ်းတော်တင်ပြီးကို စားရသဖြင့် မနုဟာမင်းအား ဘုန်းတန်ခိုးညံ့ဖျင်း၍ အာခံတွင်းက ဝင်းဝင်းတောက်သော အရောင် ပျောက်လေ၏။

ထိုနောက်မှ မနုဟာမင်းသည် မနောလင်ပန်းကို ရောင်း၍ "နောက်ကာလဘဝတို့၌ သူတစ်ပါးမနှိပ်စက်နိုင်သောဘဝကို ရလိုသော"ဟု ဆုတောင်း၍ ထိုမြင်းကပါအရပ်တွင် ဘုရားကြီးတည်လေသည်။ မနုဟာမင်းတည်သောကြောင့် "မနုဟာဘုရား"ဟု ယခုထက်တိုင် ထင်ရှားရှိလေသေးသည်။

(၆) နရပတိစည်သူမင်း လက်ထက် သာသနာ

သက္ကရာဇ် (၅၂၀) ငါးရာ့နှစ်ဆယ်ပြည့်နှစ်တွင် နန်းတက်သော ကုလားကျမင်းလက်ထက်မှာ ပုဂံသာသနာ ညံ့ဖျင်းပျက်စီးသည်နောက် သက္ကရာဇ် (၅၂၆)ခုနှစ်တွင် (၅၃၆–ဟူ၍လည်း အဆိုရှိသည်) နန်းတက်သော နရပတိစည်သူမင်းလက်ထက် သက္ကရာဇ် (၅၄၃) ငါးရာလေးဆယ့်သုံးခုနှစ်တွင် သီဟိုဠ်ကျွန်းမှ–

(၁) တာမလိတ္တိရွာသား သီဝလိမထေရ်၊
(၂) ကဇ္ဇမ္ဘဂရွာသား တာမလိန္ဒမထေရ်၊
(၃) ကဉ္စုပုရရွာသား အာနန္ဒာမထေရ်၊
(၄) လင်္ကာဒီပကျွန်းသား ရာဟုလာမထေရ်၊

ဤမထေရ်လေးပါးတို့သည် ပုဂံပြည်သို့ ရောက်လာပြန်၍ ထိုမင်းလက်ထက် ပုဂံမှာ သာသနာအလွန်စည်ကားလေသည်။

(ထိုမထေရ်များကား ဆပွဒမထေရ်နှင့် အတူပါလာသော မထေရ်များဖြစ်သည်။)

http://www.dhammadownload.com

(၇) ဆပွဒမထေရ်၏အကြောင်းကို ဆိုဦးအံ့

သက္ကရာဇ် (၅၃၂)ခုနှစ်တွင် ဥတ္တရာဇီဝမထေရ်သည် သာသနာတော်၌ အလွန်ထင်ရှားကျော်စောလေသည်။

- ထို ဥတ္တရာဇီဝမထေရ်သည် ရာမညတိုင်း၌ နေသော အရိယဝံသမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်တည်း။
- အရိယဝံသမထေရ်သည်လည်း ကပ္ပုမြို့၌နေသော မဟာကာဠမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်တည်း။
- မဟာကာဠ မထေရ်သည်လည်း သုဓမ္မပုရမြို့၌နေသော ပြာနဒဿီမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်တည်း။
- ထို ပြာနဒဿီမထေရ်ကြီးသည် လောကီအဘိညာဏ်ကိုရသဖြင့် အမြဲမပြတ် မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မဟာဗောဓိသို့သွား၍ တံမြက်လှည်းခြင်း စသော ဗောဓိသင်္ကာဝတ်ကိုပြု၍ ပြန်လာပြီးလျှင် သထုံပြည် သုဓမ္မပုရမြို့၌ ဆွမ်းခံဝင်တော်မူ၏။

ထိုအခါ၌ ဥတ္တရာဇီဝမထေရ်သည် အသက်(၂၀)ပြည့်ပြီးသော ဆပွဒသာမဏေကိုခေါ်၍ သီဟိုဠ်ကျွန်းသို့ ကူးသွား၏။ ထိုအခါ သီဟိုဠ်ကျွန်း၌ ရှိကြကုန်သော ရဟန်းတို့သည်-

"သင်တို့လည်း သောဏမထေရ်၊ ဥတ္တရမထေရ်တို့၏ တပည့် အနွယ် အဆက်တည်း။ ငါတို့လည်း မဟာမဟိန္ဒမထေရ်၏ တပည့် အနွယ်အဆက်တည်း" ဟု အချင်းချင်းပြောဆိုကြပြီးလျှင် ဆပွဒသာမဏေကို ပဋ္ဌင်းခံ၍ပေးကြကုန်၏။ ဥတ္တရဇီဝမထေရ်သည် ဆပွဒသာမဏေကို ပဋ္ဌင်းခံ၍ပြီးလျှင် အရိမဒ္ဒနာမည်သော ပုဂံပြည်သို့ ပြန်လာ၏။

ဆပွဒမထေရ်ကား သီဟိုဠ်မှာပင် နေရစ်ခဲ့၍ ပရိယတ္တိကို သင်ကြားပြီးလျှင် (၁၀)ဝါ ထေရ သမ္မုတိရမှ သီဟိုဠ်သား ရဟန်းလေးပါးနှင့်တကွ ပုဂံသို့ ပြန်လာလေသည်။ ထို ဆပွဒမထေရ်သည် ပုဂံသို့ရောက်သောအခါ သဒ္ဒါကျမ်းအဖွင့် နိဒ္ဒေသကျမ်း၊ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း အဖွင့်သခ်ေါပ ဝဏ္ဏနာဋီကာ စသောကျမ်းများကို ပြုစီရင်လေသည်။ ထို ဆပွဒမထေရ်၏ အမည်ရင်းကား ရှင်သဒ္ဓမ္မဇောတိပါလဟု ဆရာများ မှည့်ခေါ်သော အမည်ရင်းရှိသည်။ ပုသိမ်မြို့ ဆပွဒရွာလျှင် ဖွားရာဇာတိရှိသောကြောင့် ဆပွဒမထေရ်ဟု အမည်ထင်ရှားလေသည်။ ။ ဤသို့လျှင် နပရတိစည်သူမင်းလက်ထက်မှာ သာသနာတော် အလွန်စည်ကားလေသည်။

[ထိုအခါ သီဟိုဠ်ကျွန်း ပရက္ကမ ဗာဟုမင်းနှင့် ထီးနန်းအပြိုင် ဖြစ်သတည်း။]

http://www.dhammadownload.com

(၈) ကျစွာမင်း လက်ထက် သာသနာ

သာသနာသက္ကရာဇ် (၁၇၆၃) တစ်ထောင့်ခုနစ်ရာခြောက်ဆယ့်သုံးခုနှစ် ကောဇာသက္ကရာဇ် (၅၈၁) ငါးရာရှစ်ဆယ့်တစ်ခုနှစ်တွင် နန်းတက်သော ကျစွာမင်းကြီးလက်ထက်၌လည်း သာသနာ အလွန်စည်ကားလေသည်။ ထိုကျစွာမင်းကြီးသည် ပိဋကတ်အရာ၌ လိမ္မာတတ်မြောက်၍ ပိဋကတ်သုံးပုံဟူသော ပရိယတ္တိသာသနာတော်ကြီးနှင့်သာ ပျော်မွေ့၍ အချိန်ကုန်စေလိုသဖြင့် တိုင်းရေးပြည်ရေးအတွက် ဂရုမစိုက်ဘဲ သားတော် အိမ်ရှေ့မင်းသားနှင့်သာ လွှဲထားပြီးလျှင် ရဟန်းသံဃာတော်တို့အား တစ်နေ့လျှင် စာခုနစ်ဝါပို့ချလေသည်။ နန်းတွင်းသူ မောင်းမတို့အားလည်း စာပို့ချလေသည်။

ထိုမိန်းမတို့ သင်ကြားမှတ်မိနိုင်လောက်ရုံ သဒ္ဒါကျမ်း အကျဉ်းပြဖြစ်သော "သဒ္ဒဗိန္ဒု"မည်သော သဒ္ဒါငယ်ကျမ်းနှင့် ပရမတ္ထအကျဉ်းပြဖြစ်သော "ပရမတ္ထဗိန္ဒု" မည်သော ပရမတ်ငယ်ကျမ်း ဤနှစ်ကျမ်းကိုလည်း ပြုစုရင်းလေသည်။ ထိုမင်းကြီးလက်ထက် မာတုဂါမကစ၍ သဒ္ဒါတတ်မြောက်သောသူတို့သည် ပုဂံပြည်မှာ ပေါများကုန်၏။

ထိုမင်းကြီးလက်ထက် ပုဂံမှ ကျမ်းပြုပုဂ္ဂိုလ် ပေါများသဖြင့် ကျစွာမင်းကြီးက စာချရင်း ပြောကြားသည်မှာ– "ကိုယ်တော်တို့ ကျမ်းပြုမခက် ကျမ်းတတ်ခက်သည်"ဟု ပြောကြားကြောင်း အဆင့်စကား ကြားရဖူးသည်။

(၉) ကျစွာမင်းဟု ခေါ်ရခြင်းအကြောင်း

ထိုမင်းကြီးသည် ကျမ်းဂန်တို့၌ သဘောအဓိပ္ပာယ် ကောက်ယူချက် ကျနစွာရှိသောကြောင့် "ကျနစွာမင်းကြီး"ဟု ခေါ်ကြသည်။ နောက်ကာလမှာ "န"အက္ခရာကြေပျောက်၍ "ကျစွာမင်း"ဟု ရှင်လူအများ ခေါ်စမှတ် "ခေါ်စာမှတ်"ပြုကြ၏။ "ဓမ္မရာဇာ"ဟု တဲ့ဆိပ်နာမံတော် ခံယူသဖြင့် ဓမ္မရာဇာမင်းကြီးဟူ၍လည်း ခေါ်ကြသည်။

"ပြဿဒါးမင်းကြီး"ဟူ၍လည်း ခေါ်ကြသည်။ ထိုမင်းကြီးသည် ဘုရားစေတီတည်သောအခါ အုတ်စ၍လုပ်သည်မှာလည်း ပြဿဒါးရက်၊ (ကန်နက်) ပန္နက်ချသည်မှာလည်း ပြဿဒါးရက်၊ အုတ်မြစ်စ၍ချသည်မှာလည်း ပြဿဒါးရက် အလုံးစုံ စ၍လုပ်သမျှကို ပြဿဒါးကျသောနေ့ရက်မှာချည်း ပြုလုပ်စေသည်။ ထို့ကြောင့် "ပြဿဒါးမင်းကြီး"ဟူ၍ ခေါ်ဆိုကြသည်။ ၎င်းဘုရားကိုလည်း "ပြဿဒါးဘုရား"ဟု ယခုတိုင်အမည်တွင်၍ရှိသည်။

http://www.dhammadownload.com

ထို ကျစွာမင်းကြီးသည် ပုဂံပြည်မှာချည်း မင်းသုံးကြိမ်ဖြစ်သည်။

(၁) သမုတိရာဇ်ဟူသောအမည်နှင့် မင်းတစ်ကြိမ်၊

(၂) အနော်ရထာဟူသောအမည်နှင့် မင်းတစ်ကြိမ်၊

(၃) ကျစွာဟူသောအမည်နှင့် မင်းတစ်ကြိမ်၊

ဤသို့ သုံးကြိမ်ဖြစ်သည်ဟု ရာဇဝင်များမှာ အဆိုရှိ၏။

သာသနဝံသပွဒီပိကာမှာလည်း ၎င်းနည်းပင်ဆို၏။ ထို့ကြောင့် ထိုမင်းကြီးသည် ပုဂံပြည်မှာပင် သုံးကြိမ်ပြန်၍ မင်းဖြစ်သည်တွင် နော်ရထာအဖြစ် ကျစွာအဖြစ် ဤနှစ်ကြိမ် မင်းအဖြစ်သာ သာသနာတော်ကို ပြုစုရလေသည်။

"သမုတိရာဇ်–အနော်ရထာ–ကျစွာ–သုံးဖြစ် အတူဖြစ်၏" ဟု ရာဇဝင်မှာဆို၏။ ပြက္ခရွေ့တောင်ခြေ၌ "နောင် ငါမင်းတစ်ကြိမ်ဖြစ်မှ ပေါက်စေသောဝ်" ဟု အဓိဋ္ဌာန်ပြု၍ အနော်ရထာမင်းစော ပေစေ့များကို စိုက်တော်မူခဲ့ရာ ထိုကျစွာမင်းလက်ထက် ပေစေ့များပေါက်ကြောင်း ကြားရ၍ ကျစွာမင်းကြီး ဝမ်းမြောက်ဝမ်းသာရှိသည်ဟူ၍လည်း အဆိုရှိသည်။

(၁၀) ပုဂံပြည် မိန်းမများ ပရိယတ္တိ သာသနာကို စောင့်ရှောက်ပုံ

ရှေးအခါက အရိမဒ္ဒနာမည်သော ပုဂံပြည်၌ မာတုဂါမတို့သည်လည်း ကျမ်းဂန်ကို သင်ကြားအားထုတ်ကြကုန်၏။ များသောအားဖြင့် သင်ကြားခြင်း, နှုတ်၌ဆောင်ထားခြင်းဟူသော ချီးမြှောက်ခြင်းဖြင့် ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ကြကုန်၏။

မာတုဂါမတို့သည် အချင်းချင်း တွေ့ဆုံကြသည်ရှိသော်– "ဘယ်မျှလောက်သော ကျမ်းဂန်ကို သင်ကြားအားထုတ်၍ ဘယ်မျှလောက်သောကျမ်းဂန်ကို နှုတ်တွင်ဆောင်ထားနိုင်ပါသနည်း" စသည်ဖြင့် တစ်ယောက်တစ်ယောက် ဆွေးနွေးမေးမြန်းကြကုန်၏။

(၁) တစ်ရံရောအခါ တစ်ယောက်သော မာတုဂါမက မေးမြန်းရာတွင် နို့စို့သားငယ်ရှိသော မာတုဂါမက ပြန်၍ပြောကြားသည်မှာ–

"ငါ့မှာ ကလေးနို့စို့ရှိ၍ ကလေးနောင့်ယှက်သဖြင့် များစွာနှုတ်ဝယ် မဆောင်နိုင်ပါ။ ပဋ္ဌာန်းကျမ်း၌လာရှိသော ကုသလတိက်မျှ ပမာဏရှိသော ကျမ်းဂန်ကိုသာ နှုတ်တွင်ရအောင် ဆောင်ထားနိုင်ပါသည်" ဟု ပြောကြားလိုက်၏။[၁]

ဤသည်လည်း ပုဂံပြည်၌ မာတုဂါမများ ပရိယတ္တိကို သင်ကြားအားထုတ်ပုံတစ်ဝတ္ထု။

၁။ ကဝိသေနဂံပျူဟာကျမ်း၊ ၅၇။

http://www.dhammadownload.com

(၂) ၁၂-တစ်ဆယ့်နှစ်နှစ် အရွယ်ရှိသော သတို့သမီး တစ်ယောက်သည်လည်း ဆွမ်းခံလာသော ရဟန်းတစ်ပါးကို မေးလျှောက်သည်မှာ-

"အရှင်ဘုရား၏ အမည် ဘွဲ့တော်ကား ဘယ်လိုခေါ်ပါသနည်း"

ဟု မေးလျှောက်သောအခါ ဆွမ်းခံလာသော ရဟန်းက ပြောသည်မှာ-

"အရှင်ခေမာလို့ ခေါ်သည်"

ဟု ပြောကြားရာတွင် သတို့သမီးကလေးက ပြန်၍ လျှောက်ထားသည်မှာ-

"အရှင်ဘုရားသည် ယောကျ်ားဖြစ်၍ ပုလွိင်ဖြစ်ပါလျက် "ခေမာ"ဟု ဣတ္ထိလိင်နှင့် အဘယ်ကြောင့် အမည်မှည့်ရပါသနည်း"

ဟု လျှောက်ကြားလေသော် အိမ်အတွင်း၌ရှိသော သတို့သမီး၏အမေဖြစ်သူက လှမ်း၍ ပြောကြားသည်မှာ-

"ချစ်သမီးသည် ရာဇာဒိဂိဏ်း မသိသလော"

ဟု ပြောသောအခါ သမီးက ပြန်ပြောသည်မှာ-

"ခေမာ-သဒ္ဒါသည် ရာဇာဒိဂိဏ်း၌ မဝင်၊ ရာဇာဒိဂိဏ်း မဟုတ်"

ဟု ပြောလေသည်။[၁] ဤသည်လည်း ပုဂ်ပြည်၌ မာတုဂါမတို့ ပရိယတ္တိကို လေ့လာပုံ တစ်ဝတ္ထု။

(၃) အခါတစ်ပါး၊ ရတနာပုရ အင်းဝနေပြည်တော်၌နေသော သာမဏေတစ်ပါး သည် ပုဂ်ပြည်၌ မာတုဂါမများသည် သဒ္ဒါအရာ၌ လိမ္မာတတ်မြောက်လှသည်ဟု ကြားသဖြင့် ပုဂ်ပြည်သို့သွား၍ သိရတော့မည်ဟု ကြံပြီးလျှင် ပုဂ်ပြည်သို့သွားလေသော် ပုဂ်ပြည်နှင့် မနီးမဝေးအရပ်၌ ဝါခင်းစောင့်သော သတို့သမီးတစ်ယောက်ကိုမြင်သဖြင့် ထိုသတို့သမီး၏အနီးသို့ သွားသောအခါ သတို့သမီးက ဆီး၍မေးသည်မှာ-

"ကုတော အာဂတောသိ=ဘယ်ကလာသနည်း"

ဟုမေးရာ သာမဏေကပြောသည်မှာ-

"ရတနာပုရတော အဟံ အာဂစ္ဆတိ=ရတနာပုရ အင်းဝနေပြည်တော်မှလာသည်"

ဟု ယောဂမမှန် ပြောကြားလေသည်။ တစ်ဖန် သတို့သမီးက မေးမြန်းသည်မှာ "ကုဟိ ဂတောသိ=ဘယ်အရပ်သို့သွားမည်နည်း"ဟု မေးလေရာ-

"အဟံအရိမဒ္ဒနနဂရံဂစ္ဆာတိ=အရိမဒ္ဒနာမည်သော ပုဂ်ပြည်သို့သွားမည်ဟု - ယောဂ မတည့်မမှန် ပြောကြားပြန်သောအခါ သတို့သမီးက ပြောကြားသည်မှာ-

---

၁။ ကဓိသေနဂံဗျူဟာကျမ်း၊ ၅၇၊ ၈။

http://www.dhammadownload.com

"အရှင်ဘုရားသည် သဒ္ဒါယောဂ အဆုံးအဖြစ်ကို မစုံစမ်းဘဲ ပြောကြားဘိသည်"
ဟု ပြစ်တင်ပြောဆိုရာ သာမဏေသည် ရှက်လှသဖြင့် ပုဂံသို့မသွားတော့ဘဲ ရတနာပုရ အင်းဝနေပြည်တော်သို့သာ ပြန်သွားလေသည်။ ဤသည်လည်း ပုဂံပြည်မှာ မာတုဂါမများ ပရိယတ္တိကို သင်ကြားလာပုံတစ်ဝတ္ထု။

(၄) အခါတစ်ပါးလည်း၊ အင်းဝနေပြည်တော်မှာ စာသင်ကြားနေသော ရဟန်းတစ်ပါးသည် မိမိကိုယ်ကိုမိမိ စာတတ်ပြီအထင်ရှိ၍ မိမိမွေးရာဇာတိ တောရွာသို့ စာပုလွေကိုထမ်း၍ ပြန်လာရာ ပုဂံသို့ရောက်သဖြင့် မာတုဂါမတစ်ယောက်က လျှောက်သည်မှာ-

"အရှင်ဘုရား ဘယ်ကလာ၍ ဘယ်ကြွမည်လဲ"
စသည်ဖြင့်မေးရာ-

"ငါသည် အင်းဝနေပြည်တော်၌ စာသင်နေရာ ယခုအခါ စာတတ်ပြီဖြစ်၍ အင်းဝနေပြည်တော်မှ ပြန်ခဲ့၍ မိမိအရပ်သို့သွားမည်"
ဟု ပြောကြားလေ၏။ ထိုအခါ မာတုဂါမက မေးလျှောက်သည်မှာ-

"အရှင်ဘုရား စာပုလွေထဲမှာ ဘာစာများပါလာသနည်း"
ဟု မေးရာ သဒ္ဒါသင်္ဂြိုဟ် စသော ကျမ်းငယ်များပါလာကြောင်း ပြောသဖြင့်-

"ထိုသဒ္ဒါသင်္ဂြိုဟ်ကျမ်းငယ်များမှာ အက္ခရာဘယ်မျှစီ ပါရှိပါသနည်း"
ဟု မေးရာ ရဟန်းက ပြန်၍မပြောနိုင်သဖြင့်-

"အက္ခရာလေးဆယ့်တစ်လုံးအပြင် ပါရှိဦးမည်လားကိုယ်တော်"
ဟု ပုဂံသူ ယာခင်းစောင့် မာတုဂါမက လျှောက်ထားလေရာ စာတတ်ပြီအထင်ရှိသော ရဟန်းသည် ရတနာပုရ အင်းဝနေပြည်တော်သို့သာ ပြန်ပြီးလျှင် စာသင်ကြား၍ နေရလေသည်။ ဤသည်လည်း တစ်ဝတ္ထု။

ဤသို့လျှင် ပုဂံပြည်မှာ မာတုဂါမများ ပရိယတ္တိကို သင်ကြား၍ သာသနာတော်ကို စောင့်ရှောက်ကြကုန်၏။

(၁၁) ပုဂံပြည်၌ စေတီပုထိုးပေါများ၍ လူနေအိမ်ခြေစည်ကားပုံ

ပုဂံပြည်မှာ အနော်ရထာမင်းလက်ထက် သာသနာသက္ကရာဇ် ၁၅၀၀-ကောဇာသက္ကရာဇ် (၃၈၈) သုံးရာရှစ်ဆယ့်ရှစ်ခုနှစ်မှစ၍ ဘုရားသာသနာတော်ရောက်ပြီးလျှင် သာသနာသက္ကရာဇ် ၁၈၄၄-ကောဇာသက္ကရာဇ် (၆၆၂)ခြောက်ရာခြောက်ဆယ့်နှစ်ခုနှစ်တွင် နန်းကျသော ပုဂံနောက်ဆုံးနန်းစံ ကျော်စွာမင်းတိုင်အောင် တစ်ကျိပ်ရှစ်ယောက်သော

http://www.dhammadownload.com

မင်းတို့သည် သာသနာကို ပြုစုစောင့်ရှောက်ကြသဖြင့် ပုဂံမှာ သာသနာ အလွန်စည်ကား ပွင့်လင်း၍ စေတီ ပုထိုး စည်းခုံ စသော သာသနာတော် အဆောက်အအုံများ အလွန် ခမ်းနားကြီးကျယ်များပြားလေသည်။ မြန်မာပြည်အထက်ပိုင်း အောက်ပိုင်းမှာ ပုဂံပြည် လောက် သာသနာ အဆောက်အအုံ ကြီးကျယ်ခမ်းနားများပြားသော မြို့ရွာမရှိ။

"လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း"ဟု ဆိုရိုးစကားရှိ၏။ ၄၄၄၆၇၃၃ ဆူ။

"ရွှေလသာ၊ ဝါဝါဝင်း၊ ဘုရား ရေချိုးဆင်း"ဟူ၏။ မြစ်ကမ်းပြိုး၍ ရေထဲပါသွား သော ဘုရားပေါင်း ၄၄၆၄၄၄ ဆူ၊ ယခုထက်တိုင် ပုဂံမှာ စေတီပုထိုး စသည် များစွာ ရှိသေးသည်။

"ရွှေဆည်းလည်းသံ၊ တည်ညံ၊ ပုဂံအိမ်ခြေပေါင်း" ပုဂံအိမ်ခြေပေါင်း လေးသန်း, သုံးသိန်း, လေးသောင်း, ခြောက်ထောင်, ခုနစ်ရာ, သုံးဆယ့်, သုံး၊ ၄၃၄၆၇၃၃ ရှိသော ဟူ၏။

(၁၂) ပုဂံနောက်ဆုံးမင်းအကြောင်း

သက္ကရာဇ် ၆၆၂-ခုနှစ်တွင် ဘိန္နကစော်ဘွားသား သိန်ဖိုလ်၊ ထိုသိန်ဖိုလ်၏သား ဖြစ်ကုန်သော (၁) ရာဇသင်္ကြံ၊ (၂) အသန်းယာ၊ (၃) သီဟသူရမည်သော ညီနောင် သုံးယောက်တို့သည် ပုဂံပြည်တွင် ကျော်စောထင်ရှားသော မိဖုရားကြီးဘွားစော၏ အစီအရင်ဖြင့် မြင်းစိုင်းမြို့ကိုတည်၍-

"ကျောင်း၊ ဘုရား၊ စေတီ၊ ပုထိုးတို့ကို ကိုယ်တော်စား တည်ထားကောင်းမှု ပြုပါသည်။ ထွက်တော်မူ၍ သာစု အနုမောဒနာ ခေါ်တော်မူပါ"

ဟု လိမ်လည်လှည့်ဖြား၍ လျှောက်တင်လျှင် ပုဂံကျော်စွာမင်းသည် အမှုမဲ့ အမှတ်မဲ့ အနည်းငယ်မျှသော စစ်သည်ဗိုလ်ပါနှင့် ထွက်သွားသဖြင့် မြင်စိုင်းသို့ရောက်လျှင် ညီနောင်သုံးယောက်တို့သည် ပုဂံမင်းကျော်စွာကို ဖမ်းယူ၍ နန်းကချလေသည်။ ဤသည်လျှင် ပုဂံပြည်မှာ မင်းဆက်ပြုတ်ခြင်း ပြတ်ခြင်းတည်း။

ပုဂံ ကျော်စွာမင်းသား စောနစ် နန်းတက်၍နေသော်လည်း ညီနောင်သုံးပါးကို မခံနိုင်ချေ။

ဤသို့လျှင် ပုဂံမှာ သမုတိရာဇ်ကစ၍ ကျော်စွာမင်းတိုင်အောင် မင်း ၅၅ ငါးဆယ့်ငါးယောက် ဖြစ်လေသည်။

[အချို့သော ရာဇဝင်တွင် စောနစ်နောက် စောမွန်နစ်၊ ငင်းနှစ်ယောက်ကို ထည့်၍လည်း ၅၇-ယောက်ဟု ဆိုသေး၏။ ။ မထင်ရှား]

http://www.dhammadownload.com

ပင်းယခေတ် သာသနာ

(၁) ရှမ်းညီနောင် သုံးဦး

ညီနောင်သုံးယောက်တို့သည် ပုဂံကျော်စွာမင်းကို နန်းကချပြီးလျှင် အစ်ကိုအကြီးရာဇသင်္ကြံသည် မြင်စိုင်းမြို့မှာနန်းစံ၏။[၁] အလတ် အသခ်ယာသည် မှင်္ဂရာမြို့မှာ နန်းစံ၏။ ညီငယ် သီဟသူရသည် ပင်လယ်မြို့မှာ နန်းစံ၏။ မြင်စိုင်းနန်းစံ ရာဇသင်္ကြံနှင့် မှင်္ဂရာနန်းစံ အသခ်ယာတို့ အနိစ္စရောက်ကြသဖြင့် ပင်လယ်မြို့နန်းစံ သီဟသူရသည် နောင်တော်နှစ်ပါး၏ စစ်သည်ဗိုလ်ပါကို သိမ်းယူ၍ ပင်လယ်မြို့မှ ပြောင်းရွှေ့ပြီးလျှင် မြင်စိုင်းမှာနန်းစံပြန်၏။ မြင်စိုင်းမှရွှေ့ပြောင်း၍ အင်းဝမှာ သုံးကြိမ်တိုင်အောင်နေသော်လည်း ပထမအကြိမ် ဘီလူး၊ ဒုတိယအကြိမ် ရေ၊ တတိယအကြိမ် ငါး၊ လိပ်ဖျက်ဆီး၍ မတည်နိုင်သောကြောင့် သာသနာသက္ကရာဇ် ၁၈၅၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၆၇၄-ခုနှစ်တွင် သီဟသူရသည် ဝိဇယပုရဟူသော အမည်ပေး၍ ပင်းယမြို့ကို တည်ထောင်ဖန်ဆင်း၍ စံနေလေသည်။ (မင်းအမည် တစ်စီးရှင်လည်း တွင်၏။)

ထိုမင်းလက်ထက် ပင်းယမြို့မှာ သီလဝန္တ လဒ္ဓိပေသလ ရဟန်းများစွာမရှိ၊ ပုဂံပြည် အနော်ရထာဘေးကြောင့် ထွက်ပြေးတိမ်းရှောင်၍နေသော ရဟန်းတု ရဟန်းယောင်တို့၏ အဆက်အနွယ်ဖြစ်သော ရဟန်းတု ရဟန်းယောင်များသာ ပေါများလေသည်။

နောက်ကာလမှ စူဠအရဟံမထေရ်၊ ဒီပင်္ကရမထေရ်တို့သည် ကြွလာသဖြင့် သီလဝန္တ ရဟန်း၊ လဒ္ဓိပေသလရဟန်းများ တိုးပွားလာစေပြီးလျှင် သာသနာကို အစဉ်တိုးပွားစေကြသည်။ ပုဂံသာသနာအဆက်ပင်ဖြစ်သည်။

ဤ၌ ပန်းရ ပင်းယဟု နှစ်ချက်လုံးပင် ရေးသားကြ၏။

၁။ ၎င်းရှမ်းမင်းသားညီအစ်ကိုတို့၏ အစီအစဉ်မှာ မဟာရာဇဝင်ကြီးအလိုဖြစ်သည်။ မှန်နန်းရာဇဝင်မှာ အသခ်ယာကို အစ်ကိုကြီး၊ ရာဇသင်္ကြံကို အလတ်ဟူ၍ ကျောက်စာအကိုးအကားတို့နှင့်ပြထားသည်။ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်မှာလည်း အသခ်ယာကို အစပြသည်။

http://www.dhammadownload.com

(၂) ရဟန္တာထွေး

ဤအရာ၌ 'စူဠအရဟန္တမထေရ၊ ဒီဗ္ဗစက္ခုမထေရ်ဟူသော မထေရ်နှစ်ပါး ရောက်လာမှ သာသနာကြီးပွားသည်'ဟု ဆိုရာမှာ သာသနာလက်ံာရ၌- 'ရဟန္တာထွေး အရှင်ဒီဗ္ဗစက် ရောက်ရာတွင်မှ'ဟု ရေးသားလျက်ရှိသည်။[၁]

ဝံသဒီပနီ၌လည်း 'ရှင်ဒီဗ္ဗစက် ရဟန္တာဒွေဟု ခေါ်ဝေါ်သောမထေရ်'ဟု ရေးသားလျက် ပါရှိသည့်အပြင် ဆရာ ဥပဇ္ဈာယ်ဖြစ်သော မဟိန္ဒပါလမထေရ်က သာသနာပြုစေလွှတ်၍ ရောက်လာကြောင်းနှင့်တကွ အရှင်ဒီဗ္ဗစက်မထေရ်၏အကြောင်း အကျယ်ပါရှိသည်။[၂]

'ရဟန္တာထွေး'ဟု ထဆင်ထူးနှင့် ရေးသားခေါ်ဝေါ်ပြောဆိုလျက်ရှိ၏။ 'ရဟန္တာဒွေ'ဟု ဒဒွေးနှင့်ရေးသားမှ သင့်လျော်မည်ထင်သည်။ မထေရ်နှစ်ပါးရောက်လာမှ သာသနာကြီးပွားရာတွင် စူဠအရဟန္တမထေရ်အကြောင်း မပေါ်လွင်ဘဲ ဒီဗ္ဗစက္ခုမထေရ်၏ အကြောင်းသာ ပေါ်လွင်၍ 'ရှင်ဒီဗ္ဗစက် ရဟန္တာဒွေ'ဟု ခေါ်ဝေါ်ရေးသားကြဟန် လက္ခဏာတူသည်။

သာသနာသက္ကရာဇ် (၁၈၆၆)ခု ကောဇာသက္ကရာဇ် (၆၈၄)ခုနှစ်တွင် သီဟသူရမင်း၏ သားကြီးဖြစ်သော ဥဇနာသည် ထိုပင်းယပြည်၌သာလျှင် မင်းအဖြစ်သို့ရောက်၏။ ထိုမင်းလက်ထက်၌ စကား(၇)ခုနှစ်ကျောင်းကိုလည်းဆောက်လုပ်၍ လျှဒါန်းခြင်း၊ လယ်မြေများကိုလည်း လျှဒါန်းခြင်း စသောအားဖြင့် သာသနာကို ချီးမြှောက်သောကြောင့် သာသနာတော် အလွန်စည်ကားပြီးလျှင် ထိုမင်းလျှအပ်သော 'လယ်ယာ'ကို အကြောင်းပြု၍ ငြင်းခုန်ခိုက်ရန်ဖြစ်ပွားကြသဖြင့် သာသနဓရမထေရ်ကြီးသည် ဇေယျပုရမည်သော စစ်ကိုင်းမှထွက်သွားပြီးလျှင် ပုဂံတောင်ဘက် တရွှင်းတောင်မည်သော တောင်ခြေရင်း၌ နေတော်မူလေ၏။

ပရက္ကမ မထေရ်နှစ်ပါးတို့သည်လည်း စစ်ကိုင်းတောင်ကြား၌ နေတော်မူကြကုန်၏။ ထိုမထေရ်နှစ်ပါးတို့ သီတင်းသုံးနေရာအရပ်ကို ယနေ့ထက်တိုင် 'ပရက္ကမချောင်'ဟု အမည်ထင်ရှားလျက် စစ်ကိုင်းတောင်ရိုးမှာရှိသေးသည်။

ထို့နောက် သာသနာသက္ကရာဇ် (၁၈၈၆)ခု ကောဇာသက္ကရာဇ် (၇၀၄) ခုနှစ်ရာလေးခုနှစ်သို့ရောက်သောအခါ ဥဇနာမင်းသည် တစ်စီးရှင် သီဟသူရ၏သားရင်းဖြစ်သော ကျော်စွာကိုနန်းအပ်၍ မိမိမှာ နန်းမှဆင်းသွား၏။

၁။ သာသနာလက်ံာရစာတမ်း၊ ၁၁၅။

၂။ ဝံသဒီပနီ၊ ၉၄၊ ၅၊ ၆။

http://www.dhammadownload.com

(ဥဇနာကား တစ်စီးရှင် သီဟသူရ၏ သားရင်းမဟုတ်၊ မိဖုရားငယ်တစ်ဦးမှ ပါသော သားဖြစ်သည်။)

(၃) လက်ဝဲ့ကျော် သဃ်ရာဇာ

ထိုကျော်စွာမင်းကို ဆင်ဖြူငါးစီးရ၍ ဆင်ဖြူငါးစီးအရှင်ဖြစ်သောကြောင့် "ငါးစီးရှင်"ဟူ၍လည်း ခေါ်ကြ၏။ ထိုကျော်စွာမင်း ငါးစီးရှင်လက်ထက်မှာ သာသနာအတွက် မထင်ရှား၊ ရဟန်းယောင်ကြီးတွေ ပေါများ၏။

ထိုရဟန်းယောင်ကြီးတို့တွင် တစ်ယောက်သော 'အောင်စည်းခုံသဃ်ရာဇာ' မည်သော ရဟန်းယောင်ကြီးသည် လက်ဝဲ့ လက်ပန်းသည်အရာ၌ တတ်မြောက်ကြောင်း ထင်ရှားကျော်စော၏။ ထိုအောင်စည်ခုံသဃ်ရာဇာသည် 'တစ်ဖက် လက်ပန်းသည်ကို လက်ယာလက်ဖြင့် ထိုးလိုက်လျှင် တစ်ဖက် လက်ပန်းသည်မှာ မျက်နှာနောက်ပြန် ကျောဘက်သို့ရောက်ရ၏။ လက်ဝဲလက်ဖြင့် ထိုးလိုက်ပြန်လျှင် မျက်နှာအတည့် ရှေ့ဘက်သို့သာ ပြန်၍ ပကတိကောင်း၏"ဟု အဆိုရှိသည်။

ထို့နောက် သာသနာသက္ကရာဇ် (၁၈၉၅)ခု ကောဇာသက္ကရာဇ် (၇၁၃) ခုနှစ်ရာတစ်ဆယ့်သုံးခုနှစ်သို့ ရောက်သောအခါ ငါးစီးရှင်ကျော်စွာ နတ်ရွာစံလျှင် သား:အကြီးကျော်စွာသည် ပင်းယမြို့၌ပင် မင်းပြုလေသည်။ ထိုမင်းကို "လေးစီးရှင်"ဟူ၍လည်း ခေါ်သည်။ ဆင်ဖြူလေးစီးသာ ရှိတော့၏။

ထိုမင်းလက်ထက်–

- 'မဂဓ အဘိဓာန်ဋီကာ'ကို ရေးသားသော 'စတုရက်ဗလ'အမတ်ကြီးနှင့်
- ဆူးတွင်းပစ်ဆရာတော်

စသော ကျမ်းဂန်တတ်ပုဂ္ဂိုလ်များစွာ ထွန်းကားလေသည်။

(၄) ဆူးတွင်းပစ် ဆရာတော်အကြောင်း

ဆူးတွင်းပစ်ဆရာတော်ဟု ခေါ်ဆိုကြောင်းကား ထိုဆရာတော် ငယ်စဉ်ကျောင်းသားအရွယ်က ကျောင်းသွားပျင်းလှသဖြင့် ဆရာတော်၏ဖခင်သည် ဆူးပုံ ဆူးချုံတွင်း၌ ပစ်ချလေသည်။ ထိုအခါ ဆူးတွင်းပစ်ကျောင်းသားသည် အမိ, အဖတို့ကို စိတ်နာသဖြင့် အရပ်တစ်ပါးသို့ထွက်သွားရာ တဖြည်းဖြည်း ပုဂံသို့ရောက်သွား၍ ကျောင်းသားကိုရင် သာမဏေ ရဟန်းဖြစ်သည်တိုင်အောင် ပုဂံမှာပင်နေ၍ စာသင်သဖြင့် ကျမ်းဂန်တတ်မြောက်လေသည်။

http://www.dhammadownload.com

ထိုအခါ ပင်းယ, ရှင်ဘုရင် လေးစီးရှင်သည် ကျောင်းဆောက်ပြီးလျှင် 'မည်သည့်ပုဂ္ဂိုလ်ကိုမှ ပင့်၍ မတင်မလျှ။ ကျမ်းဂန်တတ်၍ တက်နေဝံ့သောပုဂ္ဂိုလ်ကို လျှမည်'ဟု သတင်းလွှင့်လေသည်။ ထိုအခါ ဆူးတွင်းပစ်ဆရာတော် ထိုစကားကို ကြား၍ ပုဂံကလာပြီးလျှင် ထိုကျောင်းကိုတက်နေသဖြင့် လေးစီးရှင်က 'စတုရင်္ဂလ' အမတ်ကြီးကို စုံစမ်းခိုင်းရာ ကျမ်းဂန်တတ်ကြောင်းသိရသဖြင့် လေးစီးရှင်မင်းသည် ကျောင်းကိုတင်လျှလေသည်။ ငယ်စဉ်က ဆူးတွင်းပစ် ခံခဲ့ရဖူးသောအကြောင်းကို စွဲ၍ 'ဆူးတွင်းပစ်ဆရာတော်'ဟု ကျော်ကြားသည်။ နောက် ထိုကျောင်းမှာပင် သီတင်းသုံးတော်မူစဉ် 'သဒ္ဒသာရတ္ထဇာလိနီ'မည်သော သဒ္ဒါငယ်ကျမ်းကို စီရင်လေသည်။

ထိုဆူးတွင်းပစ်ဆရာတော်၏ ဖွားရာဇာတိအရပ်ကား စစ်ကိုင်းမြို့မြောက်ဘက် သာစည်ရွာလျှင် ဖွားရာဇာတိအရပ်ဖြစ်လေသည်။

ထိုဆူးတွင်းပစ်ဆရာတော်၏လက်ထက် ပင်းယမြို့မှာ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်သော ရဟန်းတစ်ထောင်မျှလောက်ရှိ၏။

စာပေကျမ်းဂန် ပရိယတ္တိကိုအားထုတ်သော ရဟန်း သံဃာတော်များလည်း ပေါများ၍ ပရိယတ္တိသာသနာ-ပဋိပတ္တိသာသနာ လွန်စွာစည်ကားလေသည်။ ကျမ်းဂန်ပြုပုဂ္ဂိုလ်များလည်း အများအပြားထွက်၏။

(၅) ပင်းယပျက် စစ်ကိုင်းပျက်နှင့် အင်းဝတည်ခြင်းအကြောင်း

သာသနာသက္ကရာဇ် ၁၈၆၇-ခု၊ ကောဇာသက္ကရာဇ် ၆၈၅-ခြောက်ရာ့ရှစ်ဆယ့်ငါးခုနှစ်တွင် ပင်းယနန်းစံ ငါးစီးရှင်၏ညီတော် သခ်ိဳယာစောယွမ်းသည် ဓေယျပုရမည်သော စစ်ကိုင်းမြို့ကိုတည်ထောင်၍ မင်းပြု၏။[၁] (သက္ကရာဇ် ၆၈၄-ခုဟူ၍လည်း အဆိုရှိ၏။) ထိုမင်း နန်းစံရှစ်နှစ်ရှိရာ ထိုမင်းလက်ထက်တွင် သာသနာ မကြီးပွားမစည်ကားလေ။

သက္ကရာဇ် ၇၂၆-ခု ကဆုန်လတွင် စစ်ကိုင်းပျက်၏။ ၎င်းသက္ကရာဇ် နယုန်လတွင် ပင်းယလည်းပျက်သည်။

၎င်းသက္ကရာဇ် တပေါင်းလတွင် 'သတိုးမင်းဖျား'မည်သောမင်းသည် ရတနာပုရမည်သော 'အင်းဝ'ကိုတည်ထောင်၍ မင်းပြု၏။

စစ်ကိုင်းပျက် ပင်းယပျက် အင်းဝတည် တစ်နှစ်တည်း။

၁။ 'စကိုင်'ဟူ၍လည်း စသတ်မပါဘဲ အရေးအသားရှိ၏။ သခင်ကြီးဇချင်းတွင် 'တစင် နေတည်၊ စစ်ကိုင်းသည်ကား၊ လျှောက်မည်စုံအင်၊ စစ်ပင်ကိုင်းကြောင့်၊ စစ်ကိုင်းတွင်သည်'ဟု ဂ၇၂ရှိ၏။

http://www.dhammadownload.com

ရာဇဝင်ချုပ်လင်္ကာဒွဲ-

ဆ ဒွေ သတ္တာ၊ ဂေါဇာ ရှိတိုင်း၊
ထိုနှစ်ပိုင်းဒွဲ၊ စစ်ကိုင်း ကဆုန်၊
နယုန် ပင်းယ၊ ပျက်ထ နဂိုရ်၊
ဝါဆိုလမှာ၊ ဥဇနာပျောင်[၁]၊
နန်းဘောင် စိုးခြင်း၊ တော်သလင်းလ၊
နန်းကျလေရှောင်း၊ လ တပေါင်းတွင်၊
တကောင်း မင်းရိုး၊ သတိုးမင်းဖျား၊
တည်ထား အင်း၀။

ဟု ဆို၏။

၁။ အချို့သူတို့က 'ဥဇနာပြောင်'ဟူ၍ (ပြောင်ကို အရစ်နှင့်ရေးလေ့ရှိကြသည်။ ပလိပ်စာမင်း ခွဲထားတွင် 'ဥဇနာပျောင်၊ နန်းရွှေတောင်ထက်၊ ထွန်းပြောင်သုံးလ'ဆိုသောအတိုင်း (ပျောင်)ကို အပင့်နှင့်ရေးရမည်။

http://www.dhammadownload.com

ရတနာပုရ အင်းဝသာသနာ

သတိုးမင်းဖျားလက်ထက် သာသနာမထင်ရှား၊ ရှင်ဆိုး ရှင်ပျက်များရှိကြောင်း သာ ထင်ရှားသည်။ ထိုသတိုးမင်းဖျားလည်း နန်းစည်းစိမ်သုံးနှစ်သာရှိ၍ သာသနာရေး ကို ဂရုမစိုက်နိုင်လေ။

သက္ကရာဇ် (၇၃၀) ခုနစ်ရာ့သုံးဆယ်တွင် မင်းကြီးစွာစော်ကဲ မင်းဖြစ်လေ၏။ ထိုမင်းလက်ထက် သာသနာတော် မတိုးမဆုတ်ရှိ၏။ ထိုမင်းကြီးစွာစော်ကဲသည် မင်းသားအဖြစ်နှင့် အမြင့်မြို့မှာနေစဉ်က ကျောင်းဆောက်၍ ကိုးကွယ်ခဲ့သောဆရာကို ပင့်၍ ထီးဖြူနှင့်တကွလှူပြီးလျှင် သာသနာကိုအပ်နှင်းလေသည်။ (သာသနာပိုင်တင် သည်ဟူလို) အဝမြို့ ဒန်းတောအရပ်တွင်လည်း စည်းခုံနှင့်ကျောင်းတည်လေသည်။

(၁) သိကြားသေ၍ စည်ခတ်ခြင်း

ထိုအခါ (ခေမာစာရ)မည်သော ကျမ်းဂန်တတ်မထေရ်တစ်ပါးသည် ညဉ့်အချိန်မဲ့အခါ ဘုရားရှေ့တွင်ဆွဲထားသော စည်ကြီးကို အချက်ပေါင်းများစွာ တီးခတ်၏။ ထိုအခါ နန်းတော်ကကြား၍-

"ဘုန်းကြီးပျံလွန်သလော"

ဟုမေးလာရာ-

"ဘုန်းကြီးပြန်လွန်သေ၍မဟုတ်၊ တာဝတိံသာက သိကြားသေ၍ စည်ခတ်ကြောင်း"-

ပြောလေသည်။

"အဘယ့်ကြောင့် တာဝတိံသာနတ်ပြည်က သိကြားသေလွန်ကြောင်းသိသနည်း"

ဟု မေးလာပြန်ရာ-

"ထိုသိကြားမင်းသည် ဘုရားပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဘုရားရှင်အထံမှာ ဝန်ခံဂတိထားလိုက်သည်ကား သာသနာကို စောင့်ရှောက်ပါမည်ဟု ဝန်ခံဂတိထားလိုက်လေသည်။ ယခု သာသနာကို စောင့်ရှောက်သော ငါတို့အား ဘာတစ်ခုမျှ မစောင့်ရှောက်သဖြင့် တာဝတိံသာသိကြားသေကြောင်း သိရလေသည်"

ဟု ပြောကြားလိုက်၏။

ထိုအကြောင်းကို မင်းကြီးစွာစော်ကဲ ကြားသိသဖြင့် ထိုစည်တီးသော (ခေမာစာရ) မထေရ်ကို ကြည်ညိုသဖြင့် ကျောင်းဆောက်၍လှူလေသည်။ ထိုခေမာစာရမထေရ်

http://www.dhammadownload.com

သည် သုဓမ္မပုရမြို့၌နေကုန်သော မထေရ်ကြီးတို့၏ အနွယ်အဆက်မှ ဆင်းသက်လာသော မထေရ်ဖြစ်လေသည်။[၁]

မင်းကြီးစွာစော်ကဲသည် သက္ကရာဇ် ၇၃၂ ခုနှစ်တွင် အင်းဝရွှေစည်းခုံကို တည်လေသည်။ ၎င်းမင်းကြီးစွာစော်ကဲသည် နန်းစည်းစိမ် ၃၃-နှစ်၊ သက္ကရာဇ် ၇၆၂-ခုနှစ်တွင် နတ်ရွာစံသည်။

သက္ကရာဇ် ၇၆၃-ခုနှစ်တွင် မင်းကြီးစွာစော်ကဲသားတော် ပြင်စည်မြို့စားမင်းဆွေသည် အင်းဝ၌ နန်းတက်၏။ မင်းခေါင်ဟူသောအမည်ကိုလည်း ခံယူလေသည်။ ထို ဘုရင်မင်းခေါင်သည် မင်းအဖြစ်သို့ရောက်လျှင် ငယ်ရွယ်စဉ်က စာသင်ဆရာ 'သံဃရာဇာ'မည်သောရဟန်း တိုက်တွန်းပြောကြားချက်အရနှင့် အင်းဝမြို့တောင်ဘက် ယခုတံတားဦးခေါ်ဆိုသော တံတားကြီးကို တည်ထားကောင်းမှုပြုလေသည်။ သိမ်လည်း သမုတ်သဖြင့် "မင်းခေါင်ကြီးသိမ်"ဟူ၍တွင်၏။

ထိုမင်းဆွေမင်းခေါင်၏ ငယ်ဆရာဖြစ်သော 'သံဃရာဇာ'ရဟန်းသည် လဒ္ဓိပေသလမဟုတ်၍ သာသနာဆက်ကိုပြရာများ၌ မထည့်သွင်းသဖြင့် မထင်ရှား။ ။ မိဖုရားခေါင်ကမူကား အကျင့်သီလနှင့်ပြည့်စုံသော ရှင်ဝိမလဗုဒ္ဓိကို ဆရာပြု၍ တောင်ပလူ လောကထွတ်ဦးဘုရားအနီးတွင် ကျောင်းဆောက်၍ ကိုးကွယ်၏။

ထိုမင်းလက်ထက် သက္ကရာဇ် ၇၆၆-ခုနှစ်၌ ပဲကူး ရာဇာဓိရာဇ်သည် 'အင်းဝကို တိုက်ယူအံ့'ဟုလာရာတွင် ပင်းယသူကြီးဟ် ၁၂ ဝါရသော ပဉ္စင်းငယ် မေတ္တာစာဆက်သွင်းတွေ့ဆုံပြီးလျှင် တရားဟောပြီး ရာဇာဓိရာဇ်ကို စစ်မတိုက်စေဘဲ ပြန်စေ၏။

ထို ၁၂-ဝါရ ပင်းယသူကြီးဟ်ရဟန်းသည် အရိမဒ္ဒနာ ပုဂံပြည် ရှင်အရဟံ၏ အဆက်အနွယ် လဒ္ဓိပေသလ သိင်္ဃာကာမရဟန်းကောင်းတည်း။ ပုဂံပြည် စာကြီးဟ် ရွာသားဖြစ်၍ "စာကြီးဟ်ရဟန်း"ဟု အမည်တွင်၏။ ယခု "ပင်းယသူကြီးဟ်ရဟန်း" ဟု ခေါ်ဝေါ်ရေးသားကြ၏။

(၂) မိုးညှင်းမင်းတရားကြီး သက္ကရာဇ်ဖြို့သော်လည်း မပြိုကြောင်း

သက္ကရာဇ် ၇၈၈-ခုနှစ်တွင် ပုဂံမင်းမျိုးမင်းနွယ်ဖြစ်သော မိုးညှင်းမြို့စားမင်းတရားကြီးသည် အင်းဝမှာ နန်းတက်တော်မူ၏။ ထိုမိုးညှင်းမင်းတရားကြီးလက်ထက် ပင်းယစာကြီးဟ်ရဟန်း မင်းကျောင်းရဟန်းတို့က သက္ကရာဇ် ၈၀၀ ရှစ်ရာအပြည့်တွင်

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၃၇။

http://www.dhammadownload.com

သက္ကရာဇ်ဖြိုကိန်းရောက်သည်ဟု စာဆက်သွင်းသဖြင့် အကြွင်း "၂" နှစ်ခုထား၍ ၇၉၈-ခုနှစ်ရာကိုးဆယ့်ရှစ်ကို ဖြိုသောဟူ၏။ မပြို[၁]။ ထိုမင်းလက်ထက် သီဟိုဠ်ကျွန်းသား မထေရ်နှစ်ပါးရောက်လာ၍ သာသနာကိုချီးမြှောက်၍ နေကြကုန်၏။

ထိုမထေရ်နှစ်ပါးကိုအစွဲပြု၍ အင်းဝမှာ သာသနာ ရှေးဦးစွာတည်လေသည်။

(၃) ရေငုံဆရာတော်ကြီးနှင့် ရှင်အရိယဝံသအကြောင်း

သက္ကရာဇ် ၈၀၄-ခုနှစ်မှာ ထူပါရုံစေတီ ဒါယကာ နရပတိမင်းကြီး အင်းဝမှာ နန်းတက်၏။ ထိုမင်းလက်ထက် ရေငုံဆရာတော်နှင့် 'မဏိသာရမဉ္ဇူသာဠီကာ'ပြု ရှင်အရိယဝံသမထေရ်တို့ ထင်ရှားကျော်စောလေသည်။

(က) ရေငုံ ဆရာတော် အကြောင်းကား

ရေငုံဆရာတော်သည် စာပေကျမ်းဂန်၌ အလွန်တတ်မြောက်လျက် စစ်ကိုင်းတောင်ရိုး ပုညရင်စေတီမြောက်ဘက် တောင်ကြားတွင် တပည့်သား သံဃာများကို စာချပို့လျက် နေတော်မူသည်။ ထိုမထေရ်ကြီးသည် သူတစ်ပါးနှင့် ဟုတ်ဟုတ်ညားညား စကားမဆိုလိုသဖြင့် ရေကို ခံတွင်း၌ငုံလျက်သာ အနေများသည်။ ထို့ကြောင့် "ရေငုံဆရာတော်"ဟု ကျော်ကြား၍ ၎င်းဆရာတော်ကြီး သီတင်းသုံးနေထိုင်ရာ အရပ်လည်း "ရေငုံချောင်"ဟု ခေါ်ရိုး ပညတ်လျက် ယခုထက်တိုင် စစ်ကိုင်းတောင်ရိုးမှာ အမည်ထင်ရှား ရှိလေသေးသည်။[၂]

(ခ) ရှင်အရိယဝံသ အကြောင်းကား

ရှင်အရိယဝံသမထေရ်သည် ပင်းယမြို့ တောင် စကားအင်းရွာလျှင် ဖွားရာဇာတိရှိသည်။ (ထိုစကားအင်းရွာ ယခု ထင်ရှားရှိသေး၏။)

ထိုမထေရ်သည် ပင်းယမြို့ စကားခုနစ်ကျောင်းမှ လဒ္ဓိပေသလ သိင်္ဂီကာမရဟန်းကောင်း ရဟန်းမြတ်တို့က ဆင်းသက်လာခဲ့သော ပုဂံ ရှေးသာသနာ နောက် သာသနာ အနွယ်အဆက်အဝင်တည်း။

၁။ ရှင်မဟာရဋ္ဌသာရကား မိမိစီရင်သော ဘူရိဒတ်ဇာတ်ပေါင်းယို့နိဂုံးတွင်- 'အတိုသက္ကရာဇ်၊ ငါးဆယ့်ရှစ်၊ ပြီးလစ် ဤသည့်စာ'ဟု- သက္ကရာဇ်ပြုဟန် ဆိုပြန်လေ၏။

၂။ ၎င်းရေငုံချောင်ကား စစ်ကိုင်းတောင်ရိုး ချောင် ၉-ချောင်တွင် အဝင်အပါတည်း။

http://www.dhammadownload.com

ထိုရှင်အရိယဝံသမထေရ်သည် ပင်းယမြို့ စကား ခုနစ်ကျောင်း၌ပင် စာသင်ကြား၍ ပါဠိအဋ္ဌကထာဋီကာတို့ကို နိဒ်နင်း၍ ကျမ်းဂန်တတ်မြောက်၏။ မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်စာမျှလောက်သော ပါဠိကျမ်းဂန်ကို နှုတ်တက် အာဂုံဆောင် နိုင်ဟူ၍လည်း အဆိုရှိ၏။

ထိုသို့ စာပေကျမ်းဂန်တတ်သော်လည်း အင်းဝမြို့တွင်းမှာ စာပေကျမ်းဂန်တတ်သည်ဟုပင် မသိကြသဖြင့် မထင်ရှား မကျော်စောလေ။ ရှင်အရိယဝံသမထေရ်သည် "ငါ၏စာပေတတ်မြောက်ကြောင်း သိစေခြင်းငှာ စာပေကျမ်းဂန်တတ်မြောက်၍ ကျော်စော်သော ဆရာထံ နည်းခံသင်ယူဦးမည်"ဟု နှလုံးသွင်း၍ စစ်ကိုင်းဘက်သို့ ကူးသွားလေသည်။ ထိုအခါ စစ်ကိုင်းမြို့၌ 'ရေငုံဆရာတော် ကျော်ကြားသဖြင့် ရေငုံဆရာတော်ထံ စာဝါတောင်းမည်'ကြဲ၍ ဆည်းကပ်သည်။ နှစ်ရက်သွား၍ ဆည်းကပ်သော်လည်း စကားမပြောရ ဝတ်ပြု၍သာ ပြန်ခဲ့ရသည်။ သုံးရက်မြောက်သောနေ့မှ ခံတွင်းကရေကိုထွေး၍ အကြောင်းကိုမေး၏။

'ကျမ်းဂန်သင်လိုသောကြောင့် လာကြောင်း'

လျှောက်ထားရာ–

"ငါ့ရှင် ငါ့မှာ အချိန်မအားလပ်၊ တစ်နေ့ စာသုံးဝါပို့ချလျက်ရှိသည်၊ နေမွန်းလွဲသောအခါမှာလည်း ပုညရင်စေတီသို့တက်၍ တံမြက်လှည်းခြင်း စသော စေတီယင်္ကဏဝတ်ရှိသေးသည်"

ဟု မိန့်ဆို၏။

"ထိုသို့ မအားလပ်သော်လည်း ငါ့ရှင်သည် များစွာသော ကျမ်းဂန်တို့ကို သင်ယူ၍လည်း ဆရာနည်းမရရှိသေး၍ ငါထံလာရာ ငါသည် အခိုက်အတန့် စေတီယင်္ကဏဝတ်ကို အပျက်ခံဦးမည်။ အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းကို သင်ယူဦးလော့'

ဟု ရေငုံဆရာတော်က အခွင့်ပြု၏။

(၄) အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းအကြောင်း

သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းကြီးလက်ထက် ၎င်းမင်းကြီး၏မိဖုရား သောမဒေဝီဆောက်သောကျောင်း၊ တုမ္ဗုလအမတ်ဆောက်သောကျောင်း ဤကျောင်းနှစ်ကျောင်း၌ အလှည့်လှည့် သီတင်းသုံးနေထိုင်သော 'အရှင်အနုရုဒ္ဓါမထေရ်'သည် 'နမ္မ'အမည်ရှိသောဒါယကာ တောင်းပန်သဖြင့် အဘိဓမ္မာခုနစ်ကျမ်းကို အကျဉ်းချုံး၍ ရေးသားအပ်

http://www.dhammadownload.com

သော "အဘိဓမ္မတ္ထသင်္ဂဟ"မည်သော အဋ္ဌကထာကို ပြုစီရင်သည်။ ယခုအခါ ထို ကျမ်းကို "သင်္ဂြိဟ်ကျမ်း"ဟု ခေါ်ဆိုကြ၏။

ထိုသင်္ဂြိဟ်ကျမ်း၏ အဖွင့် သံဝဏ္ဏနာဋ္ဌကာသစ်ကို သီဟိုဠ်ကျွန်း ပုလတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်နေ ဝိနည်းအဋ္ဌကထာ၏ အဖွင့်ဖြစ်သော 'သာရတ္ထဒီပနီဋီကာ' ပြု ရှင်သာရိပုတ္တရာ၏ တပည့် ရှင်သုမင်္ဂလသာမိမထေရ်ပြုစီရင်သည်။ ထိုသင်္ဂြိဟ်ကျမ်း အဖွင့်ဋီကာသစ်ကို "အဘိဓမ္မတ္ထဝိဘာဝနီဋီကာ"ဟု အမည်ပေးသည်။ ထို အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာသစ် ဖွင့်ပြခြင်းသည် သင်္ဂြိဟ်ကျမ်း၌ သိလွယ်လှသောကြောင့် "ဋီကာလှ" ဟူ၍လည်း ရှေးသူတော်ဟောင်းတို့ ခေါ်ကြသည်။ ထိုအဘိဓမ္မတ္ထဝိဘာဝနီဋီကာသည် သာသနာသက္ကရာဇ် ၁၆၈၈-ခုကျော်လောက်မှာ ပေါ်ပေါက်သောကျမ်းဟု ယူဆဖွယ်ရှိသည်။

ထိုအဘိဓမ္မတ္ထဝိဘာဝနီ ဋီကာသစ်ကျမ်းကို ရေရှည်ဆရာတော်က ရှင်အရိယဝံသ မထေရ်အား မိမိထံတွင် သင်ယူနည်းခံစေသည်။ ရှင်အရိယဝံသမထေရ်လည်း ရေရှည် ဆရာတော် မိန့်တော်မူတိုင်း အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာသစ်ကို ရေရှည်ဆရာတော်ထံ တွင် သင်ယူနည်းခံရာ သုံးရက်သင်ယူမိလျှင်ပင် နည်းရ၍ ရေရှည်ဆရာတော်ထံသို့ မသွားတော့ဘဲ မိမိနေရာတွင်နေ၍ ဋီကာအသွားအလာ အဖွင့်သံဝဏ္ဏနာ အလုံးစုံကို ဆင်ခြင်ရာ သဘောကျသဖြင့် "ဋီကာနယ် ကျော်ရော၊ ဋီကာနယ် ကျော်ရော"ဟု ရှင် အရိယဝံသမထေရ်ဆိုသည်ကို အစွဲပြု၍ "ဋီကာကျော်"ဟု တွင်ပြန်သဖြင့် ယခုထက် တိုင် "ဋီကာကျော်" ရေးသားခေါ်ဆိုလျက်ရှိကြသည်။

(၅) မဏိသာရမဉ္ဇူသာဋီကာ

ရေရှည်ဆရာတော်လည်း ရှင်အရိယဝံသ စာတက်မလာသဖြင့် ရဟန်းငယ်တို့ကို ခေါ်၍ "ပင်းယပဉ္စင်းပျို စာတက်မလာ၊ သွား၍မေးချေ"ဟု စေခိုင်း၏။ ရှင်အရိယဝံသ လည်း ဆရာထံသို့သွားအံ့ဟု လာရာတွင် ရေရှည်ဆရာတော်စေခိုင်းလိုက်သော ရဟန်း ငယ်များနှင့် လမ်းတွင်ဆုံမိ၍ ထိုရဟန်းငယ်များနှင့် အတူတကွ ရေရှည်ဆရာတော်ထံသို့ သွား၏။ ရောက်သောအခါ ရေရှည်ဆရာတော်က-

"အဘယ့်ကြောင့် နှစ်ရက် သုံးရက် မလာဘဲနေသနည်း"

ဟု မေးရာ-

"အရှင်ဘုရား သင်ပေးအပ်သောနည်းကို အမှီပြု၍ ယခုအခါ အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာနည်းကို အကုန်အစင် သိမြင်တတ်မြောက်ပါပြီ။ ထို့ကြောင့် အရှင်ဘုရား ထံ စာတက်မရောက်လာကြောင်း" လျှောက်ထားလေ၏။

http://www.dhammadownload.com

ထိုအခါ ရေငုံဆရာတော်က မိန့်တော်မူသည်မှာ-

"ငါ့ရှင်သည် အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျမ်းကို အမှီပြု၍ ကျမ်းဂန်အရာ၌ လိမ္မာတတ်မြောက်၏။ ထိုအဘိဓမ္မတ္ထ ဝိဘာဝနီကျမ်း၏ အဖွင့်သံဝဏ္ဏနာကို စီရင်၍ ကျေးဇူးဆပ်ဘိလော့"

ဟု မိန့်တော်မူ၏။

အရှင်အရိယဝံသသည်လည်း ရေငုံဆရာတော် မိန့်တော်မူတိုင်း ဝန်ခံ၍ အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်း၏ အဖွင့်သံဝဏ္ဏနာကျမ်းကို စီရင်လေ၏။

ထိုကျမ်းကို လူသံ ငှက်သံမကြား တိတ်ဆိတ်သောညဉ့်အခါမှာသာ ရေးသား ပြုစုလေသည်။ နေ့အခါမှာ မရေးသား၊ ရေးသား၍ပြီးခဲ့သော ပါဠိကိုလည်း ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း ပုညရင်စေတီယင်ပြင်၌ ရဟန်းအပေါင်းတို့ကို စည်းဝေးစေ၍ ရဟန်းသံဃာအလယ်မှာ ဘာသံစေပြီးလျှင်-

'တစ်စုံတစ်ခုသော အပြစ်ဒေါသရှိလျှင် ပြောကြားကြလော့"

ဟု မိန့်တော်မူ၍ ရဟန်းများကို နာစေသည်။

(၆) ပုဂံသားနှင့်မဏိမဉ္ဇူ

ထိုအခါ အရိမဒ္ဒနာမည်သော ပုဂံပြည်မှ စေတီကို ရှိခိုးအံ့သောငှာ လာသော ပုဂံသား ရဟန်းတစ်ပါးသည် ပုညရင်စေတီယင်ပြင်သို့ ရောက်လာ၍ ရှင်အရိယဝံသ ရေးသားသောကျမ်းကို ဘာသာရာတွင် ပရိသတ်အစွန်အဖျားကနေ၍ ကြားနာ၏။

ထိုအခါ ပုဂံသားရဟန်းသည် "အေး-အေး"ဟူသော အသံကို နှစ်ကြိုက်ပြု၏။ ထိုပုဂံသားရဟန်း "အေး-အေး"အသံပြုသော နေရာဌာန အချက်စုကိုလည်း ရှင်အရိယဝံသ မှတ်ထားလေသည်။ ထိုပုဂံသားရဟန်းတည်းနေရာဌာနကိုလည်း မေးမြန်းလိုက်၏။

ရှင်အရိယဝံသမထေရ်သည် မိမိကျောင်းသို့ ပြန်ရောက်သောအခါ ထိုပုဂံသား ရဟန်း "အေး-အေး"ဟု အသံပြုသောနေရာနှစ်ချက်ကို စုံစမ်းဆင်ခြင်သုံးသပ်ပြန်သော် တစ်ခုသောနေရာ၌ အနက်တစ်ခုတည်းကို နှစ်ကြိုက်ထပ်၍ဆိုခြင်းကြောင့် "ပုနရတ္ထိ ဒေါသ"ရောက်သည်ကို တွေ့ရှိ၏။ တစ်ခုသောနေရာ၌ "ဣမံဂန္ဆံ"ဟု ပုလ္လိင်ဆိုရမည်ကို "ဣဒဂန္ဆံ"ဟု နပုလ္လိင်ဆိုခြင်းကြောင့် "လိင်္ဂဝိရောဓိဒေါသ"ရောက်သည်ကို တွေ့ရှိ၏။

http://www.dhammadownload.com

ထိုအခါ ပုဂံသား အာဂန္တု ရဟန်းကိုခေါ်၍ မေးသည်မှာ–

"ငါ့ရှင် ငါသည် ဤကျမ်းကို များစွာဂရုစိုက်၍ ဆိတ်ငြိမ်ခြင်း ဝိဝေကရသော ညဉ့်အခါ၌ ရေးသားခြင်းကိုပြု၏။ ထိုသို့ပင်ပြုသော်လည်း ငါ့ရှင်သည် မနှစ်သက်သော အခြင်းအရာဖြင့် အသံကိုပြုဘိ၏။ ဘယ်လိုသဘောရှိသော အပြစ်ကိုကြား၍ မနှစ်သက်သောအသံကို ပြုသနည်း"

ဟု မေးမြန်း၏။ ။ ထိုအခါ ပုဂံသားအာဂန္တုရဟန်းက လျှောက်ထားသည်မှာ–

"အရှင်ဘုရား ကြီးစွာသောလုံ့လဖြင့် ရေးသားအပ်သောကျမ်း၌ အပြစ်များစွာ ဆိုစရာမရှိပါ။ သဒ္ဒါအနက်အားဖြင့် ပြည့်စုံသောကျမ်းပင် ဖြစ်ပါ၏။ ထိုသို့ဖြစ်သော်လည်း တစ်ခုသောနေရာ၌ အနက်တစ်ခုတည်းကို နှစ်ကြိမ်ထပ်၍ဆိုခြင်းကြောင့် ပုနရုတ္တိဒေါသထင်၏။ တစ်ခုသောနေရာ၌ လိင်္ဂဝိရောဓိဒေါသထင်၏။ ဤအနည်းငယ်သောအပြစ်ကိုမြင်၍ မနှစ်သက်သော အခြင်းအရာရှိသော အသံကိုပြုပါသည်"

ဟု လျှောက်ထားလေ၏။ ။ ထိုအခါ ရှင်အရိယဝံသမထေရ်သည် နှစ်သက်ဝမ်းမြောက်၍ သာဓုခေါ်ပြီးလျှင် မိမိ၏ဦးခေါင်းထက် ပခုံးထက်၌သာလျှင် တင်ဖူးသော ဒုဂုဏ် သင်္ကန်းကြီးကို ထိုရဟန်း၏ညာဏ်ကို ပူဇော်သောအားဖြင့် လှူဒါန်းလိုက်၏။

ထိုကျမ်းကို "မဏိသာရမဉ္ဇူသာဋီကာ"ဟု အမည်ပေးလေသည်။ ထိုကျမ်းပြုသက္ကရာဇ်ကား ရတနာပုရ အင်းဝပြည်ကြီး၌ နန်းတက်သော ထူပါရုံစေတိတော်ဒါယကာ နရပတိမင်းကြီး နန်းစံ ၆–နှစ် သာသနာသက္ကရာဇ် ၁၉၉၂–ခုနှစ်တွင် ရေးသားသည်။

(၇) လယ်တီဋီကာ

နောက်ကာလ ကောဏာသက္ကရာဇ် ၁၂၅၈–ခု ကျော်လောက်ရှိသောအခါ "လယ်တီဆရာတော်"ဟု ကျော်ကြားသော "အရှင်ဉာဏာမထေရ်"သည် အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာသစ်၌ဆိုသော အချို့သောဌာန၌ အပြစ်ဆိုပြီးလျှင် ရှင်အရိယဝံသမထေရ် ရေးသားအပ်သော မဏိသာရမဉ္ဇူသာမည်သော ၎င်းကျမ်းကိုလည်း အနှစ်သာရမရှိကြောင်းပြ၍ "ပရမတ္ထဒီပနီဋီကာ"ဟူသော အမည်တပ်၍ ဋီကာတစ်စောင် ရေးသားလေသည်။

ထိုအခါ ပရမတ္ထဒီပနီဋီကာ လယ်တီကျမ်းကို ပယ်ဖျက်ရန် ရေးသားသော ဋီကာကျမ်းများစွာ ပေါ်ထွက်၏။ ထိုပရမတ္ထဒီပနီ လယ်တီဋီကာကျမ်းကို ငါတို့လက်ထက်တွင် အသင်အကြားပြုသူ နည်းပါး၏။ ထိုလယ်တီဆရာတော်၏ အဆက်အနွယ်ဖြစ်သော သိဿနသိဿတို့သာ သင်ကြားခြင်း အလေ့အလာပြုကြလေသည်။

http://www.dhammadownload.com

ထိုလယ်တီ အရှင်ဉာဏမထေရ် ပရမတ္ထဒီပနီမည်သော ဋီကာရေးသားခြင်းအကြောင်း နောက်၌ ထင်ရှားလတ္တံ့။

(၈) ဒုတိယ မင်းခေါင်လက်ထက် သာသနာနှင့် ရှင်သီလဝံသ၊ ရှင်ရဋ္ဌသာရတို့အကြောင်း

(က) ရှင်မဟာသီလဝံသ မထေရ်

သက္ကရာဇ် ၈၄၂-ခုနှစ်တွင် အင်းဝမြို့၌ နန်းတက်သော ဒုတိယမင်းခေါင်လက်ထက်၌ တောင်တွင်းကြီးမြို့နယ် မြို့လုင်ရွာလျှင် ဖွားရာဇာတိရှိသော 'ရှင်သီလဝံသမထေရ်၊ အင်းဝမြို့လျှင် ဖွားရာဇာတိရှိသော 'ရှင်ရဋ္ဌသာရမထေရ်၊ တောင်တွင်းကြီးမြို့နယ် မြို့လုင်ရွာလျှင် ဖွားရာဇာတိရှိသော 'ရှင်ဥတ္တမကျော်မထေရ်'၊ 'ကန်တော်မင်ကျောင်းဆရာတော်'တို့ ကျော်စောထင်ရှား၏။ ထိုမထေရ်တို့သည် ပျို့ ကဗျာ လင်္ကာ မော်ကွန်း စသည်တို့၌ လိမ္မာပွန်းတီး၍ ကျော်စောထင်ရှားလေသည်။

ရှင်သီလဝံသမထေရ်သည် သက္ကရာဇ် ၈၁၅-ခုဖွား၊ အသက် ၃၀၊ သိက္ခာဆယ်ဝါရ၊ သက္ကရာဇ် ၈၄၅-ခုနှစ်မှ ရတနာပုရ အင်းဝသို့ရောက်သည်။ ထိုအခါ ပါရမီခန်းပျို့၊ တောင်တွင်းလားပျို့၊ ဗုဒ္ဓပွတ္တိပျို့များကို ရေးသားပြီး၍ ထိုပျို့များကို အင်းဝသို့ယူလာကြောင်း အဆိုရှိ၏။

မင်းခေါင်သည် ထူပါရုံစေတီ၏ အရှေ့မြောက်ယွန်းက ရတနာဗိမာန်ကျောင်းကို တင်လှူ၏။ ထိုကျောင်း၌ စာသင်လိုသော ရဟန်းများကိုလည်း စာပို့ချ၏။ နေတ္တိပါဠိတော်နိသျနှင့် ပါရာယနဝဏ္ဏကိုလည်း ရေးသားလေသည်။

(ခ) ရှင်မဟာရဋ္ဌသာရ မထေရ်

ရှင်ရဋ္ဌသာရမထေရ်မှာ သက္ကရာဇ် ၈၃၀-ပြည့်ဖွား၊ ထိုမထေရ်သည် ဘူရိဒတ်လင်္ကာကြီးပျို့၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ဟတ္ထိပါလပျို့၊ သံဝရပျို့ စသော များစွာသော ပျို့ကဗျာလင်္ကာများကို စီကုံးရေးသား၏။ ပရိယတ္တိသာသနာကို အားပေးချီးမြှောက်သောကျမ်းကို ရေးသားခြင်းမရှိ။ ရှင်သီလဝံသမှာလည်း နေတ္တိနိသျကျမ်းနှင့် ပါရာယနဝဏ္ဏ နှစ်ကျမ်းသာလျှင် ပရိယတ္တိသာသနာကို အားပေးသောကျမ်းရှိသည်။ ထို့ကြောင့် ဤမထေရ်နှစ်ပါးကို သာသနာဆက်၍ ထည့်သွင်း၍ မရေတွက်ကြလေ။[၁]

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၄၈။

http://www.dhammadownload.com

(ဂ) သဒ္ဓမ္မကိတ္တိမထေရ်နှင့် တိသာသနဓဇမထေရ်

သက္ကရာဇ် ၈၆၃-ခုနှစ်တွင် အင်းဝ၌နန်းတက်သော ရွှေနန်းကြော့ရှင်ဘုရင် နရပတိလက်ထက်၌ 'သဒ္ဓမ္မကိတ္တိမထေရ်' 'တိသာသနဓဇမထေရ်'တို့သည် စာချစာသင်ပြုကြလေသည်။

သဒ္ဓမ္မကိတ္တိမထေရ်သည် မဏိသာရ မဉ္ဇူသာဋ္ဌီကာပြု ရှင်အရိယဝံသ၏ သဒ္ဓိဝိဟာရိက တပည့်တည်း။ ထိုသဒ္ဓမ္မကိတ္တိမထေရ်သည် ဇေတဝန်ကျောင်းမှာနေ၍ စာပို့ချ၏။

(ဃ) ရှမ်းသိုဟန်ဘွားမင်း သာသနာတော်ကိုဖျက်ဆီးကြောင်း

ထို့နောက် သက္ကရာဇ်(၈၈၅) ရှစ်ရာရှစ်ဆယ့်ငါးခုနှစ်ကစ၍ သုံးနှစ်ပတ်လုံး အင်းဝပြည်ထဲရေး မသာမယာ အထူးထူးသောဘေးတို့ဖြင့် လှုပ်ချောက်ချား၍ သာသနာ ညှိုးနွမ်းလေသည်။ သက္ကရာဇ် ၈၈၈ ခု ရောက်လျှင် "က-ငယ်, သုံးခု-ဥသျှစ်ထု" ဟူသောကိန်းဆိုက်သဖြင့် မိုးညှင်းဇလုံကြီးသား ရှမ်းသိုဟန်ဘွားလာ၍ အင်းဝမှာ နန်းတက်၏။ ထိုအခါ ရှမ်းသိုဟန်ဘွားသည် နန်းတော်ဦးတွင် စိုက်ထူလျက်ရှိသည့် ရှင်မဟာသီလဝံသရေးထိုးသော 'နန်းဘွင့်မော်ကွန်း'ကျောက်စာကိုလည်း 'မြန်မာတို့ စိတ်ကြိုးမဝင်ရအောင်'ဟု ထီးလိုင်ရှင်ဘုရားကို လှူလိုက်သည့်ပြင် သက္ကရာဇ် ၉၀၁-ခုနှစ်တွင် စစ်ကိုင်း, ပင်းယ, အင်းဝတို့၌ သီတင်းသုံးနေထိုင်ကြကုန်သော သံဃာတို့ကို အကုန်ခေါ်စေ၍ အင်းဝ တောင်ပလူအရပ်၌ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီး၌ နေစေပြီးလျှင် ဗိုလ်ခြေတို့ဖြင့်ဝန်းရံလျက် သတ်ဖြတ်ညှဉ်းဆဲလေသည်။

ဤသို့ ရက်စက်စွာ သတ်ဖြတ်ခြင်းသည်ကား ရဟန်းများက ပုန်စားပုန်ကန် ပြုလိမ့်မည်အထင်ရှိ၍ သတ်ဖြတ်ခြင်းကို ပြုလေသည်။ ထိုမှတစ်ပါးလည်း ဂူ၊ ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ တန်ဆောင်း၊ စာပေ၊ ပိဋကတ်တို့ကိုလည်း မီးရို့ပြီးလျှင် စေတီပုထိုးတို့ကိုဖျက်ဆီး၍ ဌာပနာများကိုလည်း ယူလေသည်။ ကြွင်းကျန်သော သံဃာတော်တို့မှာ တောင်ငူတချို့ ပြည်တချို့ ထွက်ပြေးတိမ်းရှောင်နေကြရလေသည်။

ဤသို့လျှင် ထိုအခါ အင်းဝမြို့မှာ သာသနာတော် အလွန်ညှိုးနွမ်းပျက်စီးလေသည်။ သံဃာတော်(၁၃၀၀) တစ်ထောင့်သုံးရာကျော် သေသည်ဟု အဆိုရှိ၏။ ထိုတွင် ပါဠို အဋ္ဌကထာ စသော ကျမ်းဂန်၌ ကျနလိမ္မာသော ကျမ်းတတ်ပုဂ္ဂိုလ် သုံးကျိပ်ကျော် ပါသည်ဟူ၍လည်း အဆိုရှိ၏။

ယင်းသောအခါ အလင်္ကာကျော်ပုဂ္ဂိုလ်များဖြစ်ကြသော ရှင်မဟာသီလဝံသကား ရွှေနန်းကြော့ရှင်လက်ထက်ကပင် ပျံလွန်တော်မူပြီးဖြစ်၍ ရှင်မဟာရဋ္ဌသာရမှာ သက္ကရာဇ်

http://www.dhammadownload.com

၈၈၅-ခု၊ ရွှေနန်းကြော့ရှင် စစ်ရေးနိမ့်၍ ဆင်ခေါင်အရပ်သို့ ပြောင်းနေရသောအခါက ပင် ပြည်ဘုရင် သတိုးမင်းစော ပင့်သွားနှင့်ပြီးဖြစ်သည်။

ရှင်အဂ္ဂသမာဓိကား ဒီပဲယင်းမြို့ အရှေ့ကျောင်းတိုက်အတွင်း သီတင်းသုံးခိုက် ဖြစ်၍ ရှမ်းဘေးမှလွတ်ကြသောဟူ၏။

(၁၀) သိဟန်ဘွားရှမ်း ရဟန်းတို့ကိုသတ်လိုသော်

သိဟန်ဘွားရှမ်း ရဟန်းတို့ကိုသတ်လိုသော် ကောင်းကင်ဝယ် နက္ခတ်တာရာများ အခိုးလွတ်၏။ ကြယ်တံခွန် ထန်းတစ်ဖျားခန့်ထွက်၏။ အင်းဝစည်းခုံတော်ကြီး၌ ဘုရားဆင်းတုတော်၏ မျက်လုံးတော်မှလည်း ရေအယဉ်ကဲ့သို့ မျက်ရည်ယိုသောဟူ၏။ 'အဟောဝတ ပါပဇနဿ ပါပကမ္မံ'

ဤသို့လျှင် အင်းဝမှာ သာသနာမစည်းကားဘဲ သာသနာအဆက်မပြတ်ရုံသာ နှစ်ပေါင်းများစွာ ကြာလေသည်။

အချို့မင်း၏လက်ထက်မှာ ပရိယတ္တိသာသနာ၌ လိမ္မာသောပုဂ္ဂိုလ် ထင်ရှားလေသည်။ အချို့မင်း၏လက်ထက်မှာ မထင်ရှားလေ။

(၁၁) ရှင်သဒ္ဓမ္မကိတ္တိနှင့် ရှင်တိသာသနဓဇမထေရ်တို့အကြောင်း

(က) ရှင်သဒ္ဓမ္မကိတ္တိမထေရ်

ထိုအခါ သိဟန်ဘွားဘေးတွင် မပါသော သဒ္ဓမ္မကိတ္တိမထေရ်၊ တိသာသနဓဇမထေရ်တို့သည် 'မဟာသူမြတ်မထေရ်'နှင့် အတူတကွ မထေရ်သုံးပါး တောင်ငူသို့ကူးသွားကြ၏။ သဒ္ဓမ္မကိတ္တိမထေရ်နှင့် မဟာသူမြတ်မထေရ်တို့သည် တောင်ငူမှာပင် ပြန်လွန်တော်မူကြ၏။

မဟာသူမြတ် မထေရ်ဆိုသည်ကား ပုဂံမြို့မှ အင်းဝနေပြည်တော်သို့တက်၍ စာချမည်အကြိုအစည်နှင့်လာရာတွင် သဒ္ဓမ္မကိတ္တိမထေရ် ဇေတဝန်ကျောင်း၌ စာချလျက်တွေ့သဖြင့် စာနာရာ သဘောနှစ်ခြိုက်သောကြောင့် ငါသည် စာချဆရာမလုပ်သေး၊ သဒ္ဓမ္မကိတ္တိမထေရ်ထံ စာသင်တပည့်လုပ်၍ စာသင်ဦးမည်ကြ၍ သဒ္ဓမ္မကိတ္တိမထေရ်ထံ ခွင့်တောင်း၍ စာသင်လေသည်။

သဒ္ဓမ္မကိတ္တိမထေရ်ထက် အသက် သိက္ခာထေရ်ဝါကြီးသည်။ ထိုမထေရ်ကို ကြည်ညိုလှသဖြင့် သဒ္ဓမ္မမထေရ်သည် 'မဟာသာဓုဇန' သူတော်ကောင်းကြီးဟူသောအမည်ဖြင့် ခေါ်ဝေါ်လေသည်။ သဒ္ဓမ္မကိတ္တိမထေရ် ခေါ်သည်ကို အစွဲပြု၍ 'မဟာသူမြတ်မထေရ်'ဟု တွင်လေသည်။

http://www.dhammadownload.com

(ခ) ရှင်တိသာသနဓဇ မထေရ်

တိသာသနဓဇမထေရ်သည်လည်း သက္ကရာဇ်(၉၁၂) ကိုးရာတစ်ဆယ့်နှစ်ခုနှစ် ရောက်သောအခါ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် တောင်ငူမြို့မှ ဟံသာဝတီ မြို့သို့သွား၏။ ထို့နောက် ဝါတော် ၄၃-ဝါရှိပြီးဖြစ်၍ သက္ကရာဇ် ၉၁၃-ခုနှစ် မိုးဗြဲ နရပတိမင်းလက်ထက် တစ်ဖန် စစ်ကိုင်းသို့ပြန်ပြီးလျှင် ဇေတဝန်ကျောင်းတော်၏အနီး တစ်ခုသော ဂူကျောင်း၌ နေ၍ မဟာအရိယဝံသမထေရ်၏ အနွယ်အဆက်ဖြစ်သော ဇေတဝန်မထေရ်၏အထံ၌ စည်းကပ်၏။ ဇေတဝန်မထေရ်သည်လည်း တိသာသနဓဇ မထေရ်အား ဇေတဝန်ကျောင်းကို လွှဲအပ်သဖြင့် ထိုဇေတဝန်ကျောင်းမှာပင်နေ၍ ကျမ်းဂန်ချ၏။ မိုးဗြဲ နရပတိမင်းသည်လည်း ထိုတိသာသနဓဇမထေရ်အား ပစ္စည်း လေးပါးတို့ဖြင့် ချီးမြှောက်၏။

ထို့နောက် သက္ကရာဇ် (၉၁၆) ကိုးရာတစ်ဆယ့်ခြောက်ခုနှစ်တွင် ဟံသာဝတီ ဆင်ဖြူများရှင်မင်းသည် ရတနာပုရ အင်းဝကိုအောင်မြင်သဖြင့် တစ်ခုသောကျောင်းကို ဆောက်၍ တိသာသနဓဇမထေရ်အားလှူ၏။ ထို တိသာသနဓဇမထေရ်သည် အရိမဒ္ဒန ပုဂံပြည် ရှင်အရဟံ၏ဂိုဏ်းဝင် အဆက်အနွယ်တည်း။

ထိုတိသာသနဓဇမထေရ်၏ တပည့်ပေါင်း အရာမက များစွာရှိရာတွင် ဝရဇာဟ မထေရ်၊ မြေဒူးမြို့သား မြေဒူးမြို့၌နေသော မြေဒူးမထေရ်၊ တိုင်းကြီးရွာသား ညီနောင် သုံးပါး၊ ဤမထေရ်ငါးပါးသည် ပရိယတ္တိ၌ အလွန်ထူးချွန်လိမ္မာတတ်မြောက်ကုန်၏။

ထိုအခါ တိသာသနဓဇမထေရ်သည်လည်း အသက် သိက္ခာ ထေရ်ဝါ ကြီးရင့် ပြီဖြစ်၍ အာနာပါနကမ္မဋ္ဌာန်းကိုယူ၍ ဆိတ်ငြိမ်ရာတောကျောင်း၌သာ နေတော်မူ၏။ ထိုအခါ စစ်ကိုင်းဇေတဝန်ဂိုဏ်း အစရှိသည်တို့သည် ပုဂံ အရှင်အရဟံဂိုဏ်းဝင် အနွယ် အဆက်တို့သာ ဖြစ်ကုန်၏။ နောက်ကာလ၌ ထိုမထေရ်တို့၏ သိဿနုသိဿ ဖြစ်ကုန်သော ရဟန်းတို့တွင် အချို့သောရဟန်းတို့သည် ဦးခေါင်းတန်ဆာ (ဥထုပ်-ဒေါက်ချာ)ဆောင်ခြင်း အစရှိသော အကျင့်ဖောက်ပြန်ခြင်းသို့ ရောက်ကြကုန်၏။

(၁၂) ရှင်တိသာသနဓဇ မထေရ်၏ တပည့်များ

တိတသာသနဓဇမထေရ်၏တပည့် ကျမ်းဂန်တတ်ငါးပါးတို့တွင် ဝရဇာဟ မထေရ်၏ တပည့်ဖြစ်သော မဟာရတနာကရမထေရ်အား သာလွန်မင်းဟရားကြီး လက်ထက် ကျောင်းဆောက်၍လှူ၏။

ထိုမထေရ်သည် 'ရာဇိန္ဒရာဇနာမာဘိဓေယျဒီပနီ' မည်သောကျမ်းကို ပြုစီရင်၏။ ထိုကျမ်းကို ပြင်ဆင်စိမ့်သောငှာ တောင်ဘီလာမထေရ်ကြီးအား အပ်နှင်း၏။

http://www.dhammadownload.com

တိသာသနဓဇမထေရ်၏ တပည့်ဖြစ်ကုန်သော တိုင်းကြီးရွာသား ညီနောင်(၃) ပါးတို့တွင် အစ်ကိုအကြီးမထေရ်သည် စစ်ကိုင်းတောင်ရိုး ၃မင် ၃၀-လိုဏ်တို့၌နေ၍ ပရိယတ္တိကို ပို့ချ၏။ ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး၏ညီတော် အင်းဝ ပြည်ဘုရင်ခံ သတိုးမင်းစောသည် ထိုမထေရ်ကို အလွန်ကြည်ညိုး၍ ပစ္စည်းလေးပါးတို့ ဖြင့် ချီးမြှောက်၏။ ညောင်ရမ်းမင်းလက်ထက်မှာလည်း ဘထွေးတော်သည် ကျောင်း ဆောက်၍ ထိုမထေရ်ကိုပင် လှူဒါန်းသည်။ သာလွန်မင်းတရားကြီးလက်ထက်မှာ လည်း မင်းဝံတောင်တန်း၌ ကျောင်းဆောက်၍ ထိုမထေရ်အားပင် လှူဒါန်း၏။

တိုင်းကြီးရွာသား မထေရ်လတ်သည်လည်း ဇေတဝန်ကျောင်း၌ပင်နေ၍ ပရိယတ္တိကို ပို့ချ၏။

ထိုတိုင်းကြီးရွာသား မထေရ်ငယ်သည်လည်း နောင်တော်မထေရ်တို့ နေရာအရပ်၌ပင်နေ၍ ပရိယတ္တိကို ပို့ချ၏။

တိသာသနဓဇမထေရ်ဟူ၍ နှစ်ပါးရှိရာဝယ် ယခုဆိုခဲ့သော မထေရ်ကြီးကား ကျမ်းဂန်တတ် လဒ္ဓိပေသလ သိက္ခာကာမဖြစ်သော တိသာသနဓဇမထေရ်ကြီးတည်း။

အလဒ္ဓိဖြစ်သော တိသာသနဓဇမထေရ်ဟူ၍လည်း ရှိသေး၏။ ရှိသော်လည်း ၎င်းအလဒ္ဓိပုဂ္ဂိုလ်သည် သာသနာဆက်၍ မဝင်ရကား မပြဆိုတော့ပြီ။

ညောင်ရမ်းမင်းလက်ထက် စစ်ကိုင်း ရွှေဥမင်ဆရာတော်ကြီး၊ ဒက္ခိဏာရာမ ဆရာတော်ကြီး၊ လေးထပ်ကျောင်းဆရာတော်ကြီး၊ တောင်ဘီလူးဆရာတော်ကြီး၊ ဤ ဆရာတော်ကြီးများသည် တိသာသနဓဇမထေရ်၏ သဒ္ဓိဝိဟာရိကတပည့်များ ဖြစ်တော် မူကြသည်။

http://www.dhammadownload.com

ညောင်ရမ်းခေတ်သာသနာ

(၁) အင်းဝ ဒုတိယ တည်ထောင်ဖန်ဆင်းခြင်း

ဧရာဝတီ, တုဠာဝတီ, စမုံမြစ်, စမာမြစ်, ပန်းလောင်မြစ်တို့၏ စီးဆင်းကျ လျှောရာ အဝဖြစ်၍ အဝမြို့ဟုတွင်သော အင်းဝမြို့သည်[၁] ပထမအကြိမ် သတိုးမင်းဖျား အစတည်ထောင် ဖန်ဆင်းပြီးလျှင် မင်းအဆက်ဆက် စိုးစံလာရာ သာသနာပြုမင်းဆက် ပြတ်သွားသဖြင့် ပျက်စီးတိမ်းယိမ်းရှိပြီးနောက် သာသနာသက္ကရာဇ် ၂၁၄၃-ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၆၁) ကိုးရာခြောက်ဆယ့်တစ်ခုနှစ်၊ တပေါင်းလဆန်း ၂-ရက်၊ သောကြာနေ့တွင် ရတနာပုရမည်သော အင်းဝပြည်ကြီးကို ဒုတိယနှစ်ကြိမ်မြောက် တည်ထောင်၍ ညောင်ရမ်းမင်းသည် စံနေတော်မူ၏။ 'သီဟသူရဓမ္မရာဇာ'ဟူသော ဘွဲ့တံဆိပ်ကိုလည်း ခံယူ၏။

ထိုညောင်ရမ်းမင်းသည် သက္ကရာဇ် ၉၆၄-ခုနှစ် ရောက်သောအခါ တောင်ဘီလူး ဆရာတော်ကြီးကိုရည်၍ ကျောင်းရံ ၄၀ နှင့်တကွသော လေးထပ်ကျောင်းတော်၊ မဟာမြတ်မုနိဘုရား၊ ဤကျောင်းဘုရားများကို တည်ထားကိုးကွယ်ရာ ကျောင်းနှင့်ဘုရားမပြီးသေးမီပင် သိန္နီသို့ချီတက်၍ ပြန်လာရာ နတ်ရွာစံလေ၏။

(၂) အနောက်ဘက်လွန် မင်းတရားကြီး လက်ထက် သာသနာ

သက္ကရာဇ် (၉၆၇) ကိုးရာခြောက်ဆယ့်ခုနစ်ခု တပေါင်းလဆုတ် ၁၃ ရက်နေ့၌ ညောင်ရမ်းမင်း၏ သားကြီးရတနာ အိမ်ရှေ့ဥပရာဇာသည် အဖ၏အရိုက်အရာကိုယူ၍ မင်းပြု၏။ 'မဟာဓမ္မရာဇာ'ဟူသော တံဆိပ်နာမံကိုလည်း ခံယူ၏။ အနောက်ဘက်လွန်မင်းတရားကြီး ဟူ၍လည်း ခေါ်ဝေါ် ကြ၏။

ထိုမင်းသည် ခမည်းတော်လက်ထက်က မပြီးခဲ့သေးသော ကျောင်း ဘုရားများကို ထပ်မံဆောက်လုပ်၍ ပြီးစေပြီးလျှင် ပထမရည်ရွယ်ရင်း တောင်ဘီလူးဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် လေးထပ်ကျောင်းနေ ဆရာတော်ကို ကျောင်းတင်လှူအုံ့ဟု နန်းတော်တွင်းသို့ နှစ်ကြိမ်တိုင်တိုင်ပင့်ရာ မကြွလာ၊ သုံးကြိမ်မြောက်သောအခါမှ များစွာသော သဒ္ဓိဝိဟာရိကတပည့်များက-

"မင်းက ဆွမ်းစားပင့်သည်ကို လိုက်မှတော်မည်"

၁။ အုတ်နုံးအင်း၊ မန်ကျည်းအင်း စသော အင်း ၉ အင်းတို့၏ အဝကိုဖို့၍ တည်သောကြောင့် 'အင်းဝ'မြို့ခေါ်ကြောင်းနှင့်လည်း ရှေးစာဟောင်းစာတမ်းများတွင် ဆိုလေသည်။

http://www.dhammadownload.com

ဟု လျှောက်ထားကြရာ-

"ငါ့ရှင်တို့၊ ငါသည် မင်း၏ဆွမ်းကို မစားလို၊ တိုင်းသူပြည်သားတို့ကို နှိပ်စက်ညှဉ်းပန်း၍သာ ရသောပစ္စည်းဖြင့် ဆွမ်းကျွေးခြင်းဖြစ်မည်"

ဟု မိန့်တော်မူပြီးလျှင်-

"ငါ့ရှင်တို့ လိုက်စေလိုက လိုက်တော့မည်"

ဟု ဝန်ခံ၍ နန်းတော်သို့ လိုက်သွားပြီးလျှင် ဆွမ်းဘုဉ်းပေးပြီးသည်၏အဆုံး၌ မင်းနှင့်တကွ ကျောင်းတင်လှူလိုကြောင်း အရိပ်နိမိတ်ပြကထာ သလ္လာပစကား ပြောဆိုလျှောက်ထားရာ-

"ဤသို့ ခမ်းနားကြီးကျယ် ကျောင်းရံ ၄၀ ရှိသော လေးထပ်ကျောင်းကြီးနှင့် တောနေရဟန်းနှင့် မလျော်ကြောင်း"

ပြောကြား၍ ပယ်မြစ်၏။ တူရွင်းခြေတောင်နေ ဘုန်းကြီးကိုပင့်သည်ဟူ၍လည်း သာသနာလင်္ကာရမှာ အဆိုရှိသည်။ ထိုအခါ-

'ဆရာတော် မနေလိုလျှင် ကျောင်းနှင့်သင့်တော်သောပုဂ္ဂိုလ်ကို ညွှန်တော်မူပါ"

ဟု လျှောက်ထားပြန်သဖြင့်-

'မင်းကြီး တူရွင်းတောင်ခြေရင်း၌ သီတင်းသုံးနေထိုင်သော မဟာရာမ မထေရ်သည် ကျမ်းဂန်လည်းတတ်သည်၊ ပရိယတ္တိသာသနာဝန်ကိုလည်း ရွက်ဆောင်သည်၊ ထိုမထေရ်နှင့်သင့်လျော်သည်'

ဟု ညွှန်သဖြင့် ထိုမဟာရာမ မထေရ်ကိုပင့်၍ လှူဒါန်းလေ၏။ 'မဟာသံဃနာထ' ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူဒါန်း၏။ 'သာသနာပိုင်'ဟု ဆိုလို၏။

(၃) မဏိကုဏ္ဍလ ဝတ္ထု နှင့် သတ္တရာဇမ္မ ဝတ္ထုကျမ်း

ထိုကျောင်းကြီး၏ ကျောင်းရံလေးဆယ်ရှိသည်တွင် အရှေ့မြောက်ထောင့်ကျောင်းနေ ဝရာဘိသံဃနာထမထေရ်သည် ပရိယတ္တိကို ပို့ချ၏။ နောက်ကာလ 'မဏိကုဏ္ဍလဝတ္ထုကျမ်း'ကို မြန်မာဘာသာဖြင့် စီရင်၏။

အနောက်တောင်ထောင့် ကျောင်းနေ ပုဂ္ဂိုလ်သည်လည်း 'သတ္တရာဇမ္မဝတ္ထုကျမ်း'ကို မြန်မာဘာသာဖြင့် စီရင်၏။

ထိုအခါ ဘားမဲ့အကျော်၊ အာစရအကျော်ဟု ရဟန်းနှစ်ပါး ရာမညတိုင်းမှ ရောက်လာ၏။ ထိုမထေရ်နှစ်ပါးကိုလည်း ကျောင်းဆောက်၍ လှူဒါန်း၏။ ထိုမထေရ်နှစ်ပါးတို့သည် လောကီဗေဒင်အရာ၌ လိမ္မာပွန်းတီးသဖြင့် လိုက်စား၏။ ပရိယတ္တိအရာ

http://www.dhammadownload.com

၌ များစွာမကျွမ်းကျင်။ ထို့ကြောင့် ထိုမထေရ်နှစ်ပါးကို သာသနာစောင့်မထေရ်အဆက် ၌ ထည့်စွက်၍ မရေတွက်ကြကုန်။

(၄) ပရိတ်ကြီး ဋီကာ

ထိုမင်းနန်းစံ၍ သုံးနှစ်ကျော်ရှိသောအခါ သာသနာသက္ကရာဇ် ၂၁၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် (၉၇၁) ကိုးရာခုနစ်ဆယ့်တစ်ခုတွင် ဒီပဲယင်းမြို့ ကျေးလက် ကန်ဖျားဇာတိ ရဟန်းဝါ ငါးဝါရ 'ရှင်တေဇောဒီပ'မည်သော ပဋ္ဌင်းပျိုတစ်ပါးသည် ပရိတ်ကြီးခေါ်သော ပါဠိတော်ကို ဋီကာနည်း ဖွင့်ဆိုလေသည်။ ထို့ကြောင့် 'ပရိတ် ကြီးဋီကာ'ဟု ခေါ်ဆိုလျက်ရှိသည်။ ပါဠိတော်ကိုဖွင့်လျှင် အဋ္ဌကထာ၊ အဋ္ဌကထာကို ဖွင့်လျှင်သာ ဋီကာခေါ်ရိုးရှိသည်။

သက္ကရာဇ် ၁၀၃၄-ခုနှစ် နန်းတက်သော နရာဝရမင်းလက်ထက်မှ ရေးသည်ဟူ၍ လည်း 'သာသနဝံသပွဒီပိကာ'မှာ ဆိုသည်။ ယခုရှိ ပရိတ်ကြီးဋီကာနိဂုံးမှာ သက္ကရာဇ် ၉၇၁-ခုဟုရှိသည်။

သက္ကရာဇ် ၉၇၃-ခုနှစ်တွင် မဟာမြတ်မုနိစေတီကြီး၏ အရှေ့ဘက်၌ ကျောင်း လေးကျောင်းဆောက်၍ မထေရ်လေးပါးကို အသီးသီးတင်လှူ၏။

(၁) တောင်ဆုံးကျောင်းကို တောင်ငူ သတိုးဓမ္မရာဇာ၏ဆရာအား တင်လှူ ၏။

(၂) သည့်မြောက်ဘက်ကျောင်းကို ဘားတမော့ မွန်ဆရာတော်အား တင်လှူ ၏။

(၃) သည့်မြောက်ဘက်ကျောင်းကို လက်ယာဘိနန်းသူ၏ ဆရာတော်အား တင်လှူ၏။

(၄) မြောက်ဆုံးကျောင်းကို တောင်ငူမိဖုရား၏ဆရာတော်အား တင်လှူ၏။

ထိုဆရာတော်တို့အား ပစ္စည်းလေးပါးဖြင့်ချီးမြှောက်၍ စာပေ ပရိယတ်ကို ပို့ချတော်မူကြပါဟု လျှောက်ထားသဖြင့် ပရိယတ်ကို ချပို့တော်မူကြသောကြောင့် ထိုမင်းလက်ထက် သာသနာစည်ကားလေသည်။ ထိုပုဂ္ဂိုလ်လေးပါးတို့တွင် လက်ယာ ဘိနန်းသူ ဆရာတော်သည် ပရိယတ်၌ သာလွန်၍ထက်မြက်သည်။ တိသာသနဇောတ မထေရ်၊ တိလောကဂုရုမထေရ်တို့ သင်ယူကြသည်။

http://www.dhammadownload.com

(၅) တောင်ဘီလာဆရာတော်အကြောင်း

ကောဇာသက္ကရာဇ် ၉၀၀-ကျော်ဆီက မင်းအဆက်ဆက် ကိုးကွယ်လာခဲ့သော ပုဂံ ဆပွဒအနွယ် ဆီးတော်ဆရာတော် ပျံလွန်တော်မူ၍ စလင်းမြို့ တစ်ယောက်သော မိန်းမ၏ဝမ်းတွင် ပဋိသန္ဓေနေသဖြင့် သက္ကရာဇ် (၉၄၀) ကိုးရာ့လေးဆယ်ပြည့်နှစ်တွင် ဖွားမြင်၍ (၁၃) တစ်ဆယ့်သုံးနှစ်သားရှိသောအခါ ရှင်သာမဏေပြုလုပ်၍ စာပေသင်ကြား၏။ ငါးဆူဒါယကာ သားတော် မင်းကြီးသည် ပြည်မြို့သို့ ပင့်သွားသဖြင့် ပြည်မြို့သို့ရောက်လျှင် "သာမဏေကျော်"ဟု ထင်ပေါ်ကျော်စောလေ၏။ သက္ကရာဇ် ၉၅၄-ခု၊ တစ်ဆယ့်ငါးနှစ်သားရှိသောအခါ "ဝေဿန္တရာပျို့"ကို ရေးသား၏။ သက္ကရာဇ် ၉၅၉-ခု ပြည်မြို့တွင် 'ရန်နိုင်မှူး'မင်းဖြစ်သောအခါ ရန်နိုင်မှူးမင်းက ပဋ္ဌင်းဒါယကာပြုလုပ်၍ ရဟန်းခံလေသည်။

နောက်ကာလ အနောက်ဘက်လွန်မင်းတရားကြီး ပြည်မြို့ကိုအောင်နိုင်၍ တောင်ဘီလာဆရာတော်အလောင်း ပဋ္ဌင်းငယ်ကို ပင့်ယူခဲ့ပြီးလျှင် အင်းဝမှာနေစေသည်။ နောက်ကာလ၌ မင်းရဲကျော်စွာ ဆောက်လုပ်သော ဧရာဝတီမြစ်နား လေးထပ်ကျောင်းကိုလည်း တင်လှူ၏။ အနောက်ဘက်လွန်မင်းတရားကြီးက "တိပိဋကာလင်္ကာရ" ဟူသော တံဆိပ်နာမံကိုလည်း လှူတော်မူ၏။

သာသနာသက္ကရာဇ် ၂၁၈၂-ခု၊ ကောဇာသက္ကရာဇ် (၁၀၀၀) တစ်ထောင်ပြည့်တွင် အသက်တော် ၆၀ ရှိပြီးဖြစ်၍ ထိုနှစ် တပေါင်းလပြည့်နေ့တွင် ရွာကျောင်းမှ ဖဲခွာ၍ တောင်ဘီလာ တောရကျောင်းမှာ သီတင်းသုံး နေထိုင်တော်မူ၏။ ထို့ကြောင့် 'တောင်ဘီလာဆရာတော်'ဟု ခေါ်ဆိုကြသည်။

တောင်ဘီလာကျောင်း၌နေ၍ နှစ်နှစ်ကျော်ကျော်ခန့်လောက်ရှိသောအခါ သာလွန်မင်းတရားကြီးသည် တောင်ဘီလာချောင်၌ ကျောင်းဆောက်၍ တင်လှူပြန်၏။ ထို တောင်ဘီလာဆရာတော်သည် ပြည်မြို့ နဝင်းကျောင်း 'အတုလဝံသမထေရ်'၏ အနွယ်အဆက်တည်။

(၆) ယသဝ မုနဝတ္ထုနှင့် ဝိနာယာလင်္ကာရ ဋီကာသစ်

ထို တောင်ဘီလာဆရာတော်သည် ပြည်မြို့ နဝင်းတောင်ကြား ရွှေကျောင်း၌ နေတော်မူစဉ်ကပင် ကျမ်းဂန်တတ်သော 'ပဋ္ဌင်းကျော်'ဟု ကျော်စောထင်ရှားခဲ့လေသည်။ စစ်ကိုင်း ဧရာဝတီမြစ်နား လေးထပ်ကျောင်း၌ နေတော်မူစဉ်က အဋ္ဌသာလိနီ ကျမ်းဦး ဂါထာနှစ်ဆယ် အဖွင့်ကျမ်းရိုး ဝိသတိဝဏ္ဏနာကို ပြုစီရင်သည်။ ထိုနောက် ကျောင်းဒါယကာ မင်းရဲကျော်စွာ တောင်းပန်၍ 'ယသဝမုနဝတ္ထု'ကိုလည်း ပြုစုစီရင်သည်။

http://www.dhammadownload.com

တောင်ဘီလာ တောဝင်၍နေသောအခါမှာလည်း ယခု ဝိနည်း သင်္ဂြိုဟ် ခေါ်ဆိုကြသော ဝိနယသင်္ဂဟ အဋ္ဌကထာ၏ အဖွင့် 'ဝိနယာလင်္ကာရ ဋီကာသစ်' ကို ပြုစီရင်သည်။

ထိုအခါ တောင်ဘီလာဆရာတော်နှင့် ဉာဏ်တူ ဝါတူ ဖြစ်တော်မူသော 'အရိယာလင်္ကာရမထေရ်' ဟု မထေရ်ကြီးတစ်ပါးလည်း ရှိသည်။

ထိုမထေရ်ကြီးနှစ်ပါးတို့တွင်-

- တောင်ဘီလာဆရာတော်သည် ဂန္ထန္တရ ဗဟုသုတအရာ၌ လွန်ကဲသည်။
- အရိယာလင်္ကာရ မထေရ်ကြီးသည် သဒ္ဒါအရာ ဓာတ် ပစ္စည်းကို ဝေဖန်ရာ၌ လွန်ကဲသည်။

နောက် သာလွန်မင်းတရားကြီးလက်ထက် ရောက်သောအခါ မထေရ်ကြီးနှစ်ပါးလုံးပင် မင်းဆရာဖြစ်၍ သာသနာကို ချီးမြှောက်တော်မူကြကုန်၏။

ထို့နောက် အရိယာလင်္ကာရ မထေရ်ကြီး ပျံလွန်တော်မူ၍ ၎င်းမထေရ်ကြီး၏ သဒ္ဒါ ဝိဟာရိက တပည့်ဖြစ်သော ဒုတိယ အရိယာလင်္ကာရ မထေရ်ကြီးအား ရာဇမဏ္ဍာစေတီတော်ကြီး၏ အနီး ဒက္ခိဏာရုံမည်သော ကျောင်းတိုက်ကို ဆောက်လုပ်၍ လှူဒါန်း၏။

(၇) သာလွန်မင်းတရားကြီးလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၁၇၈-ခု၊ ကောဇာသက္ကရာဇ် (၉၉၆) ကိုးရွာကိုးဆယ့်ခြောက်တွင် (သက္ကရာဇ် ၉၉၁-ခု ဟူ၍လည်း အဆိုရှိ၏။) သာလွန်မင်းတရားကြီးသည် ရတနာပုရ အင်းဝမြို့တော်၌ မင်းအဖြစ်သို့ရောက်၏။ ထိုမင်းတရားကြီးသည် သာသနာတော်၌ အလွန် ကျေးဇူးများလေသည်။

သီရိဓမ္မာသောကမင်းကြီးကဲ့သို့ မင်းအဖြစ်သို့ရောက်၍ လေးနှစ်ရှိမှ မုဒ္ဓါဘိသိက် ခံယူပြီးလျှင် "သီရိသုဓမ္မရာဇာမဟာဓိပတိ" ဟူသော တံဆိပ်နာမ်ကိုလည်း ခံယူလေသည်။ တိုင်းကားပြည်ရွာ သာလွန်အောင် အုပ်စိုးတော်မူခြင်းကြောင့် "သာလွန်မင်းတရား" တွင်သည်၊ ထိုမင်းတရားကြီးသည် အခါတစ်ပါး ဟံသာဝတီသို့ စုန်ဆင်းနေတော်မူ၏။ ထိုအခါ ရာမည်ဘိုင်းသား ရဟန်းရှင်လူတို့က-

'မြန်မာတိုင်းသား ရဟန်းများတွင် စာပေကျမ်းဂန် တတ်မြောက်သူလည်း မရှိ၊ ဗေဒင်ကျမ်း၌ လိမ္မာသူသည် မရှိ'

ဟု ပြစ်တင်ပြောဆိုကြလေသည်။ ထိုစကားကို သာလွန်မင်းတရားကြီး ကြားတော်မူ၍ အင်းဝမြို့ လေးထပ်ကျောင်းဆရာတော်အထံသို့ ထိုအကြောင်းကို လျှောက်ထား၍-

http://www.dhammadownload.com

'ဝါတော် ၃၀-၄၀ ရှိ ပရိယတ္တိအရာဒ္ဓလည်းကောင်း၊ ဗေဒင်အရာဒ္ဓလည်းကောင်း လိမ္မာတတ်မြောက်ကုန်သော ရဟန်းတော်များကို ရာမည့်တိုင်း ဒါယကာတော် တပည့် မင်းကြီးထံသို့ စေလွှတ်တော်မူပါဘုရား'

ဟု လျှောက်ထားလိုက်သဖြင့် လေးထပ်ကျောင်းဆရာတော်လည်း နောက်ပါသံဃာ သုံးကျိပ်မျှလောက်နှင့်-

(၁) တိပိဋကာလင်္ကာရမထေရ်

(၂) တိလောကလင်္ကာရမထေရ်

(၃) တိသာသနာလင်္ကာရမထေရ်

ဤမထေရ်သုံးပါးကို ရာမည်တိုင်း ဟံသာဝတီသို့ စေလွှတ်တော်မူလိုက်၏။ ဟံသာဝတီသို့ရောက်လျှင် မော်ဓောစေတီတော်မြတ်ကြီး၏ အရှေ့အရပ်၌ ကျောင်း ဆောက်၍ အင်းဝမှကြွလာသော သံဃာတော်တို့အား လှူဒါန်း၏။

ရံခါ ရံခါ ဥပုသ်နေ့များ၌ မော်ဓောစေတီ သုဓမ္မာဇရပ်တွင် ရာမည်တိုင်းသား ကျမ်းဂန်တတ်, ဗေဒင်တတ်, မထေရ်တို့ကို စည်းဝေးစေ၍ အင်းဝမှကြွလာသော မထေရ်သုံးပါးနှင့် 'ဓမ္မသာကစ္ဆာ ကထာသလ္လာပ'ကို ပြုစေ၏။ ထိုအခါ ရာမည်တိုင်းသား ရဟန်းရှင်လူများသည်-

'ရှေးအခါက မြန်မာနိုင်ငံ၌ ကျမ်းဂန်တတ်, ဗေဒင်တတ်, ရဟန်းမရှိဟု မှတ်ထင်နေကြရာ ယခုမှ မြန်မာတိုင်းဖွား ရဟန်းများသည် ကျမ်းဂန်အရာ ဗေဒင် အရာ၌ အလွန်တတ်မြောက် ရဲရင့်ကြောင်း သိရပေတော့သည်'

ဟု ချီးမွမ်းစကား ပြောရကားကြလေသည်။[၁]

ထိုအခါ ဟံသာဝတီ၌ 'တိလောကဂုရု'မည်သော မွန်ပုဂ္ဂိုလ်ကြီးသည် ရာမည တိုင်း၌ ကျော်စောထင်ရှားသော 'ပုဂ္ဂိုလ်ကြီး' 'မထေရ်ကြီး' ဖြစ်လေသည်။ ထို ရာမည တိုင်းသား မွန်ဘုန်းကြီး တိလောကဂုရုမထေရ်ကြီးကို လျှောက်ထားဝတ်ပြု၍ တိပိဋကာ လင်္ကာရ စသော အင်းဝမထေရ်များ အင်းဝသို့ ပြန်ကြွတော်မူကြ၏။

(၈) ဝိနည်း နိဿယရေး ရွှေဥမင်ဆရာတော်အကြောင်း

သာလွန်မင်းတရားကြီး လက်ထက်မှာပင် ဝိနည်းငါးကျမ်း ပါဠိတော် နိဿယ နှင့် ၎င်းအဋ္ဌကထာနိဿယကို စီရင်တော်မူသော ပုခန်းကြီးမြို့ ဇမ္ဗုဓဇ အမည်တော်

၁။ သာသနာလင်္ကာရစာတမ်း ၁၆၆။

http://www.dhammadownload.com

ရှိသော 'ရွှေဥမင်ဆရာတော်' ဘုရားကြီးလည်း ကျော်ကြားတော်မူသည်၊ ၎င်းဆရာတော် ဘုရားကြီး ရေးသားတော်မူခဲ့သော ဝိနည်းနိဿယများသည် သာသနာတော်၌ အလွန် ကျေးဇူးများလေသည်။

၎င်းဆရာတော်ဘုရားကြီး၏ ဝိနည်းနိဿယကိုပင် အမှီပြု၍ သင်ကြားပို့ချ ကြရလေသည်။ သာသနာ ငါးထောင်တိုင်အောင် ကျေးဇူးများလတ္တံ့။

ရွှေဥမင်ဆရာတော်နှင့် တောင်ဘီလာဆရာတော်တို့သည် တစ်ပါးကိုတစ်ပါး များစွာ အလေးဂရုပြုတော်မူကြ၏။

- ရွှေဥမင်ဆရာတော်ဘုရားသည် 'သဒ္ဓမ္မနန္ဒီမထေရ်'၏ သဒ္ဓိဝိဟာရိက တပည့်တည်း၊
- သဒ္ဓမ္မနန္ဒီမထေရ်သည်လည်း 'ဓောတိပုညမထေရ်'၏ သဒ္ဓိဝိဟာရိက တပည့်တည်း၊
- ဓောတိပုညမထေရ်သည် ပုဂံပြည် ရှင်အရဟံ၏ ဂိုဏ်းမှ ဆက်နွယ်လာသော မထေရ်တည်း။

(၉) ရွှေဥမင်ဆရာတော်နှင့် တောင်ဘီလာဆရာတော်

အခါတစ်ပါး တောင်ဘီလာဆရာတော်သည် ယခု မန်းစက်တော်ခေါ်သော 'ပါဒစေတီ'ကို ဘုရားဖူးသွားရာ အပြန် ပုခန်းကြီးမြို့ ရွှေဥမင်ဆရာတော်ထံဝင်၍ ရွှေဥမင်ဆရာတော်နှင့် ဆွေးနွေးတိုင်ပင်စကား ပြောဆိုကြ၏။ ထိုအခါ ရွှေဥမင်ဆရာ တော်နှင့် တောင်ဘီလာဆရာတော်ကြီးနှစ်ပါးသည် အချင်းချင်း ဖူးမြင်တွေ့ဆုံကြရ သဖြင့် လွန်စွာဝမ်းမြောက်ခြင်း ဖြစ်ကြကုန်၏။

ထိုမထေရ်ကြီးနှစ်ပါးသည် ဝါတော်အတူ ဖြစ်ကြသည်။ တောင်ဘီလာဆရာတော် ပြန်ကြွသွားရာ ဧမ္မုဓရွှေဥမင်ဆရာတော်က လိုက်ပို့ရာတွင် စကားဖြစ်ကြသည်ကား တောင်ဘီလာဆရာတော်က ရွှေဥမင်ဆရာတော်ကို ဤသို့ ပြောဆို၏။

"အရှင်ဘုရား၊ တပည့်တော်မှာ မင်းကျွမ်းဝင်၍ ရာဇဂုရု ဖြစ်ပါသည်။ အရှင် ဘုရားက ရှေ့ကကြွတော်မူပါ"

ဟု ပြောဆို၏။ ထိုအခါ ဧမ္မုဓဧ ရွှေဥမင်ဆရာတော်က ပြန်၍ပြောသည်မှာ–

'လောကဋ္ဌ ရာဇဂုရုရဟန်းမည်သည် ပြဋ္ဌာန်းသောအရာ၌ တည်၏။ အရှင် ဘုရားသာလျှင် ရှေ့ကကြွတော်မူပါ"

ဟု ပြန်ပြောသဖြင့် တောင်ဘီလာဆရာတော်က ရှေ့ကကြွရလေသည်။

http://www.dhammadownload.com

ဤအရာ၌ မထေရ်ကြီးနှစ်ပါးသည် အချင်းချင်း ရိုသေခြင်းကိုဖြစ်စေ၍ လောကဝတ်ကိုငဲ့၍ မိန့်ဆိုတော်မူကြသည် မှတ်ယူရာ၏။

တောင်ဘီလာဆရာတော် ရတနာပုရ အင်းဝသို့ ပြန်ရောက်သောအခါ ဓမ္မဓရ ရွှေဥမင်ဆရာတော်၏ ဂုဏ်ကျေးဇူးကို သာလွန်မင်းတရားကြီးအား ပြောကြားသဖြင့် သာလွန်မင်းတရားကြီးသည် အလွန်ကြည်ညိုခြင်းဖြစ်၍ 'ဓမ္မဓရ'အမည်ရင်းတွင် 'ဒီပ' သဒ္ဒါထည့်စွက်၍ 'ဓမ္မဒီပဓရ'ဟူသော တံဆိပ်ကို လှူတော်မူ၏။

(၁၀) သာလွန်မင်း အရေးတော်ပုံ

သက္ကရာဇ် (၁၀၀၉) တစ်ထောင့်ကိုးခုနှစ်တွင် ညီတော် မင်းရဲကျော်စွာ သေလွန်လျှင် သားတော် အမြင့်မြို့စား ရှင်တရပ် လုပ်ကြံသဖြင့် သာလွန်မင်းတရားကြီး ထွက်ပြေးတိမ်ရှောင်၍ လေးထပ်ကျောင်းဆရာတော်ထံ နေရလေသည်။

ထိုအခါ စံကျောင်းဆရာတော်က သံဃာတစ်ထောင်ခန့်တို့ကို ထီးရိုးတောင်ဝှေးလက်စွဲကိုင်စေလျက် အစောင့်အရှောက် ထားတော်မူ၏။

'မည်သူမှ လေးထပ်ကျောင်းတိုက်တွင်းသို့ မဝင်စေနှင့်'

ဟူ၍လည်း သံဃာတစ်ထောင်ခန့်ကို အမိန့်ပေးထားသည်။ ထိုအခါ သားတော် အမြင့်မြို့စား၏ စစ်သည်သူရဲများသည် မင်းကိုဖမ်းယူအံ့ဟု ကျောင်းသို့လာကြသော်လည်း ကျောင်းတွင်းသို့မဝင်ရန် သံဃာတော်များက ပိတ်ပင်တားဆီးသဖြင့် မဝင်နိုင်ဘဲ မင်းကိုဖမ်းယူခြင်းငှာ မစွမ်းနိုင်ကြလေ။ သံဃာတော်များကို ရိုသေသဖြင့်လည်း အတင်းအကျပ် နိုင်ထက်မူ၍ မဝင်ကြသဖြင့် သာလွန်မင်းတရားကြီးမှာ ချမ်းသာရာ ရရှိ၍ ကျောင်းမှာပင် တစ်လတိုင်တိုင် နေရလေသည်။

ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ငါးရက်နေ့မှ သားတော်ရန်ငြိမ်းအေးသဖြင့် တစ်ဖန် နန်းတော်သို့ဝင်တော်မူ၏။

(၁) ဤသို့ သာသနာပြု သာသနာ့ဒါယကာမင်းကို သံဃာတော်များ စောင့်ရှောက်ခဲ့ဖူးသော ထုံးတစ်ရပ်၊ (၂) သီဟိုဠ်ကျွန်း–သဒ္ဓါတိဿမင်းကြီးကိုလည်း ထိုအတူ ရဟန္တာသံဃာတော်များ စောင့်ရှောက်ခဲ့ဖူးသော ထုံးတစ်ရပ်၊ ဤထုံးများကို နှလုံးသွင်း၍ သာသနာတော်၌ ကျေးဇူးများသောသူကို သံဃာတော်များက စောင့်ရှောက်သင့်၏။

http://www.dhammadownload.com

(၁၁) ငရုနဲ့ နတ်စက်ရောင် ဆရာတော်

သာလွန်မင်းတရားကြီး နန်းတော်သို့ပြန်ရောက်သောအခါ ကျောင်းတွင်နေရစဉ် ငရုနဲမြို့သား ဗေဒင်တတ် ပဉ္စင်းတစ်ပါးက တွက်ချက်ပြီးလျှင်–

"ဒကာတော်မင်းကြီး မစိုးရိမ်လင့်၊ သီတင်းကျွတ်လမှာ ဒကာတော်မင်းကြီးသည် အောင်တော်မူလိမ့်မည်'

ဟု ဟောပြောပေးဖူးသည်ကို ကျေးဇူးတုံ့လှယ် ကိုးကွယ်လိုသဖြင့် စည်းခုံစေတီတော်ကြီး အရှေ့မြောက်ထောင့် နတ်စက်ရောင်အရပ်တွင် ကျောင်းဆောက်၍လှူသည်။ 'ဓမ္မနန္ဒရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူဒါန်းသည်။ ထိုမထေရ်၏အမည်ကို မွေးဖွားရာ ဇာတိမြို့ရွာနှင့် ကျောင်းဆောက်ရာအရပ်ကို အစွဲပြု၍ 'ငရုနဲ့ နတ်စက်ရောင် ဆရာတော်'ဟု ခေါ်ဆိုကြလေသည်။

(၁၂) ပစ္စုပ္ပန်ဆရာနှင့် သံသရာဆရာ

ထိုနှစ် သီတင်းကျွတ်လဆုတ် ဆယ့်လေးရက်နေ့တွင် အင်းဝ ရွှေမြို့တော်ရှိ အလုံးစုံသော မထေရ်တို့ကိုပင့်၍ နန်းတော်တွင်း၌ ဆွမ်းကျွေး၏။ ထိုအခါ သာလွန်မင်းတရားကြီးက လျှောက်ထားသည်မှာ–

'လေးထပ်ကျောင်း ဆရာတော်ဘုရားသည် တပည့်တော်မင်းကြီး၏ တမလွန်အကျိုးကို ရွက်ဆောင်တော်မူတတ်သောကြောင့် သံသရာအတွက် ဆရာဖြစ်သည်။ စံကျောင်းဆရာတော်မှာ ယခုပစ္စုပ္ပန်အကျိုးကို ရွက်ဆောင်တော်မူတတ်သောကြောင့် ပစ္စုပ္ပန်ဆရာဖြစ်သည်'

ဟု လျှောက်ထား၏။

ရာဇဝင်ဟောင်းမှာကား 'လေးထပ်ကျောင်း ဆရာတော်ကား ရဟန်းစစ်သည်။ ။ စံကျောင်းဆရာတော်ကား စစ်သူကြီးဖြစ်ထိုက်၏။ စစ်တိုက်ခြင်းအမှုဌ်လိမ္မာ၏'ဟု ဆိုသည်ဟု လာရှိ၏။

တမလွန်အကျိုးကိုရည်၍ လှူဒါန်းလျှင် လေးထပ်ကျောင်းဆရာတော်ကိုသာ ပင့်၍ လှူဒါန်းသည်။ စံကျောင်းဆရာတော်ကို မပင့်၊ ရံခါရံခါ ပစ္စုပ္ပန်အကျိုးကိုငဲ့၍လည်း စံကျောင်းဆရာတော်ကို ပင့်၍ လှူဒါန်း၏ဟုလည်း ဆို၏။

လေးထပ်ကျောင်းဆရာတော်ကား တူရွင်းခြေရှာလျှင် ဖွားရာဇာတိရှိ၍ အရိမဒ္ဒနာပုဂံပြည်ရှင် အရဟံကိုဏ်းလျှင် အမွန်ရှိ၏။ သိက္ခာကာမ ဝိနယ ကုက္ကုစ္စရှိ၏။

http://www.dhammadownload.com

(၁၃) ကောင်းမှုတော်ကြီး ခေါ် ရာဇမဏ္ဍိစူဠာ စေတီတော်ကြီး

နောက်ကာလ သာလွန်မင်းတရားကြီးသည် သိရိခေတ္တရာပြည် ဒွတ္တပေါင်မင်းကြီး၏ ကောင်းမှုတော် စေတီခြောက်ဆူတွင် 'သရမာစေတီ'[၁] ပုံကိုယူ၍ ယခု စစ်ကိုင်းတောင်ရိုး အနောက်ဘက်တွင် ထင်ရှားရှိသော 'ကောင်းမှုတော်ကြီး'ဟု ကျော်စောထင်ရှားလျက်ရှိသော 'ရာဇမဏ္ဍိစူဠာစေတီတော်ကြီး'ကိုလည်း တည်ထား ကောင်းမှု ပြုတော်မူ၏။ ထိုစေတီတော်ကြီးသည် အဝန်းအတောင် ၃၀၀–သုံးရာပမာဏ ရှိ၏။ အထက်အမြင့်လည်း ထိုမျှလောက် အတောင် ၃၀၀–ပင် ပမာဏရှိ၏။ ထို စေတီတော်ကြီး၏ လေးမျက်နှာမှာလည်း–

(၁) ပုဗ္ဗဝန်ကျောင်းတိုက်၊
(၂) ဒက္ခိဏဝန်ကျောင်းတိုက်၊
(၃) ပစ္ဆိမဝန်ကျောင်းတိုက်၊
(၄) ဥတ္တရဝန်ကျောင်းတိုက်၊

ဟု အမည်အသီးအသီးပေး၍ ကျောင်းတိုက်ကြီးလေးတိုက်ကိုလည်း တည်ထား ကောင်းမှု ပြုတော်မူ၏။

ထိုကျောင်းတိုက်ကြီး လေးတိုက်တို့တွင် မြောက်ဘက် ဥတ္တရဝန်ကျောင်းတိုက်ကို မိဃ်းကြိုး လောင်မီးကျ၍ မီးလောင်၏။ ကြွင်းသော သုံးတိုက်တို့၌ ပရိယတ္တိကောဝိဒ ဖြစ်တော်မူကုန်သော မထေရ်တို့အား တင်လျှ၏။ နောက်မင်းလက်ထက်မှ မြောက်ဘက် ဥတ္တရဝန်ကျောင်းတိုက်ကို ဆက်လက်၍ ဆောက်ပြန်၏ ဟူ၏။

သာလွန်မင်းတရားကြီးသည်လည်း ယခု ကောင်းမှုတော်ခေါ်သော ရာဇမဏ္ဍိစူဠာစေတီတော်ကြီးကို ထီးတော်မတင်ရသေးမီပင် နတ်ရွာစံတော်မူ၏။

(၁၄) ဒက္ခိဏဝန်မူ သဒ္ဒါကြီးနိဿယ သင်္ဂြိဟ်နိဿယနှင့် ဥာဿကျမ်း

ထိုကျောင်းတိုက်ကြီး လေးတိုက်တို့၌ သီတင်းသုံးတော်မူကြသော မထေရ်တို့တွင် ဒက္ခိဏာဝန် ဆရာတော်သည် 'အဘိဓမ္မတ္ထသင်္ဂြိဟ်နိဿယ'နှင့် 'သဒ္ဒါကြီးနိဿယ'ကိုလည်း စီရင်တော်မူ၏။ ထို သဒ္ဒါကြီးနိဿယကို 'သဒ္ဒါကြီးနိဿယ ဒက္ခိဏဝန်မူ' ဟု ခေါ်တွင်လျက်ရှိ၏။

၁။ ရာဇဝင်ကြီး၊ ရာဇဝင်သစ်များတွင် 'သရမာ'စေတီကို ဒွတ္တပေါင်မင်းကြီး ကောင်းမှုဟုဆိုသော်လည်း ထိုရာဇဝင်တို့ထက် ရှေးကျသော 'နဝဒေးရတု'တွင် ငတပါးမင်းကောင်းမှုဟု စပ်ဆိုပြထားသည်။

http://www.dhammadownload.com

မစ္ဆိမဝန် ဆရာတော်သည် 'ဉာသ်ကျမ်း'ကို သမ္မန်ခြောက်ပါးဖွင့်၍ ဝိဂြိုဟ်, ဝစနတ္ထ အရကောက်နှင့်တကွ 'ဉာသ်ကျမ်း'ကို စီရင်တော်မူ၏။[၁]

(၁၅) မင်းရဲရန္တမိတ်မင်းလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၁၉၂-ခု၊ ကောဇာသက္ကရာဇ် (၁၀၁၀) တစ်ထောင့်တစ်ဆယ် ပြည့်နှစ် သာလွန်မင်းတရားကြီး နတ်ရွာစံလျှင် သားတော် မင်းရဲရန္တမိတ်မင်းသည် အင်းဝ၌ မင်းပြုတော်မူ၏။ 'သိရိနန္ဒမဂ္ဂရာဇာပဝရာဓိပတိ'ဟူသော တံဆိပ်နာမ်ကိုလည်း ခံယူတော်မူ၏။ ထိုမင်းသည် ခမည်းတော်မင်းကြီး စံနေတော်မူသော ရာဇမဏ္ဍိုဠ္ဍာ စေတီတော်ကြီး ပွဲသဘင် စံနန်းတော်ကိုဖျက်၍ ကျောင်းဆောက်ပြီးလျှင် 'တိလောကာ လင်္ကာရမထေရ်'အား တင်လှူ၏။ တိလောကာလင်္ကာရ မထေရ်ဟူသည် 'တိပိဋကာ လင်္ကာရ တောင်ဘီလာဆရာတော်'နှင့် ဉာဏ်တူ ဂုဏ်တူ ဖြစ်တော်မူသော 'ပထမ အရိယာလင်္ကာရမထေရ်ကြီး'၏ တပည့်တည်း။

(၁၆) နိရုတ္တိမဉ္ဇူသာ ဋီကာ

စစ်ကိုင်းဘက် လေးထပ်ဘုံသာ တုလွတ်ကျောင်းကိုလည်း ဆောက်လုပ်၍ 'ဒါဠာနာဂရာဇဂုရုမထေရ်'အား တင်လှူ၏။ ထိုမထေရ်သည်လည်း နျာသအဖွင့် 'နိရုတ္တိမဉ္ဇူသာဋီကာ'ကျမ်းကို စီရင်တော်မူ၏။[၂]

ကောဇာသက္ကရာဇ် ၁၀၂၃-ခုနှစ်၌ တရုတ်စစ်သည်ရောက်၍ မြန်မာတိုင်း အင်းဝကိုဖျက်ဆီးသဖြင့် သာသနာ ညှိုးနွမ်းလေသည်။

ဤအခါတွင် စံကျောင်းဆရာတော်နှင့် လောကုတ္တရာဆရာတော်တို့ကို တရုတ် စစ်သည်များမိ၍ သတ်ကြသည့်ပြင် လေးထပ်ကျောင်းကြီးကိုလည်း မီးတိုက်၍ ဖျက်ဆီး လိုက်ကြလေသည်။

(၁၇) ပြည်မင်းလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၂၀၅-ခု၊ ကောဇာသက္ကရာဇ် ၁၀၂၃ ခုနှစ်တွင် ညီတော် ပြည်မင်းသားသည် အင်းဝ၌ မင်းအဖြစ်သို့ရောက်၏။ 'မဟာပဝရဓမ္မရာဇာလောကာ ဓိပတိ'ဟူသော တံဆိပ်နာမ်ကိုလည်း ခံယူ၏။ ထိုမင်းသည် ဇာတာတော်မသန့်စင်ဟု ဗေဒင်ပညာရှိများ ထွက်ဆိုသဖြင့် မူလနန်းတော်မှ ခေတ္တပြောင်းရွှေ့၍ မြောက်နန်းတော်

၁။ မှန်နန်း၊ တ၊ ၂၄၆၊ ၇။ သာသနာလင်္ကာရစာတမ်း၊ ၁၇၁၊ ၂။
၂။ သာသနာလင်္ကာရစာတမ်း၊ ၁၇၂။

http://www.dhammadownload.com

တောင်နန်းတော် ဆောက်လုပ်၍ စံနေသည်။

ထို့နောက် မြောက်နန်းတော်ကိုဖျက်၍ ထိုနေရာ၌ပင် ကျောင်းဆောက်၍ မဟာထေရ်တစ်ပါးအား လှူဒါန်းသည်။ ထိုမထေရ်ကို "မြောက်နန်းကျောင်းဆရာတော်" ဟု ခေါ်ဆိုကြလေသည်။

တောင်နန်းတော်ကိုလည်း ဖျက်၍ မြို့၏အရှေ့အရပ်၌ ကျောင်းဆောက်၍ 'အဂ္ဂမဟာလင်္ကာရမထေရ်'အား လှူဒါန်းသည်။

(၁၈) နန်းကျောင်းမူ သဒ္ဒါကြီးနိသယနှင့် အဘိဓမ္မာဥပါ အကောက်ကျမ်းများ

ထိုမထေရ်သည် သဒ္ဒါကြီးနိသယကို စီရင်သည်။ ထိုသဒ္ဒါကြီးနိသယကို 'နန်းကျောင်းမူ'ဟု ခေါ်ဆိုလျက်ရှိ၏။

သင်္ကြိုဟ်ကျမ်းရိုး မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းအကောက်များကိုလည်း ရေးသားတော်မူ၏။

အိမ်ရှေ့မင်းသားကလည်း တံတားဦးလယ်ပြင်တွင် ရွှေကျောင်းဆောက်လုပ်၍ မြောက်နန်းကျောင်း ဆရာတော်တပည့် 'ဇိနာရာမမထေရ်'အား လှူဒါန်းသည့်ပြင် တံတားဦးတွင်ပင် မှန်စီကျောင်းဆောက်ပြန်၍ ချင်းတွင်းရွာနေ 'ရှင်ဂုဏာဂန္တ'အား လှူဒါန်း၏။

မောင်းထောင်ရွာ ရှင်ဂုဏာသာရမထေရ်၊ ပလိုင်းရွာ ရှင်သုဇာတမထေရ်တို့သည် မှန်စီကျောင်း ရှင်ဂုဏာဂန္ထ၏ တပည့်တို့တည်း။

(၁၉) ရာဇဝင်ချုပ်

အဂ္ဂမဟာလင်္ကာရမထေရ်သည် မင်းက တောင်းပန်၍ 'ရာဇဝင်ချုပ်'ကိုလည်း ရေးသားသည်။[၁]

(၂၀) တိလောကဂုရုမထေရ်အကြောင်း
လူထွက်ယောကျ်ားများ၏ မယား,မဖြစ်လိုသော အမျိုးသမီး

သာသနာသက္ကရာဇ် ၂၂၁၆-ခု၊ ကောဇာသက္ကရာဇ် (၁၀၃၄) တစ်ထောင့်သုံးဆယ့်လေးခုနှစ်တွင် အင်းဝမှာ နရာဝရမင်း နန်းတက်၏။ 'မဟာသီဟသူရဝမ္မရာဇာ'ဟူသော တံဆိပ်နာမံကိုလည်း ခံယူ၏။ ထိုမင်းလက်ထက် စည်းခုံစေတီတော်၏အနီး ဇေတဝန်

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၇၃။

http://www.dhammadownload.com

ကျောင်း၌ စာသင်နေသော ပဉ္စင်းပျိုတစ်ပါးသည် ကျမ်းဂန်၌လည်း လိမ္မာတတ်မြောက်လျက် စိတ်ဖောက်ပြန်၍ လူထွက်လိုသဖြင့် အဖော်ရဟန်းများနှင့်တကွ မြစ်ဆိပ်သို့ သွားရာလမ်းခရီးတွင် အကြံဖြစ်သည်မှာ–

'ငါသည် လူထွက်တော့မည်။ လူမထွက်သေးမီ သင်္ကန်းဝတ်နှင့် စေတီကို ရှိခိုးမည်'

ဟု ကြံပြီးလျှင် အဖော်ရဟန်းများထံ လူဝတ် လူစား ပုဆိုးအင်္ကျီများကို အပ်ထားခဲ့၍ စေတီလိုဏ်တွင်းသို့ဝင်၍ ဘုရားရှိခိုး၏။

ထိုအခါ တစ်ယောက်သော သတို့သမီးသည်လည်း လိုဏ်ဝက နေ၍ ရေလျှုဒါန်းပြီးလျှင်–

'ဤသို့သောကောင်းမှုကြောင့် အပါယ် စသော ဆင်းရဲအပေါင်းမှ လွတ်ရပါလို၏။ ဖြစ်လေရာဘဝ၌လည်း (လူထွက်ယောကျ်ားများ) အလုပ်အကျွေးမယား မဖြစ်ရလို၏'ဟုလည်း ဆုတောင်းလေသည်။ ထိုဆုတောင်းသံကို ကြားသဖြင့် လိုဏ်တွင်းက လူထွက်လိုသော ရဟန်းပျိုသည် လိုဏ်မှထွက်၍မေးရာ–

'လူထွက်မယား မဖြစ်ရပါလို၏ဟု ဆုတောင်းသည်ကား လူမိုက်မယား မဖြစ်ရပါလို၏ဟု ဆိုလိုသည်။ မြင့်မြတ်သော ရဟန်းအဖြစ်မှ ရွေ့လျော၍ လူထွက်လာသောသူထက် မိုက်မဲတွေဝေသောသူ လောကမှာမရှိ'

ဟု ဆိုသည်ကို ကြားရသဖြင့် သတိရ၍ လူမထွက်တော့ဘဲ စစ်ကိုင်းဘက်သို့ ကူးသွားပြီးလျှင် ကျမ်းဂန်တတ် မထေရ်ကြီးတို့၏ နည်းကိုယူ၍ စာပို့ချလေရာ ရဟန်းသာမဏေ စာလိုက် စာသင် ပရိသတ် များပြားလှသဖြင့် ကျောင်းမဆန့်သောကြောင့် ထီးဆောင်း၍ စာလိုက်ရသည်ဟူ၏။

တစ်နေ့သ၌ နရာဝရမင်းသည် ပုညရင်စေတီကို ရှိခိုးအံ့ဟု ထွက်သွားရာ ပုညရင်စေတီယင်ပြင်သို့ရောက်၍ ဘုရားရှိခိုးပြီးလျှင် ကြည့်ရှုရာ ထီးဆောင်းလျက် စာလိုက်နေသော ရဟန်း သာမဏေတို့ကို မြင်၍ လိုဏ်နှင့်တကွသော ကျောင်းကိုဆောက်၍ လှူ၏။ 'တိလောကဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူ၏။ ထိုမထေရ် နေရာချောင်ကို ယခုထက်တိုင် 'တိလောကဂုရုချောင်'ဟု စစ်ကိုင်းတောင်ရိုးမှာ ကျော်စောထင်ရှားလျက်ရှိ၏။[၁]

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၇၅။

http://www.dhammadownload.com

(၂၁) ပရိတ်ကြိုး ဋီကာ ပြဿနာ

'ပရိတ်ကြိုး ဋီကာ'ပြု ရှင်တောဓောဒိပသည် တိလောကဂုရုမထေရ်၏ သဒ္ဒါဝိဟာရိက တပည့်ဖြစ်၏။ နောက်ကာလ 'တိလောကလင်္ကာရ'ဟူသော ဘွဲ့တံဆိပ်ကို မင်းကလျှ၏။ နရာဝရမင်း လက်ထက်မှာပင် ပရိတ်ကြိုး ဋီကာကို ရေးသည်ဆို၏။

အနောက်ဘက်လွန်မင်းတရား လက်ထက်မှာ 'ပရိတ်ကြိုး ဋီကာ'ကို ရေးသည်ဆိုသော အယူသည် ကေစိဟု သာသန ဝံသပွဒီပိကာမှာ ဆို၏။ ယခုရှိ ပရိတ်ကြိုး ဋီကာနိဂုံးမှာကား သက္ကရာဇ် (၉၇၁) ကိုးရာခုနစ်ဆယ့်တစ်ဟု ဆိုသည်။ အနောက်လွန်မင်းလက်ထက်နှင့် တိုက်ဆိုင်သည်။

(၂၂) ရမည်းသင်းမင်းကြီးလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၂၁၇-ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၀၃၅) တစ်ထောင့်သုံးဆယ့်ငါးခုနှစ်တွင် ညီတော်ရမည်းသင်းမင်းကြီး မင်းရဲကျော်ထင် မင်းဖြစ်တော်မူ၏။ 'သိရိပဝရ မဟာဓမ္မရာဇာ'ဟူသော တံဆိပ်နာမံကိုလည်း ခံယူတော်မူ၏။ ဝမ်းဘဲအင်းမှာ နန်းတော်ဆောက်လုပ်၍ စံနေ၏။ ထို့ကြောင့် 'ဝမ်းဘဲအင်းစံ မင်းတရား'ဟု အမည်တွင်လေသည်။ ၎င်းဝမ်းဘဲအင်းမှာ ကျောင်းဆောက်၍ ကျောင်း၏ အမည်မှာ 'အောင်မြေဘုံကျော်'ဟု အမည်ပေးပြီးလျှင် 'သိရိသဒ္ဓမ္မမထေရ်'အား တင်လျှ၏။[၁] များစွာသော ဂါမဝါသီ ရဟန်း၊ အရညဝါသီ ရဟန်းတို့အားလည်း လှူဒါန်းချီးမြှင့်၏။

ရတနာပုရ အင်းဝမြို့မှာ ညောင်ရမ်းဆယ်ဆက်ရှိသည်တွင် နောက်ငါးဆက်သောမင်းတို့သည် လဒ္ဓီ အလဒ္ဓီ မရွေးချယ်ဘဲ လှူဒါန်းချီးမြှောက်ကုန်၏။ ထို့ကြောင့် နောက်ငါးဆက်သောမင်းတို့၏ လက်ထက်မှာ သာသနာ အလွန်မစင်ကြယ် ဖြစ်လေသည်။ လဒ္ဓီ ရဟန်းကောင်း ပုဂ္ဂိုလ်များလည်း မိမိတို့၏ အနွယ် အဆက် မပြတ်အောင် စောင့်ရှောက်ကြ၏။ အလဒ္ဓီပုဂ္ဂိုလ်တို့သည်လည်း ထို့အတူ မိမိတို့၏ အာစရိယ ပဝေဏီ အစဉ်အလာကို မပြတ်အောင် စောင့်ရှောက်ကြလေသည်။

ထို ရမည်းသင်းမင်းကြီးလက်ထက် ငရဲနဲ့ နတ်စက်ရောင်ဆရာတော်ကို လောက, ရာဇ, ဓမ္မအကြောင်းများ၌ လျှောက်ထားတိုင်ပင်တော်မူသည်၊ သက္ကရာဇ် ၁၀၃၈-ခုနှစ်

၁။ စေတီယကထာ ရာဇဝင်ချုပ်တွင် 'အောင်မြေ တုလွတ် လေးထပ်ကျောင်း' စောင်းတန်း ၅ ဆူနှင့်ဆောက်၍ စစ်ကိုင်း နတ်စက်ရောင်အရပ်၌နေသော သူမြတ်ကို 'သိရိသဒ္ဓမ္မယောသ မဟာရာဇဂုရု'တံဆိပ် အပ်၍ တင်လှူသည်ဟုဆို၏။

http://www.dhammadownload.com

ရောက်သောအခါ နတ်စက်ရောင် ဆရာတော် စီမံချက်အတိုင်း ဘေးကင်းစိမ့်သောဌာ
ဂူတော်သစ် ပဋ္ဌာန်းစရပ်တွင် ကဆုန်လပြည့်ကျော် ရှစ်ရက်နေ့ကစ၍ မြန်မာဆရာတော်
များ ပဋ္ဌာန်းတရားဟောရသည်။ နယုန်လဆန်း ၁-ရက်နေ့မှ မွန်တလိုင်းဘုန်းကြီးများ
ၾင်းစရပ်တွင် ပဋ္ဌာန်းတရားဟောရသည်။ ပွဲသဘင်ခင်းကျင်း၍ တိုင်းသူပြည်သားတို့
ကိုလည်း ပူဇော်သက္ကာရကို ပြုစေသည်။

(၂၃) ရွှေရေး ပိဋကပေါ်ပေါက်လာခြင်း

ထိုမင်းလက်ထက် ပေကို သစ္စေး သားရိုးတို့ဖြင့် ကိုင်၍ ဆေးဒါန်းဖြင့် အက္ခရာ
ရေးသားပြီးလျှင် ရွှေမွမ်းမံခြယ်လှယ်၍ ပိဋကသုံးပုံကို ထားတော်မူ၏။

ထိုမင်းလက်ထက်ကစ၍ ရွှေရေး ပိဋက ပေါ်လေသည်။ ရှေးမင်းများလက်ထက်
မှာ ကညစ်ရေး မင်ရေး ပိဋကတ်သာရှိသည်။

(၂၄) အတင်ဂိုဏ်း-အရံဂိုဏ်း ကွဲပြားခြင်းအစ

သာသနာသက္ကရာဇ် ၂၂၄၂-ခု၊ ကောဇာသက္ကရာဇ်.(၁၀၆၀) တစ်ထောင့်ခြောက်
ဆယ်ပြည့်နှစ်တွင် ရမည်းသင်းမင်းကြီး သားတော် အိမ်ရှေ့မင်း နန်းတက်၏။ "သိရိ
မဟာ သီဟသူရ ဓမ္မရာဇာ"ဟူသော တံဆိပ်နာမ်ကို ခံယူတော်မူ၏။ ခမည်းတော်
မင်းကြီး၏ အိမ်တော်နေရာ၌ စေတီတည်၍ "မာရ်အောင်ရတနာစေတီ"ဟု ကမ္ဘည်း
တပ်၏။

ထိုမင်းလက်ထက် သလ္လာဝတီ ချင်းတွင်းမြစ်၏အနောက်ဘက်၊ တုန်ရွာကျောင်း
နေ "ရှင်ဂုဏာလင်္ကာရမထေရ်"သည်လည်း[၁] သာမဏေများကို ရွာတွင်းသို့ဝင်သော
အခါ သင်္ကန်းကိုမရုံစေဘဲ လက်ဝဲတစ်ဘက်ပခုံးထက်၌သာ တင်စေ၍သာ ဝင်စေသည်။
ယပ်ကိုလည်း ကိုင်စေသည်။ "တုန်ဂိုဏ်း"ဟူ၍ ဂိုဏ်းသီးထောင်ပြီးလျှင် တုန်ရွာမှာ
နေလေသည်။

ၾင်းမင်းလက်ထက် ၾင်းမထေရ်ကစ၍ "အတင်ဂိုဏ်း" ဖြစ်ပေါ်လာသည်။
"အတင်တုန်ဂိုဏ်း"အစ တည်ထောင်သော ရှင်ဂုဏာလင်္ကာရမထေရ်သည် ပါဠို,
အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့၌ ယထာဘူတ ကျန, ဟုတ်မှန်စွာ မတတ်မြောက်၊
အဘိဓမ္မာ ပိဋကတ်ကိုသာလျှင် တပည့်များအား အချ အပို့ များသည်ဟု အဆိုရှိ၏။

၁။ ရှင်ဂုဏာဘိလင်္ကာရဟု၊ သီလဝိသောဓနီကျမ်း-၉၇၊ သာသနာလင်္ကာရစာတမ်း၊ ၁၈၁၊
ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ပ၊ ၇၀။ ရှင်ဂုဏာသီရိ၊ ဝံသဒီပနီ-၁၄၃။

http://www.dhammadownload.com

ထိုအခါ-

(၁) ကေတုမတီ တောင်ငူမြို့၌နေသော အရှင်ဗုဒ္ဓကုံရမထေရ်၊

(၂) အရှင်စိတ္တမထေရ်၊

(၃) ဒီပဲယင်းမြို့ ကျေးလက်တောရွာနေ အရှင်သုနန္ဒမထေရ်၊

(၄) တရုတ်မြို့ ငရဲ့အိုးရွာနေ အရှင်ကလျာဏမထေရ်၊

ဤမထေရ်လေးပါးတို့သည် သာမဏေတို့အား ရွာဝင်သောအခါ ပါဠိတော် အဋ္ဌကထာ လာတိုင်း သင်္ကန်းရုံ ယပ်ကိုင်စေရန် မိမိတို့၏ တပည့်ဂိုဏ်းဂဏကိုသာ အသီးအသီး ဆုံးမ၍နေကြကုန်၏။ ထိုမထေရ်တို့သည် ပိဋကတ်ကျမ်းဂန်၌ လိမ္မာတော်မူကြသော်လည်း မင်းက အမှုမဲ့အမှတ်မဲ့ မေ့လျော့ကာနေသဖြင့် ကျမ်းဂန်ပါဠိလာရှိသည်အတိုင်း မပြောဆိုကြလေ။

(၂၅) စူဠဂဏ္ဌိကျမ်း

အတင်ဂိုဏ်းဆရာတို့မှာကား ပါဠိ, အဋ္ဌကထာ, ဋီကာ, အကိုးအကား အခိုင်အမာမရှိသဖြင့် မြတ်စွာဘုရားမျက်နှာတော်ကို မထောက်မထားဘဲ-

"ငါတို့ အတင်သင့် ဝါဒသည် သီဟိုဠ်မှရောက်လာသော သဒ္ဓမ္မစာရီမထေရ်၏ အနွယ်အဆက်ဖြစ်သည်"

ဟူ၍လည်း မဟုတ်မလျား အနွယ်အဆက် ရှာကြကုန်၏။

ဖျသီးဆယ်ရွာ ဒုဿီလ ရဟန်းလူထွက်ကြီးကိုလည်း တံစိုးလက်ဆောင်ပေး၍ မိမိတို့ဝါဒနှင့်လျော်ညီအောင် 'စူဠဂဏ္ဌိကျမ်း'၌ စကားဖြည့်စွက်စေသည်လည်းဟူ၏။

ထိုမင်းလက်ထက် ထိုကာလ၌ပင် ညောင်စဉ်ရွှေကျောင်းနေ ဆရာတော်သည် မိမိဂိုဏ်းဂဏကို စုရုံး၍-

'ဦးထုပ် ဒေါက်ချာ မဆောင်းသော အရည၀ါသီ လဒ္ဓိသူတော်ကောင်း ရဟန်းတို့ကို မင်္ဂလာမရှိသော ရဟန်းတို့'

ဟူ၍ သမုတ်ပြီးလျှင် အနိုင်အထက်ပြု၍ နှင်ထုတ်ကြကုန်၏။

ထို့နောက် ဆင်တဲရွာ၏ အရှေ့တောင်၊ သူဌေးကန်၏အနောက်တောင် တောကျောင်းနေ ရဟန်းငါးဆယ်ကျော်တို့ကို ဖျက်ဆီးအံ့ဟု ဂါမ၀ါသီ ဦးထုပ် ဒေါက်ချာဆောင်း ရဟန်းတို့ စုရုံး၍သွားကြပြန်ရာတွင် မာရ်အောင်ရတနာစေတီ ဒါယကာမင်း သိ၍-

http://www.dhammadownload.com

'ဂါမဝါသီဂိဏ်းလည်း တစ်ဂိဏ်း၊ အရညဝါသီဂိဏ်းလည်း တစ်ဂိဏ်း၊ ဤသို့ အသီးအခြားဖြစ်သည်၊ ဂါမဝါသီဂိဏ်းသား ရဟန်းများက အရညဝါသီဂိဏ်းသား ရဟန်းများကို ဖျက်ဆီးခြင်းငှာ မသင့်၊ မိမိတို့၏ ဝါဒအားလျော်စွာ နေထိုင်စေ'[၁] ဟု-အမိန့်တော်ပြန်၍ တားမြစ်မှ အရညဝါသီရဟန်းများမှာ ချမ်းသာရာရလေသည်။

ထို့နောက် သက္ကရာဇ် ၁၀၇၆-ခုနှစ်တွင် နန်းတက်သော သားတော် 'လောက မာရ်အောင် စေတီဒါယကာ တနင်္္ဂနွေမင်း'ဟူ၍လည်းကောင်း၊ 'ဆင်ဖြူရှင်'ဟူ၍ လည်းကောင်း အမည်တွင်သော မင်းလက်ထက်မှာလည်း အတင်ဂိဏ်းဝါဒ, အရံဂိဏ်း ဝါဒ မပြီးပြတ်လေ၊ ထိုမင်းလက်ထက် ကျမ်းဂန်ကျနသော ရှင်ဥက္ကံသမာလာ စသော မထေရ်တို့ရှိသော်လည်း ကျမ်းဂန်မကျနသော မထေရ်လေးပါးကို ဝိနည်းခိုရ် အရာထား၍ မင်းက ဆုံးဖြတ်စေသောကြောင့် အမှုမပြီးလေ။

ထို့နောက် သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် နန်းတက်သော လောကသရဘူ စေတီ ဒါယကာ ဟံသာဝတီရောက် မင်းလက်ထက်၌ အဋ္ဌသာလိနီဂဏ္ဌိ, မဂဓအဘိဓာန် နိဿယ စသော ကျမ်းပေါင်းများစွာ စီရင်တော်မူသော 'ပထမ ကျော်အောင်စံထား ဆရာတော်'စသော ကျမ်းဂန်တတ်မထေရ်ကြီးများသည် ထိုမင်းလက်ထက်တွင် 'အတင် ဂိဏ်းဝါဒ၊ အရံဂိဏ်းဝါဒ နှစ်ပက္ခ ကွဲပြားလာသည်ကို ငြိမ်းစေအံ့'ဟု ကြဲသော်လည်း ထိုအဓိအရဏ်းမငြိမ်းလေ။ မင်းသည် မိမိနှင့်အကျွမ်းဝင်သော မထေရ်တစ်ပါးကို ဆုံးဖြတ်ခြင်းငှာ ဝိနယဓရ အရာ၌ထား၍ ဆုံးဖြတ်စေသဖြင့် ၎င်းရာဇဝင်္လဘမထေရ်ကြီး သည်လည်း ပါဠိအဋ္ဌကထာဋီကာတို့၌ မကျွမ်းကျင် မလိမ္မာလေ။ ထို့ကြောင့် အဓိကရဏ်း မငြိမ်းလေသည်။ ကျော်အောင်စံထားဆရာတော်ကြီးကား အရံဂိဏ်းဝင် ဆရာတော် ဖြစ်သည်။

ထို့နောက် သာသနာသက္ကရာဇ် ၂၂၉၅ ကောဇာသက္ကရာဇ် (၁၁၁၃) တစ်ထောင့် တစ်ရာ့တစ်ဆယ့်သုံးခုနှစ် လောကသရဘူစေတီ ဒါယကာ ဟံသာဝတီရောက် မင်း တရားကြီးလက်ထက်မှာပင် ရတနာပုရ အင်းဝပျက်လေသည်။ မင်းဆက် ၃၂-ဆက် ရှိလေပြီ။

၁။ သာသနာလင်္ကာရစာတမ်း-၁၈၂၊ [၁]သီလဝိသောဓနီ-၇၅။

http://www.dhammadownload.com

ကုန်းဘောင်ခေတ် သာသနာ

(၁) ရတနာသိခံ-ရွှေဘိုသာသနာ

သာသနာသက္ကရာဇ် ၂၂၉၆ ကောဇာသက္ကရာဇ် (၁၁၁၄) တစ်ထောင့်တစ်ရာ့ တစ်ဆယ့်လေးခုနှစ်တွင် အရိမဒ္ဒနာ ပုဂံပြည် နရပတိစည်သူမင်းကြီး၏ ဆွေတော် အစဉ် မျိုးတော်အဆက်မှ ဆင်းသက်လာသည့် မုဆိုးဘိုရွာလျှင် ဖွားရာဇာတိရှိသော အလောင်းမင်းတရားကြီး 'ဦးအောင်ဇေယျ'သည် ရာမညတိုင်း တလိုင်းသုံးရပ်ကို အောင်မြင်၍ မြန်မာနိုင်ငံလုံးကို သိမ်းကျုံးပြီးလျှင် ရွှေဘိုဌာန အောင်ဒေသ၌ ရတနာသိခံမြို့တော်ကြီးနှင့်တကွ ရွှေနန်းပြာသာဒ် တည်ထောင်တော်မူ၍ စိုးစံတော်မူ၏။

ထိုမင်းလက်ထက် မြန်မာနိုင်ငံတော်အလုံး အေးချမ်းသာယာ ကိုယ်စိတ်ချမ်းသာကြသဖြင့် မင်းနှင့်တကွ လူအပေါင်းတို့သည် တစ်လလျှင် လေးသီတင်းမပျက် ဥပုသ်စောင့်သုံးခြင်း အလှူဒါနပြုခြင်း စသော ကုသိုလ်ကောင်းမှုကို အားထုတ်ကြသဖြင့် သာသနာတော် အလွန်စည်ကား ထွန်းလင်းလေသည်။

ထိုမင်းလက်ထက် နိုင်ငံအေးချမ်းသာယာသဖြင့် နိုင်ငံသူ လူအပေါင်းတို့သည် ထိုမင်းကြီးကို 'ဘုရားလောင်းမင်းကြီး'ဟု ခေါ်ဝေါ်ကြကုန်၏။ ထို့ကြောင့် 'အလောင်းမင်းတရားကြီး'ဟု ယနေ့ထက်တိုင်အောင် ခေါ်ဝေါ်ရေးသားကြကုန်သည်။

(၂) အတုလယသ မထေရ်

ထိုမင်းကြီးသည် မိမိနှင့် တိုင်းပြည်ပြုဖက်ဖြစ်သည့် ဒီပဲယင်းမြို့နယ် ကျေး ၉-ကျေး အဝင်အပါ ဥသျစ်ကျေးရွာဇာတိဖြစ်သော 'ယသမထေရ်'ကို မင်းဆရာပြု၍ ကိုးကွယ်လေ၏။ 'မဟာအတုလ ယသမမ္မရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူဒါန်း၏။ ထိုအတုလယသမထေရ်သည် အတင်ဂိုဏ်း အရံဂိုဏ်း ကွဲပြားလာရာ အဓမ္မဝါဒီ အတင်ဂိုဏ်းဝင်ဖြစ်သည်။[၂]

ထိုအခါ၌ အရံဂိုဏ်းဝင် ပလိုင်းရွာ၌ သီတင်းသုံးသော အရှင်သုဇာတမထေရ် စသော သံဃာများက-

---

၁။ ရတနာအပေါင်းတို့၏ စုဝေးရာ တိုင်းပြည်တကာတို့၏ အထွတ်ဦးစွန်းသဖွယ်ဖြစ်သော မြို့ဟု အဓိပ္ပာယ်ရသည်။ (သိခံ-သိခ-ဦးစွန်းဟော။)

၂။ ဝံသမာလာ၌ကား အရံဂိုဏ်း-အတင်ဂိုဏ်း ၂-မျိုးလုံးပင် ဓမ္မဝါဒီဖြစ်ကြောင်း သာမဏေတို့ကို ဆုံးမရာ၌သာ သဘောကွဲလွဲကြောင်း ပါရှိသည်။

http://www.dhammadownload.com

'သာမဏေတို့ ရွာဝင်သောကာလ၌ သင်္ကန်းရုံ၍ ဝင်ရာ၏'
ဟု မေတ္တာစာရေး၍ မင်းထံဆက်သွင်းပါသော်လည်း 'အတုလယသ' စသော အတင်ဂိုဏ်းဝင်သံဃာများက–

'ရှေးမင်းများလက်ထက်ကပင် အဓိကရဏ်း ငြိမ်းပြီးဖြစ်သည်'
ဟု စာတင် ဆက်သွင်းကြလေသည်။

ထိုအခါ အလောင်းမင်းတရားကြီးသည် နှစ်ပက္ခဝါဒကို ဆိုစေလိုသော်လည်း–

'ယခုအခါမှာ မင်းနှင့်စပ်သော တိုင်းရေးပြည်ရေးအမှု ရှုပ်ထွေးသေးသည်။ သာသနာရေးနှင့်စပ်သောအမှု နေပါလေစေဦး။ မင်းနှင့်စပ်သောအမှုကိုသာ ရှေးဦးစွာ ရှင်းလင်းအားထုတ်ဦးမည်၊ နောက်မှ သာသနာနှင့်စပ်သောအမှုကို ပြုလုပ်ရှင်းလင်းမည်'
ဟု မင်း၏အမိန့်စာ ရေးသားသည်။ ထို့ကြောင့် ထိုမင်းကြီးလက်ထက်မှာ အတင်သင့် အရုံသင့် ဟူသော ငြင်းခုံခြင်း ဝိဝါဒါဓိကရဏ်း မငြိမ်းဖြစ်လေသည်။

(၃) ကျောင်းတော်နှင့်နန်းတော် မိုးကြိုးစခြင်း

အခါတစ်ပါး၌ ထိုမင်းကြီးသည်–

'ဤနိုင်ငံတော်အတွင်း၌ နေထိုင် သီတင်းသုံးတော်မူကြကုန်သော ရဟန်းသံဃာတို့သည် မင်းဆရာ၏ အလိုအယူသို့လိုက်၍ ကျင့်ကြံနေထိုင်ကြရမည်'
ဟု အမိန့်ပြန်တမ်း ထုတ်လေသည်။ ဤကား သာသနာရေးအတွက် ရှင်ဘုရင် အလွဲကြီးလွဲပုံတည်း။

ထို့နောက် အချို့သော အရုံဂိုဏ်းဆရာတို့သည် 'အတုလယသမထေရ်၏ အလိုသို့မလိုက်၊ မိမိတို့ဂိုဏ်း အာစရိယ ဝါဒမပျက် ရွာဝင်သောအခါ ရဟန်းငယ် သာမဏေငယ်များကို သင်္ကန်းရုံ၍ဝင်ရမည်'
ဟု ဆုံးမကြလေသည်။ မင်း၏အာဏာသို့မလိုက် ဓမ္မက်ကိုသာလိုက်တော်မူကြလေသည်။

မောင်းထောင်ရွာ၌ သီတင်းသုံးနေထိုင်ကြကုန်သော မထေရ်ကြီးနှစ်ပါးတို့ သည်–

'မိမိတို့၏ပရိသတ်ကို အရုံ၏အစွမ်းဖြင့်သာလျှင် ရွာဝင်သောအခါ သင်္ကန်းရုံ၍ဝင်ရမည်'
ဟု ဆုံးမ ပညတ်လေသည်။

ထိုအခါ မင်းဆရာ အဓမ္မဝါဒီ အတင်ဂိုဏ်းဝင် အတုလယသမထေရ်သည် ထိုမထေရ်ကြီးနှစ်ပါးကိုခေါ်၍ သဲဒဏ်ပေးလေသည်။ ထိုအခါ မထေရ်ကြီးနှစ်ပါး သဲဒဏ်ထမ်းနေစဉ် စကားဖြစ်ကြသည်ကား–

http://www.dhammadownload.com

'တရားအားလျော်စွာ ကျင့်သော ငါတို့အား ဤဒဏ် ပေးခြင်းအမှုသည် မလျောက်ပတ်၊ လောကကြီးမှာ အံ့သြဖွယ်ရာ ဖြစ်လာပေ၏'

ဟု ပြောဆို၏။ တစ်ပါးသော မထေရ်က ပြောဆိုသည်ကား-

'ငါ့ရှင် ယခုအခါ လောကပါလ နတ်တို့သည် ဤသို့သဘောရှိသော အဓမ္မအမှုကို မြင်လျက်သာလျှင် လျစ်လျူရှု၍ ကြောင့်ကြမဲ့နေခြင်းငှာ မသင့်လျော်၊ ယခုအခါ လောကပါလ နတ်တို့သည် မေ့လျော့နေ၍ နေကြကုန်လေသလော'

ဟု ပြောဆို၏။ ထိုအခါ ထိုဓဏ္ဍပင်လျှင် မိုးတက်လတ်၍ အတုလယသမထေရ်၏ ကျောင်းဌာနလည်းကောင်း၊ မင်း၏နန်းတော်ဌာနလည်းကောင်း မိုးကြိုးကျသည်ဟူ၏။[၁]

(၄) ဗဟင်းဆရာတော် ရှင်မုနိန္ဒယောသ မထေရ်

အခါတစ်ပါး မင်းကြီးသည်-

'အလုံးစုံသော ရဟန်းတို့သည် ငါ၏ဆရာ အတုလယသမထေရ် အလိုသို့ လိုက်ကြကုန်၏လော'

ဟု အမတ်များကိုမေးသောအခါ 'အချို့ မလိုက်ကြောင်း' လျှောက်ထားကြလေသည်။ ဤအခါ ပခန်းကြီးမြို့ တစ်ခုသောရွာ၌ ကျမ်းဂန်တတ်မြောက်သော 'မုနိန္ဒယောသ'[၂] မည်သော မထေရ်တစ်ပါး ရှိသတတ်။ ထိုမထေရ်သည်လည်း အတုလယသမထေရ်၏ အလိုသို့မလိုက်ဘဲ ဓမ္မကထိကအားလျော်စွာသာလျှင်-

'ရွာတွင်းဝင်လျှင် သင်္ကန်းရုံရမည်'

ဟု ဆုံးမသြဝါဒပေးလေသည်။ ထိုအကြောင်းကို အလောင်းမင်းတရားကြီး ကြားသိတော်မူ၍ မုနိန္ဒယောသမထေရ်ကို ပင့်ခေါ်စေပြီးလျှင် အတင်ဂိုဏ်းဆရာများနှင့် သုဓမ္မာဇရပ်တွင် စည်းဝေးပြောဆိုစေသည်။

ထိုအခါ အတင်ဂိုဏ်းဆရာများသည် ကျမ်းဂန်အရကို မပြောဆိုကြဘဲ မုနိန္ဒယောသမထေရ်ကိုသာ ဆုံးမကြလေသည်။ ထိုတွင် မထေရ်ကြီးတစ်ပါးသည် မင်း၏မျက်နှာ မင်းဆရာများ၏ မျက်နှာကိုသာကြည့်၍ ဘုရားရှင် မျက်နှာတော်ကို မကြည့်ဘဲ မုနိန္ဒယောသမထေရ်ကို ပြောဆိုသည်မှာ-

---

၁။ နန်းတော်ကို မိုးကြိုးလောင်မီးသင့်သည်မှာ ယိုးဒယားသို့ စစ်ချီခါနီးတွင် ပြသော နိမိတ်ဖြစ်ကြောင်းနှင့်သာ စိန္တကျော်သူ ရေးသားဆက်သွင်းသော ရတု၌ပါရှိသည်။ ။ လွယ်ဦးသား နှင့်၊ ဆောက်ထားနန်းတော်၊ စံ မဟော်ပြီ။ ကုန်.ဘောင်ခေတ် မဟာရာဇဝင်။ ၃၀၅။

၂။ မြို့ငြိမ်မြို့နယ်၊ ဗဟင်းဆရာတော်။

http://www.dhammadownload.com

"ငါ့ရှင် မြန်မာနိုင်လုံး ရှိသမျှသော သံဃာများသည် မင်း၏အလို မင်းဆရာ၏အလိုသို့ လိုက်ကြကုန်ပြီ။ ငါ့ရှင်တစ်ပါးတည်းသာလျှင် အရုံသင့်သောဘက်က ရှိတော့သည်။ အဘယ့်ကြောင့် သင်သည် မာနခက်ထန်၍ 'အရုံသင့်၏'ဟူသော ဝါဒကို မစွန့်ဘိသနည်း'

ဟု ပြောဆိုလေ၏။ ထိုအခါ မုနိန္ဒယေသမထေရ်သည်[1] ထိုမထေရ်ကြီးမျက်နှာကို စိစိကြည့်၍ ပြောဆိုသည်မှာ

'အရှင်ဘုရားသည် လဖွဲ့ပေသလ သိက္ခာကာမပုဂ္ဂိုလ်ဟု ရှေးအခါက ကြားဖူး၏။ လဖွဲ့သူတော်ကောင်း ပုဂ္ဂိုလ်ဖြစ်က ဤစကားကို ဆိုခြင်းငှာမသင့်၊ အရှင်ဘုရားသည် တပည့်တော်ကို ကိုးကွယ်ရာမဲ့ အနာထပုဂ္ဂိုလ်ဟု မှတ်ထင်၍ မရိသေသဖြင့် ဤစကားမျိုးကို ပြောဆိုဟန် လက္ခဏာရှိ၏။ တပည့်တော်ကို ပြောဆိုလိုငြားလည်း တပည့်တော်၏ ဆရာမျက်နှာ ဆရာဂုဏ်ကို ငဲ့ညှာထောက်ထားစရာ ကောင်းသေး၏။

ဟု ပြန်ပြောလေသည်။

ထိုအခါ 'သင်၏ဆရာကား မည်သူနည်း"

ဟု မေးသောအခါ သုဓမ္မာဇရပ်တွင်ရှိသော ရုပ်ဆင်းတုတော်မြတ်ကို ရှိခိုး၍-

'ဤသည်ပင်လျှင် ငါ၏ဆရာတည်း"

ဟု ပြောဆိုပြီးလျှင် သံဃာအလယ်၌ထ၍ လက်ကန်တော့ကိုင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီပြီးလျှင်-

'အဟံ ဘန္တေ ယာဝဇီဝိတ ပရိယောသနာ မမ ဇီဝိတံ ယေဝ ပရိစ္စဇိဿာမိ၊ ဘဂဝတော ပန လောကဂ္ဂဿ သိက္ခာပဒံ န ဝိဇဟိဿာမိတိ အာရောစေသိ'

'အရှင်ဘုရား တပည့်တော်သည် အသက်ဆုံးသည်တိုင်အောင် တပည့်တော်၏အသက်ကိုသာ စွန့်ပါမည်၊ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို မစွန့်ပါ'

ဟု ဆင်းတုတော်အား လျှောက်ထားလေသည်။ ထိုအကြောင်းကို မင်းကြီးကြား၍-

'ဤမထေရ်သည် မာနခက်ထန်လှသည်၊ ငါ၏နိုင်ငံတော်အတွင်းမှာ နေစေခြင်းငှာ မသင့်'

ဟု ပြောကြားပြီးလျှင် တိုင်းတစ်ပါးသို့ နှင်ထုတ်စေသည်။ တိုင်းတစ်ပါးသို့ရောက်သော်လည်း ဘုရားပညတ်တော်လာတိုင်း ရွာတွင်းဝင်သောအခါ သင်္ကန်းရုံ၍ ဝင်ရမည်ဟု ဆုံးမမြဲတိုင်း ဆုံးမလေသည်။

၁။ ရှင် မုနိန္ဒယောသ၏ မူလနေရပ်ကား ပုခန်းကြီးမြို့ ဒီပရွာဖြစ်သည်။ အတင်ဝါဒကို မလိုက်ခြင်းကြောင့် နှင်ထုတ်ခြင်းဖြစ်သည်။ သာသနလင်္ကာရစာတမ်း

http://www.dhammadownload.com

(၅) ရှင်မုနိန္ဒယောသ သိက္ခာချလူထွက်ခြင်း

ထိုအကြောင်းကို အလောင်းမင်းတရားကြီး ကြားပြန်လျှင် ပြန်၍ပင့်ခေါ်စေ၏။ ထိုအခါ မုနိန္ဒယောသမထေရ်သည် ငါ့အား သတ်ခြင်းငှာအလိုရှိ၍ ခေါ်သည်ဟု မှတ်ထင်၍ သိက္ခာချပြီးမှ လူထွက်၍ မင်းထံသို့သွား၏။ ထိုအခါ မင်းကြီးက လူထွက်၍ လာခြင်းအကြောင်းကိုမေးသော်-

'ဝိနည်းဓမ္မက် အားလျော်စွာ လိုက်နာကျင့်ကြံနေသော ရဟန်းသူမြတ်ကို မင်းကြီး အမျက်ထွက်၍သတ်ခဲ့သော် သင်မင်းကြီးအား သံဝရာဝန် အပြစ်မလေးစေရန် လူထွက်လာကြောင်း'

ပြောဆိုလေသည်။

ဤသို့လျှင် ရှေးရှေးသော သူတော်ကောင်းဖြစ်ကုန်သော မထေရ်ကြီးတို့သည် မင်း၏မျက်နှာကို မထောက်မည်မှာ မြတ်စွာဘုရားမျက်နှာကိုသာ ကြည့်ရှုတော်မူကြ၍ ဓမ္မက် အားလျော်သော ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာတော်ကြီးကို စောင့်ရှောက်တော်မူကြလေကုန်သည်။

အလောင်းမင်းတရားကြီးသည် မုနိန္ဒယောသမထေရ် လူထွက်ကို အကျဉ်းနှောင်အိမ်၌ထားပြီးလျှင်-

'ပြန်လာသောအခါမှ ဘုရားရှင် ဆုံးမတော်မူခဲ့သည့်အတိုင်း ဖြစ်စေမည်'

ဟု ကြိုအောက်မေ့ပြီးလျှင် ယိုးဒယားသို့ စစ်ချီသွားရာ အပြန်လမ်းခရီးအကြား၌ နတ်ရွာစံလေသည်။ နန်းစံ ၈-နှစ်ရှိ၏။[၁]

(၆) ဒုတိယ စစ်ကိုင်းမြို့တည်မင်း လက်ထက် ခင်ကြီးမျော်အကြောင်း

သာသနသက္ကရာဇ် ၂၃၀၄ ခုနှစ် ကောဇာသက္ကရာဇ် (၁၁၂၂) တစ်ထောင့်တစ်ရာ့နှစ်ဆယ့်နှစ်ခုနှစ်တွင် အလောင်းမင်းတရားကြီး၏ သားတော်ကြီးသည် ရတနာသိမ်မြို့မှ ပြောင်းရွှေ့၍ 'ဇေယျပုရ'မည်သော စစ်ကိုင်းကို နှစ်ကြိမ်မြောက် ဒုတိယတည်ထောင်ဖန်ဆင်းပြီးလျှင် မင်းပြုတော်မူ၏။ 'သိရိပဝရ မဟာဓမ္မရာဇာ'ဟူသော ဘွဲ့တံဆိပ်နာမံကိုလည်း ခံယူ၏။ 'ဒုတိယ စစ်ကိုင်းမြို့တည်မင်း'ဟူ၍လည်း ခေါ်တွင်သည်။

၁။ ရှင်မုနိန္ဒယောသအား နယ်နှင်ရာတွင် ပခန်းနယ်စပ် ဗဟင်းရွာသို့ ပို့ထားခြင်းဖြစ်သည်။ ဗဟင်းရွာကား မကွေးတိုင်း မြို့ငြိမြို့နယ်တွင်ရှိသည်။ ဗဟင်းရောက်မှ ဗဟင်းရှင်မုနိန္ဒဟု တွင်သည်။ သီလဝိသောဓနီ၊ ၅၃။

http://www.dhammadownload.com

ထိုမင်းလက်ထက် တောင်တွင်းကြီးမြို့ဇာတိ တောင်တွင်းကြီးမြို့နေ 'အရှင်ဉာဏမထေရ်'ကိုပင့်၍ မင်းဆရာပြု၍ ကိုးကွယ်လေသည်။ ထိုမထေရ်သည် 'တစ်နေ့တစ်နေ့ လျှင် ဂါထာ(၂၅၀၀) နှစ်ထောင့်ငါးရာ ဆယ်ဘာဏဝါရ နှုတ်ဝယ်ရအောင် ကျက်မှတ်နိုင်သည်'ဟူ၏။ နက်နဲသောဉာဏ်ပညာလည်း ရှိသည်ဟူ၏၊ ဉာဏလင်္ကာရ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလျှုတဲ့ဆိပ် နာမံတော်လည်းရှိ၏။ ထိုမထေရ်သည် ပဋ္ဌင်းပျို့ကပင် ဝိထိလက်ရိုးကျမ်း,နှင့် ပုဒ်စစ်, သဒ္ဒါစစ်-သံဝဏ္ဏနာ, နည်းလေးဆယ် စသော ကျမ်းများကို စီရင်တော်မူသည်။ ထိုကျမ်းများသည် သာသနာတော်မှာ ကျေးဇူးများလျက်ရှိသည်။

ထိုမထေရ်ကြီး၏ငယ်မည်ကား 'မောင်ဖျော်'အမည်ရှိသည်။ ငယ်မည်ကို အစွဲပြု၍ 'ခင်ကြီးဖျော်'ဟု သာသနာတော်၌ ကျော်ကြားလျက်ရှိသည်။ လောကီလောကုတ္တရာနှစ်ပါး၌ ပါရဂူဖြစ်တော်မူရကား မတတ်သော အရာဌာန မရှိသောကြောင့် 'မကာရလောပ' မတစ်လုံးကျသော ဆရာတော်ဟူ၍ ယခုထက်တိုင် ပြောဆိုစမှတ်ပြုလေ့ရှိ၏။ ထိုတောင်တွင်း ခင်ကြီးဖျော် ရေးသားသော သာသနာတော်ဘက်ဆိုင်ရာ ကျမ်းစာများနှင့် လောကီဘက်ဆိုင်ရာ ကျမ်းစာများသည် များလည်းများ၏။ အသုံးလည်းပြု ကြည့်ရှုကြ၏။[၁]

ထိုတောင်တွင်းကြီးမထေရ် ခင်ကြီးဖျော်သည် အရုံဂိုဏ်းဝင်ဖြစ်လေသည်။ မင်းဆောက်၍လှူအပ်သော မဟာဘုံသာကျောင်းမှာပင် သီတင်းသုံးတော်မူ၏။

ထိုအခါ အရုံဂိုဏ်းဝင် သံဃာများသည် 'ငါတို့ အပင်းအသင်းဝင်ဖြစ်သော မထေရ် မင်းဆရာဖြစ်ပြီ'ဟု အားရှိကြသဖြင့် ယထာဓမ္မဖြစ်အောင် ပြောဆိုရန် မင်းအထံသို့ စာဆက်သွင်းကြသော်လည်း အတုလယသမထေရ် စသော အဇဂိုဏ်းဝင် ဆရာများက 'နောက်မင်းများလက်ထက်ကပင် အမှုပြေငြိမ်းပြီ'ဟု စာဆက်သွင်းပြန်သဖြင့် မပြောဆိုရသောကြောင့် အတင်-အရုံ အဓိကရုဏ်း မငြိမ်းသေးလေ။

(၇) အင်းဝ တတိယ တည်ထောင်ခြင်း

သာသနာသက္ကရာဇ် ၂၃၀၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၁၂၅-ခုနှစ်တွင် ဒုတိယစစ်ကိုင်းမြို့တည် မင်း၏ညီတော် ဆင်ဖြူရှင်သည် ရတနာသိခံ-ရွှေဘိုဌ် နှစ်နှစ် နန်းစံပြီးမှ-

---

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၈၇။

http://www.dhammadownload.com

'ထို့နောင်နောင်းနောက်၊ သုံးဆက်မြောက်၊ ချင်းပေါက် တရုတ်ပြည်၊ ရတနပုရ ရွှေအင်းဝကို တည်လာမည်။

တည်လတ်သောခါ၊ သာသနာ၊ တည်ရာ မြစ်ဆုံဝ။

ပြည်ထဲသေဋ္ဌနင်း၊ စိုးနိပ်နင်း၊ မင်းကား သူရဇ္ဈ၊ ဆင်ဖြူဇာဝိသ'[၁]

ဟူသော သိုက်အရနှင့် အင်းဝမြို့ကို တတိယ တည်ထောင်နန်းစံနေသည်။

'သိရိ ပဝရ သုဓမ္မ မဟာရာဇိန္ဒာဓိပတိ'ဟူသော တံဆိပ်နာမ်ကိုလည်း ခံယူသည်။ အင်းဝ တတိယ မြို့တည်မင်းဟူ၍လည်း ခေါ်တွင်သည်။ ဆင်ဖြူတော်၏ အရှင် ဖြစ်သောကြောင့် 'ဆင်ဖြူရှင်'ဟူ၍လည်း အမည်တွင်၏။

ထိုမင်းလက်ထက် စရစ်ရွာ၌ သီတင်းသုံးနေသော စန္ဒာဝရ မည်သော မထေရ်ကို ပင့်ယူပြီးလျှင် မင်းဆရာပြု၍ ကိုးကွယ်လေသည်။

'ဓမ္မူဒီပ အနန္တဓဇ မဟာဓမ္မရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူတော်မူ၏။ ထိုမင်းလက်ထက်မှာလည်း အဓမ္မဝါဒီ အတင်ဂိုဏ်းကို လွှမ်းမိုးခြင်းငှာ အခွင့် မရသေးလေ။

(၈) စဉ့်ကူးမင်းလက်ထက် အတင်ဂိုဏ်း ရဟန်းတို့ရှုံး၍ အဓိကရဏ်းငြိမ်းခြင်း အရှင်နန္ဒမာလာမထေရ်

သာသနာသက္ကရာဇ် ၂၃၂၀၊ ကောဇာသက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် အင်းဝ တတိယ မြို့တည် နန်းတည် ဆင်ဖြူရှင်မင်း၏သားတော် 'ငစဉ့်ကူး'မင်းသားသည် မင်းအဖြစ်သို့ ရောက်တော်မူ၏။ 'မဟာဓမ္မရာဇာဓိရာဇာ'ဟူသော ဘွဲ့တံဆိပ် နာမ်ကို လည်း ခံယူ၏။ ငစဉ့်ကူးမြို့ကို မင်းသားအဖြစ်နှင့် စားခဲ့ရသောကြောင့် 'ငစဉ့်ကူးမင်း' ဟူ၍လည်း ခေါ်တွင်၏။ 'မိုးထိကျောင်း ဒါယကာ'ဟူ၍လည်း တွင်၏။

ထိုမင်းလက်ထက် မြို့တောင်ဘက် ဘုံဝါးဆင့်ရှိသောကျောင်းကို ဆောက်လုပ်၍ 'အောင်မြေစံလွတ်' ကမ္ဘည်းတပ်ပြီးလျှင် မာရ်လည်ဆရာတော်အား တင်လှူသည်။ 'ဂုဏမုနိန္ဒာဘိသာသနာဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူတော်မူသည်။ နောက်ကာလ 'ငစဉ့်ကူးကျောင်း-ငစဉ့်ကူးဆရာတော်'ဟု တွင်သည်။

ထိုအခါ ဗန္ဓကျိတိုက်[၂]ပေါက်မြင့် ဇာတိရှိသော နန္ဒမာလာမည်သော မထေရ် သည် စလင်းမြို့ အရှေ့ကျောင်း၌နေ၍ များစွာသော ရဟန်းသာမဏေတို့အား

၁။ ကုန်းဘောင် မဟာရာဇဝင်၊ တွဲ-၂၊ ၁၃၉။

၂။ ဗန္ဓအမည်ရှိသော မိန်းမ၏ ကျိကျထားရာ ဝေဟာသည်တ် ဂုဏ်သကတ်ကြောင့် ဗန္ဓကျိဟူ၏။

http://www.dhammadownload.com

ပရိယတ္တိကို ပို့ချ၏။ သာမဏေတို့အား ရွာဝင်သောကာလ၌ သင်္ကန်းရုံခြင်း ဝတ်ကို ဖြည့်စေလျက် ဝင်စေ၏။ 'သင်္ကန်းကိုမရုံ၊ တင်လျက်သာ ရွာတွင်းဝင်ကောင်း၏'ဟု ဆိုသော ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ မရှိ။ ပါဠိတော်အားလည်း မလျော်ဟု ဆုံးမသြဝါဒကိုလည်း တပည့်ပရိသတ်တို့အား မပြတ်ပေးတော်မူ၏။ ပါဠိတော် အဋ္ဌကထာ စသည်တို့၌ လာတိုင်းသော အဆုံးအဖြတ် ကိုပြု၍ တစ်ခုသောကျမ်းကိုလည်း ပြု၏။ ထိုအခါ အတင်ဂိုဏ်းဝင် ရဟန်းတို့သည် ထိုကျမ်းကိုယူ၍ အပြစ်ပြုစိမ့်သော ငှာ မင်းအား ပြကြကုန်၏။[၁]

(၉) ငစဉ့်ကူးမင်း အိပ်မက်မြင်ခြင်း

ထိုအခါ ငစဉ့်ကူးမင်းမှာ အိပ်မက်မြင်သည်ကား သိကြားမင်းသည် ဖြူသော အဝတ်ကို ဝတ်၍ ဖြူသောတန်ဆာကို ဆင်လျက် ဖြူသောပန်းတို့ကို ပန်ပြီးလျှင် မင်းအထံသို့လာ၍ ပြောဆို၏။

'အရှင်မင်းကြီး၊ အပရန္တတိုင်း နမ္မဒါမြစ်ကမ်းပါး၌ တည်ရှိသော ဘုရား ရှင် ပါဒစေတီတော် နှစ်ဆူတို့ကို များစွာသော မြက်သစ်ပင် ချုံပိတ်ပေါင်း တို့ဖြင့် ဖုံးအုပ်လွှမ်းမိုးလျက်ရှိ၏။ ထိုပါဒစေတီတော်များကို ရှေးမင်းများသည် နေရာဌာနကို ဟုတ်မှန်စွာမသိကြသဖြင့် မသုတ်သင်ကြကုန်။ ယခုအခါ သင် မင်းကြီးသည် ဟုတ်မှန်စွာသိသဖြင့် သုတ်သင်လိမ့မူ သုတ်သင်ပါ။ ထိုအခါ ရဟန်းတစ်ပါးလာ၍ နည်းပေးလတ္တံ့'

ဟု အိပ်မက်ဖြင့် မြင်မက်၏။

ဤသို့ အိပ်မက်မြင်မက်သဖြင့် စလင်းမြို့နေ နန္ဒမာလာမထေရ်ကို ပင့်၍ ရတနာပုရ အင်းဝအရှေ့မြောက်အရပ်၌ မင်း ရေကစားခြင်းငှာ ဆောက်လုပ်၍ထား ထပ်သော 'ရေနန်း'၌ တည်းခိုနေထိုင်စေ၏။

နန္ဒမာလာမထေရ်သည် မင်းကြီးအား ရွာတွင်းဝင်သောအခါ သာမဏေတို့အား သင်္ကန်းကိုရုံ၍ဝင်သင့်သော အဆုံးအဖြတ်နှင့်ဆိုင်ရာ ပါဠိအဋ္ဌကထာ ဂန္ထန္တရတို့ကို သင်ပေး၏။ ထိုအခါ မင်းသည်လည်း ဖြည့်ဆည်းပူးပြီးသော ပါရမီရှိသဖြင့် မကြာ မြင့်မီ တတ်မြောက်၏။

'အရုံဝါဒသည်သာလျှင် ပါဠိတော် အဋ္ဌကထာတို့၌ လာ၏။ အတင်ဝါဒသည် ပါဠိတော် အဋ္ဌကထာတို့၌ မလာ'ဟု သေချာစွာ သိရှိပေ၏။

၁။ သာသနာလင်္ကာရစာတမ်း-၁၈၇။

http://www.dhammadownload.com

ထို့နောက် နှစ်ဖက်သောမထေရ်တို့ကို နန်းတော်၌ စည်းဝေးစေ၍ မိမိတို့၏ အယူဝါဒအားလျော်စွာ ပါဠိအဋ္ဌကထာ ဂန္ထန္တရတို့ကို ရွတ်ဆိုစေ၏။

ထိုအခါ အတင်ဂိုဏ်းသား မထေရ်တို့သည် ပါဠိအဋ္ဌကထာ ဂန္ထန္တရတို့တွင် တစ်ခုခုကိုမှ အားကိုးအားထားပြု၍ ရွတ်ဆိုစရာမရှိသဖြင့် ဦးခေါင်းငိုက်ဆိုက်စိုက်လျက် ငေးကာ နေကြကုန်၏။

(၁၀) အတင်ဂိုဏ်းသားများ ရှုံးခြင်း

ထိုအခါ ဝစဉ်ကူးမင်းကြီးသည် ပါဠိတော်၌ ဤလိုလာ၍ အဋ္ဌကထာ စသည်တို့၌လည်း ဤသို့သာလာရှိ၏။ ပြောပြပြီးလျှင်-

'အရှင်ဘုရားတို့၏ အတင်ဝါဒသည် ပါဠိတော် အဋ္ဌကထာတို့၌ မလာမရှိ မထင်ပါဘဲလျက် အဘယ့်ကြောင့် ဤသို့ သဘောရှိသောအယူကို ခိုင်မြဲစွာ ယူကြဘိသနည်း'

ဟု မေးမြန်းရာ ခိုးထုပ်ခိုးထည်နှင့်တကွ ဖမ်းမိသော သူခိုးကဲ့သို့ ဟုတ်မှန်ရာကို ပြောကြားရလေသည်။

'ငါတို့၏အယူမှာ ပါဠိတော် အဋ္ဌကထာ ဂန္ထန္တရတို့၌ မရှိ၊ စင်စစ်သော်ကား ဆရာစဉ်ဆက်မျှသာဖြစ်သည်'

ဟု မှန်သည့်အတိုင်း ဖြောင့်ချက်ပေးရလေသည်။ ထိုအခါမှစ၍ အတင်ဂိုဏ်းသား မထေရ်များသည် နေအရဏ်တက်သောအခါ ဇီးကွက်မည်သောငှက်သည် သစ်ခေါင်းတွင်းမှ ခေါင်းမပြူဝံ့သကဲ့သို့ ခေါင်းမထောင်ဝံ့ကြတော့ပေ။ အရုံဂိုဏ်းသို့သာ ဝင်ကြရကုန်၏။ မင်းကလည်း အမိန့်တော်ပြန်တမ်းထုတ်သည်။

'ယနေ့မှစ၍ ရဟန်းတော်များသည် သင်္ကန်းကိုရုံ၍သာ ရွာတွင်းသို့ ဝင်စိမ့်သောငှာ သာမဏေများကို ဆုံးမကြရမည်'

ဟု အမိန့်တော် ပြန်တမ်းထုတ်၏။

ဤအတင်ဂိုဏ်း အရုံဂိုဏ်း ကွဲပြား၍ အတင်-အရုံသင့်ဟူသော ဝိဝါဒါဓိကရဏ်းကြီးသည် သက္ကရာဇ် ၁၀၆၀-ပြည့်နှစ်၊ အင်းဝတွင် နန်းတက်သော မာရ်အောင်ရတနာ စေတီ ဒါယကာ လက်ထက်မှစ၍ မင်းခုနစ်ဆက်တိုင်တိုင် မပြီးပြတ် မငြိမ်းအေးဘဲ ဖြစ်လာရာ သက္ကရာဇ် ၁၁၃၈-ခုနှစ်တွင် နန်းတက်သော အင်းဝ ဝစဉ်ကူး

http://www.dhammadownload.com

မင်းလက်ထက်မှ အတင်ဂိုဏ်းသားများ ရုံးပြီး ပြီးပြတ်လေသည်။ နှစ်ပေါင်း(၇၈) ခုနှစ်ဆယ့်ရှစ်နှစ် ကြာလေသည်။[၁]

ငစဉ့်ကူးမင်းသည် လောကသရဖူစေတီအရှေ့ဘက်တွင် ပြာသာဒ်နှစ်ဆောင်တို့ ဖြင့် တန်ဆာဆင်အပ်သော လေးထပ်ကျောင်းကိုဆောက်၍ 'ဘုံကျော်ဝေယန်' ကမ္မည်း တပ်လျက် ရှင်နန္ဒမာလာမထေရ်အား တင်လှူ၏။ 'နရိန္ဒာဘိဓေမဟာဓမ္မရာဇာဓိရာဇ ဂုရု'ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်း လှူတော်မူ၏။ ထိုနန္ဒမာလာမထေရ်သည် ပုဂံပြည် ဆပွဒဂိုဏ်းဝင် အနွယ်အဆက်ဖြစ်သည်။ ပဉ္စင်းပျိုကပင် ကျမ်းဂန်ကျန၍ ဝိနယဝိနိစ္ဆယနိဿယ၊ သုတ္တသင်္ဂဟနိဿယ၊ သုတ်မဟာဝါ အဋ္ဌကထာနိဿယများကို စီရင်သည်။[၂]

(၁၁) စစ်ကိုင်းမင်းတရားလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၃၂၅-ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၁၄၃)တစ်ထောင့် တစ်ရာ လေးဆယ့်သုံးခုနှစ်တွင် ရတနာသိခ် မြို့တည် နန်းတည် အလောင်းမင်းတရား ကြီး၏သားတော် အလတ် ဒုတိယ စစ်ကိုင်းမြို့တည်မင်းတရား၊ တတိယ အင်းဝမြို့တည် မင်းတရားတို့၏ ညီတော်အရင်းဖြစ်သော မင်းတရားကြီးသည် ရတနာပုရ ရွှေဝမြို့ ကြီးကို သိမ်းမြန်းဆက်စံတော်မူ၍ မင်းခေါင် မင်းဖျား မင်းတရားစစ် ဖြစ်တော်မူ၏။ ထိုမင်းသည် ဘိသိက်မခံဦးဘဲ သုံးနှစ်ကျော် လေးနှစ်ခန့် ဆိုင်းငံ့၍ ပြည်ရေးရွာမှုကို ရှင်းလင်းပြီးမှ ဘိသိက်ခံတော်မူ၏။ ဘိသိက်ခံပြီးနောက်မှ ခမည်းတော်အလောင်းမင်း တရားကြီး မှာတော်မူခဲ့သည့်အတိုင်း သာသနာရေး သာသနာမှုကို စီစစ်တော်မူသည်။

ထိုမင်းလက်ထက်မှာလည်း အတင်ဂိုဏ်း သံဃာများကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကို အဆိုခိုင်းရာ ထို အတင်ဂိုဏ်း သံဃာတို့သည်-

'ငါတို့ဆိုအပ်သော စကားသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မရှိ၊ စင်စစ်သော်ကား အာစရိယဝါဒ အစဉ်မျှသာရှိသည်'

ဟု ဟုတ်မှန်သည့်အတိုင်း ဝန်ခံကြသဖြင့် မင်းကြီးသည်-

'ယနေ့မှစ၍ ပရိမဏ္ဍလ သိင်္ဂါပုဒ် သုပဋိစ္ဆန္န သိင်္ဂါပုဒ်များကို မပျက် စေမူ၍ သာမဏေတို့သည် ရွာတွင်းသို့ ဝင်ကြရမည်'

၁။ ဘိုးတော်ဦးဝိုင်းလက်ထက် ၁၁၄၆ မှ အတင်, အရုံဝိဝါဒ ငြိမ်းသည်။ နှစ်ပေါင်း ၈၀-ကျော်မျှ ကြာခဲ့သည်။ ကဝိသာရမဋ္ဌသာကျမ်း၊ ၅၆ မှ ၆၄။ ။ သာသနာလင်္ကာရ၊ ၂၀၄။

၂။ သာသနာလင်္ကာရစာတမ်း၊ ၁၉၀။ သာသနဇဟုသုတပွကာသနီကျမ်း၊ ၁၁၁၊ ၇။

http://www.dhammadownload.com

ဟု မင်းတဲ့ဆိပ်နှိပ်၍ ထိုထိုအရပ်သို့ ပြန့်နှံ့စေလျက် စာတို စာရှည် ကမ်းလှမ်းတော်မူသည်။

အတင်ဂိုဏ်းသံဃာသို့သည် ငစဉ့်ကူးမင်းလက်ထက်က တစ်ကြိမ်၊ မိမိတို့ အတင်သင့်ဝါဒသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့၌ မရှိကြောင်း ဝန်ခံပြီးနောက် နောက်မင်းလက်ထက်မှာလည်း ထိုအတူ ဝန်ခံပြန်သဖြင့် မင်းနှစ်ဆက်တိုင်တိုင် အရှုံးပေး၍ မိမိတို့၏ အာစရိယဝါဒကို နုတ်ပယ်စွန့်ပစ်ကြရကုန်၏။ ထို့ကြောင့်လည်း ထို ဂိုဏ်းသားသံဃာများ၏ အဆက်အနွယ် တိမ်ကောသိမ်ဖျင်း၍ ယနေ့တိုင်အောင် ထို အယူဝါဒကြီး ငြိမ်းအေးလေသည်။

(၁၂) မောင်းထောင်ဆရာတော် အကြောင်း

ထိုနောက် မင်းတရားကြီးသည် 'မောင်းထောင်ရွာနေ ပဉ္စင်းပျိုတစ်ပါး စာပေကျမ်းဂန် ကျန အရာအမိများလှသည်'ဟု ကြားသိတော်မူ၍ အင်းဝမြို့တော်သို့ ပင့်ဆောင်စေပြီးလျှင် စာသင် ယာယီကျောင်းဆောက်၍ လှူဒါန်းသည်။ 'ဉာဏာဘိသာသန ဓဇမဟာဓမ္မရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လှူဒါန်း၏။

ဤအခါက မောင်းထောင်ဆရာတော်သည် ခုနစ်ဝါသာရှိသေးသည်ဟူ၏။ ထို မင်းတောင်းပန်၍ 'ရာဇဘိသေကကျမ်း'ကိုလည်း အနက် မြန်မာပြန်ဆိုတော်မူ၏။[၁]

၁။ အတင်ဂိုဏ်းဝင် ဂုဏမူနိန္ဒာဓိပတိပဝရသာမိ မဟာဓမ္မရာဇာဓိ ရာဇဂုရုတံဆိပ်တော်ရ မာရ်လည် ဆရာတော် သာသနာပိုင်အရာကျသောအခါ သာသနာပိုင် ဖြစ်လာသည်။ ။ ကဝိသာရမဏ္ဍူသာကျမ်း ဂုဒ။

http://www.dhammadownload.com

အမရပုရခေတ် သာသနာ

(၁) အမရပုရတောင်မြို့ သာသနာ

သာသနာသက္ကရာဇ် ၂၃၂၅-ခု၊ ကောဇာသက္ကရာဇ် (၁၁၄၃) တစ်ထောင့်တစ်ရာ့လေးဆယ့်သုံးခုနှစ်တွင် ဘိုးတော်မင်းတရားသည် ရတနာပုရ အင်းဝမြို့တော်၌ နန်းတက်တော်မူ၍ သာသနာသက္ကရာဇ် ၂၃၂၆ ခုနှစ် ကောဇာသက္ကရာဇ် ၁၁၄၄ ခုနှစ်ရောက်လျှင် အင်းဝမှရွှေ့ပြောင်း၍ အမရပုရမည်သောမြို့တော်ကြီးကို ဖန်ဆင်းတည်ထောင်၍ နန်းစံတော်မူလေသည်။ 'သိရိပဝရဝိဇယာနန္တ ယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ' ဟူသော ဘွဲ့တံဆိပ်ကိုလည်း ခံယူတော်မူလေသည်။

ဘိုးတော်မင်းတရားကြီးသည် သာသနာတော်ကို ကြည်ညိုတော်မူလှသဖြင့် ရွှေမြို့တော်နှင့်တစ်ပြိုင်နက် တစ်ချက်တည်း ပန္နက်ချ၍ လေးရပ်သောကျောင်းတော်ကြီးများကို ဆောက်လုပ်လှူဒါန်းတော်မူလေသည်။ ထိုလေးရပ်သောကျောင်းတို့တွင်-

- အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးက ဆောက်သောကျောင်းကို 'အောင်မြေဘုံသာ' ကမ္ဘည်းတပ်၍ 'ဂုဏာဘိလင်္ကာရသဒ္ဓမ္မမဟာရာဇာဓိရာဇဂုရု' ဟူသော မင်းလှူသော ဘွဲ့တံဆိပ်အမည်တော်ရှိသော 'မင်းအိုဆရာတော်' အား တင်လှူတော်မူ၏။
- ကနိဋ္ဌမင်းသမီးက ဆောက်သောကျောင်းကို 'ဘုံသာဝေယန်' ကမ္ဘည်းတပ်၍ 'ဂုဏာမုနိန္ဒာဓိပတိမဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော မင်းလှူတံဆိပ်အမည်တော်ရှိသော 'မာရ်လည်ဆရာတော်' အား တင်လှူတော်မူ၏။
- အိမ်ရှေ့မင်း မိဖုရားက ဆောက်သောကျောင်းကို 'မင်္ဂလာဝေယန်' ကမ္ဘည်းတပ်၍ 'တိပိဋကသဒ္ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော မင်းလှူတံဆိပ် အမည်တော်ရှိသော 'ဆုံထားဆရာတော်' အား တင်လှူတော်မူ၏။
- အလယ်နန်းမတော် မိဖုရားက ဆောက်သောကျောင်းကို 'မင်္ဂလာစံလွတ်' ကမ္ဘည်းတပ်၍ 'ဉာဏဇမ္ဘုဒီပ အနန္တ ဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော မင်းလှူဘွဲ့တံဆိပ် အမည်တော်ရှိသော 'မင်းရွာဆရာတော်' အား တင်လှူတော်မူ၏။

၌ မဟာထေရ်ကြီးလေးပါးကို သံဃရာဇာ သာသနာပြုအရာထားတော်မူ၍ သာသနာကို ပြုစုတော်မူ၏။

မိခင်ဇရာဝတီ

http://www.dhammadownload.com

(၂) ဆရာတော်များအား တံဆိပ်တော်နှင့်ကျောင်းတော် လှူဒါန်း ထိုမှတစ်ပါးလည်း-

- မြောက်နန်းမတော်မိဖုရားက ဆောက်သောကျောင်းကို 'မင်္ဂလာဘုံကျော်' ကမ္ဘည်းတပ်၍ 'ကဝိန္ဒာဘိသဒ္ဓမ္မ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလှူတံဆိပ် အမည်တော်ရှိသော 'ညောင်ကန်ဆရာတော် ခင်ကြီးပြောင်'အား တင်လှူလေသည်။
- သိရိခေတ္တရာမည်သော ပြည်မြို့စား မင်းသားက ဆောက်သောကျောင်းကို 'တုလွတ်ဘုံစံ' ကမ္ဘည်းတပ်၍ 'ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလှူဘွဲ့တံဆိပ် အမည်တော်ရှိသော 'ရွှေတောင်ဆရာတော်'အား တင်လှူတော်မူ၏။
- အတွင်းဝန်မင်းက ဆောက်သောကျောင်းကို 'ဉာဏာလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလှူဘွဲ့တံဆိပ် အမည်တော်ရှိသော 'ဆင်တဲဆရာတော်'အား တင်လှူတော်မူ၏။
- လက်ဝဲဝင်းတော်မှူးက ဆောက်သောကျောင်းကို 'ပရမသိရိဝံသဓဇ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလှူတံဆိပ် နာမံတော်ရှိသော 'မဲထီးဆရာတော်'အား တင်လှူတော်မူ၏။ ထိုဆရာတော်သည် 'ဝံသဒီပနီ' မည်သော သာသနာဆက်ကျမ်းကို မြန်မာဘာသာဖြင့် ရေးသားတော်မူ၏။ ထိုကျမ်းသည် ယခု ထင်ရှားရှိ၏။
- ဓမ္မဝိနိစ္ဆယအမတ်က ဆောက်သောကျောင်းကို 'ကဝိန္ဒသာရဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဟူသော မင်းလှူတံဆိပ် နာမံတော်ရှိသော 'လောကမှန်ကင်းဆရာတော်'အား တင်လှူတော်မူ၏။

ဤသို့လျှင် ပရိယတ္တိကျမ်းဂန်၌ ကျမ်းကျင်တတ်မြောက်တော်မူသော ဆရာတော်ကြီးတို့အား တံဆိပ်တော်နှင့်တကွ ကျောင်းတော်လှူဒါန်း၍ ချီးမြှောက်တော်မူလေသည်။[၁]

ထိုမှတစ်ပါးလည်း ကျမ်းဂန်တတ် တံဆိပ်တော်ရ ဆရာတော်ကြီးတွေကား အများအပြားရှိလေသည်။ ထိုဆရာတော်ကြီးတို့၏ အမည်တော် ဘွဲ့တော်များကို ကုန်စင်အောင် မရေးသားတော့ဘဲ သာသနာကို စောင့်ရှောက်ပုံကိုသာ ရေးသားတော့မည်။

၁။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ပ-၅၁၅၊ ၆၈။ ၃-၇၀။

http://www.dhammadownload.com

ထိုနောက် သံဃာ့ရာဇာ သာသနာပြု ဆရာတော်ကြီးလေးပါးတို့သည် အိုမင်းမစွမ်း ဇရာဒုဗ္ဗလ အရွယ်ကျသဖြင့် အလိုရှိတိုင်း သာသနာကို သုတ်သင်ခြင်းငှာ မစွမ်းနိုင်လတ္တံ့ဟု အောက်မေ့ မှတ်ထင်ပြီးလျှင် နောက်ထပ် ရှစ်ပါးသော ဆရာတော်ကြီးများကို ပထမဆရာတော်ကြီးလေးပါးနှင့် အတူတကွ သာသနာတော်ကို စောင့်ရှောက်သုတ်သင်တော်မူရန် 'သံဃနာထ'ဟူသော သံဃာ့အကြီးအမှူး အရာ၌ထား၍ ချီးမြှောက်တော်မူပြန်လေသည်။

(၃) မောင်းထောင် သာသနာပိုင်

ထိုနောက် သက္ကရာဇ် ၁၁၅၀–တစ်ထောင့်တစ်ရာငါးဆယ်ပြည့်နှစ်ရောက်သော အခါ 'ဉာဏာဘိသာသနဓဇ မဟာဓမ္မ ရာဇဂုရု'ဟူသော တံဆိပ်နာမ်တော်ရှိသော 'မောင်းထောင်ဈေ့ဆရာတော်ကို တစ်ပါးတည်း သာသနာပြု အရာထား၍ ချီးမြှောက်တော်မူသည်။ ထိုအခါမှစ၍ တစ်ပါးတည်းသော 'သံဃနာယက'ဖြစ်၍ သာသနာတော်ကို သုတ်သင်စေတော်မူ၏။

ထိုနောက် သက္ကရာဇ် ၁၁၅၁–ခုနှစ် တပေါင်းလတွင် မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားကြီး၏ တောင်ဘက်မျက်နှာအဖို့၌ နှစ်ထပ်သော အုတ်တဲတိုင်းတို့ဖြင့်ရံလျက် 'အသောကာရုံ'မည်သော ကျောင်းတော်ကြီးကို ဆောက်လုပ်၍ သာသနာပြု ဆရာတော်ဘုရား ကြီးအား လှူဒါန်းပြီးလျှင် 'ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇဓိရာဇဂုရု' ဟူသော သာသနာပြုတံဆိပ်ကိုလည်း ထပ်မံ၍ လှူဒါန်းတော်မူပြန်သည်။

ထို မောင်းထောင် သာသနာပြုဆရာတော်သည်–

- ငါးဝါရကပင် 'ပေဋ္ဌကာလင်္ကာရ'မည်သော 'နေတ္တိဋ္ဌီကာသစ်'ကို ပြုစီရင်တော်မူသည်၊
- ရှစ်ဝါရ၍ သာသနာပိုင်ဖြစ်သောအခါ 'သာဓုဇနဝိလာသိနီ'မည်သော 'သီလက္ခန်ဋ္ဌီကာသစ်'ကို ပြုစီရင်တော်မူသည်၊
- 'အရိယဝံသာလင်္ကာရ'မည်သော ကျမ်းကိုလည်းကောင်း၊
- ဇာတ် အဋ္ဌကထာ ယောဇနာကိုလည်းကောင်း၊
- ရာဇောဝါဒ ဝတ္ထုကိုလည်းကောင်း၊
- သာမဏေလေးပါး ဝတ္ထုကိုလည်းကောင်း၊
- ဆန္နန္တ ဝတ္ထုကိုလည်းကောင်း၊
- 'ရာဇာဓိရာဇဝိလာသနီ'မည်သော ကျမ်းကိုလည်းကောင်း၊

ဤသို့ အစရှိသောကျမ်းတို့ကို ပြုစီရင်တော်မူ၏။

http://www.dhammadownload.com

(၄) အတုလယသ နှင်ထုတ်ခြင်း

ထိုနောက် ထိုဘိုးတော်မင်းတရားလက်ထက်တွင် ရွေးက အဓိကရုဏ်းငြိမ်းပြီးသော အတင်ဂိုဏ်းဝင် သာသနာပိုင်ဟောင်း အတုလယသမထေရ်ကြီးသည် အတင်သင့်ကြောင်း အယူဝါဒ ပေါ်လာပြန်လေသည်။ ထိုအခါ သာသနာပိုင်နှင့် တကွသော သုဓမ္မာဆရာတော်တို့ စစ်ဆေးမေးမြန်းပြီးလျှင် 'သင်တို့၏ အာစရိယဝါဒသည် မသင့်'ဟု ပယ်တော်မူကြသည်ကို မင်းကြီးသိတော်မူ၍ အတုလယသမထေရ်ကို တိုင်းပြည်မှ နှင်ထုတ်စေသည်။

နှင်ထုတ်ပုံကား- 'အတုလယသပုဂ္ဂိုလ်သည် ဝိနည်းဂါးကျမ်းကို ပယ်ရှား၍ အာစရိယဝါဒ အတ္တနောမတိဖြင့်သာယူ၍ ကျင့်ဆောင်သော အလဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်သည်' ဟု အမိန့်တော်ရှိပြီးလျှင် အာစရိယဝါဒ အယူရှိသူ အတင်ဂိုဏ်းဝင်ပုဂ္ဂိုလ်တို့ကိုပင်၍ မေးဦး၊ အတုလယသပုဂ္ဂိုလ်ကို 'အာစရိယ ဝါဒ ပုဂ္ဂိုလ်ချင်းပင် ကဲကြီး ကဲငယ် မစပ်ရွက် ခွဲ၍ထားလေသည်။ အဘယ်ကြောင်းဖြင့်ထားသနည်း'ဟု အမိန့်တော်ဖြင့်မေးရသော် အာစရိယဝါဒပုဂ္ဂိုလ်များတို့က-

'အတုလယသပုဂ္ဂိုလ်သည် ခမည်းတော်မင်းတရားကြီးလက်ထက်၌ ရာဇဝတ္တရာသဲဃာ့ရာဇာဖြစ်၍ သဲဃာတို့၏ဝါဒကိုသာ မဆုံးဖြတ်၊ လူမှုလူရာများကိုလည်း ဆုံးဖြတ်စီရင်သဖြင့် ကြေးငွေအကုန်အကျရှိခြင်း၊ မိမိနှင့်စပ်၍ ရာဇဝတ်မှုခိုက်ငြိခြင်း စသော အမှုရပ်များကြောင့် မပေါင်းမရွက် ခွဲ၍ထားပေသည်'

ဟု ထွက်ဆိုကြသည်။

အတုလယသ စီရင်ဆုံးဖြတ်သော စာအစောင်စောင်ကိုလည်း ဆက်သွင်းစေရာတွင် ဆက်သွင်းသောစာခွေတို့ကို ကျမ်းသိ ဂန်ဗြင် အမတ်တို့ကို ဖတ်နာစေသော် အမတ်တို့က-

'သည့်အတိုင်းမှန်လျှင် တရားမှ လက်လွတ် သီလမရှိ ဖြစ်ချေသည်'

ဟု သံတော်ဦးတင်ကြရာတွင်-

'ဤ အတုလယသပုဂ္ဂိုလ်သည် သာသနာတော်၏ ရုန်ဆုံးရုန်ငြောင့် ပြုကျင့်၍နေသသူဖြစ်သည်။ ထင်ရှားအောင် လူဝတ်လဲ၍ မောင်းကျော်ပြီးမှ မိမိရပ်ရွာသို့ နှင်ထုတ်လေ'

အမိန့်တော်ရှိ၍ နှင်ထုတ်လိုက်ရသည်။ ဝံသဒီပနီတွင် ဆိုသည်။

http://www.dhammadownload.com

ကဝိသာရမဉ္ဇူသာကျမ်း[၁]တွင် အတုလယသမထေရ် လူမည် (ဦးပန်းထွေး)ကို နှင်ထုတ်ပုံ အခြင်းအရာ တွေ့ရှိရသည်ကား- ကြက်, ငှက် တိရိစ္ဆာန်တို့ကဲ့သို့ အဝတ် မပါ ဗလာကိုယ်ထည်းထားပြီးလျှင် လေဦးတွင် ခြင်းကြား'ဆောင်းကြီး'နှင့် လှောင်၍ စလောင်းဖုံးနှင့် ထမင်းကျွေး၍ (အတုလဘွဲ့ခံ) ငယ်မည် (ငပန်းထွေး)ဟူသော ကမ္မည်းစာလုံးကြီးရေး၍ လုံ, ဓား[၂] ရဲကာလျက် အောက်သရက်မြို့ရောက်အောင် ရောဝတီမြစ်ကြောင်းအလိုက် စုန်မျှောပို့လွှတ်စေ၏။ ရောက်ရာဆိပ်ကမ်းကလည်း မြို့သူရွာသားတို့က ထွက်၍ မေးရန် အမိန့်တော်ဆင့်ဆို၍ထားသောကြောင့် မေးမြန်းကြသည်မှာ-

'ဓားရောင် လုံရောင် ပြိုးပြိုးပြောင် အမောင်ဘယ်ကလူပေလဲ'

ဟူ၍ ဆိုစေ၏။ ထိုအခါမှ လှေပေါ်၌ပါသော အမှုထမ်းသားတို့က-

'ဝိနည်းတတ်ယောင် ဂဏ္ဌိဆောင် နယောင်ကောက်နှင့် လူမည်းမည်း'

ဟု ဆို၍ သွားပြီးလျှင် သရက်မြို့တစ်ဖက် အာလံကျွန်းစွယ်တွင် လွှတ်ခဲ့ကြ၏။

ဤသည်လျှင် အတုလယသ သာသနာပိုင်ဟောင်း 'ဦးပန်းထွေး'ကို နှင်ထုတ်ခြင်းတစ်ရပ် အပြီးသတ်၏[၃]ဟု တွေ့ရှိရသည်။

၎င်း ကဝိသာရမဉ္ဇူသာကျမ်းမှာ အရံဂိဏ်းကို 'သုဓမ္မာဂိဏ်း' အတုလယသ ပါဝင်သော အတင်ဂိဏ်းကို 'စူဠဂဏ္ဌိဂိဏ်း'ဟု ရေးသားသည်။

ဘိုးတော်မင်းတရားကြီးသည် ယခုအခါ၌ သာသနာတော် သန့်ရှင်းစင်ကြယ်ခြင်းသည် ဖြစ်ပြီဟု နှစ်သက်ဝမ်းမြောက်တော်မူ၍-

'ငါ၏နိုင်ငံတော်အတွင်း၌ နေထိုင်ကြကုန်သော ရဟန်းတို့သည် သင်္ကန်းရုံ၏ အစွမ်းဖြင့် တူသောအယူ ရှိကြစေ'

ဟု မင်းအာဏာ ထားတော်မူ၏။ ထိုအခါမှစ၍ ယနေ့ထက်တိုင် အတင်သင့်၏ဟူသော အယူဝါဒ မပေါ်တော့ဘဲ ငြိမ်းအေးလေသည်။

၁။ ဤကား ကဝိသာရမဉ္ဇူသာကျမ်းဆရာ၏ စကားမျှသာဖြစ်သည်။ ဤဘိုးတော်ဘုရားလက်ထက်က ရေးကြသည့် သာသနာဝင် ဆရာစဉ် ကျမ်းအစောင်စောင်တို့မှာ ၎င်းကဲ့သို့မပါရှိချေ။ ကဝိသာရမဉ္ဇူသာကျမ်း၊ ၆၁ - ၂။ ဝံသဒီပနီ-၁၅၀။

၂။ ဓားလက်နက်ကို ထ-ဆင်ထူးနှင့် (ထား)ဟူ၍လည်းကောင်း၊ ဒ-ဒွေးနှင့် (ဒါး)ဟူ၍လည်းကောင်း၊ ဓ-အောက်ခြေကျနှင့် (ဓါး)ဟူ၍လည်းကောင်း ရေးသားကြသည်။ ဒသအပြား၊ အစထားလျက်၊ ဉာဏ်ဓားစွဲကိုင်၊ ပင်လုံးချိုင်ပိမ့်-ဟူသော မနုသာရခွဲထားကို ထောက်၍ ဓ-အောက်ခြေကျနှင့် (ဓား)ဟု ရေးရသည်။

၃။ ကဝိသာရမဉ္ဇူသာကျမ်း၊ ၅၁ မှ ၆၂။

http://www.dhammadownload.com

(၅) သီဟိုဠ် အမရပုရဂိုဏ်း

သက္ကရာဇ် ၁၁၆၂-ခုနှစ်တွင် သီဟိုဠ်ကျွန်းမှ သာမဏေခြောက်ပါးနှင့် ဥပါသကာ တစ်ယောက် အမရပုရမြို့တော်သို့ ရောက်လာသဖြင့် သာမဏေခြောက်ပါးကို သာသနာပြုဆရာတော် ဥပဇ္ဈာယ်ပြု၍-

- ကဝိန္ဒာဘိရာဇဂုရု ဆရာတော်၊
- ဇနိန္ဒာဘိရာဇဂုရု ဆရာတော်၊
- မုနိန္ဒယောသ ရာဇဂုရု ဆရာတော်၊

တို့က ကမ္မဝါဆရာတော်ပြုမူ၍ ဆင်ကြိုး ရွှေဂူသိမ်၌ ရဟန်းအဖြစ်သို့ရောက်အောင် သွတ်သွင်း ချီးမြှောက်တော်မူကြကုန်၏။ ဥပါသကာကိုလည်း ရှင်သာမဏေအဖြစ်သို့ ရောက်စေသည်။ ထို အမရပုရ ရဟန်းဖြစ် သီဟိုဠ်သား ရဟန်းတို့ သီဟိုဠ်သို့ ပြန်သွား ပြီးလျှင် သီဟိုဠ်မှာ နေထိုင်ကြသဖြင့် ထိုရဟန်းတို့က ဆက်သွယ်ပြီးလျှင် ယခုထက် တိုင် အနွယ်မပြတ်ဘဲ 'အမရပုရဂိုဏ်း'ဟု သီဟိုဠ်မှာ ဂိုဏ်းသီးခြားရှိလေသည်။

ထို ဘိုးတော်မင်းတရားကြီးသည် အမရပုရမည်သော ရာဇဋ္ဌာနီ မင်းနေပြည်ကြီး၏ ပတ်ပတ်လည် ထက်ဝန်းကျင်၌ သာသနာတော်၏ အဆောက်အဦဖြစ်သော ကျောင်း ကန် ဘုရား တန်ဆောင်း ပြာသာဒ် စသော အရပ်ရပ်တို့ကို ဆောက်လုပ်လျှဒါန်း၍ သာသနာတော်ကို ချီးမြှောက်ပြီးလျှင် သာသနာတော် မထွန်းလင်းသေးသော တိုင်းစွန်းပြည်နား ရွာမ်းစော်ဘွားတို့၏ နယ်ပယ်များသို့လည်း သာသနာပြုစေလွှတ်သဖြင့် ထို ဘိုးတော်မင်းတရားကြီးလက်ထက်၌ ငါတို့ သာသနာတော်ကြီးသည် အလွန်သန့်ရှင်းစင်ကြယ်၍ ကြီးပွားထွန်းကားလေသည်။

ရဟန်းတော်များအားလည်း ရဟန်းတို့ကျင့်အပ်သော ဝိနည်း သိက္ခာပုဒ်တို့၌ လိမ္မာ ပွန်းတီးရှိရုံ့ သာမဏေတို့အားလည်း သာမဏေတို့အလျောက် ကျင့်အပ်သော သိက္ခာပုဒ်တို့၌ လိမ္မာပွန်းတီးရှိရုံ့ ဂိုဏ်းအုပ် ဂိုဏ်းချုပ် ဆရာတော်တို့က မေးမြန်းစီစစ်ရမည်ဟု လျှောက်ထားသဖြင့် ကိုယ့်ဂိုဏ်းဝင် တပည့်သံဃာတို့ကို အထူးဂရုစိုက်၍ သင်ကြားပြသ ဆုံးမတော်မူကြသဖြင့်လည်း သိက္ခာပုဒ်တော်၌ စောင့်ရှောက်ရှိသေသော ရဟန်း သာမဏေတို့ များပြားလေသည်။

ဤသို့လျှင် ဘိုးတော်မင်းတရားကြီးသည် သာသနာကို ပြုစုလေသည်။ သာသနာကို ပြုစုပြီးလျှင် အိမ်နီမ့်စည်းစိမ် ၃၇-နှစ်၊ နန်းစည်းစိမ် ၃၈-နှစ်၊ သက်တော် ၇၅-

http://www.dhammadownload.com

နှစ်တွင် နတ်ရွာစံတော်မူ၏ ဟူ၍လည်း ရာဇဝင်ချုပ်မှာ အဆိုရှိ၏။ စည်းစိမ် ၄၀–ဟူ၍လည်း ဝံသမေဒပွကာသနီမှာ ဆို၏။ ရာဇဝင်ချုပ်၊ သာသနာဝံသပွဒီပိကာတို့၏ အဆိုနှင့် ဝံသမေဒပွကာသနီ အဆို(၂)ရပ် ကွာသည်။

(၆) ဘိုးတော်ဦးဝိုင်း စိတ်ဖောက်၍ မောင်းထောင်သာသနာပိုင် လူထွက်ရခြင်း

အခါတစ်ပါး ဘိုးတော်မင်းတရားကြီး 'ဦးဝိုင်း' စိတ်ဖောက်ပြန်၍ သာသနာရေးအတွက် တစ်မျိုးတစ်ဖုံ စီမံသေးသည်။ စီမံသော်လည်း သံဃာတော်များနှင့် တိုင်းသူပြည်သားများတို့က မကြိုက်ညီသဖြင့် ပြန်၍ လက်လျှော့ပြီးလျှင် 'မူလအတိုင်း တည်ရန်' အမိန့်တော်ထုတ်သည်။

ဌင်းမင်းတရားကြီး စိတ်ဖောက်ပြန်သည့် အတွင်းမှာပင် မောင်းထောင်သာသနာပြု သာသနာပိုင် 'ဦးမြတ်နေ' စသော ပုဂ္ဂိုလ်ကျော်တို့ လူထွက်ရလေသည်။ ဤအကြောင်း ရာဇဝင်များတွင် မတွေ့ရှိရချေ။

(၇) နောင်တော်ကြီးမင်း လက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၃၆၃–ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၁၈၁) တစ်ထောင့်တစ်ရာရှစ်ဆယ့်တစ်ခုနှစ်တွင် ဘိုးတော်မင်းတရားကြီး၏မြေးတော် နောင်တော်ကြီးခေါ်သော 'သိရိကြီဘဝနာဒိတျာ ပဝရ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ'ဟူ၍ ဘွဲ့တံဆိပ်နာမံခံသောမင်းသည် အမရပုရ ရွှေမြို့တော်မှာ နန်းတက်၏။ ထိုမင်းသည် နောက်ကာလ–

> 'ဟေလဲ ဝန်တို့၊ ဘာလဲ ဝန်တို့၊ နောင်နှစ်ခါ နေရာဟောင်းကို ပြောင်းကြစို့ ဝန်တို့'[၁]။

ဟူသော တဘောင်အရှန့်ဉ် အမရပုရ ရွှေမြို့တော်မှ ပြောင်းရွှေ့၍ ရတနာပုရ အင်းဝ ရွှေပြည်တော်ကို စတုတ္ထ တည်ထောင်ဖန်ဆင်း၍ စံနေတော်မူပြန်သည်။ ထို့ကြောင့် ထိုမင်းကို ရတနာပုရ အင်းဝ စတုတ္ထ မြို့တည် နန်းတည် မင်းတရားကြီးဟူ၍လည်း ခေါ်တွင်သည်။

၁။ ကုန်းဘောင်ရာဇဝင်၊ ၃၊ ၃၁၄၊ တွင်လည်းရှု။

http://www.dhammadownload.com

ထိုမင်းလက်ထက်၌ မိမိသည် အိမ်ရှေ့မင်းသားဖြစ်၍ အိမ်နိမ့် စံစဉ်ကပင် ကိုးကွယ်ခဲ့သော သဇိုးလက်ဝဲကြီးရွာဇာတိ 'အရှင်သီလစာရမထေရ်'ကို တောကျောင်းနေ ရဟန်းတို့၏ အကြီးအမှူးအရာ၌ ထား၍ ကိုးကွယ်၏။[၁]

ထို အရှင်သီလာစာရမထေရ်သည် တောကျောင်းနေခြင်း၌ လေ့လာပျော်ပိုက်သဖြင့် မင်းကွန်းတောရတွင် ကျောင်းဆောက်၍ တင်လျှ၏။ 'သီလစာရ သဒ္ဓမ္မာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လျှုတော်မူ၏။

စလင်းမြို့မှပင့်ယူ၍ 'အရှင် ပညာသီဟမထေရ်'ကို အာသောကာရာမတိုက် ရတနာ ဘုံကျော်မည်သော ကျောင်းကြီးကိုလည်း တင်လျှ၏။ 'မုနိန္ဒာဘိ သိရိသဒ္ဓမ္မ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဟူသော ဘွဲ့တံဆိပ်ကိုလည်း လျှုဒါန်းတော်မူ၏။

သက္ကရာဇ် ၁၁၈၄ ခုနှစ် ရောက်သောကာလ 'မုနိန္ဒာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပြုတံဆိပ်ကို လျှုဒါန်း၍ မဟာအောင်မြေဘုံသာကျောင်းကို တင်လျှုပြီးလျှင် သာသနာပိုင်အရာ၌ ထား၍ သာသနာကို ပြုစုတော်မူလေသည်။

အိမ်နိမ့်စံစဉ်ကပင် ကိုးကွယ်ခဲ့သော အရှင် သီလာစာရ မထေရ်ကား ဘိုးတော်လက်ထက် 'ဂုဏာ မုနိန္ဒာဓိပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' မာရ်လည်ဆရာတော်ကြီး၏ တပည့်တည်း။ ဘိုးတော်မင်းတရားကြီးသည် ဥဘတော ဝိဘင်းကျမ်းကို ဆောင်နိုင် မဆောင်နိုင် စမ်းသပ်ရာတွင် ပြန်ဆိုတော်မူနိုင်သဖြင့် အားရနှစ်သက်တော်မူလှ၍ မြေးတော် အိမ်ရှေ့မင်းသားကို ကိုးကွယ်စေရန် ပေးတော်မူသဖြင့် ကိုးကွယ်လေသည်။ ထိုမထေရ်သည် ဥဘတော ဝိဘင်းပြန်စဉ်က ၁၃-၀၁ရ ဟူ၏။

ဤသို့လျှင် စာပေကျမ်းဂန်၌ တတ်မြောက်သော မထေရ်များကို တံဆိပ်တော်အသီးအသီး လျှုဒန်းပြီးလျှင် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှောက်၍ သာသနာတော်ကို အစဉ်မပြတ် ပြုစုတော်မူလေသည်။

၁။ သာသနလင်္ကာရစာတမ်း၊ ၂၁၂။

http://www.dhammadownload.com

(၈) ဘုရားမြေ၊ ကျောင်းမြေ၊ ဝတ္တကမြေ၌ သာသနာပြုမင်းများ အရေးယူပုံ

အခါတစ်ပါး၌ ထိုမင်းကြီးသည် မှူးမတ်တို့ကိုမေးသည်မှာ–

'ရှေးရှေးသောမင်းတို့သည် ကျောင်းအားလည်းကောင်း၊ ဘုရားအားလည်းကောင်း ပေးလှူခဲ့သော ကျောင်းမြေ, ဘုရားမြေ, လယ်မြေဟူသော သာသနာ့မြေ၊ ဝတ္တကမြေတို့သည် ရှေးပေးလှူခဲ့သည့်အတိုင်း အနောက်နောက်မင်းတို့၏ လက်ထက်မှာလည်းတည် မတည်'

ကို မေးတော်မူလေသည်။ မှူးမတ်တို့သည် ဤသို့လျှောက်တင်လေ၏–

'ရှေးရှေးသောမင်းတို့သည် မြေဆီ မြေဆွန်ကိုသာ လှူဒါန်းခြင်းဖြစ်ခဲ့လျှင် အခွန်ကို လှူရင်း မင်းမရှိခဲ့သော် အလှူပျက်ထိုက်သည်။ သို့မဟုတ် မြေပိုင်အဖြစ် ဖြင့် ပေးလှူခဲ့သည်ဖြစ်အံ့၊ လှူဒါန်းရင်း မင်းမရှိသော်လည်း ဘုရားမြေ, ကျောင်းမြေ အဖြစ် လှူဒါန်းခြင်းမပျက်ထိုက်၊ နောက်နောက် မင်းများ လက်ထက်မှာလည်း ဘုရားမြေ, ကျောင်းမြေပင် ဖြစ်ထိုက်သည်'

ဟု ဆုံးဖြတ် တင်လျှောက် ကြလေသည်။ ထိုအခါ အရှင်မင်းကြီးသည် 'သာသနာပြုဆရာတော်များ လျှောက်ထားရမည်'ဟု အမိန့်တော်မှတ်သဖြင့် သာသနာပြု ဆရာတော်များအား လျှောက်ထားကြရာ သာသနာပိုင် ဆရာတော်နှင့်တကွ တံဆိပ်တော်ရ ကျမ်းဂန်တတ် သာသနာပြုဆရာတော်များကလည်း–

'ရှေးရှေးသော မင်းများ လှူဒါန်းသွားသော ဘုရားမြေ, ကျောင်းမြေ ဟူသော သာသနာမြေ၊ ကျောင်း ဘုရားအား လှူသော ဝတ္တက လယ်မြေများသည် လှူဒါန်းရင်း မင်းမရှိသော်လည်း နောက်နောက်သော မင်းများ လက်ထက်မှာလည်း ဘုရားမြေ, ကျောင်း မြေ, ဝတ္တကမြေပင် ဖြစ်ထိုက်ကြောင်း'

ဆုံးဖြတ်တော် မူကြပြီးလျှင် မင်းအထံသို့ ဆက်သွင်း၏။ ထိုအခါ ရေမြေ ဘုရင်နောင်တော်ကြီး မင်းမြတ်သည် အမိန့်တော်မြတ်မှတ်သည်ကား အောက်ပါအတိုင်း ဖြစ်သည်။

http://www.dhammadownload.com

(၉) နောင်တော်မင်းကြီး၏ အမိန့်တော် ပြန်တမ်း

"ရှေးရှေးသော ဘေးတော် ဘိုးတော် ခမည်းတော်မင်းကြီးများ လှူဒါန်း သွားသော ဘုရားမြေ၊ ကျောင်းမြေ၊ ဝတ္တကမြေများကို ဘုရားမြေ၊ ကျောင်းမြေ၊ ဝတ္တကမြေအဖြစ်၌ပင် တည်စေ"

ဟု အမိန့်တော် ထုတ်၏။ ထို့ကြောင့် ယခုအင်္ဂလိပ်မင်းများ လက်ထက်မှာလည်း ထိုသာသနာမြေ၊ ဝတ္တကမြေများနှင့် စပ်လျဉ်းရာတွင် အထူးဂရုစိုက်၍ သတိထားစရာ ကောင်းလှပေ၏။

(၁၀) လယ်မြေစသည် ကျောင်းကန် ဘုရားအား လှူဒါန်းခြင်းအစ

တစ်ဖန် ရေမြေရှင် ဘုရင်မင်းမြတ်က မေးမြန်းတော်မူသည်မှာ–

'ဘယ်ကာလ ဘယ်မင်းလက်ထက်က အစပြု၍ လယ်မြေစသည်တို့ကို ကျောင်းကန်ဘုရားအား လှူဒါန်းခြင်းအလေ့ ဖြစ်ခဲ့ဖူးသနည်း'

ဟု–မေးတော်မူရာ မင်းတိုင်ပင် အတွင်းဝန်အမတ်ကြီးက လျှောက်တင်ရလေသည်။

'အရှင်မင်းမြတ်၊ ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသော သုဇာတာမြတ်စွာဘုရား၏ လက်ထက်တော်၌ ငါတို့ ဘုရားအလောင်းတော်သည် စကြာမင်းဖြစ်၍ ကျွန်းငယ် နှစ်ထောင်အရံရှိသော လေးကျွန်းလုံးနှင့်တကွသော ရတနာခုနစ်ပါးတို့ကို သုဇာတာ မြတ်စွာဘုရားအား လှူခဲ့ဖူးကြောင်း'

လျှောက်တင်ရလေသည်၊ ထိုမှတစ်ပါးလည်း–

'အရှင်မင်းမြတ်ဘုရား၊ ကျွန်တော်မျိုးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်ကြီး ဖြစ်တော်မူသော ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်တစ်ရာကျော် ရှိသောအခါ သိရိဓမ္မာသောကမင်းကြီး တစ်ယောက်သော မုန့်သည်မိန်းမသည် ငါးကရိသ ငါးပယ်စားရှိသော လယ်မြေကို တစ်ပါးသော မထေရ်အား လှူဖူးလေသည်။ ထိုသံဃာအား လှူထားသော လယ်မြေကို ဒွတ္တပေါင်မင်းကြီး သိမ်းယူလေသည်။ ထို့သို့ သံဃာ အား လှူထားသော သံဃိကလယ်မြေကို သိမ်းယူထားခြင်းကြောင့် ဒွတ္တပေါင်မင်းကြီး၏ စည်တော်သည် တီးခတ်သော်လည်း မမြည်ရှိလေသည်၊ လှံစက်သည်လည်း စေခိုင်းတိုင်း မရရှိလေသည်။ ထိုအခါမှ အကြောင်းကို စုံစမ်းသော် သံဃာတော်များ လှူထားပြီးသော လယ်မြေကို မင်းသိမ်းထားခြင်းကြောင့် ဖြစ်သည်ဟု သိရှိရ၍ ရှေးလှူမြေအတိုင်း လှူဒါန်းရဖူးသည်'

ဟု အတွင်းဝန် အမတ်ကြီးက လျှောက်တင်ရလေသည်။

http://www.dhammadownload.com

ဤသို့လျှင် သာသနာတော်နှင့် စပ်ဆိုင်ရာ မြေများကို မင်းအဆက်ဆက် ဂရုပြု၍ စောင့်ရှောက်ချီးမြှောက်ခဲ့ဖူးလေသည်။

(၁၁) ညောင်ကန်ဆရာတော်ဦးဗုဒ္ဓ အကြောင်း

ရတနာပုရ အင်းဝ စတုတ္ထမြို့တည် နန်းတည်ဖြစ်သော နောင်တော်ကြီးမင်း၏ 'သိရိပ ဝရတိလောက မဟာရာဇိန္ဒာ ရတနာဒေဝီ'ဟူသော ဘွဲ့ခံ မိဖုရားခေါင်ကြီးက ရတနာဘိုဘုရားအင်းဝမြို့တော်၌ ဆောက်သော မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို ဆရာတော် ဦးဗုဒ္ဓ၏ အစ်ကိုအကြီးဖြစ်သော 'ပုညာဘိသိရိသဒ္ဓမ္မာဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု'ဟူ၍ မင်းလျှောက်ဆိပ်နာမံတော်ရှိသော ဆရာတော် 'ဦးပိုး'အား တင်လျှောလေသည်။

(၁၁၉၁) တစ်ထောင့်တစ်ရာ့ကိုးဆယ့်တစ်ခု တန်ခူးလတွင် ဆရာတော်ဦးပိုး ပျံလွန်တော်မူ၍ ၎င်းမိဖုရားခေါင်ကြီးက ဆောက်သော 'ဆရာတော်ဦးပိုး၏ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို မည်သည့်ပုဂ္ဂိုလ်အားတင်လျှောရပါမည်နည်း'ဟု ရေမြေရှင် သာသနဒါယကာဘုရင်မင်းမြတ်နှင့်တကွ ကျောင်းအစ်မ မိဖုရားခေါင်ကြီးပါ ကြံစည်နေဆဲတွင်–

'မိုးကြီးချုပ်လို့ ဗုတ်ကြီးမြည်
ပူစီတဲ့ဘုန်း၊
သာသနာ ဝါယမာ တစ်ဖန်ထုတ်ဖို့
ရွေဗုတ်ကယ် မယ့်ဆဲထုံး
နားလည့်ပါအုံး'[၁]

ဟူသော တဘောင်ပေါ်လာသဖြင့် ၎င်းတဘောင်ကို အမတ်ကြီး ဦးပေါ်ဦးက ယူလာပြီးလျှင် ရေမြေရှင်ဘုရင်မင်းမြတ်နှင့်တကွ ဆရာတော် သံဃာတော်တို့အား လျှောက်ထား သံတော်ဦးတင်သဖြင့် ၎င်းတဘောင်အရှေ့ဘုံမြို့နယ်အပါ (ယခုအလုံ) ညောင်ကန်ရွာ ဖွားရာဇာတိ အရပ်မှ ပင့်ယူ၍ ဆရာတော်ဦးဗုဒ္ဓအား မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးကို တင်လျှောလေသည်။ 'စက္ကိန္နာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဟူသော တံဆိပ်တော်ကိုလည်း ကပ်လျှောလေသည်။

ထိုဆရာတော် ဦးဗုဒ္ဓသည် နိကာယ်ငါးဦး ပင်လယ်ကူး ဖြစ်တော်မူ၍ နိုင်ငံမဆံ့ ပျံနှံ့ကျော်စောခြင်း ဂုဏ်သတင်းနှင့် ပြည့်စုံတော်မူလေသည်။ စာပေ ချပို့ကြည့်ရှုခြင်း ပရိယတ္တိကိစ္စ၌ အလွန်မွေ့လျော် ပျော်ပိုက်တော်မူလှသဖြင့် ပရိယတ္တိကိစ္စနှင့်

၁။ ဦးပေါ်ဦး လျှောက်ထုံး၊ ပ–၂၉၂။

http://www.dhammadownload.com

သာ အချိန်ကုန်လွန်စေသည်ဟူ၏၊ စာကြည့်ရှုခြင်း ပျက်ကွက်မည်စိုးသဖြင့် မင်းမှူး မတ်စသော လူပရိသတ် အာဂန္တုရဟန်း ပရိသတ်တို့အား လက်ခံစကားပြောဟော ခြင်း ကိုလည်း မပြုဟူ၏။

မိမိ၏ကျေးဇူးရှင်ဖြစ်သော ခမည်းတော်ကြီး အနိစ္စရောက်ရာတွင် ဗျာပနကိစ္စကို မင်းမှူမတ်စသော ဒါယကာ ဒါယိကာမတို့က စီမံ၍ 'အသုဘရှုကြွေတော်မူရန်' ပင့်လျှောက်သဖြင့် 'ကျေးဇူးကြီးလှသော အဖရင်းဖြစ်၍ နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ရှုရတော့မည်'ဟု အောက်မေ့ပြီးလျှင် လက်တွင် စာကိုင်လျက် ကျောင်းပေါ် လက်ရန်းခေါ် ဆင်ကပ်ကသာ နေ၍ ကြည့်ရှုတော်မူသည် ဟူ၏။

ထိုဆရာတော်ဦးဗုဒ္ဓသည် ရှေးရှေးသော ပါရမီဒဗ္ဗ သမ္ဘာရ အဟုန်နှင့် ပြည့်စုံတော်မူသော ပုဂ္ဂလဝိသေသ ပုဂ္ဂလအာဇာနည် ဖြစ်တော်မူရကား မူလဇာတိကပင် သိမ်မွေ့သော နှုတ်အမူအရာ ကိုယ်အမူအရာ ခြောက်ဖြာသော ဣန္ဒြေကို စောင့်စည်းခြင်း၌ လွန်မင်းသော တည်ကြည်ခြင်း သမာဓိရှိတော်မူသဖြင့် နတ်လူမဆို ကြည်ညိုလေးမြတ်ရိုသေ ကြောက်ရွံ့ကြရသည် ဟူ၏။

ထိုဆရာတော် ဦးဗုဒ္ဓသည် နှုတ်တော်မှ အသံထွက်အောင် ရယ်ရွှင်ဖူးသည်လည်း မရှိ ဟူ၏။

မည်သည့် ပုဂ္ဂိုလ်ကိုမှ မျက်နှာကြီး မျက်နှာငယ် လိုက်၍ ပြောဆိုတော်မူလေ့မရှိ၊ ယုတ္တမုတ္တဝါဒီအစစ်ကြီး ဖြစ်တော်မူ၏ ဟူ၏။ သာသနာ့ဒါယကာ မင်းဇကာရဇ်ကို သော်လည်း လိုက်စား၍ ပြောဆိုလေ့မရှိဟူ၏။ ဆရာတော်ဦးဗုဒ္ဓ သီတင်းသုံးရာ ကျောင်းတော်သို့ လာရောက်ကြသော အတွင်း၀န်မင်းကြီး များကိုသော်လည်း ကျောင်းတလင်းတွင် မြက်သုတ်တင် ခိုင်းစေသော ဟူ၏။ ထိုဆရာတော် ဦးဗုဒ္ဓသို့ ချဉ်းကပ်၍ သာမန် ပုဂ္ဂိုလ် စာလျှောက် မေးမြန်းစုံစမ်းခြင်းကို မပြုဝံ့ကြကုန်ဟူ၏။

ပရိယတ္တိ အရာ၀ယ် သက သမယ တည်းဟူသော တောအုပ်၊ ပရသမယတည်း ဟူသော တောအုပ်သို့ သက်၀င် ဝင်ရောက်ခြင်းငှာ စွမ်းနိုင်ရကား၊ ပုဒ်ပဒ ၀ါကျ အတ္ထဝိနိစ္ဆယ အဓိပ္ပာယတ္ထတို့၌ ကောက်ယူ ဆုံးဖြတ်ခြင်းငှာ လိမ္မာရဲရင့်တော်မူလှသဖြင့် 'နောက် အဋ္ဌကထာဆရာ'ဟူ၍လည်း ကျော်စောထင်ရှား၏။

(၁၂) ဆရာတော်ဦးဗုဒ္ဓ ထေရုပ္ပတ္တိ

ထိုဆရာတော် ဦးဗုဒ္ဓသည် သက္ကရာဇ် ၁၁၄၈-ခုနှစ် နယုန်လပြည့်ကျော် ၅-ရက် အင်္ဂါနေ့၌ အလုံနယ် အပါအ၀င် ညောင်ကန်ရွာတွင် ဖွားမြင်တော်မူ၍ သက္ကရာဇ် ၁၁၈၇-ခုနှစ်တွင် အသက် ၂၀-ပြည့်တော်မူသဖြင့် သာမဏေအဖြစ်မှ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်ဟု မှတ်ယူရာ၏။

http://www.dhammadownload.com

သက်တော် ၄၂-နှစ်၊ ဝါတော် ၂၂-ဝါအရှိ သက္ကရာဇ် ၁၁၉၀ပြည့်နှစ်တွင် ရူပသိဒ္ဓိနိဿယကို မိမိဖွားရာ ဇာတိဖြစ်သော ညောင်ကန်ရွာ၌ သီတင်းသုံးတော်မူစဉ် ပြုစီရင်တော်မူသည်ဟု ၎င်းနိဿယ နိဂုံး၌ အဆိုရှိသဖြင့် ဝါတော် ၂၀ကျော် ၂၃ဝါလောက်ရှိမှ အင်းဝနေပြည်တော်သို့ ရောက်၍ မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီးကို အလှူခံ၍ 'စက္ကိန္ဒာဘိ သိရိ သဒ္ဓမ္မ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဟူသော ပထမ တဲဆိပ်တော်ကို အလှူခံရသည်ဟု မှတ်ယူဖွယ်ရှိ၏။

နောက် ရွှေဘိုမင်းလက်ထက် 'ဓမ္မဒီပဓဇ- တိပိဋကဓရ-သိရိပဝရဓမ္မ-သေနာပတိ- အတုလဓိပတိ-ကဝိနာထ-မဟာရာဇာဓိ ရာဇဂုရု'[1] ဟူသော ဒုတိယ တဲဆိပ်တော်ကို အလှူခံရသည်ဟုလည်း အမတ်ကြီး ဦးပေါဦး လျှောက်ထုံးတွင် တွေ့ရှိရ၏။

သက္ကရာဇ် ၁၂၆၃-ခုနှစ်ကျမှ အမည်မသိ ပုဂ္ဂိုလ် ရေးသားသော ညောင်ကန်ဆရာတော် ဦးဗုဒ္ဓစာတမ်းတွင် တွေ့ရှိရသည်ကား-

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် နန်းတက်သော ရွှေဘိုမင်းတရားကြီးသည် သဲအင်း သာသနာပိုင်ဆရာတော်ဘုရားကြီးအား လျှောက်ထားသည်မှာ-

'ညောင်ကန်ဆရာတော် ဦးဗုဒ္ဓသည် ဓမ္မူမဆံ့ ပျံ့နံ့သော ဂုဏ်သတင်းတော် ရှိပါသည်။ ပျံ့နံ့ကျော်ကြားသလောက် တော်မတော်ကို မေးမြန်းစီစစ်တော် မူပါ'

ဟု လျှောက်ထားသဖြင့် ဆရာတော်ဦးဗုဒ္ဓကို ပင့်ဖိတ်၍ သုဓမ္မာဝင် ဆရာတော်များ နှင့်တကွ သာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် သဒ္ဒနယ၊ အတ္ထနယ စသည်ကို မေးမြန်း စုံစမ်းတော်မူရာ ဆရာတော်ဦးဗုဒ္ဓသည် မေးမြန်းစုံစမ်းသမျှ အရပ်ရပ် ကို နှုတ်မဆိတ်ဘဲ သဒ္ဒသံဝဏ္ဏနာ၊ အတ္ထသံဝဏ္ဏနာ၊ အလင်္ကာနည်း၊ ဆန်းနည်း၊ အဘိဓာန်နည်း၊ နေတ္တိနည်း၊ ပဒ္ဓာန်းနည်း၊ အဋ္ဌကထာနည်း၊ ဋီကာနည်း၊ ဂဏ္ဌိယောဇနာနည်း စသည်တို့ဖြင့် တန်ဆာဆင်လျက် နှုတ်တက်ရွရွ အာဂုံကျန သိသာလှအောင် ဖြေတော်မူသဖြင့် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး က မိန့်ဆိုတော်မူသည်မှာ-

'ညောင်ကန်ဆရာတော်သည် အတော်နှင့် အကျော်၊ အကျော်က နည်း သေးသည်'

ဟု မိန့်ဆိုသတတ်။

၁။ ၎င်းဘွဲ့တဲဆိပ်သည် မည်သည့် ရာဇဝင်၊ မှတ်တမ်း၊ သာသနာဝင် ဆရာစဉ်ဆက် မှတ်ဟမ်းတို့မှာမျှ မပါမရှိ၊ ဦးပေါဦး လျှောက်ထုံး၌သာ တွေ့ရှိရသည်။

http://www.dhammadownload.com

ထိုကြောင့် ရွှေဘိုမင်းလက်ထက်မှာ 'စက္ကိန္ဒာဘိ ဓေ မဟာဓမ္မ ရာဇဂုရု' ဟူသော နောင်တော်ကြီးမင်း လက်ထက်၌ ရခဲ့သော မူလ ပထမတံဆိပ်မှသည် 'စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မ ဓေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော ဒုတိယတံဆိပ်တော်ကို အလျှဲခံရသည်ဟု ၎င်းစာတမ်းတွင် တွေ့ရှိရ၏။

အမှန်ကို စုံစမ်း မေးမြန်း ကြည့်ရှု ရာဖွေ၍ ယူကြပါကုန်။

(၁၃) ပြုစုသော ကျမ်းစာများ

ဆရာတော် ဦးဗုဒ္ဓစိရင်ရေးသားသော သဒ္ဒနီတိနိဿယ သုံးတွဲရှိသည်တွင် သုတ္တမာလာနိဿယကို အမရပူရမြို့တော်ကို ဒုတိယတည်ထောင်ဖန်ဆင်းသော ရွှေဘိုမင်း၏ မိဖုရားကြီးက ပင့်၍ အင်းဝ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီးမှ အမရပူရမြို့တော်သို့ ကြွလာပြီးလျှင် မင်္ဂလာဘုံကျော် ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူစဉ် ရေးသားတော်မူသည်။

သဒ္ဒနီတိ ပဒမာလာ၊ ဓာတုမာလာ နိဿယများကို အင်းဝ မဟာအောင်မြေဘုံစံအုတ်ကျောင်းတော်ကြီး၌ပင် ပြုစိရင်တော်မူသည်။ ထိုဆရာတော်ဦးဗုဒ္ဓ စိရင်သော ကျမ်းပေါင်း ၃၇ကျမ်းရှိသည် ဟူ၏။ ထိုဆရာတော် စိရင်သော ကျမ်းများတွင် အချို့ကား တိမ်မြုပ်လျက်ရှိ၏။ အချို့ကား ထင်ပေါ်လျက် များစွာအသုံးပြု၍ ယခု အခါ စာသင်၊ စာပြင်၊ စာချ ပုဂ္ဂိုလ်တို့မှာ အလွန်ကျေးဇူးများလျက်ရှိ၏။

(၁၄) ညောင်ကန် ဆရာတော်ဦးဗုဒ္ဓ၏ ဆရာစဉ်ဆက်

ငယ်မည်		တံဆိပ်မည်
တောင်တွင်းခင်ကြီးဖျော်	–	ဉာဏာလင်္ကာရ ဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ခင်ကြီးညွန့်	–	ဗုဒ္ဓရက္ခိတ မဟာသာမိ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ခင်ကြီးရောင်	–	ကဝိန္ဒာဘိ သဒ္ဒမ္မဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ခင်ကြီးရာ	–	ဓမ္မစာရိန္ဒ ဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ခင်ကြီးသာပုံ	–	မုနိန္ဒာဝရ ပရမ ဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ဦးမှတ်ကြီး	–	နရိန္ဒာဘိ တိသာသနာဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ညီတော်ဦးပိုး	–	ပုညာဘိ သိရိသဒ္ဓမ္မ ဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ညီတော်ဦးဗုဒ္ဓ	–	စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မ ဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ဦးကြီးညို	–	မေဓာလင်္ကာရသိရိကဝိဓေ မဟာဓမ္မ ရာဇဂုရု။
၎င်းတပည့် ဦးသူ	–	ဉာဏိန္ဒာဘိပဝရဓေ ပဏ္ဍိတမဟာဓမ္မ ရာဇဂုရု။

http://www.dhammadownload.com

ငင်းတပည့် ဦးကန်ရိုး – ဒီပနန္နာဘိဓေ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မရာဇဓိ ရာဇဂုရု။

ငင်းဆရာတော်ကြီး တစ်ဆယ့်တစ်ပါးတို့တွင် တောင်တွင်းကြီး ခင်ကြီးဖျော် မှ တစ်ပါး၊ ကျန် ၁၀-ပါးသော ဆရာတော်များမှာ ဆွေတော်မျိုးတော်ချည်းပင် ဖြစ်သည်။

ထိုဆရာတော်ကြီးများသည် 'ရာဇာဓိရာဇဂုရု'ဖြစ်တော်မူကြသည် အားလျော် စွာ အသီးအသီး ကျမ်းဂန်များကိုလည်း ပြုတော်မူကြ၏။ ဆရာတော် ဦးဗုဓ်သည် အသက်တော် (၅၅) ငါးဆယ့်ငါးနှစ်မှာ ပျံလွန်တော်မူသည်ဟူ၏။ 'ဦးဗုဓ်အသက် ဗုဓ်ဗက်'ဟူ၏။

(၁၅) ရွှေဘိုမင်းလက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၃၈၁-ခု၊ ကောဇာသက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် နောင်တော် ကြီးမင်း၏ ညီတော်ရွှေဘို ဘုရင်မင်းမြတ်သည် ရနာပုရမြို့၌ နန်းတက်တော်မူ၏။ 'သိရိပဝရာဒိတြ လောကာဓိပတိ ဝိဇယ မဟာဓမ္မရာဇာဓိရာဇာ'ဟူသော တံဆိပ် နာမ် ကိုလည်း ခံယူ၏။ ထိုမင်းကို ကုန်းဘောင်မင်းဟူ၍လည်းကောင်း၊ ရွှေဘိုမင်းဟူ၍လည်း ကောင်း အမရပူရမြို့တော်ကို နှစ်ကြိမ်မြောက်တည်ထောင် ဖန်ဆင်းတော်မူ၍ စံနေတော် မူသဖြင့် အမရပူရ ဒုတိယ မြို့တည်နန်းတည်မင်း ဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။

(၁၆) သဲအင်း သာသနာပိုင် ဆရာတော်

ထိုမင်းလက်ထက်၌ 'သဲအင်းဆရာတော်ဘုရားကြီး'ကို သာသနာပိုင် တင်တော် မူ၍ 'သူရိယဝံသာဘိ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင် တံဆိပ်တော်ကို လှူဒါန်းတော်မူသည်။

ထိုသဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၂၅-ခု၊ နတ်တော်လဆန်း ၇-ရက်၊ သောကြာနေ့ သဲအင်းရွာတွင် ဖွားသန့်စင်တော်မူ၏။ အသက်တော် ၇၄နှစ်ရှိမှ သာသနာပိုင် ဖြစ်တော်မူသည်။ သာသနာပိုင် ဖြစ်ပြီးနောက် ၂-နှစ်သာ နေတော်မူရ၍ သက္ကရာဇ် ၁၂၀၁-ခုနှစ်တွင် ပျံလွန်တော်မူသည်ဟု သဲအင်း သာသနာပိုင် ထေရပုတ္တိ ကထာမှာ ဆိုသည်။ သာသနာဝံသပဒီပိကာ၌ကား သက္ကရာဇ် ၁၁၉၉ခုနှစ်မှာ သာသနာပိုင်အဖြစ်သို့ ရောက်တော်မူ၍ ၁၂၁၅ခုနှစ်သို့ ရောက်မှ ပျံလွန် တော်မူသည်ဟု-

http://www.dhammadownload.com

ကလိယုဟေ ပန္နရသာဓိကေ ဒွိဝဿ သတေ သဟဿေ စ သမ္ပတ္တေ
တဿ ရညော ကာလေ ယေဝ မစ္ဆုဝသံ ပတ္တော။[၁]

ဟု ပါဠိစီကုံးလျက် ဆို၏။ သဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီးသည် 'တိပိဋကာလင်္ကာရ မဟာဓမ္မရာဇဂုရု'ဟူသော မင်းလျှောက်ဆိပ်နာမံတော်ရှိသော တောင်ဘီလာ ဆရာတော်၏ အဆက်အနွယ်တပည့်တည်း၊ ၎င်းသဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ပရိယတ္တိကောဝိဒဂုဏ်နှင့် ပြည့်စုံတော်မူ၍ သိက္ခာ ကာမ သန္တိဩဿဒ ခန္တီဓမ္မနှင့်လည်း ပြည့်စုံတော်မူသည်ဟူ၏။

ပျံလွန်တော်မူသော သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ အလောင်းကို ရွှေဘိုမင်းတရားကြီးသည် ရှေးအခါက မဖြစ်ဖူးသော အံ့သြစရာ အဖြာဖြာသော အမှုတို့ဖြင့် ပြုလုပ်စီမံ၍ အရာမက များလှစွာသော ပြာသာဒ်၊ လောင်တိုက်၊ တလားကြီး၊ တလားငယ်တို့ပြင့် ပူဇော်၍ သင်္ဂြိုဟ်ခြင်း စာပနကိစ္စကို ပြုတော်မူ၏။

(၁၇) သာသနာပိုင် ဦးညောယျ အကြောင်း

သဲအင်း သာသနာပိုင် ဆရာတော်ဘုရားကြီး၏ အလောင်းကို သင်္ဂြိုဟ်ခြင်း စာပနကိစ္စပြီးစီးသော ၁၂၀၁-ခုနှစ်မှာပင် ထိုသဲအင်း ဆရာတော်ဘုရားကြီး၏ တပည့် ဖြစ်သော 'ဦးညောယျ'ကို သာသနာပိုင်တင်မြှောက်၍ 'ညောယျ ဓမ္မလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင် ပထမတံဆိပ် လျှုဒါန်းတော်မူပြီး၍ နောက်ထပ် ဒုတိယတစ်ကြိမ် 'ဧညျဓမ္မာဘိဝံသ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင် တံဆိပ်ကို နှစ်ကြိမ်နှစ်ထပ် လျှုဒါန်း တော်မူသည်။

သာသနာပိုင် ဆရာတော် ဦးညောယျသည် သက္ကရာဇ် ၁၁၆၁-ခုနှစ်တွင် နတ်ရဲရွာ၌ ဖွားသန့်စင်တော်မူ၏။ သက္ကရာဇ် ၁၁၈၀-ပြည့်နှစ် ဒုတိယ ဝါဆိုလဆန်း ၁၄-ရက်နေ့မှာ အသက်နှစ်ဆယ် ပြည့်သဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။ ဝါတော် ၂၁ဝါမှာ သာသနာပိုင် ဖြစ်တော်မူ၏။

သာသနာပိုင် ဆရာတော် ဦးညောယျသည် များစွာသော တပည့် ရဟန်းပရိသတ်တို့အား ပရိယတ်ကို ပို့ချသည်၏ အစွမ်း အားဖြင့် သာသနာတော်ကို ချီးမြှောက်တော်မူလေ့ရှိ၏။

- တစ်ပါးသော ဆရာတော်များနှင့် မတူ နည်းထူး နည်းဆန်း ဝါကျ အသွား အလာ အစပ် အဟပ် အထပ် ဝါကျများ၌ ခွဲခြား၍ အနက် ယောဇနာခြင်း၊

၁။ သာသနာဝံသပွဒီပိကာ။

http://www.dhammadownload.com

- စုဒ်စောဒနာ ဝါကျများနှင့် သောဓနာဝါကျများ မစုံလင်ရှိသော အရာများ၌ သောတုဇနတို့ နည်းရ လောက်အောင် ဖြည့်စွက် ထုတ်ဖော်၍ ချပို့သတတ်။

ထိုသာသနာပိုင် ဆရာတော်ဦးညေယျ ချပို့သော နည်းကို ငါတို့၏ ကျေးဇူးရှင် ဖြစ်တော်မူသော 'ဂန္ဆသာရ ကဝိဓဇ'အမည်တော် ရှိသော 'ရေစကြို့ဆရာတော်'ဘုရားကြီး ချပို့တော်မူ သဖြင့် ငါတို့ကိုယ်တိုင်လိုက်နာမှတ်ယူ သိရှိရကြောင်း၊ ၎င်းရေစကြို့ဆရာတော်ဘုရားကြီးမှ ပြန့်ပွား၍ သာသနာပိုင် ဆရာတော်ဦးညေယျ၏ စာပို့ချနည်းသည် သာသနာတည်ရာ အရပ် ထက်ဝန်းကျင်၌ ပြန့်နှံ့လျက် ယခုအခါ ထင်ရှားရှိလေ၏။ အထူးအားဖြင့် ပခုက္ကူမြို့၌ စာချဆရာတော်တို့ အထူးပို့ချလျက် ရှိ၏။

ထို့ကြောင့် သာသနာပိုင် ဆရာတော် ဦးညေယျ၏ စာပို့ချနည်းသည် နောက်သားနောင်လာ စာသင်သားတို့အား သံဝဏ္ဏေတမ္မ၊ သံဝဏ္ဏနာ စပ်ဟပ်၍ ကြည့်ရှုနိုင်ခြင်း၌ လွယ်လင့်တကူ တတ်မြောက်၍ အတ္ထဝိနိစ္ဆယဉာဏ် ရင့်သန် လွယ်သော နည်းထူးနည်းဆန်း ဖြစ်လေ၏။

သာသနာပိုင်ဆရာတော် ဘုရားကြီး ဦးညေယျသည် သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့စေခြင်းငှာ- သောတု ဇနတို့အား လည်း ကြည့်ရှုလွယ်စေခြင်းငှာ 'သဒ္ဓမ္မပွဇောတိကာ'မည်သော မဟာနိဒ္ဒေသ အဋ္ဌကထာကို အနက် မြန်မာနိသယ ရေးသားတော်မူ၏။

(၁၈) ပုဂံမင်း လက်ထက် သာသနာ

သာသနာသက္ကရာဇ် ၂၃၉၀-ပြည့်၊ ကောဇာ သက္ကရာဇ် ၁၂၀၈-ခုနှစ်၊ နတ်တော်လဆန်း ၈-ရက်နေ့တွင် ရွှေဘိုဘုရင် မင်းမြတ်၏ သားတော်ပုဂံမင်းသည် အမရပူရ ရွှေမြို့တော်မှာပင် နန်းတက်တော်မူ၏၊ 'သိရိသုဓမ္မ တိလောက ပဝရ မဟာဓမ္မရာဇာဓိရာဇာ' ဟူသော တံဆိပ် နာမံကိုလည်း ခံယူတော်မူ၏။

ထိုပုဂံမင်းလက်ထက်မှာ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သော 'ပညာ ဇောတာဘိဓဇ မဟာဓမ္မ ရာဇဓိ ရာဇဂုရု'ဟူ၍ ဓမည်းတော် ရွှေဘိုမင်းတရားကြီး လက်ထက်၌ ရအပ်သော မင်းလျှုတံဆိပ်နာမံတော်ရှိသော 'ဒုတိယ ဗာဟာကရာ ဆရာတော်'ကို သာသနာပိုင် တင်မြှောက်၍ 'ပညာဇောတာဘိ သိရိပဝရလင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မ ရာဇဓိ ရာဇဂုရု'ဟူသော သာသနာပိုင် တံဆိပ်ကိုလည်း လျှုဒါန်းတော်မူ၏။

နောက် 'မဟာဝေရဲဘုံသာ စံကျောင်းတော်မြတ်'ကို အပ်နှင်းလျှုဒါန်းသော အခါမှာလည်း ဒုတိယတစ်ကြိမ်သာသနာပိုင် တံဆိပ် လျှုဒါန်းတော်မူ၏။ ထို့နောက်

http://www.dhammadownload.com

'မဟာရတနာဘုံသာကျောင်း'ကို အပ်နှင်းလှူဒါန်းသောအခါ၌လည်း တတိယတစ်ကြိမ် သာသနာပိုင် တံဆိပ်လှူဒါန်းတော် မူသည်။

ထိုကြောင့် ဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် တံဆိပ်တော် လေးထပ် လေးကြိမ် ရတော်မူသော ဆရာတော် ဖြစ်တော်မူ၏။

ထိုဗားကရာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ကောစိဒဂုဏ် ပြည့်စုံ လုံလောက်တော်မူသဖြင့် အဂုံတ္တရနိကာယ်ပါဠိတော်အဋ္ဌကထာတို့၏ မှီရာ အနက် မြန်မာနိသယရေးသားခြင်း စသော ကျမ်းဂန်ပေါင်းများစွာကိုလည်း ပြုစု တော်မူ၏။

ထိုပုဂံမင်း လက်ထက်မှာပင် သာသနာပိုင်ဆရာတော် ဦးညေယျသည်လည်း 'သဒ္ဒမ္မ ဝိလာသိနီ'မည်သော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနိသယကို ရေးသားတော်မူ ၏။

ဤသို့ စသည်ဖြင့် ထိုပုဂံမင်းလက်ထက်မှာ ကျမ်းပြုဆရာတော် အတော်များ လေသည်။ ပုဂံမင်းမှာမူကား တောကစားခြင်း၌ အတော် လေ့လာပျော်ပါးသည် ဟူ၏။

အမပုရ မည်သော မန္တလေးတောင်မြို့၌ နန်းစံသော မင်းများ လက်ထက်၌ ကျမ်းဂန်တတ်မြောက်သော တံဆိပ်တော်ရ ဆရာတော်ကြီးတွေ ပေါများသဖြင့် ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့၏ အနက်မြန်မာ၊ ယောဇနာ၊ နိသယကို ရေးသားတော်မူခဲ့ ကြသော နိသယကျမ်းပေါင်း စောင်ရေများစွာ ရှိလေသည်။ ထိုမှတစ်ပါးလည်း ပါဠို သက်သက် ရေးသော ကျမ်းများနှင့် ဝိနိစ္ဆယ၊ ဂန္ထန္တရ၊ ဖြစ်သော ကျမ်းကြီး ကျမ်းငယ် များလည်း ပေါများလေသည်။

(၁၉) သာသနာပိုင် ဆရာတော်များ

၁။ အလောင်းမင်းတရားလက်ထက် – အတုလယသ၊
၂။ စဉ့်ကူးမင်းလက်ထက် – မာန်လည် ဆရာတော်၊
၃။ ဘိုးတော်လက်ထက် – မောင်းထောင်သာသနာပိုင်၊
၄။ နောင်တော်ကြီးလက်ထက် – စလင်း သာသနာပိုင်၊
၅။ ရွှေဘိုကုန်းဘောင်မင်းလက်ထက် – သဲအင်း သာသနာပိုင်နှင့် ဦးညေယျ၊
၆။ ပုဂံမင်းလက်ထက် – ဒုတိယ ဗားကရာ သာသနာပိုင်၊
၇။ မင်းတုန်းမင်းတရားကြီးလက်ထက် – ဦးညေယျ၊
၈။ သီပေါမင်းလက်ထက် – တောင်တော်ဆရာတော် နှင့် ရွှေကျင် ဆရာတော်၊

http://www.dhammadownload.com

ရတနာပုံ မန္တလေးခေတ် သာသနာ

(၁) မန္တလေးသာသနာ မင်းတုန်းမင်းကြီး အကြောင်း

မန္တလေးရတနာပုံ ပထမမြို့တည်နန်းတည် ဖြစ်တော်မူသော ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးသည်– သက္ကရာဇ် ၁၁၇၆–ခုနှစ်၊ ဝါဆို လဆုတ် ၄–ရက် အင်္ဂါနေ့ နှစ်ချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူ၍–

- ခမည်းတော် ရွှေဘိုမင်းတရားကြီး၏ လက်ထက်၌လည်းကောင်း၊ နောင်တော် ပုဂံမင်းတရားကြီး၏ လက်ထက်၌လည်းကောင်း 'သိရိမဟာဓမ္မ ရာဇာ'ဟူသော ဘွဲ့တော်၊ 'သိရိမဟာသီဟသူရ ဓမ္မရာဇာ'ဟူသော ဘွဲ့တော်များကို ခံယူတော်မူရခြင်း၊
- မြို့ဝှမ်းတိုက် မင်းတုန်းမြို့ များကို အပိုင်စား ပေးသနားတော်မူခြင်းကိုလည်း ခံယူတော်မူရခြင်း၊
- မင်းသားကြီးတို့၏ အစီး အနင်း အဆောင် အရွက်တို့နှင့် တကွ ချီးမြှောက် ပေးသနားတော်မူခြင်းများကို ခံယူတော်မူရပြီးလျှင်၊
- အမရပူရ လွတ်တော်ကြီး၌ တရားစီရင်ဆုံးဖြတ်တော်မူရာ များစွာသော ရာဇသတ် ဓမ္မသတ် ရာဇဝင် ပုံပြင် ဝတ္ထုအစုစုတို့နှင့် ညှိနှိုင်းထောက်ဆတော်မူ၍ အဂတိတရားလေးပါးကို မလိုက်စားဘဲ တရားဥပဒေနှင့် အညီမှန်ကန် ဖြောင့်မတ်စွာ စီရင်တော် မူလေ့ရှိသည်။

ထိုနောက် သာသနာသက္ကရာဇ် ၂၃၉၆–ခု၊ ကောဇာ သက္ကရာဇ်၁၂၄–ခုနှစ်သို့ ရောက်သောအခါ ရှေးရှေးသော ဘဝ ကာလတို့က ဖြည့်ဆည်းပူးတော်မူခဲ့ပြီးသော ကောင်းမှု အာနုဘော်တို့သည် တိုက်တွန်းလှုံ့ဆော်အပ်သည် ဖြစ်ရကား သမ္မာဒေဝလောကပါလ သာသနာတော်စောင့် နတ်အပေါင်းတို့က သာသနာတော်ကို ချီးမြှောက်စိမ့်သောငှာ–

'အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် မင်းအဖြစ်ကို ယူတော်မူ၍ သာသနာတော်၏အညစ်အကြေး ဖြစ်သော ဘေးရန်များကို သုတ်သင် ရှင်းလင်းသဖြင့် ပြုစုတော်မူပါ'

ဟု တောင်းပန်သကဲ့သို့ သာသနာကို ချီးမြှောက်အံ့သောငှာ မင်းအဖြစ်သို့ ရောက်တော်မူ၍ အမရပူရမြို့နန်းမှာ စံမြန်းတော်မူ၏။

http://www.dhammadownload.com

မင်းအဖြစ်သို့ ရောက်၍ လေးနှစ်လွန်သောအခါ ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့၏ ထုံးဟောင်းမပျက် ကဆုန်လ အတက်မှာ မင်းမြောက်တန်ဆာ ငါးဖြာနှင့်တကွ များစွာသော မင်းတို့၏ အသုံးအဆောင် မင်းခမ်းမင်းနားတို့ဖြင့် ခြံရံ၍ မိဖုရားခေါင်ကြီးနှင့်တကွ ရေသဖန်းသား အင်းပျဉ် ထက်၌ အဘိသိက် သွန်းလောင်းခြင်းကို ခံယူတော်မူ၏။

မင်းအဖြစ်သို့ ရောက်တော်မူလျှင် တိုင်းနိုင်ငံသူ အရှင်၊ လူ၊ အပေါင်းတို့အား သားရင်းမခြား သနားခြင်း ဒယာဂုဏ်နှင့် ပြည့်စုံတော်မူသဖြင့် မဏ္ဍဒေဝမင်းကြီး၊ နေမိမင်းကြီး၊ သာဓိနမင်းကြီး၊ သုဒဿနစကြာမင်းကြီးများကဲ့သို့ တိုင်းနိုင်ငံသူရှင်လူအပေါင်းတို့၏ အကျိုးစီးပွားကို အလွန်လိုလား တောင့်တတော်မူလေ့ရှိ၏။

ဒါန, တပဲ,
သီလ, အကောခဲ,
ပရိစ္စာဂ, အဝဟိ်သဲ,
အဇ္ဇဝ, ခန္တီ,
မဒ္ဒဝ, အဝိရောဓနံ[၁]

ဟူသော မင်းကျင့်တရားဆယ်ပါး။

သဿမေဓ, သမ္မာပါသ,
ပုရိသမေဓ, ဝါစာပေယျ,

ဟူသော သင်္ဂဟတရားလေးပါး။

ဘေဒ,
ဒဏ္ဍ,
သာမ,

ဟူသော အဘိဓာန်ကျမ်း၌ လာသော ရန်အောင်ကြောင်းသုံးပါး။

သာမ, မာယာ,
ဒါန, ဥပေက္ခာ,
ဘေဒ, ဣန္ဒာဇာလ,

ဟူသော လောကီ နိယဏ္ဍုကျမ်း၌လာသော ရန်အောင်ကြောင်း ခုနစ်ပါး။

၁။ ဇာတကပါဠိ၊ ၃၊ ၉၇။ ၌၊ တတိယအုပ်၊ ၂၅၈။

http://www.dhammadownload.com

သစ္စ, ဝီရိယ,
ဓမ္မ, စာဂ,
ဟူ၍ ဝါနရိန္ဒဇာတ်တော်၌ လာသော ရန်အောင်ကြောင်း လေးပါး။
ဒက္ခိယ,
သူရိယ,
ပညာ,
ဟူ၍ တယောဓမ္မ ဇာတ်တော်၌လာသော ရန်အောင်ကြောင်းသုံးပါး။
ပဘာဝ,
ဉဿာဟ,
မန္တ,
ဟူသော သတ္တိသုံးပါး။
သန္ဓိ, အာသန,
ဝိဂ္ဂဟ, ဒွေဓ,
ယာန, အာသယ,
ဟူသော ရာဇဂုဏ်ခြောက်ပါး။
ခမာ, သံဝိဘာဂ,
ဇာဂရိယ, ဒယာ,
ဥဋ္ဌာန, ကတ္ညုဏ,
ဟူသော နာယက ဂုဏ်ခြောက်ပါး။

ဤသို့ စသောမင်းတို့ဖွယ်ရာ ဓမ္မတာ အဓလေ့ ပြကတေ့ သဘောလိုက်လျော ညီညာပြည့်စုံစွာသဖြင့်လည်း ဇမ္ဗူဒီပါ လက်ယာကျွန်းအလုံးကို လက်ရုံးဆန့်ကာ အာဏာမပျက် လက်တော်ရောက် သိမ်းယူလိုလျှင် သိမ်းယူခြင်းငှာ စွမ်းနိုင်သော ရာဇပရိယာယ် ဥပါယ်အကြောင်းတို့၌လည်း အလွန်လိမ္မာတော်မူ၏။

အိမ်ရှေ့နန်းလျှာ မဟာ ဥပရာဇ်နှင့်တကွ ဆွေတော် မျိုးတော် မှူးတော် မတ်တော် တို့အား ညီမူခံရာတွင် အခါမပြတ် သမထ ဝိပဿနာ ဘာဝနာတရားစကားဖြင့် ပြောကြား ဆုံးမတော်မူခြင်း အလေ့လည်း ရှိတော်မူ၏။

'ငါတို့မင်းတရားကြီးသည် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသောဝ်'

ဟူသော တိုင်းနိုင်ငံသူ ရှင်လူအပေါင်းတို့၏ ဆုတောင်းမေတ္တာပတထနာကိုလည်း အခါမစဲခံယူတော်မူရသည်ဟူ၏။

http://www.dhammadownload.com

(၂) မင်းတုန်း မင်းတရားကြီး သာသနာပြုပုံ

ထိုအခါ မင်းတုန်း မင်းတရားကြီးသည် သိရိဓမ္မာသောကမင်းကြီး အစရှိသော ရှေးရှေးသော သာသနာပြု မင်းမြတ်တို့သည် သာသနာပြုသည်နှင့် တူစွာ သာသနာတော်၏ အညစ်အကြေး ဖြစ်ကုန်သော အလဒ္ဓိ၊ ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်နင်း၍ လဒ္ဓိ၊ သီလဝန္တ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်သဖြင့် သာသနာတော်ကြီးကို သန့်ရှင်း စင်ကြယ် ထွန်းလင်း တောက်ပစေတော်မူသည်။

အလုံးစုံသော အင်္ဂါ ကိုးပါးရှိသော ပိဋကတ် သုံးပုံတည်းဟူသော ဘုရားစကားတော်ကိုလည်း မြင့်ရှည်စွာ တည်တံ့၍ ကျမ်းဂန်ဟူသော ပရိယတ္တိ သာသနာတော်ကြီးဘက်ကလည်း သန့်ရှင်းစင်ကြယ် စေခြင်းငှာ ရှေးရှေးသော မူဟောင်း ပေဟောင်းများကို ကျမ်းဂန်တတ်မထေရ်ကြီးများအား အထပ်ထပ် ကြည့်ရှု သုတ်သင် ပြင်ဆင်တော်မူစေပြီးလျှင် ကောင်းမွန်သေသပ်စွာ လက်ရေးလက်သားရှိသော ပေစာရေးများကို နိုင်ငံတော်အတွင်း ၌ ရွေးချယ်စီစစ်ရာဖွေစေ၍ ထိုစာရေးတို့အား အဖိုးလက်ခပေးပြီးလျှင် ဒီဃ၊ ရဿ၊ သိထိလ၊ ဓနိတ စသော အရာများနှင့်တကွ အယုတ်အားဖြင့် ပိုဒ်ကြီးပိုဒ်သေးတို့ကို စ၍ တိမ်းပါး ချွတ်ချော်ခြင်း မရှိရလေအောင် ရွေဖြင့် ပြီးသောပေ ကြေးဖြင့် ပြီးသော ပေတို့၌ ရေးကူးစေတော်မူသည်။

ဉာဏ်စွမ်းသတ္တိ ထက်မြက်ကုန်သော ရဟန်းတော်များကိုလည်း ရွေးချယ်တော်မူ၍ ဉာဏ်အားရှိသလောက် ဝိနည်း ပါဠိတော်များကို နှုတ်တက်အာဂုံရအောင် ဆောင်တော်မူစေသည်။

အဂ္ဂမဟေသီ မိဖုရားကြီးက စ၍ နန်းတွင်းသူ နန်းတွင်းသား မှူးမတ်များနှင့် တကွ နိုင်ငံသူ နိုင်ငံသားများကိုလည်း အစွမ်းသတ္တိရှိသည်အလျောက် သုတ္တန် ပိဋကတ် အဘိဓမ္မာ ပိဋကတ်တော်များ၌ လာရှိသော သုတ်မာတိကာ ပဒဘာဇနီစိတ္တဝါရ စသည်တို့ကို အသီးအသီး နှုတ်တက်အာဂုံရအောင် ဆောင်စေတော်မူသည်။ မိမိသည်လည်း အနတ္တလက္ခဏာသုတ် အစရှိသော များစွာသော သုတ်များကို နေ့စဉ် မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကို ပြုတော်မူလေ့ရှိသည် ဟူ၏။

နိုင်ငံတော် အတွင်း၌ အရည်ဝါသီ တောရမှီ၍ သီတင်းသုံးတော်မူသော မထေရ်တို့ ၏ နေရာ တောကျောင်း ပတ်ပတ်လည် ကုလုတ်လေးတာ အပြန်ငါးရာရှိသော အရပ် အတွင်း ရေတွင်း၊ ရေကန်၊ ထုံးအိုင်၊ ချောင်း၊ မြောင်း၊ ဆည်၊ ရိုး စသော ရေ၌တည် သော သတ္တဝါ၊ ကုန်း၌တည်သောသတ္တဝါတို့အားလည်း ဘေးမဲ့ 'အဘယဒါန'ကို ပေးတော်မူလေ့ရှိ၏။

http://www.dhammadownload.com

(၃) ရဟန်းတို့၏ ဆွေမျိုးများအား မင်းမှ ၁၂ရပ်မှ လွတ်စေပုံ

စာပေ ပရိယတ္တိဒ္ဒ တတ်မြောက် လိမ္မာတော်မူကုန်ပြီးသော ရဟန်းတို့၏ မယ်တော် ခမည်းတော်တို့မှ စ၍ ဆွေမျိုး ဉာတကာတို့ကို အလုံးစုံသော မင်းကိစ္စမှ လည်းကောင်း၊ အခွန်တော် ပေးရခြင်းစသော ဆယ့်နှစ်မှုမင်းတိုင်းမှလည်းကောင်း လွတ်ငြိမ်းစေတော် မူ၍ ချမ်းသာစွာ နေထိုင်စေလေ့ရှိတော်မူ၏။ တစ်နေ့ချင်းဖြင့်သာလျှင် (၁၀၀၀)တစ် ထောင်သော အမျိုးကောင်းသား ကုလပုတ္တတို့ကို ရဟန်း ပဋ္ဌင်း ရှင်သာမဏေအဖြစ်ဖြင့် သာသနာတော်တွင်းသို့ သွတ်သွင်း၍ သာသနာတော်၏ အမွေကိုလည်း ခံယူတော် မူလေသည်။

ကုသိုလ်တော်များကို ပြုသော အခါတိုင်း၌လည်း ဝဋ်မြစ်ကင်းရာ နိဗ္ဗာန်ဆုကို သာ ပန်ဆင်တော်မူလေ့ရှိသည်။ အလုံးစုံသော သူများကိုလည်း နိဗ္ဗာန်ဆုကိုသာ တောင်းဆိုစေသည်။ 'ဝဋ္ဌနိဿိတ ဝဋ်ကို မှီရာကို မတောင်းဆိုလင့်'ဟု ဆုံးမသြဝါဒ ပေးတော်မူလေ့ရှိ၏။ အနိစ္စလက္ခဏာစသည်နှင့်စပ်သော တရားစကားဖြင့် အမြဲမပြတ် ဆုံးမဟောပြောတော်မူလေ့ရှိ၏။ မိမိသည်လည်း သမထ ဝိပဿနာတို့၌ အလွန်အားထုတ် အပ်သော လုံ့လဝီရိယရှိတော်မူ၏။

မင်းတို့၏ ဓမ္မတာ သဘောအတိုင်း ဇဟုကိစ္စများသဖြင့် တစ်ခါ တစ်ရံ ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းငှာ အားလပ်ခွင့်မရခဲ့သော် ရေချိုးစဉ် ကာလ၌သော်လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်ဟူ၏။ အချည်းနှီးသော ကာလကို မကုန်စေ၊ လူသေတို့၏ ဥိးခေါင်းခွံရိုးစသော အရိုးသစ်သားတို့ကို လူရိုးနှင့်တူစွာ ထုလုပ်စေ၍ သော်လည်း အနီး၌ ထား၍ အဋ္ဌိက အစရှိသော ဘာဝနာမယ ကုသိုလ်မျိုးကိုလည်း ဆည်းပူးအားထုတ်တော်မူလေ့ရှိသည် ဟူ၏။

ထိုသာသနာ့ဒါယကာ မဟာမင်းမြတ်ကြီး၏ ဂုဏ်တော်ကျေးဇူးတော်ကို ရေးသား၍ မကုန်နိုင်ရာ၊ သာသနာတော်နှင့် စပ်သော အကြောင်းအချက်စုကိုသာ အကျဉ်းအမြွက်မျှ ရေးသားခဲ့သည်။ ရေးသားမည်ဖြစ်ကြောင်း။

ထိုအခါ၌ ခမည်းတော် ရွှေဘိုမင်းတရားကြီး လက်ထက်ကပင်သာသနာပိုင် ဖြစ်တော်မူသော ဆရာတော်ဘုရားကြီး ဥိးညေယျကို တစ်ဖန်ထပ်မံ၍ 'ညေယျ ဓမ္မာ ဘိ မုနိဝရ ဉာဏကိတ္တိ သိရိဓဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ဟူသော တတိယမြောက် သာသနာပိုင်တံဆိပ်ကို လျှဒါန်းတော်မူပြန်၏။

ထိုအခါ၌ သာသနာပိုင် ဆရာတော်ဘုရားကြီးမှစ၍ တံဆိပ်တော်ရ ကျမ်းဂန် တတ် ဆရာတော် ရှစ်ဆယ်ကျော်မျှ ရှိသည်ဟူ၏။

http://www.dhammadownload.com

(၄) မန္တလေး ရတနာပုံ နေပြည်တော်ကြီးကို အစတည်ထောင် ဖန်ဆင်းခြင်းအကြောင်း

သာသနဒါယကာ မဟာဓမ္မရာဇ် ဖြစ်တော်မူသော မင်းတုန်းဘုရင်မင်းမြတ်ကြီးသည် အမရပုရနေပြည်တော်မှ ရွှေ့ပြောင်း၍ သာသနာတော် အရှည်တည်ထွန်းပွင့်လင်းရာဖြစ်သော အောင်မြေအရပ်၌ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော ရတနာ ၇-ပါးတည်းဟူသော ဗောဇ္ဈင် ၇ပါးကို ရည်သန်တော်မူ၍ သာသနာတော် သက္ကရာဇ် ၂၄၀၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၁၉-ခုနှစ်သို့ ရောက်သောအခါ-

မြို့တော်
ကျုံးတော်
စေတီတော်
သိမ်တော်
ကျောင်းတော်
ပိဋကတ်တိုက်တော်
သုဓမ္မာစရပ်တော်

ဟူသော ဤခုနစ်ဌာနကို တစ်ပြိုင်နက် တစ်ချက်တည်း တည်ထောင်ဖန်ဆင်းတော်မူလေသည်။

ထိုအခါ၌ ပမာဆိုသော်လည်း၊ လောကဥ္စ အရောင်အလင်းကိုအလိုရှိကုန်ကြသော သတ္တဝါတို့၏ အလိုကို ပြည့်စေသောအားဖြင့် နှစ်သက်ဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် ဥဒဉ်းတောင်ဝှန်း ယုဂန်စွန်းမှ တက်ထွန်းလာသော ဘာဏုမာ မည်သော နေမင်းကြီးသည် ထွက်ပေါ်လာသကဲ့သို့ မြန်မာနိုင်ငံတော်ကြီးအတွင်း၌ နေထိုင်ကြကုန်သော လဖွီပေသလ သိက္ခာကာမ ဖြစ်တော်မူ၍ သီလဝန္တ ရဟန်းတော်များနှင့် နိုင်ငံသူ လူအပေါင်းတို့အား နှစ်သက်ရွှင်လန်းခြင်းကို ဖြစ်စေလျက် ဓမ္မိကရာဇာမဟာမင်းကြီး ဖြစ်ပေါ်လာသည်ဟူ၏။

ဤမဟာဓမ္မရာဇ် တရားမင်းမြတ်ကြီးကို အမှီပြု၍ မြတ်စွာဘုရား၏ သာသနာတော်ကြီးသည် ယုဂန်တောင်စောင်းက နေ အသောင်းအသိန်းတက်၍ လင်းဘိသကဲ့သို့ အလွန်စည်ကား ပွင့်လင်းတောက်ပတော်မူလေသည်၊ ထို့ကြောင့်-

"သာသနဉ္စ နာမေတံ ရာဇာနံ နိဿာယ တိဋ္ဌာတိ"

ဟူ၍ မိန့်ဆိုတော်မူလေသည်။

'ဧတံ သာသနံ နာမ၊ ဤသာသနာတော် မည်သည်ကား။ ရာဇာနံ၊ သာသနာကို ကြည်ညိုသော မင်းကို အမှီပြု၍။ တိဋ္ဌာတိ၊ တည်၏'

http://www.dhammadownload.com

(၅) ရှေ့ဆောင်နွားလား အဖြောင့်သွားသော်

တရားစောင့်သော မင်းကြီး တစ်ယောက်တည်းသာလျှင် သာသနာတော်အား ကျေးဇူးများသည်မဟုတ်၊ မင်းကို အမှီပြု၍ မင်းတို့သာ အတုလိုက်ကြကုန်သော နိုင်ငံသူ လူအပေါင်းတို့ကိုသည်လည်း သာသနာတော်အား ကျေးဇူးများကုန်၏။ တရားစောင့်သူ၊ တရားကို မြတ်နိုးသူ စည်ကားပေါများလာကုန်၏ ဟူလို။

ထိုကြောင့် ရာဇောဝါဒဇာတ် မဟာဇောဓိဇာတ် စသည်တို့၌-

ဂဝဏ္ဏေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေတိ။
ဧဝမေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော စေပိ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။
သဗ္ဗရဋ္ဌံ သုခံ သေတိ၊ ရာဇ စေ ဟောတိ ဓမ္မိကောတိ။[၁]

ဟူ၍ ဟောတော်မူ၏။

တရမာနာနံ၊ မြစ်ကို ကူးသွားကုန်သော။ ဂဝံ၊ နွားအပေါင်းတို့တွင်။ ပုင်္ဂဝေါ၊ ရှေ့ဆောင်နွားလားသည်။ ဥဇုံ၊ ဖြောင့်စွာ။ စေဂစ္ဆတိ၊ အကယ်သွားသည်ဖြစ်အံ့။ နေတ္တေ၊ နွားအပေါင်းတို့ကို ယူဆောင်၍ သွားသော ရှေးဆောင်နွားလား ဥဿဘသည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂတေ၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ အလုံးစုံသော။ ဂါဝီ၊ နွားမတို့သည်။ ဥဇုံ၊ ဖြောင့်စွာ။ ယန္တိ၊ ကုဝ၊ သွားကုန်၏သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူအပေါင်းတို့တွင်။ ယော၊ အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အမြတ်ဟူ၍ သမုတ်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုလူတွင် အမြတ်သမုတ်အပ်သော မင်းသည်။ ဓမ္မံ၊ တရားကို။ စေပိစရတိ၊ အကယ်၍လည်း ကျင့်အပ်။ ဣတရာ၊ မင်းမှတစ်ပါးသော။ ပဇာ၊ တိုင်းနိုင်ငံသူလူအပေါင်းသည်။ ပဂေဝ၊ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။ ဓမ္မံ၊ တရားကို။ စရိတိ ဧဝ၊ စောင့်ကြ ကျင့်ကြမည် စင်းစင်းတည်း။ ရာဇာ၊ မင်းသည်။ ဓမ္မိကော၊ တရားစောင့်သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်ပါ မူကား။ သဗ္ဗံ၊ အလုံးစုံသော။ ရဋ္ဌံ၊ တိုင်းသူပြည်သား လူအများသည်။ သုခံ၊ချမ်းသာစွာ။ သေတိ၊ ဖြစ်ရ၏။)

ရေမြေ့အရှင် ဘုရင်မင်းမြတ်ကြီးက တရားစောင့်တော်မူသဖြင့် ထိုမင်းကြီး၏ မှူးမတ် သေနာပတိ စသော တိုင်းနိုင်ငံသူ ရဟန်း ရှင်လူ တို့သည်လည်း တရားစောင့်ကြ ရသဖြင့် တရားကျင့်ကြသူ တရားကို မြတ်နိုးသူမြတ်စွာဘုရား၏

၁။ ဇာတကပါဠိ၊ ၃၊ ၄၅၊ ၄၆၊ ၅၁။

http://www.dhammadownload.com

စကားတော်တည်း ဟူသော ပရိယတ္တိ သာသနာကို ပေတွင် ဘုတ် (စာအုပ်)တွင်သာ မတည်စေမူ၍ မိမိတို့၏ စိတ်တွင် နှုတ်တွင် လျှာပေါ်တွင် တည်စေကြသူပေါများသောကြောင့် ထိုမင်းတုန်း မင်းတရားကြီးလက်တက်၌ သာသနာတော်ကြီးသည်လည်း အလွန်ပင် အားရှိ၍ ထွန်းကားစည်ပင် ပြန့်ပွားလေသည်။

(၆) မင်းတုန်းမင်းတရားကြီးသည် ပစ္စယာနုဂ္ဂဟဖြင့် သာသနာတော်ကို ချီးမြှောက်ပုံ

ပါဠိတိပုတ်ပြည် သိရိခမ္မာသောကမင်းကြီးသည် သံဃာတော်တို့အား အရာမကသော သင်္ကန်းအစုံတို့ဖြင့် ချီးမြှောက်ထောက်ပံ့ သကဲ့သို့ မင်းတုန်းဘုရင်မင်းမြတ်ကြီးသည်လည်း သံဃာတော်တို့အား သင်္ကန်းဟူသော ပစ္စည်းဖြင့် လစဉ်မပြတ် ချီးမြှင့်ထောက်ပံ့လေ့ရှိ၏။

ပါဠိလိပုတ်ပြည် သိရိခမ္မာသောကမင်းကြီးသည် သံဃာတော်တို့အာ အရာမကသော ဆွမ်းဝတ်တို့ဖြင့် ချီးမြှောက်ထောက်ပံ့ဝတ်တည်သကဲ့သို့ မင်းတုန်းမင်းတရားကြီးသည်လည်း သံဃာတော်တို့အား ခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့နှင့် တကွ များစွာသော ဆွမ်းဝတ် ကွမ်းဝတ်တို့ကို နေ့စဉ်မပြတ် တည်ထားချီးမြှောက်ထောက်ပံ့တော်မူလေ့ရှိ၏။

ပါဠိလိပုတ်ပြည် သိရိခမ္မာသောကမင်းကြီးသည် သံဃာတော်တို့အား အသောကရာစသော ကျောင်းတော်ဆောက်လုပ်လှူဒါန်းချီးမြှောက်သကဲ့သို့ မင်းတုန်းမင်းမြတ်ကြီးသည်လည်း အတုမရှိ ကျောင်းတော်ကြီးစသော ကျောင်းတော်များ ဆောက်လုပ်၍ သံဃာတော်တို့အား ချီးမြှောက်တော်မူလေ့ရှိ၏။

ပါဠိလိပုတ်ပြည် သိရိခမ္မာ သောကမင်းကြီးသည် သံဃာတော်တို့အား ငါကဲ့သို့သော သာသနာကို ကြည်ညိုု၍ သာသနာပြု မင်းလက်ထက်၌ ဆေးပစ္စည်းကြောင့် ပဇာမူ၍ ဆင်းရဲငြိုငြင်ခြင်း ဖြစ်စေ ရအုံနည်းဟု နှလုံးပိုက်တော်မူ၍ ဆေးအလို့ငှာ ကြီးစွာသော ထောပတ်ကန်တို့ကို စီမံ၍ ထားဘိသကဲ့သို့ မင်းတုန်းဘုရင်မင်းမြတ်ကြီးသည်လည်း ရွှေမြို့တော် ပတ်လည် ရဟန်းသံဃာတို့အား မကျန်းမမာရှိခဲ့လျှင် ကုသရန် ဆေးဆရာများကို အသီးအသီး အစောင်အမ အကြည့်အရှု ထားတော်မူ၏။

ဤသို့လျှင် မင်းတုန်းမင်းတရားကြီးသည် သာသနာတော်ထမ်း ရဟန်းသံဃာ တော်တို့အား လေးပါးသော ပစ္စည်းတို့ဖြင့် မပင်ပန်းရအောင် လစဉ် နှစ်စဉ် လှူဒါန်း ချီးမြှောက်တော်မူလေသည်။

http://www.dhammadownload.com

(၇) မန္တလေးမြို့ရှိ ကျောင်းတိုက်နှင့်သံဃာ

မန္တလေးရွှေမြို့တော်လေးပြင်လေးရပ်နှင့်တကွ အမရပုရတောင်မြို့ပါ ကျောင်းတိုက်ပေါင်း (၂၁၇)နှစ်ရာတစ်ဆယ့် ခုနစ်တိုက်ရှိသည်။ ကျောင်းပေါင်း (၁၄၄၂)တစ်ထောင့်လေးရာ လေးဆယ့်နှစ်ကျောင်းရှိသည်။ ထိုကျောင်းတို့၌ သီတင်းသုံးတော်မူကြသော တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်တကွ ရဟန်း သာမဏေပေါင်း (၁၅၃၆၆)တစ်သောင်းငါးထောင်သုံးရာခြောက်ဆယ့်ခြောက်ပါး အရေအတွက်ရှိလေသည်။

ထိုသံဃာတော်တို့အား တစ်လလျှင် ဆန်အတင်းပေါင်း (၂၀၄၉၂) နှစ်သောင်းလေးရာ့ကိုးဆယ့်နှစ်တင်းကျ လစဉ် လှူဒါန်းထောက်ပံ့ ချီးမြှောက်တော်မူလေသည်။

မန္တလေးမြို့တော်မှ တစ်ပါး နိုင်ငံတော်အတွင်းရှိ တောရွာ ကျေးလက်တို့၌ သီတင်းသုံးတော်မူကြကုန်သော ဂဏပါမောက္ခ ဂဏာစရိယ ဖြစ်တော်မူကြကုန်သော ဂိဏ်း အုပ် မထေရ်ကြီးပေါင်း အပါး (၆၀)ခြောက်ဆယ် ရှိလေသည်။ ဂိဏ်းထောက် မထေရ် ကြီးပေါင်း (၂၀၄)နှစ်ရာ့လေးပါးရှိလေသည်။ ထိုအဝေး မြို့ရွာ၌ သီတင်းသုံးတော်မူကြကုန်သော ဂိဏ်းအုပ် ဂိဏ်းထောက် ဂိဏ်းဝင် ဆရာတော် သံဃာတော်တို့အား လည်း သင်္ကန်း သပိတ် ပရိက္ခရာ စသော ရဟန်းတို့၏ အသုံးအဆောင် အလှူတော်များကို တစ်လလျှင် တစ်ကြိမ်ကျ လစဉ် လှူဒါန်းတော်မူသည်။

စစ်ကိုင်းတောင်ရိုးရှိ ပိတောက်ချောင်း၊ ဓမ္မိကချောင်းစသော ချောင်ပေါင်း (၆၀) ခြောက်ဆယ်ကျော် အတွင်း သီတင်းသုံးတော်မူကြကုန်သော အရည၀ါသီ တောရမှီ၍ ဝိပဿနာရူရကို အားထုတ်ကုန်သော သံဃာတော်ပေါင်း (၆၀၀)ခြောက်ရာတို့နှင့် လူသူတော် သီလရှင်တို့ပါ လစဉ်ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသော အလှူ ဝတ္ထုများကိုလည်း လှူဒါန်းတော်မူလေသည်။

ဤသို့လျှင် ပစ္စယာနုဂ္ဂဟ အားဖြင့်လည်း သာသနာတော်မြတ်ကြီးအား ချီးမြှောက်ခြင်း လွန်ကဲလေသည်။

(၈) ကုသိုလ်တော် စာရင်း အကျဉ်း

ဤသို့လျှင် မင်းတုန်းဘုရင်ရေမြေရှင် သာသန ဒါယကာ မဟာမင်းမြတ်ကြီးသည် ရွေနန်းတော်တက်၍ မင်းအဖြစ်သို့ ရောက်သည်မှ စ၍ နှစ်စဉ်မပြတ် လှူတော်မူရာ သက္ကရာဇ် ၁၂၃၁ခုနှစ်တိုင်အောင် တစ်နှစ်လျှင် ၁၂လအမြဲမပြတ် နိဗ္ဗဝတ်ပြုတော်မူ၍ တစ်နှစ်စေ့ရောက်သောအခါမှ သာလျှင် အရှင်နှစ်ပါးသည် နန်းတော်တောင်စမုခ်သို့ ထွက်တော်မူ၍ နားခံတော်တို့က ဆုတောင်းစာ ဖတ်လျှောက် ပြီးမှသာလျှင် ရေစက်သွန်းချ အမျှပေးဝေတော်မူသည်ဟူ၏။

မြန်မာနိုင်ငံတော် တစ်ဝန်းလုံး၌ ရေတွင်း ရေကန် တံတား စရပ်စသော ထာဝရ

http://www.dhammadownload.com

ကုသိုလ်တော်ဖြစ်သော အလှူတော်များကို ဆည်းပူး အားထုတ် ပြုလုပ်တော်မူသည့်အပြင် ထင်ရှားသော ကုသိုလ်တော်စာရင်း အကျဉ်းအားဖြင့် (၂၂၆၀၀၀၀၀) နှစ်ဆယ့်နှစ် ကုဋေ ခြောက်သန်း ငွေဒင်္ဂါးအရေအတွက်ရှိသည်။

ထိုမှတစ်ပါး မရေတွက်နိုင် များပြား လှစွာသောစာရင်း မထင်ရှားသော ကုသိုလ် ကောင်းမှုတော်တို့ကိုလည်း ပြုစုတော်မူသည်သာတည်း။[၁]

(၉) မင်းတုန်းမင်းကြီး ပေထက် အကွရာ တင်ပုံ

သာသနာသက္ကရာဇ် (၄၅၀)လေးရာငါးဆယ်ပြည့်နှစ်သို့ ရောက်သောအခါ သီဟိုဠ်ကျွန်းတွင် သဒ္ဓါတိသ မင်းကြီး၏ သားတော် သီဟိုဠ်မင်းဆက် တစ်ဆယ့်ရှစ်ဆက်မြောက်ဖြစ်သော ဝဋ္ဋဂါမဏိမင်းကြီးသည် သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်စိမ့်သောငှာ သီဟိုဠ်ကျွန်းတစ်စိပ် ဖြစ်သော မလယဇနပုဒ် (အာလောကလိုဏ်ဌ်) အရှင်မဟာ ရက္ခိတမထေရ် အမှူးရှိသော ရဟန္တာငါးရာအရှင်မြတ်တို့ကို ကြပ်မတ်တော်မူစေ၍ အဋ္ဌကထာနှင့် တကွသော ဘုရားစကားတော် ပိဋကတ်သုံးပုံကို ပေထက်အကွရာ တင်၍ သာသနာတော်ကို ချီးမြှောက်သကဲ့သို့ မင်းတုန်းဘုရင် မင်းတရားကြီးသည်လည်း–

> 'ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို ရွှေရေး မင်ရေး ကညစ်ရေးတို့ဖြင့် ရေးကူးပြုစုရသော် အတိုင်းထက်အလွန် သာသနာတော် တည်ထွန်းတောက်ပရာ၏'

ဟု နှလုံးပိုက်တော်မူ၍ ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ ဝေဘာရတောင်ယံ ၌ အဇာတသတ် သမုနတ်သည် ပြုအပ်ဖန်ဆင်းစေအပ်သော ပထမသင်္ဂါယနာတင် မဟာမဏ္ဍပ်ကြီး၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်စွာသော မဏ္ဍပ်ကြီးကို ဖန်ဆင်း ဆောက်လုပ်စေပြီးလျှင် သာသနာ ၂၄၀၀ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် (၁၂၁၈) တစ်ထောင့်နှစ်ရာ တစ်ဆယ့်ရှစ်ခု တန်ခူးလပြည့်ကျော် ၈ရက်နေ့တွင် များစွာသော စစ်သည် ဗိုလ်မှူးတို့ဖြင့် ခြံရံလျက် တောင်ညာနန်းနေ မဟေသီမိဖုရားခေါင်ကြီးနှင့် အတူတကွ ကိုယ်တော်တိုင် မင်္ဂလာမဏ္ဍပ် ပိဋကတ် တန်ဆောင်းတော်ကြီးသို့ ထွက်တော် မူ၍ 'ညေယျမ္မာဘိ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဓိ

၁။ ထိုပဋ္ဌမ သင်္ဂါယနာတင် မင်းတုန်းဘုရင်မင်းမြတ်ကြီးသည် ပေးလှူပြုစုတော်မူသော ကုသိုလ်တော်စာရင်းကို အကျယ်သိလိုကြသော ရဟန်းရှင်လူတို့မှာ ငါတို့ကျေးဇူးရှင် ဖြစ်တော်မူသော ဘုရားဖြူဆရာတော် အရှင်နန္ဒိယရေးသားတော်မူသော (ဝံသမေဓပွကာသနီကျမ်း) ဒုတိယတွဲ နိဂုံး အဆုံးမှ ယူကြပါလေကုန်။

http://www.dhammadownload.com

ရာဇဂုရု'ဟူ သော တဲ့ဆိပ်နာမဲ့ ရှိတော်မူသော သာသနာ့ဥဒိုးကိုင်သာသနာပိုင် သာသနာပြု ဆရာတော် ဘုရားကြီး အမှူးရှိသော အရာမကသော တဲ့ဆိပ်တော်ရ ဆရာတော် သံဃာတော်တို့ အား သင်္ကန်း သပိတ်ပရိက္ခရာတို့ဖြင့် လှူဒါန်းပူဇော်ပြီးလျှင် သာသနာပိုင် ဆရာတော် ဘုရားကြီးနှင့်တကွ တဲ့ဆိပ်တော်ရ ဆရာတော်ဘုရားကြီးများကို ကြည့်ရှုကြပ်မတ် တော်မူစေ၍ များစွာသော စာရေးတို့ကိုလည်း ဖောင်း နားချောင်း စသည် ဝတ်ဆင်စေပြီးလျှင် ကောင်းမြတ်သော မင်္ဂလာအချိန်၌ အမြောက်သံပေး၍ တစ်ပြိုင်နက်ရေး ကူးစေသည်ဟူ၏။

ထိုသို့ ပေထက် အက္ခရာ ရေးကူး စေရာ၌ တဲ့ဆိပ်တော်ရ ကျမ်းဂန်တတ်ဆရာတော်ကြီးတို့သည် မိမိတို့တာဝန်ကျသော ကျမ်းစာများကို အထပ်ထပ် ကြည့်ရှုသုတ်သင်ပြင်ဆင်ပြီးလျှင် ဘုရင်မင်းမြတ်အထံသို့ ဆက်သွင်းသော မူစာအတိုင်း ပုဒ်မ၊ သဝေ၊ မတိမ်းရအောင် ရေးကူး ကြရလေသည်။

(၁၀) စာပေတည်းတတ် ဆုလာဘ်ရခြင်း

ထိုနောက် ဘုရင်မင်းမြတ်ကြီးအား အကြဲတော်ဖြစ်သည်မှာ-

'ဤမျှလောက်သော မမှာနဂ္ဂဟ ကုသိုလ်ကု ပြုရာ ငါ၏အနိုးအပါးတော်ဝယ် ထား၍ အာရုံပြုရသော် မြစ်ရေ အယဉ်ကဲ့သို့ အစဉ်မပြတ် ကုသိုလ်ဧော စိတ္တာပ္ပါဒ်တို့သည် ဖြစ်ရာ၏'

ဟု အကြဲတော် ဖြစ်သဖြင့် စာရေးတို့ကို နှန်းတော်သို့ တင်၍ စံတော်မူရာ အနိုးအပါးတွင် ရေးကူးစေတော်မူ၏။

ရွှေမြို့တော်အတွင်း အရပ်ရပ်ရှိ လူပညာရှိတို့ကို ခေါ်စေတော်မူ၍ လစာရိက္ခာ ပေးသနားတော်မူပြီးလျှင် စာတည်း (စာတဲ)ဆရာတော်ဘုရားကြီး မတည်း မပြတ် သေးမီ အထံတော် အပါးဝယ် သေချာစွာ အဖန်ဖန်အထပ်ထပ် စာတည်းအရာ ခန့်ထားတော်မူ၏။ ပုဒ် ပါဠ် အက္ခရာ ပုဒ်သေး ပုဒ်မစ၍ ကျရှိသည်ကို-

'ရှေးရှေး စာတည်းသူတို့ မမြင်၍ ကျန်ရှိသည်ကို နောက်နောက် စာတည်း သူတို့က တွေ့မြင်လျှင် နောက်နောက် စာတည်းသူတို့အား ဆုလာဘ်ပေးသနားတော်မူမည်။ ရှေးရှေး စာတည်းသူတို့အား အပြစ် အလျောက် ရာဇဒဏ်ထားတော်မူမည်'

ဟု အမိန့်တော် ထုတ်ထားသဖြင့် အလွန်သေချာစွာ တည်းဖြတ်ကြရလေသည်။ ထိုနောက်မှ စာတည်း ဆရာတော်ဘုရားကြီးများ တည်းဖြတ်တော် မူကြရသည်။ ဤသို့လျှင် စာပေကျမ်းဂန် ဟူသော ပရိယတ္တိ သာသနာဘက်ကလည်း

http://www.dhammadownload.com

ယိုယွင်း ပျက်စီး ကျပေါက် ဘုရားစကားတော် တစ်လုံးတစ်ပါဒမျှ မပျောက်ရအောင် စောင့်ရှောက် သိမ်းဆည်းသောအားဖြင့် ပေထက်အက္ခရာတင်၍ ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်တော်မူသတည်း။

(၁၁) ပိဋကတ်ရေးကူးခြင်း ပေထက်အက္ခရာ တင်သောအခါ အကြပ်အမ ဆရာတော်များ

သာသနာပိုင် ဆရာတော်ဘုရားကြီးထံ သတ္တိဗျတ္တိရှိသော ပုဂ္ဂိုလ်တို့ကို မင်္ဂလာပိဋကတ် တန်ဆောင်းတော်၌ အကြပ်အမထားတော်မူပါဟု လျှောက်ထားသဖြင့် သာသနာပိုင် ဆရာတော်ဘုရားကြီးက အောက်ပါ ဆရာတော်များကို ထားတော်မူသည်။

- မဟာ အဘယာရုံတိုက်တော်အတွင်း သီတင်းသုံးနေသော အင်းကန်ရွာ ဇာတိ "ပုညာဘိဓေ ဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော တံဆိပ် နာမံတော် ရှိသော အင်းကန်ဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော မိတ္ထီလာမြို့ဇာတိ "ဉာဏမဏ္ဍူသာ ဓမ္မလင်္ကာရ မဟာဓမ္မရာဇဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော မိတ္ထီလာဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော ဗန်းကျီတိုက်ဇာတိ "ဇာဂရဓမ္မ ပရမကိတ္တိ မဟာဓမ္မ ရာဇဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော ဗန်းကျီဆရာတော်။
- မဟာဝိဇိတာရုံတိုက် အတွင်း သီတင်းသုံးသော စည်ပုတြာမြို့ဇာတိ "သိရိ ပရမာလင်္ကာရ ဓဇ မဟာဓမ္မ ရာဇဓိ ရာဇဂုရု" ဟူသော တံဆိပ်နာမံတော်ရှိသော စည်ပုတြာဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးနေသော မင်းတဲရွာဇာတိ "ဥတ္တမစာရ ပရမဓဇ မဟာဓမ္မ ရာဇဓိရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော မင်းတဲဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော မောင်းထောင်ကြီးရွာဇာတိ "ပညာသာမိ သိရိ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော မောင်းထောင်ဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော ပုခန်းကြီးမြို့ဇာတိ "သုဒဿနဝရဓမ္မသာမိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော ပုခန်းကြီးဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော စလင်းမြို့ဇာတိ "ကလျာဏဇောတ သာသနဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော

http://www.dhammadownload.com

စလင်းဆရာတော်။

- ၎င်းတိုက်အတွင်း သီတင်းသုံးသော မက္ခရာမြို့ဇာတိ "အာစာရာရမ္မ ကဝိဓဇ္ဇာဏ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဟူသော တံဆိပ်နာမံတော်ရှိသော မက္ခရာဆရာတော်။
- ၎င်းတိုက်အတွင်း သီတင်းသုံးသော သစ်ဆိမ့်ကြီးရွာဇာတိ "ဇေသီသာရ ဓမ္မပါလကိတ္တိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟူသော တံဆိပ်နာမံတော်ရှိသော သစ်ဆိမ့်ကြီးဆရာတော်။

၎င်းဆရာတော်(၁၀)ဆယ်ပါးကို မင်္ဂလာ ပိဋကတ် တန်ဆောင်းတော်၌ အကြပ်အမ ထားတော်မူ၏။

(၁၂) လူ ဥပါသကာ စာတည်းများ

သာသနာ ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်ကလည်း မင်္ဂလာအိမ်တော်ဝယ် စံနေတော် မူစဉ်ကပင် ချီးမြှောက် ပြုစု၍ထားသော–

- တောင်သာမြို့စား ဒီသာပါမောက္ခဆရာ၊
- ကြာပင်မြို့စား ရတနာလေ့ကားတော်မှူး၊
- သံတော်ဆင့် မင်းလှသိရိဇေယျသူ၊

၎င်းဆရာတော် ဆယ်ပါး နှင့်အတူ အကြပ်အမ ထားတော်မူ၏။

အကြပ်အမ ထားသော ဆရာတော်များနှင့် လူများက အထက် ဆရာတော်ကြီးများ ကြည့်ရှု သုတ်သင် ပြင်ဆင်၍ ရေမြေ့ရှင် သာသနဒါယကာ မဟာမင်းမြတ်ထံ သွင်းထားသော မူစာများကို တစ်ဖန်ထပ်မံ၍ အက္ခရာပဒ ဝါကျများကို ဆုံးဖြတ်၍ ပြဆိုရာဖြစ်သော ကမ္ဘည်းကျမ်း မောဂ္ဂလာန်ဥာဿ ရူပသိဒ္ဓိ သဒ္ဒနီတိ သုတ္တနိဒ္ဒေသ အဘိဓာန်ဋီကာ စသော ဂန္ထန္တရတို့နှင့်တိုက်ဆိုင်၍ ကဏ္ဍဇ၊ ထာလုဇ၊ စသောဌာန်၊ သိထိလ ဓနိထ ဒီဃရဿ စသော ပုဒ်တို့ကို သုတ်သင်၍ အယုတ်အားဖြင့် ပုဒ်မ၊ ပုဒ်သေးကိုမျှ မချွတ်ယွင်းစေဘဲ ကြည့်ရှု ပြင်ဆင်ကြရသည်။

(၁၃) စာမူ ပြင်ဆင်၍ သွင်းရသော ဆရာတော်များနှင့်ကျမ်းစာများ

သုတ္တန် ပိဋကတ်တွင်–

- မရိမ နိကာယ်သုံးကျမ်း ပါဠိတော် အဋ္ဌကထာနှင့် မဟာနိဒ္ဒေသ ပါဠိတော် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော် အဋ္ဌကထာ တို့ကို သာသနာပိုင် ဆရာတော် ဦးညောယျက ပြင်ဆင်၍ သွင်းတော်မူ၏။
- ဒီဃနိကာယ် သုံးကျမ်း ပါဠိတော် အဋ္ဌကထာကို "မေဓာဘိဝံသ သဒ္ဓမ္မ ဓဇ

http://www.dhammadownload.com

မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ညောင်ကန်ဆရာ ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။

- သံယုတ္တနိကာယ် ငါးကျမ်းပါဠိတော်အဋ္ဌကထာကို "မဏိဇောတ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇဓိ ရာဇဂုရု" ခင်မကန်ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- အင်္ဂုတ္တရနိကာယ် တစ်ဆယ့်တစ်ကျမ်း ပါဠိတော် အဋ္ဌကထာကို " ပညာဇောတ ဓမ္မသိရိ ကဝိဓဇ မဟာဓမ္မ ရာဇဓိ ရာဇဂုရု" ဗားကရာ ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ဝိမာန၀တ္ထု ပေတ၀တ္ထု ပါဠိတော် အဋ္ဌကထာ၊ နေတ္တိပါဠိတော် အဋ္ဌကထာ၊ ပေဋကောပဒေသ တို့ကို "ဇာဂရန္တ သဒ္ဓမ္မာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" မိတ္ထိလာ ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ပါဠိဇာတ် ပါဠိတော် အဋ္ဌကထာကို "ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မ ရာဇဓိ ရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ် ပါဠိတော် အဋ္ဌကထာ များကို "နေမျိုးဓမ္မ သင်္ကြိဘွဲ့ခံ" လူပညာရှိ ကဝိသုဓမိန်က ပြင်ဆင်၍ သွင်းရ၏။
- ထေရဂါထာ၊ ထေရီဂါထာ၊ အပဒါန်ပါဠိတော် အဋ္ဌကထာများကို "မဟာဓမ္မသင်္ကြိဘွဲ့ခံ" မင်းတိုင်ပင် ပညာရှိ လူသုဓမိန်က ပြင်ဆင်၍ ဆက်သွင်းရသည်။

[ဤ သုတ္တန်ပါဠိတော် အဋ္ဌကထာများကို ပဋ္ဌမ သံဂါယနာတင် မင်းတရားကြီး ကိုယ်တိုင် ကြီးမှူး ကြပ်မ၍ ရေးကူးစေသည်ဟူ၏။]

အဘိဓမ္မာ ပိဋကတ်တွင်-

- ဓမ္မသင်္ဂဏီ ပါဠိတော် အဋ္ဌကထာကို "မုနိန္ဒပရမဓမ္မသိရိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"စကုတိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ဝိဘင်းဓာတုကထာ ပါဠိတော်အဋ္ဌကထာကို "တေဇိန္ဒာဘိဉာဏ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ် နာမံတော်ရှိသော ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ပုဂ္ဂလပညတ်ပါဠိတော် အဋ္ဌကထာကို အရှင်နန္ဒိယ၊ အရှင်ပညာသီဟ မထေရ်တို့က ပြင်ဆင်၍ သွင်းတော်မူ၏။
- ကထာ၀တ္ထုပါဠိတော် အဋ္ဌကထာကို "ကဝိန္ဒာဘိ အရိယာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ငါးစိုတိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။

http://www.dhammadownload.com

- ယမိုက်ပါဠိတော် အဋ္ဌကထာကို " ဉာဏကိတ္တိ ယတိသာရ ဓမ္မမဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဆင်တဲ့ဆရာတော်နှင့် "သာဂရဓဇ သိရိပရမ မဟာ ဓမ္မ ရာဇာဓိ ရာဇဂုရု" ဂင်းတိုက်ဆရာတော်တို့က ပြင်ဆင်၍ သွင်းတော်မူ၏။
- ပဋ္ဌာန်းပါဠိတော် အဋ္ဌကထာကို "ဓမ္မ။ဒီပ ဓဇ မုနိဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" မာရိအောင်တိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။ [ဤအဘိဓမ္မာ ပါဠိတော် အဋ္ဌကထာတို့ကို တောင်နန်းတော် မိဖုရား ခေါင်ကြီးက ကြီးမှူး ကြပ်မ၍ ရေးကူးစေသည်ဟူ၏။]

ဝိနည်း ပိဋကတ်တွင်-

- ပါရာဇိကဏ်ပါဠိတော် အဋ္ဌကထာကို "ပညာသာမိ ကဝိသာရဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘုံကျော်တိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ပါစိတ်ပါဠိတော် အဋ္ဌကထာကို "ဝိရိယဝရ အရိယဝံသ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" မင်းအိုတိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- မဟာဝါပါဠိတော် အဋ္ဌကထာကို "ကေတုဓမ္မ ဝရာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" အောင်မြေ ရွှေဘုံတိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- စူဠဝါပါဠိတော်အဋ္ဌကထာကို "ပညာသီဟာဘိ မုနိသဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" တံဆိပ်နာမံတော် ရှိသော ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။
- ပရိဝါပါဠိတော် အဋ္ဌကထာကို "အရိယဝံသ သဒ္ဓမ္မဃောသ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" မိုးထိတိုက် ဆရာတော်က ပြင်ဆင်၍ သွင်းတော်မူ၏။ [ဤဝိနည်းပိဋကတ် ပါဠိတော်အဋ္ဌကထာကို အိမ်ရှေ့နန်းလျာ မဟာဥပါရာဇ်က ကြီးမှူးကြပ်မ၍ ရေးကူးစေသည်ဟူ၏။]

ဤသို့လျှင် သာသနာ့ ဒါယကာ မဟာဓမ္မရာဇ် ဖြစ်တော်မူသော မင်းတုန်းမင်းတရားကြီးသည် ပရိယတ္တိ သာသနာတော်၏ အကျိုးစီးပွားကို လိုလားတော်မူသဖြင့် နောင်အစဉ်အလာ သာသနာတည်သမျှ ကာလပတ်လုံး ပရိယတ္တိသာသနာ သန့်ရှင်းစင်ကြယ်စေခြင်းငှာ ရဟန်းပညာရှိ လူပညာရှိတို့ကို အထပ်ထပ် အဖန်ဖန် ကြည့်ရှုပြင်ဆင်စေ၍ ပေထက်အက္ခရာတင်သောအားဖြင့် ရေးကူး ချိုးမြှောက်တော် မူသတည်း။

(၁၄) မင်းတုန်းမင်းကြီး ကျောက်ထက် အက္ခရာတင်ပုံ

သာသနာသက္ကရာဇ် ၂၄၀၄ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၂၂-ခု။ တန်ဆောင်းမုန်းလကစ၍ မင်းတုန်း ဘုရင်မင်းမြတ်ကြီးသည် မြတ်စွာဘုရားစကားတော် တည်းဟူသော ပိဋကတ်သုံးပုံ ပါဠိတော်ကို ပေထက်အက္ခရာတင်၍ သာသနာတော်ကို အရှည်တည်တဲ့

http://www.dhammadownload.com

စေရန် ချီးမြှောက်ရရုံနှင့် တင်းတိမ် အားရခြင်းမရှိသေးသဖြင့် သာသနာတော်အနှစ် ငါးထောင် ကာလပတ်လုံး မြဲမြံခိုင်ခံ့ တည်တံ့နိုင်အောင် ချီးမြှောက်လိုသော စိတ်ဒေန အားကြီးလှသောကြောင့် ရွေးရွေးသောသာသနာပြုမင်း အဆက်ဆက်တို့သည် မချီးမြှောက်ဖူး မချီးမြှောက်နိုင်သော အရာဌာနဌ မင်းတုန်းဘုရင်မင်းမြတ်ကြီး၏ သာသနာကို ချီးမြှောက်လိုသော သဒ္ဓါအဟုန်ကြောင့် သိကြားဒေဝါနတ်များစွာတို့သည် ဖန်ဆင်း၍ ပေးလာကြဘိသကဲ့သို့ ရတနာ ဆယ်ပါး ရှိသည်တွင် တစ်ပါး အဝင်အပါဖြစ်သော စကျင် ကျောက်တောင်ကြီးမှဖြစ်သော သလင်း ကျောက်ဖြူတော်ကြီးတို့ကို ချောမော ပြေပြစ်စွာလုပ်ဆောင်စေ၍ ရွှေနန်းတော်ကြီးအတွင်းဝယ် ကြီးကျယ်ခမ်းနားစွာ တန်ဆောင်းပြာသာဒ်တို့ကို ဆောက်လုပ်၍-

- "သိရိပဝရမဟာ ရာဇိန္ဒာဓိပတိ ရတနာဒေဝီ" ဘွဲ့အမည်ရှိသော တောင်နန်းမတော် မိဘုရားကြီး၏ ဆရာဖြစ်တော်မူသော "ဇာဂရာဘိဝံသ တိပိဋကဓရ မဟာဓမ္မ ရာဇာဓိရာဇဂုရု"ဟု တံဆိပ်နာမံတော်ရှိသော ဒက္ခိဏာရာမတိုက် ဘုရားကြီး၊ ဆရာတော်ဘုရား။
- သေနတ်ဝန်ကြီး၏ ဆရာ "နရိန္ဒာဘိ သိရိသဒ္ဓမ္မ ဇောတိပါလဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟု တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရား။
- "သုမင်္ဂလသာမိ သိရိပဝရ မဏိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"ဟု တံဆိပ်နာမံတော်ရှိသော ဆရာတော်ဘုရားကြီးတို့နှင့်
- ခန်းပတ်မြို့စား အတွင်းဝန်ကြီး "မဟာဥဇနာ" ယောမြို့စားမင်းကြီး "မင်းလှမဟာစည်သူ"
- သံတော်ဆင့် မိုင်းခိုင်းမြို့စား "မဟာသိရိဇေယျသူ"
- သံတော်ဆင့် "နေမျိုးရာဇစည်သူ"

စသော အမတ်တို့ကို ကြီးကြပ် ဆောင်ရွက်စေ၍ အလွန် လိမ္မာတတ်မြောက်သော ကျောက်ဆစ်သမားတို့အား "အမိန့်တော်နှင့်"ခေါ်စေပြီးလျှင် ငါးနှစ်ကျော် ခြောက်နှစ်တို့ ပတ်လုံး ပိဋကတ်သုံးပုံဟူသော မြတ်စွာဘုရား စကားတော် အစဉ်ကို ရတနာဖြင့် ပြီးသော ကျောက်အပြင်ထက်၌ ကျိန်းဝပ်စေသောအားဖြင့် ထုလုပ်စေတော်မူသည်။

(၁၅) ကျောက်စာတော် အရေအတွက်

ယင်းသို့ ကျောက်ထက်အက္ခရာ တင်ရာ၌ -

- ဝိနည်း ငါးကျမ်းပါဠို ဘုရား စကားတော်သည် (၁၁၁) တစ်ရာ့တစ်ဆယ့် တစ်ခုသော ကျောက်ပြင်ထက်၌ တည်တော်မူ၏။
- အဘိဓမ္မာ ခုနစ်ကျမ်း ပါဠို ဘုရားစကားသည် (၂၀၈)နှစ်ရာ့ရှစ်ခုသော

http://www.dhammadownload.com

ကျောက်ပြင်ထက်၌ တည်တော်မူ၏။
- သုတ္တန်ပိဋကတ်ပါဠိ ဘုရားစကားတော်သည်(၄၁၀)လေးရာ့တစ်ဆယ်သော ကျောက်ပြင်ထက်၌ တည်တော်မူ၏။

ဤသို့. ထူးကဲလွန်မြတ် မဟတ္တမ အစ္ဆရိယ အဗ္ဘုတဓမ္မ ဖြစ်ကြီးဖြစ်၍ အံ့ဩြဘွယ်ရာ မကုန်ရာသော သေလက္ခရာဝဋ္ဋ ဟူသော ကျောက်ထက်အက္ခရာ တင်၍ သာသနာတော်ကြီးအား ချီးမြှောက်တော်မူသတည်း။

ထိုကျောက်စာ ပိဋကတ်တော်ကြီးကိုကား မန္တလေးတောင်ခြေရင်း ကုသိုလ်တော် ခေါ်သော "မဟာလောကမာရဓိန် စေတီတော်ကြီး"၏ ပတ်လည် ထက်ဝန်းကျင်၌ ကျောက်စာတော် တစ်ခု တစ်ခုလျှင် အုပ်ပြာသာဒ် တစ်ဆောင်စီနှင့် တည်ထားတော်မူလေသည်။ ၎င်းကျောက်စာ ဘုရားစကားတော်သည် သာသနာ အဖွန့်.ရှည်စွာ တည်လတ္တံ့.။

၎င်းကျောက်စာတော် ပိဋကတ်သည် ၁၂၃၀ ပြည့်နှစ် ကဆုန်လဆန်း ၁၄-ရက် နေ့.တွင် ပြီးသည်ဟူ၏။ ကျောက်ချပ်ပေါင်း ၇၂၉-ဟူ၏။

(၁၆) ဆီးဘန်နီဆရာတော်ဆို- ကျောက်ထက် အက္ခရာတင် အနှံ့ချင်း

သာသနာမူ၊ ဃာနာဝရ
ဂေါဇပုံရေး ဒွေးဒွေးဒွေးက
သရဒသဘင်၊ ဦးရက်တွင်၌
ရေးတင်ဆစ်ထု၊ လက်သားစုကို
သုမင်္ဂလာ၊ ဇာဂရာ နှင့်
နရိန္ဒာဘိဓဇ၊ အတုလဓိပ်
တဲဆိပ်တစ်မှတ်၊ ပိဋကတ်ကို
ပတ်ပတ်ရစ်လိုမ့်၊ စက်နယ်အိမ့်သား
နှစ်သိမ့်လောက်စွာ၊ ထေရ်သုံးဖြာတို့.
သေချာ ပြတ်တည်း၊ ပြင်ဆင်လှည်းသည်
ဝိနည်း၊ ဘိဓမ္မာ၊ သုတ္တန္တာဟု
တစ်ရာ့ဆယ့်တစ်၊ နှစ်ရာ့ရှစ်နှင့်
ဇောအစ်သုည၊ ပေါင်းကာလမူ
ခုနှစ်ရာ့နှစ်ဆယ်၊ ကိုးသွယ်ချပ်မှန်
ဓမ္မကျွန်ရှစ်သောင်း၊ လေးထောင်ပေါင်းက
ရှင်ကောင်းသာသနာ၊ နှစ်ထောင်သာလျက်

http://www.dhammadownload.com

လေးရာ့ဆယ့်နှစ်၊ သက္ကရာဇ်မူ
တစ်နှစ်သုံးနှောက်၊ သုညပေါက်၍
လရောက်ကဆုန်၊ ပုဏ္ဏာဖိတ်နေ့၊ ပြီးစုံစေ့ရှင့်
ချမ်းမြေ့နှစ်သက်၊ အထက်လေးဖြာ
သင်ယနာတွင်၊ သေလာရှင့
ပဋ္ဌမသင်္ဂါယနာ၊ တင်ပြန်လာသည်
ရတနာပုံ နန်းတွင်တည့်လေး
သူကောင်းဖော်ရွေ မင်းချင်းတို့။

(၁၇) မင်းတုန်းမင်းတရားကြီး ပဋ္ဌမသင်္ဂါယနာတင်ခန်း

မန္တလေးရတနာပုံ မြို့နန်းကို အစဖန်ဆင်းတော်မူသော မင်းတုန်းမင်း တရားကြီးသည် ရှေးရှေးသော အဇာတသတ် ကာဠာသောက သိရိဓမ္မာသောက ဝဋ္ဋဂါမဏိ မင်းကြီးများသည် သံဂါယနာတင်ခြင်း၌ ဝင်ရောက် အားပေး၍ သာသနာတော်ကို ချီးမြှောက်ကြသကဲ့သို့ မင်းတုန်းမင်းတရားကြီးသည်လည်း သာသနာတော်ကို အလွန်ကြည်ညိုသော မင်းတရားကြီးဖြစ်ရကား သာသနာပြု တံဆိပ်တော်ရ မရသော ဆရာတော်ကြီးတို့နှင့် ညှိနှိုင်းတိုင်ပင်၍ သာသနာသက္ကရာဇ် ၂၄၁၅ ခု၊ ကောဇာသက္ကရာဇ် ၁၂၃၃ခုနှစ်တွင် ရဟန်းပညာရှိ လူပညာရှိ ပုဏ္ဏားပညာရှိတို့နှင့် ညှိနှိုင်း၍ ကောင်းမြတ်သော မင်္ဂလာကို ရွေးချယ်စီစစ်ပြီးလျှင် မြေနန်းတော်ကြီးရှေ့ ခမ်းနားကြီးကျယ်စွာ ဆင်ယင်တော်မူ၍ သံဂါယနာတင်ပွဲ သဘင်ကို ဆင်ယင်တော် မူလေသည်။

ထိုသံဂါယနာတင်ပွဲသဘင် ဆင်ယင်ရာ၌ သာသနာပြု ဆရာတော်ကြီး များသည် နှုတ်လွတ် အာဂုံ ပိဋကတ်သုံးပုံကို ခြောက်လတိုင်တိုင် အပေါင်းပြု၍ ရွတ်ဆိုတော် မူကြရသည် ဟူ၏။

ဤသို့ ပေါင်းစု၍ ရွတ်ဖတ်ကြသည်ကိုပင် "သံဂါယနာတင်"ဟု ခေါ်ဆိုရသည်။

ရှေးရှေးသော ရဟန္တာအရှင်မြတ်တို့သည် သုံးကြိမ် လေးကြိမ်တိုင်တိုင် ပေါင်းစု၍ ရွတ်ဘာသာခြင်းဟူသော သံဂါယနာတင် လေးကြိမ်ရှိပြီးဖြစ်၍ မင်းတုန်းမင်းကြီးလက်ထက် ပေါင်းစု၍ ရွက်ခြင်းဟူသော သံဂါယနာတင်သည် ငါးကြိမ်မြောက် ဖြစ်ရကား "ပဋ္ဌမသံဂါယနာတင်"ဟု ခေါ်ဆိုလေသည်။

ဤသို့လျှင် ရှေးရှေးသော သာသနာပြု မင်းကောင်း မင်းမြတ်တို့ မချီးမြှောက်ခဲ့သော ပိဋကတ်သုံးပုံ ပါဠိတော်ကို ကျောက်ထက်အက္ခရာတင်၍ ချီးမြှောက်ခြင်း၊ ပဋ္ဌမသံဂါယနာ တင်တော်မူခြင်း စသော အတိုင်းမသိ မရေတွက် နိုင်သော ကုသိုလ်တော်ကြီးများနှင့်တကွ သက္ကရာဇ်(၁၂၃၁)တစ်ထောင့်နှစ်ရာ့သုံးဆယ့် တစ်ခုနှစ်

http://www.dhammadownload.com

အတာသကြိန်ကျ၍ အရှင်နှစ်ပါးတို့သည် မဟာသကြိန်ခေါ်တော် မူပြီးလျှင် ရွှေနန်းတက်တော်မူ၍ ကဆုန်လတိုင်း နှစ်စဉ်လှူဒါန်းတော်မြဲဖြစ်သော အတာသဘင်တော်မှစ၍ တစ်ဆယ့်နှစ်ရာသီ ရာဇသဘင် အလှူတော်များကို လစဉ်မပြတ် ခင်းကျင်းစီရင်၍ လှူဒါန်းတော်မူခြင်းသည် အဟောဝတ၊ သာခုဝတ၊ အစ္ဆရိယဝတ၊ ဖြစ်ဖွယ်တည်း။

(၁၈) မင်းတုန်းမင်းကြီး သာသနာတော်ကို သုတ်သင်ရှင်းလင်းပုံ

ထိုမင်းတုန်းမင်းကြီး လက်ထက်၌ နှိပ်ထိုက်သော အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကို အရှိန်အစော် မရှိအောင် နှိပ်နှင်း၍ ချီးမြှောက်ထိုက်သော လဇ္ဇီပေသလသိက္ခာကာမ ပရိယတ္တိဆေက ပုဂ္ဂိုလ်တို့ကို ချီးမြှောက်သဖြင့် သာသနာတော်ကြီးသည် အလွန် သန့်ရှင်း စည်ပင်ခြင်းသို့ ရောက်လေသတည်း။ အလွန်ပေါ်ထင် ထက်ကောင့်ကင်၌ ရွှင်ရွှင်ကြွားကြွား လၢနေ များလို ထင်ရှားလေသည်။

(၁) တဒါ ပန ဇိနစက္ကံ၊ နဘော စန္ဒောဝ ပါကဋံ။
အလဇ္ဇီနော နိလီယန္တိ၊ အရဏ္ဏဂ္ဂေဝ ကောသိယာ။
(၂) တဒါ ပိ စ ဇိနစက္ကံ၊ ခေ ဘာဏုမာ ဝ ပါကဋံ၊
လဇ္ဇီနော ပိ ဥဋ္ဌဟန္တိ၊ သြဘာ လဒ္ဓေဝ ကပ္ပိကာ[၁] ။

(၁) တဒါပန၊ သာသနဒါယကာ မဟာဓမ္မရာဇာဖြစ်သော မင်းတုန်းမင်းကြီး ရွှေထီးရွှေနန်း သိမ်းမြန်း စိုးအုပ် မင်းလုပ်သော ထိုအခါ၌ကား။ ဝါ၊ ထိုမင်းတုန်းမင်းကြီးလက်ထက် အခါ၌ကား။ ဇိနစက္ကံ၊ ဘုရားသာသနာသည်။ နဘော၊ ကောင်းကင်၌။ စန္ဒောဝ၊ လပြည့်ဝန်းကြီးကဲ့သို့။ ပါကဋံ- သုပါကဋံ၊ အလွန်ထင်ရှား၏။ အလဇ္ဇီနော၊ အလဇ္ဇီ ပုဂ္ဂိုလ်တို့သည်။ နိလီယန္တိ၊ သိုဝှက် ပုန်းအောင်း၍ နေရာကုန်၏။ ကိမိဝ၊ ဥပမာ အဘယ်သို့နည်း ဟူမူကား။ အရဏ္ဏဂ္ဂေ၊ နေအရဏ်တတ်သော အခါ၌။ ကောသိယာ၊ ဇီးကွက်၊ ခင်ပုတ်၊ ကုတ်သလုပ်တို့သည် ရက္ခ သုသိရာဒီသု၊ သစ်ပင်သစ်ခေါင်း စသည်တို့၌။ နိလီယန္တိ ဣဝ၊ ပုန်းအောင်း၍နေကြကုန်သကဲ့သို့၊ တထာ၊ ထိုအတူ။ အလဇ္ဇီနော၊ အလဇ္ဇီပုဂ္ဂိုလ်တို့သည် နိလီယန္တိ၊ တိုင်းစွန့်ပြည်နား အကြိုအကြားသို့ ပြေးလွှား ပုန်းအောင်း၍ နေရကုန်၏။

ဇီးကွက်ဟူသည် ခင်ပုတ်ငှက်ပင်တည်း။ ထိုခင်ပုတ်ငှက်ကို ပေါရာဏစကားဖြင့် "ကုတ်သလုပ်" ဟူ၏။

(၂) စ၊ လဇ္ဇီ သူတော်ကောင်း ပုဂ္ဂိုလ်တို့ အခွင့်ရပုံကို ဆိုဦးအံ့။ ထဒါပိ ထို

၁။ သာသဝံသပွဒီပိကာ (တတိယမောင်းထောင်ဆရာတော်အရှင်ပညာသာမိ)
မိခင်ဇရာဝတီ

http://www.dhammadownload.com

မင်းတုန်းဘုရင် ရေမြေ့ရှင် လက်ထက်အခါ၌ကား။ ဇိနစက္ကံ၊ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်၏ အာဏာစက်သည်။ ဝါ၊ ဘုရားရှင် သာသနာသည်။ ခေ၊ ကောင်းကင်၌။ ဘာဏုမာဝ။ ဘာဏုရာဇာ၊ တောက်ဖြာထိန်ဝင်း၊ ရှင်နေမင်းကဲ့သို့။ ပါကဋ်၊ အလွန်လျှင်ပင် ပေါ်လွင်ထင်ရှား၏။ လဒ္ဓိနော ပိ၊ လဒ္ဓိ သူတော်ကောင်းတို့ သည်ကား။ ဩဘာလဒ္ဓါ၊ အရောင်အလင်းကို ရကြကုန်သော။ ကပ္ပိကာ– အာဒိကပ္ပိကာ ဣဝ၊ နေနှင့်လကို မျှော်တကြကုန်သော ကမ္ဘာဦးသူတို့ကဲ့သို့။ ဥဋ္ဌဟန္ထိ၊ ရှဲ့ရှာကင်းပျောင် ခေါင်းထောင်၍ ထကြကုန်၏။

(ထိုအခါ လဒ္ဓိသူတော်ကောင်း ပုဂ္ဂိုလ်တို့မှာ မင်း၏ အချီးအမြှောက်ကို ရ၍ မင်းကို အမှီပြုရသဖြင့် သာသနာကို ချီးမြှောက်ရန်အတွက် အားရှိ၍ ထကြွ လုံ့လ ရှိကြကုန်၏ ဟူလို။)

သာသနာပြုဆရာတော်ဘုရားကြီး ဦးညေယျသည် သာသနာတော်ကို အလွန်စောင့်ရှောက် ချီးမြှောက်တော်မူပြီး၍ သက်တော်(၆၆)ခြောက်ဆယ့်ခြောက်နှစ် အရှိ သက္ကရာဇ် ၁၂၂၇ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့တွင် ပြန်လွန်တော်မူသည်။ ၎င်းနှစ် တပေါင်းလပြည့်ကျော် ၅–ရက်နေ့တွင် သာသနာပိုင် ဆရာတော် ဘုရားကြီး အလောင်းကို ပူဇော်သင်္ကြိုဟ်ခြင်း ကိစ္စပြီးဆုံးသည်။

(၁၉) တိုက်တော် ပြဿနာ
ရေစကြိုဆရာတော် ဦးဂန္ဓသာရ နယ်နှင်ခံရခြင်း

ထိုသာသနာပိုင် ဆရာတော်ဘုရားကြီး ဦးညေယျ ပြန်လွန်တော်မူပြီးသည့်နောက် ၎င်းသာသနာပိုင် ဆရာတော်ဘုရား သီတင်းသုံးတော်မူသော "တိုက်တော်"ခေါ်သော သာသနာပိုင် တိုက်ကို ပရက္ကမ ဆရာတော်အား အပ်နှင်းရာ အချို့သော စာချ ဆရာတော်ဘုရားကြီးများ သဘောမကျသဖြင့် သုဓမ္မာဆရာတော်တို့က ဆင့်ခေါ်သော်လည်း မလိုက်သည့်အပြင်–

"ကေသရာဇာ ခြင်္သေ့မင်း အောင်းသော ရွှေဂူ၌၊ သိင်္ဂါလက ဝင်၍ အောင်းလေဘိသည်"

ဟု–ဆိုခြင်း အစရှိသော အမှုများကြောင့် ရေစကြိုဆရာတော် ဦးဂန္ဓသာရစသော စာချပုဂ္ဂိုလ်ကျော် အချို့တို့ကို ရွှေမြို့တော်မှ နှင်ထုတ်ရသဖြင့် ငါတို့၏ကျေးဇူးရှင်

http://www.dhammadownload.com

ရေစကြို ဆရာတော်ဘုရားကြီးသည် ရေစကြိုသို့ ပြန်လည် ကြွလာတော်မူရလေသတည်း။

သာသနာပိုင် ဦးညေယျ ပြန်လွန်တော်မူပြီးနောက် မင်းတုန်းဘုရင် သာသနာဒါယကာ ရေမြေ့ရှင်သည် မည်သည့် ဆရာတော်ကိုမှ သာသနာပိုင်တဆိပ်လျှဒါန်း၍ သာသနာပြု သာသနာပိုင် လွှဲအပ်ခန့်ထားခြင်းကို မပြုလေ-

ယင်းကဲ့သို့ သာသနာပိုင် ဆက်လက်၍ ခန့်အပ်တော် မမူခြင်းမှာလည်း မင်းတုန်း မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့ အလိုမတူ အယူမမျှ ဖြစ်နေခြင်းကြောင့် ဖြစ်လေ သည်။

- မင်းတုန်းမင်းတရားကြီးက ရွှေကျင်ဂိုဏ်းဝင် ဆရာတော် တစ်ပါးပါးကို သာသနာပိုင် တင်မြှောက်လိုသော အလိုဆန္ဒရှိသည်ဟူ၏။
- မိဖုရားကြီးက သုဓမ္မာဂိုဏ်းဝင် ဆရာတော် တစ်ပါးပါးကို သာသနာပိုင် တင်မြှောက်လိုသော ဆန္ဒရှိသည် ဟူ၏။

ထိုကြောင့် မင်းတုန်းမင်းကြီးလက်ထက်မှာ သာသနာပိုင် ဆက်လက်၍ မတင်မြှောက်ဘဲ သာသနာပြုဆရာတော် (၈) ရှစ်ပါးထားသည်ဟူ၏။

(၂၀) မင်းတုန်းမင်းကြီး နတ်ရွာစံကြောင်း

များပြားလှစွာသော ကုသိုလ်တော် သမ္ဘာရှင် တိုင်းကြီးပြည်ကြီးတို့၏ အရှင် ဘဝရှင်မင်းတုန်းဘုရင် သာသနဒါယကာ မဟာဇနကရာဇ် မင်းမြတ်ကြီးသည် မန္တလေးရွှေမြို့တော်အတွင်း လေးပြင်လေးရပ်မှစ၍ မိမိနိုင်ငံတော်တွင် မျှမက လင်္ကာဒီပသီဟိုဠ်ကျွန်း မြတ်စွာဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိစသော သာသနာတည်ထွန်းရာ အရပ်ဒေသများ၌ ကြီးကျယ်လှစွာ အထူးထူး အဆန်းဆန်း ဂဏန်းချီ၍ ရေတွက်ခြင်းငှာ မတတ်ကောင်းသော စေတီတော်၊ ကျောင်းတော်၊ ဇရပ်တော်၊ စသော များစွာသော ကုသိုလ်တော်ရှင် ဖြစ်ပါငြားလည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ အရှင်မြတ်တို့သော်မှ လွန်ဆန်ခြင်းငှာ မတတ် ကောင်းရကား ၁၂၄၀ပြည့်နှစ်၊ သီတင်းကျွတ် လဆန်း ၆-ရက် အင်္ဂါနေ့တွင် နတ်ရွာစံတော်မူ၏။

အိမ်နိမ့်စည်းစိမ် ၃၈နှစ်နှင့် ၉လ။

နန်းစည်းစိမ်။ ရတနာသိမ်မည်သော ရွှေဘိုမြို့၌ ၉-လနှင့် ၁၀-ရက်။ အမရပူရမြို့၌ ၂-နှစ်၊ ၇-လနှင့် ၂၂-ရက်။ မန္တလေးမြို့၌ ၂၁-နှစ်၊ ၁-လနှင့် ၄-ရက်ဖြစ်သည်။

သုံးမြို့စံ စည်းစိမ်တော်ပေါင်း ၂၅-နှစ်၊ ၇-လနှင့် ၆-ရက်။ သက်တော် ၇၄-နှစ်၊ ၅-လနှင့် ၆-ရက်အသက်တော်ရှိလေသည်။

http://www.dhammadownload.com

ထိုမင်းတုန်းမင်းကြီးနတ်ရွာစံမည့်နှစ် ရွှေမြို့တော်၌ တစ်လတည်းတွင်း ၂၇-ကြိမ် မီးလောင်၍ ဒိန္နက်သဲ သင့်ခြင်း၊ ဘောင်းတော်ဆောင် အမိုး၌ 'လင်းတ'နားခြင်း စသော တိတ်ကြီး နိမိတ်ကြီးများ ထင်လာသည်ဟူ၏။

(၂၁)သီပေါ ဘုရင်မင်းမြတ် အကြောင်း

မန္တလေးရတနာပုံမြို့ ဒုတိယနန်းစံ မာရ်အောင်ရတနာ စေတီဒါယကာ သီပေါမင်းကား သက္ကရာဇ် ၁၂၂၀-ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂-ရက်၊ စနေနေ့ နံနက် ၄-ချက်တီးကျော် အချိန်တွင် မယ်တော် လောင်းရှည်မြို့စား မင်းသမီးနန္ဒာဒေဝီမှ ဖွားမြင်တော်မူသည်။ သက်တော် ၂၀-ရက်ပြည့်၊ သက္ကရာဇ် ၁၂၄၀ပြည့်နှစ်တွင် ခမည်းတော် ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သားတော် သီပေါမင်းသားကို သာသနာတော်ရေး တိုင်းရေးပြည်မှုများကို ကူညီဆောင်ရွက်စေရန် အိမ်ရှေ့အရာ ပေးအပ်တော်မူသည်ကို ခံယူသည်။

သီပေါမင်းသားကို အိမ်ရှေ့အရာအပ်နှင်းသော အမိန့်စာဖတ်သောအခါ မင်းတုန်းရှင်ဘုရင်ကြီးမှာ ဝေဒနာသည်းထန်စွာ ကပ်ရောက်လျက် နတ်ရွာစံခါနီးနေပြီဖြစ်၍ စကားမပြောနိုင်တော့ပြီဟူ၏။

ထိုသက္ကရာဇ် ၁၂၄၀ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၆-ရက်နေ့ ခမည်းတော် မင်းတရားကြီးသည် လူ့ပြည်ကို ငြီးငွေ့တော်မူ၍ နတ်ပြည်သို့ ပြောင်းရွှေ့တော်မူလျှင် ခမည်းတော်မင်းကြီး၏ အရိုက်အရာတော်ဖြစ်သော မန္တလေးရတနာပုံနေပြည်တော် ရွှေထီးရွှေနန်းနှင့်တကွ တိုင်းခရိုင်နိုင်ငံတော်အလုံးစုံကို သိမ်းမြန်းဆက်ခံစိုးစံတော်မူပါမည့်အကြောင်းနှင့် မှူးတော်မတ်တော်တို့ အညီအညွတ်တောင်းပန်လျှောက်တင်ကြသဖြင့် ထိုနှစ်သီတင်းကျွတ် လဆန်း ၇ရက်နေ့တွင် ရွှေထီးရွှေနန်းသိမ်းမြန်းတော်မူ၍ ရေမြေရှင် ဘုရင်မင်းမြတ်အဖြစ်သို့ ရောက်တော်မူသည်။

(၂၂)သာသနာပိုင် တင်မြှောက်ခြင်း

သက္ကရာဇ် ၁၂၄၁-ခုနှစ်၊ နယုန်လတွင် ထီးဆောင်းမင်္ဂလာ ဖွင့်တော်မူသည်။

ထိုသက္ကရာဇ် ၁၂၄၁ခုနှစ် တပေါင်းလတွင် 'တောင်တော်ဆရာတော်နှင့် ရွှေကျင်ဆရာတော်'ကို သာသနာပိုင်နှစ်ပါး တင်မြှောက်ပြီးလျှင်-

- တောင်တော်ဆရာတော်အား 'မာလာလင်္ကာရ သာသနဓဇ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင် တံဆိပ်လှုံဒါန်းတော်မူသည်။

http://www.dhammadownload.com

- ရွှေကျင်ဆရာတော်ဘုရားအားလည်း 'ဇာဂရာဘိဓေသာသနပါလ ဓမ္မ သေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော သာသနာပိုင်တံဆိပ်ကို လှူဒါန်းတော်မူသည်။

ထိုသာသနာပိုင် နှစ်ပါးတို့တွင် ရွှေကျင်ဆရာတော်မှာ သာသနာပြုအမှုတွင် ပါဝင်တော် မမူဘဲ ရှောင်လွှဲ၍ နေတော်မူသဖြင့် တောင်တော်သာသနာပိုင် တစ်ပါး သာ သာသနာပိုင်ဟု ထင်ရှားလေသည်။

(၂၃) ပုခန်း သမုတိ သာသနာပိုင်ဆရာတော်

ဤအခါမှာ သာသနာပိုင်ဆရာတော် ဦးညေယျက သာသနာပြု သာသနာပိုင် လွှဲအပ်ခဲ့သော ပုခန်းသမုတိ သာသနာပိုင် ဆရာတော်ဘုရားကြီးမှာကား မင်းကမ္ဘောက် သော သာသနာပိုင်မဟုတ်။ ဆရာတော် သံဃာတော်တို့က သဘောတူ သာသနာပိုင်ဟု သမုတ်၍ ရှိသေကိုင်းညွှတ်ကြသဖြင့် သမုတိသာသနာပိုင် ဖြစ်တော်မူ၏။ သီဟိုဠ်တိုင်အောင် ကျော်ကြားပျံ့နှံ့တော်မူလေသည်။

(၂၄) မုဒ္ဓါဘိသေကသဘင် ဆင်ယင်ခြင်း

သီပေါမင်းတရားကြီး သက်တော် ၂၃-နှစ်၊ သက္ကရာဇ်၁၂၄၃ခုနှစ် ကဆုန်လတွင် ရွှေထီးရွှေနန်း သိမ်းမြန်း စိုးစံတော်မူ၍ ၄-နှစ်မြောက်ရှိသောအခါ ရာဇာဘိသေက မုဒ္ဓါဘိသိက်ကို အရှင်မိဖုရားခေါင်ကြီးနှင့်တကွ သွန်းခံတော်မူ၍ 'သိရိပဝရာဒိတျာ လောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မ ရာဇာဓိရာဇာ'ဟူသော မင်းဘွဲ့တံဆိပ်နာမံတော်ကို လည်း ခံယူ၏။ အရှင်မိဖုရားခေါင်ကြီးမှာ 'သိရိပဝရ တိလောက မဟာရာဇိန္ဒာဓိပတိ ပဒုမ ရတနာဒေဝီ'ဟူသော မိဖုရားခေါင်ကြီးဘွဲ့တံဆိပ်ကို ခံယူတော်မူ၏။

ဤသို့လျှင် သီပေါဘုရင်မင်းမြတ်သည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် သာသနာတော် စည်ပင်ပွင့်လင်းကြောင်း၊ တိုင်းကား နိုင်ငံ သာယာငြိမ်းချမ်းကြောင်းများကို အားထုတ်ရွက်ဆောင်တော်မူဆဲအတွင်း သက်တော် ၂၇-နှစ်၊ နန်းစံ ၇-နှစ်မြောက် သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် ဇာတာတော် မရွှင်ပြခိုက် ကြုံကြိုက်သဖြင့် မန္တလေးရတနာပုံနေပြည်တော်ကြီးမှ-

မိဖုရားခေါင်ကြီးနှင့်မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီး၊
မိဖုရားခေါင်ကြီးနှင့်အစ်မတော် ပုဂံမင်းသမီး၊
ညီမတော် ရမည်းသင်းမင်းသမီး၊

မိဖုရားခေါင်ကြီးတွင် ဖွားမြင်သော သမီးတော်နှစ်ပါးတို့ပါ အင်္ဂလိပ်စစ်ဗိုလ်ချုပ် အရာရှိ စစ်သည်တို့ ဆောင်ယူပင့်ခေါ်သွားသဖြင့် သာသနာတော် ကြီးပွားရေးအလုပ်

http://www.dhammadownload.com

ကြီးကို လက်လွှတ်၍ အင်္ဂလိပ်မင်း၏အာဏာပဝတ္တိဌာနသို့ လိုက်ပါသွားရလေသည်။

(၂၅) သီပေါဘုရင်မြတ်နှင့် မိဖုရားခေါင်ကြီး နတ်ရွာစံခြင်းအကြောင်း

မြန်မာတို့၏ ဘုရင် သာသနဒါယကာဖြစ်တော်မူသော သီပေါအရှင်မင်းမြတ်သည် ခြွေရံတော်အပေါင်းနှင့်တကွ အင်္ဂလိပ်မင်းတို့၏ လခရိက္ခာတော်ကို ခံယူလျက် ရတနာဂိရိမြို့မှာ စံနန်းတော်နှင့် စံနေတော်မူစဉ် သက္ကရာဇ် (၁၂၇၈)တစ်ထောင့်နှစ်ရာ့ခုနစ်ဆယ့်ရှစ်ခုနှစ် နတ်တော်လတွင် ရတနာဂိရိမြို့၌ နတ်ရွာစံတော်မူသည်။

အရှင်မိဖုရားခေါင်ကြီးမှာ သီပေါဘုရင်မင်းမြတ်နတ်ရွာစံပြီးနောက်မှ မြန်မာနိုင်ငံသို့ ပြန်လည်ခွင့်ရသဖြင့် ရတနာဂိရိမြို့မှ အချို့သောသမီးတော်များနှင့်တကွ ပြောင်းရွှေ့၍ မြန်မာနိုင်ငံရန်ကုန်မြို့၌ စံနန်းတော်နှင့် နေတော်မူစဉ် သက္ကရာဇ်၁၂၈၇-ခု၊ နတ်တော်လဆန်း ၁၀ရက်နေ့တွင် ရန်ကုန်မြို့၌ နတ်ရွာစံတော်မူသည်။

(၂၆) မြန်မာနိုင်ငံ ထီးဆောင်းမင်းပေါင်း

သုနာပရန်၊ တမ္မဒီပ နှစ်မည်ရသော ငါတို့ မြန်မာနိုင်ငံတော်ကြီးတွင် တကောင်းပြည်ကြီး၌ ဇမ္ဗူဒီပ ၀ဇ မဟာရာဇာမင်းမှစ၍ (၇၇)ခုနှစ်ကျိပ်ခုနစ်ယောက်သောမင်း။

သရေခေတ္တရာပြည်ကြီး၌ မဟာသမ္မဝ စူဠာသမ္မဝ အစရှိသော မင်းပေါင်း (၂၇)နှစ်ဆယ့် ခုနစ်ယောက်သောမင်း။

အရိမဒ္ဒနာမည်သော ပုဂံပြည်ကြီး၌ သမုတိရာဇ် အစရှိသော မင်းပေါင်း (၅၅)ငါး၊ကျိပ်ငါးယောက်သောမင်း။

မြင်စိုင်းပြည်ကြီး၌ ရာဇသင်္ကြိမင်း ၁-ယောက်တည်း။

ဝိဇယပုရ မည်သော ပန်းရပြည်ကြီး၌ တစ်စီးရှင် သီဟသူအစရှိသော မင်းပေါင်း (၆)ခြောက်ယောက်သောမင်း။

ဇေယျာပုရ မည်သော စစ်ကိုင်းပြည်ကြီး၌ အသခံယာစောယွမ်းအစရှိသော မင်းပေါင်း (၇)ခုနစ်ယောက်သောမင်း။

ရတနာပုရ မည်သော အင်းဝပြည်ကြီး၌ သတိုးမင်းဖျားအစရှိသော မင်းပေါင်း (၂၉)နှစ်ကျိပ်ကိုးယောက်သောမင်း။

ရတနာသိန် မည်သော ရွှေဘိုပြည်ကြီး၌ အလောင်းမင်းတရားကြီးမှစ၍ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွှန့် အဖွန့်ရှည်စွာ ရာဇဌာနီရတနာပုံမန္တလေးနေပြည်တော်ကြီးကို အစတည်ထောင် ဖန်ဆင်းတော်မူသော ပဋမသံဂါယနာတင်မင်းတုန်းဘုရင်မင်းမြတ်ကြီးနှင့် သားတော်သီပေါမင်းတိုင် (၁၁)ကျိပ် တစ်ကျိပ်တစ်ယောက်သော မင်းများ ဖြစ်လေသည်။

http://www.dhammadownload.com

အမရပူရ မန္တလေးတောင်မြို့မှာ ဘိုးတော်ဦးဝိုင်းအစ ပုဂံမင်းတိုင် (၄)ယောက်၊ မင်းတုန်းမင်းတိုင်အောင် (၅)ငါးယောက်သောမင်း။

ရတနာပုဋ္ဌ မန္တလေးမြောက်မြို့မှာ မင်းတုန်းမင်းနှင့် သားတော်သီပေါမင်း (၂)ယောက်ဖြစ်လေသည်။

(၂၇)သာသနာဆက် ပြည်ထောင်များ

သုဓမ္မာပုရ မည်သော သထုံပြည်၊ သိရိခေတ္တရာပြည်၊ ဤသိရိခေတ္တရာပြည်၌ ရှေး သာသနာသည် မထွန်းကားလေ၊ သာသနာရှိရုံသာ ရှိသေးသည်။ ထိုနောက်-

၁။ တမ္ဗဒီပ၊
၂။ ပုဂါမ၊[1]
၃။ အရိမဒ္ဒနာ၊
၄။ သိရိ ပစ္ဆယာ၊
၅။ တမ္ဗဝတီ တမ္ဗဒေသ၊
၆။ ပေါက္ကာရာမ၊
၇။ ပုဏ္ဏာဂါမ၊
၈။ သံပုဏ္ဏာဂါမ၊
၉။ သမာဓိနဂရ၊
၁၀။ ပရမာပုရ၊
၁၁။ နဂရုတ္တမ၊
၁၂။ ပဏ္ဏာပလာသ၊
၁၃။ ဝေဠုကာရာမ၊

ဟု -၁၃မည်ရသော ပုဂံပြည်၌ သက္ကရာဇ် ၃၇၉-ခုနှစ် နန်းတက်သော နော်ရထာမင်းစော လက်ထက်မှ သာသနာ စည်ကားပြန့်ပွားလာ၍ ထွန်းကားလေသည်။

- ယင်းပုဂံပြည်၊
- ထိုနောက် မြင်စိုင်းပြည်၊
- ထိုနောက် ဇေယျာပုရမည်သော စစ်ကိုင်းပြည်နှင့်ဝိဇယပုရ မည်သော ပန်းရ (ပင်းယ)ပြည်၊

၁။ တရုတ်ပြေးမင်းလက်ထက်မှ။ ပုဂံ-တွင်သည်ဟု ရေးတင်သော မှန်နန်းရာဇဝင်စကားကို ဆင်ခြင်ရန်။

http://www.dhammadownload.com

- ထိုနောက် ရတနာပုရ မည်သော (အဝ)အင်းဝပြည်၊
- ဧယျဝမုနတိုင်း ကေတုမတီမည်သော တောင်ငူပြည်၊
- ထိုနောက် ရတနာသီဃ်[၁] မည်သော ကုန်းဘောင်ရွှေဘိုပြည်၊
- ထိုနောက် အမရပူရ မည်သော မန္တလေး[၂] တောင်မြို့၊
- ထိုနောက် ရတနာပုဏ္ဏ၊ ရတနာပုဋ္ဌ မည်သော မန္တလေးမြောက်မြို့

တိုင်အောင် သာသနာတော် အထက်ဆန်၍ ဆက်သွယ်ပြန့်ပွားစည်ကားလေသည်။

၁။ 'ရတန သီဃ်,ရတနာ သိဂ်,ရတနာသိခ်'ဟူ၍ ရေးသားကြသည်။ မူလပညတ်ရေးမှာ ဃ,ကြီးနှင့် ရတနာသီဃ်-ဟု ပညတ်သည် ဟူ၏။ ထို့ကြောင့် မူလပညတ် မပျောက်စေဘဲလည်း ရေးသားသင့်၏။ 'ပညတ္တိ လောကသင်္ကေတ နိမိတ္တာ'ဟူ၏။ ဗျူပတ်အလျောက် ထောက်၍လည်း သိဂ်,သိခ်,ဟုပင် ရေးသားသင့်သေး၏။ ။ 'ဝတ္တိစ္ဆာနုပုဗ္ဗိကာ, သဒ္ဒပုဝတ္တိ'ဟူ၏။

၂။ ကျောက်စာတွင် 'မန္တ ရေး'ဟုရှိ၏။ ရကို လပြန်လေ၊ ကာရီ ကာရိယ၊ သီလက္ခန္ဓဋီကာသစ် နိဂုံး၌ 'မဏ္ဍလာ စလ သာမန္တံ၊ မဏ္ဍလတောင်၏ အနီးဖြစ်သော'ဟု ပါဠိစီရကား ဏ,ကြီးနှင့် ဍ,ရင်ကောက်ဆင့်၍ 'မဏ္ဍလေး'ဟု ရေးသင့်သည် ဟူမူ လောကဝေါဟာရ ပညတ္တိ အမည်သညာဖြစ်၍ ပါဠိစီတိုင်း မလိုက်သင့်။

http://www.dhammadownload.com

ရာမညတိုင်း သာသနာ

(၁) ရာမညတိုင်း ဟံသာဝတီ သာသနာ

အောက် ရာမညတိုင်း၌ ဘုရားရှင်လက်ထက်က စ၍ သာသနာ အဆက်ဆက် ရောက်သော်လည်း သာသနာတော်သည် တစ်ခါတစ်ရံ တောက်ပ၍ တစ်ခါတစ်ရံ မှေးမှိန်လေသည်။

သူရိယာမင်းက စ၍ (၁၄)တစ်ဆယ့်လေးဆက် အဆုံး ဘိန္နဂဂ်ါ မင်းကြီး လက်ထက် တိုင်အောင် သာသနာအဆက်ဆက် ရောက်လာ၏။ ထိုဘိန္နဂဂ်ါမင်းကြီး လက်ထက်၌ ကျောက်တောင် တစ်ခုအောက်နေသော နဂါးမနှင့် ဝိဇ္ဇာဓိရ်လုလင် တွေ့ဆုံသင့်မြတ်ရာတွင် ဖွားမြင်သော သတို့သမီးငယ်ကို အဘိန္နဂဂ်ါမင်းကြီး သိမ်းပိုက်ထားလေသည်။ ထိုသတို့သမီးသည် သမလ-ဝိမလမည်သော ညီနောင်နှစ်ယောက်ကို တစ်ကြိမ်တည်း အမြွာဖွားမြင်လေ၏။

ထိုညီနောင်နှစ်ယောက်တို့တွင် နောင်တော် သမလ မင်းသားသည် ဟံသာဝတီကုန်းမည်သော ရွာ၌ သာသနာသက္ကရာဇ် ၄၉၄ ခုနှစ်တွင် မြို့နန်းတည်၍ စံနေသည်။ ထိုမင်း လက်ထက် သထုံပြည် သာသနာပြု သောဏမထေရ်ဥတ္တရမထေရ်တို့၏ အဆက်အနွယ် ဖြစ်သော မထေရ်တို့သည် သီတင်းသုံးတော်မူကြ၍ ဟံသာဝတီမြို့မှာ သာသနာတော် ပွင့်လင်းစည်ပင်လေ၏။

ဟံသာဝတီမြို့တွင် သမလမင်းက စ၍ (၁၆)တစ်ဆယ့်ခြောက်ဆက်သော မင်းတို့သည် သာသနာတော်ကို စောင့်ရှောက်ကြည့်ရှုသဖြင့် သာသနာတော်လည်း တောက်ပလျက် ပြည်ထဲရေးရာလည်း သာယာ,ဝပြောလေသည်။

(၂) ဒွန်းစဏ္ဍား အလန္ဒီ ရဟန်းများ၏စကား

ထိုနောက် သထုံပြည်က တိသရာဇာ မင်းပြုလေသည်။ ထိုမင်းလက်ထက် သာသနာတော် သက္ကရာဇ် ၉၆၇-ခုနှစ်တွင် တစ်ကျွန်းပြည်က ဒွန်းစဏ္ဍားအလန္ဒီရဟန်းများ ရောက်လာ၏။ ထိုဒွန်းစဏ္ဍား ရဟန်းများသည် မင်းအထံသို့ ချဉ်းကပ်၍ ပြောကြားသည်မှာ-

> "အသင်မင်းကြီး၏ ရွှေမြို့တော်သည် ဘုန်းတန်ခိုးအာနုဘော်ကြီးသည့် မြို့ပြ ပြည်ရွာ ဖြစ်လျက် မဟုတ် မတရားသည့် လူသေကောင်ကို ကောင်းစွာ ထုလုပ်၍ ကိုးကွယ် ပူဇော်ခြင်းသည် မသင့်ပါ။ အမင်္ဂလာ ဖြစ်ပါသည်။ ငါတို့စကားကို ယုံကြည်၍ ပယ်ဖျောက်တော်မူလျှင်

http://www.dhammadownload.com

ဘုန်းအာဏာကြီး၍ စည်းစိမ် တိုးတက်ပြန့်ပွား ခံစားရလိမ့်မည်"
ဟု ပြောကြားလေ၏။

ထိုအခါ တိသရာဇာမင်းသည် ဒွန်းစဏ္ဍား ရဟန်းတို့ ပြောကြားသောစကားကို ယုံကြည်၍ နိုင်ငံအတွင်းကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ဂူလိုဏ်တို့၌ရှိသော ရုပ်ပွားဆင်းတုတော်များကို ရှာဖွေစေ၍ မသန့်ရှင်းသော နေရာတို့၌ စွန့်ပစ်ထားလေသည်။ တိုင်းနိုင်ငံသူ လူအပေါင်းလည်း မင်းအာဏာကို ကြောက်ကြသဖြင့် ဘုရားဆင်းတုတော်များကို မကိုးကွယ်ဘဲ နေကြရလေသည်။

ထိုအခါ၌ သာသနာတော်စောင့်နတ်အပေါင်းနှင့်တကွ သမာဒေဝလောကပါလ နတ်အပေါင်းတို့သည် စိတ်ဆိုးအမျက်ထွက်ကြသဖြင့် မိုးကိုမရွာသွန်းဘဲ ထားကြ၍ မိုးခေါင်ရေရှားပြီးလျှင် အလွန်ငတ်မွတ်ခေါင်းပါးအစာရှားခြင်း ဖြစ်လေသည်။ ပြည်သူပြည်သားတို့မှာ အလွန်နွမ်းနယ်ပင်ပန်းကြလေသည်။

(၃) ရတနာသုံးပါး ကြည်ညိုသော ၁၆-နှစ်အရွယ်ရှိ သတို့သမီး အကြောင်း

ထိုအခါ ရတနာသုံးပါး၌ အလွန်ကြည်ညိုသော ၁၆-နှစ်အရွယ်ရှိ သူဌေးသမီး သုဘဒ္ဒါသည် 'ဤဇရာဇိမင်းကား တိုင်းသူပြည်သားများကို ယခုပစ္စုပ္ပန်ဘဝ၌လည်း အကျိုးနည်းစေ၍ နောင်တမလွန် ဘဝ၌လည်း အပါယ်ငရဲသို့ကျအောင် ကျင့်ဘိသည်' ဟု မှတ်ယူပြီးလျှင်-

"ငါ့ကို သတ်သော်လည်း အသေခံတော့မည်၊ တိုင်းသူပြည်သားတို့ချမ်းသာရအောင် ငါကြိတ်တော့မည်။ ရတနာသုံးပါးတန်ခိုးတော်ကြောင့် ကြံတိုင်းပြီးစေသား"
ဟု-အဓိဋ္ဌာန်ပြု၍-

မသန့် မရှင်းသော နေရာ၌ စွန့်ပစ်ထားသော ဘုရား ဆင်းတုတော်များကို ယူ၍ နံ့သာရေတို့ဖြင့် ဆေးလျှော်ပြီးလျှင် ကောင်းစွာ ကျောင်းတော်များကို ဆောက်လုပ်၍ ကိုးကွယ်လေသည်။

ထိုအကြောင်းကို တိသရာဇာမင်းသိလေလျှင် အမျက်ဒေါသ ပြင်းစွာထွက်၍ လူသတ် ယောကျ်ားတို့ကို ခေါ်စေသည်။ သူဌေးသမီး သုဘဒ္ဒါလည်း မကြောက်မရွံ့ မတုန်မလှုပ် မင်းကိုသာ 'သြဓိသမေတ္တာ'ပြု၍ လိုက်သွားလေသည်။ မင်းရင်ပြင်သို့ ရောက်လျှင် ရတနာသုံးပါးကို အာရုံပြု၍ နေသည်နှင့် ပြည်စောင့်၊ တိုင်းစောင့်၊ သာသနာတော်စောင့်နတ်အပေါင်းတို့သည် စောင်မ စောင့်ရောက်ကြသဖြင့် သုဘဒ္ဒါသတို့သမီးကို မြင်သောခဏ၌ တိသရာဇာမင်းကြီးသည် ဒေါသ အမျက် ပြေပျောက်၍

http://www.dhammadownload.com

အကြောင်းမေးလေသော်-

"အရှင်မင်းကြီး-သုံးလူ့ထွတ်ထား အကျွန်ုပ်တို့ မြတ်စွာဘုရားသည် အသင်မင်းကြီးတို့ကဲ့သို့ များစွာသော စည်းစိမ် ချမ်းသာတို့ကို ခံစားတော်မူပြီးမှ သတ္တဝါအပေါင်းတို့ကို ဝဋ်ဆင်းရဲမှ ကယ်တင်တော်မူလိုသောကြောင့် ပြည်ရွာတိုင်းကား သားမယား တို့ကို စွန့်ပစ်၍ တောထွက်တော်မူပြီးလျှင် ရဟန်းပြုသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် (၄၅)လေးဆယ့်ငါးဝါ ကာလပတ်လုံး ကျွတ်ထိုက်သော သတ္တဝါတို့ကို ချွတ်တော်မူသည်။ မကျွတ်ထိုက်သေးသော သတ္တဝါတို့မှာ နောင် ငါဘုရားသာသနာတော်နှင့် ကြုံကြိုက်လျှင် ကိုးကွယ်ရစ်စေ ချမ်းသာသုံးပါးကို ရစေဟု ကိုယ်စားတော်ထားခြင်း လက္ခဏာသာ ဖြစ်သည်။ သူသေ၏အကောင် မဟုတ်၊ အုတ်၊ ကျောက်၊ သစ်သားစသည်တို့ကိုသာ သက်တော်ထင်ရှားမြတ်စွာဘုရားနှင့် သဏ္ဌာန်တော်တူစွာ သက်တော်ထင်ရှား မြတ်စွာဘုရား၏ သဏ္ဌာန်တော်ကို ယူ၍ ထုလုပ်ပြီးလျှင် ကိုးကွယ်ခြင်းဖြစ်သည်။ ဤအုတ်၊ ကျောက်၊ သစ်သားသဏ္ဌာန်တော်ပင် ဖြစ်သော်လည်း ဖူးမြင်ခြင်းငှာ အလိုရှိလျှင် ကြွလာတော်မူသည်"

ဟု နတ်သိကြားတို့ တိုက်တွန်းသောအားဖြင့် လျှောက်တင်လေသော်-

"ယင်းသို့ဖြစ်လျှင် ယခု ငါဖူးမြင်လိုသည်"

ဟု-တိသရာဇာမင်းကြီးက ဆိုရာတွင် သုဘဒ္ဒါသတို့သမီးသည် မိဒ္ဓာန် သစ္စာပြု၍ နတ်သိကြား အပေါင်းတို့ကို တိုင်တည်လေသော်[1]

နတ်များအပေါင်းတို့သည် ဆင်းတုတော်များကို ပင့်ဆောင်၍ လာကြသဖြင့် ကောင်းကင်၌ ဈာန်ယာဉ်စီး၍ ကြွလာဘိသကဲ့သို့ ကြွလာသည်ကို မင်းနှင့်တကွသော လူအပေါင်းတို့ မြင်ကြကုန်လျှင် အုတ်အော် သောင်းသောင်း ပဲ့တင် ညောင်းမျှ ပူဇော်ကန်တော့ ကြကုန်သတည်း။

ဤသို့ ကောင်းကင်မှ ကြွလာသောဆင်းတုတော်ကို ဖူးမြင်ရလျှင် တိသရာဇာမင်းသည် များစွာသံဝေဂဖြစ်၍ စိတ်နလုံးတုန်လှုပ်လေသည်။ ဆင်းတုတော်မြတ်တို့သည် ကောင်းကင်၌ ရပ်တန့်တော်မူပြီးလျှင် ပြန်လည်၍ မြို့အနောက်တောင်ထောင့် သန့်ရှင်းသော သဲပုံစုပေါ်ကွင် ကြွ၍ တည်နေတော်မူကုန်သည်။

ယင်းသည့်နေ့ပင် သူဌေးသမီး သုဘဒ္ဒါကိုလည်း မိဖုရားကြီးအရာ၌ ထားပြီးလျှင် နောက်နံနက် မိုးလင်းသောအခါ မင်းနှင့်တကွ မိဖုရားကြီးထွက်တော်မူ၍ သာယာစွာသော ကျောင်းတော်များကို ဆောက်လုပ်၍ ဘုရားရှင်၏ကိုယ်စားတော်စား ဆင်းတုတော်

၁။ ပေါရာဏာ အသိသက်သေပြုစေသော်ဟူလို။

http://www.dhammadownload.com

များကို တင်ထားကိုးကွယ်တော်မူသည်။ ထိုနောက် စေတီကြီးစွာတည်၍ သွင်းထားတော်မူသည်။ ထိုဘုရားကို 'ကျိုက်ပေါဘုရား'ဟု ခေါ်တွင်စေသည်။

(၄) ဒွန်းစဏ္ဍား ရဟန်းများကို နှင်ထုတ်ခြင်း

ဒွန်းစဏ္ဍား ရဟန်းယုတ်တို့ကိုလည်း သာသနာကို ဖျက်ဆီးသော သူတို့ဟူ၍ ဖမ်းယူစေပြီးလျှင် မြေတွင်မြှုပ်၍ သတ်လေသတည်း။ အချို့သော ဒွန်းစဏ္ဍားရဟန်းတို့သည် မိမိတို့ကိုယ်တိုင်လည်ပင်း၌ သဲအိုးဆွဲပြီးလျှင် တစ်ခုသော လှိုင်ချောင်း၌ ဆင်း၍ သေကြလေသည်။ ထိုဒွန်းစဏ္ဍားတို့ သေသောအရပ်ကို မွန်တလိုင်းတို့မှာ 'ထီးလှိုင်ချောင်း'ဟု ခေါ်ကြလေသည်။ အချို့သော ဒွန်းစဏ္ဍားရဟန်းတို့သည်လည်း တစ်ကျွန်းတစ်နိုင်ငံသို့ ထွက်ပြေးကြကုန်သည်။

ဤသို့လျှင် ဟံသာဝတီပြည် တိသရာဇာမင်းကြီးသည် ရှေးအခါက ရတနာသုံးပါးကို ယုံကြည်သသူ ဖြစ်ပါလျက် မဟုတ်သော အယူဝါဒရှိသော ဒွန်းစဏ္ဍားရဟန်းများနှင့် ပေါင်းဖက်မိသောကြောင့် မှားသောအယူဝါဒကို ယုံကြည်မိသဖြင့် ဟံသာဝတီပြည်ကြီးမှာ သာသနာပျက်စီး တိမ်းယိမ်းဖူးလေသည်။

နောက်တစ်ဖန် သုဘဒ္ဒါမင်းသမီးနှင့် ပေါင်းမိပြန်သောကြောင့် ရွှေကျောင်း ငွေကျောင်း၊ ဇရပ်၊ တန်ဆောင်းစေတီပုထိုးများကို တည်ထားဆောက်လုပ်လှူဒါန်းပြီးလျှင် သာသနာကို ကြည့်ရှုစောင်မသဖြင့် သာသနာတော်ပွင့်လင်းလာလေသည်။

သာသနာသက္ကရာဇ် ၉၆၀ပြည့်နှစ်တွင် ထိုတိသရာဇာမင်း နတ်ရွာစံလျှင် ဟံသာဝတီမြို့ပျက်၍ နိဂုံးဖြစ်လေသည်။

[ဤစကားရပ်စုကား ဘိုးတော်ဦးဝိုင်းလက်ထက် တံဆိပ်တော်ရ မဲထီးဆရာတော် ရေးသားစီရင်သော 'ဝံသဒီပနီကျမ်း'မှ လာသော စကားရပ်စုတည်း။]

(၅) ဟံသာဝတီဓမ္မစေတီယမင်းလက်ထက် နောက်သာသနာ

သာသနာသက္ကရာဇ် ၁၀၀၂ခုနှစ် ကောဇာသက္ကရာဇ် (၈၂၀)ရှစ်ရာ့နှစ်ဆယ်ပြည့်တွင် ဟံသာဝတီမင်းဆက် (၁၀)ဆယ်ဆက်မြောက် 'သိရီပရမ မဟာဓမ္မရာဇာ'အမည်ခံသော–

- 'သိရီတြိဘဝနာ ပရမ အဂ္ဂဓမ္မရာဇာဓိရာဇာ မဟာဒေဝီဟူသောအမည်၊
- 'မင်းအို' ဟူသောအမည်၊
- 'ဝိသုဒ္ဓရာဇာဇညားထော'ဟူသောအမည်၊

ဤသုံးမည်ဘွဲ့ခံ 'ရှင်စောပုဘုရင်မ'၏ သားမက်တော်ဖြစ်သော ဓမ္မစေတီယမင်းသည်–

- ကုသိမ မဏ္ဍာလ၊
- ဟံသာဝတီမဏ္ဍာလ၊
- မုတ္တမ မဏ္ဍာလ၊

ဟူသော တလိုင်းသုံးရပ်၌ နေကုန်သော လူအပေါင်းကို ရင်၌ဖြစ်သောသား ကဲ့သို့ တရားနှင့်အညီ စောင့်ရှောက်၍ မင်းပြုတော်မူသည်။

ဤ၌ ၁၀-ဆက်ဆိုသည်မှာ နောက်တစ်ကြိမ် ဟံသာဝတီ[1] ပဲခူး=ပကို: အစ တည်ထောင်ပြန်သော ဗညားဦးက စ၍ ယူရမည်။

ထိုဓမ္မစေတီယမင်းသည် ပိဋကတ်သုံးပုံနှင့်တကွ ဆန်း၊ အဘိဓာန်၊ အလင်္ကာတို့၌လည်း တက်မြောက်လိမ္မာ၍ ဗေဒင်သုံးပုံ၌လည်း တတ်မြောက် လိမ္မာလေသည်။ သဒ္ဒါ၊ သီလစသော ဂုဏ်နှင့်လည်း ပြည့်စုံ၍ သာသနာတော်ကို အလွန်ကြည်ညိုလေသတည်း။

အခါတစ်ပါး မင်းကြီးအကြံဖြစ်တော်မူသည်မှာ-

"သာသနာတော်သည် ရဟန်းအဖြစ်နှင့်စပ်လျက်ရှိ၏။ ထိုရဟန်းဖြစ်ခြင်းအင်္ဂါ (၅) ပါးတို့တွင်လည်း သိမ်၏ပြည့်စုံခြင်း၊ ပရိသတ်၏ပြည့်စုံခြင်း၊ ဥာတ်ကမ္မဝါ၏ပြည့်စုံခြင်း၊ ဤသုံးပါးနှင့်ပြည့်စုံခြင်းနှင့် အထူးစပ်၏။ ထို့ကြောင့် သာသနာတော်သန့်ရှင်းစင်ကြယ်ခြင်း၏ အရင်းမူလကား 'သိမ်'သာလျှင်ဖြစ်သည်"ဟု အကြံဖြစ်လေသည်။ အကြံဖြစ်ပြီးနောက် "ယခုအခါ သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒမထေရ်တို့၏ အဆက်အနွယ် မပြတ်သေး၊ မဟာဝိဟာရဂိုဏ်းဝင်မထေရ်တို့သည် ရှိသေးရကား သီဟိုဠ်မှာ သာသနာတော် သန့်ရှင်းသေးသည်။ ထို့ကြောင့် သတ္တိ၊ ဗျတ္တိ၊ ပဋိဘာလရှိသောရဟန်းတို့ကို တောင်းပန်လျှောက်ထား၍ သီဟိုဠ်သို့ ကြွသွားစေပြီးလျှင် သိက္ခာကို အသစ်တစ်ဖန် ယူစေရတော့အံ့၊ ထိုသီဟိုဠ်မှ သိက္ခာတင်၍ ပြန်လာသော ရဟန်းတို့၏ အဆက်အနွယ်မှ ဖြစ်ကုန်သော ရဟန်းတို့၏ အစွမ်းအားဖြင့် ငါတို့ ရာမညတိုင်းမှာ သာသနာတော်သည် သန့်ရှင်းစင်ကြယ်စွာတည်လတ္တံ့။"

ဟု-ကြံပြီးလျှင် မောဂ္ဂလာနမထေရ်နှင့် သောမ, မထေရ်ကို သီဟိုဠ်သို့ သွားအံ့သောငှာ လျှောက်ထားလေသည်။

မထေရ်နှစ်ပါးလည်း 'သာသနာတော်နှင့်စပ်သောအမှုကိစ္စဖြစ်ပေသည်'ဟု နှလုံးသွင်း၍ ဝန်ခံတော်မူကြ၏။

၁။ မွန်ရာဇာဝင်တွင် ဟံသာဝတီဟူသည် ပထမအမည်၊ ဝိမလမင်းလက်ထက်ကုလားကို ဥပါယ်ပြု၍နိုင်သောကြောင့် 'ဥပါယ်ခိုး'၊ ပဲကူးဟူသည် ဒုတိယအမည်၊ စေတီယမင်းလက်ထက် 'ပကို:'ပဲကိုးဟူ၏။ ယခု ရေးသားကြသည်မှာ ပဲခူး-ပဲခိုးဟု ရေးသားကြသည်။

http://www.dhammadownload.com

(၆) ဓမ္မစေတီမင်း၏ သီဟိုဠ်သွား သံတမန်များ

ထိုအခါ ဓမ္မစေတီယမင်းကြီးသည် သီဟိုဠ်ကျွန်းရှိ စွယ်တော်ကို ပူဇော်ရန် အလို့ငှာလည်းကောင်း၊ သံဃာတော်များအား လှူရန်အလို့ငှာလည်းကောင်း၊ လှူဖွယ် ဝတ္ထုများကို စီမံခြင်းနှင့်တကွ သီဟိုဠ်ကျွန်းဘူဝနေက ဗာဟုမင်းအတွက် လက်ဆောင် ပဏ္ဏာကိုလည်း စီမံ၍ သာသနာသက္ကရာဇ် ၂၀၁၉-ခု၊ ကောဇာသက္ကရာဇ် (၈၃၇)ရှစ်ရာ့ သုံးဆယ့်ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁-ရက် တနင်္ဂနွေနေ့တွင် စိတြတမန် သင်္ဘော သူကြီးနှင့် မောဂ္ဂလာန်မထေရ် အမှူးရှိသော ရဟန်း (၁၁)ကျိပ်တစ်ပါး၊ ပဉ္စင်းလောင်း သာမဏေ (၁၁)တစ်ကျိပ်တစ်ပါး၊ ပေါင်း (၂၂)နှစ်ကျိပ်နှစ်ပါးတို့ကို သင်္ဘောတစ်စင်း နှင့် ထွက်သွားစေသတည်း။

ရာမတမန်သင်္ဘောသူကြီးနှင့် သောမမထေရ်အမှူးရှိသော ရဟန်း(၁၁)တစ်ကျိပ် တစ်ပါး၊ ပဉ္စင်းလောင်းသာမဏေ (၁၁)ကျိပ်တစ်ပါး၊ ပေါင်း (၂၂)နှစ်ကျိပ်နှစ်ပါး တို့ကိုလည်း တပို့တွဲလပြည့်ကျော်၁၂-ရက် တနလ်ာနေ့တွင် သင်္ဘောတစ်စင်းနှင့် ထွက်သွားစေသည်။

စိတြ သင်္ဘောသူကြီး၏ သင်္ဘောသည် ၎င်းသက္ကရာဇ် ၈၃၇-ခုနှစ်၊ တပေါင်း လပြည့်ကျော် ၈-ရက်နေ့တွင် သီဟိုဠ်ကျွန်းကောလမ္ဗသင်္ဘောဆိပ်သို့ ရောက်လေသည်။

(၇) ရာမညတိုင်းသား ရဟန်းများ ကလျာဏီမြစ်တွင် ရေသိမ်ဝင်ခြင်း

ရာမသင်္ဘောသူကြီး၏သင်္ဘောသည် လေဖြာင့်စွာ မရသဖြင့် ၎င်းသက္ကရာဇ်တန်ခူး လဆန်း ၉-ရက်နေ့မှ သီဟိုဠ်ကျွန်း ဝလ္လိရွာသို့ ရောက်လေသည်။

သီဟိုဠ်သို့ ရောက်၍နောက်နေ့ မိုးသောက်သောအခါ သီဟိုဠ်၌ မဟာထေရ်တို့ အား လှူဒါန်းဖွယ်များကို လှူဒါန်းပြီးလျှင် သီဟိုဠ်ဘူဝနေက ဗာဟုမင်းအတွက် လက်ဆောင်ပဏ္ဏာများကိုလည်း ပေးအပ်၍ ရာမဓိပတိမင်းက မှာလိုက်သော သဝဏ်လွှာ ရာဇသံ့ စာများကိုလည်း တင်သွင်းလျှင် ဘူဝနေကဗာဟုမင်းသည် ဝမ်းမြောက် ဝမ်းသာရှိသဖြင့် အထူးထူးအပြားပြား ဆန်းကြယ်သော မဏ္ဍပ်ကန္ဒာများကို ဆောက်လုပ်စေပြီးလျှင် ဝိဒါဂမမထေရ်ကို မဟာဝိဟာရ ဝါသိအန္ဒယ်မှ ကဲ့ရဲ့စွပ်စွဲခြင်း ကင်းသော ရဟန်းတို့ကို ရွေးစေသည်။ ဝိဒါဂမမထေရ်လည်း ဝိနယဓရဖြစ်ကုန်သော-

- ဓမ္မကိတ္တိမထေရ်၊
- ဝနရတနမထေရ်၊
- သုမင်္ဂလမထေရ်၊
- သီဟိုဠ်မင်းဆရာ၊
- အိမ်ရှေ့မင်းဆရာ၊

http://www.dhammadownload.com

အစရှိကုန်သော (၂၄)နှစ်ကျိပ်လေးပါးသော မထေရ်တို့ကို ရွေးကောက်ရလျှင် ဘူဝနေကဇာဟုမင်းသည် ရာမညတိုင်းမှ လာသောနှစ်ကျိပ်လေးပါးသော ရဟန်းတို့ကို ပင့်၍ သာမဏေအရာ၌ တည်စေပြီးလျှင် မြတ်စွာဘုရား ရေသုံးသပ်တော်မူသော 'ကလျာဏီမြစ်'သို့ သွား၍ ရောက်လျှင်-

- မောဂ္ဂလာန မထေရ်၊
- ကုမာရ ကဿပ မထေရ်၊
- မဟာသီဝလိ မထေရ်၊
- သာရိပုတ္တရာ မထေရ်၊
- ဉာဏသာဂရ မထေရ်၊

ဤငါးပါးသော မထေရ်တို့သည် သက္ကရာဇ် ၈၃၈-ခု၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁-ရက်နေ့တွင် နှစ်ကျိပ်လေးပါးသော သီဟိုဠ် မဟာဝိဟာရဝါသီဂိုဏ်းမထေရ်တို့၏ အထဲ 'ကလျာဏီမြစ် ဥဒကုဏ္ဍေပသိမ်'၌ ဓမ္မကိတ္တိမထေရ်ကို ဥပဇ္ဈာယ်ဆရာပြုပြီးလျှင် သုမင်္ဂလမထေရ်ကမ္မဝါဆရာပြု၍ ဥပသမ္ပဒ ကံဆောင်သဖြင့် ရဟန်းအဖြစ်သို့ ရောက်ကြ၏။

ထိုင်းနောက် ထိုင်းလပြည့်ကျော် ၁၂-ရက်နေ့၌-

- သုမနမထေရ်၊
- ကဿပ မထေရ်၊
- အာနန္ဒာ မထေရ်၊
- ရာဟုလာ မထေရ်၊
- ဗုဒ္ဓဝံသ မထေရ်၊
- သုမင်္ဂလ မထေရ်၊
- စူဠနာဂ မထေရ်၊
- သောဏုတ္တရ မထေရ်၊
- ဂုဏသာဂရ မထေရ်၊
- ဓမ္မရက္ခိတ မထေရ်၊

ဤ တစ်ကျိပ်သော မထေရ်တို့သည် ဝနရတန မထေရ်ကို ဥပဇ္ဈာယ်ဆရာပြုပြီးလျှင် သုမင်္ဂလမထေရ် ကမ္မဝါဆရာပြု၍ ဥပသမ္ပဒ ကံဆောင်သဖြင့် ထိုင်းကလျာဏီသိမ်မှာပင် ရဟန်းအဖြစ်သို့ ရောက်လာကြသည်။

ထိုင်းနောက် ၁၃-ရက်နေ့၌-

- စူဠမင်္ဂလ မထေရ်၊
- ဇေနပညာ မထေရ်၊

http://www.dhammadownload.com

- စူဠကဿပမထေရ်၊
- စူဠသီဝလိမထေရ်၊
- မဏိသာရ မထေရ်၊
- ဓမ္မရာဇိက မထေရ်၊
- စန္ဒနသာရမထေရ်၊

ဤခုနစ်ပါးသော မထေရ်တို့သည် ဝနရတန မထေရ်ကို ဥပဇ္ဈာယ်ဆရာပြု ပြီးလျှင် သုမင်္ဂလမထေရ်ကမ္မဝါဆရာပြု၍ ၎င်းကလျာဏီ သိမ်မှာပင် ရဟန်းအဖြစ်သို့ ရောက်ကြသည်။

၎င်းနောက် ၁၄-ရက်နေ့တွင် ရာမညတိုင်းက ပါလာသော ပဉ္စင်းလောင်း သာမဏေတို့သည်လည်း သုမင်္ဂလမထေရ်ကို ဥပဇ္ဈာယ်ဆရာပြုပြီးလျှင် သီဟိုဠ် အိမ်ရှေ့မင်းဆရာဖြစ်သော မထေရ်ကို ကမ္မဝါဆရာပြု၍ ၎င်းကလျာဏီသိမ်မှာပင် ရဟန်းအဖြစ်သို့ ရောက်ကြသည်။

(၈) ဘူဝနေက ဗာဟုမင်းက ဘွဲ့တံဆိပ်များ ဆက်ကပ်ခြင်း

ဤသို့လျှင် ရာမညတိုင်းသား ရဟန်းများကို ကလျာဏီမြစ်၌ ရဟန်းအဖြစ်သို့ ရောက်စေပြီးနောက် သီဟိုဠ် ဘူဝနေကဗာဟုမင်းသည် များစွာသော လျှုဒါန်းဖွယ် တို့ကိုလည်း လျှုဒါန်းလေ၏။ လျှုဒါန်းပြီးနောက်လည်း

"အရှင်ဘုရားတို့ ဤလျှုဒါန်းသော သပိတ်ပရိက္ခရာပစ္စည်းများသည် ကား မတည်ယွင်းဖောက် ပျောက်ပျက်လွယ်ပါသည်။ မပျောက်ပျက်နိုင်သော ဘွဲ့တံဆိပ်များကိုလည်း အသီးအသီး လျှုဒါန်းပါဦးအံ့"

ဟု လျှောက်ထားပြီးလျှင် ရာမညတိုင်းက လာ၍ ကလျာဏီမြစ်၌ ရဟန်းပြု သော ရဟန်းများအား အသီးအသီး ဘွဲ့တံဆိပ်လျှုဒါန်းလေသည်။

မောဂ္ဂလာန မထေရ် အမှူးရှိသော ရဟန်းတို့တွင်-

- မောဂ္ဂလာန မထေရ်ကို 'ဓမ္မကိတ္တိလောကဂရုသာမိ'ဟူသော ဘွဲ့တံဆိပ် ကို လျှုဒါန်းလေသည်။

ကြွင်းသောမထေရ်များကိုလည်း

- 'သိရိဝနရတနသာမိ'ဟူ၍လည်းကောင်း၊
- 'မင်္ဂလတ္ထေရသာမိ'ဟူ၍လည်းကောင်း၊
- 'ကလျာဏဇာတိဿသာမိ'ဟူ၍လည်းကောင်း၊
- 'ရတနာလင်္ကာရသာမိ'ဟူ၍လည်းကောင်း၊

http://www.dhammadownload.com

- 'မဟာဒေဝသာမိ'ဟူ၍လည်းကောင်း၊
- 'ဥဒုမ္ဗရဂိရိသာမိ'ဟူ၍လည်းကောင်း၊
- 'စူဠဘာဘယတိဿသာမိ'ဟူ၍လည်းကောင်း။

ကလျာဏီမြစ်၌ ဥပသမဒ ကံဆောင်ရာပါသော သီဟိုဠ်သား မထေရ်တို့၏ အမည်ကို စွဲ၍ ရာမညတိုင်းသား ရဟန်းများအား ဘွဲ့တံဆိပ်လျှာဒါန်းလိုက်သည်။

သောမ မထေရ် အမှူးရှိသော ရဟန်းတို့တွင်-

သောမ မထေရ်ကို-

- 'သိရိ သဲဃ ဗောဓိ သာမိ'ဟူ၍ ဘွဲ့တံဆိပ်လျှာဒါန်းသည်။

ကြွင်းသော ရဟန်းတို့အားလည်း-

- 'ကိတ္တိ သိရိ မေဃ သာမိ'ဟူ၍လည်းကောင်း၊
- 'ပရက္ကမ ဗာဟု သာမိ' ဟူ၍လည်းကောင်း၊
- 'ဗုဒ္ဓဃောသ သာမိ'ဟူ၍ လည်းကောင်း၊
- 'သီဟဠ ဒီပ ဝိသုဒ္ဓ သာမိ'ဟူ၍လည်းကောင်း၊
- 'ဂုဏရတန ဓရ သာမိ' ဟူ၍လည်းကောင်း၊
- 'ဇိနာလင်္ကာရ သာမိ'ဟူ၍လည်းကောင်း၊
- 'ရတန မာလိ သာမိ'ဟူ၍လည်းကောင်း၊
- 'သဒ္ဓမ္မ တေဇ သာမိ'ဟူ၍လည်းကောင်း၊
- 'ဓမ္မရာမ သာမိ'ဟူ၍လည်းကောင်း၊
- 'ဘူဝနေက ဗာဟု သာမိ'ဟူ၍လည်းကောင်း၊

အသီးအသီး ဘွဲ့တံဆိပ်လျှာဒါန်းလိုက်သည်။

သိက္ခာချ၍ ကလျာဏီသိမ်၌ အသစ်သိက္ခာတင်သော ရဟန်းများအားသာ တံဆိပ်လျှာဒါန်းသည်၊ ရာမညတိုင်းမှ သာမဏေအဖြစ်နှင့် ပါသွား၍ ကလျာဏီသိမ်၌ ရဟန်းခံသော အသစ်ရဟန်းများအား ဘွဲ့တံဆိပ်မလျှာဒါန်းလိုက်ချေ။ ဤသို့လည်း စာတစ်စောင်မှာ တွေ့ရှိ၏။

'ဝံသ ဒီပနီကျမ်း'မှာကား အောက်ပါအတိုင်း တွေ့ရှိရသည်။

- မောဂ္ဂလာန်မထေရ်ကို 'သိရိသဒ်ဗောဓိသာမိ'
- ကုမာရကဿပမထေရ်ကို 'ကိတ္တိသိရိမေဃသာမိ'
- ဉာဏသာဂရမထေရ်ကို 'ပရက္ကမဗာဟုသာမိ'
- ဗုဒ္ဓဝံသမထေရ်ကို 'ဗုဒ္ဓဃောသ သာမိ'
- နန္ဒမထေရ်ကို 'သီဟဠဒီပဝိသုဒ္ဓိသာမိ'
- ရာဟုလာမထေရ်ကို 'ဂုဏရတနဓရသာမိ'

http://www.dhammadownload.com

- မင်္ဂလမထေရ်ကို 'ဇိနလင်္ကာရသာမိ'
- ဓမ္မရက္ခိမထေရ်ကို 'ရတနသာမိ'
- စူဠမင်္ဂလမထေရ်ကို 'သဒ္ဓမ္မတေဇသာမိ'
- ကဿပမထေရ်ကို 'ဓမ္မရာဇသာမိ'
- မဏိသာရမထေရ်ကို 'ဘူဝနေကသာမိ'
- မဟာသီဝလိမထေရ်ကို 'တိလောကဂုရုသာမိ'
- သာရိပုတ္တမထေရ်ကို 'မင်္ဂလထေရသာမိ'
- စူဠကဿပမထေရ်ကို 'ကလျာဏိတိဿသာမိ'
- စူဠစန္ဒမထေရ်ကို 'စန္ဒဂိရိသာမိ'
- မဏိသာရမထေရ်ကို 'ဝနဝါသိတိဿသာမိ'
- ဇဝနပညမထေရ်ကို 'ရတနာလင်္ကာရသာမိ'
- စူဠသီဝလိမထေရ်ကို 'မဟာဒေဝသာမိ'
- ဓမ္မရာဇိကမထေရ်ကို 'ဥဒုမ္ဗရဂိရိသာမိ'
- စန္ဒသာရမထေရ်ကို 'စူဠသာရတိဿသာမိ'

ဤ နှစ်ကျိပ်လေးပါးသော မဟာထေရ်တို့ကို အသီးအသီး ဘွဲ့တံဆိပ်နာမံ လျှူတော်မူလိုက်သည်ဟူ၏။

(၉) သီဟိုဠ်ပြန် ရာမည ရဟန်းတော်များ ကလျာဏီသိမ်သမုတ်ခြင်း

ရာမညတိုင်းသား ရဟန်းများသည် ရဟန်းခံပြီး၍ စေတီ၊ ပုထိုး ဗောဓိများကို ပူဇော်ပြီးလျှင် ရာမညတိုင်း ဟံသာဝတီသို့ ပြန်လာကြရာ စိတ္တဂူတသင်္ဘောသူကြီးသည် သီဟိုဠ်က ထွက်၍ သုံးရက်လွန်လျှင်ပင် ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်း ခတ်သဖြင့် နစ်မြုပ်လေ၏။ သီဟိုဠ်မင်းက လိုက်ပို့ရန် ထည့်လိုက်သော သင်္ဘောသို့ ရွှေ့ပြောင်း၍ စီးလိုက်လာပြန်ရာတွင်လည်း ၎င်းလိုက်ပို့သော သီဟိုဠ်သင်္ဘောသောင်တင်နေပြန်၍ ၎င်းသင်္ဘောတွင် ပါလာသော သံဃာတော်များမှာ ဟံသာဝတီသို့ ရောက်အောင် ကုန်းကြောင်းခရီးဖြင့် ကြွလာခဲ့ကြရသည်ဟူ၏။ ထိုကုန်းကြောင်းခရီးလာခဲ့ကြသော သံဃာတော်တို့တွင် မထေရ်ကြီး ၆-ပါးနှင့်တပည့်လေးပါးတို့သည် လမ်းခရီးအကြား မှာပင် ပြန်လွန်တော်မူကြသည်ဟူ၏။[3]

၄၄-ပါး ပြန်ရောက်ရမည်တွင် ၃၄-ပါးသာ ဟံသာဝတီသို့ ချောမောစွာ ပြန်ရောက်လာ၏။ ထိုသုံးဆယ့်လေးပါးသော မထေရ်များ ရောက်လာလျှင် သီဟိုဠ်မင်းက ပေးလိုက်သော သိရိသဒ္ဓမ္မာဓိပရက္ကမမင်း၊ ပရက္ကမ ဗာဟုမင်းတို့ သာသနာကို သုတ်သင်

၃။ ကလျာဏီဖေကျော်စာပါဠ်၊ ၃၅။

http://www.dhammadownload.com

သော ထုံးနည်းကမ္မည်းစာရင်းများကို ရာမာဓိပတိ အမည်ခံသော စေတီယမင်းကြီးအား ဆက်သွင်းရာ သာသနာရေးအတွက် အလွန်ဝမ်းမြောက်တော်မူလေသတည်း။

ထိုအခါ ရာမာဓိပတိ မည်သော စေတီယမင်းကြီးသည် ဟံသာဝတီမြို့မော်တောစေတီ၏အနောက်အရပ်အဖို့၌ နရသူရအမည်ရှိသော အမတ်စားအပ်သော ဂါမခေတ်အတွင်း၌ ပါဠိအဋ္ဌကထာတို့နှင့် ညီညွတ်စွာ သိမ်နှတ်ခြင်း၊ သိမ်သမုတ်ခြင်း ဟူသော သီမသမ္ဘုတနက်၊ သီမသမ္ဘုတိ ကဲကို သန့်ရှင်းစင်ကြယ်စွာ ရွက်ဆောင်စေပြီးလျှင် သိမ်သမုတ်၍ သာသနာတော်ကို ချီးမြှောက်တော်မူလေသည်။

ထိုသိမ်ကို သီဟိုဠ်ကျွန်း မြတ်စွာဘုရား ရေသုံးသပ်တော်မူသော ကလျာဏီမြစ်ဥဒကုက္ခေပသိမ်၌ မဟာဝိဟာရ ဝါသီရဟန်းတို့၏ အထံတွင် ရဟန်းအဖြစ်ကို ရခဲ့သော ရဟန်းတို့ သမုတ်အပ်သောကြောင့် 'ကလျာဏီသိမ်'ဟု အမည်ပေးလေသည်။

ထိုသိမ်သည် ယခုအခါ (ပကိုး) ပဲကူးမြို့မှာ အမည်ထင်ရှားစွာနှင့် ရဟန်းတော်များ ကဲကြီး ကဲငယ် ဆောင်ရွက်လျက်ရှိလေသည်။

ဤသို့လျှင် ရာမဓိပတိ မည်သော စေတီယမင်းကြီးသည် သက္ကရာဇ်၈၃၈-ခုနှစ်တွင် သာသနာတော်၏ အခြေမူလအမြစ်အရင်း ဖြစ်သောသိမ်က စ၍ သာသနာတော်ကို သုတ်သင်ရှင်းလင်း၍ သာသနာကို ပြုစုသဖြင့် ရာမညတိုင်း ဟံသာဝတီပြည်ကြီးမှာ သာသနာစည်ကားလေသည်။

['ကလျာဏီသိမ်'သမုတ်ပြီးနောက် ထိုသိမ်၌ ထိုသီဟိုဠ်ပြန် မထေရ်တို့၏ အထံတွင် ရာမညတိုင်းသား ရဟန်းများ ထပ်၍ရဟန်းခံကြသေးသည်ဟူ၏။]

ထိုစေတီယမင်းကြီးလက်ထက်မှာ ထိုသီဟိုဠ် ကလျာဏီသိမ်မှ ရဟန်းခံခဲ့သော မထေရ်တို့၏ အဆက်အနွယ်တပည့်ပေါင်းသက္ကရာဇ် ၈၄၁-ခုနှစ်တိုင်အောင် ဂဏပါမောက္ခမထေရ်ကြီး (၈၀)ရှစ်ဆယ်နှင့်တကွ ရဟန်းပေါင်း ၁၄၂၂၆-ပါးရှိ၏ ဟူသတည်း။

(၁၀) စေတီယမင်းကြီး သာသနာအညစ်အကြေး သုတ်သင်ပုံ စေတီယမင်းကြီး၏သာသနာပြု ပြန်တမ်းလျှောက်ကြားချက်

ကလျာဏီသိမ်သမုတ်ပြီးနောက် တစ်ရံရောအခါ ရာမဓိပတိ မည်သော စေတီယမင်းကြီးသည် အလုံးစုံသော ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ ဤသို့ကတိ ကဝတ် ပြုမည့်အကြောင်းကို တောင်းပန်သည်။

"အရှင်ဘုရားတို့ ယနေ့မှစ၍ ရှင်သာမဏေပြုလိုပါသည်ဟု အရှင်ဘုရားတို့ထံ လျှောက်လာလျှင်-

- သံဃာအပ်သည်၊
- ခိုးမှုပြုသည်၊

http://www.dhammadownload.com

- နှောင်အိမ် ဖောက်သည်။
- မင်းအား ပြစ်မှားသည်။
- အိုမင်းမစွမ်းရှိသည်။
- ပြင်းစွာ အနာနှိပ်စက်သည်။
- လက်ပြတ်ခြေပြတ်ခြင်းစသော အင်္ဂါချို့သည်။
- ကုန်းသောသူ၊
- ခွင်သောသူ၊
- ကောက်သောသူ၊
- ထိုမှတစ်ပါး၊လည်း ပရိသတ်ကို ဖျက်ဆီးတတ်သည်။
- အမြင်မကောင်း ကြည်ညိုဖွယ်မရှိသည်။

ဤသို့ စသော သဘောရှိသော သူများကို လက်ခံ၍ ရှင်သာမဏေမပြုပါကုန်လင့်၊ အရှင်ဘုရားတို့ထံသို့ ပဋ္ဌင်းခံလိုပါသည်ဟု လာရောက်လျှင် ကျွန်ုပ်အား သော်လည်း အကြောင်းကြား၏၊ ဟံသာဝတီပြည်၌ သီတင်းသုံးနေထိုင်ကြကုန်သော ဂိုဏ်းဆရာတော်တို့အား သော်လည်း အကြောင်းကြား၏၊ အကြောင်းမကြားမူ၍ မိမိတို့နေရာ အရပ်၌သာ အရှင်ဘုရားတို့သည် ပဋ္ဌင်းခံခြင်းကို ပြုသည်ဖြစ်အံ့၊ ပဋ္ဌင်းလောင်း ရှင်လောင်း၏အမိ၊ အဖ၊ အဆွေအမျိုး၊ အရှင်ဘုရားတို့၏ အလုပ်အကျွေးဒါယကာတို့အား မင်းဒဏ်စီရင်မည်၊ အကြင်ရဟန်းယုတ်တို့သည်-

- ဆေးကုခြင်း၊ ဟူးရားဂဏန်းတွက်ခြင်းကို ပြုကုန်သည်၊
- လက်သမားအမှု၊ ဆင်စွယ် ပွတ်ခြင်း အမှုကို ပြု၍ အသက်မွေးကုန်သည်၊
- မင်း၏အမတ်အစရှိကုန်သော သူတို့၏ သားငယ်တို့ကို ချီပိုးထိန်းသိမ်းကုန်သည်၊
- ဥပါတ်ကြားခြင်း၊ နိမိတ်ဖတ်ခြင်း၊ အိပ်မက်ဖတ်ခြင်း၊ ဗေဒင်ဟောခြင်းတို့ဖြင့် အသက်မွေးကုန်သည်၊
- အချို့သော ရဟန်းတို့သည် ဝါခင်း၊ ယာခင်းတို့သို့ သွား၍ ရှည်လျားသော အသံတို့ဖြင့် တရားဟော၍ ရခဲ့သော ဝါ၊ ငရုတ်၊ စပါးတို့ကို ရောင်းဝယ်ဖောက်ကား၍ အသက်မွေးကုန်သည်။
- အချို့သော ရဟန်းတို့သည်လည်း ရွှေငွေကျောက်သံပတ္တမြားတို့ကို အသုံးအဆောင်လိုသည်ဟု ခံ၍ အသက်မွေးကုန်သည်၊
- အချို့သော ရဟန်းတို့သည် လယ်ယာ ကျွန်းကိုင်း ကျွဲ နွား မွေးပြီးလျှင် ဥယျာဉ်ကို ပြုစု၍ အသက်မွေးကုန်သည်၊

http://www.dhammadownload.com

- အချို့သော ရဟန်းတို့သည် ကြွေအန်ကျူးသောသူ၊ သေအရက် ကျူးသောသူ၊ ခိုးမှုပြု၍ အသက်မွေးသောသူ၊ မင်းချင်းယောကျ်ား၊ အမှတ်မရှိသော မိန်းမ၊ ယောကျ်ားတို့နှင့် မလျောက်ပတ်သောရောယှက်ခြင်း၊ ရောယှက်၍နေကုန်သည်။

ထိုသို့သော ရဟန်းယုတ်တို့သည် အရှင်ဘုရားတို့ထံ၌ နေလိုသည်ဟူ၍ လာလျှင် ခွင့်ပေးတော်မမူကြပါနှင့်။

အကြင်ရဟန်းသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ သိက္ခာပုဒ်တော်ကို ကောင်းစွာ ကျင့်၏။ ပါဋိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်း၌ လုံ့လပြု၏၊ ထိုသို့သော ရဟန်းကိုမှ နေလိုလျှင် ခွင့်ပေးတော်မူပါကုန်။

အကြင်အမျိုးသားတို့သည် ရှင်သာမဏေပြုလိုပါသည်ဟု လာလျှောက်လျှင် အကွရာအရေးအသားတို့ကို သင်စေ၍ အရွတ်အဖတ် ပြီသအောင် လေ့ကျက်စေပြီးလျှင် သရဏဂုံကို သင်ခြင်း၊ သာမဏေကို သိအပ်သောသိက္ခာပုဒ်များကို သိနှင့်ပြီးမှ သာမဏေပြုတော်မူကြပါကုန်။

အသက် ၂၀ပြည့်ပြီးသော သာမဏေတို့သည် ပဉ္စင်းခံလိုသည်ဆိုလျှင် ရဟန်းတို့ ဖြည့်ကျင့်ရာသောသီလလေးပါးကို အကျဉ်းကြား၍ ဘိက္ခုပါတိမောက်နှင့် ခုဒ္ဒသိက္ခာကျမ်းများကို အစမှအဆုံးတိုင်အောင် သင်စေ၍ အာပတ်ဒေသနာကြားတို့ကို နှုတ်တက်ရအောင် လေ့ကျက်စေပြီးမှ ကျွန်ုပ်အားသော်လည်းကောင်း ဟံသာဝတီဂိုဏ်းဆရာတော်တို့အားသော်လည်းကောင်း အကြောင်းကြားပါကုန်။

ထိုအခါ ကျွန်ုပ်သည် ပရိက္ခရာရှစ်ပါးတို့ဖြင့် တောင်းပန်၍ ပဉ္စင်းခံပါစေမည်။ အရှင်ဘုရားတို့မှာလည်း ဝိနည်းပညတ်တော် သိက္ခာပုဒ်များအတိုင်း ကြိုးစားအားထုတ်၍ ကျင့်ဆောင်တော်မူပါကုန်။

(၁၁) ဥစ္စာဆည်းပူးသော ရဟန်းများ လူထွက်ရခြင်း

ဤသို့လျှင် ရာမဓိပတိမည်သော စေတီယမင်းကြီးသည် ရာမညတိုင်း၌ ရဟန်းတို့အား ကတိကဝတ်ကို တောင်းပန်၍ ပြီးပြီးသော် ရွှေငွေခံသောရဟန်း၊ ဥစ္စာဆည်းပူးသောရဟန်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားမှစ၍ ကျွန်ယောကျ်ား ကျွန်မိန်းမရှိသော ရဟန်းတို့အား ၎င်းရွှေငွေစသည်တို့ကို စွန့်လိုစွန့်၊ မစွန့်လျှင် လူထွက်စေသည်၊ အချို့လည်း ရွှေငွေစသည်တို့ကို စွန့်၍ ကောင်းစွာ နေထိုင်ကြသည်၊ အချို့လည်း မစွန့်မူ၍ လူထွက်ကြလေသည်။

အထင်အရှား ပါရာဇိကသို့ ရောက်သောရဟန်းတို့ကို မတောင်းပန်မူ၍ လူထွက်စေသည်။

http://www.dhammadownload.com

ပါရာဇိကသို့ ရောက်သော အပြစ်မထင်ရှားသော်လည်း သူတစ်ပါးကဲ့ရဲ့စွပ်စွဲခြင်းများ၍ သုတ်သင်နိုင်ခဲသော ရဟန်းတို့ကိုလည်း မတောင်းပန်ဘဲ လူထွက်စေသည်။

ဆေးကုသောရဟန်း၊ ဟူးရားဂဏန်းထွက်သောရဟန်း၊ ကာမစည်းစိမ်ကို ခံစားသောသူတို့ကဲ့သို့ ပန်းချီအမှုနှင့်အသက်မွေးသော ရဟန်း၊ ကုန်သွယ်သော ရဟန်းတို့ကိုလည်း လူထွက်စေသည်။

ဤသို့လျှင် ရာမဓိပတိ မည်သော စေတီယမင်းကြီးသည် ရာမညတိုင်းခွဲသာသနာတော်အညစ်အကြေးတို့ကို သုတ်သင်၍ အလုံးစုံသော ရဟန်းသံဃာတို့ကို တစ်ပေါင်းတည်း ညီညွတ်စေသည်။

ဂါမဝါသီရဟန်းအရည ဝါသီရဟန်းတို့ကို သက္ကရာဇ် (၈၄၁)ရှစ်ရာလေးဆယ့်တစ်ခုနှစ်တိုင်အောင် မဟာဝိဟာရ ဝါသီအဆက်အနွယ်ဖြစ်သော စင်စစ်သန့်ရှင်းစင်ကြယ်သော သီဟိုဠ်ကျွန်း ပဥ္စင်းအဖြစ်ကို မပြတ်ယူစေကုန်သည်။ ထိုအခါ ရာမညတိုင်းမှာ ဂဏပါမောက္ခမထေရ်ကြီးပေါင်း (၈၀၀)ရှစ်ရာရှိ၏ ဟူ၏။ အားလုံးသော သံဃာပေါင်း (၁၄၂၂၆) တစ်သောင်းလေးထောင်နှစ်ရာနှစ်ဆယ့်ခြောက်ပါးရှိသည်ဟူ၍ လည်းကောင်း၊ (၁၄၂၆၀)ရှိသည်ဟူ၍လည်းကောင်းအဆိုရှိ၏။[၁]

ဌင်းရာမာဓိပတိမည်သော စေတီယမင်းကြီး စည်းစိမ်တော် ၂၁-တွင် နတ်ရွာစံသည်ဟူ၍လည်းကောင်း၊ ၂၉-တွင် နတ်ရွာစံသည်ဟူ၍လည်းကောင်း နှစ်မျိုးအဆိုရှိသည်။

(၁၂) မင်းတရား ရွှေထီးနှင့် သန်လျင်မြို့ ကုလားဧစင်ကာတို့လက်ထက် သာသနာ မစင်ကြယ်ပုံ

ဟံသာဝတီသာသနာသည် စေတီယမင်းကြီးလက်ထက်အလွန် စင်ကြယ် စည်ကားပြီးနောက် မင်းတရား ရွှေထီးလက်ထက်သက္ကရာဇ် (၉၀၀)ကိုးရာပြည့်နှစ်တွင် မင်းတရား ရွှေထီးသည် ယိုးဒယားကို အောင်မြင်၍ဗိုလ်ပါဆင်မြင်းအလုံးကို သိမ်းကျုံး၍ ယူလာရာတွင် ရင်စည်းရဟန်းများပါ ရောက်လာပြန်၍ ဟံသာဝတီမှာ သာသနာ မစင်ကြယ်ဖြစ်ပြန်သည်။

သက္ကရာဇ် ၉၄၃ခုနှစ်တွင် ဆင်ဖြူရှင် အနိစ္စရောက်၍ သားတော်အိမ်ရှေ့ဥပရာဇာမင်းပြုသည်၊ မင်းအဖြစ်သို့ ရောက်လျှင် သာသနာကို သုတ်သင်ရှင်းလင်းလိုသောကြောင့်-

- နိဿယည်း ကင်း၍ နေသောရဟန်း-

၁။ ကလျာဏီကျောက်စာပါဠိ၊ ၅၀၊ ကတိကာယာစနခန်း၌။

http://www.dhammadownload.com

– နိဿယည်းအင်္ဂါမေးခြင်းမရသော ရဟန်းယုတ်

များကို အဝတ်လဲ၍ လူထွက်စေသည်။

သင်္ကရာဇ် ၉၆၀ပြည့်တွင် တောင်ငူဘုရင် ရခိုင်ဘုရင်တို့ ပေါင်း၍ လုပ်ကြံသောကြောင့် ဟံသာဝတီပျက်၍ ဟံသာဝတီ ဥပရာဇာကို တောင်ငူသို့ သိမ်းယူသွားလျှင် တောင်ငူမှာပင် အနိစ္စရောက်သည်။

(၁၃) ကုလားငစင်ကာ လက်ထက်ကပင် ဟံသာဝတီရဟန်းများ ဦးထုပ်ဆောင်းခြင်း

ဟံသာဝတီဥပရာဇာ မရှိသည့်နောက် ရခိုင်ဘုရင်က တောင်ငူဘုရင်ကို အခွင့်ပန်၍ သင်္ကရာဇ် (၉၆၁–၃) ကိုးရာခြောက်ဆယ့်တစ်ခုတွင် ဘုရင်ကျိကုလား[၁]"ငစင်ကာ" ကိုသန်လျင်မြို့၌ အစောင့်အနေထားရာတွင် ကုလားငစင်ကာသည် တောင်ငူဘုရင် ရခိုင်ဘုရင်တို့ကို ခုခံခြားနား၍ ၁၂–နှစ်တိုင်တိုင် သန်လျင်ကနေပြီးလျှင် တလိုင်းသုံးရပ်ကို မင်းပြုသည်။

၎င်းကုလားငစင်ကာ မင်းပြုသည်အတွင်း ဘုရားစေတီပုထိုးများကို ဖျက်ဆီး၍ ရွှေဆင်းတု ငွေဆင်းတုများကို ယူပြီးလျှင် ထုရိုက်ဖျက်ဆီးအရည်ကျို၍ သင်္ဘောနှင့် တင်ပြီးလျှင် တစ်ကျွန်းတစ်ပြည်သို့ ကုန်ရောင်းကုန်ဝယ်ပြုလုပ်စေသည်ဟူ၏။

ထိုကုလားငစင်ကာ လက်ထက်တွင်လည်း လဒ္ဓိသူတော်ကောင်းရဟန်းများ ထင်ထင်ပေါ်ပေါ် မနေဝံ့ကြလေ။ ဒါယကာများလည်း အလှူဝတ်ကို ထင်ထင်ရှားရှား မလှူဝံ့ကြလေ။ မင်းအာဏာကိုသာ ကြောက်၍ နေကြရသည် ဟူ၏။

အလဒ္ဓိဒုဿီလရဟန်းတို့မှာကား ကုလားငစင်ကာအတုကို လိုက်၍အရက်သောက်ခြင်း၊ ဦးထုပ်ဆောင်းခြင်း၊ ထိပ်အုပ်သင်္ကန်းနောက်လှန်းဆောင်းခြင်း အစရှိသော အမူအရာကိုသာ ကုလားငစင်ကာနှင့်အတူ ပြုကျင့်လျက်နေကြလေသည်။

၎င်းသင်္ကန်းခေါင်းတင်နောက်လှန်အန္တယ်အဆက်သည် သင်္ကရာဇ် ၉၁၆ခုနှစ်တွင် သီဟိုဠ်ကျွန်းကို အစိုးရသော ဘုမ္မိရာဇာဓိပတိမင်းလက်ထက်၌ သီဟိုဠ်ကျွန်းက စ၍ ဖြစ်လာသည် ဟူ၏။

ထိုနောက် အနောက်ဘက်လွန်မင်းတရားကြီးသည် သန်လျင်သို့ သွား၍ ကုလားငစင်ကာကို လက်ရအရှင်ဖမ်းယူပြီးလျှင် တပ်ဦးတွင် အဆုံးစီရင်တော်မူလေသည်။

၁။ ပေါတုကီရာဇဝင်တွင် 'ဖွင်ဂါဘူ'မြန်မာရာဇဝင်နှင့် ဝံသဒီပနီမှာ 'ငစင်ကာ၊ ရခိုင်ရာဇဝင်မှာ (ငအင်္ဂါ)ဟု အသီးသီးရေးကြသည်။ ပေါတုကီရာဇဝင်၌ ဖွင်ဂါဘူ မင်းမူသည်မှာ ၆နှစ်ဟု ဆိုသည်။ ဝံသဒီပနီမှာ မူကား ၁၂–နှစ်ဆိုသည်။

http://www.dhammadownload.com

ဤသို့လျှင် အောက်ရာမညတိုင်းမှာ သာသနာတော်သည် ခေါက်ရှာငှက်ပျံသကဲ့သို့ နိမ့်တုံမြင့်တုံဖြစ်လေသတည်း။

(၁၄) ရာမညတိုင်း စာပေအခြေအနေ

ရာမညတိုင်း၌ သောဏမထေရ်ဥတ္တရမထေရ်တို့သည် သာသနာကို တည်စေသည်မှ စ၍ မနုဟာမင်းလက်ထက်တိုင်အောင် ရာမညတိုင်းမှာ သောတာပန်သကဒါဂါမ်အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တို့ မပြတ်မဆိတ်လေ။ အရိယာပုဂ္ဂိုလ်တို့ နေထိုင်သီတင်းသုံးရာ တိုင်းကြီးတစ်တိုင်းပင် ဖြစ်လေသည်။

မနုဟာမင်းကို ပုဂံအနော်ရထာသိမ်းယူပြီးသည့်နောက် ရာမညတိုင်းမှာ မင်းမရှိဘဲ မင်းမဲ့တိုင်းပြည်အဖြစ်နှင့် အတော်နှစ်ပေါင်း ကြာရှည်တည်လေသတည်း။

(၁၅) ဂိုဏ်း (၆)ဂိုဏ်းကွဲခြင်း

ထိုအခါ ရာမညတိုင်း မုတ္တမမြို့မှာ-

(၁) သောဏမထေရ်၊ ဥတ္တရမထေရ်တို့၏ အဆက်အနွယ်ဖြစ်သောဂိုဏ်း။

(၂) သီဝလိမထေရ်၏အဆက်အနွယ်ဖြစ်သောဂိုဏ်း။

(၃) တာမလိန္ဒမထေရ်၏အဆက်အနွယ်ဖြစ်သောဂိုဏ်း။

(၄) အာနန္ဒာမထေရ်၏အဆက်အနွယ်ဖြစ်သောဂိုဏ်း။

(၅) ဘုရားအနွယ်အဆက်ဟူ၍တစ်ဂိုဏ်း။

(၆) မဟာနာဂမထေရ်၏အဆက်အနွယ်ဖြစ်သောဂိုဏ်း။

ဤသို့လျှင် ၆-ဂိုဏ်းကွဲပြီးလျှင် အယူဝါဒမတူ၊ တစ်သီးတစ်ခြားစီတည်နေကြကုန်၏။[၁]

ထို့နောက် စေတီယမင်းကြီးလက်ထက်ကျမှ စေတီယမင်းကြီးပြုအပ်သော သာသနာသည်သာ အကွဲအပြားမရှိ၊ တစ်လုံးတစ်စည်းတည်းဖြစ်လေသည်။ ထိုစေတီယမင်းကြီးပြုအပ်သော သာသနာသည် မြန်မာနိုင်ငံတော်အလုံးကို ပျံ့နှံ့၍ တည်လေသည်ဖြစ်၍ ယခုထက်တိုင် ထိုဓမ္မစေတီယမင်းကြီးပြုအပ်သော သာသနာအဆက်မပြတ်တည်ရှိလေသည်။

၁။ ကလျာဏီကျောက်စာပါဠိ၊ ၁၂။

http://www.dhammadownload.com

(၁၆) ရာမညတိုင်းဖြစ် ကျမ်းများ

ထိုသို့ မထေရ်အဆက်ဆက်အားဖြင့် ရာမညတိုင်း ကျမ်းဂန်တတ် မထေရ်ကြီးများကို ပြုအပ်သောကျမ်းများလည်း ထင်ရှားရှိလေသည်။

- သိရိရတနာပုရမည်သော မုတ္တမမြို့တည်နန်းတည်ဆင်ဖြူရှင် ဗညားဥိးလက်ထက် မယ်တော်သိရိသုဘဒ္ဒါဒေဝီဘွဲ့ခံ မိဖုရားကြီးဆောက်လုပ်လှူဒါန်းအပ်သော ကျောင်း၌နေသော အရှင်မေဓင်္ကရမထေရ်သည် 'လောကဒီပကသာရ' မည်သော ကျမ်းကို ပြုပြင်စီရင်လေသည်။
- ဟံသာဝတီဆင်ဖြူရှင်လက်ထက် ဟံသာဝတီမြို့နေ အရှင်အာနန္ဒာသည် 'မဓုသာရတ္ထဒီပနီ'မည်သော အဘိဓမ္မာဋ္ဌကာ၏ အဖွင့်ဋ္ဌကာကို ပြုစီရင်လေသည်။
- ဟံသာဝတီမြို့နေအရှင် ဓမ္မဗုဒ္ဓမထေရ်သည် 'ကဝိသာရ'မည်သော ဆန်းဋ္ဌကာကို ပြုစီရင်လေသည်။[၁]
- သာသနာသက္ကရာဇ် (၂၀၉၄)နှစ်ထောင့် ကိုးဆယ့်လေးကောဇောသက္ကရာဇ် ၉၁၂ခုနှစ်တွင် ဟံသာဝတီမြို့၌ နန်းတက်သော ဟံသာဝတီဆင်ဖြူရှင် လက်ထက်ဟံသာဝတီမှာပင် သီတင်းသုံးနေသော အရှင်သဒ္ဓမ္မာလင်္ကာရမထေရ်သည် 'ပဋ္ဌာနသာရဒီပနီ'မည်သော ကျမ်းကို ပြုစီရင်လေသည်။
- ဟံသာဝတီမြို့တည် ဟံသာဝတီဆင်ဖြူများရှင် သမီးတော်သီဝလိဒေဝီမင်းသမီး၏ ဆရာဖြစ်သော တိပိဋကဓရမထေရ်သည် 'အဖေဂ္ဂါသာရဒီပနီ'အမည်ရှိသော အဘိဓမ္မတ္ထသင်္ဂဟဋ္ဌကာငယ်ကို ပြုစီရင်၏။

ဤသို့လျှင် များစွာသော အရိယာပုဂ္ဂိုလ်လောကီစျာန်အဘိဉာဏ်ရ ပုဂ္ဂိုလ် ကျမ်းပြုပုဂ္ဂိုလ်တို့ နေထိုင်သီတင်းသုံးရာ ဖြစ်သောကြောင့်လည်းကောင်း၊ ဘုရားရှင်၏ ဓာတ်တော်မွေတော်ဆံတော်တို့၏ ကိန်းဝပ်ရာဖြစ်သော ဒဂုမ္မစေတီတော်ကြီး၊ မော်ဓေစေတီတော်ကြီး၊ မဒ္ဒေစေတီတော်ကြီးစသောစေတီတော်၊ ပုထိုးတော်၊ ကျောင်း၊ ကန်၊ ပြဿာဒ်၊ ဇရပ်၊ တန်ဆောင်းတို့ဖြင့် တင့်တယ်တောက်ပသောကြောင့်လည်းကောင်း ရာမညတိုင်းကြီးသည် ယခုထက်တိုင် အစဉ်မပြတ်သာသနာတော် တည်ထွန်းကြီးပွားလျက်ရှိလေသည်။

၁။ ပိဋကတ်သမိုင်းတွင် သံတွဲမင်းဆရာ 'ဓမ္မနန္ဒ'ဟု ဆိုသည်။

http://www.dhammadownload.com

ဧင်းမယ် သာသနာ

(၁)ယောနကတိုင်း သာသနာ

မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် သာသနာအရှည် တည်လတ္တံ့သည်ကို မြင်တော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် ကိုယ်တော်တိုင် ယောနကတိုင်း 'လပုံးမြို့' (လဘုံး)သို့ ကြွသွားတော်မူပြီးလျှင် အရှင်အာနန္ဒာအား မိန့်တော်မူသည်မှာ- "ချစ်သားအာနန္ဒာ၊ နောင်အခါ ဤဌာနဌ် ငါဘုရား၏ဓာတုစေတီတည်လတ္တံ့၊ သာသနာစည်ပင်ခြင်းသို့ ရောက်လတ္တံ့"
ဟု-ဗျာဒိတ်စကားကြားတော်မူလေသည်။

မြတ်စွာဘုရားသည် မုဆိုးတစ်ယောက်က ကပ်လှူသော သဖန်းခါးသီးဘုဉ်းပေး သုံးဆောင်တော်မူရာအရပ်၌ တည်အပ်သောကြောင့် တိုင်း၏အမည်သည် 'ဟရိဘုဉ္ဇတိုင်း'ဟူ၍ အမည်တွင်လေသည်။

လဝလူမျိုးတို့၏ အကြီးအကဲဖြစ်သော သူသည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ မိမိ၏ခုနစ်နှစ်သား အရွယ်ရှိသော သားသူငယ်ကို မြတ်စွာဘုရားအား အပ်နှင်း၍ ရှင်သာမဏေပြုစေသည်။ ထိုအခါ မြတ်စွာဘုရားသည် သူငယ်ကို ရှင်ပြု၍ ပေးတော်မူသဖြင့် ထိုသာမဏေငယ်သည် ကမ္မဋ္ဌာန်းကို အားထုတ်၍ မကြာမြင့်မီအရဟတ္တဖိုလ်ကို မျက်မှောက်ပြုသည်ကို အစွဲပြု၍ ယောနကဘာသာဖြင့် 'စစ်မယ်'ဟု ထိုဌာနကို ခေါ်ဆိုလေသည်။ နောက်မှ ကြာမြင့်သော ကာလ၏ အစွမ်းအားဖြင့် ပြောင်းလဲ၍ ဧင်းမယ်ဟု ယခုတိုင်အောင် တွင်လေသည်။

(၂)ယောနကတိုင်း ဒုတိယ သာသနာတည်ပုံ

တတိယသံဂါယနာတင်ပြီးနောက် ကိုးတိုင်းကိုးဌာနသာသနာပြု လွတ်ရာတွင် တစ်တိုင်းတစ်ဌာန အပါအဝင် ဖြစ်ရကား မဟာရက္ခိတ မထေရ်သည် ယောနကတိုင်းတို့ ကြွသွားပြီးလျှင်-

- ကမ္ဘောဇတိုင်း၊
- ခေမာဝရတိုင်း၊
- ဟရိဘုဉ္ဇတိုင်း၊
- အာယုဒ္ဓယတိုင်း၊

အစရှိုက်နှံသော များစွာသော တိုင်းကို၌ သာသနာကို တည်စေတော်မူသည်။

ထိုအခါ မဟာရက္ခိတ မထေရ်သည် 'ကာလာရာမသုတ်ကို' ဟောကြော်မှု၍ တစ်သိန်း ခုနစ်သောင်းသော သူတို့အား မဂ်ဖိုလ်တည် ဟူသော ဟန်ဆာကို ပေ တော်

http://www.dhammadownload.com

မူ၏။ တစ်သောင်းသော သူတို့သည်လည်း ရှင်ရဟန်းပြုကြကုန်၏။ ထိုအခါမှ စ၍ ယောနကတိုင်းမှာ သာသနာတည်မြဲ၍ အဆက်မပြတ်ကုန်။ သာသနာ သက္ကရာဇ် ၂၃၅ခုမှာ သာသနာတည်သည်။

(၃) ယောနကတိုင်း အယူအဆ

သာသနာပြုစေလွှတ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးသည် မဟာရက္ခိတမထေရ်ကို သာသနာပြုလွှတ်ရာတွင် 'ယောနကလောကကို သွား၍ သာသနာတည်ပါချေ'ဟု စေလွှတ်သည်။ 'ယောနကတိုင်း၌ သာသနာတည်ပါချေ'ဟု ယောနကတိုင်းတွင်း၌ သတ်မှတ်၍ စေလွှတ်သည် မဟုတ်။

ထို့ကြောင့် အရှင်မဟာရက္ခိတ မထေရ်ကြီးသည် ယောနကတိုင်းသို့ ဦးတိုက်ကြွသွား၍-

- ကမ္မောဇတိုင်း၊
- ခေမာဝရတိုင်း၊
- ဟရိဘုဉ္ဇတိုင်း၊
- အာယုဒ္ဓယတိုင်း၊

အစရှိကုန်သော များစွာသော တိုင်းဌာနတို့၌လည်း သာသနာကို တည်ခဲ့စေသည်ဟု ယူရမည်။

ယင်းသို့ ဖြစ်၍ အရှင်မဟာရက္ခိတမထေရ်သာသနာပြုရန် ဦးတိုက်သွားသော ယောနကတိုင်းနှင့်တကွ ၎င်းမထေရ်သာသနာပြုခဲ့သော အရပ်ဒေသတိုင်းဌာနတို့ကိုလည်း 'ယောနကအရပ်'ဟူ၍ပင် သိမ်းကျုံး၍ ယူသင့်သည်။ အဘယ့်ကြောင့်နည်းဟု မူကား-

"မဟာရက္ခိတတ္ထေရံ ယောနကလောကံ ပေသေသိ"[၁]

ဟူ၍လည်းကောင်း

"ယောနကလောကံ ပသာဒေတွာ"[၂]

ဟူ၍လည်းကောင်း

"ပသာဒေသိ ယောနကေ"[၃]

ဟူ၍လည်းကောင်း

၁။ ဝိ၊ ၁၊ ၌၊ ၄၈။
၂။ ဝိ၊ ၁၊ ၌၊ ၅၁။
၃။ ဝိ၊ ၁၊ ၌၊ ၅၁။

http://www.dhammadownload.com

အလုံးစုံကို သိမ်းကျုံး၍ ယူစေခြင်းငှာ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီး မိန့်မြွက်တော်မူသည့်အတိုင်း အဋ္ဌကထာဆရာတို့သည်လည်း အရပ်ဒေသဟော 'လောက' ဟူသောသာမညသဒ္ဒါနှင့် ပြမှာမိန့်ဆိုတော်မူကြခြင်းကြောင့်ပင် ဖြစ်သည်။

အကြင်သို့သော အရာ၌ အနက်ထူးကို သိစေလိုသည်ဖြစ်အံ့ ထိုသို့သော အရာ၌ သာမညသဒ္ဒါနှင့် ဆိုခြင်းသည် ကျမ်းဆရာတို့၏ ဆိုရမြဲဓမ္မတာ ပကတိသဘောပင် ဖြစ်သတည်း။

ထို့ကြောင့် ဟရိဘုဉ္ဇအာယုဒ္ဓယတိုင်းများကိုလည်း ယောနက လောကထဲသို့ ထည့်သွင်း၍ ရေတွက်ပြောဆိုရေးသားခြင်းသည် အသင့်အလျော်ပင်ဖြစ်သည်။

ဤကား သာသနာပြုစေလွှတ်တော်မူသော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်ကြီး၏ နှုတ်မိန့်အာဏာအလိုတော်ကို သိသဖြင့် အရှင်မဟာရက္ခိတမထေရ် သာသနာတည်ခဲ့စေသော 'ဟရိဘုဉ္ဇအာယုဒ္ဓယ'ဟူသော ယိုးဒယားဧင်းမယ်တို့ ပါဝင်သော ယောနက လောကတည်း။

(၄)ရှေးဆရာတို့ မိန့်ဆိုချက်
ယောနကစိစစ်ချက်

(၁) ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် ပါဝင်သော 'ယောနက'ဆိုသည်မှာ အဋ္ဌကထာ၌–

"မဟာရက္ခိတထ္ထေရ် ယောနကလောကံ ပေသေသိ"

ဟု– ဩကာသ ဝါဒက လောက သဒ္ဒါနှင့်ဆိုသည်။ အဋ္ဌကထာဆရာအလိုဖြင့် ယောနကမည်သော အရပ်ဒေသစုကို ယူသင့်သည်။ ယောနကတိုင်းတွင် ယူရမည် မဟုတ် ဆိုလိုသည်။

(၂) သက္ကရာဇ် ၉၉၁ခုနှစ်တွင် ရတနာပုရ အဝနေပြည်တော်၌ နန်းတက်သော သာလွန်မင်းလက်ထက် 'ဇမ္ဗုဒီပဓဇ'ဟူသော တံဆိပ်တော်ရ ပုခန်းကြီးမြို့ ရွှေဥမင် ဆရာတော်သည်–

'ယောနကလောကံ၊ ပန်းသေးပြည်သို့"

ဟု ပါရာဇိကဏ်အဋ္ဌကထာနိဿယ၌ အနက်မြန်မာပြန်ဆိုသည်။

(၃) သက္ကရာဇ် ၁၁၉၁ခုနှစ်တွင် ဒီပဲရင်းနယ် မုံတိုင်ပင် ဆရာတော်စီရင်သော 'သုံးပုံအိတ်ထောင့်ကျမ်း'၌–

"ယောနက လောက
နာမပျံ့မွှေး

http://www.dhammadownload.com

ခေါ်ဝေါ်ရေး
ပန်းသေးပြည်၌သာ"
ဟု ဆိုသည်။

(၄) အောင်မြင်လောကဘုရားဒါယကာ ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော် တောင်ငူကေတုမတီ သတိုးဓမ္မရာဇာဘုရင်ခံ မင်းတရားလက်ထက် မဲထီးဆရာတော် စီရင်သော 'ဝံသဒီပနီကျမ်း'၌-

"မဟာရက္ခိတမထေရ် ယောနကရဋ္ဌ ပန်းသေးပြည်သို့ သွား၍ ကာလာရာမ သုတ်ကို ဟောတော်မူသည်"
ဟူ၍ လည်းကောင်း၊

'ယိုးဒယားပြည်ကား ယောနကတိုင်းဖြစ်သည်'
ဟူ၍လည်းကောင်း ဆိုသည်။

(၅-၆) သာသနာလက်ံာရ၌လည်းကောင်း၊ သက္ကရာဇ်၁၂၃၃ ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် 'ပညာသာမိသိရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' ဖြစ်တော်မူသော မောင်းထောင်ဆရာတော်ပါဠိမဂဓသက်သက်ရေးသားသော 'သာသနာဝံသပွဒီပိကာကျမ်း'၌လည်း-

'ယောနက ဘာသာယဓေံ ဌာနံ စစ်မယ် ဣတိ ဝုစ္စတိ စိရကာလဝသေန ဇင်းမယ်ဣတိ ဝုစ္စတိ'
ဟူ၍လည်းကောင်း အသီးသီးမိန့်ဆိုတော်မူကြ၏။

(၅) ကျောက်စာများတွင် ရေးထိုးခြင်း

(၁) ၉၅၂ခုနှစ် ထိုးမှတ်သော 'ရွှေသာလျောင်း ကျောက်စာ'တွင် ဇင်းမယ်ပါသော နေရာကို 'အယုဒ္ဓယတိုင်း'ဟု ဖွဲ့သည်။

(၂) ၁၀၁၁ခုနှစ် တောင်ဘီလာပုဂ္ဂိုလ်ကျော်ရေးထိုးသော 'ရာဇမဏိစူဠာကျောက်စာ' တွင် ဇင်းမယ်၊ ကျိုင်းသေဉ် အစရှိသော ပြည်ကြီးတို့၏ တည်ရာကို 'ဟရိဘုဉ္ဇတိုင်း'ဟု ဖွဲ့သည်။

(၃) ၁၁၂၇ခုနှစ်ရေးထိုးသော 'ဘုံစံတုလွတ်ကျောင်းကျောက်စာ'တွင် ဗျည်း၊ အနန်း၊ ဘယော၊ ကျိုင်းသေဉ်၊ လပုံးစသော ၅၇တို့ဖြင့် တန်ဆာဆင်အပ်သော ယွန်းလူမျိုးတို့နေရာကို 'ဇင်းမယ်ဟူသော ဟရိဘုဉ္ဇတိုင်း'ဟူ၍ ဖွဲ့သည်။

(၄) ၁၁၃၀ပြည့်နှစ် ထိုးမှတ်သော 'ပုဂံရွှေစည်းခုံထီးတော်တင်ကျောက်စာ'တွင် 'ဇင်းမယ်ပြည် ဟရိဘုဉ္ဇတိုင်း'ဟု ဖွဲ့သည်။

http://www.dhammadownload.com

(၅) ၁၁၃၉–၁၁၄၀ခုနှစ်များတွင် ထိုးမှတ်သော 'ငစဉ်ကူးမင်း၊ ကျောင်းတော်ကျောက်စာ'တွင် 'ဟရိဘုဉ္ဇတိုင်း'ဟု ဖွဲ့သည်။

(၆) ၁၁၇၉ခုနှစ် ထိုးမှတ်သော 'အိမ်ရှေ့မင်းကြီးကျောင်းတော်ကျောက်စာ'တွင် 'ဟရိဘုဉ္ဇတိုင်း'ဟု ဖွဲ့သည်။

(၇) ၁၂၀၉ခုနှစ် ထိုးမှတ်သော 'အိမ်တော်ရာဘုရားကျောက်စာ'တွင် ဇင်းမယ်၊ လပုံး၊ အနန်း၊ ဘယောစသော ပြည်ကြီးတို့၏ တည်ရာကို 'ဟရိဘုဉ္ဇတိုင်း'ဟု ဖွဲ့သည်။

(၈) မှန်နန်းရာဇဝင်တွင် ပြည်ကြီး ၅၀ဖွဲ့ရာ 'ဇင်းမယ်ပြည်ကြီး'ဟူ၍ ပါရှိသည်။

(၉–၁၀–၁၁)ရှမ်းဘာသာမှ မြန်မာဘာသာ[1]ပြန်ဆိုထားသော 'ဇင်းမယ်ရာဇဝင်'၊ ရတနာပုံ ပိဋကတ်တိုက်စိုးရေးသားထားသော 'ဇင်းမယ်ရာဇဝင်'၊ ရေးသူမသိ ရှေးရေး 'ဇင်းမယ်ရာဇဝင်'များမှလည်း 'ဇင်းမယ်ပြည် ဟရိဘုဉ္ဇတိုင်း'ဟူ၍ အသီးသီး ပါရှိလေသည်။

ဇင်းမယ်ဟရိဘုဉ္ဇတိုင်း စီစစ်ချက်ပြီး၏။

(၆)ယောနကတိုင်း တတိယသာသနာတည်ပုံ

သာသနာသက္ကရာဇ် (၅၀၀)ငါးရာရှိသောအခါ ယောနကတိုင်း 'လကွန်းမြို့'၌ ပတ္တမြားဖြင့် ပြီးသော ဘုရားဆင်းတုတော်ကို ဖန်ဆင်း၍ ဝိသုကြံ့နတ်သားသည် အရှင်နာဂသေနမထေရ်အားပေးလာ၏။ နာဂသေနမထေရ်သည်လည်း 'ဤဘုရားဆင်းတုတော်၌ ဓာတ်တော်တည်စေသတည်း'ဟု အဓိဋ္ဌာန်သဖြင့် ဓာတ်တော် (၇)ခုနစ်ဆူတို့သည် ကြွလာ၍ ဆင်းတုတော်၌ ကိန်းဝပ်တော်မူ၏။ ထိုအခါ တန်ခိုးပြာဋိဟာတို့ကို လွှတ်တော်မူလေသည်။ ထိုစကားသည် ရာဇဝင်လာ စကားပင်ဖြစ်သော်လည်း မိလိန္ဒပဉှာ ပါဠိတော်နှင့် ခုနှစ်သက္ကရာဇ်ချင်း ညီညွတ်လေသည်။

၁။ မြမ္မာကို နသတ်၍ ရေးခြင်းအလေ့အလာနှစ်မကြာမြင့်သေး။ ရှေးနိဿယဟောင်းများမှာ 'မရမ္မဘာသာယ'ဟု ပါဠိစီပြီးလျှင် 'မြန်မာဘာသာဖြင့်'ဟုရေးသား ပြန်ဆိုလျက် ရှိသည်။ ယခုလည်း ရှေးမိသောဘုန်းတော်ကြီးများနှင့် လူကြီးများသည် နသတ်နှင့် မြမ္မာ့အရေးအသားကို မလိုက်နာဘဲ'မြမ္မာ'ဟု မသတ်နှင့်ပင် ရေးသားဆဲရှိသေးသည်။ ခိုင်မာသောသတ်ပုံကျမ်းများတွင်လည်း 'မြန်မာ'ဟု နသတ်နှင့် တိုက်ရိုက်ပြလျက်မရှိချေ။

http://www.dhammadownload.com

ညီညွတ်ပုံကား-

ယောနကတိုင်း မိလိန္ဒမင်းကြီး၏ နေရာသာဂလပြည်မှာ ရှင်နာဂသိန်မပေါ်မီ ကပင် ရဟန္တာအရှင်မြတ်များ သီတင်းသုံးတော်မူလျက်ရှိကြောင်း မိလိန္ဒပဉှာ ပါဠိတော်၌ ထင်ရှားစွာဆိုလျက်ရှိသည်။

ထိုနောက် သာသနာသက္ကရာဇ် ၉၀၀ကျော်လောက်တွင် ပရမတိလောကမင်း လက်ထက်ကစ၍ ယောနကတိုင်းနှင့် ဇင်းမယ်ယိုးဒယားပြည်များမှာ ဓမ္မဝါဒီပုဂ္ဂိုလ် အားနည်း၍ အဓမ္မဝါဒီအလွန်သာ အားကြီးလာပြီးလျှင် သာသနာတော် အားနည်းလေသည်။ ယခုလည်း အားနည်းလျက်ရှိသည်။

ထို့ကြောင့် ယိုးဒယားဇင်းမယ်က ဖြစ်သော 'ဓာတထ္ထကိ'သောတထ္ထကိ'ယခု ပုံနှိပ်ပြီးဖြစ်သော 'ဇင်းမယ်ပဏ္ဏာသ'ခေါ်သော ကျမ်းများကို သာသနာဒါယကာ မြန်မာဇကရာဇ်မင်းများလက်ထက်ကပင် ကျမ်းဂန်တတ် ဆရာတော်ကြီးများ အရေးယူ၍ အသုံးမပြုကြကုန်။

ယခုအခါမူကား အချို့သော ဂန္ထန္တရ ဗဟုသုက နည်းပါးသော ရဟန်းငယ်များ ၎င်းကျမ်းများ၌ ပါရှိသော အချို့သောစကားရပ်များကို ကြည့်ရှုမှတ်သားလေ့လာ ကျက်အံ့ထား၍ ဟောပြောခြင်းအစပြုလာလေပြီ။ အခိုင်အမာအကိုးအကား သာဓကမပြုသင့်လေ။

ယောနက သာသနာပြီး၏။

(၇) ယောနကတိုင်း သာဂလပြည် တည်ရာဌာန

ယခုအုပ်စိုးဆဲဖြစ်သော အစိုးရမင်းတို့ အသိအမှတ်ပြုထားသော အိန္ဒိယပထဝီဝင် ကျောင်းသုံးမြေပုံစာအုပ်တွင် တွေ့ရှိရသည်မှာ ယောနကတိုင်း မိလိန္ဒမင်းကြီး၏ နေရာ သာဂလပြည် မဇ္ဈိမဒေသအနောက်မြောက်ရှိ ဟိမဝန္တာတောင်တန်းအနီးမှာ တွေ့ရှိရသည်။ မဇ္ဈိမဒေသမှအလွတ် ပြင်ပဖြစ်သည်။

ယောနကတိုင်းကို နေရာချပုံတွေ့ရှိရသေးသည်မှာ-

ယခု 'Bactria'ဘက်တြိယာနယ်၊ ထိုဘက်တြိယာနယ်သည် 'Hindu Kush' ဟိန္ဒူကွတ်တောင်နှင့် အာရ္ယတိုက်အလယ်ပိုင်းရှိ 'Oxus' သြက္ကဆမြစ်ကြားမှာ ရှိသည်။ ၎င်းသြက္ကဆမြစ်၏ အစမှာ ရုရှားနှင့် အာဖဂန်နယ်စပ်တွင် ရှိသည်။ ဤကား အနောက်တိုင်း ပြည်သားတို့က ယောနကတိုင်းကို နေရာချပုံတည်း။

မြန်မာပြည် ရှေးပညာရှိပုဂ္ဂိုလ်တို့က ဇင်းမယ်ကျိုင်းခေါင်စသော မြို့တို့၏ တည်ရာ ယခု ယိုးဒယားမြောက်ပိုင်းကို 'ယောနကတိုင်း'ဟု အစဉ်ပြောဆိုကြသည်။

ဤသို့ အသီးအသီးနေရာချထားကြသည်ကိုလည်း တွေ့ရှိရ၏။

http://www.dhammadownload.com

အမိန့်ပြန်တမ်းများ

(၁) မြန်မာမင်းများလက်ထက် မဟာဒါန်ဝန် လိုက်နာရန် အမိန့်တော်

မဟာဒါန်ဝန် မဟာဒါန်စာရေးတို့မှာ ကပိလဝတ်ပြည် ဒေဝဒဟပြည် ရာဇဂြိုဟ်ပြည် ဝေသာလီပြည်ပါဋလိပုတ်ပြည်မှစ၍ သောဋသပြည်ကြီးများက သာသနာတော်တွင်း၌ တည်ထားသည့် စေတီတော် ပုထိုးတော် ဂူလိဏ်ရုပ်တုတော် ကျောင်းများတွင် အလှူတော်စာရင်း ကျောက်စာမော်ကွန်းသမိုင်း လက်စွဲနယ်နိမိတ် ကျောက်တိုင်နတ်ကွန်း သစ်ပင်သင်္ချိုင်းကန်သင်း အခြားအနား၊ ထိုမှတစ်ပါး ပေါက္ကဲ့မြင်စိုင်း ပန်းရ ရတနာပူရ ရွှေဝမြို့ကြီးတွင် စိုးအုပ်သည့် ထီးဆောင်းဧကရာဇ်မင်းမြတ်တို့ တည်ထားသော ကောင်းမှုတော်များ၊ ဝတ္ထုကံမိုးမြေ ကျောက်တိုင်နယ်နိမိတ်စသော အပိုင်းအခြားအတွင်းတွင် ပယ်ပေါင်းမျိုးဝင်မည်မျှနှင့် မည်သည့်အစုသားဝင်လုပ်သည်။ ကျောင်းသံဃိက ဘုရားသန့်က လူတို့အဆက်အနွယ်ကို လုပ်သည်။ ဘဏ္ဍာတို့ကို ရောင်းချသောက်စား၍ စီးပွားပြုသည်။ ဆွေမျိုးဥာတကာတို့အား ပေးအပ်သည့် အရာတို့ကို ဝန်စာရေးကြီးတို့က စစ်ကြောစေ။ စစ်ကြော၍ ရသည့်စာရင်းကို ဝန်တို့က သွင်း။ ၉၉၇ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်နေ့ စမြောင်မှူးထုတ်၍ လွှတ်တော်တွင် ပြန်သည် အမိန့်တော်။

ကျောင်းဘုရားသံဃိက လူရွေးမင်းတို့ ရွေကရားဖြင့် ရေစက်သွန်းချ၍ လှူသည်။ နှုတ်ဖြင့် လှူသည်။ စေ၍ လှူသည်။ အရာများကိုလည်း စစ်ကြောစေ၊ စာရင်းကို ဝန်တို့ကသွင်း။

(၂) မဟာဒါန်ဝန်နှင့် မြို့ဝန်များဘက်စပ်ဆောင်ရွက်ရပုံ အမိန့်တော်

ဘုန်းတော်အလွန်တစ်ရာကြီးမြတ်တော်မူသော ဘဝရှင်မင်းတရားကြီးအမိန့်တော် ရှိသည်။ မြို့ဝန် မြို့စာရေးထောင်မှူးထောင်စချီ အဝှန်းငယ်တို့မှာ မြေသယ်မြေဖို့မှစ၍ဆွမ်းတော်ကျွေးအရပ်ရပ် ခန့်ထားသည်။ အကုက်တွင် တစ်အိမ်ကို တစ်လလျှင် အသုံးတော်ရန် ခံထားဆော်ဖန်သည်။ မည်မျှဆင်းရဲသားတို့ ထမ်းရွက်ရသည်ကို အရပ်ရပ်အကွက်ခေါင်းဆောင်တို့ စစ်ကြော၍ ပေးသည့်စာရင်းအသုံးစာရင်းတို့ကို တစ်လလျှင် မည်မျှတစ်နှစ်ရောက်လျှင် မည်မျှကုန်ကြောင်း မသုံးနိုင်ကြွင်းကျန်ကြောင်း ခန့်ထားရာတွင် အသာအနာဖြစ်၍မည်မမျှ ထမ်းရွက်ရသည့်အရာများကို မြို့ဝန်မြို့စာရေးတို့ကို မေးမြန်း၍ မဟာဒါန်ဝန် မဟာဒါန်စာရေးတို့က ရရန် စာရင်းရှိသည့်

http://www.dhammadownload.com

အတိုင်းသွင်း၊ ဝန်တို့က စီရင်။

၉၉၇-ခုနှစ် နယုန်လပြည့်ကျော် ၁၀-ရက်နေ့ထုတ် အမိန့်တော်။

(၃) မဟာဒါန်ဝန် တိုင်တန်းချက်အရ ရဟန်းတော်များအား သတိပေးဆုံးမစာတမ်း

လူနတ်ဗြဟ္မာသတ္တဝါတို့ထက် အတုမဲ့မြတ်တော်မူသော သဗ္ဗညု ဟောတော်မူသည်-

- အက္ကန်ဒ ဗြဟ္မာပြည်က အပ်တစ်စင်းချ၍ လူပြည်က အပ်တစ်စင်းကို ခဲလျှင် အပ်သွားချင်းသာဆိုင်မည်၊ ဆိုင်မိရာ၏။ လူ့အဖြစ်ကို ဖြစ်မည် ခဲလှသည်။
- လူ့အဖြစ်ကို ဖြစ်ပါသော်လည်း သာသနာတော်တွင်း၌ ကြုံမည် အလွန်ခဲလှသည်။
- သာသနာတော်တွင်း၌ ကြုံပါသော်လည်း သဒ္ဓါကြည်ညိုခြင်း အသိပညာ စိတ်နှင့် ဖြစ်မည် အလွန်ခဲလှသည်။
- ယင်းသို့ ဖြစ်ပါသော်လည်း ဘုရားရှင်ကို မျက်မှောက်ဖူးမြင်ရမည် အလွန်ခဲလှ၏။
- ဖူးမြင်ရပါသော်လည်း ရဟန်းပဋိဉ်းဖြစ်မည် အလွန်ခဲလှ၏။

ဟူ၍ ဟောတော်မူသည်။

ကောင်းစွာ ဆောက်တည်သော ကောင်းစွာကျင့်သောသံဃာတော်အဖြစ်သည် အလွန်မြတ်လှသည်။ မြတ်သောအကျင့်ရှိသော သံဃာတော်မြတ် ကောင်းစွာဆောက်တည်သော တစ်နာရီမျှအကျိုးကိုသော်လည်း စကြာမန္ဒာတ်မင်းအသက်ထက်ဆုံး တည်သော စည်းစိမ်အကျိုးသည် အတုမမျှနိုင်၊ အလျှူများစွာပေးနိုင်သောအကျိုးသည် နတ်ပြည်တွင် မျှသာ ဘုရားရှင်ပညတ်တော်မူသည်နှင့်ညီစွာ ကောင်းစွာကျင့်သော သဃ်္ဃအကျင့်ကို ကျင့်သော သံဃာသည် အလွန်မြတ်လှသည်၊ အလွန်ဖြစ်ခဲလှသည်ကို နှလုံးသွင်း၍ ကောင်းစွာ ကျင့်သောသံဃာတော်သည် သီတင်းသုံးဘော် ပဋိဉ်းသာမဏေများအား ကောင်းစွာကျင့်တည်ကြောင်းကို ဆုံးမတော်မူ။

သမန်းမြက်သည် ဥပမာဟောတော်မူသည်ကို နှလုံးသွင်းတော်မူ။

ကုဒ္ဒသကအရာ အာဇီဝပါရာဇိကာရာဈ၍ မြတ်စွာဘုရားဟောတော်မူသည်ကို နှလုံးသွင်းတော်မူ။

ခန္ဓာငါးပါးသော ကိုယ်မှာဖြစ်သည်၊ လူသတ္တဝါတို့၏ အဖြစ်၊ ရုပ်ဟူသောကိုယ်၊ နာမ်ဟူသောအသက်သည် အတည်အမြဲမရှိ၊ မြေကြီးအထက်၌ မြေမှုန့်အရေအတွက်

http://www.dhammadownload.com

ဖြင့် မန္ဒိုင်းယုဉ်ကောင်းသော အဖန်တလဲလဲရုပ်ဟူသော ကိုယ်ကို စွန့်ပစ်ရသည်၊ ကိုယ်၏ အသက်ပစ္စုပ္ပန်တို့ဖြစ်အောင် သုံးစားရအောင်ဟူ၍ မကောင်းမှုဖြင့် ပညတ်တော်နှင့် အညီ မကျင့်အပ်သောအပြစ်၊ ညီစွာကောင်းစွာကျင့်သောအကျိုးသည် နာမ်ပြောင်း၍ ရုပ်ဖြစ်လေရာသို့ အစဉ်တစိုက်လိုက်ခြင်းကို သခင်မြတ်တို့ သိတော်မူသည်။ နှလုံးသွင်းတော်မူသည့်အတိုင်းကို သီတင်းသုံးဘော်တို့အား လူသတ္တဝါတို့အား အမြဲဆုံးမတော်မူ။

သာသနာတော်၌ ရဟန်းပြုခြင်းကား–

- ဆရာသမား ကောင်းစွာဖြစ်စေလို၍ ရဟန်းပြု၏။
- ရဟန်းအကျိုးကို ခံချင်၍ ရဟန်းပြု၏။
- ကြွေးမြီများသောကြောင့် ရဟန်းပြု၏။
- မစားရတတ်ခြင်းကြောင့် ရဟန်းပြု၏။
- အညစ်၊ အပြစ် သူ့.ကျွန်အရာက လွတ်လို၍ ရဟန်းပြု၏။
- မိဘဆွေမျိုးတို့.၏ အမှီအထောက်ဖြစ်ချင်၍ ရဟန်းပြု၏။
- သဒ္ဓါခြင်းဖြင့် မြတ်သောအကျိုးကိုလို၍ ရဟန်းပြု၏။

ဤသို့ ရဟန်းပြုခြင်း၌ မဂ်ဖိုလ်နိဗ္ဗာန်အလို့ငှာ သဒ္ဓါယုံကြည်၍ ဖြစ်သော ရဟန်းသည် ပစ္စုပ္ပန်၌ ကိုယ်၏ချမ်းသာ သံသရာ၌လည်း လူကောင်းချမ်းသာ အဆုံး၌ နိဗ္ဗာန်ချမ်းသာအမှန်ရခြင်းဖြစ်သည်။ ယင်းသည် ရဟန်းမှအပြင် ပြုသောရဟန်းတို့.ကို သဒ္ဓါယုံကြည်၍ သုံးပါးသော ချမ်းသာကို အမှန်ရအောင် သံဃာတော်တို့.က မြတ်စွာဘုရားပညတ်တော်နှင့်ညီစွာ ဆုံးမအပ်၏။ ဆန့်ကျင်ဘက် မညီမညွတ်ကျင့်သော ရဟန်းအား နှင်ထုတ်၍ ခွာတော်မူ။

ပါရာဇိက ရောက်ပြီးသော ရဟန်းကို ရဟန်းအဖြစ်၌ မနေစေအပ်၊ အဝတ်လဲ၍ လူထွက်စေ လူပြုစေ၊ ရဟန်းသည် သံသရာက ကဲရင့်မရှိ၍ ပုထုဇဉ်ဖြစ်၏။ တပ်ခြင်းတဏှာဖြင့် ရဟန်းဘုံမှ ပျက်ခဲ့၍ ဖြစ်ခဲလှလျက် သို့ ပျက်ခဲ့သည်ဟူ၍ သာသနာတော်ကို ရိုသေသဖြင့် လူပြု၍ လူ၏အဖြစ်နှင့် အလှူပေး၍ သီတင်းသီလသုံး၍ ဖြစ်ရသော် ချေချွတ်ရသော် လက်ထောက်မိသကဲ့သို့ ကောင်းမှုအကျိုးသည် ဖြစ်ရာသည်၊ ရဟန်းအဖြစ်သည် မတည်ပြီးလျက် လူ၏အလှူကို တစ်ယောက်မစာမျှခံ၍ ဘုဉ်းပေးမိသော် ရဟန်းဟူ၍ ရှင်လည်းကောင်း၊ လူလည်းကောင်း မှတ်ပလေသော် ရှင်၏အသွင်ကျိုးပြီးသော သူသည် ပုဆစ်မျှ နုံးဗွက်ဝယ် ကျွံသည်ကို သစ်ခက် ချုံးနွယ်ကို ဆွဲ၍ မထခြင်းကြောင့် ခေါင်းနစ်အောင် ကျွံ၍ သေရသကဲ့သို့ သံသရာဝဋ်ဝယ် နစ်မွန်းတော့မည်၊ သာသနာတော်၌ ကျိုးပျက်ပြီးသောသူသည် ရဟန်းအဖြစ်နှင့် မနေကုန်လင့်၊ ပခုံးနှင့် ထမ်းပိုးသည် နေ့ညဉ့်မကွာပင် ထမ်းရွက်လုပ်ဆောင်ခြင်း

http://www.dhammadownload.com

ဆင်းရဲစွာ ဖြစ်သော်လည်း အခိုက်အတန့်သာ တစ်သက်သာ ဆင်းရဲမည်၊ ဆင်းရဲသည်မမည်။

ရဟန်းအယောင်ဖြင့်ပြု၍ ချမ်းသာကြွယ်ဝအောင် ပြုသော်လည်း သည်ကသေလျှင် အပါယ်လေးပါးဝယ် အစွဲအကိုင်မရှိ နစ်မွန်းမည်၊ ဝဋ်ဆင်းရဲဝယ် အနစ်လွန်မည်၊ အနေကျဖြစ်သည်၊ နှလုံးသွင်း၍ ကျိုးပြတ်သော သူသည် ချေချွတ်သော်လည်း လက်ထောက်မိအောင် ကဲကို နှလုံးသွင်း၍ လူအဖြစ်နှင့် အလှူပေးကုန်။

ပရိယတ္တိသာသနာတော် ပဋိပတ္တိ သာသနာတော်ကို ကောင်းစွာ ဖြည့်သော သီလဝန် သခင်မြတ်တို့သည် သာသနာတော်၌ ရဟန်းအဖြစ်မှ ကျိုးပြတ်ပြီးသောသူကို စူးစမ်းတော်မူကြ၍ လူ့အဖြစ်သို့ နှင်ထုတ်တော်မူကုန်။

သာသနာတော်၌ အညှိုအညွှန်းကို ဆောင်ကြောသုတ်သင်တော်မူကုန်။

မြတ်စွာဘုရား ရွှေမျက်နှာတော်နှင့်တူသော ကြည်လင်ခြင်းသည် လူနတ်ဗြဟ္မာ သတ္တဝါ၌ မရှိကုန်။

> အင်းဝသာလွန်မင်းတရားကြီးလက်ထက်၊ သက္ကရာဇ်၉၉၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့ ညနေကျောင်းတိုင်းလှည့်၍ ဖတ်ရသည်။ တောင်ငူမှာလည်း ဖတ်ရသည်။ ရွှေနိုင်သွေးက်ရဲဘော်။ မြို့ထင်သွေးက်ငည်ို့။

(၄) မဟာဒါန်ဝန် ပြန်တမ်း

ဘုန်းတော်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်းတရားကြီးအမိန့်တော်။

မဟာဒါန်ဝန် ဆိုသည်အရာသည် ငါအရှင်ဧကရာဇ်မင်းမြတ်တို့တွင် ရှေးဘေးလောင်းတော် ဧကရာဇ်မင်းမြတ်အဆက်ဆက် သာသနာငါးထောင်တည်စိမ့်သောငှာ သာသနာတော်ကို ပွင့်လင်းထွန်းဝစေကြောင်းနှင့် ဘုရား၊ ကျောင်း၊ ဝတ်မိုး၊ ဝတ်မြေ နယ်နိမိတ်အပိုင်းအခြားနှင့် ကျောက်စာထိုး၍ လှူတော်မူသည်၊ ဘုရားကျောင်း အရံစောင့် ဖြစ်စိမ့်သောငှာလည်း လူယောကျ်ား၊ လူမိန်းမ လှူတော်မူသည့် အရာများလည်း ရှိသည်။

ကျောင်း ဘုရား အရံစောင့်လူမြေများနှင့် မင်းမြေအမှုထမ်း ကျွန်တော်မျိုးတို့ မရောမထွေး မစပ်ယှက်ရ၊ ခြားနား ရှင်းလင်းအောင် စစ်ကြောစီရင်ရသည်။ ဘုရားကျောင်းနှင့်စပ်ကျသည့်မြေ အရံစောင့်လူတို့ကိုလည်း မဟာဒါန်စာရေး၊ ကျောင်းစာရေးတို့မှာ စာရင်း ပေးရင်း သေချာအောင် ရေးထားမှတ်သားရသည်။ ကျောင်းမှီလူတို့ စာရင်းကိုလည်း ခြာ၍ မှတ်သားစေရသည်။ ကျောင်းဘုရားမြေအရံစောင့်လူတို့ကို မင်းမြေအမှုထမ်းစုသို့ မစပ်ယှက်စေနှင့်၊ ကြပ်ကြပ်တည်းတည်းစစ်ကြော စီရင်ရမည်။

http://www.dhammadownload.com

ကျောင်းဘုရားကို လှူတော်မူသည့် လူတို့သည် သူကောင်းဖြစ်ချင်၍ အစုကိုင် အစုရေးတို့မှာ စာရင်းပေးရင်း သွတ်သွင်းကပ်ယပ်၍ မထမ်းရွက်စေနှင့်၊ ကပ်ယပ် ထမ်းရွက်သသူတို့ပေါ်ရှိ တွေ့မြင်လျှင် စစ်ကြော၍ ကုန်စင်အောင်နှတ်၊ ဆိုင်ရာကျောင်း ဘုရားမှာ ထမ်းရွက်ပစေ၊ သို့များကို နှလုံးသွင်း၍ ဂတိသို့မလိုက်၊ တော်တည့်ဖြောင့် မတ်အောင် စီရင်။

မဟာဒါန်ဝန်ခန့်ပြန်တမ်းပြီးပြီ။

(၅) ရဟန်း သံဃာတော်တို့နှင့် မြန်မာမင်းများဆက်ဆံပုံ အတိုချုပ်

တစ်လအတွင်း သံဃာနှင့် စပ်၍ အထူးအားဖြင့် အရေးယူလေ့ရှိသော ကိစ္စများမှာ-

- သာသနာပြုဆရာတော်အမိန့်အရ လွတ်တော်က ထပ်မံ၍ ကြားစာ၊ မှာစာ၊ ဆင့်စာ၊
- ထိုက်သက်ရာပေးမှာ ဆင့်ဆိုသောအမှုများအတွက် သုဓမ္မာဆရာတော်တို့ သွင်းစာ၊
- သာသနာပြုဆရာတော် လစ်လပ်သည့်အခါ ဖြစ်ခဲ့လျှင် သုဓမ္မာ ဆရာတော်တို့ အမိန့်အရ လွတ်တော်က ထပ်မံဆင့်ဆိုသင့်သော အမှုများအတွက် သုဓမ္မာဆရာတော်တို့ သွင်းစာ၊
- ရဟန်းတော်ချင်းချင်း ငြင်းပွားပြောဆိုကြသော အမှုအတွက် သုဓမ္မာ ဆရာတော်တို့ သွင်းစာ၊ မြို့ရေး ရွာမှုအတွက် သွင်းစာ၊
- ၎င်း သွင်းစာတွင်လည်း ရာထူး ခန့်ထားရန် ထောက်ခံသော သွင်းစာ၊

မကြာမကြာ ပေါ်ပေါက်တတ်သည်။ ဆရာတော်တို့ သွင်းစာအရ လိုက်နာ၍ ရာထူးများကိုလည်း ပေးအပ်ခန့်ထားသော အမိန့်စာများကို ရံဖန်ရံဖန် ထုတ်ဆင့်လေ့ရှိသည်။

(၆) ရဟန်းသံဃာတော်တို့နှင့် ရာဇဒ္ဒာနီအရာရှိ အဝေးအရာရှိတို့ ဆက်ဆံရန် ဥပဒေ

မည်သည့်အတန်းအဆင့်ရှိ ဆရာတော်က မည်သည့်အကြောင်းနှင့် သွင်းသော စာကို မည်သည့်အရာရှိက လက်ခံဆုံးဖြတ်ရမည်၊ လွှတ်တော်သို့ ပို့ရမည်၊ အမိန့်တော် ခံရမည် စသည်များကို ပိုင်းခြားမှတ်သားရသည့်ပြင် မည်သည့်ဆရာတော်သည် ရှင်ဘုရင်ထံ တိုက်ရိုက်သွင်းနိုင်သည်။ မည်ကဲ့သို့ သွင်းရမည်၊ မည်သည့်ဆရာတော်မှာ

http://www.dhammadownload.com

မည်သည့်တံဆိပ်ခတ် စက္ကူမျိုး တစ်နှစ်လျှင် မည်မျှလျှော့ရမည် စသောအကြောင်းများ ခွဲခြားမှတ်ထားရေးသားရသည်။

ပေးထားသော တံဆိပ်စက္ကူ၊ ပေးထားသော သံတုံးတံဆိပ်ခတ် ထန်းရွက်များ နှင့်သွင်းသောစာမှသာ ဆိုင်ရာ ဆိုင်ရာက လိုက်နာရန် လက်ခံခွင့်ရသည်။

မဟာဒါန်စာရေး လူပြန်တော်တို့နှင့် အထောက်တော်များပါ ရာဇဌာနီမှာ လိုက်နာပုံအဝေးမြို့ရွာမှာ လိုက်နာပုံကိုလည်း ပြဋ္ဌာန်းရသည်။ သို့ရာတွင် ဆောင်ရွက်ရန် ရာထူးခန့်ထားရန်အကြောင်းမဟုတ်ဘဲ တရားစာသက်သက်အတွက် ဆက်သွင်းသော စာများမှာ တံဆိပ်ခတ်မပါသော်လည်း သာမညပရိပုဏ်၊ ထန်းရွက်၊ စက္ကူများနှင့် အပိုင်းအခြားအကန့်အသတ်မရှိ ရှင်ဘုရင်လက်တော်ထိ ဆက်သွင်းနိုင်သည်။

(၇) ရဟန်းသံဃာတော်တို့ မြို့ရွာအုပ်ချုပ်မှုတွင် ပါဝင်လေ့ရှိပုံ

စကုမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတော်တို့ မေတ္တာရပ်ခံချက်အတိုင်း စကုမြို့စီရင်စု မင်းရွာကို ငစဉ်ရင်က လက်ရှိ ကြီးစိုးမြဲ ကြီးစိုးစေ။

သက္ကရာဇ် ၁၂၃၅-ခုနှစ် ပြာသိုလဆန်း ၁၂ရက်နေ့၊ နာခံတော် သခ်ယာပြန် အမိန့်တော်၊ သစ္စာတော်ခံ သောက်စေ။

အမိန့်တော်အတိုင်း စာပေး ပေးရန် စာနှင့်လျှောက်။

၁၂၃၅-ခု ပြာဆိုလဆန်း ၁၂ရက်နေ့၊ ဝန်ထောက်တော် ပုပ္ပါးဝန်ထောက်မင်းမှတ်၊ စာရေးတော် ငစိုးမင်း။

(၈) သုဓမ္မာဆရာတော်တို့နှင့် မြန်မာအရာရှိတို့ ဆက်ဆံရာ မဟာဒါန်ဝန် မဟာဒါန် စာရေးတို့ လိုက်နာဆောင်ရွက်ရပုံအကြောင်း

တစ်လအတွင်း လေးသီတင်း ပဋ္ဌာန်းအလှူတော်အကြောင်းနှင့် ဆရာတော်တို့ သွင်းစာ ရဟန်းသံဃာတော် စာရင်းယူ၍ ဆွမ်းဆန်လှူတော်စာရင်းအရ ရရှိကြောင်းနှင့် ဆရာတော်တို့ သွင်းစာ သည်စကားတွင် တံဆိပ်ရ ပထမစာချ ဒုတိယစာချ စာချမှတစ်ပါး စာသင်သားရဟန်း သာမဏေများမှာ အားလုံးမှတ်သားရသည်။

တစ်လအတွင်း သိမ်သမုတ်ရန်အတွက် ဝိသုဂါမ မြေစားသနားရသောစာများ တစ်လအတွင်း နိုင်ငံတော်ရှိ ဆရာတော်သံဃာတော်များသို့ အထူးအခွင့်ပေးအပ်သော အရပ်ရပ်စာများ၊ တစ်လအတွင်း ပထမပြန်ရဟန်းသာမဏေတို့ မိဘ ဆွေသား စသည်ကို သဿမေလွတ်ထုတ်ပေးသော အရပ်ရပ်စာများ၊ တစ်လအတွင်း ရဟန်းသံဃာတို့ ဆောင်ယူသွားသော ပစ္စည်းများကို အကောက်အခွန်လွတ်စေရန် ခွင့်ပြုထားသော အရပ်ရပ် အကောက်ဌာနကင်းများသို့ ဆင့်ဆိုသော စာများအားလုံးမှတ်သားရသည်။

http://www.dhammadownload.com

ထိုကဲ့သို့ မှတ်သားရသည်မှာ အမိန့်တော်ပါသည်ထက် တိုး၍ ဆိုးသော ဆရာတော် သံဃာတော်တို့က အကောက်အခွန်ဘက်တွင် နှောင့်ယှက်လေ့ရှိသည့် အတွက် ဖြစ်သည်။ ထိုကဲ့သို့ နှောင့်ယှက်သည့်အခါ ဌာနချုပ်အရာရှိထံ တိုင်တန်းရသည်။ ဌာနချုပ်အရာရှိက သာသနာပြုဆရာတော်ထံ တိုင်တန်းလျှောက်ထားရသည်။ သာသနာပြုဆရာတော်ကလည်း နှောင့်ယှက်မှုတွင် ပါဝင်သော ဆရာတော် သံဃာတော်တို့ကို ကြုပ်တည်းစွာ ဆင့်ဆိုဆုံးမတော်မူရသည်။ သည်ကဲ့သို့ ဆင့်ဆိုသော စာလက်ခံကိုလည်း ဆိုင်ရာဌာနသို့ ပို့ရသည်။

(၉) မဟာသံဃရာဇာ သာသနာပြုဆရာတော်က ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ထံ ပေးစာ

ရတနာပုံ အဓရပူရ ရတနာပုရ ဓေယျာပုရ ဤလေးမြို့အောက် ဧရာဝတီမြစ်စဉ် ဝဲယာရှိ ဂိုဏ်းချုပ် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့။

အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင်မြို့စား ဈေးခွန်တော်ထမ်းတို့ကို မြစ်စဉ် ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့က အဓမ္မတားဆီးကြောင်းများနှင့် လျှောက်ထားရှိသည်ဖြစ်သည်။ ဧရာဝတီမြစ်စဉ် ဝဲယာရှိ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့က သာကိဝင်မင်းသား ဘုရားသားတော်ဖြစ်ကြသည်နှင့်အညီ မင်းဧကရာဇ်လျှောက်ထားသည့် တံဆိပ်စက္ကူ ၁၂ချက်အတိုင်းသာ ဈေးခွန်ထမ်းတို့ကို တရားနှင့်သင့်လျော်အောင် ဟောပြောဆုံးမကြရမည်။

> ဈေးခွန်ထမ်းတို့ကို အဓမ္မတားဆီးကြောင်းများနှင့် ကြားသိရလျှင် ရွှေမြို့တော်သို့ ချခေါ်၍ သုဓမ္မာတော်တွင် ထင်ရှားအောင် အပြစ်စီရင်မည်။
>
> **၁၂၄၇ခု၊ ဝါခေါင်၈လဆန်း ၉ရက်နေ့ သာသနာပြုဆရာတော်အမိန့်။**

(၁၀)သံဃာတော်များ အခွင့်ရပုံ

ဘေးမဲ့ပေးရာဌာနကို အထူးအခွင့်ပေးခြင်း၊ ဘုရင်မင်းမြတ်ထံ မေတ္တာ စာသွင်းခွင့်ရခြင်း၊ မြို့ရွာအုပ်ချုပ်ရာ ပါဝင်ခွင့်ရခြင်းများဖြစ်သည်။

မြန်မာဘုရင်မင်းမြတ်များ ဘေးမဲ့ပေးလေ့ရှိသည်မှာ ရတနာသုံးပါးနှင့်ဆိုင်သော အဆောက်အအုံနယ်မြေအတွင်းမှာသော်လည်းကောင်း နိုးစပ်ရာ ဥပစာမှာသော်လည်းကောင်း ဘေးမဲ့ ပေးလေ့ရှိသည်။

အထူးအားဖြင့်လည်း ဆရာတော်သံဃာတော်တို့ မေတ္တာရပ်ခံချက်မှာ ပါသည့်အတိုင်း ရတနာသုံးပါးနှင့် ဆိုင်သော အဆောက်အအုံနှင့်မနိုးစပ်သော်လည်း တောအရပ်

http://www.dhammadownload.com

ရေတွင်း၊ ရေကန်၊ ထုံးအိုင်၊ ချောင်းများကိုလည်း သတ်မှတ်၍ ဘေးမဲ့ပေးလေ့ရှိသည်။

ဘေးမဲ့ပေးရာပါသော နယ်မြေအတွင်း ကြည်းနေသတ္တဝါ၊ ရေနေသတ္တဝါများကို ဖမ်းယူသတ်ဖြတ်မှုများမှာ ရာဇဝတ်မှုတစ်မျိုးပင် ဖြစ်သည်။ သို့ရာတွင် ဆရာတော်သံဃာတော်များက ဖြစ်စေ၊ စောင့်ရှောက်နေသူလူများက ဖြစ်စေ ပြောဆိုမိန့်ချမ်းသာပေးလိုလျှင် အပြစ်ပေးခွင့်မှ ကင်းလွတ်နိုင်သည်။

(၁၁) ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက်ဆရာတော်တို့ မြို့ရွာအုပ်ချုပ်ရာ ပါဝင်ခွင့်ရပုံ

သာသနာတော်ကျိုး တိုင်းကျိုးပြည်ကျိုး တိုးပွားပြည့်စုံစေရန် နိုင်ငံတော် မြို့ရွာအတွင်း မြို့ရွာအကြီးအအုပ် ပြုလုပ်သူတို့ ဆင့်ဆိုစီရင်ထိန်းသိမ်းစောင့်ရှောက်ပုံအကြောင်းအရာ မြို့ရွာနေ ရှင်လူပြည်သူအပေါင်းကို ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သောအကျိုးအပြစ် ခံစားရပုံ အကြောင်းအရာများကို ဟုတ်မှန်သည့်အတိုင်း ရွေနားတော်မြတ် မပြတ် ကြားသိတော်မူရအောင် အနီးအဝေး မြို့ ကျေးရွာများမှာ သီတင်းသုံးနေသည့် ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက် ဆရာတော် သံဃာတော်တို့ထံ လျှောက်စာရေးသား၍ တံဆိပ်ခတ် စက္ကူနှင့်တကွ ပို့အပ်လျှောက်ထားစေ။

မြို့ရေး ရွာမှုနှင့်စပ်၍ ထုတ်ပြန်ပိုင်းခြားတော်မူသမျှ အမိန့်တော် ဥပဒေများကိုလည်း ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက်ဆရာတော်တို့ သိစေရန် ပေးပို့စေ။

ဘုရားအမိန့်တော်မြတ် ဦးထိပ်ထက် ဆင်ရွက်ရသည့်အတိုင်း မြို့ဝန်၊ အရာရှိ၊ မြို့ရွာအကြီးအအုပ် ပြုလုပ်သူတို့ အမိန့်တော်ဥပဒေနှင့် မညီမညွတ်သည်ကို ကြားသိလျှင် ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက် ဆရာတော်တို့က ဥပဒေနှင့်ညီညွတ်အောင် ဟောပြောဆုံးမသြဝါဒပေးတော်မူပါမည့်အကြောင်း။

ဆုံးမသြဝါဒပေးရာ မနာယူ အမိန့်တော် ဥပဒေနှင့်ညီညွတ်အောင် မပြုလုပ်သည့် မြို့ဝန်အရာရှိ အကြီးအအုပ်တို့ကို တံဆိပ်ခတ် စက္ကူလွှာတွင် မေတ္တာစာရေးသားဆက်သွင်းပါမည့်အကြောင်းများနှင့် တံဆိပ်ခတ် စက္ကူမြို့ရေးရွာမှုနှင့် စပ်သည့်အမိန့်တော် ဥပဒေများကို ရွှေမြို့တော်သို့ ကြွလာသည့် ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက် ဆရာတော်သံဃာတော် ၄၅-ပါးတို့နှင့် အပေ မြို့ရွာရှိ ဂိဏ်းချုပ် ဂိဏ်းအုပ် ဂိဏ်းထောက်

http://www.dhammadownload.com

ဆရာတော် သံဃာတော်တို့ထံ လျှောက်ထားကပ်လှူပေးပို့ရှိသည်ဖြစ်၍ မှာစာပေးအပ်လိုက်သည်။

အမိန့်တော် ဥပဒေနှင့် မညီညွတ်၍ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော် သံဃာတော်တို့က မည်သည့်အမှုတွင် မည်သည့်အချက်မှာ အမိန့်တော် ဥပဒေနှင့်မညီ ကျူးလွန်မသင့်လျော်ကြောင်း ဟောပြော ဆုံးမ ဩဝါဒပေးလျှင်လည်း ဆုံးမဩဝါဒပေးရာ နာခံ၍ အမိန့်တော် ဥပဒေနှင့် ညီညွတ်အောင် ထမ်းရွက်ရမည်။

၁၂၄ဖခု၊ တပေါင်းလဆုတ် ၁၃ရက်နေ့ လွတ်တော်က စတုတ္ထဌာန တောင်တွင်းကြီး ခရိုင်ဝန်သို့ ပေးစာဖြစ်သည်။

(၁၂) သာသနာပြုဆရာတော်အား သာသနာရေးသာသနာမှူ၌ အပ်လွှဲပုံ

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော သာသနဒါယကာ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးဘုရား။

"ဉာဏဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု" ဆရာတော်ကို ရွှေမြို့တော်မှ စ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် သံဃာတော်တို့တွင် စီရင်ဆုံးမရန် ရှိသမျှ သာသနာတော်ရေးကို ဝိနည်းဓမ္မကွန်နှင့်အညီ စီရင်ဆုံးမစိမ့်မည်၊ သာသနာပြုအပ်တော်မူသည်။

"ဉာဏဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု"ဆရာတော်က သာသနာတော်ရေးနှင့် စပ်သမျှ စီရင်ဆုံးမရန်ရှိသည်များကို တစ်ဝတည်း ထိန်းသိမ်းအုပ်ချုပ်စီရင်ဆုံးမတော်မူစေ။

အရပ်ရပ်ပင့်ခေါ်ရန် ရှိသည်ကိုလည်း မဟာဒါန်ဝန်ကို ဆရာတော်က ဆင့်၍ မဟာဒါန်ဝန်က လွတ်တော်မှာ စာရင်းတင်သွင်းပြီးလျှင် မြို့စား ရွာစား ဆိုင်ရာ ဆင့်ဆို၍ ကြေးငွေမကုန်မကျစေရ၊ ပင့်ခေါ်စေ။

သက္ကရာဇ် ၁၁၄၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်နေ့ သုဓမ္မာစရပ်တော်မှာ ရွှေမြို့တော်ပတ်လည် သံဃာတော်အစည်းအဝေးတွင် အတွင်းသေနာပတိ၊ အပြင် သေနာပတိ အစုံအညီ ပွဲသဘင်၌ အမိန့်တော်စာကို ဗဲနီ ရွှေဖျင်အိတ်နှင့် ထည့်ပြီးလျှင် ရွှေသားကလပ်ထက် တင်ဆောင်၍ ရွှေနားခံတော်ကြီး ဖတ်သည်။

http://www.dhammadownload.com

(၁၃) မဟာဒါန်ဝန် မဟာဒါန်ဝန်စာရေးတို့က လွတ်တော်မှာ အစီရင်ခံရာ လိုက်နာရပုံ

ရေစကြီဆရာတော် ဦးဂန္ဓ၊ ရွှေကျင်ဆရာတော်ဦးဇာဂရ၊ မိုးကောင်းဆရာတော် ဦးဂန္ဓမာတို့ ရွှေမြို့တော်မှ ထွက်ခွာကြရခြင်း

သာသနာပြု သာသနာပိုင် ဆရာတော်ဦးညေယျ ပြန်လွန်တော်မူသည့်နောက်-

- တိုက်တော်ခေါ် သာသနာပိုင်တိုက်ကို ပရက္ကမဆရာတော်အား အပ်နှင်းရာ သုဓမ္မာက ခေါ်သည်ကို မလိုက်သည့်ပြင် 'ကေသရာဇာ ခြေသုံ့မင်းနေရာမှာ သိဂ်ါလ ဝင်၍ နေဘိသကဲ့သို့' စသည် ဆိုမှုများနှင့် ဦးဂန္ဓစသော စာချုပ်ဂိုလ်အချို့တို့ကို ရွှေမြို့တော်မှ နှင်ထုတ်၍ ဦးဂန္ဓရေစကြီသို့ ကြွရသည်။
- ၎င်းနောက် ၁၂၃၉-ခုနှစ်တွင် ရွှေကျင်ဆရာတော်သည် သုဓမ္မာကို မလေးမခန့် ပြု၍ အောက်နိုင်ငံသို့ ကြွရသည်။
- သီပေါဘုရင်မင်းမြတ်လက်ထက် မိုးကောင်းဆရာတော်ဦးဂန္ဓမာသည် သုဓမ္မာကို မထီလေးစားပြု၍ အောက်နိုင်ငံဟင်္သာတသို့ ကြွရသည်။

မဟာဒါန်ဝန် အစီရင်ခံချက်အရ လွတ်တော်က ရှေ့ရုံးသို့ မြို့ဝန်မင်းများထံ ဆင့်သည်၊ မြို့ဝန်မင်းများက ထောင်မှူး ထောင်စာချုပ်များနှင့် ရာဇဝတ်ဘက်က ဆောင်ရွက် နည်းကို လိုက်နာရသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ရှေးမြန်မာဘုရင်အစိုးရမင်းများ လက်ထက်အခါက သာသနာရေး၊ သာသနာမှူဌ် စောင့်ရှောက်ကူညီဆက်ဆံပုံ အကြောင်းခြင်းရာကို နောက်သား နောင်လာဗုဒ္ဓဘာသာ မြန်မာအမျိုးသားတို့မှာ သက္ကရာဇ် ၁၂၄၇-ခုနှစ်က စ၍ မြန်မာမင်းတို့ အုပ်စိုးခြင်း ပြတ်လာသဖြင့် မသိနိုင်ကြရာ သို့အတွက် မြန်မာမင်းများ သာသနာရေး သာသနာမှူဌ် ကူညီစောင့်ရှောက်ဆက်ဆံပုံအကြောင်းအရာ မကွယ်ပျောက်စိမ့်သောငှာ မြန်မာမင်းများလက်ထက်တွင် အမှုတော်ထမ်းဆောင်ခဲ့ဖူး၍ ကိုယ်တွေ့ မျက်မြင်ရှိသော သူများထံမှ မေးမြန်း၍လည်းကောင်း၊ မှတ်တမ်း-ပုရပိုက်-ပေ-စက္ကူ-ဘုတ်များမှ ကူးယူ၍ လည်းကောင်း ထည့်သွင်းဖော်ပြလိုက်သည်။

ယခုအခါမြန်မာမင်းများကို သိမီသူတစ်စတစ်စ နည်းပါးလာလေပြီ၊ သိမီသူပင် အတော်များသေးသော်လည်း မြန်မာမင်းများလက်ထက်အခါက ဖြစ်ပျက်သော အကြောင်းအရာကို ဆည်းပူးအားထုတ်၍ အမှတ်အသား ထားခဲ့သော တိုင်းရေးပြည်ရေး ဗဟုသုတ၊ သာသနာရေးဗဟုသုတရှိသူ ရှင်ကြီး လူကြီးများပင် အလွန်နည်းပါးလျက်ရှိချေပြီ၊ ရှေးမိနောက်မိရဟန်းတော်ကြီးများ လူပုဂ္ဂိုလ်ကြီးများရှိသေးသည့်အခိုက် ယခုအခါက မြန်မာမင်းများလက်ထက် ဖြစ်ပျက်ခဲ့သော မြို့ရေး ရွာရေးသာသနာရေး အကြောင်းအရာများကို မေးမြန်း၍ အဆက်မပြတ်စေခြင်းငှာ ဘုတ် ပုရပိုက်စက္ကူပေများ၌ ရေးသား၍ မှတ်ထားရန် သင့်လျော်လှ၏။

မိခင်ဇရာဝတီ

http://www.dhammadownload.com

(၁၄) မြန်မာမင်းများလက်ထက် သိမ်မိန့်ပေးပုံ

လျှောက်ရင်းပါ မြေအပိုင်းအခြားကို ဝိသုဂါမ မြေစားသနားတော်မူသည်။ အခွန်အတုတ်ကို ရှေးအရိုးအစဉ်ရှိသည့်အတိုင်း မှန်အောင် စစ်ကြော၍စား။ ဟူ၍လည်းကောင်း

ဝိသုဂါမမြေစားအသနားခံစေ၊ အခွန်အတုတ်ကို ရှေးအရိုးအစဉ်ရှိသည့်အတိုင်း မှန်အောင်စစ်ကြော၍စား။

ဟူ၍လည်းကောင်းပေးကြသည်။ [ကျမ်းဂန်နှင့်ညီညွတ်၏။]

မန္တလေးရတနာပုံကို အင်္ဂလိပ်မင်းတို့ သိမ်းယူခါစအခါကလည်း မြန်မာမင်းတို့ ပေးသော အမိန့်စာပုံစံအတိုင်း လိုက်၍ အင်္ဂလိပ်အရေးပိုင်များလည်း သိမ်မိန့်ပေးကြသည်။

၁၂၄၈-ခုနှစ် မန္တလေးအရေးပိုင်စံကျောင်းတိုက်သို့ လာရောက်ရာ မြန်မာမင်းပေးထားသော စံကျောင်းတိုက် ဝိသုဂါမ သိမ်အမိန့်တော်စာကို ပြ၍-

"ဤစာအတိုင်း ဘုရင်မအမိန့်စာခံ ပေးစေလိုကြောင်း"

ကို စံကျောင်းဆရာတော်ဘုရားကြီးက အမိန့်တော်ရှိလျှင် မန္တလေးအရေးပိုင်နှင့် ငွေတိုက်ဝန်ထောက်တို့ ငင်းစာကို ဖတ်ကြည့်ပြီး သကာလ-

"မြန်မာမင်းတို့ ပေးလှူထားသည်ကို ကျွန်ုပ်တို့ ဖျက်ဆီးသောဓလေ့ထုံးစံမရှိ၊ ကျွန်ုပ်တို့ကလည်း မြန်မာမင်းများပေးလှူသည့်အတိုင်း ထပ်မံ၍ ပေးပါ၏။ ကျွန်ုပ်အရေးပိုင်ဖြစ်၍ ကျွန်ုပ်ပေးသည်နှင့်အရှင်ဘုရင်မဲ့ ပေးခြင်း အထူးမရှိဖြစ်၍ အရှင်ဘုရင်မထံ စာခံဖွယ် မရှိကြောင်း"

လျှောက်ထားဖူးသည်။

၁၂၅၁ခုနှစ်တွင် မန္တလေးမြို့ အရေးပိုင်လည်း အထက်ပါ စကားအတိုင်း တောင်တော်သာသနာပိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထားဖူးသည်။

(၁၅) မင်းမှတစ်ပါး အခြားသူတို့ထံမှ ရသော ဝိသုဂါမအဆုံးအဖြတ် ၁၂၈၉ ခု ကဆုန်လဆန်း ၂ ရက် နေ့စွဲနှင့် ပျဉ်းမနားမြို့ ပုခန်းကျောင်းနေ စာချုဘုန်းတော်ကြီး ဦးအာဒိစ္စထံမှ အောက်ပါအမေး ရောက်လာသဖြင့် ငါတို့ရေးသားသော အဖြေဝိနိစ္ဆယ

အမေးရောက်လာပုံမှာ-

ယခု အစိုးရတို့က အချို့သော ရဟန်းတော်များကို သိမ်မိန့်ကျောင်းမိန့် ပေးထားကြပါသည်။ ငင်းအမိန့်ရသူ ရဟန်းတော်ထံ လူကဖြစ်စေ၊

http://www.dhammadownload.com

ရဟန်းကဖြစ်စေ သိမ်မိန့်တောင်းယူရာ အမိန့်ပေးခွင့်ရသူ ရဟန်းတော်က ဒူးတိုင် နယ်ခြား သတ်မှတ်ခြင်းမပြုဘဲ မည်သည့်ရပ်ကွက်အတွင်း အလိုရှိရာ နေရာမှာ ဝိသုဂါမ သိမ်သမုတ်ရန် ခွင့်ပြုလိုက်သည်ဆို၍ သိမ်မိန့်ပေးပါသည်။ ၎င်းသိမ်မိန့်ကို ဝိသုဂါမဖြစ်ထိုက်သည် ဆုံးဖြတ်၍ ပကတိ ဂါမကို မသုတ်သင်ဘဲ သိမ်သမုတ်ခဲ့ပါလျှင် ယထာဓမ္မကျ၊ မကျကို အသေအချာ သိလိုပါသည် ဆရာတော်ဘုရား။

ဟု ရောက်လာသည်။

ယမ္မိ ဇတသ္မိ ယေဝ ဂါမခေတ္တေ ဇကဲ ပဒေသဲ အယဲ ဝိသုဂါမော ဟောတူတိ ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ သောဝိသုဂါမသိမာ ဟောတိ ယေဝ။[1]

ဟူသောအဋ္ဌကထာ၌ ရွာသီး ရွာခြား နယ်သီး နယ်ခြားပြု၍ သူကြီးတစ်ပိုင် ခန့်အပ်ပေးပိုင်သော 'ရာဇာ'ဟူသောကတ္တားပုဒ် နိတတ္တအထင်အရှားပါရှိသဖြင့် မင်းသည်သာ ဝိသုဂါမ ပေးနိုင်သောသူဟူ၍ မှတ်ယူအပ်၏။ မင်းမှတစ်ပါး အခြားသော ရဟန်းရှင်လူများမှာ ရွာသီး ရွာခြား နယ်သီး နယ်ခြား ရွာနယ် ဒိုင်နယ် တိုက်နယ် ခွဲခြား၍ ဂါမဘောဇက ရွာသူကြီးတစ်ပိုင်က ပိုင်းခြားသတ်မှတ်၍ ပေးခြင်းငှာ အာဏာ မရှိသောကြောင့် ဆင်းရဲသားရဟန်းရှင်လူများနှင့် ဝိသုဂါမပေးဖို့ရန် ဘာမျှမဆိုင်လေ။

'ရာဇာ'ဟူသော ကတ္တားပုဒ်၌ ရာဇာအရကို ရေမြေကို စိုးပိုင်သော 'ပထဝိသရမင်း' ကိုလည်း ယူကြ၏။ (အခွန်ကို စိုးပိုင်သူမင်းဟူလို) ရေမြေကို စိုးပိုင်သော်လည်း ခတ္တိယမုဒ္ဓါဘိသေကမင်းမှ ယူရမည်ဟူ၍လည်း အဆိုရှိ၏။ ဆဇ္ဇ ဘဇ္ဇ ခွဲဖောက်သတ်ဖြတ်ခြင်းငှာ စွမ်းနိုင်သော အာဏာတန်ခိုးရှိသောမင်းကို ယူရမည်ဟူ၍လည်း အဆိုရှိ၏။

ယခုအခါ မြန်မာနိုင်ငံကို စိုးအုပ်လျက်ရှိသော ဂျော့ဘုရင်သည် ခတ္တိယဗုဒ္ဓါဘိသက်ခံ၍ ရေမြေကို စိုးပိုင်သဖြင့် ၎င်းဂျော့ဘုရင်ကို ယူရလိမ့်မည်။

၎င်းဂျော့ဘုရင်၏ အာဏာ လွှဲအပ်ခံရသူ မြန်မာနိုင်ငံ ဘုရင်ခံကိုလည်း ယူနိုင်၏။ ၎င်းဘုရင်ခံမှ တစ်ဆင့်အာဏာရှိသူ ခရိုင်မင်းကြီးအရေးပိုင်အထိ ယူနိုင်သေး၏။ (၎င်း အရေးပိုင်မှာ ဝိသုဂါမပေးပိုင်သော အာဏာရှိသည်ဟူ၏၊) ၎င်း ခရိုင်မင်းကြီးနှင့် အရေးပိုင်မှာ ရွာသီး ရွာခြား နယ်သီး နယ်ခြား တိုက်နယ် ဒိုင်နယ် ရွာသူကြီးတစ်ပိုင် ခွဲခြားသတ်မှတ်၍ ဂါမဘောဇက ရွာစား ရွာသူကြီး ခန့်အပ်ပေးပိုင်သော အာဏာရှိပြီးဖြစ်သည်။ ပကတိဂါမကို ခွဲခြားပေးပိုင်သော သူမှသာ ဝိသုဂါမပေးနိုင်မည်ကို

၁။ မဟာဝါ အဋ္ဌကထာ ၃၃၃။

http://www.dhammadownload.com

သိရာ၏။ (ဝိသုဂါမ ဟူသည်မှာလည်း ရွာသီး ရွာခြား နယ်သီး နယ်ခြား သူကြီးတစ်ပိုင်ပင် ဖြစ်သည်။)

(၁၆)ဝိသုဂါမ ပေးပိုင်ခွင့်မရှိသော ပုဂ္ဂိုလ်များ

အရေးပိုင်အောက် ဝန်ထောက်မြို့အုပ်စသော သူတို့မှာ ရွာနယ်ခွဲခြား၍ ပေးနိုင်သော အာဏာမရှိလေ၊ ထို့ကြောင့် ဝန်ထောက်မြို့အုပ် စသော အောက်လူတို့ ဝိသုဂါမ မပေးပိုင်ပေ၊ ရွာသီး ရွာခြား မပြုနိုင်လေ ဟူလို၊ ထိုသို့ မပြုနိုင်သော သူတို့ထံမှ ရအပ်သော အမိန့်စာဖြင့် ဝိသုဂါမ မမြောက်ထိုက်၊ ရွာသီး ရွာခြား မဖြစ်ထိုက်။

ဝိသုဂါမပေးပိုင်သော မင်းသော်လည်း အမှုမဲ့ အမှတ်မဲ့ အမှတ်အသား အပိုင်းအခြားမရှိ၊ အလိုရှိရာ တစ်စုံတစ်ရာသော နေရာရပ်ကွက်၌ ဝိသုဂါမပြုလေတော့ ရွာသီး ရွာခြား ပြုလေတော့ စသည်ဖြင့် အမိန့်ပေးရုံမျှနှင့် ဝိသုဂါမ မမြောက်ထိုက်သည်၏ အဖြစ်ကို ပြလိုသော အဋ္ဌကထာဆရာသည် 'ပရိစ္ဆိန္နိတွာ'ဟူသော ပုဗ္ဗကာလကြိယာဝိသေသန ပုဒ်သီးကို မိန့်တော်မူလျက်ရှိရကား သေချာစွာ ပိုင်းခြားသတ်မှတ်၍ ပေးသော်သာ ဝိသုဂါမ မြောက်ထိုက်သည်ကို သိရာ၏။

ယခုအခါ အချို့သော ရဟန်းတော်များက အစိုးရထံသို့ သွား၍ သိမ်မိန့် ကျောင်းမိန့် ပေးနိုင်ရန် အခွင့်လက်မှတ် တောင်းယူကြပြီးလျှင် တစ်ဆင့်သိမ်သမုတ်ရန် အမိန့်ထုတ်ပေးကြသည်ဆိုသည်မှာ ၎င်းတို့၌ ပကတိဂါမကို သီးခြားပြု၍ သတ်မှတ်ပိုင်းခြားနိုင်သော အာဏာမျိုး တစိုးတစိမျှ မရှိသဖြင့် ဝိသုဂါမ ပေးခြင်းသည် ၎င်းတို့နှင့် ဘာမျှမဆိုင်၊ ၎င်းတို့၏အမိန့်မျိုးကို လူတကာပင် ပေးနိုင်လိမ့်မည်။ သို့အတွက် ၎င်းတို့၏ အမိန့်သည် ဝိသုဂါမ မဖြစ်နိုင်သဖြင့် ပကတိဂါမကို မသုတ်သင်ဘဲ ငါတို့ သိမ်မသမုတ်နိုင်၊ မသမုတ်လို သမုတ်ကြသူရှိက ယထာဓမ္မကျနသည်ဟု မဆိုနိုင်။

၎င်းတို့၏ အမိန့်မျိုးနှင့် သိမ်သမုတ်ခြင်းသည် ထုံးမမှီ စံမမျှ အရိုးမကျ သက်သေမရ ရှိလေသည်။

သက်သေမရပုံကား သာသနာကို အသက်ပမာ ချစ်ခင်ရိုသေကြည်ညိုလှသော ရှေးရှေးသော မြန်မာဘုရင် ဧကရာဇ်မင်းများလက်ထက် အခါက မည်သည့်မင်းသည် မည်သည့်သာသနာပိုင် မည်သည့်ဆရာတော် သံဃာတော်ကို ၎င်းအမိန့်မျိုး လွှဲအပ်

http://www.dhammadownload.com

ထားဖူးသည်ဟူ၍လည်း ထုံးမရှိ၊ ပုံစံမရ၊ ၎င်းအမိန့်မျိုးနှင့် မည်သည့်ဆရာတော် သံဃာတော်များသည် မည်သည့်သိမ်ကို သမုတ်ခဲ့ကြဖူးသည် ဟူ၍လည်း သက်သေ မရ ဖြစ်လေသည်။

ယထာဓမ္မ ကျနမူကား-

သာသနာပိုင် ဆရာတော်က ဖြစ်စေ တံဆိပ်တော်ရ ဆရာတော်တစ်ပါး၊ပါးက ဖြစ်စေ ရေမြေရှင် ဘုရင်ဧကရာဇ်မင်းတို့ထံမှ ၎င်းအမိန့်မျိုးကို တောင်းယူထားပြီးလျှင် ၎င်းအမိန့်မျိုးရရှိပြီးသော ဆရာတော် သံဃာတော်တို့က သိမ်သမုတ်ရန်အတွက် ဝိသုဂါမ ခံလာသူတို့အား အမိန့်ထုတ်ပေး၍ သိမ်သမုတ်စေရာ၏။ ယင်းသို့လည်း မည်သည့်ဆရာတော်မှ ၎င်းအမိန့်မျိုးကို တောင်းယူသည် ဟူ၍လည်းမရှိ၊ အမိန့်ထုတ်ပေး၍ သိမ်သမုတ်သည် ဟူ၍လည်း မရှိလေ။ ထိုကဲ့သို့ အစဉ်အလာမရှိခြင်းသည် ယထာဓမ္မမကျန၍သာ လုပ်ရိုးလုပ်စဉ်မရှိသည်ဟူ၍လည်း မှတ်ယူထိုက်သေး၏။

[စကားအလျဉ်းသင့်၍ ထည့်သွင်းလိုက်သည်။]

(၁၇) သာသနာစောင့် မထေရ်ဆက်

အရိမဒ္ဒနာမည်သော ပုဂံပြည်၌-

(၁) အရှင်အရဟံမထေရ်အမှူးရှိသောဂိုဏ်း၊

(၂) ဥတ္တရာဇီဝမထေရ် ဆပွဒမထေရ်တို့ အမှူးရှိသောဂိုဏ်း၊

(၃) သီဝလိမထေရ်အမှူးရှိသောဂိုဏ်း၊

(၄) အာနန္ဒာမထေရ်အမှူးရှိသောဂိုဏ်း၊

(၅) တာမလိန္ဒမထေရ်အမှူးရှိသောဂိုဏ်း။

ဟူ၍ ငါးဂိုဏ်းရှိလေသည်။ ထိုငါးဂိုဏ်းသော မထေရ်တို့က စ၍ မန္တလေးရတနာပုံနေပြည်တော်တိုင်အောင် မထေရ်အဆက်ဆက် သာသနာတော်ကို ဆောင်တော်မူခဲ့ကြလေသည်။

ထိုပုဂံပြည်၌ တည်ရှိသော ငါးဂိုဏ်းမှစ၍-

- ဝိဇယပုရမည်သောပန်းရပြည်
- ဇေယျာပုရမည်သောစစ်ကိုင်း
- ရတနာပုရမည်သော အင်းဝပြည်

၎င်းသုံးပြည်၌ သာသနာအစဉ်ရောက်လာပုံ မထေရ်အဆက်ဆက်ကား-

သရေခေတ္တရာပြည် စောရန်နောင်မင်းလက်ထက် ပြဆိုအပ်ခဲ့ပြီးသော ပရက္ကမမထေရ်တို့၏ အနွယ်ဖြစ်သော သာရဒဿီမည်သော မထေရ်ဟု ရှိ၏။

http://www.dhammadownload.com

ထိုသာရဒသီမည်သော မထေရ်၏ အန္တေဝါသိက တပည့်ဖြစ်သော သဒ္ဓမင်္ဂတိမထေရ်၊ ထိုသဒ္ဓမင်္ဂတိမထေရ်၏ တပည့်တို့သည်ကား အရိယဝံသမထေရ် မဟာသာမိမထေရ်တို့တည်း။

ထိုနှစ်ပါးတို့တွင် မဟာသာမိမထေရ်သည် သီဟိုဠ်သို့ သွား၍ သီဟိုဠ်ကျွန်းမှ ရဟန်းငါးပါးနှင့်တကွ သဒ္ဓမ္မစာရီမည်သော မထေရ်ကို ပင့်ဆောင်ခဲ့၍ သရေခေတ္တရာပြည်မှာပင် သီဟိုဠ်အနွယ်အဆက် သာသနာကို ပွားစေ၍ နေလေသည်။

ထိုမဟာသာမိ မထေရ်၏ တပည့်ဖြစ်သော အတုလဝံသ မထေရ်သည် အရပ်လေးမျက်နှာတို့၌ လှည့်လည်၍ ပရိတ္တိကို သင်ယူပြီးလျှင် သရေခေတ္တရာပြည်မှာပင် သာသနာတော်ကို ချီးမြှောက်၍ နေ၏။

ထိုအတုလဝံသမထေရ်၏ တပည့်ဖြစ်သော ရတနရံသီမထေရ်သည် ပရိယတ္တိ၌ ရဲရင့်ခြင်းသို့ ရောက်၍ သရေခေတ္တရာပြည်မှာပင် သာသနာကို ချီးမြှောက်၍နေ၏။

ထိုရတနရံသီမထေရ်၏ တပည့်ဖြစ်သော အဘိသင်္ကေတမထေရ်သည်လည်း ပရိယတ္တိ၌ ရဲရင့်၍ သရေခေတ္တရာပြည်မှာပင် သာသနာကို ချီးမြှောက်၍နေသည်။

ထိုအဘိသင်္ကေတမထေရ်၏ တပည့်ကား မုနိန္ဒယောသမထေရ်ဟု ရှိလေသည်။ သက္ကရာဇ် (၉၇၀)ကိုးရာခုနစ်ဆယ်ပြည့်သောအခါ အနောက်ဖက်လွန်မင်းတရားကြီးသည် သရေခေတ္တရာကို အောင်၍ နန္ဒယောဓအမတ်နှင့် မုနိန္ဒယောသမထေရ်ကို ပင့်ဆောင်ခဲ့ပြီးလျှင် ရတနာပုရမည်သော အင်းဝ၌ သီတင်းသုံးနေစေသည်။

(၁၈) တောင်ဖီလာ ဥပါလိ

ထိုမုနိန္ဒယောသမထေရ်သည် သာမဏေအမည်အားဖြင့် 'မုနိန္ဒယောသ'မည်၏။ ရဟန်းခံပြီးနောက် ဦးရီးဖြစ်သော မထေရ်၏အမည်အားဖြင့် 'ဥပါလိ'ဟု အမည်တွင်၏။ မင်းပေးအပ်သော အမည်အားဖြင့် 'တိပိဋကာလင်္ကာရ'အမည်တော်ရှိ၏။ ထိုနောက် တောင်ဖီလာတောင် တောရကျောင်း၌ သီတင်းသုံးတော်မူသောကြောင့် 'တောင်ဖီလာဆရာတော်'ဟု ကျော်ကြား၏။[၁]

ထိုဆရာတော်သည် သက္ကရာဇ် (၁၀၀၀)တစ်ထောင်ပြည့်နှစ်ရောက်သောအခါ အသက်တော် (၆၀)ခြောက်ဆယ်ရှိပြီး၍ တောင်ဖီလာတောရကျောင်းမှာ သီတင်းသုံးနေတော်မူ၏။

ထိုဆရာတော်သည် သာမဏေဖြစ်စဉ်က ရှမ်းဇလုံဘေးကြောင့် ရတနာပုရအင်းဝမှ ထွက်ပြေးတိမ်းရှောင်၍ ဇေယျဝဟုနတိုင်း ကေတုမတီပြည် တောင်ငူမြို့၌ 'တိသာသနဓဇမထေရ်'၏ တပည့်ဖြစ်သော 'ဓမ္မရာဇဂုရုမထေရ်'၏ အထံ၌ ကျမ်းဂန်

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၆၄၊ ၅။

http://www.dhammadownload.com

ကို သင်ကြားသဖြင့် ပါဠိအဋ္ဌကထာဋီကာတို့၌ အလွန်ပင်ရဲရင့်တော်မူသည်။

တောင်ဖီလာဆရာတော်၏တပည့်-

- အမြင့်မြို့၌ နေသောမဟာတိဿမထေရ်၊
- ထိုမဟာတိဿမထေရ်၏တပည့် ရေမိန်ရွာ၌နေသော စန္ဒမထေရ်၊
- ထိုအရှင်စန္ဒမထေရ်၏တပည့် ဂုဏသိရိမထေရ်၊
- ထိုအရှင်ဂုဏသိရိမထေရ်၏တပည့် ကလျာဏဓမ္မထေရ်၊

ထိုကလျာဏဓမ္မထေရ်သည် ပဒုံမြို့မောင်းထောင်ရွာ၌နေ၍ ပရိယတ္တိကို ချပို့တော်မူ၏။ ထိုအရှင်ကလျာဏဓမ္မထေရ်၏တပည့်တို့သည်-

- အရှင်ဣန္ဒောဘာသ မထေရ်၊
- အရှင်ကလျာဏစက္ခုမထေရ်၊
- အရှင်ဝိမလာစာရမထေရ်၊
- အရှင်ဂုဏသာရမထေရ်၊
- အရှင်စန္ဒသာရမထေရ်၊
- အရှင်ဝရဇသိမထေရ်၊
- အရှင်ဂုဏသိရိမထေရ်၊

တို့ ဖြစ်ကြသည်။ ထိုမထေရ်တို့သည် အရှင်ကလျာဏဓမ္မထေရ်ကြီး၏အထံမှာပင် နေ၍ ပရိယတ္တိကို သင်ကြားသဖြင့် ပရိယတ္တိ၌လိမ္မာတော်မူကြကုန်၏။ ထိုကလျာဏဓမ္မထေရ်ကြီး၏တပည့်ဖြစ်သော အရှင်ဓမ္မဓရမထေရ်သည်လည်း ပဒုံမြို့မှာပင်နေ၍ သာသနာတော်ကို ချီးမြှောက်တော်မူ၏။

ထိုကလျာဏဓမ္မထေရ်ကြီး၏တပည့်အပေါင်းတို့တွင် အရှင်ဂုဏသိရိမထေရ်သည် အမရပူရမည်သော မန္တလေးတောင်မြို့ကို အစတည်ထောင်ဖန်ဆင်းသော ဘိုးတော်ဘုရားမင်းတရားကြီး (ဦးဝိုင်း)လက်ထက်၌ 'ဂုဏာဘိလင်္ကာရ သဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော မင်းလှူတံဆိပ်တော်ကို အလှူခံ၍ အောင်မြေဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူရ၏။ မင်းအိုဆရာတော်ဟု ကျော်ကြား၏။

ထိုဂုဏသိရိမထေရ်၏ တပည့်မှာ 'ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' အမည်ရှိသော **မောင်းထောင်သာသနာပြုဆရာတော်**တည်း။

'ဂုဏာဘိလင်္ကာရသဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' မည်သော မင်းအိုဆရာတော်ကြီး၏သာလျှင် တပည့်ဖြစ်သော 'တိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိ ရာဇဂုရု' မည်သော မထေရ် ထိုတိပိဋကာလင်္ကာရ မဟာထေရ်၏တပည့် 'သူရိယဝံသာဘိ သိရိပဝရာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' အမည်ရှိသော မထေရ်သည် အမရပူရမြို့ကို [illegible] တည်ထောင်ဖန်ဆင်းသောမင်း၏လက်ထက်၌ သာသနာပြုဆရာတော်ဖြစ်တော်

http://www.dhammadownload.com

မူသည်။ သဲအင်းသာသနာပိုင်တည်း။

ထိုသဲအင်းသာသနာပြုဆရာတော်၏ တပည့်ဖြစ်သော 'ဥယျဓမ္မာဘိဝံသ မုနိဝရဉာဏကိတ္တိ သိရိပဝရလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု'အမည်ရှိသော မထေရ်သည် အမရပူရမြို့ကို ဒုတိယဖန်ဆင်းတည်ထောင်သော မင်း၏ လက်ထက်က စ၍ သာသနာပြုဆရာတော်ဖြစ်ပြီးလျှင် မန္တလေးရတနာပုံနေပြည်တော်ကြီးကို အစ တည်ထောင်ဖန်ဆင်းတော်မူသော ပဋ္ဌမသံဂါယနာတင် မင်းတုန်းမင်းကြီး၏ လက်ထက်မှာလည်း သာသနာပြုဆရာတော်ဖြစ်သည်။ 'သာသနာပိုင် ဦးဥယျတည်း'။

ထိုသာသနာပြုဆရာတော်ဦးဥယျသည် မောင်းထောင်သာသနာပိုင်၏ တပည့်လည်း ဖြစ်သည်။ အရှင်ဝရဇသီ မထေရ်၏ တပည့်လည်း ဖြစ်သည်ဟု အဆိုရှိ၏။

(၁၉)တစ်နည်း–သာသနာစောင့် မထေရ်ဆက်

တစ်နည်းသာသနာစောင့် မထေရ်ဆက်ကား–

ပုဂံပြည်ဆပွဒမထေရ်၏ အနွယ်ဖြစ်သော သဒ္ဓမ္မကိတ္တိမထေရ်သည် ဇေယျပုရမည်သော စစ်ကိုင်းသို့ကြွလာပြီးလျှင် မဟာအရီယဝံသမထေရ်၏ အထံ၌ ပရိယတ်ကို သင်ယူ၍ တတ်မြောက်သောအခါ ဇေတဝန်ကျောင်းမှာနေ၍ ပရိယတ်ကို ချပို့ပြီးလျှင် သာသနာကို ချီးမြှောက်၏။

- ထိုသဒ္ဓမ္မကိတ္တိမထေရ်၏ တပည့် တိသာသနဓဇမထေရ်
- ထိုတိသာသနဓဇမထေရ်၏ တပည့် ဓမ္မရာဇဂုရုမထေရ်
- ထိုဓမ္မရာဇဂုရုမထေရ်၏ တပည့်မုနိန္ဒဃောသမထေရ် တောင်ဘီလာဆရာတော်

တည်း။

- ထိုမုနိန္ဒဃောသမထေရ်၏ တပည့် မဟာတိဿမထေရ်
- ထိုမဟာတိဿမထေရ်၏ တပည့် စန္ဒပညာမထေရ်
- ထိုစန္ဒပညာမထေရ်၏ တပည့်ဂုဏသိရိမထေရ်
- ထိုဂုဏသိရိမထေရ်၏ တပည့် 'ဉာဏဓဇမထေရ်'
- ထိုဉာဏဓဇမထေရ်၏ တပည့် 'ဓမ္မဓရမထေရ်'
- ထိုဓမ္မဓရ မထေရ်၏ တပည့် 'ဣန္ဒောဘာသမထေရ်'

ထိုဣန္ဒောဘာသမထေရ်မှစ၍–

- ကလျာဏစက္ခုမထေရ်
- ဝိမလစာရမထေရ်
- ဂုဏသာရမထေရ်
- စန္ဒသာရမထေရ်

http://www.dhammadownload.com

- ဝရဇသိမဍေရ်
- မောင်းထောင်သာသနာပြဥ္ဇာဇာဘိဝံသမဍေရ်၊
- သာသနာပြဦးဥေယျ

တိုင်အောင် မဍေရ်တို့၏အဆက်ဆက်အားဖြင့် သာသနာတော်အဆက်ကို သိရာ၏။

ဤသို့ သာသနာဝင် အစဉ်မပျက် ဆင်းသက်လာခဲ့ရာ ပဉ္စမသံဂါယနာတင်မင်းကြီးလက်ထက်သာသနာတော်ပြန့်လှိုင်စည်ကားကြီးပွား၍ ပရိယတ္တိအရာ၌ တစ်ဖက်ကမ်းရောက် တတ်မြောက်တော်မူကြကုန်သော ပဉ္စမသံဂါယနာတင်ဆရာတော်ဘုရားကြီးတို့၏ တပည့်အဆက်ယခုအခါ ထင်ရှားရှိသေး၍ သာသနာတော်ကြီးကို စောင့်ရှောက်ထိန်းသိမ်းသောအားဖြင့် ချုပ်သင်ကြားတော်မူလျက်ရှိကုန်သေး၏။

(၂၀)ကျမ်းဂန်တတ် ပုဂ္ဂိုလ်လေးဦး အကြောင်း

သုနာပရန္တ တမ္မဒီပစသော မြန်မာနိုင်ငံ၌ ကျမ်းဂန်တတ် ဆရာတော်လေးပါး ရှိကြောင်း သမန္တ စက္ခုဒီပနီ ဒုတိယတွဲ နံပါတ် ၃၁၀တွင်ညွှန်းပြလျက်ရှိသည်။ ကျမ်းဂန်တတ် ဆရာတော်လေးဦးဟူသော်ကား-

(၁) ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းလည်းသေချာ၏၊ ကျမ်းလည်းပြီး၏၊ 'သဒ္ဒနီတိကျမ်း'ကို ပြုစီရင်သောအရှင်အဂ္ဂပဏ္ဍိတ လည်း တစ်ပါး။ [ပုဂံ]

(၂) ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းလည်းသေချာ၏၊ ကျမ်းကားမပြီး၊ 'မဏိဒီပကျမ်း'ကို ပြုသောအရှင် အရိယဝံသလည်း တစ်ပါး။ [အင်း၀]

(၃) ကျမ်းလည်းတတ်၏၊ ကျမ်းလည်းပြု၏၊ ကျမ်းကားမသေချာ၊ ကျမ်းလည်းပြီး၏၊ 'ဝိနယာလင်္ကာရဋီကာသစ်'ကို ပြုစီရင်သော တိပိဋကာလင်္ကာရတောင်ဖီလာဆရာတော်လည်းတစ်ပါး။ [အင်း၀အနောက်ဘက်လွန်မင်းတရားကြီးနှင့် သာလွန်မင်းတရားကြီး သားတော် ငါးထပ်ကြီး ဒါယကာလက်ထက်။]

(၄) ကျမ်းကားတတ်၏၊ ကျမ်းကားမပြု၊ ကျမ်းပြုသမျှကား သေချာ၏၊ 'မဏိကုဏ္ဍလဝတ္ထု'ကို ပြုစီရင်သော ဝရာဘိ သံဃနာထမဍေရ်လည်း တစ်ပါး။ [အင်း၀ အနောက်ဘက်လွန်မင်းတရားကြီးလက်ထက်]

ဤဆရာတော်လေးပါးကို ကျမ်းဂန်တတ် ပုဂ္ဂိုလ်လေးဦးဟု အထူးချီမွမ်း၍ ရေ့ရှေးသောကျမ်းတတ်ဆရာတော်ကြီးများဥဒါန်းစကားထားခဲ့သည်။

http://www.dhammadownload.com

အင်္ဂလိပ်မင်းများ လက်ထက်သာသနာ

(၁) သာသနာပြု ဆရာတော် အဆက်ဆက်

သက္ကရာဇ် ၁၂၄၇-ခုတန်ဆောင်မုန်းလဆုတ် ၈-ရက်နေ့တွင် မန္တလေးရတနာပုံ ဒုတိယနန်းစံသီပေါဘုရင် သာသနဒါယကာ မြန်မာမင်းမြတ်ကို ဝိတိုရိယအမည်ရှိသော အင်္ဂလိပ်ဧကရီဘုရင်မ၏ လက်ထက် အင်္ဂလိပ်စစ်ဗိုလ်များ ဆောင်ယူသွားသောအခါ မန္တလေးရွှေမြို့တော်မှာ သာသနာပြု တောင်တော်ဆရာတော်နှင့်တကွ ကျမ်းဂန်တတ် တံဆိပ်တော်ရ သာသနာစောင့် ဆရာတော်ကြီးများမှာ သာသနဒါယကာ မဟာဧကရာဇ် မင်းမြတ်မရှိသော်လည်း သာသနာတော်ကို အစဉ်စောင့်ရှောက်၍ သီတင်းသုံးတော်မူ လျက်ပင် ရှိတော်မူကြ၏။

ထိုအခါ သာသနာပြု တောင်တော်ဆရာတော်ကို အင်္ဂလိပ်အစိုးရတို့က မြန်မာ ဘုရင်၏မြေနန်းတော်သို့ ပင့်ပြီးလျှင် လျှောက်ထားသည်မှာ 'ဆရာတော်သည် ရှေးက ကဲ့သို့ သာသနာရေး သာသနာမူမှာ ကူညီစောင့်ရှောက်တော်မူပါ'ဟု လျှောက်ထားပြီးလျှင် သာသနာပြုတောင်တော် ဆရာတော်ကို အင်္ဂလိပ်အစိုးရတို့က တစ်လလျှင် ဆန်အိတ်ကြီး ၂၅-အိတ်လှူဒါန်းချီးမြှင့်သည်။

ပခန်းဆရာတော်နှင့် လှထွေဆရာတော်ကိုလည်း 'ရှေးကနည်းတူသာသနာမူကို ကြည့်ရှုကူညီစောင့်ရှောက်ပါ'ဟု တောင်းပန်ပြီးလျှင် ဆန်အိတ်များကိုလည်း အသီးအသီး လစဉ်လှူဒါန်းသည်ဟူ၏၊

ဤသို့လျှင် တောင်တော်သာသနာပြု ဆရာတော်သည် အင်္ဂလိပ်မင်းတို့၏ ဆွမ်းဆန်အိတ်ထောက်ပံ့လှူဒါန်းခြင်းကို ခံယူတော်မူ၍ သာသနာတော်ကို ကြည့်ရှုစောင်မပြုစုပြီးလျှင် သက္ကရာဇ် ၁၂၅၆-ခုနှစ်တွင် ပျံလွန်တော်မူသည်။

သာသနာပြု တောင်တော်ဆရာတော်ပျံလွန်တော်မူပြီးသည်နောက် 'နန္ဒာဘိဓေ သဒ္ဓမ္မဓိပတိ ပဝရ မဟာဓမ္မ ရာဇဂုရု'ဟူ၍ ပဋ္ဌမသံဂါယနာတင်မင်းတရားကြီး ကပ်လှူအပ်သော တံဆိပ်နာမံရှိတော်မူသော ပုခန်းဆရာတော်ကို မန္တလေးရွှေမြို့တော် လေးပြင်လေးရပ်ရှိ ဆရာတော်သံဃာတော်တို့က 'သာသနာပြုဆရာတော်'ဟု သမ္မုတိ တင်မြှောက်ကြသဖြင့် ၎င်းပုခန်းဆရာတော်သည် 'သမ္မုတိသာသနာပိုင်'အမည်တော် ခံလျက် သာသနာတော်ကို ကြည့်ရှုစောင်မတော်မူ၍ သာသနာရေး သာသနာမူဠ္ဍ စီမံ ခန့်ခွဲတော်မူပြီးလျှင် သာသနာကို ပြုစုတော်မူစဉ် သက္ကရာဇ်၁၂၆၂-ခုနှစ်တွင် ပျံလွန် တော်မူသည်။

ထိုနောက် 'သုဇာတာဘိ သိရီဓဇဓိပတိ ပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော မင်္ဂလာတံဆိပ်ရှိတော်မူသော မန္တလေးတောင်ပြင်မိုးတားဆရာတော်သည် မန္တလေး

http://www.dhammadownload.com

တောင်ပြင်ဆရာတော်သံဃာတော်တို့ သဘောတူချက်အရ သာသနာပြုဆရာတော်အဖြစ် တင်မြှောက်၍ နှစ်နှစ်ခန့် 'သမ္မုတိသာသနာပိုင်' အမည် ခံတော်မူလျက် သာသနာကို ပြုစုစောင့်ရှောက်တော်မူသည်။

(၂) တောင်ခွင် သာသနာပြု ဆရာတော်

ဝိတိုရိယဧကရီဘုရင်မကြီး၏သားတော် 'အက်ဒဝပ်' ခေါ်အင်္ဂလိပ်ဘုရင်လက်ထက် မြန်မာသက္ကရာဇ် ၁၂၆၅-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀-ရက်၊ အင်္ဂလိပ်သက္ကရာဇ် ၁၉၀၃-ခုနှစ် နိုဝင်ဘာလ ၁၃-ရက်နေ့တွင် မြန်မာနိုင်ငံဘုရင်ခံမင်း ဆာဟာဂျာန်း သည် မန္တလေးတောင်ခြေရှိမြန်မာမင်းများ လက်ထက်က ရှိပြီးဖြစ်သော သုဓမ္မာဧရပ်တော်တွင် မင်းခမ်းမင်းနားကျင်းပ၍ တောင်ခွင်ဆရာတော်ကို 'အထက်ပိုင်း သာသနာပြုဆရာတော်ဟု အသိအမှတ်ပြုပြီးလျှင် 'စွန္ဒတ်' ခေါ်သော စည်းကမ်းသတ် အမိန့်စာကို လှူဒါန်းသည်။ ၎င်း စွန္ဒတ်ခေါ် စည်းကမ်းသတ် အမိန့်စာအဓိပ္ပာယ်မှာ-

> ဆရာတော်သံဃာတော်တို့က တောင်ခွင်ဆရာတော်ကို သာသနာပြု ဆရာတော်အဖြစ် သဘောတူ၍ တင်မြှောက်ရာ တောင်ခွင် ဆရာတော်က လက်ခံပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံတော်အထက်ပိုင်းတွင် 'သာသနာပြု သာသနာပိုင်ဆရာတော်' အဖြစ် အသိအမှတ်ပြုကြောင်း စည်းကမ်းအချက် ပျက်ကွက်ခဲ့လျှင်လည်း သာသနာပိုင်အဖြစ် အသိအမှတ်ပြုသော အချက်ကို ပယ်ဖျက်နိုင်သည်ဟု ပါရှိလေသည်။[၁]

၎င်းတောင်ခွင် သာသနာပြုဆရာတော်ကိုလည်း အထက် တောင်တော် သာသနာပြု ဆရာတော်နည်းတူ အင်္ဂလိပ်အစိုးရတို့က တစ်လလျှင် လစဉ်ဆွမ်းဆန်အိတ်ကြီး ပေါင်း ၂၅-အိတ်ကျ လှူဒါန်းချီးမြှောက်၏။

၎င်းတောင်ခွင် သာသနာပြုသာသနာပိုင် ဆရာတော်မှာ 'မြန်မာနိုင်ငံအထက်ပိုင်း သာသနာပြုဆရာတော်' ဟု သီးခြား၍ အမှတ်ပြုထားသော်လည်း အလုံးစုံသော မြန်မာနိုင်ငံတော် အထက်ပိုင်းရှိ သံဃာတော်များနှင့် စပ်လျဉ်းသော သာသနာရေး သာသနာမှုဠ္ဌ သြဇာမပျံ့နှံ့ချေ၊ မြန်မာနိုင်ငံအောက်ပိုင်းရှိ သံဃာတော်များနှင့် စပ်လျဉ်းသော သာသနာရေး သာသနာမှုဠ္ဌ သြဇာမပျံ့နှံ့ချေ။ မြန်မာအောက်ပိုင်းရှိ သံဃာတော်များနှင့် စပ်လျဉ်းသော သာသနာရေး သာသနာမှုတွင်လည်း လုံးလုံးလျားလျား သြဇာမပျံ့နှံ့သည်မဟုတ်၊ အထက်ပိုင်းတွင်လည်း ဆိုင်ရာ ဆိုင်ရာ သြဇာပျံ့နှံ့၍ အောက်ပိုင်းမှာလည်း ဆိုင်ရာ ဆိုင်ရာ သြဇာပျံ့နှံ့တော်မူသေးသည်။

၁။ ၁၉၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်နေ့ထုတ် ဘုရင်ခံမင်း အမိန့်တော်အရပ်ရပ် အမိန့်တော်စာတမ်းများ။

http://www.dhammadownload.com

ဤသို့လျှင် တောင်ခွင် သာသနာပြု ဆရာတော်မှာ မြန်မာနိုင်ငံအထက်ပိုင်း အောက်ပိုင်းရှိ မိမိသြဇာခံ သံဃာများအပေါ်၌ သာသနာရေး သာသနာမှုတွင် မိမိက ခန့်ထားသော သုဓမ္မာဆရာတော်ဌာနချုပ်ဆရာတော်များနှင့်တကွ စီမံခန့်ခွဲ၍ သာသနာတော်ကို ကြည့်ရှုစောင်မပြုစုတော်မူ လျက်ရှိသည်။

'ဝိသုဒ္ဓသီလာစာရ ဓဇ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု'မူလ မြန်မာမင်း လက်ထက် ဘွဲ့တံဆိပ်တော်၊ ယခု ဘွဲ့တံဆိပ်တော် 'ဝိသုဒ္ဓသီလာစာရ သိရိပဝရ ဓမ္မသေနာပတိ မဟာသံဃရာဇာ'ဟူသည်တည်း။

(၃)တစ်ကျိပ်နှစ်ပါး သာသနာပြု ဆရာတော်ကြီးများ

(၁) မြို့ပြင်ကြီးဆရာတော်။
(၂) 'နာဂိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' မိုးကောင်း မဟာဝေယန် ဘုံကျောင်း ဆရာတော်။
(၃) 'ဂုဏာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'အကောက်ဝန် ဆရာတော်။
(၄) 'ဉာဏဝံသဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ရွှေပြည်ဆရာတော်။
(၅) 'သုမနာစာရ ဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' မြို့သာဆရာတော်။
(၆) 'ပညာသာမိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ပေါင်းထောင်ဂူဆရာတော်။
(၇) 'ကဝိန္ဒာဘိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' မောက်ကျိုး ဆရာတော်။
(၈) 'ဉာဏာဘိဓဇ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' တိုင်တား တိုက်အုပ် ဆရာတော်။
(၉) အရှေ့တိုက်တော် ဆရာတော် 'ဦးမုနိန္ဒ'။
(၁၀) ဆင်ဖြူကျွန်းဆရာတော် 'ဦးနရိန္ဒ'။
(၁၁) မေယဝတီဆရာတော် 'ဦးကလျာဏ' (အဂ္ဂမဟာပဏ္ဍိတ)
(၁၂) မိုးကောင်းတိုက် စာချဆရာတော် 'ဦးနန္ဒိယ' (ပထမကျော်)

ဤဆရာတော်ကြီး ၁၂-ပါးသည် အထက်တောင်တော် သာသနာပြုဆရာတော်၏ လွှဲအပ်ချက်အရ သာသနာပြုဖွဲ့စည်း၍ သာသနာကို ပြုစုစောင့်ရှောက်တော်မူကြသည်။[၁]

၁။ သာသနာလင်္ကာရစာတမ်း၊ ၁၉၈။

http://www.dhammadownload.com

(၄) သာသနာပြု တစ်ကျိပ်နှစ်ပါးနှင့် တောင်ခွင်ဂိုဏ်း

ယခု ထင်ရှားရှိတော်မူသော တောင်ခွင်သာသနာပြုဆရာတော်ကို သာသနာပိုင် တင်မြှောက်သောအခါ ၁၂-ပါး သာသနာပြုဆရာတော်ကြီးများ ရှိပြီး ဖြစ်သည်။ ဤတွင်မှ-

- တောင်ခွင်ဂိုဏ်း
- တစ်ကျိပ်နှစ်ပါးဂိုဏ်း

ကွဲပြားု၍ နှစ်ဖက်သာသနာတော်ကို ကြည့်ရှုစောင့်ရှောက်ပြုစုတော်မူကြ၏။ ဆိုင်ရာဆိုင်ရာ အသီးအသီး ဝါဆို ဝါကပ်အမိန့်ဆင့်စာ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ခန့်ထားခြင်း အမိန့်စာများကိုလည်း နှစ်ဖက်လုံးကပင် ခန့်အပ်ချီးမြှောက် ပေးသနားတော်မူကြကုန်၏။ တောင်ခွင်သာသနာပြုဆရာတော် ဂိုဏ်းဝင်သံဃာများက တောင်ခွင်သာသနာပြု ဆရာတော်အထံသို့ အဆုံးအဖြတ်ခံရန် ဝင်ရောက်ကြ၏။

တစ်ကျိပ်နှစ်ပါးသာသနာပြုဂိုဏ်းဝင် သံဃာများကလည်း တစ်ကျိပ်နှစ်ပါး ဆရာတော်ကြီးများအထံသို့ အဆုံးအဖြတ်ခံရန် ဝင်ရောက်ကြ၏။

တောင်ခွင်သာသနာပြု ဆရာတော်ကြီးမှာ 'အထက်ပိုင်း သာသနာပြု'ဟု သတ်မှတ်သည်, တစ်ကျိပ်နှစ်ပါးသာသနာပြုဆရာတော်များမှာ 'အထက်ပိုင်း အောက်ပိုင်း'ဟု သတ်မှတ်ခြင်းမရှိ။

(၅) ရွှေကျင်ဂိုဏ်း နှင့် ဒွါရဂိုဏ်း

ရွှေကျင်ဂိုဏ်းဌာနလည်း 'ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော မင်းလျှောက်တဲ့တံဆိပ် နာမံတော်ရှိသော အင်းကန်းမဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး သည် ရွှေကျင်ဂိုဏ်းစဉ်လာမပျက် အုပ်ချုပ်တော်မူ၍ ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များ အား ဆုံးမသြဝါဒပေးတော်မူပြီးလျှင် သာသနာရေး သာသနာမှုဌ် စီမံခန့်ခွဲတော်မူ၍ သာသနာကို ပြုစုတော်မူသည်။

ဒွါရဝါဒီ အုတ်ဖိုဂိုဏ်းဌာနလည်း 'အရှင်ဥဂ္ဂံဝံသ မာလာ'အမည်ရှိသော အုတ်ဖို ဆရာတော်ကြီးသည် ဒွါရဝါဒီဂိုဏ်းဝင်သံဃာတော်များအား ဆုံးမသြဝါဒ ပေး၍ သာသနာကို ပြုစုသည်။

http://www.dhammadownload.com

(၆) အင်္ဂလိပ်မင်းများလက်ထက် သာသနာတော်၌ ကျော်စောထင်ရှားသော မထေရ်ကြီး နှစ်ပါးအကြောင်း

လယ်တီဆရာတော်

'လယ်တီဆရာတော်'ဟု ခေါ်သော 'အရှင်ဉာဏ'မထေရ်ကြီးနှင့် 'မာန်လည်ဆရာတော်'ဟု ခေါ်သော 'အရှင်ဇဝန'မထေရ်ကြီး ဤမထေရ်ကြီးနှစ်ပါးသည် သာသနာတော်၌ ကျော်စောထင်ရှားသည်။ ပရိယတ္တိ ဝိသာရဒဂုဏ်နှင့်လည်း ပြည့်စုံတော် မူကြ၏။

ထိုနှစ်ပါးတွင် အရှင်ဉာဏမထေရ်ကြီးသည် ဒီပဲရင်းမြို့နယ်စိုင်ပြင်ရွာ၌ သက္ကရာဇ် ၁၂၀၈ ခုနှစ်တွင် ဖွားမြင်တော်မူ၍ အရွယ်သို့ရောက်သောကာလ အစဉ်အတိုင်း ရှင်သာမဏေရဟန်းအဖြစ်သို့ ရောက်၍ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ပရိယတ္တိဝိသာရဒဂုဏ်နှင့် ပြည့်စုံတော်မူသော 'သုဒဿန ဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဟူသော မင်းလျှောက်တံဆိပ် ရှိတော်မူသော စံကျောင်း ဆရာတော်ဘုရားကြီး၏ အထံတော်၌ ပရိယတ္တိကို သင်ကြားပို့ချ၍ နေတော်မူသည်။

သီပေါဘုရင်မင်းမြတ်လက်ထက်မှာလည်း မဟာဓောတိကာရာမမည်သော စံကျောင်းတိုက်မှာပင် သီတင်းသုံး၍ စာပို့ချလျက် နေတော်မူသည်ဟူ၏။

သီပေါဘုရင်မင်းမြတ်မရှိသည့်နောက် သက္ကရာဇ် ၁၂၄၈ခုနှစ်ကျရောက်မှ မုံရွာမြို့၏ မြောက်မျက်နှာ၌ လယ်တီမည်သော တောရတိုက်ကြီးကို တည်ထောင်၍ လာလာသမျှသော သံဃာ့ပရိသတ်ကို လက်ခံသိမ်းပိုက်ဆုံးမတော်မူ၍ ပရိယတ်ကို ချပို့လျက် သာသနာကို ချီးမြှောက်တော်မူ၏။

(၇) 'ပရမတ္ထဒီပနီ'သင်္ကြိုဟ် မဟာဋီကာသစ်

ထိုလယ်တီတောရ၌ သီတင်းသုံးနေတော်မူစဉ် သာသနာနှစ် ၁၆၈၈ခုကျော် လွန်လောက်က သီဟိုဠ်ရှင်သုမင်္ဂလသာမိ မထေရ်ပြုစီရင်သော ယခုအခါ 'ဋီကာကျော်'ဟု ခေါ်တွင်သော 'အဘိဓမ္မတ္ထဝိဘာဝနီ'မည်သော သင်္ကြိုဟ်ကျမ်း၏ အဖွင့်ဋီကာကျမ်းတွင် ဖွင့်ဆိုဆုံးဖြတ်ထားသော အချို့သောအချက်စုကို 'နသုန္ဒတိ' 'အကာရဏဲ'စသည်ဆို၍အကြောင်းပြလျက် ပယ်ခြင်းနှင့် သာသနာနှစ် ၁၉၀၆ခု အင်းဝ ထူပါရုံစေတီတော် ဒါယကာ နရပတိကြီးမင်း၏ လက်ထက်တွင် အရှင်အရိယဝံသ မထေရ်ပြုစီရင်သော 'မဏိသာရ မဉ္ဇူသာ ဋီကာကျမ်း'ကိုလည်း အပြစ်ဆို၍ 'ပရမတ္ထဒီပနီ'မည်သော ကျမ်းကို ပြုစီရင်သည်။

http://www.dhammadownload.com

ထိုပရမတ္ထဒီပနီမည်သော ကျမ်းကို ရေးသားခြင်းအကြောင်းမှာ ပဋ္ဌမသံဂါယနာတင်
မင်းတရားကြီးလက်ထက်၌ စံကျောင်းဆရာတော်ကြီးစသော ကျမ်းဂန်တတ်ဆရာတော်
ကြီးများသည်-

> "အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းနှင့် မဏိသာရမဉ္ဇူသာ
> ဋီကာကျမ်းကို သင်ကြားချပို့ခြင်းအလေ့ မပြုကြသည့်အပြင် 'ဤကျမ်း
> နှစ်ကျမ်းကို မချပို့ကြစေရန် တပည့်သံဃာများကိုလည်း ပြောကြားဆုံးမ
> သြဝါဒပေး၍ တားမြစ်ခြင်းကိုလည်း ကိုယ်တိုင်ခံယူခဲ့ရသည်'

ဟူ၍ အရှင်ဉာဏာမထေရ်ကြီး ကိုယ်တိုင် အမိန့်လည်းရှိဖူးသည်။ ပရမတ္ထဒီပနီ
ကျမ်းနိဒါန်းမှာလည်း ဖော်ပြလျက် ရှိသည်။ ထိုမှတစ်ပါးလည်း-

> အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းကို သီဟိုဠ်ကျွန်းမှာ
> အလေးမပြုကြသည့်အပြင် ငါတို့မြန်မာနိုင်ငံ ဇမ္ဗူဒီပ်သို့ အဘိဓမ္မတ္ထ
> ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းရောက်လာသောအခါမှာ 'ဋီကာ အူပေါက်
> တစ်စောင် ဇမ္ဗူဒီပ်သို့ ရောက်သွားလေ၏'ဟု သီဟိုဠ်သားရဟန်းများက
> ဆိုလိုက်ကြောင်း တဆင့်စကားကြားရဖူးသည်။

ဟု ပရမတ္ထဒီပနီဋီကာပြု မထေရ်ကြီးကိုယ်တိုင် ငါတို့အား ပြောကြားဖူးလေ
သည်။

ထိုအကြောင်းများကို အစွဲပြု၍-

> အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော်ကျမ်းကို သေချာစေ့ငဉာဏ်
> ဖြင့် ရှု၍ အခြားသော ပါဠိတော် အဋ္ဌကထာဋီကာကြီးများနှင့် တိုက်ဆိုင်
> ကြည့်လတ်သော် အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျမ်း၌ ဖျတ်ယွင်းသော အချို့
> အချက်များ ကွက်ကွက်ကွင်းကွင်းပေါ်လာသဖြင့် ပရမတ္ထဒီပနီမည်သော
> ဋီကာသစ်ကို ရေးသားရသည်။

ဟု ပရမတ္ထဒီပနီဋီ ကာပြု မထေရ်ကြီးကိုယ်တိုင် မိန့်ကြားဖူးသည်။

(ဂ) ဋီကာစစ်ပွဲ

ဂင်းပရမတ္ထဒီပနီ သာသနာနှစ် ၂၄၄၁-ခု၊ ကောဇာနှစ် ၁၂၅၉ခုနှစ်မှာ ရေးသား
၍ အပြီးသတ်သည်၊ ကောဇာသက္ကရာဇ် ၁၂၆၈-ခု ၁၂၆၉-ခုလောက်မှာ ပုံရိုက်
ထုတ်ဝေသဖြင့် ပေါ်လာသည်။

ထိုအခါမှာ သာသနာတော်၌လည်းကောင်း၊ လောကဝှ်လည်းကောင်းအတော်
ချောက်ချားသွားသည်။ 'လယ်တီဆရာတော်'ဟူ၍လည်း ကျော်စောထင်ရှားလာသည်။

http://www.dhammadownload.com

အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာကျော် ကျမ်းဘက်မှနေ၍ ရေးသားသော ကျမ်းများလည်း ပေါ်ထွက်၍ ခုခံ၍ ပြောဆိုလိုသော ဆရာတော် သံဃာတော်များလည်း ပေါ်ထွက်လေသည်။ သို့သော်လည်း ပရမတ္ထဒီပနီဋီကာပြုဆရာတော်နှင့် တိုက်ဆိုင်၍ ပြောဆိုကြဖူးသည်ဟု မကြားဘူးချေ။

အဘိဓမ္မတ္ထဝိဘာဝနီ မည်သော ဋီကာကျော် ကျမ်းဘက်မှနေ ရေးသားသော ကျမ်းများကား–

(၁) ပရမတ္ထ ဝိသောဓနီကျမ်း (ချောင်းဦးဆရာတော်ဦးဒီပရေးသည်)
(၂) အကုံရဋီကာ (တလိုင်းကုန်းဆရာတော် ဦးဝိမလ ရေးသည်)
(၃) အတိသုန္ဒရဋီကာ (ဦးနတ်သားအမည်ခံသူရေးသည်)
(၄) ဧောတိကဋီကာ (စလေကန့်ဆရာတော်ရေးသည်)
(၅) ဋီကာကျော်ဂဏ္ဌိသစ် (မင်းကင်းဆရာတော်ရေးသည်)
(၆) အတုလဋီကာ (ထိန်တော မိုးညို ဆရာတော်ရေးသည်)

ဤကျမ်းများ ဖြစ်ကြသည်။

(၉) ပိဋကတ္တယ ပါရဂူဘွဲ့

ယခုအခါမှာလည်း ၎င်းပရမတ္ထဒီပနီဋီကာသစ်ကို အလေးပြု၍ သင်ကြားပို့ချခြင်း နည်းပါးလျက်ရှိသာ ရှိသေးသည်။ ပရမတ္ထ ဒီပနီ ဋီကာပြု ဆရာတော်၏အဆက်အနွယ်တပည့် သံဃာစုသာ ၎င်းဆရာတော်ကြီးသက်တော်ထင်ရှားရှိတော် မူစဉ်က စ၍ သင်ကြားချပို့လျက် ရှိကြလေသည်။

ထိုနောက် ၎င်းဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံတော် အတွင်းရှိ အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူ၍ တရားဟောပြောတော်မူလျက် မြန်မာဘာသာဖြင့် ကျမ်းပေါင်းများစွာ ပြုစီရင်တော်မူ၏။ ပါဠိဘာသာဖြင့်လည်း အနည်းငယ် ပြုစီရင်တော်မူသေးသည်။

သက္ကရာဇ် ၁၂၇၃-ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော် ရှေးဦးစွာ ရတော်မူ၍ ထိုနောက် 'ပိဋကတ္တယပါရဂူ'ဘွဲ့တံဆိပ်တော်ကိုလည်း ရတော်မူသေးသည်ဟူ၏။

၎င်းလယ်တီဆရာတော်အရှင်ဉာဏမထေရ်ကြီးသည် သက္ကရာဇ်၁၂၈၅-ခုနှစ်တွင် သက်တော် ၇၇နှစ် စေ့ရောက်၍ ပျဉ်းမနားမြို့၌ ပျံလွန်တော်မူသည်။

ယခုအခါ ၎င်းဆရာတော် အရှင်ဉာဏမထေရ်ကြီး ရေးသားပြုစီရင်ခဲ့သော ကျမ်းဂန်စုကို မုံရွာမြို့ လယ်တီတောရကျောင်းတိုက်အတွင်း၌ ကျောက်ထက် အက္ခရာတင်ဆဲရှိသည်။

http://www.dhammadownload.com

(၁၀) မာန်လည်ဆရာတော် အကြောင်း

မာန်လည်ဆရာတော်ဟု ခေါ်သော အရှင်ဇဝနမထေရ်ကြီးသည် သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် မြန်မာပြည်အထက်ပိုင်း မာန်လည်မြို့မ၌ ဖွားမြင်တော်မူသည်။ အရွယ်သို့ ရောက်၍ အစဉ်သဖြင့် ရှင်သာမဏေရဟန်းအဖြစ်သို့ ရောက်လာပြီးလျှင် စာပေ ပရိယတ်ကို သင်ကြားသဖြင့် ပရိယတ်၌ ရဲရင့်တော်မူ၏။ လောကီဗဟုသုတ အရာ၌ သူမတူအောင် ရှိတော်မူ၏။ ရဟန်း၀ါ ဆယ်၀ါရသောအခါကစ၍ ဧကနိပါတ်လာ မဇ္ဈဒေဝဇာတ်ကို လက်ံကဗျာသီကုံး၍ ရေးသားလာရာအပြီးသို့ မရောက်စေသေးဘဲ အခြားသော သာသနာရေးသာသနာမှုကို ရွက်ဆောင်တော်မူလျက် နေသဖြင့် သက္ကရာဇ် ၁၂၆၆ခုနှစ်လောက်မှ ၎င်း'မဟာသုတကာရီ မဇ္ဈဒေဝလင်္ကာသစ်'ကျမ်းကို အပြီးသို့ ရောက်စေသည် ဟူ၏။

(၁၁)ပဋ္ဌစတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာ နှင့် သတပဒီက ပုစ္ဆာဝိသဇ္ဇနာ

သက္ကရာဇ် ၁၂၄၃ခုနှစ်တွင် မင်းကွန်းအလယ်တောရဆရာတော် 'အရှင်ပဏ္ဍဝံ' မထေရ်က ကဗျာသီကုံး၍ ၄၅ချက်သော ခက်ရာခဲဆစ်ကို မေးလိုက်သဖြင့် မာန်လည်ဆရာတော် 'အရှင်ဇဝနမထရ်'ကလည်း ကျမ်းဂန်အထောက်အထား အကိုးအကားနှင့် တကွ ကဗျာသီကုံး၍ပင် ဖြေကြားတော်မူလိုက်သည်။ ထိုကျမ်းကို 'ပဋ္ဌစတ္တာလီသ ပုစ္ဆာဝိသဇ္ဇနာ'ကျမ်းဟု တွင်စေလျက် စာအုပ်ရိုက်နှိပ်လျက်ရှိသည်။

၎င်းနောက် မာန်လည်ဆရာတော်အရှင်ဇဝနမထေရ်ကလည်း ခက်ရာခက်ဆစ် ပုစ္ဆာတစ်ရာကို ကဗျာသီကုံး၍ မင်းကွန်းအလယ်တောရအရှင်ပဏ္ဍဝံသအထံသို့ မေးမြန်းလိုက်ရာ အရှင်ပဏ္ဍဝံသမထေရ်ကလည်း ကဗျာသီကုံး၍ပင် ဖြေကြားလိုက်သည်။ ထိုကျမ်းကို 'သတပဒီကပုစ္ဆာဝိသဇ္ဇနာ'ကျမ်းဟု ခေါ်တွင်စေလျက် စာအုပ်ရိုက်လျက်ရှိသည်။

ဤသို့လျှင် လယ်တီဆရာတော်နှင့်လည်း ကျမ်းဂန်အစစ်အဆေးအယူအဆ သဘောညီညွတ်မှုဖြင့် သောအမေးအဖြေကျမ်းမှစ၍ ၎င်းဆရာတော်ရေးသားသော အတိုထွာမှတ်စုမှတ်ရာ ကျမ်းများလည်း များစွာရှိသည်။ အထူးအားဖြင့် သဒ္ဒါဘက်က ကျေးဇူးများသော 'ကစ္စာယနသုသဟာရ'မည်သော ကျမ်းလည်းရှိသည်။ ထို့ကြောင့် သာသနာတော်မှာ အလွန်ကျော်စောထင်ရှားသည်။

ထိုမာန်လည်ဆရာတော်သည် မာန်လည်မြို့မှ အရပ်တစ်ပါးသို့ သာသနာရေး သာသနာမှုနှင့် ကြွသွားတော်မူလျှင် နောက်လိုက် နောက်ပါတပည့်သံဃာ ဒါယကာ ဒါယိကာမ တစ်ရာကျော်နှစ်ရာခန့် ပါရှိသည်ဟူ၏။

http://www.dhammadownload.com

(၁၂)မာန်လည် မြို့သူမြို့သားများ ဘာသာရေး လေးစားကြခြင်း

မာန်လည်မြို့ဝန်မင်းတင်မင်းလှ သမန္တရာဇာက သက္ကရာဇ် ၁၂၅၀ပြည့်နှစ်တွင် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းလေသည်။ ထိုကျောင်းကို အစွဲပြု၍ 'မာန်လည်မြို့ ပြာသာဒ်ကျောင်းကြီးဆရာတော်'ဟု ထင်ရှားကျော်စောခဲ့၏။

မာန်လည်ဆရာတော် အရှင်ဇဝနမထေရ်ကြီးသည် မိမိအမြဲနေထိုင်သီတင်းသုံးတော်မူရာ မာန်လည်မြို့မနှင့် လက်လှမ်းမီ မနီးမဝေးမြို့ရွာနယ်ပယ်ပါဝင်းဆရာတော်ဘုရားကြီး ဆုံးမပြုပြင်ထားသော မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးမြို့အထက်ကျသော ကျောက်မြောင်း ကသာ ထီးချိုင့်စသော မြို့ရွာနယ်ပယ်များ၌ နေထိုင်လျက်ရှိသော ဒါယကာ ဒါယိကာမများသည် သာသနာတော်၌ အလွန်ကိုင်းရှိုင်းရှိသေခြင်း ရှိကြ သည်။

သံဃာတော်များ အကြောင်းတစ်စုံတစ်ခုရှိ၍ မြို့တွင်းရွာတွင်းသို့ ကြွလာသည်ကို မြင်လျှင် ကြီးကြီးငယ်ငယ် ဒါယကာ ဒါယိကာမများသည် မိမိတို့နေအိမ်မှ ဆင်း၍ မြေအပြင်၌ ဦးနှိမ်ချခြင်း လက်အုပ်ချီ ခြင်းစသော ရိုသေခြင်းအမှုကို ပြုလျက်သာ နေကြသည်။ သံဃာတော်များ မိမိတို့ နေအိမ်ကိုလွန် ဒဿနုပစာကို ကျော်လွန်သွားမှ အိမ်ပေါ်သို့ တက်ကြသည်ဟူ၏။ ၎င်းဆရာတော်ဘုရားကြီး သာသနာပြုထားရာ မြို့ရွာများသို့ ငါတို့ရောက်ဖူးစဉ်ကလည်း ၎င်းအတိုင်း အရိုအသေပြုကြသည်များကို တွေ့မြင်ခဲ့ရသည်။

တရားနာကြားရာမှာလည်း ကိုယ်လက်လှုပ်ရှားစကားပြောဆိုခြင်းမရှိ၊ ပကတိတည်ငြိမ်သောဣန္ဒြေနှင့် တရားကိုသာ အာရုံစိုက်၍ တရားဟောခြင်း ပြီးဆုံးသည်တိုင်အောင် လက်အုပ်ချီလျက်နာကြားကြသည်ကို တွေ့မြင်ခဲ့ရသည်။

လမ်းခရီးသွားစဉ် သံဃာတော်များနှင့် ရင်ဆိုင်တွေ့ရှိက လမ်းမှ ဖယ်ပေးပြီးလျှင် လက်အုပ်ချီလျက်သာ ထိုင်နေကြသည်ကို တွေ့ရှိခဲ့ရ၏။

သို့အတွက် မာန်လည်ဆရာတော် အရှင်ဇဝနမထေရ်ကြီးက ဆင်းသက်၍ လာသော တပည့်အဆက် သာသနာသည် ယခုအခါ ကျန်စွာပင် ရှိသေးသည်။

အချို့သော တောလက်ကျေးရွာများ၌ နေထိုင်ကြသော ဒါယကာ ဒါယိကာမများသည်လည်း ပရိတ်တော်တရားတော်များကို နာကြားကြသောအခါ ပရိတ်တော်တရားတော်ကို ရိုသေသမှ အာရုံပြု၍ လက်အုပ်ချီလျက်သာ နာကြားကြ၏။

မြို့ကြီး ရွာကြီးများ၌ကား ပရိတ်တရားနာလိုသူလည်း နည်းပါး၏။ နာကြားသူလည်း လက်အုပ်ချီ၍ နာကြားသူနည်းပါးလျက် ရှိချေ၏။

မြန်မာနိုင်ငံအထက်ပိုင်း သာသနာနှင့် အောက်ပိုင်း သာသနာကွာခြားလာလေ

http://www.dhammadownload.com

ပြီ၊ အထက်ပိုင်းက ရဟန်းသံဃာကို ရိုသေသူပေါများသေး၏။ အောက်ပိုင်းမှာ ရိုသေသူ တစ်စတစ်စ နည်းပါးလျက်ရှိသည်။

(၁၃) မာန်လည်ဆရာတော်၏ဆရာစဉ်

(၁) မကာရလောပ တောင်တွင်းဆရာတော်ခင်ကြီးပျော်။

(၂) တောင်တွင်းဆရာတော်တပည့် အရှင်ဇိနမထေရ်။

(၃) အရှင်ဇိနမထေရ်၏တပည့် အရှင်ပညာမထေရ်။

(၄) အရှင်ပညာမထေရ်၏တပည့် အရှင်နန္ဒမဉ္ဇုမထေရ်။

(၅) အရှင်နန္ဒမဉ္ဇုမထေရ်၏တပည့် မာန်လည်ဆရာတော်ဟု ယခု ကျော်စော ထင်ရှားသော အရှင်ဇဝနမထေရ်ပင်ဖြစ်သည်။

[အရှင်ဇိနမထေရ်ကြီးမှ စ၍ မာန်လည်ဆရာတော်တိုင်အောင် ဆရာတော်ကြီးလေးပါးတို့သည် မာန်လည်မြို့မှာပင် သီတင်းသုံးတော်မူကြသည် ဟူ၏။ မာန်လည်ဆရာတော်အရှင်ဇဝနမထေရ်ကြီးသည် ၁၂၇၃ခုနှစ်မှာပင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ၍ သက္ကရာဇ် ၁၂၈၂ခုနှစ်တွင် မာန်လည်မြို့မှာပင် ပျံလွန်တော်မူသည်။]

[**အထူးမှာထားချက်**- မထေရ်နှစ်ပါး၏ အကြောင်းကို အသီးအသီး ထေရပွတ္တိရေးသားပြီး ရှိကြ၍ ဤ၌ အကျဉ်းမျှ ဖော်ပြလိုက်သည်။]

(၁၄) အင်္ဂလိပ် အစိုးရမင်းက သာသနာ ချီးမြှောက်ပုံ

သာသနဒါယကာ မြန်မာဘုရင်သီပေါအရှင်မရှိသည့်နောက် သာသနာ သက္ကရာဇ် ၂၄၄၀ပြည့် ကောဇာသက္ကရာဇ် ၁၂၅၈ခုနှစ်က စ၍ ရှေးမြန်မာမင်းများလက်ထက်ကဲ့သို့ နယုန်လတိုင်း နှစ်စဉ်မပြတ် ပထမပြန်စာမေးပွဲကျင်းပ၍-

- အငယ်တန်းအောင်မြင်သူရဟန်းသာမဏေတို့အား ဆန်တော်ငွေ မူလက ၅ဝိ-ချီးမြှောက်ထောက်ပံ့လှူဒါန်း၍ သက္ကရာဇ်၁၂၇၃ခု ၇စခုနှစ်လောက်က စ၍ ဂျာမန်နှင့်ကမ္ဘာစစ်ကြီးဖြစ်ရာတွင်မှ လျှော့၍ ဆန်တော်ငွေ ၃ဝိ-သာ ထောက်ပံ့လှူဒါန်းလာရာ ယခုလည်း ၃ဝိသာ ထောက်ပံ့လှူဒါန်းရှိသေးသည်။
- အလတ်တန်းမူလက ၇၅ကျပ်၊ ယခု ၄၅ကျပ်။
- အကြီးတန်းမူလက ၁ဝဝိ၊ ယခုလည်း၁ဝဝိ။
- အကျော်တန်းမူလက ၁၅ဝိ၊ ယခုလည်း ၁၅ဝိ။

ချီးမြှောက်လှူဒါန်းသည်။ ထိုနောက် သက္ကရာဇ် ၁၂၈၃ခုနှစ်လောက်က စ၍ ပထမပြန် စာမေးပွဲသို့ ဝင်ရောက်ပြန်ဆိုသော ကျောင်းတိုက်များကို အောင်မြင်သူ

http://www.dhammadownload.com

အနည်းအများ အတန်းအလိုက်ကျောင်းသုံးစရိတ်အဖြစ်နှင့် ကျောင်းတိုက်အကြီးအမှူး နာယကဆရာတော်များအား ဆန်တော်ငွေ လှူဒါန်းချီးမြှင့်ဆဲရှိသည်။[၁]

(၁၅) 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့ စတင်လှူဒါန်းခြင်း

သာသနာ သက္ကရာဇ် ၂၄၅၅ခု ကောဇာသက္ကရာဇ် ၁၂၇၃ခုနှစ်က စ၍ သာသနာတော်၌ ကျော်စောထင်ရှား၍ အသက် သိက္ခာထေရ်ဝါ ကြီးရင့်သော ကျမ်းဂန်တတ် ဆရာတော်ကြီးများအား 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်တော် တစ်နှစ်လျှင် နှစ်ပါး သုံးပါးနှစ်စဉ်လှူဒါန်း၍ ထိုအဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဆရာတော်များအား နဝကမ္မ အလို့ငှာ တစ်နှစ်လျှင်ဆန်တော်အနာမာသဝတ္ထု ၁၀၀ကျစီ ချီးမြှောက်လှူဒါန်းလျက် ရှိသည်ဟူ၏။

(၁၆) လောကဓာတ်ပညာ စာသင်ကျောင်းများ ပေါ်လာခြင်း

ထိုမှတစ်ပါးလည်း လောကဓာတ်ပညာစာသင်ကျောင်း ဖွင့်လှစ်လျက် ထိုပညာများကို သင်ကြားစေသော ဘုန်းတော်ကြီးများအားလည်း ထိုက်သည့်အလျောက် ဂုဏ်ထူး ဆောင်သက်နှံ့ဘွဲ့တံဆိပ်လက်မှတ်များ လှူဒါန်းချီးမြှောက်သည်။

ထိုလောကဓာတ်ပညာများကို တွဖက်လျက် သင်ကြားသော ဘုန်းတော်ကြီးကျောင်းများပေါ်ပေါက်လာခြင်းသည် သာသနာ့ဒါယကာမြန်မာဘုရင် မရှိသည့်နောက် ၁၀နှစ်ကျော် ၁၅နှစ်လောက်က စ၍ မြန်မာနိုင်ငံအထက်ပိုင်းမှာ ပေါ်လာသည်။

၎င်းကျောင်းတည်ထောင်ဖွင့်လှစ်၍ ၎င်းပညာများကို တွဖက်လျက် သင်ရခြင်းကို သဘောမတူမနှစ်သက်သဖြင့် ယခုထက်တိုင် အချို့သော ဂိုဏ်းဂဏနှင့် အချို့သော မြို့ရွာ ဘုန်းတော်ကြီးများကျောင်းမှာ မသင်ကြားဘဲရှိ၏။

(၁၇) မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်း

သာသနဒါယကာမြန်မာဧကရာဇ်မင်းမြတ်တို့ ဘုန်းတန်ခိုးအာဏာပွင့်လန်းစဉ်အခါက သာသနာတော် ထွန်းပေါ်စည်ပင်ကြောင်း ကောင်းစွာထောက်ပံ့ပြုစုကြသဖြင့် သာသနာတော်အားရှိ၍ စည်ပင်ပြန့်ပွားထွန်းကားနေရာတွင် သာသနဒါယကာ မြန်မာတို့အရှင် သီပေါဘုရင် ဇာတာခွင်မှာ မသန့်စင်ခိုက် နိစ်ပြဆိုက်၍ ကြဲကြိုက်သောအခါ ဘာသာတစ်ပါးလူမျိုးခြားတို့ တိုင်းကားပြည်ရွာ ၊ိုက်ပါသွားရသဖြင့် သာသနာတော်အားငယ်ညှိုးနွမ်းမသန်စွမ်းသောအခြေအနေသို့ ရောက်ရှိနေသည်ကို မန္တလေးမြို့ မြို့သူ

၁။ အရပ်ရပ်အမိန့်တော်များ၊ ၈၉။

http://www.dhammadownload.com

မြို့သား မှူးကြီးမတ်ရာ သေနာပတိတို့နှင့်တကွ လူကြီးလူကောင်း ဒါယကာ ဒါယိကာမ အပေါင်းတို့သည် သိရှိကြ၏–

'မဟာဇေရာဇဓမင်းမြတ်၏ကိုယ်စား သာသနာကို အားပေးချီးမြှောက်၍ ကြီးပွားစေမည်'

ဟု မနုသိကာရရွှေးဝယ်ချ၍ သာသနာသက္ကရာဇ်၂၄၂၂–ခု၊ ကောဇသက္ကရာဇ် ၁၂၆၀ပြည့် နှစ်က စ၍ မန္တလေးမြို့၌ ပရိယတ္တိ သာသနဟိတအသင်းကြီး တည်ထောင်၍ သာသနာကို အားပေးချီးမြှောက်ကြသတည်း။

သာသနာသုံးပါးရှိသည်တွင် ပရိယတ္တိသာသနာတော်သည် အခြေမူလ ပင်မမြစ်ရင်း ဖြစ်၍ ထိုပရိယတ္တိသာသနာ စည်ကားထွန်းလင်းခြင်းအကြောင်းမှာလည်း စာချစာသင် ပုဂ္ဂိုလ်အစဉ်မပြတ် ဆက်ခံဆင့်ပွားခြင်းရှိမှသာလျှင် ပရိယတ္တိသာသနာ စည်ကားရာ သောကြောင့် ပရိယတ္တိသာသနာကို အားပေးသောအားဖြင့် စာချပုဂ္ဂိုလ်တည်း ဟူသော မျိုးစေ့ကို စိုက်ပျိုးခြင်းငှာ သက္ကရာဇ် ၁၂၆၅ခုနှစ်ကစ၍ စာမေးပွဲသဘင်ဆင်ယင်ကျင်းပ၍ သီးခြားစာသင်ပုဂ္ဂိုလ်ကိုးကွယ်ရန် ရွေးချယ်စိစစ်ကြသတည်း။

(၁၈) စာအောင်ပုဂ္ဂိုလ်များအား ဆွမ်းဆန်တော် လှူဒါန်းခြင်း

ရွေးချယ်စိစစ်၍ အငယ်တန်းတွင် အောင်မြင်သော ပုဂ္ဂိုလ်များကို ၅နှစ်အတွင်း ပါရာဇိကဏ် သုတ်သီလကွန် အဋ္ဌသာလိနီဟူသော အဋ္ဌကထာကြီးသုံးကျမ်းကို နိဒ်နှင်းစွာ တတ်မြောက်ချပို့နိုင်အောင် အားထုတ်စေရန် အသင်းမှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်၍ ကိုးကွယ်ကြသည်။

ဒါးနှစ်အတွင်း အဆိုပါ အဋ္ဌကထာကြီးသုံးကျမ်းကို အောင်မြင်တတ်မြောက်သော ပုဂ္ဂိုလ်အား မန္တလေးမြို့တော်အတွင်း နေထိုင်သီတင်းသုံး၍ စာချပို့နေသမျှ ကာလပတ်လုံး ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်၍ ဓမ္မာစရိယ ဓမ္မဝါစကပုဂ္ဂိုလ်အဖြစ်ဖြင့် သတ်မှတ်၍ ကိုးကွယ်ကြသည်။

ထိုအသင်းက ကျင်းပသော စာမေးပွဲတွင် အောင်မြင်သော ပုဂ္ဂိုလ်များအား အောင်ပွဲသဘင်ကျင်းပ၍ တစ်ပါးလျှင် သီးမျိုးစုံပဒေသာပင် ၂၀၀တန်အောက် မရှိ တစ်ထောင်တန်အထိ တစ်ပင်ကျစာရေးတံချ၍ လှူဒါန်းချီးမြှင့်သည်။

ထိုမှတစ်ပါးလည်း မန္တလေးမြို့တော်အတွင်း ကျောင်းတိုက်အသီးအသီး၌ စာချပို့တော်မူသဖြင့် စာလိုက်စာသင်ပုဂ္ဂိုလ် စာတစ်ဝါလျှင် ၂၀ကျော်ရှိသော စာချဆရာတော်မထေရ်ကြီးများအားလည်း လစဉ်မပြတ် လပြည့်နေ့တိုင်း ရွေးသာသနာ့ ဒါယကာမြန်မာမင်းများလက်ထက်က နည်းတူ ဆွမ်း ဆွမ်းဟင်း အကျက်အစုံနှင့် အစိမ်း ဆွမ်း

http://www.dhammadownload.com

ဟင်းလျာများကို လှူဒါန်းပြီးလျှင် တစ်ပါးလျှင် တစ်တင်းဝင် ဆွမ်းဆန်အိတ်များကို ကျောင်းသို့အရောက် လိုက်ပို့လှူဒါန်းချီးမြှောက်ကြသည်။ ဤကဲ့သို့ အမြဲလစဉ် လှူဒါန်းလျက်ရှိသော ပုဂ္ဂိုလ်အပေါင်း ၁၅၀ခန့်ရှိသည်။

သီးခြားကိုးကွယ်ရန် စာသင်ပုဂ္ဂိုလ်စာမေးခန်းကို ၁၂၆၅ခုနှစ်က အစပြု၍ နယုန်လတိုင်း ပြုလုပ်လာရာ ယခု ၁၂၈၈ခုနှစ်အထိ အောင်မြင်သော ပုဂ္ဂိုလ်အပေါင်း ၁၇၉ ပါးရှိလေပြီ။

သီးခြားကိုးကွယ်ရန် စာချုပ္ပဂ္ဂိုလ်စာမေးခန်းကို ၁၂၆၇ခုနှစ်က စ၍ ပြုလုပ်လာရာ ယခု ၁၂၈၈ခုနှစ်အထိ အောင်မြင်သော စာချုပ္ပဂ္ဂိုလ် ၆၀ ပေါ်ထွန်းတိုးပွားလာလေပြီ။

(၁၉) မန္တလေးမြို့ မစိုးရိမ်ကျောင်း ဒါယကာက သာသနာ ချီးမြှောက်ပုံ

သာသနာသက္ကရာဇ် ၂၄၅၃ခု၊ ကောဇာသက္ကရာဇ် ၁၂၇၁ခုနှစ်တွင် မစိုးရိမ်ကျောင်းတိုက်ကို တည်ထောင်ပြီးလျှင် အာဂတာနာဂတ သံဃာအား လှူဒါန်း၍ အမျှပေးဝေ ရေစက်သွန်းချပြီးလျှင် ဘင်္ဂလားဆရာတော်ဦးရဝိန္ဒအား သီတင်းသုံးတော်မူရန် လျှောက်ထားအပ်နှင်းသည်။ ကျောင်းဒါယကာကြီး ဦးသက်ရှည်ရှိစဉ်အခါက စ၍ ၎င်းမစိုးရိမ်ကျောင်းတိုက်အတွင်း၌ တစ်ဦးတည်းက အုတ်တိုက်ကျောင်းများကို သာ ဆောက်လုပ်ပြီးလျှင် အတွင်းရွှေချ ငွေချကျောင်းချည်းသာဖြစ်၍ ကျောင်းထိုင် စာချုပ္ပဂ္ဂိုလ်များကိုလည်း ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့သည်။

ကျောင်းဒါယကာကြီးဦးသက်ရှည် မရှိသည်နောက်လည်း ၎င်းဦးသက်ရှည်၏ သားကြီးဩရသဖြစ်သော ကျောင်းဒါယကာဦးကျော်အမှူးရှိသော သားသမီးတို့က ဆက်ခံ၍ ရှေးနည်းအတူ အုတ်တိုက်ကျောင်းများကိုသာ ဆောက်လုပ်၍ လှူဒါန်းလျက်ရှိသဖြင့် ယခုအခါ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်အတွင်းမှာ အတွင်းရွှေချ အုတ်တိုက်ချည်းပင် ပြည့်လျက်ရှိချေပြီ၊ ကျောင်းထိုင်စာချုပ္ပဂ္ဂိုလ်များနှင့်တကွ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက နှစ်စဉ်ပြုလုပ်သော စာချတန်း စာမေးပွဲတွင် မစိုးရိမ်ကျောင်းတိုက်မှ အောင်မြင်ပြီးသော စာချုပ္ပဂ္ဂိုလ်များကိုလည်း မစိုးရိမ်တိုက်၌ သီတင်းသုံး၍ နေသမျှကာလပတ်လုံး လစဉ်မပြတ် ဆွမ်းသင်္ကန်းစသည်တို့ဖြင့် မပင်ပန်းစေရန် ချီးမြှင့်ထောက်ပံ့လှူဒါန်းလျက် ရှိသည်။

၎င်းအပြင် မိုးဥတုအခါ ဆွမ်းခံချိန်တွင် မိုးရွာသွန်းခြင်းရှိက မစိုးရိမ်ကျောင်းတိုက်အတွင်း သီတင်းသုံးသော သံဃာတော် (၅၀၀–ကျော်)ငါးရာကျော်အားလုံးကို ဆွမ်းခံမကြွစေဘဲ ဆွမ်းလုပ်ကျွေးသည့်အပြင် သံဃာတော်အားလုံးအတွက် ဆေးပစ္စည်းဖြင့်လည်း ဖိတ်မန်သည်။

http://www.dhammadownload.com

ယခုအခါ အခြားမြို့ရွာကမန္တလေးမြို့တော်သို့ ဘုရားဖူးရောက်ရှိသူ ဗုဒ္ဓဘာသာ အပေါင်းတို့တွင် များသောအားဖြင့် မစိုးရိမ်ကျောင်းတိုက်သို့လည်း ကျောင်းကြည့်သာဓု ခေါ်ရန် ရောက်ရှိကြသေးသည်။

[မစိုးရိမ်မည်သော ဥယျာဉ်မြေယာတွင် တည်ထားဆောက်လုပ်သောကြောင့် မစိုးရိမ်ကျောင်းတိုက်အမည်တွင်သည်၊ ပါဠိလိုအားဖြင့် 'အသောကာရာမ' ကျောင်းတိုက်တည်း။]

(၂၀) ရန်ကုန်မြို့ စေတိယင်္ကဏ ဝတ်အသင်း

သာသနာသက္ကရာဇ် ၂၄၅၇ ခု၊ ကောဇာသက္ကရာဇ် ၁၂၇၅ ခုနှစ်တွင် အစပြု၍ တည်ထောင်ပြီးလျှင် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခြင်း၏အကြောင်းမှာ 'သာသနာတော်၌ စာချစာသင်ပုဂ္ဂိုလ်အဆက်ဆက် ဆင့်ကာ ဆင့်ကာ ပွားစီးလာမှ သာသနာတည်တံ့ခြင်း၏အကြောင်းဖြစ်သည်'ဟု ကောင်းကောင်းကြီး သိမြင်ကြသော ရန်ကုန်မြို့သူ မြို့သား ဒါယကာ ဒါယိကာမအပေါင်း လူကြီးလူကောင်းတို့သည် သက္ကရာဇ် ၁၂၈၀ ပြည့်နှစ်က စ၍ မန္တလေးမြို့ပရိယတ္တိ သာသနာဟိတအသင်း စာလျှောက်မေးခန်းနှင့်တူစွာ နှစ်စဉ်စာပြန်ပွဲ ကျင်းပ၍ အောင်မြင်သူပုဂ္ဂိုလ်များအား ရန်ကုန်မြို့၌ စာချ၍ နေသမျှကာလပတ်လုံး ဓမ္မာစရိယ ဓမ္မဝါစကပုဂ္ဂိုလ်အဖြစ်နှင့် အသင်းက သီးခြားကိုးကွယ်၍ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့်ထောက်ပံ့လှူဒါန်းသည်။

၎င်းစာသင် စာချ စာလျှောက်မေးခန်းနှင့် တွဲဖက်လျက် ဝိနည်းသာသနာကို ချီးမြှောက်သောအားဖြင့်လည်း ဝိနည်းငယ်လေးစောင်က စ၍ ဝိနည်းပါဠိတော် ငါးကျမ်းကို နှုတ်ရ အာဂုံပြန်ဆိုရန်ကိုလည်း ဝိနည်းစာပြန်ပွဲ သဘင်ဆင်ယင်ကျင်းပ၍ သာသနာကို ချီးမြှောက်သည်။

ထိုမှတစ်ပါးလည်း ရန်ကုန်မြို့ပေါ်အတွင်း ကျောင်းတိုက်အသီးအသီး၌ စာပို့ချသဖြင့် စာလိုက်စာသင်ပုဂ္ဂိုလ် ၂၀ကျော်ရှိသော စာချပုဂ္ဂိုလ်မထေရ်ကြီးများနှင့် စာချတန်းတွင် အောင်မြင်ပြီးသော စာချပုဂ္ဂိုလ်များအား တစ်လလျှင် တစ်ကြိမ်ကျ လစဉ်ဆွမ်းဆန်တစ်တင်းနှင့် ဆွမ်းဟင်းလျာများကို အမြဲမပြတ် လှူဒါန်းချီးမြှောက်လျက်ရှိသည်။

(၂၁) စေတိယင်္ကဏနှင့် သက္ကာဘိဝံသ ရဟန်းငယ်

၎င်းစေတိယင်္ကဏဝတ်အသင်း စာပွဲသဘင်တွင် 'သက္ကာဘိဝံသ'အမည်ရှိသော ရဟန်းပျိုသည် ၁၂၈၃ခုနှစ်က ဝိနည်းငါးကျမ်းပါဠိတော်ကို နှုတ်လွတ် အာဂုံ သံဃာစုံ

http://www.dhammadownload.com

ပရိသတ်အလယ်တွင် နှစ်ကြိမ်တိုင်တိုင် ပြန်ဆိုပြီးနောက် သက္ကရာဇ် ၁၂၉၀ပြည့်နှစ် တော်သလင်းလဆန်း ၈-ရက်နေ့ကစ၍ နတ်တော်လတိုင်အောင် ရှစ်ရက်သီတင်း လပြည့် လကွယ် ဥပုသ်နေ့တိုင် သံယုတ္တနိကာယ်ပါဠိတော် ၅ကျမ်းကို နှုတ်လွတ် အာဂုံပင် ပြန်ဆိုသဖြင့် ပြန်ဆိုရက် ၁၇ရက်ဖြင့် ၎င်းသံယုတ္တနိကာယ် ပါဠိတော် ငါးကျမ်းပြန်ဆို၍ အောင်မြင်ပြီးဆုံးသည်။

၎င်းသကျာဘိဝံသအမည်ရှိသော ရဟန်းပျိုသည် ရန်ကုန်မြို့ အရှေ့ပိုင်းပုဇွန်တောင် ရော်ဝက်မြေအရပ်တွင် သက္ကရာဇ် ၁၂၆၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက် သောကြာနေ့နံနက် ၆နာရီခွဲအချိန် အဘ ဦးဘိုးမောင် အမိ ဒေါ်အေးမယ်တို့မှ ဖွားမြင်သော အတိဇာတသား၊တည်း။

၎င်းသကျာဘိဝံသအမည်ရှိသော ပဉ္စင်းပျိုသည် ငယ်ရွယ်စဉ်ကပင် ပါရမီထူးချွန် ပညာဉာဏ်လွန်သော ယောကျ်ားကောင်း အာဇာနည်ဖြစ်၍ အသက် ၁၉ နှစ်သား ရှိသောအခါ အင်္ဂလိပ်စာ ဆယ့်နှစ်တန်းအောင်မြင်ပြီးမှ သမ္မာဒေဝနတ်အပေါင်းနှင့်တကွ သာသနာတော်စောင့်နတ်အပေါင်းတို့က သာသနာတော်မြတ်ကြီး၏ အကျိုးစီးပွား များစိမ့် သောငှာ တောင်းပန်ခယတိုက်တွန်းကြသဖြင့် ဃရာဝါသအိမ်ရာတည်ထောင် လူ၏ဘောင်ကို စွန့်ပစ်၍ ရဟန်းဘောင်သို့ ရောက်လာသော ဇာတိကုလပုတ္တ အာစာရ ကုလပုတ္တဖြစ်သော ပဉ္စင်းပျိုတည်း။

ဝိနည်းငါးကျမ်းပြန်ဆိုသောအခါမှာ အသက် ၂၇နှစ် သိက္ခာဝါ ၈-ဝါရ ဖြစ်သည်။

သံယုတ်ငါးကျမ်းပြန်ဆိုသောအခါမှာ အသက် ၂၉နှစ်၊ သိက္ခာဝါဆယ်ဝါအရ ဖြစ်သည်။

'ကုမာရာဘိဝံသ တိသာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု'ဖြစ်တော်မူသော ပဉ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက် ယင်းသံယုတ်ငါးကျမ်းပါဠိတော်ကို ပြန်ဆိုတော်မူသဖြင့် 'သံယုတ်ဆရာတော်ဘုရားကြီး'ဟု ကျော်ကြားပျံ့နှံ့သော ဂုဏ်သတင်း ရှိတော်မူသော ရန်ကုန်မြို့ဆရာတော်ဘုရားကြီး၏ သဒ္ဓိဝိဟာရိက ဖြစ်သော 'သကျာဘိဝံသ' ရဟန်းပျိုတည်း။

(၂၂) ရန်ကုန်မြို့ အရှေ့ပိုင်းက သာသနာချီးမြှောက်ပုံ

ရန်ကုန်မြို့ပုဇွန်တောင် မြေပိုင်တန်းရပ် ကျောင်းဒါယကာကြီး ဦးပိုက်၊ ကျောင်းအစ်မကြီး ဒေါ်သူတို့၏ သားသမီးတစ်စုတို့သည် ဦးပိုက် ဒေါ်သူတို့ရှိစဉ်ကပင် သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် အစဉ်မပြတ် ချီးမြှောက်ထောက်ပံ့လာရာ ယခုအခါမှာလည်း ချီးမြှောက်ထောက်ပံ့လျက်ပင် ရှိသည်။

http://www.dhammadownload.com

(၂၃) ပွဲစားကြီး ကျောင်းဒါယကာ ဦးဘိုးသာက သာသနာတော် ချီးမြှောက်ပုံ ဘုရားဖြူ ဝိနယာနုဂ္ဂဟစာမေးပွဲနှင့် ကျောင်းဒါယကာဦးဘိုးသာ

အထူးသဖြင့် ပွဲစားကြီး တန်ဆောင်းဒါယကာ ကျောင်းဒါယကာကြီး ဆာဘွဲ့ရ ဦးဘိုးသာနှင့် ပွဲကတော် ကျောင်းအစ်မ ဒေါ်ရီတို့သည် သာသနာကို လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်ထောက်ပံ့ရာမှာလည်း ဂဏန်းချ၍ ရေတွက်နိုင်ဖွယ်ရာမရှိ၊ ထိုသို့ပင် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ရပါသော်လည်း တင်းတိမ်အားရခြင်းမရှိသဖြင့် ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်လိုရကား:-

"ဝိနယောနမ ဗုဒ္ဓသာသနာဿအာယု၊ ဝိနယဋ္ဌိတေ သာသနံ ဋ္ဌိတံဟောတိ"[၁]

ဟူသည်ကို နှလုံးသွင်း၍ ဗုဒ္ဓသာသနာ တာရှည်စွာ တည်စေခြင်းငှာ ရန်ကုန်မြို့ ပုဇွန်တောင် ကျောင်းကြီးတိုက်ကြီး၏ အရှင်ဖြစ်တော်မူသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဦးပညာ မဟာထေရ်မြတ်ကို အမှူးပြု၍ ရှေးရှေးသော သာသနာပြု သာသနဒါယကာ မဟာဇနရာဇမင်းမြတ်များသည် သံဂါယနာတင်ပွဲသဘင် အလို့ငှာ ဆင်ယင်ခင်းကျင်းသော မဏ္ဍပ်အလား မခြားတူစွာ နာနာပုပ္ပ ပန်းကြွပန်းအုံမွှေးထုံပျံ့သင်း ဖြန့်ကျင်းခင်းနှီး ကောဇာကြီးပြင် ပလ္လင်သဏ္ဌာန်စာပြန်ပဒိုင်ကုလားထိုင်ထိပ်တစ်ဝ စာမပုဂ္ဂိုလ်ဝိနည်းဓိရ်တို့ နေဖို့သီးခြား ခြံရံထား၍ တိုင်များအလုံးပန်းကုံးပန်းရွက် ဖုံးလျက်ရစ်သန်း ရှုမခန်းအောင် ကြိုးတန်းပေါင်းကူး ယှဉ်ပူးရောင်စုံနတ်ဝိသုံသည် ဆင်တုံပေလာ ကဲ့ပမာသို့ ဝိနယာ တင်းကုပ် ဆောက်လုပ်မဏ္ဍပ်လွန်သပ်ယပ်၌ တင့်အပ်ဖွယ်ရာ ဝိနယာနုဂ္ဂဟသဘင် ဆင်ယင်ကျင်းပ၍ သာသနာတော်ကို ချီးမြှောက်လေသည်။

ထိုကျောင်းဒါယကာကြီး ဦးဘိုးသာ၏ ဝိနယာနုဂ္ဂဟ စာပြန်ပွဲ၌ ဝိနည်းပါဠိတော် ၅ကျမ်းကို နှုတ်တက်အာဂုံ နှုတ်ငုံတွတ်တွတ် နှုတ်လွတ်ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်တစ်နှစ်လျှင် တစ်ပါးနှစ်ပါးနှင့် ဝိနည်းပါဠိတော် ၄ကျမ်း ၃-ကျမ်း၊ ၂-ကျမ်း၊ ၁-ကျမ်း ပြန်ဆိုနိုင်သော ပုဂ္ဂိုလ်များ ပေါ်ထွက်လျက် ရှိ၏။

ဝိနည်းငယ် လေးစောင် ၃-စောင် နှစ်စောင်ပြန်ဆိုသော ပုဂ္ဂိုလ်မှာကား ရန်ကုန် စီရင်စုနှင့် အင်းစိန်စီရင်စုတွင် အများအပြား ပေါ်ထွက်လေသည်။

ထိုသို့ ဝိနည်းဆောင်ပုဂ္ဂိုလ်များ ပေါ်ထွက်ခြင်းကြောင့် ၎င်းကျောင်း ဒါယကာကြီး ဦးဘိုးသာကို အမှီပြု၍ ဝိနည်းသာသနာကြီးမွားထွန်းကား၍ သာသနာတော်ကြီး အလွန်အမင်းဂုဏ်ကျက်သရေ တိုးတက်လေသည်။ ၎င်းကျောင်းဒါယကာကြီး ဦးဘိုးသာ

၁။ ဝိ၊ ၁၊ ၆၊ ၁၁။

http://www.dhammadownload.com

သည် ဝိနယာသာသနနဂ္ဂဟ ဝိနည်းသာသနာကို ချီးမြှောက်ခြင်း ဟူသော ဝိနည်းပြန်စာပွဲသဘင်ကို အကြိမ်များစွာ ချီးမြှောက်လျက်ရှိ၏။

(၂၄) ကြည့်မြင်တိုင်ခေါ် ကြေးမြင့်တိုင် ပရိယတ္တိသာသနာနဂ္ဂဟ အသင်းက သာသနာ ချီးမြှောက်ပုံ

သာသနာသက္ကရာဇ် ၂၄၇၀ ခု၊ ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် တပေါင်းလဆန်း ခုနစ်ရက်နေ့တွင် ပရိယတ္တိသာသနာနဂ္ဂဟ အသင်းကြီးကို ဖွဲ့စည်းတည်ထောင်လျက် ရန်ကုန်မြို့ မြူနီစပယ်[1] နယ်အတွင်းရှိ ပရိယတ္တိ သာသနာနဂ္ဂဟ ကျောင်းတိုက်ကြီးများ၌ စာချ စာသင်ခြင်း ပရိယတ္တိကိစ္စကို အားထုတ်ရွက်ဆောင်လျက်ရှိသော သံဃာတော်မြတ်များအား သုံးလတစ်ကြိမ် ဆွမ်းဆန်လှူဒါန်းရန် ရည်သန်ပြဋ္ဌာန်းချက်ရှိသည်အားလျော်စွာ ၁၂၈၈ခု၊ ကဆုန်လဆန်း ၁၅ရက်နေ့က စ၍ ၎င်းကျောင်းတိုက်များရှိ သံဃာတော်များအား သုံးလအတွင်း မျှတလုံလောက်ရှိရန် ရည်မှန်းပြီးလျှင် ဆွမ်းဆန်လှူဒါန်း၍ သာသနာကို ချီးမြှောက်လျက်ရှိသည်။

> ကြေးမြင့်တိုင်ကို 'ကြည့်မြင်တိုင်'ဟု ရေးသည်မှာ မကြွေလှသေး၊ မြန်မာနိုင်ငံအထက်ပိုင်းကို အင်္ဂလိပ်မင်းသိမ်းယူမှ ရေးသားကြသော စကားဖြစ်သည်။ ရှေးအခါက 'ကြေးမြင့်တိုင်'ဟု ရေးသားကြသည်။ အထောက်အထားကား မြန်မာသံယောဂ ဒီပနီတွင်–မိုးပြင်ရှက်လိမ်၊ တိမ်ငါးကြင်းကြေး၊ ကြေးမြင့်ကိုင်ရပ်၊ ကြေးတိုးရပ်က'ဟု အခြား နယ်ထက် ကြေးတက်၍ ထမ်းရသည်ကို အစွဲပြုပြီးလျှင် ကြေးမြင့်တိုင်ရပ် ခေါ်ထွင်သည် ဟူလို။ ထို့ကြောင့် ရှေးရေးနည်းနောက်ရေးနည်းဖော်ပြသင့်သည်။

(၂၅) သထုံမြို့က သာသနာ ချီးမြှောက်ပုံ

သထုံမြို့ဒါယကာ ဒါယိကာမအပေါင်းတို့သည် သထုံမြို့ရှိ သံဃာတော်အရှင်သူမြတ်များအား လေးပါးသောပစ္စည်းဖြင့် မညှဉ်းနှမ်းရအောင် ချီးမြှောက်ထောက်ပံ့၍ မြတ်စွာဘုရားသာသနာတော်ကြီးသည် အနှစ်ငါးထောင်ရှည်ကြာအောင်ပင် ထိန်ပြောင်ပဝင်း ထွန်းလင်းတောက်ပစိမ့်သောငှာ၊ ရှေးရှေးသော သာသနာပြု မင်းကောင်းမင်းမြတ်များသည် သံဂါယနာတင်၍ သာသနာကို ချီးမြှောက်ကြဘိသကဲ့သို့ သံဂါယနာတင်အလား မခြားတူစွာ ပါဠိတော်အဋ္ဌကထာကို ပုစ္ဆာပြုလုပ်ထုတ်နုတ်မေးမြန်း

၁။ မြူနီစီပါယ်'ဟူသော အခြားဘာသာစကားတွင် 'ပယ်'၌ ပါယ်ဟု ပစောက်မှာ အချနှင့် မရေးသားသင့်။ မြန်မာစကားမှာ နယ်ပယ်ဆိုသော စကားနှင့် အလားတူဖြစ်သည်။

http://www.dhammadownload.com

စာမေးခန်း သဘင်ဆင်ယင်ကျင်းပ၍ နှစ်စဉ်ထာဝရပြုလုပ်ကြလျက် သာသနာတော်ကို ချီးမြှောက်အားပေးလျက်ရှိကြသတည်း။

(၂၄) ညောင်တုန်းမြို့က သာသနာ ချီးမြှောက်ပုံ

မြန်မာနိုင်ငံတော်အောက်ပိုင်း ဧရာဝတီနဒီဆိပ်ကမ်း မိုင်ဩဇ်းပြန့်ဖြူးအထူးကျော်ဿောသော ညောင်တုန်းမြို့၌ သာသနာတော်၏ အခြေမူလပဘာဝဖြစ်သော စာသင်ကျောင်းတိုက်ကြီးအသီးသီးကို တည်ထောင်ဆောက်လုပ် ကိုးကွယ်ကြပြီးလျှင် များစွာသောင်းသောင်း သံဃာတော်အပေါင်းတို့အား နေ့စဉ်မပြတ် နိစ္စဘတ်ဝတ် မချွတ်လေးပါးပစ္စည်းအားဖြင့် များပြားပင့်ထောက် ချီးမြှောက်ကော်ရော်ပူဇော်ရခြင်းဖြင့်လည်း တင်းတိမ်အားရမရှိကြသဖြင့် သာသနာသက္ကရာဇ် ၂၄၆၄ ခု၊ ကောဇာ သက္ကရာဇ် ၁၂၈၂ခုနှစ်က စ၍ စာမေးပွဲသဘင် သံဂါယနာတင်သကဲ့သို့ ဆင်ယင်ကျင်းပ၍ အတန်းအဆင့်ဆင့် အောင်မြင်သော ပုဂ္ဂိုလ်များအား လှူဒါန်းဖွယ်ရာအဖြာဖြာကို လှူဒါန်းချီးမြှောက်၍ အထူးအားဖြင့် ပထမအကျော်သံဃာတော်တို့အား သာသနာ့မျိုး စိုက်ပျိုးသည်သဖွယ် အခြားနယ်သို့ မကြွရအောင် လစဉ်မချွတ် နိဗ္ဗဝတ်ထား၍ လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှောက်ကြပြီးလျှင် ဂန္ဆဝါစက စာချသံဃာတော်အဖြစ်ဖြင့် သီးခြားကိုးကွယ်ကြလေသတည်း။

စာမေးပွဲသဘင်ဆင်ယင်ကျင်းပသည့်အခါ ညအဖို့မှာလည်း အမြို့မြို့ အရွာရွာမှ ဓမ္မကထိက မည်ရ ထင်ပေါ်သံဃာတော်တို့ကို ပင့်ဖိတ်၍ ဓမ္မရေအေး အမြို့က်ဆေးကို တိုက်ကျွေးတော်မူစေကြပြီးလျှင် ညစဉ်မလပ် အထပ်ထပ်နာကြားကြ၍ ဓမ္မမဂ္ဂင်မြို့က်ရေစင်ကို ကြည်ရွှင်စွာ သောက်စို့ကြလေသတည်း။

ဤသို့လျှင် ညောင်တုန်းမြို့ ဒါယကာ ဒါယိကာမတို့သည် အလွန်အကြူးအထူးအားထုတ်၍ သာသနာကို ချီးမြှောက်အားပေးလျက် ရှိကြပေကုန်၏။

(၂၅) စစ်တွေမြို့က သာသနာချီးမြှောက်ပုံ

စစ်တွေမြို့ ဗုဒ္ဓဘာသာသာသနာ အယူဖြူစင်ကြကုန်သော ဒါယကာ ဒါယိကာမတို့သည် မိမိတို့ မြို့ရွာနယ်ပယ်၌ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် လွန်စွာစည်ကား ထွန်းလင်းစေခြင်းငှာ မိမိတို့ မြို့ရွာ၌ နေထိုင်သီတင်းသုံးတော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့အား နေ့စဉ်မပြတ် လေးရပ်သော ပစ္စည်းတို့ဖြင့် ချီးမြှင့်ထောက်ပံ့လှူဒါန်းလျက်ရှိကြသည့်အပြင် နောက်အနာဂတ် သာသနာ တာရှည်စွာတည်စေခြင်းငှာလည်း သာသနာသက္ကရာဇ် ၂၄၄၂-ခု၊ ကောဇာ သက္ကရာဇ် ၁၂၆၀

http://www.dhammadownload.com

ပြည့်နှစ်က အစပြု၍ စစ်တွေမြို့ အုန်းတစ်ပင် ဆရာတော်ဘုရားကြီးကို အမှူးပြု၍ ကြဲစည်အားထုတ်လာရာ ၁၂၇၉-ခု ကျရောက်သောအခါမှာ သာသနာပြု ရဲပုံငွေ ဖွင့်လှစ်ကောက်ခံပြီးလျှင် သမဝါယမ ဘဏ်တိုက်များ၌ အစုရှယ်ရာအဖြစ်ဖြင့် ထည့်သွင်း ပါဝင်ထားခြင်းနှင့်တကွ မပျက်စီးနိုင်။ ထာဝရမြဲခိုင်သော လယ်မြေဥယျာဉ်တို့ကိုလည်း စိုက်ပျိုးပြုစု တည်ထောင်၍ သာသနာကို ပြုစုကြလေသည်။

(၂၁) ရုန်ဒိုင်ပြည်နှင့် အင်္ဂလိပ်စာ

သာသနာပြုစုပုံကား ယခုအခါ နောက်သားနောင်လာ ဗုဒ္ဓဘာသာခေတ်ဟု ရုန်ဒိုင်ပြည်သူ ပြည်သားတို့သည် မိမိတို့အမျိုးဘာသာ သာသနာကျမ်းစာများကို သိရှိ နားလည်အောင် မသင်ကြားနိုင်တော့ဘဲ ပရိယေသနအတွက် ငဲ့ကွက်၍ တစ်သက်လျာ မျှ ဝမ်းဝဖို့ အရေးမျှော်တွေး အမြင်တိုပြီးလျှင် ဘဝအဆက်ဆက် နိဗ္ဗာန်သို့ တက်သည် နိုင်အောင် ဆက်လက်ကျွေးမွေးပေးစွမ်းနိုင်သော သာသနာ့ကျမ်းစာစုကို သင်ကြားခြင်း လက်လွှတ်၍ ရှေးအခါက သာသနာဘက်ဆိုင်ရာ ကျမ်းစာစုကိုသာ စွဲမြဲသင်ကြား၍ အသက်မွေးမြူအိမ်ထောင်ထူခဲ့သော မိဘတို့၏ ဥစ္စာစုဖြင့် ဝယ်ယူသည့် အလားဘာသာ တစ်ပါးနိုင်ငံခြားသားတို့၏ အတတ်ပညာ အလုပ်ရှာစာကို အဖိုးအကပေး၍ သင်ကြား ကြလေသည်။

ရင်းကဲ့သို့ အနှီးအရင်းပေးသွင်း၍ သင်ကြားရသော အတတ်ပညာအလုပ်ရှာ စာကိုသာ အဖိုးထိုက်တန်သည်ဟု မှတ်ထင်နေကြသဖြင့် ရှေးအခါက ဗုဒ္ဓဘာသာတို့ အမြတ်တနိုး ခိုကိုးစရာ သင်ကြားလာသော ဗုဒ္ဓဘာသာကျမ်းစာစုသည် ယခုအခါ အဖိုးမတန်သကဲ့သို့ ဖြစ်နေ၏။ ထို့ပြင်လည်း ပရိယေသနအတွက် ငဲ့ကွက်၍ ဘာသာတစ်ပါးသို့ လိုးလွဲပြောင်းဝင်သော သူများလည်း ရှိနေ၏။

ဤကဲ့သို့ နောက်သားနောင်လာတို့ အစဉ်တစိုက်လိုက်၍ အဖိုးမတန် အသက်မွေး ကြောင်း မဟုတ်ဟု မှတ်ထင်၍ မသင်ကြားဘဲ နေကြပါလျှင် ဗုဒ္ဓဘာသာတို့၏ သင်ကြားရိုးအစဉ်အလာလွန်စွာမှ စိတ်နှလုံးကို ယဉ်ကျေးစေနိုင်သော ဗုဒ္ဓမြတ်စွာ သာသနာ ဘက်ဆိုင်ရာ ကျမ်းစာစုသည် တဖြည်းဖြည်း ကွယ်ပျောက် တိမ်ကော သိမ်ဖျင်း၍ ဗုဒ္ဓဘာသာ အယူအားနည်းဖို့ရာသာရှိသည်။

ဘာသာတစ်ပါး နိုင်ငံခြားသားတို့၏အတတ်ပညာ အလုပ်ရှာစာကို သင်ကြား ကြရသည်မှာလည်း ယခုပစ္စုပ္ပန်ဘဝ အသက်မွေးမြူရန် ငဲ့ကွက်အလုပ်ရဖို့ရန်အတွက် သာ သင်ကြားကြရလေသည်။ ယင်းသို့ဖြစ်၍ ဗုဒ္ဓဘာသာတို့၏ အစဉ်အလာ သင်ကြားရိုး သာသနာတော်ဘက်ဆိုင်ရာ ကျမ်းစာများကို သင်ကြား၍ တတ်မြောက်လျှင် ယခု ပစ္စုပ္ပန်ဘဝအတွက်မှာလည်း အသက်မွေးမြူနိုင်ရန် နောင်သံသရာအတွက်မှာလည်း

http://www.dhammadownload.com

ဘဝအကူးအဆက်ကောင်းစေရန် ရည်သန်၍ သာသနာပြုရုံပုံငွေ ဖွင့်လှစ်ပြီးလျှင် စာမေးပွဲကျင်းပ၍ အတန်းအဆင့်ဆင့် အောင်မြင်သူများအား သာသနာဘက်ဆိုင်ရာက အလုပ်ပေး၍ အသက်မွေးမြူစေရန် တစ်သက်လျာပတ်လုံး အနည်းဆုံး ၃၀က စ၍ ၂၅၀၀အထိ လခပေးပြီးလျှင် သာသနာတော်ကို ပြုစုအားထုတ်လျက် ရှိကြသတည်း။

စစ်တွေမြို့ အုန်းတစ်ပင် ဆရာတော်ဘုရားကြီးသည်လည်း စစ်တွေမြို့နယ်ပယ် အဝင် ထက်ဝန်းကျင်၌ တစ်နေ့တခြား ရေနည်းငါးကဲ့သို့ သာသနာတော်အားနည်းလှသဖြင့် သာသနာတော်အတွက် ကြောင့်ကြစိုက်၍ ဗုဒ္ဓဘာသာပရိယတ္တိ ကုသလမည်သော စာသင်ကျောင်းတော်ကြီး၌ နေ့စဉ်မပြတ် ဟောကြားပြသသြဝါဒပေး၍ ပရိယတ္တိကို ချပို့တော်မူလျက် နေတော်မူသတည်း။

(၂၄) အမြို့မြို့အရွာရွာကလည်း သာသနာ ချီးမြှောက်ပုံ

ဤသို့လျှင် သာသနဒါယကာ မြန်မာဘုရင် မရှိသည့်နောက် မြန်မာနိုင်ငံတော်အတွင်းရှိ အမြို့မြို့အရွာရွာ အနယ်နယ်၌ ကိုယ်မြို့ကိုယ့်ရွာကိုယ့်နယ် ကိုယ့်သာသနာတော်ကို ညှိုးနွမ်းယုတ်လျော့ခြင်း မရှိရအောင် ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သော တစ်ဦးတစ်ယောက်တည်းကသော်လည်းကောင်း၊ အများပေါင်းစု၍သော်လည်းကောင်း–

> ဒွေ မေ ဘိက္ခဝေ အနုဂ္ဂဟာ ကတမေ ဒွေ အာမိသာနုဂ္ဂဟော စ ဓမ္မာနုဂ္ဂဟော စ။[1]

ဟူသော ဒေသနာတော်ကို ယုံကြည်ကိုးစားအာရုံထား၍ အသီးအသီး ကိုယ်စီကိုယ်ငှ ယထာရဟ စွမ်းသမျှဖြင့် ချီးမြှောက်ကော်ရော်ပူဇော်လျက် ရှိကြ၏။

သို့ရှိကြသောကြောင့် ဘုရားရှင် သာသနာတော်ကြီးသည် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲခိုင်စွာ တည်ရှိလေသတည်း။

၁။ ဒုကဂိတ္တရပါဠိ၊ ၉၁။

http://www.dhammadownload.com

ပကိဏ္ဏက အခန်း

(၁) ယပ်လှဲတရား ပေါ်လာခြင်း

သာသနာသက္ကရာဇ် ၂၄၄၂ခု၊ ကောဇာသက္ကရာဇ်[၁] ၁၂၆၀ ပြည့်နှစ်တွင် လောက်က စ၍ သံတို သံရှည် သံမြှောင် ဆွဲငင်ကာဖြင့် ဖွဲ့နွဲ့သီကုံးဟောထုံး မဟုတ် ကိုယ်နှုတ်မူရာ အဖြာဖြာဖြင့် ဝါစာ သိလိဋ္ဌ ကိလိသ် ညစ်ညူး ရာဂ မြူးအောင် အထူးထူး အထွေထွေ စကားလုံး ပွေပွေနှင့် ဌာန်နေကရိဏ်းအာ လှိုင်း ပယတန မကျနဘဲ-

နံ ဘိက္ခဝေ အာယတကေန ဂိတသဒ္ဒေန ဓမ္မော ဂါယိတဗ္ဗော ယော ဂါယေယျ အာပတ္တိ ဒုက္ကဋဿ။[၂]

ဟူသောသိက္ခာပုဒ်နှင့် ဆန့်ကျင်စွာ ဟောပြောသော 'ယပ်လှဲ'ခေါ်သော တရားဟော နည်း ပေါ်လာသည်။

ထိုတရားဟောနည်းကို သာသနဗဟုသုတ နည်းပါးသော အချို့သော မာတုဂါမများနှင့် အချို့သော ဒါယကာများက အားပေးချီးမြှောက်ပြု၍ နာလို နားထောင်လိုကြသဖြင့် အချို့သော ရဟန်းငယ်များ အတော်ပင်လိုက်စား၍ ဟောလေ့ ပြောလေ့ပြုကြသည်။ ထိုဟောပြောနည်းမှာ တရားကို ရိုသေသမှု ယပ်ကိုင်ခြင်း မပြုကြဘဲ ဟောပြောကြသည်။ တရားကို ရိုသေသောအားဖြင့် ယပ်ကွယ်လျက် ဟောပြောသော 'ယပ်ထောင်'ခေါ်သော တရားဟောနည်း ကွယ်ပျောက်လုနီးပါး ဖြစ်လာလေသည်။ ယခုအခါမူကား ထိုယပ်လှဲဟောနည်း အလေ့အနည်းငယ် ဆုတ်ယုတ် လျက်ရှိပြီ။ 'ဇနိတ'မည်သော ရဟန်းငယ်ကစ၍ ယပ်လှဲတရားဟောနည်း ပေါ်လာသည် ဟူ၏။

၁၂၇၅ ခုနှစ်လောက်မှာ ရဟန်းနှစ်ပါးထိုင်၍ သူတစ်ပြန် ငါတစ်လှည့် အချီအချဟောပြောခြင်း 'စုံတွဲတရား'ခေါ်သော တရားဟောပြောနည်း မန္တလေးမြို့ အိမ်တော်ရာ ဘုရားအတွင်းမှာ ပေါ်လာသေးသည်။ နောက် မကြာမြင့်မီပျောက်ကွယ် သွားသည်။

၁။ ယပ်လှဲပေါ်စက 'သက္ကရာဇ်ကလေး၊ အသစ်ရေး၊ အစ်-ဒွေး-ဆ-သုဉ်၊ တဂုဏ်သိန်မှေး ယပ်လှဲချင်းထွေးရော့'ဟု စပ်ဆိုကြသည်။

၂။ စူဠဝါပါဠိ။ ၂၄၃။ ။ ၁၂၈၃ခုနှစ်တွင် သုဓမ္မာအဖွဲ့ဝင် ဆရာတော်ကြီး ၁၂ပါး၊က ညွှန်ကြားချက် ထုတ်ပြန်တား မြစ်ခဲ့သည်။ **အရပ်ရပ်အမိန့်တော်စာတမ်းများ၊** ၈၃။

http://www.dhammadownload.com

(၂) စာဟော ဆရာ ပေါ်လာခြင်း

သက္ကရာဇ် ၁၂၆၄ခုနှစ်လောက်က စ၍ သက္ကရာဇ် ၁၂၈၀ပြည့်နှစ်လောက် တိုင်အောင် အပြောင်အလှောင် အပြောတသောသောရယ်ရအောင် ပြောင်တောင်တောင် အသုံးအနှုန်း လုံးထပ်နဘောကာရန်တွေ ဖွဲ့စပ်၍ လက်ပြကိုယ်လှုပ် မဟုတ်တရား ဇာတ်သွားခင်းကျင်း အဖျင်းဖျင်း ပြောဟောသော စာဟောဆရာ 'ကွက်စိတ်ဆရာ'ဟူ၍ လူများစွာ ပေါ်လာလေသည်။

ထိုနောက် သက္ကရာဇ် ၁၂၈၀ပြည့်နှစ်လောက်ကစ၍ အမျိုးဘာသာ၊ သာသနာ၊ ပညာကြီးပွားရေးဆိုပြီးလျှင် အရပ်ထက်ဝန်းကျင် လှည့်လည်၍ ရဟန်းတရားဟော ဆရာ လူတရားဟောဆရာ ဟူ၍ ပေါ်လာသည်။ နိုင်ငံရေးဓမ္မကထိက ပုဂ္ဂိုလ်ဟူ၍လည်း အမည်ပေးကြသည်။ 'မည်သည့်မြို့.ရွာ မည်သည့်ဌာနဌ် မည်သည့်အချိန်ကစ၍ မည်သည့်ပုဂ္ဂိုလ်တရားဟောပြောပါလိမ့်မည်' စသည်ဖြင့် တရားနာဖိတ်ကြားသော အားဖြင့် ကြော်ငြာထုတ်၍ ဟောပြောလျက်ရှိသည်။

ဤကား သံတူကြောင်းကွဲ ဆင်တူရိုးမှား တရားဟောပေါ်လာခြင်းတည်း။

ရှေးအခါက တရားဟောပွဲဆိုလျှင် နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာတရားဟူ၍ သာ သိကြရသည်။ ယခုအခါမှာမူကား တရားဟောပွဲဆိုလျှင် ဘာတရားလဲဟု ပြန်လှန်၍ မေးကြရသည်။

နိဗ္ဗာန်ရောက်ကြောင်း တရားအစစ်ကို ဟောပြောသော ဘုန်းကြီး တရားဟောပွဲ များတွင်လည်း တရားပူဇော်ရန် ဆို၍ ဟောပြောသူဓမ္မကထိက ပုဂ္ဂိုလ်အတွက် ခွက် လက်ဆွဲပြီးလျှင် ပရိသတ်အလယ် မဖွယ်မရာ ဓမ္မကထိက မျက်မှောက်ဝယ် ငွေလည်၍ ခံခြင်း အလေ့ဆိုးကြီးလည်း ယခုအခါ ပေါ်ပေါက်၍ ရှိလေသည်။

(၃) သံဃ သာမဂ္ဂီ ခေါ်သော သံဃာ့အသင်း ပေါ်လာခြင်းအကြောင်း

သာသနာသက္ကရာဇ် ၂၄၆၄ခု၊ ကောဇာသက္ကရာဇ် ၁၂၈၂ခုနှစ်လောက်ကစ၍ သံဃာအချင်းချင်း အသင်းဖွဲ့စည်း၍ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ ကြီးပွားတိုးတက် ရေးဟူ၍ မြန်မာနိုင်ငံတော်အတွင်းရှိ မြို့.ရွာ နယ်ပယ်သို့ လှည့်လည်ပြီးလျှင် သာသနာ ကြီးပွားရေးနှင့် လောကကြီးပွားရေးကို ဟောပြောကြသည်။ ၎င်းသံဃသာမဂ္ဂီ[1] အသင်း၌ မြန်မာဇကရာဇ်မင်းများလက်ထက်က 'ရေဝတာဘိ ကဝိဓေ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဟူသောမင်းလျှုတ်ဆိပ် နှစ်ကြိမ် နှစ်ထပ် ရတော်မူသော ဘေးမဲ့ဆရာတော်ကြီး

၁။ ၁၂၉၂-ခုနှစ်တွင် ယင်းသံဃသာမဂ္ဂီအဖွဲ့.က ပဉ္စာဗျာကရဏက္ကမကျမ်းကို ထုတ်ဝေခဲ့သည်။

http://www.dhammadownload.com

ပါဝင်၍ ကြီးမှူးအုပ်ချုပ်တော်မူသည်။ အင်္ဂလိပ်မင်းလက်ထက်မှ 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်ရ အချို့သော ဆရာတော်ကြီးများလည်း ပါဝင်၍ ကြီးမှူးအုပ်ချုပ်ကြသည်။

ၚင်း သံဃသာမဂ္ဂိအသင်းဖွဲ့စည်း၍ သာသနာကြီးပွားရေးကို ရွက်ဆောင်ကြသော်လည်း ယခုအထူးအကျိုးမခံစားရသေးလေ၊ အချို့သော ရဟန်းတော်များမှာ သာ အကျဉ်းထောင်နှောင်အိမ် အသွင်းခံရလေသည်။

မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း တစ်သိန်းကျော်ခန့် ရှိရာ ၚင်းသံဃသာမဂ္ဂိ အသင်းသို့ ပါဝင်သော သံဃာက များ၍ မပါဝင်သော သံဃာအနည်းငယ်မျှသာ ကြွင်းကျန်သည်ဟူ၏။

သံဃာတော်များ ကြီးပွားရေး ရွက်ဆောင်ရန် ဖြစ်ပေါ်လာသည်မှာ 'ရှင်ဥတ္တမ' အမည်ရှိသော ရဟန်းက စ၍ဖြစ်ပေါ်လာသည် ဟူ၏။ ၚင်းရှင်ဥတ္တမအမည်ရှိသော ရဟန်းသည် နှစ်ကြိမ်တိုင်တိုင် ထောင်ကျခံ၍ အားထုတ်လျက် ရှိသည်။ ထိုသံဃသာမဂ္ဂိ အသင်း ဖြစ်ပေါ်လာသောအခါမှာ အချို့သော တောရကျေးလက်များ၌ သီတင်းသုံးသော သံဃာအချင်းချင်း ကွဲပြားကြသည်။ 'သံဃာ့ကွန်ဖရင့်'ခေါ်သော သံဃာ့အစည်းအဝေးကြီးများကိုလည်း မြို့ကြီး ရွာကြီးများ၌ တစ်နှစ်တစ်ကြိမ်၊ ခြောက်လ တစ်ကြိမ်ပြုလုပ်လျက်ရှိသည်။

(၄) ၈-သရောက် သာသနာ

ပုဂံမြို့၌ မြန်မာသက္ကရာဇ် ၅၃၆ ငါးရာသုံးဆယ့်ခြောက်ခု၊ (၅၂၆-ဟူ၍လည်း အဆိုရှိသည်) အင်္ဂလိပ် သက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် နန်းတက်သော ပုဂံ နရပတိစည်သူမင်းကြီးလက်ထက်၌ သံဃာတော်များ ဝိနည်းကျမ်းဂန်၌ အနက်အဓိပ္ပာယ်အကောက်အယူအဆသဘောကွဲလွဲကြသဖြင့် ၚင်းနရပတိစည်သူမင်းလက်ထက်တွင်-

ပူရိမဂိုဏ်း၊
ပစ္ဆိမဂိုဏ်း၊

ဟူ-နှစ်ဂိုဏ်းကွဲသည်။

မူလ အရှင်အရဟံဂိုဏ်းကို ပူရိမဂိုဏ်းခေါ်သည်။ ရှင်ဆပွဒ အမှူးရှိသော သီဟိဠ်မှရောက်လာသော ဂိုဏ်းကို ပစ္ဆိမဂိုဏ်းခေါ်သည်။[၁]

ပစ္ဆိမဂိုဏ်းတွင်လည်း နရပတိ စည်သူမင်းက မထေရ်သုံးပါးကို ဆင်ပေါက်တစ်စီး စီလှူသဖြင့် သီဝလိမထေရ်၊ တာမလိန္ဒမထေရ်တို့မှာ မိမိတို့အား လှူသော ဆင်ကို ချမ်းသာစွာနေစိမ့်သောငှာ တောတွင်း လွှတ်လိုက်သည်။ အာနန္ဒာမထေရ်မှာမူကား

၁။ ကလျာဏီကျောက်စာပါဠိ၊ ၉။

http://www.dhammadownload.com

မိမိအား လှူသော ဆင်ကို သီဟိုဠ်ကျွန်း ကိုဠိပုရမြို့နေ မိမိဆွေမျိုးများထံသို့ ပို့လိုက်လေသည်။ ဤတွင် သီဝလိမထေရ်နှင့် တာမလိန္ဒမထေရ်တစ်တွဲ တစ်ဂိုဏ်း၊ ရှင်အာနန္ဒမထေရ်မှာ တစ်ဂိုဏ်းဖြစ်ပြန်သည်။ ထိုနောက် ရှင်သီဝလိမထေရ်သည် ရှင်တာမလိန္ဒမထေရ်ကို ဝစီဝိညတ်နှင့် စပ်လျဉ်းသောအရာတွင် ဆုံးမရာ မခံယူသဖြင့် သီဝလိမထေရ်တစ်ဂိုဏ်းတာမလိန္ဒမထေရ်တစ်ဂိုဏ်း ဖြစ်ပြန်သည်။

ဤသို့လျှင်–

၁။ မူလ ရှင်အရဟံဂိုဏ်း၊
၂။ ရှင်သီဝလိဂိုဏ်း၊
၃။ ရှင်တာမလိန္ဒဂိုဏ်း၊
၄။ ရှင်အာနန္ဒာဂိုဏ်း၊

ဟူ၍ လေးဂိုဏ်းကွဲလေသည်။[၁] နောက်ကာလ ၎င်းလေးဂိုဏ်းကိုပင်–

နတ်ထောင့်ဂိုဏ်း၊
ကန်စွယ်ဂိုဏ်း၊
ငှက်ပစ်တောင်ဂိုဏ်း၊
ရေကြည်ဂိုဏ်း

ဟူ၍ ခေါ်ကြသည်။ ယခုလည်း ခေါ်ဆဲရှိသေးသည်။

၁။ ရှေးက တွင်ရင်း ရှင်အရဟံဂိုဏ်းကို ယခုအခါ နတ်ထောင့်ဂိုဏ်းဟု အယူရှိကြသည်။
၂။ ရှေးက တွင်ရင်း ရှင်အာနန္ဒာဂိုဏ်းကို ယခု ကန်စွယ်ဂိုဏ်းဟု အယူရှိကြသည်။
၃။ ရှေးက တွင်ရင်း ရှင်သီဝလိဂိုဏ်းကို ယခု ငှက်ပစ်တောင်ဂိုဏ်းဟု အယူရှိကြသည်။
၄။ ရှေးက တွင်ရင်း ရှင်တာမလိန္ဒဂိုဏ်းကို ယခု ရေကြည်ဂိုဏ်းဟု အယူရှိကြသည်။

ဤအယူများသည် အစဉ်အဟိုင်း ဟုတ်မည် မဟုတ်မည်ကို သေချာစွာ မသိနိုင်၊ တစ်ဆင့်စကားကြားဖူး၊ စာတမ်းစာမုတ်များ တွေ့ဖူး၍သာ ရေးသားထည့်သွင်းလိုက်သည်။

ထိုတွင် နတ်ထောင့်ဂိုဏ်း ကန်စွယ်ဂိုဏ်း ဤနှစ်ဂိုဏ်းဝင်သံဃာများ အဆက်မပြတ် သရောက်မှာ နေထိုင်သိတင်းသုံးလျက်ရှိသည်။ ၎င်းသရောက်မှာ ဂိုဏ်းအားဖြင့်

၁။ ကလျာဏီကျောက်စာပါဠိ၊ ၉။

http://www.dhammadownload.com

မှတ်သားသော်လည်း သံဃာ အချင်းချင်း ကဲကြိုးကဲငယ်အပြု မကွဲပြားလေ၊ သမဂ္ဂ သမောဓာနဖြစ်၍ အယူသီလ တူညီမျှကြ၏။

(၅) ကျောင်းဒါယကာ ဦးရွှေပေါနှင့် ကျောင်းအစ်မ ဒေါဖရဲပြဿနာ

သာသနာသက္ကရာဇ် ၂၄၅၄ ခု၊ ကောဇာသက္ကရာဇ် ၁၂၇၂ခုနှစ်တွင်မှ ငသရောက် နောတွင်းရွာနေ ငါတို့၏ အဘိုးဖြစ်သူကျောင်းဒါယကာဦးရွှေပေါက ပိဋကတ်သုံးပုံ နိကာယ်စုံကို ပေဝယ်ရေးကူး၍ ကန်စွယ်ဂိုဏ်းဝင် အရှင်စန္ဒိမ အမည်ရှိသော မထေရ်ကြီး၏ တပည့်ဖြစ်ကြသော ဝိသုဒ္ဓမည်သော ရဟန်းနှင့် ရာဇိန္ဒမည်သော ရဟန်းနှစ်ပါးတို့အား ရေစက်သွန်းချ၍ လှူဒါန်းအပ်နှင်းမည် ပြုရာ ရေစက်ချပွဲ သံဃာတော်ကြီးများ ရှေ့မှောက်လူပရိသတ်အစုံ ရောက်သောအခါမှ ဦးရွှေပေါ၏ဇနီးဖြစ်သူကျောင်းအစ်မ ဒေါဖရဲသည် 'လှူဒါန်းခြင်းကို သဘောမတူပါ။ ယခု စာပေတန်ဖိုးတစ်ဝက် သူသက် ဆိုင်ပါသေးသည်။ ဤရဟန်းနှစ်ပါးကိုလည်း မလှူဒါန်းနိုင်ပါ'

ဟု သံဃပရိသတ် လူပရိသတ်အလယ်မှာ အတိအလင်းပြောဆိုသည့်ပြင် ပင့်ဖိတ်၍ ရောက်လာသော သံဃာတော်များအား နေ့ဆွမ်းကပ်မည်ဟု ဆွမ်းပွဲများ မြှောက်ချီ၍ ကပ်မည်အပြုတွင်–

'ငင်းဆွမ်း ဆွမ်းဟင်းများကိုလည်း သံဃာတော်များအား ကပ်လှူခြင်းကိုလည်း သဘောမတူပါ'

ဟု တားမြစ်ပိတ်ပင်သဖြင့် ဆွမ်းအကပ်မခံရဘဲ သံဃာတော်များမှာ ဆိုင်းငံ့၍ နေရလေသည်။

(ဤအခါမှာ ဦးရွှေပေါနှင့် ဒေါဖရဲတို့ ကွဲပြား၍ တစ်အိုးစားတစ်နေရာစီနေကြသောအခါ ဖြစ်သည်။)

ထိုသို့ ကျောင်းအစ်မဒေါဖရဲက အလှူကို တားမြစ်သောအခါ အလှူရှင်ကျောင်းဒါယကာ ဦးရွှေပေါက သံဃာတော်များအား လျှောက်ထားသည်မှာ–

'အရှင်ဘုရားတို့ တပည့်တော်ပစ္စည်းအမှတ်ပြု၍ ဘဉ်းပေးသုံးဆောင်တော်မူကြပါ၊ သူမကျေနပ်ဘူးဆိုလျှင် ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်တို့ကသော်လည်းကောင်း၊ ရုံးမင်းများကသော်လည်းကောင်း ယခု အလှူတန်ဖိုးတစ်ဝက်ကို မိဖရဲအား ပေးသင့်သည်ဟု ဆုံးဖြတ်ကြပါလျှင် တပည့်တော် တာဝန်ရှိပါစေ၊ တပည့်တော်က ပေးပါမည်၊ တပည့်တော်၏ပစ္စည်းကို အလှူခံပါ၊ တပည့်တော်ပစ္စည်းပါ'

စသည်လျှောက်ထားသည်၊ အလှူရှင်ဒါယကာ ဦးရွှေပေါ၏ ဆွမ်းနှင့်တကွသော လှူဖွယ်ဝတ္ထုများကို အလှူခံတော်မူကြ၏။ စာကျမ်းများကိုလည်း ငင်းအတိုင်း လျှောက်ထား၍ ရဟန်းနှစ်ပါးအလှူခံကြ၏။

http://www.dhammadownload.com

ဂင်းအမှု သက္ကရာဇ် ၁၂၇၂ခုနှစ် ကဆုန်လဆန်း ခုနစ်ရက်နေ့တွင် စ၍ ဖြစ်ပွားသည်။

ထိုနောက် နတ်ထောင့်ဂိုဏ်းဝင်သံဃာများက ဂင်းအလှူမခံထိုက်ကြောင်းနှင့် ပြောဆိုသည်၊ ကန်စွယ်ဂိုဏ်းဝင်သံဃာများက ပစ္စည်းရှင်က လှူသဖြင့် အလှူခံထိုက်ကြောင်း ပြောဆိုရာတွင်မှ နှစ်ပရိစ္ဆေဒအနည်းငယ် ငသရောက်မှာ ကန်စွယ်ဂိုဏ်းသံဃာနှင့် နတ်ထောင့်ဂိုဏ်းသံဃာ ကွဲပြားသည်။ ယခုအခါများမူကား အကွဲအပြားမရှိညီညွတ်၏။ လှည်းထောင်နွားမွေး ရဟန်းသံဃာမရှိ။

ငသရောက် ဟူသည် ပုဂံရာဇဌာနီ၌ မြို့ရံငါးပါးရှိရာတွင်တစ်ပါးအဝင်အပါဖြစ်သော ပုဂံနန်း လေးဌာနအရှေ့မြောက် ငသရောက်မြို့ပေတည်း။

(၆) ငသရောက် သာသနာဆက်

- ပုဂံပြည် ပထမသာသနာပြုဓမ္မဒဿီဘွဲ့မည်ရှိသော အရှင်အရဟံရဟန္တာမထေရ်။
- ဂင်းတပည့် ဂုဏသာရ မထေရ်။
- ဂင်းတပည့် အဂ္ဂပဏ္ဍိတမထေရ်။
- ဂင်းတပည့် အဂ္ဂဝံသမထေရ်။
- ဂင်းတပည့် ဥတ္တရာဇီဝမထေရ်။
- ဂင်းတပည့် အရှင်သဒ္ဓမ္မပါလဘွဲ့မည်ရှိသော ပထမဆပွဒမထေရ်။
- ဂင်းတပည့် အရှင်ဉာဏဘွဲ့မည်ရှိသော ဒုတိယဆပွဒမထေရ်။
- ဂင်းတပည့် အရှင်သဒ္ဓမ္မသိရိဘွဲ့မည်ရှိသော တတိယဆပွဒမထေရ်။
- ဂင်းတပည့် ပုဂံမြို့ ခေမင်္ကရတိုက်အရှင်သုဓမ္မစာရီမထေရ်။
- ဂင်းတပည့်ပုဂံကျေးလက် ဥမင်ကျောင်း အရှင်အဂ္ဂဓမ္မမထေရ်။
- ဂင်းတပည့် ပုဂံကျေးလက်ကုန်းတန်းကြီးရွာလျှင် ဖွားရာ ဇာတိရှိသော (ခင်ကြီးလှော်)ဘွဲ့မည်မထင်ရှား။
- ဂင်းတပည့် ငသရောက်သစ်ညှိရွာလျှင် ဖွားရာဇာတိရှိသော အရှင်အာဒိစ္စဝံသ မထေရ်။
- ဂင်းတပည့် ငသရောက် သစ်ညှိရွာတွင် ဖွားရာဇာတိရှိသော အရှင်အာဒိစ္စဝံသမထေရ်၏ တူတော်ဖြစ်သော အရှင်လာဘာသိဒ္ဓိမထေရ်။
- ဂင်းတပည့် ငသရောက် တောပျားရွာလျှင် ဖွားရာဇာတိရှိသော အရှင်ဇာဂရ မထေရ်။

http://www.dhammadownload.com

- ၎င်းတပည့် ၎-သရောက် မြေနည်းရွာလျှင် ဖွားရာဇာတိရှိသော (ခင်ကြီးကျင်) ဘွဲ့မည်မထင်ရှား။
- ၎င်းတပည့် ၎-သရောက် တောပျားရွာလျှင် ဖွားရာဇာတိရှိသော (ဦးတုတ်ကြီး) ဘွဲ့မည်မထင်ရှား။
- ၎င်းတပည့် ၎-သရောက် တောပျားရွာလျှင် ဖွားရာဇာတိရှိသော (ငယ်မည်ဦးငွေရ) အရှင်ဝိသုဒ္ဓမထေရ်။

(၇) အရည္ဝါသီ အရှင်ဓမ္မစာရီ မထေရ်

- ၎င်းတပည့် ရွှေပြည်ရန်အောင် မြင်းနယ်တံတားရွာတွင် ဖွားရာဇာတိရှိ၍ သူကြီးရိုးရာ မျိုးနွယ်ဖြစ်သော (ငယ်မည်ဦးရွှေရိုး) အရှင်ဓမ္မစာရီမထေရ် တည်း။

  ၎င်းဓမ္မစာရီမထေရ်ကြီးကို ငါတို့မိုလိုက်၏။ ထိုအရှင် ဓမ္မစာရီမထေရ်ကြီးသည် နေ့ညဥ်မပြတ် ဗြဟ္မဝိဟာရတရားလေးပါးနှင့် နေလေ့ရှိသဖြင့် သတ္တဝါအပေါင်းအား မေတ္တာပို့ခြင်းဖြင့် အချိန်ကုန်စေ၏။

  ပရိတ်တော်ကို နေ့ညဥ်မပြတ် ရွတ်ဖတ်တော်မူလေ့ရှိ၏။

တောအရပ်များ၌ ကိုယ်တော်တစ်ပါးတည်း နေ၍ ပရိတ်ရွတ်သောအခါ မြွေစသော တိရစ္ဆာန်များမထေရ်ကြီး၏ ရှေ့မှောက်လာ၍ ပရိတ်ရွတ်ခြင်း ပြီးဆုံးသည်တိုင်အောင် ပရိတ်နာ၍ မထေရ်ကြီးက 'သွားကြလော့'ဟု မိန့်ဆိုတော်မူမှ လာရင်းလမ်းအတိုင်း လှည့်ပြန်ကြသည် ဟူ၏။

ရပ်ရွာဒါယကာ ဒါယိကာမများက 'အန္တရာယ်ကင်း ပရိတ်နာလိုပါသည်ဘုရား' ဟု ပင့်လျှောက်လျှင် နေဝင်ခြောက်နာရီခန့်က ရွာတွင်းသို့ ကြွ၍ သန်းခေါင်ကျော် နာရီပြန်တစ်ချက် နှစ်ချက်ထိုးသည် တိုင်အောင် ပရိတ်ရွတ်တော်မူ၏။ ဘုရားမုခပါဠ် သုတ်ပေါင်းများစွာ ဆောင်တော်မူ၏။ သိင်္ဂာကာမဂုဏ်နှင့်လည်း အလွန်ပြည့်စုံတော်မူ၍ ပဋိပတ္တိသာသနာကို ချီးမြှောက်တော်မူ၏။ သက်တော်ဝါတော်ကြီးသောအခါမှ ငသရောက်မြို့အလယ် ရွှေမြင်းထင်ကျောင်းတိုက်၌ ဂါမဝါသီရဟန်းအဖြစ်နှင့် အမြဲနေတော်မူ၏။ အရည္ဝါသီအဖြစ်နှင့်သာ နေတော်မူလေ့ရှိ၏။

၎င်းမထေရ်ကြီးသည် ငါတို့ ရဟန်းမခံမီ အလျင်တစ်နှစ် သက္ကရာဇ် ၁၂၆၄တွင်မှာ ပျံလွန်တော်မူသဖြင့် ငါတို့မှာ ကျောင်းသားသာမဏေအဖြစ်နှင့် ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးလိုက်ရသည်။ ၎င်းမထေရ်ကြီးသည် ငသရောက်မြို့အလယ် ရွှေမြင်းထင်ကျောင်းတိုက်မှာပင် ပျံလွန်တော်မူ၍ ဈာပနကိစ္စပူဇော်ပွဲကျင်းပရာမှာ မဖြစ်ဘူးမြဲ

http://www.dhammadownload.com

ထူးကဲလွန်မြတ်ပရိသတ် အံ့ဖွယ်ကြီးကျယ်စည်းကား အလွန်ပင် များပြားလှပေသတည်း။

(၈) အရှင်စန္ဒိမ မထေရ်

ဌင်းအရှင်ဓမ္မစာရီငယ်မည် ဦးရွှေရိုး၏ တပည့်ကား ရွှေပြည်ရန်အောင် မြင်းနယ် အနောက်လက် တံတားရွာတွင် အရှင်ဓမ္မစာရီမထေရ်ကြီး၏ နှမတော်အရင်းမှ သက္ကရာဇ် ၁၂၂၄ခုနှစ်တွင် ဖွားမြင်တော်မူသော ယခုထင်ရှားရှိတော်မူသော ငါတို့၏ ကျေးဇူးရှင် စစ် ငသရောက်ရွှေမြင်းထင် ဆရာတော်ဘုရားကြီး အရှင်ဉာဏိန္ဒ အရှင်စန္ဒိမ မထေရ် ကြီးပင်တည်း။

ဥပဇ္ဈာယ်ဆရာတော်က ဉာဏိန္ဒဟု မှည့်ဆိုဘွဲ့ပေးသည်။ ဓမ္မာစရိယဆရာတော်က စန္ဒိမဟု မှည့်ဆိုဘွဲ့ပေးခေါ်ဝေါ်သည်။

ယခုလည်း အရှင်စန္ဒိမမထေရ်ဟုပင် အမည်တော် တွင်လျက်ရှိသည်။ ငါတို့၏ ကျေးဇူးရှင် ဖြစ်တော်မူသော အရှင်စန္ဒိမမထေရ်ကြီးသည် ဦးရီးတော် ဓမ္မစာရီမထေရ်ကြီး ရှိတော်မူစဉ်ကပင် ဦးရီးတော်ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို မလစ်ဟင်းရဘဲ လုပ်ကျွေးပြုစု၍ ငသရောက်ရွှေမြင်းထင်ကျောင်းမှာပင် သီတင်းသုံးတော်မူ၍ သက္ကရာဇ်၁၂၇၆ခုနှစ်လောက်က စ၍ ငသရောက်နယ် အဝင်အပါ ကန်နီကြီး တောရကျောင်း၌ အရည၀ါသီနေတော်မူလျက်ရှိ၏။

(၉) ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော် အရှင်ဇဝန

ဌင်း အရှင်စန္ဒိမမထေရ်ကြီးအား သဒ္ဓိဝိဟာရိက ရဟန်းတပည့်ပေါင်းများစွာ ရှိလေသည်။ ထိုတပည့်များစွာတို့တွင် အရှင်ဂန္ဓိသာရ အရှင်ဇဝနဟု နှစ်မည်ရသော မထေရ်သည် ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရာမအမည်ရှိသော ရေစကြို ကျောင်းတိုက်ကြီးအတွင်း၌ အရှင်ဂန္ဓသာရ အမည်တော်ရှိသော ရေစကြိုဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကပင် နိကာယ်ငါးရပ်ကို အထပ်ထပ်ချပို့တော်မူလျက် သီတင်းသုံးတော်မူ၏။

ထိုနောက် ဌင်းပခုက္ကူမြို့အရှေ့ပိုင်းတွင် များစွာသောင်းသောင်း ပခုက္ကူဒါယကာ ဒါယိကာမအပေါင်းတို့က ကျောင်းတိုက်သီးခြားတည်ထား ဆောက်လုပ်ကြွေးလျှင် သီတင်းကျွတ်သုံးတော်မူရန် ပင့်လျှောက်ကြသဖြင့် ဌင်းပခုက္ကူမြို့ အရှေ့ပိုင်း တိုက်သစ်ကြီးကို လက်ခံသိမ်းပိုက်တော်မူလျက် ဌင်းကျောင်းတိုက်ကြီး၏ အရှင်ဖြစ်တော်မူ၍ နိကာယ်ငါးရပ် နှံ့စပ်အောင် ချပို့တော်မူပြီးလျှင် ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက်တော်မူလျက် ရှိသည်။ ပခုက္ကူမြို့ အရှေ့တိုက်သစ် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော်ရ ဒိစတြိတ်ဂိုဏ်းချုပ် ဆရာတော်ဦးဇဝနပင် ဖြစ်သည်။

http://www.dhammadownload.com

ဌင်းအရှင်စန္ဒိမမထေရ်၏ သဒ္ဓိဝိဟာရိက တပည့်အရှင် ဝိသုဒ္ဓမထေရ်သည်လည်း ပခုက္ကူ ရေစကြိုဆရာတော်ဘုရားကြီး၏ တိုက်တွင် စာချပို့တော်မူလျက် နေပြီးလျှင် ယခုမြင်းခြံမြို့ တန်ဆောင်းကြီးတိုက်၌ ပရိယတ္တိသာသနာကို ချပို့ချီးမြှောက်တော်မူလျက်ရှိသည်။

(၁၀) ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒ မထေရ်

ဌင်းအရှင်စန္ဒိမ မထေရ်ကြီး၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော (အရှင်ရာဇိန္ဒမထေရ်)သည်လည်း သက္ကရာဇ် ၁၂၇၄ခုနှစ်က စ၍ မန္တလေးမဖိုးရိမ်ကျောင်းတိုက် ပရိယတ္တိနယူပဒေသကျောင်း၌ ကျောင်းဒါယကာကြီး ဦးသက်ရှည်၊ ကျောင်းဒါယကာဦးကျော်တို့၏ နေ့စဉ်ဆွမ်းဝတ်တည်ထားခြင်းကို ခံယူ၍ ပရိယတ္တိ သာသနာဟိတအသင်းမှာ လစဉ်မပြတ်ဆွမ်းဆန်ဆွမ်းဟင်းလျာ စသည်ထောက်ပံ့လှူဒါန်းခြင်းကိုလည်း ခံယူပြီးလျှင် သက္ကရာဇ် ၁၂၈၅ခုနှစ် နယုန်လတိုင်အောင် ပရိယတ္တိသာသနာကို ချီးမြှောက်ကဲ့၍ ၁၂၈၅ခုနှစ် နယုန်လက စ၍ ရန်ကုန်မြို့အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်ကြီး၌ ကျောင်းဒါယကာကြီး ဦးဘိုးသာစသော ဒါယကာ ဒါယိကာမတို့၏ နေ့စဉ်မပြတ် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းကို ခံယူ၍ စေတီယင်္ဂဏ ဝတ်အသင်းမှ လစဉ်မပြတ် ဆွမ်းပစ္စည်းဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းကို ခံယူပြီးလျှင် ပရိယတ္တိကို ချပို့ သာသနာကို ချီးမြှောက်လျက်ရှိသည်။

ဤသို့လျှင်- ၈-သရောက်မြို့၌ သာသနာဆက်ကို သိရာ၏။

(၁၁) တစ်နည်း- ဂန္ဓကာရက ပုဂ္ဂိုလ် ဆရာစဉ်ကား

(၁) ပခုက္ကူမြို့ အရှင်ဂန္ဓသာရ အမည်ရှိသော ရေစကြိုဆရာတော်ကြီးတည်း။

(၂) ရေစကြိုဆရာတော်ဘုရားကြီး၏ ဆရာကား သာသနာပိုင် ဦးဥယျတည်း။

(၃) သာသနာပိုင်ဦးဥယျဆရာကား သဲအင်းသာသနာပိုင် ဆရာတော်ကြီးတည်း။

(၄) သဲအင်းသာသနာပိုင် ဆရာတော်ကြီး၏ ဆရာကား ဘိုးတော်ဦးဝိုင်းလက်ထက် မင်းအို ဆရာတော်ကြီးတည်း။

(၅) ၎င်းမင်းအိုဆရာတော်ကြီး၏ ဆရာကား ပုခန်းကြီးမြို့ ကျေးလက် ဂဏ ဝါစက ဗုမ္မဆရာတော်ကြီးတည်း။

http://www.dhammadownload.com

(၆) ၎င်းဗုဒ္ဓာဆရာတော်ကြီး၏ ဆရာကား ပုခန်းကြီးမြို့ နောင်းဘရွာ အရှင်ဓမ္မနန္ဒ မထေရ်ကြီးတည်း။

(၇) ၎င်းဓမ္မနန္ဒမထေရ်ကြီး၏ ဆရာကား ပုခန်းကြီးမြို့ အနောက်ဝါကျ ဥမင်ကျောင်း အရှင်အဂ္ဂဓမ္မာလင်္ကာရ မထေရ်ကြီးတည်း။

(၈) ၎င်းအဂ္ဂဓမ္မာလင်္ကာရ မထေရ်ကြီး၏ဆရာကား ပုဂံမြို့ ခေမင်္ကတိုက်နေ အရှင်သုဓမ္မစာရီ မထေရ်ကြီးတည်း။

အထက်ဥပါလိတိုင်အောင် ဆက်လေ။

(၁၂) သာသနာသုံးပါး ကြီးပွား ဆုတ်ယုတ်ဟူ သော စကားအဓိပ္ပာယ်

သာသနာတော် စည်ပင်ပြန့်ပွားထွန်းကားသည်ဆိုသည်မှာ–

(၁) ပရိယတ္တိသာသနာ စည်ပင်ပြန့်ပွားထွန်းကားခြင်း၊

(၂) ပဋိပတ္တိသာသနာစည်ပင်ပြန့်ပွားထွန်းကားခြင်း၊

(၃) ပဋိဝေဓသာသနာစည်ပင်ပြန့်ပွားထွန်းကားခြင်း

ဟူ၍ သုံးပါးရှိ၏။

ထိုသုံးပါးတို့တွင် ပရိယတ္တိသာသနာကြီးပွားဆိုသည်ကား ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို သင်ကြားသူ လေ့လာကြည့်ရှုသူ ချပို့သူ နတ်ထွင်ဆောင်ထားသူ ပေါများသည်ကို ပရိယတ္တိသာသနာ ကြီးပွားသည်ဟု ဆိုသည်။

ဘုရားစကားတော်တည်းဟူသော ပိဋကတ်သုံးပုံကို သင်ကြားသူ ကြည့်ရှုလေ့လာသူ ချပို့သူ နှုတ်တွင်ဆောင်ထားသူ ဆောင်နိုင်သူနည်းပါးသည်ကိုပင် ပရိယတ္တိသာသနာဆုတ်ယုတ်သည်ဟု ဆိုရသည်။

ထို့ကြောင့် ဘုရားစကားတော်ဟူသော ပရိယတ္တိ သာသနာတော်ကြီးကို ပျောက်ကွယ် တိမ်ကောဆုတ်ယုတ်ခြင်း မရှိရအောင် စောင့်ရှောက်ရန် တာဝန်ကား သာသနာထမ်း ရဟန်းတော်များနှင့် ဥပါသကာ ဥပါသိကာတို့ပင် ဖြစ်လေသည်။

ထိုတွင် သာသနာထမ်း ရဟန်းတော်များမှာ ဂန္ထဓုရ၊ ဝိပဿနာဓုရဟု ကိစ္စနှစ်ပါးသာ ရှိသဖြင့် ဝိပဿနာဓုရကို အားထုတ်လိုသော် အားထုတ်ရာ၏။ သို့မဟုတ်က မိမိဉာဏ်စွမ်းရှိသလောက် စာပေပရိယတ်ကို ချပို့သင်အံ့ လေ့ကျက်ဆောင်ရွက်နှုတ်တက်အာဂုံနှုတ်ငုံရွရွ နှုတ်တွင်ရ၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်သာ အချိန်ကုန်စေပြီးလျှင် ပရိယတ္တိသာသနာတော်ကြီးကို ကြီးပွား ထွန်းကားစေရာ၏။

http://www.dhammadownload.com

(၁၃) ရဟန်းဖြစ်ကျိုးနပ်ကြပါစေ

ယင်းသို့ကြီးပွားထွန်းကားစေမှသာလျှင် သာသနာကြီးကို စောင့်ရှောက်ရာ ရောက်၏။ သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်၍ ရဟန်းဖြစ်ရကျိုးနပ်၏။ ရဟန်းအလုပ်ကျန၏။

ရဟန်းကိစ္စနှစ်ခု တစ်ခုခုမှ အားမထုတ်သော ရဟန်းသည် ရဟန်းဖြစ်ကျိုးမနပ်၊ ရဟန်းကိစ္စရဟန်းအလုပ်၌ မကျေပွန်၊ သာသနာကို စောင့်ရှောက်ရာမရောက် သာသနာကို ဖျက်ဆီးရာ ရောက်၏။ သာသနာဖျက် ရဟန်းဟူ၍ပင် ခေါ်ဆိုထိုက်၏။

ဥပါသကာ ဥပါသိကာဖြစ်ကြကုန်သော လူယောကျ်ားလူမိန်းမတို့သည်လည်း ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်သောအားဖြင့် မိမိတို့စွမ်းအားရှိသလောက် အထူးသဖြင့် မိမိတို့နှင့် ဆိုင်ရာ-

- အနတ္တလက္ခဏသုတ်၊
- ဓမ္မစက္ကသုတ်၊
- မဟာသတိပဋ္ဌာနသုတ်

အစရှိသော မြတ်စွာဘုရားစကားတော်ကြီးများကို ဘုတ်တွင် ပေတွင် မထားမူ၍ မိမိတို့၏ နှုတ်တွင် လျှာပေါ်တွင်ထား၍ အမြဲမပြတ်ရွတ်ဖတ်သရဇ္ဈာယ်၍ ပရိယတ္တိ သာသနာတော်ကြီးကို ကြီးပွားထွန်းကားစေရာ၏။ မြတ်စွာဘုရားစကားတော်ကြီးများကို တစ်ပုဒ်တစ်ဂါထာက စ၍ မပျောက်ပျက်ရအောင် စောင့်ရှောက်ထိန်းသိမ်းရမည် ဆိုလိုသည်။

သို့မှ သာသနာတော်၏ တင့်တယ်ခြင်း အသရေဆောင် ဥပါသကာ ဥပါသိကာ၊ သာသနသောဘာဏီ ဖြစ်ကြမည်၊ သာသနာကို စောင့်ရှောက်ရာရောက်မည်၊ သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်မည်။

ပဋိပတ္တိ သာသနာတော် ကြီးပွားထွန်းကားဆိုသည်မှာ ပဋိပတ္တိသာသနာတော်၏ အရ ဖြစ်သော-

- တစ်ဆယ့်သုံးပါးသော ဓုတင်အကျင့်ကို မပျောက်ပျက်ရအောင် ကျင့်ကြဲဆောက်တည်သူ ရဟန်းရှင်လူပေါများခြင်း၊
- တစ်ဆယ့်လေးပါးသော စုဒ္ဒသခန္ဓကဝတ် နိပါတ်တော်ကြီးများနှင့် ရှစ်ဆယ့်နှစ်ပါးသော ဝတ်အကျင့်များကိုလည်း လိုက်နာ၍ ပြုသော ရှင်နှင့်ရဟန်းပေါများခြင်း၊
- မိမိတို့စောင့်ရှောက်အပ် စောင့်ရှောက်သင့်သော သီလများကို မကျိုးမပေါက် မပြောက်မကျားရအောင် ကောင်းမွန်ရိုသေစွာ စောင့်ရှောက်ထိန်းသိမ်းသူ ရဟန်းရှင်လူပေါများခြင်း၊

http://www.dhammadownload.com

– သမထဝိပဿနာအလုပ်၌ အားထုတ်သူရဟန်းရှင်လူပေါများခြင်းသည် ပဋိပတ္တိဟူသော အကျင့်သာသနာကြီးပွားထွန်းကားသည်ဟု ဆိုရသည်။

ပြဆိုအပ်ပြီးသော ကျင့်ဝတ်တို့ကို ကျင့်သူနည်းပါးလျှင် ပဋိပတ္တိသာသနာ ဆုတ်ယုတ်သည် မည်၏။

ပဋိဝေဓသာသနာ ကြီးပွားထွန်းကားဆိုသည်မှာ ဈာန်အဘိညာဉ်နှင့်တကွ သစ္စာလေးပါးကိုသိသူ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသူ ပေါများခြင်းသည် ပဋိဝေဓသာသနာ ကြီးပွားထွန်းကားသည်ဟု ဆိုရသည်။

ဈာန်အဘိညာဉ်ကိုရသူ၊ သစ္စာလေးပါးကို သိသူ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသူ နည်းပါးခြင်းသည် ပဋိဝေဓသာသနာ ဆုတ်ယုတ်သည်မည်၏။

(၁၄) သာသနာ ဆုတ်ယုတ်မည့် အရိပ်နိမိတ်

နံ တာဝ ကဿပ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ ယာဝ နံ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။

သေယျထာပိ ကဿပ နံ တာဝ ဇာတရူပဿ အန္တရဓာနံ ဟောတိ ယာဝ နံ ဇာတရူပပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ။

ယတော စ ခေါ ကဿပ ဇာတရူပပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ ခေါ ဇာတရူပဿ အန္တရဓာနံ ဟောတိ၊ ဧဝ မေဝ ခေါကဿပ နံ တာဝသဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊ ယာဝ နံ သဒ္ဓမ္မပဋိ ရူပကံ လောကေ ဥပ္ပဇ္ဇတိ။

ယတော စ ခေါ ကဿပ သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ၊ အထ ခေါ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။[၁]

ကဿပ၊ ချစ်သား ကဿပ။ ယာဝ၊ အကြင်မျှလောက်။ လောကေ၊ လောက၌။ သဒ္ဓမ္မပဋိရူပကံ၊ သူတော်ကောင်းတရားတု တရားယောင်သည်။ ဝါ၊ သာသနာတု သာသနာယောင်သည်။ နံ ဥပ္ပဇ္ဇတိ၊ မဖြစ်ပေါ်သေး။ တာဝ၊ ထိုမျှလောက်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရားတည်းဟူသော သာသနာတော်၏။ အန္တရဓာနံ၊ ကွယ်ပျောက်ခြင်းသည်။ နံ ဟောတိ၊ မဖြစ်သေး။

ကဿပ၊ ချစ်သား ကဿပ။ ယတော စ ခေါ၊ အကြင်အခါ၌။ သဒ္ဓမ္မပဋိရူပကံ၊ တရားတု တရားယောင်သည်။ ဝါ၊ သာသနာတု သာသနာယောင်သည်။ လောကေ၊

၁။ နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ ၄၂၂။

http://www.dhammadownload.com

လောကဌ်။ ဥပဓ္ဓတိ၊ ဖြစ်ပေါ်လာ၏။ အထ၊ ထိုတရား၌ တရားယောင် သာသနာတု သာသနာယောင် ပေါ်လာသောအခါဌ်။ သဒ္ဓမ္မသ၊ သူတော်ကောင်းတရားတည်းဟူသော သာသနာတော်၏။ အန္တ ရဓာန်၊ ကွယ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ကသပ၊ ချစ်သား ကသပ။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ယာဝ၊ အကြင်မျှလောက်။ လောကေ၊ လောကဌ်။ ဇာတရူပပဋိရူပကံ၊ ရွှေတုသည်။ နဥပဓ္ဓတိ၊ မဖြစ်ပေါ်သေး။ တာဝ၊ ထိုမျှလောက်။ ဇာတရူပသ၊ ရွှေစစ်၏။ အန္တ ရဓာန်၊ ကွယ်ပျောက်ခြင်းသည်။ နဟောတိ၊ ယထာ၊ မဖြစ်သေးသကဲ့သို့-

ကသပ၊ ချစ်သား ကသပ။ ယတော စ ခေါ၊ အကြင်အခါဌ်။ ဇာတရူပပဋိရူပကံ၊ ရွှေတုသည်။ လောကေ၊ လောကဌ်။ ဥပဓ္ဓတိ၊ ဖြစ်ပေါ်လာ၏။ အထခေါ၊ ထိုအခါဌ်။ ဇာတရူပသ၊ ရွှေစစ်၏။ အန္တ ရဓာန်၊ ကွယ်ပျောက်ခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝ မေဝ -ဧဝံ တထာ၊ ထိုအတူ။ ကသပ၊ ချစ်သားကသပ။ ယာဝ၊ အကြင်မျှလောက်။ လောကေ၊ လောကဌ်။ သဒ္ဓမ္မပဋိရူပကံ၊ တရားတု တရားယောင်သည်။ ဝါ၊ သာသနာတု သာသနာယောင်သည်။ နဥပဓ္ဓတိ၊ မဖြစ်ပေါ်သေး တာဝ၊ ထိုမျှလောက်။ သဒ္ဓမ္မသ၊ သူတော်ကောင်းတရားစစ် တရားမှန်၏။ ဝါ၊ သာသနာစစ် သာသနာမှန်၏။ အန္တ ရဓာန်၊ ကွယ်ပျောက်ခြင်းသည်။ နဟောတိ၊ မဖြစ်သေး။

ကသပ၊ ချစ်သား ကသပ။ ယတော စ ခေါ၊ အကြင်အခါဌ်ကား။ လောကေ၊ လောကဌ်။ သဒ္ဓမ္မပဋိရူပကံ၊ တရားတု တရားယောင်သည်။ ဝါ၊ သာသနာတု သာသနာယောင်သည်။ ဥပဓ္ဓတိ၊ ဖြစ်ပေါ်လာ၏။ အထခေါ၊ ထိုအခါဌ်။ သဒ္ဓမ္မသ၊ တရားစစ်၊ တရားမှန်၏၊ ဝါ၊ သာသနာစစ်၊ သာသနာမှန်၏။ အန္တ ရဓာန်၊ ကွယ်ပျောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

လောကဌ် အကြင်မျှလောက် ကာလပတ်လုံး ရွှေတု ငွေတုတို့သည် မပေါ်ပေါက်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ရွှေစစ်ငွေစစ်တို့သည် မပျောက် ကွယ်ကုန်၊ မတိမ်ကောကုန်၊ အရည်မယုတ်ကုန်၊ အညစ်အကြေးမတင်ကုန်၊ အပြစ်ဆိုစရာမရှိကုန်၊ အရောင်တောက်ပကုန်လျက် ရှိသေသူပေါများကုန်သေး၏။ ယုံကြည်စိတ်ချ၍ နှစ်သက်လိုချင်သူပေါများကုန်သေး၏။ အကြင်အခါဌ် ရွှေတု ငွေတုတွေ ပေါ်ပေါက်လာကုန်၏။ ထိုအခါမှာ ရွှေစစ်ငွေစစ်တွေ ကွယ်ပျောက်လေ၏။ တိမ်ကောလေ၏။ အရည်ယုတ်လေ၏။ အညစ်အကြေး တင်လေ၏။ အပြစ်ဆိုစရာ ရှိလေ၏။ အရောင်မှေးမိုန် လေ၏။ ရှိသေသူနည်းပါးလေ၏။ တိမ်ကောလေ၏။ ယုံကြည်စိတ်ချ၍ လိုချင်သူ နည်းပါးလေ၏။

ထိုအတူ သာသနာတော်ကြီးမှာလည်း အကြင်မျှလောက်သော ကာလပတ်လုံ

http://www.dhammadownload.com

တရားတု တရားယောင်၊ သာသနာတု သာသနာယောင်၊ ရဟန်းတု ရဟန်းယောင်၊ သံဃာတု သံဃာယောင်တွေ မပေါ်ပေါက်သေး။ ထိုမျှလောက်သော ကာလပတ်လုံး သူတော်ကောင်းတရားစစ် တရားမှန် သာသနာစစ် သာသနာမှန်၊ ရဟန်းစစ် ရဟန်းမှန်၊ သံဃာစစ် သံဃာမှန်တို့သည် မကွယ်ပျောက်ကုန်၊ မတိမ်ကောကုန်၊ အသရေမယုတ်ကုန်၊ မမှေးမှိန်ကုန်၊

မညစ်နွမ်းကုန်၊ အပြစ်ဆိုစရာမရှိကုန်၊ အရောင်တော်ပကုန်သေး၏။ အကဲရော်ကုန်သေး၏။ ရိုသေသူပေါများကုန်သေး၏။ အမြတ်တနိုး ကိုးကွယ်ဆည်းကပ်သူပေါများကုန်သေး၏။ ယုံကြည်စိတ်ချ၍ လှူဒါန်းကြကုန်သေး၏။

အကြင်အခါ၌ တရားတု တရားယောင်၊ သာသနာတု သာသနာယောင်၊ ရဟန်းတု၊ ရဟန်းယောင်၊ သံဃာတု သံဃာယောင်တွေ ပေါ်ပေါက်လာ၏။ ထိုအခါမှာ သူတော်ကောင်း တရားစစ် တရားမှန်၊ သာသနာစစ် သာသနာမှန်၊ ရဟန်းစစ် ရဟန်းမှန်၊ သံဃာစစ် သံဃာမှန်သည် ကွယ်ပျောက်လေ၏။ တိမ်ကောလေ၏။ မှေးမှိန်လေ၏။ ညစ်နွမ်းလေ၏။ အပြစ်ဆိုစရာရှိလေ၏။ အရောင်ကင်းလေ၏။ ရိုသေသူ နည်းပါးလေ၏။ အမြတ်တနိုးကိုးကွယ်သူ နည်းပါးလေ၏။ ယုံကြည်စိတ်ချ၍ ဆည်းကပ်လှူဒါန်းသူ နည်းပါးလေ၏။

ဤဥပမာ ဥပမေယျတွင် ရွှေတု ငွေတု ပေါ်လာသောအခါ ရွှေစစ် ငွေစစ်တို့ ပျောက်ကွယ်လေ၏ဆိုသောစကားမှာ အတုအစစ် မခွဲခြားနိုင်ဘဲ ဖြစ်၍ အစစ်ကိုပင် တွေ့ရငြားသော်လည်း စိတ်ချယုံကြည်ခြင်း မရှိသဖြင့် ပျောက်ကွယ်တိမ်ကော မှေးမှိန်ရလေသည်ဟု ဆိုလိုသည်။

စိန်စစ်ဝတ်လာသူနှင့် စိန်တု ဝတ်လာသူနှစ်ဦးကို မခွဲခြားနိုင်သဖြင့် စိန်စစ်ဝတ်လာသူမှာ အကဲမရောက် ဂုဏ်မထင်ရှိရာသကဲ့သို့ ယူလေ။ စိန်စစ်နှင့် တွေ့ရငြားသော်လည်း ယုံကြည်စိတ်ချခြင်း မရှိတတ်ချေ ဟူလို။

တရားတု တရားယောင် သာသနာတု သာသနာယောင် ရဟန်းတု ရဟန်းယောင် သံဃာတု သံဃာယောင်တို့ ပေါ်လာသောအခါမှာ တရားကောင်း တရားစစ် သာသနာကောင်း သာသနာစစ် ရဟန်းကောင်း ရဟန်းစစ် သံဃာကောင်း သံဃာစစ်တို့ ပျောက်ကွယ်ရလေ၏ဆိုသည်မှာ အတုအစစ် မခွဲခြားနိုင် ထွေးရှုပ်၍ တရားအစစ်အမှန် သာသနာအစစ်အမှန် ရဟန်းအစစ်အမှန် သံဃာအစစ်အမှန်တို့နှင့် တွေ့ကြုံရငြားသော်လည်း အတုအယောင် မှတ်ထင်၍ ယုံကြည်စိတ်ချခြင်း မရှိသဖြင့် ကွယ်ပျောက်တိမ်ကောမှေးမှိန်ရလေသည်။ သာသနာတု သာသနာယောင် မှတ်ထင်၍ သာသနာတော်၏ အရိပ်ကို ခိုလှုံသူနည်းပါးသဖြင့် ကွယ်ပျောက်တိမ်ကောရလေသည်။ ရဟန်းတု ရဟန်းယောင်၊ သံဃာတု သံဃာယောင် မှတ်ထင်၍ ရိုသေသူနည်းပါး၊ ဆည်းကပ်သူ

http://www.dhammadownload.com

နည်းပါး၊ ကိုးကွယ်သူနည်းပါး၊ ပေးကမ်း လှူဒါန်းပူဇော်သူနည်းပါ၊ ယုံကြည်စိတ်ချသူ နည်းပါးသဖြင့် ရဟန်းကောင်း ရဟန်းစစ်၊ သံဃာကောင်း သံဃာစစ်တို့သည် တဖြည်းဖြည်း ဆုတ်ယုတ်ကွယ်ပျောက် တိမ်ကော မှေးမှိန်သိမ်ဖျင်းသဖြင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် မရှိခြင်းသို့ မရှိရာသို့သာ ရောက်ရလေတော့သည်ဟု ဆိုလိုသည်။

ယခုခေတ်အခါကြီးမှာပင် သီလဝန္တသိက္ခာကာမ လဒ္ဓိပေသလ ဖြစ်သော ရဟန်းကောင်း ရဟန်းမွန် ရဟန်းမြတ်များကိုပင် တော်အောင် ယော်အောင် ရဟန်းတု ရဟန်းဝါတို့ မှတ်ထင်ကြ၍ အရိုအသေပေးသူ အလေးပြုသူ အလွန်နည်းပါးလျက် ရှိလေပြီ။

ဤသံယုတ် ပါဠိတော်ကြီးကို နည်းမှီ၍ အရာရာမျိုးဌ အတုအယောင် ပေါလာလျှင် အစစ်အမှန် သိမ်ဖျင်း၍ ဂုဏ်မရှိသဖြင့် ကွယ်ပျောက်ကြောင်းဟု ဉာဏ်ရှိသလောက် အသုံးပြုနိုင်သည်။

(၁၅) ငါးဌာနဌ် မရိသေလျှင် သာသနာကွယ်ပျောက်ကြောင်း

ဣဓ ကဿပ ဘိက္ခု ဘိက္ခုနီယော ဥပါသကာ ဥပါသိကာယော သတ္ထရိ အဂါရဝါ ဝိဟရန္တိ အပ္ပဋိဿာ ဓမ္မေ အဂါရဝါ ဝိဟရန္တိ အပ္ပဋိဿာ သံဃေ အဂါရဝါ ဝိဟရန္တိ အပ္ပဋိဿာ သိက္ခာယ အဂါရဝါ ဝိဟရန္တိ အပ္ပဋိဿာ သမာဓိသ္မိံ အဂါရဝါ ဝိဟရန္တိ အပ္ပဋိဿာ၊ ဣမေ ခေါ ကဿပ ပဉ္စ ဩက္ကမနိယာ ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တန္တိ။

ကဿပ၊ ချစ်သား ကဿပ။ ဣဓ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းယောကျ်ားတို့သည်လည်းကောင်း။ ဘိက္ခုနီယော၊ ရဟန်းမိန်းမတို့သည်လည်းကောင်း။ ဥပါသကာ၊ ဥပါသကာ ယောကျ်ားတို့သည်လည်းကောင်း၊ ဥပါသိကာယော၊ ဥပါသိကာ မိန်းမတို့သည်လည်းကောင်း။ သတ္ထရိ၊ မြတ်စွာဘုရား၌။ အဂါရဝါ၊ ရိုသေခြင်း မရှိကြကုန်သည်ဖြစ်၍။ အပ္ပဋိဿာ၊ တုပ်ဝပ်ခြင်း မရှိကြကုန်သည် ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ဓမ္မေ၊ တရားတော်၌။ အဂါရဝါ၊ ၍။ အပ္ပဋိဿာ၊ ၍။ ဝိဟရန္တိ၊ ကုန်၏။ သံဃေ၊ သံဃာတော်၌။ အဂါရဝါ၊ ၍။ အပ္ပဋိဿာ၊ ၍။ ဝိဟရန္တိ၊ ကုန်၏။ သိက္ခာယ၊ သိက္ခာသုံးပါး၌။ အဂါရဝါ၊ ၍။ အပ္ပဋိဿာ၊ ၍။ ဝိဟရန္တိ၊

၁။ နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ ၄၂၃။

http://www.dhammadownload.com

ကုန်၏။ သမာဓိသို့၊ တည်ကြည်ခြင်း သမာဓိ၌။ ဝါ၊ သမထဘာဝနာ၌။ အဂါရဝါ၊ ရိုသေခြင်း မရှိကြကုန်သည် ဖြစ်၍။ အပ္ပဋိသာ၊ တုပ်ဝပ်ခြင်း မရှိကြကုန်သည် ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ကဿပ၊ ချစ်သားကဿပ။ ဣမေ ခေါ ပဋ္ဌ ဓမ္မာ၊ ဤငါးဌာနခဲ့ မရှိသေခြင်း သဘောတို့သည်။ ဩက္ကမနိယာ၊ သက်ကုန်သည်ရှိသော်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ဝါ၊ သာသနာသုံးပါး၏။ သမ္မောသာယ၊ ပျောက်ပျက်ခြင်းငှာ။ အန္တရဓာနာယ၊ ကွယ်ပခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

သတ္ထရိ အဂါရဝေါ နာမ၊ သတ္ထရိ ဓရမာနေ ဒိဝသဿ တယောဝါရေ ဥပဋ္ဌာနံ နာ ယာတိ။[၁]

ဟူ၍လည်းကောင်း။

ပရိနိဗ္ဗုတေ ပန စေတိယံ ဝန္ဒိတုံ နာ ဂစ္ဆတိ။[၂]

ဟူ၍ လည်းကောင်း အဋ္ဌကထာဖွင့်၏။

သတ္ထရိ၊ မြတ်စွာဘုရား၌။ အဂါရဝေါ နာမ၊ မရှိသေခြင်း မည်သည်ကား။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ ဓရမာနေ၊ သက်တော်ထင်ရှား ရှိတော်မူသည် ရှိသော်။ တနည်း–ဓရမာနေ၊ သက်တော်ထင်ရှားရှိတော်မူသေးသော။ သတ္ထရိ၊ မြတ်စွာဘုရား၌။ တနည်း–သတ္ထရိ ဓရမာနေ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော အခါ၌။ ဒိဝသဿ၊ တစ်နေ့၏။ ဝါ၊ တစ်နေ့လျှင်။ တယော ဝါရေ၊ သုံးကြိမ်တို့ တိုင်တိုင်။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခစားခြင်းသို့။ နာ ယာတိ၊ မသွားမရောက်အံ့။ ဧသောပိ၊ ဤသို့ မသွား မရောက် ခြင်းသည်လည်း။ သတ္ထရိ အဂါရဝေါ နာမ၊ ဘုရား၌ မရှိသေသည် မည်၏။

ဝါ ပန၊ တစ်နည်းသော်ကား။ ဝါ၊ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရား၌ မရှိသေခြင်းမည်သည်ကား။ သတ္ထရိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗု–တေ၊ ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော်။ စေတိယံ စေတိတော်များကို။ ဝန္ဒိတုံ၊ ရှိခိုးခြင်းငှာ။ နာ ဂစ္ဆတိ၊ မသွားအံ့။ ဧသောပိ၊ ဤသို့ မသွားခြင်းသည်လည်း။ သတ္ထရိ အဂါရဝေါ နာမ၊ ဘုရား၌ မရှိသေခြင်း မည်၏။

ဤအဋ္ဌကထာပါဠိ၌ စေတိယံအရ ဓာတုစေတီ ဓမ္မစေတီ ပရိဘောဂစေတီ ရုပ်ပွားဆင်းတုတော် ဟူသော ဥဒ္ဒိသိကစေတီ သီဟိုဠ်ကျွန်းများ၌ ထူပါရုံစေတီ မဟာစေတီတော်များ၊ မြန်မာနိုင်ငံ၌ ရွှေဒဂုံစေတီ ရွှေမောဓောစေတီ၊ ရွှေမုဋ္ဌောစေတီ စသော ဗုဒ္ဓထူပစေတီတော်များကိုယူ။

၁။ ဇတ္ထ ပန ယောဘိက္ခု သတ္ထရိစရမာနေ တီသု ကာလေသု ဥပဋ္ဌာနံ နယာတိ။ ဒီ၊ ၃၊ ၌၊ ၂၁၇။

၂။ ပါထိကဝဂ္ဂအဋ္ဌကထာ၊ ၂၁၇။

http://www.dhammadownload.com

ချစ်သားကသပ- ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဟူသော ဤဓာတ်ကြီးလေးပါးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်ကြီးကို မကွယ်မပျောက်စေကုန်။ စင်စစ်အားဖြင့် သာသနာတော်ကို ယုတ်လျော့နည်းပါးကွယ်ပျောက်သွားအောင်ပြုတတ်သည်ကား ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာယောကျ်ား ဥပါသိကာမိန်းမဟူသော ပရိသတ်လေးပါးသည်သာလျှင် သာသနာတော် ယုတ်လျော့အောင်၊ တိမ်ကောအောင်၊ မှေးမှိန်အောင်၊ သိမ်ဖျင်းအောင်၊ ဂုဏ်မရှိအောင်၊ ကွယ်ပျောက်သွားအောင် ပြုတတ်လေသည်ဟု ဟောတော်မူ၏။

အဘယ်သို့ ပြုတတ်သနည်း ဟူမူကား-

အကြင် ပရိသတ်လေးပါးသည် ဘုရား၌လည်း ရိုသေခြင်းမရှိ၊ တရားတော်၌လည်း ရိုသေခြင်းမရှိ၊ သံဃာတော်၌လည်း ရိုသေခြင်းမရှိ၊ မိမိတို့ကျင့်အပ်သော သိက္ခာ၌လည်း ရိုသေခြင်းမရှိ၊ သမထဟူသော သမာဓိ၌လည်း ရိုသေခြင်းမရှိ၊ ထိုပရိသတ်လေးပါးသည်ပင် ရိုသေခြင်းမရှိသောကြောင့် သာသနာတော် ယုတ်လျော့မှေးမှိန်သိမ်ဖျင်း၍ ကွယ်ပျောက်ရသဖြင့် ထိုပရိသတ်လေးပါးသည်ပင် သာသနာကို ယုတ်လျော့ မှေးမှိန် ဂုဏ်သိန်မရှိအောင် ပြုတတ်သည်ဟု ဟောတော်မူသည်။

ထိုပရိသတ်လေးပါးတို့တွင် အကြင်ရဟန်းသည် ပြဆိုအပ်ခဲ့ပြီးသော ဘုရားအစရှိသော ငါးဌာနခ်ုရိသေ တုပ်ဝပ်ခြင်း ကင်းမဲ့အံ့၊ ထိုရဟန်းသည် သာသနာကို ယုတ်လျော့မှေးမှိန် ဂုဏ်သိန်မရှိအောင် ပြုတတ်သောရဟန်း သာသနာကို လျင်စွာ ကွယ်ပျောက်စေတတ်သောရဟန်းသာသနာဖျက်ရဟန်း မည်၏။

အကြင် ဘိက္ခုနီမသည် ပြဆိုအပ်ခဲ့ပြီးသော ငါးဌာနခ်ု ရိုသေတုပ်ဝပ်ခြင်း ကင်းမဲ့အံ့၊ ထိုဘိက္ခုနီမသည် သာသနာဖျက် ဘိက္ခုနီမ မည်၏။

အကြင်ဥပါသကာယောကျ်ားသည် ပြဆိုအပ်ခဲ့ပြီးသော ဘုရားအစရှိသော ငါးဌာနတို့၌ ရိုသေတုပ်ဝပ်ခြင်း ကင်းမဲ့အံ့၊ ထိုဥပါသကာ ယောကျ်ားသည် သာသနာတော် ကို ယုတ်လျော့ မှေးမှိန်ဂုဏ်သိန်မရှိအောင် ပြုတတ်သော ဥပါသကာ ယောကျ်ား၊ သာသနာဖျက် ဥပါသကာ ယောကျ်ားမည်၏။

အကြင်ဥပါသိကာမိန်းမသည် မရှိသေအံ့၊ ထိုမိန်းမသည် သာသနာဖျက်မ မည်၏။ ထို့ကြောင့် သာသနာတော် ယုတ်လျော့မှေးမှိန် ကွယ်ပျောက်ရခြင်းသည် သာသနာ့ဝန်ထမ်းရဟန်းတို့၏ တာဝန်ချည်းမဟုတ်ပေ။ ရဟန်းတို့၏အပြစ်ချည်း မဟုတ်ပေ။ ဥပသကာ ဥပါသိကာဖြစ်သော ဒါယကာ ဒါယိကာမတို့၏ တာဝန်လည်း ဟုတ်၏။ အပြစ်လည်းဟုတ်၏။ ထို့ကြောင့် ရဟန်းယောကျ်ား ရဟန်းမိန်းမ ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမဟူသော ပရိသတ်လေးပါးတို့၏ တာဝန်ချည်းဖြစ်၍ ကိုယ့် တာဝန် ကိုယ်အတွက်က မယုတ်ယိုရအောင် ရဟန်းလည်း ရဟန်းတို့တာဝန်ရှိသည်

http://www.dhammadownload.com

အလိုက်သာသနာကို အားထုတ်၍ စောင့်ရှောက်ကြရာ၏။ လူလည်း လူတို့တာဝန်ရှိသည်အလိုက် အားထုတ်၍ စောင့်ရှောက်ကြရာ၏။

သာသနာတော်ကြီး အဆုံးတိုင် ကွယ်ပျောက်ရသောအခါမှာလည်း ရှိသေသူမရှိ၊ အမြတ်တနိုးကိုးကွယ်သူ မရှိ၍သာ ကွယ်ပျောက်ရလေသည်။

သတိမူ။ ။ ပြဆိုအပ်ခဲ့ပြီးသော ဘုရား တရား သံဃာ သိက္ခာ သမာဓိ ဟူသော ငါးဌာနတို့၌ ပရိသတ်လေးပါးတို့က အစဉ်မပြတ် ရှိသေတုပ်ဝပ်ခြင်း ရှိပါမူကား သာသနာတော် မှေးမှိန်တိမ်ကော ဆုတ်ယုတ်ကွယ်ပျောက်သည်ဟု မဆိုရသေး။

ထိုကြောင့် သာသနာတော်ယုတ်လျော့ခြင်း အကြောင်းရင်းကား ပရိသတ်လေးပါးပင် ဖြစ်သည်။ သာသနာတော် တိုးတက်ကြီးပွားထွန်းကားလာရန် အကြောင်းရင်းမှာလည်း ပရိသတ်လေးပါးပင် ဖြစ်သည်။

ယခုအခါ အချို့သော ဥပါသိကာ ဥပါသိကီဖြစ်ကြကုန်သော ဒါယကာ ဒါယိကာမတို့သည် သာသနာယုတ်လျော့ မှေးမှိန်လာရာမှာ ငါတို့နှင့်ဘာမျှမဆိုင်ငါတို့၏ တာဝန်မဟုတ်ဟူ၍ မှတ်ထင်လျက်ရှိကြလေသည်။

(၁၆) သာသနာတော်၏ ကြက်သရေဆောင် လေးဦး

> စတဿော ဘိက္ခာဝေ သာသနသောဘဏီယော၊ ကတမော စတဿော။ ဘိက္ခု ဘိက္ခုနီ ဥပါသကော ဥပါသိကာ၊ ဣမော ဘိက္ခဝေ စတ္တာသော သာသနသောဘဏီယော။[၁]

ဟူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သာသနသောဘဏီယော၊ သာသနာတော်ကို စည်ပင်ပြန့်ပွားထွန်းကားတင့်တယ်စေတတ်သော သူတို့သည်။ စတဿော၊ လေးပါးတို့တည်း။ စတဿော၊ လေးပါးတို့ ဟူကုန်သည်။ ကတမော၊ အဘယ်သည်တို့ နည်းဟူမူကား။ ဘိက္ခု၊ ရဟန်းယောကျ်ားလည်းကောင်း။ ဘိက္ခုနီ၊ ရဟန်းမိန်းမလည်းကောင်း။ ဥပါသကော၊ ရတနာသုံးပါးကို ဆည်းကပ်တတ်သော လူယောကျ်ားလည်းကောင်း။ ဥပါသိကာ၊ ရတနာသုံးပါးကို ဆည်းကပ်တတ်သော လူမိန်းမလည်းကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သာသနသောဘဏီယော၊ သာသနာတော်ကို စည်ပင်ပြန့်ပွားထွန်းကားတင့်တယ်စေတတ်သော သူတို့သည်။ ဣမော စတ္တာသော၊ ဤလေးပါးတို့ပင်တည်း။

သာသနာတော်ကို စည်ပင်ပြန့်ပွားထွန်းကားတင့်တယ်စေတတ်သော ပုဂ္ဂိုလ်ဆိုသည်မှာလည်း ရဟန်းယောကျ်ား ရဟန်းမိန်းမဥပါသကာ လူယောကျ်ား ဥပါသိကာ

၁။ ပရိဝါပါဠိ၊ ၂၂၆၊ ၌၊ ၁၆၉။ အံ၊ ၄၊ ပါ၊ ၅၄၈။ ၌၊ ၃၈၉။

http://www.dhammadownload.com

လူမိန်းမတို့သည်ပင် သာသနာတော်ကို စည်ပင်ပြန့်ပွားထွန်းကား တင့်တယ်စေတတ်သည်ဟု ဟောတော်မူသည်ဖြစ်၍ ရဟန်းယောကျ်ားများ ရဟန်းမိန်းမ လူယောကျ်ားများ လူမိန်းမဟူသော ပရိသတ်လေးပါးသည်ပင် သာသနာတော်၏ အသရေဆောင် ပုဂ္ဂိုလ်များဖြစ်ကြ၏။

ထို့ကြောင့် သာသနာတော် ကြီးပွားအောင် စည်ပင်အောင် ထွန်းကားအောင် တောက်ပအောင် ဂုဏ်အသရေရှိအောင် အားထုတ်ရန်ကား ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာဟူသော ပရိသတ်လေးပါးတို့၏ တာဝန်ချည်းပင် ဖြစ်လေသည်။

ဤပြဆိုအပ်ခဲ့ပြီးသော ပါဠိတော်များကို အကိုးအကား ပြု၍ 'မြတ်စွာဘုရား သာသနာတော်ကြီး–ငါတို့၏ မှီခိုအားထားရာဖြစ်သော သာသနာတော်ကြီးကို ကြီးပွား စည်ပင်အောင် စောင့်ရှောက်ရန် အားထုတ်ရန် တာဝန်ကား ငါတို့ပင် ဖြစ်ပေသည်' ဟု နှလုံးပိုက်၍ အားထုတ်ရာသတည်း။

(၁၇) သာသနာတော် ဆုတ်ယုတ်ပုံ အစဉ်

သာသနသ ဟိ ပဋ္ဌ ယဂါနိ ဝိမုတ္တိယုဂ် သမာဓိယုဂ် သီလယုဂ် သုတယုဂ် ဒါနယုဂန္တိ။[1]

ဟူ၍ ထေရာ အဋ္ဌကထာမှာ မိန့်ဆိုလေသည်။

ဟိသဒ္ဒါ၊ မှန်၏။ သာသနသ၊ သာသနာတော်၏။ ယုဂါနိ၊ ယုဂ်ကာလတို့သည်။ ဝိမုတ္တိယုဂ်၊ ဝိမုတ္တိယုဂ်လည်းကောင်း။ သမာဓိယုဂ်၊ သမာဓိယုဂ်လည်းကောင်း။ သီလယုဂ်၊ သီလယုဂ်လည်းကောင်း။ သုတယုဂ်၊ သုတယုဂ်လည်းကောင်း။ ဒါနယုဂ်၊ ဒါနယုဂ်လည်းကောင်း။ ဣတိ ဣမာနိ ပဋ္ဌ၊ ဤ ငါးပါးတို့တည်း။

(၁) မဂ်ဖိုလ်ကို ရအောင် အားထုတ်သော ဝိမုတ္တိကာလ။
(၂) စျာန် အဘိညာဉ် သမာပတ်ရအောင် အားထုတ်သော ကာလ။
(၃) သီလစင်ကြယ်အောင် အားထုတ်သော ကာလ။
(၄) ဗဟုသုတ ပွားများအောင် အားထုတ်သော ကာလ။
(၅) ဒါနကို အားထုတ်သော ကာလ။

ဟူ၍ ငါးကာလရှိလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးသည်နောက် ထားတော်မူခဲ့သော သာသနာကို ငါးစု ငါးပုံ ထား၍–

၁။ ထေရဂါထာအဋ္ဌကထာ၊ ၃၊ ၃၆၈။

http://www.dhammadownload.com

(၁) တစ်ပုံသည် ပစ္စက္ခဘဝဌ်ပင် မဂ်ဖိုလ်ကို ရအောင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ တရားကို အားထုတ်သော ဝိမုတ္တိကာလ မည်၏။ ဝိမုတ္တိကာလ ကား ဘုရားပရိနိဗ္ဗာန် ပြုပြီးသည့်နောက် ရှေးဦးစွာသော ကာလတည်း။

(၂) တစ်ပုံသည် ပစ္စက္ခဘဝဌ် လောကီစျာန်လောက်မျှ ရရုံနှင့် အားရ တင်းတိမ်ခြင်းရှိသဖြင့် လောကီစျာန် အဘိညာဉ်ကိုသာ ရအောင် အားထုတ်သော သမာဓိ ယုဂကာလမည်၏။ ထိုသမာဓိ ယုဂကာလသည် ပစ္စက္ခဘဝတွင် မဂ်ဖိုလ်ကို ရအောင် အားထုတ်ခြင်းမရှိသည် ဖြစ်၍ ဝိမုတ္တိယုဂ ကွယ်ပျောက်သောအခါ ဖြစ်လေသည်။

(၃) တစ်ပုံသည် လောကီစျာန်ကိုမျှ ရအောင် အားမထုတ်တော့ဘဲ စတုပါရိသုဒ္ဓိ သီလကြီးလေးပါးကိုသာ လုံခြုံအောင် အားထုတ်သော သီလယုဂ ကာလမည်၏။ ထိုသီလယုဂ ကာလလည်း သမာဓိယုဂ ကွယ်ပျောက် သောအခါ ဖြစ်သည်။

(၄) တစ်ပုံသည် စတုပါရိသုဒ္ဓိ သီလကြီး လေးပါးမျှ မလုံတော့ဘဲ တရား ကျမ်းဂန် သင်အံ့လေ့ကျက်ဆောင်ရွက် ကြည့်ရှု ဗဟုသုတရှိရုံ အားထုတ် သော သုတယုဂ ကာလမည်၏။ ထိုသုတယုဂကာလသည် သီလယုဂ် ကွယ်ပျောက်သောအခါ ဖြစ်သည်။

(၅) တစ်ပုံသည် တရားကျမ်းဂန် ပရိယတ္တိကိုမျှ ချပို့သင်အံခြင်းမရှိတော့ဘဲ ရဟန်းဟူသော အသွင်မျှသာ ရှိတော့၏။ ထိုသို့သောအခါ ရဟန်း တို့သည် ဥစ္စာပစ္စည်းကိုသာ စုဆောင်း၍ စွန့်လွှတ်ပေးကမ်းခြင်း ဟူသော ဒါန အမှုကိုသာ ပြုလုပ်အားထုတ်သော ဒါနယုဂ ကာလမည်၏။ ထိုဒါနယုဂကာလသည် သုတယုဂ်ကွယ်ပျောက်သောအခါ ဖြစ်မည်။ ထိုဒါနယုဂ် ကာလသည်ပင် သာသနာတော်၏ နောက်ဆုံးဖြစ်သော အကျင့်တည်း။

ယခုအခါ သာသနာတော်ကြီးသည် ပြဆိုအပ်ခဲ့ပြီးသော ယုဂ်ငါးပါးတို့တွင် ဘယ်ယုဂ်၏အတွင်းသို့ ကျရောက်နေပြီကို ပညာရှိသူတော်ကောင်းအပေါင်းတို့ နှလုံးသွင်း မိကြပါစေကုန်။

(၁၈) သာသနာတော်၌ ပေါ်လာမည့်ဘေးရန်

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက ဆဋ္ဌာဘိညရဟန္တာ ဖြစ်တော်မူသော ဖုဿမည်သော မထေရ်ဟု ရဟန္တာတစ်ပါး ရှိလေသည်။ ထို ဖုဿ မထေရ်မြတ်သည် မဏ္ဍလိက မင်းမျိုးမှ ထွက်၍ ရဟန်းပြုတော်မူလေသည်။

http://www.dhammadownload.com

တစ်နေ့သ၌ ပဏ္ဍာရဂေါရဏ္ဍမည်သော ရသေ့တစ်ယောက်သည် ဖုဿမထေရ်အထံသို့ ချဉ်းကပ်၍ တရားနာလာသည်ရှိသော် သီလအာစာရဂုဏ်နှင့် ပြည့်စုံ၍ လုံခြုံသော ဣန္ဒြိယသံဝရရှိကုန်သော ရဟန်းမြတ်တို့ကို မြင်၍ ကြည်ညိုသောစိတ် ရသေ့မှာ အားကြီးစွာ ဖြစ်လတ်၍ ဤသို့သော ပဋိပတ်အကျင့်မြတ်သည် ဤလောကမ်ာ်လူ့ရွာဝယ် ကြာရှည်စွာ တည်ပါမူကား ကောင်းလေစွဟု ကြံဆင်ခြင်၍ နောင်အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သော အကျင့်များကို ဖုဿမထေရ်အား မေးလျှောက်လေသည်။ ထိုအခါ ဖုဿမထေရ်ရဟန္တာအရှင်မြတ်က နောင်အနာဂတ်ကာလ၌ ဖြစ်ပေါ်လတ္တံ့သော သာသနာ့ဘေးရန်များကို ဟောကြားတော်မူလေသည်။

ဟောကြားတော် မူသည်ကား ဤသို့တည်း။

သာသနာတော် နောက်ပိုင်းကျသောအခါ၌ ရဟန်းတို့သည်–

(၁) အမျက်ထွက်လေ့ရှိကုန်အံ့၊

(၂) ရန်ညှိုးဖွဲ့လေ့ရှိကုန်အံ့၊

(၃) သူ့ကျေးဇူးကို ချေဖျက်ကုန်အံ့။

(၄) ခက်ထန်မောက်မာကုန်အံ့။

(၅) မကျင့်ဘဲနှင့် ကျင့်ယောင်၊ မသိဘဲနှင့် သိယောင် မူကုန်အံ့။

(၆) သူတစ်ပါး ရဟန်းဂုဏ်နှင့် ပြည့်စုံအောင် နေသည်ကို အလိုမတူ ငြူစူစောင်းမြောင်းခြင်း ရှိကုန်အံ့။

(၇) အယူဆန့်ကျင် နှင်၊ သင် စသည်ဆို၍ အချင်းချင်း ခိုက်ရန် ငြင်းပွားအဖြစ်များကုန်အံ့။

(၈) နက်နဲသိမ်မွေ့သော တရားတော်၌ မသိမမြင်သော်လည်း တတ်သိယောင် မာနထောင်၍ ဟန်ဆောင်ပြုမူတတ်ကုန်အံ့။

(၉) မသူတော်တို့၏ တရားဘက်ကိုသာ အာရုံစိုက်လေ့ရှိကုန်အံ့။

(၁၀) သွားလာ လတ်ကြော့ ဂွမ်းဝါဖော့သို့ ပေါ့သောသဘောရှိကုန်အံ့။

(၁၁) ပရိယတ္တိသဒ္ဓမ္မ၊ ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိဝေဓသဒ္ဓမ္မ ဟူသော သူတော်ကောင်းတရား၌ အလေးမပြု၊ ဂရုမမူ၊ ကြည်ဖြူမဲ့လျှင်း ရှိသေခြင်းကင်းကုန်အံ့။

(၁၂) သီတင်းသုံးဆောာ် သံဃာတော်ချင်းချင်း ရိုသေကင်းကုန်အံ့။

(၁၃) ပညာမဲ့သော ရဟန်းဆိုး ရဟန်းမိုက်တို့သည် မြတ်စွာဘုရားသည် ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံစွာ ဟောကြားထားသော ပိဋကတ် သုံးပုံတရားတော်ကို သံကိလေသ သုံးပါးတို့ဖြင့် ညစ်ညူးပျက်စီးအောင် ဖျက်ဆီးကုန်လတ္တံ့။

http://www.dhammadownload.com

(အဓိပ္ပာယ်အကျယ်ကား အာပတ်သင့်သည်ကို မသင့်၊ ဂရုကအာပတ်ကို လဟုက အာပတ်ဟူ၍ ပြုခြင်း စသော ဒုစ္စရိတ သဲကိလေသဖြင့် ညစ်ညူးစေလျက် ဝိနည်း တရားတော်ကို ဖျက်ဆီးကုန်လတ္တံ့။ ။ နူးညံ့သိမ်မွေ့လှစွာသော ရုပ်နာမ်တရား တို့ကို ပယ်ရှားစွန့်ခွာကုန်သည်ဖြစ်၍ ဒိဋ္ဌိသဲကိလေသဖြင့် ညစ်ညူးစေလျက် အဘိဓမ္မာ တရားတော်ကို ဖျက်ဆီးကုန်လတ္တံ့။ ။ နှစ်ပါးစုံသောအမှုကို ပြုခြင်း၌ နှစ်သက်သာယာ သော တဏှာသဲကိလေသဖြင့် ညစ်ညူးစေလျက် ဝိနည်းအဘိဓမ္မာ နှစ်ပါးစုံကို ဖျက်ဆီးကုန်လတ္တံ့ဟု ဆိုလိုသည်။)

(၁၄) သံဃာ့ဘောင်၌ တစ်စုံတစ်ခု အမှုစကားတရားတဘောင်ရှေ့ဆောင် ပြောဆိုကြသည်ရှိသော် အလဇ္ဇိဒုဿီလတို့ အပင်းအသင်း အားကြီး ကြကုန်လတ္တံ့။

(အဓိပ္ပာယ်အကျယ်ကား-

သံဃအမှုဆုံးဖြတ်ရာ သံဃအစည်းအဝေး၌ လာဘသက္ကာရကို တောင့်တသဖြင့် ဂုဏ်ကိုဆောင်၍ ဓမ္မကို အဓမ္မ၊ အဓမ္မကို ဓမ္မ၊ ဝိနယကို အဝိနယ၊ အဝိနယကို ဝိနယအစရှိသဖြင့် မိမိလိုတိုင်းသော အနက်ကို သံဃဘောင်၌ တည်စေကုန်သည်ဖြစ်၍ အလဇ္ဇိ ဒုဿီလ အချင်းချင်း အားပေး၍ အလဇ္ဇိ ဒုဿီလတို့ အပင်းအသင်း အားကြီး ကုန်လတ္တံ့ဟူလို။)

(၁၅) သီလသမာဓိစသော ပဋိပတ္တိဂုဏ် ပါဋိ၊ အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန်းတစ် ရဟန်းမြတ်တို့သည် သံဃအမှုဆုံးဖြတ်ရန် သံဃအစည်းအဝေး၌ အားနည်းကုန်အံ့။

(အဓိပ္ပာယ်ကား-

ပရိသတ်၏ အလဇ္ဇိများသည်၏ အဖြစ်ကြောင့် ထိုလဇ္ဇိပေသလ ဗဟုသုတ ဂုဏ်ဝန် သီလဝန် မထေရ်ဝန် မထေရ်မြတ်ပညာတတ် ရဟန်းတို့သည် အားနည်းကုန် လတ္တံ့။ ထိုအလဇ္ဇိ ဒုဿီလ ပရိသတ်၌ သူတော်ကောင်းပညာရှိတို့ စကားမဝင်နိုင် မတည်နိုင် လတ္တံ့ဟူလို။)

(၁၆) ပညာမဲ့သော ရဟန်းတို့သည် ရွှေငွေ ကျွန်ယောကျ်ား ကျွန်မိန်းမ ဆိတ်၊ သိုးစသော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို မိမိတို့ အလို့ငှာ သာယာခံယူကုန်လတ္တံ့။

(၁၇) သူတစ်ပါးကို ကဲ့ရဲ့လိုသောစိတ်ရှိကြကုန်သည်ဖြစ်၍ သီလ၌ မတည် ကုန်ဘဲ တက်ကြွသော မာနရှိကုန်သဖြင့် ငြင်းခုံရန်တွေ့ ချုပ်ချယ်သော အလေ့၌သာလျှင် သာယာပျော်မွေ့၍ သားသမင်ကဲ့သို့ လှည့်လည် သွားလာကုန်လတ္တံ့။

http://www.dhammadownload.com

(၁၈) ပြာပုံခဲကျ ထောင်းထောင်းထသို့ တစ်ခဏမတည် မခိုင်ကျည်သော စိတ်ရှိကြကုန်အံ့။

(၁၉) မလျော်မအပ် ဆိုးရည်တပ်လျက် ဖပ်ဖပ်စိုစို စိမ်းလဲ့ညှိသော သင်္ကန်းကို ဝတ်ရုံကြကုန်အံ့။

(၂၀) ကုဟန လပန အမှုဖြင့် အသက်မွေးကြကုန်လတ္တံ့။

(အဓိပ္ပာယ်ကား-

ဈာန်မဂ်ထိန်း ရောက်လုပြီးဟု လှည့်ပတ်မှုဖြင့် သူ့ကို လိမ်လည် ကြည်ညှိစေမှု အံ့သြဖွယ်ပြုကြလိမ့်မည်။ ပစ္စည်းအလို့ငှာ ဒါယကာတို့အား ညာတာချီးမြှောက် ခြိမ်းခြောက် မောင်းမဲ ဆဲရေး ရှုပ်ချ ပြောဆိုကြလိမ့်မည် ဟူလို။)

(၂၁) ဒေါသမျက်မာန် ခက်ထန် ကြမ်းကြုတ်သော စိတ်နလုံးရှိကြကုန်အံ့။

(၂၂) ကိလေသာ အမှုအရာကို သားသမင်တို့၏ ချိုဖျားကဲ့သို့ ထင်ရှားစေကုန်လတ္တံ့။

(၂၃) ကိုယ်ကို တန်ဆာဆင်ခြင်း ပရိက္ခရာကို တန်ဆာဆင်ခြင်း စသော လျှပ်ပေါ် လော်လည်သော အကျင့်နှင့် ယှဉ်ကုန်သည် ဖြစ်၍ ကြော့ကြော့ကြော့ကြော့ တမော့မော့နှင့် ဖြောတော့ ဝါအောင် ဆင်စွယ်ရောင် ဆိုးသော သင်္ကန်းကို ဝတ်လျက် မြို့လယ်ခရီး ရွာလယ်ခရီးများ၌ သွားလာ လှည့်ပတ်ကြကုန်လတ္တံ့။

(၂၄) ပစ္စည်းလေးပါးကို တပ်မက်မောကြကုန်သည် ဖြစ်ကြကုန်အံ့။

(၂၅) ရဟန်းတရားကို အားမထုတ်လိုဘဲ ဆွမ်းခံပျင်း၍ ရွာနီးကျောင်း၌ နေပြီးလျှင် ကျောင်းသားသူငယ်မွေး၍ နေကြကုန်အံ့။

(၂၆) မိစ္ဆာဇီဝဖြင့် အသက်မွေးခြင်း၌ မွေ့လျော်၍ လာဘ်လာဘကို များစွာ ရရှိသော ရဟန်းကြီးတို့သို့ အတုလိုက်၍ ရဟန်းငယ်တို့သည် ကျင့်ကုန်လတ္တံ့။

(၂၇) ထိုအခါ၌ သီလဝန် ဂုဏဝန် ဖြစ်ကုန်သော ရဟန်းကောင်း ရဟန်းမှန် ရဟန်းမြတ်တို့အား လာဘ်လာဘ နည်းပါးကုန်အံ့။ ထို လာဘ်လာဘ နည်းပါးကုန်သော ရဟန်းကောင်း သီလဝန္တ ပုဂ္ဂိုလ်တို့ကို မြတ်နိုးကောင်းရော ပူဇော်ဆည်းကပ်ခြင်းကို မပြုကြကုန်လတ္တံ့။

(အဓိပ္ပာယ်အကျယ်ကား မိစ္ဆာဇီဝကို ကြဉ်သဖြင့်လည်းကောင်း၊ ရှေးဘုန်းရှေးကံ နည်းသဖြင့်လည်းကောင်း၊ ဘုန်းလာဘ်လာဘ နည်းကုန်သော ရဟန်းကောင်း ရဟန်းမြတ်တို့ကိုကား ပူဇော်မြတ်နိုးကိုးကွယ်ရိုသေအပ်သည် မမှတ်ထင်ကြ ကုန်လတ္တံ့။ မိစ္ဆာဇီဝ ပါပက အကျင့်မှား ဘုန်းလာဘ်များသော ရဟန်းဆိုးတို့ကိုသာ

http://www.dhammadownload.com

ရဟန်းကောင်း ရဟန်းမြတ်ဟုထင်မှတ် ဝမ်းသာချီးမွမ်းကာဖြင့် ပူဇော်ဆည်းကပ်ကြကုန်လတ္တံ့ ဟူလို။)

(၂၈) ပိန္နဲဆိုး သစ်ခေါက်ဆိုး သက်န်းများကို ကဲ့ရဲ့ရွဲပ်ချ၍ သာသနာတော်မှ အပဖြစ်သော တိတ္ထိပရဖိဒ်တို့၏ အဝတ်ဖြူကို ဆောင်ကြကုန်လတ္တံ့။

(၂၉) ထိုအခါ အရိယာတို့၏ တံခွန်သဖွယ်ဖြစ်သော သက်န်းကို ရိုသေခြင်းကင်း၍ ပစ္စဝက္ခဏာဆင်ခြင်၍ ဝတ်ရုံခြင်းကို မပြုကုန်လတ္တံ့။

(၃၀) အလဒ္ဓိ ဒုဿီလ ရဟန်းတို့သည် မိမိတို့ကို လျူဒါယကာတို့ သဒ္ဓါကြည်ညိုပျက်မည်စိုး၍ သီလဝန် ရဟန်းမြတ် ကျမ်းဂန်တတ် ပုဂ္ဂိုလ်တို့ ထိုအရပ်၌ မနေနိုင်အောင် နှိပ်စက်ကုန်လတ္တံ့။

(၃၁) ဆရာဥပဇ္ဈာယ်တို့က ကောင်းသော အမှုအရာအကျင့် ပိဋကတ်ကို ဟောညွှန်ပြသ ဆုံးမသော်လည်း မနာယူကြကုန်လတ္တံ့။

(၃၂) ထိုအခါ၌ ဆရာ ဥပဇ္ဈာယ်တို့ကို ရိုသေခြင်းကင်း၍ ဆရာဥပဇ္ဈာယ်တို့၏ ဆုံးမ မခံ နှုတ်လှဲ ပြန်ကာ ထိုးကြကုန်လတ္တံ့။

ဤပြဆိုအပ်ခဲ့ပြီးသော သာသနာတော်၏ ဘေးရန်စုသည် နောင်အခါ သာသနာတော်၌ ဖြစ်ပေါ်လိမ့်မည်ဟု ဖုဿမထေရ် ရဟန္တာမြတ်သည် အနာဂတ်သ ဉာဏ်တော်ဖြင့် ရှုမျှော်၍ ဟောတော်မူခဲ့သော နိဂုံးချုပ် ဂါထာကား-

၎င် အနာဂတမဒ္ဓါန်၊ ပဋိပတ္တိ ဘဝိဿတိ။
ဘိက္ခူနံ ဘိက္ခုနီနဉ္စ၊ ပတ္တေ ကာလမှိ ပစ္ဆိမေ။[၁]

၎င် ဣမိနာ ဝုတ္တပကာရေန၊ ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ အနာဂတံ၊ မ လာရောက်သေး ရောက်လိမ့် ရောက်အံ့ ရောက်လတ္တံ့သော။ အဒ္ဓါန်၊ နောင်အခါ၌။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ ကာလမှိ၊ သီလလေးဆူ မဖြူမစင် ပစ္စည်းခင်၍ စာသင် စာရှုလေ့လာပြုသော သုတယုဂ်ကာလသည်။ ဝါ၊ လောကီစျာန်မျှ ဧကန်မရဘဲ သီလကို သာ လုံခြုံအောင် အားထုတ်ရသော သီလယုဂ်ကာလသည်။ ပတ္တေ၊ ရောက်လတ်သည် ရှိသော်။ ဘိက္ခူနံဉ္စ၊ ရဟန်းယောဂျိုးတို့၏လည်းကောင်း။ ဘိက္ခုနီနဉ္စ၊ ရဟန်းမိန်းမတို့၏လည်းကောင်း၊ ပဋိပတ္တိ၊ ဖောက်ပြန်နည်းလွတ် ယွင်းချွတ် ပျက်ပြားသော အကျင့်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤပြဆိုခဲ့ပြီးသော သာသနာ့ဘေးရန်စုသည် နောင်အခါ ဖြစ်ပေါ်လိမ့်မည်ဟူ၍သာ ဖုဿမထေရ် ဟောတော်မူ၍ ဗျာဒိတ်စကားထားတော်မူခဲ့သည်။ နှစ် ပရိစ္ဆေဒ

၁။ ထေရဂါထာအဋ္ဌကထာ၊ ၃၊ ၃၆၁။

http://www.dhammadownload.com

ပိုင်းခြား၍ ဘယ်နှစ် ဘယ်ကာလဖြစ်ပေါ်လာလိမ့်မည်ဟု ရည်မှတ်၍ ဟောတော်မမူခဲ့လေ။

ဌင်းထေရာ အဋ္ဌကထာဌ်မူကား ပြဆိုအပ်ခဲ့ပြီးသော သာသနာယုဂ် ငါးပါးရှိသည်တွင် သုတယုဂ်ကာလမှစ၍ ဖြစ်ပေါ်လိမ့်မည်ဟု ဆိုသည်။ အပရေ ဆရာတို့မူကား သီလယုဂ် ကာလက စ၍ ဖြစ်ပေါ်လိမ့်မည်ဟု အယူရှိ၏။ ကေစိဆရာတို့ကမူကား တတိယ သံဂါယနာ တင်ပြီးသော သာသနာနှစ် ၂၃၆ခုမှစ၍ ဖြစ်ပေါ်လိမ့်မည်ဟု ဆိုကြကုန်၏။ ကေစိဆရာတို့၏ အယူကို အဋ္ဌကထာဆရာ သဘောမကျသဖြင့် ပယ်ဖျက်လျက်ရှိ၏။

ထေရာဂါထာပါဠိတော် အဋ္ဌကထာလာ စကားစုတည်း။

(၁၉) ရဟန်းတို့၏ကိစ္စကို ပြဆိုချက်

ဂဏ္ဌဓုရ ဝိပဿနာဓုရန္တိ ဒွေ ယေဝ ဘိက္ခူ။[၁]

ဟူ၍လည်းကောင်း။

သာသနေ ဘဏ္ဍေ ကတိ ဓုရာနိတိ ပုစ္ဆိ်သု၊ တေ ဒွေ ဓုရာနိတိ ကထေသုံ ဝါသဓုရံ ပရိယတ္တိဓုရန္တိ။[၂]

ဟူ၍လည်းကောင်း ဟောတော်မူသောကြောင့် ရဟန်းများမှာ အမြဲပြုလုပ်ရန် ကိစ္စကား-

- ဂန္ထဓုရ
- ဝိပဿနာဓုရ

ဟူသော ဤကိစ္စနှစ်ပါးသာ ရှိလေသည်။ ထိုပြင် ကိစ္စမရှိ၊ အခြားတစ်ပါးသော နဝကမ္မ ကိစ္စစုကား ရဟန်းကိစ္စမဟုတ် ပလိဗောဓမျှသာ ဖြစ်ချေသည်။

ထိုနှစ်ပါးတို့တွင် ဂန္ထဓုရကိစ္စဆိုသည်ကား-

အတ္တနော ပညာနုရူပေန ဧကံ ဝါ ဒွေ ဝါ နိကာယေ သကလံ ဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တဿ ဓာရဏံ ကထနံ ဝါစနန္တိ ဣဒံ ဂန္ထဓုရံ နာမ။[၃]

ဟူ၍လည်းကောင်း

အတ္တနော ထာမေန ဧကံ ဝါ နိကာယံ ပရိယာ ပုဏိတွာ ဒွေ ဝါ ပဉ္စ ဝါ နိကာယေ ပရိယတ္တိတော စ အတ္ထတော သုဝိသဒံ သာသနံ အနုယုဉ္ဇိတဗ္ဗံ ဧတံ ပရိယတ္တိ ဓုရန္တိ။[၄]

၁။ ဓမ္မပဒအဋ္ဌကထာ၊ ပ၊ ၅။ ၂။ ဓမ္မပဒအဋ္ဌကထာ၊ ပ၊ ၅။
၃။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၁၉၃။ ၄။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၁၉၃။

http://www.dhammadownload.com

ဟူ၍လည်းကောင်း။ ။ ထိုမှတစ်ပါးသော အဋ္ဌကထာဋီကာတို့၌လည်း လာရှိသော ကြောင့် မိမိတို့၏ ပညာ စွမ်းရည် သတ္တိရှိသည် အားလျော်စွာ တစ်ပါးသော နိကာယ် ကိုလည်းကောင်း၊ နှစ်ပါးသော နိကာယ်တို့ကိုလည်းကောင်း၊ သုံးပါးလေးပါးသော နိကာယ်တို့ကိုလည်းကောင်း၊ နိကာယ်ငါးပါးလုံးတို့ကိုလည်းကောင်း ဆရာကောင်းထံ နည်းနာခံ၍ သင်အံကျက်မှတ်ပြီးလျှင် ထိုသင်ကြားအပ်ပြီးသော ကျမ်းဂန်တို့ကို မပျောက်မပျက်ရအောင် သင်အံချဖို့ခြင်း နှုတ်တွင်ဆောင်ထားခြင်းများသည် ဂန္ထဓုရ ကိစ္စမည်၏။ ဂန္ထဓုရကို အားထုတ်သည် မည်၏။

ဝိပဿနာ ဓူရကိစ္စဆိုသည်ကား-

ဆရာဥပဇ္ဈာယ်တို့၏ အထံ၌ ငါးဝါပတ်လုံးနေ၍ ဆရာဥပဇ္ဈာယ်တို့အား ပြုအပ်သော ဝတ်ကြီးဝတ်ငယ်များကို ပြုပြီးလျှင် ပါတိမောက်ကိုလည်းကောင်း၊ ကမ္မဋ္ဌာန်းနှင့်ဆိုင်ရာ သုတ် ပါဠိတော်များကိုလည်း နှစ်ဘာဏဝါရ သုံးဘာဏဝါရမျှ လောက် ရအောင် လေ့လာ၍ စင်ကြယ်သော သီလ၌ တည်သဖြင့် ပလိဗောဓကြီး ဆယ်ပါးများကို ဖြတ်၍ ကမ္မဋ္ဌာန်းပေးတတ်သော ဝိယ၊ ဂရုဘာဝနိယစသော ဂုဏ် အင်္ဂါနှင့် ပြည့်စုံသော ဆရာကောင်းထံသို့ ကပ်၍ မိမိစရိုက်အားလျော်သော ကမ္မဋ္ဌာန်း ကို ယူပြီးလျှင် ဆိတ်ငြိမ်ရာတောရကျောင်းများ၌ နေ၍ အရဟတ္တမဂ် အရဟတ္တဖိုလ် သို့ ဆိုက်ထိအောင် သမထဝိပဿနာကို အားထုတ်ခြင်းသည် ဝိပဿနာဓုရမည်၏။ ဝိပဿနာကို အားထုတ်၍ ဝိပဿနာကိစ္စနှင့် နေသည်မည်၏။

(၂၀) ရဟန်းတို့မှာ ဂန္ထာဓုရကို အားထုတ်ရာကာလ ဝိပဿနာကို အားထုတ်ရာကာလကို ပြဆိုခြင်း

ဂန္ထဓုရ ဝိပဿနာဓုရ ဟူသော ရဟန်းတို့ အားထုတ်ရမည့် ကိစ္စနှစ်ပါးတွင် ဂန္ထဓုရကိစ္စကို အားထုတ်ရန်ကာလ အချိန်အရွယ်ကား-

- ဉာဏ်ပညာထက်သန်သော ရဟန်းသည် ရဟန်းအဖြစ်သို့ ရောက်လာသည်မှစ၍ ငါးဝါရသည်တိုင်အောင် ပါဠိအာဂုံနှုတ်ငုံရအောင် အားထုတ်သင်ကြားရသည်။
- ဉာဏ်နုံ့နေးသော ရဟန်းသည် ဆယ်ဝါရသည်တိုင်အောင် ပါဠိအာဂုံ နှုတ်ငုံရသင့်သော ကျမ်းဂန်များကို နှုတ်ငုံရအောင် အားထုတ်ရသည်။
- ဉာဏ်ထက်သန်သော ရဟန်းအား ငါးဝါရသည်မှစ၍ ဆယ်ဝါရသည် တိုင်အောင် ဉာဏ်နုံ့နေးသော ရဟန်းအား ဆယ်ဝါရသည်မှစ၍ ဝါနှစ်ဆယ် ရသည်တိုင်အောင် အထက်ပါဠိတော် အဋ္ဌကထာ၊ ဋီကာကျမ်းကြီးများ ကို အနက်အဓိပ္ပာယ်အဖွင့်သဝဏ္ဏနာ ဝိနိစ္ဆယအဆုံးအဖြတ်များနှင့်

http://www.dhammadownload.com

တကွ အထွက်အဇ္ဈက်စုဒ် စောဒနာ ကျမ်းရိုးကျနအောင် သင်ကြား လေ့လာ အားထုတ်ရာသည်။

- တိကွပုဂ္ဂိုလ်အား ဆယ်ဝါရပြီးနောက် မန္ဒပုဂ္ဂိုလ်အား ဝါနှစ်ဆယ် ရပြီးနောက်မှသာ သမထ ဝိပဿနာနှစ်ဖြာသော ဘာဝနာကို လွန်စွာ ကြိုးကုတ် အားထုတ်ရာသည်။

ဤသို့ ဂန္ထ ဓုရအားထုတ်ရာကာလကို ခွဲခြား၍ သိခြင်း ဝိပဿနာဓုရ အားထုတ် ရာကာလကို ခွဲခြား၍ သိခြင်းရှိသောပုဂ္ဂိုလ်ကို 'ကာလညုပုဂ္ဂိုလ်=အချိန်ကာလကို သိသောပုဂ္ဂိုလ်' ဟူ၍ ဘုရားဟောတော်မူသည်။

ထို့ကြောင့် အလိုမပြီး အချည်းနှီးသော မောဃကာလဖြင့် မကုန်ခန်းစေဘဲ ကာလကို ပိုင်းခြား၍ သိရမည်ဟု ဟောပြရာ ပါထေယျ ပါဠိတော် သင်္ဂီတိသုတ်အဖွင့် အဋ္ဌကထာ၌-

> အယံ ကာလော ဥဒ္ဒေသဿ အယံ ကာလော ပရိပုစ္ဆာယ အယံ ကာလော ယောဂဿ အဓိဂမာယာတိ ဧဝံ ကာလံ ဇာနာတီတိ ကာလညု။ ထေ္ထ စ ပဋ္ဌ ဝဿာနိ ဥဒ္ဒေသဿ ကာလော ဒသ ပရိပုစ္ဆာယ ဣဒံ အတိသမ္မာဓံ ဒသ စဿအနိ ပန ဥဒ္ဒေသဿ ကာလော ဝိသတိ ပရိပုစ္ဆာယ တတော ပရံ ယောဂေ ကမ္မံ ကာတဗ္ဗံ။[1]

ဟု ဖွင့်ပြတော်မူသည်။

အယံကာလော၊ ဤငါးဝါဆယ်ဝါအတွင်း ကာလသည်။ ဥဒ္ဒေသဿ၊ ပါဠိနှုတ်ဝံ့ရအောင် သင်ခြင်း၏။ ကာလော၊ အခါကာလတည်း။ အယံကာလော၊ ဤဆယ်ဝါ အဝါနှစ်ဆယ်အတွင်းကာလသည်။ ပရိပုစ္ဆာယအဋ္ဌကထာ သင်ခြင်း၏။ ဝါ၊ အတ္ထယောဇနာ သမ္ဗဝဏ္ဏနာ အဓိပ္ပာယ်အသွယ်သွယ်သော နည်းနာ နယကို စုံစမ်း မေးမြန်း မှတ်ယူသင်ကြားခြင်း၏။ ကာလော၊ အခါကာလတည်း။ အယံ ကာလော၊ ဤဆယ်ဝါကျော် ဝါနှစ်ဆယ်ကျော်ကာလသည်။ အဓိဂမာယ၊ မဂ်ဖိုလ်ကို ရခြင်း သိခြင်းငှာ။ ယောဂဿ၊ သမထ ဝိပဿနာကို အားထုတ်ခြင်း၏။ ကာလော။ အခါကာလတည်း။ ဤတိဧဝံ၊ ဤသို့။ ကာလံ၊ ပါဠိသင်ရာ အဋ္ဌကထာသင်ရာကာလ နှင့် ကမ္မဋ္ဌာန်းအားထုတ်ရာ ကာလကို။ ဇာနာတိ၊ သိ၏။ ဤတိ တသ္မာ၊ ထို ကြောင့်။ ကာလညု ၊ ကာလကို သိသော ပုဂ္ဂိုလ်မည်၏။ စ၊ အထူးကို ဆိုဦးအုံ့။ ထေ္ထ၊ ဤကာလကို သိရာ၌။ ပဋ္ဌ ဝဿာနိ၊ ငါးဝါတို့သည်။ ဥဒ္ဒေသဿ၊ ပါဠိနှုတ်ဝံ့ သင်ခြင်း၏။ ကာလော၊ အခါကာလတည်း။ ဒသ ဝဿာနိ၊ ဆယ်ဝါတို့သည်။

၁။ ပါထိကဝဂ္ဂအဋ္ဌကထာ၊ ၂၂၂။

http://www.dhammadownload.com

ပရိပုစ္ဆာယ အတ္ထယောဇနာ၊ အဋ္ဌကထာသင်ခြင်း၏။ ကာလော၊ အခါကာလတည်း။ ဣဒံ၊ ဤငါးဝါ ဆယ်ဝါကာလသည်။ သတိသမ္ဘာဝံ၊ အလွန်ကျဉ်းမြောင်း ကြပ်တည်းသော ကာလတည်း။ ဝါ၊ တိက္ခပုဂ္ဂိုလ်တို့ သင်ကြားရာကာလတည်း။ ပန၊ တိက္ခပုဂ္ဂိုလ်တို့ သင်ကြားရာကာလမှ တစ်ပါး မန္ဒပုဂ္ဂိုလ်တို့ သင်ကြားရာ ကာလကို ဆိုဦးအံ့။ ဒသ ဝဿာနိ၊ ဆယ်ဝါတို့သည်။ ဥဒ္ဒေသဿ၊ ပါဠိန္တတ်ဝံသင်ခြင်း၏။ ကာလော၊ အခါကာလတည်း။ ဝီသတိ ဝဿာနိ၊ ဝါနှစ်ဆယ်တို့သည် ပရိပုစ္ဆာယ၊ အတ္ထ ယောဇနာ အဋ္ဌကထာ သင်ခြင်း၏။ ကာလော၊ အခါကာလတည်း။ တတော၊ ထိုဆယ်ဝါ အဝါနှစ်ဆယ် ရပြီးသည်မှ။ ပရံ၊ နောက်၌။ ယောဂေ ကမ္မံ၊ ကမ္မဋ္ဌာန်း အားထုတ်ခြင်း အမှုကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသောကြောင့် ဤအချိန် ဤအရွယ်ကား ပါဠိအာဂုံ နှုတ်ငုံရွရွ နေ့ညမလပ် ရွတ်ဖတ်သရဇ္ဈာယ် နှုတ်ဝယ်ဆောင်ထားရမည့် အချိန်အရွယ်တည်း။ ဤအချိန်အရွယ်ကား အတ္ထယောဇနာအဋ္ဌကထာ သံဝဏ္ဏနာကျမ်း များကို ကြည့်ရှုလေ့လာမှတ်သားရမည့် အချိန်အရွယ်တည်း။ ဤအချိန်အရွယ်ကား ဗျာန် မဂ်ဖိုလ်ကို သိခြင်းရခြင်းငှာ သမထဝိပဿနာ နှစ်ဖြာသော ဘာဝနာကို လွန်စွာ ကြိုးကုတ်အားထုတ်ရမည့်အချိန်အရွယ်တည်းဟု ဂန္ထဓုရကို အားထုတ်ရမည့်ကာလ၊ ဝိပဿနာဓုရကို အားထုတ်ရမည့်ကာလအားဖြင့် ကာလကို ပိုင်းခြား၍ သိသော ပုဂ္ဂိုလ်ကို ကာလညူ။ ပုဂ္ဂိုလ်ဟူ၍ ဟောတော်မူသည်။

ဤကာလကား စားရန်ကာလ၊ ဤကာလကား အိပ်ရန်ကာလ၊ ဤကာလကား ပရိယတ်ပဋိပတ်ကို အားမထုတ်ဘဲ မြို့ရွာဇနပုဒ်သို့ လှည့်လည်ရန်ကာလဟု ဤမျှလောက် သိသော ပုဂ္ဂိုလ်ကို ကာလညူပုဂ္ဂိုလ်ဟူ၍ ဘုရားမဟော။ ဓုရနှစ်ပါးကို အားမထုတ်ဘဲ အလကား အချည်းနှီး အကျိုးမပြုနေရန် ကာလကိုလည်း ဘုရားမဟောခဲ့လေ။ ထို့ကြောင့် ရဟန်းတို့အား ပရိယတ္တိကိစ္စနှင့်သော်လည်း အချိန်ကုန်စေရာ၏။ ပဋိပတ္တိကိစ္စနှင့်သော်လည်း အချိန်ကုန်စေရာ၏။

(၂၁) ဂန္ထဓုရကို အားထုတ်သင်ကြားခြင်း အပြားသုံးပါး

ဂန္ထဓုရဟူသော ပရိယတ္တိကိစ္စကို အားထုတ်သင်ကြားရာမှာလည်း-

(၁) မြွေဖမ်းသမားလျှင် ဥပမာရှိသော အလဂဒူပမာ သင်ကြားခြင်း။

(၂) သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေခြင်းငှာ ဟူသော နိဿရဏတ္ထ သင်ကြားခြင်း။

http://www.dhammadownload.com

(၃) ဘဏ္ဍာစိုးကဲ့သို့ ထိန်းသိမ်းခြင်းဟူသော ဘဏ္ဍာဂါရိက သင်ကြားခြင်း။[၁] ဟူ၍ သင်ကြားခြင်း အပြားသုံးပါး ရှိလေသည်။ ထိုသုံးပါးတို့တွင်–

(၁) သူတစ်ပါးကို ချုပ်ချယ် လွှမ်းမိုးလို၍ သင်ကြားခြင်းသည် အလဂဒ္ဓူပမာ သင်ကြားခြင်းမည်၏။ မြွေဖမ်းယောကျ်ားအလံမာယ်သမားသည် မြွေကို မဖမ်းတတ် မကိုင်တတ်လျှင် ထိုမြွေခဲ၍ သေခြင်းသို့သော်လည်းကောင်း၊ သေလောက်နီးပါး ဒုက္ခများသို့သော်လည်းကောင်းရောက်တတ်လေသည်။ ထိုအတူ ပရိယတ္တိဓမ္မကို သင်ကြားသော သူသည်လည်း မသင်ကြားတတ်လျှင် သင်ကြားရခြင်း၏အကျိုးထူးကို မခံစားရဘဲ ထိုသင်ကြားသော ပရိယတ္တိဓမ္မကို အကြောင်းခံ၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်။ ဓမ္မအတ္ထတို့၌ ကျနစွာ သင်ကြားခြင်းမရှိသဖြင့် အဓိပ္ပာယ် အယူအဆ သဘာဝ မထိဘဲ အကျင့်လွဲ၍ ပျက်စီးတတ်သည်ဟု ဆိုလိုသည်။

(၂) နိဿရဏတ္ထ သင်ကြားခြင်း ဆိုသည်ကား ဘုရားစကားတော်ဟူသော ပရိယတ္တိကို သင်ကြားရာတွင် သီလကို ဟောကြားသော အရာဌာန၌ သီလကို ဖြည့်ကျင့်၍ သမာဓိကို ဟောကြားသောအရာဌာန၌ သမာဓိကို ယူ၍ ဝိပဿနာကို ဟောကြားသော အရာဌာန၌ မဂ်ကို ပွားအံ့၊ ဖိုလ်ကို မျက်မှောက်ပြုအံ့ဟု နှလုံးပိုက်၍ သင်ကြားခြင်းပင်တည်း။ ထိုသို့ နှလုံးသွင်း၍ သင်ကြားခြင်းသည်သာလျှင် နိဿရဏတ္ထ သင်ကြားခြင်း မည်၏။

(၃) ဘဏ္ဍာဂါရိက သင်ကြားခြင်းဆိုသည်ကား မြတ်စွာဘုရားစကားတော်ဟူသော ပါဠိအစဉ်မပျောက်မကွယ် စိမ့်သောဌာ မြတ်စွာဘုရား၏ အနွယ်အဆက် မပျက်စိမ့်သောဌာ စောင့်ရှောက်သောအားဖြင့် သင်ကြားခြင်းသည် ဘဏ္ဍာဂါရိက သင်ကြားခြင်းမည်၏။ ဤဘဏ္ဍာဂါရိက သင်ကြားခြင်းမျိုးကို ရဟန္တာအရှင်မြတ်တို့အားသာ ရသင့်လေသည်။ ယခုအခါ ဘုရားစကားတော် အနွယ်အဆက် မပျောက်ကွယ်စေခြင်းငှာ နှလုံးပြု၍ သင်ကြားသော ပုဂ္ဂိုလ်တို့မှာ နိဿရဏတ္ထ သင်ကြားခြင်းမျိုးထဲသို့ ထည့်သွင်းရလေသည်။

၁။ ပါရာဇိကအဋ္ဌကထာ၊ ပ၊ ၁၉။

http://www.dhammadownload.com

(၂၂) ပရိယတ္တိကို သင်ကြားရခြင်း အကျိုး

(၁) ဝိနည်း ပိဋကတ်ကို သင်ကြားရခြင်းသည် ဝိနည်းအရာ၌ လိမ္မာ၍ မိမိ၏ သီလလည်း ကောင်းစွာ လုံခြုံခြင်းရှိလေသည်။

(၂) ကုက္ကုစ္စဖြင့် နှိပ်စက်ကုန်သော ရဟန်းတို့၏ ကိုးကွယ်ရာမှီခိုရာ အားထားရာ လည်း ဖြစ်လေသည်။

(၃) သံဃ ပရိသတ်အလယ်၌လည်း ကြောက်ရွံ့ခြင်းမရှိ ပြောဆိုဆုံးဖြတ်ဝံ့ လေသည်။

(၄) သာသနာတော်၏ ရန်သူဖြစ်ကုန်သောပုဂ္ဂိုလ်တို့ကိုလည်း အကြောင်း ပြ၍ ကောင်းမွန်စွာ နှိမ်နင်းနိုင်လေသည်။

(၅) သာသနာတော်သုံးပါး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေခြင်းငှာ ကျင့်နိုင် သည်လည်း ဖြစ်လေသည်။

ဤသို့ အကျိုးငါးပါးရှိ၏။

ပဋိမေ ဘိက္ခဝေ အာနိသံသာ ဝိနယဓရေ ပုဂ္ဂလေ အတ္တနော သီလက္ခန္ဓော သုဂုတ္တော ဟောတိ သုရက္ခိတော ကုက္ကုစ္စ ပကတာနံ ဘိက္ခူနံ ပဋိသရဏံ ဟောတိ၊ ဝိသာရဒေါ သံဃမဇ္ဈေ ဝေါဟရတိ၊ ပစ္စတ္ထိကေ သဟဓမ္မေန သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ သဒ္ဓမ္မဋ္ဌိတိယာ ပဋိပန္နော ဟောတိ။[၁]

ဟူ၍ ဟောတော်မူသည်။

(၁) ဝိနည်းကို ကောင်းစွာသင်ယူ၍ ကောင်းစွာကျင့်ရသောရဟန်းသည် သီလ ပြည့်စုံခြင်းကို အမှီပြု၍ တဝိဇ္ဇာပတ္တ ရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။ ဝိနည်း ပိဋကတ် ဝိနည်းအကျင့်သည် ဝိဇ္ဇာသုံးပါးကို ရခြင်း၏အကြောင်း အခြေခံပိဋကတ်အခြေခံ အကျင့်မြတ်ဖြစ်လေသည်။

(၂) သုတ္တန် ပိဋကတ်ကို ကောင်းစွာသင်ယူ၍ သုတ္တန်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိနှင့် ပြည့်စုံ၏။ သမာဓိပြည့်စုံခြင်းကို အမှီပြု၍ ဆဠာဘိညရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။ သုတ္တန်ပိဋကတ် သုတ္တန်အကျင့်သည် ခြောက်ပါးသော အဘိညာဉ်ကို ရနိုင်ခြင်း၏အကြောင်း အခြေခံပိဋကတ် အခြေခံအကျင့်မြတ်ဖြစ်သည်။

(၃) အဘိဓမ္မာပိဋကတ်ကို ကောင်းစွာသင်ယူ၍ အဘိဓမ္မာ၌ ကောင်းစွာ ကျင့်သောရဟန်းသည် ပညာနှင့် ပြည့်စုံ၏။ ပညာ၏ပြည့်စုံခြင်းကို

၁။ ပရိ၀ါပါဠိ၊ ၂၃၆၊ ၃၂၀။၁။

http://www.dhammadownload.com

အမှီပြု၍ ပဋိသန္ဓိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်နိုင်လေသည်။ အဘိဓမ္မာ ပိဋကတ် အဘိဓမ္မာအကျင့်သည် လေးပါးသော သန္ဓိဒါကို ရနိုင်ခြင်း၏ အခြေခံပိဋကတ် အခြေခံအကျင့်မြတ်ဖြစ်လေသည်။

(၂၃) ပရိယတ္တိကို သင်ကြားခြင်း မကျနလျှင် ပျက်စီးတတ်ကြောင်း

အပြစ်အားလျော်စွာ ဆုံးမတတ်သည်ဖြစ်၍ 'ယထာပရာဓ သာသနာ'ဖြစ်သော ဝိနည်း ပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော ဝိနည်းဒေသနာ နည်းကျနအောင် ကောင်းစွာသင်ယူခြင်းမရှိသဖြင့် ဝိနည်း ပိဋကတ်၌ ဟောနည်းကို မသိသောသူသည် မကြာမြင့်မီ သီလပျက်စီးခြင်းသို့ ရောက်တတ်လေသည်။

သတ္တဝါတို့၏စရိုက် နှလုံးသွင်းအားလျော်စွာ ဆုံးမတတ်သည်ဖြစ်၍ 'ယထာနုလောမသာသနာ' ဖြစ်သော သုတ္တန်ပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော သုတ္တန်နည်းကျနအောင် ကောင်းစွာသင်ယူခြင်းမရှိသဖြင့် သုတ္တန်ပိဋကတ်၌ ဟောနည်းကို မသိသောသူသည် မကြာမြင့်မီမိစ္ဆာဒိဋ္ဌိအဖြစ်သို့ ရောက်တတ်လေသည်။

ရုပ် နာမ် ဓမ္မအစုမျှ၌ 'ငါ ငါ၏ဥစ္စာ' စသည်ဖြင့် စွဲလန်းလျက်ရှိသော သတ္တဝါတို့ကို 'ငါမရှိ သူမရှိ ပုဂ္ဂိုလ်မရှိ သတ္တဝါမရှိ ယောကျ်ားမရှိ မိန်းမမရှိ' ဟု ဟုတ်မှန်သည့်အတိုင်း ဆုံးမတတ်သည်ဖြစ်၍ 'ယထာဓမ္မသာသနာ'ဖြစ်သော အဘိဓမ္မာပိဋကတ်၌ ဘုရားဟောတော်မူလိုရင်းဖြစ်သော အဘိဓမ္မာနည်းကျနအောင် ကောင်းစွာ သင်ယူခြင်းမရှိသဖြင့် အဘိဓမ္မာပိဋကတ်၌ ဟောလိုရင်းနည်းကို မသိသောသူသည် မိမိတို့၏ဉာဏ်ဖြင့် မလိုက်နိုင်၊ မနှိုက်နိုင်၊ မမီနိုင်သော အရာဌာန၌ ကြံဆသဖြင့် လိုရင်းသဘာဝသို့ မရောက်ဘဲ စိတ်ပျံ့လွင့်၍ ပျက်စီးခြင်းသို့ ရောက်တတ်သည်။

ထိုကြောင့် ဝိနည်း၌ ဟောတော်မူလိုရင်းသဘော၊ သုတ္တန်၌ ဟောတော်မူလိုရင်းသဘော၊ အဘိဓမ္မာ၌ ဟောတော်မူလိုရင်းသဘော အသီးသီးကို သိရှိအောင် သင်ယူ ကြည့်ရှုသင့်ကြလေသည်။

- ဝိနည်းပိဋကတ်ဒေသနာတော်ကိုကား ကရဏာပြဋ္ဌာန်း၍ ဟောတော်မူ၏။
- သုတ္တန်ပိဋကတ်ဒေသနာတော်ကိုကား ကရဏာပညာ နှစ်ပါးပြဋ္ဌာန်း၍ ဟောတော်မူ၏။
- အဘိဓမ္မာပိဋကတ် ဒေသနာတော်ကိုကား ပညာပြဋ္ဌာန်း၍ ဟောတော်မူ၏။

http://www.dhammadownload.com

(၂၄) မြန်မာနိုင်ငံ၌ သာသနာတည်ထွန်းရာ နယ်မြေပိုင်းခြားပုံ

မြန်မာနိုင်ငံ၌ တိုင်းကြီးရှစ်တိုင်းရှိသည်-

(၁) သုနာပရန္တ တိုင်း၊
(၂) တမ္ဗဒီပတိုင်း၊
(၃) သိရိခေတ္တရာမတိုင်း၊
(၄) ဇေယျဝမုနတိုင်း၊
(၅) ရာမညတိုင်း၊
(၆) သုဝဏ္ဏဘူမိတိုင်း၊
(၇) ကမ္ဗောဇတိုင်း၊
(၈) စိန့်တိုင်း။

ဟူ၍-ရှစ်တိုင်းတည်း။

(၁) ဧရာဝတီမြစ် အနောက်ဘက် မြောက်ဘက်သည် သုနာပရန္တ တိုင်း။
(၂) ဧရာဝတီမြစ် အရှေ့ဘက် တောင်ဘက်သည် တမ္ဗဒီပတိုင်း။
(၃) သရေခေတ္တရာသည် သိရိခေတ္တရာမတိုင်း။
(၄) ကေတုမတီတောင်ဌသည် ဇေယျဝမုနတိုင်း။
(၅) ပုသိန် ဥပါယ်ခိုး မုတ္တမသည် ရာမညတိုင်း။
(၆) သုဝဏ္ဏဘူမိ ရွှေမြေရှိရာအရပ် ရှမ်း ၅၇မြို့သည် သုဝဏ္ဏဘူမိတိုင်း။
(၇) မိုးနဲညောင်ရွှေသည် ကမ္ဗောဇတိုင်း။
(၈) မိုးမိတ် ဗန်းမော်သည် စိန့်တိုင်း။

ဤတိုင်းကြီးရှစ်တိုင်း၌ သာသနာထွန်းလင်းသည်။

ရှမ်းပြည်၌ ကျိုင်းကိုးကျိုင်း၊ မှိုင်းကိုးမှိုင်း၊ ထားကိုးထားရှိသည်။ ပတ္တမြား ကျောက် စိန် မြ ရတနာကိုးပါး ရွှေခွန် ငွေခွန် ပုလဲ သန္ဘာ ပေါများသော အရပ်ဒေသ များ၌သာ သာသနာတည်ထွန်းသည်။ ရတနာ မပေါများ မထွက်သော အရပ်၌ သာသနာမတည်။

(၂၅) သာသနာတည်ရာ နယ်နိမိတ်

(၁) အရှေ့လားသော် နားတစ်ဖက်ဖောက် ခါးတစ်ဖက်တို့ မျှည့်တစ်လုံး မျက်နှာ နှုန်းမည်း-ကျောက်ကသည်း (ကသဲ) ပြည် အစပ်။
(၂) အရှေ့တောင်လားသော် ဂျမ်းပြည် အကုန် ဒဂုံပြည် မြေဆုံး သမုဒ္ဒရာအထိ။
(၃) တောင်လားသော် သမုဒ္ဒရာ အနီး၌ရှိသော ပိသုပြည်။

http://www.dhammadownload.com

(၄) အနောက်တောင်လားသော် သမုဒ္ဒရာအလယ်၌ တည်သော နဝိပ္ပဟိလာကျွန်း။

(၅) အနောက်လားသော် သရနဂေါင်၊ စိတ္တရဂေါင်၊ ပက္ခာအပြား ပဋိက္ခရားကုလားမြေစပ်။

(၆) အနောက်မြောက်လားသော် ခန္ဓ၊ ငနားကြီးရေပေါ် မီးတက်စိမ့်တက်ခေါင် အက္ကပတ် ကုလားမြေစပ်။

(၇) မြောက်လားသော် ကမ္ဘောဇ သင်းတွဲမြေစပ်။

(၈) အရှေ့မြောက်လားသော် သံတောင် သံတင်း သံတခါး သံဘုရား ဂါတိမ် ဂါယဉ် ငှက်ညီနောင် နေသော အင်း အပြင် အကြား။

ဤသို့လျှင် သာသနာတည်ရာ နယ်နိမိတ် ဖြစ်၍ ၎င်းတို့ အတွင်းသာ သာသနာ တည်ထွန်းလေသည်။

ဤစကားရပ်စုကား ဇမ္ဗူဒီပ ဥဆောင်းကျမ်းမှ ထုတ်ယူသော စကားရပ်စု ဖြစ်သည်။

(၂၆) သာသနာတည်ရာကို ပြဆိုချက်

အရပ်ဒေသအားဖြင့် အရပ်ဒေသတိုင်း၌ သာသနာမတည်၊ ရတနာကြီးသုံးပါးကို ရိုသေသော အရပ်ဒေသ၌သာ သာသနာတည်သည်။ (အရပ်ဒေသဆိုသော်လည်း အရပ်ဒေသ၌ နေသူကို ယူ) ယခုအခါ ငါတို့ မြန်မာနိုင်ငံသည် ဂေါတမမြတ်စွာဘုရား၏ သာသနာတည်ထွန်းရာ နိုင်ငံကြီးဟု ဆိုရငြားသော်လည်း အချို့သော အရပ်ဒေသများမှာ ရတနာကြီးသုံးပါးကို ရိုသေသူမရှိ၍ သာသနာမတည်လေ။ (မရိုသေ ဆိုသော စကားနှင့် မကိုးကွယ်ဆိုသောစကားထပ်တူမှတ်ရာ၏။)

ထိုသို့ ရိုသေသူ မရှိသော အရပ်ဒေသ ရပ်ကွက်များ၌ ဘုရားရောင်၊ တရားရောင်၊ သံဃာရောင်ကို မမြင်ရလေ။ ဘုရားသံ၊ တရားသံ၊ သံဃာသံကို မကြားရလေ။ ဘုရားသံ၊ တရားသံ၊ သံဃာသံကို မကြားရသော အရပ်ဒေသ ရပ်ကွက်များမှာ သာသနာမရှိ၊ သာသနာ မတည်ဟုပင် ဆိုရမည်။

ထိုအတူ အိမ်တိုင်း၌လည်း သာသနာမတည်လေ။ ရတနာကြီးသုံးပါးကို ရိုသေသော အိမ်၌သာ သာသနာတည်လေသည်။ မရိုသေသောအိမ်၌ ဘုရားသံ၊ တရားသံ၊ သံဃာသံကိုပင် မကြားရလေ။ ရဟန်းရောင်၊ သံဃာရောင်၊ သာသနာရောင် မမြင်ရသော အိမ်များမှာ သာသနာမတည်ဟုပင် ဆိုရမည်။

ဘုရားရှင် လက်ထက်တော်က ဝိသာခါ အနာထပိဏ်တို့၏ အိမ်များမှာ ရေတွင်းသဖွယ် ရဟန်း သံဃာ အဝင်အထွက်များလေ၏။ သင်္ကန်းရောင်ဖြင့် ပြောင်

http://www.dhammadownload.com

ပြောင် တောက်လေ၏။ သာသနာရောင်ဖြင့် ထွန်းလင်းတောက်ပလေ၏။ ဘုရားသံ၊ တရားသံ၊ သံဃာသံ မဆိတ်လေ၊ အလှူခံပုဂ္ဂိုလ်တွေ ပေါများလေ၏။

ယခုအခါ အချို့သော အိမ်များ၌လည်း ဝိသာခါ၊ အနာထပိဏ်တို့အိမ်များကဲ့သို့ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်၍ သာသနာစည်ကားလေသည်။ သင်္ကန်းရောင် မပြတ် အလှူခံပုဂ္ဂိုလ်မပြတ် သာသနာရောင်မပြတ်ရှိလေသည်။ အချို့သော အိမ်များမှာကား သာသနာရောင် လုံးလုံးကွယ်ပျောက်လုခမန်း အခြေအနေသို့ ရောက်လျက်ရှိ၏။ အချို့သော အိမ်များမှာကား သာသနာရောင် လုံးလုံးကွယ်ပျောက်လေပြီ။

ထို့ကြောင့် ဗုဒ္ဓဘာသာ မွန်မြတ်မာတို့သည် မိရိုးဖလာ အစဉ်အဆက်မပျက် ခုတိုင် မယိမ်းယိုင်ဘဲ မိမိတို့လက်ထက်တိုင်အောင် ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီးကို ရှိသေမြတ်နိုး ကိုးကွယ်လာခဲ့ကြရာ ယခုအခါ မိမိတို့နေအိမ်တွင် သာသနာတည် မတည်၊ စည်ကား၊ မစည်ကားကို ဂရုပြုသင့်ကြလေသည်။ သာသနာမတည်က တည်အောင်၊ မစည်ကားက စည်ကားအောင် အားထုတ်ခြင်းငှာ သင့်လျော်လှပေ၏။ ယခုအခါ အချို့သော ပုဂ္ဂိုလ်များက အမေးထုတ်လျက်ရှိသည်မှာ-

'ယခုအခါ သာသနာတော်ကြီးသည် တိုးတက်ပါသလော၊ ဆုတ်ယုတ် ပါသလော' ဟူ၍ လည်းကောင်း။

'ဆုတ်ယုတ်ခဲ့လျှင် မည်သူကို အကြောင်းပြု၍ ဆုတ်ယုတ်ပါသနည်း' ဟူ၍လည်းကောင်း။ ။ အမေးထုတ်လျက် ရှိလေသည်။

အမေးထုတ်သောသူများ၏ အလိုမှာ ရဟန်းများကြောင့် သာသနာဆုတ်ယုတ်သည်ဟု ဆိုလိုရိပ်ရှိ၏။

သာသနာဆုတ်ယုတ်သည် မဆုတ်ယုတ်သည်ကို သော်လည်းကောင်း၊ တိုးတက်သည် မတိုးတက်သည်ကိုလည်းကောင်း သူတစ်ပါးတို့အား မေးမြန်းစိစစ်ရန် မလို၊ ကိုယ့်သန္တာန် ကိုယ့်အိမ်မှာ အရေးတကြီး ရှေးဦးစွာ စိစစ်ရန် လိုလေသည်။

(၂၇) ရတနာသုံးပါးကို ရိုသေမှ သာသနာတည်သည်

လူတိုင်း၌ သာသနာမတည်၊ ရတနာကြီးသုံးပါးကို ရိုသေ၍ တရားကို စောင့်သောသူမှ သာသနာတည်လေသည်။ ရတနာကြီးသုံးပါးကိုလည်း မရိုသေ၊ တရားကိုလည်း စောင့်သိခြင်းမရှိသောသူ၌ သာသနာမတည်၊ သာသနာမရှိ၊ သာသနာ မကိန်းဝပ်ဟုပင် ဆိုရမည်။

သာသနာတည်သောသူကိုလည်း-

- ပရိယတ္တိသာသနာတည်သောသူ၊
- ပဋိပတ္တိသာသနာတည်သောသူ၊

http://www.dhammadownload.com

– ပဋိဝေဓသာသနာတည်သောသူ၊

ဟူ၍ ခွဲခြား၍ မှတ်သားရာသေး၏။ ။ ပရိယတ္တိ သာသနာ တည်သောသူ ဆိုသည်ကား–

ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို သင်အံလေ့ကျက်ဆောင်ရွက် နူတ်တက် အာဂုံ နူတ်ငုံ ရွရွ အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်သောအားဖြင့် နူတ်တွင်လျှာတွင် ကိန်းဝပ် တည်နေစေသောသူသည် 'ပရိယတ္တိသာသနာတည်သူ'မည်၏။ ပိဋကတ်သုံးပုံ အလုံးစုံကို မဆောင်နိုင်ငြားသော်လည်း တစ်ကျမ်း၊ တစ်ဖွဲ့ တစ်[illegible]ဝါရ၊ တစ်သုတ်၊ တစ်ဂါထာ၊ တစ်ပုဒ်မျှသော ဘုရားစကားတော်ကို ကိုယ်သဏ္ဌာန်ဝယ် ကိန်းဝပ်တည်နေစေရာ၏။

ပဋိပတ္တိသာသနာ တည်သောသူဆိုသည်ကား ကျင့်ဝတ် ပဋိပတ်ဖြစ်သော အဓိသီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဟူသော သိက္ခာသုံးပါးနှင့် အမြဲမပြတ် ယှဉ်စေသောသူသည် 'ပဋိပတ္တိသာသနာတည်သူ'မည်၏။ ။ ထိုအကျင့် သိက္ခာ မရှိသောသူမှာ မရှိသည့်အခိုက် ပဋိပတ္တိသာသနာ ကွယ်ပျောက်နေ၏။ ကုန်ဆုံးနေ၏၊ အချင်းခပ်သိမ်း အကျင့်သိက္ခာနှင့် မယှဉ်တော့ဘူးဆိုလျှင် ထိုသူမှာ ပဋိပတ္တိသာသနာ အဆုံးတိုင် ကွယ်ပျောက်လေတော့ပြီ၊ ကုန်ဆုံးလေတော့ပြီဟု ဆိုရမည်။

ပဋိဝေဓသာသနာ တည်သောသူဆိုသည်ကား–

ဈာန်အဘိညာဉ် သမာပတ်နှင့်တကွ မဂ်ဖိုလ်တရားများကို ထိုးထွင်း၍ သိခြင်းဟူသော ဉာဏ်ပညာတည်ရှိသောသူသည် 'ပဋိဝေဓသာသနာတည်သူ'မည်၏။ ။ ထို ပဋိဝေဓသာသနာတော်၏ တည်ကြောင်းကား ပဋိပတ္တိသာသနာတော်လျှင် နီးစွာသော အကြောင်းရင်းရှိ၏။ ထိုပဋိပတ္တိ သာသနာတော်အရဖြစ်သော သီလ၊ သမာဓိ၊ ပညာဟူသော အကျင့်သိက္ခာတော်ကြီးများလည်း ယခုအခါ ထင်ရှားရှိသေးသည်ဖြစ်၍ ပဋိဝေဓသာသနာ ကွယ်ပျောက်ပြီဟု မဆိုရသေးလေ။ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ ကွယ်ပျောက်ပြီးသောသူဖြစ်က ပဋိဝေဓသာသနာတော်လည်း ကွယ်ပျောက်ပြီဟုပင် ဆိုရမည်။

ထိုကြောင့် ကိုယ့်မှာ ကိုယ့်သဏ္ဌာန်မှာ ဘယ်သာသနာ ကွယ်ပျောက်၍ ဘယ်သာသနာတည်ရှိသည်ကို သတိပြုသင့်သည်။ တည်ရှိသော သာသနာလည်း စည်ကားသည် မစည်ကားသည် တိုးတက်သည် မတိုးတက်သည် ညှိုးနွမ်းသည် မညှိုးနွမ်းသည် ဆုတ်ယုတ်သည် မဆုတ်ယုတ်သည်ကို ဗုဒ္ဓဘာသာရဟန်းရှင်လူတိုင်း အလေးဂရုပြု၍ စိစစ်ရန် အရေးကြီးလေသည်။

http://www.dhammadownload.com

(၂၈) ဆုတ်ယုတ်ခြင်း ပရိဟာနိယ ဓမ္မကို ပြဆိုချက်

ဘုရား တရား သံဃာဟူသော ရတနာကြီးသုံးပါး၌ မရိုသေခြင်း အဂါရဝတရားကို 'ပရိဟာနိယဓမ္မ' ဟု ဟောတော်မူသည်။ ပရိဟာနိယဓမ္မဆိုသည်ကား ဆုတ်ယုတ်ပျက်စီးစေတတ်သော တရားဟု ဆိုလိုသည်။ ဘုရားကို မရိုသေခြင်း ဆိုသည်ကား သက်တော်ထင်ရှားမြတ်စွာဘုရားရှိတော်မူစဉ်က တစ်နေ့သုံးကြိမ်ဆည်းကပ်ခစားအံ့သောငှာ မသွားမရောက်ခြင်းသည် ဘုရားကို မရိုသေသည်မည်၏။ ထိုသို့ မသွားမရောက်ခြင်းကြောင့် ဘုရား၌ အရိုအသေပြုရသဖြင့် ရသင့်ရထိုက်သော ကုသိုလ်တရားတို့မှ ဆုတ်ယုတ်လေ၏။ ရသင့်ရထိုက်သော ကုသိုလ်တရားကား ဘုရားဖူး သွားသောသူ၏ ခြေဖဝါး တစ်လှမ်း တစ်လှမ်းတွင် သိန်းသန်းကုဋေ မရေမတွက်သာ များပြားစွာသော ကုသိုလ်ဓောတွေ ဖြစ်နိုင်လေသည်။ ထိုကုသိုလ်ဓောတွေ ဖြစ်ခြင်းမှလည်း ဆုတ်ယုတ်လေ၏။ မြတ်စွာဘုရား ရှေ့တော်မှောက်သို့ ရောက်၍ လက်အုပ်ချီခြင်း အဥ္ဇလီကမ္မကုသိုလ်၊ အရိုအသေပြုရခြင်း သာမိစိကမ္မကုသိုလ်၊ ရှိခိုးရခြင်းဝန္ဒနာကမ္မ ကုသိုလ်တို့မှလည်း ဆုတ်ယုတ်လေ၏။

(၂၉) ဘုရားရတနာ၌ မရိုသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း

ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက် ယခုအခါ ထင်ရှားရှိသော ကိုယ်စားတော်စား ရုပ်ပွားဆင်းတုတော် စေတီတော်များရှိရာ အရပ်သို့ မသွားမရောက် ဝတ်တက် ဝတ်ကပ် မပြု၊ ရှိမခိုးဘဲနေခြင်းသည်လည်း ဘုရားကို မရိုသေသည် ရိုသေခြင်း ပျက်ကွက်သည်မည်၏။

ထိုသို့ ရိုသေခြင်းအမှုမှ ပျက်ကွက်ခြင်းကြောင့် ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှ ဆုတ်ယုတ်လေ၏။ ရသင့်ရထိုက်သော ကုသိုလ်တရားတွေ ဆိုသည်ကား-

- ဆင်းတုတော်စေတီတော်များရှိရာအရပ်သို့ သွားရခြင်း ခြေတစ်ဝါး တစ်လှမ်း တစ်လှမ်းတွင် ရထိုက်သော သိန်းသန်းကုဋေ မရေတွက်နိုင်သောကုသိုလ်တရားတွေမှလည်းကောင်း၊
- ဘုရား အရာမ်အတွင်း အရာမ်ထိုက်ရာ အရပ်အတွင်းသို့ ရောက်၍ ဖိနပ်ချွတ်ရခြင်းကြောင့် ရသောကုသိုလ်၊
- ထီးရုတ်ရခြင်းကြောင့် ရသောကုသိုလ်၊
- လက်အုပ်ချီ၍ ကန်တော့ရခြင်းကြောင့် ရသော ကုသိုလ်၊
- တည်ခြင်းငါးမျိုးဖြင့် တည်၍ ရှိခိုးရခြင်းကြောင့် ရသောကာယကံကုသိုလ်၊

http://www.dhammadownload.com

- နှုတ်မြွက်၍ ဘုရားဂုဏ်တော်တွေကို ချီးမွမ်းရွတ်ဖတ်သရဇ္ဈာယ်ရခြင်း ကြောင့် ရသော ဝစီကံကုသိုလ်၊
- ကြည်လင်စွာသော စိတ်စေတနာဖြင့် ဆည်းကပ်ရခြင်းကြောင့် ရအပ်သော မနောကံကုသိုလ်၊

ထိုထို ရသင့်ရထိုက်သော ကုသိုလ်အပေါင်းတို့မှလည်း ဆုတ်ယုတ်လေ၏။

ဤကား ဘုရားရတနာ၌ ရှိသေခြင်း ပျက်ကွက်၍ ပရိဟာနိယဝမ္မဖြစ်ပုံတည်း။

(၃၀) တရားရတနာ၌ မရှိသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း

တရားတော်ကို ဟောကြားလိမ့်မည်ဟု ကြားလျက် သိလျက် မြင်လျက်နှင့် တရားဟောရာသို့ မသွားမရောက်။ သွားရောက်သော်လည်း တရားကို ရိုသေစွာ မနာယူ အချည်းနှီးအကျိုးမရှိသောစကားကို ပြောဆိုအိပ်ပျော်ငိုက်မည်းလျက် နေခြင်းသည်လည်း တရားကို မရိုသေသည် ရှိသေခြင်းပျက်ကွက်သည် မည်၏။

မြတ်စွာဘုရားဟောကြားထားတော်မူခဲ့သော မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ္တိဟူသော ဆယ်ပါးသော တရားတော်မြတ်ကြီးတို့သည် ယခုအခါ ထင်ရှားရှိသော်လည်း မရှိသကဲ့သို့ လေးစား မယူ ဂရုမစိုက် အလိုက်သင့်စွာ မေ့လျော့ ကာနေကြပြီးလျှင် ထိုဆယ်ပါးသော တရားတော်ကို အာရုံပြု၍ လက်အုပ်ချီခြင်း ရှိခိုးခြင်းကို မပြုခြင်းသည်လည်း တရားတော်ကို မရိုသေသည် ရှိသေခြင်း ပျက်ကွက် သည် မည်၏။ ထိုတရားတော်၌ ရှိသေခြင်း ပျက်ကွက်သောကြောင့် ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှ ဆုတ်ယုတ်လေ၏။

ရသင့်ရထိုက်သော ကုသိုလ်တရားတွေ ဆိုသည်ကား-

- တရားနာ သွားဆဲခဏ၌ ခြေဖဝါးတစ်လှမ်းတစ်လှမ်းတွင် ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှလည်းကောင်း၊
- ကြားနာရခဲလှစွာသော သူတော်ကောင်းတရားကြီးကို ကြားနာရခြင်း ကြောင့် ရသင့်သော ကုသိုလ်တရားတွေမှလည်းကောင်း၊
- သိသင့်သိထိုက်သော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားကောင်းမှလည်းကောင်း

ဆုတ်ယုတ်လေ၏။

- ထင်ရှားရှိသော ဆယ်ပါးသော တရားတော်ကို အာရုံပြု၍ လက်အုပ်ချီရခြင်း အဋ္ဌလိကမ္မကုသိုလ်၊ ရှိခိုးရခြင်း ဝန္ဒနာကမ္မကုသိုလ်တို့မှလည်းကောင်းဆုတ်ယုတ်လေတော့သည်။

ဤကား တရားရတနာ၌ ရှိသေခြင်း ပျက်ကွက်၍ ပရိဟာနိယဝမ္မ ဖြစ်ပုံတည်း

http://www.dhammadownload.com

(၃၁) သံဃာရတနာ၌ မရိုသေခြင်းကြောင့် ဆုတ်ယုတ်ခြင်း

- သံဃာတော်များ ကြွလာသည်ကို မြင်လျက် ခရီးဦး မကြိုဆိုခြင်း၊ ခြေဆေးရေ ခြေသုတ်ပဝါ မထားခြင်း၊ နေရာခင်းမပေးခြင်း၊ ဤနေရာ၌ သီတင်းသုံးတော်မူပါ စသည်ဖြင့် နေရာမဖိတ်မန်ခြင်း၊ ဖိနပ်မချွတ်ခြင်း၊ နေရာတန်းတူနေခြင်း၊ လက်အုပ်မချီခြင်း၊ ရှိမခိုးခြင်းသည်လည်းကောင်း၊
- လမ်းခရီးသွားစဉ် သံဃာတော်များနှင့် တွေ့ကြုံသော်လည်း အရိုအသေပေးသဖြင့် ဖိနပ်မချွတ်ခြင်း၊ ထီးမရုတ်ခြင်း၊ လမ်းခရီးမှ ဖဲ့၍မပေးခြင်း၊ ကိုယ်လက်ထိပါး တိုးဝှေ့၍ သွားခြင်း၊ လက်အုပ်မချီလိုက်ခြင်း၊ ရှိမခိုးလိုက်ခြင်း စသောမရိုသေသော အမူအရာ ဟူသရွေ့သည် လည်းကောင်း။

သံဃာတော်၌ မရိုသေသည် ရိုသေခြင်း ပျက်ကွက်သည် မည်၏။

ထိုသို့ အရိုအသေပျက်ကွက်သောကြောင့် သံဃာတော်များသည် ရိုသေခြင်း မရှိသောအရပ်ဒေသ မြို့ရွာနှင့်တကွ အရိုအသေ မပေးသူ၏အိမ်သို့ကြွရောက်ဆည်းကပ်ခြင်းမရှိလေ။ ထိုသို့ သံဃာတော်များ ကြွရောက်ဆည်းကပ်ခြင်းမရှိလျှင် သံဃာတော်ရောင် ကွယ်ပျောက်သဖြင့် သံဃာတော်များကို အမှီပြု၍ ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှ ဆုတ်ယုတ်လေတော့သည်။

ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှ ဆုတ်ယုတ်ပုံကား-

- သံဃာတော်များ ကြွလာသည်ကို မြင်၍ ခရီးဦးကြိုဆိုရခြင်းကြောင့် ရသင့်သော ကုသိုလ်မှလည်းကောင်း၊
- ခြေ ဆေး ရေ ခြေသုတ်ပဝါထားရခြင်းကြောင့် ရသင့်သော ကုသိုလ်မှ လည်းကောင်း၊
- နေရာထိုင်ခင်း ပေးရခြင်းကြောင့် ရသင့်သောကုသိုလ်မှလည်းကောင်း၊
- ဤနေရာ၌ သီတင်းသုံးတော်မူပါဟု နေရာဖိတ်မန်ရခြင်းကြောင့် ရသင့်သော ကုသိုလ်မှလည်းကောင်း၊
- 'သီတင်းသုံးသည့် အခိုက်အတန့် ကျောင်းအမှတ် သီတင်းသုံးတော်မူပါ'ဟု ကျောင်း ဖိတ်မန်ရခြင်းကြောင့် ရသင့်သောကုသိုလ်မှ လည်းကောင်း၊
- ဖိနပ်ချွတ်၍ အရိုအသေပေးရခြင်းကြောင့် ရသင့်သောကုသိုလ်မှလည်း ကောင်း၊
- မိမိက နိမ့်သောနေရာ၊ ရှေ့တည့်တည့် မကျလွန်းသောနေရာ၊ နောက်တည့်တည့် မကျလွန်းသောနေရာ၊ မနီးလွန်းသောနေရာ၊ မဝေးလွန်းသော နေရာ၊ လေအောက်ကျသောနေရာ ဟူသော 'နိသဇ္ဇဒေါသ'အပြစ် ခြောက်ပါးမှ လွတ်ကင်းသောနေရာ၌ အရိုအသေပေးရခြင်းကြောင့်

http://www.dhammadownload.com

ရသင့်သော ကုသိုလ်မှလည်းကောင်း၊

- လက်အုပ်ချီရခြင်းကြောင့် ရသင့်သော အင္ဂလီကမ္မ ကုသိုလ်မှ လည်းကောင်း၊
- တည်ခြင်းငါးမျိုးဖြင့်တည်၍ (ထိခြင်းငါးမျိုးလည်း ဟူ၏)ရှိခိုးရခြင်း ကြောင့် ရသင့်သော ဝန္ဒနာကမ္မကုသိုလ်မှလည်းကောင်း၊
- ရဟန်း သံဃာတို့အား ဖူးမြင်ရခြင်းကြောင့် ရသင့်သော 'သမဏဒဿန' ကုသိုလ်မင်္ဂလာတရားတော်ကြီးမှ လည်းကောင်း၊
- ရဟန်းသံဃာတော်တို့အား ပြုအပ်သော ဝတ်ကြီးဝတ်ငယ်အသွယ်သွယ် သော ဝေယျာဝစ္စကုသိုလ်အမျိုးမျိုးတို့မှ လည်းကောင်း၊
- ရဟန်း သံဃာတော်တို့အထံ၌ ခံယူဆောက်တည်ရခြင်းကြောင့် ရသင့် သော သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါး သီလကုသိုလ်တို့မှလည်းကောင်း၊
- စွမ်းအားရှိသလောက် လှူဒါန်းရခြင်းကြောင့် ရသင့်သော ဒါနကုသိုလ် မှ လည်းကောင်း၊
- တစ်လုံးတစ်ပါဒ၊ တစ်ပုဒ်တစ်ဂါထာ ဟောပြောဆုံးမခြင်းကို ခံယူရ ခြင်းကြောင့် ရသင့်သော ဗဟုသုတကုသိုလ်ထူးမှလည်းကောင်း၊
- နက်နဲသိမ်မွေ့ခဲခက်သော အရာဌာနတို့၌ ဆွေးနွေးမေးမြန်းလျှောက်ထား ရခြင်းကြောင့် ရသင့်သော 'ဓမ္မသာကစ္ဆ'ကုသိုလ် မင်္ဂလာတရားတော် ကြီးမှ လည်းကောင်း၊
- ဘုရားတစ်ဆူတစ်ဆူပွင့်တော်မူမှ ဟောကြားတော်မူသဖြင့် ကြားရခဲ နာရခဲသော ရုပ် နာမ် ဓမ္မနှင့် စပ်ယှဉ်သော တရားစကား၊ ခန္ဓာ၊ အာယတနဓာတ်နှင့် စပ်ယှဉ်သော တရားစကား၊ နက်နဲသိမ်မွေ့သော သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ် ဗောဇ္ဈင်မဂ္ဂင်တို့နှင့် စပ်လျဉ်း သော တရားစကား၊ ပဋိစ္စသမုပ္ပါဒ်နှင့် စပ်ယှဉ်သော တရားစကား၊ သစ္စာလေးပါးနှင့် စပ်ယှဉ်သောတရားစကား၊ အနိစ္စလက္ခဏာ၊ ဒုက္ခ လက္ခဏာ၊ အနတ္တလက္ခဏာဟူသော လက္ခဏာရေးသုံးပါးနှင့်စပ်လျဉ်း သော တရားစကား၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် စပ်လျဉ်းသော တရားစကား၊ ဤအဖိုးတန်တရားစကားကြီးတွေနှင့် စပ်လျဉ်းသော 'သဒ္ဓမ္မသဝန အတိဒုလ္လဘ' ကုသိုလ်အဖိုးတန်ကြီးတွေမှလည်းကောင်း ဆုတ်ယုတ်လေ၏။ ပျက်စီးလေ၏။ ကုသိုလ်သာသနာ ကွယ်ပျောက်လေ၏။

http://www.dhammadownload.com

ဤကား သံဃာရတနာ၌ ရိုသေခြင်း ပျက်ကွက်၍ ပရိဟာနိယဓမ္မဖြစ်ပုံတည်း

(၃၂) ဌေမကုန် ကြေးမကျ ရရှိသောကုသိုလ်

ဤသို့ ရတနာကြီးသုံးပါးကို အရိုအသေပေးသဖြင့် ဥစ္စာမကုန် ပစ္စည်းမခန်းဘဲ ရသင့်ရထိုက်သော ကုသိုလ်တရားတွေကို အရမယူ ယုတ်လျော့ခံမူကား အကြောင်းဖြစ်သော ကုသိုလ်တရားတွေ ဆုတ်ယုတ်ပျက်စီးသဖြင့် ထိုကုသိုလ်တရားတွေ၏ အစွမ်းသတ္တိကြောင့် ဖြစ်ပေါ်ခံစားရမည့် အကျိုးတရားတွေလည်း ဆုတ်ယုတ်ပျက်စီးလေတော့သည်။

ဖြစ်ပေါ်ခံစားရမည့် အကျိုးတရားတွေဆိုသည်ကား-

- ရတနာကြီးသုံးပါးကို အရိုအသေပြုရသော ကုသိုလ်သည် လူမင်း လူမိဖုရားတို့ ခံစားရသောစည်းစိမ်မျိုး၊ နတ်မင်း နတ်မိဖုရားတို့ခံစားရသော စည်းစိမ်မျိုး၊ ဗြဟ္မာမင်းတို့ ခံစားရသော စည်းစိမ်မျိုးတို့ကို ပေးစွမ်းနိုင်လေသည်၊
- ဘယ်စည်းစိမ် ဘယ်ရတနာနှင့်မှ မတူတန်သော နိဗ္ဗာန်စည်းစိမ်ကိုလည်း ပေးစွမ်းနိုင်လေသည်၊
- လူ့ပြည်၌ လူဖြစ်ရသော်လည်း အမျိုးယုတ် ဥစ္စာယုတ်အဆင်းယုတ် အဆွေအရံယုတ် အကျင့်စာရိတ္တ ယုတ်သောအမျိုး၌ မဖြစ်ရလေ၊ မြင့်မြတ်သောအမျိုး၌သာ ဖြစ်ရခြင်းလျှင် သားသမီးအဆွေအရံ ပရိသတ်နှင့်တကွ သူတစ်ပါးတို့၏အရိုအသေ အလေးအမြတ် ပြုခြင်းကို ခံယူရသော အမျိုးမြတ်၌သာ ဖြစ်ရလေသည်။

ထိုသို့ မဟုတ်မူ သံသရာ တမလွန်အကျိုးတို့မှလည်း ဆုတ်ယုတ်လေတော့သည်။

ယခုပစ္စက္ခဘဝတွင်လည်း ရတနာသုံးပါးကို အရိုအသေအလေးအမြတ်မပြုသော သူဟူ၍ အရပ်ထက်ဝန်းကျင် မကောင်းသတင်း ကျော်စောခြင်းကို ပျံ့နှံ့စေ၍ အသရေမဲ့သဖြင့် လူရောနတ်ပါ ဗြဟ္မာမလပ် အရပ်ရပ်သော သူတော်ကောင်းအပေါင်းတို့သည် သွားလာ ဝင်ထွက်နှစ်သက်ပေါင်းသင်းဆက်ဆံခြင်းမရှိ ယုံကြည်ခြင်းကင်းဘိ၍ဥစ္စာပစ္စည်းလည်း ဆုတ်လျော့လေတော့သည်။

ဗုဒ္ဓမြတ်စွာသာသနာကြီးကိုလည်း ဆုတ်ယုတ်အောင် ပြုသောသူပင် ဖြစ်လေတော့သည်။

http://www.dhammadownload.com

(၃၃) မဆုတ်ယုတ်ခြင်း အပရိဟာနိယ ဓမ္မကို ပြဆိုချက်

ရတနာကြီးသုံးပါး၌ အရိုအသေ အလေးအမြတ်ပြုခြင်းတရားကို 'အပရိဟာနိယ ဓမ္မ'ဟု ဟောတော်မူသည်။

'အပရိဟာနိယဓမ္မ'ဆိုသည်ကား 'ဆုတ်ယုတ်ခြင်းမရှိ တိုးပွားစေတတ်သော တရား'ဟု ဆိုလိုသည်။ ယခင်ပြဆိုအပ်ခဲ့ပြီးသော ရတနာကြီးသုံးပါး၌ ရှိသေလေးမြတ်ခြင်းကို ပြုရခြင်းကြောင့် ရသင့်ရထိုက်သော ကုသိုလ်တရားတွေမှ မယုတ်လျော့ခြင်း၊ ထိုကုသိုလ်တရားတွေ၏ အစွမ်းသတ္တိကြောင့် ဖြစ်ပေါ်ခံစားရမည့် အကျိုးတရားတွေမှလည်း မယုတ်လျော့ခြင်းကြောင့် အပရိဟာနိယဓမ္မဟု ဟောတော်မူသည်။

သတ္ထု ဂရု ဓမ္မဂရု၊
သံဃေ စ တိဗ္ဗဂါရဝေါ။
အဘင်္ဂေါ ပရိဟာနာယ၊
နိဗ္ဗာနသ္မေဝ သန္တိကေ။[၁]

သတ္ထု ဂရု၊ ဘုရား၌ အလေးအမြတ်ပြုခြင်းရှိသော။ ဓမ္မဂရု၊ တရားတော်၌ အလေးအမြတ်ပြုခြင်းရှိသော။ သံဃေ၊ သံဃာတော်၌။ တိဗ္ဗာဂါရဝေါ စ၊ ထက်သော ရိုသေခြင်းရှိသော။ ဝါ၊ အားကြီးသော ရိုသေခြင်းရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ပရိဟာနာယ၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့မှ။ ဝါ-ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ခြင်းငှာ။ အဘင်္ဂေါ၊ မထိုက်လေ။ နိဗ္ဗာနသ္မေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ အနီး၌။ ဌိတော၊ တည်သောသူမည်၏။

ဤသို့ ရတနာကြီးသုံးပါး၌ ရှိသေလေးမြတ်ခြင်းရှိသောသူသည် ကုသိုလ်တရား၏ ဆုတ်ယုတ်ခြင်းမရှိ တိုးပွားသည်သာလျှင်ဖြစ်၍ နိဗ္ဗာန်၏အနီး၌ တည်၏ဟု **သတ္တာဂုံတ္တာပါဠိတော်**၌ ဟောတော်မူသောကြောင့် ယခုအခါ ဗုဒ္ဓဘာသာဝင် ဖြစ်သူတို့မှာ ကံကောင်းထောက်မ၍ သာသနာတော်တွင်း လူဖြစ်ရသည်အားလျော်စွာ ရတနာကြီးသုံးပါးနှင့် ကြဲကြိုက်သဖြင့် သမ္မာအယူရှိသော အထက်တန်းစားလူမျိုး၌ ဖြစ်ရသည် အခိုက် ရတနာသုံးပါးကို အမှီပြု၍ ရထိုက်သော ကုသိုလ်တရားတွေကို အနည်းငယ်မျှ မယုတ်လျော့ကြစေရန် သတိတရားကို မြဲစွာ ထားအပ်လေသတည်း။

၁။ သတ္တာဂုံတ္တာရပါဠိ၊ ၄၁၉။

http://www.dhammadownload.com

ဆောင်ပုဒ်လင်္ကာ

ဘုရား တရား၊ သံဃာအားဖြင့်
သုံးပါးမြတ်စွာ၊ ရတနာကို
လွန်စွာကြည်နူး၊ သဒ္ဓါစူး၍
တည်ဦး ငါးမျိုး၊ တုပ်ရိုက်ဖျိုးနှင့်
လက်မိုး အဋ္ဌလီ၊ အညီညွတ်ကာ
ဝန္ဒနာကမ္မ၊ သာမိစိကမ္မ
ပြုရမ္မတာ၊ ဝတ်များစွာတွင်
လာလျှင် ဦးကြို၊ ခြေကိုဆေးပေး
သုတ်ရေးတစ်ဖြာ၊ နေရာခင်းကျင်း
ဖိတ်မန်ခြင်းကို၊ မယွင်းစေရာ
လမ်းမှာခရီး၊ တွေဆုံစီးသော်
ထီးကိုလည်းရုပ်၊ ပုဆစ်တုပ်၍
လက်အုပ်ချီကာ၊ ကိုယ်ပါကိုင်းညွှတ်
ဖိနပ်ချွတ်လော့၊ မလွတ်စေရာ
လမ်းမှာ တစ်သီး၊ လမ်းခရီးကို
ရှောင်ပြီးသောခါ၊ ဖဲပေးရာဟု
မြွှာ သတိ၊ ကိုယ်တွင်းရှိက
ကဝိလည်းဟူ၊ ထိုသူ ထိုရွာ ထိုဒေသ၌
သာသနာဝန်း၊ နေလိုထွန်းသည်
ကြည်ရွှန်းမျက်၊ ရှိသေရာတည်း။

သာသနာတည်ထွန်းတော်ပ ကြီးပွားသည် ဆိုသည်မှာလည်း-

- အကြင်အရပ်ဒေသ၌ ဘုရား တရား သံဃာ ဟူသော ရတနာကြီးသုံးပါး ကို အရိအသေ အလေးအမြတ် ပြုကြ၏။ ထိုအရပ်မှာ သာသနာ တည်ထွန်းတော်ပ ကြီးပွားလေသည်။
- အကြင်အရပ်၌ ရတနာကြီးသုံးပါးကို ရိုသေလေးမြတ်သောသူ နည်းပါး အံ့၊ ထိုအရပ်၌ သာသနာ လွန်စွာမစည်ကား မထွန်းလင်းလေ။
- အကြင်အရပ်၌ ရတနာကြီးသုံးပါးကို လုံးလုံးရိုသေခြင်းမရှိ၊ ထိုအရပ်၌ သာသနာလုံးလုံးမတည် ကွယ်ပျောက်လေ၏။

ယခုအခါ အနောက်နိုင်ငံများမှာ သာသနာ အရိပ်အရောင်မျှ မရှိခြင်းသည်

http://www.dhammadownload.com

အခြားမဟုတ် ရိုသေဆည်းကပ်လေးမြတ်ကိုးကွယ်သူမရှိ၍ မတည်လေသည်။ ထို့ကြောင့် ရတနာကြီးသုံးပါးကို အလေးအမြတ်ပြု၍ ရိုသေကြခြင်းသည် သာသနာတော်ကြီး တိုးပွားခြင်း၏ အကြောင်းတည်း။

ရတနာကြီးသုံးပါးကို အရိုအသေ ပျက်ကွက်ခြင်းသည် သာသနာတော်ဆုတ်ယုတ် မှေးမှိန်တိမ်ကော သိမ်ဖျင်းခြင်း၏ အကြောင်းတည်း။

ယခုအခါ သာသနာတော် မှေးမှိန်သလိုလို အခြေအနေသို့ ရောက်ရခြင်းမှာလည်း ရတနာကြီးသုံးပါးကို ရိုသေသူရဟန်းရှင်လူနည်းပါးလာခြင်းကြောင့်ပင် ဖြစ်ရလေသည်။

(၃၄) ရတနာ မတည်ခြင်း၏အကြောင်း

ဘုရား တရား သံဃာ ဟူသော ဤသုံးပါးကို 'ရတနာ'ဟု ခေါ်ဆိုရသည်မှာလည်း ရိုသေလေးမြတ်ခြင်းကို ပြုအပ်သောအနက်သဘောကြောင့်သာလျှင် ရတနာဟု ခေါ်ဆိုရသည်။ ထို့ကြောင့်-

စိတ္တီကတဋ္ဌေန ရတနံ[၁]

ဟု ကျမ်းဂန်များမှာ လာရှိသည်။

စိတ္တီကဋ္ဌေန၊ လောကီဥစ္စာ ရတနာတို့ထက် များစွာတစ်ပိုးတိုး၍ ရိုသေအပ်သောအနက်ကြောင့်။ ရတနံ၊ ရတနာမည်၏။

လောကလူအပေါင်းတို့သည် ရွှေငွေ အစရှိသော လောကီရတနာများကို အမြတ်တနိုးပြု၍ ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် ရိုသေကြကုန်၏။ ထိုလောကီရတနာတို့ထက် ဆယ်ဆတစ်ပိုးတိုး၍ ရိုသေအပ်သောကြောင့် ဘုရား တရား သံဃာသည် ရတနာမည်၏။ ရတနာဟု ခေါ်ဆိုရ၏။ ရွှေ ငွေ စသော လောကီရတနာတို့ထက် ရိုသေအပ်သောကြောင့်ပင်လျှင် ရှေးကျသော သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည် လောကီ ရွှေ ငွေ ရတနာတွေကို စွန့်လွှတ်ပြီး လောကုတ္တရာတည်းဟူသော ဘုရား တရား သံဃာဟူသော ဤသုံးပါးကို လှူဒါန်းကြလေသည်။ ပူဇော်ကြလေသည်။ ကန်တော့ကြလေသည်။ ရိုသေကြလေသည်။

အထူးအားဖြင့် မြတ်စွာဘုရား ပွင့်တော်မူစကပင် သဟံပတိ ဗြဟ္မာကြီးသည် မြင်းမိုရ်တောင်မှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် မြတ်စွာဘုရားအား ပူဇော် ၍ တရားဟောရန် တောင်းပန်လေသည်။

၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၂၇၂။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ၊ ပ၊ ၈၇။

http://www.dhammadownload.com

ဤသည်လည်း ရွှေ ငွေ အစရှိသော လောကီရတနာတို့ထက် အဆအရာ အဆအထောင် အဆအသောင်းမက တိုး၍ ဘုရား တရား သံဃာဟူသော ရတနာကြီး သုံးပါးကို ရိုသေအပ် ရိုသေသင့် ရိုသေထိုက်သည်၏ အဖြစ်ကို အမှတ်ရစရာ သိစရာ သတိထားစရာ ကောင်းလှသော အချက်ကြီးတစ်ခုပင်တည်း။

ထိုမှတစ်ပါးလည်း မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဗိမ္ဗိသာရမင်း အနာထပိဏ်သူဌေး စသော သူတို့သည်လည်းကောင်း၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီး သော မြတ်စွာဘုရားကို ရည်ရွယ်မှန်းထား၍ ဓဖကုဋ္ဌေ ကိုးဆယ့်ခြောက်ကုဋေသော ရွှေငွေ စသော လောကီရတနာတွေ စွန့်၍ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို ဆောက်၍ လှူဒါန်းသော အသောကမင်းကြီးသည်လည်းကောင်း၊ ထိုမှတစ်ပါးလည်း မိမိတို့ စွမ်းအားရှိသလောက် ရွှေ ငွေ အစရှိသော လောကီ ရတနာတွေကို စွန့်လွှတ်၍ လှူဒါန်းခဲ့ကြသော သူတို့သည်လည်းကောင်း၊ ယခုအခါ ရှေးရှေးသော သူတော်ကောင်းတို့၏ ထုံးနည်း ဥပနိဿကို ကောင်းကောင်းရလျက် ရှိကြကုန်သော သူတို့သည်လည်းကောင်း၊ ရွှေ ငွေ စသော လောကီ ရတနာတွေထက် အဆပေါင်း များစွာ တိုးတက်၍ ရိုသေအပ် ရိုသေသင့် ရိုသေထိုက်သောကြောင့်ပင်လျှင် လှူဒါန်း ပူဇော်ကန်တော့ကြကုန်သည်ဟု အမှတ်ရ၍ သတိထားစရာ ကောင်းလှပေသတည်း။

တစ်နည်း– ဘုရား တရား သံဃာ ဟူသော ဤသုံးပါးကို အဖိုးများစွာ ထိုက်တန်သော အနက်သဘောကြောင့်လည်း 'ရတနာ'ဟု ခေါ်ဆိုသည်။

ထို့ကြောင့်–

မဟဂ္ဃဋ္ဌေန ရတနံ[1]

ဟု ကျမ်းဂန်တို့မှာ ဆိုသည်။

မဟဂ္ဃဋ္ဌေန အဖိုးများစွာ ထိုက်တန်သော အနက်သဘောကြောင့် ရတနံ ရတနာမည်၏။

အဖိုးထိုက်တန်ပုံကား–

ဘုရား တရား သံဃာ ဟူသော ရတနာသုံးပါးတို့အား အနည်းငယ်မျှသော ဝတ္ထုပစ္စည်းကို လှူဒါန်းရသော်လည်း ကြီးကျယ် ဖွံ့ဖြိုးသော အကျိုးကို ပေးနိုင်သော ကြောင့် အဖိုးထိုက်တန်လှပေသတည်း။

တစ်နည်း– ဘုရား တရား သံဃာဟူသော ရတနာသုံးပါးကို တစ်စုံတစ်ခု သော လောကီရတနာတို့နှင့် တူတန်၏ဟု နတ် လူ ဗြဟ္မာ သတ္တဝါတို့သည် မဆုံးဖြတ်နိုင်သော အနက်သဘောကြောင့်လည်း ရတနာဟု ခေါ်ဆိုရသည်။

၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၂၇၃။

44(A)

http://www.dhammadownload.com

ထို့ကြောင့်-

အတုလဌေန ရတနံ[၁]

ဟု ကျမ်းဂန်တို့မှာ လာရှိ၏။

အတုလဌေန တစ်စုံတစ်ခုသော လောကီဥစ္စာ ရတနာတို့နှင့် တူတန်၏ ဟု ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်သော အနက်သဘောကြောင့် ရတနံ ရတနာမည်၏။

တစ်နည်း- ဘုရား တရား သံဃာဟူသော ရတနာသုံးပါးကို တွေ့ရခဲ ကြုံရခဲ ဖူးမြင်ရခဲခြင်းဟူသော အနက်သဘောကြောင့်လည်း ရတနာဟု ခေါ်ဆိုရသည်၊

ထို့ကြောင့်-

ဒုလ္လဘဒဿနဌေန ရတနံ[၂]

ဟု ကျမ်းဂန်တို့မှာ လာရှိသည်။

ဒုလ္လဘဒဿနဌေန တွေ့ကြုံ ဖူးမြင်ခြင်းငှာ ခဲယဉ်းသော အနက်သဘောကြောင့် ရတနံ ရတနာမည်၏။

ကမ္ဘာသဓ္ဓေါလွန်လေငြားသော်လည်း တွေ့ကြုံ ဖူးမြင်ဖို့ရန် ခဲယဉ်းလှ၏ ဒုလ္လဘ တရားကို ရှုလေ။

လောကုတ္တရာ ရတနာကြီးတွေကို မဆိုးထားဘိဦး၊ ရွှေ ငွေ ကျောက်သံပတ္တမြား စသော လောကီရတနာ ခုနစ်ပါးကိုးပါး ဆယ်ပါးတို့ကို သော်လည်း အစုံတွေ့ကြုံ ကြည့်ရှုဖို့ ခဲယဉ်းလှပေ၏။

တစ်နည်း- ဘုရား တရား သံဃာဟူသော ဤသုံးပါးကို ပါရမီဒဗ္ဗသမ္ဘာရ ပုဗ္ဗေစ ကတ ပုညတာ စက်နှင့်မပြည့်စုံသော လူသာမန်တို့သည် ဆည်းကပ်ခစားခြင်း ဟူသော သုံးဆောင်ခံစားခြင်းငှာ မထိုက်တန်သောအနက်သဘောကြောင့်လည်း ရတနာ ဟု ခေါ်ဆိုရသည်။

အနောမသတ္တ ပရိဘောဂဌေန ရတနံ[၃]

ဟု-ကျမ်းဂန်များမှာ လာရှိလေသည်။

အနောမသတ္တ ပရိဘောဂဌေန လူသာမန်တို့သည် ဆည်းကပ်ခစားခြင်းငှာ မထိုက်မတန်သော အနက်သဘောကြောင့်လည်း ရတနံ ရတနာမည်၏။

စကြာမင်း ၏စကြာ ရတနာ အစရှိသည်တို့ကို စဏ္ဍာလ ဒွန်းစဏ္ဍားစသော အမျိုးယုတ်သော သူတို့သည် သုံးဆောင်ခံစားခြင်းငှာ အိပ်မက်တွင်မှ မမြင်မက်ဖူး

၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၂၇၃။

၂။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၂၇၅၊ ၆။

၃။ ယင်း၊

http://www.dhammadownload.com

သလို ပါရမီဒဗ္ဗသမ္ဘာရ ဥပနိဿယ နည်းပါးသူတို့သည်-

- ဘုရားကို ဖူးမြင်ခြင်း = ဒဿနာနုတ္တရိယ၊
- တရားတော်ကို ကြားနာရခြင်း = သဝနာနုတ္တရိယ၊
- လှူဒါန်းပူဇော် လုပ်ကျွေးခြင်း = ပါရိစရိယာနုတ္တရိယ၊

အစရှိသည်ကို ပြီးစေလျက် ဆည်းကပ်ခစားရိုသေခြင်း ဟူသော သုံးဆောင် ခံစားခြင်းငှာ မထိုက်မတန်လေ၊ လောကုတ္တရာ ရတနာကြီးတွေကို မဆိုထားဘိဦး၊ ရွှေ ငွေ ကျောက်သံ ပတ္တမြား စသော လောကီရတနာနှင့် ပြည့်စုံလုံလောက်စွာ ခံစားရသူ ရှားပါးလေ၏။

ထို့ကြောင့် ယခုအခါ ပါရမီဒဗ္ဗသမ္ဘာရ ဥပနိဿယနှင့် ပြည့်စုံ၍ ဗုဒ္ဓဘာသာ သာသနာ အယူ၊ ဖြူစင်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ရတနာကြီးသုံးပါး ကို ဆည်းကပ်ခစားအမြတ်တနိုးထား၍ ရိုသေလေးမြတ်ခြင်း အရသာကို ခံစားကြ ကုန်ရာသတည်း။

တစ်နည်း။ ။ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးသည် ဝေနေယျ သတ္တဝါအပေါင်းကို နှစ်သက်စေတတ်သောကြောင့်လည်း ရတနာမည်၏။ ထို့ကြောင့်-

ရတိဇနနဋ္ဌေန ရတနံ။[၁]

ဟု ကျမ်းဂန်များမှာ လာရှိသည်။

ရတိဇနနဋ္ဌေန၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော အနက်ကြောင့်လည်း။ ရတနံ၊ ရတနာမည်၏။

သုဒ္ဓေန ဒုဒ္ဓေန ဖြစ်သော လူအပေါင်းကို လောကီ ရွှေ ငွေ စသော ရတနာများ သည် နှစ်သက်စေတတ်သကဲ့သို့ ထို့အတူ ဘုရား၊ တရား၊ သံဃာဟူသော ရတနာ သုံးပါးအပေါင်းသည် ကျွတ်ထိုက်လွတ်ထိုက်ကုန်သော သူတော်ကောင်းအပေါင်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေတတ်၏၊ ထို့ကြောင့် ရတနာမည်၏။

ပါရမီနည်းပါးသူတို့မှာကား ကြည်ညိုနှစ်သက်ခြင်းကို မဖြစ်နိုင်ကြလေ။ ဥပမာ ဆိုသော်ကား တော တိရစ္ဆာန်တို့သည် ရွှေ ငွေ ကျောက်သံ ပတ္တမြားစသော ရတနာ တို့နှင့် တွေ့ကြုံရသော်လည်း ထို ရွှေ ငွေ စသည်ကို မြက် သစ်ရွက်တို့နှင့် တွေ့ကြုံ ရသလောက် မနှစ်သက်ကြလေ။ ထိုအတူပါရမီဒဗ္ဗသမ္ဘာရ နည်းပါးသော သူယုတ်တို့ မှာ ဘုရား၊ တရား၊ သံဃာဟူသော အဖိုးတန် ရတနာကြီးတွေနှင့် တွေ့ကြုံရပါသော် လည်း ကြည်ညိုနှစ်သက်ခြင်းကို မဖြစ်နိုင်ကြလေ။

၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၂၇၆။

http://www.dhammadownload.com

သူတော်ကောင်းတို့မှာကား ရတနာသုံးပါးနှင့် စပ်လျဉ်းသော သတင်းစကားကို ကြားရရုံမျှနှင့် ကြည်ညိုနှစ်သက်လို့ အားရ တင်းတိမ်ရောင့်ရဲခြင်း မရှိနိုင်ကြလေ။

မဟာကပ္ပိနမင်းကြီးနှင့် အနောဇာမိဖုရား 'ပက္ကုသာတိမင်း' အနာထပိဏ်သူဌေးစသော သူတို့၏ ကြည်ညိုနှစ်သက်ပုံကို ထောက်ထား၍ သိကြရာ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် တည်ရှိသော စေတီတော်များကို အာရုံပြု၍ ကြည်ညိုနှစ်သက်ခြင်း ဥဒ္ဒေါပိတိကြောင့် သီဟိုဠ်ကျွန်း မဟာစေတီယင်ပြင်သို့ ကောင်းကင်ခရီးဖြင့် အလိုလိုထိုင်ရင်း ရောက်သွားသော မဟာတိဿမထေရ်ကြီး၏ ဝတ္ထု-ဝတ္ထကာလကရွာ၌ တစ်ယောက်သော အမျိုးသမီး ဝတ္ထုများကို ထောက်၍လည်း ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးသည် သူတော်ကောင်းတို့အား နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့် ရတနာမည်ကြောင်းကို သိရာ၏။

(၃၅) ဝတ္ထကာလက ရွာသူကလေး

ဝတ္ထကာလက ရွာ၌နေသော အမျိုးသမီးဝတ္ထုကား။ ။ တစ်နေ့သ၌ အမိ၊ အဘတို့သည် ဂိမိုကဏ္ဍကကျောင်းသို့ တရားနာအံ့သောငှာ သွားကြလေသော် 'ချစ်သမီး ချစ်သမီးမှာ လေးသောဝန်ရှိ၏။ ညဉ့်အခါ၌ လှည့်လည်သွားလာခြင်းငှာ မသင့်လျော်၊ ချစ်သမီး၏အဖို့ကို ပြု၍ တရားနာခဲ့အံ့၊ စေတီကို ဖူးမြော်ခဲ့အံ့'ဟု ပြောကြား၍ သွားကြရာ သတို့သမီးသည် လိုက်လိုသောဆန္ဒအားကြီးသော်လည်း အမိ၊ အဘတို့၏ စကားနားထောင်ရသဖြင့် အိမ်မှာပင် နေရစ်ခဲ့ရလေသည်။ ထိုအခါ သတို့သမီးသည် အိမ်ကြမ်းပြင်၌ ရပ်လျက် လ၏အရောင်ဖြင့် ဂိရိကဏ္ဍကကျောင်း စေတီရှိရာကို ရည်မှန်း၍ ကြည့်လေသော် စေတီအား ဆီမီးပူဇော်သည်ကိုလည်း မြင်ရလေ၏။ ပရိသတ်လေးပါးတို့သည် ပန်းနံ့သာလက်စွဲလျက်စေတီကို လက်ယာရစ် လှည့်ပြီးလျှင် ပူဇော်၍ နေကြသည်ကိုလည်း မြင်ရလေ၏။ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်ကိုလည်း ကြားရလေသည်။

ထိုအခါ သတို့သမီးမှာ အားကြီးသော နှစ်သက်ခြင်း ပီတိဖြစ်လေသည်။ ထိုအားကြီးသောပီတိသည် သတို့သမီး၏ ကိုယ်ကာယကြီးကို မ၍ ဆောင်ယူသွားသဖြင့် ဂိရိကဏ္ဍကကျောင်းစေတီယင်ပြင်သို့ မိဘတို့မရောက်မီ ရှေးဦးစွာရောက်နှင့်၍ စေတီကို ရိုခိုးပြီးလျှင် တရားကိုလည်း မိဘတို့ ရှေးဦးစွာပင် နာနှင့်ရလေသည်။ မိဘတို့ ရောက်လာသောအခါ အကြောင်းကို မေးလေသော် 'ကျွန်ုပ်မှာ ဘုရားလျှင် အာရုံရှိသော နှစ်သက်ခြင်း ပီတိဖြစ်သဖြင့် ဤစေတီယင်ပြင်သို့ အလိုလိုရောက်လာသည်။ လမ်းခရီးဖြင့် မလာခဲ့ရ၊ ဘယ်လို ရောက်လာသည်ကို မပြောကြားနိုင်'ဟု မိဘကို့အား ပြောကြားလေသည်။

http://www.dhammadownload.com

ဤသို့ ကိုယ်ကာယကြီးကို မြှောက်ချီ၍ သွားနိုင်အောင်ဖြစ်သော ပီတိမျိုးကို 'ဥဗ္ဗေဂါပီတိ'ဟု ကျမ်းဂန်များမှာ ဆိုသည်။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာဟူသော ဤရတနာသုံးပါးသည် သူတော်ကောင်းတို့အား လွန်စွာ နှစ်သက်ခြင်းကို ဖြစ်စေတတ်သောကြောင့်လည်း 'ရတနာ'ဟု ခေါ်ဆိုရ၏။

(၃၆) ပရိယတ္တိကို ဆောင်ပုံ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က စ၍ စတုတ္ထသံဂါယနာတင်ဟူသော ပေထက်အက္ခရာ တင်သည်တိုင်အောင် မြတ်စွာဘုရားစကားတော်ဟူသော ပရိယတ္တိကို ပါဠိနှင့်တကွ အနက်ပါ ဆောင်တော်မူခဲ့ကြလေသည်။ စတုတ္ထသံဂါယနာ ပေထက်အက္ခရာတင်ပြီးသည်မှစ၍ တဖြည်းဖြည်း ဆုတ်ယုတ်လာသဖြင့် ပါဠိနှင့်တကွ အနက်ပါ ဆောင်နိုင်သူ ပါးရှားဆုတ်ယုတ်လာလေသည်။

နောက်ကာလ ပါဠိကိုသာ ဆောင်နိုင်၍ အနက်ကို မဆောင်နိုင်ကြလေ။

ယခုအခါမှာမူကား ပါဠိမျှကိုပင် ဆောင်နိုင်သူ အလွန်နည်းပါး၍ သာသနာတော်မှာ မရှိသလောက်ပင် ဖြစ်တော့သည်။ မိမိတို့ ဗွမ်းအား ရှိသလောက် နှုတ်တက် အာဂုံဆောင်ထားသော အနည်းငယ်သော တစ်ကျမ်းတစ်ဖွဲ့ တစ်သုတ် တစ်ပုဒ် တစ်ဂါထာမျှသော ပါဠိ၏ အနက်အဓိပ္ပာယ်ကို ကျနစွာ သိရှိသူ မပျောက်မပျက်အောင် ဆောင်နိုင်သူနည်းပါးလာလေသည်။ အနက်ကို ယထာဘူတ သိရှိအောင် အားထုတ်သူ ဘုရားဟောတော်မူရင်းနည်းကို ယထာဘူတ ရရှိအောင် ရှာမှီးသူနည်းပါးလေသည်။ ဘုရားစကားတော် ဟူသောပိဋကတ်သုံးပုံပါဠိကို ယခုအခါ ဘုတ်တွင် စာအုပ်တွင် ပေတွင် ကျောက်စာတွင် တင်ထားကြသဖြင့် ပါဠိသာသနာတော်ကြီး အလွန်စည်ကားများပြားပြည့်နှက် နေသော်လည်း ပါဠိ၏ အတ္ထဟူသော အနက်သာသနာတော်ကြီးသည်ကား အလွန်တိမ်ကော သိမ်ဖျင်း မှေးမှိန်နေလေပြီ။

ပါဠိ၌ အတ္ထဟူသော အနက်မြတ်ရှိသည်။ ထိုပါဠိတော်၏ အနက်မြတ်၌ကိုးပါးသော လောကုတ္တရာတရားရှိသည်။ ထိုကိုးပါးသော လောကုတ္တရာတရားကို ဘုရားဟောတော်မူသော ဒေသနာနည်းကို ယထာဘူတသိရှိမှ ရနိုင်လေသည်။ ဘုရားဟောတော်မူသောနည်းကိုလည်း ပါဠိတော်၏ အနက်မြတ်ကို ကောင်းစွာသိမှ သိနိုင်လေသည်။ ထို့ကြောင့်နှစ်ရပ်သော ပါဠိအတ္ထတို့၌ သန့်ရှင်းသောဉာဏ် ဖြစ်ပေါ်လာအောင် အားထုတ်၍ သင်ကြားပို့ချသင့်လှပေ၏။

http://www.dhammadownload.com

(၃၇) ချပို့ သင်ကြားခြင်း ဆုတ်ယုတ်ပုံ

ရှေးအခါက ဂန္ထ ၀ါစက ဖြစ်တော်မူသော စာချဆရာတော်ဘုရားကြီးများသည် နောက်သား နောင်လာတပည့်သားတို့အား ငဲ့ညှာသနားတော်မူလှသဖြင့် ပါဠိအတ္ထတို့၌ ကျကျနန သိကျွမ်းနားလည်တတ်မြောက် စိမ့်သောငှာ အားထုတ်၍ ချပို့တော်မူကြကုန်၏။

အားထုတ်ပုံမှာ–

- ချပို့သော ကျမ်းဂန်၌ ရသင့် ရထိုက် သိသင့် သိထိုက်သော အဓိပ္ပာယတ္ထများ၊
- ဆရာအဆက်ဆက် ဆောင်ယူခဲ့သော အဆုံးအဖြတ် ဝိနစ္ဆယတ္ထများ၊
- အဋ္ဌကထာနည်း ဋီကာနည်း ဂန္ထန္တရနည်းများ၊
- နေတ္တိနည်း အလင်္ကာနည်း ပဋ္ဌာန်းနည်း သဒ္ဒါနည်းများ၊
- အဖွင့် သံဝဏ္ဏနာ အနက် ယောဇနာနည်းများ၊
- ပညတ်နည်း ပရမတ်နည်းများ၊
- ပညတ်ကောက် ပရမတ်ကောက် သဒ္ဒါကောက်နည်းများ၊
- မုချကောက် ဥပစာကောက်နည်းများ၊
- အထွက် အတက် စုဒ် စောဒနာ သံဝဏ္ဏနာဆရာ၏ အာဘော် ဖော်နည်းများ၊

စသော အမျိုးမျိုးသော နည်းနာနယတို့ကို မကြွင်းကျန်ရအောင် အဓိပ္ပာယ်ပြောဆိုချပို့တော်မူ လေ့ရှိကြကုန်၏။

နိကာယ် ၅ရပ် နှံ့စပ်ပေါက်ရောက်အောင် အဋ္ဌကထာနှင့်တကွ အခေါက်ခေါက် အပြန်ပြန်အဖန်ဖန် သုံးသပ်ချပို့တော်မူကြကုန်၏။ ညဉ့်အခါ၌ ညဉ့်စာ၀ါပြု၍ ချပို့အပ်သော ပုဒ်စစ်သဒ္ဒါစစ် သံဝဏ္ဏနာ နည်းလေးဆယ်၀ိထိ လက်ရိုးယမိုက်သုံးချက် စုရာသီစု ပစ္စည်းပြိုင်ပဋ္ဌာန်းတိုင်အောင် ပေါက်ရောက်သိရှိအောင် အခေါက်ခေါက် အပြန်ပြန် အဖန်ဖန် ချပို့တော်မူလေ့ရှိကြကုန်၏။

ယခုအခါမှာမူကား ဖော်ပြခဲ့သော နည်းနာနယများ ကျမ်းဂန်စုံလင်အောင် ချပို့သော ဂန္ထ ၀ါစကာ စာချဆရာတော်များ နည်းပါးဆုတ်ယုတ်လျက်ရှိလေသည်။ ပြဆိုခဲ့ပြီးသော ကျမ်းဂန်များနှင့် နည်းနာနယများ ဆုတ်ယုတ်ကွယ်ပျောက် တိမ်ကောခြင်း မရှိရအောင် ဂန္ထန္တရ ဗဟုဿုတ အာစရိယလဒ္ဓါပဒေသ ရရှိပြီးဖြစ်တော်မူကြသော ဂန္ထ ၀ါစက ဆရာတော်များသည် တပည့်သားတို့အား ငဲ့ညှာ၍ ချပို့ရန် သင့်လျော်လှပေ၏။

http://www.dhammadownload.com

(၃၈) သင်ကြားပုံ ဆုတ်ယုတ်ပုံ

ရှေးအခါက သင်ကြားခဲ့သည်မှာ နိကာယ် ၅ရပ်နှံ့စပ်အောင် အဋ္ဌကထာနှင့်တကွ သင်ကြားတော်မူခဲ့ကြလေသည်။ ညဉ့်စာဝါဠ်လည်း ပုဒ်စစ် သဒ္ဒါစစ် သံဝဏ္ဏနာ နည်းလေးဆယ်မှ စ၍ ယမိုက်ဆယ်ကျမ်း ပဋ္ဌာန်းကုန်အောင် ဟောကြ သင်ယူကြလေသည်။ ယခုအခါဠ်မူကား နေ့စာဝါ ညဉ့်စာဝါတို့ဠ် ပေါက်ရောက်၍ ပြဆိုအပ်ခဲ့ပြီးသော နည်းမျိုးစုံလင် ကုန်စင်စွာ တတ်မြောက်သိရှိအောင် ဆရာခြေရင်း ဝပ်ကာစင်း၍ သင်ယူသူ သင်ကြားသူ နည်းပါးသည်ထက် နည်းပါးလာလေပြီ။ ရဟန်းဖြစ်၍ လေးငါးဝါရှိပြီးလျှင်ပင် ကျောင်းထိုင် ရဟန်းလုပ်လိုသူပေါများလာလေပြီ။

စာသင်ယူနည်းသည် ဆရာခြေဠ်ကပ်လျက်ပါသော မြို့မှုန့်တို့ဖြင့် ဦးခေါင်းဠ် ပြွမ်းသည်တိုင်အောင် သင်ယူရမည်ဟု အဆိုရှိသည်။ ထိုသို့ သင်ယူခဲ့သော ပုဂ္ဂိုလ်၏ အဆုံးအဖြတ် ဝိနိစ္ဆယစကားကိုသာ ပညာရှိတို့ အလေးမူသင့်သည်။ ထိုသို့ မသင်ယူခဲ့သော ပုဂ္ဂိုလ်၏စကားကို ပညာရှိတို့ အလေးမမူထိုက်ဟူ၍လည်း အဆိုရှိ၏။

ယေသံ နု သဒ္ဓိတာ ပညာ၊ နေက သတ္ထန္တ ရောစိတာ။
သမ္မောဟမ္ဟာ ဟတာ ဧဝ တေ၊ နာ ဝ ဗုဇ္ဈန္တိ ကိဉ္စိ ပိ။
ကိံ တေဟိ ပါဒသုသုသာ၊ ယေသံ နတ္ထိ ဂရုနိဟ။
ယေ တပ္ပါဒ ရဇောကိဏ္ဏာ၊ တေ ဝ သာဓု ဝိဝေကိနော။[၁]

ဟု သုဗောဓာ လင်္ကာရကျမ်းဠ် ဆို၏။ အနက်ကား-

ယေသံ၊ အကြင်သူတို့သည်။ အနေက သတ္ထန္တ ရောစိတာ၊ ပိဋကတ်သုံးပုံ အလုံးစုံနှင့် အထူးထူး အပြားပြား များစွာသော ကျမ်းဂန်အပေါင်းဠ် သင်ကြား ဆောင်ရွက်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ဆည်းပူးအပ်သော။ သဒ္ဓိတာ၊ စုရုံးအပ်သော။ ပညာ၊ အတတ်ပညာသည်။ နု၊ မရှိ။ ဧတေ၊ ထိုဂန္ထန္တရ ဗဟုသုတ မရှိကုန်သော သူတို့သည်။ သမ္မောဟမ္ဟာဟတာ၊ အားကြီးသော မောဟသည် နှိပ်စက်အပ်ကုန်သည် ဖြစ်၍။ ကိဉ္စိ ပိ၊ ပယ်သင့် ယူသင့်သော တစ်စုံတစ်ခုသော သဘောမျှကိုလည်း။ ဝေ၊ စင်စစ်။ နာဝဗုဇ္ဈန္တိ၊ မသိနိုင်ကုန်။

ဣဟ၊ ဤလောကဠ်။ ယေသံ၊ အကြင်သူတို့အား။ ဂရုနံ၊ ကျမ်းဂန်အမျိုးမျိုးကို သင်ကြား၍ တတ်မြောက်ကုန်သော ဆရာတို့၏။ ပါဒသုသုသာ၊ ခြေရင်းဠ် ကပ်၍ ကျမ်းဂန် အမျိုးမျိုးတို့ကို တတ်မြောက်အောင် သင်ကြားခြင်းတို့သည်။ နတ္ထိ၊ မရှိကုန်။ တေဟိ၊ ထိုကျမ်းဂန် မတတ်မြောက်သော သူတို့ဖြင့်။ ကိံ၊ ပဇာမူအံ့နည်း။ (ပညာရှိတို့ အလေး မမူသင့် ဟူလို။)

၁။ သုဗောဓလင်္ကာရ၊ ၂။

http://www.dhammadownload.com

တစ်နည်းကား– ဟိ၊ စင်စစ်။ တေ၊ ထိုကျမ်းဂန် တတ်မြောက်အောင် သင်ကြားခြင်း မရှိဘဲ တစ်စွန်းတစ်စ သိရုံမတ်တတ်ဖြင့် ပြောဆို ဆုံးဖြတ်လေ့ရှိသော သူတို့သည်။ ကိ၊ 'ထို–ထို' မူလောက်အောင် စက်ဆုပ်ဖွယ် ကောင်းသော သူတို့တည်း။ ယေ၊ အကြင်သူတို့သည်။ တပ္ပါဒ ရကောကိုဏ္ဍာ၊ ထိုကျမ်းဂန်အမျိုးမျိုးကို တတ်မြောက်သော ဆရာတို့၏ ခြေ၌ ကပ်သော မြူမှုန့်တို့ဖြင့် ပြွမ်းသော ဦးခေါင်းရှိအောင် ဆည်းကပ်၍ ကျမ်းဂန်အမျိုးမျိုးတို့ကို သင်ကြားကုန်၏။ တေ၀၊ ထိုသို့သော သူတို့ သည်သာလျှင်။ သာဓု၊ ပညာရှိ သူတော်ကောင်းတို့ မည်ကုန်၏။ ဝိဝေကိနော၊ ယူသင့် ပယ်သင့်သော အကျိုး အပြစ်ကို ခွဲခြား စိတ်ဖြာနိုင်ကုန်၏။

ထိုကြောင့် ကျမ်းဂန် တတ်မြောက်သော ဆရာကောင်းထံ ဆည်းကပ်ပြီးလျှင် နေ့၀ါ ညဉ့်၀ါ ပေါက်ရောက်၍ နည်းနာနယ အစုံအလင် ကုန်စင်စွာ တတ်မြောက် သိရှိအောင် အားထုတ် သင်ကြားကြရန် အလွန်ပင် သင့်လျော်လှပေသတည်း။

ဤကဲ့သို့ ဆရာစဉ်ဆက် ဆောင်ယူခဲ့သော နည်းနာနယ ကျန်အောင် အာစရိယ လဒ္ဓေါပဒေသရှိအောင် အားထုတ်သင်ကြားခြင်း မပြုပါလျှင် မိမိလည်း ကျမ်းဂန် အရာ၌ လိမ္မာ ရဲရင့်ခြင်း ကင်းမဲ့၍ မိမိ၏သိသာနုသိသ တပည့်အဆက်ဆက်တို့ မှာလည်း ဆရာတတ်သလောက် တတ်၍ ဆရာသိသလောက် သိကြရမည်မှာ မုချ အမှန် မလွဲသာချေ။ ဆရာတတ်သလောက်မှ မတတ်ကြဘဲ ဆရာသိသလောက်မှ မသိကြဘဲ တဖြည်းတဖြည်း တစ်စတစ်စ ဆုတ်ယုတ်လာသည်မှာ ယခုအခါများစွာ ထင်ရှားသိသာလေပြီ။

ရှေးမိနောက်မိဖြစ်၍ ကျမ်းဂန်အရာ လိမ္မာပွန်းတီးတော်မူကြကုန်သော ဂန္ထ၀ါစက စာချ ဆရာတော်ဘုရားကြီးများ ထင်ရှားရှိတော်မူစဉ်ကမှ ယခုလောက် ဆုတ်ယုတ် လာပါလျှင် နောင်အနာဂတ်အဖို့ ကာလတို့၌ ကျမ်းဂန်အရာတတ်မြောက် လိမ္မာသူ ဘယ်မျှလောက် ဆုတ်ယုတ်နည်းပါးလာမည်ကို သိရှိရန်ကောင်းလှပေသည်။ သာသနာ ဘက်ဆိုင်ရာ ကျမ်းဂန်အရာ၌ မှီခိုအားထားစရာမရှိသလောက် ဖြစ်လာပေလိမ့်မည်။ သာသနာတော်ကျမ်းဂန်အရာ၌ မှီခိုအားထားလောက်သော ပုဂ္ဂိုလ်မရှိက သာသနာတော်၌ သက်ဝင်ယုံကြည်သူနည်းပါး၍ သာသနာတော်ကြီးသည် မှေးမှိန်သိမ်ဖျင်း၍ တိမ်ကော ဖို့ရာသာရှိကြောင်း ရဟန်းတော်တိုင်း သတိရ၍ စိုးရိမ်ဖို့ရန် ကြောင့်ကြစိုက်ဖို့ရန် ဂရုထားဖို့ရန် ကောင်းလှပေသည်။

(၃၉) ရှင်သာမဏေ သာသနာ ဆုတ်ယုတ်ပုံ

ရှေးအခါက ရှင်သာမဏေ ပြုလုပ်ကြသည်မှာ အသက် ၁၅နှစ်အရွယ်က ပြုလုပ်ကြပြီးလျှင် အသက် ၂၀ပြည့်အောင် ရှင်သာမဏေအဖြစ်နှင့် သာသနာ၀န်ကို

http://www.dhammadownload.com

ထမ်းဆောင်ကြလေသည်။ အသက် ၂၀ပြည့်သောအခါ ရဟန်းဘောင်သို့ ဟက်လိုသော ရှင်သာမဏေများသည် ဆက်လက်၍ပင် ရဟန်းဘောင်သို့ တက်ကြလေသည်။ ရဟန်းဘောင်သို့ မတက်လိုသော ရှင်သာမဏေများလည်း အသက် ၂၀ပြည့်မှ လူထွက်ကြလေသည်။

အသက် ၂၀ပြည့်အောင် မနေနိုင်အောင် ရှင်သာမဏေသည် အယုတ်ဆုံးအားဖြင့် အမိအတွက် တစ်ဝါ၊ အဖအတွက် တစ်ဝါ၊ ကိုယ့်အတွက် တစ်ဝါအားဖြင့် ၃-ဝါ ရရှိအောင် နေလေ့ရှိကြသည်။

ယခုအခါမှာမူကား ဝါဝင်ရှင်သာမဏေပြုလျှင် ဝါကျွတ်အောင် နေသော ရှင်သာမဏေနည်းပါးလေသည်။ အချို့လည်း ရှင်သာမဏေပြုလုပ်ဖူးသည် ပြောရုံ ၁-ရက်၊ ၂-ရက် စသည်၊ ခုနစ်ရက် တစ်ပတ်လည်ရုံမျှ အနိုင်လုပ်နိုင်ကြလေသည်။ အထူးအားဖြင့် အရပ်ကြီးများတွင် အင်္ဂလိပ်စာသင်ကျောင်းများ၌ နေကြသော ဗုဒ္ဓဘာသာမြန်မာကျောင်းသားသူငယ်များသည် မိရိုးဖလာအစဉ်မပျက်ရုံ သာမဏေပြုလုပ်ဖူးသည် ပြောရရုံကျောင်းပိတ်ခိုက် ရှင်သာမဏေ ပြုလုပ်ကြလေသည်။ သာသနာတော်တွင်းသို့ ဝင်၍ ရှင်သာမဏေ ပြုလုပ်ရသောအကျိုးကို နှစ်နှစ်ကာကာ သိလာ၍ အလိုရှိလာ၍ မဟုတ်ကြလေ။ အချို့လည်း ရှင်သာမဏေ ပြုလုပ်ရမှာ ရှက်နိုးကြလေသည်။ အောက်ကျ နောက်ကျဟု ထင်မှတ်ကြလေသည်။

ထိုကဲ့သို့ မှတ်ထင်သော သူတို့မှာ တွေ့ကြုံခဲလှသော သာသနာတော်ကြီးနှင့် တွေ့ကြုံ၍ ဖြစ်နိုင်ခဲလှစွာသော လူ၏ အဖြစ်ကြီးကို ရကြပြီးလျှင် ဗုဒ္ဓဘာသာသာသနာအယူရှိသော မိမျိုး ဖမျိုးတို့၌ ဖြစ်ပါလျက် သာသနာတော်တွင်းသို့ ဝင်၍ ရှင်သာမဏေအဖြစ်နှင့်မှ တာရှည်လေးမြင့်မနေရ မနေနိုင်ခြင်းသည် သာသနာတော်နှင့် မထိုက်တန်သလိုဖြစ်၍ ဘဝကို နမြော်စရာ ကောင်းလှပေ၏။

(၄၀) ရှင်သာမဏေပြုရန် ကျောင်းသားဘဝကပင် ပစ္စဝေက္ခဏာ သင်ခြင်း

ရှေးအခါက ရှင်သာမဏေ ပြုလုပ်ခဲ့ကြရသည်မှာ ရှင်သာမဏေ မပြုလုပ်သေးမီ တစ်လအတွင်း နှစ်လအတွင်း လောက်က ကြိုတင်၍ ကျောင်းသားအဖြစ်နှင့်ပင် ပုတီးစိပ်ခေါ်သော ပစ္စဝေက္ခဏာ လေးပုဒ်ကို ပါဠိအနက်ရအောင် ကျက်အံ့ရခြင်း၊ 'သကလ ဝဠု' စသော သက်နီးတောင်းကိုလည်း ပါဠိအနက်ရအောင် ကျက်အံ့ရခြင်း 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော သရဏဂုံကို နိဂ္ဂဟီတန္တ၊ မကာရန္တ ပီသအောင် လေ့ကျင့်ရခြင်း အစရှိသော ရှင်သာမဏေပြုခြင်း၏ ပုဗ္ဗကိစ္စကို အားလုံးကျေပွန် တတ်မြောက်မှ ရှင်သာမဏေပြုလုပ်ကြရလေသည်။

ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးနောက် နေ့စဉ် ပုတီးလေးပတ်စေ့အောင်

http://www.dhammadownload.com

စိပ်ရလေသည်။ ရှင်ဒဏ် လိန်ဒဏ်ခေါ်သော သာမဏေတို့အား ဒဏ်ထိုက်မှု ၁၀ပါး၊ လိန်ကျ လိန်ပြန် သာမဏေအသွင် ဖျက်ဆီးထိုက် ဖျက်ဆီးမှု လူထွက်ထိုက် လူထွက်စေမှု ၁၀ပါးတို့ကို ပါဠိအနက်ရအောင် ကျက်အံ့ပြီးလျှင် နေ့စဉ် ပြန်ဆိုရလေသည်။ သာမဏေတို့ ကျင့်သင့် ကျင့်ထိုက်သော ၁၄ပါးသော စုဒ္ဒသ ခန္ဓက ဝတ်များနှင့် သေက္ခိယ သိက္ခာပုဒ်များကိုလည်း ပါဠိအနက်ရအောင် ကျက်အံ့ပြီးလျှင် နေ့စဉ်ပင် ပြန်ဆိုရလေသည်။

နေ့စဉ် ပြန်ဆိုကျက်မှတ်နေရသဖြင့် အဓိပ္ပာယ်ယတ္ထကို သိရှိကြပြီးလျှင် လိန်မှု ဒဏ်မှမှ ကြောက်သဖြင့် မိမိတို့ စောင့်ထိန်းအပ်သော သိက္ခာပုဒ်ကို ရိုသေစောင့်ရှောက်ကြလေသည်။ သတိရွှတ်ယွင်း၍ ကျူးလွန်မိသော် ကျူးလွန်မိသော အပြစ်ကို ဆရာထံ ကိုယ်တိုင် လျှောက်ထားကြရလေသည်။

ဆရာကလည်း ကျူးလွန်မိသော အပြစ်အားလျော်စွာ လူထွက်ထိုက်သော အပြစ်ကို ကျူးလွန်မိက လူထွက်စေပြီးလျှင် တစ်ဖန်ရှင်သာမဏေ ပြုလုပ်စေသည်။ ဒဏ်ထိုက်သော အမှုကို ကျူးလွန်မိက သဲဒဏ် ရေဒဏ် ထမ်းစေသည်။

ထို့ကြောင့် ရှေးအခါက ရှင်သာမဏေ သာသနာ သန့်ရှင်း၍ စည်ကားလေသည်။

(၄၁) သရဏဂုံ မပါသက ရှင်သာမဏေအစစ် မဖြစ်ရောက်ခြင်း ဧကတောသုဒ္ဓိနှင့် ဥဘတောသုဒ္ဓိ

ယခုအခါ ရှင်သာမဏေပြုလုပ်ကြသည်ကား အရေးကြီးသော သရဏဂုံကိုမှ ရှေးအဖို့က လေ့ကျက်လေ့လာခြင်း မရှိဘဲ 'ရှမ်းရှင်ပြု အလွယ်'ဆိုသလို သင်္ကန်းဝတ်လို သောအခါမှ သင်္ကန်းကို ယူ၍ ကျောင်းသို့ သွားပြီးလျှင် သင်္ကန်းဝတ်ကြသဖြင့် သရဏဂုံကို ပီသအောင် မရွတ်ဆိုနိုင်ကြလေ။ သရဏဂုံ မပီ[၁]သက ရှင်သာမဏေအစစ် မဖြစ်နိုင်လေ။ အတု အပသာ ဖြစ်နိုင်လေသည်။

ရှင်သာမဏေ အစစ်အဖြစ်သို့ ရရှိနိုင်သော ဘဝသမ္ပတ္တိ၊ ကာလသမ္ပတ္တိကြီးနှင့် ကြဲကြိုက်ပါလျက် အတုအပ ရှင်သာမဏေအဖြစ်နှင့်သာ သာသနာတော်နှင့် တွေ့ကြုံရခြင်းသည် သာသနာတော်နှင့် တွေ့ကြုံရကျိုးမနပ်လေ။ ရှင်သာမဏေပြုရခြင်းသည် ရဟန်းပြုရသည်ထက် ခဲယဉ်းသည်။

၁။ တောင်တွင် ချောင်းစား၊ တောင်ကမ်းကြား၊ ပြောက်ကြား နိုကြန်၊ စိတ်ဖောက်ပြန်သည်၊ ငကျန်ဟူပြီ၊ စော်ဘွားညီလျှင်၊ မပီဆင်ခြေ၊ ဆိုမှားချေသို့။
ဟူသော ခွဲထားကို ရှုလျက် အရစ်ကင်းလျက်မပီဟု ရေးသားရာ၏။

http://www.dhammadownload.com

ရဟန်းပြုရသည်မှာ ကမ္မဝါ ဆရာက ပီသအောင် ရွတ်ဖတ်နိုင်လျှင် ရဟန်းဖြစ်လေတော့သည်။ ရှင်သာမဏေ ပြုရသည်မှာ ဆရာက သရဏဂုံ ပီသရုံနှင့် သာမဏေ မဖြစ်နိုင်-

- သရဏဂုံပေးသောဆရာကလည်း ပီသအောင် ရွတ်ဆိုနိုင်မှ
- သာမဏေပြုလုပ်လိုသူကလည်း သရဏဂုံကို ပီသအောင် ရွတ်ဆို နိုင်မှ

ဆရာ တပည့် နှစ်ဦးလုံး ပီသမှ သာမဏေဖြစ်သည်။

ယခုကာလ ရှင်သာမဏေ ပြုလုပ်ပေးသော ဆရာများကလည်း သရဏဂုံ ပီသသည် မပီသသည်ကို မစိစစ်ဘဲ ခေတ်ကာလအလျောက် ဆိုပြီး သင်္ကန်းဝတ်လိုသော သူ၏ အလိုသို့လိုက်၍ နေ့ခြင်း ညခြင်းဘဲ ရှင်သာမဏေပြုလုပ်၍ ပေးလေ့ရှိကြသည်။ ရှင်တု ရှင်ယောင် အတုအပခေတ် မဟုတ်သေးသည်ကို သတိထား၍ သရဏဂုံ မပီသသေးက ရှင်သာမဏေပြုလုပ်၍ မပေးသေးဘဲ တစ်ရက်တန်သည် နှစ်ရက်တန်သည် ဆိုင်းငံ့၍ သရဏဂုံ ပီသအောင် လေ့ကျင့်စေပြီးမှသာလျှင် သင်္ကန်းဝတ်ပေးရန် သင့်လျော်လှပေ၏။

အတုအပ သာသနာပေါ်လာခြင်းသည် အစစ်သာသနာ ကွယ်ပျောက်ခြင်း၏ အကြောင်းဟု ဟောတော်မူသည်ကိုလည်း သတိပြုတော်မူကြ၍ မိမိတို့၏တပည့်များကို ရှင်သာမဏေ ပြုလုပ်သည်ကစ၍ ကျန်စွာ ပြုလုပ်စေပြီးလျှင် ရှင်သာမဏေတို့ ပြုကျင့်အပ်သော သိက္ခာပုဒ်များကို သိရှိနားလည်အောင် လိန်ဆယ်ပါး၊ ဒဏ်ဆယ်ပါးများနှင့် စုဒ္ဒသ ခန္ဓကဝတ် သေခိယ သိက္ခာပုဒ်များကို နှုတ်တက်ဖုံဖုံ အာဂုံရရှိအောင် ကြပ်မတ်၍ ဆုံးမသြဝါဒပေးသင့်ကြသည်။ ယခုအခါ ရှင်သာမဏေ သာသနာအလွန် လျော့ပါးလျက်ရှိ၏။

(၄၂) ရန်ကုန်မြို့ ဂျူဘလီရုံ အလှူအကြောင်း

ရန်ကုန်မြို့မှာ ယခုအခါ သားရှင်ပြု မင်္ဂလာအဖြာဖြာကို ပြုလုပ်ကြရာတွင် မိမိတို့နေအိမ်မှာ နေရာထိုင်ခင်း အခမ်းအနားပြုပြင်ရန် အလွန်ကြပ်တည်း ကျဉ်းမြောင်းလှသဖြင့် မိမိတို့နေအိမ်တွင်လည်းကောင်း၊ မိမိတို့နေအိမ်ရှေ့တွင် ရှေးအခါများ ကဲ့သို့ အလှူတင်းကုပ် မဏ္ဍပ်ဆောက်လုပ်၍လည်းကောင်း၊ အလှူမင်္ဂလာ မပြုလုပ်နိုင်ကြဘဲ အချို့မှာ ဇရပ် တန်ဆောင်းကျောင်းသို့သွား၍ ပြုလုပ်ကြရလေသည်။

အချို့မှာ မင်းခမ်းမင်းနားစသည် ဆင်ယင်ကျင်းပရန်နှင့် လောကီဘက်ဆိုင်ရာ အခမ်းအနား ပြုလုပ်ရန်အလို့ငှာ အခစား ဆောက်လုပ်ထားသော 'ဂျူဘလီ'ခေါ်သောရုံသို့ သွား၍ အခကြေးငွေ ပေးပြီးလျှင် သားရှင်ပြုမင်္ဂလာ လောကုတ္တရာလုပ်ငန်း

http://www.dhammadownload.com

ဧောသဒ္ဒါပြဋ္ဌာန်း၍ ပြုလုပ်ကြရလေသည်။

ထိုဂျူဘလီရုံတွင် အလှူပြုလုပ်ကြရသော အချို့သော အလှူရှင်များမှာ တရားတော်ကို မနာကြားရဘဲ ဖိတ်မန်၍ ရောက်လာသော ဧည့်ပရိသတ်များကို လက်ခံကျွေးမွေး ကမ်းလှမ်းခြင်း ပွဲထိုင်ဟူသော အထူးကိစ္စနှင့်သာ အချိန်ကုန်လေသည်။

ဖိတ်မန်၍ အလှူလိုက်လာသော ဧည့်ပရိသတ်များမှာလည်း ၎င်းဂျူဘလီ အလှူပွဲမှာ–

- ဘုရားကိုလည်း မကန်တော့ခဲ့ရ၊
- တရားတော်ကိုလည်း မနာခဲ့ရ၊
- သံဃာကိုလည်း မဖူးတွေ့ခဲ့ရ၊
- ရေစက်သွန်းချ အမျှပေးဝေသည်ကိုလည်း သာဓုမခေါ်ခဲ့ရ၊

ကျွေးမွေးသည်ကိုသာ စားသောက်၍–ကမ်းလှမ်းသည်ကိုသာ အလှူခံ၍ ပြန်ခဲ့ကြရရှာလေသတည်း။

(၄၃) သာသနာ အန္တယ်ဖြစ်ရန် စောင့်ရှောက်ပုံ

ရှင်သာမဏေ သာသနာ၌ သန့်ရှင်းစင်ကြယ်အားရှိအောင် ထူထောင်ပေးပြီးလျှင် မိမိတို့၏ သာသနာအဆက်အန္တယ်ကို မပျက်အောင် စောင့်ရှောက်နိုင်အံ့သော ဉာဏ်စွမ်းသတ္တိရှိသော သာမဏေကို အထူးသဖြင့် စောင့်ရှောက်ခြင်းငှာ သင့်လျော်၏။ ရှေးကာလများကလည်း သာသနာတော်ကို စောင့်ရှောက်နိုင်လတ္တံ့သော သာမဏေရဟန်းငယ်များကို စောင့်ရှောက်တော်မူခဲ့ကြလေသည်။

စောင့်ရှောက်ပုံကား–

(၁) တတိယ သံဂါယနာတင်သော မောဂ္ဂလိပုတ္တတိဿ မထေရ်အလောင်းကို ရဟန္တာအရှင်မြတ်များ ဗြဟ္မာ့ပြည်သို့ပင် ကြွသွားတော်မူကြ၍ သာသနာကို ချီးမြှောက်စောင့်ရှောက်အံ့သောငှာ တောင်းပန်တော်မူခဲ့ကြပြီးလျှင် သိဂ္ဂဝမထေရ်နှင့် စန္ဒဝဇ္ဇီမထေရ်တို့ကို စောင့်ရှောက်ရန် အပ်လွှဲခဲ့ပြီးမှ ပရိနိဗ္ဗာန် စံတော်မူကြလေသည်။

သိဂ္ဂဝမထေရ်နှင့် စန္ဒဝဇ္ဇီမထေရ်နှစ်ပါးတို့တွင်လည်း သိဂ္ဂဝမထေရ်သည် မောဂ္ဂလိတိဿ မထေရ်အလောင်းဖြစ်သော တိဿဗြဟ္မာ ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ မောဂ္ဂလိပုဏ္ဏားမဝမ်း ပဋိသန္ဓေတည်နေသည်ကစ၍ ခုနစ်နှစ်ပတ်လုံး နေ့စဉ်မပြတ် မောဂ္ဂလိပုဏ္ဏားအိမ်သို့ ဆွမ်းခံဝင်တော်မူလေသည်။

http://www.dhammadownload.com

ဆွမ်းခံဝင်သော်လည်း တစ်နေ့မှ ဆွမ်းမရဘူးလေ။ ယုတ်စွအဆုံး ကန်တော့ဆွမ်းကိုသော်လည်း မရဘူးလေ။ ဆွမ်းမရသော်လည်း သာသနာကို ချီးမြှောက်နိုင်အံ့သော သူငယ်ကို စောင့်ရှောက်သောအားဖြင့် ခုနစ်နှစ်ပတ်လုံး ဆွမ်းခံဝင်တော်မူ၏။

ထိုနောက် ခုနစ်နှစ်ကျော်လွန်သောအခါမှ တစ်နေ့သ၌ 'ကန်တော့ပါသေး၏'ဟူသော 'ကန်တော့ဆွမ်း'လောင်းလိုက်သည်ကို အစွဲပြု၍ နောက်ကာလ ထိုပုဏ္ဏားအိမ်၌ နေ့စဉ်ဆွမ်းဘုဉ်းပေးသုံးဆောင်ရပြီးလျှင် မောဂ္ဂလိပုတ္တတိဿမထေရ်အလောင်း လုလင်သည် (၁၆)တစ်ဆယ့်ခြောက်နှစ်သား အရွယ်ရှိသောအခါမှ ဘုရားဒေသနာတော်နှင့် ဖျားယောင်းသွေးဆောင်၍ ရှင်သာမဏေ ပြုလုပ်ပေးလေသည်။

ထိုနောက် သိဂ္ဂဝမထေရ်သည် တိဿသာမဏေကို စာသင်ကြားရန် စန္ဒဝဋ္ဌိမထေရ်အထံသို့ စေလွှတ်၍ ဘုရားစကားတော်ဟူသော ပရိယတ္တိတို့ကို သင်ကြားစေသည်။ တိဿသာမဏေသည် သာမဏေအဖြစ်နှင့်ပင် စန္ဒဝဋ္ဌိမထေရ်အထံတွင် ပရိယတ္တိကို အဋ္ဌကထာနှင့်တကွ သင်ယူ၍ ရဟန်းအဖြစ်သို့ ရောက်လျှင် ဝါ မရသေးမီပင် တိပိဋကဓရဖြစ်လေသည်။

ဆရာဥပဇ္ဈာယ်ဖြစ်တော်မူကြကုန်သော သိဂ္ဂဝမထေရ် စန္ဒဝဋ္ဌိမထေရ်တို့သည်လည်း မောဂ္ဂလိပုတ္တတိဿမထေရ်၏ လက်၌ 'အသိဉာဏ်၌'အလုံးစုံသော ဘုရားစကားတော်ဟူသော ပရိယတ္တိသာသနာတော် ကို တည်ထားအပ်လွှဲတော်မူခဲ့ကြပြီးမှ ပရိနိဗ္ဗာန် စံဝင်တော်မူကြသေည်။

ဤသို့ သာသနာကို ချီးမြှောက်တည်တံ့စေနိုင်သော သူကို စောင့်ရှောက်တော်မူခဲ့ကြလေသည်။[၃]

(၂) ထိုမှတစ်ပါးလည်း ယောနကတိုင်း တတိယ သာသနာပြုအရှင်နာဂသိန်မထေရ်အလောင်းကို ရောဟဏမထေရ်ကြီး စောင့်ရှောက်ခဲ့ခြင်း အကြောင်းဝတ္ထုတစ်ရပ်။[၂]

(၃) အဋ္ဌကထာပြု ဆရာ အရှင်ဗုဒ္ဓဃောသမထေရ်အလောင်းကို ဆရာဥပဇ္ဈာယ်ဖြစ်သော မထေရ်ကြီးများ စောင့်ရှောက်ခဲ့ပုံအကြောင်း

၁။ ပါရာဇိကအဋ္ဌကထာ၊ ပ၊ ၂၉။
၂။ မိလိန္ဒပဉ္ဉာပါဠိ၊ ၈။

http://www.dhammadownload.com

ဝတ္ထုတစ်ရပ်။[၁]

(၄) ပုဂံသာသနာပြု အရှင်အရဟံ မထေရ်အလောင်းကို အရှင်သီလဗုဒ္ဓိ မထေရ်ကြီး စောင့်ရှောက်ခဲ့ပုံ အကြောင်းဝတ္ထုတစ်ရပ်။[၂]

(၅) ထိုမှတစ်ပါးလည်း သာသနာ့ဒါယကာ မြန်မာမင်းများလက်ထက် သာသနာစည်ကားတော်မူစဉ် တစ်ဆင့်စကားကြားရဖူးသည်ကား– ဆရာတော်ကြီးတစ်ပါးသည် သာသနာကို ချီးမြှောက်စောင့်ရှောက်နိုင်အံ့သော အစွမ်းသတ္တိရှိသော ရှင်သာမဏေငယ်ကလေးတစ်ပါးကို ချီးမြှောက်စောင့်ရှောက်တော်မူ၍နေရာဝယ် တစ်နေ့သ၌ ၎င်းဆရာတော်ကြီးကျောင်းကို မီးသင့်လောင်ရာ ဆရာတော်ကြီးသည် တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းစာအုပ် စာရွက်စာကျမ်းကိုမျှ သိမ်းဆည်း ယူဆောင်တော်မမူဘဲ ရှင်သာမဏေကလေးကိုသာ ပခုံးထက်မှာ ထမ်းဆောင်သယ်ပိုး၍ ကျောင်းမှ ဆင်းသွားတော်မူသည် ဟူ၏။

ထိုအခါ အချို့သော ရဟန်းသံဃာများက ဆရာတော်ကြီးအား လျှောက်ထားကြသည်မှာ–

'ဆရာတော်ကြီးသည် ကျောင်းမီးလောင်ရာဝယ် ကျောင်းပေါ်ရှိ ဆင်းတုတော်များနှင့် စာကျမ်းများကို သိမ်းဆည်းယူဆောင်တော်မမူဘဲ ကိုရင်ကလေးကိုသာ ယူဆောင်၍ ကြွသွားတော်မူသည်'

ဟု လျှောက်ထားကြလေသည်။ ထိုအခါ ဆရာတော်ကြီးက မိန့်ကြားတော်မူသည်မှာ–

'ငါ့ရှင်တို့ ဆင်းတုတော်များ၊ စာကျမ်းများ မီးလောင်သွား ငြားသော်လည်း အစားရဖို့ရန် မခဲယဉ်းလှပေ၊ ဤကိုရင်ကလေးရှိက အစားရနိုင်၏။ ဤကိုရင်ကလေးသည် ငါမရှိသည့်နောက် ငါ၏အဆက်အနွယ်မပြတ် အနာဂတ် သာသနာတော်ကြီးကို စောင့်ရှောက်ရစ်လိမ့်လတ္တံ့၊ သာသနာကို စောင့်ရှောက်နိုင်မည့် သာမဏေဖြစ်၍ သာသနာပြု သာမဏေကလေးကိုသာ စောင့်ရှောက်သောအားဖြင့် ဆောင်ယူခဲ့ကြောင်း မိန့်ကြားတော်မူသည်'

ဟု အဆင့်စကား ကြားရဖူး၏။[၃]

၁။ မှန်နန်း၊ ပ၊ ၁၄၀။ သာသနာလင်္ကာရ၊ ၄၀၊ ၂။

၂။ သာသနာလင်္ကာရ၊ ၈၃။

၃။ ပေါရာဏစကားပုံ။

http://www.dhammadownload.com

ထိုကြောင့် ပြဆိုအပ်ခဲ့ပြီးသော စောင့်ရှောက်ပုံ ဝတ္ထုအကြောင်း အတ္ထုပ္ပတ္တိတို့ကို ထောက်ထားသတိရတော်မူကြ၍ သာသနာတော်ကြီးအတွက် ကြောင့်ကြ စိုက်တော်မူကြပြီးလျှင် သာသနာတော်ကို စောင့်ရှောက်နိုင်အံ့သော ဉာဏ်စွမ်းသတ္တိရှိသော ရဟန်းငယ်၊ ရှင်သာမဏေငယ်တို့ကို သာသနာဘက်ဆိုင်ရာက မှီခိုအားထားလောက်၍ သာသနာကို ပြုစုစောင့်ရှောက်နိုင်လောက်အောင် သင်ကြားချပို့ စောင့်ရှောက်တော်မူကြရန် အလွန်သင့်လျော်လှသဖြင့် အရေးကြီးသော အချက်ကောင်းကြီးတစ်ခုပင် ဖြစ်သည်။ သာသနာကို ပြုစုစောင့်ရှောက်နိုင်မည့် တပည့်ရဟန်း သာမဏေအား ကိုးအားထား ရှိမှသာလျှင် မိမိတို့သည် စုတေမနေ သေလွန်သွားသော်လည်း သာသနာကြီးအတွက် ယုံကြည်စိတ်ချ၍ သေလွန်သွားနိုင်ကြမည်။ ထိုကဲ့သို့ သဘောရှိသော သာသနာစောင့် တပည့် အဆက်အခံ မရှိက သာသနာတော်ကြီးကို မျက်နှာလွှဲ၍ သေသွားနိုင်စရာ မရှိပေ။

(၄၄) ဓမ္မအမွေပေးနိုင်အောင် ကြိုးစားကြ

ယခုကာလများသောအားဖြင့် မိမိတို့ ပျံလွန်တော်မူခါနီးတွင် မိမိတို့၏ သဒ္ဓါဝိဟာရိကတပည့် အန္တေဝါသိကတပည့် စသည်တို့အား မိမိတို့ ပိုင်ထိုက်သော သပိတ်ပရိက္ခရာ ဂရုဘဏ် လဟုဘဏ်ကျောင်းကန် အရံများကို စာတမ်း စာမှတ် အသိသက်သေနှင့်တကွ အပ်နှံအပ်လွှဲ၍သာ ပစ္စယအမွေကို ပေး၍ ပစ္စယအမွေကို ခံစေ၍ စုတိမနေ ပျံလွန်သွားကြလေသည်သာ များသည်။

သာသနာတော်ကြီးအတွက် ကြောင့်ကြစိုက်၍ ဓမ္မအမွေကို ပေးခြင်း၊ ဓမ္မအမွေကို ခံယူစေခြင်း၊ ဓမ္မအမွေကို အပ်လွှဲခြင်းကို ပြု၍ ပျံလွန်သွားသော ပုဂ္ဂိုလ်နည်းပါးလေသည်။

ဓမ္မ ဒါယာဒါ မေ ဘိက္ခဝေ ဘဝထ မာ အာမိသ ဒါယာဒါ။[1]

ဟု ဟောတော်မူသော ဓမ္မဒါယာဒသုတ်တော်ကြီးကို သတိရစရာ ကောင်းလှပေသည်။

ဓမ္မအမွေ ဆိုသည်မှာလည်း-

၁။ ပရိယတ္တိဓမ္မ၊

၂။ ပဋိပတ္တိဓမ္မ၊

၃။ ပဋိဝေဓဓမ္မ၊

ဟူ၍ သုံးပါးရှိ၏။ ထိုသုံးပါးသော အမွေကိုသာ မိမိတို့၏ တပည့်များအား သေချာစွာ အပ်လွှဲ၍ သေသွားကြစရာ လွန်စွာ ကောင်းလှပေသည်။

၁။ မူလပဏ္ဏာသပါဠိ၊ ၁၅။

http://www.dhammadownload.com

အပ်လွှဲရမည်ကား-

ပရိယတ်ကို တတ်မြောက်အောင် ကိုယ်တိုင်သင်ကြား၍ ဖြစ်စေ၊ သို့မဟုတ် ပရိယတ်ကို ချပို့နိုင်သော ပုဂ္ဂိုလ်တစ်ပါးပါးထံ အပ်နှံ၍ သင်ကြားစေ၍ ဖြစ်စေ သင်ကြားစေပြီးလျှင်-

'ပရိယတ္တိဓမ္မနှင့် အချိန်ကုန်ပစေ၊ ပရိယတ္တိဓမ္မနှင့် ပျော်မွေ့လေ၊ ပရိယတ္တိဓမ္မကို တတ်မြောက်အောင် သင်ကြားလေ၊ ပရိယတ္တိဓမ္မကို အားထုတ်လေ၊ ပရိယတ္တိဓမ္မကို ချပို့လေ၊ ပရိယတ္တိဓမ္မနှင့် အသက်သိက္ခာ ဝါကြီးပစေ၊ ပရိယတ္တိဓမ္မနှင့် အိုမင်းမစွမ်းရှိပစေ၊ ပရိယတ္တိဓမ္မတည်းဟူသော အလုပ်လက်ရှိနှင့် သေပစေ'

စသည်တို့ဖြင့် ဆုံးမဟောပြောသောအားဖြင့် ပရိယတ္တိ ဓမ္မအမွေကို ပေးအပ်လွှဲထားခဲ့ရာ၏။

ပဋိပတ္တိဓမ္မအမွေကိုလည်း အပ်လွှဲ၍ ပေးခဲ့ရာ၏။ အပ်လွှဲပုံကား အကျင့်သာသနာတော်ကြီးကို ကြောင့်ကြစိုက်သောအားဖြင့်-

'လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ ဖြစ်အောင် နေထိုင်လေ၊ သီလလက်ရှိနှင့်သေလေ၊ သမထဝိပဿနာဘာဝနာကို လက်ကိုင်ထား၍ အချိန်ကုန်လေ၊ အိုမင်းရင့်ရော်လေ၊ သမထဝိပဿနာနှင့်သာ အသက်ကုန်လေ'။

စသည်ဖြင့် ဆုံးမ၍ အပ်လွှဲရာ၏။

ပဋိဝေဓ ဓမ္မအမွေကိုလည်း အပ်နှင်းအပ်လွှဲရာ၏။ အပ်လွှဲပုံကား-

'ဤဘဝတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုနိုင်အောင် အားထုတ်လေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၏အခြေခံတရားစုကို လက်မလွှတ်နှင့်'

စသည်ဖြင့် အပ်လွှဲရာ၏။

ပရိယတ္တိဓမ္မတွင်လည်း ဝိနည်း ပိဋကတ်၌ မတတ်မြောက် မလိမ္မာခဲ့သေးမူကား သေသည်တိုင်အောင် ဝိနည်းပိဋကတ်ကို သင်ကြားအားထုတ်ရမည်။ ဝိနည်းပိဋကတ်ကို သင်ကြားအားထုတ်ခြင်း အလုပ်လက်ရှိနှင့် သေသွားစေရမည်။ သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တို့၌လည်း မတတ်မြောက် မလိမ္မာသေးအံ့။ ထို့အတူ သေသည်တိုင်အောင်အားထုတ်ရမည်ဟု ဟောတော်မူသည်ကို သတိပြုကြပါကုန်။

(၄၅) သာသနာ အမြစ်အရင်း သက်ဆင်းစေပုံ

သာသနာတော်ကို စောင့်ရှောက်ချီးမြှောက်နိုင်အံ့သော ရဟန်းငယ် ရှင်ငယ်တို့ကို စောင့်ရှောက် ချီးမြှောက်တော်မူကြ၍ မိမိတို့၏ ဖွားရာဇာတိအရပ် သီတင်းသုံးရာ

http://www.dhammadownload.com

အရပ်တို့၌ သာသနာတော် တည်ရှိရုံတွင် မကစေဘဲ သီဟိုဠ်ကျွန်းမှာကဲ့သို့ သာသနာတော် အမြစ်အရင်း သက်ဆင်းငြိတွယ်အောင် အားထုတ်ရာ၏။

သီဟိုဠ်ကျွန်း၌ သာသနာတော် အမြစ်အရင်း သက်ဆင်းငြိတွယ်စေပုံကား–

သီဟိုဠ်ကျွန်း ပထမသာသနာပြု အရှင်မဟာမဟိန္ဒမထေရ်တို့ ကြွသွားတော်မူ၍ မင်းနှင့် တကွသော သီဟိုဠ်ကျွန်းအပြင်ရှိ လူအပေါင်းတို့အား သာသနာတော်ကို ကြည်ညိုစေပြီးလျှင် မြတ်စွာဘုရား၏ သရီရ ဓာတ်တော်မွေတော် စွယ်တော် ညှပ်ရိုးတော် ဆံတော် ဗောဓိတော် စသည်တို့ကို တည်ထားကိုးကွယ်ကြပြီးနောက် တစ်နေ့သ၌ ဒေဝါနံပိယတိဿမင်းကြီးက အရှင်မဟိန္ဒမထေရ်အား လျှောက်ကြားသည်မှာ–

'အရှင်ဘုရား၊ ယခုအခါ ဤသီဟိုဠ်ကျွန်း၌ သာသနာ တည်တော်မူပါပြီလော'

ဟု မေးလျှောက်လေသည်။ ။ ထိုအခါ အရှင်မဟိန္ဒမထေရ်က မိန့်တော်မူသည်မှာ–

'သာသနဒါယကာ မဟာမင်းမြတ်၊ ဤသီဟိုဠ်ကျွန်း၌ သာသနာတော်ကား တည်ရှိပြီ၊ သာသနာတော်၏ အမြစ်အရင်းကား မသက်ဆင်းသေး'

ဟု မိန့်တော်မူလေသည်။

'ဘယ်အခါမှ သာသနာတော်၏ အမြစ်အရင်း သက်ဆင်းပါမည်နည်း'

ဟု မေးလျှောက်ပြန်လေသော်–

'သာသနာ ဒါယကာ မဟာမင်းမြတ်၊ အကြင်အခါ၌ သီဟိုဠ်ကျွန်းသူ ကျွန်းသား ဖြစ်ကုန်သော အမိအဘတို့၏ သီဟိုဠ်ကျွန်း၌ ဖွားမြင်သော သတို့သားသည် သီဟိုဠ်ကျွန်း၌ ရှင်ရဟန်းပြု၍ သီဟိုဠ်ကျွန်းသာလျှင် ဝိနည်းပိဋကတ်ကို သင်ယူပြီးလျှင် သီဟိုဠ်ကျွန်း၌ ဝိနည်းပိဋကတ်ကို ချပို့လိမ့်လတ္တံ့၊ ထိုအခါမှ ဤသီဟိုဠ်ကျွန်း၌ သာသနာတော်၏အမြစ်အရင်း သက်ဆင်းငြိတွယ်သည် မည်လတ္တံ့'

ဟု မိန့်တော်မူသည်။ ထိုသို့ မိန့်ကြားသောအခါ–

'ဤသို့ သဘောရှိသော ရဟန်းရှိပါ၏လော'

ဟု မေးလျှောက်ပြန်လေသော်–

'အရိဋ္ဌအမည်ရှိသောရဟန်းသည် ဝိနည်းပိဋကတ်ကို ချပို့ခြင်းငှာ စွမ်းနိုင်လတ္တံ့'

ဟု မိန့်တော်မူပြီးလျှင် အရိဋ္ဌရဟန်းကို ခြောက်ကျိပ်ရှစ်ပါးသော မထေရ်ကြီးတို့၏ အလယ်၌ နေစေ၍ ငါးရာသော ရဟန်းတို့အား ဝိနည်း ပိဋကတ်ကို ချပို့စေ၍ သာသနာတော်၏ အမြစ်အရင်းကို သက်ဆင်းငြိတွယ်စေသတည်း။[၁]

၁။ ပါရာဇိကအဋ္ဌကထာ၊ ပ၊ ၇၅၊ ၆။

http://www.dhammadownload.com

ထိုအတူ မိမိတို့သီတင်းသုံးရာ အရပ်ဒေသများ၌ သာသနာတော်၏အမြစ်အရင်း ဘက်ဆင်းအောင် ထိုအရပ်သား ရဟန်းငယ်ရှင်ငယ်များကို စောင့်ရှောက်ထိန်းသိမ်းတော်မူကြ၍ မိမိတို့၏ အရပ်တွင် ဝိနည်း ပိဋကတ်ကို သင်ယူစေပြီးနောက် မိမိတို့အရပ်တွင် နေထိုင်စေ၍ ဝိနည်း ပိဋကတ်ကို ချပို့စေပြီးလျှင် သာသနာတော်၏ အမြစ်အရင်းကို သက်ဆင်း ငြိတွယ်စေရန် ကောင်းလှပေသတည်း။

(၄၆) ကျောင်းသား သူငယ်များ သင်ကြားခြင်း ဆုတ်ယုတ်ပုံ

ရှေးအခါက ကျောင်းသားသူငယ်များ သင်ကြားခဲ့ရသည်မှာ-

'နမော ဗုဒ္ဓါယ သိဒ္ဓံ'

ဟူသော ဗုဒ္ဓပဏာမမှစ၍ သရအက္ခရာ၊ ဗျည်းအက္ခရာ အစရှိသော အက္ခရာအရေးအသားများကို မှတ်သားမိအောင် ရွေးဦးစွာ သင်ကြား၍ သင်ပုန်းကြီးခေါ်သော မြန်မာစကား အရေးအသားကို သင်ကြားရသည်။

ထို့နောက် မြန်မာစကားကို ရေးသားဖတ်ရွတ်တတ်သောအခါမှ ပါဠိဘာသာ မြန်မာဘာသာ တွဲဖက်လျက် 'နမေါတဿ' ဘုရားရှိခိုး ပါဠိအနက်ဂုဏ်တော်ဖွင့်ခေါ်သော ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာဂုဏ်တော် ပါဠိအနက်နှင့်တကွ ဘုရားရှိခိုး အမျိုးမျိုးကို သင်ကြားရလေသည်။

ထိုနောက်မှ မင်္ဂလသုတ် ပါဠိအနက် ရတနာရွှေချိုင့် ပါဠိအနက်အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း ပါဠိအနက် နမက္ကာရ ဘုရားရှိခိုး ပါဠိအနက်များကို နှုတ်တက်အာဂုံ ရရှိအောင် သင်ကြားခဲ့ရ၍ ဆုံးမစာ အမျိုးမျိုးကိုလည်း သင်ကြား ရသည်။ ထိုနောက်မှ ပရိတ်ကြီးခေါ်သော သုတ္တန်ပါဠိတော် (၁၁) ဆယ့်တစ်သုတ်ကို နှုတ်တက်အာဂုံရအောင်ပင် သင်ကြားရလေသည်။

ထိုနောက်မှ လောကနီတိ၊ ဓမ္မနီတိ၊ ရာဇနီတိခေါ်သော လောက၌ သိဖွယ်ရာမှတ်စု၊ လောကုတ္တရာသိဖွယ်မှတ်စု၊ မင်းစိုးရာဇာဘက်၌ သိဖွယ်ရာမှတ်စုကျမ်းများကို ပါဠိအနက်နှစ်ချက်လုံးပင် သင်ကြားရသည်။

ထိုနောက်မှ တေမိ ဇာတ်တော်၊ ဇနက္ကဇာတ်တော်စသော ဇာတ်ကြီးဆယ်ဘွဲ့ခေါ်သော ဇာတ်တော်ဆယ်ကျမ်း ပါဠိအနက်ကို ကုန်စင်အောင် တစ်နေ့လျှင် ပေတစ်ရွက်တန်သည် နှစ်ရွက်တန်သည် သစ်သား သင်ပုန်းတွင် ရေးကူး၍ အဓိပ္ပာယ်ကျနစွာ သင်ကြားကြရသည်။

လက်ရေးစာအဖြစ် ညဉ့်အလွတ် သင်စာအဖြစ်နှင့် သင်ကြားခဲ့ရသည်မှာလည်း နတ်နေ၊ စက်နေ၊ လာဘ်နေ၊ နဂါးခေါင်းနေ ရွေးနည်း၊ ပြဿဒါးရက် စသော ရက်ဆိုးရက်ယုတ်မာ၊ ရက်ပုတ်၊ ရက်ကြွမ်း ရွေးနည်း၊ ဓာတ်ဘက်-မိတ်ဘက်-ဥစ္စာဘက်-

http://www.dhammadownload.com

ရက်ရာဇာ-အမြိတ္တစုက်ရက်စသော ရက်ကောင်းရွေးနည်း ထိုမှတစ်ပါးသော လောကီဆိုင်ရာ တတ်ကောင်းရာ သိကောင်းရာ ဟူသမျှကိုလည်း မကျန်ကြွင်းရအောင် နက္ခတ်တာရာ အသွားအလာပုံသဏ္ဌာန်မှ စ၍ ရာသီနှင့်တကွ မှတ်သား သင်ကြားရသည်။

ထိုသို့ ကျောင်းသားသူငယ် အရွယ်ကစ၍ လောကုတ္တရာဘက်ဆိုင်ရာ လောကီဘက်ဆိုင်ရာက သင်ကြားတတ်မြောက်၍ ဗဟုသုတများလာခဲ့ခြင်းကြောင့် လေးဆယ်ကျော် ငါးဆယ်အရွယ်က စ၍ အထက်ကျသော သူများသည် လောကုတ္တရာဘက်ဆိုင်ရာကလည်း ကြားဖူး နားဝ များလာ၍ ဗဟုသုတဓာတ်ခံရှိသဖြင့် ဆုံးမဟောပြောလို့ လွယ်ကူလေသည်။

ရှေးရှေးသောဘုရား ပစ္ဆေကဗုဒ္ဓါ အရိယာသာဝကအပေါင်း အလောင်းတော်တို့ ဖြည့်ကျင့်ရှိး တံထွာ ဓမ္မတာလမ်းဟောင်း ဝတ္ထုကြောင်းများကို ပြဆိုရာ ဖြစ်သော ဇာတ်တော်ကြီးများကို ကျောင်းသားသူငယ်အရွယ်ကပင် သင်ကြားလာခဲ့ရသဖြင့် ဇာတ်တော်များကို အလေ့အလာပြု၍ ကြည့်ရှုကြပြီးလျှင် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းတို့၏ နည်းကောင်း ဥပနိဿယကို အမှီပြု၍ မကောင်းမှု ဒုစရိုက်ကို ပြုလုပ်သူနည်းပါး၍ ကောင်းသော သုစရိုက်မှုကိုသာ ပြုလုပ်သူများပြားလာလေသည်။

ရတနာသုံးပါးနှင့် စပ်လျဉ်းသော သာသနာဘက်ဆိုင်ရာ ကျမ်းစာများကို ငယ်ရွယ်စဉ်ကပင် အလေ့အထပြု၍ ကျမ်းပေါင်းများစွာ သင်ကြားခဲ့ရခြင်းကြောင့်-

- ရတနာသုံးပါး ဆရာသမားတို့ကို ရိုသေဆည်းကပ်တတ်ခြင်း၊
- ရတနာသုံးပါး ဆရာသမားတို့၌ ပြုအပ်သော ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်တတ်ခြင်း၊
- အမိ အဖတို့ကို အရိုအသေပေး၍ အသက်ထက်ဆုံး လုပ်ကျွေးမွေးမြူခြင်း၊
- ကိုယ့်ထက်ကြီးသော အစ်ကို အစ်မတို့ကို ရိုသေကျိုးနွံရှိခြင်း၊
- ဘကြီး ဘထွေး မိကြီး မိထွေးစသော ဂုဏ်ဝုဠိ ဝယဝုဠိဂုဏ်ထူးရှိသော သူတို့ကိုလည်း အမိရင်း အဖရင်းကဲ့သို့ပင် ရိုသေကြောက်ရွံ့ခြင်း

ရှိသူများလေသည်။

ပြဆိုအပ်ခဲ့ပြီးသော ကျမ်းစာများကို ကုန်စင်ကျနအောင် ကျောင်းသား သူငယ် သာမဏေအရွယ်ကပင် သင်ကြားခဲ့ရသဖြင့် စိတ်နလုံးယဉ်ကျေး နူးညံ့ပြီးလျှင် အာစာရကုလပုတ္တဖြစ်၍ သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ တက်လှမ်းလိုသော စိတ်ဖြစ်ပေါ်၍ ရဟန်းပြုလုပ်ကြသူပေါများသဖြင့်လည်း သာသနာတော် စည်ကား

http://www.dhammadownload.com

ကြီးပွားလေသည်။

(၄၇) ယခုခေတ်ကျောင်းသားများ ဘာသာစာပေ သင်ကြားမှုနည်းခြင်း

ယခုအခါ ကျောင်းသားသူငယ်များမှာကား ရှေးအခါကဲ့သို့ မဟုတ်၊ ရှေးအခါက သင်ကြားခဲ့ရသော သာသနာဘက်ဆိုင်ရာ စိတ်နှလုံးသိမ်မွေ့ရန် ကျမ်းစာများကို ကုန်စင်အောင် မသင်ကြားကြရလေ။ အနည်းငယ်သော ကျမ်းစာများကို သင်ကြားရသော်လည်း ကျနအောင် မသင်ကြားရ။ အတန်းအောင်မြင်ရန် သင်ကြားရသော ဗာဟီရက ကျမ်းစာများနှင့်သာ တွဲဖက်လျက် သင်ကြားရလေသည်။

ရှေးကကဲ့သို့ မသင်ကြားကြရသဖြင့် ကျောင်းသား သူငယ် အရွယ်ကပင် သိသင့်သိထိုက်သော သာသနာဘက်ဆိုင်ရာ ဗဟုသုတမှ ဆုတ်ယုတ်နည်းပါးလေ၏။

သာသနာဘက်ဆိုင်ရာ ဗဟုသုတမှ ဆုတ်ယုတ်နည်းပါးသဖြင့် ရတနာသုံးပါး ဆရာသမားတို့အား ရိုသေဆည်းကပ်တတ်သူ နည်းပါးရှားပါးလာလေသည်။

ရတနာသုံးပါး ဆရာသမားတို့အား ကြည်ညိုဆည်းကပ်ခြင်း နည်းပါးသဖြင့် 'သာသနာဗဟုသုတ' သာသနာဘက်ဆိုင်ရာက အကြားအမြင်နည်းပါးလေသည်။ သာသနာဘက်ဆိုင်ရာက အကြားအမြင် နည်းပါးသဖြင့် အဖိုးအနှုတ်ထိုက်တန်လှသော သာသနာကြီးကိုပင် နှစ်နှစ်သက်သက် ငါတို့မှီခိုအားထားရာဟု ယုံကြည်သက်ဝင်သူ နည်းပါးလာလေသည်။

ဤကဲ့သို့ သာသနာကို ယုံကြည်သူနည်းပါးလာသည်ကိုပင် သာသနာ ဆုတ်ယုတ်သည်ဟု ဆိုသည်။

သာသနာဘက် ကျမ်းစာများထက် စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေတတ်သော တစ်ပါးသော ကျမ်းစာမည်သည် မရှိ၊ စိတ်နှလုံးကို နူးညံ့စေတတ်သော ကျမ်းစာများနှင့် အသိဉာဏ် တိုးပွားစေတတ်သော ကျမ်းစာများကို အသင်အကြား ဆုတ်ယုတ်သဖြင့်လည်း-

- ကျေးဇူးကြီးလှသော အမိအဘတို့ကိုပင် ရိုသေတတ်သောသူ၊ လုပ်ကျွေးလိုသူ နည်းပါးလေသည်၊
- ဘကြီး ဘထွေး စသော အသက်ဂုဏ်ကြီးသော သူတို့ကို ရိုသေခြင်းဟူသော 'လောကစာရိတ္တ' ဝတ်တရားမှလည်း ပျက်ကွက်သူများပြားလျက်ရှိလေသည်။

ရတနာသုံးပါး ဆရာသမား မိဘစသော အသက်ကြီးသောသူ၊ ဂုဏ်ကြီးသောသူတို့ကို မရိုသေတတ်၊ မကိုင်းရှိုင်းတတ်၊ မဆည်းကပ်တတ်သောသူထက်

http://www.dhammadownload.com

စိတ်နှလုံး ကြမ်းတမ်းရိုင်းစိုင်းလှသောသူ မည်သည် သာသနာတော်၌ မရှိလေ။ ထိုကဲ့သို့သောသူကို ပြောဆိုဆုံးမမည့်သူ ကင်းမဲ့သဖြင့် စိတ်ဆိုး၊ စိတ်မိုက်၊ စိတ်ရိုင်းတွေသာ ကိန်းအောင်းတည်နေ အထွေထွေ ဖြစ်နေသဖြင့် ထိုသူသန္တာန်မှာ ဘုရားအဆုံးအမတော်တည်းဟူသော သာသနာတော်ကြီး ကွယ်ပျောက်ကုန်ဆုံးနေပြီဟု မှတ်ယူရမည်။

ဤသို့လျှင် ဗာဟိရက အတတ်ပညာ ကျမ်းစာများကို တွဲဖက်လျက် သင်ကြားရသော ကျောင်းသားသူငယ်များမှာ မုချတိုက်ရိုက် သာသနာဆုတ်ယုတ်ကြောင်းကို သတိထားအပ်လှပေသတည်း။

သာသနာတော်ထမ်း ရဟန်းတော်များ ကျောင်းမှာ သာသနာလှိုင်လှိုင်စည်ကားအောင် သာသနိကကျမ်းစာများကိုသာ သင်ကြားသင့်၏။ လူဆရာတို့ ကျောင်းမှာကား လူတို့အားလျော်စွာ တွဲဖက်လျက် သင်ကြားသင့်၏။ သာသနာဘက် ကျမ်းစာကို ကလေးသူငယ်က စ၍ သင်ကြားလေ့လာသူပေါများမှ သာသနာစည်ကားပွင့်လင်းလာမည်ကို သတိထားကြရာ၏။

(၄၈) ဘုရားဟော ဘာသာရင်းကျမ်းစာများ တိမ်ကောခြင်း

ယခုအခါ အာဟာရ ပရိယေသနာအတွက်နှင့် မကင်းနိုင်ကြသဖြင့် ရှေးရှေးသော မိရိုးဖလာ သင်ကြားခဲ့ရသော သာသနိက ကျမ်းစာများကို လက်လွှတ်၍ ဗာဟိရက အသက်မွေးကြောင်း စာများကိုသာ အလိုင်းတကြီး အရေးလုပ်၍ သင်ကြားရပြီးလျှင် ဘာသာရင်းစာများကို ဖတ်တတ်သည် ပြောရရုံနှင့်သင်ကြားဖူးသည် ပြောရရုံ သင်ကြားသူပေါများလျက် နေချေပြီ။ ထိုကဲ့သို့သော သူတွေ နောက်သားနောက်မြေးတွေ ပေါများအားကြီးလာလျှင် တဖြည်းတဖြည်း တစ်စတစ်စဘုရားဟော ဘာသာရင်းကျမ်းစာတွေ တိမ်ကောသိမ်ဖျင်း၍ အသုံးမဝင်သောအဖြစ်သို့ ရောက်လာမည်ကို သတိထားစရာ ကောင်းလှ၏။

ယခုအခါမှာပင် ပေါပေါက်လျက်ရှိသည်မှာ အချို့သော ဘာသာတစ်ပါး နိုင်ငံခြားသားစာကို ဖတ်တတ်ကုန်သော ကလေးသူငယ်ကျောင်းသားအရွယ်များနှင့် ကြီးသောသူများသည်လည်း တစ်စုံတစ်ခုသော အကြောင်းစာသည် အဓိပ္ပာယ်တူပင်ဖြစ်သော်လည်း ဘာသာတစ်ပါးနှင့် ရေးသားထားသည်ကိုသာ အရေးယူ၍ ဖတ်လို ကြသည်။ ဘာသာရင်းစကားနှင့် ရေးသားထားသော စာရွက်စာအုပ်ကို ဖတ်လိုသူနည်းပါးလျက်ရှိချေပြီ။

ဘာသာတစ်ပါး အင်္ဂလိပ်စာများကို သင်ကြားကြသော ဗုဒ္ဓဘာသာမြန်မာကလေးသူငယ်များသည် စကားပြောတတ်ခါမျှ သာသာ အခါကစ၍ အင်္ဂလိပ်စာသင်ကျောင်း

http://www.dhammadownload.com

မှာ နေပြီးလျှင် အသက် (၂၀)နှစ်ဆယ် အရွယ်တိုင်အောင် အင်္ဂလိပ်ကျောင်းမှာပင် နေ၍ အသက် (၂၀)နှစ်ဆယ်ကျော်၍ ကျောင်းမှထွက်ပြန်သော်လည်း ထိုစာနှင့်ပင် အလုပ်လုပ်ရသော အလုပ်ခွင်သို့ ဆက်လက်၍ လုပ်ကိုင်စားသောက် အသက်မွေးရလေသည်။ ထိုသူများမှာ ဘယ်မှာ ဘာသာရင်းစာကို လေ့လာသင်ကြားချိန် ရှိတော့အံ့နည်း။

ဘာသာရင်းစာကို လေ့လာသင်ကြားခြင်းမရှိသဖြင့် ဘယ်မှာ သာသနာဘက် ဆိုင်ရာက ဗဟုသုတရှိတော့အံ့နည်း။

သာသနာဗဟုသုတ မရှိကလည်း စိတ်နလုံး သိမ်မွေ့ယဉ်ကျေး၍ နောင် သံသရာ ဘဝအလို့ငှာ ဘယ်မှာ ရတနာသုံးပါး ဆရာသမား မိဘတို့အား ရိုသေဆည်းကပ် တတ်တော့အံ့နည်း။

ရတနာသုံးပါး ဆရာသမား မိဘတို့အား ရိုသေဆည်းကပ်လုပ်ကျွေးခြင်းကို မပြုတတ်သဖြင့်လည်း ဘယ်မှာ ဘဝသံသရာမှ ထွက်မြောက်ကြောင်း တရားကောင်းကို ရအောင် ရှာမှီးနိုင်တော့အံ့နည်း။

ဤသို့လျှင် ထိုသူတို့မှာ အမိအဘတို့က ဆင်းသက်၍ သာသနမျိုးစေ့ ပါလာပါသော်လည်း သာသနာသုံးပါး မသန်စွမ်းဘဲ ညှိုးနွမ်းခမ်းခြောက် သိမ်ဖျင်းခြင်းသို့ ရောက်၍ ကွယ်ပျောက်ခမန်း အခြေအနေသို့ ရောက်ရှိရလေသတည်း။ ။
(သတိရဖို့)

(၄၉) ယခုကာလ မိဘတို့နောက်သို့ မလိုက်ခြင်းအကြောင်း ကျွဲနို့ နွားနို့ကို တိုက်ကြွေးခဲ့ကြသဖြင့် ကျွဲစိတ် နွားစိတ် ပေါက်ကြခြင်း

ယခုကာလ အချို့သော အရပ်ကြီးသူ အရပ်ကြီးသား မိဘများသည် တိုင်းတစ်ပါး နိုင်ငံခြားသားတို့၏ အတုကို ယူ၍ မိမိတို့၏ ရင်သားမှဖြစ်သော နို့သွေးကို မသောက် စို့စေဘဲ ကျွဲနွားစသော တိရစ္ဆာန်တို့၏ နို့သွေးကို ယူ၍ နို့ဘူးများနှင့် မွေးမြူလေ့ရှိကြသည်။ ထိုနို့ဘူးများနှင့် မွေးမြူခဲ့သော သားသမီးများကို အမိ၏သွေးသားနှင့်စပ် ၍ ကြီးပြင်းခြင်းသို့ ရောက်လာသော ကလေးသူငယ်များဟူ၍ ဆို့ဖို့ရန်ခဲယဉ်းလှ၏။ ကျွဲနွား စသော တိရစ္ဆာန်တို့၏ သွေးသားနှင့်စပ်၍ ကြီးပြင်းခြင်းသို့ ရောက်လာသော ကလေးသူငယ်များသာ ဟူ၍ ဆိုဖွယ်ရာရှိ၏။ အမိ၏ ရင်မှဖြစ်သော နို့သွေးနှင့် စပ်၍ ကြီးပွားလာခြင်း မဟုတ်သဖြင့် ထိုသားသမီးများသည် မိဘတို့နှင့် သွေးတူ သားတူ စိတ်တူ သဘောတူ ဘယ်မှာ ဖြစ်နိုင်တော့အံ့နည်း။

သွေးတူ သားတူ စိတ်တူ သဘောတူ မဖြစ်ခြင်းကြောင့် ဘယ်မှာ အမိအဘတို့၏ နောက်သို့ လိုက်တော့အံ့နည်း။

http://www.dhammadownload.com

အမိအဖတို့သည် စိတ်နှလုံးသိမ်မွေ့၍ ယဉ်ကျေးသော်လည်း နို့ဘူးများနှင့်သာ ကြီးပွားလာခဲ့ရသော သားသမီးများသည် အမိအဘာတို့ကဲ့သို့ စိတ်နှလုံးသိမ်မွေ့၍ မယဉ်ကျေးနိုင်ရာ၊ တိရစ္ဆာန်တို့၏ သဘာဝအတိုင်း ရိုင်းစိုင်းသော အမူအရာနှင့် အသိဉာဏ် ထိုင်းမှိုင်းတွေဝေသော သဘောလက္ခဏာသာ ရှိတန်ရာသဖြင့် အမိအဘာတို့၏ ဆိုဆုံးမရာကို လိုက်နာနိုင်ခဲသော သဘောရှိတန်ရာ၏။

အမိအဘာတို့မှာ သာသနာဇာတ် သာသနာသွေး ရှိသော်လည်း သားသမီးများမှာ သာသနာဇာတ် သာသနာသွေးနှင့်ဝေးဖို့ရာသာ ရှိတော့သည်။

ထို့ကြောင့် ယခုအခါ ဖြစ်ပေါ်လာလျက်ရှိသည်မှာ အမိအဘာတို့က သာသနာသွေး သာသနာဇာတ်ရှိသော်လည်း နို့ဘူးများနှင့် မွေးမြူလာခဲ့ပြီးလျှင် နိုင်ငံခြားသားတို့၏ အဝတ်ကို ဝတ်ဆင်လျက် နိုင်ငံခြားသားတို့၏ အတတ်ပညာစာကို သင်ကြားစေသော အချို့သော သားသမီးတို့၏ အမိ၊ အဘ (အမေ၊ အဖေ)များသည် သာသနာအယူရှိသော မြန်မာလူမျိုးများပင် ဖြစ်သည်ဟု ပြောဆိုခြင်းငှာ အလိုမရှိကြလေ။ တစ်ပါး သူတို့က သင်တို့၏ အမေအဖေသည် မြန်မာဖြစ်သည်ဟု ပြောဆိုသည်ကိုပင် မခံချင်ကြလေ။ ရှက်စရာနိုးကြလေ၏။

ဤသို့လျှင် အမိအဖတို့၏ ဇာတိသွေးကို မလိုက်၊ အမိအဘာတို့၏ ဂုဏ်ကျေးဇူးကို မမြင်၊ အောက်ကျ နောက်ကျထင်၍ အမိအဘာတို့ကို ပစ်ပယ်သောသဘော ထင်ရှားဖြစ်ပေါ်လျက် လာလေပြီ။

အမိအဘာများက သာသနာဇာတ် သာသနာသွေး ရှိသည်အားလျော်စွာ သာသနာဇာတ် သွင်းသောအားဖြင့် ရှင်သာမဏေပြုချိန် အရွယ်ရောက်၍ ရှင်သာမဏေ ပြုလုပ်စေသော်လည်း ရှက်စနိုး၍ မလုပ်လိုကြလေ။ ဤသို့လျှင် သာသနာသွေးနှင့် ဝေးသတည်း။

ထိုကြောင့် ရှေးမိနောက်မိဖြစ်၍ သာသနာအယူ ဖြူစင်ကြသော အမိအဘာများသည် မိမိတို့၏ သားသမီးများမှာ သာသနာ တိမ်ကော သိမ်ဖျင်းကွယ်ပျောက်ခြင်းသို့ မရောက်ရလေအောင် စောင့်ရှောက်ရန် အချက်ကောင်းကြီး တစ်ခုပင် ဖြစ်သည်။

'အသွင်မတူ အိမ်သူမဖြစ်' ဆိုသော ရှေးပေါရာဏ စကားကဲ့သို့ ယခုအခါ အမိအဘာတို့နှင့်မတူ၊ အမိအဘာတို့၏ နောက်သို့ မလိုက်သော သားသမီးများချေပြီ။

အမိအဘာတို့နှင့် မတူ၊ အမိအဘာတို့၏နောက်သို့ မလိုက်ခြင်းမှာလည်း အခြားကြောင့်မဟုတ်ပေ။ အမိအဘာတို့ကပင် ခွဲခွာရာရောက်သဖြင့် အမိအဘာတို့နောက်သို့ မလိုက်သည်၊ အမိအဘာတို့နှင့် မတူသည်။

အဘယ်ကဲ့သို့ ခွဲခွာသနည်း ဟူမူကား-

- အမိအဘာများသည် မိမိတို့၏ရင်မှဖြစ်သော နို့သွေးဖြင့် မမွေးမြူ

http://www.dhammadownload.com

မကြီးပွားစေခြင်း၊
- မိရိုးဖလာ ဝတ်ဆင်ခဲ့သော အဝတ်တန်ဆာကို မဝတ်ဆင်စေခဲ့ခြင်း၊
- မြန်မာတို့၏ အမြတ်တနိုးထားမြဲဖြစ်သော ဦးစွန်း ဆံပင်အညွှန့်ကို ချိုးဖြတ်၍ ဘာသာတစ်ပါးနိုင်ငံခြားသားတို့၏ ထိပ်ဆံချခြင်းကဲ့သို့ ချစေခြင်း။
- မိမိတို့၏ ဘာသာအယူကို ပြဆိုရာဖြစ်သော သာသနာဘက်ဆိုင်ရာ ကျမ်းစာများကို အရေးကြီးစွာ မသင်ကြားစေဘဲ ဘာသာတစ်ပါး ကျမ်းစာများကိုသာ အရေးကြီးစွာ သင်ကြားစေခြင်း

များသည် မိမိတို့နှင့် ခွဲခွာရာရောက်သတည်း။

ဤသို့လျှင် မိဘတို့နှင့် အသွင်မတူ၊ မိဘတို့၏ အလိုအယူသို့ လိုက်တတ် သောအိမ်သူ မဖြစ်ဟူလို။

(၅၀) သံဃာတော်များ၌ အရိုအသေ ဆုတ်ယုတ်ပုံ

ရှေးအခါက ဗုဒ္ဓဘာသာမြန်မာတို့သည် ရဟန်းသံဃာတော်များ၌ ရိုသေ ကြောက်ရွံ့ခြင်း ရှိကြလေသည်။ အထူးသဖြင့် ဘုန်းတော်ကြီးများသည် မိမိတို့၏ တပည့်ကို ကျောင်းမှာနေစဉ် ကျောင်းသားအဖြစ်ကစ၍ နိုင်နင်းစွာ ဆုံးမလာခဲ့သဖြင့် ကျောင်းမှ ထွက်သွားသော်လည်း အိမ်ထောင်ပြု၍ သားသမီး မြေး မြစ်ရသည်တိုင် အောင်ပင် တုတ်ဖြင့် နှုတ်ဖြင့် နိုင်နင်းစွာ ဆုံးမတော်မူနိုင်ကြလေသည်။ တပည့် ဒါယကာ ဒါယိကာမများကလည်း သားသမီးမြေးမြစ်ရ၍ ခေါင်းဖြူစွယ်ကျိုး အဘိုးကြီး အို ဖြစ်သည်တိုင်အောင် အဆုံးအမခံယူပြီးလျှင် ဆုံးမတော်မူသည်အတိုင်း လိုက်နာ၍ ကျင့်ကြံနေထိုင်ကြလေသည်။

တစ်စုံတစ်ခုသော စကားကိုမျှ ပြန်လှန်၍ လျှောက်ထားပြောဆိုခြင်း မပြုဝံ့ အောင် ရိုသေကြောက်ရွံ့ခဲ့ကြ၏။ မကောင်းမြစ်တား ကောင်းရာကြားတတ်သော ဆရာသမား သံဃာတော်များကို ရိုသေကြောက်ရွံ့ခြင်းရှိ၍ ဆုံးမပဲ့ပြင် သွန်သင်တော် မူသည်အတိုင်း လိုက်နာကျင့်ကြံနေထိုင်ကြရသဖြင့် ရှေးအခါက လူများသည် စိတ်နှလုံး သိမ်မွေ့နူးညံ့၍ မိမိတို့၏ သန္တာန်မှာသာသနာတော် တည်နေစေ ပျံ့လွှင်စည်ကား စေကြသောသူသာ ပေါများသည်။

ယခုအခါမှာမူကား ဆရာသမား သံဃာတော်များ၌ ရိုသေကြောက်ရွံ့သူနည်းပါး ၍ အဆုံးအမခံလိုသူ ပါးရှားလျက်လာလေပြီ။

- ရှေးအခါက ဆရာသမား သံဃာတော်များ၌ ရိုသေခြင်းကင်းမဲ့သူ၊ အဆုံးအမ မခံလိုသူများကို ရိုသေကြောက်ရွံ့ နှံ့နာခြင်းရှိအောင် သံဃာဒဏ်

http://www.dhammadownload.com

ဌ်ထားသောအားဖြင့် ထိုသူတို့၏ အလျှူကို မခံယူခြင်း၊

- ထိုသူအား တရားစကားပြောဟောဆုံးမခြင်းကို မပြုခြင်းစသော 'ပတ္တာနိကုဇ္ဈနက်' ဟူသော သပိတ်မှောက်ခြင်းကို ပြု၍သော်လည်း နိုင်နင်းစွာ ဆုံးမတော်မူကြလေသည်။

ရတနာသုံးပါး ဆရာသမားတို့၌ ရှိသေခြင်း ကင်းမဲ့သောသူကို သပိတ်မှောက်ကဲ့ပြု၍ ဆုံးမနိုင်ကြသဖြင့် သံဃာတော်များက သပိတ်မှောက်ကဲ့ပြုမည်ကို အလွန်စိုးရိမ်ကြောင့်ကြ ကြောက်ရွံ့၍ပင် အထူးသဖြင့် ရှိသေကြရလေသည်။

သပိတ်မှောက်ကဲထိုက်အောင် အပြစ် ကျူးလွန်ဖို့ရန် မရှိသေဖို့ရန်ကို ထားဘိဦး၊ သံဃာတော်များ စိတ်မချမ်းမသာ ဖြစ်ဖို့ရန်ကိုတောင် မလွန်ကျူးဝံ့ကြပေ၊ မရှိသေခြင်းအမှုကို မပြုဝံ့ကြပေ။

ဗုဒ္ဓဘာသာ မွန် မြန်မာတို့မှာ ရတနာသုံးပါး ဆရာသမားတို့နှင့် ဆက်ဆံခြင်းကို မပြုရ၊ ရတနာသုံးပါး ဆရာသမားတို့၏ ကြည်ဖြယ် နှင်ထုတ်ခြင်းကို အပြုခံရသောသူထက် စရိုက်ကြမ်းတမ်း ဆိုးသွမ်းသောသူ မည်သည်မရှိ၊ ဂုဏ်အသရေ မရှိသောသူ မည်သည်လည်း မရှိ။

ရတနာသုံးပါး ဆရာသမားတို့ထက် သတ္တဝါတစ်ဦးတစ်ယောက်ကို နူးညံ့ပျော့ပျောင်း ယဉ်ကျေးအောင် ဆုံးမနိုင်သူလည်း လောကမှာ မရှိပေ။

ထို့ကြောင့် သပိတ်မှောက်က် ပြုမည်ကို ကြောက်ကြရလေသည်။ သံဃာတော်များ စိတ်မချမ်းမသာရှိ၍ မခေါ်မပြော မခိုင်းမစေ မဆက်ဆံဘဲနေမည်ကိုပင် အလွန်စိုးရိမ်ကြောက်ရွံ့ကြရသည်။

(၅၁) သပိတ်မှောက်က် ပြုခြင်းအကြောင်း

သံဃာတော်များက သပိတ်မှောက်က် ထိုက်သောသူကို သပိတ်မှောက်က် ပြုရသည်မှာလည်း ထိုသပိတ်မှောက်က် ထိုက်လျက်ရှိသောသူအား သနားသဖြင့်သာလျှင် သပိတ်မှောက်က် ပြုရသည်။

ပြုရပုံမှာ–

ရတနာသုံးပါးအား မရှိသေခြင်းစသောအမှုကို ကျူးလွန်သောသူသည် အလွန်အပြစ်ကြီးလေးလေသည်။ အပြစ်ကြီးလေးသော်လည်း ကြီးလေးမှန်းမသိ၍ တောင်းပန်ခြင်း၊ ဝန်ချခြင်းကို မပြုလေ။ အချို့သောသူများမှာကား အပြစ်ကြီးလေးမှန်းကို သိသော်လည်း မာန်တက်၍ တောင်းပန်ဝန်ချခြင်းကို မပြုဘဲ နေတတ်ချေသည်။ အချို့သော လောကဂုဏ်ရှိသောသူများသည်လည်း ရှက်စနိုး၍သော်လည်းကောင်း၊ ဂုဏ်မာန်ယစ်၍ သော်လည်းကောင်း တောင်းပန်ဝန်ချခြင်းကို မပြုဘဲ နေတတ်ချေသည်။ ထိုသို့သော

http://www.dhammadownload.com

သူများအား-

- သံသရာဝဋ်မှ လွတ်ကင်းစိမ့်သောငှာ လည်းကောင်း၊
- မာန်ကျစိမ့်သောငှာလည်းကောင်း၊
- သတိရစိမ့်သောငှာ လည်းကောင်း

အပြစ်ကို ဖော်ပြ၍ သပိတ်မှောက်ကံ ပြုရလေသည်။

သံဃာတော်များက သပိတ်မှောက်ကံ ပြုမှသာလျှင် ထိုသူမှာ သံသရာအပြစ်ကင်းပျောက်လေသည်။ သပိတ်မှောက်ကံ မပြုက သတိမရ မာန်မကျသဖြင့် သံသရာဝန်ကြီးလေးလေသည်။ သံသရာဝန်ကြီးလေးသောကြောင့် သနားသဖြင့် သပိတ်မှောက်ကံပြု၍ ဆုံးမရလေသည်။ သပိတ်မှောက်ကံထိုက်သော ဒါယကာကို သိလျက်နှင့် သံဃာတော်များက သပိတ်မှောက်ကံပြု၍ မဆုံးမလျှင် ထိုဒါယကာကို မသနားရာရောက်သည်၊ သံသရာဝန်ကို ထမ်းဆောင်စေရာရောက်သည်။ သံသရာဝဋ်ဆင်းရဲ၌ နစ်မွန်းမျောပါးစေရာ ရောက်သည်။

သပိတ်မှောက်ကံထိုက်လျက်နှင့် သပိတ်မှောက်ကံ အပြုမခံရသော ဒါယကာမှာ အပြင်မထွက် အနာချက်မပေါ်သော အနာဆိုးပေါက်လျက် ရှိသောသူနှင့်တူလေသည်။ အနာချက်မပေါ်သဖြင့် အနာပေါက်မှန်းမသိ၍ ဆေးမကုစားရသောကြောင့် ထိုအနာကြီးပွား၍ သေရလေသည်။ သပိတ်မှောက်ခံထိုက်သော ဒါယကာသည်လည်း သံဃာတော်များက သပိတ်မှောက်ကံ ထိုက်ခြင်းအပြစ်ကို မဖော်ပြသဖြင့် ကိုယ့်မှာ အပြစ်ရှိလို့ ရှိမှန်းမသိလေ။ အပြစ်မှန်းကို မသိသဖြင့်လည်း ထိုအပြစ်မှ ကင်းပျောက်စိမ့်သောငှာ မာန်ကျ၍ တောင်းပန်ဝန်ချခြင်းတည်းဟူသော ကုစားခြင်းဖြင့် မကုစားရသောကြောင့် သံသရာဝန်ကြီးလေးလေသည်။ သေသည်၏ အခြားမဲ့၌ အပါယ်သို့သာ လားရာဂတိ နီးလေသည်။ ထို့ကြောင့် သပိတ်မှောက်ခံရသူက သက်သာသေးသည်။

(၅၂) သပိတ်မှောက် ကာကွယ်ရေး ဥပဒေပေါ်လာခြင်း

ယခုအခါမှာမူကား ထိုကဲ့သို့ လိမ္မာရေးခြား နွံနာခြင်းရှိအောင် မဆုံးမနိုင်ကြတော့ပေ။ သပိတ်မှောက်ကံ ထိုက်သော ဒါယကာပင် ဖြစ်သော်လည်း မသနားနိုင်တော့ဘဲ လျစ်လျူရှုရတော့သည်။ သနားသဖြင့် တရားနှင့်အညီပြုလုပ်ဆုံးမသော်လည်း ယခုအခါ အစိုးရများ ပညတ်အတည်ပြုလျက် ထားသေးသော 'သပိတ်မှောက်ကာကွယ်ရေး'ဆိုသော ဥပဒေနှင့် ရောထွေးလျက်ရှိသဖြင့် 'ပတ္တနိကုဇ္ဈနက်'ကို မပြုဝံ့ကြလေ။ မပြုဝံ့ကြ၍ သံဃာတော်များက လျစ်လျူရှုရလေလေ၊ ကံထိုက်သော ဒါယကာမှာ သံသရာဝန်နှင့် လောကဝန်လေးဖို့ရန် ဖြစ်ပေါ်လေလေ ဖြစ်သတည်း။

http://www.dhammadownload.com

သို့အတွက် ၎င်းဥပဒေသည် ဗုဒ္ဓဘာသာမွန်မြန်မာတို့မှာ ရတနာကြီးသုံးပါးကို အရိုအသေနည်းပါး၍ နစ်မွန်းဖို့ရာ သာသနာတော်ကြီး ဩဇာမရှိဖို့ရာ၊ ညှိုးနွမ်းဖို့ရာ၊ သိမ်ဖျင်းတိမ်ကောဖို့ရာ၊ လျင်မြန်စွာ ကွယ်ပျောက်ဖို့ရာ၊ လူသတ္တဝါများ မာနဒေါသ ခက်ထန်၍ အပါယ်ကျဖို့ရာ ဖြစ်ပေါ်လာလေသည်။

၎င်းသပိတ်မှောက်ကာကွယ်ရေး ဥပဒေသည် သာသနာတော် သက္ကရာဇ် ၂၄၆၆ခု၊ ကောဇာသက္ကရာဇ် (၁၂၈၄)တစ်ထောင့်နှစ်ရာရှစ်ဆယ့်လေးခု နယုန်လဆန်း ၁၃ရက်နေ့က အစပြုက ကြေညာကမ်းလှမ်းအတည်ပြု၍ ဖြစ်ပေါ်လာသည်။ ထိုဥပဒေ ဖြစ်ပေါ်လာသောအခါကပင် ဗုဒ္ဓဘာသာ သာသနာအယူရှိသူ ရဟန်းရှင်လူတို့က မနှစ်သက်ကြသဖြင့် ဆူပူကန့်ကွက်ပြောဆိုကြ၏။ ယခုလည်း အချို့သော မင်းတိုင်ပင် အစည်းအဝေးဝင် အမတ်များက ၎င်းဥပဒေကို ပယ်ဖျက်ရပ်သိမ်းရန် ပြောဆိုဆဲရှိသေးသည်။

၎င်တို့ မဟာကရုဏာ သမာပတ္တိ အရှင်ဖြစ်တော်မူသော သုံးလောကထွတ်ထား သမ္မာသမ္ဗုဒ္ဓာဘုရားကြီးသည် သနားတော်မူလှ၍-

> "ထိုပြစ်မှုကို လွန်ကျူးသော ဒါယကာ ဒါယိကာမတို့အား သံသရာဝန်မှ လွတ်ကင်းစိမ့်သောငှာ သနားသဖြင့် 'ပတ္တာနိကုဇ္ဇနကံ ပြုကြလေ'

ဟု ဝိနည်းပိဋကတ်စူဠဝါပါဠိတော်မှာ အမှလိစ္ဆဝိမည်သော ဒါယကာကို အကြောင်းပြု၍ ခွင့်ပြုပညတ်တော်မူခဲ့လေသည်။

ထိုသို့ ခွင့်ပြုပညတ်တော်မူခဲ့သော အာဏာစက်တော်ကြီးသည် သာသနာ ၅၀၀၀ကျအောင် မတည်၊ ယခုအခါတွင် ပျက်စီးတိမ်ကောတော့မလိုလို ဖြစ်နေလေပြီ။ ထိုအာဏာစက်တော်ကြီးကို သံဃာတော်များက အသုံးမပြုဝံ့သဖြင့် ပျက်စီးယိမ်းယိုင်နေသည်အတွက်-

- ယခုအခါ အချို့သော အသိ အလိမ္မာ ဉာဏ်ပညာနည်းပါးသော သူတို့သည် အချို့သော သံဃာတော်များအား ညှဉ်းဆဲကလူပြုမူသည်မှာ မရိုမသေ ပြုလုပ်ကြခြင်း၊
- သပိတ်မှောက်ကံ ထိုက်လောက်အောင် သတင်းစာများ၌ ရေးသားထည့်သွင်းကြခြင်း၊
- ပင့်လို့မလိုက်လျှင် တရားစွဲ၍ ထောင်ကျမည်ဟု ကြိမ်းဝါးမောင်းမဲခြိမ်းခြောက်ခြင်း၊
- အချို့သော သံဃာတော်များမှာ ၎င်းဥပဒေအရ တရားစွဲ၍ အချုပ်အနှောင် ထောင်ချခံရခြင်း၊
- အကြောင်းမညီညွတ်၍ မလိုက်နိုင်သည်ကိုပင် တရားစွဲ၍ ထောင်ချခြင်း၊

http://www.dhammadownload.com

– သဒ္ဒါတရားမရှိသော်လည်း တမင် အလှူအတန်းပြုလုပ်၍ ပင့်ဖိတ်ခြင်း၊ စသောအားဖြင့် ညှဉ်းဆဲကလူ ပြုမူကြလေသည်။

ရဟန်း သံဃာတော်များမှာ 'သဒ္ဒါဒေယျာ နိဘုဇ္ဇ'ဟု ဟောတော်မူသဖြင့် သဒ္ဒါ၍ ပေးကမ်းလှူဒါန်းအပ်သော ဝတ္ထုပစ္စည်းကိုသာ အလှူခံ၍ သုံးဆောင်ထိုက်လေသည်။ ယခုအခါမှာမူကား သဒ္ဒါတရားရှိ၍ လှူဒါန်းသော အလှူကိုဖြစ်စေ၊ သဒ္ဒါတရားမရှိဘဲ ထောင်ချလိုရှိ၍ လှူဒါန်းသော အလှူကို ဖြစ်စေ၊ ပင့်ဖိတ်လာလျှင် အချို့သော သံဃာတော်များမှာ မငြင်းဆန်ဝံ့ဘဲ လိုက်၍ အလှူခံတော်မူကြရလေသည်။

ရှေးအခါကမူကား လိုက်လိုမှ–လိုက်နိုင်မှ–လိုက်ကြရလေသည်။ လှူဒါန်းလိုလျှင် တောရွာကျေးလက်များမှာ သံဃာတော်များအထံ အခွင့်တောင်းပြီးလျှင် သံဃာတော်များ အားလပ်ခွင့်ရသောနေ့ရက်မှာ အလှူလုပ်၍ 'တပည့်တော်တို့အား သနားသဖြင့် အလှူခံတော်မူကြပါ၊ ချီးမြှောက်တော်မူပါ၊ တရားရေအေးတိုက်ကျွေးတော်မူပါ'စသည်ဖြင့် ဂါရဝတရားရှေ့ထား၍ ရိုသေစွာ ရက်ကြိုတင်၍ ပင့်လျှောက်ထားရလေသည်။

ယခုအခါမှာမူကား ထိုသို့ မဟုတ်တော့ပြီ။ မိမိတို့ ပြုလုပ်လိုသော နေ့ရက်မှာ အလှူလုပ်၍ နေ့ရက်နီးကပ် အချိန်နီးကပ်မှ ပင့်လျှောက်ပြီးလျှင် အားလပ်ခွင့်မရ၍ မလိုက်နိုင်သည်ကိုပင် မကျေနပ်ရှိကြလေသည်။

ထိုကြောင့် ရှေးအခါက သက်တော်ဝါတော်ကြီး၍ မည်သည့်ပရိတ်ရွတ် ဆွမ်းစဉ် အလှူအတန်း သာခန်း နာခန်းကိုမှ မလိုက်ခဲ့ဘဲ နေသော သံဃာတော်ကြီး အချို့မှာ ယခုအခါ မလိုက်ဘဲ မနေဝံ့ကြသဖြင့် လိုက်တော်မူကြရလေသည်။ ဤသည်လည်း သာသနာဆုတ်ယုတ်ပုံတစ်ရပ်ပင် ဖြစ်တော့၏။

ဤသို့ သာသနာတော်ကြီး ဂုဏ်မရှိ၊ သံဃာတော်များအား သြဇာမရှိသဖြင့် သာသနာတော်ကြီး ယိမ်းယိုင်နေသည်ကို အားလုံးဗုဒ္ဓဘာသာဝင် လူရှင် ရဟန်းတိုင်း သိအပ်လှပေသတည်း။

ရတနာသုံးပါး ဆရာသမား၌ ရိုသေခြင်း နည်းပါးမှုသည် သာသနာတော် ဆုတ်ယုတ်ရန် အကြောင်းရင်းကြီးတစ်ပါး ဖြစ်ခြင်းကို သတိပြုအပ်လှသော၏။

(၅၃) သာသနာတော်ထမ်း ရဟန်းတော်များကို ဥပဒေနှင့် အုပ်စိုးရန် ကြိုရွယ်ချက် ပေါ်လာခြင်း

သာသနာတော်သက္ကရာဇ် ၂၄၇၂ခု၊ ကောဇာသက္ကရာဇ် ၁၂၉၀–ပြည့်နှစ်တော်သလင်းလတွင် ပေါ်လာသည်။

ပေါ်လာပုံကား–

http://www.dhammadownload.com

ဗုဒ္ဓမြတ်စွာဘုရားကြီး၏ သာသနာတော်ထမ်း ရဟန်းသံဃာတော် ဆရာတော်တို့သည် မိမိတို့၏ ဝိနည်းတရားတော်အရ သာသနာတော်ကြီးကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ကြရလေအောင် ပြည်ပိုင်အစိုးရက သာသနာတော်ရေးဆိုင်ရာ အက်ဥပဒေတစ်ခု ပြုလုပ်ပေးရန် တောင်းဆိုမည်ဟု မောင်မြို့၊ မောင်ရွှေ၊ မောင်ပန်းမောင် အမည်ရှိသူ လူတစ်စုတို့က စတင်၍ ဖြစ်ပွားပေါ်ပေါက်လာသည်။

ယင်းကဲ့သို့ ကြံရွယ်ချက်ရှိသူ လူတစ်စုသည် များလှသခြင်္ကာ အထွေထွေသော ကပ်ကမ္ဘာတို့၌ ပွင့်တော်မူကြကုန်သော အဆူဆူသော ဘုရားရှင်တို့၏ သာသနာကို ဥပဒေစည်းမျဉ်းနှင့် မည်သည့် ပဒေသရာဇ် ဧကရာဇ် စကြာမန္တာတ်လောကနတ်တို့မှ အုပ်စိုးခြင်းကို မပြုလုပ်ဝံ့သဖြင့် အုပ်စိုးခြင်း မရှိခဲ့သည်ကို ချင်းတို့ မသိခြင်းမျှ ဖြစ်သည်။

ဘုရားရှင်တို့ဟူသည်ကုန်သည် 'စက္ကာတိ စက္ကိန္ဒ သက္ကာတိ သက္ကိန္ဒ ဗြဟ္မာတိ ဗြဟ္မိန္ဒ ဒေဝါတိ ဒေဝိန္ဒ ဖြစ်တော်မူကြသည်ကို ချင်းတို့မသိခြင်းမျှ ဖြစ်သည်။

"ဘုံ သုံးဆယ့်တစ်တည်းဟူသော ဩကာသ လောကနှင့်တကွ လူ-နတ်တည်းဟူသော သတ္တလောကအလုံးကို သိမ်းရုံး၍ ဘုရားရှင်တို့၏ ရွှေဖဝါးတော်အောက် စုရောက်ရခြင်း လေးကျွန်းရံပတ် စကြာနတ်တောင် မြတ်ခေါင်သာသနာမပိုင်ရာဟု သက်သေပြုအသွင် ခြေဖဝါးတော်တွင် စက်လက္ခဏာတစ်ရာ့ရှစ်ကွက် ထင်လျက်ရှိသည်ကို ချင်းတို့ မသိခြင်း လွန်ကဲသည်"ဟု သိရှိကြကုန်သော ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည်။

အဇ္ဈူတော ဝတာယံ ဥပဒေသော၊
အဇ္ဈူတော ဝတာယံ ဥပဒေသော။

ဟု သီဆိုမြွက်ကြား ကြလေသည်။

အယံ ဥပဒေသော၊ သာသနာဘက်ဆိုင်ရာတွင် အုပ်ချုပ်မည်ဟု ကြံရွယ်သော ဤဥပဒေသည်။ အဇ္ဈူတော ဝတ၊ ကပ်ဦးအစ မဟာသမတက စသည်သော်၌နင်း အမင်းမင်းတို့၏ သက်ဆင်းထုံးစံ တစ်ရံတစ်ဆစ် ဘယ်ခါပူးမှ မဖြစ်ဖူးလေစွတကား။

အယံ ဥပဒေသော၊ ဤဥပဒေသည်။ အဇ္ဈူတော ဝတ၊ ဘုရားဖြစ်စဉ် ဗုဒ္ဓဝင်နှင့် ကျင့်အပ်စရိယ ငါးရာ ငါးဆယ် ဇာတ်ငယ် ဇာတ်ကြီးအသီးသီး၌ နည်းမှီစရာ မပါစင်စစ် မဖြစ်ဘူးလေစွတကား။

ဟူ၍ ပြောကြားခြင်းကို ပြုကြပြီးလျှင်-သာသနာ သက္ကရာဇ် ၂၄၇၂-ခု ကောဇော သက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ တော်သလင်း လဆန်း ၁၂ရက်တနင်္ဂနွေ တွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်စောင်းတန်းခြေရင်းရှိ စတုဒိသာ

http://www.dhammadownload.com

မဟာသလာ ကျယ်ဝန်းစွာသော ဇရပ်ကြီး၌ ရန်ကုန်မြို့အလယ် တောရကျောင်းတိုက် 'အဂ္ဂမဟာပဏ္ဍိတ'ဘွဲ့တံဆိပ်ကို အင်္ဂလိပ်အစိုးရမင်းများက ပေးအပ်လျှုဒါန်းခြင်းကို ခံယူရရှိတော်မူသော 'ဆရာတော် ဦးကောသလ္လ မဟာဓဇထေရ်'ကို မှူးပြု၍ စည်းဝေးပြီးလျှင်-

> "သာသနာတော်ထမ်း ရဟန်းသံဃာများကို လူတို့ကဲ့သို့ ဥပဒေထား၍ အုပ်စိုးစေမည့် မောင်မြို့စသော လူတစ်စုတို့၏ ကြဲရွယ်ချက်ကို ဗုဒ္ဓဘာသာ ရဟန်းရှင်လူပေါင်း တစ်သောင်းခန့်တို့၏ မျက်မှောက်စုံညီတွင် တားမြစ်ကန့်ကွက် ပယ်ဖျက်ခြင်းနှင့်တကွ သာသနာတော်နှင့် စပ်လျဉ်းသည့် ဥပဒေဟူသမျှ မည်သည့် ဥပဒေမျိုးကိုမျှ မပြုလုပ်ရ'

ဟု တားမြစ် ဆုံးဖြတ်ကြသည်။

ထိုအတူ အရပ်ရပ် အနယ်နယ်မှလည်း သဘောမတူ ပယ်ဖျက်ကြသဖြင့် ၎င်းတို့၏ ကြဲရွယ်ချက်ကို ၎င်းတို့ ကိုယ်တိုင် ကောဇာသက္ကရာဇ် ၁၂၉၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂-ရက်၊ ခရစ်သက္ကရာဇ် ၁၉၂၈ခု၊ ဩဂုတ်လ ၂၆ရက် တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ 'ဂျူဘလီဟောရဲ့'ခေါ် အဆောက်အအုံတစ်ခုၦ လူပရိသတ် အစည်းအဝေးနှင့်တကွ ပြန်နှတ်ရတ်သိမ်း၍ ငြိမ်းအေးလေသည်။

၎င်းနည်းတူ နောက်နောင်မူကား ဖြစ်လာငြားအံ့ များပြား ပရိသတ် စုဝေးလတ်၍ ဆုံးဖြတ် ပယ်ရှားကြကုန်ရာသတည်း။

(၅၄) ဝိတိုရိယ ဘုရင်မကြီး၏အမိန့်ပြန်တမ်း

(၁) ခရစ်သက္ကရာဇ် (၁၈၅၈)တစ်ထောင့် ရှစ်ရာငါးဆယ့်ရှစ်ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၂၀ပြည့်နှစ်တွင် သာသနာ ဘာသာရေးၦ ဝင်ရောက် စွက်ဖက် နှောင့်ယှက်ခြင်းကို မပြုရဟု။ ။ ထုတ်ပြန် ကြော်ငြာသည်။

(၂) ခရစ်သက္ကရာဇ် (၁၈၈၅) တစ်ထောင့်ရှစ်ရာ ရှစ်ဆယ့် ငါးခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၄၇ခုနှစ်၊ သီပေါဘုရင် မင်းမြတ်ကို ယူသွားပြီးနောက် အိ- ဘီစလေဒင်က အမိန့်ပြန်တမ်း ၁၇-ချက်ထုတ်ရာတွင် နံပါတ် ၅ အချက်ၦ 'မြန်မာလူမျိုးတို့၏ ဘာသာသာသနာရေးကို မနှောင့်ယှက် မထိပါးပါ'ဟု ဝန်ခံချက် ပါရှိသည်။

(၃) မြူနီစီပယ်နှင့် မြို့ရွာဌာနဆိုင်ရာ ပြန်တမ်းနံပါတ် ၁၁၄။ ရန်ကုန်မြို့ ၁၈၉၈ခုနှစ် နိုဝင်ဘာလ ၇-ရက်နေ့ ၁၈၉၈ခု၊ မြန်မာနိုင်ငံ မြူနီစီပယ် ဥပဒေ ပုဒ်မ ၅၃ ဒုတိယပုဒ်မ (၁)တွင် အခွင့်အာဏာရှိသည့်အတိုင်း မြန်မာနိုင်ငံ လပ်ဘုရင်ခံ မင်းကြီးက 'ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့်

http://www.dhammadownload.com

ကျောင်းများမှ စ၍ ကျောင်းအတွင်း ပါဝင်သည့် မြေများအပေါ်၌ မည်သည့် အခွန်တော်မျိုးမဆို ခွဲခန့်ခြင်းမှ လွတ်ငြိမ်းချမ်းသာ ပေးတော်မူသည်။

အမိန့်ကေဇက်ထုတ်သည်– မြန်မာ သက္ကရာဇ် ၁၂၆၀ပြည့်နှစ် ကျသည်။

(၅၅) သာသနာ သိသိသာသာ ဆုတ်ယုတ်ပုံ

ယခုကဲ့သို့ သာသနာတော်ကြီး မကြာမီလွန်ခဲ့သော နှစ်အတွင်းတွင်မှ သိသိသာသာ ဂုဏ်အသရေမရှိ ယုတ်လျော့ မှေးမှိန်လာခြင်းမှာလည်း အခြားအကြောင်းကြောင့်မဟုတ်ပေ၊ သာသနာတော်ကြီးပွားထွန်းကားခြင်းကို များစွာ လိုလား အားကြီးသော သမာဆန္ဒ ရှိတော်မူကြကုန်သော အချို့သော ဆရာတော် သံဃာတော်များသည် မိမိတို့ အလုပ်လက်ရှိ ပရိယတ္တိသာသနကိစ္စကြီးကို လက်လွတ်တော် မူကြပြီးလျှင် နိဗ္ဗာန်ရောက်စွက်ဖက် အားပေးချီးမြှောက်ခြင်း ပြုတော်မူကြခြင်းကြောင့် ဟု ဆိုဖွယ်ရာရှိ၏။

အဘယ့်ကြောင့်ဆိုသော် ရှေးအခါက ရဟန်း သံဃာတော်များ လက်ထိပ် အနှောင်အဖွဲ့ခံရသည်။ အကျဉ်းထောင်၌ အချခံရသည်၊ အကျဉ်းထောင်တွင်းမှာ မလုပ်အပ် မလုပ်သင့်သော အမှုမျိုးကို လူတို့ကဲ့သို့ ပြုလုပ်ရသည်။ ရဟန်းအသွင်ကို အတင်းအဓမ္မ ဖျက်ဆီးခြင်း ခံရသည်ကို မကြားသိရလေ။

ဤကဲ့သို့ အကျင့်အာစာရမရှိသော ခိုးသူ– ဓားပြ– လူဆိုးသူခိုးကဲ့သို့ အပြုအမူကို ခံရခြင်းသည် များစွာမှ သာသနာဂုဏ်အသရေ ယုတ်ကြောင်း သာသနာကို ယုံကြည်ရိုသေသူ နည်းပါး၍ သာသနာတော် ကွယ်ပျောက်ရန်အကြောင်း နိမိတ်ဖြစ်ပေါ်လာသည်ဟုပင် ဆိုဖွယ်ရာရှိ၏။

ထို့ကြောင့် သာသနာတော်ကြီး ဂုဏ် အသရေ မည္ဆိုးနွမ်းရန် ထိုကဲ့သို့ အပြုအမူ ခံရတတ်သောမူပြစ်မျိုးမှ လွတ်ကင်းအောင် သာသနာတော်ထမ်းရဟန်းတော်များမှာ အထူးဂရုစိုက်၍ သတိထားစရာ ကောင်းလှပေ၏။

သာသနာသက္ကရာဇ် ၁၈၄၆ခု၊ ကောဇာ သက္ကရာဇ် ၆၆၄ခုနှစ်တွင် မြင်စိုင်း၌ ပုဂံကျော်စွာမင်းကို နန်းချ၍ မင်းညီနောင်သုံးပါးတို့ မင်းပြုသောအခါက 'တိုင်းရေးပြည်ရေးနှင့် စပ်လျဉ်းသော အရာဌာန၌ ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းငှာ ရဟန်းတို့ အား မအပ်'ဟု ကျမ်းဂန်တတ် မထေရ်ကြီးတစ်ပါး ပယ်လိုက်ဖူးသော ထုံးရှိသည်။

http://www.dhammadownload.com

(၅၆)ရဟန်း သံဃာနှင့် စပ်လျဉ်းသော အခွင့်အရေး

ရှေးအခါက ရေမြေသနင်း ပြည့်ရှင်မင်းများသည် ရဟန်းသံဃာတော်များအား ကြမ်းတမ်း ဆိုးဝါးသော မှုပြစ်မျိုးကို မပြုဝံ့ကြလေ၊ ဗိမ္မိသာရမင်းကြီးသည် သိက္ခာပုဒ် ပညတ်တော်မမူသေးမီ မင်းကြီး၏ သစ်တော်များကို ခိုးယူခြင်း ရာဇဝတ်မှုကို ကျူးလွန်သော အရှင်ဓနိယမထေရ်အား သော်လည်း တစ်ခုတစ်ခုသော အပြစ်ပေးခြင်းကို မပြုဝံ့လေ။ ရှေးမင်းများ အပြစ်မပြုဝံ့သည်မှာလည်း အခြားကြောင့် မဟုတ်ပေ–

> 'သင်္ကန်းတည်းဟူသော အမွေတော် ရဟန်းအသွင်ရှိသောကြောင့်သာလျှင် အပြစ်မပြုဝံ့လေသည်၊ သင်္ကန်းကိုလည်း အတင်းအဓမ္မ ချွတ်စေရန် မပြုဝံ့လေ၊ သင်္ကန်းကိုပင် ရိုသေရလေသည်'

ဘုရား အလောင်းတော် ဆဒ္ဒန်ဆင်မင်းသည် သင်္ကန်းကို ဝတ်ဆင်လျက် မိမိကို သတ်ဖြတ်သော သောနုတ္တရမုဆိုး ဒုဿီလမျိုးပင် ဖြစ်သော်လည်း သင်္ကန်းကို ရိုသေသဖြင့် သောနုတ္တရ မုဆိုးအား တစ်စုံတစ်ခု ညှဉ်းပန်းမှုကို ပြန်လှန်၍ မပြုဘဲ အသေခံလေသည်။

ဤသို့ တိရစ္ဆာန်ပင် ဖြစ်သော်လည်း သင်္ကန်းကို ရိုသေခဲ့သော ထုံးဟောင်းဝတ္ထု ရှိသည်ကို ထောက်ထား၍ ရှေးရှေးသော မင်းများ လက်ထက်က ရဟန်း သံဃာများ၌ အပြစ် မပြုဝံ့ခဲ့ကြလေ။

ယခုအခါ မင်း မှူးမတ်များသည်လည်း ငါတို့ သာသနာတော်ကြီးကို ငဲ့ညှာစောင့်ရှောက်သောအားဖြင့် သင်္ကန်းကို ရိုသေရန် ကောင်းလှသေး၏။

ပဋ္ဌမသံဂါယနာတင် မင်းတုန်းဘုရင် မင်းမြတ်ကြီးသည် အခါတစ်ပါး သာသနာပြု ဆရာတော်ဘုရားကြီးများအား လျှောက်ထားသည်မှာ 'သာသနာ သန့်ရှင်းစင်ကြယ်စည်ကားအောင် ပြုလိုကြောင်း' လျှောက်ထားသည်၊ ထိုအခါ ဆရာတော်ကြီးတစ်ပါးက မိန့်တော်မူသည်မှာ 'သာသန ဒါယကာ မဟာမင်းမြတ်၊ သာသနာကို ပြုစုလိုလျှင် ဆင်ကျင့်ကျင့်ရမည်'ဟု မိန့်တော်မူလေသည်ဟု အဆင့်စကားကြားရဖူးသည်။

ဆင်ကျင့် ကျင့်ရမည်ဆိုသည်ကား ဆဒ္ဒန်ဆင်မင်း သင်္ကန်းကို ရိုသေသလို ရိုသေရမည်ဟု ဆိုလိုသည်။

ထို့ကြောင့်ယခုအခါ သာသနာကြည်ညို ပြုစုလိုကြသော သူအပေါင်းတို့သည် သင်္ကန်းကစ၍ ရိုသေပြီးလျှင် သာသနာတော်ကြီး ဂုဏ်အသရေရှိအောင် ပြောဆို ရေးသားရန်သာ သင့်လျော်ကြသည်။ အချို့သော သူများက သာသနာတော်ကို ပုတ်ခတ်အပြစ်တင်၍ ရေးသားပြောဆိုလျှင် သာသနာ့ဝန်ထမ်းရဟန်းတော်များက သတိရ၍ စောင့်ရှောက်လိမ့်မည်ဟု မှတ်ထင်ပြီးလျှင် သာသနာတော်ကြီးကို ပုတ်ခတ်၍

http://www.dhammadownload.com

သာ ရေးသားပြောဆိုလေ့ရှိကြသည်။

ထိုသို့ ရေးသားပြောဆိုခြင်းသည် သာသနာတစ်ခုလုံးနှင့် ဆက်ဆံသဖြင့် သာသနာတော် ဂုဏ်ရောင်ညှိုးနွမ်းဖို့ရာသာ ဖြစ်လေသည်။ သာသနာကို သန့်ရှင်းစင်ကြယ်စေရာ မရောက်လေ။

သာသနာပြုစု ကောင်းစေလိုလျှင် ပုဂ္ဂလ မိဒ္ဓာန်အားဖြင့် ထိုပုဂ္ဂိုလ်ရှိရာသို့ သွားရောက်၍ လျှောက်ထားပြုပြင်သင့်သည်။ သာသနာတော်နှင့် မထိုက်မတန်သော ပုဂ္ဂိုလ်ဖြစ်က သာသနာတော်မှ ရွှေ့လျောစေရာ၏။ သာသနာအရိပ်ကိုခို၍ သာသနာတု သာသနာယောင် ဆောင်နေသူဖြစ်ကလည်း သုတ်သင်ရှင်းလင်းရာ၏။ ယင်းသို့ပြုလုပ်မှ သာသနာကို ပြုစုရာ သန့်ရှင်းစေရာ ရောက်မည်။

ယခုအခါ သာသနာတော်တွင်းမှာ သာသနာတု သာသနာယောင်၊ ရဟန်းတု-ရဟန်းယောင် ဆောင်နေပြီးလျှင် သာသနာတော် ဂုဏ်ရောင်ညှိုးနွမ်းအောင် ပြုလုပ်နေသူတွေအများအပြားပင် ရှိပေလိမ့်မည်။ ထိုသူတွေကို နိုင်ငံအရှင်မင်းများအထံမှ အကူအညီတောင်းယူပြီးလျှင် သုတ်သင်ရှင်းလင်းရန် သာသနာစောင့် ဆရာတော်သံဃာတော်များနှင့် လူကြီးလူကောင်း ဒါယကာ ဒါယိကာမ အပေါင်းတို့က စီမံရန် အခွင့်အခါ ရောက်ရှိနေပြီ။

(၅၇) သင်္ကန်းအရောင် ဆုတ်ယုတ်ပုံ

အနုဇာနာမိ ဘိက္ခဝေ ဆ ရဇနာနိ၊ မူလ ရဇေန် ခန္ဓ ရဇေန် တစရဇုန် ပတ္တ ရဇေန် ပပ္ပ ရဇေန် ဖလရဇေနဉ္စိ။[၁]

ဟူ၍ ဝိနည်း မဟာဝါ ပါဠိတော်၌ ဆိုးရည်ခြောက်မျိုးကို ဘုရားခွင့်ပြုတော်မူသည်။ ထိုဆိုးရည်ခြောက်မျိုးမှ တစ်ပါး အခြားသော ဓာတ်သတ္တုကျောက်မြေစသည်မှ ပြုပြင်၍ ဖြစ်သော ဆိုးရည်သည် အလျဉ်းပင် ဆိုးခြင်းငှာ မအပ်ပေ။

ထိုဆိုးရည်ခြောက်မျိုးတို့တွင်လည်း-

- အမြစ်ဆိုးရည်၌ နနွင်းဆိုးရည် မအပ်၊
- ပင်စည်ဆိုးရည်၌ ထန်ကျင်ပိန်နွယ် ဆိုးရည်မအပ်၊
- အခွံ အခေါက်ဆိုးရည်၌ တောက်ရပ်ခေါက် ကြာပိုင်ခေါက်ဆိုးရည် မအပ်၊

ယခုကာလ ဆိုးကြသော 'မဒမ'ခေါက်ကို ကြာပိုင်ခေါက်ဟူ၍လည်း အဆိုရှိသည်။ ဆင်ခြင်၍ဆိုး။

၁။ ဝိနယမဟာဝဂ္ဂပါဠိ၊ ၃၉၉။

http://www.dhammadownload.com

- အရွက်ဆိုးရည်၌ မဲရွက် ဒန်းရွက် ဆိုးရည်မအပ်၊
- အပွင့်ဆိုးရည်၌ ဝတ်ပန်းပွင့် ဆူးပန်းပွင့်ပေါက်နွယ်ပွင့် ဆိုးရည်မအပ်၊
- အသီးဆိုးရည်၌ မအပ်သော အသီးမည်သည် မရှိ။

ယခုကာလ ဆိုးရည်ကို မစိစစ်ဘဲ ဝတ်ရုံ သုံးဆောင်လေ့ရှိကြသည်။ ဟော်လဲသွေး၊ မော်လမြိုင်သွေးခေါ်သော သင်္ကန်းများသည် ဓာတ်သတ္တုမြေကျောက် စသည်မှ ဖြစ်သော ဆေးဆိုးသင်္ကန်းများဟု ပြောဆိုလေ့ရှိကြ၏။ ထိုသင်္ကန်းများသည် သင်္ကန်းအဖြစ်သို့ ရောက်အောင် မချုပ်လုပ်သေးမီ၊ သင်္ကန်းအဖြစ်သို့ မရောက်သေးမီ သင်္ကန်းလျာကပင် တိုင်းတစ်ပါးမှလာသော 'အထည်ဝါ'များ ဖြစ်၍ မူလဆိုးရည်ကို စိစစ်ပြီးမှသာလျှင် သာသနာတော်ထမ်း ရဟန်း သံဃာတော်တို့အား သမဏသာရုပ္ပ ဖြစ်၍ အပ်သော အရောင်အသွေး အဆင်းရှိသောသင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်ကြရန် သင့်လျော်သည်။

ရှေးအခါက သင်္ကန်း၌ သံသယ ကုက္ကုစ္စ မဖြစ်ကြစေရန် သင်္ကန်းလျာ သင်္ကန်းစကို ရလာလျှင် ကိုယ်တိုင် ပဋ္ဌဇက် သတ္တဇက် စသည်တို့ဖြင့် စီရင်၍ ဓားဖြင့် ဖြတ်ခြင်း၊ ကိုယ်တိုင်ချုပ်ခြင်း၊ ကိုယ်တိုင်ဆိုးခြင်း အမှုတို့ကို ပြုလုပ်၍ ဝတ်ရုံ သုံးဆောင်တော်မူကြလေသည်။

(၅၈) သင်္ကန်းရောင် ကွယ်ပျောက်သွားမည်ကို သတိရစရာကောင်းခြင်း

ယခုအခါမှာမူကား သင်္ကန်းဆုံးတတ်၊[1] ချုပ်တတ်၊ ဆိုးတတ်သော ရဟန်းသာမဏေ ဟူ၍ပင် နည်းပါးလာလေပြီ။ သင်္ကန်းချုပ်လုပ်၍ ရောင်းစားအသက်မွေးသော သင်္ကန်းကုန်သည်တို့ ချုပ်လုပ်ဆိုးပေးသမျှနှင့်ပင် တင်းတိမ်ရောင့်ရဲ၍ အပ်မအပ်ကို မစိစစ်ဘဲ ဝတ်ရုံသူပေါများ၏။

သင်္ကန်းကုန်သည် ဒါယကာများသည် တိုင်းတစ်ပါးမှ ဆိုးပြီးလာသော 'အထည်ဝါ'များကို မူလဆိုးရည်ကို သေချာစွာ မသိနိုင်သဖြင့် သင်္ကန်းချုပ်လုပ်ရန် အလျဉ်းမသင့်လျော်။ မူလဆိုးရည်က အပ်စေကာမူ အသွေးအဆင်းအရောင်သည် ရှေးအခါက ဝတ်ရုံသုံးဆောင်လာခဲ့သော ပိန္နဲဆိုးသင်္ကန်းများလောက် သမဏသာရုပ္ပမဖြစ်၊ ကြည်ညိုဖွယ်ကို မဆောင်တတ်၊ သမဏဇေဋ္ဌမရသော အသွေးအဆင်းအရောင်များသာ ဖြစ်လေသည်။

၁။ ဆုံးတတ် = ဖြတ်တတ်။ ။ ဆုံး-ဖြတ်ခြင်း အနက်ဟော။

http://www.dhammadownload.com

နိကြောင်ကြောင် ပြောင်ချော်ချော် အရောင်အဆင်းသာ ရှိသည်ဖြစ်၍ အသက်သိက္ခာ ဝါတော်ကြီးရင့်သော မထေရ်ကြီးများ ဝတ်ရုံသုံးဆောင်ခြင်းငှာ မသင့်သော အရောင်များသာ ဖြစ်လေသည်။ ယခုအခါ ထိုသင်္ကန်းရောင်မျိုးကို ဝတ်ရုံသုံးဆောင်သော ရဟန်းငယ် ရှင်ငယ်များသာ ပေါများလာသဖြင့် သင်္ကန်းရောင်ကအစ သာသနာရောင် ဆုတ်ယုတ်လေသည်။

သင်္ကန်းရောင်တည်းဟူသော သာသနာရောင်သည် တိုင်းတစ်ပါး ဘာသာတစ်ပါးမှ ဖြစ်လာသော သင်္ကန်းရောင် သာသနာရောင်မဟုတ်။ ယခုအခါ ငါတို့မြန်မာနိုင်ငံ မြန်မာတိုင်း အတွင်း၌သာလျှင် ဖြစ်ပေါ်တည်ရှိသော သင်္ကန်းရောင်သာသနာရောင် ဖြစ်လေသည်။

ထို့ကြောင့် တိုင်းတစ်ပါးမှဖြစ်သော သင်္ကန်းရောင်တု 'အထည်ဝါ'ရောင်တို့ဖြင့် မတောက်ပစေဘဲ ကိုယ့်နိုင်ငံတွင်ဖြစ်သော ပိန္နဲဆိုး သစ်ခေါက်ဆိုးစသော သင်္ကန်းရောင်အစစ်ကိုသာ တောက်ပစေရာ၏။ ချုပ်လုပ် ဝတ်ရုံသုံးဆောင်ရာ၏။ ပြဆိုအပ်ခဲ့ပြီးသော 'အထည်ဝါ'ရောင်ကိုသာ ဝတ်ရုံသုံးဆောင်သူ ပေါများလာပါလျှင် တစ်စတစ်စ တဖြည်းဖြည်း သင်္ကန်းရောင်အစစ် တိမ်ကော ကွယ်ပျောက်သွားမည်ကို သတိရစရာ ကောင်လှပေသည်။

အနာဂတေ သာသနံ လဒ္ဓိနော ရိက္ခိဿန္တိ၊ လဒ္ဓိနော ရက္ခိဿန္တိ၊
လဒ္ဓိနော ရက္ခိဿန္တိ။

ဟု-သင်္ဂါယနာတင် မထေရ်ကြီးများ မြွက်ကြားတော်မူခဲ့သည်။ နောက် အနာဂတ်ကာလ၌ သာသနာတော်ကြီးကို လဒ္ဓိ၊ သူတော်ကောင်းတို့သာ စောင့်ရှောက်ကုန်လိမ့်လတ္တံ့ဟု သုံးကြိမ်တိုင်တိုင် မြွက်ကြားတော်မူခဲ့ကြသည်အား လျော်စွာ ယခုအခါ လဒ္ဓိပေသလ သိက္ခာကာမ ဖြစ်တော်မူကြကုန်သော ဆရာတော်သံဃာတော်များသည် သာသနာတော်ကြီးကို စောင့်ရှောက်သော အားဖြင့် မိမိတို့၏ တပည့်တပန်း ရဟန်းသာမဏေတို့ကို ဝိနည်းသိက္ခာပုဒ်၌ လိမ္မာပြွမ်းတီးစောင့်ရှောက် ထိန်းသိမ်းတတ်စေရန် ကြောင့်ကြစိုက်၍ သင်ကြားဆုံးမ ဩဝါဒပေးတော်မူကြရန် သင့်လျော်လှပေသတည်း။

(၅၉) သာသနာငါးထောင် ပြဆိုချက်

ဝဿသဟဿန္တိ စေတံ ပဋိသမ္ဘိဒါ ပဘေဒပ္ပတ္တာ ခီဏာသဝ ဝသေနေဝ ဝုတ္တံ၊ တတော ပန ဥတ္တရိပိ သုက္ခဝိပဿက ခီဏာသဝ ဝေသနေ ဝဿသဟဿံ၊ အနာဂါမိ ဝသေန ဝဿ သဟဿံ၊ သကဒါဂါမိ ဝသေန ဝဿသဟဿံ သောတာပန္နဝသေန ဝသ ဝဿဟဿန္တိ ဧဝံ ပဉ္စ ဝဿ

http://www.dhammadownload.com

သဟဿာနိ ပဋိဝေဓ သဒ္ဒမ္မော ဌဿတိ။[၁]

ဟူ၍ ဝိနည်း စူဠဝါအဋ္ဌကထာ ဘိက္ခုနီ ခန္ဓကဋ္ဌ သာသနာ (၅၀၀၀) ငါးထောင် စေ့အောင်ပင် သေချာစွာ ရေတွက်ပိုင်းခြား၍ မိန့်ဆိုဖွင့်ပြတော်မူ၏။

အဓိပ္ပာယ်ကား-

(၁) ပဋိသမ္ဘိဒါ လေးပါးနှင့် ပြည့်စုံသော ရဟန္တာခေတ် အနှစ်တစ်ထောင်၊

(၂) သုက္ခ ဝိပဿက ရဟန္တာခေတ် အနှစ်တစ်ထောင်၊

(၃) အနာဂါမ်ခေတ် အနှစ်တစ်ထောင်၊

(၄) သကဒါဂါမ်ခေတ် အနှစ်တစ်ထောင်၊

(၅) သောတာပန်ခေတ် အနှစ်တစ်ထောင်။

ဤကဲ့သို့လျှင် အနှစ်ငါးထောင်ပတ်လုံး ပဋိဝေဓ သာသနာတော်ကြီးသည် တည်လတ္တံ့ ဖြစ်သတည်း။

ပဋိသမ္ဘိဒါ ပတ္တေဟိ ဝဿ သဟဿံ အဋ္ဌာသိ၊ ဆဠဘိညေဟိ ဇဿ သဟဿံ၊ တေဝိဇ္ဇေဟိ ဝဿသဟဿံ၊ သုက္ခ ဝိပဿကေဟိ ဝဿသဟဿံ ပါတိမောက္ခေဟိ ဝဿသဟဿံ အဋ္ဌာသိ။[၂]

ဟူ၍လည်း ဒီဃနိကာယ် သမ္မသာဒနိယသုတ် အဖွင့်အဋ္ဌကထာ၌ မိန့်ဆိုဖွင့်ပြတော်မူလျက်ရှိသည်။

အဓိပ္ပာယ်ကား သာသနာတော်ကို ငါးစုငါးပုံပြု၍-

(၁) ပထမအစုကာလ၌ ပဋိသမ္ဘိဒါ လေးပါးရသော ရဟန္တာခေတ် တစ်ထောင်၊

(၂) ဒုတိယ အစုကာလ၌ အဘိညာဉ် ခြောက်ပါးကို ရသော ရဟန္တာခေတ် တစ်ထောင်၊

(၃) တတိယအစုကာလ၌ ဝိဇ္ဇာသုံးပါးကို ရသော ရဟန္တာခေတ် တစ်ထောင်၊

(၄) စတုတ္ထအစုကာလ၌ သုက္ခ ဝိပဿက ရဟန္တာခေတ်တစ်ထောင်၊

(၅) ပဉ္စမ အစုကာလ၌ အပါယ်စသည်မှ ကင်းသော သောတာပန်အစရှိသော အရိယာခေတ်တစ်ထောင်။

ဤသို့လျှင် သာသနာတော် ၅၀၀၀ ဖြစ်သတည်း။

ဗုဒ္ဓနံ ပရိနိဗ္ဗာနတော ဝဿ သဟဿမေဝ ပဋိသမ္ဘိဒါ နိဗ္ဗတ္တေတုံ သက္ကောန္တိ တတော ပရံ ဆဠဘိညာ၊ တတောတာပိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ တိဿော ဝိဇ္ဇာ နိဗ္ဗတ္တေန္တိ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေတာပိ

၁။ စူဠဝဂ္ဂအဋ္ဌကထာ၊ ၁၂၇။ စူဠဝါအဋ္ဌကထာ၊ ၁၂၇။

၂။ ပါထိကဝဂ္ဂအဋ္ဌကထာ၊ ၈၃။

http://www.dhammadownload.com

နိဗ္ဗတ္တေတုံ အသက္ကောန္တာ သုက္ခ ဝိပဿကာ ဟောန္တိ ဧတေ နေဝ ဥပါယေန အနာဂါမိနော သကဒါဂါမိနော သောတာပန္နာတိ။[၁]

ဟူ၍လည်း အဂုံတ္တိုရ် အဋ္ဌကထာ သဓမ္မာဟဝိနောဒနီ အဋ္ဌကထာတို့၌ မိန့်ဆို လျက်ရှိ၏။

အဓိပ္ပာယ်-ဒီဃနိကာယ် အဋ္ဌကထာနှင့်တူ၏။

ထို့ကြောင့် ဘုရားရှင်၏ အလိုတော်ကို ထိမိအောင် သိရှိတော်မူကြကုန်သော ဗုဒ္ဓမတညူ ကျမ်းပြုမထေရ်ကြီးများ မိန့်ဆိုဖွင့်ပြသော အဋ္ဌကထာလာစကားများကို ယုံကြည်ကိုးစား၍ သာသနာတော် (၅၀၀၀)တည်ရှိကြောင်းကို မုချဆတ်ဆတ် သန္နိဋ္ဌာန်ကျ သိကြရာ၏။

(၆၀) ဘုရားဟော သဘောကျ ဆင်ခြင်

ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ။[၂]

ဟူသော စူဠဝါ ပါဠိတော်ကို အထောက်အထားပြု၍ 'ဘုရားထားတော်မူခဲ့သော သာသနာတစ်ထောင်သာ တည်ရှိသည်။ အနှစ်တစ်ထောင် ကျော်လွန်သည်က စ၍ သာသနာကုန်ပြီး ကွယ်ပြီး'ဟူ၍ အချို့သော သူများသည် ပြောဆိုလေ့ရှိ၏။ ထိုသူများသည် 'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'ဟူသော ဝိနည်း စူဠဝါပါဠိတော်ကို ဘုရားအလိုတော်ကျ ထိမိအောင် ဉာဏ်မသက်ဝင်နိုင်သော သူများသာ ဖြစ်သည်ဟု ဆိုရာ၏။

ဘုရားအလိုတော်ကျ ထိမိအောင် ဉာဏ်သက်ဝင်နိုင်သော ပါရမီဒဗ္ဗသမ္ဘာရ အဆောက်အအုံ ကြီးကျယ်သော အဋ္ဌကထာဆရာများကို ထိပါးပုတ်ခတ်၍ မာန်မာန ထောင်ကြသော သူများသာဟု မှတ်ယူရာ၏။

ဘုရားအလိုတော်သည်ကား 'အမြတ်ဆုံး ပါရမီအလွန်ကဲဆုံးဖြစ်သော ပဋိသမ္ဘိဒါ ပတ္တ ရဟန္တာဖြစ်နိုင်သောခေတ် အနှစ်တစ်ထောင်'ကိုသာ ရည်တော်မူ၍ 'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'ဟု ဟောတော်မူသည်။

ထို ရှေးဦးစွာသော အနှစ်တစ်ထောင်အတွင်း၌ ပဋိသမ္ဘိဒါ ပတ္တရဟန္တာဆဋ္ဌဘိည ရဟန္တာ၊ တေဝိဇ္ဇ ရဟန္တာ၊ သုက္ခဝိပဿကရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ကလျာဏပုထုဇဉ် ဤသာဝကအစုံအလင် တည်ရှိ၍ သူတော်ကောင်း တရားကြီး ယုတ်ယိုခြင်းမရှိ၊ ပျံ့လိုင်စည်ကားမည်ကို ရည်တော်မူ၍လည်း-

---

၁။ အဂုံတ္တရအဋ္ဌကထာ၊ ၁၊ ၈၅။

၂။ စူဠဝါပါဠိ၊ ၄၄၆။

http://www.dhammadownload.com

'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'

ဟု ဟောတော်မူသည်။

ပထမ အနှစ်တစ်ထောင်ကျော်လွန်၍ ဒုတိယအနှစ်တစ်ထောင်အတွင်းသို့ ရောက်သောကာလ ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရရှိအောင် အားထုတ်သော အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်ချို့ယွင်း၍ ပဋိသမ္ဘိဒါပတ္တရဟန္တာမဖြစ်နိုင်တော့ဘဲ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် ကွယ်လွန်လေ၏။ ကြွင်းကျန်သော ဆဠာဘိညရဟန္တာစသည်ဖြစ်နိုင်သော ခေတ်လေးမျိုးသာ တည်ရှိလေ၏။

အနှစ်နှစ်ထောင် ပြည့်သောအခါ ဆဠာဘိညရဟန္တာခေတ် ကွယ်လွန်ပြန်၍ ကြွင်းကျန်သော ခေတ်သုံးမျိုးကား တည်ရှိလေ၏။

အနှစ်သုံးထောင်ပြည့်သောအခါ တေဝိဇ္ဇရဟန္တာခေတ် ကွယ်လွန်ပြန်၍ ကြွင်းကျန်သော ခေတ်နှစ်မျိုးကား တည်ရှိလေ၏။

အနှစ်လေးထောင်ပြည့်သောအခါ သုက္ခဝိပဿကရဟန္တာခေတ် ကွယ်လွန်ပြန်၍ သေက္ခခေတ်တစ်မျိုးသာ တည်ရှိတော့သည်။ ထိုသေက္ခခေတ်လည်း အနှစ်ငါးထောင်စေ့သောအခါ ကွယ်လွန်လိမ့်လတ္တံ့။

ထို့ကြောင့် ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက် အနှစ်ငါးထောင်ပြည့်၍ သေက္ခပုဂ္ဂိုလ် ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကွယ်လွန်သောအခါမှ ဂေါတမမြတ်စွာဘုရား သာသနာတော်ကြီး မရှိပြီ၊ ကွယ်လွန်ပြီဟု ဆိုရမည်။

ဤသို့လျှင် ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တစ်ထောင်ကျော်လွန် မှ သာသနာတော် အစဉ်အတိုင်း ဆုတ်ယုတ်လေသည်။ အနှစ်တစ်ထောင်အတွင်းမှာ ပဋိဝေဓ သာသနာတော်လည်း မဆုတ်ယုတ်သေး။ ပဋိပတ္တိ သာသနာတော်လည်း မဆုတ်ယုတ်သေး။ ပရိယတ္တိ သာသနာတော်လည်း မဆုတ်ယုတ်သေး။ သာသနာသုံးပါး လိုင်လိုင်ကြီး စည်ကားထွန်းလင်းမည်ကို ရည်တော်မူ၍လည်း 'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'ဟု ဟောတော်မူသည်ဟု မှတ်ယူရာ၏။

(၆၁) လယ်တီဆရာတော်၏ ရှင်းလင်းချက်

ဤအရာ၌ လယ်တီဆရာတော်၏ရှင်းလင်းချက်ကို ပြဆိုဦးအံ့။

'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'

ဟူသောပါဠိတော်၌ သဒ္ဓမ္မသည်-

(၁) ပရိယတ္တိ သဒ္ဓမ္မ၊

(၂) ပဋိပတ္တိသဒ္ဓမ္မ၊

http://www.dhammadownload.com

(၃) ပဋိဇဝသဒ္ဒမူ၊

ဟူ၍ သုံးပါး၊ရှိ၏။ ထိုသုံးပါးတို့တွင်-

(၁) ပရိယတ္တိ သဒ္ဒမူဆိုသည်ကား၊ ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းတို့ကို ဆို၏။

(၂) ပဋိပတ္တိသဒ္ဒမူဆိုသည်ကား သီလ သမာဓိ ပညာ သိက္ခာ သုံးပါးကို ဆို၏။

(၃) ပဋိဇဝသဒ္ဒမူဆိုသည်ကား မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော လောကုတ္တရာ ကိုးပါးကို ဆို၏။

ထိုတွင် ပရိယတ္တိ သဒ္ဒမူသည် စာပေ ကျမ်းဂန်နှင့်တကွ သင်ကြ ချကြ ကြည့်ရှုကြ တတ်မြောက်ကြလျက် ယနေ့ထက်တိုင်အောင် ထင်ရှားရှိနေ၏။

ပဋိပတ္တိသဒ္ဒမူမှာလည်း ကုဋေကိုးထောင်ကျော်မျှသော သိက္ခာ သီလတို့ကို ယနေ့ထက်တိုင်အောင်ပင် ဖြည့်ကျင့် စောင့်ရှောက်လျက် ရှိကြကုန်၏။

ကျန်ရှိသော စျာန်အဘိဉာဏ် သမာပတ်များနှင့်တကွ ပဋိဇဝ သဒ္ဒမူသည်လည်း ဘယ်လို အားထုတ်လျှင် ဘယ်စျာန်ကိုရ၏။ ဘယ် အဘိဉာဏ်ကို ရ၏။ ဘယ်သမာပတ် ကိုရ၏။ ဘယ်မဂ် ဘယ်ဖိုလ်ကို ရ၏ဟု အကုန်သိလျက် ရှိ၏။ ထိုသို့ အသိဉာဏ်တွေ နေလ နက္ခတ် တာရာ အသွင် ထင်ရှားစွာရှိသောကြောင့် ထိုစျာန် အဘိဉာဏ် သမာပတ် ထိုမဂ် ထိုဖိုလ်ဟူသော ပဋိဇဝသောသနာတော်ကြီးကိုလည်း ယခုအခါ မရှိပြီ၊ ကွယ်လွန်ပြီဟု မဆိုထိုက်သေး။ ဥပမာကား သူဌေးကြီးတစ်ဦးမှာ သားသမီးများစွာ ရှိ၏။ နောင်သားမြေး အစဉ်အဆက် ချမ်းသာရစ်ကြစေရန် ရွှေအိုး ငွေအိုး ပတ္တမြားအိုး များကို သင့်လျော်ရာ မြေတွင်း၌ မြှုပ်ထား၍ အမှတ်အသား စာတမ်းများကိုလည်း အသေအချာစေ့စုံစွာ ရေးထား၍ခဲ့၏။ သားသမီးများသည် ထို ရွှေအိုး ရတနာအိုးများကို တူးဖော်၍ အသုံးမပြုကြသော်လည်း ထိုအမှတ်အသား စာတမ်းများကို ဖတ်ရှု၍ ဘယ်နေရာ ဘယ်ရတနာအိုးရှိ၏ဟု သိကြ၏။

ဤဥပမာ၌ ထိုအမှတ်အသား စာတမ်းများ ထင်ရှားရှိ၍ ထိုရတနာအိုးများကို နေရာဌာနနှင့်တကွ သိရှိသမျှ ကာလပတ်လုံး တူးဖော်၍ မသုံးကြသည်အတွက်နှင့် ထိုရတနာများ မရှိပြီ၊ ကွယ်ပျောက်ပြီဟု မဆိုရသကဲ့သို့တည်း။

ထို သဒ္ဒမူခေါ်သော သာသနာတော်ကြီးသုံးပါး ယခုထက်တိုင် ထင်ရှားရှိခြင်း၏အကြောင်းမှာလည်း-

- ပထမ- ဒုတိယ- တတိယ- စတုတ္ထ သင်္ဂါယနာတင် ရဟန္တာ အရှင်မြတ်ကြီးတို့၏ အစွမ်းသတ္တိတော်များအတွက်ကြောင့် တစ်ကြောင်း။

http://www.dhammadownload.com

- အဇာတသတ်မင်း၊ ကာလာသောကမင်း၊ ဓမ္မာသောကမင်း၊ ဒေဝါနံပိယတိဿမင်း၊ ဝဋ္ဋဂါမဏိမင်း အစရှိသော ဘုန်းတန်ခိုးကြီးသော ဗုဒ္ဓဘာသာသာသနာပြု မင်းစဉ်မင်းဆက်တို့၏ အစွမ်းသတ္တိကြောင့်တစ်ကြောင်း၊
- ရဟန်း သံဃာတော် အဆက်ဆက်တို့လည်း တန်ခိုးပညာ ကြီးကြကုန်သော အရှင်အာနန္ဒာ၊ အရှင်ယသ၊ အရှင်မဟိန္ဒ အစရှိသော သာသနာပြု ရဟန်းတော်ကြီးများ၏ အစွမ်းသတ္တိကြောင့်တစ်ကြောင်း။

ဤအကြောင်းများကြောင့် သဒ္ဓမ္မခေါသော ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီးသည် ယနေ့ထိတိုင်အောင် တည်ရှိလေသတည်း။

ဤသည်ကား 'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'ဟူသော ပါဠိတော်မြတ်ပါဌ်၌ ဖြောင့်မတ်စွာသိအပ်သော အနက်အဓိပ္ပာယ်တည်း။

ဤကား လယ်တီဆရာတော်ရှင်းလင်းချက်တည်း။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အကြောင်းယုတ္တိ ဒဋ္ဌီသာဓက ဖြစ်သော ပါဠိအဋ္ဌကထာတို့ကို ထောက်ထား၍ ဘုရားရှင် သာသနာတော် ငါးထောင်တည်ရှိမည့် အကြောင်းကို သံသယ ကုက္ကုစ္စမရှိ မှတ်ယူသင့်သည်နှင့်တကွ ယခု သာသနာတော် သက္ကရာဇ် နှစ်အရေအတွက်ကား ၂၄၆၉ ခုမျှသာရှိသေး၍ သာသနာသက္ကရာဇ် တစ်ဝက် မလွန်သေးရကား ဥပနိဿယနှင့် ပြည့်စုံသော အာရဒ္ဓ ဝိပဿတ ပုဂ္ဂိုလ်များသည် တဝိဇ္ဇရဟန္တာ အဖြစ်သို့ ရောက်နိုင်သေးသောခေတ်အတွင်းမှာပင် ရှိသေးသည်ဟု မှတ်ယူရာ၏။

'သာသနာတော် ကုန်ပြီ၊ ကွယ်ပြီ'ဟူသောအယူသည် -

- အမရပူရ မြို့တည်နန်းတည် ဘိုးတော် ရှင်ဘုရင်လက်ထက်ကလည်း ကြီးကျယ်စွာ ဖြစ်ပွားပေါပေါက်ဖူးသည်ဟူ၍လည်းကောင်း၊
- ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်း မင်းတရားကြီးလက်ထက်၌လည်း မောင်ပိုမည်သော ဥပါသကာသည် သာသနာတော် တစ်ထောင်သာတည်သည်ဟူသောအယူကို မစွန့်ခြင်းကြောင့် အသတ်ခံရသည် ဟူ၍လည်းကောင်း။

ပြောဆိုရေးသားထားသည်ကို တွေ့မြင်ဖတ်ရှုရ၏။ ထိုအယူများကိုလိုက်၍ ယခုအခါ 'သာသနာတော်မရှိဘူး ကုန်ပြီ၊ ကွယ်ပြီ'ဟု ယောင်ယောင်ဝါးဝါး ပြောကြဟန် လက္ခဏာရှိ၏။ ထို့ကြောင့် -

'ဝဿသဟဿံ သဒ္ဓမ္မော တိဋ္ဌေယျ'ဟူသောပါဠိတော်ကို သဘောကျအောင် ကြံဆင်ခြင်နိုင်ရန် မကျဉ်းမကျယ် ရေးသားခဲ့သတည်း။

မိခင်ဧရာဝတီ

http://www.dhammadownload.com

(၆၂) သိကြား သာသနာဆိုသော စကား ရှင်းလင်းချက်

ယခုအခါ အချို့သောသူများသည် –

'ဘုရားသာသနာ မရှိဘူး၊ သိကြား သာသနာသာရှိတော့သည်'

ဟု ပြောဆိုလေ့ရှိကြ၏။ ထိုစကားသည် မှတ်သားထိုက်သောစကားမဟုတ်၊ အရိပ်အမြွက်မျှပင်မှ ပါဠိတော် အဋ္ဌကထာတို့၌ အဟောမရှိ၊ အဆိုမရှိ။ သိကြားသည် သောတာပန် ဘုရားတပည့်သား သာဝက ဖြစ်၍ သာသနာတော်ကို စောင့်ရှောက်ကြည့်ရှုရုံသာ ကြည့်ရှုနိုင်ရာ၏။

ဘုရားရှင် ထားတော်မူခဲ့သော သာသနာခေတ် ကွယ်ပျောက် ကုန်ဆုံးပြီးမှ ဆက်လက်၍ သိကြားက သာသနာထားသေးသည် ဆိုသောစကားသည် အသင့် ယုတ္တိမရှိ၊ သိကြားမှာ သာသနာခေတ် ထားနိုင်သော အစွမ်းသတ္တိမရှိ၊ ဘုရားရှင် သာသနာဖြစ်၍ ဘုရားရှင်သာလျှင် သာသနာခေတ်ကို ထားတော်မူနိုင်ရာ၏။ တစ်ပါးသော သာဝကတို့ မထားနိုင်ရာ။[၁]

ကဿပဘုရား သာသနာတော် ဆုတ်ယုတ်သောအခါ သိကြားမင်း လူ့ပြည်သို့ ဆင်း၍ တရားမစောင့်ကုန်သော သူတို့အား ခြိမ်းခြောက်ဖူးသည်ကိုအစွဲပြု၍ ယခုအခါ သိကြား သာသနာဟု ပြောကြဟန် လက္ခဏာရှိ၏။

ကဿပဘုရား သာသနာ ဆုတ်ယုတ်သောအခါ သိကြား ခြိမ်းခြောက်ပုံကား – ကဿပဘုရား သာသနာ ဆုတ်ယုတ်သောအခါ ဗာရာဏသီပြည် ဥသိနကမင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူပြည်သား လူများအပေါင်းသည် တရားမစောင့်ကြကုန်၊ ရဟန်းများသည်လည်း ရဟန်းတို့အား မလျော် မလျောက်ပတ်၊ ရဟန်းတို့အား မအပ်သော အမှုအရာနှင့် အသက်မွေးကြကုန်၏။

ရဟန်းမိန်းမ များသည်လည်း ရဟန်းမိန်းမတို့အား မလျော် မလျောက်ပတ်သော အမှုအရာနှင့် အသက်မွေးကြကုန်၏။

ဥပါသကာ ယောကျ်ားများသည်လည်း ဥပါသကာ ယောကျ်ားတို့ ကျင့်အပ်သော တရားကို လက်လွတ်၍ အသက်မွေးကြကုန်၏။

ဥပါသိကာ မိန်းမတို့သည်လည်း ဥပါသိကာ မိန်းမတို့ ကျင့်အပ်သောတရားကို လက်လွတ်၍ အသက်မွေးကြကုန်၏။

ထိုအခါမှာ များသောအားဖြင့် လူများအပေါင်းသည် မကောင်းမှု ဒုစရိုက်နှင့်သာ အသက်မွေးကြကုန်သဖြင့် သေတိုင်း သေတိုင်းသော သူတို့သည် အပါယ်လေးဘုံသို့သာ

၁။ ဘုရားရှင်က သိကြားမင်းအား သာသနာတော်ကို ကူညီပါရန် မိန့်ကြား၊ ဝိ၊ ၁၊ ၌၊ ၅၃။ သိကြားမင်းက ကူညီပါမည်ဟုဝန်ခံ၊ သီလက္ခန္ဓပါဠို၊ ၈၉၊ ၌၊ ၂၃၆။

http://www.dhammadownload.com

ရောက်ကြကုန်၏။ အပါယ်လေးဘုံမှာ ပြည့်နှက်စည်ကားလေ၏။ အထက် နတ်ပြည် နတ်ရွာများမှာ အသစ်ဖြစ်သော နတ်သား နတ်သမီးပင် မရှိလေ၊ ခန်းခြောက်လေ၏။

ထိုအခါ သိကြားမင်းသည် အသစ်ဖြစ်သော နတ်သား နတ်သမီးများကို မမြင်ရ သဖြင့် လူ့ပြည်လောကကို ကြည့်ရှုသည်ရှိသော် လူတို့၏ အပါယ်လေးဘုံ၌ အရောက် များသောအဖြစ်၊ သာသနာတော် ဆုတ်ယုတ်သောအဖြစ်ကို မြင်၍ လူအပေါင်းတို့ကို ထိတ်လန့်ကြောက်ရွံ့စေပြီးလျှင် 'ဆုတ်ယုတ်သော သာသနာကို ချီးမြှောက်၍ တစ်ဖန် အနှစ်တစ်ထောင် တည်အံ့သောအကြောင်းကို ပြုရတော့အံ့'ဟု ကြံပြီးလျှင် မာတလိ နတ်သားကို ကြောက်မက်ဖွယ်ကောင်းသောအဆင်းရှိသော ခွေးနက်ကြီးယောင် ဖန်ဆင်း စေ၍ မိမိလည်း မုဆိုးယောင်ဖန်ဆင်း၍ ခွေးနက်ကြီးကို ငါးစင်းသောကြိုးတို့ဖြင့် ဖွဲ့ချည်ထားဟန်ဆောင်၍ လူ့ပြည်သို့ ဆင်းလာပြီးလျှင် အထက်ဘဝဂ်၊ အောက်အဝီစိ၊ စကြဝဠာ ဘီလာထုတ်ချင်း အကြွင်းမရှိ ပျံ့နှံ့ဘိအောင် အသံကိုပြုစေ၍ ခွေးနက်ကြီးကို ဟောင်စေသတည်း။

ထိုအခါမှ မင်းနှင့်တကွသော လူများအပေါင်းသည် ထိတ်လန့်ကြောက်ရွံ့ကြ သဖြင့် မိမိတို့၏အိမ်ပေါက်ကို ပိတ်၍ တိတ်တဆိတ်သာ နေကြလေသည်။

ဥသိနက မင်းသည်လည်း ကြောက်ရွံ့သဖြင့် နန်းတွင်းသူအပေါင်းကိုခေါ်၍ ပြာသာဒ်ထက်သို့သာ တက်၍နေလေသည်။ ခွေးနက်ကြီးသည်လည်း ပြာသာဒ် လေသာ ပြတင်းပေါက်ကို ရှေ့လက်နှစ်ဖက်တင်၍ ဟောင်ပြန်သဖြင့် မင်းကြီးသည် မုဆိုးကို ခေါ်၍ မေးမြန်းသည်မှာ –

'အမောင်မုဆိုး ဘယ်အကြောင်းကြောင့် ဤခွေးနက်ကြီးသည် ဟောင်ဘိသနည်း၊ အသင်မုဆိုးသည်လည်း ဘယ်အကြောင်းကြောင့်လာခဲ့သနည်း'

ဟု မေးမြန်းရာ၏။ မုဆိုးက –

'လူ့သားကို စားလိုသောကြောင့် ဟောင်သည်၊ လာခဲ့သည်'

ဟု ပြောကြား၏။ ဥသေနမင်းက –

'အဘယ်သို့ သဘောရှိသော လူသားကို စားလိုသနည်း'

ဟု မေးမြန်းလေ၏။ ထိုအခါ သိကြားက အောက်ပါ ဂါထာများအတိုင်း ပြန် ပြောလေသည်။

(၁) ပတ္တဟတ္ထာ သမဏကာ၊ မုဏ္ဍာ သဃံဋ္ဌိ ပါရတာ။
နဂံလေဟိ ကသိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။

(၂) တပနိယာ ပဗ္ဗဇိတာ၊ မုဏ္ဍာ သဃံဋ္ဌိ ပါရတာ။
ယဒါ လောကေ ဂမိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။

http://www.dhammadownload.com

(၃) ဒီဃောတ္တရောဌာ ဧဋိလာ၊ ပင်္ဂဒန္တာ ရဇိဿရာ။
ကုဏ္ဍ စောဒါယ ဂစ္ဆန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၄) အဓိစ္စ ဗေဓံ သာဝတ္ထိံ၊ ယညတန္တဉ္စ ဗြဟ္မဏာ။
ဘဋိကာယ ယဇိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၅) မာတရံ ပိတရဉ္စာ ပိ၊ ဓိဏ္ဍကံ ဂတယောဗ္ဗနံ။
ပဟူသန္တာ န ဘရန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၆) မာတရံ ပိတရဉ္စာ ပိ၊ ဓိဏ္ဍကေ ဂတယောဗ္ဗနေ။
ဗာလာ တုမှေ ဟိ ဝက္ခန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၇) အာစရိယဘရိယံ သခိံ၊ မာတုလာနိံ ပိတုစ္ဆကိံ။
ယဒါ လောကေ ဂမိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၈) အသိစမ္မံ ဂဟေတွာန၊ ခဂ္ဂံ ပဂ္ဂယှ ဗြာဟ္မဏာ။
ပန္ထဃာတံ ကရိဿန္တိ တဒါ ကဏ္ဍော ပမောက္ခတိ။
(၉) သုက္ကစ္ဆဝိ ဝေဓဝေရာ၊ ထူလဗဟူ အပါတုဘာ။
မိတ္တဘေဒံ ကရိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။
(၁၀) မာယာဝိနော နေကတိကာ၊ အသပ္ပုရိသ စိန္တကာ။
ယဒါ လောကေ ဘဝိဿန္တိ၊ တဒါ ကဏ္ဍော ပမောက္ခတိ။[၁]

အနက်ကား

(၁) ဒေဝ၊ အရှင်မင်းကြီး။ ပတ္တဟတ္ထာ၊ သပိတ် လက်စွဲကုန်သော။ မုဏ္ဍာ၊ ဦးပြည်း ခေါင်းတုံးကုန်သော။ သဃံဋိပါရုတာ၊ ကိုယ်ဝတ်ဒုကုဋ်ကို ရုံကုန်သော။ သမဏကာ၊ ရဟန်းယုတ်တို့သည်။ နဂံလေဟိ၊ ထွန်တုံးတို့ဖြင့်။ ကသိဿန္တိ၊ လယ်ယာ ထွန်ကုန်လိမ့်လတ္တံ့။ တေ ဒုဿီလာ၊ ထိုဒုဿီလ ရဟန်းတို့သည်။ အမိတ္တာ၊ ရန်သူမည်ကုန်၏။ ယဒါ၊ အကြင်အခါ၌။ မမ၊ ငါ၏။ သုနခါ၊ ခွေးသည်။ ဇတေ ဒုဿီလေ၊ ထိုဒုဿီလတို့ကို။ မာရေတွာ၊ သတ်၍။ မံသံ၊ အသားကို။ ခါဒိတုကာမာ၊ စားလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါးစင်းသောကြိုးအနောင်အဖွဲ့မှ လွတ်လတ္တံ့။

(၂) တပနီယာ၊ ပူပန်သော အကျင့်ရှိကုန်သော။ မုဏ္ဍာ၊ ဦးပြည်းခေါင်းတုံးကုန်သော။ သံဃာဋိပါရုတာ၊ ကိုယ်ဝတ် ဒုကုဋ်ကို ရုံသော။ ပဗ္ဗဇိတာ၊ ရဟန်းတို့သည်။

၁။ ဇာတကပါဠိ၊ ပ၊ ၂၄၈၊ ၉။

http://www.dhammadownload.com

ယဒါ၊ အကြင်အခါ၌။ လောကေ၊ လောကဋ္ဌ။ ကမိသန္တိ၊ ကာမဂုဏ်ငါးပါးတို့ကို ခံစားသုံးဆောင်သောအားဖြင့် သွားလာကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤ ဆွေနွယ်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၃) ဒီယောတ္တရောဋ္ဌာ၊ ရှည်သော အထက် နှုတ်ခမ်းရှိကုန်သော။ ပင်္ဒန္ဓာ၊ သွားချွေးကပ်သော သွားရှိကုန်သော။ ရဇိဿရာ၊ မြူဖြင့် ပြွမ်းသော ဦးခေါင်းရှိကုန်သော။ ဧဠိလာ၊ ရသေ့တို့သည်။ ဣဏဲ၊ ကြွေးမြီကို။ စောဒါယ၊ တောင်း၍။ ဂစ္ဆန္တိ၊ သွားကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၄) ဗြဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဝေဒဋ္ဌ၊ ဗေဒင်ကို လည်းကောင်း။ သာဝတ္တိဋ္ဌ၊ သာဝတ္တိကျမ်းကို လည်းကောင်း။ ယညတန္တဋ္ဌ၊ ယဇ် အစီအရင်ကိုဆိုရာ ကျမ်းကိုလည်း ကောင်း။ အဓိစ္စ၊ သင်၍။ ဘဋိကာယ၊ အခစားသဖြင့်။ ယဇိဿန္တိ၊ ယဇ်ပူဇော်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၅) ဇိဏ္ဏာကံ၊ အိုမင်းပြီးသော။ ဂတယောဗ္ဗနံ၊ ကြီးသော အရွယ်သို့ရောက်ပြီးသော။ မာတရဋ္ဌ၊ အမိကိုလည်းကောင်း။ ပိတရဋ္ဌာပိ၊ အဖကိုလည်းကောင်း။ ပဟူသန္တာ၊ ကျွေးမွေးခြင်းငှာ စွမ်းနိုင်ကုန်သည်ဖြစ်လျက်။ နတရန္တိ၊ မကျွေးမွေးကုန်။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၆) ဇိဏ္ဏကော၊ အိုမင်းကုန်သော။ ဂတယောဗ္ဗနေ၊ ကြီးရင့်သော အရွယ်သို့ရောက်ကုန်ပြီးသော။ မာတရဋ္ဌ၊ အမိကိုလည်းကောင်း။ ပိတရဋ္ဌ၊ အဖကိုလည်းကောင်း။ တုမှေ၊ သင်တို့သည်။ ဗာလာ၊ မိုက်ကုန်၏။ နော၊ ငါတို့အား။ ကိဉ္စိဓနံ၊ တစ်စုံတစ်ခုသော ဥစ္စာကို။ နဒေထ၊ မပေးကြကုန်။ ဣတိ၊ ဤသို့။ ဝက္ခန္တိ၊ ဆိုကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၇) အာစရိယဘရိယံ၊ ဆရာ မယားကိုလည်းကောင်း။ သခိံ၊ အဆွေခင်ပွန်းမယားကိုလည်းကောင်း။ မာတုလာနိံ၊ ဦးရီးမယား ကိုလည်းကောင်း။ ပိတုဘ္ဂိနိံ၊ ဘထွေးမယား ကိုလည်းကောင်း။ ယဒါ၊ အကြင်အခါ၌။ လောကေ၊ လောကဋ္ဌ။ ဂမိဿန္တိ၊ လွန်ကျူး သွားလာကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၈) ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ အသိစမ်္မံ၊ သန်လျက်ကာကို။ ဂဟေတွာန၊ ကိုင်၍။ ခဂ္ဂံ၊ သန်လျက်ကို။ ပဂ္ဂယှ၊ မြှောက်၍။ ပန္ထဃာတံ၊ ခရီးကိုဖြတ်၍ လုယက်ခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏ္ဍော၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်ကုန်လတ္တံ့။

(၉) သက္ကစ္စဝိ၊ စင်ကြယ်သော အရည်အဆင်းရှိကုန်သော။ ထူလဗာဟူ၊ ဆူဖြိုး

http://www.dhammadownload.com

သော မောင်း လက်ရုံးရှိကုန်သော။ အပါတုဘာ၊ ဥစ္စာကို ဖြစ်စေခြင်း ကင်းကုန်သော။ ဝေဝေရာ၊ မုဆိုးမကို အလိုရှိကုန်သော ယောကျ်ားတို့သည်။ မိတ္တဘေဒံ၊ အဆွေခင်ပွန်း ဖျက်ခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏှာ၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

(၁၀) မာယာဝိနော၊ မျက်မှောက်ထင်ထင် လှည့်ပတ်တတ်ကုန်သော။ နေကတိကာ၊ အတုပြု၍ လှည့်ပတ်တတ်ကုန်သော။ အသပ္ပုရိသ စိန္တကာ၊ သူယုတ်တို့၏အမှုကို ကြံတတ်ကုန်သော သူတို့သည်။ ယဒါ၊ အကြင်အခါ၌။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏှာ၊ ဤခွေးနက်ကြီးသည်။ ပမောက္ခတိ၊ လွတ်လတ္တံ့။

'ဤသို့ သဘောရှိသော၊ တရားမစောင့် တရားပျက်ကွက်ကုန်သော သူတို့ကို ဤ ခွေးနက်ကြီးသည် လွတ်၍စားလတ္တံ့။ ယခုအခါမှာမူကား ဤခွေးနက်ကြီး ငါးစင်းသော ကြိုးတို့ဖြင့် မြဲမြံစွာ ဖွဲ့ချည်ထားရသည်'

ဟု– ပြောကြားပြီးလျှင် ခွေးနက်ကြီးသည် စားချင်လှယောင်ဆောင်၍ ပြသဖြင့် သိကြားမင်းသည် ကြိုးကိုဆွဲထားရုံ ပြု၍ လူများအပေါင်းကို ထိတ်လန့်ကြောက်ရွံ့စေသည်။

ထိုနောက်မှ သိကြားမင်းသည် မုဆိုးအသွင်ကိုဖျက်၍ 'အရှင်မင်းကြီး၊ အကျွန်ုပ်သည် မုဆိုးအစစ်မဟုတ်၊ သိကြားဖြစ်သည်' ဟုပြောကြားပြီးလျှင် မင်းနှင့်တကွသော လူအပေါင်းတို့ကို တစ်ဂါထာလျှင် အသပြာတစ်ရာစီထိုက်တန်သဖြင့် 'သတာရဟ'မည်သော ဂါထာ လေးဂါထာကို ဟောကြားပြီးလျှင် သရဏဂုံသီလတို့၌ တည်စေ၍ ဆုတ်ယုတ်လေပြီးသော သာသနာကို အနှစ်တစ်ထောင် ထပ်မံတိုးတက် စည်ကားအောင်ပြု၍ မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေသည်။

ထိုအခါမှ လူများအပေါင်းသည် ဒါန၊ သီလတို့၌ မမေ့မလျော့ ရှိကြကုန်သဖြင့် နတ်ပြည်နတ်ရွာသို့ ရောက်ကြလေသည်။ ဤသို့ ကဿပမြတ်စွာဘုရား သာသနာဆုတ်ယုတ်သောအခါ သိကြားမင်း ခြိမ်းခြောက်၍ သာသနာ ပွင့်လင်းစည်ကားဖူးသည်။

- 'ငါတို့ ဂေါတမမြတ်စွာဘုရား သာသနာကိုလည်း သိကြားမင်းသည် စောင့်ရှောက်ပါမည်'ဟု မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခါနီးတွင် မြတ်စွာဘုရားအား ပဋိညာဉ်ခံဝန်ချက်ပေး၍ လျှောက်ထားလိုက်ကြောင်းနှင့် ဆိုသော စကားတစ်ရပ်၊
- 'ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက် မဟိန္ဒ အမည်ရှိသောရဟန်းသည် သီဟိဠ်ကျွန်းသို့သွား၍ သာသနာကို တည်စေလတ္တံ့။ ထိုအခါ သိကြားမင်းသည် မဟိန္ဒ ရဟန်းတို့၏ သာသနာပြုအဖော် ဖြစ်လေလော'ဟု

http://www.dhammadownload.com

မြတ်စွာဘုရားက သိကြားကို မှာဆိုအမိန့်ပေးခဲ့ကြောင်း စကားတစ်ရပ်။ ဤစကားရပ်များသာ ကျမ်းဂန်မှာ ထင်သည်။ ထို့ကြောင့် သိကြားမင်းသည် သာသနာကို ကြည်ညိုသော ဘုရားတပည့်သား သာဝက သောတာပန်ဖြစ်၍ သာသနာကိုစောင့်ရှောက်ရုံသာ စောင့်ရှောက်နိုင်မည်။ ဘုရားထားခဲ့သော သာသနာခေတ် ကုန်ပြီးနောက်မှ သိကြားက သာသနာခေတ်ကို ထပ်မံ၍ ထားနိုင်သည် မဟုတ်ဟု မှုချဆတ်ဆတ်မှတ်ယူရာ၏။

(၆၃) ယခုအခါ သာသနာတော်၌ ဂိုဏ်း ဂဏ အမျိုးမျိုးပေါ်ပေါက်နေပုံ

ယခုအခါ သာသနာတော်၌ ပေါ်ပေါက်လျက်ရှိနေသည်မှာကား-

(၁) ရသေ့ခေါ်သော ပုရဖိုဖ် ရဟန်းများစွာ ဂိုဏ်းဂဏဖွဲ့စည်းလျက်ရှိသည်၊

(၂) ဌက်တွင်းခေါ်သော ဂိုဏ်းဂဏ၊

(၃) မာန် ခေါ်သော ဂိုဏ်းဂဏ၊

ထိုဂိုဏ်း ဂဏ နှစ်မျိုးတွင် ဌက်တွင်းခေါ်သော ဂိုဏ်း ဂဏဝင် အချို့သောသူများသည် ငါတို့ မြတ်စွာဘုရား၏ ကိုယ်စား တော်စား ရုပ်ပွားဆင်းတုတော်များကို မကိုးကွယ်ဟူ၏။

မာန် ဂိုဏ်းဂဏသည် ရဟန်း သံဃာတော်များကို မကိုးကွယ် ဟူ၏။

(၄) မေတ္တာ ဂိုဏ်းဝင်များသည် မြို့ရွာလှည့်လည်၍ မေတ္တာတရား ဟောပြောပြီးလျှင် ဆေးကုသည် ဟူ၏။

(၅) ဦးဥဂ္ဂံသဂိုဏ်း[၁] ဟူ၍လည်း တောင်တွင်းကြီးမြို့နယ်၌ ပေါ်ပေါက်လျက်ရှိ၏။ ကြိမ်ပုတီး စိပ်ရသည် ဟူ၏။

အတုပေါ်လာလျှင် အစစ် ပျောက်တတ်သည်ကို သတိပြုကြကုန်။

(၆၄) ရသေ့ကြီး ဦးခန္တီ အကြောင်း

သာသနာ သက္ကရာဇ် ၂၄၅၀၊ ကောဇာ သက္ကရာဇ် ၁၂၆၈ ခုနှစ်လောက်ကစ၍ ရသေ့ကြီး ဦးခန္တီဟု ပေါ်လာသည်။ ထိုရသေ့ကြီး ဦးခန္တီသည် မန္တလေးတောင်ပေါ်မှာ အမြဲနေ၍ ထိုမန္တလေးတောင်သို့ တက်ရန် စောင်းတန်း၊ လှေကား စသော များစွာသော သာသနာဘက်ဆိုင်ရာ တန်ဆောင်း၊ ပြာသာဒ်၊ စေတီပုထိုး အမျိုးမျိုးသော အဆောက်အဦများကို အသစ်လည်းလုပ်၊ အဟောင်းလည်းပြင်၍ အုံဖွယ်ဘုန်း ရှုမခန်းအောင် သံတိုင်၊ သံထုပ်၊ သွပ်မိုးလုပ်၍ ဆောက်လုပ်သည့်အပြင် မန္တလေးတောင်ခြေရှိ စန္ဒာ

၁။ တောင်တွင်းကြီး၊ ဇင်းဖြိုးတောရ ဦးဥဂ္ဂံသ။

http://www.dhammadownload.com

မုနီ စေတီတော်မြတ်ကြီး၏ မဟာရာမ်အတွင်း၌ ပိဋကတ်သုံးပုံ ပါဠိတော်နိဿယနှင့် အဋ္ဌကထာပါဠိများကိုလည်း ကျောက်ထက် အက္ခရာ တင်ထား၍ သာသနာကို ပြုစုပေသည်။

ထိုမှတစ်ပါးလည်း မြန်မာနိုင်ငံအထက်ပိုင်း၌ အရပ်ထက်ဝန်းကျင် ကျော်စောထင်ရှားသော တန်ခိုးကြီး ဘုရားများ၌လည်း ကြီးကျယ်ခမ်းနားသော အဆောက်အဦများကို ပြုစု အားထုတ်လျက်ရှိပေသည်။

(၆၅) သာသနာ ငါးပါး ကွယ်ခြင်း

ပဋ္ဌ အန္တရ ဓာနာနိ နာမ၊ အဓိဂမ အန္တရဓာန်၊ ပဋိပတ္တိ အန္တရဓာန်၊ ပရိယတ္တိ အန္တရဓာန် လိင် အန္တရဓာန် ဓာတု အန္တရဓာန်တိ့[၁]။

(၁) အဓိဂမ သာသနာကွယ်ခြင်း၊

(၂) ပဋိပတ္တိ သာသနာကွယ်ခြင်း၊

(၃) ပရိယတ္တိ သာသနာကွယ်ခြင်း၊

(၄) လိင် သာသနာကွယ်ခြင်း၊

(၅) ဓာတု သာသနာကွယ်ခြင်း

ဟူ၍ သာသနာကွယ်ခြင်း ငါးပါး ကျမ်းဂန်များ၌ လာရှိ၏။

(၁) **အဓိဂမ သာသနာ ကွယ်ခြင်း**– ဆိုသည်ကား မဂ်ဖိုလ် ကွယ်ခြင်းကိုဆိုသည်။ ထို မဂ်ဖိုလ် ကွယ်ရာမှာလည်း တစ်ပြိုင်နက်၊ တစ်နေ့တည်း မဂ်လေးပါး၊ ဖိုလ်လေးပါးတို့ ကွယ်သွားသည်မဟုတ်။ အစဉ်အတိုင်း ယုတ်လျော့၍ ကွယ်သည်။

အစဉ်အတိုင်း ကွယ်ပုံကား– ရှေးဦးစွာ ပဋိသမ္ဘိဒါ အဓိဂမ ကွယ်လေသည်။ ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် အနှစ်တစ်ထောင်အတွင်းသာ ပဋိသမ္ဘိဒါ လေးပါးကို ဖြစ်စေနိုင်ကြသည်။ အနှစ်တစ်ထောင်ကျော်လွန်က ပဋိသမ္ဘိဒါ လေးပါးကို မရနိုင်ကြသဖြင့် ပဋိသမ္ဘိဒါ အဓိဂမ ကွယ်လွန်လေ၏။

အနှစ် နှစ်ထောင်ရှိလျှင် ဆဠာဘိညာ အဓိဂမ ကွယ်လွန်ပြန်၏။ ခြောက်ပါးသော အဘိညာဏ်ကို ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အနှစ်နှစ်ထောင် အတွင်းသာ ဖြစ်စေ၊ ရစေနိုင်ကြသဖြင့် အနှစ် နှစ်ထောင် ကျော်လွန်က ဆဠာဘိညာ အဓိဂမ ကွန်လွန်လေ၏။

အနှစ် သုံးထောင်ရှိလျှင် တေဝိဇ္ဇာ ဓိဂမ ကွယ်လွန်ပြန်၏။ ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည်နောက် အနှစ်သုံးထောင် အတွင်း၌သာ ဝိဇ္ဇာသုံးပါးကို ဖြစ်စေ၊

၁။ အင်္ဂုတ္တရအဋ္ဌကထာ၊ ပ၊ ၆၇။

http://www.dhammadownload.com

ရစေနိုင်ကြသဖြင့် အနှစ် သုံးထောင်ကျော်လွန်က တေဝိဇ္ဇာ ဓိဂမ ကွယ်လွန်လေ၏။

ဤသို့လျှင် သုက္ခဝိပဿက အနာဂါမ် သကဒါဂါမ် သောတာပန် တည်းဟူသော အဓိဂမ သာသနာ အစဉ်အတိုင်း ကွယ်လွန်လေ၏။

သောတာပန်ပုဂ္ဂိုလ် အနည်းဆုံး တစ်ယောက်မျှ ရှိသေးအံ့။ အဓိဂမ ဟူသော မဂ်ဖိုလ် သာသနာ ကွယ်ပြီဟု မဆိုရသေးလေ။ နောက်ဆုံးဖြစ်သော သောတာပန်ပုဂ္ဂိုလ် အသက်ကုန်၍ စုတိစိတ်သို့ ရောက်သွားသောအခါမှ အဓိဂမ သာသနာ ကွယ်ပျောက်ပြီဟုဆိုရလေသည်။

(၂) **ပဋိပတ္တိ သာသနာ ကွယ်ခြင်း**– ဆိုသည်ကား အကျင့် သာသနာ ကွယ်ခြင်းကို ဆိုသည်။

ကွယ်ပုံကား– ဈာန် ဝိပဿနာ၊ မဂ် ဖိုလ်တို့ကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ကြကုန်သည်ဖြစ်၍ စတုပါရိသုဒ္ဓိ သီလကြီးလေးပါးမျှကို စောင့်ရှောက်ကြကုန်၏။ နောက်နောက်ကာလ၌ သီလကို ပြည့်စုံစွာ စောင့်ရှောက်ကုန်၍ ကမ္မဋ္ဌာန်းကိုလည်း အားထုတ်ကြကုန်၏။ အားထုတ်ကြကုန်သော်လည်း မဂ် ဖိုလ်ကို မျက်မှောက် မပြုနိုင်ကြကုန်။

ထိုအခါမှာ အရိယာတို့၏ တရားကို ထိုးထွင်း၍ သိခြင်း မရှိတော့ပြီဟု ဆုံးဖြတ်ကြပြီးလျှင် အားထုတ်ခြင်း လျော့ပါး၍ ပျင်းရိခြင်း များလာသဖြင့် တစ်ယောက်သည် တစ်ယောက်၌ ထင်ရှားရှိသော အပြစ်ကို သိကြကုန်သော်လည်း အချင်းချင်း ကဲ့ရဲ့ပြစ်တင် စွပ်စွဲခြင်းကို မပြုကြကုန်။ နောင်တစ်ဖန် ပူပန်ခြင်းကို မဖြစ်စေကြကုန်။ ထိုအခါမှစ၍ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ရိသေစောင့်ရှောက်ခြင်းမရှိ၊ နင်းနယ် ကျူးလွန်ကြကုန်၏။

ထိုနောက် ပါစိတ်အာပတ်၊ ထုလ္လစ္စယအာပတ် ဟူသော လဟုကအာပတ်တို့ကို လွန်ကျူး၍ ရောက်ကြကုန်၏။

ထိုနောက် သံဃာဒိသိသ် ဟူသော ဂရုကအာပတ်ကိုလည်း လွန်ကျူး၍ရောက်ကြသဖြင့် ပါရာဇိက အာပတ်လောက်သာ လုံခြုံအောင် စောင့်ရှောက်ကြတော့သည်။ ပါရာဇိက လေးပါးကို လုံခြုံအောင် စောင့်ရှောက်သော ရဟန်း တစ်ပါး၊ နှစ်ပါး၊ သုံးပါး ရှိသေးမူ ပဋိပတ္တိ သာသနာ ကွယ်လွန်ပြီဟု မဆိုရသေးလေ။ တစ်ယောက်သော ရဟန်းမျှ ပါရာဇိက လုံခြုံသူ မရှိသောကာလမှ ပဋိပတ္တိ သာသနာကြီး ကွယ်လွန်ပြီဟု ဆိုရလေသည်။

(၃) **ပရိယတ္တိ သာသနာ ကွယ်ခြင်း**– ဆိုသောစကား၌ ပရိယတ္တိဆိုသည်ကား အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံ ပါဠိတော်ဟူသော ဘုရားစကားတော်ကို ဆိုသည်။

http://www.dhammadownload.com

ထိုပါဠိတော်အဋ္ဌကထာကို ချပို့သင်ကြားခြင်းကိုလည်း ပရိယတ္တိဟု ဆိုသည်။ အကြင်မျှလောက်သော ကာလပတ်လုံး ထိုပါဠိတော်အဋ္ဌကထာသည် ပေတွင်၊ ဘုတ်တွင်၊ နှုတ်တွင်၊ ကျောက်တွင် ထင်ရှားရှိသေး၏။ ထိုမျှလောက်သော ကာလပတ်လုံး ပရိယတ္တိသာသနာ ပြည့်စုံသည်မည်၏။

နောက်နောက် ကာလ၌မူကား မင်း၊ အိမ်ရှေ့မင်းတို့သည် တရားမစောင့်ကုန်။

ထို မင်း၊ အိမ်ရှေ့မင်းတို့သည် တရားမစောင့်ကုန်အံ့။ မှူးကြီး မတ်ရာ သေနာပတိ အစရှိသော မင်းမှုထမ်းတို့သည်လည်း တရားမစောင့်ကြကုန်။

ထိုမင်းနှင့်တကွ မင်းမှုထမ်းတို့ တရားမစောင့်ကြကုန်သဖြင့် တိုင်း နိုင်ငံသူ လူအပေါင်းတို့သည်လည်း တရားမစောင့်ကြကုန်သောကြောင့် မိုးသည် အရည်ထန်စွာ၊ အရည်ပါပါ မရွာကုန်။ မိုးကောင်းစွာ မရွာခြင်းကြောင့် မိုးကိုအမှီပြု၍ ကြီးပွားရသော ကောက်ပဲသီးနှံတို့သည် အောင်အောင်မြင်မြင် အဆန်ပါပါ ကြီးပွား ထွန်းကား ပြည့်စုံခြင်းမရှိကြကုန်။

ကောက်ပဲသီးနှံတို့ မပြည့်စုံကြသဖြင့် လူဒါယကာများသည် ပရိယတ္တိကို အားထုတ်ကုန်သော ရဟန်း သံဃာတော်များအား လေးပါးသော ပစ္စည်းတို့ဖြင့် လုံလောက်အောင် ချီးမြှောက် ထောက်ပံ့လှူဒါန်းခြင်းကို မပြုနိုင်ကြကုန်။

လူဒါယကာတို့က ပစ္စည်းလေးပါးဖြင့် မချီးမြှောက်နိုင်ကြသဖြင့် ပရိယတ္တိပါလက ဂန္ထဝါစက ဖြစ်တော်မူကုန်သော ရဟန်းတော်ကြီးများမှာ ပစ္စည်းလေးပါးတို့ဖြင့် ညှိုးနွမ်း ပင်ပန်းခြင်းကြောင့် မိမိတို့၏ အထံ၌ လာရောက်၍ ပရိယတ္တိကို အားထုတ်ကြကုန်သော ဓမ္မန္တေဝါသိက စသော အန္တေဝါသိက တပည့်များကို သက်နှံးစသော ပစ္စည်းတို့ဖြင့် မချီးမြှောက်နိုင်ကြကုန်။

အန္တေဝါသိက တပည့်တို့မှာ ဆွမ်း၊ သက်နှံးတို့ဖြင့် ပင်ပန်း နွမ်းနယ်ခြင်းကြောင့် ပရိယတ္တိကို အားထုတ်ခြင်း လျော့ပါး၍ တဖြည်းဖြည်း၊ တစ်စတစ်စ ပရိယတ္တိဆုတ်ယုတ်လေသည်။ (၎င်းအကြောင်း ယခုအခါ သီဟိုဠ်ကျွန်းများမှာ ထင်ရှားသည်။)

ပရိယတ္တိ ဆုတ်ယုတ်လာသောအခါ အနက်၏ အစွမ်းအားဖြင့် မဆောင်နိုင်ကြတော့ဘဲ ပါဠိမျှကိုသာ ဆောင်နိုင်ကြတော့သည်။ (ဤအကြောင်း ပေထက် အကွာရာ မတင်မီက ထင်ရှားသည်။)

နောက်ကာလ ပါဠိမျှကိုလည်း အလုံးစုံ မဆောင်နိုင်ကြကုန်။ (ဤအကြောင်းကား သီဟိုဠ်ကျွန်း ပေထက် အကွာရာ တင်သည်ကစ၍ ထင်ရှားလာသည်။)

ပရိယတ္တိသာသနာ ဆုတ်ယုတ်ခြင်းသည် ပိဋကတ်သုံးပုံ ရှိသည်တွင် အဘိဓမ္မာပိဋကတ်ကစ၍ ရှေးဦးစွာ ဆုတ်ယုတ်သည်။ အဘိဓမ္မာ ပိဋကတ်တွင်လည်း ပဋ္ဌာန်းကျမ်း

http://www.dhammadownload.com

ကစ၍ ဆုတ်ယုတ်သည်။ (ယခုအခါ ပဋ္ဌာန်းကျမ်းကို သင်ကြားပို့ချ လေ့လာသူ နည်းပါးလာပြီ။)

- ထိုနောက် ယမိုက်ကျမ်း၊
- ထိုနောက် ကထာဝတ္ထုကျမ်း၊
- ထိုနောက် ပုဂ္ဂလပညတ္တိကျမ်း၊
- ထိုနောက် ဓာတုကထာကျမ်း၊
- ထိုနောက် ဝိဘင်းကျမ်း၊
- ထိုနောက် ဓမ္မသင်္ဂဏီကျမ်း။

ဤသို့လျှင် အထက်ကဖြို့၍ နောက်ဆုတ်၊ ပဋ္ဌာန်းတိုင်းအားဖြင့် အဘိဓမ္မာပိဋကတ် ဆုတ်ယုတ်လေ၏။ (သက္ခ-သုခုမ-နိပုဏ-ဂမ္ဘီရ- သိမ်မွေ့. နူးညံ့ခက်ခဲသော ပရိယတ္တိကစ၍ ကွယ်သည်။)

ယခုအခါမှာလည်း အဘိဓမ္မာကို ကျနအောင် သင်ကြား လေ့လာသူ၊ နာယူသူ နည်းပါးလျက် အဘိဓမ္မာနှင့်စပ်သော တရားစကားကို ဟောပြောသော်လည်း နားလည်သူ တစ်စတစ်စ နည်းပါးလာလေပြီ။

ထိုနောက် သုတ္တန် ပိဋကတ် ဆုတ်ယုတ်သည်။ သုတ္တန် ပိဋကတ်တွင်လည်း အဂုံတ္တရနိကာယ် ရှေးဦးစွာ ဆုတ်ယုတ်သည်။ ထိုအဂုံတ္တရနိကာယ်တွင်လည်း ဧကာဒသနိပါတ်ကစ၍ ဆုတ်ယုတ်သည်။

- ထိုနောက် ဒသနိပါတ်၊
- ထိုနောက် နဝကနိပါတ်၊
- ထိုနောက် အဋ္ဌနိပါတ်၊
- သတ္တနိပါတ်၊
- ဆက္ကနိပါတ်၊
- ပဉ္စနိပါတ်
- စတုက္ကနိပါတ်၊
- တိကနိပါတ်၊
- ဒုကနိပါတ်၊
- ဧကနိပါတ်။

အားဖြင့် အဂုံတ္တိရ် တစ်ဆယ့်တစ်ကျမ်း နောက်ဆုတ် ပဋ္ဌာန်းတိုင်း ဆုတ်ယုတ်လေသည်။

ထိုနောက် သံယုတ္တနိကာယ် ဆုတ်ယုတ်သည်။ ထိုသံယုတ္တနိကာယ်တွင်လည်း မဟာဝဂ္ဂသံယုတ်ကစ၍ ဆုတ်ယုတ်လေသည်။

http://www.dhammadownload.com

- ထိုနောက် သဋ္ဌာယတနဝဂ္ဂသံယုတ်၊
- ခန္ဓဝဂ္ဂသံယုတ်၊
- နိဒါနဝဂ္ဂသံယုတ်၊
- သဂါထာဝဂ္ဂသံယုတ်၊

အားဖြင့် သံယုတ် ငါးကျမ်း နောက်ဆုတ် ပဋိလောမ ဆုတ်ယုတ်လေသည်။

ထိုနောက် မဇ္ဈိမနိကာယ် ဆုတ်ယုတ်သည်။ ထိုမဇ္ဈိမနိကာယ်တွင်လည်း ဥပရိပဏ္ဏာသကစ၍ ဆုတ်ယုတ်လေသည်။

- ထိုနောက် မဇ္ဈိမပဏ္ဏာသက၊
- မူလပဏ္ဏာသက၊

အားဖြင့် ပဏ္ဏာသ သုံးကျမ်း နောက်ဆုတ် ပဋိလောမ ဆုတ်ယုတ်လေသည်။

ထိုနောက် ဒီဃနိကာယ် ဆုတ်ယုတ်သည်။ ထိုဒီဃနိကာယ်တွင်လည်း သုတ်ပါထေယျကစ၍ ဆုတ်ယုတ်သည်။

- ထိုနောက် သုတ်မဟာဝါ၊
- ထိုနောက် သုတ်သီလက္ခန်၊

အားဖြင့် ဒီဃနိကာယ် သုံးကျမ် :နောက်ဆုတ် ပဋိလောမ ဆုတ်ယုတ်လေ၏။

ဤသို့လျှင် ဒီဃနိကာယ်ဆုတ်ယုတ်သည်ရှိသော် သုတ္တန် ပိဋကတ် တစ်စတစ်စ ကွယ်ပျောက်၍ ဝိနည်းပိဋကတ်နှင့် ဇာတ်ဝတ္ထုများကိုသာလျှင် ဆောင်ကြကုန်တော့၏။ ဝိနည်း ပိဋကတ်ကို လဒ္ဓိပုဂ္ဂိုလ်တို့သည်သာ ဆောင်ကြ၏။ လာဘ်ကို တပ်မက်မောကြကုန်သော သူတို့သည် ဇာတ်ကိုသာလျှင် ဆောင်ကြကုန်တော့၏။

နောက်ကာလ ဇာတ်ကိုလည်း မဆောင်နိုင်ကြကုန်သဖြင့် ပါဠိဇာတ်ကျမ်းစု တစ်စတစ်စ ဆုတ်ယုတ် ကွယ်လွန်လေ၏။ ထိုဇာတ်ကျမ်းစုတွင်လည်း ဝေဿန္တရာဇာတ်ကစ၍ ဆုတ်ယုတ်လေသည်။ ထိုနောက် ပဋိလောမအားဖြင့် ပုဏ္ဏကဇာတ်၊ မဟာနာရဒဇာတ် အစရှိသော အဆုံး၌ အပဏ္ဏကဇာတ်တိုင်အောင် နောက်ဆုတ်ပြန်၍ ဆုတ်ယုတ်လေသည်။ ထိုပါဠိဇာတ် ကျမ်းစု ဆုတ်ယုတ် ကွယ်လွန်သည်ရှိသော် ဝိနည်းပိဋကတ်ကိုသာ ဆောင်ကြကုန်၏။

ထိုနောက် ဝိနည်းပိဋကတ်လည်း တစ်စတစ်စ တဖြည်းဖြည်း ဆုတ်ယုတ်လေသည်။ ထိုဝိနည်းပိဋကတ် ဆုတ်ယုတ်ရာမှာလည်း အထက် ပရိဝါပါဠိတော်ကစ၍ ဆုတ်ယုတ်လေသည်။

- ထိုနောက် စူဠဝါဒန္ဓက၊
- မဟာဝါဒန္ဓက

http://www.dhammadownload.com

ဆုတ်ယုတ်လေသည်။ ထိုနောက် ဘိက္ခုနီ ဝိဘင်း၊ ဘိက္ခု ဝိဘင်း ဆုတ်ယုတ်လေသည်။ သိက္ခာပုဒ်ဟူသော မာတိကာပါဠိမျက်နှာသာ ဆောင်နိုင်ကုန်တော့၏။ (ယခုအခါ ဝိနည်း ငါးကျမ်း၊ ဝိနည်းပိဋကတ်ကို ဆောင်နိုင်သူနည်းပါး၍ ဝိနည်းမာတိကာမျှ ဆောင်လိုသူများလျက်ရှိချေပြီ။)

ထိုသို့ မာတိကာမျှ ဆောင်နိုင်သူ ရှိသေးအံ့။ ပရိယတ္တိသာသနာကွယ်ပြီဟု မဆိုရ သေးလေ။ အကြင်မျှလောက် လေးပါဒရှိသော ဂါထာတစ်ခုကို ဆောင်နိုင်သူ ရှိသေးအံ့။ ထိုမျှလောက် ပရိယတ္တိသာသနာကွယ်ပြီဟု မဆိုရလေ။ အကြင်အခါ၌ လူ့ပြည်ဝယ် သဒ္ဓါပသန္န ရှိသောမင်းသည် ဆင်ကျောက်ကုန်းတက် အသပြာတစ်ထောင် ထုပ်တင်၍ 'မြတ်စွာဘုရား ဟောတော်မူအပ်သော လေးပါဒရှိသောဂါထာကို ဟောပြောနိုင်သောသူသည် ဤအသပြာတစ်ထောင်ကို ယူလော့'ဟု မြို့ပြပြည်ရွာကို လှည့်လည်၍ သုံးကြိမ်တိုင်တိုင် မောင်းစည်လည်စေသော်လည်း (မောင်းတီး၊ စည်တီးစေသော်လည်း) ဟောပြောတတ်သူ မရှိသဖြင့် အသပြာတစ်ထောင်ကို နန်းတော်တွင်းသို့သာလျှင် ပြန်၍သွင်းရသည်ဖြစ်အံ့။ ထိုအခါမှ ပရိယတ္တိသာသနာကွယ်ပြီဟု ဆိုရလေသည်။

ဤ အဓိကမ သာသနာကွယ်ခြင်း၊ ပရိယတ္တိ သာသနာကွယ်ခြင်း၊ ပဋိပတ္တိ သာသနာကွယ်ခြင်းဟူသော ကွယ်ခြင်း သုံးပါးကို ပြဆိုခဲ့ခြင်းသည် လူ့ပြည်လူ့ဘုံသားတို့ မှာသာ နှစ်တိုတိုနှင့် ကွယ်ပျောက်သည်ကို ရည်ရွယ်၍ ပြဆိုခဲ့သည်။ အထက်နတ်ပြည်၊ ဗြဟ္မာ့ပြည်များမှာကား သာသနာသုံးပါးဖြစ်ခြင်းသည် နတ်သက်၊ ဗြဟ္မာသက်ကို လိုက်၍ဖြစ်လေသည်။

(၄) လိင်္ဂ သာသနာ ကွယ်ခြင်း- ဆိုရာ၌ လိင်္ဂ သာသနာဆိုသည်ကား ရဟန်းတို့၏ အသွင်အပြင်၊ အဝတ်အရုံ စသော သမဏသာရုပ္ပကို ဆိုသည်။

ထိုသမဏသာရုပ္ပ ဟူသော လိင်္ဂသာသနာသည် -

- သာသနာသက္ကာရ၏ နှစ်ရှည်လများ ကာလလျှားလာသော် သင်္ကန်းဝတ်ရုံပုံ၊ သပိတ်ကိုင်ပုံ၊ တူရွကြည့်ပုံ၊ တစောင်းကြည့်ပုံ၊ ခြေရုပ်ပုံ၊ ခြေပစ်ပုံ ဟူသော အသွားအလာ အစရှိသော ရဟန်းတို့၏ အမူအရာ ဟူသမျှသည် သမဏသာရုပ္ပအဖြစ် ကွန်ဒြေမရ၊ ကြည်ညိုဖွယ်ကို မဆောင်တတ်သည် ဖြစ်လတ္တံ့။
- နိဂဏ္ဌ ရဟန်းတို့ကဲ့သို့ ဘူးအုံ သပိတ်လက်စွဲလျက် လှည့်လည် ကုန်လတ္တံ့။
- ထိုအခါသော်လည်း လိင်္ဂသာသနာ ကွယ်ပျောက်ပြီဟု မဆိုရသေးချေ။ ထိုနောက် ကာလရှည်လျားပြန်သော် ဘူးအုံးသပိတ်ကို မပိုက်မူ၍ လက်ဖြင့်လည်းကောင်း၊ ဆိုင်းဖြင့်လည်းကောင်း တွဲရရွဲဆွဲ၍ လှည့်လည် ကုန်လတ္တံ့။
- သင်္ကန်းကိုလည်း သာရုပ္ပဖြစ်အောင် မဆိုးမူ၍ တစ်ကြိမ်နှစ်ကြိမ်မျှဆိုး၌

http://www.dhammadownload.com

ဆင်စွယ်ရောင်ကဲ့သို့ ပြုပြီးလျှင် ဝတ်ရုံ သုံးဆောင်ကြကုန်လတ္တံ့။

- ထိုနောက် သင်္ကန်းချုပ်နည်းကျအောင် မချုပ်တော့ဘဲ ပရိဗိဇ်ရဟန်းတို့ကဲ့သို့ စပ်၍သာ ချုပ်ပြီးလျှင် ဝတ်ရုံကုန်လတ္တံ့။
- ထိုနောက်ကာလ တစ်ကိုယ်လုံးမဝတ်ရုံတော့ဘဲ ငယ်သောသင်္ကန်းပိုင်းကို လက်၌သော်လည်းကောင်း ရစ်စည်းကြကုန်လတ္တံ့။
- လည်ပင်း၌ သော်လည်းကောင်း ရစ်ပတ်ကြကုန်လတ္တံ့။
- ဆံပင်နှင့်သော်လည်းကောင်း ရောစ၍ ထုံးကြကုန်လတ္တံ့။
- ထိုနောက် သားမယား ကျွေးမွေးခြင်းကိုပြုလျက် လယ်ထွန် စိုက်ပျိုး၍သာ အသက်မွေးခြင်းကို ပြု၍ လှည့်လည် ကုန်လတ္တံ့။

ထိုအခါမှာသော်လည်း သံဃာကိုရည်၍ လှူအပ်သော အလှူသည် မြတ်သေးသည်သာဟု –

ဘဝိဿန္တိ ခေါပနာ နန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘူနော ကာသဝကဏ္ဏာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ခေယျံ အပ္ပမေယျန္တိ ဂဒါမိ။[၁] ဟူ၍ ဟောတော်မူ၏။

- ထိုနောက်ကာလ သင်္ကန်းပိုင်းကို လက်၌၊ လည်ပင်း၌၊ ဆံထုံးကြား၌ ဆောင်မထားတော့ဘဲ တောင်၌ ပစ်စွန့်ကုန်လေတော့။

ထိုအခါမှ လိင်္ဂသာသနာ ကွယ်သည်မည်၏။

ယခုအခါမှာလည်း သင်္ကန်း အရောင်အသွေး အထူးထူး ပေါ်ပေါက်၍ သုပ္ပဋိစ္ဆန္နေ သိက္ခာပုဒ်၊ ပရိမဏ္ဍလ သိက္ခာပုဒ်နှင့် ညီညွတ်စွာ ဝတ်ရုံသုံးဆောင်ခြင်း အစရှိသော ရဟန်းတို့၏ အမူအရာ သမဏသာရုပ္ပ ဖြစ်ဖွယ်ကို အလေးမပြု၊ ဂရုမစိုက်သူ တစ်စ တစ်စ တဖြည်းဖြည်း တိုးတက်ပွားများလာပြီးလျှင် လိင်္ဂသာသနာ အတော်အားနည်း ခြင်း ထင်ရှားလာလေပြီ။

(၆၆) ဓာတု သာသနာ အကြောင်း

ဓာတုသာသနာဆိုသည်ကား မြတ်စွာဘုရား၏ သရီရ ဓာတ်တော်မွေတော်တို့ကို ဓာတုသာသနာဟုဆိုသည်။ ထိုဓာတုသာသနာသည် အသက်ရှည်တော် မူကုန်သော ဘုရားရှင်တို့၏ ဓာတ်တော်များတည်း။

မပြိုမကွဲ တစ်လုံးတစ်ခဲတည်း ရွှေတုံးကြီးကဲ့သို့ တစ်စုတည်း ဖြစ်၍သာ တည်

၁။ ဥပရိပဏ္ဏာသပါဠိ၊ ၂၉၉။

http://www.dhammadownload.com

တော်မူကြကုန်၏။ ကဿပ မြတ်စွာဘုရားသည်လည်း ဤဘဒ္ဒကမ္ပာ အသက်နှစ်သောင်း တန်းတွင် ပွင့်တော်မူ၍ အသက် တစ်သောင်းခြောက်ထောင်ရှည်ကြာအောင် တည်တော်မူပြီးလျှင် ပရိနိဗ္ဗာန် စံလွန်တော်မူ၏။ ထိုကဿပ မြတ်စွာဘုရား၏ ဓာတ်တော်တို့သည်လည်း ဖရိဖရဲ တစ်ကွဲတခြားစီ မသွားမူ၍ ရွှေတုံးကြီးကဲ့သို့ပင် တစ်လုံးတစ်စည်းတည်း ဖြစ်၍ တည်တော်မူကြကုန်၏။

ထို့ကြောင့် သုတ္တနိပါတ် ဟေမဝတသုတ် အဋ္ဌကထာ၌ –

> ကုမသ္မိံ ယေဝ ဘဒ္ဒကပ္မေ ဝိသတိ ဝဿ သဟဿာ ယုကေသု ပုရိသေသု ဥပ္ပဇ္ဇိတ္ထာ သောဠသ ဝဿ သဟဿာယုကာနိ ဌတ္ထာ ပရိနိဗ္ဗုတဿ ဘဂဝတော ကဿပဿ သမ္မာသမ္ဗုဒ္ဓဿ မဟတိယာ ပူဇာယ သရီရကိစ္စံ အကံသု၊ တဿ ဓာတုယော အဝိကရိတ္ထာ သုဝဏ္ဏခနွောဝိယ ဧကဋ္ဌနာ ဟုတ္ထာ အဋ္ဌံသု၊ ဒီဃာယုကဗုဒ္ဓါနံ ဟိ ဧသာဓမ္မတာ။[၁]

ဟု မိန့်ဆိုလေသည်။

လူအပေါင်းတို့သည် ထိုကဿပ မြတ်စွာဘုရား၏ ဓာတ်တော်ကို တစ်ခုတည်းသော ဓာတ်တော်အိမ်ပြု၍ အစောက် အမြင့် တစ်ယူဇနာ၊ လုံးဝန်း လုံးပတ် တစ်ယူဇနာရှိသော စေတီကြီးကို တည်၍ ကိုးကွယ်ကြကုန်၏။ ထိုစေတီကြီးကို ဖူးမြော်ကန်တော့သွားလာ ဝင်ထွက်ရန် တစ်ဂါဝုတ်ခြား၊ တစ်ဂါဝုတ်ခြား လေးတံခါး ထားကြကုန်၏။

ယခုအခါ စေတီတော်၊ ပုထိုးတော်များကို လေးဘက်၊ လေးတံခါး၊ လေးစောင်းတန်း၊ လေးမုခ်ထား၍ တည်ထားကိုးကွယ် လာခဲ့ကြခြင်းသည် စေတီ၊ ပုထိုး စသော သာသနာ အဆောက်အဦတို့၏ ဓမ္မတာဟု မှတ်ယူရာ၏။

လေးဘက်၊ လေးတံခါး၊ လေးစောင်းတန်း ထားရခြင်းအကျိုးကား အရပ်လေးမျက်နှာရှိသဖြင့် အရပ်လေးမျက်နှာမှ လာရောက် ဖူးမြော်ကန်တော့ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာတို့မှာ မနှောင့်မနေး မကြန့်ကြာစေဘဲ မိမိတို့ ရှေးရှုလာရာအရပ်မှ ဦးတိုက် ဝင်ရောက် ဖူးမြော်ကန်တော့ရခြင်းငှာ လွယ်ကူသော အကျိုးကျေးဇူးရှိလေသည်။

ထိုကဿပ မြတ်စွာဘုရား ဓာတုစေတီတော်ကြီးမှာ လေးတံခါးရှိရာတွင် –

(၁) တစ်ခုသောတံခါးကို ကိကီမင်းကြီး သိမ်းဆည်း စောင့်ရှောက်လေသည်။

(၂) တစ်ခုသောတံခါးကို ထိုကိကီမင်းကြီး၏သားတော် ပထဝိဒ္ဓရမင်းသား သိမ်းဆည်း စောင့်ရှောက်လေသည်။

(၃) တစ်ခုသော တံခါးကို စစ်သူကြီးအမှူးရှိသော အမတ်ကြီးများ စောင့်ရှောက်လေသည်။

၁။ သုတ္တနိပါတအဋ္ဌကထာ၊ ပ၊ ၁၉၃။

http://www.dhammadownload.com

(၄) တစ်ခုသော တံခါးကို သူငွေးအမျှူးရှိသော တိုင်းနိုင်ငံသူလူအပေါင်း စောင့်ရှောက်လေသည်။

ထို့ကြောင့် ဘုရား ဘဏ္ဍာစသော စေတီတော် ပုထိုးတော်များကို အစောင့်အရှောက် အထိန်းအသိမ်း ဂေါပကလူကြီး ထားလာခဲ့ကြခြင်းသည်လည်း အစဉ်အလာဟုပင် မှတ်ယူရာ၏။

အပွာယုက အသက်တော် တိုကုန်သော ဘုရားရှင်တို့၏ ဓာတ်တော်များသည်ကား တစ်လုံးတစ်ခဲတည်း၊ တစ်စုတည်း မတည်ကုန်မူ၍ တစ်ကွဲတခြားစီ ထိုထိုအရပ်တို့၌ ပျံ့နှံ့၍ တည်စိမ့်သောငှာ ဘုရားရှင် ဓိဋ္ဌာန်တော်မူခဲ့သည့်အားလျော်စွာ တည်တော်မူကြကုန်၏။

အသက်တော် တိုကုန်သော ဘုရားရှင်တို့သည် နှစ်ပရိစ္ဆေဒအနည်းငယ်ခန့် တည်နေတော်မူကြ၍ ပရိနိဗ္ဗာန် စံတော်မူကြသဖြင့် အသက်တော်ထင်ရှား ဘုရားကို ဖူးတွေ့လိုက်ရသော သတ္တဝါကနည်းပါး၍ မဖူးတွေ့ရသော သတ္တဝါက များပြားခြင်းကြောင့် သက်တော်ထင်ရှား ဘုရားကို မဖူးတွေ့ရသော်လည်း ဓာတ်တော်များကို ပူဇော်ခြင်း ပြုရမူကား ကုသိုလ်ကောင်းမှု ပွားများကုန်လိမ့်လတ္တံ့ဟု အကြံဖြစ်တော်မူပြီး လျှင် သတ္တဝါ အပေါင်းတို့အား သနားတော်မူလှသဖြင့် 'ငါဘုရား၏ ဓာတ်တော်များသည် ဖရိုဖရဲ တစ်ကွဲတခြားစီ ထိုထိုအရပ်တို့၌ တည်ရစ်ခဲ့သတည်း'ဟု အဓိဋ္ဌာန် ပြုတော်မူခဲ့လေသည်။

ထို့ကြောင့် –

> 'အပွာယုကဗုဒ္ဓါ ပန ယသ္မာ ဗဟုတရေန ဇနေန အဒိဋ္ဌာ ဇဝ ပရိနိဗ္ဗာယန္တိ၊ တသ္မာ ဓာတုပူဇမိဂ ကတွာ တတ္ထ တတ္ထ ဇနာ ပုညံ ပသဝိဿန္တိတိ အနုကမ္မာယ ဓာတုယော ဝိကိရန္တူတိ အဓိဋ္ဌဟန္တိ၊ တေန တေသံ သုဝဏ္ဏ စုဏ္ဏာနိ ဝိယ ဓာတုယော ဝိကိရန္တိ။[၁]

ဟု အဋ္ဌကထာများ၌ မိန့်ဆိုတော်မူကြ၏။

အနက်ကား – ပန၊ အပွာယုက ဖြစ်တော်မူကုန်သော ဘုရားရှင်တို့၏ ဓာတု ဝိကရဏကို ဆိုဦးအံ့၊ အပွာယုကဗုဒ္ဓါ၊ အသက်တော် တိုကုန်သော ဘုရားရှင်တို့သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဗဟုသုတရေန၊ များစွာသော။ ဇနေန၊ သတ္တဝါအပေါင်းသည်။ ဝါ၊ လူအပေါင်းသည်။ အဒိဋ္ဌာဇဝ၊ မဖူးတွေ့ရကုန်သည် ဖြစ်၍သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်စံတော်မူကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဓာတုပူဇမိဂ၊ ဓာတ်တော် ပူဇော်ခြင်းကိုလည်း။ ကတွာ၊ ပြု၍။ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ဇနာ၊ သတ္တဝါ အပေါင်းတို့

၁။ ဃုတ္တနိပါတ အဋ္ဌကထာ၊ ပ၊ ၁၉၃။

http://www.dhammadownload.com

သည်။ ဝါ၊ လူအပေါင်းတို့သည်။ ပုည၊ ကုသိုလ် ကောင်းမှုကို။ ပသဝိဿန္တိ၊ ပွားများကြစေကုန်လိမ့်လတ္တံ့။ ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးသွင်းတော်မူ၍။ အနုကမ္မာယ၊ သတ္တဝါတို့အား သနားတော်မူလှသဖြင့် အစဉ် စောင့်ရှောက်ခြင်းငှာ။ ဓာတုယော၊ ဓာတ်တော်တို့သည်။ ဝိကိရန္တု၊ ပျံ့နှံ့၍ တည်စေကုန်သတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌဟန္တိ၊ အဓိဋ္ဌာန်တော် မူကြကုန်၏။ တေန၊ ထိုသို့ အဓိဋ္ဌာန်တော်မူခဲ့ခြင်းကြောင့်။ တေသံ၊ ထိုဘုရားရှင်တို့၏။ ဓာတုယော၊ ဓာတ်တော်တို့သည်။ သုဝဏ္ဏ စုဏ္ဏနိ ဝိယ၊ ရွှေ မှုန့်တို့ကဲ့သို့။ ဝိကိရန္တိ၊ ကြဲဖြန့် ပျံ့နှံ့၍ တစ်ကွဲ တခြားစီ တည်တော်မူကြကုန်၏။

ထိုကြောင့် ငါတို့ ဂေါတမ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော် အသုံးအဆောင်တော်များသည်လည်း ထိုထို အရပ်ထက်ဝန်းကျင်၌ ပျံ့နှံ့၍ တည်တော်မူလျက်ရှိကုန်၏။

(၆၇) မဟိယင်္ဂဏကေသ ဓာတုစေတီ

ယခုအခါ တည်တော်မူလျက် ရှိတော်မူသော ဓာတ်တော် အသုံးအဆောင်တော်တို့၏ တည်ရာဌာနများနှင့်တကွ ဓာတ်တော်တို့၏ အမျိုးအမည် အဆင်းပမာဏ သဏ္ဌာန် စသည်တို့ကို ကောင်းစွာမှတ်သား၍ အာရုံပြုနိုင်ကြစေခြင်းငှာ ဗုဒ္ဓဝံသပါဠိတော်၌လာသော ဓာတုဝိဘာဇန ကထာနှင့်တကွ ထိုထိုအဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့၌ လာရှိသည်များကို ပြဆိုဦးအံ့။

ငါတို့ ဂေါတမ မြတ်စွာဘုရားသည် ကဆုန်လပြည့် အင်္ဂါနေ့၌ ပရိနိဗ္ဗာန်စံတော်မူ၍ ကဆုန်လပြည့်ကျော် ဆယ့်နှစ်ရက် တနင်္ဂနွေနေ့၌ အလောင်းတော်ကို တေဇောဓာတ် လောင်တော်မူ၏။

တေဇောဓာတ် လောင်သောအခါ မီးမငြိမ်းမိပင် အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော သရဘူ မထေရ်သည် မိမိတန်ခိုးဖြင့် လည်ရိုးတော်ဓာတ်ကို ယူဆောင်ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍ မဟိယင်္ဂဏကေသ ဓာတုစေတီတော်၌ ဌာပနာပြီးလျှင် မေဃ ဝဏ္ဏကျောက်ဖြင့် တစ်ဆယ့်နှစ်တောင်မြင့်အောင် ထပ်မံ၍တည်ထားတော်မူပြီးလျှင် ပြန်လည်တော်မူခဲ့သည်။ (ထိုစေတီ ယခုထက်တိုင် ထင်ရှားရှိ၍ ဖူးမြင်ခဲ့ရ၏။)

ဤသို့လျှင် တန်ခိုးကြီးသော နတ်၊ ဗြဟ္မာ၊ ရဟန္တာ အရှင်မြတ်တို့သည်လည်း မိမိတို့၏ တန်ခိုးဖြင့် မီးမငြိမ်းမိပင် ယူဆောင်၍ ပူဇော်သက္ကာရကို ပြုကြကုန်၏။

(၆၈) ဓာတ်တော်တည်ကြ ရှစ်ဌာန

ထိုနောက် မီးငြိမ်းသောကာလမှ မလွှာမင်းတို့သည် ကြွင်းကျန်ရစ်သောဓာတ်တော်ကို ပင့်ဆောင်၍ နှံ့သာမျိုးရေတို့ဖြင့် ဖျန်းပက်ပူဇော်၍ လုံခြုံစွာ အစောင့်အရှောက် အထပ်ထပ် စီမံ၍ ဓာတုပူဇနသဘင် ခုနစ်ရက်ပတ်လုံး ခင်းကျင်းကြလေသည်။

http://www.dhammadownload.com

ထိုဓာတ်တော်တို့၏ အချင့်ပမာဏကား တစ်ဆယ့်ခြောက်ကွမ်းစား တစ်ဆယ့်ခြောက်ပြည်သား ရှိသည်။

နဠာတ ဓာတုဝံသဋ္ဌကား –

စက္ခုမန္တ္ဟသ ဘဂဝတော သရီရ ဓာတု အဋ္ဌဒေါဏ မတ္တံ သုဝဏ္ဏနာဠိယာ ကောတအဋ္ဌဝီသတိ နာဠိကာ အဟောသိ[1]။

ဟု အဆိုရှိ၏။

စက္ခုမန္တ္ဟသ၊ ပညာ မျက်စိအမြင်နှင့် ပြည့်စုံတော်မူသော။ ဘဂဝတော၊ မြတ်စွာ ဘုရား၏။ သရီရ ဓာတု သမ္ဖိန္နေ၊ သရီရဓာတ်တော်သည်။ အဋ္ဌ ဒေါဏ မတ္တံ၊ ရှစ်ဒေါဏမျှရှိ၏။ ဝါ၊ ရှစ်စိတ်ရှိ၏။ သုဝဏ္ဏ နာဠိယာ၊ ရွှေစလယ် ကွမ်းစားဖြင့်။ ဇကသတ အဋ္ဌဝီသတိ နာဠိကာ၊ တစ်ရာ့နှစ်ဆယ့် ရှစ်စလယ် ရှိသည်။ အဟောသိ၊ ဖြစ်၏။

ဤ နဠာတ ဓာတုဝင် ကျမ်းအလိုအားဖြင့် မြတ်စွာဘုရား ဓာတ်တော်သည် စလယ်အားဖြင့် တစ်ရာ့နှစ်ဆယ့် ရှစ်စလယ်၊ စိတ်အားဖြင့် ရှစ်စိတ်၊ တင်းအားဖြင့် နှစ်တင်း ရှိ၏ဟု မှတ်ယူရာ၏။

ထိုမျှလောက်ပမာဏရှိသော ဓာတ်တော်တို့သည် ရှစ်စု ရှစ်ပုံ အညီအမျှပြု၍ ရှစ်ဌာနတို့၌ တည်တော်မူကြကုန်၏။ ထို့ကြောင့် –

ဇကော အဇာတ သတ္တုဿ၊ ဇကော ဝေသာလိယာ ပုရေ၊
ဇကော ကပိလဝတ္ထုဿိ်၊ ဇကော စ အလ္လကပ္ပကေ။
ဇကော စ ရာမဂါမမှိ၊ ဇကော စ ဝေဋ္ဌဒီပကေ၊
ဇကော စ ပါဝေယျကေ မလ္လေ၊ ဇကော စ ကောသိနာရကေ[2]။

ဟူ၍ ဗုဒ္ဓဝင် ဓာတု ဘာဇနကထာ၌ မိန့်ဆို၏။

အနက်ကား –

ဇကော၊ တစ်စုသော ဓာတ်တော်သည်။ ဝါ၊ နှစ်ပြည်သားရှိသော ဓာတ်တော်သည်။ အဇာတသတ္တုဿ၊ အဇာတသတ် မင်းကြီး၏။ ရာဇဂဟေ၊ ရာဇဂြိုဟ်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဇကော၊ တစ်စုသော ဓာတ်တော်သည်။ ဝါ၊ နှစ်ပြည်သားရှိသော ဓာတ်တော်သည်။ ဝေသာလိယာ ပုရေ၊ ဝေသာလီပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဇကော၊ တစ်စုသော ဓာတ်တော်သည်။ ဝါ၊ နှစ်ပြည်သားရှိသော ဓာတ်တော်သည်။ ကပိလဝတ္ထုဿိ်၊ ကပိလဝတ်ပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဇကော စ၊ တစ်စု

၁။ နဠာတဓာတုဝံသပါဠိ။

၂။ ဗုဒ္ဓဝံပါဠိ၊ ဓာတုဘာဇနီယကထာ၊ ၃၈၃။

http://www.dhammadownload.com

သော ဓာတ်တော်သည်လည်း။ ၀ါ၊ သည်လည်း။ အလွှကပွကော၊ အလွှကပွတိုင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော စ၊ တစ်စုသော ဓာတ်တော်သည်လည်း၊ ၀ါ၊ သည်လည်း။ ရာမဂါမမှိ၊ ကောလိယ မင်းတို့နေရာ ရာမရွာ၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော စ၊ တစ်စုသော ဓာတ်တော်သည်လည်း။ ၀ါ၊ သည်လည်း။ ဝေဋ္ဌဒီပကော၊ ဝေဋ္ဌဒီပက မည်သော ပုဏ္ဏားတို့တိုင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော စ၊ တစ်စုသော ဓာတ်တော်တို့သည်လည်း။ ၀ါ၊ သည်လည်း။ မလ္လေ၊ မလ္လာမင်းတို့၏နေရာ ဖြစ်သော။ ပါဝေယျကော၊ ပါ၀ါပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။ ဧကော စ၊ တစ်စုသော ဓာတ်တော်သည်လည်း။ ၀ါ၊ နှစ်ပြည်သားရှိသော ဓာတ်တော်သည်လည်း။ ကေသိနာရကော၊ ကုသိန္နာရုံပြည်၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏။

(၆၉) ဒေါဏ ပုဏ္ဏားကြီး၏ ကုမ္ဘဓေတီ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိန္နာရုံပြည်၌ ဒေါဏ ပုဏ္ဏားကြီးသည် ရှစ်ပြည်ထောင်သားတို့အား မြတ်စွာဘုရား၏ သာရိရိက သမ္ဖိန္န ဓာတ်တော်များကို အညီအမျှ ဝေဖန်ပေးသဖြင့် ထိုရှစ်ပြည်ထောင်သားမင်းတို့သည် မိမိတို့၏ပြည်သို့ ပင့်ဆောင်သွားပြီးလျှင် အသီးအသီး ဓေတီတည်၍ ကိုးကွယ်ကြကုန်၏။

ဒေါဏ ပုဏ္ဏားကြီးမှာကား ဓာတ်တော် ဝေစုမရသဖြင့် ဓာတ်တော်ထည့်သော အိုးကိုသာရ၍ ၎င်းကိုဌာပနာပြီးလျှင် 'ကုမ္ဘဓေတီ'ဟု တည်ထား ကိုးကွယ်ရလေသည်။

တစ်နည်း– ဓာတ်တော် ချင်သော ခွက်ဘူးကိုသာရ၍ ၎င်းကို ဌာပနာပြီးလျှင် ကုမ္ဘဓေတီဟု တည်ထား ကိုးကွယ်ရလေသည်။

မောလိယပြည်၌ နေကုန်သော သာကီဝင်မင်းသားတို့မှာလည်း နောက်ကျ၍ ဓာတ်တော် ဝေစုမရလိုက်ကြသဖြင့် တေဓောဓာတ် လောင်တော်မူရာ၌ မီးသွေးကိုသာယူဆောင်၍ 'အင်္ဂါရဓေတီ'ဟု တည်ထား ကိုးကွယ်ကြလေသည်။ ထို့ကြောင့် ဗုဒ္ဓဝင် ဓာတုဘာဇနကထာ၌ –

ကုမ္ဘသ္မ ထူပံ ကာရေသိ၊ ဗြာဟ္မဏော ဒေါဏ သဝုယော။
အင်္ဂါရ ထူပံ ကာရေသုံ၊ မောရိယာ တုဋ္ဌမာနသာ။
အဋ္ဌသာရိရိကာ ထူပါ၊ နဝမော ကုမ္ဘဓေတိယော။
အင်္ဂါရ ထူပေါ ဒသမော၊ တဒါ ယေဝ ပတိဋ္ဌိတော။[၁]

ဟူ၍ မိန့်ဆို၏။ ။ ဒေါဏသဝုယော၊ ဒေါဏဟု ခေါ်ဝေါ်အပ်သော။ ၀ါ၊ ဒေါဏ အမည်ရှိသော။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ကုမ္ဘသ္မ၊ ဓာတ်တော်ထည့်သော အိုးကို။

၁။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနိယကထာ၊ ၃၈၃။

http://www.dhammadownload.com

ဝါ၊ ဓာတ်တော်ချင်သော အိုးကို။ ပူဇနတ္ထာယ၊ ပူဇော်ခြင်းငှာ။ ထူပံ၊ စေတီကို။ ကာရေသိ၊ ပြု၏။ မောရိယာ၊ မောရိယ ပြည်သူပြည်သားတို့သည်။ တုဋ္ဌမာနသာ၊ ရွှင်လန်း နှစ်သက်ရာသောစိတ် ရှိကြကုန်သည်ဖြစ်၍။ အင်္ဂါရံ၊ တောဓောတ် လောင်တော်မူရာ အရပ်၌ ရှိသော မီးသွေးကို။ ဂဟေတွာ၊ ယူ၍၊ ထူပံ၊ စေတီကို။ ကာရေသုံ၊ ပြုကြကုန်၏။

သာရိရိကာ၊ သရီရ ဓာတ်တော်တို့ကို ဌာပနာရာ ဖြစ်ကုန်သော။ အင်္ဂ၊ ရှစ်ဆူ ကုန်သော။ ထူပါ၊ သရီရိက စေတီတို့ကို။ ပတိဋ္ဌိတာ၊ တည်ထားကြကုန်၏။ နဝမော၊ ကိုးခုမြောက်သော။ ကုမ္ဘစေတိယော၊ ကုမ္ဘစေတီကိုလည်းကောင်း။ ဒသမော၊ ဆယ်ခုမြောက်သော။ အင်္ဂါရထူပေါ၊ အင်္ဂါရစေတီကိုလည်းကောင်း။ တဒါယေဝ၊ ဓာတ်တော်ဝေဖန်ပြီးသော ထိုအခါ၌သာလျှင်။ ပတိဋ္ဌိတော၊ တည်ထား၏။

(၇၀) ဓာတ်တော် ၂ မျိုး

မြတ်စွာဘုရား၏ ဓာတ်တော်တို့သည် တောဓောတ် လောင်တော်မူသောအခါ-

- မပြိုမကွဲ တစ်ခဲတည်း ပကတိအတိုင်း တည်ရှိသော အသမ္ဘိန္နဓာတ်တော်၊
- ပြိုကွဲ၍ ပမာဏအားဖြင့် အကြီး အငယ် အလတ်

ဟူ၍တည်ရှိသော ၊ သမ္ဘိန္နဓာတ်တော် ဤသို့ ဓာတ်တော် နှစ်မျိုးရှိသည်။

ထိုတွင် အသမ္ဘိန္နဓာတ်တော် ခုနစ်ပါးရှိသည်၊ ခုနစ်ပါးဟူသော်ကား -

- နဖူး သင်းကျစ်တော်၊
- စွယ်တော် လေးချောင်း၊
- ညှပ်ရိုးတော် နှစ်ချောင်း။

ဤခုနစ်မျိုးသော ဓာတ်တော်များသည် တောဓောတ် လောင်တော်မူစဉ်က မပြိုမကွဲ တစ်ခဲတည်း ပကတိအတိုင်း တည်ရှိသောကြောင့် ထိုဓာတ်တော်များကို 'အသမ္ဘိန္နဓာတ်တော်'ဟူ၍ ခေါ်ဆိုရသည်။

ကြွင်းသော အသားတော်၊ အရိုးတော်၊ အသွေးတော်၊ အကြောတော်တို့မှဖြစ်သော ဓာတ်တော်များသည်ကား တောဓောတ် လောင်စဉ်က ပြိုကွဲ၍ -

- ပဲနောက်စေ့ ပမာဏ ရွှေအဆင်း၊
- ဆန်ကျိုး ပမာဏ ပုလဲအဆင်း၊
- မုန်ညင်းစေ့ ပမာဏ သင်းခွေပန်းငုံအဆင်း

ရှိသည်ဖြစ်၍ တည်ရှိသောကြောင့် 'သမ္ဘိန္နဓာတ်တော်'ဟု ခေါ်ဆိုရသည်။

ထို့ကြောင့် ဓာတု ဘာဇနေ ကထာ၌ -

http://www.dhammadownload.com

ဥဏှိ သံ စတသော ဒါဠာ၊ အက္ခကာ ဒွေ စ ဓာတုယော၊
အသမ္ဘိန္နာ ဣမာ သတ္တ၊ သေသာ ဘိန္နဝ ဓာတုယော။[၁]

ဥဏှိ သံ၊ နဖူး သင်းကျစ်တော်သည် လည်းကောင်း။ စတသော၊ လေးချောင်းကုန်သော။ ဒါဠာ၊ စွယ်တော်တို့သည် လည်းကောင်း။ ဒွေ၊ နှစ်ချောင်းကုန်သော။ အက္ခကာစ၊ ညှပ်ရိုးတော်တို့သည် လည်းကောင်း။ ဣမာ သတ္တဓာတုယော၊ ဤခုနစ်ဆူသော ဓာတ်တော်တို့သည်။ အသမ္ဘိန္နာ၊ တစ်စောဓာတ် လောင်တော်မူစဉ်က မပြိုမကွဲ ပကတိ အမြဲ တည်ရှိတော် မူကြသောကြောင့် အသမ္ဘိန္နာ ဓာတ်တော်တို့ မည်ကြကုန်၏။ သေသာ၊ ကြွင်းကုန်သော အသားတော် အသွေးတော် စသော ဓာတ်တော်တို့သည်။ ဘိန္နာဝ ဓာတုယော၊ တစ်စောဓာတ် လောင်တော်မူစဉ်က ပြိုကွဲ၍ တည်ရှိတော် မူကြသောကြောင့်။ သမ္ဘိန္နာ၊ ဓာတ်တော်တို့ မည်ကုန်၏။

မဟန္တာ မုဂ္ဂမတ္တာ စ၊ မဏ္ဍိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပ မတ္တာစ၊ နာနာဝဏ္ဏာစ ဓာတုယော။[၂]

မဟန္တာ၊ ကြီးသော။ သမ္ဘိန္နာ၊ ဓာတ်တော်တို့သည်။ မုဂ္ဂမတ္တာ စ၊ ပဲနောက်စေ့ပမာဏ ရှိတော်မူကုန်၏။ မဏ္ဍိမာ၊ အလတ် ဖြစ်ကုန်သော သမ္ဘိန္နာ ဓာတ်တော်တို့သည်။ ဘိန္နာ တဏ္ဍုလာ၊ ဆန်ကျိုးပမာဏ ရှိတော်မူကုန်၏။ ခုဒ္ဒကာ၊ အငယ်ဖြစ်ကုန်သော သမ္ဘိန္နာ ဓာတ်တော်တို့သည်။ သာသပမတ္တာ၊ မုန်ညင်းစေ့ပမာဏ ရှိတော်မူကုန်၏။ ဓာတုယော၊ ထို သမ္ဘိန္နာ ဓာတ်တော်တို့သည်။ နာနာ ဝဏ္ဏာ စ၊ အထူးထူးသော အဆင်းလည်း ရှိတော်မူကြကုန်၏။

မဟန္တာ သုဝဏ္ဏဝဏ္ဏာ စ၊ မုတ္တဝဏ္ဏာ စ မဏ္ဍိမာ။
ခုဒ္ဒကာ မကုလဝဏ္ဏာ စ၊ သောဋ္ဌသ ဒေါဏမတ္တိကာ။[၃]

မဟန္တာ၊ ကြီးသော သမ္ဘိန္နာ ဓာတ်တော်တို့သည်။ သုဝဏ္ဏဝဏ္ဏာ စ၊ ရွှေအဆင်းနှင့်တူသော အဆင်းလည်း ရှိတော်မူကြကုန်၏။ မဏ္ဍိမာ၊ အလတ် ဖြစ်သော သမ္ဘိန္နာ ဓာတ်တော်တို့သည်။ မုတ္တဝဏ္ဏာ စ၊ ပုလဲအဆင်းနှင့်တူသော အဆင်းလည်း ရှိတော်မူကုန်၏။ ခုဒ္ဒကာ၊ ငယ်ကုန်သော သမ္ဘိန္နာ ဓာတ်တော်တို့သည်။ မကုလ ဝဏ္ဏာ စ၊ သင်းခွေပန်းငုံ အဆင်းနှင့်တူသော အဆင်းလည်း ရှိတော်မူကုန်၏။ သောဋ္ဌသ ဒေါဏမတ္တိကာ၊ တစ် ဆယ့်ခြောက် ဒေါဏအချင့် ရှိကုန်၏။ ဝါ၊ တစ်ဆယ့်ခြောက်ပြည်သား အချင့် ရှိကုန်၏။

၁။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနိယကထာ၊ ၃၈၃။
၂။ ။ ၃၈၄။
၃။ ။ ၃၈၄။

http://www.dhammadownload.com

မဟန္တာ ပဥ္စနာဠိဒယာ၊ နာဠိယော ပဥ္စ မဏ္ဍိမာ။
ခုဒ္ဒကာ ဆ နာဠိ စေ ဝ၊ ဇော သမ္ဗာပိ ဓာတုယော။[၁]

မဟန္တာ၊ ကြီးသော။ သမ္ဖိန္နံ ဓာတ်တော်တို့သည်။ ပဥ္စနာဠိ စ၊ ငါးကွမ်းစား (ငါးပြည်သား)အချင့် ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဏ္ဍိမာ၊ အလတ်ဖြစ်သော။ သမ္ဖိန္နံ ဓာတ်တော်တို့သည်။ ပဥ္စ နာဠိယော စေ ဝ၊ ငါးကွမ်းစား(ငါးပြည်သား) အချင့် ရှိကုန်သည်သာလျှင်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ခုဒ္ဒကာ၊ ငယ်သော သမ္ဖိန္နံ ဓာတ်တော်တို့သည်။ ဆ နာဠိစေ ဝ၊ ခြောက်ကွမ်းစား(ခြောက်ပြည်သား)အချင့် ရှိကုန်သည်သာလျှင်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သမ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဇောဓာတုယော၊ ထို အကြီး အငယ် အလတ် ဖြစ်ကုန်သော။ သမ္ဖိန္နံ ဓာတ်တော်တို့သည်။ သောဋ္ဌသ ဒေါဏမတ္တိကာ၊ တစ်ဆယ့်ခြောက်ဒေါဏ (တစ်ဆယ့်ခြောက်ပြည်သား) အချင့် ပမာဏရှိကုန်၏။

အသမ္ဖိန္နံ ဓာတ်တော် ခုနစ်ပါးတို့ တည်ရာအရပ် အသီးသီးကို ပြဆိုသော ဓာတုဘာဇန ကထာလာ စကားကို ပြဆိုဦးအံ့။

ဥဏ္ဍီသံ သီဟဠေဒီပေ၊ ဇြဟ္မလောကေ စ ဝါမကံ၊
သီဟဠေ ဒက္ခိဏကွဋ္ဌေ၊ သမ္ဗာ ပေတာ ပဲတိဋ္ဌတာ။
ဇော ဒါဋ္ဌ တိဒသာ ပုရေ၊ ဇော နာဂ ပုရေ အဟု၊
ဇော ဂန္ဓာရ ဝိသယေ၊ ဇော ကလိင်္ဂရာဇိနော။[၂]

ဥဏ္ဍီသံ၊ နဖူး သင်းကျစ်တော်သည်။ သီဟဠေဒီပေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဝါမကံ၊ လက်ဝဲညှပ်ရိုးတော်သည်။ ဇြဟ္မလောကေ စ၊ ဇြဟ္မာပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဒက္ခိဏကွဋ္ဌေ၊ လက်ယာညှပ်ရိုးတော်သည်လည်း။ သီဟဠေ၊ သီဟိုဠ်ကျွန်း၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဇောဓာတုယော၊ ထို အသမ္ဖိန္နံ ဓာတ်တော်တို့သည်။ စေတိယံ၊ စေတီ၌။ ပတိဋ္ဌိတာ၊ တည်တော်မူကြကုန်၏။

ဇော၊ တစ်ဆူသော။ ဒါဋ္ဌာ၊ အထက် လက်ယာစွယ်တော်သည်။ တိဒသာ ပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူသည်။ အဟု၊ ဖြစ်ပြီ။ ဇော၊ တစ်ဆူသော။ ဒါဋ္ဌာ၊ အောက် လက်ယာစွယ်တော်သည်။ နာဂပုရေ၊ ဇယသေန နဂါးပြည်၌။ ပတိဋ္ဌိတာ၊ တည်တော်မူသည်။ အဟု၊ ဖြစ်ပြီ။ ဇော၊ တစ်ဆူသော။ ဒါဋ္ဌာ၊ အထက် လက်ဝဲစွယ်တော်သည်။ ဂန္ဓာရ ဝိသယေ၊ ဂန္ဓာရတိုင်း၌။ ပတိဋ္ဌိတာ၊ တည်တော် မူသည်။ အဟု၊ ဖြစ်ပြီ။ ဇော၊ တစ်ဆူသော။ ဒါဋ္ဌာ၊ အောက်

၁။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနီယကထာ၊ ၃၈၄။
၂။ ″ ″ ၃၈၄။

http://www.dhammadownload.com

လက်ဝဲစွယ်တော်သည်။ ကလိင်္ဂရာဇိနော၊ ကာလိင် မင်းတို့၏။ ဝိသယေ၊ နိုင်ငံ၌။ ပတိဋ္ဌိတာ၊ တည်တော်မူသည်။ အဟု၊ ဖြစ်ပြီ။

(၇၁) သီဟိုဠ်ကျွန်း၌ နဖူးသင်းကျစ်တော်

ထို အသမ္ဘိန္နေ ဓာတ်တော် ခုနစ်ဆူတို့တွင် နဖူးသင်းကျစ်တော် သီဟိုဠ်ကျွန်း၌ တည်တော်မူကြောင်းကား။ ။ ဒေါဏပုဏ္ဏားကြီး ဓာတ်တော်ဝေဖန်စဉ်က နဖူးသင်းကျစ်တော်ကို ကုဿိန္နရုံပြည် မလ္လာမင်းတို့ ဝေစုရသဖြင့် မလ္လာမင်းတို့၏အထံမှ အရှင်မဟာကဿပ မထေရ်ကြီး တောင်းယူပြီးလျှင် မိမိတပည့်ဖြစ်သော အရှင်မဟာနန္ဒ မထေရ်အား ပေး၍ ကိုးကွယ်စေသဖြင့် ထိုမဟာနန္ဒ မထေရ်သည် နဖူးသင်းကျစ်တော်ဓာတ်ကို မဟာဝုန်တော ကုဋ္ဌာဂါရ ကျောင်းတော် ဂန္ဓကုဋိ တိုက်၌ ထား၍ ကိုးကွယ်လေသည်။

ထိုနောက် ထိုမဟာနန္ဒ မထေရ် ပရိနိဗ္ဗာန်စံလျှင် မထေရ် အဆက်ဆက်ပြောင်း၍ မချိမဒေသအတွင်း ထင်ရှားသော တိုင်းပြည်ကြီးတို့၌ ရောက်၍ ကိုးကွယ်လာရာ မဟာဒေဝ မထေရ်သည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော် ဂန္ဓကုဋိတိုက်မှ သီဟိုဠ်ကျွန်း သို့ပင့်ဆောင်သွားသဖြင့် မဟာဂါမဏိ မင်းပြုသော ဒေဝါနံပိယတိဿမင်း၏ ညီတော် မဟာနာဂမင်း လက်ထက်တွင် သီဟိုဠ်ကျွန်းသို့ ရောက်သဖြင့် ထိုမဟာနာဂမင်း ကိုးကွယ်လေသည်။

ထိုမဟာနာဂမင်း၏သားတော် ဃဋ္ဋလာဃကမင်း၊ ထိုမင်း၏သားတော် ဃောဋ္ဌာဘယ၊ ထိုမင်း၏သားတော် ကာကဝဏ္ဏ တိဿမင်း၊ ထိုကာကဝဏ္ဏ တိဿမင်းကြီး လက်ထက်၌ ထိုကာကဝဏ္ဏ တိဿမင်းကြီးသည် သေရမြို့ ဝရာဃအိုင်၌ ကြီးကျယ်စွာသော မင်္ဂလာစေတီတော်ကြီးတည်၍ ထိုစေတီတော်ကြီး၌ နဖူးသင်းကျစ်တော်ကို ဌာပနာ၍ ကိုးကွယ်သဖြင့် ယခုထက်တိုင် မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော် အသမ္ဘိန္နေ ဓာတ်တော်သည် သီဟိုဠ်ကျွန်းမှာပင် ကျိန်းဝပ်တော်မူလျက်ရှိသည်။

(၇၂) ဗြဟ္မာပြည် လက်ဝဲညှပ်ရိုးတော်

လက်ဝဲ ညှပ်ရိုးတော် ဗြဟ္မာပြည်သို့ ရောက်ကြောင်းကား- တေဇောဓာတ် လောင်စဉ် မီးမငြိမ်းသေးမီ မိမိတို့၏တန်ခိုးဖြင့် ဗြဟ္မာတို့ ပင့်ဆောင်သွားသဖြင့် ဗြဟ္မာပြည် မှာ ကျိန်းဝပ်တော်မူလျက်ရှိသည်။

(၇၃) သီဟိုဠ်ကျွန်း လက်ယာညှပ်ရိုးတော်

လက်ယာ ညှပ်ရိုးတော် သီဟိုဠ်သို့ ရောက်ကြောင်းကား- တာဝတိံသာနတ်ပြည် စူဠာမဏိစေတီကမှ သီဟိုဠ်သို့ ရောက်လာသည်။ ဓာတ်တော် ဝေဖန်စဉ် ဒေါနပုဏ္ဏားကြီး

http://www.dhammadownload.com

သည် အထက် လက်ယာစွယ်တော်ကို မိမိဥသျှောင်ကြား၌ ဝှက်ထားသည်ကို သိကြား မင်းသိ၍ ၎င်း အထက် လက်ယာစွယ်တော်ကိုလည်းကောင်း၊ လက်ယာညှပ်ရိုးတော်ကို လည်းကောင်း ပင့်ဆောင်သွားပြီးလျှင် တာဝတိံသာနတ်ပြည် စူဠာမဏိစေတီတွင် ဌာပနာ၍ ကိုးကွယ်လေသည်။ နောက်ကာလ လက်ယာညှပ်ရိုးတော် သီဟိုဠ်ကျွန်းသို့ရောက်လာသည်။

ရောက်ပုံကား–

သီဟိုဠ် ပထမ သာသနာပြု ဒေဝါနံပိယ တိဿမင်းလက်ထက် သာသနာတည်စတွင် ရှင်မဟာမဟိန္ဒ မထေရ် စေခိုင်းသဖြင့် သုမနသာမဏေ တာဝတိံသာနတ်ပြည်သို့ ကြွသွားပြီးလျှင် ရှင်မဟာမဟိန္ဒမထေရ် အမိန့်တော်နှင့် သိကြားထံမှ လက်ယာညှပ်ရိုးတော်ကို တောင်းယူခဲ့ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ပြန်လာခဲ့၍ ဒေဝါနံပိယတိဿမင်းကြီးအား စေတီတည်ရန် ပေးသဖြင့် ဒေဝါနံပိယ တိဿမင်းကြီးသည် ၎င်း လက်ယာညှပ် ရိုးတော်ကို ဌာပနာ၍ ထူပါရုံစေတီဟု တည်ထားကိုးကွယ်လေသည်။

ထို ထူပါရုံစေတီသည် သီဟိုဠ်ကျွန်းတွင် ရှေးဦးစွာတည်ထားသော စေတီဖြစ်သည်။ ၎င်းစေတီ ယခုထက်တိုင် မပျက်မစီး မယိုမယွင်း ထင်ရှားရှိသေးသည်ဖြစ်၍ လက်ယာညှပ်ရိုးတော်သည်လည်း ယခုတိုင်အောင်ပင် သီဟိုဠ်ကျွန်း ၎င်းထူပါရုံစေတီတော်၌ ကျိန်းဝပ်တော်မူလျက်ရှိသည်ဟု အာရုံပြုရာ၏။

လက်ယာညှပ်ရိုးတော်နှင့်အတူ သိကြားမင်း ပင့်ဆောင်သွားသော အထက် လက်ယာစွယ်တော်သည်ကား တာဝတိံသာနတ်ပြည် စူဠာမဏိစေတီမှာပင် ကျိန်းဝပ်တော်မူလျက်ရှိလေသည်။

(၇၄) ဂန္ဓာရတိုင်း ဟူသည်

အောက် လက်ယာစွယ်တော်ကို ဓာတ်တော် ဝေဖန်စဉ် ဒေါဏပုဏ္ဏားကြီးသည် မိမိကိုးကွယ်မည်ဟု မိမိအောက်၌ဝှက်ထားသည်ကို ဇယသေန နဂါးမင်း သိ၍ နဂါးပြည်သို့ ယူဆောင်သွားပြီးလျှင် ရတနာစေတီမှာ ဌာပနာ၍ ကိုးကွယ်သဖြင့် ၎င်း အောက် လက်ယာစွယ်တော် နဂါးပြည်မှာရှိသည်။

အထက် လက်ဝဲစွယ်တော်ကို ဒေါဏပုဏ္ဏားကြီး ပုဆိုးကြား၌ ဝှက်ထားသည်ကို ဂန္ဓာရတိုင်းသား ရဟန်းတစ်ပါးသည် မိမိတန်ခိုးဖြင့် ဆောင်ယူ၍သွားသဖြင့် ဂန္ဓာရတိုင်းမှာ စေတီတည်လျက် ဌာပနာပြီးလျှင် ကိုးကွယ်ကြလေသည်။ ထို့ကြောင့် ၎င်း အထက် လက်ဝဲစွယ်တော် ဂန္ဓာရတိုင်းမှာ ရှိသည်။

ထိုဂန္ဓာရတိုင်းကို ယခုအခါ 'တရုတ်ပြည်'ဟု အယူရှိကြ၍ တရုတ်ပြည်မှာ

http://www.dhammadownload.com

စွယ်တော်ရှိသည်ဟု ပြောလေ့ဆိုလေ့ ရှိကြသည်။ ဂန္ဓာရတိုင်း ဆိုသည်မှာ ပက္ကုသာတိမင်းကြီး နေရာ တက္ကသိုလ်ပြည်ရှိသော တိုင်းကိုသာ ကျမ်းဂန်အဆိုရှိသည်။

အောက် လက်ဝဲစွယ်တော်ကို သုဘူတိ ရဟန္တာ အရှင်မြတ်သည် တေဓောဓာတ် လောင်စဉ် မီးမငြိမ်းသေးမီ မိမိ၏ တန်ခိုးဖြင့်ဆောင်ပြီးလျှင် ကာလင်္ဂရာဇ် မင်းအား ပေး၍ ပူဇော်စေ၏။ ထိုအကြောင်းကိုအစွဲပြု၍ 'ဧကာကာလင်္ဂရာဇိနော'[၁] ဟု ဆိုသည်။

ဌင်း စွယ်တော်သည် နောက်ကာလ သာသနာသက္ကရာဇ် ၈၃၁ ခုနှစ်တွင် ဂူဟသိဝမင်း လက်ထက် ကာလင်္ဂရာဇ်ပြည်မှ သီဟိုဠ်ကျွန်းသို့ ကိတ္တိသိရိမေဃမင်း လက်ထက်တွင် ရောက်သည်ဟု အဆိုရှိသည်။ သီဟိုဠ်ကျွန်း ရှေးခေါ် သခ်ါတမြို့၊ ယခုအခေါ် ကန္ဒီမြို့၌ ရှေး နန်းတော်ဟောင်းအတွင်း၌ ထား၍ တစ်နှစ်မှတစ်ကြိမ်၊ နှစ်နှစ်မှတစ်ကြိမ်၊ သုံးနှစ်မှတစ်ကြိမ် စသည်ဖြင့် ယခုဖွင့်ပြလျက်နေသော စွယ်တော်ပင်လို့ ပြောဆိုလျက်ရှိကြ၏။

ဌင်းစွယ်တော် အဆင်းကား ယခု မြန်မာပြည်တွင် ဆင်စွယ်များကို ပြုလုပ်ထားသော ကြုတ်၊ ခါးဗန်းသီး စသည်တို့သည် ကိုင်ပါ များသဖြင့် ဖြူသော အသစ်အရောင်မှ ပြောင်းလဲ၍ ဝါကျင့်ကျင့် နေသော ဆင်စွယ်ကြုတ်ရောင်၊ ဆင်စွယ်ခါးဗန်းသီးရောင်နှင့် တူသောအဆင်းရှိ၏။

ဌင်းစွယ်တော် ပမာဏနှင့်တကွ အဆင်း အရောင်များသည် စာဆိုနှင့် ညီအံ့မထင်၊ ကျမ်းဂန်များ၌ကား ငှက်ပျောသီးသဏ္ဌာန် ပမာဏရှိ၍ သောက်ရှူးကြယ် အတူ ဖြူသောအရောင်တော် ရှိသည် ဟုဆိုသည်။

(၇၅) ဓာတ်တော်များ စကြဝဠာပျံ့နှံ့

စတ္တာလီသ သမဒန္တာ၊ ကေသာ လောမာ စ သဗ္ဗသော။
ဒေဝါ ဟရိ်သု ဧကေကံ၊ စက္ကဝါဠ ပရမ္မုခာ။[၂]

ဘဂဝတော၊ မြတ်စွာဘုရား၏။ စတ္တာလီသ၊ လေးဆယ် ကုန်သော။ သမဒန္တာစ၊ ညီညွတ် ချောမော ပြေပြစ်ကုန်သော သွားတော်တို့ကိုလည်းကောင်း၊ သဗ္ဗသော၊ အလုံးစုံ သောအားဖြင့်။ ကေသာ လောမာ စ၊ ဆံတော်၊ မွေးတော်တို့ကို လည်းကောင်း။ ဧကေကံ၊ တစ်ချောင်းတစ်ချောင်းစီ။ စက္ကဝါဠပရမ္မုခာ၊ စကြဝဠာ အဆင့်ဆင့်။ ဝါ၊ စကြဝဠာအ နှံ့အပြား။ ဒေဝါ၊ နတ်ဗြဟ္မာတို့သည်။ ဟရိ်သု၊ ပင့်ဆောင် သွားကြကုန်၏။

ဝဇီရာယံ ဘဂဝတော၊ ပတ္တော ဒဏ္ဍာဋ္ဌ စီဝရံ။

၁။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနီယကထာ၊ ၃၈၄။

http://www.dhammadownload.com

နိဝါသနံ ကုလဃရေ၊ ပစ္ဆတ္ထရဏံ ကပိလဝ္ဟယေ။[၁]

ဘဂဝတော၊ မြတ်စွာဘုရား၏။ ပတ္တော စ၊ သပိတ်တော်သည် လည်းကောင်း။ ဒဏ္ဍဥ္စ၊ တောင်ဝှေးတော်သည် လည်းကောင်း။ စီဝရဉ္စ၊ သင်္ကန်းတော်သည် လည်းကောင်း။ ဝဇီရာယံ၊ ဝဇီရမြို့၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ နိဝါသနံ၊ ခါးဝတ် သင်းပိုင်တော်သည်။ ကုလဃရေ၊ ကုလဃရပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ပစ္ဆတ္ထရဏံ၊ အပေါ် အခင်းတော်သည်။ ကပိလဝ္ဟယေ၊ ကပိလဟု ခေါ်ဝေါ်အပ်သော ပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။

ဤဂါထာ၌ သီလဝေ ဟူ၍လည်းကောင်း၊ ကပိလဝ္ဟယေ ဟူ၍လည်းကောင်း၊ သီဟဠဝ္ဟယေ ဟူ၍လည်းကောင်း ပါဠိအမျိုးမျိုးရှိသည်။

ပါတလိပုတ္တ ပုရမှိ၊ ကရဏ် ကာယဗန္ဓနံ။

စမ္မာ ယုဒက သာဋိယံ၊ ဥဏ္ဏာလောမဉ္စ ကောသလေ။[၂]

ကရဏ္ဍဉ္စ၊ ဓမ္မ ကရိဏ်တော်သည် လည်းကောင်း၊ ကာယဗန္ဓနံ၊ ခါးဗန်းကြိုးတော်သည်လည်းကောင်း။ ပါတလိ ပုတ္တပုရမှိ၊ ပါတလိပုတ်ပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဥဒက သာဋိယံ၊ ရေသနုတ်တော်သည် ရေလဲသင်းပိုင်တော်သည်။ စမ္မာယံ၊ စမ္မာပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဥဏ္ဏာလောမဉ္စ၊ ဥဏ္ဏာလုံမွေးရှင်တော်သည်။ ကောသလေ၊ ကောလသတိုင်း၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။

ကာသာဝံ ဗြဟ္မလောကေ စ၊ ဝေဠနံ တိဒသေပုရေ။

နိသီဒနံ အဝန္တိသု၊ ရဋ္ဌေ အတ္ထရဏံ တဒါ။[၃]

ကာသာဝံ၊ သင်္ကန်းတော်သည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဝေဠနံ၊ ဦးရစ်တော်သည်။ တိဒသေပုရေ၊ တာဝတိံသာနတ်ပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ နိသီဒနံ၊ နိသီဒိုင်တော်သည်။ အဝန္တိသု၊ အဝန္တိတိုင်းတို့၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ တဒါ၊ ထိုအခါ၌။ အတ္ထရဏံ၊ မြေအခင်းတော်သည်။ ဒေဝရဋ္ဌေ၊ ဒေဝတိုင်း၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။

ဤဂါထာ၌ 'ကာသာဝံ'ဆိုသော်လည်း ဝတ်လဲတော်ကိုယူ။

'ပါသာဏကေ ပဒံ သေဋ္ဌံ၊ ယဘ္ဘာပိ အစ္ဆုတံ ပဒံ'ဟူ၍လည်း နောက်နှစ်ပါဒ ပါဠိရှိ၏။

ယင်းပါဠိအနက်ကား၊ ပါသာဏကေ၊ ကျောက်ဖျာ၌။ သေဋ္ဌံ၊ မြတ်သော။ ယဘ္ဘာပိပဒံ၊ ဇမ္ဗူဒိပ်ကျွန်း၌ရှိသော လက်ဝဲ ခြေတော်ရာ နှစ်ဆူ၊ သီဟိဠ်ကျွန်း သုမနကူဋ တောင်ထိပ်၌ရှိသော လက်ယာ ခြေတော်ရာ တစ်ဆူအား ဖြင့် အကြင် သုံးဆူသော

၁၊ ၂၊ ၃။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနီယကထာ၊ ၃၈၄။

http://www.dhammadownload.com

ခြေတော်ရာ အပေါင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တဋ္ဌာပိပဒံ၊ ထိုသုံးဆူသော ခြေတော်ရာ အပေါင်းသည်လည်း။ အစ္ဆုတံ၊ ရွေ့ခြင်းမရှိဟု-အနက်ပေးလျက်ရှိ၏။

အရဏီစ မိထိလာယံ၊ ဝိဒေဟော ပရိသာဝနံ။

ဝါသိ သုစီ ဃရဏ္ဍာ ပိ၊ ဣန္ဒပတ္ထပုရေ တဒါ။[၃]

တဒါ၊ ထိုအခါ၌ အရဏီ စ၊ မီးပွတ်တော်သည်။ မိထိလာယံ၊ မိထိလာပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ပရိသဝနံ၊ ရေစစ်တော်သည်။ ဝိဒေဟော၊ ဝိဒေဟတိုင်း၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။ ဝါသိစ၊ ပဲကျပ်တော်သည် လည်းကောင်း။ သုစိဃရဏ္ဍ၊ အပ်ကျည်တော်သည် လည်းကောင်း။ ဣန္ဒပတ္ထပုရေ၊ ဣန္ဒပတ္ထပြည်၌။ ပတိဋ္ဌာတိ၊ တည်တော်မူ၏။

ပရိကမ္မာရာ အဝသေသာ၊ ဧနပဒေ အပရဏ္ဏကေ။

ပရိဘုတ္တာနိ မုနိနော၊ အဂ်သု မနဇာ တဒါ။[၂]

တဒါ၊ ထိုဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသောအခါ၌။ မုနိနော၊ မြတ်စွာဘုရား သည်။ ပရိဘုတ္တာနိ၊ သုံးဆောင်တော် မူအပ်ကုန်သော။ အဝသေသာ၊ ဆိုအပ်ခဲ့ပြီးသည် မှ ကြွင်းကုန်သော။ ပရိကမ္မာရာ၊ ပရိကမ္မာရာတော်တို့ကို။ အပရဏ္ဏကေ၊ အပရဏ္ဏက အမည် ရှိသော။ ဧနပဒေ၊ ဧနပုဒ်၌။ မနဇာ၊ လူတို့သည်။ ပူဇနတ္ထာယ၊ ပူဇော်ကြခြင်းငှာ။ စေတိယံ၊ စေတီကို။ အဂ်သု၊ တည်ထားခြင်းကို ပြုကြကုန်၏။

ဓာတု ဝိတ္ထာရိကံ အာသိ၊ ဂေါတမဿ မဟေသိနော။

ပါဏိနံ အနုကမ္ပာယ၊ အဟု ပေါရာဏိကံ တဒါ။[၃]

ဂေါတမဿ၊ ဂေါတမ အမည်ရှိတော်မူသော။ မဟေသိနော၊ မြတ်စွာဘုရား၏။ ဓာတု၊ ဓာတ်တော်သည်။ ပါဏိနံ၊ သတ္တဝါအပေါင်းတို့ကို။ အနုကမ္ပာယ၊ သနားတော် မူလိုသဖြင့်။ ဝိတ္ထာရိကံ၊ ပျံ့နှံ့သည်။ အာသိ၊ ဖြစ်ပြီ။ တဒါ၊ ထိုသက်တော်ထင်ရှား ဖြစ်တော်မူသောအခါ၌။ ပေါရာဏိကံ၊ ရှေးဦးဖြစ်သော စေတီတော်များသည်လည်း။ အဟု၊ ထင်ရှား ရှိသည်ဖြစ်ပြီ။

ဤသို့လျှင် ဗုဒ္ဓဝံသ ပါဠိတော် ဓာတုဘာဇနီယကထာ၌ ဓာတ်တော်မွေတော် အသုံးအဆောင်တော်တို့၏ တည်ရာအရပ်များကို မှတ်သား၍ အာရုံပြုကြကုန်ရာ သတည်း။

(၇၆) ဓာတု သာသနာ ကွယ်ခြင်း

တီဏိ ပရိနိဗ္ဗာနာနိ ကိလေသ ပရိနိဗ္ဗာနံ၊

၁၊ ၂၊ ၃။ ဗုဒ္ဓဝံသပါဠိ၊ ဓာတုဘာဇနီယကထာ၊ ၃၈၄။

http://www.dhammadownload.com

ခန္ဓ ပရိနိဗ္ဗာနံ ဓာတု ပရိနိဗ္ဗာနန္တိ။[၁]

ဟူသည်နှင့်အညီ –

(၁) ကိလေသ ပရိနိဗ္ဗာန်၊

(၂) ခန္ဓ ပရိနိဗ္ဗာန်၊

(၃) ဓာတု ပရိနိဗ္ဗာန်

ဟူ၍ သုံးပါး အပြားရှိသည်။

ထိုသုံးပါးတို့တွင် –

(က) ကိလေသ ပရိနိဗ္ဗာန်

(က) ကိလေသ ပရိနိဗ္ဗာန်ဆိုသည်ကား ကိလေသာ အဖြစ် ငြိမ်းခြင်းကိုဆိုသည်။ ထိုကိလေသာ အဖြစ် ငြိမ်းခြင်းသည်ကား ဘိုးတော် အဋ္ဌနမင်းကြီး ထားခဲ့သော သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့နံနက် အရုဏ်တက်အချိန် ဥရဝေလတော ဗောဓိပင် နှင့် ရွှေပလ္လင်တွင် ကိလေသာသုံးပါး မျိုးစေ့ပြတ် ငြိမ်းလေသည်။ ထိုအခါမှစ၍ ကိုယ် တော်မြတ် သန္တာန်မှာ အနမတဂ္ဂ သံသာရက ဖြစ်ပေါ်လာခဲ့သော ကိလေသာ ရေအယဉ် ပြတ်၏။ ငုတ်၏။ ချုပ်၏။ အမြစ်ကျွတ်၏။ ကုန်၏။ ခမ်း၏။ အဆုံးသတ်၏။ နောက်ထပ်မဖြစ်ပေါ်လာတော့ပြီ။

ဤသို့ နောက်ထပ် မဖြစ်မပေါ် ကိလေသာ ကုန်ဆုံး ငြိမ်းချမ်းခြင်း သို့ရောက်သဖြင့် ကိလေသာ ဇာတိ မရှိရကား၊ ကိလေသာ ဇာတိ မရှိလျှင် ကိလေသာ ဇရာလည်းမရှိ တော့ပြီ။ ကိလေသာ ဇရာမရှိလျှင် ကိလေသာ မရဏာလည်း မရှိတော့သောကြောင့် ကိလေသပရိနိဗ္ဗာန်ဟု ဆိုရလေသည်။

(ခ) ခန္ဓ ပရိနိဗ္ဗာန်

(ခ) ခန္ဓ ပရိနိဗ္ဗာန်ဆိုသည်ကား သဝိညာဏက ခန္ဓာအဖြစ် ငြိမ်းသည်ကို ဆိုသည်။ ထိုခန္ဓာတော်အဖြစ် ငြိမ်းခြင်းသည်ကား ဘိုးတော် အဋ္ဌနမင်းကြီး ထားခဲ့သော သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မိုးသောက်ထနီး၊ လင်းအားကြီးအခါတွင် ကုသိန္နာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ခန္ဓာတော် ငြိမ်းလေသည်။

အစမထင် သံသရာက ဖြစ်ပေါ်လာခဲ့သဖြင့် ရှည်လျားလှစွာသော ခန္ဓဇာတိကြီးသည် ဤတွင်ပြတ်၍ အဆုံးသတ်သဖြင့် ခန္ဓပရိနိဗ္ဗာန်ဟု ဆိုရသည်။

၁။ အင်္ဂုတ္တရအဋ္ဌကထာ၊ ပ၊ ၇၀။

http://www.dhammadownload.com

(ဂ) ဓာတု ပရိနိဗ္ဗာန်

(ဂ) ဓာတုပရိနိဗ္ဗာန်ဆိုသည်မှာ နောက်ကာလ၌ ဖြစ်လတ္တံ့။

ထိုဓာတု ပရိနိဗ္ဗာန်ဆိုသည်မှာလည်း ခန္ဓ ပရိနိဗ္ဗာန်စံပြီးသည်နောက် ကြွင်းကျန်ရစ်သော ဓာတ်တော်တို့၏ တဖောဖောတ်လောင်၍ ကုန်ခြင်း၊ ခမ်းခြင်း၊ ဆုံးခြင်း၊ မုန်ညင်းစေ့ခန့်မျှ အကြွင်းအကျန်မရှိ ကွယ်ပျောက်သွားခြင်းကို ဓာတု ပရိနိဗ္ဗာန်ဟုဆိုသည်။

နောက်ကာလ၌ ဖြစ်လတ္တံ့သော ဓာတ်တော်ကွယ်ပျောက်ပုံကား မြတ်စွာဘုရား၏ ဓာတ်တော်များသည် ပူဇော်သက္ကာရ ကောင်းစွာရရှိသောအရပ်၌သာလျှင် အပူဇော်ခံ၍ ကျိန်းဝပ် သီတင်းသုံးတော်မူသည်။ ပူဇော်သက္ကာရကို မရလျှင် ဘုရားရှင်တို့၏အဓိဋ္ဌာန်တော်အစွမ်းဖြင့် ပူဇော်သက္ကာရ ရရာအရပ်သို့ ပြောင်းရွေ့ ကြွသွားတော်မူကြကုန်မြဲတည်း။

ထို့ကြောင့် ယခုအခါမှာလည်း ဓာတ်တော်များ အရပ်တစ်ပါးမှ အရပ်တစ်ပါးသို့ ပြောင်းရွှေ့ကြွသွားကြောင်း ကြားရဖူး၏။

- သာသနာတော် ဆုတ်သော နောက်ကာလ ဓာတ်တော်မွေတော်တို့ အလေးအမြတ် ပူဇော်သက္ကာရ ပြုသူ၊ ပူဇော်သက္ကာရ ပြုသောအရပ်ဒေသ နည်းပါးလာကြောင်း၊ ယခုအခါ လူ့ဘုံတွင် ထိုထိုမြို့ရွာနိုဂုံးတို့၌ ကျိန်းဝပ်လျက်ရှိသော ဓာတ်တော်အပေါင်းသည် စုဝေး၍ သီဟိုဠ်ကျွန်း မဟာစေတီကြီးသို့ ကြွသွားတော်မူကုန်လိမ့်လတ္တံ့။
- သီဟိုဠ်ကျွန်း မဟာစေတီမှ တစ်ဖန် နာဂဒီပကျွန်း ရာဇာယတနစေတီသို့ ကြွသွားတော် မူကုန်လိမ့်လတ္တံ့။
- နာဂဒီပကျွန်း ရာဇာယတနစေတီမှ တစ်ဖန် မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ မဟာဗောဓိပလ္လင်သို့ ကြွသွားတော် မူကုန်လတ္တံ့။
- နဂါးပြည်၌ရှိသော ဓာတ်တော်တို့သည်လည်းကောင်း၊ နတ်ပြည်၌ရှိသော ဓာတ်တော်တို့သည်လည်းကောင်း၊ ဗြဟ္မာပြည်၌ရှိသော ဓာတ်တော်တို့သည်လည်းကောင်း အလုံးစုံ အရပ်ရပ်၌ရှိသော ဓာတ်တော်တို့သည် မဟာဗောဓိပလ္လင်သို့သာလျှင် ကြွသွားကုန်လတ္တံ့။

ထိုသို့ မဟာဗောဓိသို့ ကြွသွားသောအခါ လမ်းခရီးအကြား၌ မုန်ညင်းစေ့မျှလောက်သော ဓာတ်တော်မှ ပျောက်ပျက်သည်မရှိ။ အကုန် ဗောဓိပင်နှင့် ပလ္လင်သို့သာ အရောက် ကြွတော်မူကြ၏။

အဟောအစ္ဆရိယံ။

- လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်မှ ကြွလာတော်မူကြ၍ မဟာဗောဓိ၌ အလုံး

http://www.dhammadownload.com

စုံ ပေါင်းဆုံမိသောအခါ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ဗျာမ ပဘာ ရောင်ခြည်တော်ဖြင့် တင့်တယ်ပြည့်စုံသော ဘုရားအသွင်တော်ကိုယူ၍ မဟာဗောဓိပလ္လင်၌ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက် ဘုရားရှင်၏ အသရေတော်ကို ပြတော်မူလိမ့်လတ္တံ့။

- ရေ မီး အစုံစုံသော တန်ခိုး ပြာဋိဟာကိုလည်း ပြတော်မူ လိမ့်လတ္တံ့။
- ထိုအခါမှာ လူဖြစ်သောသူတို့တွင် တစ်ယောက်သူမျှ ရောက်သူမရှိ၊ ဖူးတွေ့ လိုက်ရသူ မရှိဖြစ်မည်။ တစ်သောင်းသော စကြဝဠာတိုက်၌ နေကုန်သော နတ် ဗြဟ္မာအပေါင်းတို့သာ လာရောက်စုဝေး၍ ဖူးတွေ့ ကြရကုန်လတ္တံ့။
- ထို နတ် ဗြဟ္မာ အပေါင်းတို့သည် အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ယနေ့ ပရိနိဗ္ဗာန် စံတော်မူခဲ့ပြီ၊ ယနေ့မှစ၍ သာသနာကွယ်ပျောက်ပြီ၊ ယနေ့မှစ၍ လောကကြီးမှာ မှောင်အတိသာ ဖြစ်တော့မည်စသည်ဖြင့် မြည်တမ်းညည်းတွားကြလျက် ဘုရား ပရိနိဗ္ဗာန် စံတော်မူသော နေ့ထက် ပိုလွန်၍ သည်းစွာသော သောက ပရိဒေဝ မီး တောက်လောင်ကြကုန်လတ္တံ့။
- အနာဂါမ် ရဟန္တာ ဖြစ်သော နတ် ဗြဟ္မာများမှတစ်ပါး ကြွင်းသော ပုထုဇဉ် သောတာပန် သကဒါဂါမ် တို့မှာ ဖြေဆည်လို့ မရနိုင်လောက်အောင် သောက ပရိဒေဝ လွမ်းတ ပူဆွေးခြင်း ဖြစ်ကြကုန်လတ္တံ့။
- ထိုအခါ၌ ဓာတ်တော် အစု တည်သော နိမိတ္တ ကိုယ်တော်မှ တောဇောဓာတ်မီး ထ၍ လောင်သဖြင့် ဓာတ်တော်အပေါင်းသည် ကုန်ခန်းခြင်းသို့ ရောက်လတ္တံ့။
- ဘာတစ်ခုမျှ ခေါ်ဝေါ်စရာမရှိ၊ ဘာတစ်ခုမျှ ကြွင်းကျန်သေးသည်ဟု ပြောစရာ မရှိသော အဖြစ်သို့သာ ရောက်လတ္တံ့။
- ဓာတ်တော်အပေါင်းကို ကုန်ခန်းလောင်ကျွမ်းစေသော တေဇောဓာတ်မီး သည် ဗြဟ္မပြည်တိုင်အောင် မီးလျှံတက်လတ္တံ့။
- ဤသို့လျှင် ကြီးစွာသော တန်ခိုးအာနုဘော်တို့ကို ပြ၍ ဓာတုသာသနာကွယ်တော်မူ၏။ ထိုသို့ ဓာတ်တော်အပေါင်း ကွယ်ပျောက်လျှင်လည်း ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်ကြီး အဆုံးတိုင် ကွယ်ပျောက်သည်မည်၏။ ဂေါဒမ မြတ်စွာဘုရား၏ သာသနာတော်သည် ဓာတ်တော်ကွယ်ရာတွင် အဆုံးသတ်၏။ ထို့ကြောင့် ဓာတ်တော်ကွယ်ခန်းတွင် စုဝေးရောက်လာကုန်သော နတ် ဗြဟ္မာ အပေါင်းတို့သည် ယနေ့ကား နောက်ဆုံး

http://www.dhammadownload.com

ဘုရားကို ဖူးမြင်ရခြင်းဟု စိတ်မှာဆုံးဖြတ်ကြပြီးလျှင် ဘုရား ပရိနိဗ္ဗာန် စံတော်မူသောနေ့၌ကဲ့သို့ နတ်၌ဖြစ်သော ပန်းနံ့သာ တူရိယာတို့ဖြင့် ပူဇော် သက္ကာရကို ပြု၍ သုံးကြိမ် သုံးပတ် လက်ယာရစ်လည်၍ ရှိခိုးပြီးလျှင် နောက် အနာဂတ်ကာလ၌ ပွင့်တော်မူလတ္တံ့သော ဘုရားရှင်ကိုလည်း ဖူးတွေ့ရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြုပြီးလျှင် မိမိတို့၏ နေမြဲတိုင်း ဌာနသို့သာ ပြန်သွားကြကုန်လတ္တံ့။

(၇၇) ရောင်တော်ပြန်တွင် မပါဝင်

ဤဓာတ်တော်ကွယ်ခန်း သာသနာတော် ဆုံးခန်းတိုင်ရောက် ကွယ်ခန်း၌ တစ်စုံတစ်ယောက်သောသတ္တဝါမျှ အကျွတ်တရားရသွားမည်ဟု ကျမ်းဂန်များ၌မလာ။

ပြောဆိုရိုးစကားပြုကြသည်မှာကား ဓာတ်တော်အပေါင်းသည် သက်တော်ထင်ရှား ဘုရားအသွင်တော်ကို ယူ၍ ပြတော်မူသောအခါ အကျွတ်တရားရကြလိမ့်ဦးမည်ဟု အယူရှိကြ၍ 'ရောင်တော်ပြန်တွင် ရောၚ်ကျွတ်မည်'စသည်ဖြင့် ဆိုရိုး စကား ရှိသည်။

မြတ်စွာဘုရား သြဝါဒတိုက ပဋိသန္ဓေနှင့် မနေခဲ့ခြင်း၏အကြောင်းကို ပြဆိုရာ ကျမ်းဂန်များတွင် ဓာတု ဝေနေယျ ပုဂ္ဂိုလ်တို့အလို့ငှာ သြဝါဒတိုက ပဋိသန္ဓေနှင့် မနေ၊ ပရိနိဗ္ဗာန် စံတော်မူသောအခါ ဓာတ်တော်ကြွင်းကျန်စိမ့်သောငှာ ဂဗ္ဘသေယျက ပဋိသန္ဓေနှင့်သာ နေသည်ဟု ဆိုရာဝယ် ဓာတု ဝေနေယျ အရာကို ဓာတု ပရိနိဗ္ဗာန်စံတော်မူသောအခါ အကျွတ်တရားရမည့် ပုဂ္ဂိုလ်တို့ကိုရည်၍ ဆိုသည်ဟု အယူရှိကြလေသည်။

ဤတွင် နတ်လည်းမကျွတ်၊ လူလည်းမရောက်ဟု မှတ်ယူရာ၏။

ငါးပါးသောကွယ်ခြင်းပြီး၏။

(၇၈) ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ ကွယ်ခြင်းအကြောင်း

ဤ ငါးပါးသော ကွယ်ခြင်းတို့တွင် ပရိယတ္တိ ကွယ်ခြင်းသည်လျှင် အရင်းမူလ ပဌာနဖြစ်၏။

ပရိယတ္တိ ကွယ်ခြင်း အရင်းမူလဖြစ်ပုံကား –

ပရိယတ္တိ ကွယ်သည်ရှိသော် ပဋိပတ္တိလည်း ကွယ်သည်မည်၏။ ပဋိပတ္တိကွယ်လျှင်လည်း ပဋိဝေဒကွယ်သည် မည်တော့၏။ အဘယ့်ကြောင့်နည်းဟူမူကား ပဋိပတ္တိတည်းဟူသော ကျင့်နည်းနိဿယကို ကျမ်းဂန်တည်းဟူသော ပရိယတ္တိက ညွှန်ပြတတ်သောကြောင့်ဟု မှတ်ယူရာ၏။ ပဋိပတ္တိ မရှိလျှင်လည်း ပဋိဝေဒလည်း ကွယ်သည်မည်တော့၏။ အဘယ်ကြောင့်နည်းဟူမူကား ပဋိပတ္တိ တည်းဟူသော အကျင့်ရှိမှ မဂ်ဖိုလ်ကို

http://www.dhammadownload.com

ရနိုင် ရောက်နိုင်မည် ဖြစ်သောကြောင့်ဟု မှတ်ယူရာ၏။

သာသနာသင်္ဂရာဇ် ၄၄၄ ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ဗြဟ္မဏတိဿ ခိုးသူကြီး ထကြွလှုပ်ရှားသဖြင့် အချို့သောသံဃာတော်များသည် ဇမ္ဗူဒိပ်ကျွန်း မဇ္ဈိမဒေသသို့ ကူးလာပြီးလျှင် ပရိယတ္တိကို အားထုတ်၍ စောင့်ရှောက်ကြလေသည်။ ခိုးသူဘေးငြိမ်း၍ သီဟိုဠ်သို့ ပြန်သွားသောအခါ သီဟိုဠ်တွင် ကျန်ရစ်ခဲ့သော သံဃာတော်များနှင့် ပရိယတ္တိကို နှီးနှောညှိနှိုင်းကြရာတွင် စကားစပ်ဖြစ်လေသည်။

(၇၉) သာသနာသုံးရပ်တွင် ပရိယတ္တိသာ မူလဖြစ်ခြင်း

စကားဖြစ်ပုံကား –

ပရိယတ္တိ နခေါ သာသနာဿ မူလံ၊
ဥဒါဟု ပဋိပတ္တိ နခေါ သာသနဿ မူလံ။[၁]

ဟု ဖြစ်လေသည်။

သာသနဿ၊ သာသနာတော်၏။ မူလံ၊ အမြစ်အရင်းကား။ ပရိယတ္တိ နခေါ၊ ပရိယတ်လေလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ပဋိပတ္တိ နခေါ၊ ပဋိပတ် ကျင့်ဝတ်လေလော။ ကတမံ၊ အဘယ်တရားသည်။ သာသနာဿ၊ သာသနာတော်၏။ မူလံ၊ အမြစ်အရင်း အခြေခံ ဖြစ်သနည်းဟု စကားဖြစ်လေသည်။

ထိုစကားသည် သာသနာသင်္ဂရာဇ် ၄၅၆ ခုနှစ်တွင်ဖြစ်သည်။ ။ ထိုသို့ဖြစ်သောအခါ –

- ပဲသုကူ ရူတင်ဆောင် ပုဂ္ဂိုလ်များက ပဋိပတ္တိ တည်းဟူသော အကျင့်ဝတ်သည် သာလျှင် သာသနာတော်၏ မူလ ဖြစ်ကြောင်းကို ပြောဆိုကြကုန်၏။
- ဓမ္မကထိက ပုဂ္ဂိုလ်များက ပရိယတ္တိ သည်သာလျှင် သာသနာတော်၏ မူလ ဖြစ်ကြောင်းကို ပြောဆိုကြလေသည်။

ထိုသို့ နှစ်ပက္ခ ပြောဆိုကြသောအခါ မျက်မှောက်ထင်ရှား ရှိတော်မူကြကုန်သော မထေရ်ကြီးတို့က မိန့်ဆိုတော်မူသည်မှာ 'ငါ့ရှင်တို့သည် နှုတ်တွင်သာ ပြောဆိုခြင်းကို မပြုမူ၍ ဘုရားဟော ပါဠိကိုဆောင်၍ ပြောဆိုကြလော့'ဟု ဆိုဆုံးမရာ။

ပဲသုကူ ရူတင်ဆောင် ပုဂ္ဂိုလ်များက ပါဠို ထုတ်ဆောင်သည်မှာ –

ဣမေ စေ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿာတိ။[၂]

၁။ အဂုံတ္တရအဋ္ဌကထာ၊ ပ၊ ဂ၁။
၂။ သုတ်မဟာဝါပါဠိ။

http://www.dhammadownload.com

ဟူ၍ သုတ်မဟာ ပါဠိတော်ကို ထုတ်ဆောင်လေသည်။

သုဘဒ္ဒ၊ သုဘဒ်။ ကွမေဘိက္ခူ၊ ဤရဟန်းတို့သည်။ သမ္မာ၊ အကျင့်သိက္ခာ လုံခြုံစွာ။ စေ ဝိဟေရေယျုံ၊ အကယ်၍ နေကုန်ငြားအံ့။ ဧဝံ ဝိဟရန္တေ သု၊ ဤသို့ နေကုန်သည် ရှိသော်။ လောကော၊ လောကသည်။ အရဟန္တေဟိ၊ ရဟန္တာတို့မှ။ အသုညော၊ မသုဉ်းသည်။ ဝါ၊ မဆိတ်သည်။ အဿ၊ ဖြစ်ရာ၏။

ထိုနောက် ဓမ္မကထိက ပုဂ္ဂိုလ်များက ဘုရားဟောပါဠိ ထုတ်ဆောင်သည်မှာ-

(၁) ယာဝ တီဋ္ဌန္တိ သုတ္တန္တာ၊ ဝိနယော ယာဝ ဒိဗ္ဗတိ။
တာဝ ဒက္ခန္တိ အာလောကံ၊ သူရိယေ အဗ္ဘုဋ္ဌိတေ ယထာ။

(၂) သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမ္ဟိ စ။
တမော ဘဝိဿတိ လောကေ၊ သူရိယေ အတ္ထင်္ဂတေ ယထာ။

(၃) သုတ္တန္တေ ရက္ခိတေ သန္တေ၊ ပဋိပတ္တိ ဟောတိ ရက္ခိတာ။
ပဋိပတ္တိယံ ဋ္ဌိတော ဓီရော၊ ယောဂက္ခေမာ န ဓံသတိတိ။[၁]

ဟူသောပါဠိတော်ကို ထုတ်ဆောင်၏။

ထိုပါဠိတော်ကို ထုတ်ဆောင်ပြသောအခါ ပဋိပတ္တိသည်သာလျှင် သာသနာတော်၏ အမြစ်အရင်းဟု အယူရှိကြကုန်သော ပံသုကူ ရှုတင်ဆောင် ပုဂ္ဂိုလ်များသည် သဘောကျ နှစ်သက်တော်မူကြသဖြင့် ဆိတ်ဆိတ်သာ နေတော်မူကြကုန်၏။ ထို့ကြောင့် ပရိယတ္တိ သည်သာလျှင် သာသနာတော်၏ မူလအခြေအမြစ် ပဘဝ ဖြစ်ကြောင်း မှတ်ယူရာ၏။

ထိုပါဠိအနက်ကား

(၁) ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သုတ္တန္တာ၊ သုတ္တန် အဘိဓမ္မာ ပါဠိတို့သည်။ တိဋ္ဌန္တိ၊ ပေတွင် ကျောက်တွင် ဘုတ်တွင် နှုတ်တွင် ထင်ရှားတည်ကုန်သေး၏။ ယာဝ စ၊ အကြင်မျှလောက်သော ကာလပတ်လုံးလည်း ဝိနယော ဝိနည်း ပါဠိသည်။ ဒိဗ္ဗတိ၊ ထွန်းလင်းတောက်ပသေး၏။ ဝါ၊ ပေတွင် ကျောက်တွင် ဘုတ်တွင် နှုတ်တွင် ထင်ရှားရှိသေးသည် ဖြစ်၍ ထွန်းလင်းတောက်ပသေး၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အာလောကံ၊ သာသနာ အရောင်အလင်းကို။ ဒက္ခန္တိ၊ မြင်ရကုန်သေး၏။ သူရိယေ၊ နေသည်။ အဗ္ဘုဋ္ဌိတေ၊ တက်လတ်သော်။ ဝါ၊ ထွက်လတ်သော်။ အာလောကံ၊ အလင်းကို။ ဒက္ခန္တိ ယထာ၊ မြင်ရကုန်ဘိသကဲ့သို့။ တထာ၊ ထိုအတူ။ အာလောကံ၊ သာသနာ အရောင်အလင်းကို။ ဒက္ခန္တိ၊ မြင်ရကုန်၏။

၁။ အဂုတ္တရအဋ္ဌကထာ၊ ပ၊ ၇၂။

http://www.dhammadownload.com

ဤစကားရပ်၌ သာသနာ အရောင်းအလင်းဆိုသည်ကား မဂ် ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ကြီး၊ အစီအစဉ်နှင့်တကွ ထိုကျင့်စဉ်ကြီးကို အစဉ်အလျောက် ဉာဏ်ဖြင့်လိုက်သွားသော် မဂ် ဖိုလ် နိဗ္ဗာန်ကို ထင်းခနဲ ဝင်းခနဲ မြင်လာသော အလင်းကြီးကို သာသနာ အရောင်အလင်းဆိုသည်။

သုတ္တန် ဝိနည်း အဘိဓမ္မာဟူသော ပိဋကတ်ပါဠိတော်ကြီးတွေ၌ ပဋိပတ္တိဟူသော ကျင့်စဉ်ကြီးသည် ထင်ရှားစွာဖော်ပြလျက်ရှိ၏။ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသဟူသော အရသာကြီးတွေလည်း ပြည့်နှက်၍ တည်ရှိ၏။ ထိုအရသာကြီးတွေကို ပေါ်အောင် ဖော်နိုင်သော သူမှသာ အရသာရှိမှန်းသိမည်။ ပေါ်အောင် ဖော်နိုင်သောသူ ဆိုသည်ကား ပါဠိတော်ကြီးတွေကို ကြည့်ရှုလေ့လာ သင်ကြား ပို့ချ နှုတ်တွင် ဆောင်ထား၍ ထိုပါဠိတော်ကြီးတွေနှင့် ပျော်မွေ့နိုင်သော သူကို ဆိုသည်။ ထိုပဋိပတ် ဓမ္မအရသာကို ခံစားလို့ ဝသည်၊ အားရသည်၊ တင်းတိမ်သည်၊ ရောင့်ရဲသည်ဟူ၍ပင်မရှိလေ။ ထို့ကြောင့်

သဗ္ဗရသံ ဓမ္မရသံ ဇိနာတိ။[၁]

ဟု ဟောတော်မူသည်။

(၂) သုတ္တန္တေသု၊ သုတ္တန် အဘိဓမ္မာ ပါဠိတို့သည်။ အသန္တေသု၊ ထင်ရှားမရှိကုန်သည် ရှိသော်။ ဝိနယမှိ စ၊ ဝိနည်းပါဠိသည်လည်း။ ပမုဋ္ဌေ၊ တွေဝေ မေ့လျော့သည်ရှိသော်။ လောကေ၊ လောကဋ္ဌ။ တမော၊ အမိုက်တိုက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ တမော၊ အမိုက်မှောင်သည်။ ဘဝတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ လောကေ၊ လောကဋ္ဌ။ တမော၊ အမိုက်တိုက်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

(၃) သုတ္တန္တေ၊ သုတ္တန် ဝိနည်း အဘိဓမ္မာ ပါဠိတော်သည်။ ရကို့တေ၊ စောင့်ရှောက်အပ်သည်။ သန္တေ၊ ဖြစ်လတ်သော်။ ပဋိပတ္တိ၊ ပဋိပတ္တိ သာသနာသည်။ ဝါ၊ ပဋိပတ္တိ သာသနာကို။ ရကို့တာ၊ စောင့်ရှောက်အပ်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိပတ္တိ ယဲ၊ ပဋိပတ္တိဋ္ဌ။ ဝါ၊ အကျင့်ဋ္ဌ။ ဋ္ဌိတော၊ တည်သော။ ဓိရော၊ မြဲမြံခိုင်ခန့်သော သမာဓိရှိသော ပညာရှိသည်။ ယောဂက္ခေမာ၊ ယောဂ တရာ၊ လေးပါး တို့၏ကုန်ရာ နိဗ္ဗာန်မှ။ နံ ဓံသတိ၊ မပျက်စီး မဆုတ်ယုတ်။

ဤပကိဏ္ဏက ဒေသနာတော်ကို ထောက်၍ သာသနာတော်သည် ပရိယတ္တိ သာလျှင် အကြောင်းရင်း မူလ ပဘဝ ဖြစ်၏ဟု မှတ်ယူရာ၏။

သာသနာတော်သည် ပဋိပတ္တိသာလျှင် အရင်းဖြစ်သည်ဟု အယူရှိကြသော ပံသုကူ ရူတင်ဆောင်ပုဂ္ဂိုလ်တို့ ထုတ်ဆောင်၍ ပြသော ပါဠိကား၊ ပဋိဝေဓ သာသနာ၏

၁။ ဓမ္မပဒပါဠိ။

http://www.dhammadownload.com

အကြောင်းမျှသာ ဖြစ်၍ သာဓကမလုံလောက်။ ဓမ္မကထိက ပုဂ္ဂိုလ်တို့ ထုတ်ဆောင်သော 'ယာဝတိဋ္ဌန္တိ သုတ္တန္တာ'စသော ပါဠိကား သာသနာသုံးရပ်လုံး၏ အကြောင်းပြပါဠိဖြစ်သောကြောင့် သာဓကလုံလောက်လေသည်။ သာဓကမြောက်လေသည်။

(၈၀) ပရိယတ္တိ ကျောက်စာတိုင် ထိုစကားထင်ရှားစေရန် ဥပမာစကား

နွားလား ဥသဘ အထောင်မကပင်ရှိစေကာမူ ထိုနွားလား ဥသဘတို့၏အကြား၌ အမျိုးအနွယ် အစဉ်ကို စောင့်ရှောက်တတ်သော ပဝေဏီ ပါလကဖြစ်သော နွားမတစ်ကောင်မျှ မရှိအံ့။ ထိုနွားလားဥသဘ အဆက်အနွယ် ပြတ်ရာ သကဲ့သို့ ထို့အတူ အရာအထောင် မက အားထုတ်အပ်သော ဝိပဿနာရှိသော ရဟန်းတွေ ရှိသော်လည်း ပရိယတ္တိ မရှိခဲ့သော် ပဋိဝေဒ မဖြစ်နိုင်လေ။ အဆက်ပြတ်ရာ၏။

တစ်နည်းဥပမာကား။ ။ မြေတွင်မြှုပ်ထားအပ်သော ဥစ္စာအိုး၏အထက်၌ ဤနေရာတွင် ဥစ္စာများစွာရှိသည်ဟု ကမ္ဘည်းကျောက်စာရေးသား၍ စိုက်ထားအပ်သော ကျောက်စာတိုင်ကြီးသည် အက္ခရာနှင့်တကွ မပျက်မစီး အကြင်မျှလောက် တည်ရှိသေးအံ့။ ထိုမျှလောက် ထိုဥစ္စာအိုးကြီး ပျောက်ပြီ ကွယ်ပြီ မဆိုရသကဲ့သို့ ထို့အတူသာလျှင် အကြင်မျှလောက် ပရိယတ္တိထင်ရှားရှိသေးအံ့။ ထိုမျှလောက်သော ကာလအတွင်းမှာ သာသနာကွယ်ပြီ ပျောက်ပြီ ဆုံးပြီဟု မဆိုရလေ။

တစ်နည်းဥပမာကား။ ။ ကန်ပေါင် ကန်ရိုး ခိုင်လုံမှု ရေတည် ရာသည်။ ရေတည် ရေရှိမှ ကြာမျိုးငါးပါး ပေါက်ရောက်ရာသည်။ ရေတည်ရှိခြင်း၊ ကြာမျိုးငါးပါး ပေါက်ခြင်းသည် ကန်ပေါင် ကန်ရိုး ခိုင်လုံခြင်းလျှင် အကြောင်းရင်းရှိဘိသကဲ့သို့ ထို့အတူ ပဋိပတ္တိ သာသနာ၊ ပဋိဝေဒ သာသနာနှစ်ပါး တည်တံ့ခြင်း၏အကြောင်းရင်းကား ပရိယတ္တိ သာသနာလျှင် အကြောင်းရင်းဖြစ်သတည်း။ ။ ဤဥပမာ၌-

- ကန်ပေါင် ကန်ရိုးနှင့် ပရိယတ္တိနှင့်တူ၏။
- ရေနှင့် ပဋိပတ္တိနှင့်တူ၏။
- ကြာမျိုးငါးပါးနှင့် ဈာန်၊ အဘိညာဉ်၊ သမာပတ်၊ မဂ်ဖိုလ်ဟူသော ပဋိဝေဒနှင့်တူ၏။

ဤအဋ္ဌကထာပြ ဥပမာများကို ထောက်ထား၍ သာသနာ သုံးရပ် ရှိသည်တွင် ပရိယတ္တိ သာသနာ ထင်ရှားတည်ရှိသေးအံ့၊ ကြွင်း သာသနာ နှစ်ပါးလည်း တည်ရှိသည်ဟုပင်မှတ်ယူရာ၏။ ပရိယတ္တိ သာသနာ ကွယ်ပျောက်လျှင် ကြွင်း သာသနာနှစ်ပါးလည်း ကွယ်ပျောက်မည်ဟု မှတ်ယူရာ၏။ ထို့ကြောင့် သာသနာကွယ်ခြင်းသည်

http://www.dhammadownload.com

ပရိယတ္တိ သာသနာ ကွယ်ခြင်းသာ ပဌာနဖြစ်သတည်း။[၁]

(၈၁) ရှေးဘုရားရှင်တို့၏ သာသနာနှင့် နှိုင်းယှဉ်ပြဆိုခြင်း

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ပွင့်တော်မူသော ဝိပဿီ မြတ်စွာဘုရားသည် အသက်တော်(၈၀,၀၀၀) အနှစ်ရှစ်သောင်း ရှည်တော်မူ၍ ထိုဘုရားရှင်၏ သာသနာတော်သည်ကား (၁၆၀,၀၀၀) အနှစ်တစ်သိန်းခြောက်သောင်း တိုင်အောင် တည်တော်မူသည်။ ထို ဝိပဿီ မြတ်စွာဘုရားကို မျက်မှောက်ထင်ထင် ဖူးတွေ့လိုက်ရသော ထိုဘုရားရှင်၏သာဝကဖြစ်သော သုဒ္ဓါဝါသ ဗြဟ္မာကြီးတွေ ငါတို့ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားရှိသေးကြောင်း သုတ်မဟာဝါဋ္ဌီကာ၌ အညေဝါဒ အားဖြင့် ပြဆိုလျက်ရှိသည်။

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ ဘုရားနှစ်ဆူပွင့်တော်မူရာတွင် သိခီ မြတ်စွာဘုရားသည် အသက်တော်(၇၀,၀၀၀) အနှစ်ခုနစ်သောင်း ရှည်တော်မူ၍ ထိုဘုရားရှင်၏သာသနာတော်ကား (၁၄၀,၀၀၀)အနှစ်တစ်သိန်းလေးသောင်းတိုင်အောင် တည်တော်မူသည်။

သိခီ မြတ်စွာဘုရား ပွင့်တော်မူပြီးသည်နောက် ပွင့်တော်မူသော ဝေဿဘူ မြတ်စွာဘုရားသည် သက်တော်(၆၀,၀၀၀)အနှစ်ခြောက်သောင်း ရှည်တော်မူ၍ ထိုဘုရားရှင်၏သာသနာတော်သည်ကား (၁၂၀,၀၀၀) အနှစ်တစ်သိန်းနှစ်သောင်းတိုင် တည်တော်မူ၏။

ဤဘဒ္ဒကမ္ဘာတွင် လက်ဦးပွင့်တော်မူသော ကကုသန် မြတ်စွာဘုရားသည် အသက်တော်(၄၀,၀၀၀) အနှစ်လေးသောင်း ရှည်တော်မူ၍ ထိုဘုရား၏သာသနာတော်ကား ထိုဘုရားရှင်၏ အသက်တော် ပမာဏအားဖြင့်လည်းကောင်း၊ သာဝက အသက်ပမာဏအားဖြင့်လည်းကောင်း သာဝက အဆက်ဆက်အားဖြင့် ကြာမြင့်စွာရှည်လေသည်။

ကောဏာဂုံ မြတ်စွာဘုရားသည် အသက်တော်(၃၀,၀၀၀) အနှစ်သုံးသောင်း ရှည်တော်မူ၍ ထိုဘုရားရှင်၏သာသနာတော်လည်း သာဝက အဆက်ဆက်အားဖြင့် ကြာမြင့်စွာပင် တည်တော်မူလေသည်။

ကဿပ မြတ်စွာဘုရား၏ အသက်တော်(၂၀,၀၀၀)အနှစ်နှစ်သောင်း ရှည်တော်မူ၍ သာသနာတော်လည်း သာဝက အဆက်ဆက်အားဖြင့် ကြာမြင့်စွာပင် တည်တော်မူလေသည်။

ဝိပဿီ၊ သိခီ၊ ဝေဿဘူ ဤသုံးဆူသော ဘုရားရှင်တို့၏ သာသနာတော်သည်

၁။ နိဒါနဝဂ္ဂသံယုတ္တအဋ္ဌကထာ ၁၈၆။ စုဠဝါအဋ္ဌကထာ ၁၂၇။ သာရတ္ထဒီပနီဋီကာလည်း ရှု။

http://www.dhammadownload.com

နှစ်အရေအတွက်အားဖြင့် များသော်လည်း အသက်တော် နှစ်ပြန် နှစ်ဆ နှစ်ဆက်သာ ရှိသောကြောင့် သာသနာတော် တာရှည်စွာ မတည်ဟု ဟောတော်မူသည်။ ထိုဘုရားရှင်တို့၏ မျက်မှောက်၌ဖြစ်သော သာဝကတို့ အသက်ထင်ရှားရှိစဉ် သာသနာတည်သည်။ ထိုမျက်မှောက်၌ဖြစ်သော သာဝကတို့ ကုန်လျှင် ကွယ်လျှင် ထိုဘုရားရှင်တို့၏ သာသနာ ကုန်လေတော့သည်။ ကွယ်လေတော့သည်။

ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဤဘုရား သုံးဆူတို့၏ သာသနာတော်သည်ကား ထိုဘုရားရှင်တို့၏ မျက်မှောက်၌ဖြစ်သော သာဝက၊ ထိုသာဝကတို့၏ မျက်မှောက်၌ဖြစ်သော ဒုတိယ ပရမ္မုခ သာဝက၊ တတိယ ပရမ္မုခ သာဝက စသော သာဝက အဆက်ဆက်အားဖြင့် တည်သောကြောင့် တာရှည်စွာ တည်သည်ဟု ဟောတော်မူသည်။ သန်္ဓာတပ်၍မဟော။

အထက်ထက် ဘုရားရှင်တို့မှာ အသက်တမ်း ထက်ဝက် ထက်ဝက် လျော့၍ ပွင့်တော်မူခဲ့ကြသဖြင့် ငါတို့ ဂေါတမ မြတ်စွာဘုရားသည်လည်း ကဿပ မြတ်စွာ၏ ဘုရား၏ အသက်တော် ထက်ဝက် (၁၀,၀၀၀)တစ်သောင်းတမ်းမှာ ပွင့်တော်မူစရာကောင်းသည်ဟု ကြံစရာ၊ တစ်သောင်းတမ်းတွင် မပွင့်ခဲ့သော် (၅၀၀၀)ငါးထောင်တမ်းတွင် ပွင့်စရာကောင်းသည်ဟု ကြံစရာ၊ ငါးထောင်တမ်းတွင် မပွင့်ခဲ့သော် (၅၀၀)ငါးရာတမ်းတွင် ပွင့်စရာကောင်းသည်ဟု ကြံစရာ၊ မေးစရာရှိ၏။

အဖြေကား –

ပါရမီ မပြည့်စုံ မရင့်သန်သေးသောကြောင့် မေးစရာရှိသော အတမ်းများတွင် ပွင့်တော် မမူသည်၊ ဘုရားအလောင်းတော်မှာ ဘုရား၏အဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို ရှာမှီးစဉ် ဉာဏ်တော်ကို ရင့်စေစဉ် သဗ္ဗညုတ ဉာဏ်တော်ကို ဖွားမြင်တော်မူခြင်းငှာ ကိုယ်ဝန်ကိုယူစဉ် အနှစ်တစ်ရာတမ်း ကာလသို့ရောက်လာသဖြင့် အနှစ်တစ်ရာတမ်း ကျမှပင် ပွင့်တော်မူရလေသည်။

ငါတို့ ဂေါတမမြတ်စွာဘုရား၏ သာသနာတော်သည် ဘုရားရှင်၏အသက်တော် အပြန်ပေါင်း(၆၂) ခြောက်ဆယ့်နှစ်ပြန်ကျော် ရှည်လျားအောင် သာဝက အဆက်ဆက် အားဖြင့် တည်တော်မူသော်လည်း နှစ်အရေအတွက် အားဖြင့် အထက် ဝိပဿီ စသော ဘုရားရှင်တို့၏ သာသနာတော် ရှည်ကြာပုံများနှင့် နှိုင်းစာလျှင် ငါတို့ ဘုရားရှင်၏သာသနာတော်သည် ဘာမျှ မကြာမြင့်လေ။ အထက် နတ်ပြည် ဗြဟ္မာ့ပြည်များနှင့်နှိုင်းစာလျှင်လည်း လူ့ပြည်မှာ သာသနာ တည်ထွန်းခိုက် ကာလသည် အနည်းငယ်ခန့်မျှ ဖြစ်လေသည်။

http://www.dhammadownload.com

(၈၂) မဂ်ဖိုလ် ရကြောင်း အားထုတ်သော ခဏ သမယ

ဧကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ။[1] ဟု ဟောတော်မူသောကြောင့် သာသနာ တည်ထွန်းရာခေတ် ခဏကာလကြီး ငါးထောင် စေ့၍ ကုန်သွားမည်ကို နှစ်မြှောစရာ ကောင်းလှသတည်း။

အနက်ကား –

ဘိက္ခဝေ၊ ရဟန်းတို့။ ဗြဟ္မစရိယ ဝါသာယ၊ မဂ်ဟူသော မြတ်သောအကျင့် သုံးခြင်းငှာ။ ယော ခဏော စ၊ အကြင် အခွင့်သည် လည်းကောင်း။ ယော သမယော စ၊ အကြင် အခါသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သောသမယော၊ ထိုအခွင့် အခါသည်။ ဧကောဝ ခေါ၊ ဘုရားပွင့်တော်မူရာ တစ်ပါးသည် သာလျှင်တည်း။

ထိုဘုရားပွင့်ရာ အခါ ကာလကြီးသည် မဂ်ဖိုလ်ကို ရခြင်းငှာ အထောက်အပံ့ ဖြစ်သောကြောင့် ဥပနိဿယကြီး တစ်ခုဟု ဟောတော်မူသည်။

ဘုရားပွင့်ရာ အခါကာလမဟုတ်သော သာသနာပ အခါကာလများသည် မဂ်ဖိုလ်ကိုရခြင်းငှာ အကြောင်းဥပနိဿယ မဖြစ်နိုင်လေ။

ထို့ကြောင့် သာသနာ တည်ထွန်းရာ ခေတ်ကာလကြီး ကုန်သွားမည်ကို စိုးရိမ်စရာ နှမြောစရာ ကောင်းလှပေသည်ဟု ဆိုသည်။

(၈၃) ပုထုဇဉ်ဘဝ မသိကြခြင်း

လောကမှာ ပြောဆိုရိုး စကားရှိသည်မှာကား အခါအခွင့်လိုက်၍ ပြုရသောအမှု ကိစ္စ၊ အခါအခွင့်လိုက်၍ ပြုရသော အမှုကိစ္စဟု ပြောဆိုရိုး စကားရှိလေသည်။ ထို အခါ အခွင့်လိုက်၍ ပြုရသောအမှုကိစ္စ ဆိုသည်ကို အပွသုတဖြစ်၍ ပညာနည်းပါးသော ပုထုဇဉ်တို့မှာ မသိကြလေဟု ဟောတော်မူသည်ကား –

ခဏကိစ္စော လောကော၊ ခဏကိစ္စော လောကောတိ ဘိက္ခဝေ၊ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ၊ နော စ ခေါ သော ဇာနာတိခဏံ ဝါ အက္ခဏံ ဝါ။[2] ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ လောကော၊ သတ္တဝါအပေါင်းသည်။ ခဏကိစ္စော၊ အခါ အခွင့်ကိုရ၍ ပြုအပ်သော အမှုကိစ္စ။ လောကော၊ သတ္တဝါအပေါင်းသည်။ ခဏကိစ္စော၊ အခါအခွင့်ကိုရ၍ ပြုအပ်သော အမှုကိစ္စ။ ဣတိ၊ ဤသို့။ အဿုတ ဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်။ ဘာသတိ၊ ပြောကား ပြောဆို၏။ စခေါ၊

၁။ အင္ဂုအဂုံတ္တရပါဠိ၊ ၆၁။

၂။ အင္ဂုအဂုံတ္တရပါဠိ၊ ၆၀။

http://www.dhammadownload.com

ထိုသို့ပင် ပြောဆိုသော်လည်း။ သောပုထုဇ္ဇနော၊ ထိုအကြောင်းအမြင် နည်းပါးသော ပုထုဇဉ် ပုဂ္ဂိုလ်သည်။ ခဏ ဝါ၊ အခါအခွင့် ဟုတ်သည်ကိုလည်းကောင်း။ အခဏ ဝါ၊ အခါအခွင့် မဟုတ်သည်ကိုလည်းကောင်း။ နော ဇာနာတိ၊ သိလည်းမသိ။

အဓိပ္ပာယ်ကား - မင်္ဂိုလ်ကိုရခြင်းငှာ အရေးကြီးစွာ အားထုတ်ရမည်ဖြစ်သော အခါအခွင့်ကား မည်သည့်ခဏ၊ မည်သည့်ကာလ၊ မည်သည့်အခွင့်ဟု ဗဟုသုတ ပညာ နည်းပါးသူတို့မှာ မသိနိုင်ကြလေဟု အဓိပ္ပာယ်ရသည်။

(၈၄) သိနိုင်ကြရန် ကာလ ညွှန်ပြခြင်း

ထိုသို့မသိနိုင်ကြသဖြင့် 'မင်္ဂိုလ်ရခြင်းငှာ' အရေးကြီးစွာ အားထုတ်ရမည်ဖြစ်သော ခဏ ကာလကို ညွှန်ပြတော်မူလို၍ -

> ဧကော၀ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယ ဝါသာယ၊ ကတမော ဧကော၊ ဣဓ ဘိက္ခဝေ တထာဂတော စ လောကေ ဥပ္ပန္နော ဟောတိ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ လ။ ဗုဒ္ဓေါဘဂဝါ။ ဓမ္မော စ ဒေသိယ ဩပ သမိတော ပရိနိဗ္ဗာနိကော သမ္ဗောဓဂါမိ သုဂတပ္ပဝေဒိတော၊ အယဉ္စ ပုဂ္ဂလော မဈိမေသု ဇနပဒေသု ပစ္စာ ဇာတော ဟောတိ သော စ ဟောတိ ပညဝါ အဇဠော အနေဠမူဂေါ ပဋိဗလော သုဘာသိတ ဒုဗ္ဘာသိတသ အတ္ထမညာတုံ၊ အယံ ဘိက္ခဝေ ဧကော၀ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယာတိ။[၁]

ဟူ၍ အဋ္ဌ အင်္ဂုတ္တိရ်ဋ္ဌ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧကော၀၊ တစ်ခုသော ဗုဒ္ဓုပ္ပါဒ နဝမက္ခဏသာလျှင်။ ဗြဟ္မစရိယ ဝါသာယ၊ မဂ်တည်းဟူသော မြတ်သောအကျင့်ကို သုံးခြင်းငှာ။ ခဏော စ၊ အခွင့်ရသည်လည်း မည်၏။ သမယော စ၊ အခါရသည်လည်း မည်၏။

ဧကော၊ တစ်ခုသော ခဏသမယ ဟူသည်။ ကတမော၊ အဘယ်နည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ လောကေ၊ ဤလောကဌ်။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ကြွင်းမဲ့ညဿဲ့ အလုံးစုံသောတရားကို ထိုးထွင်း၍ သိတော်မူတတ်သော။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို ကိုယ်တော်တိုင်လည်း သိတော်မူတတ်၊ သူတစ်ပါးကိုလည်း သိစေတော်မူတတ်သော။ ဘဂဝါ၊ ဘုန်းရိတော်မူသော။ တထာဂတော စ၊ ရောဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားသည်လည်း။ ဥပ္ပန္နော၊ ပွင့်တော်မူသည်။ ဟောတိ၊ ဖြစ်၏။

သြပသမိတော၊ ကိလေသာတို့၏ ငြိမ်းခြင်းကို ဆောင်းကတဲ့သော။ ပရိနိဗ္ဗာနိ

၁။ အင်္ဂုတ္တရဋ္ဌကထာ၊ ၆၁။

http://www.dhammadownload.com

ကော၊ ကိလေသာတို့၏ ငြိမ်းခြင်းကို ပြုတတ်သော။ သမ္မောဓဂါမိ၊ သစ္စာလေးပါးကို သိတတ်သော အရိယာမဂ်သို့ ရောက်စေတတ်သော။ သုဂတပွဝေဒိတော၊ မြတ်စွာဘုရား တို့သည် ဟောကြားတော် မူအပ်သော။ ဓမ္မောစ၊ သစ္စာလေးပါး တရားကိုလည်း။ ဒေသယိ၊ ဟောတော်မူ၏။

အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်လည်း။ မဒ္ဒိမေသု ဇနပဒေသု၊ မဇ္ဈိမတိုက် ဇနပိဒ်တို့၌။ ပစ္စာဇာတော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

သော စ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ ပညဝါ၊ ပညာရှိသည်။ အဇ္ဇော၊ မမိုက်သည်။ အနေဠမူဂေါ၊ မဆွဲ့မအ နားမပင်းသည်။ ဟောတိ၊ ဖြစ်၏။ သုဘာသိတ ဒုဗ္ဘာသိတဿ၊ ကောင်းစွာ ဟောအပ်သော ပါဠိမကောင်းသဖြင့် ဟောအပ်သောပါဠို၏။ အတ္ထံ၊ အနက်သဘောကို။ အညာတုံ၊ သိခြင်းငှာ။ ပဋိဗလော၊ စွမ်းနိုင်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗြဟ္မစရိယ ဝါသာယ၊ မဂ် တည်းဟူသော မြတ်သော အကျင့်ကို သုံးခြင်းငှာ။ ဧကော၊ တစ်ခုသော။ ခဏောစ၊ ခဏသည် လည်းကောင်း။ သမယောစ၊ သမယသည် လည်းကောင်း။ အယံ၊ ဤဗုဒ္ဓုပ္ပါဒနဝမက္ခဏ သည်သာလျှင် တည်း။

လောကဋ္ဌ ဘုရားပွင့်တော်မူ၍ တရားကိုလည်း ဟောတော်မူ၊ ထိုဟောတော်မူ သောတရားကို သိမြင်ခြင်းငှာလည်း စွမ်းနိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် မဆွဲ့မအ နားမပင်းမူ၍ မဇ္ဈိမဒေသအရပ်၌လည်းဖြစ်မူကား ထိုသူသည် မဂ်ဖိုလ်ကိုရ ထိုက်သော အခွင့်ကာလနှင့် ပြည့်စုံကြကြို့က် တိုက်ဆိုင်သောသူဟူ၍ ဟောတော်မူသည်။

ဤအရာ၌ မဇ္ဈိမဒေသ ဆိုသည်ကို ဘုရားသာသနာ တည်ထွန်းပျံ့နှံ့ရာ တရား စကားကို ကြားနာရရာ အရပ်ကို မဇ္ဈိမဒေသဆိုသည်။

ဘုရားပွင့်တော် မမူသော ကမ္ဘာတွေကလည်း အသင်္ချေ အနန္တ၊ ဘုရားပွင့်သော်လည်း တရားတော်ကို မနာလိုက်ရသည့် ဘဝတွေကလည်း အသင်္ချေ အနန္တ၊ နားမျက်စိ နှင့် မစုံခဲ့သော ဘဝတွေကလည်း အသင်္ချေ အနန္တ၊ ဘုရားမှန်း တရားမှန်း သံဃာမှန်း မသိခဲ့သည့် ဘဝတွေကလည်း အသင်္ချေ အနန္တဖြစ်၍ ပြဆိုခဲ့ပြီးသော ခဏကာလကို မလွန်ကြစေရာ။

http://www.dhammadownload.com

အနုသာသနီ အခန်း

(၁) အနုသာသနီ ဂါထာစု

မနုဿ လာဘံ လဒ္ဓါန၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
ယေ ခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ တေ ခဏံ။[၁]

ယေ၊ အကြင်သူတို့သည်။ သုပ္ပဝေဒိတေ၊ ကောင်းစွာ ဟောအပ်ကုန်သော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရား၌။ ဝါ၊ သာသနာတော်၌။ မနုဿလာဘံ၊ လူ၏အဖြစ်ကို ရခြင်းကို။ လဒ္ဓါန၊ ရကြကုန်၍။ ဝါ၊ ရကြကုန်လျက်။ ဝါ၊ ရကြကုန်သော်လည်း။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ ဝါ၊ သာသနာ တည်ထွန်းခိုက် ခဏကို။ နာဓိဂစ္ဆန္တိ၊ မသိကြကုန်။ ဝါ၊ မရကြကုန်။ တေ၊ ထိုသူတို့သည်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ ဝါ၊ သာသနာ တည်ထွန်းခိုက် ခဏကို။ အတိနာမေန္တိ၊ လွန်စေကြကုန်၏။

အချို့သောသူတို့သည် သာသနာတော် အတွင်း၌ လူအဖြစ်ကိုရကြပါသော်လည်း ယခုအခါ သာသနာတော် ထွန်းလင်းတောက်ပနေသည့် အခါဟူ၍ မသိကြကုန်။ ထိုသူတို့သည် အဖိုးတန်ကာလ နဝမ ခဏကြီးကို လွန်စေသောသူတို့ မည်ကုန်၏။ (ကာမဂုဏ်မွန်နေသောသူ၊ ကာမဂုဏ်၌ နစ်မြုပ်နေသောသူကိုဆိုသည်။)

(၂) အက္ခဏ ကာလသာ များခြင်း

ဗဟူဟိ အက္ခဏာ ဝုတ္တာ၊ မဂ္ဂဿ အင်္ဂ ရာယိကာ။
ကဒါစိ ကရဟစိ လောကေ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။[၂]

မဂ္ဂဿ၊ မဂ်၏။ အင်္ဂ ရာယိကာ၊ အင်္ဂ ရာယ်ကို ပြုတတ်ကုန်သော။ ဗဟူ၊ များစွာကုန်သော။ အက္ခဏာ၊ အခဏ တို့ကို။ ဝါ၊ မဂ်ဖိုလ် မရထိုက်သောခဏ မဟုတ်သည်တို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူ အပ်ကုန်၏။ ကဒါစိ ကရဟစိ၊ တစ်ရံတစ်ခါ တစ်ရံတစ်ခါ။ ဝါ၊ အလွန်ကြာမြင့်မှ ကြာမြင့်မှ။ လောကေ၊ လောက၌။ တထာဂတာ၊ ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ပွင့်တော်မူကြကုန်၏။

ဤဂါထာ ပုဗ္ဗမုဒ္ဒ တစ်နည်း အနက် ယောဇနာမူကား –

မဂ္ဂဿ၊ မဂ် ဖိုလ်ကို။ အင်္ဂ ရာယိကာ၊ အင်္ဂ ရာယ်ပြုတတ်ကုန်၏ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အက္ခဏာ၊ အက္ခဏတို့သည်။ ဝါ၊ မဂ်ဖိုလ်ရထိုက်သော ခဏ မဟုတ်သည်တို့သည်။ ဗဟူ၊ များကုန်၏ဟု–ယောဇနာရာဂါ။

၁၊ ၂။ အနုသာသနီ ဂါထာစု၊ အဋ္ဌအင်္ဂုတ္တရပါဠိ၊ ၆၁၊ ၆၂။

http://www.dhammadownload.com

အက္ခဏ အရကို ရပ်ပြစ် ရှစ်ပါးကို ယူ။

လူ့ပြည် ကမ္ဘာလောကကြီးမှာ မင်္ဂ ဖိုလ်ကိုရခြင်းငှာ ကျေးဇူးပြုတတ်သော ခဏကာလသည် မင်္ဂ ဖိုလ်အား ကျေးဇူးမပြုတတ်သော အက္ခဏ ကာလနှင့် နှိုင်းစာလျှင် ဘယ် ဘယ်လောက်မျှ မကြာမြင့်လေ။ အနည်းငယ်မျှသော ကာလသာ ရှိလေသည်။ လောင်ကျွမ်း ကုန်ခမ်းခဲ့သော ကမ္ဘာတွေတွင်လည်း အက္ခဏ ကမ္ဘာ၊ အက္ခဏ ကာလတွေသာ များပေသည်။

(၃) သောတာပတ္တိ မဂ်လောက်မှ ရဟထားလျှင်

တယိဒံ သမုခီဘူတံ၊ လောကသ္မိံ သုဒုလ္လဘံ။

မနုဿ ပဋိလာဘော စ၊ သဒ္ဓမ္မဿ စ ဒေသနာ။

လောကသ္မိံ၊ လောကဒ္ဓ။ ယံ၊ အကြင်ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ သုဒုလ္လဘံ၊ အလွန်ရခဲ၏။ တံ ဣဒံ၊ ဤဗုဒ္ဓုပ္ပါဒ နဝမ ခဏသည်။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ သမုခီဘူတံ၊ မျက်မှောက်ဖြစ်၍ ဖြစ်၏။ မနုဿပဋိလာဘော စ၊ လူ၏အဖြစ်ကို ရခြင်း ကိုလည်း။ သုဒုလ္လဘော၊ အလွန်ရခဲ၏။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရားကို။ ဒေသနာ စ၊ ဟောခြင်းကိုလည်း။ သုဒုလ္လဘံ၊ အလွန် ရခဲ၏။

အလံ ဝါယမိတုံ တတ္ထ၊ အတ္ထကာမေန ဒန္ဓုနာ၊

ကထံ ဝိဇညာ သဒ္ဓမ္မံ၊ ခဏော ဝေ မာ ဥပစ္စဂါ၊

ခဏာတီတာဟိ သောစန္တိ၊ နိယရမှိ သမပ္ပိတာ။

တတ္ထ၊ ထိုဗုဒ္ဓုပ္ပါဒ နဝမ ခဏ၌။ အတ္ထကာမေန၊ အကျိုးစီးပွားကို အလိုရှိသော။ ဒန္ဓုနာ၊ သတ္တဝါသည်။ ဝါယမိတုံ၊ မင်္ဂ ဖိုလ်ကို ရအောင် အားထုတ်ခြင်းငှာ။ အလံ၊ သင့်လျော်၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဝိဇညာ–ဝိဇညာယ၊ သိ၍။ ကထံ၊ အဘယ်ကြောင့်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ ဥပစ္စဂါ၊ လွန်စေရာအံ့နည်း။ ဝေ၊ စင်စစ်။ ခဏော၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ မာ ဥပစ္စဂါ၊ မလွန်စေသင့်။

ကသ္မာ၊ အဘယ်ကြောင့်။ မာ ဥပစ္စဂါ၊ မလွန်စေသင့်သနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ခဏာတီတာ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို လွန်စေကြ ကုန်သောသူတို့သည်။ နိရယမှိ၊ ငရဲ၌။ သမပ္ပိတာ၊ ဖြစ်ရကုန်မည် ဖြစ်၍။ သောစန္တိ၊ စိုးရိမ်ရ ကုန်၏။

တသ္မာ၊ ထို့ကြောင့်။ ခဏော၊ ကို။ မာ ဥပစ္စဂါ၊ မလွန်စေသင့်။

ဤဂါထာဒ္ဓ မင်္ဂ ဖိုလ်အား ကျေးဇူးပြုတတ်သော ခဏ ကာလကြီး၌ ဖြစ်ရသည် အားလျော်စွာ မင်္ဂ ဖိုလ်ရအောင် အားထုတ်သင့်သည်။ ထိုခဏကို လွန်၍ မသွားစေနှင့်။ အနည်းဆုံးအားဖြင့် သောတာပတ္တိ မဂ်ဉာဏ်လောက်ပေါက်အောင် ရောက်အောင်

http://www.dhammadownload.com

အား‌ထုတ်ရမည်၊ အား‌ထုတ်သင့်သည်ကို ပြဆိုတော်မူသည်။ အနည်း‌ဆုံး သောတာပတ္တိ မဂ်ဉာဏ်လောက်ကိုမှ လက်ကိုင်ရမထား‌လျှင် ငရဲဥ္စကျရောက်ဖို့ရန် မျိုး‌စေ့ မပြတ် သေး‌သဖြင့် စိုး‌ရိမ်စရာရှိသေး‌သည်ဟု ဆိုလိုသည်။

(၄) နောင်တ မပြတ် ဖြစ်ရတတ်ခြင်း

ဣဓ စေနံ ဝိရာဓေတိ၊ သဒ္ဓမ္မဿ နိယာမတံ၊
ဝါဏိဇော၀ အတိတတ္တော၊ စိရတ္တံ အနုတပိသတိ။

ယောကော‌စိ၊ အကြင် အမှတ်တမဲ့ မေ့လျော့ ပေါ့တန်၍ နေသော‌သူသည်။ ဣဓ၊ ဤဗုဒ္ဓပွါဒ နဝမ ခဏ်၌။ သဒ္ဓမ္မဿ၊ သူတော်ကောင်း‌တရား‌၏။ နိယာမတံ၊ နိယာမ ဟုဆိုအပ်သော။ နံ၊ ထိုအရိယာမဂ်ကို။ စေ ဝိရာဓေတိ၊ အကယ်၍ ချုတ်ယွင်း‌စေသည်ဖြစ်အုံ့။ ဝါ၊ မပြည့်စုံစေသည်ဖြစ်အုံ့။ သော၊ ထိုအမှတ်တမဲ့ နေသော‌သူသည်။ အတီတတ္တော၊ လွန်လေပြီး‌သော မိမိအကျိုး‌စီးပွား‌ရှိသော။ ဝါဏိဇော၊ ကုန်သည်သည်။ စိရတ္တံ၊ ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး။ အနုတပတိက္ခ၀၊ နောင်တတစ်ဖန် ပူပန်ရသကဲ့သို့။ စိရတ္တံ၊ ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး။ အနုတပိသတိ၊ နောင်တတစ်ဖန် ပူပန်ရလိမ့်လတ္တံ့။

ဗုဒ္ဓပွါဒ နဝမ ခေတ်ကောင်းကြီးနှင့် ကြုံကြိုက် ပါလျက် သူတော်ကောင်း‌တရား‌ကြီး‌၏ နိယာမဟူသော မဂ် ဖိုလ် တရား‌ကို ဤဘုရား‌သာသနာတွင် ရရှိအောင် အား‌မထုတ်ဘဲ မေ့မေ့လျော့လျော့ နေသော‌သူသည် ကုန်သည်များ(ကုန်သယ်များ) နောင်တတစ်ဖန် ပူပန်သကဲ့သို့ ပူပန်ရလိမ့်မည်ဟု ဆိုလိုသည်။

ကုန်သည်များ ပူပန်ရပုံကား - ဤအမည်ရှိသော အရပ်ဒေသ၌ ရောင်း‌ဝယ်ရေး ဘဏ္ဍာရှိသည်ဟု ကြား‌သိလျက် ကုန်သည်တစ်ယောက်သည် ဘဏ္ဍာရှိရာအရပ်သို့မသွား‌လေ။ အခြား‌သောကုန်သည်များ‌သည် သွား‌ရောက်၍ ဝယ်ယူ ရောင်း‌ချကြကုန်၏။ ထို သွား‌ရောက်၍ ဝယ်ယူရောင်း‌ချသော ကုန်သည်များ‌မှာ အမြတ်များ‌စွာ ရရှိလေကုန်၏။ မသွား‌သော ကုန်သည်တစ်ဦး‌မှာကား သူများ‌တစ်ပါး အမြတ်အစွန်း ရရှိသည်ကိုမြင်ခါမှ ငါလည်း မသွား‌မိလေခြင်း၊ မဝယ်မိလေခြင်း၊ အကျိုး‌စီးပွား‌ရှိမည်ကိုမှ မသိဘဲ လွန်မိလေခြင်း စသည်ဖြင့် နောင်တ တစ်ဖန် ပူပန်လေသည်။

ထို‌အတူ မဂ် ဖိုလ်ကိုရနိုင်သော သာသနာ ခေတ်ကောင်းကြီးကို ရပါလျက် မကျင့်သော‌သူသည် သာသနာကုန်ခါမှ မကျင့်မိလေခြင်း၊ မဂ် ဖိုလ်တည်း‌ဟူသော အကျိုး‌စီးပွား‌နှင့် လွဲရလေခြင်း စသည်ဖြင့် နောင်တ တစ်ဖန် ပူပန်ရတတ်သည်ဟု ဆိုလိုသည်။

http://www.dhammadownload.com

(၅) အဝိဇ္ဇာ ဝိဇ္ဇာ ခံစားရာ

အဝိဇ္ဇာ နိဝုတော ပေါသော၊ သဒ္ဓမ္မံ အပရာဓိကော၊
ဇာတိ မရဏ သံသာရံ၊ စိရံ ပစ္စနုဘောသတိ။

သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ဝါ၊ မဂ်ဖိုလ်ကို။ အပရာဓိကော၊ မပြီးစေနိုင်သော။ ဝါ၊ ချုတ်ယွင်းစေသော။ အဝိဇ္ဇာ နိဝုတော၊ အဝိဇ္ဇာသည် ပိတ်ဆို့အပ်သော။ ပေါသော၊ ယောက်ျားသည်။ ဇာတိ မရဏ သံသာရံ၊ ဇာတိ ဇရာ မရဏတို့၏ ဖြစ်ရာ သံသရာဌ်။ စိရံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ ပစ္စနုဘောသတိ ခံစားရလတ္တံ့။

ယေ စ လဒ္ဓါ မနုဿတ္တံ၊ သဒ္ဓမ္မေ သုပ္ပဝေဒိတေ။
အက်သု သတ္တာ ဝစနံ၊ ကရိဿန္တိ ကရောန္တိ ဝါ။

ယေ စ၊ အကြင်သူတို့သည်လည်း။ သုပ္ပဝေဒိတေ၊ ကောင်းစွာ ဟောအပ်သော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတရားဌ်။ ဝါ၊ သာသနာတော်ဌ်။ မနုဿတ္တံ၊ လူ၏အဖြစ်ကို။ လဒ္ဓါ၊ ရကုန်သည်ဖြစ်၍။ သတ္ထာ၊ မြတ်စွာဘုရား၏။ ဝစနံ၊ အဆုံးအမ ဖြစ်သော စကားတော်ကို။ အက်သု ဝါ၊ လိုက်နာမူလည်း လိုက်နာ ကုန်ပြီ။ ကရိဿန္တိ ဝါ၊ လိုက်နာမူလည်း လိုက်နာ ကုန်လတ္တံ့။ ကရောန္တိ ဝါ၊ လိုက်နာမူလည်း လိုက်နာ ကုန်ဆဲ။

ခဏံ ပစ္စဝိဒုံ လောကေ၊ ဗြဟ္မစရိယံ အနုတ္တရံ။
ယေ မဂ္ဂံ ပဋိပဇ္ဇိံသု၊ တထာဂတပွဝေဒိတံ။

ယေ၊ အကြင်သူတို့သည်။ တထာဂတပွဝေဒိတံ၊ မြတ်စွာ ဘုရားတို့သည် ဟောကြားတော် မူအပ်သော။ အနုတ္တရံ၊ အတု မရှိသော။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ဟု ဆိုအပ်သော။ မဂ္ဂံ၊ မဂ်ကို။ ပဋိပဇ္ဇိံသု၊ ကျင့်ကုန် သိကုန်၏။ တေ၊ ထိုသူတို့သည်။ လောကေ၊ လောကဌ်။ ခဏံ၊ ဗုဒ္ဓုပ္ပါဒ နဝမ ခဏကို။ ပစ္စဝိဒုံ၊ သိသောသူတို့ မည်ကုန်၏။

ယေ သံဝရာ စက္ခုမတာ၊ ဒေသိတာ ဒိစ္စဗန္ဓုနာ။
တေ သု ဂုတ္တော သဒါသတော၊ ဝိဟရေ အနဝဿုတော။

စက္ခုမတာ၊ ငါးပါးသော မျက်စိအမြင်နှင့် ပြည့်စုံတော်မူသော။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ယေ သံဝရာ၊ အကြင် သီလ သံဝရတို့ကို။ ဒေသိတာ၊ ဟောအပ်ကုန်၏။ တေသု၊ ထို သီလ သံဝရတို့ဌ်။ သဒါ၊ အခါခပ်သိမ်း။ ဂုတ္တော၊ လုံခြုံသည်ဖြစ်၍။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အနဝဿုတော၊ ကိလေသာတည်းဟူသော မိုးဖြင့် မစွတ်စိုစေကုန်သည်ဖြစ်၍။ ဂိဟရေ၊ နေရာ၏။

သဗ္ဗေ အနုသယေ ဆေတ္တာ၊ မာရာဓေယျံ ပရာနဂေ။

မိခင်ဒရာဝတီ

http://www.dhammadownload.com

တေ ဝေ ပါရဂတာ လောကေ၊ ယေ ပတ္တာ အာသဝက္ခယန္တိ။

ယေ၊ အကြင်သူတို့သည်။ အာသဝက္ခယံ၊ အာသဝေါ တရားလေးပါး တို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်ကြကုန်၏။ တေ၊ ထိုသူတို့သည်။ ဝေ၊ စင်စစ်။ မာရာဓေယျပရာနုဂေ၊ မာရ်မင်း၏ တည်ရာဟူသော သံသရာသို့ အစဉ် လိုက်တတ်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အနုသယေ၊ အနုသယ ကိလေသာ တို့ကို။ ဆေတ္ဝာ၊ ဖြတ်ကုန်၍။ လောကေ၊ လောကဋ္ဌ။ ပါရံ၊ နိဗ္ဗာန် တည်းဟူသော ကမ်းတစ်ဖက်သို့။ ဂတာ၊ ရောက်ကြကုန်၏။ ဣတိ၊ သို့။ အဝေါစ၊ ဟောတော်မူ၏။

ဤ အနုသာသနီ ဂါထာစုကို နှုတ်တက်ရအောင် ကျက်အံ့၍ အမြဲမပြတ် ရွတ် ဖတ်ကြားကုန်ပြီးလျှင် ဟောပြောကြစေကုန်သတည်း။

(၆) မဂ် ဖိုလ် မရထိုက်သော အခဏ ရှစ်ပါးကိုပြဆိုချက်

အခဏ ရှစ်ပါးဆိုသည်ကား အရပ်ပြစ် ရှစ်ပါးကိုပင် ဆိုလိုသည်။

တိအပါယော ဒီဃာယုကော၊ မဇ္ဈိမေ ဝိကလိန္ဒြိယော။
တထာ ဒိဋ္ဌိ စ ပစ္စနွော၊ ဗုဒ္ဓသုညေ တိဟေတုကော။
ဣမေ အဋ္ဌက္ခဏာ ဝုတ္တာ၊ ဗုဒ္ဓေနာ ဒိစ္စဗန္ဓုနာ။[၁]
ဤကား ပါဠိတော်နည်း။

တိအပါယော၊ ငရဲ တိရစ္ဆာန် ပြိတ္တာ ဟူသော အပါယ် သုံးဘုံတို့လည်းကောင်း။ ဒီဃာယုကော၊ အသက်ရှည်သော အသညသတ် အရူပဘုံ၌ဖြစ်ခြင်းလည်းကောင်း။ မဇ္ဈိမေ၊ မဇ္ဈိမဒေသ၌။ ဝိကလိန္ဒြိယော၊ ပဋိသန္ဓေအားဖြင့် စက္ခုစသော ဣန္ဒြေချို့တဲ့ သောသူလည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ ဒိဋ္ဌိ စ၊ နိယတ မိစ္ဆာဒိဋ္ဌိ အယူရှိသော သူလည်းကောင်း။ ပစ္စနွော၊ ပစ္စန္တရစ်၌ ဖြစ်သောသူ လည်းကောင်း။ ဗုဒ္ဓသုညေ၊ ဘုရားမပွင့်သော မဇ္ဈိမဒေသ၌။ တိဟေတုကော၊ တိဟိတ် ပဋိသန္ဓေနေသောသူ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေအဋ္ဌက္ခဏာ၊ ဤရှစ်ပါးသော အခဏတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူ အပ်ကုန်၏။

ပစ္စန္တဇော အရူပိနော၊ ဝိကလင်္ဂေါ အသညဇော။
မိစ္ဆာဒိဋ္ဌိ တိရစ္ဆာနော၊ ပေတော နေရယိကော ပိ စ။
ဧတေ အဋ္ဌက္ခဏာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ။[၂]
ဇိနာလင်္ကာရဋ္ဌိကာနည်း။

၁၊ ၂။ ပေါရာဏ။

http://www.dhammadownload.com

အခဏဟု ဆိုအပ်သော ရပ်ပြစ် ရုစ်ပါးကို ပြရာ ပါဠိဝယ်။ 'ဝိကလင်္ဂ'ဟူ၍လည်း ကောင်း။ 'ဝိတာလင်္ဂ' ဟူ၍လည်းကောင်း။ 'ဝိကာလင်္ဂ' ဟူ၍လည်းကောင်း။ 'ဝိကလင်္ဂ' ဟူ၍လည်းကောင်း ပါဠိအမျိုးမျိုးနှင့် ဂါထာစုဏ္ဍိယ လင်္ကာ သံပေါက်တို့မှာ တွေ့ရှိရ၏။

ဤအဒ္ဓကွဏကို ပြရာ၌ စကွေ့ စသောအင်္ဂါချို့တဲ့ခြင်းကို အလိုရှိရာသောကြောင့်။ 'ဝိကလအင်္ဂ'ဟု ပုဒ်နေရမည်ဖြစ်၍ 'ဝိကလင်္ဂ'ဟု အင်္ဂမှာ ပဌမကွရာ ကနှင့် မရှိသင့်။ 'ဝိတာလင်္ဂ'ဟူသော ပါဌ်၌လည်း ဝိတဒေါသော ဝိတမောဟော စသောပုဒ်တို့ကဲ့သို့ 'ဝိဂတော အဂေါ် ဝိတာလဂေါ်'ဟုဆိုလျှင် အတ္ထယုတ္တိရှိသော်လည်း လ,အာဂုံ အရာဌာနမဟုတ်သောကြောင့် သဒ္ဒယုတ္တိမရှိရကား မသင့်သည်သာ။

"ထက်အသညာ၊ အရူပါ။ ဝိကာလင်္ဂ၊ ပေါင်းအဒ္ဓ"ဟူ၍ လင်္ကာသံပေါက် အစပ်ညီညွတ်အောင် ဝိကာဟု စပ်ဆိုရာမှ က,ကြီးအောက်တစ်ခြမ်း ပိတ်သွားသဖြင့် တ,ဝမ်း ပူမှတ်ထင်၍ ဝိတာလင်္ဂဟု စာရေးများ ရေးမှားဟန်လက္ခဏာရှိ၏။

ဝိကာလင်္ဂ ဟူရာမှာလည်း လင်္ကာ သံပေါက်အလို့ငှာသာလျှင် သင့်လျော်၏။ ပါဠိရင်း မသင့်လျော်၊ မရှိသင့်။ ရှိသင့်သော ပါဌ်မှန်ကား: 'ဝိကလင်္ဂ'ဟူ၍ လည်းကောင်း၊ 'ဝိကလိန္ဒြိယ'ဟူ၍ လည်းကောင်း ရှိသင့်သည်။ ဝိကလင်္ဂမှာ 'ဝိကလ အင်္ဂ'ဟု ပုဒ်ဖြတ်၍ ဝိကလသဒ္ဒါ ချို့တဲ့ခြင်းဟော အင်္ဂသဒ္ဒါ စကွေ့ စသော အင်္ဂါဟော နှစ်ပုဒ်အရ ချို့တဲ့သော စကွေ့ စသော အင်္ဂါဟု ဆိုလိုသည်။

ဝိကလိန္ဒြိယမှာလည်း ဝိကလကျန္ဒြိယ ပုဒ်ဖြတ်၍ ချို့တဲ့သော စကွေ့ စသော ကျန္ဒြေရ၏။

ထို့ကြောင့် -

ဝိဂတော ဟုတွာ ကလတိ ဂစ္ဆတိ ပဝတ္တတီတိ ဝိကလော ဟုပြု။ ဝိရှေး၊ ကလဓာတ် အပစ္စည်း။ ဂတိပဝတ္တန အနက်ဟော။

ယော၊ အကြင် ဝတ္ထုပစ္စည်း အစရှိသည်သည်။ ဝိဂတော၊ ကင်းသည်။ ဟုတွာ၊ ဖြစ်၍။ ကလတိ ဂစ္ဆတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ကျတိ၊ ကြောင့်။ သော၊ ထိုဝတ္ထုပစ္စည်း အစရှိသည်သည်။ ဝိကလော၊ ဝိကလ မည်၏။ တစ်စုံတစ်ခု ချို့တဲ့ခြင်းရ၏။

ဝိကလော အဂေါ်၊ ဝိကလဂေါ်ဟု ပုဗ္ဗပဒ ဝိသေသန ကမ္မဓာရည်း သမာသ်ပြု။

ဝိကလော၊ ကင်းသည်ဖြစ်၍ ဖြစ်သော။ အဂေါ်၊ စကွေ့ စသောအင်္ဂါတည်း။

ဝိကလဂေါ်၊ ကင်းသည် ဖြစ်၍ ဖြစ်သော စကွေ့ စသောအင်္ဂါ။

စကွေ့ စသော အင်္ဂါချို့တဲ့ခြင်းရ၏။

http://www.dhammadownload.com

ကင်းသည် ချို့တဲ့သည် ဟူသော ဝေါဟာရ အတူတူ။

ဝိကလော အင်္ဂါ တေသောတိ ဝိကလင်္ဂါ။

ဟု ဗဟုဗ္ဗီဟိသမာသ်ပြု၍။

တေသ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဝိကလော၊ ချို့တဲ့သော။ အင်္ဂါ၊ စက္ခု စသော အင်္ဂါသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဝိကလင်္ဂါ၊ ဝိကလင်္ဂ် မည်၏။

ပဋိသန္ဓေအားဖြင့် စက္ခု စသော အင်္ဂါချို့တဲ့သူ ရ၏။

ထို့ကြောင့် ဝိကလင်္ဂါ ပဋိသန္ဓေအားဖြင့် စက္ခု စသည် ချို့တဲ့သောပုဂ္ဂိုလ်လည်းကောင်းဟု အနက် ယောဇနာကြသည်။

(၇) အရပ်ပြစ်ဟု ခေါ်ဝေါ်ခြင်းအကြောင်း

အရပ်ဟု မြန်မာစကားဖြင့် ပြောဆိုဟောကြားလေ့ရှိကြငြားသော်လည်း ဖြစ်ရာဘုံ၊ တည်ရာဌာန တည်းဟူသော သြကာသလောက အရပ်ကို မဆိုလို။ ဖြစ်တတ်သော ပုဂ္ဂိုလ် တည်းဟူသော သတ္တလောကကို ဆိုလိုရင်းတည်း။

ထို့ကြောင့် -

(၁) ပစ္ဆိန္နရစ် အရပ်၌ ဖြစ်သော ပုဂ္ဂိုလ်၊

(၂) အရူပဘုံ၌ ဖြစ်သော တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၊

(၃) အသညသတ်ဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်၊

(၄) ကာမဘုံ၌ စက္ခု စသော အင်္ဂါချို့သော ပုဂ္ဂိုလ်၊

(၅) မိစ္ဆာဒိဋ္ဌိအယူ ရှိသော ပုဂ္ဂိုလ်၊

(၆) တိရစ္ဆာန် ဖြစ်သော ပုဂ္ဂိုလ်၊

(၇) ပိတ္တိဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်၊

(၈) ငရဲဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်၊

ဟု ပုဂ္ဂလ ဓိဋ္ဌာန်အားဖြင့် ရေတွက် ပြောဆိုအပ်၏။

ထိုသို့ဖြစ်လျက် အရပ်ဟု ခေါ်ဆိုခြင်းသည်ကား တည်နေတတ်သောပုဂ္ဂိုလ် တည်းဟူသော ဌာနီ၏ အမည်ကို ဖြစ်ရာဌာန တည်းဟူသော ဘုံအရပ်၌ တင်စား၍ ဌာနပစာရအားဖြင့် 'မဉ္စာယောသန္တိ'ကဲ့သို့အရပ်ဟု ခေါ်ဆိုကြသည်ဟု မှတ်ယူရာ၏။

တစ်နည်းအားဖြင့်လည်း -

အခဏော ဟူသောပုဒ်၌ နတ္ထိ ခဏော ဇတေသူတိ အခဏော။

ဟု-ပြု၍။

http://www.dhammadownload.com

ဧတေသု၊ ထိပုဂ္ဂိုလ်တို့၌။ ခဏော၊ မဂ် တည်းဟူသော သီတင်းသုံးရာ အခွင့် အခါသမယ ကာလသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ကြောင့်။ တေပုဂ္ဂလာ၊ တို့သည်။ အခ ဏာ၊ အခဏတို့ မည်ကုန်၏။

ပုဂ္ဂိုလ်ရှစ်ယောက်ရ၏။

သတ္တဝါတို့၏ တည်နေရာ ဖြစ်ရာဘုံဌာနကို အရပ်ဟု ခေါ်ဆိုရာဘိသကဲ့သို့ ထို ပုဂ္ဂိုလ်တို့သည်လည်း ကုသိုလ် အစရှိသော တရားအပေါင်းတို့၏ တည်ရာ ဖြစ်ရာ အရပ်ဖြစ်ရကား အရပ်ဟု ခေါ်ဆိုရ၏။

ထို့ကြောင့် ထိပုဂ္ဂိုလ် ရှစ်ယောက်တို့သည်လည်း မဂ် ဖိုလ်တည်းဟူသော မြတ် သော သီတင်းသုံးရာ၊ ကုသိုလ်ဖြစ်ရာ မဟုတ်ရကား သူတော်ကောင်းတို့ မမြတ်နိုး မချစ် စွန့်ပစ်အပ်သော အရပ် ဖြစ်၍ 'ရပ်ပြစ်ရှစ်ပါး'ဟူ၍ ခေါ်စမှတ် ပြုကြလေသည်။

(၈) အဋ္ဌင္ဂဏာ မတူကြခြင်း

အဋ္ဌင္ဂဏာကို ရေတွက်၍ ပြဆိုရာ၌ အဆိုမတူကြသည်မှာ -

(၁) ပါဠိတော် နည်းအားဖြင့် ရေတွက်ခြင်း တစ်နည်း၊[1]

(၂) ဓိနာလင်္ကာရ ဋီကာနည်းအားဖြင့် ရေတွက်ခြင်း တစ်နည်း။[2]

ဤသို့ နှစ်နည်း မှတ်ရ၏။

ပါဠိတော်နည်းမှာ -

အသညသတ် အရူပဘုံတို့၌ အမြဲထာဝရအားဖြင့် တရားဒေသနာသည် မယှဉ် ၍ တရားနာရခြင်း မရှိသောကြောင့် မဂ် ဖိုလ်မရထိုက်ခြင်း တူမျှရကား အသညသတ် အရူပကို ပေါင်း၍ အဋ္ဌင္ဂဏ တစ်ပါးတည်း၏ အဖြစ်ဖြင့် ဟောတော်မူပြီးလျှင် ဘုရား မပွင့်သော အခိုက်အတန့် တရားမနာရ၍ မဂ် ဖိုလ်ကိုမရသော မဖျိမတိုက်သား တိ ဟိတ်ပဋိသန္ဓေ ပုဂ္ဂိုလ်များကိုလည်း ကြွင်း ခုနစ်ပါးနှင့် မဂ် ဖိုလ် မရချင်း အလားတူသော ကြောင့် 'ဗုဒ္ဓါနုပ္ပန္နေ အခဏ'ဟု ဟောတော်မူသည်။

- သုတဝန္တနာ မည်သော စာစောင်ငယ်ကို ရေးသားတော်မူသော တောင်တွင်း ဆရာတော်။
- သုတဗုဒ္ဓိ စာစောင်ငယ်ကို ရေးသားတော်မူသော ကခ်ါဂဏ္ဍိရေး ချောင်းကောက် သဒ္ဓမ္မနန္ဒိ ဆရာတော်။

၁။ အဋ္ဌင္ဂဏုတ္တရပါဠိ၊ ၆၀။

၂။ ဓိနာလင်္ကာရဋီကာ၊ ၁၇။

http://www.dhammadownload.com

– သက္ကရာဇ် ၁၁၇၅ ခုနှစ်လောက်က သုဓမ္မာလင်္ကာရ စာစောင်ငယ် ရေးရင်းတော် ၎င်-တ-မျှော် ဆရာတော်။

ဤ ဆရာတော်ကြီးတို့သည် ဇိနာလင်္ကာရ ဋီကာကို အမှီပြု၍ ရပ်ပြစ် ရှစ်ပါးကို ဂါထာစုဖွဲ့ယ လင်္ကာသဲ့ပေါက်ဖြင့် စီကုံးဖွဲ့သို၍ ရေးသားတော်မူ ကြကုန်သည်။

ဇိနာလင်္ကာရ စာကိုယ် ဋီကာ နှစ်စောင် ရေးဘော်မူသော သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်သား ရှင်ဗုဒ္ဓရက္ခိတ မထေရ်သည် ပါဠိတော်လာ အဋ္ဌကထာကို မတွေ့မမြင်မသိ လို့ဟု ဆိုစရာ မရှိသင့်ပေ။

တောင်တွင်း ပုဂ္ဂိလ်ကျော် စသော ဆရာတော်တို့လည်း ပါဠိတော် အဋ္ဌကထာကို တွေ့မြင်တော်မူကြမည်သာ စင်စစ်တည်း။

ရှေး ခုနစ်ပုဒ်ကား အမြဲ ထာဝရ ပါဠိတော် နည်း၌ အကထာ။

နောက် ဗုဒ္ဓါနုပ္ပန္န အကထာကား ဘုရား မပွင့်ခိုက် အခထာ။

ဇိနာလင်္ကာရ ဋီကာနည်း၌ –

ဘုရား ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ၊ အမြဲ ထာဝရ အဋ္ဌကထာ။

တစ်နည်း –

ပါဠိတော်လာ အကထာမှာ တရားမနာရ၍ မင်္ဂ ဖိုလ်မရထိုက်သော အဋ္ဌကထာ။

ထို့ကြောင့် ပါဠိတော်၌ –

အဋ္ဌိမေ ဘိက္ခဝေ အကထာ၊

အသမယာ ဗြဟ္မစရိယ ဝါသာယ။[၁]

ဟု ဟော်တော်မူ၏။

(၉) ဇိနာလင်္ကာရ အဋ္ဌကထာ

ဇိနာလင်္ကာရ ဋီကာလာ အကထာမှာ ကုသိုလ်ဖြစ်ခြင်း၊ ကုသိုလ်ပြုခြင်းငှာ အခွင့်အခါ မဟုတ်သော အဋ္ဌကထာ။

ထို့ကြောင့် ဇိနာလင်္ကာရ ဋီကာ၌ –

တယော အပါယာ အရူပါ၊ သည် ပစ္ဆိ မံပိ စ။

ပဋိန္ဒြိယာနံ ဝေကလ္လံ၊ မိစ္ဆာဒိဋ္ဌိ စ ဒါရကာတိ။[၂]

၁။ အဋ္ဌအင်္ဂုတ္တရပါဠိ၊ ၆၀။

၂။ ဇိနာလင်္ကာရ ဋီကာ၊ ၁၇။ (သုဓမ္မဝတီရိုက်)

http://www.dhammadownload.com

ဣမေ အဋ္ဌကထာ ကုသလကြိယာယ
အသမယာ အနောကာသာ။[၁]

ဟု မိန့်ဆိုလျက်ရှိ၏။

ထို့ကြောင့် အဋ္ဌကထာကို ပါဠိတော်နည်း ဟူ၍ တစ်နည်း ရေတွက်သင့်၏။ ဒီနာလင်္ကာရ ဋီကာနည်း ဟူ၍လည်း တစ်နည်း ရေတွက်သင့်၏။

အမှာက် ခန္ဓိ

ပကိဏ္ဏက ဝိသဒ္ဒနာ ဒုတိယအုပ်ကို ရေးသား စီရင်တော်မူသော ဆရာတော်ကြီး ကမ္မကား တောင်တွင်း ဆရာတော် ဂဏ္ဌိရေး ချောင်းကောက် ဆရာတော်တို့ အဋ္ဌကထာ ရေတွက်နည်းကို ပယ်ရှားအပ်သည်သာဟု အပြစ်ဆိုတော်မူလျက်ရှိ၏။

အရူပဘုံကို တိဟိတ် ပုထုဇဉ်အတွက်သာ အဋ္ဌကထာ၌ ဟောတော်မူ၏။

တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သာ အရူပဘုံ၌ဖြစ်ခိုက် သောတာပတ္တိ မဂ်ကို မရနိုင်သည်။ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်တည်းဟူသော အရိယာတို့မှာကား အထက်မဂ် အထက်ဖိုလ်ကို ရနိုင်သည်သာတည်း။

ထို့ကြောင့် -

ယေအရူပဲဥပပန္နိတ္တာ ပရိနိဗ္ဗာယိသန္တိ ။[၂]

ဟု ထိုထို ယမိုက် ပါဠိတော်တို့၌ ဟောတော်မူလျက်ရှိ၏။

၎င်းယမိုက် ပါဠိတော်ကို ထောက်၍ အရူပဘုံ၌ တည်ရှိနေကြကုန်သော ပုထုဇဉ် ဗြဟ္မာတို့အတွက်သာ အဋ္ဌကထာ၌ ပါရှိရကုန်သည်။ ထိုအရူပဘုံ၌ တည်ရှိနေကြကုန်သော အရိယာဗြဟ္မာတို့မှာမူကား ဈာနာသမာပတ္တိသုခ ဖလသမာပတ္တိသုခ ကြီးကျယ်လှသော ပဋိဂ္ဂပဒေသ ဘုံကြီးတို့ပင် ဖြစ်ကုန်သကဲ့သို့ မှတ်ယူသင့်သည်။

ဤ ပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ ရှစ်ပါးမှ လွတ်ကင်းသော အခိုက်အခါ ဘုံဘဝနှင့် ကြုံကြိုက်မှ မဂ် ဖိုလ်ရကြောင်း ကုသိုလ်ဖြစ်ကြောင်းကို အားထုတ်ရာဖြစ်၍ ယခုအခါကြီးမှာ များစွာအားထုတ်သင့်လှပေသတည်း။ အားထုတ်ကြပါကုန်။

သာသနဇဟုသုတပွကာသနီကျမ်းကြီး
ပြီး၏။

၁။ အဋ္ဌအင်္ဂုတ္တရပါဠိ၊ ၆၀။
၂။ ယမကပါဠိ၊ ပ၊ ၃၄။

http://www.dhammadownload.com

နိဂမနခန်း

(၁) သာသနဗဟုသုတပွကာသနီကျမ်းပြီး အဆုံး နိဂုံး ဂါထာ ပါဠိ အနက်များ

(၁) တမွဒီပ ဝှယေ ရဋ္ဌေ၊ ရိမဒ္ဒန ပုရေကရိ။
ရာဇာ နုရုဒ္ဓနာမော ယော၊ ဗတ္တဃေ ရဇ္ဇံ တေဇသီ။
(၂) ဌာနိယာ ပုရိမေ တေန၊ ယော ဇနေ သမဘူတလေ။
သိမ ပေါက္ခရဏီနမ္မိ၊ ဌာနံ ကာရိတာနံ သုဘော။
(၃) စေတိယ ဗုဒ္ဓဗိမ္ဗိက၊ ဝိဟာရ ပါသာဒေဟိ။
ဖိတော နေကေဟိ သံသန္ဒော၊ ကုနဒီနံ ဥတုတ္တယေ။
(၄) နာလိကေ ရမ္မတာလာဒီ၊ နာနာရုက္ခေဟိ ရမ္မိတော။
နိဂမော ယော ငသားရောက်တိ၊ တဿ မဇ္ဈေ ဓဇူပမေ။
(၅) သာသနဿ ဝသန္တော ယော၊ ရွေမြင်းထင်တိ သုတျာရာမေ။
ဘဒန္တ စန္ဒိမော ထေရော၊ တဿ သဒ္ဓိဝိဟာရိနာ။
(၆) ကဝိကုဉ္ဇရ ထေရေန၊ သိရိရာဇိန္ဒ နာမိနာ။
ရာမညနာမကေ ရဋ္ဌေ၊ ရန်ကုန်နဂရ ပါစိနေ။
(၇) ဘုရားဖြူတိ ပသိဒ္ဓဿ၊ ပရိဝေဏဿ သာမိနာ။
ပညာဓိရာနုပါယိနံ၊ ဂန္ထံ အနေက သောတုနံ။
(၈) ဝါစေတွာ ဝသမာနေန၊ သာသနဿ ဗဟုသုတံ။
ပကာသေတျသ္မိတျတ္ထေဒံ၊ ဘိယာစိတေန သခံတံ။
(၉) ဗုဒ္ဓဿ ပရိနိဗ္ဗာနာ၊ သတ္တတျာဓိစတုသတေ။
ဒွိသဟဿေ ဂတေဝဿေ၊ ပဋ္ဌဒ္ဒေ သက္ကရာဇေ။
(၁၀) ပုဗ္ဗကတ္တိကမာသဿ၊ သုက္ကပက္ခပဉ္စမိယံ။
ဇာတမာသ ဒိနေဝေဒံ၊ ပုဗ္ဗဏှိကေ သုနိဋ္ဌိတံ။

တမွဒီပဝှယေ၊ တမွဒီပ်ဟု၊ မြန်.ထိပ်တင်ပေါ်၊ ကျွန်းလုံးကျော်အောင်၊ ခေါ်ဝေါ်ပညပ်၊ သမိုက်အပ်သော။ ရဋ္ဌေ၊ မြန်မာတိုင်းကြီး၌။ အရိမဒ္ဒနပုရေ၊ ဗူးမင်း ရှူးပျံ့ တစ်တန်ငှက်ကြီး ထိုပြီးများစွာ ရန်တကာကို နှိမ်ရာနင်းရာ ခွင်းရာဘူမိ ပဝတ္တိကြောင့်။ အရိမဒ္ဒန်၊ ဂုဏ်ဟိတ်လျှံသော ပုဂံပြည်ကြီး၌။ တေဇသီ၊ တန့်ကြည်တောင်ထိပ် မိန့်

http://www.dhammadownload.com

ဗျာဒိပ်ဖြင့် တဲ့ဆိပ်နှိပ်ကာ ဖြစ်ပေါ်လာသောကြောင့် ကမ္ဘာတစ်ရိုး ဘာမစိုးဟု တန်ခိုးတေဇော် အာနုဘော်ရှိထသော။ အနုရုဒ္ဓနာမော၊ အနော်ရထာဟု သညာပြန့်ဖြူး အမည်ထူးရှိထသော။ ယော ရာဇာ၊ အကြင် သမုတိနတ် ထွတ်မင်းမြတ်သည်။ ဗတ္တဃေ၊ သက္ကရာဇ်ကောဇာ* ၃၆၄ ခုသို့ ရောက်သောအခါ၌။ ရန္ဒဲ၊ မဟာဥကင် ပွဲကြိုးယင်၍ သေနင်ဗျူဟာ ကျင်းပကာဖြင့် အောင်ရာအောင်ကြောင်း အောင်မောင်းအောင်စည် ခြိမ့်ခြိမ့်မြည်လျက် ရွှေနန်းတက်သည့် မင်းထက်မင်းမျာ မင်းတရားအဖြစ်ကို။ ကရီ၊ လောကဓမ္မ နှစ်ဝစုံလင် မင်းကျင့်စဉ်နှင့် တစ်အင်မယုတ် ပြုလုပ်တော်မူလေပြီ။

တေနရညာ၊ ထို ဘုန်းရောင်ပြောင်ဝင်း နော်ရထာမင်းသည်။ ဌာနိယာ၊ အရိမဒ္ဒန်၊ ပုဂံမည်ရ ရာဇဌာနီ မင်းနေပြည်တော်ကြီး၏။ ပုရိမေ၊ သဟဿ ရောင်ခြည်တစ်ထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ရှင်နေမင်း၏ ထိန်ဝင်းပြောင်လက် ဥဒယ်ထက်မှ တက်ကြွကူးသန်း ကြန္တီနန်း၌ စံမြန်းလတ်ရာ ရှေ့ဒီသာ၌။ ယောဇနေ၊ ဂါဝုတ်လေးဖြာ ကွာခြားရာဖြစ်သော။ သမဘူတလေ၊ စည်မျက်နှာတမျှ ညီညွတ်လှသော။ သာစွဖွေ ခွင် မြေအပြင်၌။ ကာရီတာနံ၊ ယူဇနာ၊ ယူဇနာ ကွာဝေးရာ၌ နောင်ခါရှည်လျား တည်စေသားဟု တည်ထားကောင်းမှု ပြုလုပ်အပ်ကုန်သော။ သိမပေါက္ခရဏီနံ၊ သိမ်တော်ကန်တော် ကုသိုလ်တော်တို့၏။ ဌာနံ၊ တည်ရာသည်။ (ဟုတ္တာ၊ ဖြစ်၍)။ သုဘော၊ သာယောင့်သာယာ တင့်တယ်စွာသော အသရေရှိထသော (နိဂမောဒ္ဓစပ်ပါ)။

အနေကေဟိ၊ များစွာကုန်သော။ စေတိယဗုဒ္ဓဗိမ္ဗိကဝိဟာရပါသာဒေဟိ၊ စေတီတော် ဆင်းတုတော် ရုပ်မြော် ရောင်မောင်း ကျောင်းအထပ်ထပ် ပြာသာဒ်အဆူဆူတို့ဖြင့်။ဖိတော၊ ပေါများ စည်ကားသော။ ဥတုတ္တယေ၊ ဆောင်း မိုး နွေမှန် သုံးတန်သော ဥတု၌။ ကု ၃ဒီနံ၊ ယမား ရေယဉ် သွင်သွင်စီးကျ အဝဝသော ချောင်းငယ် မြောင်းငယ်တို့၏။ သံသန္နော၊ စီးဆင်းရာသည်။ (ဟုတ္တာ၊ ဖြစ်၍)။ ဝါ၊ သံသန္နော-သံသန္နတ္တာ စီးဆင်းရာဖြစ်သောကြောင့်။

---

* ထိုသက္ကရာဇ် ၃၆၄-ခုမှာ ညောင်ရမ်းမင်း ၁၀ ဆက်တွင် မှန်နန်းဆင်ဖြူရှင်ဟု ခေါ်တွင်သော တနင်္ဂနွေမင်း လက်ထက် စဉ့်ကိုင် သေဋ္ဌေးသား 'မောင်ကုလား' စီရင်သော မဟာရာဇဝင်တော်ကြီးအလိုဖြစ်သည်။

ကုန်းဘောင်မင်းဆက် ဘကြီးတော်မင်းတရား လက်ထက် မုံရွေးဆရာတော် မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြိ ဘိသိက်တော်ဆက် ပုဏ္ဏား ဇယ ဒေဝ စသော ပညာရှိတို့ စီရင်သည့် မှန်နန်းရာဇဝင်၌ကား ထိုမင်း မယ်တော် မိဖုရား မြောက်ပြင်သည်၏ ကျောက်စာကို ကိုးကားလျက် သက္ကရာဇ် ၃၇၉-ခုဟု ဖော်ပြသည်။

မိခင်ဇရာဝတီ

http://www.dhammadownload.com

နာလိကေရမ္မတာလာဒိနာနာရက္ခေဟိ၊ အုန်း သရက် ထန်း တစ်ခန်း မန်ကျည်း၊ ဆီးနှင့် မာလကာ အစြာဖြာသော အသီးအပွင့်ကို ဆောင်သော ပန်း သစ်ပင်တို့ဖြင့်။ ရမ္မိတော၊ နှလုံးမွေ့လျော် ပျော်စရာကောင်းသော။ ငသားရောက်တိ၊ ငသားရောက်နာမ ပုဂ်ပြည်မှ ရှေ့ဌာနသို့ တိုင်းကြလေရာ တစ်ယူဇနာ တာ ရောက် ရာမှတ် ယင်းဗျူပွတ်ကြောင့် အနွတ္တတ်သညာ 'တာရောက်ရွာ'ဟု ခေါ်တွင် ပြုလည်း ဥတု နှစ်ပေါင်း ကာလညောင်းသော် ရွေးဟောင်းနာမ တိမ်းပ ကွယ်ပျောက် ယွင်းပျက် ဖောက်၍ 'ငသားရောက်'(ဂ,သရောက်)အမည်ရှိသော။ ယော နိဂမော၊ အိမ် ဈေး သဘင် စုံလင်စုပုံ အကြင် နိဂုံးကြီးသည်။ အတ္ထိ၊ ရှိ၏။ တဿနိဂမဿ၊ ထို 'ငသား ရောက်'(ငသရောက်)မည်သော နိဂုံးကြီး၏။ မဇ္ဈေ၊ အလယ်၌။ သာသနဿ၊ သာသနာ တော်၏။ ဓဇုပမေ၊ တမ်းခွန် သဖွယ်ဖြစ်သော။

ရွှေမြင်းထင်တိသုတေ၊ ရွှေမြင်းထင်ဟု ဝန်းကျင်မလပ် အရပ်ရပ်၌ နှံ့စပ်ကျော် စော ထင်ရှားခြင်းရှိသော။ အာရာမေ၊ စေတီ တန်ဆောင်း ကျောင်းမ ကျောင်းရဲ့ အတန်တန်တို့ဖြင့် တင့်တယ်သော ကျောင်းတိုက်ကြီး၌။ ဘဒန္တ စန္ဒိမော၊ ဆီးနှင်း မြူတိမ် သူရိန် မီးခိုး ညစ်မျိုးမထင် လွန်သန့်စင်၍ ကြည်လင်အေးမြသော ရွှေလမင်း၏ အသွင် ဖူးမြင်ရသူ အပေါင်းတို့၏ စိတ်အစဉ်ကို ကြည်လင် အေးမြစေနိုင်သော အကျင့် အာစာရ ရှိတော်မူသောကြောင့် 'အရှင်စန္ဒိမ'အမည်တော် ရသော။ ယော ထေရော၊ အကြင် မဟာထေရ်မြတ်ကြီးသည်။ ဝသန္တော၊ ဣရိယာပထ မျှတရွှင်ပြုံး သိတင်းသုံးတော်မူ သည်။ ဟောတိ၊ ဖြစ်၏။ တဿ ထေရဿ၊ ထို ရွှေမြင်းထင် ဆရာတော်ကြီး၏။ သဒ္ဓိဝိဟာရိနာ၊ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သော။

သိရိရာဇိန္ဒနာမိနာ၊ ရာဇိန္ဒ ဟု ဆရာ့ ဆရာမြတ်တို့ ပညတ်အပ်သော အမည်ရှိ သော။ ကဝိကုဉ္ဇရ ထေရေန၊ ပေါက်သားဇာနည် တရထည်သို့ တည်ကြည် မြင့်မြတ် သော ပညာရှိသော မထေရ်သည်။ (သခ်ံတံ၌ စပ်ပါ)။ ရာမညနာမကေ၊ ရာမညအမည် ရှိသော။ ရဋ္ဌေ၊ တိုင်း၌။ ရန်ကုန် နဂရ ပါစိနေ၊ ဘေးအဖြာဖြာ ရန်တကာကို ချေရာ ဖျက်ရာ ပျက်ရာဌာန ဝပတ္တကြောင့် ရန်ကုန် အမည်ရှိသောမြို့၏ အရှေ့ပိုင်း၌။

ဘုရားဖြူတိပသိဒ္ဓသ၊ ဘုရားဖြူ ဆရာတော်ကြီး၏ နေထိုင်ရာ ဖြစ်သောကြောင့် ဘုရားဖြူဟု ထင်ရှားသော။ ပရိဝေဏသ၊ ကျောင်းတိုက်ကြီး၏။ သာမိနာ၊ အကြီး အမှူး ဦးစီး အရှင်သည်။ (ဟုတွာ၊ ဖြစ်၍) ပညဒီရာနုပါယိနံ၊ ပညာတည်းဟူသော နို့ရည်ကို သောက်စို့ကြကုန်သော။ အနေကသောတုနံ၊ များစွာသော စာသင်သားတို့ အား။ ဂန္ဆံ၊ ပါဠို အဋ္ဌကထာ ဋီကာ အနု မဓုလက်သန်း အဖြာဖြာသောကျမ်းကို။

ဝါစေတွာ၊ နေ့ ညဉ့်မပြတ် ပို့ချလတ်၍။ ဝသမာနေန၊ နေထိုင်စဉ်။ သာသနဿ၊

http://www.dhammadownload.com

သုံးပါးသော သာသနာတော်၏။ ဗဟုသုတ၊ များသော အကြားမြင်ကို။ အသို့၊ ဤကျမ်း၌။ ပကာသေတိ၊ ပြတတ်၏။ ဣတိ အတ္ထော–ဣမိနာ အတ္ထေန၊ ဤသို့သောအနက်ကြောင့်။ ဣဒံ၊ ဤ**သာသနဗဟုသုတပပ္ပကာသနီ** မည်သောကျမ်းကို။ အဘိယာစိတေန၊ **အဇ္ဈိမ်းစာလယ်ဝန်မင်း** ဦးစံရွှေ သည် တောင်းပန်အပ်သောကြောင့်။ သခံတံ၊ ပြုပြင်စီရင်အပ်ပြီ။

ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်မှ။ ဝဿေ၊ သာသနာတော်နှစ်သည်။ သတ္တတျာဓိစတုသတေ၊ လေးရာခုနစ်ဆယ် အလွန်ရှိသော။ ဒွိသဟဿေ၊ နှစ်ထောင်သို့။ ဂတေ၊ ရောက်သည်ရှိသော်။ သက္ကရာဇေ၊ လူတို့ ဝေါဟာကောဇာ သက္ကရာဇ်သည်။ ပဉ္စဒ္ဒေ၊ ၁၂၈၈ ခုသို့။ ဂတေ၊ ရောက်သည်ရှိသော်။

ဇာတမာသဒိနေဝ၊ မွေးဖွားလ မွေးဖွားရက်သာလျှင်ဖြစ်သော။ ပုဗ္ဗကတ္တိကမာသဿ၊ တို့သုံးလူ.ဆွေ ပရမေသည် ထိပ်ဗွေမြင်းမိုရ် တောင်ဗဟိုဝယ် ဝတိ်လယ်၌ မယ်တော် မိနတ် ကျေးဇူးဆပ်ဟု အမှတ်ပြုလျက် စက်အဘိဓမ္မာ ဒေသနာကို ဝိတ္ထာဟောပြ နောက်ကာလ၌ သင်္ဃမုန် လူ.ရပ်ဌာန်သို့ ပြန်လည်ကြွလတ် နက္ခတ်သဝန်စန်းယှဉ်မှီသည့် ရာသီတူမှတ် သီတင်းကျွတ်လမြတ်၏။ သုက္ကပက္ခပဉ္စမီယံ၊ လဆန်း ၅ ရက်နေ့၌။ ပုဗ္ဗဏှိကေ၊ နံနက်အချိန်၌။ ဣဒံ၊ ဤ**သာသနဗဟုသုတပပ္ပကာသနီ** ကျမ်းသည်။ သုနိဋ္ဌိတံ၊ ကောင်းစွာပြီးဆုံးခြင်းသို့ရောက်ပြီ။

(၂) ကျမ်းပြုဆရာတော်၏ ဆုတောင်း

(၁၁) ဧတေန ပုညကမ္မေန၊ ဒုတိယေ အတ္တသမ္ဘဝေ။
တာဝတိံသေ ပမောဒေန္တော၊ သီလစာရဂုဏော ရထော။
(၁၂) အလဂ္ဂေါ ပဋ္ဌကာမေသု၊ ပတ္တာန ပဋမံ ဖလံ။
အဓိဂန္တွာ ဖလံ အဂ္ဂံ၊ သောဘေယျံ ဇိနသာသနံ။
(၁၃) ဣမိနာ ပုညကမ္မေန၊ အညေန ကုသလေန စ။
သာသနံ ပဂ္ဂဏှန္တာနံ၊ ရာဇူနံ သဟာယော ဟောသံ။
သာသနံ နိဂ္ဂဏှန္တာနံ၊ ဓမ္မေနာဟံ ဒမေယျ စ။

ဧတေန ပုည ကမ္မေန၊ ဤ **သာသနဗဟုသုတပပ္ပကာသနီ** ကျမ်းကို ရေးသားထုတ်ပြ စီရင်ရသော ကုသိုလ်ကောင်းမှုကံကြောင့်။ ဒုတိယေ၊ ဤဘဝမှ နောက် နှစ်ကြိမ်မြောက်ဖြစ်သော။ အတ္တသမ္ဘဝေ၊ အတ္တဘောဖြစ်ရာ၌။ တာဝတိံသေ၊ သိကြာစံရာတာဝတိံသာ၌။ ပမောဒေန္တော၊ ဝမ်းမြောက်ရသည်ဖြစ်၍။ သီလာစာရဂုဏော၊ သီလ

http://www.dhammadownload.com

အကျင့်ဂုဏ်၌။ ရတော-အဘိရတော။ အလွန်မွေ့လျော်နိုင်သည်ဖြစ်၍။

ပဋ္ဌကာမေသု၊ ငါးပါးအာရုံ ကာမဂုဏ်တို့၌။ အလင်္ကေါ၊ အနည်းငယ်မျှ ငြိကပ်ခြင်းမရှိဘဲ။ ပဋ္ဌမံ ဖလံ၊ သောတာပတ္တ မဂ် သောတာပတ္တိ ဖိုလ်သို့။ ပတ္တာန၊ ရောက်၍။ အနုက္ကမေန၊ အစဉ်သဖြင့်။ အဂ္ဂံ ဖလံ၊ အရဟတ္တမဂ်-အရဟတ္တဖိုလ်ကို။ အဓိဂန္ဆာ၊ ရ၍။ ဇိနသာသနံ၊ ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်၏ ဟောဆောင်မိန့်မှာ သာသနာကို။ သော်ဘေယျ၊ တင့်တယ်စေရပါလို၏။

ဣမိနာ ပုညကမ္မေန စ၊ ဤကျမ်းပြုရ ကုသလကြောင့် လည်းကောင်း။ အညေန ကုသလေန စ၊ နေ့စဉ် ရက်ဆက် ပြုလျက်နေသော သာသနာနုဂ္ဂဟကုသိုလ်ကြောင့် လည်းကောင်း။ သာသနံ၊ ဘုရားမြတ်စွာ သာသနာကို။ ပဂ္ဂဏှန္တာနံ၊ ချီးမြှောက်ကုန်သော။ ရာဇူနံ၊ မင်းတို့၏။ သဟာယော၊ အဖော်သဟဲသည်။ ဟောသဲ၊ ဖြစ်ရပါလို၏။ သာသနံ၊ သာသနာကို။ နိဂ္ဂဏှန္တာနံ၊ ဆုတ်ယုတ်ညစ်နွမ်း မပွင့်လန်းအောင်၊ သောင်းကျန်း ဖိနှိပ်ခြင်း ရှိကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့ကို။ အဟံ၊ ငါသည်။ ဓမ္မေန၊ တရားသဖြင့်။ ဒမေယျ စ ဒမေယျံ စ၊ ဆုံးမလည်း ဆုံးမနိုင်ရပါလို၏။ ။

ဤတွင်ရွေ့ ပြီးပြည့်စုံပြီ။

(၃) သံပိုင်းလင်္ကာ

မင်္ဂလာစက်ရှင်၊ သံပိုင်း တင်ပိမ့်
ချစ်သျှင် သကျာ၊ ဘဂျ ဝါတို့
ပွင့်ရာဒေသ၊ မဇ္ဈိမမှ
သာကီယ ဇာတ်၊ နေနွယ် နတ်တို့
ပြောင်းလတ်ပြီးခါ၊ အညာ တည်ဟောင်း၊ ပြည်တကောင်းမှ
နန်းကြောင်း ဖွေလှစ်၊ သရေခေတ်၌
နေမြစ် နစ်ကျိပ်၊ ငါးမာန် နှိပ်တို့
ဖြူရိပ် ဖွင့်ထီး၊ ပွင့်ခဲ့ ပြီးမှ
အတီး ရှေးခါ၊ တို့မြတ်စွာလျှင်
ဒေသစာရီ၊ ကြွခဲ့ ချီ၍
တမွဒီပ၊ ဤဌာနဝယ်
စိမ်းမြည်မှောင်၊ တန့်ကြည့်တောင်မှ

မိခင်ဇရာဝတီ

http://www.dhammadownload.com

နောက်နောင်ကာလ၊ ငါ့သာသနာ
ခြောက်ရာ-ငါးဆယ်၊ တစ်ခု ကယ်သော်
ပြန့်ကျယ် ပတ်ဝန်း၊ ယုန်လွတ်ကျွန်း၌
ဦးစွန်း တစ်ဆူ၊ ပြုတော်မူသည်
ရာဇူ 'သမုဒ္ဒရာဇ်'၊ မင်းစစ် လက်ထက်
တိုင်းလုံး ပျက်အောင်၊ ဝက်၊ ငှက်နှင့် ကျား
ရှူးပျံ အားဖြင့်၊ လေးပါး ရန်သင်း
မာန် ခပင်းကို၊ ပြုမင်း စောထီး၊ ခွင်းလတ်ပြီးက
ပြည်ကြီး 'ရိမဒ်'၊ မော်ကွန်းမှတ်လိမ့်
ပညတ်သမိုက်၊ ဗျာဒိတ်သိုက်ကြောင့်
မကိုင်ဋ်မင်းဖျား၊ ငါးကျိပ်ငါးတို့
တရား နက်စံ၊ ဘိသိက်ခံသား
'ပုဂံ' မည်သာ၊ ပြည် အောင်ချာဝယ်
မဟာနွယ်ဝင်၊ ရာဇဝင်ဖြင့်
မင်းစဉ်တွက်ကျုံး၊ လေးဆယ့်သုံးတွင်
တက်ပြုံးသမ္ဘာ၊ 'နော်ရထာ'လျှင်
အမတာ ဝေယန်၊ နေရဗန်သို့
ဧကန် ထုတ်ချောက်၊ ရောက်စေ ခလို၊ တောင်းဆု ဆိုလျက်
ထိုပြည်ရပ်ရာ၊ ရှေ့ဒီသာ၌
လေးဂါဝုတ်မျှ၊ ယောဇနတွင်
သာသန တံခွန်၊ ဝင့်ကြောင်း ညွှန်လျက်
အမွန် ရည်ရော်၊ အရှည် မြော်ဖို့
သိမ်တော်, ကန်တော်၊ ကောင်းမှုတော်ကို
အဟော် ဝတာ၊ ပြောပစရာ
တည်ခဲ့ရာမှ၊ ဆင့်ကာ ထပ်ပွား
ဘုရားဗုဒ္ဓါး၊ ပုထိုး စေတီ
သီဂီ ရောင်မောင်း၊ စံ ရွှေကျောင်းနှင့်
တန်ဆောင်း မလတ်၊ ပြာသာဒ် ထွေထွေ၊ ပေါများပေလျက်
ဆောင်း, နွေ, မိုးဟု၊ သုံးဥတုလည်း
ရတု မနား၊ ယမားရေယဉ်

http://www.dhammadownload.com

တသွင်သွင်နှင့်၊ အလျဉ်စုပေါင်း
ဆည်ကန်မြောင်းနှင့်၊ မြစ်လောင်းချောင်းငယ်၊ အသွယ်သွယ်တို့
လယ်ပယ် ယာခင်း၊ စီးကျ ဆင်း၍
ရှုခင်း သာယာ၊ နာနာရက္ခ
ပုပ္ပ မာလာ၊ ဖြာဖြာ တင့်ဆန်း
အုန်း, ထန်း, သရက်၊ ခက်လက်ဝေဝေ
သပြေ ဇမ္ဗု၊ နံ့ကြူကံ့ကော်
စွယ်တော် ရင်ခတ်၊ ဖက်ဆွတ် စကား
ချရာ သရဖီ၊ ကတ္တရီ ခတ္တာ
ဇီသဝါလည်း၊ ကြည်သာ ပျံ့သင်း
အင်ကြင်း ပိတောက်၊ တောရော်က် မာလကာ
ဖြာဖြာ သီးပွင့်၊ စုံသနှင့်လျှင်
ဘုံမြင့် အာလိန်၊ တာဝတိံနှင့်
ပုရိန္ဒရ၊ သိကြား စံလွန်၊ နန္ဒဝန်ကို၊ ဖန်ညွှန် မည်လောက်
'သေရောက်'ဟု၊ ကျော်ချောက် ဘုံသီး၊ နိဂုံကြီးလျှင်
ကောင်းချီး ပွားရာ၊ တရားရှာဖို့
ဖွားရာဇာတိ၊ အရင်းရှိလျက်
သိရှိ 'ရာဇိန္ဒ'၊ ဘွဲ့ နာမဖြင့်
ပိဋ္ဌက ပါရဂူ၊ တံခွန်ထူသည့်
တစ်ဆူဇာနည်၊ မဟာထေရ်သည်
ရွှေပြည် မြန်မာ၊ မြန့်ထိပ်ချာဟု
ရတနာသီဃံ၊ ပြည့်များတန်ဆောင်
ရန်ကြီးအောင်နှင့်၊ ကုန်းဘောင်ခေါ်ဆို၊ မုဆိုးဖိုမှ
နေလို ထင်ရှား၊ 'လောင်းဘုရား'လျှင်
တိုင်းကား ရဋ္ဌ၊ ရာမညဝယ်
ဥရောပ အား၊ တလိုင်းများကို
ထွားထွား ညက်ကြော၊ တိုက်ဖျက် လေ၍
ရန်ခွေ မျှို့ဂုဏ်၊ မြို့ 'ဒဂုန်'လျှင်
ရန်ကုန် တွင်စေ၊ ပညတ် ပေသည့်
သေဉ် မြေ အဖို့၊ 'ရန်ကုန်'မြို့၏

http://www.dhammadownload.com

ဂရို့ သမိုင်း၊ အရှေ့ပိုင်းတွင်
တစ်ဂိုဏ်း စိုက်ထူ၊ 'ဘုရားဖြူ'ဟု
ရှင် လူ ကောင်းချီး၊ ကျောင်းတိုက်ကြီး၏
ဦးစီး အရှင်၊ ဖြစ်ထ ကျင်၍
စာသင် အများ၊ တပည့် သားကို
တရား ရည်နို့၊ သောက်စို့ စေဇာ
တိုက်ကျွေးကာဖြင့်၊ သုံးဖြာ ပိဋကတ်
ရှိသမျှနှင့်၊ သာဌကထာ
ဋီကာ အနု၊ မဓု လက်သန်း
ဂဏ္ဌိ အစုံ၊ ကျမ်း ဥသုံကို
တလုံ လဲလဲ၊ အမြဲ မပြတ်၊ ပို့ချလတ်၍
သူမြတ် တံထွာ၊ ပျော်ပိုက် ခါ၌
သာသနာအား၊ မြတ် သုံးပါး၏
များပြား သုတ၊ ပြောစည်ဝဖို့
'သာသနဇဟုသုတပွကာသနီ'
သည် ဘွဲ့လျှမ်း၊ ဤစာကျမ်းကို
ကြိုးပမ်း သမ္မ၊ အားထုတ် ပြုလျက်
ရှင် လူ့ စီးပွား၊ များစိမ့် သောငှာ၊ ဖြန့်ဝေရာသို့
ဟံသာ-ဒဂုန်၊ မြို့ 'ရန်ကုန်'ဝယ်
သိန်ဂုဏ် ချီးထုတ်၊ မြည် **'တီးတုတ်'**နှင့်
'ဒီးဒုတ်' သမိုက်၊ သတင်းတိုက်၌
ခေတ်လိုက် အလို၊ မြန့်ပဟိုရ်ဟု
'ပရိဖက်ဆာ'၊ ရာထူးစွာဖြင့်
သညာ သာခွန်း၊ **'ဆရာလွန်း'**လျှင်
ဗျာညွှန်းတော်လာ၊ ဒေသနာနှင့်
သေချာ တည်းပြဋ္ဌ၊ ပြုပြင်လတ်၍
သေသပ် စီစဉ်၊ စက်ကြိုးတင်က
အောင်မင်္ဂလာ၊ နှစ်ဝေါဟာဖြင့်
ကောဇာ အဖြောင့်၊ သိကြား စောင့်သည့်
တစ်ထောင့် နှစ်ရာ၊ ကိုးဆယ် သာသည်

မိခင်ရောဝတီ

http://www.dhammadownload.com

သန်ျာ ပြည့်နှစ်၊ သက္ကရာဇ်၌
သရစ် လျှင်တုန်း၊ ကြိုင် မဆုန်းသား
ဂမုန်း သဇင်၊ ငွေနှင်းပြင်၌
သဘင် ရတု၊ ဘုရင် ပြုလျက်
မေရု ဗဟို၊ ယုဂန္ဓိရ်ဟု
တောင်မို ထိပ်ဆီ၊ ယုန်စန္ဒီနှင့်
မိဂသီ နက္ခတ်၊ ရောင်ခြည်ပတ်သည်
လ နတ်တော်တွင်း၊ အောင်တြင်းဖြင့်
ယင်း အဆိုပါ၊ သာသနာပြု
ကောင်းမှုကျမ်းကြီး၊ တင်ငြမ်း ထီးသို့
ပြီးပြီ အဆုံး၊ ကမ္ဘတ် ဖုံးသည်
နိဂုံး 'ယောဂီ' သံပိုင်းတည်း။

http://www.dhammadownload.com

သာသနဇဟုသုတပွကာသနီကျမ်း

ကောက်နုတ်ချက်

မြတ်စွာဘုရားသည် ဟော်တော်မူအပ်သော ပါဠိတော်၏ အနက်မြတ်၌ ကိုးပါးသော လောကုတ္တရာ တရားရှိသည်။ ထိုကိုးပါးသော လောကုတ္တရာ တရားကို မြတ်စွာဘုရား ဟောတော်မူအပ်သောနည်းကို သိမှ သိနိုင်သည်။ ကိုးပါးသော လောကုတ္တရာ တရားကို သိကြောင်းဖြစ်သော နည်းကိုလည်း ပါဠိတော်၏အနက်မြတ်ကို သိဦးမှ သိနိုင်သည်။ ပါဠိတော်၏အနက်မြတ်ကို သိနိုင်ရန် အကြောင်းမှာလည်း ပုဒ် ဗျည်း အက္ခရာတို့၌ မတွေမဝေ အနေကျကျ သိဦးမှ သိနိုင်သည်။ ထို့ကြောင့် အရှင်မဟာကစ္စည်းမထေရ်သည်–

အတ္ထဿ အက္ခရပဒေသု အမောဟ ဘာဝါ၊
သေယျထ္ထိကော ပဒမတော ဝိဝိစ် သုဏောယျ။

ဟု မိန့်မှာတိုက်တွန်းတော်မူခဲ့၏။

မြတ်စွာဘုရား ကိုယ်တော်တိုင်လည်း **'အတ္ထော အက္ခရသညာတော'** ဟု ဟောတော်မူခဲ့၏။ ထို့ကြောင့် ပါဠိ မဂဓကို ရေးသားသောအခါမှာ လိုအပ်သော အနက်အဓိပ္ပာယ်ကို ပြီးစီးနိုင် ကောက်ယူနိုင် ဟောစမ်းနိုင်သော အက္ခရာမှန်မှန်နှင့် ပုဒ်ပဒ ဖြစ်လာအောင် ရေးသားကြရာ၏။ ပုဒ် ပဒ အက္ခရာမှန်ကန်မှ အနက်အဓိပ္ပာယ် အယူအဆ အကောက်အကျင့် အလုပ်အကိုင် နိဗ္ဗာန်တိုင်အောင် မှန်ကန်နိုင်မည်။

ထို့အတူ လောက ဝေါဟာရ ပညတ်စကားသည်လည်း **လောကသင်္ကေတနိမ္မိတာ** ဟူသည်နှင့်အညီ လောက ဝေါဟာရ ဖြစ်သည့်အတိုင်း အမှတ်အသားသင်္ကေတ ပညတ်အားဖြင့်သာပြီးရာ၏။ ထို့ကြောင့် သင်္ကေတ ပညတ်များကို ရေးသားကြသော အခါမှာ သင်္ကေတပညတ်နှင့် လိုက်လျော ညီညွတ်အောင် ရေးသားကြရာ၏။ ယင်းသို့ရေးသားမှသာလျှင် လိုအပ်သော အနက်အဓိပ္ပာယ်ကို ပြီးစီးနိုင် ဟောစမ်းနိုင် ကောက်ယူနိုင်ရာ၏။

ရှေးပညာရှိတို့ အမှတ်အသား သင်္ကေတအားဖြင့် ခွဲခြား၍ ထားခဲ့သော အပင့်အရစ် နောက်ပစ် ကာရန် သတ်ပုံမမှန်က ရေးသားလိုရင်းအဓိပ္ပာယ် သိလွယ် ခြားနားမကွဲပြားလေ။

"ရှေးမြန်မာ
ပညတ်ဝေါဟာ၌
သင်္ကေတာ အမှတ်အားဖြင့်သာ

မိခင်ရောဝတီ

http://www.dhammadownload.com

နောက်သား နောင်လာလူတို့
အသံတူ ပင့် ရစ် ခြားလို့
ခွဲထားဉာဏ် မှန် မမှား ရအောင်
ကွဲပြားဟန် စည်းနှယ် သားတယ်
ထားကြသည်နဲ့"။

ဟူသောကဗျာကိုထောက်၍ ရှေးမြန်မာမင်းအဆက်ဆက်တို့၏ လက်ထက်က ရဟန်းပညာရှိ၊ လူပညာရှိတို့ အစုံအညီ တိုင်ပင်ညှိနှိုင်း၍ စီရင်ဆုံးဖြတ်ထားခဲ့သော သတ်ပုံသတ်ညွှန်း သတ်ထုံး စပ်ထုံး ဖြတ်ထုံး လက်ံာ ကဗျာ ခွဲထားများနှင့် လိုက်လျောညီညွတ်စွာ ရေးသားကြကုန်ရာသတည်း၊

ဤအရာ၌ သင်္ကေတပညတ်ဆိုသည်ကား –

- က,ကြီးယပင့်လျှင် (ကျ)ဖြစ်၏။ ယင်း(ကျ)ကို မည်သည့်အဓိပ္ပာယ်မျိုး ကောက်ယူနိုင်သည်။
- က,ကြီးရရစ်လျှင် (ကြ)ဖြစ်၏။ ယင်း(ကြ)ကို မည်သည့်အဓိပ္ပာယ်မျိုး ကောက်ယူနိုင်သည်။
- ခ,ယပင့်လျှင် (ချ)ဖြစ်၏။ ယင်း(ချ)ကို မည်သည့်အဓိပ္ပာယ်မျိုးကို ကောက်ယူနိုင်သည်။
- ခ,ရရစ်လျှင် (ခြ)ဖြစ်၏။ ယင်း(ခြ)ကို မည်သည့်အဓိပ္ပာယ်မျိုးကောက်ယူနိုင်သည်။

စသည်ဖြင့် အပိုင်းအခြား သင်္ကေတပညတ်အားဖြင့် စည်းမျဉ်းထားခဲ့သည်ကို ဆိုသည်။

ရှင် 'ပတိဂ္ဂသရ၊ သာမျတ္တ၏၊ အရထုတ်ဗွေ၊ အဆွေအိမ်ရှင်၊ ဆင်ဖြူရှင်မျိုး၊ စကားရိုးဝယ်၊ ဟထိုးရကြိုး။' ။ ဟူသော အက္ခရာခွဲထားလက်ံာ အရ ရေးသားရာ၏။

သျှင် အယျ အယ္ယ၊ ဘန္တေ ဘောန္တော၊ အာဝုသောနှင့်၊ မိန့်ဟောသဒ္ဒါ၊ အာယသ္မာ၊ ဘဒ္ဒန္တ၏၊ အတ္ထထွေပြား၊ အသျှင်များမူ၊ မှတ်သားဆန်းကြယ်၊ သဝယ် ယပင့်'။ ။ ဟူသော အက္ခရာခွဲထားလက်ံာအရ ရေးသားရာ၏။

၍ ဤသင်္ကေတအက္ခရာသည် ရှေးကျလွန်းသော စာဟောင်းများ၌ ယဲ ကာရန္တ ယ သတ်နှင့် ထင်သည်။ ရွယ် ဟူ၏။ ထို့ကြောင့် ၎င်းအက္ခရာသင်္ကေတကို ရေးသားသောအခါမှာ အောက်မြစ်ထည့်၍ ရေးသားရာ၏။ အောကာရန်နှင့် ထပ်တူထပ်မျှ စပ်ဆိုကြ၏။

(၁) တအောက်မေ့မေ့၊ တစေ့စေ့၊ လွမ်း၍တခွေခွေ။

http://www.dhammadownload.com

(၂) တခြောက်သွေ့.သွေ့.၊ တပွေ့.ပွေ့.၊ သမ်း၍ တဝေဝေ။
(၃) တကောက်ကွေ့.ကွေ့.၊ လေဝဲဝဲ၊ ဆမ်း၍ တချွေချွေ။
(၄) ဆင်မှာကား၌၊ ဝက်မှာလေ၊ ခေါ်၍ ကျွေးမြဲပေ။
(၅) မငြီးမငွေ့.၊ အန်မှာ၌၊ ခတ်၍ တလေလေ။
(၆) ရွှေစည်းခုံရှေ့.၊ ရွှေခြေသုံ့၊ ခုန်၍ဟောက်သောထွေ။

ဟူသော သတ်ပုံ။

'မူဟောင်းရွေးစာ၊ မိန့်ဆိုမှာရှင့်
ဉာဏ်ဝါ နှိုင်းရှည့်၊ ၍ နှင့် ၏ ကို
ရေးသည့်အခါ၊ အမြစ်ပါလော့'။

ဟူသော သတ်ပုံ အကွာရာ ခွဲထားများကိုထောက်ရှု၍ အမြစ်နှင့် တကွ ရေးသားရာ၏။

'စုရုံး ဆန့်၍
ညာသို့ ရွှေ့လျက်
မြွေ့.လျှံပတ်'။

ဟူသည်ကိုထောက်လျက် '၍ – ရွှေ့' အထူးကိုသိရာ၏။

၏ ဤအကွာရာကို ရေးကျလွန်းသောစာဟောင်းများ၌ ထင်သည်မှာ –
– နောက်ပစ် အမြစ်နှင့် 'ခဲ့' ဟူ၍လည်းကောင်း၊
– ယ,ငယ်သတ်အမြစ်နှင့် 'ဓယ့်' ဟူ၍လည်းကောင်း၊
– ည သတ် အမြစ်နှင့် 'ဓည့်' ဟူ၍လည်းကောင်း
ထင်သည်။ ။ ထို့ကြောင့် အမြစ်နှင့်သာ ရေးသားဖတ်ရွတ်ရာ၏။ ။ ယ သတ်မှာ မြန်မာတို့နှုတ်ကျိုးလျက်ရှိသော 'အယ့်သယ်'ဆိုသောစကားနှင့် ညီ၏။ သတ်ပုံဟောင်းများမှာ ည သတ်နှင့်ထင်၏။

(၁) သည်မှ တဲလှည့်၊ ကုန်သည်ဓည့်၊ ရက်လှည့် ခုနေ့ည။
(၂) ရှမ်းပြည် မိုင်းစည့်၊ စလင်းဓည့်၊ ဆည့်တွင် ကျေးလက်က။
(၃) အရပ်ကိုကြည့်၊ ပြန်အောင်မှည့်၊ ထွက်ဓည့် ဗေဒင်က။

ဟူသောသတ်ပုံကိုထောက်၍လည်းကောင်း။

'၍. နှင့် ၏'ကိုရေးသည့်အခါ အမြစ်ပါလော့။

ဟူသော ခွဲထားကို ထောက်၍လည်းကောင်း ရေးသားရာ၏။

အဲ ဤကဲ့သို့ ဝိသဒ္ဒနီ နှစ်လုံးမပါလျှင် 'အယ်'ဟု ယ သတ်နှင့်အတူ ဖတ်ရသည်။ ကဝိလက္ခဏသတ်ပုံတွင် –

http://www.dhammadownload.com

'ယသတ် နောက်ပစ် နှစ်ချက်သင့်'
ဟု ဆိုသည်။
စွယ်စုံကျော်ထင် ပထမတွဲ ၄၇ နံပါတ်တွင် -

'ယသတ်နှင့် နောက်ပစ်သည်လည်း သဘောတူပြစ်၍ အယ်ကာရန္တာဒိ ၃-လုံးကို မယူသည်ဟူ၏'။ ။ အဲကာရန္တာဒိ ၃-လုံးဟူသည်ကား 'အဲ-အဲ့-အဲး-' ဟူသတည်း။

'ဧာဂရာဘိဓေ သိရိပဝရာလင်္ကာရ မဟာဓမ္မ ရာဇဓိ ရာဇဂုရု'ဖြစ်တော်မူသော **ဘုရားကြီးဆရာတော်**သည် မိမိပြု စီရင်သော **အဘိဓမ္မတ္ထသင်္ဂဟ** ဂဏ္ဌိကျမ်းတွင် -

'နောက်ပစ် ယသတ်၊ ဣမေ ဧညာ သဒ်သာ'။
ဟု ပြမှာ ဆုံးဖြတ်တော်မူ၏။

'ပညာသာမိ သိရိကဝိဓေ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'ဖြစ်တော်မူသော **မောင်း ထောင်ဆရာတော်**သည်လည်း မိမိ ပြုစီရင်သော **ပေါရာဏကထာ** ကျမ်းတွင်-

'နောက်ပစ် ယသတ် သမာနတော'။
ဟု ပြမှာ ဆုံးဖြတ်တော်မူ၏။

ရေးထုံး

ရှေး နိဿယ ပေမူ စာဟောင်းများတွင် 'အဓိပ္ပာယ်ကား'ဟူသည်ကို 'အဓိပ္ပဲကား'ဟု နောက်ပစ်နှင့်ရေးသည်။

- 'ရှောင်ဖယ်'ကို 'ရှောင်ဖဲ'ဟူ၍လည်းကောင်း။
- 'ပယ်တစ်ဆယ်'ကို 'ပဲတစ်ဆဲ'ဟူ၍လည်းကောင်း။
- 'တွန်းဖဲသည်၊ အဘဲကြောင့်၊ အဘဲကြောင့်'ဟူ၍လည်းကောင်း ရေးသားသည်။ ၎င်းများကိုလည်း 'ယသတ်သံ' ဖတ်ရချေသည်။ လွတ်ရုံး ၅-ရပ်များတွင် ရေးသားကြသည့် အရာတော် လယ်ယာစာရင်း ဇယားများမှာ 'လယ်ပယ်'-'ယာပယ်'စသည်များကို နောက်ပစ် နှင့်ရေးသားကြသည့်အချက်လည်း အရာတော်စာရင်းမူ ပုရပိုက်များတွင် အထင်အရှား ရှိသေးသည်။ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ ကျောက်စာများတွင်လည်း -
- 'အသူရကဲ'၊ 'အပဲလေးပါး' ဟူ၍လည်းကောင်း။
- 'လက်ကြီး-လက်ငဲ' ဟူ၍လည်းကောင်း။
- 'လဲပဲယာပဲ' ဟူ၍လည်းကောင်း။

http://www.dhammadownload.com

– 'ဘုရား ထက်ဝံတော်'ဟူ၍လည်းကောင်း။
နောက်ပစ် သက်သက်နှင့် ရေးထား တင်ထားသည်များကို ယသတ်သံ အယ်ကာရန် ဖတ်ရွတ်ရသည့်အရာများစွာ ထင်ရှားသည်။
'ချမ်းသာလည်း မညှိုးမနွမ်း၊ တန်ခိုးလည်း မစဲမပြတ်၊ ဘုန်းလည်း မ ပျောက်မပျယ်'ဟူသောအဓိပ္ပာယ်ကို –
'ချမ်းသာမညှိုး၊ တန်ခိုးမစဲ၊ ဘုန်းမပြတည်း'
ဟူ၍ **နေမိဘုံခဏ်း** စာတော်ပေမူတွင် စပ်တော်မူသည်။ ။ ယင်းကိုဖတ်သော် 'တန်ခိုးမစယ်၊ ဘုန်းမပြယ်'ဟူ၍ပင် 'ယသတ်သံ' ဖတ်ရသည်။

အဲ ဤကဲ့သို့ ဝိသဇ္ဇနီ နှစ်လုံးနှင့် ရေးသားမှ အဲကာရန် ဖတ်ရွတ်ရသည်။ ။ အက္ခရာ အရေးအသားကို ပြဆိုရာဖြစ်သော **လိပိဒီပိကာကျမ်း** ၌ –
– ဝိသဇ္ဇနီ ဗျည်းသည် အာ၊ ဤ၊ ဦ၊ ဧ၊ ဲ၊ အို သရတို့၌လည်းကောင်း၊
– ဂ၊ ည၊ ဏ၊ န၊ မ ဟူသော ဝဂ္ဂန္တ ငါးလုံးသတ်သော အက္ခရာ နိဂ္ဂဟိတ် အဆုံးရှိသော အက္ခရာတို့၌လည်းကောင်း၊
– ဠကြီး၊ လငယ်၊ ယပက်လက် သတ်သောအက္ခရာတို့၌လည်းကောင်း အသီးအသီး မှီကုန်၏။
ဟု တိုက်ရိုက် ပြဆို မှာထားသည်။
ထို့ပြင် **ဝဏ္ဏ ဗောဓန သတ်ပုံ စာကိုယ်၌**လည်းကောင်း၊ **ကဝိလက္ခဏာ သတ်ပုံ စာကိုယ်၌**လည်းကောင်း၊ ၎င်း **ကဝိလက္ခဏာသတ်ပုံအတိုကောက်**၌လည်းကောင်း နောက်ပစ် ဝိသဇ္ဇနီထိုး 'အဲကာရန္တ'ဟူ၍ နိတဏ္ဍ ပြဆို မှာထားသည်။
၎င်းပြင် ဓမ္မသတ် အဋ္ဌသခေါပ ဝဏ္ဏနာကျမ်း နှုတ်လွန်ခဏ်းတွင် 'ငါဉစ္စာ'အစချီသည့် အပိဒ်၌ အထူး မှာထားသည်မှာ 'မှတ်လေဆဲးငါး'ဟူသော ပဒ၌ 'ဆဲး'အက္ခရာမှာ အောက်မြစ် အဲကာရန်မှတ်၍– 'မှတ်လေဆဲငါး'မဖတ်နှင့်၊ ဆ,အက္ခရာနောက်ပစ် ဝိသဇ္ဇနီ နှစ်လုံးပေါက် 'ဆဲးငါး' ဟူ၍ဖတ်လေ၊ 'ဆဲးရေခြင်းငါးပါး'ဟူလိုသည်ဟု သေချာစွာ မှာထားသည်။ ။ 'ဆဲးငါးထွေ၌'ဟူသော ပဒတွင်လည်း ထိုအတူ ဝိသဇ္ဇနီ နှစ်လုံးပေါက်နှင့် ဖတ်ရန်မှာထားသည်။
မြန်မာ **ဝစ္ဆ ဝါစကတွင်**လည်း နောက်ပစ် ဝိသဇ္ဇနီ နှစ်လုံးပေါက် 'ကဲး' သဒ္ဒါသည် သာလွန်သည့် အနက်၊ ဆော်ဖန်သည့် အနက်များကို ဟောသည်၊ ဤ

http://www.dhammadownload.com

ပြဆိုသည်။ 'မြန်မာ ဝစ္ဆ ဝါစက'ကို လောကီ လောကုတ္တရာဒွ် နှံ့စပ်ကျွမ်းကျင် စုံလင်လှသဖြင့် 'မအက္ခရာကြေသည်'ဟူ၍ ယခုထက်တိုင် ပြောစမှတ်ဖြစ်၍ ကျော်စော ထင်ရှားတော် မူသော တောင်တွင်းပုဂ္ဂိုလ်ကျော် **ခင်ကြီးဖျော်** ရေးသားသည်။

လောကဝတ်၊ ရာဇဝတ်၊ ဓမ္မဝတ် ဟူသော သုံးဌာနဒွ် လွန်စွာကျွမ်းကျင် ငါးအင်္ဂနိကာယ် မြစ်ပင်လယ်ကို အလွယ်ကူးသွားနိုင်သဖြင့် အကျော်နှင့် အတော် 'အကျော်က နည်းသေးသည်'ဟု ပညာဝန်တို့ ချီးမွမ်းခံရသော **ညောင်ကန်ဆရာတော်ဦးဗုဒ္ဓ** သည် -

'ရှိန်ပူ မီးခဲ၊ တောက်လျှံစဲသော်၊ သဟဲလှောက်ကူ၊ သေလျှင်ဟူသို့'။

ဟူသော ကဗျာကို ဖော်ပြ၍ နောက်ပစ် ဝိသဇ္ဇနီနှင့် 'သဟဲ'ကို ရေးသင့်ကြောင်း ဆုံးဖြတ်တော် မူလျက်ရှိ၏။

ယသတ် ဝိသဇ္ဇနီ ရေးထုံး

သဒ္ဒါနုသာရီ သတ်ပုံတွင် -

'ဝိသဇ္ဇနီ၊ ရေးထုံးမှီသော်၊ နတ်ကျော်ဒေဝါ၊ မဟာ ပိန္နာယ်း၊ ဘော်သဟာယ်း က၊ စသည်တို့မှာ၊ ချပြီးကာမှ၊ ကောင်းစွာတင့်တယ်၊ ယငယ်သတ်မြိုး၊ မလွဲးမှန်ဘိ။'

ဟူ၍စပ်ဆိုသည်။

ကျမ်းရိုးများတွင် -

'မဟာပိန္နဲး၊ ကဒဲး စသောနတ်တို့ကို ရှိခိုးသလော'ဟု မဟာပိန္နဲးကို နောက်ပစ်နှင့်ရေးသည်။

ကင်းဝန်မင်းကြီး ရေးသော ဗေဒင်လက်ရိုး တွင်လည်း -

'မဟာပိန္နဲးကို နောက်ပစ်နှင့်ပင် ရေးလျက်ရှိသည်'။

ယင်းကဲ့သို့ ယသတ်နှင့် မဟာပိန္နာယ်းကို ဝိသဇ္ဇနီ နှစ်လုံးပေါက်နှင့် တိုက်ရိုက်မှာဆို ဆုံးဖြတ်သဖြင့် နောက်ပစ်နှင့်ရေးသော 'မဟာပိန္နဲး'မှာလည်း ဝိသဇ္ဇနီ လိုအပ်လှသည်ကို သိရှာ၏။

ညသတ်-ယသတ် တူပုံ

မာဂဓပါဠိမှာ ကစ္စယနဟု ရှိရာဝယ် -

လုလင်ကစ္စာည်း၊ ထေရ်ကစ္စာည်းမှာ

http://www.dhammadownload.com

ချ၍သာလျှင်၊ ဖွင့်ကာရွတ်ဖတ်
ညသတ်ရေးမြွေး၊ မှန်မလွဲးတည့်
ကစ္စာညီးတစ်သွယ်၊ ခေါ်ရာဝယ်ကား
ယင်ယင်သတ်မြောက်၊ ရှေ့ဆီးပေါက်လော့။

ဟု သဒ္ဒါနုသာရီသတ်ပုံတွင် ပြဆိုသည်။

ဤ၌ 'မြွေး၊ လွဲး၊ ကစ္စာယ်း'ဟု နောက်ပစ် ယသတ် ရောစပ်ပြလျက် 'ကစ္စာယ်း'တွင် ဝိသဇ္ဇနီနှင့် ရေးရမည်ကို ဆိုသဖြင့် နောက်ပစ် 'မြွေး၊ လွဲး' ဟူသည် တို့မှာလည်း ဝိသဇ္ဇနီနှင့် ရှိရမည်ကို သိရာ၏။

ထိုအတူ ယသံယောဂ ပါဠိများကို မြန်မာပြန်ဆိုလျှင် -

နယော = နည်း၊
ဝိနယော = ဝိနည်း၊
ပစ္စယော = ပစ္စည်း။

ဤကဲ့သို့ 'အဲ-အဲ့-အဲ့'ဟု အဲကာရန္တ သုံးလုံး ရကောင်း၍ ရွေးထုံးစဉ်လာ၊ ပညဝါတို့၊ ပြမှာဆုံးဖြတ်၊ အသတ်ကာရန်၊ အမှန်နည်းပေး၊ မူလရေးကို၊ မတွေးမဆ၊ ခုခါကျမှ၊ ဖျောက်ဖျက်ကြလျက်၊ အဲးကာရန္တ၊ ဝစ္ဆမပြဘဲ၊ 'ကဲ-ခဲ-ရဲ'ဟူသော အရေးအသားများကို 'ကယ်း-ခယ်း-ရယ်း'ဟု တဝတည်း အကျဉ်းရုံး၍ တစ်လုံးတည်း ရေးကြ ဖတ်ကြခြင်းသည် ရွေးမြန်မာ ရဟန်းပညာရှိ၊ လူပညာရှိတို့ကို ပြစ်မှားလွန်းသည်။

ငါတို့ငယ်စဉ်အခါက -

က,ကြီးနောက်ပစ်-ကဲ၊ အောက်ကမြစ်-ကဲ့၊
ရွေးက ဝစ္ဆိနှစ်လုံးပေါက်-ကဲး။

ဟု ကာရန်စုံ သင်အံခဲ့ရသည်။

ရွေးထုံးမမိ မြန်မာ မပီသော သူတို့၏ အလိုသို့လိုက်၍ ဖျက်လိုဖျက်ဆီး ကာရန် အချည်းနှီးဖြစ်အောင် မရေးသားသင့်ကြပေ။ ဖတ်ရွတ်ခြင်းငှာ မသင့်လေ။

နိဂုံ လူတို့ နေရာ ဌာနကို အမည်ပညတ် သတ်မှတ် တင်ထားသည့်အရာများတွင် ပါဠိ မာဂဓ မူလဘာသာမှာ 'နဂရ, ဂါမ, နိဂမ'စသည် လာရှိ၏။

ထိုတွင် မြို့ရွာ နိဂုံတို့၏အထူးကို အောက်ပါ ကဗျာ လက်ာတို့ဖြင့် သိကြရာသတည်း။

မိခင်ဓရာဝတီ

http://www.dhammadownload.com

(၁) တံတိုင်းလည်းပြု၊ ဈေးလည်းပြု၊ မြို့ ဟုခေါ်ရန်ရေး။
(၂) တံတိုင်း ဈေးနှာ၊ မရှိပါ၊ ရွာသာ မည်သည်လေး။
ဟူသော ရှေးပညာရှိတို့ ကဗျာကို ရွှ၍ မြို့နှင့်ရွာ အထူးကို သိရာ၏။ ။
အဋ္ဌကထာများနှင့် အညီတည်း။

'နိဂမ-နိဂုံ'ဟူသည် တံတိုင်း မီးတား မြို့ရိုးမရှိ၊ ဈေးသာရှိသော လူနေအိမ်ခြေ စည်ကားရ ထင်ရှား ကျော်စောသောရွာကြီးကို ဆိုသည်။ ထို နိဂမသည် မြန်မာ ဝေါဟာရအားဖြင့် ရှေးအခါက 'နိဂုံ'ဟု ဝိသဒ္ဒနီ မဲ့ လျက်နှင့် နိဂုံ ဟူ၏။ ယခုအခါ 'နိဂုံး'ဟု ဝိသဒ္ဒနီ နှစ်လုံးထိုးနှင့် ရေးသားခေါ်ဝေါ် ရွတ်ဖတ်ကြ၏။ အောက်ပါ သတ်ထုံး စပ်ထုံး ဖြတ်ထုံး များကိုရှု၍ 'နိဂုံ' ဟု ဝိသဒ္ဒနီ မပါဘဲ မသတ် သေးသေးတင် နှစ်ချက်သင့် အုံကာရန်နှင့် ရေးသား ရွတ်ဖတ်သင့်သည်။

ပညတ် စဉ်လာ ရေးထုံးတည်း။

ဟူသည်ကို ဂရုပြု။
(က) ဈေးနှာ မစုံ၊ မြို့ မစုံ၊ နိဂုံ အမည်ပေး။
(ခ) မြို့ကား မစုံ၊ ဈေးသာ စုံ၊ နိဂုံ အမည်ပေး။
(ဂ) တံတိုင်း မလုံ၊ ဈေးနှာ စုံ၊ နိဂုံ အမည်ပေး။
(က) မှတ်ချက်- ကဝိလက္ခဏာ သတ်ပုံ ကဗျာသည် ကာရန်မှန်သော်လည်း အဋ္ဌကထာများနှင့် မညီလေ။ ရာဇဝင်နှင့်ညီ၏။
(ခ)(ဂ)မှတ်ချက်- ရှေးဆရာကျော်တို့ ကဗျာသည် အပါကာရ ပရိက္ခပေါသအာပဏော နိဂမောတိ ဝေဒိတဗ္ဗော။ ။ ဟူသော အဋ္ဌကထာနှင့်ညီ၏။

'ဗိုလ်ပါမှိပုံ၊ ပျားနယ်အုံသို့
နိဂုံ ကျေးမက်၊ ခွန်ဆက်ရောက်ဝင်။'
ဟူသော နေမိဘုံခဏ်း။

'အားလုံး လူပုံ၊ နိဂုံ ကျေးမက်
ရွာလက် ဖြိုးခိုင်၊ ခရိုင် မြို့ပြ။'
ဟူသော ငင်းနေမိဘုံခဏ်း။

'ပြည်တွင်းပြည်ပ၊ ဂါမ နိဂုံ
တောစုံ သစ်ပင်၊ မြေပြင်တောင်စဉ်
ကုံယာဉ်စံတတ်၊ နတ်ဟူသမျှ

http://www.dhammadownload.com

လှူဖို့ဌာနလျက်။'

ဟူသော ပါရမီခဏ်း အမျှဝေ။

'ထိုရောကာလ၊ ထိုဒေသ၌
သေန မည်တုံ၊ ထိုနိဂုံဝယ်
ပြည့်စုံချမ်းသာ၊ သုဇာတာ ဟု
ကြော်ငြာ ဝေးနိုး၊ ဌေးသမီး၏။'

ဟူသော မဃဒေဝလင်္ကာသစ်။

'ရဋ္ဌေ = ဂါမနိဂုံ၊ လုံးစုံများစွာ၊ ပြည်ရွာ ဇနပိဒ်၊ နိုင်ငံတိုက်၌။'

ဟု သမဏ ဘဒြ ကထာနိသျတွင် အနက်ပေးပြီးလျှင် –

'ဂါမနိဂုံ၌ 'နိဂုံ'ကို ယခုကာလ၌ 'နိဂုံး'ဟု ဝိသဇ္ဇနီသံနှင့် ပြောဆိုကြကုန်သည်။ ရှေး၌ကား ဝိသဇ္ဇနီမဲ့ ပြောဆို ခေါ်ဝေါ်ကြကုန်၏။

ဟု မှာဆို၏။

'မြို့ကား မစုံ၊ ဈေးသာ စုံ၊ နိဂုံ အမည်ပေး။'

ဟူသော သတ်ပုံကိုလည်းကောင်း၊

'ဂါမ နိဂုံ၊ တောစုံ သစ်ပင်။'

ဟူသော ပါရမီခဏ်း အမျှဝေကို လည်းကောင်း ကိုးကားဖော်ပြလျက် ဝိသဇ္ဇနီ မပါဘဲ 'နိဂုံ'ဟု အဲ့ကာရန်နှင့် ရေးသားရွတ်ဖတ်ရမည်ဟု 'စက္ကိန္ဒာဘိ သိရိသဒ္ဒမ္မဇေ မဟာဓမ္မ ရာဇဓိ ရာဇဂုရု'ဟူသော တံဆိပ်နာမံတော်ရှိ၍ ဇမ္ဗူမဏ္ဍ ပြန့်နှံ့ကျော်စောတော်မူသော အောင်မြေဘုံစံ အုဋ္ဌကျောင်း ဆရာတော်ဦးဗုဒ်သည် မိမိရေးသား သောကျမ်းများတွင် အကြိမ်ကြိမ် အထပ်ထပ် မှာဆို ဆုံးဖြတ်လျက်ရှိသည်။

နိဂုံအကြောင်း ပြီးပြီ။

နိဂုံး — အပြီး အဆုံး ကိုဟောသော နိဂမသဒ္ဒါအရ ရေးသား ရွတ်ဖတ်ရမည်မှာ နိဂုံး ဟု ဝိသဇ္ဇနီ နှစ်လုံးထိုးနှင့် အဲ့ကာရန်ဖြင့် ရွတ်ဖတ်ရသည်။

အထောက်အထားများ

'အစ အဆုမ်း၊ ကမွတ်ဖုမ်း၊ နိဂုမ်း အုပ်ရန်းရန်း။'

ဟူသော ကဝိလက္ခဏာ သတ်ပုံ။

'အစအဆုံး၊ လင်္ကာကုံး၍

မိခင်ဇရာဝတီ

http://www.dhammadownload.com

နိဂုံးတိုင်အောင်၊ အပြီးဆောင်သည်
စာစောင်ကျမ်းသစ်၊ တုမရစ်တည်း။'
ဟူသော **မဃဒေဝလင်္ကာသစ်**။
'ဤစာ အဆုံး၊ နိဂုံးနိဋ္ဌိတာ။'
ဟူသော ၎င်း **မဃဒေဝလင်္ကာသစ် ကျမ်းပြီးနိဂုံး သဲပေါက်ကဗျာ**။
ဤကဗျာသည် သတ်ထုံး စပ်ထုံးများကို ရှု၍ အပြီး အဆုံး ဟူသော နိဂုံးကို ရေးသား ရွတ်ဖတ်ရာဝယ် ဝိသဇ္ဇနီနှင့် ရေးသား ရွတ်ဖတ်ကြရာ၏။
ဤကဲ့သို့ရေးသားရွတ်ဖတ်ကြမှ –
'ရွာနိဂုံ'နှင့် –
'အပြီး အဆုံး နိဂုံး'
ကွဲပြား ခြားနားကြမည်။ ပါဠိမှာ နိဂမသဒ္ဒါချင်းတူမျှသည်။

နိဂုံ၊ နိဂုံးရေးနည်း

သဒ္ဒါတူစုံ၊ နိဂုံ–နိဂုံး
ရေးသားထုံးကို၊ သိကုံးသေခွေ၊ မှာခဲ့ပေအံ့။
မှတ်လေ နောက်သား၊ နှစ်ပါး ရေးပုံ
လုံးစုံ ခြားနား၊ ဓိပ္ပာယ်သွားလည်း
ကွဲပြားသည်သာ၊ ရွာမှာ နိဂုံ
ရေးသားတုံက၊ မစုံ ဝိသဇ္ဇနီ
ရှေးမှီ မရှိ၊ ရေးသားဘိလော့
သတိ လွတ်ကင်း၊ ဝိသဇ် သွင်း၍
ရေးခြင်း ပြုမူ၊ ရွာဟူ မရ၊ ဓိပ္ပာယ်ခွလိမ့်
နိဋ္ဌ ပြီးဆုံး၊ နိဂုံး လေလော၊ ရွာလေလော ဟု
သဘောနှစ်ဖြာ၊ ဖြစ်တတ်စွာ၏
ကျမ်းမှာ နိဂုံး၊ ပြီးဆုံးအနက်
ပေါ်ထွက်လိုမူ၊ ဝစ္ဆ ဟူသည့်
ဗိန္ဒု နှစ်ပွင့်၊ ရေးသားဆင့်က
သိသင့် ပြီးဆုံး၊ ကျမ်း နိဂုံးဟု
မှတ်ထုံးပြုရန်၊ ခွဲထား ဥာဏ်တည့်
ဧကန် သိစေ၊ ပဝေဏီခေါ်

http://www.dhammadownload.com

ရှေးခါ သော်က၊ ထွန်းပေါ် ပညာ
မြတ် ဆရာတို့၊ နှစ်ဖြာ ရေးထုံး
လုံးလုံး မတူ၊ ခွဲထား ဟူ၏
ထို့တူ နောက်သား၊ ယင်း နှစ်ပါးကို
ကွဲပြားစေမှု၊ အာရုံပြု၍
ယခု ရေးသား၊ ဤစာသွားဖြင့်
ခြားနား သိစေလိုသတည်း။

သာသနာပြု၊ သာသနာပိုင် ဟု နှစ်ချက် ရေးသားခြင်း အကြောင်းမှာ ယခုလူတို့ ဝေါဟာရ လိုက်၍ **သာသနာပိုင်**ဟု ရေးသားသည်။ မြန်မာမင်းများ လက်ထက်က စာရေးသားသောအခါမှာ '**သာသနာပြုဆရာတော်**'ဟု ရေးသား၍ နှုတ်က ပြောဆိုသောအခါမှာသာ **သာသနာပိုင်**ဟု ပြောကြ ခေါ်ကြသည်။ ယင်းကဲ့သို့ သာသနာပိုင်ဟု ခေါ်ဝေါ် ပြောဆိုကြခြင်းသည် မှန်နန်းရာဇဝင်ကို ပုံ နှိပ်သူတို့ မှားယွင်း၍ ရိုက်ထားခြင်းကြောင့် ဖြစ်သည်။ မှားယွင်းပုံမှာ –

'ရှင်အရဟံ ပရိနိဗ္ဗာန် ပြုလျှင် ရှင်အရဟံ အရာကို စိမ့်ညက်မင်း သားတော် မဟာထေရ်ကို ပေး၍ သာသနာပိုင် ပြုရ၏။'

ဟု ပါရှိနေသည်။ **မှန်နန်းရာဇဝင် မူလ စာပေဟောင်း**မှာ –

'ရှင်အရဟံ ပရိနိဗ္ဗာန် ပြုလျှင် ရှင်အရဟံ အရာကို စိမ့်ညက်မင်း သားတော် မဟာထေရ်ကိုပေး၍ သာသနာတော်ပြုရ၏။'

ဟု ရှိသည်။ 'သာသနာတော်ပြုရ၏'ဟူသည်တွင် 'တော်'ကို 'ပိုင်'ဟု ပြင်၍ ပုံနှိပ်ထားသည်။

စာသားတွင် အမရပူရ ပထမ နန်းမြို့တည် ဘိုးတော်မင်းတရားကြီး၏ မောင်းထောင် ဆရာတော်ကို 'သာသနာပြု'ခန့်စာ အမိန့်တော် မြန်တမ်းတွင် ပါရှိလေ၏။ ကြည့်လေ။

မြန်မာနိုင်ငံမှာ ဘုရင် ပြုလုပ်သွားသော မင်းများတွင် –

- ပုဂံ ကုလားကျမင်း၊
- အဝ သိုဟန်ဘွား ရှမ်းမင်း၊
- သံလျင် ကုလားငစကံ– ဇွဂ်ါဘူ– ငအဂ်ါ–ဟု သုံးမည်တွင်သော ပူတကေမင်း။

http://www.dhammadownload.com

ထိုမင်းသုံးယောက်တို့မှတစ်ပါး အခြားသောမင်းများသည် ရှင်ဘုရင်ဖြစ်လာလျှင် ဗုဒ္ဓမြတ်စွာ သာသနာကို ချီးမြှင့် ထောက်ပံ့ရန် တာဝန်သည် ရှင်ဘုရင်ပြုလုပ်သူတို့၏ တာဝန် ဝတ္တရားဟူ၍ အယူရှိကြသည်။

မည်သည့် ရှင်ဘုရင်မဆို ရှင်ဘုရင် ဖြစ်လာသည်နှင့် တစ်ပြိုင်နက် 'ဘုရားလောင်းဖြစ်ပြီ' ဟူ၍လည်းကောင်း၊ 'သာသန ဒါယကာဖြစ်ပြီ' ဟူ၍လည်းကောင်း မှတ်ထင်ကြသည်။ ဤကား မြန်မာနိုင်ငံ ရှင်ဘုရင် ပြုလုပ်သွားသူတို့၏ ဓမ္မတာထုံးစံကြီးတည်း။

(၁) ပုဂံနော်ရထာမင်း သည် မမှန်သော အယူဝါဒဟောင်းကို စွန့်ပစ်စေ၍ မှန်ကန်သော အယူဝါဒကိုသာ လိုက်နာရန် ရှေးဦးစွာ ဆောင်ရွက်၍ သာသနာကို ချီးမြှောက်သည်။

(၂) ပုဂံကျစွာမင်း သည် ကိုယ်တိုင် ဘုရားဟော ပိဋကတ်ကို လိမ္မာ တတ်မြောက်အောင် သင်ယူ၍ နိုင်ငံနေ ရဟန်း ရှင်လူ အပေါင်းကိုလည်း တတ်မြောက်အောင် သင်ကြားစေ၍ သာသနာကို ချီးမြှောက်သည်။

(၃) ဟံသာဝတီ ဓမ္မစေတီ ဘုရင်မ သည် သာသနာတော်၏ အမြစ်အရင်းဖြစ်သော သိမ် စင်ကြယ်အောင် ရှေးဦးစွာ အားထုတ်၍ သာသနာကို ချီးမြှောက်သည်။

(၄) ဟံသာဝတီ ဆင်ဖြူရှင်မင်းသည် သာသနာတော်၏ အညစ်အကြေးဖြစ်သော သူတစ်ပါး အသက်သတ်၍ နတ်တင်ခြင်း၊ သူကောင်းတစ်ယောက် သေသည့်အခါ ယောကျ်ား မိန်းမ သတ်၍ထည့်ခြင်း အလေ့ဆိုးများကို ပယ်ဖျောက်စေ၍ သာသနာတော်ကို ချီးမြှောက်သည်။

ဌင်း ဟံသာဝတီ ဆင်ဖြူရှင်မင်းသည် သီဟိုဠ်ကျွန်း ဓမ္မပါလမင်းလက်ထက် သီဟိုဠ်ကျွန်းမှာ လေးဌာန ကွဲ၏။ ဗုဒ္ဓသာသနာကို အယူမရှိသော သုံးဌာန မိစ္ဆာဒိဋ္ဌိမင်းများက သာသနာကို ပုတ်ခတ် ဖျက်ဆီးသောကြောင့် ဌင်းမိစ္ဆာဒိဋ္ဌိမင်းများထံ ရာဇသံလွှတ်၍ ဓမ္မပါလမင်းကို စစ်ကူပြီးလျှင် သီဟိုဠ် သာသနာကို ပြုစုသေးသည်။

(၅) ရခိုင် မင်းရာဇာကြီးသည် ဘုရားဟောကြားတော်မူသော ပါဠိတော်- ထိုပါဠိတော်အားလျော်သော ကျမ်းဂန်များကိုသာ သင်ကြား လေ့လာစေ၍ ပဋိပတ္တိ-အကျင့်သာသနာ ပွားများအောင် အားထုတ်၍ သာသနာကို ချီးမြှောက်သည်။

http://www.dhammadownload.com

(၆) အဝ သာလွန်မင်းတရားကြီးသည် သာသနာတော်ထမ်း ရဟန်း သံဃာများကို သီလစင်ကြယ်စေရန်၊ ရဟန်းဖြစ်ရကျိုး နပ်စေရန် သတိပေး၍ သာသနာကို ချီးမြှောက်သည်။

(၇) အမရပူရ ပထမ မြို့နန်းတည် ဘိုးတော်မင်းတရားသည် သာသနာမှဆောင် ရွက်ရာ၌ အသစ် တည်ထွင်၍ ရွက်ဆောင်လိုသည်။ သို့ရာတွင် ရဟန်းရှင် လူ နိုင်ငံသူတို့က မကြိုက် မနှစ်သက် မလိုက်နာလိုကြောင်း သိလျှင် လက်လျှော့၍ နည်းသစ် စီမံချက်များကို ပြန်ရုပ်သိမ်း၍ နည်းဟောင်းအတိုင်း လိုက်နာစေသည်။

(၈) မန္တလေး ပထမ မြို့နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးသည် စာပေ ပိဋကတ်ကို သန့်ရှင်းနိုင်သမျှ သန့်ရှင်းအောင် စီမံအားထုတ်၍ သာသနာတော်ကြီးအား သူမတူအောင် ပစ္စည်းလေးပါးဖြင့် ချီးမြှောက်၍ သာသနာတော်ကို ပြုစုတော်မူသည်။

သာသနာကို ဖျက်ဆီးသော မင်းသုံးယောက်တွင် –

(၁) **ပုဂံ ကုလားကျမင်း**သည် သာသနာပြုဆရာတော် စိမ့်ညက်မင်း သားတော် မဟာထေရ် ပဲသကူ ငစွယ်ရှင်၊ ၎င်းကုလားကျမင်းကို သဘောမကျ၍ သီဟိုဠ်သို့ ကြွသွားရာတွင် မြို့ရွာ မငြိမ်မသက် ရှိ၍ ရဟန်း သံဃာများက ပုန်ကန်မည်ကို စိုးသောကြောင့် နိုင်ငံတော်အတွင်းရှိ ရဟန်း သံဃာများကို လူထွက်စေရန် စီမံသေးသည်။ မှူးမတ်များက သဘောမတူ၊ အကြောင်းတစ်မျိုးတစ်ဖုံ ပရိယာယ်လွှဲ၍ လျှောက်တင်ထားကြရသည်။

(၂) **အဝ သိုဟန်ဘွားမင်း**သည် ရဟန်း သံဃာများကို သတ်ပစ်သည့်အပြင် စာပေ ပရိယတ် ပိဋကတ်များကိုလည်း မီးရှို့၍ ဘုရားဌာပနာတိုက်များကိုလည်း ဖောက်ထွင်းယူသေးသည်။

(၃) **သန်လျင် ကုလားစေကာ်**သည် ရဟန်း သံဃာတို့ကို မလှုမတန်းကြရဟုပညတ်သည့်အပြင် ဗရင်ဂျီဘာသာကို မယူလျှင် မနေနိုင်အောင် နှိပ်စက်၊ ဖြားယောင်း၊ သွေးဆောင်သည်။ ဦးထုပ်၊ ခမောက် 'ခေါင်းမောက်' ဆောင်းစေသည်။ သာသနာတော်ဘက် ဆိုင်ရာ အဆောက်အဦးများကိုလည်း ဖျက်ဆီး၍ ဌပနာတိုက်များကိုလည်း ဖျက်ပြီးလျှင် ရွှေဆင်းတုဂွေဆင်းတု စသည်တို့ကို ရွှေ ငွေလုပ်၍ ကုန်ရောင်း ကုန်ဝယ်လုပ်သည်။

http://www.dhammadownload.com

အက္ခရာစဉ်အညွှန်း

[က]

ကကြီးနောက်ပစ်ကဲ့
အောက်ကမြစ် ကဲ့ ၃၆၇
ကထာဝတ္ထုကျမ်း ၂၅
ကလျာဏစက္ကမထေရ် ၁၉၈
ကလျာဏဇောတ xx ဂုရု
(စလင်းဘွဲ့) ၁၄၄
ကလျာဏဓမ္မထေရ် ၁၉၇
ကလျာဏီမြစ် ၁၆၅၊ ၁၆၆
ကလျာဏီမြစ် ဥဒကုက္ခေပ
သိမ် ၁၆၅၊ ၁၆၉
ကလျာဏီသိမ် ၁၆၅၊ ၁၆၆၊ ၁၆၇
ကဝိလက္ခဏာသတ်ပုံ ၃၆၅၊ ၃၆၈
ကဝိသာရဆန်းဦးကာ ၁၇၅
ကဝိသာရမဇ္ဈသာကျမ်း ၁၁၉
ကဝိန္ဒသာရဓဇ xx ဂုရု
(မုန်ကင်းဘွဲ့) ၁၁၆
ကဝိန္ဒာဘိဓဇ xx ဂုရု
(မောက်ကျီးဘွဲ့) ၂၀၂
ကဝိန္ဒာဘိသဒ္ဓမ္မ xx ဂုရု
(ခင်ကြီးပြောင်) ၁၁၆
ကဝိန္ဒာဘိသဒ္ဓမ္မ xx ဂုရု
(ရွှေတောင်ဘွဲ့) ၁၁၆
ကဝိန္ဒာဘိရာဇဂုရုဆရာတော် ၁၂၀
ကဝိန္ဒာဘိအရိယာ xx ဂုရု
(ငါးစိုဘွဲ့) ၁၄၆
ကာကဝဏ္ဏတိဿမင်းကြီး ၃၂၄
ကာလညျုပဂ္ဂိလ်ဟူသည် ၂၄၆
ကာလာရာမသုတ် ၁၇၉၊ ၁၇၆
ကာဠာသောကမင်းကြီး
(အိပ်မက်) ၂၂၊ ၂၃၊ ၃၀၂
ကာဠာသောကမင်းနှင့်
ဒွတ္တဗေါင်မင်း ၂၃
ကိလေသပရိနိဗ္ဗာန်
ဆိုသည်ကား ၃၂၉
ကုမာရကဿပမထေရ် ၁၆၅
ကုမာရာဘိဝံသ xx ဂုရု
(သံယုတ်ဘွဲ့) ၂၁၄
ကုလားကျမင်း ၆၂၊ ၃၇၆
ကုလားငစင်ကာ ၁၇၃၊ ၃၇၃
ကုသိနာရုံပြည် ၁၃
ကုသိမမဇ္ဈလ ၁၆၃
ကုသိုလ်တော် ၁၄၉
ကေတုဓမ္မ xx ဂုရု
(အောင်မြေရွှေဘုံဘွဲ့) ၁၄၇
ကေတုမတီ တောင်ငူမြို့ ၁၀၂၊ ၁၅၈
၁၇၉၊ ၁၉၆
ကေလာသတောင် ၅၃
ကဲ့ သဒ္ဒါသည်
သာလွန်သည့်အနက် ၃၆၅
ကိုးဆယ့်ကိုးကုဋ္ဌေသောသံဃာ ၅၁ *
ကိုးတိုင်းကိုးဌာန ၂၇၊ ၅၁၊ ၁၇၈
ကောင်းမှုတော်ကြီး ၉၆

http://www.dhammadownload.com

ကစ္စာယနဘေဒဋ္ဌီကာသစ် ၇
ကစ္စာယနသုသုဟာရကျမ်း ၂၀၇
ကစ္စည်းတစ်သွယ်
ခေါ်ရာဝယ်ကား ၃၆၇
ကန်တော်မင်းကျောင်း
ဆရာတော် ၈၂
ကန်စွယ်ဂိုဏ်း ၂၂၃၊ ၂၂၅
ကန္ဒီကြီးတောရကျောင်း ၂၂၇
ကန္ဒီမင်းသမီး ၁၁၅
ကန်ဗျားရွာ ၈၉
ကုန်းဘောင်မင်း ၁၂၉
ကမ္ဘောဇတိုင်း ၁၇၇၊ ၂၅၁
ကုမ္ဘစေတီ ၃၂၀
ကုမ္ဘဏ် ၅၄
ကပ္ပဲမြို့ ၆၄
ကဿပဘုရားသာသနာ
ဆုတ်ယုတ် ၃၀၃
ကဿပမထေရ်(မြန်မာ) ၁၆၅
ကုသိန္နာရုံပြည် ၃၂၀၊ ၃၂၄
ကျစွာမင်းကြီး ၆၅၊ ၆၆၊ ၃၇၂
ကျနစွာမင်းကြီး ၆၅
ကျေးကိုး ကျေး ၁၀၄
ကျော် ကသည်းပြည် ၂၅၁
ကျော်စွာမင်း ၆၉၊ ၇၀
ကျော်အောင်စံထား
ဆရာတော် ၁၀၃
ကျောက်ချပ်ပေါင်း-၇၂၉ ၁၄၉
ကျောက်မြောင်း၊ ကသာ၊
ထီးချိုင့် ၂၀၈
ကြီးကပေါဘုရား ၁၆၂
ကျောင်းတော်နှင့်
နန်းတော်မိုးကြိုးခ ၁၀၆
ကျိုင်းသေဉ် ၁၇၉
ကျမ်းနက် ၇
ကြပင်းမြို့စား ရတနာ
လှော်ကားတော်မျူး ၁၄၅
ကြောင်းဖြူမင်း၏သားတော် ၅၆
ကြက်ခေါင်းစား ငတပါးမင်း ၅၅
ကြည့်မြင်တိုင်ဟုရေးသည်မှာ ၂၁၆
ကွယ်ခြင်းသုံးပါး ၃၁၄
ကွက်စိပ်ဆရာ(ပေါ်လာ) ၂၂၁

[ခ]

ခုနစ်ဌာနကို
တစ်ပြိုင်နက်(တည်) ၁၃၈
ခေမာဝရတိုင်း ၁၇၇
ခေမင်္ကတိုက် ၂၂၅
ခင်ကြီးကျင်(ငသရောက်) ၂၂၆
ခင်ကြီးညွှန့် ၁၂၈
ခင်ကြီးဖျော် ၁၂၈၊ ၂၀၉၊ ၃၆၆
ခင်ကြီးရာ ၁၂၈
ခင်ကြီးရောင် ၁၂၈
ခင်ကြီးလှော်(ပုဂံ) ၂၂၅
ခင်ကြီးသာပုံ ၁၂၈
ခင်မကန်ဆရာတော် ၁၄၆
ခေါင်းဖြူစွယ်ကျိုး
အဘိုးကြီးတိုင်(လိုက်နာ) ၂၈၆
ခေါင်းတင် နောက်လှန်
အနွယ်(အစ) ၁၇၃
ခန္ဓာ ၂၅၂

http://www.dhammadownload.com

ခန္ဓပရိနိဗ္ဗာန်ဆိုသည်ကား ၃၂၉
ခန်းပတ်မြို့စား မဟာဥဇနော ၁၄၈
ခုဒ္ဒကနိကာယ်(ဆောင်) ၂၀
ချင်းတွင်းရွာ ၉၈
ချောင်ပေါင်း(၆၀)ကျော် ၁၄၁
ချောင်းကောက်သဒ္ဓမ္မနန္ဒီ ၃၄၉၊ ၃၅၁

[ဂ]

ဂငယ်သုံးခု ဥသျှစ်ထု ၈၃
ဂဏပါမောက္ခ
မထေရ်ကြီးပေါင်း ၁၇၂
ဂဝံပတိမထေရ် ၅၀၊ ၅၁၊ ၅၂၊ ၅၃
ဂဠုန် ၅၄
ဂါတိမ်ဂါယဉ် ၄က်ညီနောင် ၂၅၂
ဂါထာဖွဲ့၍ရေတွက်သော် ၁၉
ဂါမ ဝါသီရဟန်း ၁၇၂၊ ၁၀၀၊ ၁၀၃၊
ဂုဏာမုနိန္ဒာဘိ xx ဂုရု
(မန်လည်ဘွဲ့) ၁၁၀၊ ၁၁၅၊ ၁၂၂
ဂုဏာသာရမထေရ် ၁၉၈၊ ၁၆၅
ဂုဏာသီရိမထေရ် ၁၉၈
ဂုဏာဘိလင်္ကာရ xx ဂုရု
(မင်းအိုဘွဲ့) ၁၁၅
ဂုဏာဘိလင်္ကာရ xx ဂုရု ၁၉၇
ဂုဏာလင်္ကာရ xx ဂုရု ၂၀၂
ဂူတော်သစ် ပဋ္ဌာန်းဇရပ် ၁၀၁
ဂေါပကလူကြီး(အစ) ၃၁၇
ဂိုဏ်းချုပ်ဆရာတော်ဦးဇဝနဿ ၂၂၇
ဂိုဏ်း(၆)ဂိုဏ်းကွဲ ၁၇၄
ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ်
ဆရာတော် ၁၂၀
ဂန္ဓသာရကဝိဓဇ(ရေစကြို) ၁၃၁
ဂန္ဓာရတိုင်းဆိုသည်မှာ ၃၂၅
ဂျော့ဘုရင် ၁၉၃
ဂျွမ်းပြည် ၂၅၁

[ဃ]

ဃောသရွာ ၃၉

[င]

ငစဉ်ကူးကျောင်း ၁၁၀
ငစဉ်ကူးဆရာတော် ၁၁၀
ငစဉ်ကူးမင်း ၁၁၀၊ ၁၁၁
ငစဉ်ကူးမင်းကျောင်းတော်
ကျောက်စာ ၁၈၀
ငစဉ်ကူးမင်းအိပ်မက် ၁၁၀
ငစဉ်ကူးမြို့ ၁၀၀
ငနားကြီး ၂၅၂ *
ငရုံမြို့ ၉၅
ငရုံ နတ်စက်ရောင်
ဆရာတော် ၉၅၊ ၁၀၀
ငရုံအိုးရွာ ၁၀၂
ငသရောက်တောဟုဘားရွာ ၂၂၅၊ ၂၂၆
ငသရောက်မြေနည်းရွာ ၂၂၆
ငသရောက်သစ်ညှိရွာ ၂၂၅
ငသရောက်ဟူသည် ၂၂၅
ငသရောက်နှောတွင်းရွာ ၂၂၄
ငသရောက်မြို့ ၂၂၅
ငါးကရီသ ငါးပယ်စာ ၁၂၄
ငါးစီးရှင် ၇၂
ငါးစို့တိုက်ဆရာတော် ၁၄၆ *

http://www.dhammadownload.com

ငါးဆူဒါယကာ ၉၀
ငှက်ကြီး ၆၀
ငှက်တွင်းဂိုဏ်း ၃၀၈
ငှက်ပစ်တောင်ဂိုဏ်း ၂၂၃

[စ]

စကား(၇)ကျောင်း ၇၁၊ ၇၇
စကား၊တော်အားဖြင့်သုံးပါး ၁၀
စကားအင်းရွာ ၇၇
စကုမြို့ စီရင်စု မင်းရွာ ၁၈၇
စကုတိုက်ဆရာတော် ၁၄၆
စကျင်ကျောက်တောင်ကြီး ၁၄၈
စတုမဟာရာဇနတ်မင်းသည်
ဘဂဝတော ၇
စတုရင်္ဂလအမတ် ၇၃၊ ၇၄
စတုတ္ထသင်္ဂါယနာ ၃၈
စမာမြစ် ၈၇
စမုံမြစ် ၈၇
စမြောင်မှူး(ပြန်အမိန့်) ၁၈၂
စရစ်ရွာ ၁၁၀
စလင်းဆရာတော် ၁၄၄
စလင်းမြို့ ၉၀၊ ၁၁၁၊ ၁၂၂၊ ၁၄၄
စလင်းသာသနာပိုင် ၁၄၈ *
စာပလွေ ၆၈
စုရုံးဆန်၍ ညာသို့ရွေ့လျက် ၃၆၃
စူဠကဿပမထေရ်(မြန်မာ) ၁၆၈
စူဠဂဏ္ဌိကျမ်း ၁၀၂
စူဠဂဏ္ဌိဂိုဏ်း ၁၁၉
စူဠနန္ဒမထေရ်(မြန်မာ) ၁၆၅
စူဠမင်္ဂလမထေရ်(မြန်မာ) ၁၆၅
စူဠဟတ္ထိပဒေါပမသုတ် ၄၅
စူဠသီဝလိမထေရ်(မြန်မာ) ၁၆၆၊ ၁၆၈
စူဠအရဟံ ၇၁
စူဠာမဏိစေတီ ၃၂၅
စူဠာသမ္ဘဝ ၁၅၆
စေတီပုထိုးတို့ကိုဖျက်ဆီး ၈၃
စေတီယတောင် ၄၃
စေတီယမင်းကြီး ၁၇၄၊ ၁၆၉
စေတီယင်္ကဝတ်အသင်း ၂၁၅
စောနစ်နောက် စောမွန်နစ် ၆၉
စောရန်နောင်မင်းလက်ထက် ၁၉၅
စံကျောင်းဆရာတော်
(ရတနာပုံ) ၁၉၂
စံကျောင်းဆရာတော် ၉၄၊ ၉၅
စံကျောင်းဆရာတော်(သတ်) ၉၇
စံကျောင်းတိုက် ၁၉၂၊ ၂၀၄
စက္ကိန္ဒာဘိ xx ၇၊ ၁၂၅၊ ၁၂၇၊ ၁၂၈
စိုင်ပြင်ရွာ ၁၂၅၊ ၁၂၇၊ ၂၀၄
စစ်ကိုင်း ၇၁၊၈၃၊၈၅၊၉၇၊၉၉
စစ်ကိုင်းဧတဝန်ဂိုဏ်း ၈၅
စစ်ကိုင်းတောင်ရိုး ၇၇၊ ၉၆၊ ၁၄၁
စစ်ကိုင်းရွှေဥမင်ဆရာတော် ၈၆
စစ်မယ်မှ ဧင်းမယ် ၁၇၆၊ ၁၇၉
စည်ပုတြာဆရာတော် ၁၄၄
စည်ပုတြာမြို့ ၁၄၄
စည်းခုံစေတီတော်ကြီး ၉၅၊၉၈
စန္ဒကူးနံ့သာကျောင်းတော် ၅၀
စန္ဒနသာရမထေရ် ၁၆၆
စန္ဒပညာမထေရ် ၁၉၈
စန္ဒမထေရ်(ရေမိန်) ၁၉၇

http://www.dhammadownload.com

စန္ဒဝဇ္ဇီမထေရ်(စောင့်ပုံ) ၂၇၅
စန္ဒသာရမထေရ် ၁၉၈
စန္ဒာဝရမထေရ် ၁၁၀
စန္ဒီနတ် ၅၄
စိတြတမန်သင်္ဘောသူကြီး ၁၆၄၊၁၆၈
စိန့်တိုင်း ၂၅၃
စိမ့်ညက်မင်း သားတော်
မဟာထေရ် ၃၇၁
စိမ့်တခေါင် ၂၅၂
စုံတွဲတရား(ပေါ်ခြင်း) ၂၂၀
စွန့်တ်ခေါ် စည်းကမ်း ၂၀၃
စွယ်စုံကျော်ထင် ၆၂၊ ၃၆၄

[ဆ]

ဆရာတပည့်ပီသမှ
သာမဏေဖြစ် ၂၇၃
ဆရာတော်ကြီး
တစ်ဆယ့်တစ်ပါး ၁၂၉
ဆရာတော်ကြီးတစ်ပါး
(စောင့်ပုံ) ၂၇၆
ဆရာတော်ဦးကောသလ္လ
(အလယ်တောရ) ၂၉၂
ဆရာတော်ဦးဥယျ ၁၄၅
ဆရာတော် ဦးပိုး ၁၂၅
ဆရာတော်ဦးဗုဒ် ၁၂၅၊ ၁၂၆၊ ၁၂၇
ဆရာရေဝတမထေရ် ၃၉
ဆီးတောဆရာတော် ၉၀
ဆီးဘန်နီရေး အန်ချင်း ၁၄၉
ဆူးတွင်းပစ်ဆရာတော် ၇၂
ဆဲရေးခြင်းငါးပါး ၃၆၅
ဆယ်ပါးသောအဝိနယဝတ္ထု ၂၁
ဆိုးရည်ခြောက်မျိုး ၂၉၅
ဆင်ကြိုး ရွှေကူသိမ် ၁၂၀
ဆင်ခေါင်းအရပ် ၈၄
ဆင်တဲဆရာတော် ၁၁၆
ဆင်တဲရွာ ၁၀၂
ဆင်ဖြူကျွန်းဆရာတော် ၂၀၂
ဆင်ဖြူမရှင်မိဖုရားကြီး ၁၅၅
ဆင်ဖြူရှင်(တနင်္ဂနွေမင်း) ၁၀၃
ဆင်ဖြူရှင်
(ဟံသာဝတီနတ်ရွာစံ) ၁၇၂
ဆင်မှာကား စော့၊
ဝက်မှာ လေ့ ၃၆၃
ဆောင်ပုဒ်လက်ံာ ၂၆၁
ဆန္နတ္တဝတ္ထု ၁၁၇
ဆပွဒဂိုဏ်း ၁၁၃
ဆပွဒမထေရ် ၆၃၊ ၆၄၊ ၁၉၈
ဆပွဒသာမဏေ ၆၄၊ ၉၀
ဆုံထားဆရာတော် ၁၁၅

[ဇ]

ဇနိတ(ယပ်လှံစ) ၂၂၀
ဇနိန္ဒာဘိရာဇဂုရုဆရာတော် ၁၂၀
ဇဝနပညမထေရ် ၁၆၅
ဇာဂရဓမ္မ xx ဂုရု ၁၄၄
ဇာဂရာဘိဓေ xx ဂုရု
(ရွှေကျင်ဘွဲ့) ၁၅၅
ဇာဂရာဘိဝံသ xx ဂုရု
(ဘုရားကြီးဘွဲ့) ၁၄၈
ဇာဂရန္တ xx ဂုရု

http://www.dhammadownload.com

(မိတ္ထိလာဘွဲ့) ၁၄၆
ဓိနာရာမမထေရ် ၉၈
ဓိနာလင်္ကာရဋ္ဌကာနည်း
(ရပ်ပြစ်ရုစ်) ၃၄၆၊ ၃၅၁
ဓေတဝနဝါသီဂိုဏ်း ၅၁
ဓေတဝန်ကျောင်း ၈၃၊၈၅၊၉၈၊၁၉၈၊
ဓေတဝန်မထေရ် ၈၅
ဓေယျာပူရမည်သော
စစ်ကိုင်း ၇၁၊ ၁၀၈၊ ၁၅၆
ဓေယျာဝမုနတိုင်း ၁၅၈၊၁၉၆၊၂၅၃
ဓောတိကဋ္ဌကာ(ကန့်ပြုံ) ၂၀၆
ဓောတိပုညမထေရ် ၉၃
ဓင်းမယ် ၁၇၆၊ ၁၇၉၊ ၁၈၀
ဓင်းမယ်ကဖြစ်သော
ဓာတတ္တကီ ၁၈၁
ဓင်းမယ်ပဏ္ဍာသ ၁၈၁
ဓင်းမယ်ရာဓဝင် ၁၈၀
ဓာတ်အဋ္ဌကထာ ယောဓနာ ၁၁၇
ဓမ္မဒီပဓဓ xx ၇၅
(မာရ်အောင်ဘွဲ့) ၁၄၇
ဓမ္မဒီပဓဓမဟာရာဇာ ၁၅၆
ဓမ္မဒီပအနုန္တ ဓဓ xx ၇၅
(စရစ်ဘွဲ့) ၁၁၀
ဓမ္မဒီပဦးဆောင်းကျမ်း ၅၃
ဓမ္မဓဓမထေရ် ၉၂၊ ၉၃၊ ၁၇၈
ဓမ္မဒီပဓဓ xx ၇၅ ၁၂၇

[ည]

ညသတ်အောက်မြစ်နှင့် ညည့် ၃၆၃
ဉာဏကိတ္တိယတိသာရ xx ၇၅
(ဆင်တဲဘွဲ့) ၁၄၇
ဉာဏဓမ္မဒီပ xx ၇၅
(မင်းရွာဘွဲ့) ၁၁၅
ဉာဏဓဓမထေရ် ၁၉၈
ဉာဏမဋ္ဌ xx ၇၅
(မိတ္ထိလာဘွဲ့) ၁၄၄
ဉာဏဝံသဓဓ xx ၇၅ ၂၀၂
ဉာဏသာဂရမထေရ် ၁၆၅
ဉာဏာဘိဓဓ xx ၇၅
(တိုင်တား:ဘွဲ့) ၂၀၂
ဉာဏာဘိသာသန xx ၇၅
(မောင်းထောင်ဘွဲ့) ၁၁၇
ဉာဏာဘိဝံသ xx ၇၅ ၁၁၇
(မောင်းထောင်ဘွဲ့) ၁၉၇
ဉာဏာဘိသာသန xx ၇၅
(မောင်းထောင်ဘွဲ့) ၁၁၄
ဉာဏာလင်္ကာရ xx ၇၅
(ဆင်တဲဘွဲ့) ၁၁၆
ညီတော်ရွှေဘိုဘုရင် ၁၂၉
ညီတော် ဦးပိုး ၁၂၈
ညီတော် ဦးဗုဒ် ၁၂၈
ညီနောင်သုံးယောက်
(ရှမ်း) ၇၀၊ ၇၁
ညေယျဓမ္မာဘိ xx ၇၅
(ဦးညေယျဘွဲ့) ၁၃၇
ညေယျဓမ္မာဘိ xx ၇၅
(ဦးညေယျဘွဲ့) ၁၄၂
ညေ့ယျဓမ္မာဘိ xx ၇၅
(ဦညေယျဘွဲ့) ၁၃၀၊ ၁၉၈
ညေယျဓမ္မာ xx ၇၅

(ဦးညေယျဘွဲ့) ၁၃၀
ညောင်ကန်ရွာ ၁၂၅၊ ၁၂၆၊ ၁၂၇
ညောင်ကန်ဆရာတော် ၁၂၇၊၁၄၆၊ ၃၆၆
ညောင်ကန်ဆရာတော် ခင်ကြီးပြောင် ၁၁၆
ညောင်ကန်ဆရာတော် ဦးဗုဓ် ၁၂၅
ညောင်စဉ်ရွှေကျောင်း ၁၀၂
ညောင်ရမ်းဆယ်ဆက် ၁၀၀
ညောင်ရမ်းမင်း ၈၆၊ ၈၇
ညောင်ရမ်းမင်း၏သားကြီး ၈၇
ဉာဿကျမ်း မစ္ဆိမဝန်မှူ ၉၇

[ဋ]

ဋီကာကျော် ၇၉၊ ၂၀၅၊ ၂၀၆
ဋီကာကျော်ဂဏ္ဌိသစ် (မင်းကင်းပြု) ၂၀၆
ဋီကာနယ်ကျော်ရော့ ၇၉
ဋီကာလှ ၇၉

[ဏ]

ဏဝစန္ဒကိန်း ၁၆

[တ]

တကောက်ကွေ့.ကွေ့. လေဝေ့ဝေ့ ၃၆၃
တကောင်းပြည် ၁၉၆
တခြောက်သွေ့.သွေ့. တပွေ့.ပွေ့. ၃၆၃
တတိယဆပွဒမထေရ် ၂၂၅
တတိယသင်္ဂါယနာတင်ခန်း ၂၄
တတိယသင်္ဂါယနာဒါယကာ ၂၈
တနင်္ဂနွေမင်း ၁၀၃
တဖုဿ ဘလ္လိက ၄၇၊၄၈၊၄၉၊၅၀
တဘောင်ပေါ် ၁၂၅
တရားတုတရားယောင် ၂၃၂
တရုတ်မြို့ ၁၀၂
တရွှင်းတောင် ၇၁၊ ၈၈
တလိုင်းသုံးရပ် ၁၆၃၊ ၁၀၄
တအောက်မေ့မေ့ တစေ့စေ့ ၃၆၂
တာမလိန္ဒမထေရ် ၆၃
တာမလိန္ဒမထေရ် အမှူးရှိသောဂိုဏ်း ၁၉၅
တိဂုံမြို့ ၄၈
တိပိဋကမထေရ် ၁၇၅
တိပိဋကာလင်္ကာရတံဆိပ် ၉၀၊ ၁၉၆ ၁၉၉
တိပိဋကာလင်္ကာရမထေရ် ၉၀၊၉၂ ၉၇
တိပိဋကာ xx ဂုရု (တောင်ဖီလာဘွဲ့) ၁၃၀၊ ၁၉၉
တိပိဋကသဒ္ဒမ္မ xx ဂုရု (ဆုံထားဘွဲ့) ၁၁၅
တိလောကဂုရုချောင် ၉၉
တိလောကဂုရုမထေရ် ၈၉၊ ၉၉
တိလောကဂုရု(တံဆိပ်) ၉၉
တိလောကလင်္ကာရ (တံဆိပ်) ၁၀၀
တိလောကလင်္ကာရမထေရ် ၉၇

http://www.dhammadownload.com

တိလောကဂုရု မွန်ပုဂ္ဂိုလ် ၉၂
တိသာသနဓမ္မထေရ် ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၁၀၁၊ ၁၉၈၊ ၁၉၈
တိသာသနာလင်္ကာရမထေရ် ၉၂
တုမ္ဘူလအမတ် ၇၈
တုလွတ်ဘုံစံကျောင်း ၁၁၆
တူရွင်းခြေတောင်နေဘုန်းကြီး ၈၈
တူရွင်းခြေတောင် ၈၈
တူရွင်းခြေရွာ ၉၅
တေဇိန္ဒာဘိဉာဏ xx ဂုရု ၁၄၆
တံတားဦး ၇၆၊ ၉၈
တံစိုးလက်ဆောင် ၁၀၂
တိုက်တော်ပြဿနာ ၁၅၂၊ ၁၉၁
တောင်ခွင်ဂိုဏ်း ၂၀၃
တောင်ခွင်ဆရာတော် ၂၀၁၊ ၂၀၂၊ ၂၀၃
တောင်ငူတစ်ချို့(ထွက်ပြေး) ၈၃
တောင်ငူဘုရင် ရခိုင်ဘုရင် ပေါင်း ၁၇၃
တောင်ငူမိဖုရား ၈၉
တောင်ငူမြို့ ၈၅၊ ၁၇၉
တိုင်းကြီးရှစ်တိုင်း ၂၅၁
တောင်ငူ သတိုးဓမ္မရာဇာ ၈၉
တောင်တော် ဆရာတော် ၁၃၂၊ ၁၅၄၊ ၂၀၀၊ ၂၀၁၊ ၂၀၂
တောင်တွင်းကြီးခရိုင်သို့ ပေးစာ ၁၉၀
တောင်တွင်းကြီးမြို့ ၈၂၊ ၁၀၉
တောင်တွင်းကြီး ခင်ကြီးဖျော် ၁၂၈၊ ၃၆၆
တောတွင်းလားပျို့ ၈၂
တောင်ပလူ လောကထွတ်ဦး ဘုရား ၇၆
တောင်ပလူအရပ် ၈၃
တောင်ဖီလာဆရာတော် ၉၀၊ ၉၁၊ ၉၃၊ ၉၄၊ ၁၃၀၊ ၁၉၈
တောင်ဖီလာမထေရ် ၈၅၊ ၁၉၉
တောင်ဖီလာချောင် ၉၀၊ ၁၉၆
တောင်ဘီလူးဆရာတော် ၈၆၊ ၈၇
တောင်သာမြို့စား ဒီသာပါမောက္ခ ၁၄၅
တိုင်တား တိုက်အုပ်ဆရာတော် ၂၀၂
တိုင်းကြီးရွာသား မထေရ် ၃၉၆၊ ၇
တစ်ကျိပ်နှစ်ပါးဂိုဏ်း ၂၀၃
တစ်စီးရှင် ၇၁
တစ်စီးရှင် သီဟသူ ၁၅၆
တစ်ဆယ့်လေးပါးသောဝတ် ၁၀
တစ်ဆယ့်သုံးမည်ရပုဂံပြည် ၁၅၇
တစ်ရံရောအခါ(ပုံပြင်) ၆၆
တန်ခိုးမစဲ ဘုန်းမပြတည့် ၃၆၅
တိတ္ထိ ၂၅
တိသဂုတ္တမထေရ် ၅၁
တိသပြဟ္မာကြီး ၂၄
တိသရာဇာမင်း ၁၆၀၊ ၁၆၁၊ ၁၆၁၊ ၁၆၂
တုန်ဂိုဏ်း ၁၀၁
တုန်ရွာ ၁၀၁
တုန်ရွာကျောင်း ၁၀၁
တမွဒီပတိုင်း ၅၆၊ ၁၅၆၊ ၂၅၁
တမ္ဗဝတီ ၆၀
တွန်းဖဲသည် ၃၆၄

http://www.dhammadownload.com

[ထ]

ထီးဆောင်း၍စာလိုက်ရ ၉၉
ထီးလှိုင်ချောင်း ၁၆၂
ထူပါရုံစေတီ ၈၂၊ ၃၂၅
ထူပါရုံစေတီဒါယကာ ၈၁၊၇၇၊၂၀၄
ထေရ်ကစ္ဆည်းမှာ ချ၍သာလျှင် ၃၆၆
ထက်အသညာ အစ္ဆပါ ၃၄၇

[ဒ]

ဒဂုံပြည် ၂၅၁
ဒဂုံမြို့ ၄၈
ဒီဂုမ္ဘစေတီ ၄၈၊ ၁၇၅
ဒီဃနိကာယ်(ဆောင်) ၁၉
ဒီပဲယင်းမြို့ ၁၀၂၊ ၁၀၄၊ ၁၇၈၊
၈၄၊ ၈၉၊ ၂၀၄
ဒုတိယစစ်ကိုင်းမြို့တည်မင်း ၁၀၈၊
၁၀၉၊ ၁၁၃
ဒုတိယဆပွဒမထေရ် ၂၂၅
ဒုတိယတဲဆိပ်တော်(ဦးဗုဒ်) ၁၂၈
ဒုတိယ ဗာကရာ-
သာသနာပိုင် ၁၃၁၊ ၁၃၂
ဒုတိယမင်းခေါင် ၈၂
ဒုတိယမောင်းထောင်ဆရာတော် ၅၅
ဒုတိယသာသနာနဂ္ဂဟာမင်း ၂၃
ဒုတိယသင်္ကိယနာတင်ခန်း ၂၁
ဒုတိယအရိယာလင်္ကာရမထေရ် ၉၁
ဒေဝါနုံပိယ တိဿမင်းကြီး
(နတ်ရွာစံ) ၃၄
ဒေါဏပုဏ္ဏားကြီး ၃၂၀၊၃၂၄၊၃၂၅
ဒေါဖရုံ(ငသရောက်) ၂၂၄

[ဓ]

ဓနဥ္ဇာနီ ၅
ဓာတုကထာ(နန်းကျောင်းမူ) ၉၈
ဓာတုပရိနိဗ္ဗာန်ဆိုသည်ကား ၃၃၀
ဓာတုသာသနာဆိုသည်ကား ၃၁၅
ဓားရောင် လှံရောင်
ပြိုးပြိုးပြောင် ၁၁၉
ဓာတ်ကြီးလေးပါး ၂၃၆
ဓာတ်တော်တို့၏ အချင့်
ပမာဏ ၃၁၉
ဓမ္မကိတ္တိမထေရ် ၁၆၄
ဓမ္မစေတီယမင်း ၁၆၂၊၁၆၃၊၁၆၄၊
၁၇၄၊၃၇၅
ဓမ္မဓရမထေရ် ၁၉၇၊ ၁၉၈

http://www.dhammadownload.com

ဓမ္မနန္ဒာဇဂုရု ၉၅
ဓမ္မပါလမင်းကို စစ်ကူ ၃၇၂
ဓမ္မရာဇဂုရုမထေရ် ၁၉၆၊ ၁၉၈
ဓမ္မရာဇာ ၆၅
ဓမ္မရာဇိကမထေရ်(မြန်မာ) ၁၆၆
ဓမ္မရက္ခိတမထေရ်(မြန်မာ) ၁၆၅
ဓမ္မဝိနိစ္ဆယအမတ် ၁၁၆
ဓမ္မသာကစ္ဆာကထာသလ္လာပ ၉၂
ဓမ္မသာကစ္ဆမဂ်လာ ၂၅၈
ဓမ္မသတ်၊ အဋ္ဌသခေ်ပ
ဝဏ္ဏနာကျမ်း ၃၆၅
ဓမ္မအမွေလွဲအပ်နည်း ၂၇၉
ဓမ္မာသောကမင်း ၃၀၂
ဓမ္မိကချောင် ၁၄၁
ဓမ္မဿာဝနမဂ်လာ ၂၅၈

[နံ]

နဂါး ၅၄
နဂါးမနှင့်ဝိဇ္ဇာဓိရ်လုလင် ၁၅၉
နယော=နည်း၊
ဝိနယော=ဝိနည်း ၃၆၇
နရပတိစည်သူမင်း ၆၃၊ ၆၄၊ ၁၀၄
နရပတိမင်းကြီး ၇၇၊ ၈၃
နရပတိစည်သူမင်း(လက်ထက်
သံဃာကွဲ) ၂၂၂
နရသူရ(အမတ်) ၁၆၉
နရာဝရမင်း ၈၉၊ ၉၈၊ ၉၉၊ ၁၀၀
နရိန္ဒာဘိ xx ဂုရု
(သေနတ်ဝန်ကြီးဆရာ) ၁၄၈
နရိန္ဒာဘိဓေ xx ဂုရု
(ရှင်နန္ဒမာလာဘွဲ့) ၁၁၃
နဝင်းကျောင်း ၉၀
နဝင်းတောင်ကြား ၉၀
နဝိပွဟိလာကျွန်း ၂၅၂
နာခံတော် သခံယာပြန်
အမိန့်တော် ၁၈၇
နာဂိန္ဒာဘိဓေ xx ဂုရု ၂၀၂
နာယကဂုဏ်ခြောက်ပါး ၁၃၅
နိကာယအားဖြင့် ငါးပါး ၁၀
နိဂဏ္ဌရဟန်း ၃၁၄
နိဗ္ဗဝဝတ် ၁၄၁
နိရုတ္တိမဋ္ဌသာဋ္ဌီကာ ၉၇
နေမိဘုံခန်း ၃၆၅
နေမိမင်းကြီး ၁၃၄
နေမျိုးဓမ္မသင်္ကြံ ၁၄၆
နောက်အဋ္ဌကထာဆရာ ၁၄၀
နောက်ပစ် ယသတ်
သမာနတော ၃၆၄
နောက်ပစ် ပသတ်
ဣမေညောသဒိသာ ၃၆၄
နောက်ပစ်ဝိသဒ္ဓနီနှင့် သဟဲ ၃၆၆
နောက်ပစ် အမြစ်နှင့် ခဲ့ ၃၆၃
နောင်တော်ကြီးမင်း ၁၂၁၊၁၂၄၊၁၂၃
နောင်တော်ကြီးမင်းအမိန့် ၁၂၄
နောင်တော်စုက္ကတေး ၅၆
နတ်စက်ရောင်ဆရာတော် ၁၀၀
နတ်ထောင်ဂိုဏ်း ၂၂၃၊ ၂၂၅
နတ်ရဲရွာ(ဦးညေယျဇာတိ) ၁၃၀
နတ်စက်ရောင်အရပ် ၉၅

http://www.dhammadownload.com

နန္ဒာထေရီမ ၂၃
နေတ္တိဋ္ဌိကာသစ်
(မောင်းထောင်ပြု) ၁၁၇
နေတ္တိပါဋိတော်နိဿျ ၈၂
နန္ဒာဒေဝီ ၁၅၄
နန္ဒမာလာမထေရ်
(ပေါက်မြင့်ဇာတိ) ၁၁၀
နန္ဒယော်ဓအမတ် ၁၉၆
နန္ဒာဘိဓေ xx ဂုရု ၂၀၃
နန်းကျောင်းမူသဒ္ဒါကြီးနိဿျ ၉၈
နန်းဖွင့်မော်ကွန်း ၈၃
နမွအမည်ရှိသောဒါယကာ ၇၈
နမွဒါနဂါးနှင့် သစ္စဗန္ဓရသေ့ ၅၁
နိဒ္ဒေသကျမ်း ၆၄
နိဿရဏတ္ထသင်ကြားခြင်း ၂၄၈

[ပ]

ပခုက္ကူမြို့ ၁၃၀၊ ၂၂၇
ပခုက္ကူမြို့အရှေ့တိုက်သစ် ၂၂၇
ပဋိပတ္တိသာသနာဆိုသည်မှာ ၉
ပဋိပတ္တိသဒ္ဒမှုဟူသည် ၃၀၁
ပဋိဝေဓသာသနာဆိုသည်မှာ ၁၀
ပဋိဝေဓသဒ္ဒမှုဟူသည် ၃၀၁
ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာနိဿယ
(သဲအင်း) ၁၃၂
ပဋိက္ကယား ၂၅၂
ပဋ္ဌာန်းက(စ၍ကွယ်) ၃၁၁၊ ၃၁၂
ပဋ္ဌာန်းအကောက်
(နန်းကျောင်းမူ) ၉၈
ပဋ္ဌာန်းအလှူတော် ၂၁၁
ပထမကျော်အောင်စံထား
ဆရာတော် ၁၀၃
ပထမဆပ္ပဒမထေရ် ၂၂၅
ပထမပြန်စာမေးပွဲ ၂၀၉
ပထမတံဆိပ်တော်(ဦးဗုဒ်) ၁၂၇
ပထမသင်္ဂါယနာ ၁၃၊ ၁၄
ပထမအရိယာလင်္ကာရမထေရ် ၉၇
ပဒုံမြို့ ၁၉၇
ပရိဗိုဇ်ဂိုဏ်း ၃၀၈၊ ၃၁၅
ပရမတိလောကမင်း ၁၈၁
ပရမတ္ထဒီပနီဋီကာ ၈၁၊ ၂၀၄၊ ၂၀၅၊
၂၀၆
ပရမတ္ထသံ့ဃာ၊ သမုတိသံ့ဃာ ၅၇
ပရမသီရိဝံသ xxဂုရု(မဲထီးဘွဲ့) ၁၁၆
ပရမတ်ငယ်ကျမ်း ၆၅
ပရမတ္ထဝိသောဓနီကျမ်း
(ချောင်းဦး) ၂၀၆
ပရိနိဗ္ဗာန်သုံးမျိုး ၃၂၉
ပရိယတ်ကိုဆောင်ပုံ ၁၁
ပရိယတ္တိသာသနာ ၉
ပရိယတ္တိသဒ္ဒမှုဆိုသည် ၃၀၁
ပရိဝါပါဋိတော်ကစကွယ် ၃၁၃
ပရိသတ်လေးပါး ၂၃၆၊ ၂၃၇
ပရက္ကမချောင် ၇၁
ပရက္ကမဆရာတော် ၁၅၂၊ ၁၉၁
ပရက္ကမမထေရ်(၂)ပါး ၇၁၊ ၁၉၇
ပရက္ကမဗာဟုမင်းနှင့်
နရပတိစည်သူ ၆၄
ပရိတ်ကြီးဋီကာ ၈၉၊ ၁၀၀
ပလိုင်းရွာ ၁၀၄

http://www.dhammadownload.com

ပါတလိပုတ်ပြည် ၂၃၊ ၅၁၊ ၁၄၀
ပါဒစေတီ ၉၃
ပါရမီတော်ခန်းပျို့ ၈၂၊ ၃၆၇
ပရမီသွာနတ် ၅၄
ပါရာယနဝတ္ထု ၈၂
ပါဠိတော်နည်း(ရပ်ပြစ်ရှစ်) ၃၄၆၊ ၃၄၉ ၃၅၀
ပိဋကတ်(မီးရှို့) ၈၃
ပိဋကတ်အားဖြင့်သုံးပါး ၁၀
ပိတောက်ချောင် ၁၄၀
ပခန်းကြီးဆရာတော် (၁၄၄)
ပခန်းကြီးမြို့ ၉၂၊ ၉၃၊ ၁၀၆၊ ၁၄၄ ၁၅၈
ပခန်းဆရာတော် ၂၀၀
ပခန်းသမုတိ သာသနာပိုင် (၁၅၅)
ပုဂါမ ၆၀၊ ၆၁၊ ၁၅၇
ပုဂံ ၅၆၊ ၆၀၊ ၆၉၊ ၇၆၊ ၈၄၊ ၁၅၆
ပုဂံကျေးလက်ကုန်းတန်းကြီးရွာ ၂၂၅
ပုဂံကျေးလက်ဥမင်ကျောင်း ၂၂၅
ပုဂံကျောစွာမင်း ၆၈၊ ၆၉
ပုဂံနော်ရထာ ၁၇၄
ပုဂံပြည် ၅၆၊ ၅၇၊ ၆၃၊ ၆၆၊ ၇၆၊ ၉၃၊ ၁၅၆၊ ၁၅၇၊ ၁၉၈
ပုဂံပြည်မှာချည်း မင်းသုံးကြိမ် ၆၆
ပုဂံဘုရားပေါင်း ၆၉
ပုဂံမင်း ၁၃၁၊ ၁၃၂၊ ၁၃၃
ပုဂံမင်းသမီး ၁၅၅
ပုဂံရာဇဝင်ချုပ် ၆၁
ပုဂံသားရဟန်းတစ်ပါး ၈၀
ပုဂသားအာဂန္တုက ၈၁
ပုဂံသူယာခင်းစောင့် ၆၈
ပုဂံအိမ်ခြေပေါင်း ၆၉
ပုဂံရွှေစည်းခုံကျောက်စာ ၁၇၉
ပုဇွန်တောင်ကျောင်းကြီးတိုက် ၂၁၅
ပုဇွန်တောင်မြေပိုင်တန်းရပ် ၂၁၄
ပုဇွန်တောင်ရော်ဝက်မြေ ၂၁၄
ပုနရွတ္တိဒေါသ ၈၀၊ ၈၁
ပုသိမ်မြို့ ဆပွဒရွာ ၆၄
ပုဂါမ ၆၀၊ ၁၅၇
ပုတကေမင်း ၃၇၁
ပုရိမဂိုဏ်း ၂၂၂
ပေထက်အက္ခရာတင်ပုံ ၃၉
ပဲခူးမြို့ ၁၆၃
ပဲခူးရာဇာဓိရာဇ် ၇၆
ပယ်တစ်ဆယ်ကို ပဲတစ်ဆယ် ၃၆၄
ပေါရဏကထာကျမ်း ၃၆၄
ပေါရာဏဥဒါန်းပဏာမ ၆
ပက္ခာ ၂၅၂
ပေါက်ကွဲပြည် ၆၀
ပေါက်မြိုင်မြို့စား ၁၈၈
ပေါက္ခရဝတီမြို့ ၄၈
ပေါက်မြင့်(ရွာ) ၁၁၀
ပင်းယပဉ္စင်းပျို ၇၇
ပင်းယမြို့ ၇၀၊ ၇၁၊ ၇၂၊ ၇၇၊ ၈၃
ပင်းယသူကြီးဟ် ၇၆
ပင်လယ်မြို့ ၇၀
ပေါင်းတောင်ဂူဆရာတော် ၂၀၂
ပစ္စုပ္ပန်ဆရာ ၉၅
ပစ္စန္တရာဇ်အရပ်များ၌ ၂၇၊ ၅၁
ပစ္ဆိမဂိုဏ်း ၂၂၂

http://www.dhammadownload.com

ပစ္ဆိမဝန်ကျောင်းတိုက် ၉၆
ပဋ္ဌင်းကျော် ၉၀
ပဋ္ဌမသင်္ဂါယနာတင် ၁၅၀
ပညာဇောတ xx ဂုရု (ဗားကရာဘွဲ့) ၁၄၆
ပညာဇောတ xx ဂုရု (ဒု-ဗားကရာဘွဲ့) ၁၃၁
ပညာသာမိ xx ဂုရု (မောင်းထောင်) ၁၀၁၊ ၁၇၉၊ ၃၆၄
ပညာသာမိ xx ဂုရု (ဘုံကျော်ဘွဲ့) ၁၄၇
ပညာသာမိ xx ဂုရု (ပေါင်းထောင်ဂူဘွဲ့) ၂၀၂
ပညာသီဟသာသနာလင်္ကာရ xx ဂုရု ၁၄၆
ပညာသီဟာဘိ xx ဂုရု ၁၄၇
ပဋ္ဌာနသာရဒီပနီ ၁၇၅
ပတ္တာနိကုဏ္ဍနက် ၂၈၇၊ ၂၈၉
ပန်းရ၊ ပင်းယ ၇၀၊ ၈၃၊ ၁၅၇
ပဏ္ဏာရဂေါရတ္တရသော့ ၂၄၀
ပန်းလောင်မြစ် ၈၇
ပိသုပြည် ၂၅၁
ပုပ္ပားဝန်ထောက်မင်း ၁၈၇
ပုဗ္ဗဝန်ကျောင်းတိုက် ၉၆
ပုညာဘိဓေ xx ဂုရု (အင်းကန်းဘွဲ့) ၁၄၄
ပုညရင်စေတီ ၇၇၊ ၇၈၊ ၈၀
ပုဏ္ဏကိမ ၅၉၊ ၆၀၊ ၁၅၇
ပြာနဒသီမထေရ် ၆၄
ပျူကိမ ၆၀
ပျူစောထီးမင်း ၅၂၊ ၆၀
ပြက္ခရွေ့တောင် (ကျောက်ဆည်) ၆၆
ပြင်စည်မြို့စား မင်းဆွေ ၇၆
ပြည် တစ်ချို့ထွက်ပြေး ၈၃
ပြည်ဘုရင်သတိုးမင်းစော ၈၄
ပြည်မင်းသား ၉၇
ပြည်မြို့ ၉၀၊ ၁၁၆
ပြည်မြို့စားမင်းသား ၁၁၆
ပြဿဒါးဘုရား ၆၅
ပြဿဒါးမင်းကြီး ၆၅

[ဖ]

ဖျသီးဆယ်ရွာဒုဿီလ ၁၀၂

[ဗ]

ဗဒုံမြို့ ၁၂၅
ဗဟုသစ္စမင်္ဂလာ ၂၉၃
ဗဟင်းဆရာတော် ၁၀၆
ဗာရာဏသီပြည် ဥသိနကမင်း ၃၀၃
ဗားကရာဆရာတော် ၁၄၆
ဗားကရာသာသနာပိုင် (တဲ့ဆိပ်လေးထပ်) ၁၃၂
ဗေဒင်လင်္ကာရီး(ကင်းဝန်ရေး) ၃၆၆
ဗင်္ကလာဆရာတော်ဦးရဝိန္ဒ ၂၁၂
ဗညားဦး ၁၆၃၊ ၁၇၅
ဗန်ကျီဆရာတော် ၁၄၄
ဗန်ကျီတိုက် ၁၁၀၊ ၁၄၄
ဗုဒ္ဓဃောသမထေရ် ၃၈
ဗုဒ္ဓဝံသမထေရ်(မြန်) ၁၆၇

http://www.dhammadownload.com

ဗုဒ္ဓုပ္ပတ္တိပျို့ ၈၂
ဗုမ္ဘဆရာတော်(ပခန်း) ၂၂၉
ဗြည်း ၁၇၉
ဗြဟ္မဇလသုတ် ၅၂
ဗြဟ္မဏတိဿ(ဘေးကြီး) ၃၆
ဗြဟ္မာမင်းသည် သမ္မာသမ္ဗုဒ္ဓဿ ၇
ဗြဟ္မာယုပုဏ္ဏားကြီး ၅

[ဘ]

ဘထွေးတော် ၈၆
ဘယော ၁၇၉
ဘဝရွှင်မင်းတရားကြီး
အမိန့်တော် ၁၈၅
ဘာဏဝါရအားဖြင့် ၁၉
ဘာသာတစ်ပါး(အထင်ကြီး) ၂၈၃
ဘား၊တမော့ မွန်ဆရာတော် ၈၉
ဘား၊မဲ့ဆရာတော်အကျော် ၈၈
ဘိရဏိနတ်သမီး၏ဖိမာန်ပုံစံ ၃၅
ဘုရားကြီးဆရာတော် ၃၆၄
ဘုရားစကားတော် ၁၁
ဘုရားဆင်းတုတော်များကို
မကိုးကွယ် ၁၆၀
ဘုရားဖြစ်၍သုံးလနှင့်ငါးရက် ၄၇
ဘုရားရေချိုးဆင်း ၆၉
ဘုရားလောင်းမင်းကြီး ၁၀၄
ဘူရိဒတ်ဇာတ်ပေါင်းပျို့ ၈၂
ဘူရိဒတ်လင်္ကာကြီးပျို့ ၈၂
ဘုရင်ဂျိုကုလား ငစင်ကာ ၁၇၃
ဘုရင်ခံမင်း ဆာဟရှ.ဘန်း ၂၀၁
ဘူဝနေကဇာဟုမင်း ၁၆၄၊ ၁၆၆
ဘော်မဲ့ဆရာတော် ၂၂၁
ဘိုးတော်မင်းတရား ၁၁၅၊ ၁၁၈၊
၁၁၉၊ ၁၂၀၊ ၃၀၂၊ ၃၇၃
ဘိုးတော်ဦးဝိုင်း ၄၂၊ ၁၆၂၊ ၁၉၇
ဘိုးတော်အဋ္ဌနမင်းကြီး ၁၄
ဘိုးတော်ဦးဝိုင်း စိတ်ဖောက် ၁၂၁
ဘက်တြိယာနယ် ၁၈၁
ဘုတ်(စာအုပ်) ၁၄၀
ဘဏ္ဍာဂါရိက သင်ကြားခြင်း ၂၄၈
ဘိန့ကစော်ဘွားသား သိခံဗိုလ် ၆၉
ဘိန့ကရာဇမင်း ၆၁
ဘိန့ဂဂါမင်းကြီး ၁၅၉
ဘုံကျော်တိုက်ဆရာတော် ၁၄၇
ဘုံကျော်ဝေယံ ၁၁၃
ဘုမ္မိရာဇာဓိပတိမင်း(သိဟိုဠ်) ၁၇၃
ဘုမ္မိရာဇာမင်း(သထုံပြည့်ရှင်) ၄၂
ဘုံစံတုလွတ်ကျောင်း
ကျောက်စာ ၁၇၉
ဘုံသာဝေယံကျောင်းတော် ၁၁၅

[မ]

မကာရလောပ ၁၀၉
မဂဓအဘိဓာန်နိဿယ ၁၀၃
မဃဒေဝလင်္ကာသစ် ၃၇၂
မငြိုးမငွေ့ အန်မာစေ့ ၃၆၃
မစိုးရိမ်ကျောင်းတိုက်တည် ၂၁၂၊ ၂၁၃
မထေရ်ကြီးနှစ်ပါးသဒ္ဒါထမ်း ၁၀၅
မဏိကုဏ္ဍလဝတ္ထု ၈၈၊ ၁၉၉
မဏိဇောတ xx ဂုရု
(ခင်မကန်ဘွဲ့) ၁၄၆

http://www.dhammadownload.com

မဏိဒီပကျမ်း ၁၉၉
မဏိသာရမထေရ်(မြန်) ၁၆၆
မဏိသာရမဠာသာဠီကာ ၇၉၊ ၈၁၊ ၂၀၄
မဓုသာရတ္ထဒီပနီ ၁၇၅
မနုဟာဘုရား ၆၃
မနုဟာမင်းဘုန်းတန်ခိုး ၆၃
မနော်ဟရီမင်း ၅၈၊ ၅၉
မနုဟာမင်း ၅၈၊ ၅၉၊ ၆၂၊ ၁၇၄၊ ၆
မုနောလင်ပန်း ၆၃
မနုဿီဟရုပ် ၅၃
မရိစိဝဋ္ဌစေတီတော် ၃၅
မရိစိဝဋ္ဌကျောင်းတိုက် ၃၅
မလယဇနပုဒ် ၃၇၊ ၁၄၂
မဟာကာဠမထေရ် ၆၄
မဟာစေတီတော်ကြီး ၂၃၅၊ ၂၆၆
မဟာဇောတိကရာမ စံကျောင်းတိုက် ၂၀၄
မဟာတိဿမထေရ် (သီရိလင်္ကာ) ၂၆၆
မဟာတိဿမထေရ်(အမြင့်) ၁၉၇၊ ၁၉၈
မဟာဒါန်စာရေး ၁၈၂၊ ၁၈၇၊ ၁၈၅
မဟာဒါန်ဝန် ၁၈၂၊ ၁၈၃၊ ၁၈၅၊ ၁၉၂၊ ၁၉၂
မဟာဓမ္မရာဇာ ၈၇
မဟာဓမ္မရက္ခိတမထေရ် (မဟာရဋ္ဌ) ၂၇
မဟာဓမ္မရာဇာဓိရာဇာ (စဉ့်ကူးမင်းဘွဲ့) ၁၁၀
မဟာဓမ္မသင်္ကြံ ၁၄၆
မဟာနာမမင်း ၃၉၊ ၄၂
မဟာနိဒ္ဒေသအဋ္ဌကထာ နိဿယ ၁၃၁
မဟာပဝရ xx လောကာဓိပတိ ၉၇
မဟာပိန္ဒဲကို နောက်ပစ်နှင့်ရေး ၃၆၆
မဟာပိန္ဒယ်း၊ ဘော်သဟယ်းက ၃၆၆
မဟာမဟိန္ဒမထေရ် (သီရိလင်္ကာ) ၂၉၊ ၆၄
မဟာမြတ်မုနိဘုရား ၈၇၊ ၈၉၊ ၁၁၇
မဟာရတနာကရမထေရ် ၈၅
မဟာရတနာဘုံသာကျောင်း ၁၃၂
မဟာရာမမထေရ် ၈၈
မဟာရေဝမထေရ်(မဟီသက) ၄၁
မဟာရက္ခိတမထေရ် (ယောနက) ၄၁၊ ၁၇၇၊ ၁၇၉
မဟာလောကမာရဇိန် စေတီတော် ၁၄၉
မဟာဝဂ္ဂသံယုတ်က စ၍ကွယ် ၃၁၂
မဟာသာမိမထေရ် ၁၉၆
မဟာဝိဇိတာရုံတိုက် ၁၄၄
မဟာဝိဟာရကျောင်းတိုက် ၃၉
မဟာဝိဟာရဝါသီဂိုဏ်း ၄၆၊ ၁၆၃၊ ၁၇၂
မဟာဝံသကျမ်း ၄၄
မဟာဝိဟာရဝါသီအနွယ် ၁၆၄
မဟာဝေယ်ဘုံသာစံကျောင်း ၁၃၁
မဟာသာဓုဇနသူတော်ကောင်းကြီး ၈၄
မဟာသီရိဇေယျသူ ၁၄၈
မဟာသီဝလိမထေရ် ၁၆၅

http://www.dhammadownload.com

မဟာသီဟသူရဓမ္မရာဇာ ၉၈
မဟာသူမြတ်မထေရ် ၈၄
မဟာသင်္ကြံခေါ် ၁၅၁
မဟာသံဃနာထ ၈၈
မဟာသမ္ဘဝ ၆၁၊ ၁၅၆
မဟာအတုလ ယသဓမ္မ
ရာဇာဂုရု ၁၀၄
မဟာအဘယာရုံတိုက် ၁၄၄
မဟာအရိယာဝံသမထေရ် ၈၅၊ ၁၉၈
မဟာသုတကာရီ မဃဒေဝ
လင်္ကာသစ် ၂၀၇
မဟာအောင်မြေဘုံစံ
အုတ်ကျောင်း ၁၂၅၊ ၁၂၇၊ ၁၂၈
မဟာအောင်မြေဘုံသာကျောင်း ၁၂၂
မဟိန္ဒပါလမထေရ် ၇၁
မဟိန္ဒမင်းကြီး ၆
မဟိန္ဒရစ်တောင် ၃
မာလာလင်္ကာရ xx ဂုရု
(တောင်တော်ဘွဲ့) ၁၅၄
မိဖုရားကြီး(ဆန္ဒ) ၁၅၃
မိဖုရားခေါင်ကြီးကကြီးမှူး ၁၄၇
မိဖုရားဖွားစော ၆၉
မိလိန္ဒပဉ္ဉာ ပါဠိတော် ၁၈၀၊ ၁၈၁
မိလိန္ဒမင်းကြီး ၁၈၁
မီးတက် ၂၅၂
မုဆိုးဖိုရွာ ၁၀၄
မုဋ္ဌသိဝမင်းကြီး ၄၄
မုနိငါးပါး ၈
မုနိန္ဒဃောသမထေရ် ၁၀၆၊ ၁၀၇၊
၁၉၆၊ ၁၉၈
မုနိန္ဒဃောသမထေရ်လူထွက် ၁၀၈
မုနိန္ဒဃောသရာဇဂုရု
ဆရာတော် ၁၂၀
မုနိန္ဒပရမ xx ဂုရု(စကုဘွဲ့) ၁၄၆
မုနိန္ဒာဘိဝံသ xx ဂုရု ၁၂၂
မုနိန္ဒာဘိသိရိသဒ္ဓမ္မဓဇ xx ဂုရု ၁၂၂
မူဟောင်းရွေးစာ မိန့်ဆိုမှာရှင့် ၃၆၃
မေဃဝတီဆရာတော် ၂၀၂
မေဓာဘိဝံသ xx ဂုရု
(ညောင်ကန်ဘွဲ့) ၁၄၅၊ ၁၄၆
မဲထီးဆရာတော် ၁၁၆၊ ၁၇၉
မော်တောစေတီ ၁၆၉
မောဓောစေတီတော် ၉၂၊ ၁၇၅၊
၂၃၅
မောလီယပြည် ၃၂၀
မော်လမြိုင်သွေး
(သင်္ကန်းရောင်) ၂၉၆
မိုးကောင်းဆရာတော်
(နယ်နှင်ခံရ) ၁၉၁၊ ၂၀၂
မိုးကောင်းတိုက်
စာချဆရာတော် ၂၀၂
မိုးကြီးချုပ်လို့ ဗုတ်ကြီးမြည် ၁၂၅
မိုးညှင်းဇလုံကြီးသား ၈၃
မိုးညှင်းမင်းတရားကြီး ၇၆
မိုးညှင်းမြို့စား ၇၆
မိုးတားဆရာတော် ၂၀၀
မိုးထီကျောင်းဒါယကာ ၁၁၀
မိုးထိတိုက်ဆရာတော် ၁၄၇
မိုးဇြနရပတိမင်း ၈၅
မဣဒေဝမင်းကြီး ၁၃၄

http://www.dhammadownload.com

မကွရာဆရာတော် ၁၄၅
မောက်ကျိုးဆရာတော် ၂၀၂
မောဂ္ဂလာနမထေရ် ၁၆၅၊ ၁၆၇
မောဂ္ဂလီ ပုတ္တတိဿ
မထေရ်ကြီး ၂၅၊ ၅၁၊ ၅၄
မင်္ဂံလာစံလွတ်ကျောင်းတော် ၁၁၅
မင်္ဂံလာဘုံကျော်ကျောင်း ၁၁၆၊ ၁၂၈
မင်္ဂံလာမရှိသောရဟန်းတို့ ၁၀၂
မင်္ဂံလာဝေယံ ၁၁၅
မင်းကျင့်တရားဆယ်ပါး ၁၃၄
မင်းကြီးစွာစော်ကဲ ၇၅၊ ၇၆
မင်းကွန်းတောရ ၁၂၂၊ ၂၀၇
မင်းခေါင် ၈၂
မင်းခေါင်ကြီးသိမ် ၇၆
မင်းတရားကြီးကိုယ်တိုင်ကြီးမှူး ၁၄၆
မင်းတရားရွှေထီး ၁၇၂
မင်းတဲရွာ ၁၄၄
မင်းတဲဆရာတော် ၁၄၄
မင်းတုန်းမင်းကြီး(ဆန္ဒ) ၁၅၀
မင်းတုန်းမင်းတရားကြီး ၁၃၂၊ ၁၃၆၊
၁၄၀၊၁၄၂၊ ၁၄၇၊ ၁၅၀၊ ၁၅၁၊ ၁၅၃၊
၁၅၄၊ ၁၉၈၊ ၂၀၄
မင်းတုန်းမြို့ ၁၃၃
မင်းတစ်ကြိမ်ဖြစ်မှ
ပေါက်စေသော် ၆၆
မင်းနှစ်ဆက်တိုင်တိုင်အရုံးပေး ၁၁၄
မင်းမြောက်တန်ဆာငါးပါး ၁၃၄
မင်းရဲကျော်စွာ ၉၀၊ ၉၀၊ ၉၄
မင်းရဲကျော်ထင် ၁၀၀
မင်းရဲရန္တမိတ် ၉၇
မင်းရွာဆရာတော် ၁၁၅
မင်းလှမဟာစည်သူ ၁၄၈
မင်းဝန်တောင်တန်း ၈၆
မင်းသုံးယောက်
သာသနာမချီးမြှောက် ၃၇၃
မင်းအို(ရှင်စောပုဘွဲ့) ၁၆၂
မင်းအိုဆရာတော် ၁၁၅၊ ၁၄၇၊ ၁၉၇၊
၂၂၈
မောင်ပို
(သာသနာ ၁၀၀၀ ဟုယူ၍) ၃၀၂
မောင်မြို့(ဥပဒေတောင်းဆို) ၂၉၂
မောင်ဖျော် ၁၀၉
မောင်းထောင်ကြီးရွာ ၁၄၄
မောင်းထောင်ဆရာတော် ၅၄၊ ၁၁၄၊
၁၁၇၊ ၁၄၄၊ ၁၇၉၊ ၁၉၇၊ ၁၉၉
မောင်းထောင်ရွာ ၁၀၅၊ ၁၁၄
မောင်းထောင်သာသနာပိုင် ၁၃၂
မဇ္ဈိန္ဒကမထေရ်(ကသ္မီရဂန္ဓာရ) ၄၁
မဇ္ဈိမနိကာယ်(ဆောင်) ၁၉
မဇ္ဈိမမထေရ်(စိန့်တိုင်း) ၄၁
မေတ္တာဂိုဏ်း ၃၀၈
မေတ္တာဘာဝနာမထေရ် ၄၇
မုတ္တမ မဏ္ဍာလ ၁၆၃
မုတ္တမမြို့ ၁၇၄
မန်ကျည်းအင်း ၈၇
မာန်ဂိုဏ်း ၃၀၈
မန်လည်ဆရာတော် ၁၁၀၊ ၁၁၅၊
၁၂၂၊ ၁၃၂၊ ၂၀၄၊ ၂၀၇၊ ၂၀၈၊ ၂၀၉
မန်လည်မြို့ဝန် ၂၀၈
မာရ်အောင်တိုက်ဆရာတော် ၁၄၇

http://www.dhammadownload.com

မာရ်အောင်ရတနာစေတီဒါယကာ သီပေါမင်း ၁၀၂၊ ၁၁၂၊ ၁၅၄
မန်းစက်တော် ၉၃
မန္တလေး တောင်မြို့ ၄၆၊ ၁၃၂၊ ၁၅၇၊ ၁၉၇
မန္တလေး မြောက်မြို့ ၄၆၊ ၁၅၇
မန္တလေး ရတနာပုံ ၁၃၃၊ ၁၅၀၊ ၁၅၄ ၁၉၂၊ ၁၉၅၊ ၁၉၈၊ ၂၀၀
မန္တလေးရွှေမြို့တော် ၁၄၁၊ ၂၀၀
မုန့်သည်မိန်းမ ၁၂၄
မုံတိုင်ပင် ၁၇၈
မိတ္ထိလာမြို့ ၁၄၄
မိတ္ထိလာဆရာတော် ၁၄၄၊ ၁၄၆
မိဿကတောင်ထိပ်သို့ ၄၃
မြေဒူးမြို့ ၈၅
မြေဒူးမထေရ် ၈၅
(မြေ)လှူဒါန်းအလေ့ ၁၂၄
မြို့တင် သွေးသောက်ဧည့် (ပြန်အမိန့်) ၁၈၅
မြို့ပြင်ကြီးဆရာတော် ၂၀၂
မြို့ရွာနိဂုံးတို့၏အထူး ၃၆၇
မြို့လုလင်ရွာ ၈၂
မြို့သာဆရာတော် ၂၀၂
မြို့ဝှမ်းတိုက် ၁၃၃
မြင်းကပါအရပ် ၆၃
မြင်းစိုင်းပြည် ၁၅၇
မြင်းစိုင်းမြို့ ၇၀၊ ၁၅၅
မြောက်နန်းကျောင်း ဆရာတော် ၉၈
မြန်မာ ဝစ္စဝါစက ၃၆၅
မြမွာကို နသတ်၍ရေးခြင်း ၁၈၀
မှက္ခရာမြို့ ၇၀၊ ၁၄၅
မှတ်လေ ဆဲးငါး ပဒဋ္ဌ မှတ်လေ ဆဲငါး ၃၆၅
မှန်စီကျောင်း ၉၈
မှန်နန်းရာဇဝင် ၁၈၀
မှန်းနန်းရာဇဝင်ကို ပုံနှိပ်သူတို့ မှားယွင်း ၃၇၁
မွန်တလိုင်းဘုန်းကြီး ၁၀၁
မွန်ရာဇဝင် ၁၆၃

[ယ]

ယင်ယဲသတ် အမြစ်နှင့်ဇယ် ၃၆၃
ယမိုက်(နန်း) ၉၈
ယသမထေရ် ၁၀၄
ယသဝဗုနဝတ္ထု ၉၀
ယသတ် နောက်ပစ် နှစ်ချက်သင့် ၃၆၄
ယောနကဓမ္မရက္ခိတ မထေရ် ၁၇၇၊ ၅၄၊ ၅၅
ယောနကရဋ္ဌ ၅၅
ယောနကဆိုသည်မှာ ၁၇၈
ယောနကတိုင်း ၁၇၆၊ ၁၇၇၊ ၁၇၈ ၁၈၁
ယောနကလောက်၊ ပန်းသေး ပြည်သို့ ၁၇၈
ယောနကအရပ် ၁၇၇
ယောမြို့စားမင်းကြီး ၁၄၈
ယိုးဒယားကိုအောင်မြင် ၁၇၂
ယို့ဒယား ဧင်းမယ် ၁၈၁

http://www.dhammadownload.com

ယိုးဒယားနိုင်မော်ကွန်း ၇
ယိုးဒယားပြည်ကား
ယောနက ၁၇၉
ယိုးဒယားမြောက်ပိုင်းကို
ယောနက ၁၈၁
ယိုးဒယားသို့စစ်ချီ ၁၀၈
ယပ်ထောင်(ဟူသည်) ၂၂၀
ယွန်းလူမျိုးတို့နေရာကို
ဇင်းမယ် ၁၇၉

[ရ]

ရခိုင်မင်းရာဇာကြီး ၃၇၂
ရတနဗိမာန်ကျောင်း ၈၂
ရတနာကြီးသုံးပါး ၂၅၉၊ ၂၆၂၊ ၂၆၀
၂၆၃၊ ၂၆၅
ရတနာဂိရိမြို့ ၁၅၆
ရတနာဂိရိမြို့၌ နတ်ရွာစံ ၁၅၆
ရတနာပူရမည်သော
အင်းဝပြည် ၁၅၆၊ ၉၊ ၁၉၆၊ ၁၉၅
ရတနာပူရမြို့ ၁၂၉
ရတနာပူရ အင်းဝ ၇၅၊ ၈၂၊ ၈၃၊
၈၇၊ ၉၁၊ ၁၀၀၊ ၁၁၀၊ ၁၁၃၊ ၁၁၅၊
၁၂၁၊ ၁၂၅၊ ၁၅၆၊ ၁၇၈၊ ၁၅၈
ရတနာပူရ အင်းဝပျက် ၁၀၃
ရတနာပုဌမည်သော
မန္တလေးမြောက်မြို့ ၁၅၈
ရတနာပုဌမန္တလေး ၁၅၇
ရတနာပုဏ္ဏမည်သော
မန္တလေးမြောက်မြို့ ၁၅၈
ရတနံရံသိမထေရ် ၂၂၂
ရတနာဘုံကျော်ကျောင်း ၁၂၂
ရတနာသိန်မြို့တော်ကြီး ၁၀၄၊ ၁၀၉၊
၁၁၃၊ ၁၅၃
ရတနာသီဟိုမည်သော
ကုန်းဘောင် ၁၅၈
ရမည်းသင်းမင်းကြီး ၁၀၀
ရမည်းသင်းမင်းကြီးသားတော် ၁၀၁
ရမည်းသင်းမင်းသမီး ၁၅၅
ရသေ့ ၅၄
ရဟန်းတရားဟောဆရာ(ပေါ်) ၂၂၁
ရဟန်းတုရဟန်းယောင် ၅၈၊ ၇၀၊
၂၃၃
ရဟန်းတု ရဟန်းဝါ ၂၃၄
ရဟန္တာထွေး ၇၁
ရဟန္တာ သံဃာတော်များစောင့် ၉၄
ရာဇဂုဏ်ခြောက်ပါး ၁၃၅
ရာဇကြိုဟ်ပြည် ၁၄၊ ၁၄၂
ရာဇဘိသေကကျမ်း ၁၁၄
ရာဇမဏ္ဍိုဠ်ဌာကျောက်စာ ၁၇၉
ရာဇမဏ္ဍိုဠ်ဌာစေတီတော် ၉၁၊ ၉၆၊
၉၇
ရာဇဝင်ချုပ် ၉၈၊ ၁၂၁
ရာဇဝင်ချုပ်လင်္ကာ ၆၁၊ ၇၄
ရာဇဝင်ဟောင်းမှာ ၉၅
ရာဇသဘင် ၁၅၁
ရာဇသင်္ကြံ ၆၉၊ ၇၀၊ ၁၅၆၊ ၁၇၅
ရာဇာဓိရာဇ ဝိလာသိနီကျမ်း ၁၁၇
ရာဇောဝါဒဝတ္ထု ၁၁၇
ရာဇိန္ဒရာဇ နာမာဘိဓေယျ
ဒီပနီ ၈၅

http://www.dhammadownload.com

ရာမညကိုဏ်း ၄၆
ရာမညကိုဏ်းဟူသည် ၄၆
ရာမညတိုင်း ၄၈၊၆၄၊၈၈၊၉၁၊၁၀၄၊ ၁၅၉၊ ၁၆၄၊ ၁၆၇၊ ၁၆၆၊ ၁၆၈၊ ၂၅၁
ရာမတမန်သဘော်သူကြီး ၁၆၄
ရာမဝိပတိမင်း ၁၆၉၊ ၁၇၁၊ ၁၇၂
ရာမာဝိပတိမင်း(နတ်ရွာစံ) ၁၇၂
ရာဟုလာမထေရ် ၆၂
ရာဟုလာမထေရ်(မြန်မာ) ၁၆၇
ရူပသိဒ္ဓိနိဿယ ၁၂၇
ရေကြည်ဂိုဏ်း ၂၂၃
ရေငုံဆရာတော် ၇၇၊ ၇၈၊ ၇၉၊ ၈၀
ရေစကြိုဆရာတော် ၁၃၁၊ ၁၅၃၊ ၁၅၂၊ ၂၂၇၊ ၂၂၈
ရေစကြိုမြို့ ၁၉၁
ရေနန်း ၂၁၄
ရေပေါ် ၂၈၅
ရေမိန်ရွာ ၂၂၃
ရေဝတာဘိကဝိဓေ xx ဂုရု (ဘေးမဲ့ဘွဲ့) ၂၂၁
ရောဟဏမထေရ်ကြီး (စောင့်ပုံ) ၂၇၅
ရက္ခိတမထေရ်(ဝနဝါသီ) ၄၁၊ ၅၅
ရက္ခိသမ ၅၁
ရင်စည်းရဟန်းများပေါ်လာ ၁၇၂
ရင်းတော် ငတမ္ပော်ဆရာတော် ၃၅၀
ရန်ကုန်မြို့ ၄၈
ရန်နိုင်မှူး ၉၀
ရန်ကုန်မြို့၌နတ်ရွာစံ (မိဖုရားကြီး) ၁၅၆
ရန်ဘောင်မင်း ၅၄
ရန်အောင်ကြောင်း ခုနစ်ပါး ၁၃၄
ရန်အောင်ကြောင်း လေးပါး ၁၃၅
ရန်အောင်ကြောင်း သုံးပါး ၁၃၄၊၁၃၅
ရပ်ပြစ်ရွစ်ပါး ၃၄၆၊ ၃၄၈
၍၊ ရွေ့ အထူး ၃၆၃
၍နှင့် ၏ကိုရေးသည့်အခါ ၃၆၃
ရှေးမြန်မာပညတ်ဝေါဟာရ ၃၆၁
ရှေးအင်္ဂကထာကြီးရွစ်ကျမ်း ၄၀
ရှေးအခါက(စာချနည်း) ၂၆၈
ရှင်ခေမာစာရ ၇၅
ရှင်ဂုဏလင်္ကာရမထေရ် ၁၀၁
ရှင်ဂုဏဂန္ဓ ၉၈
ရှင်စောပုဘုရင်မ ၁၆၂
ရှင်တရုတ် လုပ်ကြံ ၉၄
ရှင်တာမလိန္ဒဂိုဏ်း ၂၂၃
ရှင်တေဇောဒီပ ၈၉၊ ၁၀၀
ရှင်ဒီဗွစက် ရဟန္တာ ဒွေး ၇၁
ရှင်နန္ဒမာလာမထေရ် ၁၁၁
ရှင်ဗုဒ္ဓကုံရမထေရ် ၁၀၂
ရှင်ဘုရင်ပြုလုပ်သူတို့၏တာဝန် ၃၇၂
ရှင်ဘုရင်ဖြစ်လာသည်နှင့် ၃၇၂
ရှင်မဟာရဋ္ဌသာရ ၈၂၊ ၈၃
ရှင်မဟာသီလဝံသ ၈၂၊ ၈၃
ရှင်သီဝလိဂိုဏ်း ၂၂၃
ရှင်သုမင်္ဂလသာမိ(သီဟိုဠ်) ၂၀၄
ရှင်ဝိမလဗုဒ္ဓိ ၇၆
ရှင်သာရိပုတ္တရာ ၇၉
ရှင်သုမင်္ဂလသာမိ ၇၉
ရှင်သဒ္ဓမ္မကိတ္တိမထေရ် ၈၃

http://www.dhammadownload.com

ရှင်သဒ္ဓမ္မဇောတိပါလ (ဆပ္ပဒဘဉ္ဇဲ့) ၆၄
ရှင်အရဟံဂိုဏ်း ၉၃၊ ၉၅၊ ၂၂၃
ရှင်အရဟံမထေရ် ၅၆၊ ၅၇၊ ၅၈၊ ၆၂၊ ၆၃၊ ၇၆၊ ၈၅
ရှင်အရိယာဝံသမထေရ် ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁
ရှင်အာနန္ဒာဂိုဏ်း ၂၂၃
ရှင်အဂ္ဂသမာဓိ ၈၄
ရှင်ဥတ္တမကျော်မထေရ် ၈၂
ရှင်ဥက္ကံသမာလာ ၁၀၃
ရှင်ဥတ္တမ(ဦးဥတ္တမ) ထောင်ကျ ၂၂၂
ရှောင်ဖယ်ကို ရှောင်ဖဲ ၃၆၄
ရှမ်း ၅၇ မြို့သည် သုဝဏ္ဏဘူမိတိုင်း ၅၃
ရှမ်းပြည် မိုင်းစည် စလင်းဧည့် ၃၆၃
ရှမ်းရှင်ပြု အလွယ် ၂၇၂
ရှမ်းသိုဟန်ဘွား ၈၃၊ ၃၇၃
ရွှေကျင်ဂိုဏ်း ၁၅၃၊ ၂၀၃
ရွှေကျင်ဆရာတော် ၁၃၂၊ ၁၅၄၊ ၁၉၁
ရွှေကျင်ဆရာတော် (နယ်နှင်ခံရ) ၁၉၁
ရွှေစည်းခုံစေတီတော် ၆၃
ရွှေစည်းခုံရှေ့ ရွှေခြေသုံ့ ၃၆၃
ရွှေတိဂုံစေတီတော် ၄၈
ရွှေတောင်ဆရာတော် ၁၁၆
ရွှေနန်းကျောရှင် ဘုရင်နရပတိ ၈၃၊ ၈၄
ရွှေပြည်ဆရာတော် ၂၀၂
ရွှေပြည်ရန်အောင်မြင်းနယ် တံတားရွာ ၂၂၆၊ ၂၂၇
ရွှေဘို ၁၀၉
ရွှေဘိုဌာနေ အောင်ဒေသ ၁၀၄
ရွှေဘိုမင်း ၁၂၇၊ ၁၂၉၊ ၁၃၀၊ ၁၃၃
ရွှေမြင်းထင်ကျောင်းတိုက် ၂၂၆၊ ၂၂၇
ရွှေရေးပိဋကတ်ပေါ် ၁၀၁
ရွှေသာလျောင်းကျောက်စာ ၁၇၉
ရွှေဥမင်ဆရာတော် ၉၃၊ ၉၄၊ ၁၇၈

[လ]

လကွန်းမြို့ ၁၈၀
လပုန်းမြို့(လဘုံး) ၁၇၆၊ ၁၇၉
လဝလူမျိုး ၁၇၆
လိပ်ဒီပိကာကျမ်း ၃၆၅
လူတရားဟောဆရာ(ပေါ်) ၂၂၁
လူ့ပြည်၌ရှေးဦးစွာသော စေတီတော် ၄၉
လူထွက်မယား မဖြစ်ရလို ၉၉
လူသားစားလိုသောခွေးနက်ကြီး ၃၀၄
လေးစီးရှင် ၇၂၊ ၇၃
လေးစောင်းတန်း (ထားခြင်းအစ) ၃၁၆
လေးထပ်ကျောင်းကြီး (မီးတိုက်) ၉၆
လေးထပ်ကျောင်းဆရာတော် ၈၆၊ ၉၁၊ ၉၂၊ ၉၄၊ ၉၅
လေးထပ်ကျောင်းဆရာတော် (ဇာတိ) ၉၅

http://www.dhammadownload.com

လေးထပ်ကျောင်းတော် ၈၇၊ ၈၈၊ ၉၀
လေးထပ်ဘုံသာတုလွတ် ကျောင်း ၉၇
လေးပါဒရသူ အသပြာတစ်ထောင် ၃၁၄
လဲပဲ ယာပဲ ၃၆၄
လယ်ကိုင်းကျောင်းတော်ရာ စေတီ ၅၁
လယ်တီဆရာတော် ၈၁၊ ၂၀၄၊ ၂၀၅
လယ်တီတောရ ၂၀၆
လယ်တီ၏သာသနာ ငါးထောင်(ဥပမာ) ၃၀၀၊ ၃၀၁၊ ၃၀၂
လောကဒီပကသာရကျမ်း ၁၇၅
လောကမာရ်အောင်စေတီ ဒါယကာ ၁၀၃
လောကမုန်ကင်းဆရာတော် ၁၁၆
လောကသရဖူစေတီ ၁၁၃
လောကသရဖူစေတီ ဒါယကာ ၁၀၃
လောကုတ္တရာဆရာတော် (သတ်) ၃၇
လောဟပါသာဒမည်သော ပြာသာဒ် ၅၁
လက်ယာဘိနန်သူ ၈၉
လက်ရန်းခေါ် ဆင်ကပ် ၁၂၆
လက်ဝဲဝင်းတော်မှူး ၁၁၆
လက်ဝေ့ကျော်သဃ်ရာဇာ ၇၂
လောင်းရှည်မြို့စား ၁၅၄
လိင်္ဂဝိရောဓိဒေါသ ၈၀၊ ၈၁
လိပ်ပချုပ် ၅၃
လိင်္ဂသာသနာကွယ်(ချိန်) ၃၁၈
လိင်္ဂသာသနာဆိုသည်ကား ၃၁၇
လှထွေဆရာတော် ၂၀၀
လှံစက်သည်လည်း စေခိုင်းတိုင်း မရ ၁၂၄

[ဝ]

ဝနရတနမထေရ် ၁၆၄
ဝနဝါသိတိုင်းဟူသည် ၅၅
ဝနဝါသီအရပ် ၅၅
ဝရဇာဟုမထေရ် ၈၅
ဝရဒေသီမထေရ် ၁၉၉
ဝရာဘိသံဃနာယမထေရ် ၈၈၊ ၁၉၉
ဝါခင်းစောင့်သတိုးသမီး (ပုံပြင်) ၆၇
ဝါဏိဇဂါမ ၅၀
ဝါဠုကာရုံကျောင်းတော် ၂၃
ဝိကာလိင်္ဂဟူရာမှာ ၃၄၇
ဝိဇယပူရ(ပင်းယ) ၇၀၊ ၁၅၇
ဝိဇယပူရမည်သော ပန်းရပြည် ၁၅၆၊ ၁၅၇၊ ၁၉၅
ဝိဠင်္ဂပေဘး ၆၁
ဝိတိရိယဇကရိဘုရင်မကြီး ၂၀၁
ဝိဒါဂမမထေရ် ၁၆၄
ဝိနယဝိနိစ္ဆယနိဿယ ၁၁၃
ဝိနယသင်္ဂဟအဋ္ဌကထာ ၉၁
ဝိနယာလင်္ကာရဋီကာသစ် ၉၁၊ ၁၉၉

http://www.dhammadownload.com

ဝိနည်းပိဋကတ်(ဆောင်)။
ဝိနည်းပိဋကတ်ကျောက်ချပ် (၁၁၁) ၁၄၈
ဝိပဿနာဓူရကိစ္စဆိုသည်ကား ၂၄၅
ဝိမလာစာရမထေရ် ၁၉၈
ဝိသကြဲနတ်သား ၁၈၀
ဝိသဒ္ဓနီဗျည်း ၃၆၅
ဝိသုဒ္ဓရာဇာဗညားထော (ရှင်စောပုဘွဲ့) ၁၆၂
ဝိသုဒ္ဓါစာရ xx ဂုရု (အင်းကန်းဘွဲ့) ၂၀၃
ဝိသုဒ္ဓါသီလာစာရ xx မဟာသံဃရာဇာ ၂၀၂
ဝိသုဒ္ဓါသီလာစာရ xx ဂုရု ဝိရိယဝရ xx ဂုရု (မင်းအိုဘွဲ့) ၁၄၇
ဝိသတိဝဏ္ဏနာ ၉၀
ဝေဒိသကတောင်ထိပ်သို့ ၂၈
ဝေဘာရတောင် ၁၄၂ *
ဝေသာလီပြည် ၂၃
ဝေဿန္တရာပျို့ ၉၀
ဝံသဒီပနီကျမ်း ၄၂၊၅၀၊၇၁၊၁၁၆၊ ၁၆၂၊၁၆၇၊၁၇၉
ဝံသမေဒပွကာသနီ ၆၂၊ ၁၂၁
ဝက်ကြီး ၆၀
ဝိဇ္ဇိတိုင်းသားရဟန်းများ ၂၃
ဝဋ္ဋကါမဏိမင်းကြီး ၃၆၊ ၇၈၊ ၁၄၂၊ ၁၅၀
ဝဋ္ဋကါမဏိမင်းကြီးနတ်ရွာစံ ၃၉
ဝဋ္ဋကါမဏိမင်းနှင့် (ငတပါးမင်း) ၃၉
ဝဏ္ဏဇောဓနသတ်ပုံ ၃၆၅
ဝတ္တကမြေ(မုတ်ဖွယ်) ၁၂၄
ဝတ္တကာလသတို့သမီး (ကောင်းကင်တက်) ၂၆၆
ဝန္ဒနာကမ္မကုသိုလ် ၂၅၈
ဝမ်းဘဲအင်း ၁၀၀
ဝမ်းဘဲအင်းစံမင်းတရား ၁၀၀
ဝေဿန္တရာဇာတ်ကစ၅်ကွယ် ၃၁၃

[သ]

သဇိုးလက်ဝဲကြီးရွာ ၁၂၂
သတာရဟမည်သောဂါထာ ၃၀၇
သတိုးဓမ္မရာဇာ ၁၇၉
သတို့သမီးတစ်ယောက်(ပုံပြင်) ၆၇
သတိုးမင်းဖျား ၇၃၊၇၅၊၁၅၆
သထုံပြည် ၄၂၊၅၆၊၅၈၊၅၉၊၆၁၊ ၆၂၊၁၅၇၊၁၅၉၊၆၃
သထုံမန္ထဟာမင်း ၆၃
သပိတ်မှောက်ကာကွယ်ရေး ၂၈၈
သပိတ်မှောက်ကဲ့ပြုရသည်မှာ ၂၈၇
သမဏဒဿနမဂ်လာ ၂၅၈
သမဏဘဒြကထာနိသျ ၃၆၉
သမလမင်း ၁၅၈
သမလ၊ ဝိမလမည်သော ညီနောင် ၁၅၉
သမုတိရာဇ်အနော်ရထာကျစွာ xx အတူ ၆၆
သမုဒ္ဒရာဇ်မင် ၅၂၊၆၀၊၆၁၊၆၆၊၁၅၆

http://www.dhammadownload.com

သမန္တ စက္ခုဒိပနီကျမ်း ၁၉၉
သရနဂေါင်၊ စိတ္တရဂေါင် ၂၅၂
သရဘူမထေရ်(လည်ရိုးတော်
ဓာတ်ကိုယူ) ၃၁၈
သရမာစေတီ ၉၆
သရေခေတ္တရာပြည် ၅၅၊ ၅၄၊ ၁၅၆၊
၁၉၆၊ ၁၉၅
သရေခေတ္တရာမင်းဆက်လက်ာ ၆၀
သရက်မြို့ ၁၁၉
သဟံပတိဗြဟ္မာမင်းကြီး
(တရားတောင်းပန်) ၂၆၂
သာဂရဓဇ xx ဂုရု(ဆင်တဲ့ဘွဲ့) ၁၄၆
သာဂလပြည် ၁၈၁
သာစည်ရွာ(ဆူးတွင်းပစ်ဓာတိ) ၇၂
သာတာဂိရိနတ်သည် နမော ၆
သာဒိနမင်းကြီး ၁၃၄
သာမဏေကျော် ၉၀
သာမဏေပြုရသည်က ပိုခက် ၂၇၂
သာမဏေလေးပါး၀တ္ထု ၁၁၇
သာရဒသီမည်သောမထေရ် ၁၉၅၊
၁၉၆
သာရီပုတ္တရာမထေရ် ၁၆၅
သာလွန်မင်းတရားကြီး ၈၅၊ ၈၆၊
၉၀၊ ၉၁၊ ၉၂၊ ၉၄၊ ၉၅၊
၉၆၊ ၉၇၊ ၁၇၈၊ ၃၇၃
သာသနဓရမထေရ် ၇၁
သာသနဗဟုသုတနည်းပါး ၂၈၂
သာသနဝံသပဒီပကာကျမ်း ၅၀၊ ၅၅
၆၂၊ ၈၉၊ ၁၀၀၊ ၁၂၁၊ ၁၂၉၊ ၁၇၉
သာသနာကွယ်ခြင်းငါးပါး ၃၀၉
သာသနာငါးစုငါးပုံ ၂၃၈
သာသနာကုန်ပြီဟူသောအယူ
(ပေါ်ပူး) ၃၀၂
သာသနာတော်ပြုရ၏
ဟူသည်တွင် ၃၇၁
သာသနာဖျက်မင်း
သုံးယောက် ၃၇၃
သာသနာတော်၏အမြစ်အရင်း ၃၂
သာသနာပိုင် ၈၇၊ ၁၃၇
သာသနာပိုင်ဆရာတော်
(ဦးညေယျ) ၁၃၀၊ ၁၃၁၊ ၁၃၂၊
၁၅၂၊ ၁၅၃၊ ၁၉၉၊ ၂၂၈
သာသနာပိုင်နှစ်ပါး ၁၅၄
သာသနာပြုဆရာတော်ကြီး
လေးပါး ၁၁၅
သာသနာပြုဆရာတော်အမိန့် ၁၈၈
သာသနာပြုမင်းပေါင်း ၂၈
သာသနာလက်ာရကျမ်း ၅၀၊ ၁၇၉
သာသနာသက္ကရာဇ် ၁-နှစ် ၁၆
သာသနာသုံးပါး ၉
သား‌တော်ပုဂံမင်း ၁၃၁
သိကြား ၃၆၊ ၅၄၊ ၅၆၊ ၇၅၊ ၁၁၁
သိကြားခြိမ်းခြောက်ပုံ ၃၀၃
သိကြားမင်း(၀နံခံချက်) ၃၀၇
သိကြားမင်းသည် အရဟာတော ၇
သိကြားသာသနာ မထားနိုင် ၃၀၃
သိကြားသာသနာဟု
ပြောကြဟန် ၃၀၃
သိကြားသေ၍ စည်ခတ် ၇၅
သိပေါဘုရင် ပါတော်မူ ၂၀၂

http://www.dhammadownload.com

သီရိခေတ္တရာပြည် ၉၆၊ ၁၁၆၊ ၁၂၄
သီရိခေတ္တရာမတိုင်း ၂၅၁
သီရိတြိဘဝနာ xx ရာဓိရာဇာ ၁၂၁
သီရိတြိဘဝနာ xx မဟာဒေဝီ ၁၆၂
သီရိမဂ္ဂသောကမင်းနှင့်
ဒေဝါနံပိယတိဿ ၃၀
သီရိနန္ဒမဂ္ဂရာဇာ xx ရာဓိပတိ ၉၇
သီရိပရမ မဟာဓမ္မရာဇာ ၁၆၂
သီရိပရမာလင်္ကာရ xx ဂုရု ၁၄၄
သီရိပဝရ တိလောက xx
ရတနာဒေဝီ ၁၅၅
သီရိပဝရ မဟာဓမ္မရာဇာ ၁၀၀
သီရိပဝရ ဝိဇယာနန္တ xx
ရာဇာဓိရာဇာ ၁၁၅
သီရိမဟာဓမ္မရာဇာ
(မင်းတုန်းဘွဲ့) ၁၃၃
သီရိမဟာ သီဟသူရဓမ္မရာဇာ
။ ၁၃၃
သီရိဝင်္ကမမည်သောမင်း ၄၄
သီရိသုဓမ္မ xxx ရာဇာဓိရာဇာ
(ပုဂံမင်း) ၁၃၁
သီပေါဘုရင် (ပါတော်မူ) ၁၅၅
သီပေါမင်း ၁၅၄၊ ၁၅၅၊ ၁၅၆
သီပေါမင်းသား ၁၅၄
သီပေါမင်းသားကို
အိမ်ရှေ့အရာအပ် ၁၅၄
သီရိမဂ္ဂသောကမင်းကြီး ၂၄၊ ၅၁၊
၉၁၊ ၁၃၆၊ ၁၄၀၊ ၁၅၀
သီရိမဂ္ဂသောကမင်းနှင့်
ရန်ပေါင်မင်း ၂၆
သီရိမဂ္ဂသောကမင်း
(နတ်ရွာစံ) ၂၈
သီရိပဝရ xx ရတနာဒေဝီ ၁၄၈
သီရိပဝရာဒိတျာ xx
ရာဇာဓိရာဇာ ၁၅၅
သီရိပစ္စယ ၆၀
သီရိမာသောကမည်သောမင်း ၅၁
သီရိသုဘဒ္ဒါဒေဝီ ၁၇၅
သီလာစာရ xx ရာဇာဂုရု ၁၂၂
သီလက္ခန်ဒီကာသစ်
(မောင်းထောင်ပြု) ၁၁၇
သီဝလိဒေဝီ ၁၇၅
သီဝလိမထေရ် ၆၃
သီရိသဒ္ဓမ္မမထေရ် ၁၀၀
သီဟမင်းကြီး ၅၀
သီဟသူရ ၆၉၊ ၇၀၊ ၇၁၊ ၇၂
သီဟသူရဓမ္မရာဇာ ၈၇
သီဟိဠ် ၁၀၁၊ ၁၂၀၊ ၁၆၅၊ ၁၆၄၊ ၁၆၆၊
၁၉၆၊ ၁၆၈
သီဟိဠ်ကို အင်္ဂလိပ်(သိမ်း) ၄၄
သီဟိဠ်ကျွန်း ၇၇၊ ၇၈၊ ၁၂၀၊ ၁၄၂၊
၁၆၄၊ ၁၆၉၊ ၁၇၃၊ ၁၇၂
သီဟိဠ်သာသနာပြု
အရှင်မဟိန္ဒမထေရ် ၃၄
သီဟိဠ်သာသနာ ၃၈
သီဟိဠ်မင်းဆရာ ၁၆၄
သီဟိဠ်ကျွန်းသားမထေရ်နှစ်ပါး ၇၇
သီဟိဠ်ကျွန်းမှ
သာမဏေခြောက်ပါး ၁၂၀
သုဇာတာဘိ xx ရာဇဂုရု ၂၀၀

http://www.dhammadownload.com

သုဒဿနစကြာမင်း ၁၃၄
သုဒဿနဝေ xx ဂုရု (စံကျောင်းဘွဲ့) ၂၀၄
သုဒဿနဝရ xx ဂုရု (ပခန်းကြီးဘွဲ့) ၁၄၄
သုဓမ္မပူရ ၅၀၊ ၅၃၊ ၆၄၊ ၇၆၊ ၁၅၇၊ ၁၅၈
သုနာပရန္တ ၅၀၊ ၅၄၊ ၅၅၊ ၅၆၊ ၁၅၆၊ ၂၅၁
သုဘဒ္ဒ၏စကား ၁၁
သုဘဒ္ဒါသတို့သမီး ၁၆၁၊ ၁၆၂
သုမနမထေရ်(မြန်) ၁၆၅
သုမနာစာရဝေ xx ရာဇဂုရု ၂၀၂
သုမင်္ဂလမထေရ်(မြန်) ၁၆၅
သုမင်္ဂလမထေရ် ၁၆၄
သုမင်္ဂလသာမိ xx ရာဇဂုရု ၁၄၈
သုသုနာဂမင်းကြီး ၂၃
သုဝဏ္ဏဘူမိတိုင်း ၂၅၁
သုဝဏ္ဏဘူမိ ၅၁၊ ၅၃
သူဌေးကန် ၁၀၂
သူဌေးသမီးသုဘဒ္ဒါ ၁၆၀၊ ၁၆၁၊
သူရိယာဘိ xx ရာဇဂုရု(သဲအင်း) ၁၂၉
သူရိယာဝံသာဘိ xx ဂုရု (သဲအင်းဘွဲ့) ၁၉၇
သူရိယာမင်း ၁၅၉
သေနတ်ဝန်ကြီးဆရာ ၁၄၈
သဲအင်းဆရာတော်ဘုရားကြီး ၁၂၉
သဲအင်းရွာ(သဲအင်းဇာတိ) ၁၂၉
သဲအင်းသာသနာပိုင် ဆရာတော် ၁၂၇၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂
သဲအင်းသာသနာပိုင် xx ကထာ ၁၂၉၊ ၁၉၈
သောဏမထေရ် ၁၇၄
သောဏမထေရ်နှင့် ဥတ္တရမထေရ် ၂၇၊ ၅၁၊ ၅၃ ၁၅၉
သောဏုတ္တရ ၅၃
သောဏုတ္တရမထေရ်(မြန်) ၁၆၅
သောနုတ္တရမုဆိုး ၂၉၄
သောမဒေဝီ ၇၈
သောမမထေရ် ၁၆၃၊ ၁၆၄
သင်္ဂါယနာတင်ဟုခေါ် ၁၅၀
သံဃကွန်ဖရင့် ၂၂၄
သံဃနာထ ၁၁၇
သံဃရာဇာ ၇၆၊ ၁၁၅၊ ၁၁၇
သံဃသာမဂ္ဂိအသင်း ၂၂၁
သံဃာတုသံဃာယောင် ၂၃၃
သံဃာတော်များကပိတ်ပင် ၉၄
သံဃာတို့ကို(သတ်) ၈၃
သံတော်ဆင့် နေမျိုးရာဇစည်သူ ၁၄၈
သံတော်ဆင့် မင်းလှသီရိဇေယျသူ ၁၄၅
သံတော်ဆင့်မိုင်းခိုင်းမြို့စား ၁၄၈
သံယုတ္တနိကာယ်(ဆောင်) ၁၉၊ ၂၀
သံဝရပျို့ ၈၂
သံဿရာအတွက် ဆရာ ၉၅
သက္ကဘိဝံသ(ရဟန်းပျို) ၂၁၃၊ ၂၁၄
သင်္ကေတပညတ်ဟူသည် ၃၆၂

http://www.dhammadownload.com

သင်္ကန်းခေါင်းတင်
နောက်လှန်အနွယ် ၁၇၃
သင်္ကန်းဆုံးတတ် ၂၉၉
သခ်ၤယာစောယွမ်း ၇၃
သခ်ၤပဝဏ္ဏနာဋီကာ ၆၄
သဃ်မိတ္တာထေရီ(ပရိနိဗ္ဗာန်စံ) ၃၄
သင်္ဂဟတရားလေးပါး ၁၃၄
သင်္ဂြိုဟ်ကျမ်း ၇၉
သင်္ဂြိုဟ်ကျမ်းရိုးမာတိကာ
(နှန်း) ၉၈
သင်းတွဲ ၂၅၂
သစ်ဆိမ့်ကြီးဆရာတော် ၁၄၅
သစ်ဆိမ့်ကြီးရွာ ၁၄၅
သည်မှာတဲလှည့်
ကုန်သည်ဈေး ၃၆၃
သေဉ်လည်ကြောင်မင်း ၃၉
သတ္တရာဇမ္မဝတ္ထုကျမ်း ၈၈
သတ္တိသုံးပါး ၁၃၅
သဒ္ဒါနုသာရီသတ်ပုံ ၃၆၆
သဒ္ဒမဉ္ဇရီမထေရ် ၁၉၆
သဒ္ဒမဉ္ဇိတိမထေရ် ၁၉၆
ရူပသိဒ္ဓိနိတိနိသယ ၁၂၇
သဒ္ဒနီတိပဒမာလာနိသယ ၁၂၈
သဒ္ဒဗိန္ဒုမည်သောသဒ္ဒါငယ် ၆၅
သဒ္ဒနီတိပဒမာလာနိသယ ၁၂၇
သဒ္ဒသာရတ္ထဇာလိနီကျမ်း ၇၃
သဒ္ဒါကြီးနိသယ ဒကွိဏဝန်မူ ၉၆
သဒ္ဒါတိသမင်းကြီး ၃၈
သဒ္ဒမ္မကိတ္တိမထေရ် ၈၃၊ ၁၉၈
သဒ္ဒမ္မနန္ဒိမထေရ် ၉၃
သန်လျင်မြို့ ၁၇၃
သမ္မုတိသာသနာပိုင် ၂၀၀
သလ္လာဝတီ ချင်းတွင်းမြစ် ၁၀၁
သုတ္တန်ပိဋကတ်
ကျောက်ချပ်(၄၁၀) ၁၄၉
သုတ်ပါထေယျက စ၍ကွယ် ၃၁၃
သုတ်မဟာဝါအဋ္ဌကထာ
နိဿယ ၁၁၃
သုတ္တသင်္ဂဟနိဿယ ၁၁၃
သိဂုံတ္တရ ၄၉၊ ၄၈
သိဂ္ဂဝမထေရ်(စောင့်ပုံ) ၂၇၅
သိန္နီ ၈၇
သုံးပုံအိပ်ထောင့်ကျမ်း ၁၇၈
သျှာမဂိဏ်း ၄၆
သျှာမဂိဏ်းဟူသည် ၄၆

[ဟ]

ဟရိဘုဉ္ဇတိုင်း ၁၇၆၊ ၁၇၇၊ ၁၇၉
၁၈၀
ဟေလဲဝန်တို့၊ ဘာလဲဝန်တို့ ၁၂၁
ဟော်လန်သွေး
(သင်္ကန်းရောင်) ၂၉၆
ဟံသာဝတီကုန်းမည်သောရွာ ၁၅၉
ဟံသာဝတီဂိုဏ်းဆရာ ၁၉၈
ဟံသာဝတီဆင်ဖြူများရှင် ၈၅၊ ၈၆၊
၁၇၅၊ ၃၇၂
ဟံသာဝတီမင်း
ဆယ်ဆက်မြောက် ၁၆၂
ဟံသာဝတီ ပကိုး ၁၆၃
ဟံသာဝတီမဏ္ဍလ ၁၆၃

http://www.dhammadownload.com

ဟံသာဝတီမြို့ ၈၅၊ ၉၁၊ ၁၅၉၊ ၁၆၂၊ ၁၆၈၊ ၁၆၉၊ ၁၇၂၊ ၁၇၃၊ ၁၇၅
ဟံသာဝတီရောက်မင်း ၁၀၃
ဟံသာဝတီဥပရာဇာ ၁၇၃
ဟတ္ထိပါလပျို့ ၈၂
ဟသံတာမြို့ ၁၉၁

[အ]

အကောက်ဝန်ဆရာတော် ၂၀၂
အကြီးဆုံးသံဃမထေရ်ကြီး ၁၄
အခါတစ်ပါး(စကားပုံ) ၆၇
အဇာတသတ် ၁၄၊ ၁၄၂၊ ၁၅၀၊ ၃၀၂
အဇာတသတ်မင်း(ကူညီခြင်း) ၁၆
အဇာတသတ်မင်းနှင့်ဇမ္ဗုဒီပမင်း ၁၆
အညာပုဂံ ၆၁
အတာသဘင် ၁၅၁
အတာသကြိန်ကျ ၁၅၁
အတိသုန္ဒရဒ္ဓီကာ (ဦးနတ်သားပြု) ၂၀၆
အတုလဒ္ဓီကာ(မိုးညိုပြု) ၂၀၆
အတုလဘွဲ့ခံ ငယ်မည်မောင်ပန်းထွေး ၁၁၉
အတုလယသမထေရ် ၁၀၄၊ ၁၀၅၊ ၁၁၈၊ ၁၁၉
အတုလဝံသမထေရ် ၉၀၊ ၁၁၈၊ ၁၁၉၊ ၁၉၆
အတင်ဂိုဏ်း ၁၀၁၊ ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၁၅၊ ၁၁၇
အတင်ဂိုဏ်းသားများရုံး ၁၁၃
အတင်တုန်ဂိုဏ်း ၁၀၁
အတင်ဂိုဏ်းဝါဒ ၁၀၃
အတတ်ပညာ အလုပ်ရှာစာ (အင်္ဂလိပ်) ၂၁၈
အတွင်းဝန်မင်း ၁၁၆
အထည်ဝါ(သင်္ကန်း) ၂၉၆၊ ၂၉၇
အထက်ပိုင်းသာသနာပြု ၂၀၁
အထက်/အောက်သာသနာပြု ၂၀၁
အဓိဋ္ဌာန် (ကြောင့်ဓာတ်တော်များကွဲ) ၃၁၇
အဓိပ္ပာယ်ကားဟူသည်ကို အဓိပ္ပါကား ၃၆၄
အနုရာဓပြို့တော် ၄၃၊ ၁၃၄
အနုရုဒ္ဓါမထေရ် ၅၁
အနော်ရထာဘော ၇၀၊ ၄၂၀
အနော်ရထာမင်း(နတ်ရွာစံ) ၆၂
အနော်ရထာမင်းစော ၅၈၊ ၆၂၊ ၆၆၊ ၆၈
အနောက်ဘက်လွန်မင်းတရားကြီး ၈၇၊ ၉၀၊ ၁၇၃၊ ၁၉၆
အနန်း ၁၇၉
အပရိဟာနိယဓမ္မဆိုသည်ကား ၂၆၀
အပရန္တ ၅၄၊ ၅၅
အဖေဂ္ဂုသာရဒီပနီ ၁၇၅
အဘယဂိရိဝါသီဂိုဏ်း ၄၆
အဘယဒါန ၁၃၆
အဘိဓမ္မပိဋကတ်ဆောင် ၂၀
အဘိဓမ္မာက(စ၍ကွယ်) ၃၁၁
အဘိဓမ္မာပိဋကတ် ကျောက်ချပ်(၂၀၈) ၁၄၈၊ ၁၄၉

http://www.dhammadownload.com

အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ၇၈၊ ၇၉၊ ၂၀၄၊ ၂၀၅၊ ၂၀၆
အဘိဓမ္မတ္ထသင်္ဂဟ ၇၉
အဘိဓမ္မတ္ထသင်္ဂဟကဏ္ဍိကျမ်း ၃၆၄
အဘိဓမ္မတ္ထသင်္ဂြိဟ်နိဿယ (ဒက္ခိဏာဝန်မူ) ၉၆
အဘိသင်္ကေတမထေရ် ၁၉၆
အဘိန္နဂဂ်ါမင်းကြီး ၁၅၉
အမရပူရဂိုဏ်း ၄၆၊ ၁၂၀
အမရပူရဂိုဏ်းဟူသည် ၄၆
အမရပူရတောင်မြို့ ၁၄၁၊ ၁၉၇
အမရပူရဒုတိယမြို့တည် ၁၂၈
အမရပူရမည်သော မန္တလေးတောင်မြို့ ၁၅၇
အမရပူရမြို့တော် ၁၅၃၊ ၁၂၈
အမရပူရမြို့နန်း ၁၃၃
အမရပူရရွှေမြို့တော် ၁၂၁၊ ၁၃၁၊ ၁၃၈၊ ၁၅၈
အမိအဖတို့ကပင် ခွဲခွာရာရောက် ၂၈၅
အမတ်ကြီးဦးပေါ်ဦး ၁၂၅၊ ၁၂၇
အမြင့်မြို့စား ၉၄
အမြင့်မြို့ ၇၅၊ ၉၃၊ ၁၉၇
အရဟန္တ ၅၆
အရိမဒ္ဒနာမည်သောပုဂံပြည် ၅၂၊ ၅၆၊ ၅၉၊ ၆၁၊ ၆၆၊ ၈၀၊ ၈၅၊ ၉၅
အရိယာလင်္ကာရမထေရ် ၉၁
အရိယာဝံသလင်္ကာရကျမ်း ၁၁၇
အရိယာဝံသ xxx ရာဇဂုရု(မိုးထိဘွဲ့) ၁၄၇
အရည်းကြီးရဟန်း ၅၈
အရပ်ကိုကြည့် ပြန်အောက်မှည့် ၄၁၁
အရညဝါသီရဟန်း ၁၀၀၊ ၁၀၃၊ ၁၄၁၊ ၁၅၂
အရိဋ္ဌမထေရ်၏ဝိနည်းစာချုပ် ၃၃ ၊ ၂၅၉
အရိဋ္ဌအမတ် ၄၅
အရံဂိုဏ်း ၁၀၁၊ ၁၀၄
အရံဂိုဏ်းဝါဒ ၁၀၃
အရှေ့တိုက်တော်ဆရာတော် ၂၀၂
အရှင်ကလျာဏစက္ကမထေရ် ၁၉၇
အရှင်ကလျာဏမထေရ် ၁၀၂
အရှင်ခေမာ ၆၇
အရှင်ဂုဏသာရမထေရ် ၁၉၇
အရှင်ဂုဏသီရိမထေရ် ၁၉၇
အရှင်ဂန္ဓသာရ(ရေစကြို) ၂၂၈
အရှင်စန္ဒသာရမထေရ် ၁၉၇
အရှင်စန္ဒိမမထေရ်(ရောက်) ၂၂၈
အရှင်စိတ္တမထေရ် ၁၀၂
အရှင်ဇဝနမထေရ်(မန်လည်) ၂၀၄၊ ၂၀၇၊ ၂၀၈၊ ၂၀၉
အရှင်ဇာဂရ(ရောက်) ၂၂၅
အရှင်ဉာဏမထေရ်(လယ်တီ) ၈၁၊ ၂၀၄၊ ၂၀၅၊ ၂၀၆
အရှင်ဒါသက ၁၉
အရှင်ဓနိယမထေရ် ၂၉၄
အရှင်ဓမ္မဇုဠမထေရ် ၁၇၅

http://www.dhammadownload.com

အရှင်ဓမ္မာနန္ဒ (နှောင်းဘရွာ၊ ပခန်းမြို့) ၂၂၉
အရှင်နာဂသေန။ ၁၈၀
အရှင်နန္ဒိယ ၁၄၆
အရှင်ပညာသီဟမထေရ် ၁၂၂၊ ၁၄၆
အရှင်ပဏ္ဍာဝံသ(မင်းကွန်း) ၂၀၇
အရှင်မဟာကဿပ ၁၄၊ ၃၂၄
အရှင်မဟာကဿပမထေရ်ကြီး (သံဃဂ) ၁၃
အရှင်မဟာဓမ္မရက္ခိတမထေရ် ၁၄၂
အရှင်မဟာမဟိန္ဒ ၃၃၊ ၂၇၉၊ ၃၀၂
အရှင်မဟာယသ(သံဃဂ) ၂၃၊ ၃၀၂
အရှင်မေဓင်္ကရမထေရ် ၁၇၅
အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် ၂၈
အရှင်ရေဝတမထေရ် ၂၃
အရှင်လာဘသိဒ္ဓိ(ရောက်) ၂၂၅
အရှင်ဝရဿီမထေရ် ၁၉၇၊ ၁၉၉
အရှင်ဝိမလာစာရမထေရ် ၁၉၇
အရှင်သီလဗုဒ္ဓိမထေရ် ၅၆
အရှင်သီလဗုဒ္ဓိ(စောင့်ပုံ) ၂၇၆
အရှင်သီလာစာရမထေရ် ၁၂၂
အရှင်သုဇာတမထေရ် ၁၀၄
အရှင်သုနန္ဒမထေရ် ၁၀၂
အရှင်သောဏက ၁၉
အရှင်သဒ္ဓမ္မာလင်္ကာရမထေရ် ၁၇၅
အရှင်သဗ္ဗကာမိမထေရ် ၂၃
အရှင်အနုရုဒ္ဓါမထေရ် (သင်္ဂြိဟ်ပြု) ၇၈
အရှင်အရဟံ xx ဂိုဏ်း ၁၉၅
အရှင်အာဒိစ္စဝံသ (ငသရောက်) ၂၂၅
အရှင်အရိယာဝံသမထေရ် ၂၀၄
အရှင်အာနန္ဒာ ၁၇၆
အရှင်အာနန္ဒာ(ဟံသာဝတီ) ၁၇၄
အရှင်အာနန္ဒာ၏ တပည့် ၂၃
အရှင်အဂ္ဂပဏ္ဍိတ ၂၀၂
အရှင်အဂ္ဂါဓမ္မာလင်္ကာရ (ပခန်းဝါကျ) ၂၂၉
အရှင်ဣန္ဒောဘာသမထေရ် ၁၉၇
အရှင်ဥပါလိ ၁၈
အရှင်ဥဂ္ဂံဝံသမာလာ ၂၀၃
အလဂ ဒူပမာသင်ကြားခြင်း ၂၄၇
အလယ်တောရကျောင်းတိုက် ၂၉၂
အလင်္ကာကျော်ပုဂ္ဂိုလ်များ ၈၂
အလောင်းမင်းတရားကြီး ၁၀၄၊ ၁၀၅ ၁၀၈၊ ၁၁၃၊ ၁၅၆
အလင်္ခဒုဿီလပုဂ္ဂိုလ် (နိမ်နင်း) ၁၅၁
အသိတဉ္ဇနမြို့ ၄၇၊ ၄၉
အသူရိန်နတ်မင်းသည် တဿ ၆
အသူရကဲ့ အပဲလေးပါး ၃၆၄
အသောကမင်းကြီး ၂၆၃
အသောကာရာမတိုက် ၁၂၂
အသောကာရုံကျောင်းတော် ၂၆၊ ၁၁၇၊ ၁၄၀
အသခံယာ ၇၀၊ ၆၉
အသခံယာစောယွမ်း ၁၅၆
အသင်္ခိန္နဓာတ်တော် ၇-ပါး ၃၂၃

http://www.dhammadownload.com

အသွင်မတူအိမ်သူမဖြစ် ၂၈၅
အာစာရအကျော် ၈၈
အာစာရာရမ္ဘ xx ၇၅ ၁၄၅
အာနန္ဒာမထေရ် ၆၃
အာနန္ဒာမထေရ်(မြန်မာ) ၁၆၅
အာနန္ဒာမထေရ် x ဂိုဏ်း ၁၉၅
အယုဒ္ဓယတိုင်း ၁၇၆၊ ၁၇၇
အာရာမဒဏ္ဍပုဏ္ဏားကြီး ၅
အာလောက(လိုင်) ၃၈၊ ၁၄၂
အာလံကျွန်း(အတုလနှင်ရာ) ၁၁၉
အိဘိစလေဒင် ၂၉၂
အေးအေး(အသံပြု) ၈၀
အဲ=အယ် ဟု ယသတ်နှင့်အတူတူ ၃၆၃
အယ်သည်ကိုဆိုသောစကား ၃၆၃
အက္ကပတ် ၂၅၂
အက္ခရာခွဲထားလက်ာ ၃၆၂၊ ၃၆၃
အက်ဒဝပ် ၂၀၁
အက္ခရာလုံးပေါင်း ၁၉
အဂ္ဂမဟေသီမိဖုရားကြီး ၁၃၆
အဂ္ဂဓမ္မာလင်္ကာရမထေရ် ၉၈
အဂ္ဂိခန္ဓပမသုတ္တန် ၅၄
အင်္ဂုရဋ္ဌကာ(တလိုင်းကုန်းပြု) ၂၀၆
အင်္ဂါအားဖြင့် ကိုး ၁၀
အင်္ဂလိပ်ကို ကွဲ့ဂီရိသိ ၄၄
အင်္ဂလိပ်မင်း ၁၂၄
အင်္ဂါရစေတီ ၃၂၀
အင်္ဂုတ္တရနိကာယ်က (စ၍ကွယ်) ၃၁၂
အင်္ဂုတ္တရနိကာယ်(ဆောင်) ၂၀
အင်္ဂုတ္တရနိကာယ်ပါဠိတော် နိဿယ ၁၃၂
အဥ္စလီကုသိုလ် ၂၅၈
အင်းကန်ဆရာတော် ၁၄၄၊ ၂၀၃
အင်းဝ ၆၈၊ ၇၀၊ ၇၃၊ ၇၄၊ ၇၆၊ ၇၈၊ ၈၂၊ ၈၃၊ ၈၄၊ ၈၆၊ ၉၀၊ ၉၃၊ ၉၇၊ ၉၈၊ ၁၁၀၊ ၁၁၂
အင်းဝစတုတ္ထမြို့တည် နန်းတည်မင်း ၁၂၁၊ ၁၂၅
အင်းဝ စည်းခုံတော်ကြီး ၈၄
အင်းဝ တတိယမြို့တည်မင်း ၁၁၀၊ ၁၁၃
အင်းဝနေပြည်တော် ၆၇၊ ၆၈၊ ၈၄
အင်းဝပြည် ဘုရင်ခံ သတိုးမင်းစော ၈၆
အင်းဝ ရွှေစည်းခုံ ၇၆
အောင်စည်းခုံသဃ်ရာဇာ ၇၂
အောင်မြေစံလွတ်ကျောင်း ၁၁၀
အောင်မြေဘုံကျော်(ကျောင်း) ၁၀၀
အောင်မြေဘုံသာကျောင်း ၁၁၅
အောင်မြေရွှေဘုံတိုက် ဆရာတော် ၁၄၇
အောင်မြေလောကဘုရား ဒါယကာ ၁၇၉
အဥ္ဇကထာ(အဓိပ္ပာယ်) ၄၀
အဥ္ဇသာလိနီဂဏ္ဌိ ၁၀၃
အပွမာဒသုတ် ၅၇
အုတ်နဲ့အင်း ၈၇
အိန္ဒိယပထဝီဝင် ၁၈၁
အုန်းတစ်ပင်ဆရာတော် ၂၁၈၊ ၂၁၉

http://www.dhammadownload.com

အိမ်တော်ရာဘုရား ၂၂၀
အိမ်တော်ရာဘုရားကျောက်စာ ၁၈၀
အိမ်ရှေ့မင်းကြီးကျောင်းတော်
ကျောက်စာ ၁၈၀
အိမ်ရှေ့မင်းဆရာ ၁၆၆
အိမ်ရှေ့ဥပရာဇ်ကကြီးမှူး ၁၄၇

[ဣ]

ဣန္ဒောဘာသမထေရ် ၁၉၈

[ဥ]

ဥဇနာ ၇၁၊ ၇၂
ဥထုပ် ဒေါက်ချာ ၈၅၊ ၁၀၂
ဥဒါန်း ၆
ဥပရိပဏ္ဏာသက စ၍ကွယ် ၃၁၃
ဥပါလိ(တောင်ဖီလာ) ၁၉၆
ဥပုသ်ပဝါရဏာမပြု ၂၄
ဥဘတောဝိဘင်းပြန် ၁၂၂
ဥမင် ၃၀ ၈၆
ဥက္ကလာ ၄၈
ဥက္ကာဇနပုဒ် ၄၇၊ ၄၉
ဥစ္စာစည်းပူးသောရဟန်းများ ၁၇၁
ဥတ္တမစာရ xx ဂုရု(မင်းတဲဘွဲ့) ၁၄၄
ဥတ္တရမထေရ် ၁၇၄
ဥတ္တရဝန်ကျောင်းတိုက် ၉၆
ဥတ္တရာဇီဝမထေရ်
(ဆပွဒဂိုဏ်း) ၁၉၅
ဥတ္တရာဇီဝမထေရ် ၆၄
ဥတ္တိမင်း ၄၉
ဥသျှစ်ကျေးရွာ
(အတုလဇာတိ) ၁၀၄

[ဦး]

ဦးကန်ရိုး ၁၂၉
ဦးကျော် (မစိုးရိမ်ကျောင်း
ဒါယကာ) ၂၁၂
ဦးကြီးညို ၁၂၈
ဦးခေါင်းတန်ဆာ ၈၅
ဦးညေယျ ၁၃၀၊ ၁၃၁၊ ၁၃၇၊ ၁၉၁
ဦးဂန္ဓသာရ နယ်နှင်ခံရ ၁၅၂၊ ၁၉၁၊
ဦးငွေရ(ရောက်) ၂၂၆
ဦးညေယျ (ပျဉ်လွန်) ၁၅၂
ဦးတုတ်ကြီး (ရောက်) ၂၂၆
ဦးထုပ်-ဒေါက်ချာဆောင်း
ရဟန်း ၁၀၂
ဦးပိုက် ဒေါ်သူ
(ပုစွန်တောင်) ၂၁၄
ဦးပညာ မဟာထေရ် ၂၁၅
ဦးပန်းထွေး ၁၁၉
ဦးပန်းထွေးကိုနှင်ထုတ်ပုံ ၁၁၉
ဦးဗုဒ် ၁၂၅၊ ၁၂၆၊ ၃၆၆
ဦးဗုဒ်စီရင်သောကျမ်းများ ၁၂၈
ဦးဗုဒ်စာတမ်း ၁၂၇
ဦးဗုဒ်အသက် ဗုဒ်ဗက် ၁၂၉
ဦးဘိုးသာ ဒေါ်ရီ ၂၁၅
ဦးဘိုးသာ၏ ဝိနယာနုဂ္ဂဟ
စာပြန်ပွဲ ၂၁၅
ဦးမြတ်နေ (မောင်းထောင် x
ပိုင်) ၁၂၁

http://www.dhammadownload.com

ဦးမှတ်ကြီး ၁၂၈
ဦးရွှေပေါ (ငသရောက်) ၂၂၄
ဦးရွှေရိုး (ရောက်) ၂၂၆
ဦးသူ ၁၂၈
ဦးသက်ရှည် (မစိုးရိမ်ကျောင်း) ၂၁၂
ဦးအောင်ဇေယျ ၁၀၄
ဦးဥဂ္ဂံသကိုကော် ၃၀၈

[ဧ]

ဧကရီဘုရင်မ ၂၀၁
ဧကာဒသနိပါတ်က
(စ၍ကွယ်) ၃၁၂
ဧရာဝတီ ၈၇၊ ၉၀၊
ဧသီသာရ xx ဂုရု(သစ်ဆီမှဲ့ဘွဲ့) ၁၄၅

[ဩ]

ဩဒိသမေတ္တာ ၁၆၀

http://www.dhammadownload.com

သာသနဓဇဟူသူတပွကာသနိကိုးကားသော ကျမ်းစာရင်း

၁။ အဋ္ဌသာဠိနိအဋ္ဌကထာ
၂။ အင်္ဂုတ္တရပါဠိ၊ အဋ္ဌကထာ
၃။ ဥပရိပဏ္ဏာသပါဠိ၊ အဋ္ဌကထာ
၄။ ဦးပေါ်ဦး လျှောက်ထုံး
၅။ ကဝိသာရမဇ္ဈသာကျမ်း
၆။ ကဝိသေနဂ်ဗျူဟာကျမ်း
၇။ ကလျာဏီကျောက်စာပါဠိ၊ နိဿ
၈။ ကုသပျို့
၉။ ကစ္စာယနဋီကာ
၁၀။ ကုန်းဘောင်ဆက်မဟာရာဇဝင်၊ ပ၊ ဒု၊ တတိယတွဲ၊
၁၁။ စူဠနိပါတပါဠိ၊ အဋ္ဌကထာ
၁၂။ စူဠဝါပါဠိ၊ အဋ္ဌကထာ
၁၃။ စေတိယကထာရာဇဝင်ချုပ်
၁၄။ စိန္တကျော်သူဦးဩဆို ရတု
၁၅။ ဇာတကပါဠိ၊ အဋ္ဌကထာ
၁၆။ ဇိနာလင်္ကာရဋီကာ
၁၇။ ဌေဂ္ဂါဂါထာပါဠိ၊ အဋ္ဌကထာ၊ ပ၊ ဒု၊
၁၈။ ဒီပဝံသပါဠိ
၁၉။ ဓမ္မပဒပါဠိ၊ အဋ္ဌကထာ၊ ပ၊ ဒု၊
၂၀။ နဠာတဓာတုဝံသပါဠိ၊
၂၁။ နိဒါနဝဂ္ဂသံယုတ္တပါဠိ ၊အဋ္ဌကထာ
၂၂။ နေတ္တိအဋ္ဌကထာ
၂၃။ ပရိဝါပါဠိအဋ္ဌကထာ
၂၄။ ပါထိကဝဂ္ဂပါဠိ၊ အဋ္ဌကထာ

မိုးဝင်းရောဝတီ

http://www.dhammadownload.com

၂၅။ ပါရာဇိကပါဠိအဋ္ဌကထာ
၂၆။ ပိဋကတ်သမိုင်း
၂၇။ ပုလိပ်စားဧချင်း
၂၈။ ပုလိပ်စားခွဲထား
၂၉။ ပဲခူး ရွှေမောဓောသမိုင်း
၃၀။ ပေါရာဏကထာ
၃၁။ ပေါ်တုဂီရာဇဝင်
၃၂။ ပဥ္စာဗျာကရဏတ္ထမကျမ်း (သံဃာသာမဂ္ဂီအဖွဲ့ပြု)
၃၃။ ဗုဒ္ဓဝံသပါဠိ၊ အဋ္ဌကထာ
၃၄။ ဘုရင့်အမိန့်အရပ်ရပ်စာတမ်း (၁၉၀၃ ခုနှစ်ထုတ်)
၃၅။ ဘူရိဒတ်ဇာတ်ပေါင်းပို့
၃၆။ မဃဒေဝလင်္ကာ
၃၇။ မနုသာရခွဲထား
၃၈။ မဟာရာဇဝင်တော်ကြီး (ဦးကုလား)
၃၉။ မဟာဝါပါဠိ၊ အဋ္ဌကထာ
၄၀။ မဟာဝဂ္ဂါဒိ ပါဠိ၊ အဋ္ဌကထာ။
၄၁။ မိလိန္ဒပဉ္ဟာပါဠိ၊ အဋ္ဌကထာ
၄၂။ မင်းဆက်လင်္ကာ
၄၃။ မွန်ရာဇဝင်
၄၄။ မှန်နန်းရာဇဝင်တော်ကြီး၊ ပ၊ ဒု၊ တတိယတွဲ။
၄၅။ ယမကပါဠိ။
၄၆။ ရခိုင်ရာဇဝင်
၄၇။ ရာဇဝင်ချုပ်လင်္ကာ
၄၈။ ဝံသဒီပနီ (မဲထီး)
၄၉။ ဝံသမာလာ
၅၀။ ဝံသမေဒပကာသနီကျမ်း ၊ ပ၊ ဒုတိယတွဲ။
၅၁။ သခင်ကြီး ဧချင်း
၅၂။ သဂါထာ ဝဂ္ဂသံယုတ္တပါဠိ၊ အဋ္ဌကထာ။

http://www.dhammadownload.com

၅၃။ သာသနာဖွလက််ာရစာတမ်း
၅၄။ သာသနဝံသပွဒီပိကာ
၅၅။ သာရတ္ထဒီပနီဋီကာ
၅၆။ သီလဝိသောဓနီကျမ်း (ရှင်ဝိနန္ဒာသဘ)
၅၇။ သီလက္ခန္ဓဋီကာသစ်
၅၈။ သီလက္ခန္ဓပါဠိ၊ အဋ္ဌကထာ
၅၉။ သုဗောဓလက််ာရကျမ်း
၆၀။ သဒ္ဒါကျမ်းနက်
၆၁။ သဒ္ဒါငယ်ဋီကာ
၆၂။ သုတ္တနိပါတပါဠိ၊ အဋ္ဌကထာ
၆၃။ သုံးပုံအိပ်ထောင့်ကျမ်း

မိခင်ဓရာဝတီ

http://www.dhammadownload.com

ရန်ကုန်မြို့၊ အရှေ့ပိုင်း၊ ဘုရားဖြူကျောင်းတိုက်
အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် အရှင်ရာဖိန္နမဟာထေရ်
ရေးသားပြုစုတော်မူသော

သာသနဇဟုသုတပဉ္စကာသနိ

နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ် (ရန်ကုန် + မန္တလေး) နှင့်
ကျောင်းထိုင် ဘုန်းတော်ကြီး သင်တန်းကျောင်း (တိုင်းနှင့် ပြည်နယ်) ပြဋ္ဌာန်းကျမ်းစာ
ကျမ်းပြုဆရာတော်၏ တပည့်

ဘုရားဖြူဆရာတော် အရှင်နရိန္ဒာဘိဝံသ

သာသနဓဇ သီရိပဝရ ဓမ္မာစရိယ ဝိနယပါရဂူ (ပါဠိဂုဏ်ထူး)
တည်းဖြတ် သုတ်သင်သည်

သာသနဇဟုသုတပဉ္စကာသနိကျမ်းကြီးမှာ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက တစ်ကြိမ် ရိုက်နှိပ်ပြီး နောက်ထပ် ရိုက်နှိပ်ခြင်း မပြုတော့သဖြင့် ၁၉၉၃ ခုနှစ်တွင် တစ်ကြိမ်၊ ဆယ်ခုနှစ်ကျော်မျှ ငုပ်လျှိုး ပျောက်ကွယ်နေခဲ့သည်။ သာသနာရေးရာ ဇဟုသုတများ ရေငတ်သလို ငတ်မွတ်နေကြသော . . .

- သာသနိကပညာရှင်
- သမိုင်းပညာရှင်
- စာပေပညာရှင်
- သုတေသနပညာရှင်
- စာချ, စာသင်, ရဟန်း, ရှင်, လူ

အသီးသီးတို့က ပြန်လည် ရိုက်နှိပ်ရန် တောင်းဆိုလာကြသဖြင့် ယခုအခါ တတိယအကြိမ် ပြန်လည် ရိုက်နှိပ်ရခြင်း ဖြစ်သည်။ ဤကျမ်းစာကြီးတွင် . . .

- သာသနရေးရှုထောင့်
- စာပေရှုထောင့်
- ရာဇဝင်ရှုထောင့်
- သုတေသနရှုထောင့်
- သမိုင်းရှုထောင့်
- ဝေဖန်ရေးရှုထောင့်

စသော ရှုထောင့်စုံမှ ကြည်လင် ပြတ်သားသော အတွေးအမြင်များဖြင့် ရေးသား ပြုစုထားသော ဂန္ထဝင်ပြောက် ကျမ်းစာကြီး ဖြစ်သည်။

ပထမအကြိမ်နှင့် မတူသော ဤကျမ်းစာကြီး၏ ထူးခြားချက်မှာ

မိခင်ဇော်တီ

http://www.dhammadownload.com

ကျမ်းစာတည်းဖြတ်သူ ဆရာတော် အရှင်နရိန္ဒာဘိဝံသ ဓမ္မစရိယ ဝိနယပါရဂူ (ပါဠိဂုဏ်ထူး) အရှင်မြတ်၏ . . .

- ရှေ့ပိုင်းတွင် လေးနက်ခဲ့ထည်သော ကျမ်းဦးမှတ်ဖွယ်နှင့်
- နောက်ပိုင်းတွင် စာချ စာသင် အသိပညာရှင်များအတွက်

သိလိုသော အချက်များ အလွယ်တကူရှာဖွေလေ့လာနိုင်ရန် အကွာရာစဉ်ပါ ဖြည့်တင်းထည့်သွင်းထားပါသည်။

ထို့ကြောင့် - ထို့ကြောင့်

- သာသနာဆိုတာ ဘာလဲ။
- သံဂါယနာ ခြောက်တန်လော၊ ခုနစ်တန်လော။
- ရာဇဝင် ခေတ်အဆက်ဆက် မြန်မာ့သာသနာ မည်သို့ရှိခဲ့သနည်း။
- အဋ္ဌကထာကို ရှင်မဟာဝုဒ္ဓဃောသ ပင်ကိုရေးဟု စွပ်စွဲသင့်ပါသလား။
- ' သာသနာကုန်ပြီ' ဟူသော စကား မည်သည့်ခေတ်က ပေါ်ခဲ့သနည်း။
- သီကြားသာသနာဆိုတာ တကယ် ရှိသလား။
- သီကြားသေပြီ ဆို၍ ခတ်သော စည်သံကိုရော ကြားဖူးသလား။

စသည့် စသည့် ဓမ္မကြောင်းဆိုင်ရာ ပြဿနာ အဖြာဖြာ . . .

ထို့ပြင် - ထို့ပြင်

- မနုဿီဟရုပ်ကို သဲထုံပြည်သူတို့က မည်သို့ ယုံကြည်ကြသနည်း။
- မန္တူဟာမင်း၏ အာခံတွင်းမှာ အာစက်ရောင် အဘယ့်ကြောင့် ကွယ်ခဲ့ရသနည်း။
- ဒွတ္တဗေါဓိမင်းကြီး၏ စည်တော်ကြီး အဘယ့်ကြောင့် မမြည်ခဲ့သနည်း။
- ပြဿဒါးရက်ကိုမှ ကြိုက်သူကို တွေ့ဖူးသလား။
- လူ ဒါယကာများကို ရဟန်းတော်များက တုတ်ကိုင်ပြီး အကာအကွယ် ပေးသင့်ပါသလား။
- ယခုခေတ် ကာလ သားသမီးများက မိဘများ ဆိုဆုံးမမှု နောက်သို့ အဘယ့်ကြောင့် မလိုက်ကြတော့သနည်း။

စသည့် စသည့် ရာဇကြောင်း, လောကကြောင်း ပြဿနာ အရပ်ရပ်ကို ပတ်ပတ်နပ်နပ် နားလည် သဘောပေါက်အောင် သာသနဗဟုသုတတပ္ပကာသနီကျမ်းကြီးက ဦးဆောင် ဖြေရှင်းသွားမည် ဖြစ်သည်။

မိုင်ဓရာဝတီ

http://www.dhammadownload.com

အရွယ်ကြီး, ဆိုက်ကြီး, ခန့်ညားသပ်ယပ်သောအပြင်အဆင်နှင့် (၂)ထပ်ကဒ်ထူဖုံးဖြင့်
(အထူးချုပ်)



ဝယ်ယူရရှိနိုင်သည့်နေရာများ-

(၁) ဘုရားဖြူစာပေထိန်းသိမ်းရေးအဖွဲ့, ဓမ္မစရိယကျောင်း၊ ဘုရားဖြူကျောင်းတိုက်
ပုဇွန်တောင်မြို့,နယ် ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၄၃၁၄

(၂) ဦးဘုန်းမြင့် ပဋိကတ်ဆိုင်နှင့် ရွှေတိဂုံဘုရားဈေးတော်ရုံရှိ စာအုပ်ဆိုင်ကြီးများ

(၃) ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မန္တလေးမြို့ပေါ်ရှိ စာအုပ်ဆိုင်ကြီးများ

(၄) ပါရမီစာပေ၊ ပညာအလင်းပြ၊ စာပေလောက၊ ရာပြည့်၊ ပညာရွှေတောင်နှင့်
ရန်ကုန်မြို့ပေါ်ရှိ စာအုပ်ဆိုင်ကြီးများ

(၅) မြန်မာနိုင်ငံမြို့ကြီးများရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

တစ်ပြည်လုံးဖြန့်ချိရေး-

မိခင်ဓရာဝတီစာအုပ်တိုက်
တိုက် (၄) အခန်း(၄၀၂) ကျိတော်အိမ်ရာ။
အထက်ပုဇွန်တောင်လမ်းမကြီး၊ရန်ကုန်မြို့။
ဖုန်း-၇၀၁၄၃၁၊ ၀၉-၅၀-၁၅၆၁၃

မိခင်ဓရာဝတီ